မှတ်ပုံတင်အမှတ် ၁၁၃

မြန်မာနိုင်ငံတရားစီရင်ထုံးများ

၁၉၅၃

(1953)

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

နိုင်ငံတော်တရားရုံးချုပ်

စစ်ဘက်အယူခံတရားရုံး

စီရင်ချက်များ

ထုတ်ဝေသူ—ဦးအောင်တိုး (ကင်းသွတ်ခွင့် ၀၂၀၂၂) ညွှန်ကြားရေးမှူးချုပ်
ဗဟိုတရားရုံး၊ ရန်ကုန်မြို့

ဗဟိုတရားရုံး၏စာစောင်များ၊ စာအုပ်များထုတ်ဝေရေး
အုပ်ချုပ်မှုစာတည်းအဖွဲ့

၁။ ဦးအောင်တိုး .... ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်၊

၂။ ဦးမောင်ကြီး .... အဖွဲ့ဝင်
ဒုတိယ ညွှန်ကြားရေးမှူး၊
စီမံခန့်ခွဲရေး ဌာနခွဲ။

၃။ ဦးစိုးလှိုင် .... အဖွဲ့ဝင်
ဒုတိယ ညွှန်ကြားရေးမှူး၊
[illegible] ဌာနခွဲ။

၄။ ဦးခင်မောင်သန်း .... အဖွဲ့ဝင်
ဒုတိယ ညွှန်ကြားရေးမှူး၊
ကြီးကြပ်ကွပ်ကဲရေး ဌာနခွဲ။

၅။ ဦးလှသူ .... အဖွဲ့ဝင်
ဒုတိယ ညွှန်ကြားရေးမှူး၊
တရားစီရင်ရေး ဌာနခွဲ။

၆။ ဦးမြင့်ထွန်း .... အဖွဲ့ဝင်
တရားရေးအကြံပေး၊
တရားစီရင်ရေးအဖွဲ့။

၇။ ဦးအေးကျော် .... အဖွဲ့ဝင်
တရားရေးအကြံပေး၊
တရားစီရင်ရေးအဖွဲ့။

၈။ ဒေါ်မေမျိုးငွေ .... စာတည်း၊ အတွင်းရေးမှူး
လက်ထောက် ညွှန်ကြားရေးမှူး၊
စာပေဖြန့်ချိရေး ဌာနခွဲ။

စီရင်ထုံးပြုသောမှုခင်းများ

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

(အထူးရာဇဝတ်ရုံးအယူခံဘက်ဆိုင်ရာ)

နိုင်ငံတော်တရားရုံးချုပ်

		စာမျက်နှာ
၁။	**ကျော်တင့်၊ မောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ**	၁
၂။	ကိုရေး၊ မစွတာ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၃
၃။	စောထွန်း၊ မောင် (ခေါ်) စံနီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၅
၄။	စန်းချို၊ ဒေါ် ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၇
၅။	တိတ်ချွန်း၊ မောင် (ခေါ်) စုလှိုင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၉
၆။	တင်မောင်၊ ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၁၁
၇။	တင်လေး၊ ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၁၃
၈။	ထွန်းခင်၊ ဦး ပါ ၄ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၁၆
၉။	ပုနာရမ်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၁၈
၁၀။	မာမက်ကာဆင်၊ ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၂၀
၁၁။	သန်းညွန့်၊ မောင် (ခေါ်) ကိုကြီး၊ ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။	၂၂
၁၂။	သန်းလှိုင်၊ ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၂၄

ကိုးကားသောအမှုခင်းများ

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့
(အထူးရာဇဝတ်ရုံးအယူခံဘက်ဆိုင်ရာ)
နိုင်ငံတော်တရားရုံးချုပ်

မရှိ

ညွှန်းချက်

အဘူးရာဇဝတ်ရုံးအယူခံအဖွဲ့
(အဘူးရာဇဝတ်ရုံးအယူခံဘက်ဆိုင်ရာ)
နိုင်ငံတော်တရားရုံးချုပ်

စာမျက်နှာ

အက်ဥပဒေများ—

ရာဇသတ်ကြီး။

ထောင်းထစားအက်ဥပဒေ။

သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေ။

၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သည့် ပစ္စည်းများကာကွယ်စောင့်ရှောက်ရေး ဥပဒေ။

၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ။

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေ။

၁၉၇၁ ခုနှစ်၊ တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် - ၈၇။

တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၈၇ အရ၊ သုံးပုံတပုံ ထောင်ဒဏ်လျှော့ ရက် ခံစားခွင့်ရပြီးဖြစ်သည့်အပြင် ချုပ်ရက်ကို ပြစ်ဒဏ်မှ ထုတ်နုတ်သည့်အခွင့် အရေး ရရှိပြီးဖြစ်သော်လည်း ပြစ်ဒဏ်တွင်ကျခံရန် ထောင်ဒဏ် အနည်းငယ်ကျန် ရှိသေးလျှင် ကျန်ကာလအတွင်း ကောင်းမွန်စွာ နေထိုင်ပါမည်ဟု ကိုယ်တိုင်ခံဝန် ချုပ်ဆိုစေပြီး အချုပ်လွှတ် နေခွင့်ပြုခြင်း။ ။ဆုံးဖြတ်ချက်။ အထူးရာဇဝတ် ရုံးက ၁၉၇၀ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်အများနှင့် သက်ဆိုင်သည့်ပစ္စည်းကာ ကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ဖြင့် ထောင်ဒဏ် ၁၀နှစ်ပေးထားသည်။ တော်လှန်ရေးကောင်စီကြေညာချက် ၈၇/၇၁ ဖြင့် သုံးပုံတပုံထောင်ဒဏ်လျှော့ ရက် အကျိုးခံစားခွင့်ရှိသည့် အချုပ်ကာလကို နုတ်နိုင်သည်။ ဒဏ်အနည်းငယ် ကျန်ရှိသေးလျှင်၊ ကောင်းမွန်စွာနေထိုင်ပါမည်ဟု ကိုယ်တိုင်ခံဝန်ချုပ်ဖြင့်အချုပ် လွှတ်ခနခွင့်ပြုသည်။

စာမျက်နှာ

ဘော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၈၇/၁၉၇၁ ၏ အကျိုးခံစားခွင့်ရှိ မရှိကို ဆုံးဖြတ်ခြင်း—မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ပထမအကြိမ် ညီလာခံ အထိမ်းအမှတ် အဖြစ် ရာဇဝတ်ပြစ်ဒဏ်များကို လျှော့ပေါ့ခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံဝင်ခွင့် လျှောက်ထားသူ မောင်စောထွန်းသည် သောင်းကျန်းသူနစ်ဖြူတပ်စိတ်မှူးတဦးဖြစ်ခဲ့သည်။ ထိုစဉ်က ၎င်းသည် ရွာသား ၂ ဦးအားသေနတ်အေးဖြင့် လည်ပင်းကို မါးဖြင့်လှီးသတ်သည်ဟု အထူးရာဇဝတ်ရုံးကတွေ့ရှိကာ တသက်တကျွန်းထောင်ဒဏ် သတ်မှတ်ခဲ့သည်။ အတည်ပြုအဖွဲ့က ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ခြင်းမှာ ထင်ရှားသဖြင့် မောင်စောထွန်းအပေါ် သေဒဏ်သတ်မှတ်ခဲ့သည်။ အကြောင်းခြင်းရာ ထင်ရှားသော အမှုဖြစ်သည်။ မျက်မြင်သက်သေများ ခိုင်လုံသည်။ ထို့ကြောင့် အယူခံ ဝင်ခွင့်ပြုရန်အကြောင်းမမြင်၊ လျှောက်လွှာများကို ပယ်သည်။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်များကို လျှော့ပေါ့ပေးသောကြေညာချက် အမှတ် ၈၇/၇၁ ၏ အကျိုးကိုခံစားခွင့်ရှိသည်။ အထူးရာဇဝတ်ရုံးက မူလစီရင်ဆုံးဖြတ်၍ စီရင်ချက်ကို လက်မှတ်ရေးထိုးသည့်နေ့မှ ပြစ်ဒဏ်ကို ရေတွက်ရသည်ဖြစ်ရာ ယခုပြစ်ဒဏ် စီရင်ခြင်းသည်၊ ကြေညာချက်တွင်အကျုံးဝင်သည်။

မောင်စောထွန်း(ခေါ်)စံနီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၅

ရာဇသတ်ကြီး ပုဒ်မ ၄၁၁—ကိုယ်တိုင် ခိုးယူလာခြင်း အထောက်အထား မရှိ၊ ပျောက်ဆုံးသော ပစ္စည်းများကို သယ်ယူလာခြင်းအတွက် ခိုးရာပါ ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် လက်ခံခြင်း ပြစ်မှုအရ၊ အပြစ်ပေးခြင်း။ ။ဆုံးဖြတ်ချက်။ ။ညအချိန်တွင် သုံးဘီးကား မောင်းနှင်လာစဉ် ကားကိုရပ်တန့်ရှာဖွေရာ ကားပေါ်တွင် ပြည်သူ့ဆိုင်မှ ပျောက်ဆုံးသော ပစ္စည်းများ ဖြစ်ကြောင်း သက်သေခံရှိသည်။သို့ရာတွင် အယူခံ တရားလိုတို့ ကိုယ်တိုင်ခိုးယူလာသောပစ္စည်း ဖြစ်သည်ဟူကား အထောက်အထားမရှိ။ ထို့ကြောင့် အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့က၊ အယူခံတရားလိုတို့အပေါ် ရာဇသတ်ပုဒ်မ ၄၁၁ ခိုးရာပါ ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် လက်ခံခြင်း ပြစ်မှုအရ၊ အပြစ်ပေးသည်။

၁။ မာမက်ကာဆင်
၂။ ဂျမား(ခ)မျိုးအောင် } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၂၀

လောင်းကစားဥပဒေပုဒ်မ ၇၊—လောင်းကစားအိမ်ဟုတ်မဟုတ်သက်သေထူရန်တာဝန်။ အမှုအတွင်း တရားခံသေခြင်း၊—ကျန်သည့် ထောင်ဒဏ်အစား ခံဝန်ချုပ်ဖြင့်လွတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။လောင်းကစား ဥပဒေပုဒ်မ ၇ အရ၊ အချင်းဖြစ်အိမ်သည်၊ လောင်းကစားရာ၌ အသုံးပြုလေ့ရှိသော အိမ်မဟုတ်ကြောင်း၊ ယင်းအိမ်တွင် တွေ့ရှိသူများက သက်သေထူရန်ဖြစ်သည်။ အယူခံတရားလို ဦးကြီးမြင့်သည်၊ အယူခံဝင်နေစဉ်အတွင်း ကွယ်လွန်သွားပြီး ဖြစ်သည်။ ထို့ကြောင့် ၎င်း၏ အယူခံနှင့် ပတ်သက်၍ မည်သို့မျှအမိန့်ချမှတ်ရန် မလိုတော့ချေ။ အယူခံမှုကို

စာမျက်နှာ

ပိတ်သည်။ သင့်တော်သော အမှုတွင်ကျခံရန်ကျန်သည့် ထောင်ဒဏ်ကိုကောင်းမွန်စွာနေထိုင်ပါမည်ဟူသော ကိုယ်ပိုင်ဝန်ချုပ်ဖြင့် အချုပ်လွတ်နေခွင့်ပြုသည်။

၁။ ဒေါ်စန်းရီ၊ ၂။ ဒေါ်ခင်မိမိ
၃။ ဒေါ်မေချမ်း၊ ၄။ ဒေါ်ခင်သန်း
၅။ ဦးကြီးမြင့်
} နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၇

လျော့နည်း ကွာခြားငွေအတွက် တာဝန်ရှိကြောင်း ပေါ်လွင်သော်လည်း တဦးစီတွင် မည်မျှ တာဝန်ရှိကြောင်း သတ်မှတ်ရန် ခဲယဉ်းသဖြင့် ပြစ်မှုနှင့်ပြစ်ဒဏ်သတ်မှတ်ရာတွင် ယင်းအချက်ကို ဆင်ခြင်စဉ်းစားရမည်။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလိုတို့သည် ပြည်သူ့ဆိုင်တွင် အတူလုပ်ကိုင် တာဝန်ယူခဲ့ကြသည်။ စာရင်းစစ်အဖွဲ့က သွားရောက်၍ ဆိုင်ကိုစစ်ဆေးသောအခါ ငွေကွာခြား လျော့နည်းနေသည်ကို တွေ့ရသည်။ ကွာခြားသော ငွေအတွက် ၎င်းတို့ နှစ်ဦး၌ တာဝန်ရှိကြောင်းပေါ်လွင်သည်။အထူး ရာဇဝတ်ရုံးက၊ ပြစ်မှုထင်ရှားသဖြင့် ၎င်းတို့နှစ်ဦးအပေါ် အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ် စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ ဖြင့် ၎င်းတို့အသီးသီးအပေါ် ထောင်ဒဏ် ၁၁ နှစ်နှင့် ၁၀ နှစ်စီသတ်မှတ်ခဲ့သည်။ အတည်ပြုအဖွဲ့က နှစ်ဦးလုံးအပေါ် ထောင်ဒဏ် ၁၀ နှစ်စီသို့လျော့ပေါ့ပေးခဲ့သည်။ သို့ရာတွင် ၎င်းတို့တဦးစီတွင် မည်မျှတာဝန်ရှိသည်ကို သတ်မှတ်ရန် ခဲယဉ်းသည်။ သို့ဖြစ်၍ အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၄၀၉ ဖြင့်လွှဲပြောင်းကာထောင်ဒဏ် ၃ နှစ်စီသတ်မှတ်သည်။

၁။ မောင်ကျော်တင့်
၂။ မောင်ချစ်ရင်
} နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ....

အခြားသူများအပေါ် အရေးမယူသဖြင့် မိမိအပေါ် အရေးမယူသင့်ပါဟူသော ထုချေချက်ကို ထည့်သွင်းစဉ်းစားရန်မလို—ပြစ်ဒဏ် သတ်မှတ်ရာတွင် စဉ်းစားရမည့်အချက်မှာ တာဝန်ပိုင်းတွင် ထမ်းဆောင်သောသူတွင်သာ အဓိက တာဝန်ရှိကြောင်း ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် ပုသိမ်မြို့ ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁) တွင် အင်စပက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က၊ အလုပ်သမားများအား ပေးရန်ငွေကို အလွဲသုံးစား ပြုလုပ်ခဲ့သည်ဟု အထူးရာဇဝတ်ရုံးက တွေ့ရှိကာ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရစီရင်ခဲ့သည်။ အယူခံ တရားလိုက ငွေများကွာခြားသည်ကို၊ အငြင်းမပွား။ အခြားအင်စပက်တာများ ငွေစာရင်းရှင်းနှင့် ငွေသွင်းခွင့် ပေးသည့်နည်းတူ ၎င်းအားလည်း အခွင့်အရေး ပေးသင့်ကြောင်း၊ ငွေများ ထုတ်ယူစေကာမူ၊ အခြားသူများအား လွှဲပေးရသည်ဟု ဆိုသည်။ ကွာခြားသော ငွေများအတွက် အယူခံ တရားလိုတွင် အဓိကတာဝန်ရှိသည်။ အခြားသူများအား မည်ကဲ့သို့အရေးယူသည် မယူသည်မှာ တရားရုံးက စဉ်းစားရန်မဟုတ်။

ဦးတင်မောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ....

စာမျက်နှာ

အစိုးရဝင်ရောက်ကြီးကြပ် ကွပ်ကဲသည့် လုပ်ငန်း၏ ဝန်ထမ်းတဦးအား ပြည်သူ့ဝန်ထမ်းအဖြစ် ရာဇသတ်ပုဒ်မ ၄၀၉ ဖြင့် အရေးယူအပြစ်ပေးနိုင်သည်—သင့်တော်သောအမှုတွင် တော်လှန်ရေးကောင်စီ၏ ၁၉၇၁ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့စွဲပါကြေညာချက် ၈၇ ၏အကျိုးကိုခံစားပြီး ဖြစ်သော်လည်း ကျခံရန်ကျန်သည့် အနည်းငယ်ထောင်ဒဏ်အတွက် ကောင်းမွန်စွာ နေထိုင်ပါမည်ဟု ကိုယ်တိုင် ခံဝန်ဖြင့် အချုပ်လွှတ်နေခွင့်ပြုသည်။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် အစိုးရက ဝင်ရောက်ကြီးကြပ် ကွပ်ကဲသော သမတရုပ်ရှင်ရုံ၏ ဝန်ထမ်းတဦးဖြစ်ခဲ့သဖြင့် ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၄၀၉ ဖြင့် အပြစ်ပေးထားခြင်းသည် ဥပဒေနှင့်ညီညွတ်သည်။

မစ္စတာဂိုခရး(ခ)အက်စ်၊အမ်၊ပီရာဘတ် (စ) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၃

အလွဲသုံးစား ပြုရာတွင် ပါဝင်ကူညီခဲ့သည်၊ အားပေး ကူညီခဲ့သည်ဟု စွပ်စွဲသောအမှုမျိုးတွင် အလွဲသုံးစားရာတွင် ပါဝင်ကူညီ အားပေးကြောင်း အထောက်အထားရှိရန်လိုသည်—ရာဇသတ်ပုဒ်မ ၄၁၁/၄၁၄။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူမောင်သန်းညွန့်သည် လယ်ဝေး ကုန်သွယ်ရေး အမှုထမ်းတဦးဖြစ်သည်။ ၎င်း၏တာဝန်မှာ ငွေသွင်းငွေထုတ်ခြင်းဖြစ်သည်။ မောင်သန်းညွန့်သည် ပေးသွင်းရန်ငွေများအနက် ၁,၃၀,၀၀၀ိ ခန့် ပေးသွင်းခြင်း မပြုခဲ့ပေ။ ၎င်းကငွေများကိုယူကြောင်း ဖြောင့်ဆိုသည်။ လျှောက်ထားသူ မောင်စိုးဝင်းက ငွေများကို ဝှက်သိမ်းရာ၌ပါကြောင်း ဖြောင့်ဆိုသည်။ မောင်သန်းညွန့် အလွဲသုံးစား ပြုလုပ်ခဲ့ခြင်းကို အားပေးကူညီခဲ့သည်ဟု အထောက်အထားမရှိ။ ထို့ကြောင့် ပြစ်မှုမကင်းသောငွေများကို ထိန်ဝှက်ပေးခြင်း ပြစ်မှုကိုသာ ကျူးလွန်ရာ ရောက်သည်ဟုဆုံးဖြတ်သည်။

၁။ မောင်သန်းညွန့်(ခ) ကိုကြီး } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၂၂
၂။ မောင်စိုးဝင်း

ဥပဒေ ပြင်ဆင်ခြင်းမပြုမီ ပြစ်မှုမမြောက်သော အပြုအမူတခုသည်၊ ပြင်ဆင်ချက်ဥပဒေတခု ပြဋ္ဌာန်းလိုက်သဖြင့် ပြစ်မှုတရပ် ဖြစ်လာခဲ့လျှင်၊ ယင်းပြင်ဆင်ချက်ဥပဒေ၏အကျိုးသက်ရောက်မှုကို နားမလည်၍ ပြစ်မှု ကျူးလွန်မိကြောင်းတင်ပြချက်ကို ကြောင်းခြင်းရာအရ၊ ဟုတ်မှန်တန်ရာသည်၊ မတန်ရာသည်ကိုချိန်ဆရမည်။ ။ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုသည် ၎င်း၏အိမ်တွင် တရားမဝင်သော ငွေစက္ကူများနှင့် ဖမ်းဆီးရမိသဖြင့် အထူးရာဇဝတ်တရားရုံးက ၎င်းအပေါ် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁)အရ ထောင်ဒဏ် ၁၀ နှစ်ပေးခဲ့သည်။ ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ပြင်ဆင်လိုက်သောပုဒ်မ ၁၃(၇)အရ တရားမဝင်ဟုကြေညာထားသောငွေစက္ကူများကို လက်ဝယ်ထားရှိခြင်းဖြစ်၍ ပြစ်မှုဖြစ်သည်။ အယူခံတရားလိုက ငွေများ မိမိ၏ လက်ဝယ်တွင်ရှိခဲ့ကြောင်းကို မငြင်း၊ ယင်းသို့ထားရှိခြင်းသည် ဥပဒေနှင့် ဆန့်ကျင် ကြောင်းကို မသိနားမလည်သော

စာမျက်နှာ

ကြောင့် ပြစ်မှု ကျူးလွန်ခဲ့ခြင်း ဖြစ်သည်ဟု ထွက်ဆိုခဲ့သည်။ အယူခံတရားလို တင်ပြသော ပြင်ဆင်လိုက်သည့် ဥပဒေ၏ အကျိုးသက်ရောက်မှုကို နားမလည်၍ ပြစ်မှုကျူးလွန်ခဲ့မိကြောင်းသည် ဟုတ်မှန်တန်ရာသည်ဟုဆုံးဖြတ်သည်။

ပူနာရမ်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၈

၄ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်မှု ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေပုဒ်မ ၃(၁)(က)/၃(၂) အရစွဲဆိုလျှင်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုကိုဆန့်ကျင်ရန် ရည်ရွယ်ချက်သည်၊ ပြစ်မှုမြောက်ရန် လိုအပ်သောအင်္ဂါရပ်ဖြစ်သည်။ ။ဆုံးဖြတ်ချက်။ ။အချင်းဖြစ် ပစ္စည်းများကို ဦးတင်လေး၏ အိမ်တွင်ဖွင့်လှစ်ထားသော လက်လီဆိုင်နှင့် ပုံနှိပ်လုပ်ငန်းမှ ရရှိခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ ပစ္စည်းများ အိမ်တွင်ရှိကြောင်း ပြည်သူပိုင်သိမ်းရန်လာသည့်အဖွဲ့အား ဦးတင်လေးက ပြောဆိုသည်ဟု အထောက်အထားရှိသည်။ အထူးရာဇဝတ်ရုံးသို့ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် ၉ မှပေးပို့သောစာတွင် ဦးတင်လေး၏ အိမ်ဆိုင်မှ သိမ်းဆည်းခဲ့သော စာအုပ်များ၊ စာရေး ကိရိယာများသည်၊ ဟောင်းနွမ်း ဆွေးမြည့်နေပြီးဖြစ်၍၊ အသုံးပြုရန် သော်လည်းကောင်း၊ ရောင်းချရန် သော်လည်းကောင်း မလွယ်ပေ။ ထို့ကြောင့် ပစ္စည်းများ၏ တန်ဖိုးသည် သတ်မှတ်ထားသည်လောက် အမှန်တကယ်ရှိမည်ဟု ယူဆရန် ခဲယဉ်းသည်။ အထက်ပါ အကြောင်းတို့ကြောင့် ဤအမှုတွင် ပြစ်မှုမြောက်ရန်လိုအပ်သော အင်္ဂါရပ်ဖြစ်သည့် ဆိုရှယ်လစ်စီးပွားရေး တည်ဆောက်မှုကို ဆန့်ကျင်ရန် ရည်ရွယ်ချက်ရှိသည်ဟု ဆိုရန်ခဲယဉ်းသဖြင့် ဦးတင်လေးအား တရားသေလွှတ်လိုက်သည်။

ဦးတင်လေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၃

၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ အရ၊ ကျူးလွန်သောအမှုများတွင် ရည်ရွယ်ချက်သည် အဓိကကျသော ပြစ်မှုအင်္ဂါရပ်ဖြစ် မဖြစ်—ရာဇဝတ်မှုတွင် ဥပဒေပြင်ဆင်ချက်သည် အချင်းဖြစ်ပွားသည့် အချိန်သို့ နောက်ကြောင်းပြန်၍ အကျိုးသက်ရောက်မှု ရှိမရှိတို့ကို ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁)(က)(ဂ)/(၂)အရ၊ အရေးယူလိုလျှင် တရားခံသည် ဆိုရှယ်လစ်စီးပွားရေး စနစ်ကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခဲ့ခြင်း ဖြစ်ရမည်။ ယင်းရည်ရွယ်ချက်သည်၊ အဓိကကျသော ပြစ်မှုအင်္ဂါရပ် တရပ်ဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် ဥပဒေကိုပြင်ဆင်၍ စနစ်ကိုဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ဆန့်ကျင်ခြင်းအင်္ဂါရပ်ကို ဖျက်သိမ်းခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ပြင်ဆင်ချက်သည်၊ အချင်းဖြစ်ပွားသည့် အချိန်သို့ နောက်ကြောင်းပြန်၍ အကျိုးသက်ရောက်မှုမရှိ။

ဓမောင်ထိတ်ချွန်း (ခ) စုလို့င် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၉

စာမျက်နှာ

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅(၁)အစား သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေပုဒ်မ ၅ ဖြင့် ပြောင်းလဲအပြစ်ပေးခြင်း။ ။ဆုံးဖြတ်ချက်။ ။ လျှောက်ထားသူတို့အား တပ်မတော် စစ်ရေယာဉ်က မြန်မာ့ရေပြင်တွင် လှေ တစင်းဖြင့် နိုင်ငံခြား ပစ္စည်းများ တင်ဆောင်လာသည်ကို ရှာဖွေဖမ်းဆီးခဲ့မိခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အပေါ် သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေ ပုဒ်မ ၅ ဖြင့် အရေးယူစီရင်ခြင်းက ပိုမိုလျော်ကန်သည်ဟုထင်မြင်ယူဆ သည်။သို့ဖြစ်၍ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁)အစား လွှဲပြောင်းကာတဦးစီ အပေါ် ထောင်ဒဏ် ၃ နှစ်စီ သတ်မှတ်လိုက်သည်။

ဦးထွန်းခင် ပါ (၄) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၆

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

၁။ မောင်ကျော်တင့် ၂။ မောင်ချစ်ရင်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံ*	† ၁၉၇၃ စက်တင်ဘာလ ၅ ရက်။

လျော့နည်းကွာခြားငွေအတွက် တာဝန်ရှိကြောင်း ပေါ်လွင်သော်လည်း တဦးစီတွင် မည်မျှတာဝန်ရှိကြောင်း သတ်မှတ်ရန်ခဲယဉ်းသဖြင့် ပြစ်မှုနှင့် ပြစ်ဒဏ်သတ်မှတ်ရာတွင် ယင်းအချက်ကို ဆင်ခြင်စဉ်းစားရမည်။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုတို့သည် ပြည်သူ့ဆိုင်တွင် အတူလုပ်ကိုင်တာဝန်ယူခဲ့ကြသည်။ စာရင်းစစ်အဖွဲ့က သွားရောက်၍ ဆိုင်ကိုစစ်ဆေးသောအခါ ငွေကွာခြား လျော့နည်းနေသည်ကိုတွေ့ရသည်။ ကွာခြားသော ငွေအတွက် ၎င်းတို့နှစ်ဦး၌ တာဝန်ရှိကြောင်း ပေါ်လွင်သည်။ အထူးရာဇဝတ်ရုံးက ပြစ်မှုထင်ရှားသဖြင့် ၎င်းတို့နှစ်ဦးအပေါ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ဖြင့် ၎င်းတို့အသီးသီးအပေါ် ထောင်ဒဏ် ၁၁ နှစ်နှင့် ၁၀ နှစ်စီသတ်မှတ်ခဲ့သည်။ အတည်ပြုအဖွဲ့က နှစ်ဦးစလုံးအပေါ် ထောင်ဒဏ် ၁၀ နှစ်စီသို့ လျော့ပေါ့ပေးခဲ့သည်။ သို့ရာတွင် ၎င်းတို့တဦးစီတွင် မည်မျှ တာဝန်ရှိသည်ကို သတ်မှတ်ရန် ခဲယဉ်းသည်။ သို့ဖြစ်၍ အယူခံတရားလိုအပေါ် ရာဇသတ်ပုဒ်မ ၄၀၉ ဖြင့်လွှဲပြောင်းကာ ထောင်ဒဏ် ၃ နှစ်စီ သတ်မှတ်သည်။

အယူခံတရားလို၏အကျိုးဆောင်။ ။ဦးလှတင်၊ ဦးရဲထွန်း။

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက် ရှေ့နေချုပ် ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အယူခံတရားလို မောင်ကျော်တင့်သည် ဇီးကုန်းမြို့၊ ပြည်သူ့ဆိုင်တာဝန်ခံဖြစ်၍ မောင်ချစ်ရင်သည် အရောင်းစာရေးဖြစ်ခဲ့သည်။ ၎င်းတို့ နှစ်ဦးစလုံးသည် ၁၉၆၄ ခုနှစ်မှစ၍ ၁၉၆၅ ခုနှစ်အထိ ဆိုင်တွင် အတူတူလုပ်ကိုင် တာဝန်ယူခဲ့ကြသည်။

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၇၈၊ ၂၀၇။

† သာယာဝတီမြို့၊ ၁၉၆၈ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၆ ၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်တွင် ၁၉၇၀ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့၌ချမှတ်ပြီး၊ ၁၉၇၀ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

စဉ် ၇၇

၁။ မောင်ကျော်ထင့်
၂။ မောင်ချစ်ရင်
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

စာရင်းစစ်အဖွဲ့ သွားရောက်၍ ဆိုင်ကိုစစ်ဆေးသောအခါ ငွေပေါင်း ၁၄,၀၀၀ိ ခ ကွာခြားလျော့နည်းနေသည်ကို တွေ့ကြရသည်။ အထူးရာဇဝတ်ရုံးက ၎င်းတို့နှစ်ဦ အပေါ် အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ် ၃ ဖြင့် ပြစ်မှုထင်ရှား စီရင်ကာ ဆိုင်တာဝန်ခံ မောင်ကျော်ထင့်အပေါ် ထောက်ဒ ၁၁ နှစ်၊ မောင်ချစ်ရင်အပေါ် ထောင်ဒဏ် ၁၀ နှစ်သတ်မှတ်ခဲ့သည်ကို အတည် အဖွဲ့က နှစ်ဦးစလုံးအပေါ် ထောင်ဒဏ် ၁၀ နှစ်စီသို့ လျော့ပေါ့ပေးခဲ့သည်။

ကွာခြားငွေ ၁၄,၀၀၀ိ ကျော်အတွက် အယူခံတရားလိုနှစ်ဦးအပေါ် မည်သူ့တ မည်မျှတာဝန်ရှိသည်ဟု အတိအကျသတ်မှတ်ရန် ခဲယဉ်းသည်။ သို့ရာတွင် နှစ်ဦ လုံး၌ တာဝန်ရှိကြောင်း ပေါ်လွင်သည်။ ကြုံသလို၊ လွယ်သလို ဆိုင်မှငွေများ၊ ပစ္စည် များယူ၍ သုံးစွဲကြပုံပေါ်သည်။

အယူခံတရားလိုတို့၏ အသက်အရွယ်နှင့် ၎င်းတို့အပေါ် ၁၉၆၅ ခုနှစ်မှစ၍ ဖမ်းဆီ အရေးယူခဲ့ခြင်း၊ ၎င်းတို့တဦးစီတွင် မည်မျှတာဝန်ရှိသည်ကို သတ်မှတ်ရန်ခဲယဉ်းခြင် စသည့်အချက်တို့ကို ထောက်ရှု၍ ၎င်းတို့အပေါ် ရာဇသတ်ပုဒ်မ ၄၀၉ ဖြင့် လွှဲပြောင် ကာ ထောင်ဒဏ် ၃ နှစ်စီသတ်မှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဘန်၊ ဗိုလ်မှူးချုပ် စိန်ဝင်းနှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

မစ္စတာ ဂိုရေး(ခ)အက်စ်၊အမ်၊ ပီရာဘတ်စ် — † ၁၉၇၃ စက်တင်ဘာ ၅ ရက်။

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

းရ ဝင်ရောက်ကြီးကြပ်ကွပ်ကဲသည့် လုပ်ငန်း၏ ဝန်ထမ်း တဦးအား ပြည်သူ့ဝန်ထမ်းအဖြစ် ရာဇသတ်ကြီးပုဒ်မ ၄၀၉ ဖြင့်အရေးယူအပြစ်ပေးနိုင်သည်။ သင့်လျော်သောအမှုတွင်တော်လှန် ရေးကောင်စီ၏ ၁၉၇၁ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့စွဲပါ ကြေညာချက် ဂု ၏ အကျိုးကိုခံစားပြီး ဖြစ်သော်လည်း ကျခံရန် ကျန်သည့်အနည်းငယ် ထောင်ဒဏ်အတွက် ကောင်းမွန်စွာ နေထိုင် ပါမည်ဟု ကိုယ်တိုင်ခံဝန်ဖြင့်အချုပ်လွှတ်နေခွင့်ပြုသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် အစိုးရက ဝင်ရောက်ကြီးကြပ်ကွပ်ကဲသော သမတ ုင်ရုံး၏ ဝန်ထမ်းတဦးဖြစ်ခဲ့သဖြင့် ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၄၀၉ ဖြင့် အပြစ်ပေးထားခြင်းသည် းဒနှင့်ညီညွတ်သည်။

ယူခံတရားလို၏အကျိုးဆောင်။ ။ဦးဘဝိန်။

ယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်ရှေ့နေချုပ်၊ ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။အယူခံတရားလိုသည်သမဘာရုပ်ရှင်ရုံ နေဂျာအဖြစ် အမှုထမ်းခဲ့စဉ်က ရုပ်ရှင်ရုံ ဝင်ငွေပေါင်း ၅၆,၀၀၀ိ ခန့်ကိုလည်းကောင်း၊ ,၀၀ဝိ ခန့်ကိုလည်းကောင်း၊ အလွဲသုံးစား ပြုလုပ်ခဲ့သည်ဟု အထူးရာဇဝတ်ရုံးက ာ့ရှိကာ၊ ပြစ်မှုနှစ်ရပ်အတွက် ထောင်ဒဏ် ၇ နှစ်စီ ပြစ်ဒဏ်များကို တပေါင်းတည်း ခံစေရန် အမိန့်ချမှတ်ခဲ့သည်။

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၆၃၊ ၁၆၄၊

† ရန်ကုန်မြို့၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၉၆ ၏ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၃ တွင် ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့၌ချမှတ်ပြီး၊ ၁၉၇၀ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် ၌င်အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကိုအယူခံမှု။

၁၉၇၃

မဇ္ဈိမာကိုရေး၊ (ခ) အက်စ်၊ အမ်၊ ပီရာဘတ်စ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ

အကြောင်းခြင်းရာ ထင်ရှားသော အမှုဖြစ်သည်။ အယူခံတရားလိုကိုယ်တို
ငွေများကိုခွဲခြားခြင်းကို မငြင်းနိုင်။ ၎င်းငွေများမှာ ရှယ်ရှင်လုပ်ငန်း မြှင့်တင်ရေး
အုပ်ချုပ်ရေးမှူး တဦးဖြစ်သူ ဦးကျော်ရှိန် အိမ်ဆောက်ရာတွင် သုံးရန်တောင်းခ
ပေးရသည့်ငွေများ ဖြစ်ပါသည်ဟု ထုချေသည်။ သို့ရာတွင် ဦးကျော်ရှိန်အား တရ
က သက်သေပြုသောအခါ တရားခံဘက်မှ ယင်းအချက်နှင့်ပတ်သက်၍ တိတိ
မေးမြန်းနိုင်ခဲ့ခြင်းမရှိ။

အယူခံတရားလိုသည် အစိုးရက ဝင်ရောက်ကြီးကြပ် ကွပ်ကဲသော **သမဝါယ**
၏ ဝန်ထမ်းတဦးဖြစ်ခဲ့သဖြင့် ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၄၀၉ ဖြင့် အပြစ်ပေး
ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်။

အယူခံတရားလိုအပေါ် ၁၉၆၄ ခုနှစ်မှစ၍ ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်
အယူခံစဉ် ကြားရုံးက ၁၉၇၁ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် အာမခံနှင့် နေစေခွင့်ပြု
အထိ ၎င်းသည် အချုပ်အနှောင်နှင့်ရှိခဲ့သည်။ ထောင်ဒဏ် ၇ နှစ်မှ တော်လှ
ကောင်စီ ဥက္ကဋ္ဌအမိန့်ဖြင့် သုံးပုံတပုံ လျှော့ပေါ့ခြင်း အကျိုးကို အယူခံတ
ခံစားရန်ရှိသည်။ အချုပ်ကာလကိုလည်း ထုတ်နုတ်ပေးရန်ရှိသည်။ ယင်းသို့ ေ
ပေါ့ ထုတ်နုတ်လျှင် ထောင်ဒဏ် ၇ နှစ်ပြီးမြောက်လောက်ပြီဟု ယူဆရသည်။ အက
ကျခံရန် ထောင်ဒဏ်အနည်းငယ် ကျန်သေးလျှင် ယင်းကာလကို **ကောင်းမွန်စွာ**
ထိုင်ပါမည်ဟု ကိုယ်တိုင်ခံဝန်ချုပ်ဆိုလျှင် အချုပ်မှလွတ်နေခွင့်ပြုသည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာမောင်မောင်တို့ရှေ့တွင်

မောင်စောထွန်း (ခေါ်) စံနီ

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၇၃

ဇန်နဝါရီလ ၁၂ ရက်။

ဉ်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ဂ၇/၁၉၇၁ ၏ အကျိုးခံစားခွင့်ရှိမရှိကို ဆုံးဖြတ်ခြင်း— မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ပထမအကြိမ် ညီလာခံ အထိမ်းအမှတ်အဖြစ် ရာဇဝတ် ပြစ်ဒဏ်များကိုလျှော့ပေါ့ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံဝင်ခွင့်လျှောက်ထားသူမောင်စောထွန်းသည် သောင်းကျန်းသူနစ်ဖြူ ိစိတ်မှူးတဦးဖြစ်ခဲ့သည်။ ထိုစဉ်က ၎င်းသည် ရွာသား ၂ ဦးအားသေနတ်အေးအေးဖြင့်လည်ပင်းကို ဒါင့်လှီးသတ်သည်ဟုအထူးရာဇဝတ်ရုံးကတွေ့ရှိကာတသက်တကျွန်းထောင်ဒဏ်သတ်မှတ်ခဲ့သည်။ ဉည်ပြုအဖွဲ့က ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ခြင်းမှာ ထင်ရှားသဖြင့် မောင်စောထွန်းအပေါ် ဒဏ်သတ်မှတ်ခဲ့သည်။ အကြောင်းခြင်းရာ ထင်ရှားသော အမှုဖြစ်သည်။မျက်မြင်သက်သေများ သုံးသည်။ ထို့ကြောင့် အယူခံဝင်ခွင့်ပြုရန် အကြောင်းမမြင်။ လျှောက်လွှာများကိုပယ်သည်၊ ဉ်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်များကိုလျှော့ပေါ့ပေးသော ကြေညာချက် အမှတ် ဂ၇/၇၁ အကျိုးခံစားခွင့်ရှိသည်။ အထူးရာဇဝတ်ရုံးကမူလစီရင်ဆုံးဖြတ်၍ စီရင်ချက်ကို လက်မှတ်ရေးထိုး သည့်နေ့မှ ပြစ်ဒဏ်ကိုရေတွက်ရသည်ဖြစ်ရာ ယခုပြစ်ဒဏ် စီရင်ခြင်းသည် ကြေညာချက်တွင် အ ုံးဝင်သည်။

ယူခံတရားလိုဓ်အကျိုးဆောင်။ ။မရှိ

ယူခံတရားခံ၏အကျိုးဆောင် ။ ။မရှိ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အယူခံဝင်ခွင့် လျှောက်ထားသူ ောင်စောထွန်းသည် သောင်းကျန်းသူ နစ်ဖြူတပ်စိတ်မှူးတဦးဖြစ်ခဲ့သည်။ ထိုစဉ်က ၎င်းသည် ရွာသား ၂ ဦးအား၊ သေနတ်အေးအေးဖြင့် လည်ပင်းဒါးနှင့် လှီးသတ်သည်ဟု အထူးရာဇဝတ်ရုံးက တွေ့ရှိကာ တသက်တကျွန်း ထောင်ဒဏ် သတ်မှတ်ခဲ့သည်။

---

* ၁၉၇၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် - ၅၅၊၅၆။

† ကသာခရိုင်၊ ၁၉၇၀ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၆၁ ၏ ၁၉၇၀ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၇ တွင် ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင်ချမှတ်ပြီး၊ ၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အတည်ပြုအဖွဲ့ကအတည်ပြုသည့်အမိန့်ကိုအယူခံမှု။

၁၉၇၃

မောင်စောထွန်း (ခေါ်) စံနီ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အတည်ပြုအဖွဲ့က ပြစ်မှုထင်ရှားကြောင်း မှန်သည်။ သို့ရာတွင် ကြိုတင်ကြံ ချက်ဖြင့် သတ်ဖြင်းသည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ၊ သေဒဏ်အေ မနည်းသော ပြစ်ဒဏ်ကိုသာထိုက်သော ပြစ်မှုဖြစ်သည်ဟု ညွှန်ပြခဲ့သောကြောင့် အ ရာဇဝတ်ရုံးက မောင်စောထွန်းအပေါ် သေဒဏ်သတ်မှတ်ခဲ့သည်။

အကြောင်းခြင်းရာ ထင်ရှားသောအမှုဖြစ်သည်။ မျက်မြင်သက်သေများ ခို သည်။ ထို့ကြောင့် အယူခံဝင်ခွင့်ပြုရန် အကြောင်းမမြင်။ လျှောက်လွှာများကို ‌ သည်။

လျှောက်ထားသူသည် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်များကို လျှော့ ပေးသော ကြေညာချက်အမှတ် ၈၇/၇၁ ၏အကျိုးကို ခံစားခွင့် ရှိ-မရှိ ပြဿ ပေါ်သည်။ အထူးရာဇဝတ်ရုံးက ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်သည်မှာ ၁၉၇၀ ခု ဒီဇင်ဘာလ ၁၉ ရက်နေ့ကဖြစ်၍ ပြစ်ဒဏ်ကို အတည်ပြုအဖွဲ့၏ ညွှန်ပြချက်ကြေ လှဲပြောင်းသတ်မှတ်သော နေ့သည် ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း၌ပင် ဖြ စေကာမူ မူလစီရင်ဆုံးဖြတ်၍ စီရင်ချက်ကို လက်မှတ်ရေးထိုးသည့်နေ့မှ ပြစ်ဒဏ် ရေတွက်ရသည်ဖြစ်ရာ၊ မောင်စောထွန်းအပေါ် ပြစ်ဒဏ်စီရင်ခြင်းသည် ကြေညာချ တွင် အကျုံးဝင်သည်ဟု ဆိုရမည်။

ထို့ကြောင့် သေဒဏ်အစား မောင်စောထွန်းသည် တသက်တကျွန်းဒဏ်ကို ကျခံရန်ဖြစ်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှယာန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း နှင့် ဒေါက်တာမောင်မောင် တို့ရှေ့တွင်

၁။ ဒေါ်စန်းရီ
၂။ ဒေါ်ခင်မိမိ
၃။ ဒေါ်မေချစ်
၄။ ဒေါ်ခင်သန်း
၅။ ဦးကြီးမြင့်

နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၇၀ ဒီဇင်ဘာလ ၅ ရက်နေ့

လောင်းကစား ဥပဒေပုဒ်မ ၇—လောင်းကစားအိမ် ဟုတ်မဟုတ် သက်သေထူရန်တာဝန်၊ အမှုအတွင်း—တရားခံသေခြင်း ကျန်လည်ထောင်ဒဏ်အစား ခံဝန်ချုပ်ဖြင့် လွှတ်ခြင်း။

ဆုံးဖြတ်ချက်။ ။လောင်းကစား ဥပဒေပုဒ်မ ၇ အရ၊ အချင်းဖြစ်အိမ်သည် လောင်းကစားရာ၌ အသုံးပြုလေ့ရှိသော အိမ်မဟုတ်ကြောင်း၊ ယင်းအိမ်တွင် တွေ့ရှိသူများက သက်သေထူရန်ဖြစ်သည်။ အယူခံတရားလို ဦးကြီးမြင့်သည် အယူခံဝင်နေစဉ်အတွင်း ကွယ်လွန်သွားပြီးဖြစ်သည်။ ထို့ကြောင့် ၎င်း၏ အယူခံနှင့်ပတ်သက်၍ မည်သို့မျှ အမိန့်ချမှတ်ရန် မလိုတော့ချေ။ အယူခံမှုကိုပိတ်သည်။ သင့်တော်သော အမှုတွင် ကျခံရန်ကျန်သည့် ထောင်ဒဏ်ကို ကောင်းမွန်စွာ နေထိုင်ပါမည် ဟူသော ကိုယ်ပိုင်ခံဝန်ချုပ်ဖြင့် အချုပ်လွှတ်နေခွင့်ပြုသည်။

အယူခံတရားလို၏အကျိုးဆောင်။ ။ဦးဘစိန်

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်ရှေ့နေချုပ် ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အယူခံတရားလိုတို့အား လောင်းကစား အက်ဥပဒေအရ၊ အထူးရာဇဝတ်ရုံးက၊ ထောင်ဒဏ် ၃ နှစ်စီ၊ စီရင်ထားသည်။

အကြောင်းခြင်းရာ ထင်ရှားခိုင်လုံသောအမှုဖြစ်သည်။ ပြည်သူ့ရဲတပ်ဖွဲ့ကသတင်းအရ အကောက်အစားယူလျက် ကစားဝိုင်းအိမ်အဖြစ် သုံးစွဲနေသည့် နေရာသို့သွား

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် $\frac{၁၅၁၊ ၁၅၂၊ ၁၅၃၊}{၁၆၂၊ ၂၀၄၊}$ ။

† ရန်ကုန်မြို့၊ ၁၉၆၈ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၇၀ ၏ ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇၂ တွင် ၁၉၆၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့၌၊ ချမှတ်ပြီး၊ ၁၉၇၀ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကိုအယူခံမှု။

၁၉၇၃

၁။ ဒေါ်စန်းရီ
၂။ ဒေါ်ခင်မိမိ
၃။ ဒေါ်မေချစ်
၄။ ဒေါ်ခင်သန်း
၅။ ဦးကြီးမြင့်နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

ရောက် ရှာဖွေခဲ့ခြင်းဖြစ်လည်း။ ယင်းသို့ ရှာဖွေရာတွင် တရားဝင် ဝါရမ်းပါသည်။ ၎င်းကြောင့် လောင်းကစား အက်ဥပဒေပုဒ်မ ၇ အရ အချင်းဖြစ်အိမ်သည် လောင်းကစားပွဲသောအိမ်မဟုတ်ကြောင်း၊ ယင်းအိမ်တွင် တွေ့ရှိသူများမှာ သက်သေထူရန်ဖြစ်သည်၊ သို့ရာတွင် ယင်းသို့ သက်သေထူနိုင်ခဲ့ခြင်းမရှိကြချေ။ ထို့ပြင် လောင်းကစားပွဲလုပ်နေသော ဖဲချပ်များ၊ လောင်းကြေး၊ တိုကင်ကြေးပြားများ စသည်တို့ကိုလည်း လက်ပူးလက်ကြပ်ဖမ်းမိခဲ့သည်။ အထူးရာဇဝတ်ရုံးက အထူးရာဇဝတ်ရုံးဥပဒေအရ ပေးနိုင်သော ပြစ်ဒဏ်ကိုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို ဦးကြီးမြင့်သည် အယူခံဝင်နေစဉ်အတွင်း ကွယ်လွန်သွားပြီးဖြစ်သည်။ ထို့ကြောင့် ၎င်း၏အယူခံနှင့်ပတ်သက်၍ မည်သို့မျှ အမိန့်ချမှတ်ရန်မလိုတော့ချေ။ အယူခံမှုကိုပိတ်သည်။

အခြားအယူခံတရားလို ၄ ဦးနှင့်ပတ်သက်၍၊ ၎င်းတို့၏အသက်အရွယ်၊ ဤအမှုနှင့်ပတ်သက်၍ အချုပ်အနှောင်အရေးယူခံခဲ့ရသည့်ကာလစသည်တို့ကိုထောက်ချင့်၍၊ ၎င်းတို့သည် ကျခံရန်ကျန်ရှိနေသည့် ထောင်ဒဏ်ကို ကောင်းမွန်စွာနေထိုင်ပါမည်ဟူသော ကိုယ်ပိုင်ခံဝန်ဖြင့်အချုပ်လွတ်နေခွင့်ပြုသည်။ ယင်းကာလအတွင်း ပြစ်မှုနောက်တဖန်ကျူးလွန်လျှင်၊ ဤအမှုနှင့်ပတ်သက်၍ ကျခံရန်ကျန်သောကာလကို ဆက်လက်ကျခံရန်ဖြစ်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာမောင်မောင်တို့ရှေ့တွင်

မောင်တိတ်ချန်း (ခေါ်) စုလှိုင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ ✻

† ၁၉၇၃ ဖေဖော်ဝါရီလ ၁၀ ရက်။

၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေး စနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ အရ၊ ကျူးလွန်သော အမှုများတွင် ရည်ရွယ်ချက်သည် အဓိကကျသော ပြစ်မှုအင်္ဂါရပ်ဖြစ် မဖြစ်—ရာဇဝတ်မှုတွင်ဥပဒေပြင်ဆင်ချက်သည် အချင်းဖြစ်ပွားသည့်အချိန်သို့ နောက်ကြောင်းပြန်၍ အကျိုးသက်ရောက်မှုရှိ မရှိတို့ကို ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁)(က)(ဂ)/(၂) အရ၊ အရေးယူလိုလျှင် တရားခံသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခဲ့ခြင်းဖြစ်ရမည်။ ယင်းရည်ရွယ်ချက်သည် အဓိကကျသော ပြစ်မှုအင်္ဂါရပ်တရပ်ဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင်၊ ဥပဒေကိုပြင်ဆင်၍ စနစ်ကို ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် ဆန့်ကျင်ခြင်းအင်္ဂါရပ်ကို ဖျက်သိမ်းခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ပြင်ဆင်ချက်သည် အချင်းဖြစ်ပွားသည့် အချိန်သို့ နောက်ကြောင်းပြန်၍ အကျိုးသက်ရောက်မှု မရှိ။

အယူခံတရားလို၏အကျိုးဆောင်။ ။

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်ရှေ့နေချုပ်၊ ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။လျှောက်ထားသူသည် ကျိုက္ခမီမှ ကုန်သို့ ရေဘဝထည်များ၊ ကောက်ညှင်းဆန်အိတ်များကို တင်ဆောင်၍လာသည်ကို ရိုင်ချောင်းအဝင်တွင် ရှာဖွေရေးအဖွဲ့က တွေ့ရှိသဖြင့် အရေးယူခဲ့သောအမှုဖြစ်သည်။

✻ ၁၉၇၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၇၇။

† ရန်ကုန်မြို့၊ ၁၉၆၈ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၆၇ ၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင်၊ ၁၉၇၀ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၇၁ ခုနှစ်၊ ဇီဇင်ဘာလ ၂၄ ရက်တွင်အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကိုအယူခံမှု။

၁၉၇၇
မောင်တိတ်ချွန်း (ခေါ်) စုလိုင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထူးရာဇဝတ်ရုံးမှတွင် တရားခံကပစ္စည်းများကို သယ်ယူလာခဲ့သည်ကို ဖြ
ကွယ်ခြင်းမပြု။ သို့ရာတွင်၎င်းပိုင်မဟုတ် အခြားသူအတွက် သယ်ယူလာခြင်းသာ ဖြစ်
သည်ဟု ထုချေသည်။

အထူးရာဇဝတ်ရုံးက ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွ
များအပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၅ (၁) (က) (ဂ)/(၂) အရ ပြစ်မှုထင်ရှားတွေ့
ကာ ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့သည်။

ပြစ်မှုထင်ရှားတွေ့ရှိထားသော ပုဒ်မသည် ဤအမှုနှင့်သက်ဆိုင်ခြင်းရှိ မရှိ ဥပဒေ
ပြဿနာပေါ်သည်။ အချင်းဖြစ်ပွားသည်မှာ ၁၉၆၆ ခုနှစ် တွင်ဖြစ်၍ ၁၉၆၅ ခုနှ
ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေ
ပုဒ်မ ၁၅ ဖြင့် အရေးယူလိုလျှင်၊ တရားခံသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်ဆ
ရန် ရည်ရွယ်ချက်ဖြင့်၊ ကျူးလွန်ခဲ့ခြင်းဖြစ်ရမည်။ ယင်းရည်ရွယ်ချက်သည် အဓိ
ကျသောပြစ်မှုအင်္ဂါရပ်တရပ်ဖြစ်သည်။ ယင်းရည်ရွယ်ချက် တရားခံတွင်ရှိသည်ဟု မ
နိုင်ကြောင်း လက်ထောက်ရှေ့နေချုပ်က တင်ပြသည်။

၁၉၆၇ ခုနှစ်တွင်၊ ဥပဒေကို ပြင်ဆင်၍ စနစ်ကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြ
ဆန့်ကျင်ခြင်းအင်္ဂါရပ်ကို ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ပြင်ဆင်ချက်သည်အချင်
ဖြစ်ပွားသည့်အချိန်သို့နောက်ကြောင်းပြန်၍ အကျိုးသက်ရောက်မှုမရှိ။

ထို့ကြောင့် လျှောက်ထားသူအပေါ် စွဲဆိုထားသော ပုဒ်မအရ ပြစ်မှုထင်ရှားစီရ
ထားခြင်းကိုပယ်ဖျက်ရမည်ဖြစ်သည်။ ဆီလျော်သောဥပဒေသည် ပင်လယ်ရေကြောင်
အကောက်ခွန်ဥပဒေဖြစ်သည်။ လျှောက်ထားသူသည် ကန့်သတ်ကုန်များကို ခွင့်ပြ
ချက်တစုံတရာမရပဲ သယ်ဆောင်လာခဲ့ခြင်းမှာ ထင်ရှားသည်။ ထို့ကြောင့် ပင်လယ်ရေ
ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဖြင့် လွှဲပြောင်း၍ ၎င်းအားပြစ်မှုထင်ရှား
တွေ့ရှိသည်။ ယင်းပုဒ်မအရ ထောင်ဒဏ် ၃ နှစ်ကျခံစေရမည်။ ယင်းထောင် ဒဏ်
တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အမိန့်ဖြင့် ထောင်ဒဏ်များကို လျှော့ပေါ့ပေးခြင်
အချုပ်ကာလတို့ကို ထုတ်နုတ်ပေးခြင်းတို့ကို ပြုလုပ်ရန်ဖြစ်သည်။

အချင်းဖြစ်ပစ္စည်းများကို သိမ်းဆည်းခြင်းအမိန့်ကိုအတည်ပြုသည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း နှင့် ဒေါက်တာမောင်မောင်တို့ရှေ့တွင်

ဦးတင်မောင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၇၃ စက်တင်ဘာလ ၅ ရက်။

အခြားသူများအပေါ် အရေးမယူသဖြင့် မိမိအပေါ် အရေးမယူသင့်ပါဟူသော ထုချေချက်ကို ထည့်သွင်းစဉ်းစားရန်မလို—ပြစ်ဒဏ်သတ်မှတ်ရာတွင်စဉ်းစားရမည့်အချက်မှာ တာဝန်ပိုင်းတွင် ထမ်းဆောင်သောသူတွင်သာ အဓိကတာဝန်ရှိကြောင်း ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် ပုသိမ်မြို့၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) တွင်အင်စပက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က အလုပ်သမားများအား ပေးရန်ငွေကို အလွဲသုံးစား ပြုလုပ်ခဲ့သည်ဟု အထူးရာဇဝတ်ရုံးက တွေ့ရှိကာ အများနှင့် သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရစီရင်ခဲ့သည်။ အယူခံတရားခံက ငွေများကွာခြားသည်ကိုအငြင်းမပွား။ အခြားအင်စပက်တာများ ငွေစာရင်းရှင်းခွင့် ငွေသွင်းခွင့်ပေးသည့်နည်းတူ ၎င်းအားလည်း အခွင့်အရေး ပေးသင့်ကြောင်း၊ ငွေများ ထုတ်ယူစေကာမူ အခြားသူများအား လွှဲပေးရသည်ဟုဆိုသည်။ <u>ကွာခြားသော ငွေများအတွက် အယူခံတရားလိုတွင် အဓိကတာဝန်ရှိသည်။ အခြားသူများအား မည်ကဲ့သို့ အရေးယူသည် မယူသည်မှာ တရားရုံးကစဉ်းစားရန်မဟုတ်။</u>

အယူခံ တရားလို၏ အကျိုးဆောင်။ ။မစ္စတာ အင်၊ စီ၊ ဆင်း။

အယူခံ တရားခံ၏ အကျိုးဆောင်။ ။လက်ထောက် ရှေ့နေချုပ်၊ ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ်ဒေါက်တာမောင်မောင်။ အယူခံတရားလိုဦးတင်မောင်သည် ပုသိမ်မြို့၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁)တွင် အင်စပက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က အလုပ်သမားများအား ပေးရန်ငွေ ၁၃၀၀၀ ကျော်ကို

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၉၃၊ ၉၄။

† ပုသိမ်မြို့၊ ၁၉၆၈ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၉၀ ၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၃ တွင်၊ ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့၌ချမှတ်ပြီး၊ ၁၉၇၀ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

၁၉၇၃ ဦးတင်မောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

လည်းကောင်း၊ ၆၃၀၀၀ိ ကျော်ကိုလည်းကောင်း၊ မပေးပဲ အလွဲသုံးစား ပြုလုပ်ခဲ့သည်ဟု အထူးရာဇဝတ်ရုံးက တွေ့ရှိကာ ပြစ်မှုနှစ်ရပ်ပေါ်တွင် ထောင်ဒဏ် ၁၅ နှစ်နှင့် အနှစ် ၂၀ စီ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ စီရင်ခဲ့သည်။

အတည်ပြုအဖွဲ့က ပြစ်မှုထင်ရှား စီရင်ခြင်းကို အတည်ပြု၍ ထောင်ဒဏ် ၁၅ နှစ်ကို ထောင်ဒဏ် ၁၀ နှစ် သို့လည်းကောင်း၊ ထောင်ဒဏ် ၂၀ နှစ်ကို ထောင်ဒဏ် ၁၅ နှစ်သို့ လည်းကောင်း ပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်း ကျခံစေရန် ဆုံးဖြတ်ခဲ့သည်။

အယူခံ ဟရားလို၏ ရှေ့နေကြီး မစ္စတာ ဆင်းက ဦးတင်မောင်ကဲ့သို့သော အခြား အင်စပက်တာများ ငွေစာရင်း ကွာခြားခဲ့သည်ကို စာရင်းရှင်းခွင့်၊ ငွေသွင်းခွင့် ပေးခဲ့ ပါလျက်၊ ဦးတင်မောင် တဦးတည်းအပေါ် ရာဇဝတ်ကြောင်းဖြင့် အရေးယူခဲ့ခြင်းသည် မျှတမှုမရှိပါ။ ဦးတင်မောင်က ငွေများ ထုတ်ယူစေကာမူ၊ ၎င်းကတဆင့် အခြားတာဝန် ရှိသူများသို့ လွှဲပေးရသည်လည်း ရှိပါသည်။ ထို့ကြောင့် ၎င်းထုတ်ယူသော ငွေအားလုံး အတွက် ၎င်းတွင် တာဝန်မရှိပါဟူ၍ လျှောက်လဲသည်။

ဦးတင်မောင် ကိုယ်တိုင်က အထူးရာဇဝတ် ရုံးတွင်ငွေများ ကွာခြားခဲ့သည်ကို အငြင်းမပွား။ ငွေရှင်းမပေးနိုင်၍ ဖမ်းဆီးခြင်း ခံရခြင်းဖြစ်ကြောင်း၊ အချိန်ရလျှင် စိုက်၍ လျော်မည်ဖြစ်ကြောင်းကိုသာ ထွက်ဆိုနိုင်ခဲ့သည်။

အကြောင်းခြင်းရာ ထင်ရှားသော အမှုဖြစ်သည်။ ဦးတင်မောင် ထုတ်ယူသွားသော ငွေများအတွက် ကွာခြားလျှင်၊ ၎င်းတွင် အဓိကတာဝန်ရှိသည်။ အခြားသူများအား မည်ကဲ့သို့ အရေးယူသည် မယူသည်မှာ တရားရုံးကစဉ်းစားရန် ဆီလျော်သော အချက် မဟုတ်ချေ။

ဦးတင်မောင်အား ၁၉၆၇ ခုနှစ်မှစ၍ ဖမ်းဆီး အရေးယူခဲ့ခြင်း၊ ၎င်း၏ အသက် အရွယ်နှင့် ကွာခြားသမျှ ငွေများအတွက် ၎င်းထံတွင် အပြည့်အဝ တာဝန်ရှိသည်ဟု မဆိုနိုင်ခြင်း စသည့် အချက်အားလုံးကို ခြုံ၍ကြည့်ကာ ငွေ ၁၃,၀၀၀ိ ကွာခြားသည့် အတွက် ထောင်ဒဏ် ၅ နှစ်၊ ငွေပေါင်း ၆၀,၀၀၀ိ ကျော်ကွာခြားသည့်အတွက် ထောင် ဒဏ် ၇ နှစ်၊ ယင်းပြစ်ဒဏ်နှစ်ရပ်ကို ရာဇသတ်ပုဒ်မ ၄၀၉ အရ တပေါင်းတည်း ကျခံစေရ မည်ဟု ပြင်ဆင်ပေးလိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

ဦးတင်လေး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၇၀ ဇန်နဝါရီလ ၁၉ ရက်။

၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်မှုကိုဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ ပုဒ်မ ၃(၁) (က)/၃(၂) အရစွဲဆိုလျှင်ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်မှုကို ဆန့်ကျင်ရန်ရည်ရွယ်ချက်သည် ပြစ်မှုမြောက်ရန်လိုအပ်သော အင်္ဂါရပ်ဖြစ်သည်။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ် ပစ္စည်းများကို၊ ဦးတင်လေး၏ အိမ်တွင် ဖွင့်လှစ်ထားသော လက်လီဆိုင်နှင့်ပုံနှိပ်လုပ်ငန်းမှ ရရှိခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ပစ္စည်းများအိမ်တွင်ရှိကြောင်း ပြည်သူ့ပိုင်သိမ်းရန်လာသည့်အဖွဲ့အား ဦးတင်လေးက ပြောဆိုသည်ဟု အထောက်အထားရှိသည်။ အထူး ရာဇဝတ်ရုံးသို့၊ ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၉) မှပေးပို့သော စာတွင် ဦးတင်လေး၏အိမ်ဆိုင်မှ သိမ်းဆည်းခဲ့သော စာအုပ်များ၊ စာရေးကိရိယာများသည်၊ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်၍၊အသုံးပြုရန်သော်လည်းကောင်း၊ ရောင်းချရန်သော်လည်းကောင်းမလွယ်ပေ။ ထို့ကြောင့်ပစ္စည်းများ၏ တန်ဘိုးသည် သတ်မှတ်ထားသည်လောက်အမှန်တကယ်ရှိမည်ဟုယူဆရန် ခဲယဉ်းသည်။ အထက်ပါအကြောင်းတို့ကြောင့် ဤအမှုတွင် ပြစ်မှုမြောက်ရန်လိုအပ်သော အင်္ဂါရပ်ဖြစ်သည့် ဆိုရှယ်လစ်စီးပွားရေး စနစ်တည်ဆောက်မှုကို ဆန့်ကျင်ရန် ရည်ရွယ်ချက်ရှိသည်ဟု ဆိုရန်ခဲယဉ်းသဖြင့် ဦးတင်လေးအား တရားသေလွှတ်လိုက်သည်။

အယူခံ တရားလို၏ အကျိုးဆောင်။ ။ဦးဘစိန်။

အယူခံ တရားခံ၏ အကျိုးဆောင်။ ။လက်ထောက် ရှေ့နေချုပ်၊ ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အယူခံတရားလို ဦးတင်လေးသည်၊ ၁၉၆၄ ခုနှစ်တွင် လုပ်ငန်းကြီးများ၊ ဆိုင်ကြီးများ၊ ပွဲရုံကြီးများကို ပြည်သူ့ပိုင်

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် - ၂၈။

† ရန်ကုန်မြို့၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံး အမှတ် ၃ ၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂ တွင် ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့၌ချမှတ်ပြီး၊ ၁၉၆၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင်အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကို အယူခံမှု။

ပြုလုပ်ရာ၌ ၎င်းအစုပါဝင်သော လွန်းမော်တင် ကုမ္ပဏီမှ တန်ဘိုးငွေ ၃၀,၀၀၀ ကျော် ခန့်ရှိသော စာရေးကိရိယာ ပစ္စည်းများကို စာရင်းမပြဘဲ ထိန်ဝှက်ထားခဲ့သည့်အတွက် ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေပုဒ်မ ၃ (၂) အရ၊ ပြစ်မှုထင်ရှား တွေ့ရှိကာ အထူးရာဇဝတ်ရုံးက ထောင်အလုပ် ၁၀ နှစ်သတ်မှတ်ထားသည်။

ဦးတင်လေးကရုံးတွင် ခုခံထွက်ဆိုရာ၌၊ လွန်းမော်တင် ကုမ္ပဏီကို ပြည်သူပိုင် မသိမ်းမီ တလခွဲခန့်ကပင် ဖျက်သိမ်းရန်၊ အခြားအစုရှင်များနှင့် ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိသည် ကုမ္ပဏီတွင် အစုရှင်တဦး ဖြစ်သော်လည်း၊ အိမ်၌ စက္ကူ၊ စာရေးကိရိယာ၊ ကျောင်းသုံးစာအုပ်များကို လက်လီဆိုင်ဖွင့်၍ ရောင်းချခဲ့ကြောင်း၊ ပုံနှိပ်လုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း၊ လွန်းမော်တင် ကုမ္ပဏီကို ပြည်သူပိုင်သိမ်းရန် လာရောက်သောအဖွဲ့အား၊ မိမိတွင် လက်လီဆိုင်ရှိကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့ကြောင်းတို့ကို တင်ပြခဲ့သည်။

ဦးတင်လေး တင်ပြခဲ့သော သက်သေများကလည်း၊ ဦးတင်လေးလည် စာအုပ်၊ စာရေးကိရိယာ၊ ပုံနှိပ်လုပ်ငန်းကို နှစ်ကြာမြင့်စွာ ရိုးရိုးသားသား လုပ်ကိုင်လာသူဖြစ်ကြောင်း ထောက်ခံ ထွက်ဆိုကြသည်။ ပြည်သူပိုင်သိမ်းရေးအဖွဲ့တွင် ပါဝင်ခဲ့သော ဦးကျော်စိန်ကလည်း ဦးတင်လေးသည်၊ ကုမ္ပဏီ၏ပစ္စည်းနှင့် စာရင်းများကို လွှဲအပ်ပြီးနောက်၊ ၎င်း၏အိမ်တွင်လည်း ပစ္စည်းများ ရှိသေးကြောင်း၊ ပြောဆိုသည်ဟု သက်သေခံထားသည်။ အိမ်သို့သွားရောက် စစ်ဆေးရာ အိမ်ပေါ်တွင် ထိန်ဝှက်ထားသော ပစ္စည်းဟူ၍မရှိ၊ အိမ်ရှေ့ခန်းတွင် စာအုပ်စာတမ်းများ ထားပြီးလျှင် နောက်ဖေးခန်းတွင် မင်အိုးအစရှိသည့်ပစ္စည်းများ ထားကြောင်း ထွက်ဆိုသည်။ အထူးရာဇဝတ်ရုံးက ဦးတင်လေးအိမ်မှ သိမ်းဆည်းခဲ့သော ပစ္စည်းများကို စီစစ်ရာတွင် ၁၇,၀၀၀ ကျော်တန်သည်ဟု ပြထားသော ကျောင်းသုံးစာအုပ်များသည် ပြည်သူပိုင် အဖြစ်သိမ်းဆည်းသော ပစ္စည်းမျိုး မဟုတ်သဖြင့်၊ ယင်းပစ္စည်းများနှင့် ပတ်သက်၍ ဦးတင်လေးအပေါ် စွဲချက်တင်ရန်မရှိဟု ဆုံးဖြတ်ထားသည်။

လက်ထောက် ရှေ့နေချုပ်က၊ ပြစ်မှုထင်ရှား တွေ့ရှိထားသော ပုဒ်မတွင် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ရန် ရည်ရွယ်ချက်သည် အဓိကကျသော အင်္ဂါရပ်တရပ် ဖြစ်ပါသည်။ ယင်းရည်ရွယ်ချက်ကို ထင်ရှားအောင် မပြနိုင်လျှင် တရားခံတွင် အပြစ်ရှိသည်ဟု ဆုံးဖြတ်ခြင်းမပြုနိုင်ပါဟု တင်ပြသည်။

ဦးတင်လေး ခုခံထွက်ဆိုခဲ့သည့်အတိုင်း အချင်းဖြစ် ပစ္စည်းများကို မိမိအိမ်တွင် ဖွင့်လှစ်ထားသော လက်လီဆိုင်နှင့် ပုံနှိပ်လုပ်ငန်းမှ ရရှိခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ ပစ္စည်းများ အိမ်တွင်ရှိကြောင်း ပြည်သူပိုင်သိမ်းရန် လာသည့် အဖွဲ့အား

တင်လေးက ပြောဆိုသည်ဟု အထောက်အထားရှိရာ၊ ၎င်းတွင် ဆိုရှယ်လစ်စီးပွားရေး
ည်ဆောက်မှုကို ဆန့်ကျင်ရန် ရည်ရွယ်ချက်စေတနာရှိသည်ဟု ဆိုရန် ခဲယဉ်းသည်။
တင်လေး၏ အိမ်ဆိုင်မှ သိမ်းဆည်းခဲ့သော စာအုပ်များ၊ စာရေးကိရိယာများ
ာင်းနွမ်း ဆွေးမြည့်နေပြီးဖြစ်၍ အသုံးပြုရန် သော်လည်းကောင်း၊ ရောင်းချရန်
သော်လည်းကောင်း မသင့်တော်ပါ ဟု ကုန်သွယ်ရေးဌာန ကုန်သွယ်ရေး ကော်ပိုရေး
်းအမှတ် (၉)မှ အတွင်းရေးမှူးဝတ်ရုံးသို့ ပေးပို့သော စာကိုအမှုတွဲတွင် တွေ့ရှိရသည်။
်ကြောင့် ပစ္စည်းများ၏ တန်ဘိုးသည် သတ်မှတ်ထားသည်လောက် အမှန်တကယ်
ည်ဟု ယူဆရန်ခဲယဉ်းသည်။

အထက်ပါ အကြောင်းတို့ကြောင့် ဦးတင်လေးအပေါ် ပြစ်မှုထင်ရှား စီရင်ထား
င်းကို ဤအမှုနှင့် ပတ်သက်သမျှ ပယ်ဖျက်က၍ ၎င်းအား တရားသေလွှတ်လိုက်သည်။

၁၉၅၃

ဦးတင်လေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

† ၁၉၇၃
ဇက်တင်ဘာလ
၂၂ ရက်။

ဦးတွန်းခင်ပါ (၄)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသ ဥပဒေပုဒ်မ ၁၅(၁) အစား သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေပုဒ်မ ဖြင့် ပြောင်းလဲအပြစ်ပေးခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူတို့အား တပ်မတော် စစ်ရေယာဉ်က မြန်မာ့ရေပြင်၊ လှေတစင်းဖြင့် နိုင်ငံခြားပစ္စည်းများ တင်ဆောင်လာသည်ကို ရှာဖွေဖမ်းဆီးခဲ့မိခြင်း ဖြစ်သ ထို့ကြောင့် ၎င်းတို့အပေါ် သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေပုဒ်မ ၅ | အရေးယူ စီရင်ခြင်းက ပိုမိုလျော်ကန်သည်ဟု ထင်မြင်ယူဆသည် သို့ဖြစ်၍ ၁၉၆၅ ခုနှ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ (၁) အစား သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ ၅ ဖြင့်လွှဲပြောင်းကာတ အပေါ် ထောင်ဒဏ် ၃ နှစ်စီသတ်မှတ်လိုက်သည်။

အယူခံတရားလို၏အကျိုးဆောင်။ ။ဦးထွန်းတင်၊

အယူခံတရားခံ၏ အကျိုးဆောင်။ ။လက်ထောက်ရှေ့နေချုပ်၊ **ဦးမျိုးထွန်းလင်း။**

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူတို့အား တ တော်စစ်ရေယာဉ်က မြန်မာ့ရေပြင်တွင် လှေတစင်းဖြင့် နိုင်ငံခြား ပစ္စည်းမျ တင်ဆောင်လာသည်ကို ရှာဖွေဖမ်းဆီးခဲ့မိခြင်းဖြစ်သည်။ ပစ္စည်းများသည် ၂,၄ ခန့်တန်ဖိုးရှိသည်။

လျှောက်ထားသူတို့က နိုင်ငံခြားမှ သွင်းယူလာခြင်းမဟုတ်၊ ဗဟန်းလှေမှ သဖြင့်ဝယ်လာခြင်းဖြစ်သည်ဟုသုံချကြသည်။

---

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၉၇။

† မြိတ်မြို့၊ ၁၉၇၁ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၃ ၏ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှ ၉ တွင်၊ ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၇၃ ခုနှစ်၊ မတ်လ ၂၁ ရ နေ့တွင် အတည်ပြုအဖွဲ့ကအတည်ပြုသည့်အမိန့်ကိုအယူခံမှု။

လျှောက်ထားသူတို့အပေါ် ႏြအထူးရာဇဝတ်ရုံးက၊ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်
ားရေးစနစ် ႏြ တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ
၂ ၁၅ (၁) အရ၊ ထောင်ဒဏ် ၁၀ နှစ်စီပေးထားသည်။

လျှောက်ထားသူတို့အပေါ် သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်
းဒပုဒ်မ ၅ ဖြင့် လွဲပြောင်း၍ စီရင်ခြင်းက ပိုမိုလျော်ကန်သည်ဟု ထင်မြင်
ပသည်။ ထို့ကြောင့် ယင်းသို့ လွဲပြောင်းကာ တဦးစီအပေါ် ထောင်ဒဏ် ၃
ါသတ်မှတ်လိုက်သည်။

၁၉၇၄

ဦးထွန်းခင်ပါ
(၄)
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း နှင့် ဒေါက်တာမောင်မောင် တို့ရှေ့တွင်

† ၁၉၇၃ စက်တင်ဘာလ ၅ ရက်။

ပူနာရမ်း
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ *

ဥပဒေပြင်ဆင်ခြင်းမပြုမီ ပြစ်မှုမမြောက်သော အပြုအမူတခုသည် ပြင်ဆင်ချက် ဥပဒေပြဋ္ဌာန်းလိုက်သဖြင့် ပြစ်မှုတရပ်ဖြစ်လာခဲ့လျှင် ယင်းပြင်ဆင်ချက်ဥပဒေ၏အကျိုးသက်ရောက်မှုကို နားမလည်၍ ပြစ်မှုကျူးလွန်မိကြောင်း တင်ပြချက်ကို ကြောင်းခြင်းရာအရ တန်ရာသည် မတန်ရာသည်ကိုချိန်ဆရမည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် ၎င်း၏အိမ်တွင် တရားမဝင်သော ငွေစက္ကူ ဖမ်းဆီးရမိသဖြင့် အထူးရာဇဝတ်ရုံးက ၎င်းအပေါ် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေး တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅(၁)အရ ထောင်ဒဏ် ပေးခဲ့သည်။ ၁၉၆ဂ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၄ ရက်နေ့က ပြင်ဆင်လိုက်သောပုဒ်မ ၁၃(တရားမဝင်ဟု ကြေငြာထားသော ငွေစက္ကူများကို လက်ဝယ်ထားရှိခြင်းဖြစ်၍ ပြစ်မှုဖြစ် အယူခံတရားလိုက ငွေများမိမိလက်ဝယ်တွင် ရှိကြောင်းကို မငြင်း။ ယင်းသို့ထားရှိခြင်းသည် နှင့် ဆန့်ကျင်ကြောင်းကို မသိနားမလည်သောကြောင့် ပြစ်မှုကျူးလွန်ခဲ့ခြင်း ဖြစ်သည်ဟု ဝ သည်။ အယူခံတရားလို တင်ပြသော ပြင်ဆင်လိုက်သည့် ဥပဒေ၏ အကျိုးသက်ရောက်မှု မလည်၍ ပြစ်မှုကျူးလွန်ခဲ့မိကြောင်းသည် ဟုတ်မှန်တန်ရာသည်ဟု ဆုံးဖြတ်သည်။

အယူခံတရားလို၏အကျိုးဆောင်။ ။ဦးဘစိန်။

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်ရှေ့နေချုပ်၊ ဦးမျိုးထွန်းလင်း၊

တရားသူကြီးချုပ်ဒေါက်တာ မောင်မောင်။ ။အယူခံတရားလိုသည် လှိုင် မြို့တွင်နေထိုင်သည်။ ၎င်း၏အိမ်တွင် တရားမဝင်သော ငွေစက္ကူ ကျပ်တ

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၇၅။

† လှိုင်ကော်မြို့၊ ၁၉၆၉ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၄၂ ၏ ၁၉၆၉ ခုနှစ်၊ ရာဇဝ အမှတ် ၁ တွင်၊ ၁၉၇၀ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့၌ချမှတ်ပြီး၊ ၁၉၇၀ ခုနှစ်၊ စက်တင် လ ၃ ရက်နေ့တွင်အတည်ပြုအဖွဲ့ကအတည်ပြုသည့်အမိန့်ကိုအယူခံမှု။

၇ ရှက်နှင့် ငါးဆယ်တန် ၅၁ ရွက်ကို သတင်းအရ၊ တက်ရောက်ရှာဖွေဖမ်းဆီး ၁၉၇၃
ာဖြင့် အထူးရာဇဝတ်ရုံးက ၎င်းအပေါ် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေး
ံ တည်ဆောက်မှုအကျိုး လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁)
၊ ထောင်ဒဏ် ၁၀ နှစ် ပေးခဲ့သည်။

ပူနာရမ်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အယူခံတရားလိုက ငွေများ မိမိ၏ လက်ဝယ်တွင် ရှိခဲ့ကြောင်းကို မငြင်း။
းသို့ထားရှိခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ကြောင်း မသိနားမလည်သောကြောင့်
မှုကျူးလွန်ခဲ့ခြင်း ဖြစ်ပါသည် ဟု ထွက်ဆိုခဲ့သည်။ ယခု စွဲဆို အပြစ်ပေးထား
ာပြစ်မှုသည် ဖေါ်ပြပါ ဥပဒေတွင် ၁၉၆၈ ခု၊ ဖေဖေါ်ဝါရီလ ၁၄ ရက်နေ့က
ဆင်လိုက်သော ပုဒ်မ ၁၃ (၇) အရ ဖြစ်သည်။ ယင်းပုဒ်မ အရ တရားမဝင်ဟု
ကြေငြာထားသော ငွေစက္ကူများကို လက်ဝယ်ထားရှိခြင်းသည် ပြစ်မှုဖြစ်သည်။
းသို့ ပြဋ္ဌာန်းပြင်ဆင်ခြင်း မပြုမီကာလအတွင်းက တရားမဝင် ငွေစက္ကူကို လက်ဝယ်
ားရှိခြင်းသည်ပြစ်မှုမမြောက်။

ထိုကြောင့်ပြင်ဆင်လိုက်သည့် ဥပဒေ၏ အကျိုးသက်ရောက်မှုကို နားမလည်
၍ပြစ်မှုကျူးလွန်ခဲ့မိကြောင်း အယူခံတရားလို တင်ပြခြင်းသည် ဟုတ်မှန်တန်
သည်။

ထိုအချက်နှင့် အယူခံတရားလို၏ ကြီးရင့်သော အသက်အရွယ် (၆၂) နှစ်
ကို ထောက်ချင့်၍၊ အယူခံတရားလိုအား ကျခံပြီး ကျန်သေးသည့် ကာလ
အတွင်း၌ မိမိကိုယ်တိုင် ခံဝန်ဖြင့် ကောင်းမွန်စွာ နေထိုင်ပါမည်ဟု ချုပ်ဆိုလျှင်
ချုပ်လွှတ်နေခွင့်ပြုလိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

† ၁၉၇၃ အောက်တိုဘာလ ၃၀ ရက်။

၁။ မာမက်ကာဆင်
၂။ ဂျမား(ခ)မျိုးအောင် } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ*

ရာဇသတ်ကြီးပုဒ်မ ၄၁၁၊ ကိုယ်တိုင်ခိုးယူလာခြင်းအထောက်အထားမရှိ။ ပျောက်ဆုံးသောပ
များကို သယ်ယူလာခြင်းအတွက် ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် လ
ခြင်း ပြစ်မှုအရ အပြစ်ပေးခြင်း။

ဆုံးဖြတ်ချက်။ ။ညအချိန်တွင် သုံးဘီးကားမောင်းနှင်လာစဉ် ကားကိုရပ်တန့် ရှာဖွေရာ (ပေါ်တွင် ပြည်သူ့ဆိုင်မှ ပျောက်ဆုံးသော ပစ္စည်းများ ဖြစ်ကြောင်း သက်သေခံရှိသည်။ သို့ရာ(အယူခံတရားလိုတို့ကိုယ်တိုင် ခိုးယူလာသောပစ္စည်း ဖြစ်သည်ဟူကား အထောက်အထား မ ထို့ကြောင့် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က အယူခံတရားလိုတို့အပေါ် ရာဇသတ်ပုဒ်မ ၄၁၁ ခိုးရ ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် လက်ခံခြင်းပြစ်မှုအရ အပြစ်ပေးသည်။

အယူခံတရားလို၏အကျိုးဆောင်။ ။ဦးထွန်းညို။

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်ရှေ့နေချုပ်၊ ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။အယူခံတရားလိုတို့သည် ညအ(တွင် သုံးဘီးကားနှင့် မောင်းလာရာ ကားကိုရပ်တန့်ရှာဖွေရာ၌ ကားပေါ်တွင် မော်တေ ယာဉ် အပိုပစ္စည်းများ သေတ္တာဖြင့်သယ်ဆောင်လာသည်ကို တွေ့ရသည်။ ယာ အပိုပစ္စည်းများသည် ပြည်သူ့ဆိုင်အမှတ် ၂၆ မှ ပျောက်ဆုံးသော ပစ္စည်းမျ ဖြစ်ကြောင်း သက်သေခံရှိသည်။

အထူးရာဇဝတ်ရုံးက အယူခံတရားလိုတို့အပေါ် အမျိုးနှင့် သက်ဆိုင်သောပစ္စည် ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ဖြင့် ထောင်ဒဏ် ၁၀ နှစ်စီ ပေးခဲ့သည်။

---

* ၁၉၇၂ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်၁၀၀၊ ၁၂၇။

† ရန်ကုန်မြို့၊ ၁၉၆၈ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၅၁၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှ(၅၇ တွင် ၁၉၇၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင်ချမှတ်ပြီး၊ ၁၉၇၂ ခုနှစ်၊ ဧပြီလ ၁၂ ရ(နေ့တွင် အတည်ပြုအဖွဲ့ကအတည်ပြုသည့်အမိန့်ကို အယူခံမှု။

အယူခံတရားလိုတို့က ပစ္စည်းများသည် မိမိတို့ပိုင်မဟုတ်ပါဟု တဦးအပေါ်တဦး တာဝန်လွှဲချ ထုချေခဲ့သည်။ သို့ရာတွင် ၎င်းတို့ နှစ်ဦးစလုံး သယ်ဆောင်လာသော ပစ္စည်းများ ဖြစ်သည်ဟုယူဆရန်ရှိသည်။

ဂိုဒေါင်မှ ပျောက်သွားသော ပစ္စည်းများ ဖြစ်သည်ဟုလည်း ယူဆသည်။ သို့ရာတွင် အယူခံတရားလိုတို့ ကိုယ်တိုင်ခိုးယူလာသော ပစ္စည်းဖြစ်သည်ဟုကား အထောက်အထားမရှိ။

ထို့ကြောင့် အယူခံတရားလိုတို့အပေါ် ရာဇသတ်ပုဒ်မ ၄၁၁ ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် လက်ခံခြင်းပြစ်မှုအရ အပြစ်ပေးခြင်းက ပိုမိုမှန်ကန်ပေလိမ့်မည်။ ပြစ်မှုကိုယင်းပုဒ်မသို့ ပြောင်းကာ ပြစ်ဒဏ်ကို ထောင်ဒဏ် ၃ နှစ်အဖြစ် သတ်မှတ်လိုက်သည်။

၁၉၄၃

၁။ မာမက်ကာ ဆင်

၂။ ဂျမား (ခ) မျိုးအောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း နှင့် ဒေါက်တာမောင်မောင်တို့ရှေ့တွင်

† ၁၉၇၃ စက်တင်ဘာလ ၈ ရက်။

၁။ မောင်သန်းညွန့် (ခ) ကိုကြီး
၂။ မောင်စိုးဝင်း
} နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ *

အလွဲသုံးစားပြုရာတွင် ပါဝင်ကူညီခဲ့သည်၊ အားပေးကူညီခဲ့သည်ဟု စွပ်စွဲသော အမှုမျိုးတွင် အလွဲသုံးစားရာတွင် ပါဝင်ကူညီအားပေးကြောင်း အထောက်အထားရှိရန်လိုသည်။ ရာဇသတ်ပုဒ်မ ၄၁၁/၄၁၄။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူ မောင်သန်းညွန့်သည် လယ်ဝေးကုန်သွယ်ရေး အမှုထမ်းတဦးဖြစ်သည်။ ၎င်း၏တာဝန်မှာ ငွေသွင်းငွေထုတ်ခြင်းဖြစ်သည်။ မောင်သန်းညွန့်သည် ပေးသွင်းငွေများအနက် ၁,၃၀,၀၀၀ိ ခန့်ပေးသွင်းခြင်းမပြုခဲ့ပေ၊ ၎င်းကငွေများကိုယူကြောင်းဖြောင့်ဆိုသည်။ လျှောက်ထားသူ မောင်စိုးဝင်းက ငွေများကို ဝှက်သိမ်းရာ၌ပါကြောင်း ဖြောင့်ဆိုသည်။ မောင်သန်းညွန့် အလွဲသုံးစား ပြုလုပ်ခဲ့ခြင်းကို အားပေးကူညီခဲ့သည်ဟု အထောက်အထားမရှိ။ ထို့ကြောင့် ပြစ်မှုမကင်းသောငွေများကို ထိန်ဝှက်ပေးခြင်း ပြစ်မှုကိုသာ ကျူးလွန်ရာရောက်သည်ဟု ဆုံးဖြတ်သည်။

အယူခံတရားလို၏အကျိုးဆောင်။ ။ဒေါ်ခင်လေး။

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်ရှေ့နေချုပ်၊ ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူ မောင်သန်းညွန့်သည် လယ်ဝေး ကုန်သွယ်ရေးအမှုထမ်းတဦးဖြစ်သည်။ ၎င်း၏တာဝန်မှာ ငွေသွင်းငွေထုတ်ခြင်းဖြစ်သည်။ ငွေများကို ငွေတိုက်သို့ မသွင်းနိုင်လျှင် ရုံးခန်း မီးခံသေတ္တာတွင် ထားရသည်။ မောင်သန်းညွန့်သည် ပေးသွင်းရန် ငွေများအနက် ၁,၃၀,၀၀၀ိ ခန့် ပေးသွင်းခြင်း မပြုရာမှ အမှုပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

---

* ၁၉၇၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၇၃၊ ၁၉၀။

† ပျဉ်းမနားမြို့၊ ၁၉၇၀ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၀၄ ၏ ၁၉၇၀ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ် ၂ တွင် ၁၉၇၀ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့၌ ချမှတ်ပြီး ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကိုအယူခံမှု။

၁၉၇၃

မောင်သန်းညွန့် (ခ) ကိုကြီး၊ မောင်စိုးဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

လျှောက်ထားသူ မောင်စိုးဝင်းသည် မောင်သန်းညွန့်က ငွေများကို အလွဲသုံးစား ပြုလုပ်ရာတွင် ပါဝင်ကူညီခဲ့သည်။ ငွေများကို မောင်သန်းညွန့်နှင့်အတူ ဝှက်သိမ်းထားသည်ဟူသော စွဲချက်ဖြင့် အထူးရာဇဝတ်ရုံးသို့ တင်ပို့ခြင်းခံရသည်။ အထူးရာဇဝတ်ရုံးက မောင်သန်းညွန့်နှင့် မောင်စိုးဝင်းတို့နှစ်ဦးလုံးအပေါ် အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ ဖြင့် ပြစ်မှုထင်ရှား တွေ့ရှိကာ မောင်သန်းညွန့်အပေါ် ထောင်ဒဏ် ၁၅ နှစ်၊ မောင်စိုးဝင်းအပေါ် ထောင်ဒဏ် ၁၀ နှစ်အပြင် ငွေဒဏ်များကိုလည်း သတ်မှတ်ခဲ့သည်။ အယူခံတရားရုံး... အတည်ပြုအဖွဲ့က ၎င်းတို့နှစ်ဦးသုံးအပေါ် ထောင်ဒဏ် ၁၀ နှစ်စီသတ်မှတ်၍ ငွေဒဏ်များကိုပယ်ဖျက်ခဲ့သည်။

အကြောင်းခြင်းရာ ထင်ရှားသော အမှုဖြစ်သည်။ ငွေများအနက်မှ ၄၆,၀၀၀ ကျော်ကို လျှောက်ထားသူ နှစ်ဦးက ပြည်သူ့ရဲသို့ ပြန်လည်ပေးအပ်ကြသည်။ ယင်းငွေများကို ဝှက်သိမ်းရာ၌ မောင်စိုးဝင်းပါကြောင်း ၎င်းကိုယ်တိုင်က ဖြောင့်ဆိုသည်။ မောင်သန်းညွန့်ကလည်း ငွေများကိုယူကြောင်း ဖြောင့်ဆိုသည်။ အယူခံဝင်ရန် လျှောက်ထားရာတွင် လျှောက်ထားသူ နှစ်ဦးလုံးက ၎င်းတို့အပေါ် သက်ညှာစွာ စဉ်းစား၍ ပြစ်ဒဏ်လျှော့ပေါ့ပေးရန်ကိုသာ တောင်းခံသည်။

လျှောက်ထားသူနှစ်ဦးသည် ငယ်ရွယ်သူများဖြစ်ကြသည်။ ၎င်းတို့သည် ငွေအမြောက်အမြားကို တာဝန်ယူနေစဉ် အပေါင်းအသင်းများ၏ ဆွဲဆောင်ရာသို့ ပါခဲ့ခြင်း ဖြစ်တန်ရာသည်။ ၎င်းတို့အပေါ် အရေးယူသော အခါ၌ ဝှက်ထားသော ငွေအမြောက်အမြားကို လွယ်လင့်တကူ ပြည်သူ့ရဲသို့ ထုတ်ပေးကြသည်။

ထိုအချက်ကို ထည့်သွင်းစဉ်းစားကာ မောင်သန်းညွန့်အပေါ် ရာဇသတ်ပုဒ်မ ၄၀၉ ဖြင့်လွှဲပြောင်း၍ ထောင်ဒဏ် ၅ နှစ်သတ်မှတ်လိုက်သည်။

မောင်စိုးဝင်းနှင့် ပတ်သက်၍ မောင်သန်းညွန့် အလွဲသုံးစား ပြုလုပ်ခဲ့ခြင်းကို အားပေးကူညီခဲ့သည်ဟူသော အထောက်အထားမရှိ။

မောင်သန်းညွန့် ယူလာသော ငွေများကို ပြစ်မှုမကင်းသောငွေများကို ထိန်ဝှက်ပေးခြင်း ပြစ်မှုကိုသာ ကျူးလွန်ရာရောက်သည်။ ယင်းပြစ်မှုသည် ရာဇသတ် ပုဒ်မ ၄၁၁/၄၁၄ တို့နှင့် ပိုမို၍ဆီလျော်သည်။ ထို့ကြောင့် ၎င်းအပေါ် ယင်းပုဒ်မတို့ဖြင့် လွှဲပြောင်း၍ ပြစ်မှုထင်ရှား တွေ့ရှိကာ ထောင်ဒဏ် ၃ နှစ်သတ်မှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

† ၁၉၇၃
စက်တင်ဘာလ
၅ ရက်။

ဦးသန်းလှိုင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

တော်လှန်ရေးကောင်စီ ကြေငြာချက် ၇၇ အရ သုံးပုံတပုံ ထောင်ဒဏ်လျှော့ရက် ခံစားခွင့်ရပြီး ဖြစ်သည့်အပြင် ချုပ်ရက်ကို ပြစ်ဒဏ်မှ ထုတ်နုတ်သည့်အခွင့်အရေးရရှိပြီး ဖြစ်သော်လည်း ပြစ်ဒဏ်တွင်ကျခံရန် ထောင်ဒဏ် အနည်းငယ် ကျန်ရှိသေးလျှင် ကျန်ကာလအတွင်းကောင်း မွန်စွာ နေထိုင်ပါမည်ဟု ကိုယ်တိုင်ခံဝန်ချုပ်ဆိုစေပြီး အချုပ်လွတ်နေခွင့်ပြုခြင်း။

ဆုံးဖြတ်ချက်။ ။အထူးရာဇဝတ်ရုံးက ၁၉၇၀ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်အများနှင့်သက်ဆိုင်သည့် ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ဖြင့် ထောင်ဒဏ် ၁၀ နှစ်ပေးထားသည်။ တော်လှန်ရေးကောင်စီ ကြေငြာချက် ၇၇/၇၁ ဖြင့် သုံးပုံတပုံ ထောင်ဒဏ်လျှော့ရက်အကျိုးခံစားခွင့်ရှိသည့် အချုပ်ကာလကိုနုတ်နိုင်သည်။ ဒဏ်အနည်းငယ်ကျန်ရှိသေးလျှင်၊ ကောင်းမွန်စွာနေထိုင်ပါမည်ဟု ကိုယ်တိုင်ခံဝန်ချုပ်ဖြင့် အချုပ်လွတ်နေခွင့်ပြုသည်။

အယူခံတရားလို၏အကျိုးဆောင်။ ။ဦးထွန်းစိန်။
အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက် ရှေ့နေချုပ် ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ်ဒေါက်တာမောင်မောင်။ ။အယူခံတရားလိုသည် ကုန်သွယ်ရေး ၁၀ မှ မြန်မာဘယဆေးကိုဒေါင်မှူး ဖြစ်ခဲ့သည်။ ထိုစဉ်က ငွေ ၄,၀၀,၀၀၀ ကျော်ဖိုး ပစ္စည်းများ ကွာခြားနေသည်ကို တွေ့ရသောကြောင့် စာရင်းရှင်းလင်းကာ အယူခံ တရားလိုအား အထူးရာဇဝတ်ရုံးသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

---

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၀။

† ရန်ကုန်မြို့၊ ၁၉၆၈ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၅၈ ၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇၆ တွင် ၁၉၇၀ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ချမှတ်ပြီး ၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်အတည်ပြုအဖွဲ့ကအတည်ပြုသည့်အမိန့်ကို အယူခံမှု။

၁၉၇၃

ဦးသန်းလှိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အယူခံတရားလိုသည် ကိုယ်တိုင် ဘယဆေးဆိုင် ဖွင့်လှစ်ရောင်းချသည်။ ၎င်း၏ ၁နီးကလည်း ရန်ကုန်မြို့ ရွှေဘုံသာလမ်းတွင် ဆိုင်ဖွင့်ရန် ငွေ ၁၂,၀၀၀ိ ပေး၍ တိုက်ခန်း ၊ယ်ယူသည်။ အယူခံတရားလို၏ဆိုင်သို့ သုံးတန်ကားဖြင့်ဘယဆေးပစ္စည်းများ ချသည်ကို နှစ်ကြိမ်တွေ့ရသည့် သက်သေအထောက်အထားများ ရှိသည်။

စာရင်းစစ်ချက်များနှင့်တကွ တရားလိုပြသက်သေ ထွက်ဆိုချက်တို့အရ ဘယဆေး ၂ား ပျောက်ဆုံးလျော့နည်းသည့်အတွက် အယူခံတရားလိုတွင် တာဝန်ရှိကြောင်း ပါ်လွင်သည်။ ၎င်းကရုံးတွင် စာရင်း နားမလည်၍ ဖြစ်ခဲ့ပါသည်။ အလုပ်များ၍ ၁းယွင်းခြင်းလည်း ရှိပါသည်ဟုသာ ထုချေသည်။

အထူးရာဇဝတ်ရုံးက အများနှင့်သက်ဆိုင်သည့် ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ၁ဒေပုဒ်မ ၃ ဖြင့် ထောင်ဒဏ် ၁၀ နှစ်ပေးထားသည်။

အကြောင်းခြင်းရာ ထင်ရှားသော အမှုဖြစ်သည်၊ အယူခံတရားလိုအား ၁၉၆၅ **နှစ်မှစ၍** အရေးယူခဲ့ခြင်းဖြစ်သည်။ အထူးရာဇဝတ်ရုံးက ၁၉၇၀ ခုနှစ်၊ ဇွန်လ ၃၀ က်နေ့တွင် စီရင်ချက် ချမှတ်ပြီးဖြစ်ရာ အယူခံတရားလိုသည် တော်လှန်ရေးကောင်စီ ာ္ကဌအမိန့်ဖြင့် သုံးပုံတပုံထောင်ဒဏ်လျော့ရက် ခံစားနိုင်သည်။ ထို့ပြင်အချုပ်ကာလ စ်ဒဏ်မှ ထုတ်နုတ်ရန်ရှိသည်။

ယင်းသို့ လျော့ပေါ့ထုတ်နုတ်ခြင်းဖြင့် ကျခံရန် ထောင်ဒဏ် ၁၀ နှစ်သည် ပြည့် သက်ပြီဟု ယူဆရသည်။ အကယ်၍ ကျခံရန်ကာလ အနည်းငယ် ရှိသေးလျှင် ၁င်းကာလအတွင်း၌ ကောင်းမွန်စွာ နေထိုင်မည်ဟု ကိုယ်တိုင်ကတိ ခံဝန်ချုပ်ဆို ျှင် အယူခံတရားလိုအား အချုပ်လွတ်နေထိုင်ခွင့် ပြုလိုက်သည်။

စီရင်ထုံးပြုသောမှုခင်းများ

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

စာမျက်နှာ

၁။ ကျော်ခါ၊ မောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၁
၂။ စက္ကိန္ဒ၊ ဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၄
၃။ စိုးမြင့်၊ မောင် (ခေါ်) မူဒါလစ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၆
၄။ စိုးသိန်း၊ ကို နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (မတင်အေး) ၁၀
၅။ ဘဌေး၊ ဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၁၃
၆။ မျိုးသန့်၊ ဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်မူ) ၁၆
၇။ လှကြည်၊ မောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၁၈
၈။ ဝှက်စီ၊ မောင် (ခေါ်) အင်းယား နှင့် မတင်တင်ရီ ၂၁
၉။ သန်း၊ မောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၂၄
၁၀။ အေးရီ၊ မ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (မောင်မြင့်သိန်း) ၂၆

ကိုးကားသောမှုခင်းများ

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

စာမျက်နှာ

တင်လှိုင်၊ မောင်၊ ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၇၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၆၆ (အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့) ....

ပတ်တီးဘဲလူး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၅၁ (အထူးရာဇဝတ်ရုံး အယူခံအဖွဲ့) ....

ညွှန်းချက်

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

စာမျက်နှာ ၁

အက်ဥပဒေများ—

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

ထောင်းကစားဥပဒေ။

သက်သေခံဥပဒေ။

၁၉၄၇ ခုနှစ် ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေးဥပဒေ။

ကာယကံရှင်အမျိုးသမီးသည် အသက် (၁၄)နှစ်ပြည့်ပြီးသူဖြစ်လျှက် ၎င်းကမိမိ၏ သဘောတူညီချက်ဖြင့် ကာမ စပ်ယှက်ခြင်း ဖြစ်ကြောင်း တရားရုံးတွင် ထွက်ဆိုလျှင် တရားခံအပေါ် ပြစ်မှုဆိုင်ရာ ပုဒ်မ ၃၇၆ အရ ခွဲချက်မတင်နိုင်ပေ။ ။ ဆုံးဖြတ်ချက်။ ။ရဲစခန်းတွင်တိုင်ချက်ဒွင့်စဉ်က လျှောက်ထားသူက မိမိအား အလိုမတူပဲ ကာမစပ်ယှက်ပါသည်ဟု တိုင်တန်းခဲ့ပြီး၊ ရုံးတွင်မူ မိမိ၏သဘော တူညီချက်ဖြင့်၊ ကာမစပ်ယှက်ကြောင်း ထွက်ဆိုသည်။ ပထမသတင်းပေး တိုင်ချက်တွင် မည်သို့ပင်ပါရှိစေကာမူ ရုံးတွင် ပေးသော သက်သေတဦး၏ အစစ်ခံချက်ကိုသာ စဉ်းစားရန်ဖြစ်သည်။ ကာယကံရှင်သည် အရွယ်ရောက်သော သူဖြစ်ပြီး၊ ၎င်းကိုယ်၌ကပင် လျှောက်ထားသူနှင့် မိမိ အလိုတူ ကာမစပ်ယှက်ပါသည် ဟုထွက်ဆိုထားသဖြင့် လျှောက်ထားသူသည် ရာဇသတ် ပုဒ်မ ၃၇၆ ပြဋ္ဌာန်းချက် ပါပြစ်မှုကျူးလွန်သည်ဟုမဆိုနိုင်ပေ။

ဦးဘဒွေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ....

တဘက်နှင့်တဘက် အပြန်အလှန် ခိုက်ရန်ဖြစ်ပွားလျှင် ခုခံပိုင်ခွင့် မရှိဟုဆုံးဖြတ်ခြင်း ။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလိုနှင့် ကိုလှမောင်တို့အပြန်အလှန်ခိုက်ရန် ဖြစ်ပွားနေသော အိမ်သို့ ကိုလှမောင်၏ ဇနီးနှင့် သားတို့ရောက်လာပြီး၊ ဇနီးဖြစ်သူကတုတ်ဆွဲပြီး အိမ်ပေါ် သို့ တက်သည်။ ထိုအခါ အယူခံတရားလိုက အိမ်နံရံတွင်ထိုးထားသည့် ဓါးကိုယူ၍၊ ကိုလှမောင်အား ဓါးနှင့်ထိုးသဖြင့် ယင်းဒဏ်ရာဖြင့် ကိုလှမောင်သေသည်။ အယူခံ တရားလို၏လက်ချက်ကြောင့် ကိုလှမောင် သေဆုံးရသည်ဆိုခြင်းမှာ အငြင်းမပွား။ ကာကွယ်ခုခံပိုင်ခွင့်အရ ဓါးနှင့် ထိုးခဲ့

စာမျက်နှာ

ခြင်းဖြစ်၍၊ ပြစ်မှုမမြောက်ဟု ထုချေသည်။ သို့ရာတွင် တဘက်နှင့်တဘက်အပြန်အလှန် ခိုက်ရန်ဖြစ်ပွားရာ၌ ကာကွယ်ခုခံပိုင်ခွင့် မရှိဟုဆုံးဖြတ်သည်။

မောင်ကျော်ခ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ....

တရားသေလွှတ်သော အမိန့်မှ အစိုးရကသာ အယူခံဝင်နိုင်သည်။ ပြင်ဆင်မှုမတင်သွင်းနိုင်သည်ကိုဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားခံရသူ မောင်မြင့်သိန်းအား မူလရုံးမှ ရာဇသတ်ပုဒ်မ ၄၁၇ အရ ပြစ်ဒဏ်ထင်ရှား စီရင်ခဲ့သည်။ ယင်းအမိန့်ကို အယူခံဝင်ရာ၊ အယူခံရုံးမှ မောင်မြင့်သိန်း အား တရားသေလွှတ်ခဲ့သည်။ လျှောက်ထားသူ မအေးရီက တရားသေလွှတ်သည့် အမိန့်ကို မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းခြင်းဖြစ်သည်။ တရားသေ လွှတ်သည့် အမိန့်ကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၇ အရ အစိုးရကသာ အယူခံဝင်နိုင်သည်။ နစ်နာသူက အယူခံဝင်ပေးရန် အစိုးရထံသို့ ချဉ်းကပ်ရမည်။ တရားရုံးချုပ်မှ ယင်းကိစ္စမျိုးတွင် ပြင်ဆင်မှု မတင်သွင်းနိုင်ကြောင်း ညွှန်ကြားထားသည်။

မအေးရီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၂၆

ပြင်ဆင်မှု ကြားနာရာ၌ နောက်ထပ်သက်သေခံချက် ရယူနိုင်သည်။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် လောင်းကစားဥပဒေပုဒ်မ ၁၁ အရ၊ မြို့နယ်ပြည်သူ့တရားရုံးမှဒဏ်ငွေတပ်ရိုက်ခဲ့သည်ကို ပြင်ဆင်ပေးရန် တိုင်းအယူခံရုံးသို့ လျှောက်ထားခဲ့သည်။ ပြင်ဆင်မှု လျှောက်ထားရာ၌၊ လျှောက်ထားသူက ဝရမ်းထုတ်ပေးသူ၏ အမည်နှင့် ထုတ်ပေးသူတွင် ထုတ်ပေးပိုင်ခွင့်ရှိ မရှိ ပေါ်လွင်ခြင်းမရှိပါဟု တင်ပြလာသဖြင့် တိုင်းပြည်သူ့ တရားရုံးမှ ယင်းအချက်အလက်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စစ်ဆေးပြီး အမှုတွဲပြန်ပို့ရန်မူလရုံးသို့ညွှန်ကြားလိုက်သည်။ ယင်းညွှန်ကြားချက်ကို လျှောက်ထားသူက၊ မကျေနပ်သဖြင့်ပယ်ဖျက်ပေးရန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်လာခြင်းဖြစ်သည်။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၉ (၁) အရ တိုင်းပြည်သူ့ တရားရုံးသည် ပြင်ဆင်မှုကို ကြားနာရာ၌ ပုဒ်မ ၄၂၈ အရနောက်ထပ်သက်သေခံချက်ရယူနိုင်သည်။

ဦးစက္ကိန္ဒ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၄

ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁) အရမည်သည့်အခါတွင် အပြစ်ရှိကြောင်း ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။မြို့နယ် ကုန်သွယ်ရေးမှ ရောင်းမကုန်သည့် ဆပ်ပြာမှုန့်များသည် ပြန်ပို့ကုန် လက်ခံရေးဌာနသို့ရောက်လာသည်။ အယူခံတရားလိုသည်၊ ယင်းဌာနတွင် ဌာနစိတ်တာဝန်ခံဖြစ်သည်။ ယင်းပစ္စည်းများကို ဝင်းအတွင်းရှိ ဝန်ထမ်းများနှင့် လုပ်သားများကို ရောင်းချသည်။ ရောင်းရငွေများကို စုစည်းပြီး ငွေများပေးသွင်းရန် ရှိသော်လည်း သင်္ကြန်ရုံးပိတ်ရက်နှင့် နှစ်ဆန်း (၁) ရက်ခနွှခံနေခြင်းတို့ကြောင့်ငွေမသွင်းရသေးပေ။ ရုံးပြန်တက်ချိန်တွင် ငွေများသွင်းမည့်နေ့၌ စသုံးလုံး အရာရှိများ လာရောက်စစ်ဆေးသဖြင့် အသင့်စုစည်းထားသော ငွေများအားလုံးကို ပေးအပ်ခြင်းဖြစ်သည်။ ပြည်သူ့ပိုင် ပစ္စည်းကာကွယ်ရေး ပုဒ်မ ၆ (၁) တွင်ပါရှိသော ပြည်သူ့ပိုင် ပစ္စည်း

စာမျက်နှာ

ကို ခိုးခြင်း၊အလွဲသုံးစားပြုခြင်း၊ အကျိုးဖျက်ဆီးခြင်း ပြုကြောင်း သက်သေခံအထောက်အထား မတွေ့ရ အယူခံတရားလိုသည်၊ ပစ္စည်းများကို ကိုယ်ကျိုးအတွက် ပုန်းလျှိုးကွယ်လျှိုး ရောင်းခြင်းမဟုတ်။ဝန်ထမ်းများအားရောင်းသည်မှာ ထင်ရှားသည်။ ငွေသွင်းပုံမှာ ဌာနတွင်း လိုက်နာရသည့်နည်းလမ်းမဟုတ်သို့ဖြစ်၍ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ စည်းကမ်းတကျ မရှိခြင်းဖြစ်မဖြစ်သာ စဉ်းစားရန်ရှိသည်။

မောင်လှကြည် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၈

မယားစရိတ်နှင့် ကလေးစရိတ် တောင်းသောအမှုများသည် ရာဇဝတ်ကျင့်ထုံးအရ စွဲဆိုသောအမှုများဖြစ်သော်လည်း၊ ယင်းအမှုများတွင် လျှောက်ထားခံရသူအား ချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်စီရင်ခြင်းမပြုနိုင်ပေ—တဘက်သတ် စစ်ဆေးပြီး အမိန့်ချမှတ်နိုင်သည်—တရားမမှုများမှာကဲ့သို့ နှစ်ဦးနှစ်ဘက် သဘောတူလျှင် အမှုတခုမှ သက်သေထွက်ချက်ကို အခြားတမှုတွင် သက်သေအထောက်အထားအဖြစ် အသုံး ပြုနိုင်သည်ကို ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။မယား စရိတ်နှင့် ကလေးစရိတ်ရလိုကြောင်း စွဲဆိုသည့်အမှုများကို ရာဇဝတ်ရုံးမှ ကြားနာဆုံးဖြတ်သော်လည်းအနှံမှာ ယင်းအမှုမျိုးသည် ရာဇဝတ်မှုစစ်စစ်မဟုတ်ချေ။ ခိုကိုးရာမဲ့သည့် မိန်းမနှင့် ကလေးများ၏ စားဝတ်နေရေးအတွက် အလျင်အမြန်ရရှိအောင် ရာဇဝတ်ရုံးကအကျဉ်းနည်းဖြင့် စုံစမ်းပြီး အမိန့်ချမှတ်ရသည့် အမှုမျိုးသာဖြစ်သဖြင့်တရားမမှုဆန်သည်။ ရာဇဝတ်မှုများမှာကဲ့သို့တရားခံအားချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်စီရင်ခြင်း မပြုနိုင်ပေ။ တဘက်သတ် စစ်ဆေးပြီး အမိန့်ချမှတ်နိုင်သည်။ တရားမမှုများတွင် နှစ်ဦးနှစ်ဘက် သဘောတူလျှင် အမှုတခုမှသက်သေထွက်ချက်ကို အခြားအမှုတွင် သက်သေ အထောက်အထားအဖြစ် အသုံးပြုနိုင်သည့် အလျောက် သက်သေခံဥပဒေပုဒ်မ ၃၃ သည် တရားမမှုများနှင့် အကျုံးမဝင်ဟုဆိုရမည်။ တရားမမှုဆန်သည့် ခုံးစရိတ်လျှောက်ထားသည့် အမှုများ၌လည်း အလားတူပင်ကောက်ယူရမည်ဖြစ်သည်။

မောင်ဝှက်စီ (ခ) အင်းယားနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၂၁

မုဒိမ်းမှုများတွင် ကျင့်ကြံခံရသူဟု ဆိုသောမိန်းမတဦးတည်း၏ ထွက်ဆိုချက်သည် ခိုင်လုံမှုရှိ မရှိ ဆင်ခြင်ရာ၌ ယင်း၏အကျင့်စာရိတ္တကိုရင်း၊ ပြုမှုချက်အားလုံးကို ယင်း၏သက်သေခံချက်ကို အထောက်အကူပြုသောသက်သေခံရှိ မရှိဟူသောအချက်ကိုရင်း ထည့်သွင်းစဉ်းစားပြီး ချင့်ချိန်ရသည်။ ။ဆုံးဖြတ်ချက်။ ။ တရားစွဲဆိုက မုဒိမ်းကျင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ ကာယကံရှင် မမြင့်ရီတဦးတည်း၏ စွပ်စွဲချက်တခုသာ ရှိသည်။ ၎င်းအား ထောက်ခံထွက်ဆိုသည့် သက်သေမရှိ။ သို့ဖြစ်၍ ယင်းစွပ်စွဲချက်သည် ခိုင်မာ လုံလောက်သည့်စွပ်စွဲချက်ဟုတ်သည်မဟုတ်သည်ဆိုသော ပြဿနာကို အလေးအနက် စဉ်းစားရန်ရှိသည်။ မမြင့်ရီသည် တချိန်က တပါးသူအား သက်သေအထောက်အထားမခိုင်လုံပဲမုဒိမ်းမှုဖြင့်စွပ်စွဲခဲ့ဘူးခြင်း၊ ၎င်းသည် ပြည့်တန်ဆာ နှိပ်ကွပ်ရေး ဥပဒေအရ အရေးယူခံနေရသည်ဖြစ်ခြင်းနှင့် အခြား ပြုလုပ် ဆောင်ရွက်မှုများ ရှိခြင်း တို့ကိုထောက်ထား၍ ၎င်းသည် အကျင့်စာရိတ္တအားဖြင့် လျော့နည်းနေသူဖြစ်ကြောင်း ထင်ရှားသည်။

စာမျက်နှာ

သို့ဖြစ်၍ ၎င်း၏ စွပ်စွဲချက် တခုတည်းဖြင့် တရားခံတို့အပေါ် ကြီးလေးသော ပြစ်မှုဖြင့် ပြစ်ဒဏ်စီရင်နိုင်ရန် ခိုင်မာလုံလောက်ခြင်းမရှိ။

မမောင်စိုးမြင့်(ခေါ်)မူဒါလစ်ပါဗီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၆

မြန်မာဗုဒ္ဓဘာသာသာဒယောကျ်ားတယောက်သည်၊မယားကြီးရှိလျက်နှင့်ပထမအိမ်ထောင်ရှိကြောင်း ထိမ်ဝှက် ပြောဆိုပြီး အမျိုးသမီးတယောက်နှင့် လက်ထပ်လျှင် ရာဇသတ်ပုဒ်မ ၄၉၅ အရ ပြစ်မှုမမြောက်။ ။ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၄၉၅ အရ၊ ယောကျ်ားတဦးသည်မယား အသက်ရှင်လျက် ရှိခြင်းကြောင့်နောက်အိမ်ထောင်ပြုခြင်းသည် အတည်မဖြစ်သော ကိစ္စမျိုး၌ နောက်ထပ်ထိမ်းမြားသူအား အထက်က ထိမ်းမြားခြင်း အကြောင်းကို ထိမ်ချန်လျှင်၊ ၎င်းသည် ယင်းပုဒ်မ၏ ပြဋ္ဌာန်းချက်အရ ပြစ်မှုကျူးလွန်ရာ မြောက်သည်။ ကိုစိုးသိန်းသည်၊ မြန်မာဗုဒ္ဓဘာသာ ဖြစ်သည့်အလျောက် မယားကြီး ရှိစေကာမူ၊ နောက်ထပ်တရားဝင်အိမ်ထောင်ပြုနိုင်သည်။ ဤအမှုတွင် မတင်အေးသည်၊ တရားဝင်ဇနီးအဖြစ်သို့ ရောက်ရှိပြီးသူ ဖြစ်ကြောင်း ယူဆနိုင်သည်။ သို့ဖြစ်၍ လျှောက်ထားသူသည်၊ ရာဇသတ်ကြီးပုဒ်မ ၄၉၅ ပါပြဋ္ဌာန်းချက်ပါ ပြစ်မှုမျိုး ကျူးလွန်နိုင်မည်မဟုတ်။

ကိုစိုးသိန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၀

ရဲအချုပ်တွင် ရှိနေစဉ် ရပ်ရွာလူကြီးတဦးအား ပေးသောဖြောင့်ဆိုဝန်ခံချက်ကို သက်သေခံအဖြစ်အသုံးပြုနိုင်မနိုင်—တရားခံတဦးအပေါ် ပြန်လည်ရုပ်သိမ်းသည့်ဖြောင့်ချက်တခုတည်းဖြင့် အပြစ်ပေးလျှင် တရားမျှတမှန်ကန်မှုရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလိုအား အသက် ၆ နှစ်အရွယ် မောင်စန်းငွေ သေဆုံးသည့်ကိစ္စနှင့်ပတ်သက်၍ ရဲအဖွဲ့မှ ဘမ်းဆီးသည်၊ ၎င်းက ရပ်ရွာလူကြီးတဦးအား ကလေးကိုသတ်မိကြောင်း ဝန်ခံသည်။ ယင်းသို့ ဝန်ခံချိန်တွင် အယူခံတရားလိုသည် ရဲအချုပ်တွင် ရှိနေကြောင်း အငြင်းမထွက်သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၂၆ အရ သက်သေခံအဖြစ် အသုံးမပြုနိုင်။ ထပ်မံဆုံးဖြတ်ချက်။ ။ရာဇဝတ်ပြစ်မှု များတွင် တရားခံ တဦးအပေါ် ပြန်လည်ရုပ်သိမ်းသည့် ဖြောင့်ချက် တခုတည်းဖြင့် အပြစ်ပေးလိုလျှင် ယင်းဖြောင့်ချက်အား အထောက်အကူပြုသည့် သက်သေခံချက် ရှိရန်လိုပေသည်။

မောင်သန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၂၄

အိမ်လခ အကြွေးမပေးသောအိမ်ငှားအားပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရလိမ်လည်လှည့်ဖြားမှု ကျူးလွန်သည်ဟုဆိုပြီး အပြစ်မပေးနိုင်။ ။ဆုံးဖြတ်ချက်။ ။အိမ်လခများ မပေး ပျက်ကွက်သဖြင့် မူလရုံးတွင် လျှောက်ထားသူအပေါ် ရာဇသတ်ပုဒ်မ ၄၁၇ အရ တိုက်ရိုက် လျှောက်ထား စွဲဆိုခဲ့သည်။ သက်သေများထွက်ချက်အရ၊ ဦးမျိုးသန့်မှာ မရိုးမဖြောင့်သော သဘောနှင့် လိမ်လည် လှည့်ဖြားကြောင်းမတွေ့ရ။ အိမ်ရှင်သည် ၎င်း၏ အိမ်လခများ ရရန်ရှိရာ တရားမကြောင်းဖြင့် အိမ်ငှားအပေါ် စွဲဆိုရန်ရှိသည်။ ရာဇသတ်ပုဒ်မ ၄၁၇ အရ အမှုပေါ်ပေါက်ခြင်းလုံးဝမရှိပေ။

ဦးမျိုးသန့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ(ခေါ်မှု) ၃၆

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးဘသန်းတို့ရှေ့တွင်

မောင်ကျော်ခ

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ * † ၁၉၇၃ ဧပြီလ ၃ ရက်။

တဘက်နှင့် တဘက် အပြန်အလှန် ခိုက်ရန်ဖြစ်ပွားလျှင်၊ ခုခံပိုင်ခွင့် မရှိဟု ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုနှင့် ကိုလှမောင်တို့ အပြန်အလှန် ခိုက်ရန်ဖြစ်ပွားနေသော အိမ်သို့ ကိုလှမောင်၏ဇနီးနှင့် သားတို့ရောက်လာပြီး၊ ဇနီးဖြစ်သူက တုတ်ဆွဲပြီး အိမ်ပေါ်သို့ တက်သည်။ ထိုအခါအယူခံတရားလိုက အိမ်နံရံတွင်ထိုးထားသော ဓားကိုယူ၍၊ ကိုလှမောင်အား ဓားနှင့်ထိုးသဖြင့် ယင်းဒဏ်ရာဖြင့် ကိုလှမောင်သေသည်။အယူခံတရားလို၏ လက်ချက်ကြောင့် ကိုလှမောင် သေဆုံးရသည်ဆိုခြင်းမှာ အငြင်းမပွား၊ ကာကွယ်ခုခံပိုင်ခွင့်အရ ဓားနှင့် ထိုးခဲ့ခြင်း ဖြစ်၍ ပြစ်မှုမမြောက်ဟုဆုချေသည်။ သို့ရာတွင် တဘက်နှင့်တဘက် အပြန်အလှန် ခိုက်ရန်ဖြစ်ပွားရာ၌ ကာကွယ်ခုခံပိုင်ခွင့်မရှိဟုဆုံးဖြတ်သည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ မစ္စတာ ဂန်ဂူလီ။

တရားသူကြီး ဦးသက်ဖေ။ ။နတ္တလင်းမြို့နယ်၊ စံကြီးလေ့ရွာနေ ကိုလှမောင် အိမ်သို့ ၁၉၇၁ ခု၊ ဇွန်လ ၂၀ ရက်နေ့နံနက်က မောင်သောင်းဇင်၊ အာဇာနီ မောင်သောင်း၊ ကိုငြိမ်းနှင့် မောင်ကျော်ခတို့သည်၊ ဘိန်းရှူရန် လာကြသည်။ ကိုလှမောင်သည် ဘိန်းမှုနှင့် ထောင်ကျဘူးသဖြင့် ၎င်း၏အိမ်တွင် လက်မခံပဲ အိမ်နီးချင်း ယောက်ဖတော်သူ ဦးစံအုပ်အိမ် သို့ ခေါ်သွားပြီး ဘိန်းအရှူခိုင်းသည်။ မောင်ကျော်ခ

---

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်-၁၀။

† ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၄၀ တွင် ၁-၁၂-၇၂ နေ့စွဲပါ သာယာဝတီမြို့ တရားရေး ဝန်ထမ်းအဆင့်(၂)ရုံးမှချမှတ်သောအမိန့်ကိုအယူခံမှု။

၁၉၇၃

မောင်ကျော်ခ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

နှင့် အာဇာနီ မောင်သောင်းတို့သည် ရွာထဲမှ အရက်ရှာလာကြပြီး ဦးစံအုပ်အိမ်တွင် အရက်သောက်ကြသည်။ ထိုအချိန်က ကိုလှမောင်သည် ၎င်းတို့နှင့် အတူမရှိပဲ အိမ်၌ ၎င်းတို့အားကျွေးရန် ထမင်းချက်နေသည်။

အရက်သောက်စဉ် မောင်ကျော်ခက ကိုလှမောင် မကောင်းကြောင်း ပြောသည်။ ထိုအချိန်က ကိုလှမောင်၏ ယောက်ဖ ကိုအောင်သန်းသည် ဦးစံအုပ်အိမ်သို့ ရောက်နေသဖြင့် မည်သည့်အတွက် မကောင်းသလဲဟုမေးရာ ကိုကျော်ခက အဖြေမပေးပေ။ ကိုကျော်ခမှာ အရက်မူးနေပုံရသဖြင့် ကိုအောင်သန်းသည် ကိုလှမောင်ထံသွား၍ ခပ်မြန်မြန် ထမင်းကျွေးလိုက်ရန် ပြောသည်။ ထို့ကြောင့် ကိုလှမောင်သည် ဦးစံအုပ်အိမ်သို့သွားပြီး ထမင်းစားခေါ်သည်။ မောင်ကျော်ခက ဘာဟင်းချက်သလဲဟုမေးရာ ကိုလှမောင်က ဝက်သားချက်ကြောင်း ပြန်ပြောသည်။ ထိုအခါ မောင်ကျော်ခက ဆဲရေးတိုင်းထွာသဖြင့် ကိုလှမောင်နှင့် ကိုကျော်ခတို့ စကားများ ရန်ဖြစ်ကြရာ အနီးရှိလူများက ဝိုင်းပြီး ဆွဲထားကြရသည်။

ဆူညံသံ ကြားသဖြင့် ကိုလှမောင်၏ဇနီး ဒေါ်အုန်းမြနှင့် သား မောင်အေးသိန်းတို့ ပြေးသွားရာ ယင်းသို့ ခိုက်ရန်ဖြစ်ပွားနေသည်ကို တွေ့ရသဖြင့် ဒေါ်အုန်းမြသည် ဦးစံအုပ် အိမ်အောက်မှ တုတ်ဆွဲပြီး အိမ်ပေါ်သို့တက်သည်။ ထိုအခါ မောင်ကျော်ခသည် အိမ်နံရံတွင် ထိုးထားသည့် ဓါးကိုယူ၍ ကိုလှမောင်အား ဓါးနှင့်ထိုးသဖြင့် ကိုလှမောင်၏ ဝမ်းဗိုက်တွင်ထိသည်။ ဒေါ်အုန်းမြက မောင်ကျော်ခအား တုတ်ဖြင့် ဝင်ရိုက်သဖြင့် ဦးခေါင်းကိုထိပြီး မောင်ကျော်ခ ဆင်းပြေးသွားသည်။

ကိုလှမောင်အား ဆေးရုံသို့ ချက်ချင်းပို့၍ ကုသသော်လည်း မသက်သာပဲ သေဆုံးသွားသည်။ မောင်ကျော်ခအား ရွာရှိ ပြည်သူ့စစ်က ဖမ်းဆီး၍ ရဲတပ်စခန်းသို့ ပေးပို့သဖြင့် ရဲအဖွဲ့က လူသတ်မှုဖြင့် တရားစွဲဆိုရာ ကိုလှမောင်က ဓါးနှင့်ထိုးသော ကြောင့် ကာကွယ်ခုခံရင်း ပြန်ထိုးသည့်အတွက် ပြစ်မှုမမြောက်ပါဟု ထုချေသော်လည်း မူလရုံးမှ နှစ်ဦးနှစ်ဘက် ခိုက်ရန်ဖြစ်ပွားချိန်၌ ကာကွယ်ခုခံပိုင်ခွင့် မရှိ၍ လူသေမှု ကျူးလွန်ရာရောက်သည်ဟု ဆုံးဖြတ်ကာ ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ အလုပ်နှင့် ထောင်ဒဏ် ၄ နှစ် ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မောင်ကျော်ခက မကျေနပ်၍ အယူခံဝင်လာခြင်းဖြစ်သည်။

အယူခံ တရားလို၏ လက်ချက်ကြောင့် ကိုလှမောင် သေဆုံးရသည် ဆိုခြင်းမှာ အငြင်းမပေါက်ချေ။ ကာကွယ် ခုခံပိုင်ခွင့်အရ ဓါးနှင့် ထိုးခဲ့ခြင်းဖြစ်၍ ပြစ်မှုမမြောက်ဟု ထုချေရာ ယင်းထုချေချက်ကို လက်ခံသင့်-မသင့်ဆိုသည့် ပြဿနာကိုသာ စဉ်းစားရန်

ရှိသည်။ အခင်းဖြစ်ပွားသည့် အိမ်ရှင် ဦးစံအုပ်၊ အိမ်ပေါ်ရှိ ကိုငြိမ်း၊ အာဇာနီ မောင်သောင်း၊ ကိုလှမောင်၏ ဇနီး ဒေါ်အုန်းမြနှင့် သား မောင်အေးသိန်း တို့၏ ထွက်ချက်အရ အယူခံတရားလိုသည် ကိုလှမောင်က ထမင်းစား သွားခေါ်ရာတွင် ဆဲရေးသဖြင့် အပြန်အလှန်ဆဲရေး ရန်ဖြစ်ကြရာမှ ဒေါ်အုန်းမြနှင့်သား မောင်အေးသိန်းတို့ပါ ရန်ပွဲသို့ ဝင်လာကြသောကြောင့် ကိုလှမောင်အား ဓါးနှင့်ထိုးကြောင်း ပေါ်ပေါက်နေသောကြောင့် တဘက်နှင့်တဘက် အပြန်အလှန် ခိုက်ရန်ဖြစ်ပွားရာ၌ ကာကွယ်ခုခံပိုင်ခွင့် မရှိပေ။ သို့ရာတွင် ရုတ်တရက် ခိုက်ရန်ဖြစ်ပွားရာ၌၊ ဒေါသအလျောက်လူကိုသေစေခြင်းသည် လူသတ်မှုမမြောက်သည့် လူသေမှုသာဖြစ်၍ ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်သည်ဆိုသော မူလရုံး၏ ဆုံးဖြတ်ချက်သည် မှန်ကန်သည်။ ပြစ်ဒဏ်မှာလည်း ကြီးလေးသည်ဟု မဆိုနိုင်၍ ဤအယူခံကိုပယ်လိုက်သည်။

၁၉၇၄

မောင်ကျော်ခ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ ။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှု

တရားသူကြီး ဦးသက်ဖေ၊ တရားသူကြီး ဦးတင်အုံး နှင့် တရားသူကြီး ဦးဘသန်းတို့ရှေ့တွင်

† ၁၉၇၃
အောက်တိုဘာ
လ ၃၀ ရက်။

ဦးစက္ကိန္ဒ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ *

ပြင်ဆင်မှု ကြားနာရာ၌ နောက်ထပ်သက်သေခံချက်ရယူနိုင်သည်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် လောင်းကစားဥပဒေပုဒ်မ ၁၁ အရ၊ မြို့နယ်ပြည်သူ့တရားရုံးမှ ဒဏ်ငွေတပ်ရိုက်ခဲ့သည်ကို ပြင်ဆင်ပေးရန် တိုင်းအယူခံရုံးသို့ လျှောက်ထားခဲ့သည်။ ပြင်ဆင်မှုလျှောက်ထားရာ၌၊ လျှောက်ထားသူက ဝါရမ်းထုတ်ပေးသူ၏ အမည်နှင့် ထုတ်ပေးသူတွင် ထုတ်ပေးပိုင်ခွင့်ရှိ မရှိ ပေါ်လွင်ခြင်းမရှိပါဟု တင်ပြလာသဖြင့် တိုင်းပြည်သူ့တရားရုံးမှ ယင်းအချက်အလက်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စစ်ဆေးပြီး အမှုတွဲ ပြန်ပို့ရန် မူလရုံးသို့ ညွှန်ကြားလိုက်သည်။ ယင်းညွှန်ကြားချက်ကို လျှောက်ထားသူက၊ မကျေနပ်သဖြင့် ပယ်ဖျက်ပေးရန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်လာခြင်းဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉(၁)အရ တိုင်းပြည်သူ့တရားရုံးသည် ပြင်ဆင်မှုကို ကြားနာရာ၌ ပုဒ်မ ၄၂၈ အရ နောက်ထပ်သက်သေခံချက်ရယူနိုင်သည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဒေါ်မြမြအေး။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)။

တရားသူကြီး ဦးသက်ဖေ။ ။ဦးစက္ကိန္ဒအား လမ်းမတော်မြို့နယ် ပြည်သူ့တရားရုံးမှ လောင်းကစား ဥပဒေပုဒ်မ ၁၁ အရ၊ ဒဏ်ငွေ ၃ဝ တပ်ရိုက်ခဲ့သည်။ ယင်းအမိန့်ကို ဦးစက္ကိန္ဒက တိုင်းအယူခံရုံးသို့ ပြင်ဆင်မှု လျှောက်ထားရာ၌ ကစားဝိုင်း ဖမ်းဆီးရန် ထုတ်ပေးသော ဝါရမ်းတွင် လက်မှတ်ထိုးသူ၏အမည် ပေါ်လွင်ခြင်း မရှိသည့်အပြင် လက်မှတ်ထိုးသူသည် ဝါရမ်းထုတ်ပေးရန် အာဏာရှိသူဟုတ်-မဟုတ် ပေါ်လွင်ခြင်း မရှိပါဆိုသော အကြောင်းပြချက်များကို တင်ပြခဲ့သည်။ ထို့ကြောင့် တိုင်းပြည်သူ့

---

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၇၉(ခ)။

† ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇ တွင် လမ်းမတော် တိုင်းပြည်သူ့တရားရုံးမှ ၁-၁၀-၇၃ နေ့စွဲဖြင့်ချမှတ်သော အမိန့်ကို မကျေနပ်၍ ပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

တရားရုံးမှ ယင်းအချက်အလက်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စစ်ဆေးပြီး အမှုတွဲကို ပြန်ပို့ရန် မူလရုံးသို့ ညွှန်ကြားလိုက်သည်။ ယင်းညွှန်ကြားချက်ကို ဦးစက္ကိန္ဒက ပယ်ဖျက်ပေးရန် ဤပြင်ဆင်မှု တင်လာခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉ (၁)အရ၊ တိုင်းပြည်သူ့ တရားရုံးသည် ပြင်ဆင်မှုများကို ကြားနာရာ၌၊ ပုဒ်မ ၄၂၈ အရ၊ နောက်ထပ် သက်သေခံချက် ရယူနိုင်သည်။ ရယူရန် ညွှန်ကြားနိုင်သည်။ ယခုအမှုတွင် ဦးစက္ကိန္ဒကပင် ဝါရမ်း ထုတ်ပေးသူ၏အမည် ထုတ်ပေးသူတွင် ထုတ်ပေးပိုင်ခွင့်ရှိ-မရှိဆိုသော ပြဿနာများကို တင်ပြလာသဖြင့် ယင်းပြဿနာ များကို ဥပဒေနှင့်အညီ ဆုံးဖြတ်နိုင်ရန် အလို့ငှါ နောက်ထပ် သက်သေခံချက် ရယူစေခြင်းသည် ဥပဒေနှင့် တစုံတရာ ဆန့်ကျင်ခြင်း မရှိသည့်အလျောက် ဤပြင်ဆင်မှုကို လက်ခံရန် အကြောင်းမရှိ၍ ပယ်လိုက်သည်။

၁၉၅၃

ဦးစက္ကန္ဒ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှု

တရားသူကြီးချုပ် ဦးလှသင်း နှင့် တရားသူကြီး ဦးသက်ဖေ တို့၏ရှေ့တွင်

†၁၉၇၃။
ဇွန်လ ၈ ရက်

မောင်စိုးမြင့်(ခေါ်)မူဒါလစ်ပါ ၆

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ*

မုဒိမ်းမှုများတွင် ကျင့်ကြံခံရသူဟုဆိုသော မိန်းမတဦးတည်း၏ စွပ်စွဲ ထွက်ဆိုချက်သည်ခိုင်လုံမှုရှိမရှိ ဆင်ခြင်ရာ၌ ယင်း၏အကျင့်စာရိတ္တကိုရင်း၊ ပြုမူချက်အားလုံးသည် ယင်း၏ သက်သေခံချက်ကို အထောက်အကူပြုသော သက်သေခံရှိ မရှိဟူသောအချက်ကိုရင်း ထည့်သွင်းစဉ်းစားပြီးချင့်ချိန်ရသည်။

ဆုံးဖြတ်ချက်။ ။တရားခံတို့က မုဒိမ်းကျင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ ကာယကံရှင် မမြင့်ရီတဦးတည်း၏ စွပ်စွဲချက်တခုသာရှိသည်။ ၎င်းအား ထောက်ခံထွက်ဆိုသည့် သက်သေမရှိ။ သို့ဖြစ်၍ယင်းစွပ်စွဲချက်သည် ခိုင်မာလုံလောက်သည့် စွပ်စွဲချက်ဟုတ်သည် မဟုတ်သည်ဆိုသော ပြဿနာကိုအလေးအနက် စဉ်းစားရန်ရှိသည်။ မမြင့်ရီသည် တချိန်က စပါးသူအား သက်သေအထောက်အထားမခိုင်လုံဘဲ မုဒိမ်းမှုဖြင့်စွပ်စွဲခဲ့ဘူးခြင်း၊ ၎င်းသည် ပြည့်တန်ဆာနှိပ်ကွပ်ရေး ဥပဒေအရအရေးယူခံနေရသူဖြစ်ခြင်းနှင့် အခြားပြုလုပ်ဆောင်ရွက်မှုများ ရှိခြင်း တို့ကို ထောက်ထား၍၎င်းသည် အကျင့်စာရိတ္တအားဖြင့် လျော့နည်းနေသူဖြစ်ကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ ၎င်း၏စွပ်စွဲချက်တခုတည်းဖြင့် တရားခံတို့အပေါ် ကြီးလေးသော ပြစ်မှုဖြင့် ပြစ်ဒဏ်စီရင်ရန် ခိုင်မာလုံလောက်ခြင်းမရှိ။

အယူခံတရားလိုများအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးမောင်မောင်ကြီး။

အယူခံတရားခံအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးသာထွန်း။

တရားသူကြီးဦးသက်ဖေ။ ။သထုံမြို့ ပြည်သူ့တရားရုံးမှ မောင်စိုးမြင့် (ခေါ်) မူဒါလစ်၊ မောင်သိန်းညွန့်၊ မောင်ထွန်းဇော (ခေါ်) ဂိုရန်၊ ဆလံ (ခေါ်) ခင်စိုးနှင့် မောင်ညွန့်တင်တို့အား မမြင့်ရီဆိုသူ အမျိုးသမီးကို မုဒိမ်းကျင့်သည်ဟုဆိုကာ ရာဇသတ်

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် (၉၂)။

† ၁၉၇၃ ခုနှစ်၊ ရာဇဘက်ကြီးမှုအမှတ် (၁)တွင် သထုံမြို့၊ မြို့နယ်ပြည်သူ့တရားရုံးအဆင့်(၁)ရုံး၏ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၃
မောင်စိုးမြင့်
(ခေါ်)
မူဒါလစ်ပါ ဗ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ကြီး ပုဒ်မ ၃၇၆ အရ အလုပ်နှင့် ထောင် ၇ နှစ်စီကိုရင်း၊ မောင်မြဝင်း (ခေါ်) ပေါင်မုန့်အား ယင်းသို့ မုဒိမ်းကျင့်သည်ကို အားပေးကူညီသည်ဟုဆိုကာ ပုဒ်မ ၃၇၆/၁၀၉ အရ အလုပ်နှင့် ထောင် ၃ နှစ်ကိုရင်း အသီးသီးကျခံစေရန် အမိန့်ချမှတ်လိုက်၍ တရားခံများက အယူခံဝင်ရောက်လာကြခြင်းဖြစ်သည်။

မမြင့်ရီသည် သာယာကုန်းရွာသူဖြစ်ပြီး သထုံမြို့သို့ ဈေးလာရောင်းရင်း မြဝင်း (ခေါ်) ပေါင်မုန့်နှင့် ချစ်ကြိုက်ကာ သမီးရည်းစား ဖြစ်သွားသည်။ ထိုကိစ္စကို ဦးလေး ဖြစ်သူကသိ၍ မမြင့်ရီအား ဆူပူကြိမ်းမောင်းသဖြင့် မမြင့်ရီသည် ၁၉၇၂ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် သထုံမြို့သို့ ထွက်လာပြီး မြဝင်းကိုလိုက်ရှာသည်။ညနေဘက်တွင် မြဝင်းကို တွေ့၍ မမြင့်ရီသည် မြေစာရုံဘုရားဝင်းထဲ၌ မြဝင်းနှင့်စကားပြောနေစဉ် မြဝင်း၏ ဦးလေး မောင်စိုးမြင့်နှင့် အပေါင်းများ ရောက်လာကြသည်။ ထိုအခါ မြဝင်းသည် မမြင့်ရီ၏အနီးမှ ထွက်ခွါသွားသဖြင့် စိုးမြင့်နှင့် အပေါင်း ၄ ဦးတို့က မမြင့်ရီအား တယောက်တလှည့်စီ အလိုမတူဘဲ မုဒိမ်းကျင့်ကြသည်ဟု စွပ်စွဲချက်ရှိသည်။

စိုးမြင့်နှင့် အပေါင်းများသည် မမြင့်ရီကို ကျင့်ကြံကြပြီးနောက် ထွက်မွါသွားသော အခါ မြဝင်း၊ မောင်သိန်းနှင့် ဇာဂနာဆိုသူတို့ ရောက်လာပြီး မမြင့်ရီကို ကွင်းထဲသို့ ခေါ်သွားကြသည်။ ကွင်းပြင်ထဲ၌ နံနက် ၄ နာရီခန့်အချိန်အထိ အိပ်စက်ကြသည်။ ထိုကဲ့သို့ အိပ်စက်ကြစဉ်က မိမိအား မြဝင်း၊ မောင်သိန်းနှင့် ဇာဂနာတို့က မည်သို့မျှ မလုပ်ပါဟု မမြင့်ရီကဆိုသည်။ သို့ရာတွင် မြဝင်းက ရည်းစားဖြစ်သူ မမြင့်ရီနှင့် သုံးကြိမ် သားမယားအဖြစ် စပ်ယှက်ခဲ့သည်ဟုဆိုသည်။ နံနက် ၄ နာရီအချိန်တွင် ကွင်းပြင်ထဲမှ ပြန်လာကြပြီးနောက် မြဝင်းက မမြင့်ရီ၏ရွာသို့လိုက်ပြီး လက်ထပ်ရန် ငြင်းဆိုပြီး အိမ်သို့ပြန်သွားသဖြင့် မမြင့်ရီသည် သထုံမြို့ ပြည်ကူ့ရဲစခန်းသို့ သွား ရောက်ကာ ၎င်းအား စိုးမြင့်နှင့် အပေါင်း လေးဦးက မုဒိမ်းကျင့်ကြောင်း တိုင်ချက် ပေးလိုက်သည်။ ထို့ကြောင့်ရဲအဖွဲ့မှ စိုးမြင့်၊ သိန်းညွန့်၊ တွန်းအေး၊ ခင်စိုး၊ ညွန့်တင်၊ မြဝင်းနှင့် ဇာဂနာတို့အား ဖမ်းဆီးပြီး မုဒိမ်းမှုနှင့် တရားစွဲ၍ မြို့နယ်ပြည်သူ့ တရားရုံးမှ ဇာဂနာကို ကရားသေလွှတ်ကာ ကျန်တရားခံများကို အထက်တွင် ဖေါ်ပြ ခဲ့သည့်အတိုင်း ပြစ်ဒဏ်သင့်ရှား စီရင်ခဲ့ခြင်းဖြစ်သည်။

တရားခံ စိုးမြင့်၏ အပေါင်းလေးဦးတို့က မမြင့်ရီအား မုဒိမ်းကျင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ မမြင့်ရီ၏ စွပ်စွဲချက်တခုသာရှိသည်။ ၎င်းအား ထောက်ခံထွက်ဆိုသည့် သက်သေမရှိ။ သို့ဖြစ်ရာ ယင်းစွပ်စွဲချက်သည် တရားခံတို့အား ပြစ်ဒဏ်ထင်ရှား စီရင်ရန် ခိုင်မာလုံလောက်သည့် စွပ်စွဲချက် ဟုတ်သည်၊ မဟုတ်သည်ဆိုသောပြဿနာကို အလေးအနက် စဉ်းစား သုံးသပ်ရန်ရှိသည်။

၁၉၇၃

မောင်စိုးမြင့် (ခေါ်) မူဒါလစ်ပါ ၆ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

မမြင့်ရီသည် တချိန်က ၎င်း၏ခင်ပွန်း မောင်စံအေး၏သရာဖြစ်သူ ဦးလှမောင် (ခံပြ-၁၇) အား မုဒိမ်းမှုဖြင့်စွပ်စွဲဘူးသူဖြစ်သည်။ ယင်းအမှုမှာ သက်သေ အထောက် အထား မခိုင်လုံသဖြင့် ဦးလှမောင်အား တရားရှင်လွှတ်ခဲ့သည်။ မောင်မျှနှင့် ကိုသိန်းလွင် (ခံပြ ၁၆ နှင့် ၁၈) တို့၏ထွက်ချက်အရ မမြင့်ရီသည် ပြည့်တန်ဆာ နှိပ်ကုပ်ရေး ဥပဒေအရ အရေးယူခံနေရသူတဦးဖြစ်သည်။ ယင်းသို့ အရေးယူ ခံနေရ ကြောင်း မမြင့်ရီက ဝန်ခံသွားသည်။ သို့ဖြစ်ရာ မမြင့်ရီသည် အကျင့်စာရိတ္တ အားဖြင့် လျော့ရဲနေသူတဦးဖြစ်ကြောင်း ထင်ရှားသည်။ **ပတ်တီးဘဲလူး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁)တို့အမှုတွင် ဝေဖန်ထားသည့်အတိုင်း သက်သေအထောက်အထား အထင်အရှား ထူထောင်နိုင်ခြင်း မရှိဘဲ အကျင့်စာရိတ္တ ပျက်ပြားနေသည့် အမျိုးသမီး တဦးတည်း၏စွပ်စွဲချက်ကို အထူးသတိထား၍ ချိန်ဆရန် လိုမည်ဖြစ်သည်။

တဖက်တွင်လည်း **မောင်တင်လှိုင် ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၂) တို့အမှုတွင် မိန့်မြွက်ထားသည့်အတိုင်း အမျိုးသမီးသည် အကျင့်စာရိတ္တ ပျက်ပြား နေသူ ဖြစ်ကာမျှနှင့် ၎င်းအား အဓမ္မပြုကျင့်ခြင်းသည် ပြစ်မှုကျူးလွန်ခြင်း မဟုတ်ဟု ဆိုရန်မဟုတ်၊ အလိုမတူဘဲ ကျူးလွန်လျှင် မုဒိမ်းမှုမြောက်သည်။

ယခုအမှုတွင် မမြင့်ရီသည် ရဲစခန်း၌ မုဒိမ်းမှုဖြင့် တိုင်ချက်ပေးပြီးနောက်၊ ၂ ရက် အကြာဖြစ်သည့် ၁၉၇၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ရည်းစားဖြစ်သူ မြဝင်းက လက်ထပ်၍ မယူသဖြင့် မြဝင်း၏ဦးလေး စိုးမြင့်နှင့် အပေါင်းပါတို့အပေါ် တိုင်တန်း ခဲ့ရာ ယင်းတိုင်တန်းချက်ကို ပြန်လည်ရုပ်သိမ်းပေးရန် သထုံမြို့နယ် မှုခင်းဂေဘ်မတီသို့ စာတင်ခဲ့သည် (သက်သေခံ ၃ ကိုကြည့်ပါ)။ ထိုနောက် သက်သေခံ ၄ အရ မြို့နယ် လအက ဥက္ကဋ္ဌထံသို့ ၁၉၇၂ ခုနှစ်၊ မေလ ၁၃ ရက်နေ့စွဲဖြင့် ရဲစခန်းမှူး ဦးလှတင်သည် မုဒိမ်းမှုနှင့် ပတ်သက်၍ ရိုက်နှက်စစ်ဆေးခဲ့ကြောင်း တိုင်တန်းခဲ့သည်။ ထို့ပြင် ၁၉၇၂ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့စွဲပါ သက်သေခံ (၆) စာဖြင့် ငွေ ၃၀ဝိ၊ တက်ထရွန်လုံချည် ၅ ထည်နှင့် ခရစ်အင်္ကျီ ၅ ထည်ကိုပေးရန်နှင့် မပေးက ထောင်ထဲတွင် တပျော် နေရမည် ဆိုသော စာကို လက်မှတ်ထိုး၍ ပေးခဲ့ကြောင်း မမြင့်ရီက ဝန်ခံထားသည်။ တနည်း ဆိုသော် မမြင့်ရီသည် ငွေညှစ်ရန် ကြိုးစားခဲ့ကြောင်း ပေါ်လွင်သည်။ ယင်းအချက် အလက်များကို ပေါင်းစပ်ကြည့်ရှုလျှင် မမြင့်ရီသည် အကျင့်စာရိတ္တ ပျက်ပြားနေသူ တယောက် ဖြစ်သည့်အပြင်၊ ၎င်း၏ ပြုလုပ်ဆောင်ရွက်မှုများမှာလည်း အလွန်မဖော် သံသယရှိဘွယ်ရာအကြောင်း ပေါ်ပေါက်နေသောကြောင့် ၎င်း၏ စွပ်စွဲချက် တခုတည်း

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၅၁ (အထူးရာဇဝတ်ရုံးအယူခံအဖွဲ့)။
(၂) ၁၉၆၇ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၆၆ (အထူးရာဇဝတ်ရုံးအယူခံအဖွဲ့)။

ဖြင့် တရားခံတို့အပေါ် ကြီးလေးသော ပြစ်မှုဖြင့် ပြစ်ဒဏ်စီရင်ရန် ခိုင်မာလုံလောက်ခြင်းမရှိဟု ကျွန်ုပ်တို့ ယူဆသည်။

ဗျ ၁၉၇၃

မောင်စိုးမြင့် (ခေါ်) မူဒါလစ်ပါ ၆ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

မမြင့်ရီ၏ သမီးတွင် ယောကျ်ားလုတ်သွေးပိုးတွေ့သည်မှာ မှန်သော်လည်း အခင်းဖြစ်ညက မမြင့်ရီသည် သူသူမနီးသည့် ကွင်းပြင်ထဲတွင် ရည်းစားဖြစ်သူ မြဝင်းနှင့် အတူအိပ်ကြောင်း ဝန်ခံထားရာ မြဝင်းကလည်း မမြင့်ရီနှင့် နှစ်ဦးသဘောတူ သုံးကြိမ်ကာမစပ်ယှက်ခဲ့သည်ဟု ပြောဆိုထားသောကြောင့် ယောကျ်ား သုတ်သွေးပိုး တွေ့သည်ဆိုသော အချက်မှာ အရေးကြီးသည်ဟု မဆိုနိုင်ပေ။ မမြင့်ရီက ထိုညတွင် မြဝင်းနှင့် ကာမစပ်ယှက်ခြင်းမရှိဟု ဆိုသော်လည်း သမီးရည်းစား နှစ်ဦးချင်း လွတ်လွတ် လပ်လပ် အိပ်စက်ကြခြင်းဖြစ်၍၊ မမြင့်ရီ၏ ပြောဆိုချက်မှာ သဘာဝယုတ္တိ ကင်းမဲ့လျက် ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် တရားခံ စိုးမြင့် (ခေါ်) မူဒါလစ်၊ **မောင်** သိန်းညွန့်၊ ထွန်းအေး (ခေါ်) ဂိုရန်၊ ဘလံ(ခေါ်)ခင်စိုး၊ ညွန့်တင်နှင့် မြင်း(ခေါ်) ပေါင်မုန့်တို့အပေါ် ရာဇသတ်ပုဒ်မ ၃၇၆ အရပြစ်ဒဏ်ထင်ရှား စီရင်ထားသည့် **မူလရုံး** အမိန့်ကို ပယ်ဖျက်ပြီး ၎င်းတို့အား ဤအမှုနှင့်စပ်လျဉ်း၍ အပြီးအပြတ်လွှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှု

တရားသူကြီးချုပ်ဦးလှသင်း နှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၇၃

ဇတ်လ ၂၈ ရက်။

ကိုစိုးသိန်း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

မြန်မာဗုဒ္ဓဘာသာ ယောကျ်ားတယောက်သည် မယားကြီးရှိလျက်နှင့် ပထမအိမ်ထောင်ရှိကြောင်း ထိမ်ဝှက် ပြောဆိုပြီး အမျိုးသမီး တယောက်နှင့် လက်ထပ်လျှင် ရာဇသတ်ပုဒ်မ ၄၉၅ အရ ပြစ်မှုမမြောက်။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၄၉၅ အရ၊ ယောကျ်ားတဦးသည် မယား အသက်ရှင် လျက်ရှိခြင်းကြောင့် နောက်အိမ်ထောင် ပြုခြင်းသည် အတည်မဖြစ်သော ကိစ္စမျိုး၌ နောက်ထပ် ထိမ်းမြားသူအား အထက်ကထိမ်းမြားခြင်း အကြောင်းကို ထိမ်ချန်လျှင် ၎င်းသည် ယင်းပုဒ်မ၏ ပြဋ္ဌာန်းချက်အရ ပြစ်မှုကျူးလွန်ရာ မြောက်သည်။ ကိုစိုးသိန်းသည် မြန်မာဗုဒ္ဓဘာသာဖြစ်သည့် အလျောက် မယားကြီးရှိစေကာမူ နောက်ထပ် တရားဝင်အိမ်ထောင်ပြုနိုင်သည်။ ဤအမှုတွင် မတင်အေးသည် တရားဝင်ဇနီး အဖြစ်သို့ ရောက်ရှိပြီးသူဖြစ်ကြောင်း ယူဆနိုင်သည်။ သို့ဖြစ်၍ လျှောက်ထားသူသည် ရာဇသတ်ကြီးပုဒ်မ ၄၉၅ ပါ ပြဋ္ဌာန်းချက်ပါ ပြစ်မှုမျိုးကျူးလွန်နိုင်မည် မဟုတ်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးမြသိန်း။

လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးဘစိန်။

ရုံးတော် သဟာယအဖြစ်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးသာထွန်း။

တရားသူကြီးချုပ် ဦးလှသင်း။ ။ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ တရားရုံး ၁၉၇၂ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁၈ တွင် ရာဇသတ်ကြီးပုဒ်မ ၄၉၅ အရ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် ကျခံစေရန် ချမှတ်လိုက်သော အမိန့်ကို မကျေနပ်သဖြင့်

---

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ဂ၄(ခ)။

† ၁၉၇၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၄ တွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့ရုံးထိုင် ပြည်သူ့ တရားရုံး၏ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၇၃

ကိုစိုးသိန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ရန်ကုန်တိုင်း၊ ပြည်သူ့တရားရုံး အယူခံအဖွဲ့ ၁၉၇၂ ခုနှစ်၊ အယူခံမှုအမှတ်(၁၄)တွင် အယူခံရာ မူလရုံး၏အမိန့်နှင့် ပြစ်ဒဏ်ကို အတည်ပြုသဖြင့် ပြင်ဆင်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။

ဤအမှု၏ဖြစ်ရပ်မှာ လျှောက်ထားခံရသူ မတင်အေး (ခေါ်) ပက်ထရစ်ရှားသည် လျှောက်ထားသူ ကိုစိုးသိန်းအား ၎င်း၏ညီမကို ဆေးကုသရာမှ စတင်သိရှိခဲ့သည်။ ကိုစိုးသိန်းသည် မြန်မာဆေးဆရာတဦးဖြစ်သည်။ ၎င်းက အိမ်ထောင်မရှိ၊ လွတ်လွတ်လပ်လပ်ဖြစ်သည်ဟုပြော၍ ယုံကြည်သဖြင့် ၁၉၆၉ ခု၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ယခင် ပဲခူးမြို့ (၄)ရပ်ကွက် ရာဇဝတ်တရားသူကြီး (အထူး)ရုံးတွင် မတင်အေးသည် ဗုဒ္ဓဘာသာ ကိုးကွယ်သူဟု သစ္စာပြုပြီး တရားဝင် အကြင်လင်မယားအဖြစ် လက်ထပ်ခဲ့သည်။ ပဲခူးမြို့၊ လေးအိမ်စုကျေးရွာတွင် ၂ လနီးပါးနေပြီး၊ ရန်ကုန်မြို့၊ ၁၁ ရပ်ကွက် တောင်ဥက္ကလာပ ရတနာလမ်း၊ အမှတ် ၃၁၉၊ အိမ်ရှင် ဦးအောင်ခင်အိမ်တွင် နေထိုင်စဉ် ကိုစိုးသိန်းမှာ မယားကြီးရှိကြောင်း သိရပါသည်။ ကိုစိုးသိန်းသည် မိန်းမများထပ်မံ၍ လက်ထပ်ပြန်ပါသည်။ မိမိအား ထောက်ပံ့ခြင်းမရှိ၍ ကိုစိုးသိန်းနှင့် ပေါင်းသင်းလာရာ ၁၁ လသား ယောကျ်ားကလေးတယောက်ရရှိသော်လည်း မပေါင်းသင်းနိုင် တော့သဖြင့် ၎င်းနှင့် ကွာရှင်းပေးပါရန် လျှောက်ထားခြင်းဖြစ်သည်။

မူလရုံးက လျှောက်ထားသူအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၉၅ အရ ပြစ်မှုကျူးလွန်သည်ဟု ဆုံးဖြတ်ခဲ့သည်။ အယူခံရုံးကလည်း မူလရုံး၏အမိန့်ကို အတည်ပြုထားသည်။

ရာဇသတ်ကြီးပုဒ်မ ၄၉၅ အရဆိုလျှင် ယောကျ်ားတဦးသည် မယား အသက်ရှင်လျက် ရှိခြင်းကြောင့် နောက်အိမ်ထောင်ပြုခြင်းသည် အတည်မဖြစ်သော ကိစ္စမျိုး၌ နောက်ထပ် ထိမ်းမြားသူအား အထက်က ထိမ်းမြားခြင်းအကြောင်းကို ထိမ်ချန်လျှင် ၎င်းသည်၊ယင်းပုဒ်မ၏ ပြဋ္ဌာန်းချက်အရ ပြစ်မှုကျူးလွန်ရာမြောက်သည်။

ဤအမှုကို သုံးသပ်ရာတွင် မတင်အေးသည် ကိုစိုးသိန်းခေါ်ရာသို့ မိဘများမသိအောင် တိတ်တဆိတ် လိုက်သွားပြီး ပဲခူးမြို့ ယခင် (၄) ရပ်ကွက် ရာဇဝတ်တရားသူကြီးရုံးတွင် လက်ထပ်မင်္ဂလာ သစ္စာပြုချက်တွင် ၎င်းသည် ဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်ကြောင်း ကြေငြာ၍ လက်ထပ်ကြသည်။ ကိုစိုးသိန်း၌ မယားကြီး ရှိစေကာမူ ကိုစိုးသိန်းသည် မြန်မာဗုဒ္ဓဘာသာ ဖြစ်သည့်အလျောက် နောက်ထပ်တရားဝင်အိမ်ထောင်ပြုနိုင်ပေသည်။ ဤအမှု၌ မတင်အေးသည် တရားဝင်ဇနီး ဖြစ်သည့်အလျောက်

၁၉၇၃ — ကိုစိုးသိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ကိုစိုးသိန်းနှင့် ကွာရှင်းပေးရန် လျှောက်ထားခြင်းဖြစ်သည်။ ၎င်းသည် တရားဝင်ဇနီး အဖြစ်သို့ ရောက်ရှိပြီးသူဖြစ်ကြောင်း ယူဆနိုင်မည်ဖြစ်၍ လျှောက်ထားသူသည် ရာဇသတ်ကြီးပုဒ်မ ၄၉၅ ပါ ပြဋ္ဌာန်းချက်ပါ ပြစ်မှုမျိုး ကျူးလွန်နိုင်မည်မဟုတ်၍ မူလရုံးနှင့် အယူခံရုံး၏ ချမှတ်သောအမိန့်နှင့် ပြစ်ဒဏ်ကို ပယ်ဖျက်ပြီး၊ လျှောက်ထားသူအား ဤအမှုနှင့် ပတ်သက်၍ တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှု

တရားသူကြီးချုပ် ဦးလှသင်း၊ တရားသူကြီး ဦးတင်အုံး နှင့် တရားသူကြီးဦးသန်းအောင်တို့ရှေ့တွင်

ဦးဘဌေး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၇၃
နိုဝင်ဘာလ
၂၂၊ ရက်။

ကာယကံရှင် အမျိုးသမီးသည် အသက် ၁၄ နှစ်ပြည့်ပြီးသူဖြစ်လျက်၊ ၎င်းက မိမိ၏သဘောတူညီချက်ဖြင့် ကာမစပ်ယှက်ခြင်းဖြစ်ကြောင်း တရားရုံးတွင် ထွက်ဆိုလျှင် တရားခံအပေါ်ပြစ်မှုဆိုင်ရာပုဒ်မ ၃၇၆ အရစွဲချက်မတင်နိုင်ပေ။

ဆုံးဖြတ်ချက်။ ။ရဲစခန်းတွင် တိုင်ချက်ဖွင့်စဉ်က လျှောက်ထားသူက မိမိအား အလိုမတူဘဲ ကာမစပ်ယှက်ပါသည်ဟု တိုင်တန်းခဲ့ပြီး၊ ရုံးတွင်မူ မိမိ၏သဘောတူညီချက်ဖြင့် ကာမစပ်ယှက်ကြောင်း ထွက်ဆိုသည်။ ပထမ သတင်းပေးတိုင်ချက်တွင် မည်သို့ပင်ပါရှိစေကာမူ ရုံးတွင်ပေးသောအထောက်အထားကိုသာ စဉ်းစားရန်ဖြစ်သည်။ ကာယကံရှင်သည် အရွယ်ရောက်သောသူဖြစ်ပြီး၊ ၎င်းကိုယ်၌ကပင် လျှောက်ထားသူနှင့် မိမိအလိုတူ ကာမစပ်ယှက်ပါသည်ဟုထွက်ဆိုထားသဖြင့် လျှောက်ထားသသည် ရာဇသတ်ပုဒ်မ ၃၇၆ ပြဋ္ဌာန်းချက်ပါ ပြစ်မှုကျူးလွန်သည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူအတွက်။ ။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးသိန်းအောင်။

တရားသူကြီးချုပ် ဦးလှသင်း။ ။တရားလို မအေးသာရီက လျှောက်ထားသူသည် ၎င်းအား မုဒိမ်းကျင့်သည်ဟု ကျောက်ဖြူမြို့၊ ပြည်သူ့ရဲစခန်းသို့ တိုင်ကြားသဖြင့် လျှောက်ထားသူအပေါ် ကျောက်ဖြူမြို့၊ ပြည်သူ့တရားရုံး ရာဇဝတ်ကြီးမှုအမှတ် ၂၃၁/၇၃ တွင် ရာဇသတ်ပုဒ်မ ၃၇၆ အရ တရားစွဲဆိုသည်။

---

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၇၀(ခ)။

† ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆ တွင် ကျောက်ဖြူမြို့ရုံးထိုင် ရခိုင်ပြည်သူ့တရားရုံးမှ ချမှတ်သားသောအမိန့်ကိုမကျေနပ်၍ပြင်ဆင်မှုတင်သွင်းလာခြင်းဖြစ်သည်။

၁၉၇၃

ဦးဘဓွေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရဲစခန်းတွင် တိုင်တန်းသော တိုင်ချက်၌ အချင်းဖြစ်နေ့တွင် ၎င်းသည် ရုံးသို့ မှတ်ပုံတင်ကပ်ပြား ရယူရန်သွားစဉ် လမ်းတွင် လျှောက်ထားသူနှင့်တွေ့၍ လျှောက်ထားသူက ဘယ်သွားမည်လဲမေးရာ မှတ်ပုံတင်ကပ်ပြား ယူရန်သွားမည်ဖြစ်ကြောင်း ပြောပါသည်။ လျှောက်ထားသူက မှတ်ပုံတင်ကိစ္စ လုပ်ပေးမည်ဟုဆိုပြီး အိမ်သို့ ခေါ်သွားသည်။ လျှောက်ထားသူက တရားစကား စပြောပြီး နှင့်ကိုငါကြိုက်သည် ပြောပြီး လက်ဆွဲ၍ အိမ်တွင်းသို့ ဆက်လက်ဆွဲသွားပြီး အိပ်ခန်း ကုတင်ပေါ်တွင် မုဒိမ်းကျင့်ပါသည်။ အင်္ကျီစပ်မှ သွေးများ ထွက်လာသဖြင့် လျှောက်ထားသူက ဆေးရုံသို့ ပို့ပေးပါသည်ဟု တိုင်တန်းထားသည်။

ရုံးတွင် တရားလိုမအား စစ်ဆေးသောအခါ ၎င်းက အချင်းဖြစ်သောနေ့က လျှောက်ထားသူအိမ်သို့ အလည်သွားပါသည်။ အိမ်တွင် လျှောက်ထားသူက မိမိအား တရားစကား ပြောပါသည်။ နောက် ချစ်စကားပြောပါသည်။ မိမိက ချစ်ရေးဆိုသည်ကို လက်ခံပြီး ကာမစပ်ယှက်၍ ဒဏ်ရာရသည်။ ထိုစဉ်က တရားဝင်လင်မယား မဖြစ်သေးပါ။ လျှောက်ထားသူကိုချစ်၍ မိမိသဘောတူပြီး အိပ်ခန်းထဲသို့ လိုက်သွားခြင်းဖြစ်ပါသည်။ ကာမစပ်ယှက်ပြီး ဒဏ်ရာရသဖြင့် ကုသရန် လျှောက်ထားသူက ဆေးရုံသို့ ခေါ်သွားပါသည်။ ဆရာဝန်အား လျှောက်ထားသူက ကာမ စပ်ယှက်၍ဖြစ်ကြောင်း၊ လျှောက်ထားသူအား အမှုမလုပ်ချင်ကြောင်း ပြောပါသည်။ ရဲကမိမိအား စစ်ဆေးပြီး လက်မှတ် ထိုးခိုင်းပါသည်။ ကျွန်မက ငြင်းပါသည်။ ရဲကအတင်းထိုးခိုင်း၍ လက်မှတ်ထိုးရခြင်း ဖြစ်ပါသည်ဟု ထွက်ဆိုထားသည်။

မူလရုံးက သက်သေများ စစ်ဆေးပြီး လျှောက်ထားသူအပေါ် ရာဇသတ်ပုဒ်မ ၃၇၆ အရ စွဲချက်တင်သည်။ ယင်းစွဲချက်ကို ပယ်ဖျက်ပေးရန် တိုင်းရုံးသို့ လျှောက်ထားရာ တိုင်းရုံးက တရားလိုမသည် သီလရင်ဘဝမှ ထွက်ခြင်းသည် လျှောက်ထားသူ၏ သွေးဆောင်မှုကြောင့်ဖြစ်သည်။ တရားလိုမ ရဲစခန်းတွင် တိုင်ချက်ဖွင့်စဉ်က ရဲ၏ ခြိမ်းခြောက်ခြင်းမရှိ၊ ရုံးတွင် အစစ်ခံရာ၌ ဖြားယောင်းမှု ဝင်လာသည်။ ဆင်းရဲသူတဦးဖြစ်၍ စားဝတ်နေရေး အဆင်ပြေမည်ဟု ယုံကြည်ပြီး သွေးဆောင်မှုကြောင့် ဖြစ်သည်။ မုဒိမ်းမှု မမြောက်သော်လည်း သွေးဆောင်မှု မြောက်သည်ဟု ဆုံးဖြတ်ပြီး ရာဇသတ်ပုဒ်မ ၃၇၆ အရ မုဒိမ်းမှုစွဲချက်ကို ပယ်ဖျက်ပြီး ရာဇသတ်ပုဒ်မ ၃၆၃ အရ သင့်တော်သော ရုံးတရုံးတွင် ပြန်စစ်ရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ပယ်ဖျက်ပေးရန် ယခုလျှောက်ထားခြင်း ဖြစ်သည်။

ရဲတွင်ပေးသော ဖြောင့်ချက်တွင် တရားလိုမက ၎င်းအား အလိုမတူဘဲ လျှောက်ထားသူက ကာမ စပ်ယှက်ပါသည်ဟု တိုင်တန်းသော်လည်း ရုံးတွင်၎င်းက လျှောက်ထားသူအား ချစ်ကြိုက်၍ မိမိသဘောတူ ကာမ စပ်ယှက်ပါသည်ဟု ထွက်ဆိုထား

၁၉၇၃

ဦးဘဒွေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သည်။ ပထမသတင်းပေး တိုင်ချက်တွင် မည်သို့ပင် ပါရှိစေကာမူ ရုံးတွင်ပေးသော သက်သေတဦး၏ အစစ်ခံချက်ကိုသာ စဉ်းစားရန် ဖြစ်သည်။ ကာယကံရှင်သည် အရွယ်ရောက်သောသူဖြစ်ပြီး ၎င်းကိုယ်၌ကပင် မိမိအလိုတူ လျှောက်ထားသူနှင့်ကာမ စပ်ယှက်ပါသည်ဟု ထွက်ဆိုထားသဖြင့် လျှောက်ထားသူသည် ရာဇသတ် ပုဒ်မ ၃၇၆ ၏ ပြဋ္ဌာန်းချက်ပါ ပြစ်မှုကျူးလွန်သည်ဟု မဆိုသာပေ။

အထက်ပါ အကြောင်းများကြောင့် အယူခံရုံးမှ ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ပြီး မူလရုံးမှ လျှောက်ထားသူအပေါ် တင်ထားသော စွဲချက်ကိုပါ ပယ်ဖျက်၍ လျှောက်ထားသူအားလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှု

တရားသူကြီးချုပ် ဦးလှသင်း၊ တရားသူကြီး ဦးဘသန်း နှင့် တရားသူကြီး ဦးသန်းအောင်တို့ရှေ့တွင်

† ၁၉၇၄

ဩဂုတ်လ ၂၈ ရက်။

ဦးမျိုးသန့်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဒေါ်မှုံ)*

အိမ်လခ အကြွေးမပေးသော အိမ်ငှားအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရလိမ်လည်လှည့်ဖြားမှုကျူးလွန်သည်ဟုဆိုပြီးအပြစ်မပေးနိုင်။

ဆုံးဖြတ်ချက်။ ။အိမ်လခများမပေး ပျက်ကွက်သဖြင့် မူလရုံးတွင် လျှောက်ထားသူအပေါ် ရာဇသတ်ပုဒ်မ ၄၁၇ အရတိုက်ရိုက် လျှောက်ထားခဲ့ဆိုခဲ့သည်။ သက်သေများ ထွက်ချက်အရ၊ ဦးမျိုးသန့်မှာ မရိုးမဖြောင့်သော သဘောနှင့် လိမ်လည်လှည့်ဖြားကြောင်းမတွေ့ရ။ အိမ်ရှင်သည် ၎င်း၏အိမ်လခများရရန်ရှိရာ တရားမကြောင်းဖြင့် အိမ်ငှားအပေါ် စွဲဆိုရန်ရှိသည်။ ရာဇသတ်ပုဒ်မ ၄၁၇ အရအမှုခေါ်ပေါက်ခြင်းလုံးဝမရှိပေ။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးဇော်ဝင်းလှိုင်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးသာသွန်း။

တရားသူကြီး ဦးဘသန်း။ ။ဖြူးမြို့နယ်၊ ပြည်သူ့တရားရုံး ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၉၀ တွင် တရားလို ဒေါ်မှုံက တရားခံ ဦးမျိုးသန့်အပေါ် အိမ်လခများမပေး ပျက်ကွက်သဖြင့်၊ ရာဇသတ်ပုဒ်မ ၄၁၇ အရ တိုက်ရိုက်လျှောက်ထား စွဲဆိုရာ ဦးမျိုးသန့်အပေါ် ထိုပုဒ်မအရ အပြစ်ရှိသည်ဆိုကာ ဒဏ်ငွေ ၂,၀၀၀ ပေးဆောင်စေ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် ၆ လ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ဦးမျိုးသန့်က တိုင်းအယူခံရုံးတွင် အယူခံဝင်ရာ အယူခံမှုအမှတ် ၈၀/၇၃ အရ မူလရုံး၏အမိန့်ကို အတည်ပြုလိုက်သဖြင့် ယခု ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူ ဦးမျိုးသန့်မှာ တရားလို ဒေါ်မှုံ၏ ဖြူးမြို့၊ ၄ လမ်းနှင့် ဈေးအနောက် နှင့် မြောက်ဘက်လမ်းဒေါင့်ရှိ တိုက်ခံအိမ် အောက်ထပ် ၂ ခန်းကို တခန်းလျှင်

---

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၅(ခ)။

† ၁၉၇၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၀ တွင် ဖြူးမြို့၊မြို့နယ်ပြည်သူ့တရားရုံးမှ ၁၉၇၃ ခု၊ ဇွန်လ ၁၅ နေ့စွဲဖြင့်ချမှတ်သော အမိန့်ကို မကျေနပ်၍ပြင်ဆင်မှုတင်သွင်းခြင်း။

၁၉၇၃

ဦးမျိုးသန့် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်မှုံ)

အခန်းခ ၅၀ိ နှုန်းဖြင့် ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလမှစတင် ငှားရမ်း နေထိုင်ခဲ့သည်။ ဦးမျိုးသန့်သည် အိမ်လခများကို ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလအထိသာ ပေးခဲ့ပြီး နောက်ပိုင်း အိမ်လခများကို ဒေါ်မှုံအား မပေးဘော့ချေ။ အိမ်လခ များသည်ဟုဆိုကာ ဦးမျိုးသန့်က အိမ်ငှားမြေငှား ကြီးကြပ်ရေးဝန်ရုံးတွင် အိမ်ငှားရမ်းခ သတ်မှတ်ပေးရန် လျှောက်ထားသော်လည်း အောင်မြင်မှုမရှိ။ အယူခံတွင်လည်း ကြီးကြပ်ရေးဝန်၏ အမိန့်အတိုင်း အတည်ပြုလိုက်သည်။ ဒေါ်မှုံက အိမ်လခများ ရသိုကြောင်း ဖြူးမြို့ မှုခင်းကော်မတီထံ လျှောက်ထားခဲ့သည်။ ဦးမျိုးသန့်က အိမ်လခများမပေးငြင်းဆိုနေသဖြင့် ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၄၁၇ အရ စွဲဆိုခြင်းဖြစ်သည်။

ယခုအမှုမှာ သက်သေများ ထွက်ချက်အရ ဦးမျိုးသန့်မှာ မရိုးမဖြောင့်သောသဘောနှင့် လိမ်လည်လှည့်ဖြားကြောင်း မတွေ့ရချေ။ ဒေါ်မှုံသည် ၎င်း၏ အိမ်လခများ ရရန်ရှိရာ တရားမကြောင်းဖြင့် ဦးမျိုးသန့်အပေါ် စွဲဆိုရန်ရှိသည်။ ရာဇသတ်ပုဒ်မ ၄၁၇ အရ မှုပေါ်ပေါက်ခြင်း လုံးဝမရှိပေ။ သို့ဖြစ်သောကြောင့် ဖြူးမြို့၊ မြို့နယ်ပြည်သူ့တရားရုံး ရာဇဝတ်ကြီးမှုအမှတ် ၉၀/၇၃ တွင် လျှောက်ထားသူ ဦးမျိုးသန့်အပေါ် ရာဇသတ်ပုဒ်မ ၄၁၇ အရ မှုပြစ်ထင်ရှား စီရင်ခြင်းနှင့် ဒဏ်ငွေ ၂,၀၀ဝိ ပေးဆောင်စေရန် ချမှတ်သည့် အမိန့်နှင့် တိုင်းအယူခံရုံး အယူခံမှုအမှတ် ၁၀/၇၃ တွင် မှုလရုံး၏အမိန့်ကို အတည်ပြုသည့် အမိန့်တို့ကို ပယ်ဖျက်ပြီး လျှောက်ထားသူ ဦးမျိုးသန့်အား အမှုနှင့် စပ်လျဉ်း၍ အပြီးအပြတ် လွှတ်လိုက်သည်။

ဒဏ်ငွေများ ပေးဆောင်ပြီးပါက လျှောက်ထားသူ ဦးမျိုးသန့်အား ပြန်လည်ထုတ်ပေးစေ။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးတင်အုံး တို့ရှေ့တွင်

† ၁၉၇၃ မေလ ၂၉ ရက်။

မောင်လှကြည်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁)အရ မည်သည့်အခါတွင် အပြစ်ရှိကြောင်း ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။မြို့နယ်ကုန်သွယ်ရေးမှ ရောင်းမကုန်သည့် ဆပ်ပြာမှုန့်များသည်၊ ပြန်ပို့ကု လက်ခံရေးဌာနသို့ ရောက်လာသည်။ အယူခံတရားလိုသည် ယင်းဌာနတွင် ဌာနစိတ်တာဝန်ခံဖြ သည်။ ယင်းပစ္စည်းများကို ဝင်းအတွင်းရှိ ဝန်ထမ်းများနှင့် လုပ်သားများကို ရောင်းချသည် ရောင်းချရငွေများကိုစုစည်းပြီးငွေများပေးသွင်းရန်ရှိသော်လည်း သကြံန်ရုံးပိတ်ရက်နှင့် နှစ်ဆ ၁ ရက်နေ့ ခံနေခြင်းတို့ကြောင့် ငွေမသွင်းရသေးပေ။ ရုံးပြန်တက်ချိန်တွင် ငွေများသွင်းမည့်နေ သုံးလုံးအရာရှိများ လာရောက်စစ်ဆေးသဖြင့် အသင့်စုစည်းထားသော ငွေများ အားလုံးကိုငေ အပ်ခြင်းဖြစ်သည်။ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးပုဒ်မ ၆ (၁) တွင်ပါရှိသောပြည်သူပိုင်ပစ္စည်းက ခိုးခြင်း၊ အလွဲသုံးစားပြုခြင်း၊ အကျိုးဖျက်ဆီးခြင်း ပြုကြောင်း သက်သေခံ အထောက်အထာ မတွေ့ရ။ အယူခံတရားလိုသည် ပစ္စည်းများကို ကိုယ်ကျိုးအတွက် ပုန်းလျှိုးကွယ်လျှိုးရောင်းခြင် မဟုတ်၊ ဝန်ထမ်းများအား ရောင်းသည်မှာ ထင်ရှားသည်။ ငွေသွင်းပုံမှာ ဌာနတွင်းလိုက်နာရသည နည်းလမ်းမဟုတ်၊ သို့ဖြစ်၍ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ စည်းကမ်းတကျ မရှိခြင်း ဖြစ်မဖြ အာစဉ်းစားရန်ရှိသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးသန်း၊ ဦးစိန်မောင်။

အယူခံတရားခံအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဒေါ်မြသန်းနု။

တရားသူကြီး ဦးတင်အုံး။ ။အယူခံ တရားလို မောင်လှကြည်အား အထူး တရားသူကြီး (၂) (အထူးစုံစမ်းစစ်ဆေးရေးဌာနရုံး) ရန်ကုန်မြို့ ရာဇဝတ်ကြီးမှု

---

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၇၁။

† ၁၉၇၀ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၇ တွင် တရားရေးဝန်ထမ်းအဆင့် (၁) ရန်ကုန်မြို့၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၃

မောင်လှကြည် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အမှတ် ၂၇/၇၀ တွင် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေ ပုဒ်မ ၆ (၁) အရ ပြစ်မှုထင်ရှား တွေ့ရှိပြီး ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၂ (၁) အရ ၃ နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်ရန် ကျပ်ငွေ ၃၀၀ဝိ တန်ခံဝန်သူ ၂ ဦးဖြင့် လွှတ်ထားရန် ၁၉၇၃ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အမိန့်ချမှတ်သည်။ ဤစီရင်ချက်ကို အယူခံဝင်သည်။

ဘူးသီးတောင်နှင့် ပုဏ္ဏားကျွန်းမြို့နယ် ကုန်သွယ်ရေးမှ ရောင်းမကုန်သည့် ဆပ်ပြာ မှုန့်များသည် ပြန်ပို့ကုန်လက်ခံရေးဌာနသို့ ရောက်လာသည်။ အယူခံတရားလိုသည ယင်းဌာနတွင် ဌာနစိတ်တာဝန်ခံ ဖြစ်သည်။ ယင်းပစ္စည်းများ အရေအတွက် လက်ခံ ရရှိခြင်းမှာ အငြင်းမပွားပေ။ ယင်းပစ္စည်းများကို အယူခံတရားလိုသည် ဦးစိန်ထွန်း ဆိုသူအား ထုတ်ပေးပြီး ပစ္စည်းများကို ဝင်းအတွင်းရှိ ဝန်ထမ်းများနှင့် လုပ်သား များကို ရောင်းချခဲ့သည်။ ရောင်းချခဲ့ပြီး ၃-၄ ရက်အကြာတွင်မှ အားလုံးပြီးစီးပြီ တာဝန်ယူရောင်းသူ ဦးစိန်ထွန်းထံမှ ပိုက်ဆံများ စုစည်းသိမ်းယူကာ ၁၉၆၉ ခု၊ ဧပြီလ ၁၈ ရက်နေ့တွင် စသုံးလုံးအရာရှိများ လာစစ်ရာတွင် ပေးအပ်ကြောင်း တရားခံက ဖြေရှင်းသည်။

အငြင်းပွားပြီး တရားခံအဖြစ် စွဲဆိုခြင်းခံရသည့် အချက်မှာ အယူခံတရားလို သည် ယင်းပစ္စည်းများကို ဝင်းအတွင်းရှိ လုပ်သားများကို ရောင်းခြင်းမှာ နည်းလမ်း မကျကြောင်း၊ အမှန်မှာ အထူးဆိုင်သို့ တင်ပို့ရောင်းရန် ဖြစ်သည်ဟု ဌာနခွဲ မန်နေဂျာ ဗိုလ်မှူး သိန်းထွန်း (လိုပြ-၆) ကထွက်ဆိုသည်။ ဌာနစု မန်နေဂျာ ဦးသိန်းဖေ (လိုပြ-၇)က ပြန်ပို့ကုန်များရောင်းလျှင် မူအားဖြင့် အထူးဆိုင်၊ သို့မဟုတ် ဒေသစိတ် ပစ္စည်းဆိုင်များသို့ ပို့ပြီးရောင်းလေ့ရှိသော်လည်း ဌာနခွဲမန်နေဂျာ၏ အမိန့် အရ ဂိုဒေါင်တွင် ရောင်းသည့် သာဓကများ ယခုအမှုမဖြစ်ပွားမီကလည်း ရှိခဲ့ဘူး ကြောင်း ထွက်ဆိုသည်။ ထိုနည်းတူပင် ဌာနခွဲမန်နေဂျာကလည်း ယခင်က မိမိအမိန့် အရ ဂိုဒေါင်တွင် ရောင်းချခဲ့ဘူးကြောင်း၊ သို့သော် ငွေကို ဂိုဒေါင်တွင် လက်ခံခြင်း မပြုဘဲ ဒေသစိတ်ကုန်သွယ်ရေးသို့ ပုံစံ (၁၉) နှင့် သွားရောက် ငွေသွင်းပြီး ငွေသွင်း ပြေစာ လာရောက်ပြသမှသာ ဂိုဒေါင်က ငွေထုတ်ပေးရသည်ဟု ထွက်ဆိုသည်။

အယူခံတရားလိုကလည်း ယခု ဂိုဒေါင်တွင် ဆပ်ပြာမှုန့်များ ရောင်းချခြင်းမှာ ဂို ဒေါင်ဝင်းအတွင်းရှိ အရာထမ်းအမှုထမ်းများအား ဆိုင်းဘုတ်တွင် ရေးသားကြော်ငြာ အသိပေးပြီး ရောင်းခြင်းဖြစ်ကြောင်း၊ ရသည့်ငွေများမှာလည်း ရက်ခြားရောင်းမှ အပြီး အကုန် အပြေအလည်ရရှိသဖြင့် ယင်းငွေများကို စုစည်းနေရကြောင်း၊ ငွေပေးသွင်း ရန်မှာလည်း သင်္ကြန် ရုံးပိတ်ရက်နှင့် နှစ်ဆန်း ၁ ရက်ခံနေခြင်း၊ ၁၉၆၉ ခု၊ ဧပြီလ ၁၇ ရက်နေ့တွင် မိမိခွင့်ယူခြင်းကြောင့် ၁၉၆၉ ခု၊ ဧပြီလ ၁၈ ရက်နေ့တွင်မှ ပေးသွင်း

ရခြင်းပါဟု ထုချေသည်။ ထိုရုံးတက်သည့် ၁၉၆၉ ခု၊ ဧပြီလ ၁၇ ရက်နေ့မှာပင် စသုံးလုံးအရာရှိများ လာရောက်စစ်ဆေးရာ စစ်ဆေးချိန်တွင် အသင့်စုစည်းထားသော ငွေအားလုံးကို ပေးအပ်ခြင်းဖြစ်သည်။

အယူခံတရားလိုသည် ပစ္စည်းများကို ကိုယ်ကျိုးအတွက် ပုန်းလျှိုးကွယ်လျှိုး ရောင်းခြင်းမဟုတ်၊ ပွင့်ပွင့်လင်းလင်း ကြော်ငြာပြီး ဝင်းအတွင်းရှိ ဝန်ထမ်းများအား ရောင်းခြင်းမှာ ထင်ရှားသည်။ ငွေပိတ်ရက် ခံနေသဖြင့် ရှုံးနှင့်သည့် အစောဆုံး အချိန်တွင် ရရှိငွေအားလုံးကို ပေးအပ်ခြင်းလည်း တွေ့ရသည်။ ပစ္စည်းရောင်းရာတွင် ဌာနခွဲမန်နေဂျာ၏ အမိန့်အရ ဂိုဒေါင်ဟုင် ရောင်းသည့် ယခင်သာဓကများလည်း ရှိခဲ့ဘူးသည်။ ယခုမှာ ဌာနခွဲမန်နေဂျာက အမိန့်မပေးပါဟုဆိုသည်။ အယူခံ တရားလိုက နှုတ်မိန့်အရ ရောင်းခြင်းပါဟု ချေပသည်။ ငွေသွင်းပုံမှာ ဌာနတွင်း လိုက်နာရသည့် နည်းလမ်းမဟုတ်ဟု အဆိုရှိသည်။

ရာဇဝတ်ကြောင်းအရ အရေးယူရန် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ပုဒ်မ ၆(၇) တွင် ပါရှိသည့် ပြည်သူပိုင်ပစ္စည်းကို ခိုးခြင်း၊ အလွဲသုံးစားပြုခြင်း၊ အကျိုးဖျက်ဆီးခြင်းပြုကြောင်း သက်သေခံ အထောက်အထား မတွေ့ရပေ။ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ စည်းကမ်းတကျ နည်းလမ်းတကျ မပြုခြင်းဖြစ် မဖြစ်သာသလျှင် စဉ်းစားရန် အကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်ရာ မူလရုံးက ပြစ်မှုထင်ရှား တွေ့ရှိပြီး ခံဝန်ချုပ်ဆိုစေသည့် အမိန့်ကို ပယ်ဖျက်ပြီး အယူခံတရားလိုအား ဤအမှုနှင့် ပတ်သက်၍ အပြီးအပြတ်လွှတ်သည်။ ချုပ်ဆိုထားသည့် ခံဝန်ကိုပယ်ဖျက်ရမည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးတင်အုံး တို့ရှေ့တွင်

မောင်ဝှက်စီ (ခ) အင်းယား

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၇၃

မတ်လ ၇ ရက်။

မယားစရိတ်နှင့် ကလေးစရိတ် တောင်းသောအမှုများသည် ရာဇဝတ်ကျင့်ထုံးအရ စွဲဆိုသော အမှုများ ဖြစ်သော်လည်း၊ ယင်းအမှုများတွင် လျှောက်ထား ခံရသူအား ချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်စီရင်ခြင်း မပြုနိုင်ပေ—တဘက်သတ် စစ်ဆေးပြီး အမိန့်ချမှတ်နိုင်သည်—တရားမမှု များမှာကဲ့သို့ နှစ်ဦးနှစ်ဘက် သဘောတူလျှင် အမှုတစုမှ သက်သေထွက်ချက်ကို အခြား တမှုတွင် သက်သေအထောက်အထားအဖြစ် အသုံးပြုနိုင်သည်ကို ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။မယားစရိတ်နှင့် ကလေးစရိတ် ရလိုကြောင်း စွဲဆိုသည့်အမှုများကို ရာဇဝတ် ရုံးမှ ကြားနာဆုံးဖြတ်သော်လည်း အမှန်မှာ ယင်းအမှုမျိုးသည် ရာဇဝတ်မှု စစ်စစ်မဟုတ်ချေ။ ခိုကိုးရာမဲ့သည့် မိန်းမနှင့် ကလေးများ၏ စားဝတ်နေရေးအတွက် အလျင်အမြန် ရရှိအောင် ရာဇဝတ် ရုံးက အကျဉ်းနည်းဖြင့် စုံစမ်းပြီး အမိန့်ချမှတ်ရသည့် အမှုမျိုးသာ ဖြစ်သဖြင့် တရားမမှုဆန်သည်။ ရာဇဝတ်မှုများမှာကဲ့သို့ တရားခံအား ချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်စီရင်ခြင်း မပြုနိုင်ပေ။ တဘက်သတ် စစ်ဆေးပြီး အမိန့်ချမှတ်နိုင်သည်။ တရားမမှုများတွင် နှစ်ဦးနှစ်ဘက် သဘောတူလျှင် အမှုတခုမှ သက်သေထွက်ချက်ကို အခြားအမှုတွင် သက်သေအထောက်အထားအဖြစ် အသုံးပြုနိုင်သည်အလျောက် သက်သေခံ ဥပဒေပုဒ်မ ၃၃ သည် တရားမမှုများနှင့် အကျုံးမဝင်ဟုဆိုရမည်။ တရားမမှု ဆန်သည့် စားစရိတ်လျှောက်ထားသည့် မှုများ၌လည်း အလားတူပင် ကောက်ယူရမည်ဖြစ် သည်။

လျှောက်ထားသူအတွက်။ ။**တရားရုံးချုပ်ရှေ့နေ ဦးမွန်စံလှိုင်။**

လျှောက်ထားခံရသူအတွက်။ ။**တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာ။**

တရားသူကြီး ဦးသက်ဖေ။ ။မတင်တင်ရီ နှင့် မောင်ဝှက်စီ (ခေါ်) အင်းယား တို့သည် တက္ကသိုလ်တွင် အတူပညာသင်ကြားခဲ့သည့် ကျောင်းသူကျောင်းသား

---

* ၁၉၇၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၃၁(ခ)။

† ၁၉၇၂ ခုနှစ်၊ ရာဇဝတ်အသေးခံမှုအမှတ် ၂၀(မ)တွင် မော်လမြိုင်မြို့၊ တိုင်းပြည်သူ့တရားရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၇၃
မောင်ဝှက်စီ
(၁)
အင်းယား
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

များ ဖြစ်ကြသည်။ ၁၉၆၉ ခုနှစ်တွင် မတင်တင်ရီဦကိုယ်ဝန်ရှိလာပြီး မောင်ဝှက်စီက လိမ်လည်လှည့်ဖြား ပြောဆို၍ ကာမစပ်ယှက်သောကြောင့် ဖြစ်ရသည်ဟုဆိုကာ၊ မော်လမြိုင်မြို့၊ ပထမရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၄၉၃/၄၁၇ အရ၊ တရားစွဲဆိုခဲ့သည်။ သို့ရာတွင် ပထမရာဘက်ရာဇဝတ်တရားသူကြီးက ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်းမရှိဟု ဆုံးဖြတ်၍ မောင်ဝှက်စီအား တရားရှင်လွှတ်လိုက်သည်။ ယင်းအမိန့်ကို စက်ရှင်ရုံးမှလည်း အတည်ပြုခဲ့သည်။

ထို့နောက် မတင်တင်ရီက မော်လမြိုင်မြို့ နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံးတွင် မောင်ဝှက်စီအပေါ် ကလေးစရိတ်ရလိုကြောင်း တရားစွဲဆိုရာ မတင်တင်ရီ၏ကလေး မေခက်စိန်သည် မောင်ဝှက်စီနှင့်ရသော ကလေးဖြစ်ကြောင်း မထင်ရှားဟုဆိုကာ ကလေးစရိတ် တောင်းဆိုသည့် လျှောက်လွှာကိုပယ်လိုက်သည်။ ထို့ကြောင့် မတင်တင်ရီက မော်လမြိုင်မြို့၊ တိုင်းပြည်သူ့ တရားရုံးသို့ အယူခံဝင်သောအခါ မူလရုံး၏အမိန့်ကို ပယ်ဖျက်လိုက်ပြီးနောက် ကလေးစရိတ်တလ ၂၅ ပေးရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မောင်ဝှက်စီက မကျေနပ်သဖြင့် ပြင်ဆင်မှုတင်သွင်းလာခြင်းဖြစ်သည်။

မူလရုံးတွင် မတင်တင်ရီ တဦးတည်းကိုသာစစ်ဆေးခဲ့သည်။ ၎င်း၏ သက်သေများ ဖြစ်ကြသည့် ဒေါ်အေးအေးနွယ်၊ မောင်ခွေးနီ၊ မကြည်၊ မသန်းရီ၊ မစန်းမြင့်၊ မောင်မြင့်ဦးနှင့် မောင်လှဦးတို့ကို မစစ်ဆေးဘဲ ထိုသက်သေများ၏ ပထမ ရာဘက်ရာဇဝတ် တရားသူကြီးရုံး၏ အမှုတွဲမှ ထွက်ချက်များကို သက်သေအထောက်အထားအဖြစ် အသုံးပြုခဲ့သည်။ နှစ်ဘက် သဘောတူညီချက်အရ ထိုကဲ့သို့ သဘောတူ အသုံးပြုခဲ့ကြောင်း မူလရုံးစီရင်ချက်တွင်ပေါ် သည်။

မောင်ဝှက်စီ၏ရှေ့နေ ဦးမွန်စံလှိုင်က အမှုတခုရှိ သက်သေ ထွက်ချက်များကို အခြားအမှုတွင် သက်သေ အထောက်အထားအဖြစ် အသုံးပြုလိုပါက သက်သေခံ ဥပဒေပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန်လိုပါသည်။ ယခုအမှုတွင် ယင်း ပြဋ္ဌာန်းချက်နှင့် မညီညွတ်ဘဲလိမ်လည်မှုရှိ ထွက်ချက်များကို သက်သေအထောက် အထားအဖြစ် အသုံးပြုခြင်းသည် ဥပဒေနှင့် ဆန့်ကျင်နေသောကြောင့် ယင်းထွက်ချက်များအား ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ပါဟု တင်ပြသွားသည်။

မောင်ဝှက်စီသည် မူလရုံးတွင် သက်သေခံ ဥပဒေပုဒ်မ ၃၃ ကိုလိုက်နာခြင်းမပြုရန် သဘောတူခဲ့သည်။ အယူခံရုံး၌လည်း ထိုအချက်ကို တင်ပြခြင်း မပြုခဲ့သဖြင့် မူလက သဘောတူခဲ့သည့် အချက်ကို ဆန့်ကျင်၍ တင်ပြရန် အခွင့်အရေးမရှိဟု ဆိုရမည် ဖြစ်ပါသည်။

မယားနှင့်သား စားစရိတ် ရလိုကြောင်း စွဲဆိုသည့် အမှုများကို ရာဇဝတ်ရုံးမှ ကြားနာ ဆုံးဖြတ်သော်လည်း အမှန်မှာ ယင်းအမှုမျိုးသည် ရာဇဝတ်မှု မဟုတ်ချေ။

၁၉၅၇
မောင်ဝှက်စီ
(၁)
အင်းယား
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ရာဇဝတ်မှုများမှာကဲ့သို့ တရားခံအား ချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်စီရင်ခြင်း မပြုနိုင်ပေ။ တဘက်သတ် စစ်ဆေးပြီး အမိန့်ချမှတ်နိုင်သည်။ ခိုကိုးရာမဲ့သည့် မိန်းမနှင့် ကလေးများ၏ စားဝတ်နေရေးအတွက် အလျင်အမြန်ရရှိအောင် ရာဇဝတ်ရုံးက အကျဉ်းနည်းဖြင့် စုံစမ်းပြီး အမိန့်ချမှတ်ရသည့် အမှုမျိုးသာ ဖြစ်သောကြောင့် တရားမမှု ဆန်သည်ဟု ဆိုရမည်ဖြစ်သည်။ တရားမမှုများတွင် နှစ်ဦးနှစ်ဘက် အချိန်မရွေး ကျေအေးနိုင်သ ည်။ နှစ်ဦး နှစ်ဘက်သဘောတူလျှင် အမှုတခုမှ သက်သေထွက်ချက်ကို အခြားအမှုတွင် သက်သေအထောက်အထား အဖြစ်၎ အသုံးပြုနိုင်သည့်အလျောက် သက်သေခံဥပဒေပုဒ်မ ၃၃ သည် တရားမမှုများနှင့် အကျုံးမဝင်ဟု ဆိုရမည်ဖြစ်ရာ၊ တရားမမှုဆန်သည့် စားစရိတ် လျှောက်ထားမှုများ၌လည်း အလားတူပင် ကောက်ယူရမည်ဖြစ်သည်။

မူလရုံးမှ လက်ခံထားသည့် သက်သေခံချက်အရ ဆိုပါက မတင်တင်ရီနှင့် မောင်ဝှက်စီတို့သည် သမီးရည်းစားအဖြစ် အတူသွားလာ နေကြပြီး ကာမစပ်ယှက်ရန် အခွင့်အရေး ရရှိခဲ့ကြောင်း ပေါ်ပေါက်နေသဖြင့် မတင်တင်ရီက သမီး မေခက်စိန်ကို မောင်ဝှက်စီနှင့် ပေါင်းသင်း၍ ရရှိခဲ့ပါသည်ဟုဆိုသော စွပ်စွဲချက်ကို အထောက်အကူပြုလျက်ရှိသည်။ မတင်တင်ရီသည် ကျောင်းသူတဦးဖြစ်သည်။ အကျင့်စာရိတ္တပျက်ပြားသူ ဖြစ်သည်ဟု အဆိုပြုချက် မရှိသည့်အပြင် မောင်ဝှက်စီအပေါ် မဟုတ်မတရား စွပ်စွဲရန် အကြောင်းမရှိသဖြင့် မတင်တင်ရီ၏သမီး မေခက်စိန်၏ စားစရိတ်ကို မောင်ဝှက်စီက ထောက်ပံ့ရန် တာဝန်ရှိသည်ဟုဆိုသော တိုင်းပြည်သူ့ တရားရုံး၏ ဆုံးဖြတ်ချက်သည် မှားယွင်းသည်ဟု မဆိုသာပေ။ ထို့ကြောင့် ဤပြင်ဆင်မှုကို ပယ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးတင်အုံး တို့ရှေ့တွင်

† ၁၉၇၃
ဇွန်လ ၆ ရက်။

မောင်သန်း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

ရဲအချုပ်တွင် ရှိနေစဉ် ရပ်ရွာလူကြီးတဦးအား ပေးသော ဖြောင့်ဆိုဝန်ခံချက်ကို သက်သေခံအဖြစ်အသုံးပြုနိုင် မနိုင်—တရားခံတဦးအပေါ် ပြန်လည်ရုပ်သိမ်းသည့်ဖြောင့်ချက်တခုတည်းဖြင့်အပြစ်ပေးလျှင် တရား မျှတမှုနှင့်ကန်မှုရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုအား အသက် ၆ နှစ်အရွယ် မောင်စန်းငွေ သေဆုံးသည့်ကိစ္စနှင့်ပတ်သက်၍ ရဲအဖွဲ့မှ ဖမ်းဆီးသည်။ ၎င်းက ရပ်ကွက် လူကြီးတဦးအား ကလေးကို သတ်မိကြောင်း ဝန်ခံသည်။ ယင်းသို့ဝန်ခံချိန်တွင် အယူခံ တရားလိုသည် ရဲအချုပ်တွင်ရှိနေကြောင်း အငြင်းမထွက်သဖြင့် သက်သေခံဥပဒေပုဒ်မ ၂၆ အရ သက်သေခံအဖြစ် အသုံးမပြုနိုင်။ **ထပ်မံဆုံးဖြတ်ချက်။** ။ရာဇဝတ်ပြစ်မှုများတွင် တရားခံတဦးအပေါ် ပြန်လည်ရုပ်သိမ်းသည့် ဖြောင့်ချက်တခုတည်းဖြင့် အပြစ်ပေးလိုလျှင် ယင်းဖြောင့်ချက်အား အထောက်အကူပြုသည့် သက်သေခံချက်ရှိရန်လိုပေ သည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးသိန်းအောင်။

တရားသူကြီး ဦးသက်ဖေ။ ။ကျုံပျော်မြို့၊ နွယ်နီရိုးရွာနေ ဦးမောင်တင်နှင့် ဒေါ်ရွှေတို့၏သား အသက် ၆ နှစ်အရွယ် မောင်စန်းငွေသည် ၁၉၇၂ ခု၊ ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက်က နေအိမ်အနီး၌ ကစားနေရာမှ ပျောက်သွားသဖြင့် ရွာသားများနှင့် လိုက်လံရှာဖွေရာ ရွာအနီးစားကျက်ထဲတွင် ဒဏ်ရာများဖြင့် သေဆုံးနေသည့် မောင်စန်းငွေ၏ အလောင်းကို ပြန်တွေ့သည်။ မောင်စန်းငွေ ဝတ်ဆင်ထားသည့် ကျောက်နီ နားကပ်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရသည်။

---

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၁၀။

† ၁၉၇၂ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၉၉ တွင်ပြည်သူ့တရားရုံး၊ ကျုံပျော်မြို့တွင် ချမှတ်သောစီရင်ချက်ကိုမကျေနပ်၍အယူခံဝင်မှု။

၁၉၇၃ — မောင်သန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

မောင်စန်းငွေ သေဆုံးသည့် ကိစ္စနှင့်ပတ်သက်၍ ရဲအဖွဲ့မှ မောင်သန်းအား မသင်္ကာသဖြင့် ၁၉၇၂ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဖမ်းဆီးလိုက်သည်။ ၁၉၇၂ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ မောင်သန်းသည် ကျူံပျော်မြို့ (၁) ရာဘက် ရာဇဝတ် တရားသူကြီး ဦးစံချိန်ထံ ဖြောင့်ချက်ပေးခဲ့သည်။ ယင်းဖြောင့်ချက်အရ၊ မောင်သန်းအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂) အရ၊ ပြစ်ဒဏ်ထင်ရှား စီရင်ခဲ့ခြင်း ဖြစ်သည်။

မောင်သန်းက ဖြောင့်ချက်ကို ရဲများက နှိပ်စက်ညှဉ်းပန်းသဖြင့် သင်ကြားထားသည့်အတိုင်း ပေးခဲ့ရခြင်း ဖြစ်ပါသည်ဟု ရုံးတွင် ပြန်လည် ရုပ်သိမ်းခဲ့သည်။ မောင်သန်းအပေါ် ၎င်း၏ပြန်လည် ရုပ်သိမ်းခဲ့သော ဖြောင့်ချက်တခုသာလျှင် ငြိစွန်းသည့် သက်သေခံချက်ရှိသဖြင့် ယင်းဖြောင့်ချက်သည် ပြစ်ဒဏ်ထင်ရှား စီရင်ရန် ခိုင်မာလုံလောက်ခြင်း ရှိမရှိဆိုသော ပြဿနာကို စဉ်းစားရန်လိုသည်။

တရားခံ၏သည် ဖြောင့်ချက်ကို မိမိသဘောအတိုင်း ပေးသည့်အခါ ပေးသကဲ့သို့၊ အကြောင်းကြောင်းကြောင့် သဘောမတူပဲ ပေးရသည့်အခါမျိုးလည်း ရှိတတ်သဖြင့် လူသတ်မှုကဲ့သို့သော ကြီးလေးသည့် ရာဇဝတ်ပြစ်မှုများတွင် တရားခံတဦးအပေါ် ပြန်လည် ရုပ်သိမ်းသည့် ဖြောင့်ချက်တခုတည်းဖြင့် အပြစ်ပေးလိုလျှင် ယင်းဖြောင့်ချက်အား အထောက်အကူပြုသည့် သက်သေခံချက် ရှိရန်လိုပေသည်။ သို့မှသာ တရားမျှတ မှန်ကန်မှု ရနိုင်မည်ဖြစ်သည်။ ဖြောင့်ချက်တွင် မောင်သန်းက ကိုနေနံနက်၌ မင်္ဂလာဆောင်အိမ်မှ တဦးတည်း ပြန်လာသည်ဟု ဖော်ပြထားသော်လည်း မအေးချို က ၎င်း၏သား မောင်သန်းဦးကို ခေါ်သွားပြီး ပြန်ပို့ခဲ့ပါသည်ဟု ထွက်ဆိုထားသောကြောင့် ဖြောင့်ချက်ပါစကားရပ်နှင့် တကယ့်ဖြစ်ရပ်မှာ ကိုက်ညီသည်ဟု ဆိုချိန်ခဲယဉ်းသည်။ မောင်စန်းငွေ၏နားဆွဲ ပျောက်ဆုံးသွားသော်လည်း မောင်သန်းထံမှ ထိုနားဆွဲကို ပြန်လည်၍ မရရှိခဲ့ပေ။ မောင်သန်းက ရပ်ရွာလူကြီး ဦးသောင်းစိန်အား ကလေးကို သတ်မိကြောင်း ဝန်ခံသည်ဆိုသော အချက်နှင့် ပတ်သက်၍၊ ယင်းသို့ ဝန်ခံသည်ဆိုသော အခိုန့်တွင် မောင်သန်းသည် ရဲအချုပ်တွင် ရှိနေကြောင်း အငြင်းမသွက်သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၂၆ အရ သက်သေခံအဖြစ် အသုံးမပြုနိုင်။

အထက်ပါ အကြောင်းများကြောင့် မောင်သန်းအပေါ် ပြစ်ဒဏ်ထင်ရှား စီရင်ရန် ခိုင်မာလုံလောက်သည့် သက်သေခံချက် မရှိဟု ဆိုရမည် ဖြစ်သည့်အလျောက် မူလရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ပြီး မောင်သန်းအား ဤအမှုနှင့်ပတ်သက်၍ အပြီးအပြတ် လွတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးသန်းအောင် တို့ရှေ့တွင်

†၁၉၇၃

မတ်လ ၁၇ ရက်။

မအေးရီ

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

တရားသေလွတ်သော အမိန့်မှ အစိုးရကသာ အယူခံဝင်နိုင်သည်—ပြင်ဆင်မှု မတင်သွင်းနိုင် သည်ကို ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထား ခံရသူ မောင်မြင့်သိန်းအား မူလရုံးမှ ရာဇသတ်ပုဒ်မ ၄၁၇ အရပြစ်ဒဏ် စီရင်ခဲ့သည်။ ယင်းအမိန့်ကို အယူခံဝင်ရာ၊ အယူခံရုံးမှ မောင်မြင့်သိန်းအား တရားသေလွတ်ခဲ့သည်။ လျှောက်ထားသူ မအေးရီက တရားသေလွတ်သည့် အမိန့်ကို မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။ တရားသေလွတ်သည့် အမိန့်ကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ၊ အစိုးရကသာ အယူခံဝင်နိုင်သည်။ နစ်နာသူက အယူခံဝင်ပေးရန် အစိုးရထံသို့ချဉ်းကပ်ရမည်။ တရားရုံးချုပ်မှ ယင်းကိစ္စမျိုးတွင် ပြင်ဆင်မှုမတင်သွင်းနိုင်ကြောင်း ညွှန်ကြားထားသည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးအေးမောင် (ပန်းတနော်)။

လျှောက်ထားခံရသူအဘွက်။ ။

တရားသူကြီး ဦးသက်ဖေ။ ။ပဲခူးမြို့ ပဋ္ဌမရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင် မအေးရီက မောင်မြင့်သိန်းအပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၁၇ အရ အရေးယူရန် ဦးတိုက်လျှောက်ထားသဖြင့် ယင်းရုံးမှ သက်သေများကို ကြားနာပြီးနောက် မောင်မြင့်သိန်း အား အလုပ်နှင့် ထောင် တနှစ် ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မောင်မြင့်သိန်းက အယူခံဝင်ရာ ပဲခူးမြို့ တရားရေးဝန်ထမ်း အဆင့် (၂)ရုံးမှ မူလရုံး၏ အမိန့်ကို ပယ်ဖျက်ကာ မောင်မြင့်သိန်းအား တရားသေ လွတ်ခဲ့သည်။ ယင်းသို့

* ၁၉၇၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၈၅(ခ) ။

† ၁၉၇၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၄ တွင် ပဲခူးမြို့၊ ရာဘက် စက်ရှင်တရားသူကြီးရုံးမှ ၁၂-၇-၇၂ နေ့စွဲပါ အမိန့်ကို မကျေနပ်၍ ပြင်ဆင်ပေး ရန်လျှောက်ထားခြင်း။

တရားသေလွန်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် မအေးရီက ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

တရားခံတဦးအား တရားသေလွှတ်သည့် အမိန့်ကိုရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၇ အရ အစိုးရကသာ အယူခံဝင်နိုင်သည်။ အယူခံဝင်သင့် မသင့် ဆိုသည့်ကိစ္စကို အစိုးရကသာဆုံးဖြတ်ရသည်။ နစ်နာသူအနေဖြင့် တိုက်ရိုက်ရုံးသို့ မလာနိုင်။ အယူခံဝင်ပေးရန် အစိုးရထံသို့ ချဉ်းကပ်ရမည် ဖြစ်သည်။ တရားရုံးချုပ်မှလည်း ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၁၉၇၂ ခု၊ ဧပြီလ ၆ ရက်နေ့တွင် တရားခံအား တရားသေလွှတ်သော အမိန့်ကို ပယ်ဖျက်လိုပါက အစိုးရကသာ အယူခံဝင်ရမည်ဖြစ်ပြီး၊ ပြင်ဆင်မှုဖွင့်လှစ်၍ ဆောင်ရွက်ခြင်း မပြုနိုင်ကြောင်း ညွှန်ကြားလွှာ ထုတ်ခဲ့ပြီးဖြစ်သည်။ ၁၉၇၂ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၃ ကိုကြည့်ပါ။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို လက်ခံရန် အကြောင်းမရှိသဖြင့် ပယ်သည်။

စီရင်ထုံးပြုသောမှုခင်းများ

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

	စာမျက်နှာ
ခင်ညွန့်၊ ဒေါ် နှင့် အခွန်အရာရှိ ပါ ၂	၁
ခင်မောင်ကြီး၊ ဦး ပါ ၂ နှင့် { ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ် (ယခင်နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်)	၆
တန်တိတ်လရောင်း ပါ ၃ နှင့် ပြည်သူ့ဘဏ် အမှတ် ၁၁/၁၂	၈
ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ စက်မှုလယ်ယာ ဦးစီးဌာန၊ ဦးတင့်လွင်၊ မြို့နယ်ဦးစီးမှူး } နှင့် မခင်ထွေး	၁၂
မာမွတ်ရာကွတ် မန်ဆာ နှင့် အယွတ်အစ္စမေ (လ်) အာတီးယား ပါ ၁၆	၁၅

ကိုးကားသောမှုခင်းများ

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

စာမျက်နှာ

ပတေး၊ အေး၊ အာ (ရ်)၊ အမ်၊ ပါ ၃ နှင့် အမြတ်ခွန်ဌာန၊ အခွန်အရာရှိ ၁၉၆၄၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁ .... ၅

စိန်ရတနာ ပိုးယက်ကန်းစက်လီမိတက်နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး၊ ၁၉၆၉၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅ .... ၅

ညွှန်းချက်

နိုင်ငံတော်တရားရုံးချုပ်၏

တရားမမှုများ

စာမျက်နှာ

အက်ဥပဒေများ— ၁

တရားမကျင့်ထုံး။
အစုစပ်လုပ်ခြင်း အက်ဥပဒေ။
အမွေဆက်ခံခြင်းအက်ဥပဒေ။
အလုပ်သမားလျော်ကြေးအက်ဥပဒေ။
အောက်မြန်မာပြည်မြေနှင့်အခွန်အက်ဥပဒေ။

တကြိမ်တခါကအစုစပ်ဝင်တယောက်ဖြစ်ခဲ့သော်လည်း ယင်းအစုစပ်လုပ်ငန်းက ငွေချေးယူစဉ် အခါ၌ အစုစပ်ဝင်မဟုတ်တော့သောသူသည်၊ ယင်းအစုစပ်ဝင် လုပ်ငန်းက ချေးယူသောငွေများကိုပေးဆပ်ရန်တာဝန်မရှိ။ ။ဆုံးဖြတ်ချက်။ ။ပြည်သူ့ဘဏ်မှ အစုစပ်လုပ်ငန်းအတွက် ချေးယူ ထားသော ငွေများကို တောင်းဆိုသော်လည်း ပေးဆပ်ခြင်း မရှိ၍ တရားရုံးချုပ် မူလဘက်ဌာနတွင် တရားစွဲသည်။ အယူခံတရားလိုတို့သည် ယင်းလုပ်ငန်းတွင် ၁၉၅၀ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက နေ့က အစုရှင်များအဖြစ် ပါဝင်ခဲ့သော်လည်း ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်တွင် အစုရှင်များ အဖြစ်မှ နုတ်ထွက်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ၁၉၅၆/၅၇ ခုနှစ်၊ တွင် လုပ်ငန်းအတွက် ချေးယူခဲ့သည့် ငွေများအတွက် ပေးဆပ်ရန် တာဝန်မရှိပါဟု ထုချေကြသည်။ အစုစပ်လုပ်ငန်းမှ ၎င်းတို့ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် နုတ်ထွက်ခဲ့ကြောင်းမှာလည်း သက်သေခံ အထောက်အထား အရ ထင်ရှားသည်။ သို့ဖြစ်ရာ အစုစပ်ဥပဒေပုဒ်မ ၄၅ (၁)၏ ခြွင်းချက်အရ၊ အစုစပ်လုပ်ငန်းမှာ ၁၉၅၆/၅၇ ခုနှစ်တွင် ချေးငှားခဲ့သည့် ငွေများအတွက် ၎င်းတို့အပေါ် တာဝန်ရှိသည်ဟု ယူဆခြင်းမပြုနိုင်ပေ။

တန်တိတ်လရောင်းပါ ၃ နှင့် { **ပြည်ထောင်စုမြန်မာနိုင်ငံ** (ပြည်သူ့ဘဏ်အမှတ် ၁၁/၁၂) ....

တရားပြိုင်အဖြစ် ထည့်သွင်းခြင်းခံရသော ပြည်သူ့ဝန်ထမ်း အပေါ် တရားမကျင့်ထုံး ပုဒ်မ ၈၀ အရအကြောင်းကြားစာ မပေးဘဲ တရားစွဲဆိုမှုပြုနိုင် မပြုနိုင်ဟူသော အချက်ကိုဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် အလုပ်သမားများနှင့်ပဋိပက္ခဖြစ်ပွားရာ၊ ဗဟိုဝါဏိဇ္ဇ ပဋိပက္ခ ကော်မတီကအလုပ်သမားများအား လျော်ကြေးငွေ ပေးဆောင်ရမည်ဟု ညွှန်ကြားခဲ့သော်လည်း ပေး

စာမျက်နှာ

ဆောင်ခြင်းမပြုသဖြင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးအရာရှိက အောက်မြန်မာပြည် မြေနှင့် အခွန်အကောက်ဥပဒေပုဒ်မ ၄၅ အရ အခွန်အရာရှိအဖြစ် အရေးယူကာ အယူခံတရားလို၏ အိမ်ကို ဝါရမ်းကပ်ခဲ့သည်။ အယူခံတရားလို၏ ဇနီးက မိမိသည် ဝါရမ်းကပ်ထားသော အိမ်ကို ထက်ဝက်ပိုင်ဆိုင်သူဖြစ်သဖြင့် မိမိ၏ ပိုင်ဆိုင်ခွင့်ကို ဝါရမ်းကပ်၍ လေလံတင်ရောင်းချခြင်းမပြု နိုင်ကြောင်း၊ မြွက်ဟပေးရန်၊ အခွန်အရာရှိအား တရားပြိုင်အဖြစ် ထည့်သွင်းပြီး တရားစွဲဆိုခဲ့သည်။ အခွန်အရာရှိသည် အစိုးရဝန်ထမ်း တဦး ဖြစ်သဖြင့် တရားမကျင့်ထုံးပုဒ်မ ၈၀ အရ နို့တစ်စာ မပေးခဲ့သဖြင့် တရားစွဲဆိုခြင်းပြုနိုင် မပြုနိုင် ဟူ၍ပြဿနာပေါ် ပေါက်သည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ ပြဋ္ဌာန်းချက်အရဆိုလျှင် ပြည်သူ့ဝန်ထမ်းအပေါ် ရာဇဝတ်အလျောက် ဆောင်ရွက်ရသည့် ပြုလုပ်မှုနှင့် ပတ်သက်၍ တရားမကြီးမှုစွဲဆိုလျှင်နှစ်လကြိုတင်ပြီးနို့တစ်စာပေးရန်လိုသည်ဟု အတိအကျ ပြဋ္ဌာန်းချက်ရှိသည်။**ထပ်မံဆုံးဖြတ်ချက်**။ ။ပုဒ်မ ၈၀ တွင်သော်လည်းကောင်း၊ အမိန့် ၂၁၊ နည်းဥပဒေ ၆၃ တွင်သော်လည်းကောင်း၊ ပစ္စည်းကိုဝါရမ်းခွာပေးရန် လျှောက်ထားရာ၌၊ ရှုံးနိမ့်သူက ပြည်သူ့ဝန်ထမ်းအပေါ် တာဝန်အရ ဆောင်ရွက်မှုအတွက် တရားစွဲလျှင် ကြိုတင်နို့တစ်စာပေးရန် မလိုဟု ပြဋ္ဌာန်းခြင်းမရှိပါဘဲလျက် နို့တစ်စာပေးရန်မလိုဟု ဆုံးဖြတ်လျှင်၊ ဥပဒေတွင် မပါသောစကားကို ဖြည့်စွက်ရာရောက်သည်။ တရားရုံး၌ ဥပဒေပြုရန် အာဏာမရှိပေ။ ထို့ကြောင့် တရားမကျင့်ထုံးပုဒ်မ ၈၀ အရ အကြောင်းကြားစာ မပေးဘဲ ပြည်သူ့ဝန်ထမ်း အပေါ် တရားစွဲဆိုမှုမပြုနိုင်။**အော၊အာရ်၊အမ်၊ပတေးပါ(၃)နှင့် အမြုတ်ခွန်ဌာန၊ အခွန်အရာရှိ ၁၉၆၄ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၁၊ နှင့် စိန်ရတနာပိုးယက်ကန်းစက် လီမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ၁၉၆၉ ခု၊ မြန်မာပြည်စီရင်ထုံး** ၂၀၅ တို့ကိုရည်ညွှန်းသည်။

ဒေါ်ခင်ညွန့် နှင့် { **၁။ အခွန်အရာရှိ (အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေးအရာရှိ)မအူပင်မြို့။** **၂။ ဦးရွှေတူ** ၁

အပေါင်အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်ထားသော အမှုတွင် အရစ်ကျပေးဆပ်ခွင့် မပြုနိုင်ပေ။ အပေါင်ခံသူ ရရန်ရှိသော ငွေကို စစ်ဆေးသတ်မှတ်ပေးရမည်ကို **ဆုံးဖြတ်ခြင်း**။ ။**ဆုံးဖြတ်ချက်**။ ။အပေါင် အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်ထားသော အမှုတွင် အရစ်ကျ ပေးဆပ်ခွင့်မပြုနိုင်ပေ။ အပေါင်ခံသူ ရရန်ရှိသော ငွေကိုတရားမကျင့်ထုံး အမိန့် ၃၄ နည်းဥပဒေ ၇ အရ စုံစမ်းစစ်ဆေးပြီးသတ်မှတ် ပေးရမည်။

ဦးခင်မောင်ကြီး } **နှင့်** { **ပြည် ထောင် စု မြန် မာ နိုင် ငံ ပြည် သူ့ ဘဏ် (ယခင် နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်)** ၆
ဒေါ်ခင်ထွေး }

အခမ့်မှုတွင်သေသူပစ္စည်းကို တရားရုံးကစီမံခန့်ခွဲပေးရန်စွဲဆိုရာတွင် အမွေဆိုင်တဦးက ပြုလုပ်ခဲ့သောစွန့်လွှတ်စာတမ်းသည် ပျက်ပြယ်ခြင်းရှိမရှိနှင့်အကျိုးသက်ရောက် မှုရှိမရှိကိုထည့်သွင်းဆုံးဖြတ်နိုင်သည်။ တသီးတခြား တရားတထုံးစွဲရန်မလို။ ။ **ဆုံးဖြတ်ချက်**။ ။ရာကွတ်အာမက်မန်ဆာ မသေမီက သေတမ်းစာ ရေးပြီးအမွေ ထိန်းများ ခန့်ထားခဲ့သည်။ အခမ့်ထိန်းများအား မာမွတ်ရာကွတ်မန်ဆာ ဥာပါ ၀
အဝင် အခမ့်ဆိုင်လေးဦးက အခမ့်ပစ္စည်းများနှင့်ပတ်သက်သည့်စွန့်လွှတ်စာတမ်း

စာမျက်နှာ

တခုချုပ်ဆိုပေးခဲ့သည်။ မူလရုံးတွင် မာမွတ်ရာကွတ်မန်ဆာက စွန့်လွှတ်စာတမ်းကိုဖြားယောင်း ချုပ်ဆိုခိုင်း၍ တရားဝင် စာတမ်းမဟုတ်သည့်ပြင် သေသူ၏ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်သာ သက်ဆိုင်ပြီး မရွှေ့ပြောင်းနိုင်သောပစ္စည်းများမပါဝင်သေးသောကြောင့် အမွေခွဲပေးစေလိုမှုစွဲနိုင်သည် ဟုတင်ပြသည်။အမွေထိန်းနှင့် တရားပြိုင် အမွေဆိုင်များက စွန့်လွှတ်စာတမ်းသည် တရားဝင်စာချုပ်စာတမ်းဖြစ်၍ ယင်းစာတမ်းသည် ပျက်ပြယ်ကြောင်း မြွက်ဟ ကြေငြာချက်မရှိသေးဘဲ တရားလိုသည် အမွေခွဲဝေ ပေးစေလိုမှု မစွဲနိုင်ပါဟု ထုချေသည်။ မူလရုံးက တရားပြိုင်တို့၏ ထုချေချက်ကိုလက်ခံကာ တရားလို၏ အမှုကို ပယ်လိုက်သည်။ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့၏ တင်ပြချက်များကို ဤအမှုတွင် တပြိုင်တည်း ကြားနာစစ်ဆေး ဆုံးဖြတ်နိုင်သည်။ စွန့်လွှတ်စာတမ်းကို ပျက်ပြယ်ကြောင်းမြွက်ဟပြီး ဖျက်သိမ်းပေးရန် တရားတထုံးစွဲဆိုရန်မလိုပေ။

မာမွတ်ရာကွတ်မန်ဆာ နှင့် အယွတ်အစ္စမေလ်အာတီးယားပါ ၁၆ .... ၁၅

အလုပ်သမား တယောက်သည် မိမိလုပ်ကိုင်သော အလုပ်မှ ပေါ်ပေါက်သောကိစ္စတရပ်ကို ဆောင်ရွက်လုပ်ကိုင်စဉ် မတော်တဆထိခိုက် ဒဏ်ရာရရှိပြီး သေဆုံးခြင်းမဟုတ်၍ အလုပ်သမားလျော်ကြေး ဥပဒေအရ အလုပ်ရှင်က လျော်ကြေးပေးရန်တာဝန်မရှိ။ သို့ဖြစ်၍ ထွန်စက်မောင်းသူ(အလုပ်သမား)သည် ရောဝတီမြစ်ထဲတွင် ရေချိုးနေကြစဉ် ရေနစ်သေဆုံးသည့်အတွက် အလုပ်ရှင်က လျော်ကြေးပေးရန်တာဝန် မရှိသည်ကို ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံ တရားခံသည် စက်မှုလယ်ယာ ဦးစီးဌာနမှ လက်ထောက် ထွန်စက်မောင်း ဖြစ်သည်။ ထွန်စက်အားပြင်ဆင်ထိန်းသိမ်းမှုများ ပြုလုပ်ပြီးနောက် နံနက် ၉ နာရီအချိန်တွင် အခြားစက်မောင်းသမားများနှင့် ထွန်စက်စခန်းနှင့် ၂ ဖါလုံခန့်ဝေးသည့်ရောဝတီမြစ်ဆိပ်သို့ သွားရောက်၍ ရေချိုးရင်း ရေထဲကျပြီး ရေနစ်သေဆုံးခဲ့သည်။ စက်မှုလယ်ယာ ဦးစီးဌာနက ရေချိုးအဝတ်လျှော်ရင်း ပုဆိုးရေထဲကျသွား သဖြင့် ပုဆိုးလိုက်ဆယ်ရာမှ ရေထဲကျကာ သေဆုံးရခြင်းဖြစ်၍ တာဝန် ထမ်းဆောင်စဉ်သေဆုံးခြင်း မဟုတ်၍ လျော်ကြေးပေးရန် တာဝန်မရှိဟု ထုချေသည်။ အလုပ်သမား လျော်ကြေး စီစစ်ရေး ကော်မတီကမူ အလုပ်နှင့် ဆက်စပ်ကာ အလုပ်ကိုအကြောင်းပြု၍ သေဆုံးရခြင်းဖြစ်သဖြင့် လျော်ကြေး ပေးဆောင်ရန် ညွှန်ကြားသည်။သို့ဖြစ်၍ ယင်းအမိန့်ကို စက်မှုလယ်ယာဦးစီးဌာနမှ မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။ အယူခံတရားခံသည် ထွန်စက်ပြင်ဆင် ထိန်းသိမ်းမှု ပြုလုပ်ရာ စက်ဆီများ အညစ်အကြေးများ ပေကျံပေသည်။ သို့ရာတွင် နံနက် ၉ နာရီအချိန်မှာ လုပ်ငန်းတာဝန်ပြီးဆုံးသည့် အချိန်လည်း မဟုတ်နိုင်သေးသဖြင့် ကိုယ်လက်သုတ်သင် သန့်စင်ခြင်း မပြုဘဲ မနေနိုင်သည့် အချိန်ဖြစ်သည်ဟုဆိုရန်ခဲယဉ်းသည့်အပြင် ရေဆင်းချိုးခြင်းသည် ထွန်စက်မောင်းသည့် အလုပ်နှင့် ဆက်စပ်နေသည်ဟု မဆိုနိုင်။ ရေနစ်သေဆုံးရခြင်းမှာလည်း ရေချိုးရင်း မဟုတ်ဘဲ ပုဆိုးရေထဲကျသွားသည်ကို လိုက်ဆယ်ရင်းရေနစ်ခြင်းဖြစ်၍ အလုပ်ရှင်က လျော်ကြေးပေးရန်တာဝန်မရှိပေ။

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ စက်မှု လယ်ယာ ဦးစီးဌာန၊ ဦးတင့်လွင်၊ မြို့နယ် ဦးစီးဌာနမှူး။ } နှင့် မခင်ထွေး ၁၂

နိုင်ငံတော်တရားရုံးချုပ်

တရားမမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးတင်အုံး တို့ရှေ့တွင်

ဒေါ်ခင်ညွန့် နှင့် { ၁။ အခွန်အရာရှိ (အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး အရာရှိ) မအူပင်မြို့ *
၂။ ဦးရွှေတူ * }

† ၁၉၇၃
ဇန်နဝါရီလ ၉ ရက်။

တရားပြိုင်အဖြစ် ထည့်သွင်းခြင်းခံရသော ပြည်သူ့ဝန်ထမ်းအပေါ် တရားမကျင့်ထုံးပုဒ်မ ၈၀ အရ အကြောင်းကြားစာ မပေးဘဲ တရားစွဲဆိုမှုပြုနိုင် မပြုနိုင်ဟူသော အချက်ကို ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် အလုပ်သမားများနှင့် ပဋိပက္ခဖြစ်ပွားရာ၊ ဗဟိုဝါဏိဇ္ဇ ပဋိပက္ခကော်မတီက အလုပ်သမားများအား လျော်ကြေးငွေ ပေးဆောင်ရမည်ဟု ညွှန်ကြားခဲ့သော်လည်း ပေးမဆောင်ခြင်းမပြုသဖြင့် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးအရာရှိက အောက်မြန်မာပြည်/မြေနှင့် အခွန်အက်ဥပဒေပုဒ်မ ၄၅ အရ အခွန်အရာရှိအဖြစ် အရေးယူကာ အယူခံတရားလို၏ အိမ်ကိုဝါရမ်းကပ်ခဲ့သည်။ အယူခံတရားလို၏ ဇနီးက မိမိသည် ဝါရမ်းကပ်ထားသောအိမ်ကို ထက်ဝက် ပိုင်ဆိုင်သူဖြစ်သဖြင့် မိမိ၏ ပိုင်ဆိုင်မှုကို ဝါရမ်းကပ်၍ လေလံတင်ရောင်းချခြင်း မပြုနိုင်ကြောင်း မြွက်ဟပေးရန် အခွန်အရာရှိအား တရားပြိုင်အဖြစ် ထည့်သွင်းပြီး တရားစွဲဆိုခဲ့သည်။ အခွန်အရာရှိသည် အစိုးရဝန်ထမ်း တဦးဖြစ်သဖြင့် တရားမကျင့်ထုံးပုဒ်မ ၈၀ အရ နို့တစ်စာ မပေးခဲ့သဖြင့် တရားစွဲဆိုခြင်းပြုနိုင်၊ မပြုနိုင်ဟူ၍ ပြဿနာပေါ်ပေါက်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၀ ပြဋ္ဌာန်းချက်အရဆိုလျှင်၊ ပြည်သူ့ဝန်ထမ်းအပေါ် ရာထူးအလျောက် ဆောင်ရွက်ရသည့်ပြုလုပ်မှုနှင့် ပတ်သက်၍ တရားမကြီးမှု စွဲဆိုလျှင် နှစ်လကြိုတင်ပြီး နို့တစ်စာ ပေးရန်လိုသည်ဟု အတိအကျ ပြဋ္ဌာန်းချက်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ပုဒ်မ ၈၀ တွင်သော်လည်းကောင်း၊ အမိန့် ၂၁၊ နည်းဥပဒေ ၆၃ တွင်သော်လည်းကောင်း၊ ပစ္စည်းကို ဝါရမ်းခွာပေးရန် လျှောက်ထားရာ၌၊ ချုံးနိမ့်သူက ပြည်သူ့ဝန်ထမ်း အပေါ် တာဝန် အရ ဆောင်ရွက်မှုအတွက် တရားစွဲလျှင် ကြိုတင် နို့တစ်စာပေးရန် မလိုဟု ပြဋ္ဌာန်းခြင်း မရှိပါဘဲလျက် နို့တစ်စာပေးရန်မလိုဟု ဆုံးဖြတ်လျှင်

* ၁၉၇၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၃။

† ၈၉၇၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် မအူပင်မြို့၊ ရာဘက်ခရိုင်တရားမ တရားသူကြီးရုံး၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၃ — ဒေါ်ခင်ညွန့်နှင့် ၁။ အခွန်အရာရှိ (အလုပ်ရှင်နှင့်အလုပ်သမားဥပဒေစစ်ဆေးရေးအရာရှိ) မအူပင်မြို့။ ၂။ ဦးရွှေတူ။

ဥပဒေတွင်မပါသောစကားကို ဖြည့်စွက်ရာ ရောက်သည်။ တရားရုံး၌ ဥပဒေပြုရန် အာဏာမရှိပေ။ ထို့ကြောင့် တရားမကျင့်ထုံးပုဒ်မ ၇၀ အရ အကြောင်းကြားစာ မပေးဘဲ ပြည်သူ့ဝန်ထမ်းအပေါ် တရားစွဲဆိုမှုမပြုနိုင်။ **အေ အာရ် အမ် ပတေးပါ(၃)နှင့်အမြတ်ခွန်ဌာနအခွန်အရာရှိ ၁၉၆၄ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၁၊ နှင့်ဒိန်ရတနာပိုးယက်ကန်းစက်လီမိတက်နှင့် ကုန်သွယ်လုပ်ငန်းဝန်ကြီး ၁၉၆၉ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၂၀၅** တို့ကိုရည်ညွှန်းသည်။

အယူခံတရားလို အတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးအေးမောင် (ပန်းတနော်)။

အယူခံတရားခံ အတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးသာဟိန်း။

တရားသူကြီး ဦးသက်ဖေ။ ။မအူပင်မြို့၊ မစိန်ညွန့်ဆေးလိပ်ခုံပိုင်ရှင် ဦးရွှေတူသည် အလုပ်သမားများနှင့် ပဋိပက္ခဖြစ်ပွားရာ၊ မြို့နယ်အလုပ်သမား ကြီးကြပ်ရေးအဖွဲ့က ဖြန်ဖြေသော်လည်း မအောင်မြင်သဖြင့် ယင်းပဋိပက္ခမှုသည် မအူပင်မြို့ဝါဏိဇ္ဇပဋိပက္ခကော်မတီအမှတ် (၁) သို့ ရောက်ရှိခဲ့သည်။ ယင်းကော်မတီ၏ အမှုအမှတ် ၁/၇၀ တွင်ချမှတ်သောအမိန့်ကို အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦးစလုံးကမကျေနပ်ကြသဖြင့် ရန်ကုန်မြို့ ဝါဏိဇ္ဇပဋိပက္ခ အယူခံကော်မတီသို့ အယူခံဝင်ကြရာ အယူခံကော်မတီ၏ ဆုံးဖြတ်ချက်ကို နှစ်ဦးနှစ်ဖက်စလုံးက မကျေနပ်ကြပြန်၍၊ ဗဟိုဝါဏိဇ္ဇပဋိပက္ခကော်မတီသို့ အယူခံဝင်ရောက်ကြသည်။ ဗဟိုဝါဏိဇ္ဇပဋိပက္ခကော်မတီက ဆုံးဖြတ်ချက်ချမှတ်ရာတွင် မစိန်ညွန့်ဆေးလိပ်ခုံပိုင်ရှင် ဦးရွှေတူသည်အလုပ်သမားများအား လျော်ကြေးငွေအဖြစ် ငွေပေါင်း ၁၅၄၁၆ ကျပ် ပေးဆောင်ရမည်ဟုညွှန်ကြားခဲ့သည်။

သို့ရာတွင်ဦးရွှေတူက ထိုငွေများကို ပေးဆောင်ခြင်း မပြုသဖြင့် အလုပ်သမားများ၏တောင်းဆိုချက်အရ မအူပင်မြို့၊ အလုပ်ရှင်နှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးအရာရှိသည် အောက်မြန်မာပြည် မြေနှင့်အခွန် အက်ဥပဒေပုဒ်မ ၄၅ အရ အခွန်အရာရှိအဖြစ် အရေးယူကာ ဦးရွှေတူလက်ရှိဖြစ်သည့် မအူပင်မြို့ ဂ လမ်းအမှတ် ၂၆ ရှိအိမ်ကိုဝါရမ်းကပ်ခဲ့သည်။

ထိုအခါဦးရွှေတူ၏ ဇနီးဒေါ်ခင်ညွန့်က မိမိနှင့်ဦးရွှေတူတို့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအကြင်လင်မယားဖြစ်ကြ၍ ဝါရမ်းကပ်ထားသောအိမ်ကို ထက်ဝက်ပိုင်ဆိုင်သောကြောင့်မိမိ၏ အစုဖြစ်သည့် ထက်ဝက်ပိုင်ဆိုင်မှုအပေါ် ဝါရမ်းခွာပေးရန်လျှောက်ထားရာ၊ အခွန်အရာရှိက ခွင့်မပြုသဖြင့် ဒေါ်ခင်ညွန့်သည် မအူပင်မြို့ ယခင်ရာဘက်ခရိုင်တရားမရုံးတွင် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရမိမိ၏ပိုင်ဆိုင်ခွင့်ကို ဝါရမ်းကပ်၍ လေလံတင်ရောင်းချခြင်း မပြုနိုင်ကြောင်း မြွက်ဟပေးရန် တရားစွဲဆိုခဲ့သည်။ ဒေါ်ခင်ညွန့်က စွဲဆိုသည့် အမှုတွင် မအူပင်မြို့

၁၉၇၃

ဒေါ်ခင်ညွန့် နှင့် ၁။ အခွန်အရာရှိ (အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေးအရာရှိ) မအူပင်မြို့။ ၂။ ဦးရွှေတူ။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဌာနခွဲ၊ အခွန်အရာရှိအား တရားပြိုင် အဖြစ်ကညွှန်းသွင်းထားသဖြင့်၊ အခွန်အရာရှိက ၎င်းအပေါ်၌ တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ နို့တစ်စာမပေးခဲ့သဖြင့် တရားစွဲဆိုခြင်း မပြုနိုင်ပါဟု ထုချေခဲ့သည်။ ထို့ပြင်၊ တရားစွဲဆိုပြီးသည့် နောက်ပိုင်း၌ ဗဟိုဝါဏိဇ္ဇပဋိပက္ခ ကော်မတီမှ အိမ်ငှားနှင့်ဆေးလိပ်ခုံပိုင်ရှင်ဆိုသည်မှာ ဦးရွှေတူနှင့် ဇနီးဒေါ်ခင်ညွန့်တို့ ဖြစ်ကြသည် ဟု ရှင်းလင်းသတ်မှတ်လိုက်သောကြောင့် တရားပြိုင်အခွန်အရာရှိက ဒေါ်ခင်ညွန့် သည်ဝါရမ်းကပ်သောအိမ်ကို ပိုင်ဆိုင်သည်ဆိုစေဦး၊ ဗဟိုဝါဏိဇ္ဇပဋိပက္ခ ကော်မတီမှ သတ်မှတ်ခဲ့သောအမိန့်အရ ဝါရမ်းကပ်ပြီး ရောင်းချရန် ဆောင်ရွက်ခြင်းသည် ဥပဒေနှင့် ညီညွတ်ပါသည်ဟုထပ်ဆင့်ထုချေခဲ့သည်။

ထို့ကြောင့်မူလရုံးမှ အောက်ပါပဏာမ ကောက်ချက်များကို ထုတ်နုတ်ခဲ့သည်။

ပဏာမကောက်ချက်

၁။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ အရ တရားလိုသည် အစိုးရဝန်ထမ်း တဦးဖြစ်သူ (၁) တရားပြိုင် ဦးကျော်စိန်အား နို့တစ်စာပေးရန်ပျက် ကွက်သဖြင့် ဤအမှုကို လက်ခံစစ်ဆေးနိုင်ခွင့် ရှိပါသလား။

၂။ (က) ဗဟိုဝါဏိဇ္ဇ ပဋိပက္ခမှု ကော်မတီ၏ ၁၉၇၀ ခု၊ ဩဂုတ်လ ၆ ရက်နေ့စွဲပါ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဦးရွှေတူ၊ ဒေါ်ခင်ညွန့်တို့သည် ပိုင်ရှင်အဖြစ် သတ်မှတ်ကြောင်း၊ ၁၉၇၁ ခု၊ စက်တင်ဘာလ ၉ ရက်နေ့ ပါရှင်းလင်းချက်သည် ဤအမှုနှင့် သက်ဆိုင်ခြင်းရှိပါသလား။
(ခ) ရှိပါလျှင်၊ ဤအမှုကို တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ပါသေး သလား။

ယင်းကောက်ချက်များနှင့် ပတ်သက်၍ နှစ်ဖက်လျှောက်လဲချက်များကို ကြားနာပြီးနောက် မူလရုံးမှ တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ နို့တစ်စာပေးရန် ပျက်ကွက်သဖြင့် တရားစွဲဆိုခြင်း မပြုနိုင်ပါ။ ၁၉၇၁ ခု၊ စက်တင်ဘာလ ၉ ရက်နေ့ပါ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှု ကော်မတီ၏ ရှင်းလင်းချက်အရ ယင်းကော်မတီ၏ဆုံးဖြတ် ချက်သည် ဦးရွှေတူသာမက ဒေါ်ခင်ညွန့်အပေါ်၌လည်း အတည်ဖြစ်နေသောကြောင့် ဒေါ်ခင်ညွန့်သည် တရားစွဲဆိုခွင့်မရှိပါဟု ဆုံးဖြတ်ပြီး စွဲဆိုသောအမှုကို ပယ်လိုက် သဖြင့် ဒေါ်ခင်ညွန့်က ဤအယူခံတင်သွင်းလာခြင်း ဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေ ဦးအေးမောင်က တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ၊ စွဲဆိုသောအမှုသည် ယင်းအမိန့်၏ နည်းဥပဒေ ၅၈

၁၉၅၄

ဒေါ်ခင်ညွန့် နှင့် ၁။ အခွန်အရာရှိ (အလုပ်ရုံနှင့်အလုပ်သမား ဥပဒေ စစ်ဆေးရေး အရာရှိ) မအူပင်မြို့။ ၂။ ဦးရွှေတူ။

ဒေရအရေးသူသည့် အမှုမှတဆက်တည်း ဖြစ်ပေါ်လာသည့် အမှုဖြစ်၍ တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၈၀ အရ နို့တစ်စာပေးရန် မလိုပါဟုတင်ပြကာ နိုင်ငံခြား စီရင်ထုံးအချို့ကိုတင်ပြသွားသည်။ နိုင်ငံခြားစီရင်ထုံးများတွင် အလားတူအမှ မျိုး၌ပုဒ်မ ၈၀ အရ နို့တစ်စာပေးရန်မလိုဟု အချို့ကယူဆထားကြသလို နို့တစ်စာ ပေးပြီးမှသာ တရားစွဲဆိုနိုင်သည်ဟု အချို့က ဆုံးဖြတ်ထားကြသည်။ သို့ဖြစ်ရ ယင်းပြဿနာကိုဆုံးဖြတ်ရန်အလို့ငှာ သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ဆန် စစ်ရန်လိုမည်ဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၀ မှာဤသို့ဖြစ်သည်—

"80. No suit shall be instituted against the Governmen or against a public officer in respect of any act purportin to be done by such a public officer in his official capacit until the expiration of two months next after notice in writin has been delivered or left at the office of—

(*a*) in the case of any suit against the Government, Secretary to the Government or the Collector of th District, and

(*b*) in the case of a suit against a public officer, the offic against whom the suit is brought,

stating the cause of action, the name, description and place residence of the plaintiff and the relief which he claim and the plaint shall contain a statement that such notice been so delivered or left ;

Provided that if at the date of the coming into operati of the Constitution any legal proceedings are pending to wh the Government of Burma is a party, the Union of Burma be substituted in those proceedings for the Governme Burma."

ယင်းပြဋ္ဌာန်းချက်အရ၊ အဆိုပါပြည်သူ့ဝန်ထမ်းအပေါ် ရာထူးအ ဆောင်ရွက်ရသည့် ပြုလုပ်မှုနှင့်ပတ်သက်၍ တရားမကြီးမှုစွဲဆိုလျှင် နှစ်လကြို နို့တစ်စာပေးရန်လိုသည်။ နို့တစ် ာမပေးလျှင် တရားစွဲဆိုခြင်း မပြုရ အလင်းပိတ်ပင်ထားသည်။

၁၉၇၃

ဒေါ်ခင်ညွန့်
နှင့်
၁။ အခွန်အရာရှိ
(အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး အရာရှိ)
မအူပင်မြို့။
၂။ ဦးရွှေတူ ။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ မှာအောက်ပါအတိုင်း ဖြစ်သည်။

"63. Where a claim or an objection is preferred the party against whom an order is made may institute a suit to establish the right which he claims to the property in dispute, but, subject to the result of such suit, if any, the order shall be conclusive."

ထိုပြဋ္ဌာန်းချက်အရဆိုပါမူ၊ ကန့်ကွက်ချက်တင်ပြ၍ အောင်မြင်ခြင်းမရှိလျှင် ရှုံးနိမ့်သူသည်၎င်း၏ ပိုင်ဆိုင်ကြောင်းကို ထင်ရှားအောင် တရားမကြီးမှု စွဲဆိုရမည် ဖြစ်သည်။ ထိုကဲ့သို့စွဲဆိုသည့် အခါ ပုဒ်မ ၇၀ အရ နို့တစ်စာပေးရန်မလိုဟု ဆိုသောခြွင်းချက်တစုံတရာမရှိပေ။ ပုဒ်မ ၇၀ သည် တိကျစွာ လိုက်နာရသည့် ပြဋ္ဌာန်းချက် တခုဖြစ်သည်။ **အေ၊ အာရ်၊ အမ်၊ ပတေး နှင့် အမြတ်ခွန် ဌာန၊ အခွန်အရာရှိ** (၁) တို့အမှုကိုကြည့်ပါ။ ပုဒ်မ ၇၀ တွင်သော်၎င်း၊ အမိန့် ၂၁၊ နည်းဥပဒေ ၆၃ တွင်သော်၎င်း၊ ပစ္စည်းကိုဝါရမ်းခွာပေးရန် လျှောက်ထားရာ၌ ရှုံးနိမ့်သူက ပြည်သူ့ဝန်ထမ်းအပေါ် တာဝန်အရ ဆောင်ရွက်မှုအတွက် တရားစွဲဆိုလျှင် ကြိုတင်နို့တစ်စာပေးရန်မလိုဟု ပြဋ္ဌာန်းထားခြင်းမရှိဘဲလျက် နို့တစ်စာပေးရန်မလိုဟုဆုံးဖြတ်လျှင် ဥပဒေတွင်မပါသော စကားကို ဖြည့်စွက်ရာ ရောက်မည်။ ထိုနည်းဆိုရသော် ဥပဒေပြုရာ ရောက်မည်ဖြစ်သည်။ ထိုကဲ့သို့ပြုရန် တရားရုံး၌ အာဏာ မရှိပေ။ **စိန်ရတနာ ပိုးယက်ကန်းစက် လီမီတက်နှင့်ကုန်သွယ်ရေးလုပ်ငန်းခွန်မင်းကြီး** (၂) တို့အမှုကိုကြည့်ပါ၊ ထိုကြောင့် တရားမကျင့်ထုံး ပုဒ်မ ၇၀ အရ နို့တစ်စာ မပေးဘဲ တရားစွဲဆိုခြင်း မပြုနိုင်ဆိုသည့် မူလရုံး၏ ဆုံးဖြတ်ချက်သည် မှန်ကန် သည်ဟုကျွန်ုပ်တို့ယူဆသည်။ သို့ဖြစ်ရာ ဒုတိယပြဿနာကို ဝေဘန်သုံးသတ်ရန် လိုမည်မဟုတ်တော့ပေ။

အထက်ပါ အကြောင်းများကြောင့် ဤအယူခံကို တရားစရိတ်နှင့် တကွ ပယ် လိုက်သည်။ အယူခံတရားပြိုင် (၁) ၏ ရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။

(၁) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁။
(၂) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၀၅။

နိုင်ငံတော်တရားရုံးချုပ်

တရားမမှု

တရားသူကြီးချုပ် ဦးလှသင်း၊ တရားသူကြီးဦးတင်အုံး နှင့် တရားသူကြီး ဦးသန်းအောင်တို့ရှေ့တွင်

† ၁၉၇၃ မတ်လ ၈ ရက်။

၁။ မောင်ခင်မောင်ကြီး
၂။ ဒေါ်ခင်ထွေး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ် (ယခင်နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်) *

အပေါင်အပြီးသတ် ဆုံးဖြတ်ချက်ချမှတ် ထားသော အမှုတွင် အရစ်ကျ ပေးဆပ်ခွင့်မပြုနိုင်၊ အပေါင်ခံသူ ရရန်ရှိသောငွေကို စစ်ဆေး သတ်မှတ်ပေးရမည်ကို ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အပေါင်အပြီးသတ် ဆုံးဖြတချက် ချမှတ်ထားသော အမှုတွင် အရစ်ကျ ပေးဆပ်ခွင့်မပြုနိုင်၊ အပေါင်ခံသူ ရရန်ရှိသောငွေကို တရားမကျင့်ထုံး အမိန့် ၃၄၊ နည်း ဥပဒေ ၇ အရ စုံစမ်းစစ်ဆေပြီးသတ်မှတ်ပေးရမည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာ။

အယူခံတရားခံအတွက်။ အစိုးရရှေ့နေ မစ္စတာ အက် (စ်)၊ ကောဂိ(ရ်)။

တရားသူကြီးချုပ် ဦးလှသင်း။ ။ယခုအမှုတွင် ပထမအယူခံရုံးက ဤသို့ဆုံးဖြတ်ထားသည်။

Now, as regards the Lower Court's order to pay the decree-money by 3 instalments within a year, we are afraid it cannot be upheld in view of the authority laid down in........(3) Order 21, Rule 11 of the Code of Civil Procedure has no application to mortage suits. This point is purely a point of law.

အထက်ဖော်ပြပါဆုံးဖြတ်ချက်၏ ပထမပိုင်းနှင့်စပ်လျဉ်း၍ အငြင်းပွါးမှုမရှိပေ၊ အပေါင်ဒီကရီချမှတ်ထားသော အမှုများတွင် ပေးရန်ရှိသော ငွေအရစ်ကျပေးဆပ်ခွင့်မပြုနိုင်ကြောင်းထင်ရှားသည်။

---

(3) 1966 B.L.R. Vol. I., Page 220.

* ၁၉၇၂ ခုနှစ်၊ အခွင့်ထူးတရားမအယူခံမှုအမှတ် ၈။

† ၁၉၇၁ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၁၆ တွင် နိုင်ငံတော်တရားရုံးချုပ်၏ချမှတ်သောစရင်ချက်ကိုမကျေနပ်၍ အယူခံဝင်ခြင်း။

အပြီးသတ်အပေါင်ဒီကရီရရှိထားသော အပေါင်ခံသူက မှန်ကန်သင့်မြတ်စွာ ကုန်ကျခံထားရသောစရိတ်နှင့် အသုံးပြုထားရသော ငွေတို့ကိုလည်း ပေးရန်ရှိသော ငွေများတွက်ချက်သတ်မှတ်ရာ၌ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

တရားမကျင့်ထုံးအမိန့် ၃၄၊ နည်းဥပဒေ ၇၊ ၌ဤသို့ပြဋ္ဌာန်းထားသည်။

In finally adjusting the amount to be paid to a mortgagee the Court shall determine the sum (if any) payable in respect of costs, charges, and expenses properly incprred by the mortgagee in respect of the mortgaged property and interest from the date of the last adjustment.

မူလရုံးတွင် အပေါင်ခံသူဖြစ်သော တရားနိုင်သည် နောက်ဆုံးထွက်ချက်သတ်မှတ်ထားသောနေ့ (last date of adjustment) မှစ၍ကုန်ကျခံထားရသော စရိတ်နှင့် အသုံးပြုထားရသော ငွေများမှာ မည်မျှဖြစ်ကြောင်း၊ မည်ရွေ့မည်မျှအထိ မှန်ကန်သင့်မြတ်စွာ ကုန်ကျခံထားခြင်း၊ အသုံးပြုထားခြင်း ဖြစ်ကြောင်းတို့ကို စုံစမ်းစစ်ဆေးမှုပြုရမည်ဖြစ်သည်။ မူလရုံးက ယင်းအချက်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးဆုံးဖြတ်ထားခြင်းမရှိဘဲ အယူခံရုံးကလည်း မည်သို့မျှ မစုံစမ်းဘဲ ကျပ်ငွေ ၂၁,၀၀၀ ကျပ် အပြင်စရိတ်နှင့် အသုံးပြုထားသော ငွေစုစုပေါင်းမှာ ၁၉,၅၉၉ကျပ် ၅၉ ပြားဖြစ်ကြောင်း ဆုံးဖြတ်ခြင်းသည် တရားလမ်းကြောင်း ချွတ်ချော် တိမ်းစောင်းသွားစေခဲ့သည်ဟု ကျွန်ုပ်တို့ယူဆသည်။ ထို့ကြောင့် အယူခံရုံး၏ အောက်ဖော်ပြပါ ဆုံးဖြတ်ချက်ကိုပယ်ဖျက်လိုက်သည်။

"....................with the direction that the respondents shall pay the balance money-decree viz: K 21,000 and insurance premia and other charges amounting to K 19,599 59 pyas, and in default that sale of the mortgaged properties shall proceed according to law.

ထိုဆုံးဖြတ်ချက်အစား မူလရုံးကတရားမကျင့်ထုံး အမိန့် ၃၄၊ နည်းဥပဒေ ၇ အရ၊ အပေါင်ခံသူ တရားနိုင်ရထိုက်သော ငွေများမည်မျှဖြစ်ကြောင်း သတ်မှတ်ရမည်။ လိုအပ်သော စုံစမ်းစစ်ဆေးမှု ပြုရမည်ဟု ညွှန်ကြားလိုက်သည်။ ထို့ပြင် အပေါင်ပြုသူ တရားရုံးကပေးရန်ငွေများကို တလုံးတည်းချက်ခြင်း ပေးဆပ်ရန် ပျက်ကွက်လျှင်အပေါင်ပစ္စည်းများကို တရားဥပဒေနှင့်အညီ ချက်ခြင်းပင်ရောင်းချရမည်ဟုပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

ဤအယူခံမှုအတွက် စရိတ်ကို အမှုသည်များသည် မိမိတို့အသီးသီး ကုန်ကျသည့်အတွက်မိမိတို့သာကုန်ကျခံရမည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးတင်အုံးတို့ရှေ့တွင်

†၁၉၇၃ တန်တိတ်လရောင်း ပါ ၃ နှင့် { ပြည်ထောင်စုမြန်မာနိုင်ငံ (ပြည်သူ့ဘဏ်အမှတ် ၁၁/၁၂) *

စက်တင်ဘာလ ၂၀ ရက်။

တကြိမ်တခါက အစုစပ်ဝင်တယောက် ဖြစ်ခဲ့သော်လည်း ယင်းအစုစပ် လုပ်ငန်းက ငွေချေးယူစဉ် အခါ၌ အစုစပ်ဝင် မဟုတ်တော့သော သူသည် ယင်းအစုစပ်လုပ်ငန်းက ချေးယူသောငွေ များကိုပေးဆပ်ရန်တာဝန် မရှိ။

ဆုံးဖြတ်ချက်။ ။ပြည်သူ့ဘဏ်မှ အစုစပ် လုပ်ငန်းအတွက် ချေးယူထားသော ငွေများကို တောင်းဆိုသော်လည်း ပေးဆပ်ခြင်းမရှိ၍ တရားရုံးချုပ် မူလဘက် ဌာနတွင် တရားစွဲသည်။ အယူခံတရားလိုတို့သည် ယင်းလုပ်ငန်းတွင် ၁၁-၉-၅၀ နေ့က အစုရှင်များအဖြစ် ပါဝင်ခဲ့သော် လည်း ၃-၇-၅၁ တွင် အစုရှင်များအဖြစ်မှ နုတ်ထွက်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ၁၉၅၆-၅၇ ခုနှစ် တွင် လုပ်ငန်းအတွက် ချေးယူခဲ့သည့် ငွေများအတွက် ပေးဆပ်ရန်တာဝန်မရှိပါဟု ထုချေကြသည်၊ အစုစပ်လုပ်ငန်းမှ ၎င်းတို့ ၃-၇-၅၁နေ့တွင် နုတ်ထွက်ခဲ့ကြောင်းမှာလည်း သက်သေခံအထောက် အထားအရထင်ရှားသည်။ သို့ဖြစ်ရာ အစုစပ်ဥပဒေပုဒ်မ ၄၅ (၁) ၏ခြွင်းချက်အရ၊ အစုစပ်လုပ်ငန်း မှ ၁၉၅၆-၅၇ ခုနှစ်တွင် ချေးငှားခဲ့သည့် ငွေများအတွက် ၎င်းတို့အပေါ် တာဝန်ရှိသည်ဟုယူဆခြင်း မပြုနိုင်ပေ။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ၊ ဒေါက်တာအေးမောင်နှင့် ဦးဘသန်း (၅)။

အယူခံတရားခံ အတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ မစ္စတာဂို(ရ်)။

တရားသူကြီး ဦးသက်ဖေ။ ။အင်ဟိုဘီဆန်စက် အစုစပ်လုပ်ငန်းသည် ယ ဆက်သွယ်ရေးဘဏ်နှင့် တရုတ်ပြည်သူ့ဘဏ်များမှ ငွေချေး၍ ဆန်စက်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ဆက်သွယ်ရေးဘဏ်နှင့် တရုတ်ပြည်သူ့ဘဏ်များကို ၁၉၆၃ ခုနှစ် နိုင်ငံပိုင်ပြုလုပ်လိုက်သဖြင့် ပြည်သူ့ဘဏ် အမှတ် ၁၁ ဖြစ်လာသည်။ ချေး များအတွက် အစုစပ်လုပ်ငန်းမှ ပြည်သူ့ဘဏ်အမှတ် ၁၁ သို့ စီဘီအမှတ် ၆၃

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၆ နှင့် ၉။

† ၁၉၆၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၄ တွင် နိုင်ငံတော်တရားရုံးချုပ်မူလဘက်ဌာနခွဲ ရုံးမှ ၁၀-၁-၇၃ နေ့စွဲဖြင့် ချမှတ်ထားသော ဒီကရီကို မကျေနပ်၍ အယူခံတင်သွင်း

ကြော် တို့ကိုအပေါင်ပေးခဲ့သည်။ ၁၉၆၇ ခု၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အစုစပ် လုပ်ငန်းသည် ရင်းတိုးငွေ ၈၇,၃၁၂ ကျပ် ၁၀ ပြားပေးရန်ရှိသဖြင့် ပြည်သူ့ဘဏ်က ယင်းငွေများကိုပေးဆပ်ရန် တောင်းဆိုသော်လည်း ပေးဆပ်ခြင်းမရှိ၍ အစုစပ်လုပ် ငန်းနှင့်အစုရှင်များသာမက ချေးငွေအတွက် ငွေနှစ်သောင်းအထိ အာမခံသူ အင်ညွန့် မျှောင်တို့အား တရားရုံးချုပ် မူလဘက်ဌာနတွင် တရားစွဲဆိုခဲ့သည်။ ၁၉၇၃ တန်တိတ်လ ရောင်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ပြည်သူ့ဘဏ် အမှတ် ၁၁/ ၁၂)။

အစုရှင်တဦးဖြစ်သူ ယုဟုန်လျှန်း (တရားပြိုင်အမှတ် ၉) မှာ အမှုစွဲဆိုနေစဉ် ၁၉၆၉ ခု၊ ဇွန်လ ၁၂ ရက်နေ့က ကွယ်လွန်သွားသည်။ တရားပြိုင်အမှတ် ၁၈၊ ၁၉ နှင့် ၂၀ တန်တိတ်လျောင်း၊ တန်တိတ်ဟောနှင့် မရှုဘီတို့က ၎င်းတို့သည် အင်ဟိုဘီဆန်စက် လုပ်ငန်းတွင် ၁၉၅၀ ခု၊ စက်တင်ဘာလ ၁၁ ရက်နေ့ကအစုရှင် များအဖြစ်ပါဝင်ခဲ့သော်လည်း ၁၉၅၁ ခု၊ ဇူလိုင်လ ၃ ရက်နေ့တွင် အစုစပ်လုပ်ငန်းမှ နုတ်ထွက်ခဲ့ပြီးဖြစ်ပါသည်။ နုတ်ထွက်ပြီးသည့်နောက်ပိုင်း ဖြစ်သော ၁၉၅၆ ခုနှစ်တွင် အင်ဟိုဘီဆန်စက်လုပ်ငန်းက ချေးယူခဲ့သည့် ငွေများအတွက် ပေးဆပ်ရန် တာဝန် မရှိပါဟုထုချေကြသည်။

တရားပြိုင်အမှတ် ၄၊ ဦးရွှေထွန်းနှင့် တရားပြိုင် အမှတ် ၁၇ ကိုဥာဏ်ထွန်းတို့က မိမိတို့သည် ဦးဝေါင်တိတ်ဝမ်ဆိုသူ၏ လစားအလုပ်သမားများ ဖြစ်ကြပြီး ဦးဝေါင် တိတ်ဝမ်က မိမိတို့အမည်နှင့် အစုစပ်လုပ်ငန်းတွင် အစုဝင်ထားခြင်းသာ ဖြစ်ပါသည်။ မိမိတို့သည်အစုရှင်များ မဟုတ်ကြသဖြင့် ချေးငွေများကို ပေးဆပ်ရန် တာဝန်မရှိ ပါဟုတင်ပြကြသည်။ တရားပြိုင်အမှတ် ၁၁ ဝေါင်စီဟောက မိမိသည် တရားပြိုင် အမှတ် ၂ ဝေါင်ကျင်ဝိုး၏ အလုပ်သမားတဦးသာ ဖြစ်ပါသည်။ ဝေါင်ကျင်ဝိုးသည် မိမိ၏အမည်ကို အသုံးပြု၍ အစုဝင်ခဲ့ခြင်းသာ ဖြစ်သဖြင့် ချေးငွေများအတွက် မိမိ၌တာဝန်မရှိပါဟု ထုချေခဲ့သည်။ အခြားတရားပြိုင်များကမူ ပြည်သူ့ဘဏ်အား ငွေ ၄၀,၅၇၁ ကျပ် ၆၅ ပြားကိုသာ ပေးဆပ်ရန် ရှိပါသည်။ ယင်းငွေများအပေါ် မခုခံ သောနည်းဖြင့် ဒီကရီချပေးစေလိုပါသည်ဟု တင်ပြခဲ့ကြသည်။

မူလရုံးမှနှစ်ဖက်တင်ပြသော သက်သေအထောက်အထားများကို ကြားနာပြီး နောက် သေဆုံးသွားသည့် တရားပြိုင်အမှတ် ၉ ယုဟုန်လျှန်းမှ အပ ကျန်တရားပြိုင် အားလုံးသည် စွဲဆိုသော ငွေအားလုံးကို ပေးဆပ်ရန် တာဝန်ရှိသည်ဟု ဆုံးဖြတ်ကာ ပြည်သူ့ဘဏ်မှ စွဲဆိုသည့်အမှုကို အနိုင်ဒီကရီ ချပေးလိုက်သည်။ ယင်းဒီကရီကို တရားပြိုင်အမှတ် ၁၈၊ ၁၉ နှင့် ၂၀ တို့ကအမှုတွဲင်ရင်း တရားပြိုင်အမှတ် ၄ နှင့် ၁၇ တို့က တရားမပထမအယူခံမှုအမှတ် ၉/၇၃ တွင်ရင်း၊ အယူခံဝင်လာကြသည်။ ကျန်တရားပြိုင်များက အယူခံဝင်ခြင်းမပြုကြပေ။

၁၉၇၃

တန်တိုက်လ ရောင်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ပြည်သူ့ဘဏ် အမှတ် ၁၁/ ၁၂)။

တရားပြိုင်အမှတ် ၁၈၊ ၁၉ နှင့် ၂၀ တို့သည်၊ ၁၉၅၀ ခု၊ စက်တင်ဘာလ ၁၁ ရက်နေ့က ဖွဲ့စည်းခဲ့သော အင်ဟိုဘီဆန်စက် အစုစပ် လုပ်ငန်းတွင် အစုဝင်များအဖြစ်ပါဝင်ခဲ့သည်မှာ မှန်ကန်သော်လည်း ၎င်းတို့သည် ယင်းအစုစပ် လုပ်ငန်းမှ ၁၉၅၁ ခု၊ ဇူလိုင်လ ၃ ရက်နေ့၌ နုတ်ထွက်ခဲ့ကြောင်း သက်သေခံ အမှတ် ၆ မှတ်ပုံတင်စာချုပ်အရ ထင်ရှားသည်။ အစုစပ်လုပ်ငန်းမှ နုတ်ထွက်ခဲ့သည်ဟု ပုသိမ်မြို့ လုပ်ငန်းများမှတ်ပုံတင် အရာရှိထံသို့ ၁၉၅၁ ခု၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် အကြောင်းကြားခဲ့ကြောင်း သက်သေခံ အမှတ် (၉) နှင့် (၁၀)၊ တို့အရပေါ်သည်။ ထို့နောက် အင်ပိုဘီဆန်စက် အစုစပ်လုပ်ငန်းကို ၁၉၅၆ ခု၊ မေလ ၂၃ ရက်နေ့တွင သက်သေခံအမှတ် (၁၂) မှတ်ပုံတင်စာချုပ်အရ ပြန်လည်ဖွဲ့စည်းခဲ့ကြောင်းလည်း ပေါ်သည်။

တရားလို၏အဆိုအပိုဒ် ၂ အရပင် တရားစွဲဆိုသော ငွေများမှာ ၁၉၅၆-၅၇ ခုနှစ်မှစ၍ထုတ်ချေးသည့် ငွေများနှင့် သက်ဆိုင်ပေသည်။ သက်သေခံ အမှတ် ၁၂ အရ ၁၉၅၆ ခုနှစ်တွင် ဖွဲ့စည်းသော အစုစပ်လုပ်ငန်း၌ တရားပြိုင်အမှတ် ၁၈၊ ၁၉ နှင့် ၂၀ တို့မပါကြောင်းပေါ်လွင်နေသည်။ ၎င်းတို့မှာ ၁၉၅၁ ခုနှစ်ကပင် မူလ အစုစပ်လုပ်ငန်းမှ နုတ်ထွက်ထားကြပြီးဖြစ်ရာ နောက်ထပ်ဖွဲ့စည်းသည့် အစုစပ်လုပ်ငန်းမှငွေချေးငှားသည့် ၁၉၅၆-၅၇ ခုနှစ်တွင် မြီရှင်အနေဖြင့် ၎င်းတို့အား အစုရှင်များဖြစ်ကြသည်ဟု သိရှိရန် အကြောင်းမရှိပေ။ သို့ဖြစ်ရာ အစုစပ်ဥပဒေ ပုဒ်မ ၄၅ (၁) ၏ ခြွင်းချက်အရ အစုစပ်လုပ်ငန်းမှ ၁၉၅၆-၅၇ ခုနှစ်တွင် ချေးငှားခဲ့သည့် ငွေများအတွက် ၎င်းတို့အပေါ် တာဝန်ရှိသည်ဟု ယူဆခြင်းမပြုနိုင်ပေ။ ငွေချေးစဉ် အချိန်ကအစုရှင်များဖြစ်ပါမူ၊ ပုဒ်မ ၄၅ (၁) အရ အများသိအောင် ကြော်ငြာလိုမည်ဖြစ်သော်လည်း တရားပြိုင်အမှတ် ၁၈၊ ၁၉ နှင့် ၂၀ တို့သည် ငွေချေးသည့် အချိန်ကအစုရှင်များမဟုတ်ကြတော့သဖြင့် အစုစပ်လုပ်ငန်းမှ နုတ်ထွက်ပြီး ကြောင်း သတင်းစာ၌ ကြော်ငြာရန် အကြောင်းမပေါ်ပေါက်နိုင်တော့ပေ။ သို့ဖြစ်ရာ တရားလို စွဲဆိုသောငွေများအတွက် တရားပြိုင်အမှတ် ၁၈၊ ၁၉ နှင့် ၂၀ တို့တွင် တာဝန် ရှိသည်ဆိုသော မူလရုံး၏ ဆုံးဖြတ်ချက်သည် မှားယွင်းနေသောကြောင့် ၎င်းတို့ အပေါ် ချမှတ်ထားသည့် ဒီကရီကို တရားစရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

တရားပြိုင်အမှတ် ၄ နှင့် ၁၇ တို့သည် ငွေချေးယူသည့် ၁၉၅၆ ခုနှစ်၊ အစုစပ် စာချုပ်သက်သေခံ အမှတ် (၁၂) အရ အစုစပ်လုပ်ငန်း၏ အစုရှင်များ ဖြစ်ကြ ကြောင်းမငြင်းချေ။ ဦးဝေါင်တိတ်ဝမ်ဆိုသူ၏ အမည်ငှားများသာ ဖြစ်သည်ဟု ဆိုလို သည်။ အမည်ငှားသာ ဖြစ်သည်ဆိုသော ကိစ္စမှာ ၎င်းတို့နှင့် ဦးဝေါင်တိတ်ဝမ်တို့ အကြားဖြေရှင်းရမည့် ပြဿနာသာ ဖြစ်သည်။ မြီရှင်ဖြစ်သူ တရားလိုနှင့် သက်ဆိုင်သည့်

ထိစွမဟုဘ်ချေ။ တရားလိုက အစုစပ်လုပ်ငန်းကို ငွေချေးခဲ့ရာ အစုစပ်လုပ်ငန်း၏ **စာ**ချုပ်တွင်ပါသော အစုရှင်များအပေါ် တရားလိုသည် ချေးငွေကို ပြန်လည်တောင်း ဆိုပိုင်ခွင့်ရှိသည်။ ပြန်လည်တောင်းဆိုခြင်း မပြုနိုင်ဟုဆိုလျှင် အစုရှင်များကသူတပါး ၏အမည်ငှားသာဖြစ်သည်ဟု ထုချေပြီး တာဝန်ကို ရှောင်ဖယ်ကြမည်သာ ဖြစ်ပေ သည်။ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းများကမောက်ကမ ဖြစ်ရန်ရှိသည်။ သို့ဖြစ်ရာ တရားပြိုင်အမှတ် ၄ နှင့် ၁၇ တို့သည် ချေးငွေများအတွက် တာဝန်ရှိသည်ဆိုသော မူလရုံး၏ဒီကရီသည် မှန်ကန်သဖြင့် ယင်းတို့၏ အယူခံကို စရိတ်နှင့်ဘက္ခ ပယ်လိုက် သည့်။

၁၉၃၃

တန်တိတ်လ ရောင်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ပြည်သူ့ဘဏ် အမှတ် ၁၁/ ၁၂)။

နိုင်ငံတော်တရားရုံးချုပ်

တရားမမှု

တရားသူကြီး ဦးသက်ဖေ၊ တရားသူကြီး ဦးတင်အုံး နှင့် တရားသူကြီး ဦးဘသန်းတို့ရှေ့တွင်

†၁၉၇၃ အောက်တိုဘာလ ၃၁ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ စက်မှုလယ်ယာ ဦးစီးဌာန၊ ဦးတင့်လွင် မြို့နယ် ဦးစီးဌာနမှူး။	}	နှင့် မခင်ထွေး*

အလုပ်သမားတယောက်သည် မိမိလုပ်ကိုင်သော အလုပ်မှ ပေါ်ပေါက်သော ကိစ္စတရပ်ကို ဆောင်ရွက်လုပ်ကိုင်စဉ် မတော်တဆထိခိုက်ဒဏ်ရာရရှိပြီး၊ သေဆုံးခြင်းမဟုတ်၍ အလုပ်သမားလျော်ကြေး ဥပဒေအရ အလုပ်ရှင်က လျော်ကြေးပေးရန်တာဝန်မရှိ—သို့ဖြစ်၍ ထွန်စက်မောင်းသူ (အလုပ်သမား)သည်၊ ဧရာဝတီမြစ်ထဲတွင် ရေချိုးနေစဉ် ရေနစ်သေဆုံးသည့်အတွက် အလုပ်ရှင်ကလျော်ကြေးပေးရန် တာဝန်မရှိသည်ကိုဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားခံသည်၊ စက်မှုလယ်ယာ ဦးစီးဌာနမှ လက်ထောက်ထွန်စက်မောင်းဖြစ်သည်။ထွန်စက်အားပြင်ဆင်ထိန်းသိမ်းမှုများပြုလုပ်ပြီးနောက် နံနက် ၉ နာရီအချိန်တွင် အခြား စက်မောင်းသမားများနှင့် ထွန်စက်စခန်းနှင့် ၂ ဖါလုံခန့်ဝေးသည့် ဧရာဝတီမြစ်ဆိပ်သို့ သွားရောက်၍ ရေချိုးရင်းရေထဲကျပြီးရေနစ်သေဆုံးခဲ့သည်။စက်မှုလယ်ယာ ဦးစီးဌာနက ရေချိုးအဝတ်လျော်ရင်း ပုဆိုးရေထဲကျသွားသဖြင့် ပုဆိုးလိုက်ဆယ်ရာမှ ရေထဲကျကာ သေဆုံးရခြင်းဖြစ်၍ တာဝန်ထမ်းဆောင်စဉ်သေဆုံးခြင်းမဟုတ်၍ လျော်ကြေးပေးရန်တာဝန်မရှိဟုထုချေသည်။ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီကမူ အလုပ်နှင့်ဆက်စပ်ကာ အလုပ်ကိုအကြောင်းပြု၍ သေဆုံးရခြင်းဖြစ်သဖြင့် လျော်ကြေး ပေးဆောင်ရန် ညွှန်ကြားသည်။ သို့ဖြစ်၍ ယင်းအမိန့်ကို စက်မှုလယ်ယာဦးစီးဌာနမှ မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။ အယူခံတရားခံသည် ထွန်စက်ပြင်ဆင်ထိန်းသိမ်းမှုပြုလုပ်ရာစက်ဆီများ၊အညစ်အကြေးများပေကျံပေသည်။ သို့ရာတွင် နံနက် ၉ နာရီအချိန်မှာ လုပ်ငန်းတာဝန်ပြီးဆုံးသည့်အချိန်လည်း မဟုတ်နိုင်သေးသဖြင့်ကိုယ်လက်သုတ်သင်သန့်စင်ခြင်းမပြုပဲ မနေနိုင်သည့် အချိန်ဖြစ်သည်ဟုဆိုရန်ခဲယဉ်းသည့်အပြင် ရေဆင်းချိုးခြင်းသည် ထွန်စက်မောင်းသည့်အလုပ်နှင့် ဆက်စပ်နေသည်ဟု မဆိုနိုင်။ ရေနစ်သေဆုံးရခြင်းမှာလည်း ရေချိုးရင်းမဟုတ်ပဲ ရေလဲပုဆိုး ရေထဲကျသွားသည်ကို လိုက်ဆယ်ရင်း ရေနစ်ခြင်းဖြစ်၍ အလုပ်ရှင်ကလျော်ကြေးပေးရန်တာဝန်မရှိပေ။

---

* ၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ်-၃၄။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၄ တွင် ၂၉-၅-၇၃ နေ့စွဲဖြင့် ရန်ကုန်ချောင်းမြို့ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီမှ ချမှတ်သော အမိန့်ကို မကျေနပ်၍အယူခံ တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဉပဒေဝန်ထမ်း အဆင့် (၁) မစ္စတာဂို(ရှ်)၊

အယူခံတရားခံအတွက်။ ။

၁၉၇၃

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ စက်မှုလယ်ယာဉီးစီးဌာန၊ ဦးတင့်လွင် မြို့နယ် ဉီးစီးဌာနမှူး။ နှင့် မခင်ထွေး။

တရားသူကြီး ဦးသက်ဖေ။ ။မကွေးမြို့ ဒု-မှတ် (၂၉) ထွန် စက်စခန်းမှ လက်ထောက် ထွန်စက်မောင်း မောင်လှမြိုင်သည် ဂုန်လျှော်စီမံကိန်းအတွက် ယာယီ ထွန်စက်စခန်း ဖွင့်လှစ်ထားသော ထုံးဖိုမြို့တွင် တာဝန်ထမ်းဆောင်လျက် ရှိသည်။ ၁၉၇၁ ခု၊ ဧပြီလ ၁၂ ရက်နေ့နံနက် ၉ နာရီခန့်အချိန်၌ မောင်လှမြိုင်သည်၊ ထွန်စက်အား ပြင်ဆင် ထိန်းသိမ်းမှုများ ပြုလုပ်ပြီးနောက် ယာယီ ထွန်စက်စခန်းနှင့် ၂ ဖါလုံခန့် ဝေးသည့်ရောဝတီမြစ်ဆိပ်သို့ စက်မောင်း မောင်ထွန်းလူ၊ မောင်မျိုးမြင့်၊ မောင်တင်ဝင်း တို့နှင့်အတူ ရေချိုးရန် သွားရောက်ကြသည်။ ၎င်းတို့အားလုံးမှာ ရေမကူးတတ်ကြသဖြင့် ဖေါင်ပေါ်သို့တက်၍ ရေခွက်နှင့်ခပ်၍ ရေချိုးကြသည်။ ရေချိုးပြီးနောက် မောင်လှမြိုင်သည် ရေလဲပုဆိုးကို ဖွပ်လျှော်ရန် ရေထဲသို့နှစ်လိုက်ရာ ရေစီးဖြင့် ပါသွားသဖြင့် လိုက်ဆွဲရင်း ခြေချော်၍ ရေထဲသို့ကျသွားပြီး ရေနစ် သေဆုံးခဲ့ရသည်။

ထိုကြောင့် မောင်လှမြိုင်၏ ဇနီး မခင်ထွေးက လျော်ကြေးရလိုကြောင်း လျှောက်ထားရာ စက်မှုလယ်ယာဉီးစီးဌာန၊ မြို့နယ်ဉီးစီးမှူးက မောင်လှမြိုင်သည် ရေချိုး အဝတ်လျှော်ရင်း ပုဆိုး ရေထဲကျသွားသဖြင့် ပုဆိုးလိုက်ဆယ်သောကြောင့် ရေထဲကျကာ သေဆုံးရခြင်း ဖြစ်ပြီး တာဝန်ထမ်းဆောင်စဉ် သေဆုံးခြင်း မဟုတ်၍ လျော်ကြေး ပေးရန် တာဝန်မရှိပါဟု ထုချေသည်။

သို့ရာတွင် အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီက မောင်လှမြိုင်သည် မိမိအလုပ်ဖြစ်သည့် ထွန်စက်အား ပြင်ဆင်ထိန်းသိမ်းမှု ပြုလုပ်ရင်း ပေကျံနေသည့် စက်ဆီ အညစ်အကြေးများကို သုတ်သင်ရန် မြစ်ဆိပ်သို့ သွားရောက်ရေချိုးရင်း ရေနစ် သေဆုံးရခြင်းဖြစ်ရာ အလုပ်နှင့် ဆက်စပ်ကာ အလုပ်ကိုအကြောင်းပြု၍ သေဆုံးရခြင်း ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျော်ကြေးငွေ ၃,၄၉၂ ကျပ်ပေးဆောင်ရန် ညွှန်ကြားလိုက်သည်။ ယင်းအမိန့်ကို စက်မှုလယ်ယာ ဉီးစီးဌာနမှ မကျေနပ်သဖြင့် ဤအယူခံဝင်ရောက်လာခြင်းဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေ ဉပဒေဝန်ထမ်း အဆင့် (၁) မစ္စတာ ဂို(ရှ်)က မောင်လှမြိုင်သည် ထွန်စက်စခန်းမှ ၂ ဖါလုံခန့်ဝေးသည့် ရောဝတီမြစ်ဆိပ်သို့ သွားရောက်ရေချိုးရင်း ရေနစ်သေဆုံးရခြင်းဖြစ်ရာ ထွန်စက်မောင်းသည့် အလုပ်မှ ပေါ်ပေါက်ရသည့် သေဆုံးမှု မဟုတ်၍ အလုပ်ရှင်တွင် လျော်ကြေးပေးရန် တာဝန်မရှိပါဟု တင်ပြသွားသည်။

၁၉၇၃

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ စက်မှုလယ်ယာဦးစီးဌာန၊ ဦးတင့်လွင်၊ မြို့နယ်ဦးစီးဌာနမှူး နှင့် ခင်ထွေး။

မှုလရုံးအတွဲရှိ သက်သေထွက်ချက်များအရ မောင်လှမြိုင်သည်၊ မီမိကိုင်တွယ်ရသော ထွန်စက်ကို ပြင်ဆင်ထိန်းသိမ်းမှု ပြုလုပ်ပြီးနောက် နံနက် ၉ နာရီလောက်တွင် မြစ်ဆိပ်သို့ ရေချိုးရန်ထွက်ခဲ့ကြောင်း ပေါ်လွင်သည်။ ထွန်စက်ကိုပြင်ဆင်ထိန်းသိမ်းမှု ပြုရာတွင် ကိုယ်လက်များ၌ စက်ဆီများ ပေကျံမည်ဆိုခြင်းမှာ ယုံမှားဘွယ် မရှိနိုင်ပေ။ သို့ရာတွင် ယင်းသို့ ပေကျံနေသည့် စက်ဆီအညစ်အကြေးများကို ရေနံ၊ ဓါတ်ဆီ စသည်တို့ဖြင့် ဆေးကြောသုတ်သင်၍ မရနိုင်စရာအကြောင်းမရှိ။ နံနက် ၉ နာရီအချိန်မှာ လုပ်ငန်းတာဝန် ပြီးဆုံးသည့် အချိန်လည်းမဟုတ်နိုင်သေးသဖြင့် မြစ်ဆိပ်သို့သွားရောက်ကာ ကိုယ်သုတ်သင်သန့်စင်ခြင်း မပြုပဲ မနေနိုင်သည့်အချိန် ဖြစ်သည်ဟု ဆိုရန်ခဲယဉ်းသည်။ မြစ်ဆိပ်တွင် မောင်လှမြိုင် ရေဆင်းချိုးခြင်းသည် ထွန်စက်မောင်းသည့် အလုပ်နှင့် ဆက်စပ်နေသည်ဟု မဆိုနိုင်သည့်အပြင် ရေချိုးရင်း ရေနစ်ခြင်းမဟုတ်ပဲ ရေလဲပုဆိုး ရေထဲကျသွားသည်ကို လိုက်ဆယ်ရင်း ရေနစ်ခြင်း ဖြစ်သည့်အတွက် သာ၍ပင် အလုပ်ကိုအကြောင်းပြု၍ သေဆုံးရခြင်းဖြစ်သည်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။

သို့ပါ၍ မောင်လှမြိုင် သေဆုံးရခြင်းအတွက် စက်မှုလယ်ယာ ဦးစီးဌာနမှ လျော်ကြေးငွေ ၃၄၉၂ ကျပ် ကို ပေးရမည်ဆိုသော အလုပ်သမားလျော်ကြေး စီစစ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။ တင်သွင်းထားသည့် လျော်ကြေးငွေ ၃,၄၉၂ ကျပ်ကို စက်မှုလယ်ယာ ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးအား ပြန်လည်ထုတ်ပေးပါ။

နိုင်ငံတော်တရားရုံးချုပ်

တရားမမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးတင်အုံး တို့ရှေ့တွင်

မာမွတ်ရာကွတ်မန်ဆာ

နှင့်

အယွတ်အစွမေး(လ်)အာတီးယား ပါ ၁၆ *

† ၁၉၇၃
ဇန်နဝါရီလ ၁၈ ရက်။

အမွေမှုတွင် သေသူပစ္စည်းကိုတရားရုံးက စီမံခန့်ခွဲပေးရန် စွဲဆိုရာတွင်၊ အမွေဆိုင်တဦးက ပြုလုပ်ခဲ့သော စွန့်လွှတ်စာတမ်းသည်၊ ပျက်ပြယ်ခြင်းရှိမရှိနှင့် အကျိုးသက်ရောက်မှုရှိ မရှိကို ထည့်သွင်းဆုံးဖြတ်နိုင်သည်—တသီးတခြားတရားတထုံးမွဲရန်မလို။

ဆုံးဖြတ်ချက်။ ။ရာကွတ်အာမက်မန်ဆာ မသေမီက သေတမ်းစာရေးပြီး အမွေထိန်းများ ခန့်ထားခဲ့သည်။ အမွေထိန်းများအား မာမွတ်ရာကွတ်မန်ဆာ အပါအဝင် အမွေဆိုင်လေးဦးက အမွေပစ္စည်းများနှင့် ပတ်သက်သည့် စွန့်လွှတ်စာတမ်းတခု ချုပ်ဆိုပေးခဲ့သည်။ မူလရုံးတွင် မာမွတ်ရာကွတ်မန်ဆာက စွန့်လွှတ် စာတမ်းကို ဖြားယောင်းချုပ်ဆိုခိုင်း၍ တရားဝင်စာတမ်းမဟုတ်သည့်ပြင် သေသူ၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်သာ သက်ဆိုင်ပြီး မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ မပါဝင်သေးသောကြောင့် အမွေခွဲပေးစေလိုမှု စွဲနိုင်သည်ဟု တင်ပြသည်။ အမွေထိန်းနှင့် တရားပြိုင် အမွေဆိုင်များက စွန့်လွှတ်စာတမ်းသည် တရားဝင်စာချုပ်စာတမ်းဖြစ်၍ ယင်းစာတမ်းသည် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာချက်မရှိသေးပဲ၊ တရားလိုသည် အမွေခွဲဝေပေးစေလိုမှု မစွဲနိုင်ပါဟုထုချေသည်။ မူလရုံးကတရားပြိုင်တို့၏ ထုချေချက်ကို လက်ခံကာ တရားလို၏ အမှုကိုပယ်လိုက်သည်။ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့၏ တင်ပြချက်များကို ဤအမှုတွင် တပြိုင်တည်းကြားနာစစ်ဆေးဆုံးဖြတ်နိုင်သည်။ စွန့်လွှတ်စာတမ်းကို ပျက်ပြယ်ကြောင်း မြွက်ဟပြီး ဖျက်သိမ်းပေးရန်တရားတထုံးစွဲဆိုရန်မလိုပေ။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ၊ ဦးမောင်မောင် (၆)။

အယူခံတရားခံ အတွက်။ ။၁၊ ၂၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ အတွက်တရားရုံးချုပ် ရှေ့နေ မစ္စတာ အင်ဗီဆင်း။

၃ အတွက်မည်သူမျှမလာ။

တရားသူကြီး ဦးသက်ဖေ။ ။ဆူနီဂိုဏ်းမဟာမေဒင်ဘာသာဝင် ရာကွတ်အာမက် မန်ဆာသည် ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် သေဆုံးသည်။ မသေမီက

* ၁၉၇၂ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၂၅။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၀ တွင် ၃-၂-၇၂ နေ့စွဲပါမူလဘက်ဌာနခွဲ (၂)ရုံးမှ ချမှတ်သော ဒီကရီကိုအယူခံမှု။

၁၉၇၃

မာမွတ်ရာကွတ်မန်ဆာနှင့် အယွတ်အစ္စမေးလ်အာတီးယား ပါ ၁၆။

သေတမ်းစာရေးပြီး အေ၊ အိုင်၊ အာတီယား အီး ဝိုင်မန်ဆာ၊ ဝိုင်အိုင်အာတီယားနှင့် အဂ်စ်အမ်မန်ဆားတို့အား အမွေထိန်းများအဖြစ် ခန့်ထားခဲ့သည်။

ရာကွတ်အာမက်မန်ဆာ သေဆုံးပြီးနောက် ၎င်း၏အမွေပစ္စည်းများကို အမွေထိန်း အေ၊ အိုင်၊ အာတီယားနှင့် အီး၊ ဝိုင်မန်ဆာတို့က ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ၁၉၆၀ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် မာမက်ရာကွတ် မန်ဆာအပါအဝင် အမွေဆိုင်လေးဦးက အမွေပစ္စည်းများနှင့်ပတ်သက်သည့် စွန့်လွှတ်စာတမ်းတခုကိုချုပ်ဆိုပေးခဲ့သည်။

၄

မာမွတ်ရာကွတ်မန်ဆာက အမွေထိန်းများသည် ငွေ ၅၄၃၆ ကျပ်ကို ပေး၍စွန့်လွှတစာတမ်းအားလက်မှတ်ရေးထိုးခိုင်းပါသည်။ ကျန်ငွေစုကိုနောက်ခွဲပေးမည်ဟု ပြောပြီး မပေးသဖြင့် ယင်းစွန့်လွှတ်စာတမ်းသည် တရားဝင်စာတမ်းမဟုတ်ပါ။ ကွယ်လွန်သူ၏ အမွေပစ္စည်းအားလုံးကိုခွဲဝေခြင်းမပြုရသေးသဖြင့် ရှိးမှုစာရင်းအင်း ရှင်းလင်းပြီးအမွေ ခွဲဝေပေးစေလိုပါသည်ဟုအကြောင်းပြ၍ အမွေထိန်းများနှင့် အခြားအမွေဆိုင်များအပေါ် တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) (တရားမရုံးဆိုင်ရာ) တွင်တရားစွဲဆိုခဲ့သည်။

အမွေထိန်းနှင့်အမွေဆိုင်များက စွန့်လွှတ်စာတမ်းသည် တရားဝင်စာချုပ်စာတမ်းဖြစ်၍ယင်းစာတမ်းသည်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာချက်မရှိသေးပဲ တရားလိုသည်အမွေခွဲဝေပေးစေလိုမှုစွဲဆိုခြင်း မပြုနိုင်ပါဆိုသည့် ထုံးချက်တရပ် တင်ပြလာသောကြောင့် မူလရုံးမှ ယင်းထုံးချက်ကိုပဏာမ ကောက်ချက်အနေဖြင့် ကြားနာပြီးနောက်တရားပြိုင်တို့၏ ထုံးချက်ကိုလက်ခံကာ တရားလို၏ အမှုကိုပယ်လိုက်သည်။ ယင်းသို့ပယ်လိုက်သည့် ဒီကရီကိုမာမက်ရာကွတ်မန်ဆာက မကျေနပ်၍ ဤအယူခံတင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလိုက ကွယ်လွန်သူ၏ အမွေပစ္စည်းများတွင် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများရှိရာ စွန့်လွှတ်စာတမ်းမှာ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့်သာ သက်ဆိုင်သဖြင့် ယင်းစွန့်လွှတ်စာတမ်းကို ချုပ်ဆိုခဲ့သည့်အကြောင်းကြောင့် မရွှေ့မပြောင်းနိုင်သည့် အမွေပစ္စည်းများကို ခွဲဝေပေးရန် တရားစွဲဆိုနိုင်ပါသည်ဟု တင်ပြသည်။ အယူခံတရားပြိုင်တို့ကမူ စွန့်လွှတ်စာတမ်းတွင် အယူခံတရားလိုက အမွေခံစားခွင့်အလုံးစုံကို စွန့်လွှတ်ကြောင်း ဝန်ခံရေးသားထားသဖြင့် ၎င်းသည်ကွယ်လွန်သူ၏ အမွေဆိုင်တဦးမဟုတ်တော့၍ အမွေခွဲဝေပေးစေလိုမှုမစွဲဆိုနိုင်ပါဟု တင်ပြသွားသည်။

အယူခံတရားလိုက စွန့်လွှတ်စာတမ်းသည် ကွယ်လွန်သူ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်သာ သက်ဆိုင်သည်ဟု စွပ်စွဲထားရာ အယူခံတရားပြိုင်များကမူ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းသာမက မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းလည်းပါသည်ဟု အဆိုရှိခဲ့

သည်။ သက်သေအထောက်အထားများကို ကြားနာစစ်ဆေးခြင်းမပြုရသေးသဖြင့် မည်သူ၏ အဆိုပြုချက်သည်မှန်ကန်သည်ဟု ယခုအခြေ၌ ဆုံးဖြတ်ရန်မဖြစ်နိုင်ပေ။ စစ်ဆေးကြားနာပြီးမှသာ ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

၉၇၇

မာမွတ်ရာကွတ် မန်ဆာ နှင့် အယူတ်အစ္စ မေးလ်အာဆီး ယား ပါ ၁၆။

စွန့်လွှတ်စာတမ်းကို ပျက်သိမ်းပေးရန်တရားရုံး၏ အမိန့်မရှိသရွေ့ ယင်းစာတမ်းသည် အတည်ဖြစ်နေသောကြောင့် အမွေခွဲဝေပေးမှုကို စွဲဆိုခြင်းမပြုနိုင်ဟုဆိုကာ **မာမွတ်အီဘရာဟင်အရစ် နှင့် အရှာဘီဘီ** (၁) တို့အမှုကို မူလရုံးမှရည်ညွှန်းခဲ့သည်။ ထိုအမှုတွင် ကွယ်လွန်သူ မသေမီကပင် အမွေဆိုင်မဟုတ်သည့် အပြင်လူအားရောင်းချခဲ့သဖြင့် အမွေမှုစွဲဆိုသောအခါ ယင်းပစ္စည်းသည် သေသူကရောင်းချခဲ့သည့် ပစ္စည်းမဟုတ်ပဲ အမည်ငှားဖြင့် ထားသည့်ပစ္စည်းဖြစ်သည်ဟု ဆုံးဖြတ်ရန်တောင်းဆိုခြင်းမပြုနိုင်ဟု ဆုံးဖြတ်ထားခြင်းဖြစ်သည်။ အမွေခွဲဝေပေးစေလိုမှုတွင် အမွေထိန်းအမွေဆိုင်များသာအမှုသည်များဖြစ်ရသည်။ အမွေပစ္စည်းကို လက်ရှိဖြစ်သည့် အမွေဆိုင်မဟုတ်သည့် အပြင်လူကိုအမှုသည်အဖြစ် တရားစွဲဆိုခြင်းမပြုရသဖြင့် အပြင်လူလက်ရှိဖြစ်သည့် ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေခွဲဝေပေးစေလိုမှုတွင် သက်သာခွင့်တောင်းရန် မဖြစ်နိုင်ပေ။ ယခုအမှုမှာမူ အပြင်လူကိစ္စပြဿနာပေါ်ပေါက်ခြင်းမရှိ၍ အထက်ပါ စီရင်ထုံးနှင့်အကျုံးမဝင်ပေ။

အယူခံတရားလိုသည် စွန့်လွှတ်စာတမ်းချုပ်ဆိုခဲ့ပြီးဖြစ်၍ အမွေဆိုင်တယောက် မဟုတ်တော့ပါဆိုခြင်းမှာ မှန်ပါသလား၊ စွန့်လွှတ်စာတမ်းကို ဖြားယောင်းချုပ်ဆိုခိုင်း၍ ချုပ်ပေးရသဖြင့် တရားမဝင်သည့်အပြင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းမပါသေးသောကြောင့် အမွေခွဲဝေပေးစေလိုမှု စွဲဆိုနိုင်သည်ဆိုခြင်းမှာ မှန်ပါသလားဆိုသည့်ပြဿနာများကို ဤအမှု၌ပင် တပြိုင်တည်း ကြားနာစစ်ဆေးဆုံးဖြတ်နိုင်သည်။ စွန့်လွှတ်စာတမ်းကို ပျက်ပြယ်ကြောင်း မြွက်ဟာပြီးဖျက်သိမ်းပေးရန်တရားတထုံးစွဲဆိုရန်မလိုပေ။ တမှုတည်း၌ကြားနာဆုံးဖြတ်ခြင်းဖြင့် အမှုတိုးပွားခြင်းမှလည်း ကာကွယ်ရာရောက်မည်ဖြစ်သည်။

သို့ပါ၍ မူလရုံး၏ဒီကရီကိုပယ်ဖျက်လိုက်ပြီး အယူခံတရားလိုစွဲဆိုသောအမှုကို မူလနံပါတ်အတိုင်းတရားဥပဒေနှင့်အညီ ဆက်လက်ကြားနာစစ်ဆေးရန် ညွှန်ကြားလိုက်သည်။ ဤအယူခံမှုတွင် ကုန်ကျသောတရားစရိတ်ကို နောက်ဆုံး အမှုရှုံးနိမ့်သူကပေးဆောင်ရမည်။

အယူခံတရားလိုပေးဆောင်ခဲ့သည့် ရုံးခွန်များကို ပြန်အမ်းရန်လိုအပ်သည့်လက်မှတ်ထုတ်ပေးပါ။

---

(၁) ၁၉၅၃ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး ၃၇၃ (တရားလွှတ်တော်)။

စီရင်ထုံးပြုသောမှုခင်းများ

၁

စစ်ဘက်အယူခံတရားရုံး
(စစ်တရားရုံးအယူခံဘက်ဆိုင်ရာ)
နိုင်ငံတော်တရားရုံးချုပ်

		စာမျက်နှာ
ကျော်ဝင်း၊ မောင်၊ တပ်သားပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	၁
တင်မောင်ရီ၊ ဗိုလ်ကြီး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	၃
နောင်ရှိန်၊ ဗိုလ်ကြီး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	၅
သန်းအောင်၊ ဒု-တပ်ကြပ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	၇
သိန်းဟန်၊ ဗိုလ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	၁၀
ဟန်တော၊ တပ်သား နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	၁၂
ဟဲ(လ်)ဒိုလျှင်း၊ ဗိုလ်ကြီး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	၁၄

ညွှန်းချက်

စစ်ဘက်အယူခံတရားရုံး
(စစ်တရားရုံးအယူခံဘက်ဆိုင်ရာ)
နိုင်ငံတော်တရားရုံးချုပ်

စာမျက်နှာ

အက်ဥပဒေများ—

တပ်မတော်အက်ဥပဒေ။

ရာဇသတ်ကြီး။

ကင်းတာဝန်ကျစဉ် ကင်းမှူးကို ပစ်သတ်ပြီး ကင်းမှလက်နက်များယူကာ စခန်းကို စွန့်ခွာတောခိုခြင်းသည်စစ်ပုန်ကန်မှုဖြစ်သည်ကိုဆုံးဖြတ်ခြင်း။

တပ်သားဟန်တော နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၂

ခရီးသည်တင်ကားကို ရပ်တန့်ကာ ခရီးသည်များထံမှ ပစ္စည်းကို ခြောက်လှန့်ရယူခြင်းသည် တပ်မတော် အက်ဥပဒေပုဒ်မ ၅၂(က)အရ ဖြစ်မှုမြောက်သည်။ ။ ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုများသည်၊ လားရှိုး-မန္တလေး ကားလမ်း အနီးတွင် ခရီးသည်တင် ကားသုံးစီးကို ရပ်တန့်ကာ ခရီးသည်များထံမှ လက်ဝတ်ရတနာ၊ အဝတ်အစားနှင့် ငွေစက္ကူများကို ခြောက်လှန့်ကာ ရယူခဲ့ကြသည်။ ဓါးပြတိုက်မိကြောင်းကို ဝန်ခံခြင်း၊ သက်သေခံ ပစ္စည်းရမိခြင်းနှင့် တိုက်ရာပါ ပစ္စည်း မှန်ကန်ခြင်းတို့ကြောင့် အယူခံ တရားလိုတို့အပေါ် တပ်မတော် အက်ဥပဒေပုဒ်မ ၅၂(က)အရပြစ်ဒဏ်ချမှတ်သည်။

၁။ မောင်ကျော်ဝင်း (တပ်သား) ၂။ မောင်လှအောင် ။ ၃။ မောင်ရစ် ။	နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	၁

တပ်မတော် အက်ဥပဒေပုဒ်မ ၆၅ အရ စစ်စည်းကမ်းကိုထိခိုက်အောင် ပြုမူဟူ၍လက်ခံ ဆုံးဖြတ်ခြင်း။

ဗိုလ်သိန်းဟန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၀

စာမျက်နှာ

တပ်ရေး ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ယင်းဒေသ၌ ငွေတိုက်မရှိသောကြောင့် ကုန်သွယ်ရေးငွေများကိုငင်းထံ အပ်နှံထားရာ ယင်းငွေအချို့ကို ပြန်အပ်နိုင်ခြင်း မရှိသဖြင့်လျော့နည်းခြင်းအတွက် ၎င်းတွင်တာဝန်ရှိသည်။ ။ဆုံးဖြတ်ချက်။ ။ အယူခံ တရားလိုသည်၊ ၁၉၆၆ ခုနှစ်တွင်၊ မိုင်းဆတ်မြို့၌ ခလရ(၅၄) တွင် တာဝန်ထမ်းဆောင်လျက် ရှိသည်။ မိုင်းဆတ်မြို့တွင် ငွေတိုက်မရှိသဖြင့် နယ်လက ဥက္ကဋ္ဌက ကုန်သွယ်ရေးမှ ငွေများကို ခလရ (၅၄) တပ်ရင်းရုံးရှိအယူခံတရားလို တပ်ရေးဗိုလ်ကြီး တင်မောင်ရီထံအပ်ရန် ညွှန်ကြားခဲ့သည်။ ညွှန်ကြားချက် အတိုင်း ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလ များအတွင်း ၎င်းထံ ငွေများ အလီလီ အပ်ထားခဲ့သည်။ ၎င်းမှာ ချင်းတပ်ရင်း (၃) သို့ ပြောင်းရွှေ့ရမည် ဖြစ်၍၊ ၎င်းထံ အပ်ထားသည့် ငွေများကို လွှဲ ပြောင်းပေးရာတွင် ငွေများ လျော့နည်းကွာခြား နေသည်။ ၎င်းက ငွေလျော့ နည်းကွာခြား နေခြင်းနှင့် ပတ်သက်၍မသိကြောင်း၊ ကိုယ်ကျိုးအတွက် အလွဲ သုံးစားလည်း မပြုကြောင်းထွက်ဆိုသည်။ မိမိထံတွင် အပ်ထားသည့် ငွေကို အပြည့်အဝ ပြန်မပေးအပ်နိုင်ခြင်းကို ဝန်ခံထားသဖြင့် မိမိတွင် တာဝန်ရှိသည်၊ မည်သည့်အတွက်ကြောင့် ငွေလျော့နည်း နေသည်ကို မသိဆိုရုံမျှနှင့် တာဝန်မှ ကင်းလွတ်ခွင့်မရှိ။

ဗိုလ်ကြီးတင်မောင်ရီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၃

ပြစ်မှုတခုတွင် အကျဉ်းစစ်တရားရုံးချုပ်တခုက ပြစ်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေအရ မှား ယွင်းကြောင်း တွေ့ရှိလျှင် ယင်းစစ်ဆေးခြင်းကို ပယ်ဖျက်ပြီး အကျဉ်းစစ်တရားရုံး ချုပ်ကို အသစ်ဖွဲ့စည်းကာ စစ်ဆေးနိုင်သည်။ တပ်ပြေးတဦးအား အပြတ်ရှင်းရန် ပေးထားသော အမိန့်သည် တပ်မတော် အစဉ်အလာ ကောင်းနှင့် ဆန့်ကျင် သည်။

ဗိုလ်ကြီးဟဲ(လ်)ဒိုလျှင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၄

တရားခံသည်ရိက္ခာဂိုဒေါင် ပစ္စည်းထိန်းအဖြစ် တာဝန်ယူချိန်တွင် ပစ္စည်းစာရင်း စစ်ဆေး ရေတွက်ရာ၌တရားခံ၏မျက်ကွယ်တွင်ပြုလုပ်ခြင်း၊ ဂိုဒေါင်တွင်းသို့တိတ်တဆိတ်လူ အဝင်အထွက် သက်သေခံရှိခြင်း၊ ဂိုဒေါင်အတွက် ကြီးကြပ်အုပ်ချုပ်သူအဆင့်ဆင့်ရှိခြင်း တို့ကြောင့် ပစ္စည်းထိန်းတွင် တာဝန်ရှိသည်ဟုမယူဆနိုင်။ ။ဆုံးဖြတ်ချက်။ ။ အယူခံတရားလိုသည်၊ ကျိုင်းတုံမြို့၌၊ တပ်ဆွယ်ဂိုဒေါင် ပစ္စည်းထိန်းတာဝန် ထမ်း ဆောင်စဉ်၊ တပ်သုံးပစ္စည်းများကို ယုံကြည်အပ်နှံမှု ဖောက်ဖျက်ကာ အလွဲသုံးစား ပြုသည့် ပြစ်မှုဖြင့် ပြစ်ဒဏ်သတ်မှတ်ခြင်း ခံရသည်။ သို့ရာတွင် ယခင်ပစ္စည်းထိန်း ထံမှ လွှဲပြောင်းယူရာတွင် ရေတွက်ချိန်တွယ်ပြီး လွှဲပြောင်း ယူခြင်း မဟုတ်၍ စာရင်းနှင့် ပစ္စည်း ကိုက်ညီခြင်းရှိ မရှိ စစ်ဆေးမှုမရှိခြင်း၊ တာဝန်သတ်မှတ်ချက် အတိအကျမရှိခြင်း၊ တာဝန်ခံ အဆင့်ဆင့်ရှိခြင်း၊ အယူခံတရားလိုအပေါ် အငြိုး စွဲသူတို့ကို သက်သေ တင်ပြမထားခြင်းတို့ကြောင့် အယူခံတရားလိုအပေါ်ပြစ်မှု ထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ် သတ်မှတ် ထားခြင်းတို့ကို ပယ်ဖျက်ကာ ၎င်းအား တရားသေလွှတ်သည်။

ဒုတပ်ကြပ်သန်းအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၇

စာမျက်နှာ

အထက်အရာရှိအမိန့်ကို သဘောရိုးဖြင့် ဆောင်ရွက်သော်လည်း ယင်းဆောင်ရွက်မှုသည် ပြစ်မှုတရပ်ဖြစ်ပါက၊ ဆောင်ရွက်မှုအတွက် အပြစ်ရှိသည်။ ။ဆုံးဖြတ်ချက်။ ။ တပ်ပြေး တင်သောင်းထွက်ပြေးပြီး ပြန်လည်ဖမ်းဆီး မိထားကြောင်း သတင်းပို့လာသဖြင့် စစ်ရေး ဗိုလ်ကြီးဟဲလ်ဒိုလျှင်းက၊ တာဝန်မှူး ဗိုလ်နောင်ရှိန်အားလွှတ်ပြီး အပြတ်ရှင်းရန် အမိန့်ပေးသည်။ ဗိုလ်နောင်ရှိန်က အထက်အမိန့်ကို ဆက်လက်ပြီး ထပ်ဆင့်အမိန့်ပေးခဲ့သည်။ ယင်း ထပ်ဆင့်အမိန့်အရ၊ တပ်ပြေးတင်သောင်းမှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးသည်။ အယူခံတရားလို ဗိုလ်နောင်ရှိန်က ယင်းသို့ ဆောင်ရွက်ခဲ့ရခြင်းကို မငြင်း၊ သဘောရိုးဖြင့် အထက်အရာရှိ အမိန့်ကိုဆောင်ရွက်ခြင်းပါဟု ထုချေသည်။ တပ်ပြေးတဦးအား မိသည့်အခါ ပစ်သတ်ခြင်းမှာ တပ်မတော်၏ အစဉ်အလာတွင် မရှိပေ။ အယူခံတရားလိုသည် ပြစ်မှု ကျူးလွန်ခဲ့ကြောင်းထင်ရှားသဖြင့် အယူခံကိုပယ်သည်။ ၈

ဗိုလ်နောင်ရှိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၅

စစ်ဘက်အယူခံတရားရုံး

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး ခင်အုန်း၊ ဦးတင်အုံး နှင့် ဦးအောင်ကြီး တို့ရှေ့တွင်

၁။ မောင်ကျော်ဝင်း (တပ်သား)
၂။ မောင်လှအောင် (တပ်သား)
၃။ မောင်ရစ် (တပ်သား)
နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၇၃

အောက်တိုဘာလ ၃၁ ရက်။

ခရီးသည်တင်ကားကိုရပ်တန့်ကာ ခရီးသည်များထံမှပစ္စည်းကို ခြောက်လှန့်ရယူခြင်းသည် တပ်မတော်အက်ဥပဒေပုဒ်မ ၅၂ (က) အရ၊ ပြစ်မှုမြောက်သည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုများသည်၊ လားရှိုး-မန္တလေး ကားလမ်းအနီးတွင် ခရီးသည်တင်ကား သုံးစီးကို ရပ်တန့်ကာ ခရီးသည်များထံမှ လက်ပတ်နာရီ၊ အဝတ်အစားနှင့် ငွေကြေးများကို ခြောက်လှန့်ကာရယူခဲ့ကြသည်။ ဓါးပြတိုက်မှုကြောင်းကို ဝန်ခံခြင်း၊ သက်သေခံပစ္စည်းရမိခြင်းနှင့် တိုက်ရာပါပစ္စည်း မှန်ကန်ခြင်းတို့ကြောင့် အယူခံတရားလိုတို့အပေါ် တပ်မတော်အက်ဥပဒေပုဒ်မ ၅၂ (က) အရပြစ်ဒဏ်ချမှတ်သည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးလှသောင်း။

တရားသူကြီး ဦးတင်အုံး။ ။အကျဉ်းစစ်တရားရုံးချုပ် အမှတ်စဉ် ၁၉/၆၇ (ရပခ) မှ တပ်သား ကျော်ဝင်း၊ လှအောင်နှင့် မောင်ရစ်တို့အပေါ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၅၂ (က)အရ စွဲချက်တင်ကာ အယူခံတရားလိုတို့အသီးသီးအား အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်စီကျခံစေရန်နှင့် စစ်မှုထမ်းခြင်းမှ အမြဲတမ်း ထုတ်ပယ်ရန် အမိန့်ချမှတ်သည်။ ကာကွယ်ရေး ဦးစီးချုပ်က ၎င်းတို့အသီးသီး၏ လျှောက်လွှာများကို ၁၉၇၃ ခု၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ပယ်ချသည်။

အယူခံတရားလိုများသည် ၁၉၆၇ ခု၊ ဧပြီလ ၉ ရက်နေ့ နံနက် ၈ နာရီတွင် လားရှိုး-မန္တလေး ကားလမ်း မိုင်တိုင် (၇) အနီးတွင် ခရီးသည်တင်ကား သုံးစီးကို

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၇၊ ၃၈၊ ၃၉။

† ၁၉၆၇ ခုနှစ်၊ အကျဉ်းစစ် တရားရုံးချုပ်(ရပခ)အမှတ် ၁၉ တွင်ချမှတ်သော ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့စွဲပါ အကျဉ်းစစ် တရားရုံးချုပ်၏အမိန့်ကိုအယူခံမှု။

၁၉၇၃ — ရပ်တန့်ကာ၊ ခရီးသည်များထံမှ လက်ဝတ်ရတနာ၊ အဝတ်အစားနှင့် ငွေစက္ကူများကို ခြောက်လှန့်ကာ ရယူခဲ့ကြသည်။

၁။ မောင်ကျော်ဝင်း(တပ်သား)
၂။ မောင်လှအောင်(တပ်သား)
၃။ မောင်ရစ်(တပ်သား)
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံတရားလိုများသည် အချင်းဖြစ်နေ့တွင် ပျောက်နေပြီး ညနေ ၃ နာရီခွဲမှ ဝတ်ကောင်းစားလှ ဝတ်ဆင်ကာ ပြန်လာသည်။ နာရီအသစ် ပတ်လာသည်ဟု လိုပြ (၂)က ထွက်ဆိုသည်။ အယူခံတရားလိုများ အခြေအနေပျက်သည်ကို ထောက်လှမ်းသူ လိုပြ(၃) တပ်သား နိုင်ဝင်းကလည်း တပ်ရဲ တပ်ကြပ်နှင့်အတူ မောင်ရစ်အိမ် သွားရှာရာ၊ နာရီ၊ ဖေါင်တိန်၊ ကွတ်အင်္ကျီဘို့ကို သိမ်းဆည်းရမိကြောင်း ထွက်ဆိုသည်။ လိုပြ (၄) (၅) (၆) ခရီးသည်များက ဓါးပြတိုက်ရာတွင်ပါသွားသော ဖေါင်တိန်၊ ယပ်တောင်၊ နာရီ၊ နားကပ်၊ ဆွဲကြိုးတို့ကို ၎င်းတို့ပစ္စည်းဟုဆွဲပြကြသည်။

ကျော်ဝင်း၊ မောင်ရစ်နှင့် လှအောင်တို့က ဓါးပြတိုက်မိကြောင်းဝန်ခံပြီး၊ တိုက်ရာပါ ပစ္စည်းများကို တင်ပြသည်။ ပြစ်ဒဏ်လျှော့ရန် တင်ပြကြသည်။

အယူခံတရားလိုများ ဝန်ခံခြင်း၊ သက်သေခံပစ္စည်း ရမိခြင်း၊ တိုက်ရာပါပစ္စည်း မှန်ကန်ခြင်းတို့ကြောင့် အယူခံတရားလို ၃ ဦးအပေါ် အပြစ်ပေးထားခြင်းသည် မှန်ကန်သဖြင့် အယူခံတွင် ထပ်မံစဉ်းစားရန် အကြောင်းမရှိသဖြင့် အယူခံလွှာကို ပလိုက်သည်။

စစ်ဘက်အယူခံတရားရုံး

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး ခင်အုံး၊ ဦးတင်အုံး နှင့် ဦးအောင်ကြီး တို့ရှေ့တွင်

ဗိုလ်ကြီးတင်မောင်ရီ

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၇၃

အောက်တိုဘာလ ၃၁ ရက်။

တပ်ရေးဗိုလ်ကြီးအဖြစ် တာဝန် ထမ်းဆောင်စဉ် ယင်းပေးသည့် ငွေတိုက်မရှိသောကြောင့် ကုန်သွယ်ရေး ငွေများကို ၎င်းထံအပ်နှံထားရာ၊ ယင်းငွေအချို့ကို ပြန်အပ်နိုင်ခြင်း မရှိသဖြင့် လျော့နည်းခြင်းအတွက် ၎င်းတွင်တာဝန်ရှိသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည်၊ ၁၉၆၆ ခုနှစ်တွင်၊မိုင်းဆတ်မြို့၌ ခလရ (၅၄)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။မိုင်းဆတ်မြို့တွင်ငွေတိုက်မရှိသဖြင့် နယ်လကဥက္ကဋ္ဌက ကုန်သွယ်ရေး မှငွေများကို ခလရ (၅၄) တပ်ရင်းရုံးရှိ အယူခံတရားလို တပ်ရေးဗိုလ်ကြီးတင်မောင်ရီထံ အပ်ရန် ညွှန်ကြားခဲ့သည်။ ညွှန်ကြားချက်အတိုင်း ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလများတွင်၊ ၎င်းထံငွေများ အလီလီအပ်ထားခဲ့သည်။ ၎င်းမှာ ချင်းတပ်ရင်း (၃)သို့ ပြောင်းရွှေ့ရမည် ဖြစ်၍၊ ၎င်းထံအပ်ထားသည့်ငွေများကို လွှဲပြောင်းပေးရာတွင် ငွေများ လျော့နည်းကွာခြားနေသည်။ ၎င်းက ငွေလျော့နည်း ကွာခြားနေခြင်းနှင့် ပတ်သက်၍ မသိကြောင်း၊ ကိုယ်ကျိုးအတွက် အလွဲသုံးစားလည်း မပြုကြောင်းထွက်ဆိုသည်။ မိမိထံတွင်အပ်ထားသည့်ငွေကို အပြည့်အဝ ပြန်မပေးအပ်နိုင်ခြင်းကို ဝန်ခံထားသဖြင့်မိမိတွင်တာဝန်ရှိသည်။ မည်သည့်အတွက်ကြောင့်ငွေလျော့နည်းနေသည်ကို မသိဆိုရုံမျှနှင့် တာဝန်မှကင်းလွတ်ခွင့်မရှိ။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံ အတွက်။ ။အစိုးရတရားခုံးချုပ်ရှေ့နေ ဦးလှသောင်း။

တရားသူကြီး ဦးတင်အုံး။ ။(ရပခ) အကျဉ်းစစ်တရားရုံးချုပ်အမှတ် ၄/၆၉ တွင် ဗိုလ်ကြီး တင်မောင်ရီအပေါ် တပ်မတော် အက်ဥပဒေပုဒ်မ ၅၁ (ဂ)အရ၊ အပြစ်ရှိသည်ဟု ဆုံးဖြတ်ပြီး ရှုတ်ချ၍အမြဲတမ်း ထုတ်ပစ်ဒဏ်နှင့် အလုပ်ကြမ်းဖြင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်ရာ ဗိုလ်ကြီး တင်မောင်ရီက မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၇။

† ၁၉၆၉ ခုနှစ်၊ အကျဉ်းစစ်တရားခုံးချုပ်(ရပခ) အမှတ် ၄ တွင် ချမှတ် သော ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့စွဲပါ အကျဉ်းစစ်တရားရုံးချုပ် (ရပခ)၏ အမိန့်ကိုအယူခံမှု။

၁၉၇၇
ဗိုလ်ကြီး ထင်မောင်ရီ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အမှုအဖြစ်ပျက်မှာ ဗိုလ်ကြီး တင်မောင်ရီသည် ၁၉၆၆ ခုနှစ်က၊ မိုင်းဆတ်မြို့ ခလရ (၅၄)တွင် ဝတ္ထုရားဆောင်ရွက်လျက်ရှိသည်။ မိုင်းဆတ်မြို့တွင် ငွေတိုက်မရှိသဖြင့် နယ်ကာဍကွက္ကဋ္ဌက ကုန်သွယ်ရေးမှငွေများကို ခလရ (၅၄)တပ်ရင်းရုံးရှိ တပ်ရေး ဗိုလ်ကြီး တင်မောင်ရီထံအပ်ရန် ညွှန်ကြားခဲ့သည်။ ယင်းသို့ ညွှန်ကြားသဖြင့် မိုင်းဆတ်မြို့၊ ကုန်သွယ်ရေးဌာနမှ ကုန်ပစ္စည်းများ ရောင်းချရရှိသည့် ငွေများကို ၁၉၆၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖေါ်ဝါရီလများတွင် ဗိုလ်ကြီး တင်မောင်ရီထံ အလီလီအပ်ထားခဲ့သည်။ ဗိုလ်ကြီး တင်မောင်ရီက ထိုအပ်ငွေများကို စာရင်းနှင့် လက်ခံထိန်းသိမ်းခဲ့သည်။ ထိုနောက် ဗိုလ်ကြီး တင်မောင်ရီမှာ ချင်းတပ်ရင်း (၃)သို့ ပြောင်းရွှေ့ရမည်ဖြစ်၍ ၎င်းထံအပ်ထားသော ငွေများကို ဗိုလ်ကြီး သန်းမောင်ထံ လွှဲအပ်ရသည်။ စာရင်းအရ ကုန်သွယ်ရေးမှအပ်၍ လက်ခံထားသည့် ငွေပေါင်းမှာ ၁၁၇၇၁၇ ကျပ် ၁၅ ပြား ဖြစ်ပြီး၊ ထိုငွေများအနက် ကျပ် ၉၇၀၀၀ိ သာလွှဲအပ်နိုင်သည်။ ကျန်ငွေ ၂၀၇၁၇ ကျပ် ၁၅ ပြားမှာ လျော့နည်းကွာခြား နေသဖြင့် ၎င်းအပေါ် အရေးယူခြင်းဖြစ်သည်။

ဗိုလကြီး တင်မောင်ရီက ထိုငွေကျပ် ၂၀၇၁၇ ကျပ် ၁၅ ပြား မပေးအပ်နိုင်ခြင်းကိုဝန်ခံသည်။ သို့ရာတွင် မည်သည့်အတွက်ကြောင့် ထိုငွေများ လျော့နည်းကွာခြားနေသည်ကိုမသကြောင်း ကိုယ်ကျိုးအတွက် အလွဲသုံးစားလည်း မပြုကြောင်း ထွက်ဆိုထားသည်။

ဗိုလ်ကြီး တင်မောင်ရီက ထိုငွေ ၁၁၇၇၁၇ ကျပ် ၁၅ ပြား လက်ခံရရှိခြင်းနှင့် ထိုငွေမှကျပ် ၉၇၀၀၀ သာပြန်အပ်နိုင်ခြင်းကို ဝန်ခံထားသဖြင့်၊ ထိုလျော့နည်းနေခြင်းမှာ ၎င်း၏တာဝန် ဖြစ်ပါသည်။ မည်သို့ဖြစ်ရသည်ကိုမသိ ဆိုရုံမျှနှင့် တာဝန်မှကင်းလွတ်ခွင့်မရှိ၊ အလွဲသုံးစားပြုသည်ဟု ယူဆရန်ရှိသဖြင့် ၎င်း၏အယူခံကို လက်ခံရန်အကြောင်းမရှိ၍ အယူခံလွှာကိုပယ်လိုက်သည်။

[စစ်ဘက်အယူခံတရားရုံး]

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီးခင်အုန်း၊ ဦးတင်အုံး နှင့် ဦးအောင်ကြီး တို့ရှေ့တွင်

ဗိုလ်နောင်ရှိန်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ*

† ၁၉၇၃ အောက်တိုဘာလ ၁၅ ရက်။

အထက် အရာရှိအမိန့်ကို သဘောရိုးဖြင့် ဆောင်ရွက်သော်လည်း ယင်းဆောင်ရွက်မှုသည် ပြစ်မှု တရပ်ဖြစ်ပါက၊ ဆောင်ရွက်မှုအတွက် အပြစ်ရှိသည်။

ဆုံးဖြတ်ချက်။ ။တပ်ပြေး တင်သောင်းထွက်ပြေးပြီး ပြန်လည်ဖမ်းဆီးမိထားကြောင်းသတင်း ပို့လာသဖြင့် ၁၁ ခရေးဗိုလ်ကြီး ဟဲလ်ဒိုလျင်းက၊ တာဝန်မှူးဗိုလ်နောင်ရှိန်အား လွှတ်ပြီးအပြတ်ရှင်း ရန် အမိန့်ပေးသည်။ ဗိုလ်နောင်ရှိန်က အထက်အမိန့်ကို ဆက်လက်ပြီး ထပ်ဆင့်အမိန့်ပေးခဲ့သည်။ ယင်းထပ်ဆင့်အမိန့်အရ၊ တပ်ပြေး တင်သောင်းမှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးသည်။ အယူခံ တရားလိုဗိုလ်နောင်ရှိန်က ယင်းသို့ဆောင်ရွက်ခဲ့ရခြင်းကို မငြင်း၊ သဘောရိုးဖြင့် အထက်အရာရှိ အမိန့်ကို ဆောင်ရွက်ခြင်းပါဟု ထုချေသည်။ တပ်ပြေးတဦးအား မိသည့်အခါ ပစ်သတ်ခြင်းမှု တပ်မတော်၏ အစဉ်အလာတွင် မရှိပေ။ အယူခံတရားလိုသည် ပြစ်မှု ကျူး လွန်ခဲ့ကြောင်း ထင်ရှားသဖြင့် အယူခံကိုပယ်သည်။

အယူခံတရားလိုအတွက်။

အယူခံတရားခံ အတွက်။ ။ အစိုးရ တရားရုံးချုပ်ရှေ့နေ ဦးလှသောင်း။

တရားသူကြီး ဦးတင်အုံး။ ။မနေပြည်မြို့ ခြေမြန်တပ်ရင်း အမှတ် (၁၀၇) ဗိုလ်နောင်ရှိန် ကိုယ်ပိုင်အမှတ် (ကြည်း/၁၀၆၁၀)အား အနောက်တောင်တိုင်း စစ် ဌာနချုပ် အကျဉ်းစစ် တရားရုံးချုပ်တွင် တပ်မတော် အက်ဥပဒေပုဒ်မ ၇၁ နှင့် တွဲဖက်လျက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)/၁၀၉ တို့အရ၊ လူသတ်မှုကို အားပေး ကူညီမှု ပြစ်ဒဏ်အရ ရှုတ်ချ၍ တပ်မတော်မှ အမြဲတမ်း ထုတ်ပယ်ပစ်ရန်နှင့် အလုပ်ကြမ်း နှင့်ထောင်ဒဏ် ၆ လ ကျခံစေရန် ၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အမိန့်ချမှတ်

* ၁၉၇၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄။

† ၁၉၇၀ ခုနှစ်၊ အကျဉ်းစစ်တရားရုံးချုပ် (နတခ) အမှတ် ၃ တွင် ချမှတ်သော ၁၉၇၀ ခုနှစ် ဇွန်လ ၂၄ ရက်နေ့စွဲပါ အကျဉ်းစစ်တရားရုံးချုပ် (နတခ)၏ အမိန့်ကို အယူခံမှု။

၁၉၇၃ ——— ဗိုလ်နောင်ရှိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ခဲ့သည်။ ကာကွယ်ရေး ဦးစီးချုပ်က ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့စွဲဖြင့် စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကို အတည်ပြုခဲ့သည်။ ယင်း အမိန့်မှ စစ်ဘက်အယူခံ တရားရုံးသို့ ထပ်မံအယူခံဝင်ခြင်းဖြစ်သည်။

တပ်ပြေးတင်သောင်း ထွက်ပြေးရာ မနေဖြူအပိုင် ညောင်ချောင်းကျေးရွာတွင် ဖမ်းဆီးမိထားကြောင်း သတင်းပို့ရာ စစ်ရေးဗိုလ်ကြီး ဟဲလ်ဒိုလျင်းက တာဝန်မှူး ဗိုလ်နောင်ရှိန်အားလွှတ်ပြီး၊ အပြတ်ရှင်းရန် အမိန့်ပေးသည်။ ဗိုလ်နောင်ရှိန်က ကင်း ကတုတ်တွင် တာဝန်ကျ ကင်းသား တပ်သားစိန်ငင်းကို တပ်ရင်းကားနှင့် တင်ခေါ်ပြီး ဖမ်းဆီးထားသည့်နေရာ ရောက်သည့်အခါ ပစ်သတ်ရန် အထက်အမိန့်ကို ဆက်လက်ပြီး ထပ်ဆင့် အမိန့်ပေးခဲ့သည်။ ယင်းထပ်ဆင့် အမိန့်အရ တပ်ပြေးတင်သောင်းမှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးသည်။

အယူခံတရားလို ဗိုလ်နောင်ရှိန်က ယင်းသို့ ဆောင်ရွက် ခဲ့ရခြင်းကို မငြင်း၊ သဘော ရိုးဖြင့် အထက်အရာရှိ အမိန့်ကို ဆောင်ရွက်ခြင်းပါဟုသာ ထုချေသည်။ တပ်ပြေး တဦးအား မိသည့်အခါပစ်သတ်ခြင်းမှာတပ်မတော်၏အစဉ်အလာတွင်မရှိပေ။ သို့ဖြစ်ရာ အယူခံတရားလိုသည် တပ်မတော် အက်ဥပဒေပုဒ်မ ၇၁ နှင့်တွဲဖက်လျက် ရာဇသတ် ကြီးပုဒ်မ ၃၀၂ (၂) / ၁၀၉ တို့အရ၊ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားသည်။

အကျဉ်းစစ် တရားရုံးက ပြစ်ဒဏ် ၂ ရပ်အရ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိပြီး၊ ပြစ်ဒဏ်သတ်မှတ်ထားခြင်းသည် မှန်ကန်သည်။ အယူခံကိုပယ်သည်။

စစ်ဘက်အယူခံတရားရုံး

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီးခင်အုန်း၊ ဦးတင်အုံး နှင့် ဦးအောင်ကြီး တို့ရှေ့တွင်

ဒု-တပ်ကြပ်သန်းအောင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

†၁၉၇၃ အောက်တိုဘာလ ၃၁ ရက်။

တရားခံသည်ရိက္ခာဂိုဒေါင်ပစ္စည်းထိန်းအဖြစ်တာဝန်ယူချိန်တွင်၊ ပစ္စည်းစာရင်း စစ်ဆေးရေတွက်ရာ၌ တရားခံ၏မျက်ကွယ်တွင်ပြုလုပ်ခြင်း၊ ဂိုဒေါင်တွင်းသို့ တိတ်တဆိတ်လူအဝင်အထွက်သက်သေခံရှိခြင်း၊ ဂိုဒေါင်အတွက် ကြီးကြပ်အုပ်ချုပ်သူ အဆင့်ဆင့်ရှိခြင်းတို့ကြောင့် ပစ္စည်းထိန်းတွင် တာဝန်ရှိသည်ဟုမယူဆနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည်၊ ကျိုင်းတုံမြို့၌၊ တပ်ဆွယ်ဂိုဒေါင်ပစ္စည်းထိန်း တာဝန်ထမ်းဆောင်စဉ်၊ တပ်သုံးပစ္စည်းများကို ယုံကြည်အပ်နှံမှု ဖောက်ဖျက်ကာ အလွဲသုံးစားပြုသည့်ပြစ်မှုဖြင့် ပြစ်ဒဏ်သတ်မှတ်ခြင်းခံရသည်။ သို့ရာတွင်ယခင်ပစ္စည်းထိန်း ထံမှ လွှဲပြောင်းယူရာတွင် ရေတွက်ချိန်တွယ်ပြီး လွှဲပြောင်းယူခြင်းမဟုတ်၍ စာရင်းနှင့် ပစ္စည်း ကိုက်ညီခြင်းရှိ မရှိ စစ်ဆေးမှုမရှိခြင်း၊ တာဝန်သတ်မှတ်ချက် အတိအကျမရှိခြင်း၊ တာဝန်ခံအဆင့်ဆင့်ရှိခြင်း အယူခံတရားလိုအပေါ် အဓိကစွပ်စွဲသူတို့ကို သက်သေတင်ပြမထားခြင်းတို့ကြောင့် အယူခံတရားလိုအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်သတ်မှတ် ထားခြင်းတို့ကို ပယ်ဖျက်ကာ ရင်းအားတရားသေလွှတ်သည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရတရားရုံးချုပ် ရှေ့နေ ဦးလှသောင်း။

တရားသူကြီး ဦးတင်အုံး။ ။အကျဉ်းစစ် တရားရုံးချုပ် အမှတ်စဉ် ၇၂/၆၉ (ရပခ)မှ ဒု-တပ်ကြပ် သန်းအောင်အပေါ် တပ်မတော် အက်ဥပဒေပုဒ်မ ၅၁ (ဂ)

---

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၇။

† ၁၉၆၉ ခုနှစ်၊ အကျဉ်းစစ်တရားရုံးချုပ် (နတခ)အမှတ် ၇၂ တွင်ချမှတ်သော ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့စွဲပါ အကျဉ်းစစ်တရားရုံးချုပ် (နတခ)၏ အမိန့်ကိုအယူခံမှု။

၁၉၇၃
ဒု-တပ်ကြပ် သန်းအောင် နှင့် ပြည့်ထောင်စု မြန်မာနိုင်ငံ။

အရ စွဲချက်တင်၍ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိကာ အလုပ်နှင့် ထောင်ဒဏ် (၁)နှစ် ကျခံရန်အပြင် စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပယ်မိန့် ချမှတ်သည်။

ကာကွယ်ရေး ဦးစီးချုပ်က ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ၎င်း၏ လျှောက်လွှာကို ပယ်ချသည်။ အယူခံတရားလိုသည် ကျိုင်းတုံမြို့၌ ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်ဆွယ်ဂိုဒေါင် ပစ္စည်းထိန်းတာဝန် ထမ်းဆောင်စဉ် တပ်သုံးပစ္စည်းများဖြစ်သော နို့ဆီ ၃၆ လုံးနှင့် သကြား ၆၀၇ ပိဿာကို ယုံကြည် အပ်နှံမှုဖေါက်ဖျက်ကာ အလွဲသုံးစားခြင်းပြုသည်။

လိုပြ (၁) ပစ္စည်းထိန်း တပ်ကြပ်ကြီး ကျော်ကြီး၊ လိုပြ (၂) ဒု-အရာခံဗိုလ် ဘသိန်းတို့၏ ထွက်ချက်တွင် ရိက္ခာဂိုဒေါင်ကို တွဲဖက်တာဝန်ယူရာတွင် သော့ပိတ် လျက်ရှိစဉ် အတွင်းမှ သံနုတ်သံကြား၍ ချောင်းဖမ်းရာ ချစ်သန်းကို ဂိုဒေါင်ဘေးမှ ထွက်လာသည်ကို တွေ့ကြောင်း၊ စစ်ဆေးရာ တရားခံက နို့ဆီ သေတ္တာတွင်းမှ နို့ဆီတလုံးကျစီ ထုတ်ယူခိုင်း၍ အရပ်သား ညွန့်ရင်နှင့်လုပ်ကြောင်း ပြောသဖြင့် တပ်မှ တာဝန်ရှိသူများနှင့် ဝင်ဖမ်းရာ ညွန့်ရင်ကို နို့ဆီတဗူး ဖေါက်သောက်ကာ အိပ်ပျော်နေပြီး ထုတ်ထားသော နို့ဆီအလုံး ၄၀ ကိုပါ တွေ့ကြောင်း ထွက်ဆို သည်။

ဗိုလ်ကြီး တင်အောင်ကလည်း အယူခံတရားလို၏ စေခိုင်းချက်အရ ဖမ်းမိသော အရပ်သား ၂ ဦးက ခိုးထုတ်သည်ဟု ထွက်ဆိုကြောင်း သက်သေခံသည်။ ယခုကဲ့သို့ ခိုးယူခြင်းမှာ (၂) ကြိမ် (၃) ကြိမ်ရှိကြောင်းလည်း ဖမ်းမိသူများကပြောကြောင်း ထွက်ဆိုသည်။ သို့သော် ထိုသက်သေ ချစ်သန်းနှင့် ညွန့်ရင်ကို သက်သေပြထားခြင်း မရှိပါ။ တရားခံ၏ ထွက်ချက်တွင် ပစ္စည်းလက်ခံရာတွင် လျော့နည်း ပျက်စီးမှု ရှိကြောင်း၊ ပစ္စည်းထိန်း တာဝန်ယူရာတွင် ယခင်က ထိန်းသိမ်းသူများထံမှလက်ခံ ယူရာတွင်၎င်း၊ မိမိက ဒု-တပ်ကြပ်ကြီး လှမြင့်အား လွှဲပြောင်းပေးရာတွင်၎င်း နို့ဆီ သကြားများကို ရေတွက်ချိန်တွယ်ပြီး လွှဲပြောင်းပေးရခြင်း မဟုတ်ကြောင်း၊ မျက် ကွယ်တွင် ရေတွက်ခြင်းဖြစ်ကြောင်း၊ နို့ဆီသကြား အရေအတွက် မိမိလက်ထက်တွင် လျော့နည်းသည်ဟု ယခင်အခါက လျော့နည်းမှုများအတွက် စုပေါင်း ပြသထား သဖြင့် တာဝန် မိမိအပေါ် ပုံကျလာခြင်းဖြစ်ကြောင်း တင်ပြသည်။

ရိက္ခာဂိုဒေါင် တာဝန်ယူရာတွင် မိမိအထက်တွင်၎င်း၊ လက်အောက်တွင်တပ်ကြပ်/ ပစ္စည်းထိန်း၊ တပ်ကြပ်ကြီး/ပစ္စည်းထိန်းနှင့် ဒု-အရာခံဗိုလ်၊ ကြီးကြပ်ရေးမှူးတို့ အဆင့် ဆင့် ရှိရာ မိမိအားတာဝန်ပုံချခြင်းမှာ ပြင်းထန်လှပါကြောင်း တင်ပြပါသည်။ ပစ္စည်း

၁၉၇၃

ဒု-တပ်ကြပ် သန်းအောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

စစ်ဆေးစဉ် မျက်ကွယ်၌လုပ်ခြင်း၊ ဖမ်းမိသည်ဆိုသူတို့မှာ ဂိုပေါင်အတွင်း သေတ္တာ ပြင်ဆင်ရန် တပ်ဆွယ်မှ ပေးထားသူများသာ ဖြစ်ပါသည်ဟုတင်ပြသည်။

တာဝန်သတ်မှတ်ချက် အတိအကျမရှိခြင်း၊ ယခင်ကပင် စာရင်းနှင့် ပစ္စည်း ကိုက်ညီခြင်းရှိ-မရှိစစ်ဆေးမှုမရှိခြင်း၊ တာဝန်ခံအဆင့်ဆင့်ရှိခြင်း၊ အယူခံတရားလို အပေါ် အမိကစွပ်စွဲသူ ချစ်သန်းနှင့် ညွန့်ရင်ကို သက်သေတင်ပြမထားခြင်းတို့ကြောင့် အယူခံတရားလိုအပေါ် ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက်ကာ ၎င်းအမှုနှင့် ပတ်သက်၍ တရားသေလွှတ်သည်။

စစ်ဘက်အယူခံတရားရုံး

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီးထွန်းတင်၊ ဦးတင်အုံး နှင့် ဦးအောင်ကြိုး တို့ရှေ့တွင်

† ၁၉၇၃
အောက်တိုဘာလ ၂၆ ရက်။

ဗိုလ်သိန်းဟန်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

တပ်မတော်အက်ဥပဒေ ပုဒ်မ ၆၅ အရ၊ စစ်စည်းကမ်းကို ထိခိုက်အောင် ပြုမူဟူ၍ လက်ခံဆုံးဖြတ်ခြင်း။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံ အတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးလှသောင်း။

တရားသူကြီးဦးတင်အုံး။ ။(နမခ) အကျဉ်းစစ်တရားရုံးချုပ်အမှတ် ၂၃/၇၁ မ ဗိုလ်သိန်းဟန်အပေါ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၆၅ ဖြင့်စွဲချက် ၂ ရပ်တင်ကာ တပ်မှရွှတ်ချကာ အမြဲတမ်းထုတ်ပယ်ခြင်း၊ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်ကျခံခြင်းနှင့် အမှုနှင့်ပတ်သက်သော ပစ္စည်းများကိုသိမ်းဆည်းရန်အမိန့်ချသည်။ ကာကွယ်ရေးဦးစီးချုပ်က ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ပြစ်ဒဏ်ကို အတည်ပြုသည်။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ၎င်း၏လျှောက်လွှာကို ပယ်ခဲ့သည်။

အယူခံတရားလိုအား ၁၉၇၀ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ကျောက်စိမ်းရောင်းချမှုနှင့်ပတ်သက်၍ဖမ်းသည်။ မြစ်ကြီးနားမြို့တရုတ်ကုန်သည် ကျန်ဝင်းချန်က ကျောက်စိမ်း ၂ တုံးကိုမန္တလေးသို့သယ်ပေးရန်၊ သယ်ခ ရှစ်ထောင်ပေးမည်ပြောသဖြင့် ရန်ကုန်သို့ပစ္စည်းပို့ရန် အဖွဲ့ဝင် ၂၀ ခေါင်းဆောင် ဗိုလ်သိန်းဟန်နှင့်အတူ ယူလာပြီး၊ သင်္ဘောပေါ် ဗိုလ်သိန်းဟန် အိပ်ခန်းတွင် ထားကြောင်း၊ မန္တလေးရောက်သည့်အခါ မန္တလေးမှလာယူသူ တရုတ်ယူကျန်နှင့် ဆက်သွယ်ရာ အဖြေမပေးသဖြင့် ဗိုလ်သိန်းဟန်က ကြား

---

* ၁၉၇၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၅။

† ၁၉၇၁ ခုနှစ်၊ အကျဉ်းစစ် တရားရုံးချုပ် (နမခ)အမှတ် ၂၃ တွင်ချမှတ်သော ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့စွဲပါ အကျဉ်းစစ်တရားရုံးချုပ် (နမခ)၏ အမိန့်ကိုအယူခံမှု။

ဖြန့်ဖြေရာ ကျပ် ၂ သောင်းရခဲ့ကြောင်း လိုပြ (၁) တပ်ကြပ်ကြီး အောင်ထွန်း ထွက်ချက်ရှိသည်။ လိုပြ(၂) တပ်သား တိုက်ကြည်၊ လိုပြ (၃) တပ်သားတင်ဆွေ၊ လိုပြ (၄) ယူကျုန်တို့ကထောက်ခံထွက်ဆိုပြီး၊ လိုပြ (၆) (၇) တို့က ကျောက်စိမ်း ၅ပိဿာ ခန့်ကို အယူခံတရားလိုက ကျပ် ၅ သိန်းနှင့် အရောင်းအဝယ်လုပ်ရာတွင် ပါဝင်သဖြင့် သိရှိကြောင်းထွက်ဆိုသည်။

† ၁၉၇၃

ဗိုလ်သိန်းဟန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ

အယူခံတွင် သိမ်းဆည်းသောပစ္စည်းများနှင့်ပတ်သက်၍၊ ခိုင်လုံစွာသက်သေမထူ နိုင်ခဲ့ကြောင်း၊ ထင်ကြေးဖြင့်သာ အပြစ်ပေးကြောင်း၊ သိမ်းဆည်းသောပစ္စည်းများ မှာ မိမိပိုင်ဖြစ်သဖြင့် ပြန်ပေးသင့်ကြောင်း တင်ပြသည်။

ကျောက်စိမ်းရောင်းဝယ်ရာတွင် မန္တလေးမှ ဆက်သွယ်ပေးသူနှင့် ရောင်းချရာတွင် ပါဝင်ဆောင်ရွက်သူများ၏ ထွက်ချက်ရှိသည်။ ပစ္စည်းများလည်းရမိသည်။ ပြစ်မှုတွေ့ရှိ ကာ အပြစ်ပေးထားခြင်းမှန်သဖြင့် အယူခံကိုလက်ခံရန်အကြောင်းမရှိ။ အယူခံကို ပယ်သည်။

စစ်ဘက်အယူခံတရားရုံး

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီးကျော်ထင်၊ ဦးတင်အုံး နှင့် ဦးအောင်ကြီး တို့ရှေ့တွင်

†၁၉၇၃
နိုဝင်ဘာလ
၁ ရက်။

တပ်သားဟန်တော

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ*

ကင်းတာဝန်ကျစဉ် ကင်းမှူးကို ပစ်သတ်ပြီး ကင်းမှလက်နက်များယူကာ စခန်းကို စွန့်ခွာ၍တောခိုခြင်းသည် စစ်ပုန်ကန်မှုဖြစ်သည်ကိုဆုံးဖြတ်ခြင်း။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံ အတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးလှသောင်း။

တရားသူကြီး ဦးတင်အုံး။ ။အကျဉ်းစစ်တရားရုံးချုပ်အမှတ် ၃/၆၆ (ရတခ) မှ အယူခံတရားလိုအပေါ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၃၆ (ခ) အရ၊ ဗွဲချက်တင်ကာ စစ်မှုထမ်းခြင်းမှ ထုတ်ပယ်ရန်နှင့် သေဒဏ် အမိန့်ကျခံရန် ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ တာဝန်ခံရေး ဦးစီးချုပ်က သေဒဏ်ကို ၁၉၇၀ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင်အတည်ပြုသည်။

အယူခံတရားလိုက ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အယူခံလွှာတင်သွင်းသည်။ အယူခံလွှာတွင် ဘရင်းနှင့် နေရာသူထားစဉ် စခန်းချသည့် ကင်းရုံဖက်မှ သေနတ်သံများသူညံစွာကြားရ၍ ချရန် ဝိုင်းနေမှန်း သိရကြောင်း၊ ကိုင်ထားသော ဘရင်းနှင့် ၃-၄ ချက်ပစ်စဉ် ကျည်မထွက်တော့ပဲရှိနေရာ၊ သောင်းခင်က ဂျီ-၃နှင့်ချိန်၍ “ဒို့တောခိုမည်၊ မင်းလိုက်မလား၊ မလိုက်ဘူးလား၊ ငါ ဆရာဖိုးခိုင်ကိုပစ်လို့သေပြီ တောခိုမှဖြစ်မယ်၊ လှသောင်းတော့ ငါနှင့်လိုက်မည်” ဟုပြောသဖြင့် သဘောတူဟန် ဆောင်ပြီးလိုက်သွားကြောင်း၊ ပြန်ပြေးရန်အတွက် တညသက်နက်နှင့် တပ်ရှိရာ ပြန်လာရာ၊ မျက်စိလည်ပြီး ကင်းလှည့်သောဘပ်စိတ်နှင့် တွေ့၍ အဖမ်းခံကြောင်းထွက်ဆိုသည်။

---

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂။

† ၁၉၆၆ ခုနှစ်၊ အကျဉ်းစစ်တရားရုံးချုပ် (ရတခ)အမှတ် ၃ တွင် ချမှတ်သော ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် နေ့စွဲပါ အကျဉ်းစစ်တရားရုံးချုပ် (ရတခ) ၏ အမိန့်ကိုအယူခံမှု။

အယူခံတရားလိုသည်၊ ကင်းတာဝန်ကျစဉ် အခြားတပ်သားနှစ်ဦးနှင့်အတူ ဒု-တပ်ကြပ် ဖိုးခိုင်ကိုပစ်ခတ်သတ်ဖြတ်ပြီး ကင်းမှလက်နက်များယူကာ စခန်းကိုစွန့်ခွါ၍ တောခိုခဲ့ခြင်းဖြစ်သည်။

† ၁၉၇၃

တပ်သား ဟန်တော နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံလွှာတွင် အယူခံတရားလိုက လက်နက်ယူလာ၍ တောခိုခြင်းကိုမငြင်း၊ သောင်းခင်က ခြိမ်းခြောက်ခေါ်သွား၍ လိုက်ပါသွားပါသည်ဟုသာထုချေသည်။

(လိုပြ-၂)ဒု-တပ်ကြပ် လှမောင်က အယူခံတရားလိုသည် မိန်းကလေးတဦးနှင့် စုံနှံ့သာစခန်းမှ အဝိုင်းရွာသို့ခေတ္တသွားလိုကြောင်း ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် သတင်းပို့ကြောင်း၊ ညနေ ၄း၀၀ နာရီအချိန်တွင် သေနတ်ပစ်သံများကြား၍ ထွက်ကြည့်ရာတပ်သားဟန်တောအိပ်ဆောင်ထဲမှစက်ကလေးကိုင်ပြီးထွက်လာကြောင်း ပစ်ခတ်မှုကြောင့် ဒု-တပ်ကြပ် ဖိုးခိုင်ကျည်ထိကာလဲသွားကြောင်းထွက်ဆိုသည်။ (လိုပြ-၃) ကလည်း၊ ယင်းသို့စက်ကလေးနှင့် ပစ်ကြောင်းထောက်ခံသည်။

(လိုပြ-၆) တပ်ကြပ်ကျော်သန်း၏ ထွက်ချက်တွင် ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရွှေပြေးအဖြစ်ရှင်းလင်းသွားစဉ် မသင်္ကာစရာလူတဦးကိုတွေ့၍ ဖမ်းဆီးရာ၊ လက်ပစ်ဗုံးတလုံးတွေ့ကြောင်း၊ နောက်မှစုံနှံ့သာမှတောခိုသူတပ်ပြေး ဟန်တောဖြစ်သည်ကို သိရကြောင်းထွက်ဆိုသည်။ စစ်မေးရာတွင် ဝှက်ထားသော စက်ကလေး၊ ချိ-၃၊ စတင်းနှင့် ရိုင်ဖယ်တို့ကိုဖေါ် ထုတ်ပေးကြောင်းထွက်ဆိုသည်။

တရားလိုသက်သေများထွက်ချက်အရ၊ အယူခံတရားလိုလက်ချက်ဖြင့် ဒု-တပ်ကြပ် ဖိုးခိုင်သေဆုံးခြင်း၊ လက်နက်များယူကာ ကင်းကိုစွန့်ခွါသွားခြင်းမှာ တောခိုခြင်း မြောက်သဖြင့် စွဲချက်အတိုင်း အပြစ်ပေးထားခြင်းမှန်ကန်သည်။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ ၁၉၇၁ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့စွဲပါ ကြေငြာချက်အမှတ် (၈၇) အရ သေဒဏ်ကျခံနေရသူများအား သေဒဏ်မှ လွတ်ကင်း၍ တသက်တကျွန်းဒဏ်သို့လျှော့ပြီးဖြစ်သည်။

အယူခံကိုလက်ခံစဉ်းစားရန်အကြောင်းမရှိသဖြင့် အယူခံလွှာကို ပယ်လိုက်သည်။

စစ်ဘက်အယူခံတရားရုံး

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး ခင်အုန်း၊ ဦးတင်အုံး နှင့် ဦးအောင်ကြီး တို့ရှေ့တွင်

ဗိုလ်ကြီး ဟဲ(လ်)ဒိုလျင်း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၇၃

အောက်တိုဘာလ ၁၅ ရက်။

ပြစ်မှုတခုတွင် အကျဉ်းစစ် တရားရုံးချုပ် တခုက ပြစ်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်းတွေ့ရှိလျှင် ယင်းစစ်ဆေးခြင်းကို ပယ်ဖျက်ပြီး အကျဉ်းစစ် တရားရုံးချုပ်ကို အသစ်ဖွဲ့စည်းကာ စစ်ဆေးနိုင်သည်။ တပ်ပြေးတဦးအား အပြတ်ရှင်းရန် ပေးသားသော အမိန့်သည် တပ်မတော်အမဉ်ဖာလာကောင်းနှင့်ဆန့်ကျင်သည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ ဇင်းဆင့် ဆော်လမွန်။

အယူခံတရားခံအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးလှသောင်း။

တရားသူကြီး ဦးတင်အုံး။ ။နေ့ဖြူမြို့၊ ခြေမြန်တပ်ရင်း (၁၀၇) ကိုယ်ပိုင်အမှတ် (ကြည်း/၇၇၅၆) ဗိုလ်ကြီး ဟဲ(လ်)ဒိုလျင်းအား၊ အကျဉ်းစစ်တရားရုံးချုပ် အမှတ် ၃/၇၀ (နတခ) မှ နယ်ဘက်ပြစ်မှု ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)/၁၀၉ ပြဋ္ဌာန်းချက်အရ ပြစ်ဒဏ် ထိုက်သင့်သော လူသတ်မှုကို အားပေးကူညီခြင်းကြောင့် တပ်မတော် အက်ဥပဒေပုဒ်မ ၇၁ အရ၊ စွဲဆိုသည်။ ၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့စွဲပါ အမိန့်အရ၊ စွဲချက်အရ အပြစ်ရှိ၍ တရားခံအား အငြိမ်းစားလစာအတွက် စစ်မှုထမ်းသက် ၄ နှစ်လျှော့စေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

သို့သော် ယင်းပြစ်ဒဏ် ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ တရားခံအပေါ် တပ်မတော် အက်ဥပဒေပုဒ်မ ၇၁ [ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)/၁၀၉] တွဲဖက်လျက် စွဲချက်တင်စစ်ဆေးရာ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပါက တရားခံအား တသက်တကျွန်းဒဏ် ချမှတ်နိုင်သော ပြစ်မှုဖြစ်သဖြင့် စစ်တရားရုံးမှ ၁၉၇၀ ခုနှစ်၊

---

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၁။

† ၁၉၇၁ ခုနှစ်၊ အကျဉ်းစစ်တရားရုံးချုပ် (နတခ) အမှတ် ၂ တွင်ချမှတ်သော ၁၉၇၁ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့စွဲပါ အကျဉ်းစစ်တရားရုံးချုပ် (နတခ)၏ အမိန့်ကိုအယူခံမှု။

၁၉၇၃
ဗိုလ်ကြီး ဟဲ(လ်) ဒိုလျင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဇွန်လ ၂၄ ရက်နေ့စွဲပါ ဆုံးဖြတ်ချက်သည် တရားဥပဒေနှင့် မကိုက်ညီသဖြင့် ပယ်ဖျက်ကြောင်း အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးကြီး စန်ကြည်က ၁၉၇၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့စွဲ အမိန့်ကို ချမှတ်ခဲ့သည်။

ထို့ကြောင့် အကျဉ်းစစ်တရားရုံးချုပ် အမှတ် ၂/၇၁ (နတခ) ဖြင့် ၁၉၇၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ပြန်လည်စစ်ဆေးရာ တပ်မတော် အက်ဥပဒေပုဒ်မ ၇၁ [နယ်ဘက်ပြစ်မှုဖြစ်သော ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)/၁၀၉] ဖြင့် စွဲချက်တင်ကာ အပြစ်ရှိကြောင်း တွေ့ရှိသဖြင့် တပ်မှရုတ်ချ၍ အမြဲတမ်း ထုတ်ပယ်စေရန်နှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁ နှစ်ကျခံစေရန် ၁၉၇၁ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် အမိန့်ချမှတ်သည်။ကာကွယ်ရေး ဦးစီးချုပ်ထံ အသနားခံစာတင်ရာ စစ်ဆေးချက်၏ ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့စွဲ အမိန့်အရ ပြစ်မှုပါအပြုအမူသည် တပ်မတော်အနေနှင့် အစဉ်အလာကောင်း မဖြစ်နိုင်သဖြင့် စဉ်းစားရန် မသင့်သဖြင့် ပယ်ကြောင်း အမိန့်ချမှတ်သည်။

ဗိုလ်ကြီး ဟဲ(လ်)ဒိုလျင်းက စစ်ဘက်အယူခံတရားရုံးသို့ အယူခံဝင်သည်။ အယူခံလွှာတွင် ပထမစစ်တရားရုံးက စစ်ဆေးပြီး အပြစ်ပေးကာ အတည် ပြုပြီးသည်ကို ပယ်ဖျက်ပြီးနောက် တဖန် ယင်းတရားခံအပေါ် မူလပြစ်မှုအတွက်ကိုပင် ဒုတိယ စစ်တရားရုံး ဖွဲ့စည်းစစ်ဆေးခြင်းမှာ ဥပဒေအရ လွဲမှားကြောင်း၊ နစ်နာမှုရှိကြောင်း တင်ပြသည်။

ပထမ စစ်တရားရုံးချုပ် ၃/၇၀ ဖွဲ့စည်းပြီး ၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် စတင်စစ်ဆေးသည်။ စွဲချက်တင်ရာတွင် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၇၁ [ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)/၁၀၉ တွဲဘက်လျက်] အရ၊ စွဲချက်တင်ပြီး စွဲချက်အရ အပြစ်ရှိကြောင်း တွေ့ရှိကာ အပြစ်ပေးသည်။ ပေးသော ပြစ်ဒဏ်မှာ စစ်မှုထမ်းသက် ၄ နှစ်ကို အငြိမ်းစား လစာအတွက် လျော့စေရန် ဖြစ်သည်။ ယင်းပြစ်ဒဏ်မှာ စွဲချက်တင်သည့် ပြစ်မှုနှင့် ပြစ်မှုထင်ရှားတွေ့ရှိ၍ သတ်မှတ်ရမည့် ပြစ်ဒဏ် အမျိုးအစားအရ ဥပဒေကြောင်း လွဲမှားနေသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မူလစစ်ဆေးချက်သည် ဥပဒေအရလွဲမှားသဖြင့် ပြင်ဆင်ပယ်ဖျက်ရန် လိုအပ်လာသည်။

ယင်းလိုအပ်သည့်အတိုင်း အကျဉ်းစစ်တရားရုံးချုပ် အမှတ် ၂/၇၁ (နတခ) ကို ဖွဲ့စည်းကာ ၁၉၇၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင်စစ်ဆေးခဲ့သည်။ တပ်မတော် အက်ဥပဒေ ပုဒ်မ ၇၁ [နယ်ဘက်ပြစ်မှု ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)/၁၀၉ တွဲဖက်လျက်] ဖြင့်ပင် စွဲချက်တင်ရာ ပြစ်မှုထင်ရှားသဖြင့် တပ်မှ အမြဲတမ်း ထုတ်ပစ်စေရန်နှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁ နှစ်ကျခံစေရန် ၁၉၇၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် အမိန့်ချသည်၊ ယင်းအမိန့်ကို စစ်ရေးချုပ်ကလည်း လက်ခံပြီး ဖြစ်သည်။

၁၉၇၃

ဗိုလ်ကြီး ဟဲ(လ်)ဒိုလျှင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံတရားလိုသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂)/ ၁၀၉ မြောက်သည့်ပြုမှုခြင်းကို ပြုမိကြောင်း မငြင်းကွယ်ပေ၊ သဘောရိုးဖြင့်ပြုလုပ်ခြင်းပါဟုသာ ထုချေသည်။ သို့သော် ပြစ်မှုမြောက်ခြင်းမှာကား ထင်ရှားသည်။ ၎င်းကိုယ်တိုင်ပင် ဝန်ခံပြီးလည်းဖြစ်သည်။

ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိပါက ဥပဒေအရ မှန်ကန်သော ပြစ်ဒဏ်ချမှတ်ရမည်ဖြစ်ရာ အကျဉ်းစစ်တရားရုံးအမှတ် ၂/၇၁ (နတခ)မှ ချမှတ်သောအမိန့်သည် ဥပဒေအရ မှန်ကန်သဖြင့် အယူခံရုံးအနေဖြင့် ပြင်ဆင်ဖြည့်စွက်ရန် အကြောင်းမပေါ်ပေါက်သဖြင့် ဤအယူခံကိုပယ်သည်။

၀

ပ၊စ၊က၊/၃၅၀၉/မဃိုတရားရုံး/၅၀၀၀+၁၀/၄-၅၇၉/၉။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

တရားစီရင်ထုံးများ

ပြည်သူ့တရားသူကြီးအဖွဲ့တဖွဲ့လုံး

မတိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၇၄

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ပြည်သူ့တရားသူကြီးအဖွဲ့၏ ခွင့်ပြုချက်အရ၊ ရန်ကုန်မြို့၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းတွင် ရိုက်နှိပ်ထုတ်ဝေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့တရားသူကြီးအဖွဲ့

၁။ သူရဦးအောင်ဖေ .... ဥက္ကဋ္ဌ

၂။ ဒုဗိုလ်မှူးကြီး ဦးထွန်းအောင်ကျော် .... အဖွဲ့ဝင်

၃။ ဗိုလ်မှူးကြီး လှမောင် .... အဖွဲ့ဝင်

၄။ ဦးလွင်မောင် .... အဖွဲ့ဝင်

၅။ ဒေါ်ယာကျော်ထင်၊ စည်သူတံဆိပ်ရ ဦးစိုးလှိုင် .... အဖွဲ့ဝင်

၆။ ဦးကြည်မြ .... အဖွဲ့ဝင်

၇။ ဦးသန့်စင်၊ ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ.... .... အဖွဲ့ဝင်

၁၉၇၄ ခုနှစ်
ပြစ်မှုဆိုင်ရာအမှုများ

စီရင်ထုံးပြုသောမှုခင်းများ

ပြစ်မှုဆိုင်ရာအမှုများ

	စာမျက်နှာ
ဗိုလ်ကျော်မိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	၁
ဦးကျော်ရှင် ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	၆
ကိုကျေ ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	၁၀
ဦးချစ် ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	၁၈
ဦးစိန်မြ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	၂၇
မောင်တိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	၄၀
ဦးပဏ္ဍိရွှေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	၄၅
ဦးမေရာမေဒင် နှင့် မသန်းညွန့်	၄၈
ဦးမြမောင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးစောလှိုင်)။	၅၅
ဦးမြဝင်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	၅၇
မောင်မြင့်မောင်စိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဒေါ်သီသီ)။	၆၀

ညွှန်းချက်

ပြစ်မှုဆိုင်ရာအမှုများ

၁   စာမျက်နှာ

ဥပဒေများ—

တပ်မတော်ဥပဒေ။

ပြစ်မှုဆိုင်ရာဥပဒေ။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ။

သက်သေခံဥပဒေ။

၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ။

၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ။

တပ်မတော်အက်ဥပဒေပုဒ်မ ၆၅ အရ စနစ်တကျရှိခြင်းနှင့် စစ်စည်းကမ်းထိခိုက်အောင် ပျက်ကွက်မှု၊ ချီစစ်၏သဘောတရားအရ ဆိုရပ်တွင် ရှေ့ပြေးတပ်စုကို မတွေ့လျှင် အခြေအနေကို သုံးသပ်၍ သင့်တင့်သော အချိန်အနည်းငယ်ခန့်သာ စောင့်ဆိုင်းသင့်သည်ဖြစ်၍ ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ကို စောင့်ဆိုင်း မနေခြင်းသည် စစ်စည်းကမ်းအရ ဖေါက်ဖျက်ခြင်း ရှိ မရှိ၊ စွဲချက်လွှာတွင်ဖော်ပြထားခြင်းမရှိသည့် စွပ်စွဲချက်ကိုစဉ်းစားရန်လိုမလို။ ။ဆုံးဖြတ်ချက်။ ။ချီစစ်၏သဘောတရားအရ ဆိုရပ်တွင် ရှေ့ပြေးတပ်စုကိုမတွေ့လျှင် အခြေအနေကိုသုံးသပ်၍ သင့်တင့်သော အချိန်အနည်းငယ်ခန့်သာ စောင့်ဆိုင်းသင့်ပေသည်။ မရောက်လာပါက မိမိ ပင်မတပ်ထဲမှ သင့်လျော်သောတပ်ဖွဲ့တခုကို ရှေ့ပြေးတပ်အဖြစ် တာဝန်ပေး၍ အမိန့်အရ မိမိရည်မှန်းချက်ကို ဆက်လက်ချီတက်ရန်သာရှိသည်။ ထို့ကြောင့် ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ကိုစောင့်ဆိုင်းမနေသဖြင့် စစ်စည်းကမ်းအရ ဖေါက်ဖျက်ခြင်း မရှိဟု ကျွန်ုပ်တို့ယူဆသည်။ ညတိုက်ပွဲကို နေ့တိုက်ပွဲကဲ့သို့ သုံးသပ်ခြင်း စသည့် စွပ်စွဲချက်မှာ စွဲချက်လွှာတွင် စွပ်စွဲထားခြင်းမရှိ၍ အသေးစိတ် စဉ်းစားရန် မလိုဟုယူဆသည်။ တပ်ခွဲစစ်ကြောင်းမှူး ဗိုလ်ကျော်မိုးသည် ရည်မှန်းချက်ဖြစ်သော နန်းမူရွာသို့ ၁၉၇၁ ခု၊ ဇူလိုင်လ ၁ ရက်နေ့ညအရောက် ချီတက်ရောက်ရှိရန်ကြိုးစားအားထုတ်ရင်း ရှေ့ပြေးတပ်စုက ၁၂ မတပ်ကို စတင်ပစ်ခတ်မှုအားယွင်းတိုက်ခိုက်မှုကြောင့် ရဲဘော်အချို့ သေဆုံး ဒဏ်ရာရရှိခြင်းမှာ ဗိုလ်ကျော်မိုး၏ ပေါ့လျော့မှုကြောင့်ဖြစ်ပေါ်သည်ဟုမ ဆိုနိုင်ချေ။

ဗိုလ်ကျော်မိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ....

စာမျက်နှာ

နှုတ်သက်သေခံချက်အပေါ် လက်ခံခြင်း၊ တရားဝင်အကြင်လင်မယားတို့၏ပြုမူဆက်ဆံပုံ။ ။ဆုံးဖြတ်ချက်။ ။နှုတ်သက်သေခံချက်မှာမည်သူ့ကိုမဆိုသင်ကြား၍လွယ်ကူစွာ သက်သေခံခိုင်းနိုင်သဖြင့် သေချာချင့်ချိန် ဝေဖန် သုံးသပ်ပြီးမှသာလျှင် လက်ခံရမည်။

ဦးမေရာမေဒင် နှင့် မသန့်ညွန့် ၄၇

ပြစ်မှု ကျူးလွန်ခြင်းနှင့် ပတ်သက်၍ အရေးယူရာ၌ တရားရုံးတွင် အမှုမစွဲဆိုမီ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်လို မလို၊ အလုပ်မကျမ်းကျင်၍ မှားယွင်းသည်ကိုခွင့်လွှတ်သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ပျက်ကွက်လျှင် တရားခံအားအပြစ်မှလွှတ်ရမည်ဟူ၍တထစ်ချမှတ်ယူ၍လည်း မဖြစ်နိုင်ပေ၊ အမှုကြောင်းခြင်းရာ တမျိုးစီကို သီးခြားစီစစ်၍ မည်သည့်အမှုမျိုးတွင် တာဝန်ရှိသူ ထုတ်ဖေါ်နိုင်ရန်အတွက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုလိုသည်။ မည်သည့်အမှုမျိုးကို မလိုဟူ၍ ဝေဖန် သုံးသပ်ရမည် ဖြစ်ပေသည်။ ဌာနဆိုင်ရာ စုံစမ်းမှုနှင့် တရားရုံးတွင် စစ်ဆေး ကြားနာခြင်းတို့မှာ ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်ပြီး အဖြေရှာသော အခါတွင် တူညီကြသည်မဟုတ်ချေ။ ဌာနဆိုင်ရာ စုံစမ်းမှုတွင် ဂျီဆာကြုလာ ပြဋ္ဌာန်းချက်များ အရ သက်ဆိုင်သူ အပေါ်တွင် မိမိတို့ဌာန အနေဖြင့် မည်သို့အရေးယူသင့်ကြောင်း အဖြေရှာရခြင်း ဖြစ်သည်။ တရားရုံးတွင် စစ်ဆေး ကြားနာခြင်းမှာ တရားခံသည် စွဲဆိုထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရ အပြစ်ရှိ မရှိ အဖြေရှာခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနဆိုင်ရာ စုံစမ်းမှု ကြိုတင် ပြုလုပ်ပြီးမှ ပြည်သူ့ရဲတပ်ဖွဲ့သို့ တိုင်တန်းသင့်သည် ဆိုသော အတွေးအခေါ် အယူအဆကို သဘောမတူနိုင်ချေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်ဆဲဖြစ်သောယခုအချိန်မျိုးတွင် တိုင်းပြည် ဝန်ထမ်းအားလုံးတို့သည် တာဝန်ကို အတိအကျ ယူနိုင်ရန် များစွာလိုလားအပ်ပေသည်။ မိမိက တာဝန် ခံရသည့် အလုပ်တခုနှင့် ပတ်သက်သော အကျိုးအမြတ် အခွင့်အရေး တို့ကို အပြည့်အဝ ရယူခဲ့လျှင် ယင်းအလုပ်နှင့် ပတ်သက်သော တာဝန်ကိုလည်း အပြည့်အဝ ထမ်းဆောင်ရမည် ဖြစ်ပေသည်။ ယခုအမှုတွင် တရားခံက မိမိသည် ပညာအရည်အချင်း ၆ တန်းမျှသာရှိကြောင်း တင်ပြသည်။ သို့ရာတွင် တရားခံကို ဌာနဆိုင်ရာ အနေနှင့် ကာယ ဉာဏစွမ်းအားအလိုက် နေရာ ချထားပေးသည်ဟု ယုံကြည်ပေသည်။ အလုပ်ကို ကျွမ်းကျင်တတ်မြောက်ခြင်း မရှိ၍ အမှားအယွင်း ခွင့်ပြုပါဆိုသော တောင်းပန်ချက်များကို လက်ခံစဉ်းစားရန် အကြောင်းမရှိပေ ။

မောင်တိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၄၀

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်ရှိခြင်း။ ။ ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ အမှုစစ်ဆေး ကြားနာခြင်းပြီးဆုံး သောအခါ တရားရုံးက သက်သေခံပစ္စည်းနှင့် ပတ်သက်၍ သင့်တော်သော အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇

အရချုပ်မှတ်ရသည်။ ဤကဲ့သို့အမိန့် ချမှတ်ရာ၌ အမှုတွင် နှစ်ဖက်မှ တင်ပြသော သက်သေခံချက်များကို အလေးအနက် စဉ်းစားလျက် သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားကြောင်း မတွေ့ရှိပါက ယေဘုယျ အားဖြင့် ယင်းပစ္စည်းကို သိမ်းဆည်းခြင်း ခံရသူသို့ ပြန်ပေးရန် ညွှန်ကြားနိုင်သည်။ ယင်း အမိန့်ကို မကျေနပ်သူသည် ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်ရှိသည်။

ဦးမြမောင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၅၅

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ မယားခိုးမှုမြောက်ရန်အင်္ဂါရပ်များ လျှောက်ထားသူသည် လင်ရှိ မယားဖြစ်ကြောင်းနှင့် လင်နှင့် တရားဝင်ကွာရှင်းခြင်း မရှိသေးကြောင်းကို သိရှိနိုင်ခြင်း၊ သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိခြင်း လင်ရှိမယားကိုယ်တိုင်က ကာမ စပ်ယှက်သည်ဟု ထွက်ဆိုခြင်း ဤကိစ္စမျိုးတွင် မျက်မြင်သက်သေရရန် ခဲယဉ်းခြင်း လျှောက်ထားသူက ငြင်းဆိုသော်လည်း ယုံကြည်လောက်အောင် ဖြေရှင်းချက် မပေးနိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။မယားခိုးမှုမြောက်ရန် အောက်ပါ အင်္ဂါရပ် များနှင့် ပြည့်စုံရမည်။ ယင်းတို့မှာ (၁) လင်ရှိမယားဖြစ်ကြောင်း သိခြင်း၊ သို့မဟုတ် ယုံကြည်ရန် အကြောင်း ရှိခြင်း၊ (၂) ယင်းကိုသိလျက်၊ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိလျက် ထိုမိန်းမနှင့် ကာမ စပ်ယှက်ခြင်း၊ (၃) ထိုသို့ ကာမစပ်ယှက်သည်ကို လင်ဖြစ်သူက သဘောမတူခြင်း တို့ဖြစ်သည်။ ယခုအမှုတွင် တရွာတည်း နေထိုင်သူများ ဖြစ်ကြသောကြောင့် မကြည်သည် မောင်ဖိုးတီး၏မယား ဖြစ်ကြောင်း မောင်ဖိုးတီး နှင့် တရားဝင်ကွာရှင်းခြင်း မရှိသေးကြောင်းကို လျှောက်ထားသူ ဦးပဏ္ဍိရွှေ သိနိုင်လောက်သည်။ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိသည်။ လျှောက်ထားသူသည် မကြည်အား ကာမစပ်ယှက်ကြောင်း မကြည် ကိုယ်တိုင်က ထွက်ဆိုထားသည်။ လျှောက်ထားသူ၏ အမှုအရာအားဖြင့်လည်း ပေါ်လွင်သည်။ ဤကိစ္စမျိုးတွင် မျက်မြင်သက်သေရရန် ခဲယဉ်းသည်။ လျှောက်ထားသူက ငြင်းကွယ်သော်လည်း ယုံကြည်လောက်အောင် ဖြေရှင်း တင်ပြခြင်း မပြုနိုင်။

ဦးပဏ္ဍိရွှေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၄၅

သတင်းစာများတွင်ဖြစ်စေ၊ အခြားရေးသားထုတ်ဝေသော စာစောင်အသီးသီး တို့တွင်ဖြစ်စေ တပါးသူအား အသရေပျက်စေသော အရေးအသားများ ထည့်သွင်း ဖေါ်ပြသည့်အခါ အယ်ဒီတာနည်းတူထည့်သွင်းသူ ကာယကံရှင်၌လည်း မည်သည့်အခါ၌ တာဝန်ရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။သတင်းစာ များတွင် ဖြစ်စေ၊ အခြား ရေးသားထုတ်ဝေသော စာစောင်အသီးသီးတို့တွင်ဖြစ်စေ အသရေဖျက်မှုနှင့် ပတ်သက်လာသောအခါတွင် သာမန်အားဖြင့် တာဝန်ခံ အယ်ဒီတာတွင် တာဝန်ရှိသည်။ သို့ရာတွင် အယ်ဒီတာသည် သတင်းအနေနှင့် တည်းဖြတ်ထည့်သွင်း ဖေါ်ပြခြင်းဖြစ်သည်။ သို့မဟုတ် သက်ဆိုင်သူ ကာယကံရှင် ကိုယ်တိုင်က ကြော်ငြာသဘော အမည်လိပ်စာများ ဖေါ်ပြ၍ ထည့်သွင်းခြင်း ဖြစ်သည်ဆိုသော အချက်ကို စိစစ်ဝေဖန်ရန် လိုသည်။ ဤအမှုတွင် ကာယကံရှင်သည် မိမိ

စာမျက်နှာ

အမည် လိပ်စာနှင့်တကွ တယ်လီဖုန်း နံပါတ်တို့ကို ဖေါ်ပြထားသောကြောင့် ကာယကံရှင် ကိုယ်တိုင်က အတိအကျ စွပ်စွဲရေးသား ကြော်ငြာသဘောသက်ရောက်ခြင်း ဖြစ်သဖြင့် အယ်ဒီတာနည်းတူ ထည့်သွင်းသူ ကာယကံရှင်ဦလည်း တာဝန်ရှိကြောင်းဆုံးဖြတ်သည်။

မောင်မြင့်မောင်စိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်သီသီ) ၆၀

သက်သေခံဥပဒေ ကြံရာပါတဦး၏ ထွက်ဆိုချက်ကို မည်သည့်အခါ ကျန်တရားခံတဦးအပေါ် အသုံးချနိုင်သည်ကို ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ကြံရာပါတဦး၏ ထွက်ဆိုချက်သည် တန်ဖိုး နည်းပါးသော်လည်း ယင်းထွက်ချက်ကို လုံးဝ ပစ်ပယ်ရမည်မဟုတ်။ ယင်းထွက်ချက်ကို ထောက်ခံသော ပတ်ဝန်းကျင် အထောက်အထားများ ရှိပြီး သဘာဝယုတ္တိအားဖြင့် ယုံကြည် သင့်သော ထွက်ချက်ဖြစ်လျှင် အသုံးချနိုင်သည်။ ....

ဦးမြဝင်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၅၇

သက်သေခံဥပဒေ၊ လုံလောက်သော သက်သေခံ အထောက်အထား မရှိပဲ စွဲချက်တင် သင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။ခိုင်လုံသော သက်သေခံ အထောက်အထား ပြရန်မှာ တရားလို၏ တာဝန်သာဖြစ်သည် တရားလိုပြ သက်သေထွက်ချက်များ အရ ပြစ်မှုထင်ရှားစေသော သက်သေခံ အထောက်အထား မရှိသဖြင့် စွဲချက် တင်ပြီး ပြစ်မှုထင်ရှား စီရင်လျက် ပြစ်ဒဏ်ခပ်းလိုက်ခြင်းမှာ ဥပဒေအရမှားယွင်းသည်။ ....

ဦးကျော်ရှင် ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၆

သက်သေအချို့တို့၏ ထွက်ချက်ကွဲလွဲမှုရှိခြင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၄၀ အရ မေးမြန်းသော အခါတွင်မှ ထွက်ဆိုခြင်း အမှန်တရားကို ထွက်ဆိုခြင်း မရှိဟု ယူဆနိုင် မနိုင် အမှုတွင်ပေါ်လွင်သည့်သက်သေအချို့အား တရားလိုဖက်မှ သက်သေမပြခဲ့သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၁၁၄ (ဆ) အရ ဆန့်ကျင်ဖက်သာဖြစ်ကြောင်း ယူဆသင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။ဤအမှုတွင် တရားလိုပြ သက်သေ အချို့တို့၏ ထွက်ချက် ကွဲလွဲမှုရှိနေခြင်းနှင့် မူလစစ်ဆေးစဉ်အခါက မထွက်ဆိုပဲ ကျင့်ထုံးပုဒ်မ ၅၄၀ အရ မေးမြန်းသောအခါတွင်မှ ထွက်ဆိုခြင်းကို တွေ့ရပေသည်။ တရားလိုပြသက်သက်သေများ၏ ထွက်ဆိုချက်များ ကွဲလွဲရခြင်းမှာ အထက်ကဖေါ်ပြခဲ့သည့်အတိုင်း အချိန် ကြာမြင့်ခဲ့ပြီဖြစ်၍ နေ့ရက်များကို မမှတ်မိတော့ပဲ စိတ်အမှန်းအဆ အားဖြင့်သာလျှင် ထွက်ဆိုခဲ့ခြင်း ဖြစ်သဖြင့် ကွဲလွဲမှုရှိခြင်း ဖြစ်ပေသည်။ ၎င်းတို့ အမှန်တရားကို ထွက်ဆိုခြင်း မရှိဟု ကျွန်ုပ်တို့က ယူဆရန် မဖြစ်နိုင်ပေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။အယူခံ တရားလို၏ အကျိုးဆောင်က အမှုတွင် ပေါ်လွင်သည့် ဗိုလ်ကြီးမောင်ထွန်း ဆိုသူအား လည်းကောင်း၊ဗိုလ်မှူးဗိုလ်နီ ဆိုသူအားလည်းကောင်း၊ ဦးညွှန့်မောင် ဆိုသူအား လည်းကောင်း တရားလိုဖက်မှ သက်သေပြခြင်း မပြုခဲ့သဖြင့် သက်သေခံ ဥပဒေ ပုဒ်မ ၁၁၄ (ဆ) အရ ဆန့်ကျင်ဖက် ယူဆရန်သာ ဖြစ်ကြောင်း လျှောက်ထား

ခဲ့သည်။ ယင်းသက်သေများနှင့် ပတ်သက်၍ တရားခံအနေဖြင့် ကျင့်ထုံး ပုဒ်မ ၅၄၀ အရ ရုံးသို့ခေါ်ယူစစ်ဆေးပေးရန်အတွက် လျှောက်ထားနိုင်သည့် အခွင့်အရေးရှိပေသည်။ ထို သက်သေများသည် တရားခံအား အထောက်အကူ ပေးနိုင်သည့် သက်သေများဟု ယူဆလျှင် တရားခံက ယင်းသက်သေများအား ခေါ်ပေးရန်အတွက် ရုံးသို့လျှောက်ထားရန်သာ ဖြစ်သည်။ တရားလိုဖက်အနေဖြင့် ထိုသက်သေများမှာ အဓိကကျသောသက်သေများ မဟုတ်ဟု ယူဆ၍သာ မတင်ပြခြင်းဖြစ်နိုင်သည်။ ဤအမှုနှင့်ပတ်သက်၍ လေ့လာကြည့်ရာ၌အဓိကကျသောသက်သေဟူသမျှမှာ ပြည့်ပြည့်စုံစုံ စစ်ဆေးထားပြီးဖြစ်၍ တရားလိုဖက်အနေဖြင့်အမှန်တရားကို ဖုံးကွယ်ထားသည်ဟုလည်း ယူဆရန် မဖြစ်နိုင်ချေ။ သို့ဖြစ်၍ တရားလိုအကျိုးဆောင်၏ လျှောက်ထားချက်မှာ အမှန်တရားကို စီရင်ရာတွင်အရေးကြီးသည့် အချက်မဟုတ်၍လက်ခံနိုင်စရာ အကြောင်းမရှိပေ။

ဦးစိန်မြ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂၃

သွားနေသော ပင်လယ်ကူး သင်္ဘောကြီးရှေ့မှ ဖြတ်ရန်ကြိုးစားခြင်း၊ မဆင်မခြင်သတိမဲ့ပေါ့လျော့စွာပြုလုပ်ခြင်းဖြစ်ခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က) အရ ပြစ်မှုထင်ရှားခြင်း ရေယာဉ်၊မော်တော်ယာဉ်နှင့် လေယာဉ် အစရှိသည်တို့ကို မောင်းနှင် နေသူများ ထားရှိ အပ်သော သတိနှင့်တာဝန်များ။ ။ဆုံးဖြတ်ချက်။ ။ကျယ်ပြန့်သော ရန်ကုန်မြစ် အတွင်းတွင် တိုးအေးသင်္ဘောသည် မိမိအရှေ့မှ သွားနေသော ဂျပန် သင်္ဘောကြီးကို ကြိုတင်မြင်ရသောအခါတွင် သတိမူ၍ ရှောင်တိမ်း မောင်းနှင်ရန်သာ ဖြစ်ပေသည်။ ပင်လယ်ကူးသင်္ဘောကြီးက ရပ်မပေးသောကြောင့် တိုက်မိရသည့် အခြေအနေမျိုး ဖြေရှင်းတင်ပြရန် အကြောင်းမရှိပေ။ ရေကြောင်းဆိုင်ရာ ဥပဒေများ အရလည်း ပင်လယ်ကူးသင်္ဘောကြီးကို ဦးစား ပေးရမည် ဟူ၍ အတိအလင်း ပေါ်ထုတ်ထားပေသည်။ ထို့ကြောင့် ရေယာဉ်အုပ် ကိုကျေသည် ၎င်းဝန်ခံသည့်အတိုင်း ပင်လယ်ကူးသင်္ဘောကြီး အရှေ့မှ ဖြတ်ရန်ကြိုးစားခြင်းပင်လျှင် မဆင်မခြင် သတိပေါ့လျော့စွာ ပြုလုပ်ခြင်းဖြစ်သဖြင့် ၎င်းသည် စွဲဆိုသည့်အတိုင်း ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ခရီးသည်များ၏ အသက် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် အစရှိသည်တို့ကို တာဝန်ယူ၍ မောင်းနှင်ရသူများသည် မိမိကိုယ်ပိုင်ယာဉ်များကို ထိန်းသိမ်း မောင်းနှင် ကြသူများထက် အဆပေါင်း များစွာ ပိုမို၍ဂရုစိုက်ရန်လိုအပ်ပေသည်။ ထို့ကြောင့် ဖြစ်လိုဖြစ်ငြား လွတ်လို လွတ်ငြား ဟူသော စိတ်ထားမျိုး ရှိရန်မသင့်ပေ။ အစစအရာရာ လွန်ကဲသော သတိကို မပြတ်ထားရှိရမည်သာဖြစ်သည်။ ယာဉ်ချင်း ဆုံမိသည့် အခါများတွင် တဖက်ယာဉ်က တိမ်းရှောင်ပေးလိမ့်မည်ဟူသောအယူအဆမျိုးကို ပယ်ရမည်သာ ဖြစ်သည်။ ခရီးသည်တင်ဆောင်သော ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ် မောင်းသူများသည် အစစ အရာရာ ခရီးသည်များ၏ ဘေးအန္တရာယ် ကင်းလွတ်စေမှုကို ဦးစားပေးရန်သင့်ပေသည်။

ကိုကျေပါ(၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၀

စာမျက်နှာ

၁၉၆၃ ခုနှစ် အမျိုးနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရစွဲဆိုသော အမှုတွင် စာရင်းအင်းနှင့် လက်ခံ ရယူထားသော ပြည်သူပိုင် ပစ္စည်းကို စာရင်းအင်းနှင့် ပြန်လည်ပေးအပ်ခြင်း မပြုနိုင်ပါက သက်ဆိုင်သူများ အပေါ်၌သာ တာဝန်ရှိခြင်း။ ။ဆုံးဖြတ်ချက်။ ဖယောင်း အိတ်များပျောက် ဆုံးနေခြင်းမှာ မငြင်းကွယ်နိုင်သော အချက်ဖြစ်၍ မည်သို့မည်ပုံမည်ကဲ့သို့နည်း မျိုးနှင့် ခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်း ပြုလုပ်ပါသည်ဟု တရားလိုဖက်မှ ရှင်းပြရန် တာဝန်မရှိချေ။ ဤကဲ့သို့ရှင်းပြရန်မှာလည်း သဘာဝယုတ္တိ မတန်ချေ။ စာရင်းအင်းနှင့် လက်ခံရယူထားသော ပြည်သူပိုင် ပစ္စည်းကို စာရင်းအင်းနှင့် ပြန်လည် ပေးအပ်ခြင်းမပြုနိုင်လျှင် သက်ဆိုင်သူများ အပေါ်၌သာ တာဝန်ရှိမည်ဖြစ်သည်။

ဦးချစ် ပါ(၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၈

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဗိုလ်ကျော်မိုး
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

† ၁၉၇၄ ဒီဇင်ဘာလ ၃၁ရက်။

တပ်မတော် အက်ဥပဒေပုဒ်မ ၆၅ အရစနစ်တကျ ရှိခြင်းနှင့် စစ်စည်းကမ်းထိခိုက်အောင်ပျက်ကွက်မှု၊ ချီစစ်၏ သဘောတရားအရ ဆုံရပ်တွင် ရှေ့ပြေးတပ်စုကိုမတွေ့လျှင် အခြေအနေကိုသုံးသပ်၍ သင့်တင့်သော အချိန်အနည်းငယ်ခန့်သာ စောင့်ဆိုင်း သင့်သည်ဖြစ်၍ ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ကို စောင့်ဆိုင်း မနေခြင်းသည်စစ်စည်းကမ်းအရ ပေါက်ဖျက်ခြင်းရှိ မရှိ၊ စွဲချက် လွှာတွင် စွပ်စွဲထားခြင်း မရှိသည့်စွပ်စွဲချက်ကို စဉ်းစားရန်လို မလို။ ။

ဆုံးဖြတ်ချက်။ ။ချီစစ်၏ သဘောတရားအရ ဆုံရပ်တွင် ရှေ့ပြေးတပ်စုကိုမတွေ့လျှင် အခြေအနေကို သုံးသပ်၍ သင့်တင့်သော အချိန်အနည်းငယ် ခန့်သာ စောင့်ဆိုင်းသင့်ပေသည်။ မရောက်လာပါက မိမိပင်မတပ်ထဲမှ သင့်လျော်သော တပ်ဖွဲ့တခုကို ရှေ့ပြေးတပ်အဖြစ်တာဝန်ပေး၍အမိန့်အရ မိမိရည်မှန်းချက်ကိုဆက်လက် ချီတက်ရန်သာရှိသည်။ ထို့ကြောင့်ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ကို စောင့်ဆိုင်း မနေသဖြင့် စစ်စည်းကမ်းအရဖေါက်ဖျက်ခြင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။ ညတိုက်ပွဲကို နေ့တိုက်ပွဲကဲ့သို့သုံးသပ်ခြင်းစသည့်စွပ်စွဲချက်မှာ စွဲချက်လွှာတွင် စွပ်စွဲထားခြင်း မရှိ၍ အသေးစိတ် စဉ်းစားရန် မလိုဟုယူဆသည်။ တပ်ခွဲ စစ်ကြောင်းမှူး ဗိုလ်ကျော်မိုးသည် ရည်မှန်းချက်ဖြစ်သော နန်းမူရွာသို့ ၁၉၇၁ ခု၊ ဇူလိုင်လ ၁ ရက်နေ့ ညအရောက်ချီတက်ရောက်ရှိရန်ကြိုးစား အားထုတ်ရင်း ရှေ့ပြေးတပ်စုက မိမိပင်မတပ်ကို စတင်ပစ်ခတ်မှားယွင်း တိုက်ခိုက်မှုကြောင့်ရဲဘော်အချို့သေဆုံး ဒဏ်ရာရရှိခြင်းမှာ ဗိုလ်ကျော်မိုး၏ ပေါ့လျော့မှုကြောင့် ဖြစ်ပေါ်သည်ဟု မဆိုနိုင်ချေ။

အယူခံတရားလိုအတွက်။ ။မလာ။

အယူခံတရားခံအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးလှသောင်း။

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈။

† ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် နေ့စွဲပါ (နမခ) အကျဉ်းစစ်တရားရုံးချုပ် တရားသူကြီး အမိန့်ကို အယူခံမှု။

၁၉၇၄

ဗိုလ်ကျော်မိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ဤအမှုသည် အမှတ် (၄) ကချင် သေနတ်ကိုင်တပ်ရင်းက (ကြည်း/၁၀၂၄၇) ဗိုလ်ကျော်မိုး၏ အယူခံမှုဖြစ်သည်။

အမှုဖြစ်ပွားပုံမှာ ဗိုလ်ကျော်မိုး ဦးစီးသော တပ်ခွဲ (၃) သည် ထုံးကြီးနှင့် လှိုင်မော်က် ဒေသ၌ နယ်မြေလုံခြုံရေး တာဝန်ယူနေစဉ် ရှေ့တန်း ကချင် (၄) ၏ အမိန့်အရ၊ တပ်ခွဲ (၃)၏ (တပ်စုတခုလျော့) သည်၊ မန်ယွန်းရွာကို ရှင်းလင်းပြီး နောက်၊ နန်းမူရွာသို့ ၁၉၇၁ ခု၊ ဇူလိုင်လ ၁ ရက်နေ့ည အရောက် ချီတက်ရန် နှင့် ကျန်တပ်စု တခုကိုမူ ဇူလိုင်လ ၂ ရက်နေ့ နံနက် လွယ်ယားရွာ အရောက် ချီတက် စေသည်။

ကြေးနန်းအမိန့်ကို ဇူလိုင်လ ၁ ရက်၊ ၁၂း၀၅ နာရီတွင် ဖေါ်ယူ သိရှိပြီးနောက် တပ်ခွဲမှူး ဗိုလ်ကျော်မိုးသည် တပ်စု (၁) အား၊ ရှေ့ပြေး တပ်စု အဖြစ် တာဝန် ပေး ခါ လှိုင်မော်က်ရွာမှ ၁၃း၀၀ နာရီတွင် စတင်ချီတက်သည်။ လှိုင်မော်က်၊ ကျောင်း ရွာ၊ တင်ကရီရွာပျက်၊ မန်ယွန်း၊ နန်းမူရွာ ဟူသော လမ်းကြောင်း အတိုင်း ချီတက် သည်။ ရှေ့ပြေး တပ်စုမှူး ဗိုလ်ချစ်ခင်အား၊ ကွပ်ကဲရန် တာဝန်ပေးသည်။

မန်ယွန်း အထက်ရွာသို့ ၁၉း၃၀ နာရီခန့်တွင် ရောက်သည်။ တပ်ခွဲမှူးသည် ရှေ့ပြေး တပ်စုကိုပင် မန်ယွန်းရွာနှင့် ချီတက်ရာ လမ်း ဝဲယာကို ရှင်းလင်းစေပြီး နောက် ရွာအထွက် နန်းမူရွာသွား လမ်း၌ စောင့်ဆိုင်း တွေ့ဆုံရန် တာဝန်ပေးသည်။ ဗိုလ်ချစ်ခင်၏ ရှေ့ပြေး တပ်စု ထွက်ခွာသွားပြီးနောက် ၁၀ မိနစ်ခန့် ကြာသောအခါ တပ်ခွဲမှူးနှင့် ကျန် ပင်မ တပ်များ ချီတက်ကြသည်။ မန်ယွန်းရွာ အထွက် နန်းမူ သွားသော လမ်းခွဲသို့ ရောက်သော အခါ ရှေ့ပြေး တပ်စုကို မတွေ့တော့ပေ။ ဗိုလ်ကျော်မိုးတို့က ၎င်းနေ့ည ၂၃း၀၅ နာရီခန့်အထိ ရှေ့ပြေး တပ်စုကို စောင့်ဆိုင်း ရှာဖွေကြသည်။ ရှာမတွေ့သောကြောင့် နန်းမူရွာသို့ ဆက်လက် ချီတက်ပြန်သည်။ ၁၅ မိနစ်ခန့် ချီတက်ပြီးနောက် ဗိုလ်ကျော်မိုးက ပျောက်နေသော တပ်စုကို ပြန်လည် ရှာဖွေရန် ရည်ရွယ်ချက်ဖြင့် မန်ယွန်းသို့ ပြန်လည် ချီတက်စေပြန်သည်။ ယင်း အကြောင်းကို ဗိုလ်ကျော်မိုးက ရှေ့တန်း ကချင် (၄) သို့ ၂၄း၀၀ နာရီတွင် သတင်း ပို့ပြီးနောက် ရှေ့ပြေး တပ်စုကို နောက်တနေ့ နံနက်တွင် ဆက်လက် ရှာဖွေရန် ဆုံးဖြတ်ပြီး၊ မန်ယွန်း အောက်ရွာ၌ ညအိပ် စခန်းချ ရပ်နားသည်။

ဇူလိုင်လ ၂ ရက်နေ့နံနက် ၀၅း၀၀ နာရီတွင် ဗိုလ်ချစ်ခင်၏ ရှေ့ပြေးတပ်စုက စခန်းချနေသော ဗိုလ်ကျော်မိုး၏ တပ်ကို မှားယွင်းတိုက်ခိုက်ပစ်သောကြောင့် ဗိုလ် ကျော်မိုး၏တပ်မှ ရဲဘော် ၂ ဦးကျဆုံး၍ ၆ ဦး ဒဏ်ရာရရှိသွားသည်။ ထို့ကြောင့် တပ်ခွဲမှူး ဗိုလ်ကျော်မိုးအပေါ် တပ်မတော် ဥပဒေပုဒ်မ ၆၅ အရ စွဲချက်တင်ပြီး နမ္မခ၏ အကျဉ်းစစ်တရားရုံးချုပ်ဖြင့် စစ်ဆေးစေခဲ့သည်။

၁၉၇၄

ဗိုလ်ကျော်မိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ယင်းအမှုကို စစ်ဆေးပြီးနောက် အကျဉ်းစစ်တရားရုံးချုပ်က ဗိုလ်ကျော်မိုး၌ အပြစ်မရှိကြောင်း ဆုံးဖြတ် အတည်ပြုချက် ရယူရန်အတွက် တ/နမ၁တိုင်းမှူးထံသို့ တင်ပြသည်။ တိုင်းမှူးက အကျဉ်းစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို အတည်မပြုပဲ “ဗိုလ်ကျော်မိုးသည် မိမိနှင့် ဆုံရန် သတ်မှတ်ထားသည့် မန်ယွန်းရွာအထွက် နန်းမူသို့ သွားမည့်လမ်း၌ ဗိုလ်ချစ်ခင်၏ တပ်စုကို မတွေ့သည့်အခါ အဆိုပါတပ်စုအား ရှာဖွေရန် မိမိမသိရှိသည့်နေရာ ဒေသများသို့လိုက်သွားခဲ့သည်။ ဗိုလ်ကျော်မိုးအနေဖြင့် အမှန်တကယ်ဆောင်ရွက်ရမည်မှာ ဗိုလ်ချစ်ခင်တပ်စုအား ချိန်းရပ်တွင် မတွေ့ရှိပါက အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ထိုနေရာ၌ပင် မတွေ့မချင်း စောင့်ဆိုင်းနေရမည်ဖြစ်ပေသည်ဟူ၍ရင်း” စစ်ဆင်ရေးတချပ်ပြုလုပ်ရာတွင် အခြေအနေအရပ်ရပ်ကို ၄င်းမိ ခြုံမိအောင် သုံးသပ်ရပေမည်။ အထူးသဖြင့် ညတိုက်ပွဲသည် နေ့တိုက်ပွဲထက် တိုက်စစ်ဆင်သူအတွက် အခြေအနေမပေးသည့်အပြင် ကန့်သတ်ချက်များရှိသည်။ ဗိုလ်ကျော်မိုးသည်၄င်းတပ်အား ညတိုက်ပွဲအတွက် စေခိုင်းရာ၌ တိုက်ပွဲကဲ့သို့ သုံးသပ်သည်ကို တွေ့ရသည်ဟူ၍ရင်း အကြောင်းပြချက် ၂ ရပ်ကို ဖော်ပြ၍ အကျဉ်းစစ်တရားရုံးကို ပြန်လည်စုဝေးစေလျက် ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် အကျဉ်းစစ်တရားရုံးချုပ်က အသစ်တဖန် ပြန်လည်စုဝေး၍ စဉ်းစားပြီးလျှင် ဗိုလ်ကျော်မိုးအပေါ်၌ တပ်မတော် အက်ဥပဒေပုဒ်မ ၆၅ အရ အပြစ်ရှိသည်ဟု ဆုံးဖြတ်ပြီး အငြိမ်းစားလစာအတွက် စစ်မှုသမ်းသက် ၃ နှစ်လျှော့စေရန် ပြင်ဆင် အမိန့်ချမှတ်ခြင်းကို တိုင်းမှူးက အတည်ပြုခဲ့လေသည်။

၄င်းနောက် ဗိုလ်ကျော်မိုး၏ လျှောက်ထားချက်အရ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်၏ အမိန့်ဖြင့် ဗိုလ်ကျော်မိုးအတွက် စစ်တရားရုံးက ချမှတ်ထားသည့်ပြစ်ဒဏ် (၃) နှစ်အစား (၁) နှစ်သို့ လျှော့ပေါ့ပေးခဲ့လေသည်။

အမှုဖြစ်စဉ်ကြောင်းရာနှင့် ပတ်သက်၍ ဗိုလ်ကျော်မိုးအား တပ်မတော် အက်ဥပဒေပုဒ်မ ၆၅ အရ စနစ်တကျရှိခြင်းနှင့် စစ်စည်းကမ်းထိခိုက်အောင် ပျက်ကွက်မှုဖြင့် စွဲချက်တင်ထားသည့်အတိုင်း အပြစ်ရှိမရှိ စဉ်းစားရန်ဖြစ်သည်။ ယင်းစွဲချက်၏ အကြောင်းအရာဖော်ပြထားချက်များမှာ “ဗိုလ်ကျော်မိုးသည် မန်ယွန်းရွာစခန်း၌ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ ၂၁း၃၀ နာရီခန့်တွင် မိမိမှာ တပ်ခွဲမှူးတာဝန် ထမ်းဆောင်နေစဉ် မန်ယွန်းရွာအထွက်၌ တွေ့ဆုံရန် ချိန်းဆိုထားသော မိမိတပ်ခွဲမှ တပ်စုမှူး ကြည်း/၁၁၀၁၅ ဗိုလ်ချစ်ခင်နှင့် တပ်စုအား ချိန်းဆိုထားသောနေရာ၌ မတွေ့ရှိဘဲလျက်နှင့် အဆိုပါတပ်စုနှင့် တွေ့ရှိသည့်တိုင်အောင် ဆက်သွယ်မှု အတိအကျပြုရန် မသင့်မလျော် ပျက်ကွက်သည့်အတွက် ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ ၀၅း၀၀ နာရီခန့်တွင် မန်ယွန်းအောက်ရွာထဲ၌ စခန်းချနေသည့် မိမိတပ်စုနှင့် ရွာဘေးတောင်

ကုန်းတွင် နေရာယူနေသည့် ဗိုလ်ချစ်ခင်တပ်စုတို့ မှားယွင်းပစ်ပြီး ရဲဘော် ၂ ဦး ကျဆုံး ကာ ၆ ဦး ဒဏ်ရာ ရရှိစေသည် ဟူသော အကြောင်းပြ စွဲချက်ဖြစ်လေသည်။

ဤအမှု၏ ဖြစ်စဉ်အကြောင်းအရာအရ အမှုဖြစ်ပွားပုံမှာ တိုက်စစ်ဆင်ချိန်၌ ဖြစ် ပျက်ခြင်းမဟုတ်ပဲ " ချီစစ် " ပြုလုပ်နေဆဲ မိမိ၏ရည်မှန်းချက်သို့ မရောက်မီ လမ်းခရီး၌ ဖြစ်ပွားသော အမှုဖြစ်လေသည်။ ထို့ကြောင့် ချီစစ်၏ သဘောတရားနှင့် စစ်စည်းကမ်း ကိုသာ ဆန်းစစ်ကြည့်ရန်လိုသည်ဟု ကျွန်ုပ်တို့သဘောရရှိပေသည်။

အထက်ပါ စွဲချက်အရ သက်သေထွက်ချက်များကို လေ့လာရာတွင် တပ်ခွဲ စစ် ကြောင်းမှူး ဗိုလ်ကျော်မိုးသည် ချီစစ်၏ ချီတက်ရာလမ်းကြောင်းမှ ပေါက်နေသော ရှေ့ပြေးတပ်စုကို ရှာဖွေရာတွင် လုပ်သင့် လုပ်ထိုက်သော နည်းလမ်းများကို အသုံးပြု၍ ရှာဖွေသွားခဲ့ကြောင်း သက်သေထွက်ချက်များ၌ တွေ့ရှိရပေသည်။ ပျောက်နေသော ရှေ့ပြေးတပ်စုကို ဆက်သွယ်မှုရအောင် ကျိုးစားကြောင်း အမှု၌ ပေါ်လွင်သည်။ မသင့်မလျော် ပျက်ကွက်ကြောင်း မပေါ်လွင်ပေ။

ချီစစ်၏ သဘောတရားအရ ဆုံရပ်တွင် ရှေ့ပြေးတပ်စုကို မတွေ့လျှင် အခြေအနေကို သုံးသပ်၍ သင့်တင့်သော အချိန်အနည်းငယ်သာ စောင့်ဆိုင်းသင့်ပေသည်။ မရောက် လာပါက မိမိ ပင်မတပ်ထဲမှ သင့်လျော်သောတပ်ဖွဲ့တခုကို ရှေ့ပြေးတပ်အဖြစ် တာဝန် ပေး၍ အမိန့်အရ မိမိရည်မှန်းချက်ကို ဆက်လက် ချီတက်ရန် သာရှိသည်။ ထို့ကြောင့် ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ကို စောင့်ဆိုင်း မနေသဖြင့် စစ်စည်းကမ်းအရ ဖောက် ဖျက်ခြင်း မရှိဟု ကျွန်ုပ်တို့ယူဆသည်။

တဖန် တပ်ခွဲမှူး ဗိုလ်ကျော်မိုးသည် ရှေ့ပြေးတပ်စုအား လမ်း၏ဝဲယာနှင့် မန်ယွန်း ရွာသို့ ရှင်းလင်းပြီး ဆုံရပ်တွင် စောင့်ရန် တာဝန်ပေးသည်။ ရှေ့ပြေးတပ်စုသည် ပင်မ တပ်အန္တရာယ်ကင်းစွာဖြင့် လျင်မြန်စွာ ချီတက်နိုင်ရေးအတွက် မိမိ၏သဘောအရ ရန်သူသတင်း မြေအခြေအနေနှင့် အချိန်အခါ စသည်တို့ကို သုံးသပ်၍ လွတ်လပ်စွာ စိတ်တိုင်းကျ ရှင်းလင်းသွားရန် ဖြစ်ပေးသည်။ တပ်ခွဲထိုးစစ်ပြုလုပ်နေခြင်းမျိုးနည်း မဟုတ် ရန်သူနှင့် တွေ့ထိမှုလည်း မရှိသဖြင့် ပင်မစစ်ကြောင်းမှူးသည် အသေးစိတ် ပါဝင်လုပ်ဆောင်ခြင်း မရှိဟု သဘောရရှိသည်။ သို့ရာတွင် ညတိုက်ပွဲကို နေ့တိုက်ပွဲ ကဲ့သို့ သုံးသပ်ခြင်းစသည့် စွပ်စွဲချက်မှာ စွဲချက်လွှာတွင် စွပ်စွဲထားခြင်းမရှိ၍ ကျွန်ုပ်တို့ အနေဖြင့် အသေးစိတ် စဉ်းစားရန် မလိုဟု သူဆသည်။

တပ်ခွဲစစ်ကြောင်းမှူး ဗိုလ်ကျော်မိုးသည် ရည်မှန်းချက်ဖြစ်သော နန်းမူရွာသို့ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ညအရောက် ချီတက်ရောက်ရှိရန်ကျိုးစားအားထုတ်ရင်း ရှေ့ပြေးတပ်စုက မိမိပင်မတပ်ကို စတင်ပစ်ခတ် မှားယွင်းတိုက်ခိုက်မှုကြောင့် ရဲဘော်

ခချို့ သေဆုံး ဒဏ်ရာရရှိခြင်းမှာ ဗိုလ်ကျော်မိုး၏ ခပါ့လျော့မှုကြောင့်ဖြစ်ပေါ် သည်ဟု ဆိုနိုင်ချေ။

၁၉၇၄

ဗိုလ်ကျော်မိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

မည်သို့ပင်ဖြစ်စေ ယခုအမှုတွင် စွဲချက်အရ ပြစ်မှုမမြောက်ကြောင်းတွေ့ရှိရပေသည်။ စွဲချက်အရ ပြစ်မှုမမြောက်သူ တဦးအား ပြစ်ဒဏ်မပေးသင့်ဟု ကျွန်ုပ်တို့ ယူဆသောကြောင့် ဗိုလ်ကျော်မိုးအပေါ် တွင်ချမှတ်ထားသော ပြစ်မှုစီရင်ခြင်းကို ပယ်ဖျက်ရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဇေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးထွန်းအောင်ကျော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄ နိုဝင်ဘာလ ၁၅ ရက်။

ဦးကျော်ရှင်ပါ (၂)

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

သက်သေခံဥပဒေ လုံလောက်သော သက်သေခံ အထောက်အထားမရှိဘဲ စွဲချက်တင်သင့် မသင့်။

ဆုံးဖြတ်ချက်။ ။ခိုင်လုံသော သက်သေခံ အထောက်အထား ပြရန်မှာ တရားလို၏ တာဝန်သာဖြစ်သည်၊ တရားလိုပြ သက်သေထွက်ချက်များအရ ပြစ်မှု ထင်ရှား စေသော သက်သေခံအထောက်အထား မရှိသဖြင့် စွဲချက်တင်ပြီး ပြစ်မှုထင်ရှား စီရင်လျက် ပြစ်ဒဏ် ပေးလိုက်ခြင်းမှ ဥပဒေအရမှားယွင်းသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။မလာ။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘရွှေ။

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်း မြို့နယ်၊ တော်ခရမ်း အရှေ့ကျေးရွာ ပထမအကြိမ် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရေး ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဘရီနှင့် အဖွဲ့ခွဲဝင် ၉ ဦးတို့က ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အစည်းအဝေးပြုလုပ်ပြီး၊ တော်ခရမ်း အရှေ့ကျေးရွာနေ ဦးကျော်ရှင်၊ ဦးအောင်စိုး၊ ဦးလှထွေး၊ ဦးကျော်စိန်နှင့် ဦးအေးမောင်တို့သည် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲအား ပျက်ပြားအောင် ခြိမ်းခြောက်နှောက်ယှက်၍ အတိုက်အခံဘက်မှ စည်းရုံးနေသဖြင့် ၎င်းတို့အား မြို့နယ်ကော်မတီမှ အမြန်ဆုံးအရေးယူပါရန် တိုင်ကြားစာရေးပြီး

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၁ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့စွဲပါ ကွမ်းခြံကုန်းမြို့ရုံးထိုင် ရန်ကုန်တိုင်း ပြည်သူ့တရားရုံး၏ အမိန့်ကို ပြင်ဆင်ခြင်းမှု။

၁၉၇၄

ဦးကျော်ရှင်ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ချင် ကွမ်းခြံကုန်းမြို့နယ် တရားရေးကော်မတီသို့ ပေးပို့ပါသည်။ ယင်းမြို့နယ် တရားရေး ကော်မတီ၏ အတွင်းရေးမှူးက ယင်းတိုင်ကြားစာကို ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ ရားရုံးသို့ စစ်ဆေးဆုံးဖြတ်ရန် ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ပေးပို့ပါသည်။ ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄/၇၄ ကို ၄င့်၍ ဦးကျော်ရှင် (ပါ) ၅ ဦးတို့အပေါ်တွင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆ အရ၊ အရေးယူရန် ဆုံးဖြတ်ပြီး၊ တရားခံများထံသို့ ရုံးခေါ်စာများ ထုတ်ပါသည်။ တရားခံများ ရောက်လာ ကြသောအခါ ပါတီဝင်များ ဖြစ်ကြသော တရားခံ ဦးကျော်ရှင်၊ ဦးအောင်စိုးနှင့် ဦးလှထွေးတို့အား အာမခံမပေးဘဲ ချုပ်နှောင်ထားစေ၍ ပါတီဝင်များ မဟုတ်သော တရားခံ ဦးကျော်စိန်နှင့် ဦးအေးမောင်တို့ကိုမူ အာမခံနှင့် လွှတ်ထားကာ အမှုကို ကြားနာပါသည်။ တရားလိုပြ သက်သေများကို ခေါ်ယူစစ်ဆေးပြီးနောက် တရားခံ ဦးကျော်ရှင်၊ ဦးလှထွေးနှင့် ဦးအေးမောင်တို့အပေါ်တွင် ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးမျယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆(၂) အရ အသီးသီးစွဲချက်တင်၍ တရားခံ ဦးအောင်စိုးနှင့် ဦးကျော်စိန် တို့အား စွဲချက်မတင်ဘဲ လွှတ်လိုက်ပါသည်။ ထို့နောက် စွဲချက်တင်ခြင်း ခံရသော တရားခံ ၃ ဦးနှင့် ၎င်းတို့၏ သက်သေများကို စစ်ဆေးပါသည်။ နောက်ဆုံးတွင် တရားခံ ဦးအေးမောင်အပေါ်၌ ပြစ်မှုထင်ရှားခြင်း မရှိကြောင်းဆုံးဖြတ်၍ ၎င်းအား အပြီးအပြတ် လွှတ်လိုက်ပါသည်။ ကျန်တရားခံ ဦးကျော်ရှင်နှင့် ဦးလှထွေးတို့ အပေါ် တွင် ပြစ်မှုထင်ရှားသည်ဟု ဆုံးဖြတ်၍ အလုပ်နှင့် ထောင်ဒဏ် တနှစ်စီ ကျခံစေရန် ၁၉၇၄ ခု၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ အမိန့်ချမှတ်လိုက်ပါသည်။ သက်ဆိုင်ရာ ဥပဒေပုဒ်မအရ အများဆုံး စီရင်နိုင်သည့် ထောင်ဒဏ်ကို ပေးလိုက်ခြင်း ဖြစ်ပါသည်။

ဦးကျော်ရှင်နှင့် ဦးလှထွေးတို့က မကျေနပ်သဖြင့် ကွမ်းခြံကုန်းမြို့ ရုံးထိုင် ရန်ကုန် တိုင်း ပြည်သူ့တရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂/၇၄ တွင် အယူခံကြသောအခါ တိုင်းတရားရုံးက အယူခံသူများအပေါ်၌ ပြစ်မှုထင်ရှားစီရင်ထားခြင်းကို အတည်ပြုပါ သည်။ သို့ရာတွင် မူလရုံးမှ သတ်မှတ်ထားသော ပြစ်ဒဏ်ကို ပယ်ဖျက်၍ ၎င်းပြစ်ဒဏ် အစား ကျခံပြီးသော ထောင်ဒဏ်ကိုသာ ကျခံစေရန် လျှော့ပေါ့ သတ်မှတ်လိုက်ပါ သည်။ ဦးကျော်ရှင်နှင့် ဦးလှထွေးတို့က မကျေနပ်နိုင်ဘဲ မိမိတို့အပေါ်တွင် ပြစ်မှု ထင်ရှားစီရင်ထားခြင်းနှင့် ပြစ်ဒဏ်ပေးထားခြင်းတို့ကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံး သို့ ဤပြင်ဆင်မှု လျှောက်ထားကြပါသည်။

ဦးကျော်ရှင်သည် ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၂ ရက်နေ့က ကွမ်းခြံကုန် မြို့နယ်၊ တော်ခရမ်း ကျေးရွာတွင် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးကို လွှတ်လပ်

၁၉၇၄ ဦးကျော်ရှင်ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

စွာ မကျင့်သုံးနိုင်စေရန် ပြည်သူ့ကိုယ်စားလှယ်လောင်း တဦးဦးကိုလည်းကောင်း မဲဆန္ဒပေးပိုင်ခွင့်ရှိသူ တဦးဦးကိုလည်းကောင်း ခြိမ်းခြောက်ပါသည်ဟူ၍ ပြစ်မှုအကြောင်းအရာကို ဖော်ပြလျက် မူလရုံးက ဦးကျော်ရှင်အပေါ်၌ စွဲချက်တင်ခဲ့ပါသည်။

ဦးလှထွေးသည် ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၁ ရက်နေ့က ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းအရှေ့ကျေးရွာတွင် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများကို ခြိမ်းခြောက်ပါသည်ဟူ၍ ပြစ်မှုအကြောင်းအရာကို ဖော်ပြလျက် မူလရုံးက ဦးလှထွေးအပေါ်၌ စွဲချက် တင်ခဲ့ပါသည်။

ဦးကျော်ရှင်နှင့် ဦးလှထွေးတို့အား ဤကဲ့သို့ စွပ်စွဲချက်များ တင်နိုင်လောက်အောင် သက်သေခံ အထောက်အထား ရှိ-မရှိ စိစစ်ရန် လိုအပ်ပါသည်။ ခိုင်လုံသော သက်သေခံ အထောက်အထားပြရန် တရားလို၏ တာဝန်ဖြစ်ပါသည်။

တရားလိုဘက်မှ ပြသော သက်သေ (၇)ဦးတို့၏ ထွက်ဆိုချက်များကို သုံးသပ်သောအခါ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ဦးဘရီ (လိုပြ ၁)၊ ဦးကျော်အောင် (လိုပြ ၃)၊ ကိုအောင်ကြည် (လိုပြ ၄)၊ ဦးညွန့်မောင် (လိုပြ ၅)၊ မောင်သိန်းတန် (လိုပြ ၆)နှင့် ဦးသာချို (လိုပြ ၇)တို့သည် ဦးကျော်ရှင်နှင့် ဦးလှထွေး တို့အပေါ် တရားလိုဘက်မှ စွပ်စွဲချက်နှင့် ပတ်သက်၍ စိုးစဉ်းမျှ မထွက်ဆိုကြပါ။ ဦးဘရီ၊ ကိုအောင်ကြည်နှင့် ဦးညွန့်မောင်တို့၏ ထွက်ဆိုချက်များတွင် ဦးကျော်ရှင်၊ ဦးလှထွေးတို့နှင့် ပတ်သက်သော ထွက်ဆိုချက်များ လုံးဝမတွေ့ရပါ။ ဦးကျော်ရှင်နှင့် ဦးလှထွေးတို့၏ အမည်မျှကိုပင် ထုတ်ဖော် ထွက်ဆိုထားခြင်း မရှိပါ။ ဦးကျော်အောင်၊ မောင်သိန်းတန်နှင့် ဦးသာချိုတို့မှာ တဆင့်ကြား သက်သေများသာ ဖြစ်ကြပါသည်။ မိမိတို့ကိုယ်တိုင် ဘာမျှ မသိကြဘဲ ဦးရွှေလွင်ကို လွန်ခဲ့သည့်ညက ဦးကျော်ရှင်က အခေါ်ခိုင်းကြောင်း ဦးစိုးလှ (သက်သေမပါသူ)က ပြောသည်ဟုသာ ထွက်ဆိုကြပါသည်။ ဦးကျော်ရှင်နှင့် ပတ်သက်၍ သက်သေခံ မဝင်ပါ။ ၎င်းပြင် ဦးကျော်အောင်၊ မောင်သိန်းတန်နှင့် ဦးသာချိုတို့၏ ထွက်ဆိုချက်များတွင် ဦးလှထွေး၏အမည် လုံးဝမပါရှိပါ။

ဦးရွှေလွင် (လိုပြ ၂)က ဦးကျော်ရှင်သည် မြို့နယ် ကိုယ်စားလှယ်အတွက် ဦးကျော်စိန်အား ရွေးချယ်ထားခြင်းကို လူထုက မကျေနပ်၍ ၎င်းနေရာမှာ ဦးရွှေလွင်နှင့် သင့်တော်သဖြင့် ဝင်ပြီး အရွေးခံရန် ပြောကြောင်း မည်သူ့ကိုမဲပေးပါဟု မပြောကြောင်း၊ မဲပေးရမည်ဟု မခြိမ်းခြောက်ကြောင်း။ ထိုနေရာမှာ ဦးရွှေလွင်နှင့် တော်သည်သာ ပြောကြောင်း ထွက်ဆိုထားပါသည်။

၁၉၇၄

ဦးကျော်ရှင်ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်။

လျှောက်ထားသူ ဦးကျော်ရှင်နှင့် ဦးလှထွေးတို့သည် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများအတွက် ခြိမ်းခြောက်ခြင်း၊ မဲဆွယ်ခြင်း စသော ဥပဒေနှင့်ဆန့်ကျင်သည့်အပြုအမူများကိုပြုမူခဲ့ကြောင်းသက်သေခံ အထောက်အထား လုံးဝမရှိပါ။ ပြစ်မှု ထင်ရှားစေသော သက်သေခံ အထောက်အထား မရှိသဖြင့် ၎င်းတို့အပေါ်တွင် ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆ (၂) အရ စွဲချက်တင်ပြီး ပြစ်မှုထင်ရှား စီရင်လျက် ပြစ်ဒဏ်ပေးလိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းပါသည်။

လျှောက်ထားသူ ဦးကျော်ရှင်နှင့် ဦးလှထွေးတို့ အပေါ်တွင် ပြစ်မှုထင်ရှား စီရင်ထားခြင်းနှင့် ထောင်ဒဏ်အပြစ်ပေးထားခြင်းတို့ကို ဤဗဟို တရားရုံးက ပယ်ဖျက်၍ လျှောက်ထားသူ နှစ်ဦးအား အပြီးအပြတ်လွှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားရုံးစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄ နိုဝင်ဘာလ ၂၃ ရက်။

ကိုကျော် (၂)

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

သွားနေသော ပင်လယ်ကူးသင်္ဘောကြီးရှေ့မှ ဖြတ်ရန်ကြိုးစားခြင်း၊ မဆင်မခြင် သတိပေါ့လျော့စွာ ပြုလုပ်ခြင်းဖြစ်ခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က)အရ၊ ပြစ်မှုထင်ရှားခြင်း၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် လေယာဉ်အစရှိသည်တို့ကို မောင်းနှင် နေသူများ ထားရှိအပ်သောသတိနှင့်တာဝန်များ။

ဆုံးဖြတ်ချက်။ ။ကျယ်ပြန့်သော ရန်ကုန်မြစ်အတွင်းတွင် တိုးအေး သင်္ဘောသည် မိမိအရှေ့မှ သွားနေသော ဂျပန် သင်္ဘောကြီးကို ကြိုတင် မြင်ရသော အခါတွင် သတိမူ၍ ရှောင်တိမ်း မောင်းနှင်ရန်သာဖြစ်ပေသည်။ ပင်လယ်ကူး သင်္ဘောကြီးက ရပ်မပေးသောကြောင့် တိုက်မိရသည့် အခြေအနေမျိုး ဖြေရှင်း တင်ပြရန်အကြောင်းမရှိပေ။ ရေကြောင်း ဆိုင်ရာ ဥပဒေများ အရလည်း ပင်လယ်ကူး သင်္ဘောကြီးကို ဦးစားပေးရမည်ဟူ၍ အတိအလင်းဖေါ်ထုတ်ထားပေသည်။ ထို့ကြောင့် ရေယာဉ်အုပ်ကိုကျော်သည်၊ ၎င်းဝန်ခံသည့်အတိုင်း ပင်လယ်ကူးသင်္ဘောကြီးအရှေ့မှ ဖြတ်ရန်ကြိုးစားခြင်းပင်လျှင် မဆင်မခြင်သတိပေါ့လျော့စွာ ပြုလုပ်ခြင်းဖြစ်သဖြင့် ၎င်းသည် စွဲဆိုသည့်အတိုင်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ခရီးသည်များ၏ အသက် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် အစရှိသည်တို့ကို တာဝန်ယူ၍ မောင်းနှင်ရသူများသည်၊ မိမိကိုယ်ပိုင်ယာဉ်များကို ထိန်းသိမ်းမောင်းနှင်ကြသူများထက်အဆပေါင်းများစွာပိုမို၍ ဂရုစိုက်ရန်လိုအပ်ပေသည်။ ထို့ကြောင့်ဖြစ်လိုဖြစ်ငြား လွတ်လိုလွတ်ငြားဟူသောစိတ်ထားမျိုးရှိရန် မသင့်ပေ။ အစစအရာရာလွန်ကဲသောသတိကိုမပြတ်ထားရှိရမည်သာဖြစ်သည်။ ယာဉ်ချင်းဆုံမိသည့် အခါများတွင် တဘက်ယာဉ်က တိမ်းရှောင်ပေးလိမ့်မည် ဟူသောအယူအဆမျိုးကိုပယ်ရမည်သာဖြစ်သည်။ ခရီးသည်တင်ဆောင်သော ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ် မောင်းသူများသည် အစစအရာရာ ခရီးသည်များ၏ ဘေးအန္တရာယ် ကင်းလွတ်စေမှုကို ဦးစားပေးရန် သင့်ပေသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇၈ နှင့် ၈၄။

† ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် နေ့စွဲပါ ရန်ကုန်မြို့၊ အထူးရာဇဝတ်ရုံးအမှတ် ၇/၇၃ အမိန့်ကိုအယူခံမှု။

၁၉၇၄

ကိုကျော့ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

အယူခံတရားလို (၁) အတွက်။ ။အကျိုးဆောင် ဦးပွားမောင် (ကိုယ်စား)၊ ဦးခွန်ဝင်းလှိုင်။

အယူခံတရားလို (၂) အတွက်။ ။အကျိုးဆောင် ဦးမောင်မောင် (သထုံ)။

အယူခံတရားခံအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးလှသောင်း။

ပြည်တွင်းရေကြောင်းပိုင် ရန်ကုန်နှင့် ဒလပြေးဆွဲသော "တိုးအေး" အမည်ရှိ သင်္ဘောသည် ၁၉၇၃ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ညနေ ၄ နာရီ အချိန်ခန့်တွင် ရန်ကုန်မြို့မှ ဒလသို့ ဖြတ်ကူးစဉ် ပင်လယ်ကူး ဂျပန်သင်္ဘော ဘိုဒေါမာရူးနှင့် တိုက်မိသဖြင့် နစ်မြုပ်ရာတွင် ခရီးသည် ၃၀၀ ခန့်အနက် ၉၀ ဦး သေဆုံးရခြင်းနှင့်ပတ်သက်၍ ရေယာဉ်အုပ် ကိုကျော့နှင့် စက်ခန်းအုပ် ဦးမောင်စိန်တို့အပေါ်တွင် ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄(က)/၃၄ တို့အရ တရားစွဲဆိုသောအမှုဖြစ်သည်။ အမှုအကြောင်းအရာ အသေးစိတ်နှင့်ပတ်သက်ပြီးမှုသရုံးခ်ိရင်ချက်တွင် အပြည့်အစုံဖော်ပြခဲ့ပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့အနေဖြင့် တိုးအေးသင်္ဘော နစ်မြုပ်ရာတွင် ရေယာဉ်အုပ်ကိုကျော့နှင့် စက်ခန်းအုပ်ဦးမောင်စိန်တို့ အသီးသီး မည်မျှတာဝန်ရှိကြောင်း စိစစ်ဝေဖန်ရန်သာလိုပေလိမ့်မည်။

တိုးအေးသင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းမှ ၄၅ ဒီဂရီခန့်စောင်း၍ ဒလဘက်သို့ ခုတ်မောင်းနေစဉ် ဂျပန်သင်္ဘောကြီးသည် ရေလယ်ခေါင်တည့်တည့်မှ ခုတ်မောင်းလာသည်၊ တိုးအေးသင်္ဘောသည် ပင်လယ်ကူးသင်္ဘောကြီးကို ကိုက် ၁၅၀ ခန့်အကွာအဝေးတွင် တွေ့မြင်ရသည်။ ထိုအချိန်တွင် မိုးရွာခြင်းမရှိ ရာသီဥတု ကောင်း၍ သင်္ဘောအသွားအလာရှင်းသည်။ တိုးအေးသင်္ဘောသည် ပင်လယ်ကူးသင်္ဘောကြီး ရှေ့မှနေ၍ လွတ်မည်ဟုယူဆသောကြောင့် စက်အားကို ပိုမိုမြန်စေပြီး ဖြတ်မောင်းသည်သို့ရာတွင် မလွတ်နိုင်သောကြောင့် တိုက်မိပြီး တိုးအေးသင်္ဘောသည် ချက်ခြင်းပင် နစ်မြုပ်သွားခြင်းဖြစ်ပေသည်။

အယူခံတရားလိုနှစ်ဦးအနက် ရှေးဦးစွာ ရေယာဉ်အုပ် ကိုကျော့နှင့်ပတ်သက်ပြီး စဉ်းစားမည်။ ကိုကျော့အတွက်လိုက်ပါဆောင်ရွက်သော ပညာရှိအကျိုးဆောင်ကြီးက အမှုဖြစ်ပွါးသော အကြောင်းအရာများထက် ဥပဒေအကြောင်းအရာကို ပိုမိုအားကိုးပြီးလျှောက်လဲတင်ပြသည်။ မှုသရုံးက အပြစ်ဒဏ် (၇) နှစ်သာချမှတ်ခြင်းကို အတည်ပြုအဖွဲ့မှ မိမိအလိုအလျောက် အပြစ်ဒဏ် (၁၅) နှစ်သို့ တိုးမြှင့်ချမှတ်ခြင်းသည် ဥပဒေအရ လွဲမှားနေကြောင်းတင်ပြသည်။ ထို့အပြင် အထူးရာဇဝတ်ရုံးက စစ်ဆေး

၁၉၇၄

ကိုကျော့ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ကြားနာနိုင်သောအမှု ပုဒ်မများကို ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံး ဥပဒေတွင် ဇယားပြုလုပ်ဖော်ပြထားရာ ယင်းစာရင်းဇယားတွင် ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄ (က) ဖော်ပြခြင်းမရှိကြောင်းလည်းတင်ပြသည်။ သို့ရာတွင် အမှုတွဲကို ကျွန်ုပ်တို့လေ့လာသောအခါတွင် အတည်ပြုအဖွဲ့သည် မူလရုံးမှထောင်ဒဏ် (၇) နှစ်ချမှတ်ခြင်းကို မိမိတို့အလိုအလျောက် ထောင်ဒဏ် (၁၅) နှစ်သို့ တိုးမြှင့်လိုက်ခြင်းမဟုတ်ချေ။ ဥပဒေညွှန်ကြားချက်အတိုင်း အပြစ်ဒဏ်ကို တကြိမ် ပြန်လည်ပြင်ဆင်စေခြင်းသာဖြစ်သည်။ ထောင်ဒဏ် (၁၅) နှစ်ချမှတ်ခြင်းမှာလည်း မူလရုံးကပင် တကြိမ် ပြန်လည်ပြင်ဆင် သတ်မှတ်ခြင်းဖြစ်သည်။ အထူးရာဇဝတ်ရုံးမှ စစ်ဆေးနိုင်သောပြစ်မှုများ စာရင်းဇယားတွင် ပုဒ်မ ၃၀၄(က)ကို မတွေ့ရဖါဟူသော တင်ပြချက်နှင့် ပတ်သက်၍လည်း၊ ၁၉၆၂ ခုနှစ် အထူးရာဇဝတ်ရုံးဥပဒေကို ၁၉၆၄ ခုနှစ်၊ ဥပဒေအမှတ် ၃၄ အရ ပြင်ဆင်ဖြည့်စွက်ပြီးဖြစ်သည်။ ဤသို့ပြင်ဆင်ဖြည့်စွက်ရာတွင် ဇယားဝင်ပြစ်မှုများကို ပယ်ချလိုက်ပြီးလျှင် အခြားတည်ဆဲ တရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ အထူးရာဇဝတ်ရုံးသည် မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးကြားနာစီရင်နိုင်သည်ဟု ပုဒ်မ ၄(၁)တွင် အတိအလင်း ထည့်သွင်းဖော်ပြထားသည်။ ထို့ကြောင့် အယူခံတရားလို ကိုကျော့နှင့်ပတ်သက်၍ တင်ပြသော ဥပဒေအချက်အလက်မှာ လက်ခံနိုင်ဘွယ်ရာအကြောင်းမရှိချေ။

ဖြစ်ပျက်သော အကြောင်းအရာနှင့်ပတ်သက်၍ စဉ်းစားမည်ဆိုလျှင်၊ ကိုကျော့သည် ပင်လယ်ကူး သင်္ဘောကြီးကိုမြင်သောအခါတွင် အရှေ့မှဖြတ်၍ကူးရန်ကြိုးစားသည်၊ ထို့နောက် လွတ်မည်မထင်သောအခါမှာ စက်အရှိန်ပြန်လျှော့သည် ထိုအချိန်မှာတိုက်မိခြင်းဖြစ်သည်။ သင်္ဘောတွင်ပါသော ခရီးသည်များက လွတ်မည်မထင်၍ ဖြတ်မကူးရန် သတိပေးသော်လည်း ဇွတ်ဖြတ်ကူးခြင်းဖြစ်လေသည်။ ကိုကျော့အား ရုံးမှမေးခွန်းများနှင့်စစ်ဆေးသောအခါတွင် စက်အကုန်မောင်း၍ ရှေ့သို့လွတ်အောင်ဖြတ်ကြောင်းဝန်ခံသည်။ ထို့အပြင် သင်္ဘောကြီးအားမြင်သည်နှင့် စက်အကုန်တင်၍ လွတ်ကင်းရန် ကြိုးစားပြီးနောက် မလွတ်ကြောင်းသိသောအခါတွင် တက်မကို လက်ျာဘက်သို့ အကုန်ပေး၍ သင်္ဘောကြီးနှင့်ပွတ်ပြီး တိုက်ရန်ကြိုးစားသော်လည်း မရဘဲ ဘေးတိုက်တိုးမိကြောင်းလည်းထွက်ဆိုသည်။ ဤထွက်ဆိုချက်များအရပင် ကိုကျော့သည်သင်္ဘောကြီးကိုမြင်ရသောအချိန်မှာ စက်ကိုလျှော့၍ ကြိုကြိုတင်တင် သင်္ဘောကြီးနှင့်ဘေးတိုက်မောင်းမည်ဆိုလျှင် သင်္ဘောချင်းတိုက်မိနိုင်စရာ အကြောင်းမရှိပေ။ ဆိပ်ကမ်းနည်းဥပဒေအပိုဒ် ၄၅ အရ ဆိပ်ကမ်းနယ်နိမိတ်အတွင်းတွင် အခြားသင်္ဘောများသည် ပင်လယ်ကူး သင်္ဘောကြီးများကို ဦးစားပေးရှောင်ရှားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဤဥပဒေကို ရေယာဉ်အုပ်တဦးဖြစ်သော ကိုကျော့သည် သိရှိရမည်ဖြစ်သည။

၁၉၇၄

ကိုကျေ့ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ။

လွှဘ်မည်ဘင်၍ အမြန်ဖြတ်မောင်းပါသည်ဆိုသော ဆင်ခြေမှာလည်း လက်ခံသင့်သည် မဟုတ်ချေ။ သင်္ဘောစီးခရီးသည် ၃၀၀ ခန့်တို့၏အသက်နှင့်ပတ်သက်၍ တာဝန်ယူ ဆောင်ရွက်ရသူတဦးသည် လွှတ်လိုလွှတ်ငြားဟူ၍ အမြန်ဖြတ်မောင်းရန် ကြိုးစားခြင်း သည်ပင်လျှင် မဆင်မခြင်ပြုမူသော အကြောင်းတရပ်ပင်ဖြစ်ပေသည်။ ထို့အပြင် ဆိပ်ကမ်းဥပဒေနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများအရ ရေယာဉ်အုပ်သည် သင်္ဘော တွေ့မည်ဆိုလျှင် ဥဩဆွဲရသည်။ သင်္ဘောမတွေ့မီ ပတ်ဝန်းကျင်ကို ကြိုတင်ကြည့်ရှု ရသည်။ သင်္ဘောမတွေ့မီနောက်ပိုင်းကို ကြည့်ရှုပြီးအချက်ပေးရန်အတွက် နောက် ကြည့်ခေါ်သော သင်္ဘောသားထားရမည်။ ဤအချက်အားလုံးတို့ကို လိုက်နာဆောင် ရွက်ရန်လည်း ကိုကျေ့သည်ပျက်ကွက်ကြောင်းထင်ရှားသည်။

ကိုကျေ့၏ ပညာရှိအကျိုးဆောင်ကြီးက ကိုကျေ့သည် ပြစ်မှုကျူးလွန်ရန်အတွက် ရည်ရွယ်ချက်အကြံအစည်မရှိကြောင်းတင်ပြသည်။ ဒေါက်တာဆီးဂရေ့အမှုကိုလည်း နမူနာတင်ပြသည်။ ဒေါက်တာဆီးဂမ့ေသည် သူပုန်ဗိုလ် နေဘ်ဆိုင်းအား ဆေးများ ပေးလိုက်သောအခါတွင် နိုင်ငံတော်ကိုပုန်ကန်ရန်အတွက် အကြံအစီ ရည်ရွယ်ချက် မရှိသောကြောင့် အပြစ်ဒဏ်မှ ကင်းလွှတ်ခွင့်ရကြောင်းလည်းတင်ပြသည်။ သို့ရာတွင် ယခုကိုကျေ့အပေါ်တွင် အပြစ်ဒဏ်ပေးထားသော ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄(က)မှာ ပြစ်မှုကျူးလွန်လိုသောဆန္ဒ ပြစ်မှုကျူးလွန်သောရည်ရွယ်ချက်နှင့် မသက်ဆိုင်ပေ။ ဤသို့ ရည်ရွယ်ချက်နှင့် ဆန္ဒသာရှိမည်ဆိုလျှင် ကိုကျေ့သည်ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၀ တွင် ဖေါ်ပြပါရှိချက်များအရ လူသတ်မှုကျူးလွန်ရာရောက်ပေလိမ့်မည်။ ပုဒ်မ ၃၀၄(က) သည်ပေါ့လျော့ခြင်းဖြင့် သေစေမှုဖြစ်သောကြောင့် ပြစ်မှုကျူးလွန်ရန်ရည်ရွယ်ချက်နှင့် မသက်ဆိုင်ချေ။

သင်္ဘောချင်းတိုက်ရခြင်းမှာ ဂျပန်သင်္ဘော၏မှားယွင်းမှုကြောင့်လည်း ဖြစ်နိုင် သောကြောင့် ဂျပန်သင်္ဘောဘုံဘေမာရှူးမှ သက်ဆိုင်သူအရာရှိများကိုလည်း ခေါ်ယူ စစ်ဆေးသင့်ကြောင်းကိုလည်း ထပ်မံတင်ပြသည်။ ကျွန်ုပ်တို့အမှုကို လေ့လာသော အခါတွင် အချင်းဖြစ်ပွါးစဉ်က ဘုံဘေမာရှူးသင်္ဘောတွင် ရေကြောင်းပြအဖြစ် ဆောင် ရွက်သော ဦးကျော်ဝင်း (လိုပြ ၃၁) ကို စစ်ဆေးထားကြောင်းတွေ့မြင်ရသည်။ ထိုအချိန်က သင်္ဘောကြီး၏ သွားလာမှုနှင့် ပတ်သက်ပြီး အမိန့်ပေးနိုင်သူမှာ ဦးကျော် ဝင်းသာဖြစ်၍၊ ဂျပန်သင်္ဘောမာလိန်မှူးမဟုတ်ချေ။ ထို့ကြောင့် ဂျပန်သင်္ဘောမာလိန် မှူးနှင့် သင်္ဘောမှ အခြားအရာရှိများကို စစ်ဆေးရန်ပျက်ကွက်ခြင်းအားဖြင့် လျှောက် ထားသူကိုကျေ့အပေါ်တွင် မည်သို့မျှထိခိုက်နိုင်ဖွယ်ရာမရှိပေ။ သင်္ဘောချင်းတိုက်မိရာ တွင် ပေါ့လျော့လစ်ဟင်းမှုနှင့် ပတ်သက်၍ **ဦးစောဦး နှင့် ဦးစိန်လွင်ပါ ၂** (၁) အမှုတွင် အောက်ပါအတိုင်းတွေ့မြင်ရသည်။

---

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၉၈၆။

၁၉၇၄
ကိုကျွေ ပါ ၂
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်။

"မော်တော် ၂ စင်းသည် လွတ်လပ်စွာရှောင်တိမ်း ခုတ်မောင်းနိုင်သည့် အလျောက်၊ ရေကြောင်းဌာန စည်းကမ်းများ အတိုင်း လိုက်နာခုတ်မောင်းရန် မလိုပဲ၊ တစင်းနှင့်တစင်းမတိုက်မိရအောင် သတိမူ၍ လွတ်လပ်စွာ မိမိတို့စိတ်ကြိုက် လမ်းအတိုင်းခုတ်မောင်းနိုင်ပေသည်။ ဤသို့ဖြစ်ရာ ဤအမှုတွင် မည်သည့်မော်တော် က ရေကြောင်းမှားပြီး ခုတ်မောင်းလာသည်ဆိုသည့် ပြဿနာမှာ အဓိကတရပ် မဟုတ်ပေ"

ထို့ကြောင့်၊ ယခုကဲ့သို့ ကျယ်ပြန့်သော ရန်ကုန်မြစ်အတွင်းမှာ တိုးအေးသင်္ဘော သည် မိမိအရှေ့မှ သွားနေသော ဂျပန်သင်္ဘောကြီးကို ကြိုတင်မြင်ရသောအခါတွင် သတိမူ၍ ရှောင်တိမ်းမောင်းနှင်ရန်သာ ဖြစ်ပေသည်။ ပင်လယ်ကူးသင်္ဘောကြီးက ရပ်မပေးသောကြောင့် တိုက်မိရသည့်အနေမျိုး ဖြေရှင်းတင်ပြရန် အကြောင်းမရှိပေ။ ရေကြောင်းဆိုင်ရာ ဥပဒေများအရလည်း ပင်လယ်ကူးသင်္ဘောကြီးကို ဦးစားပေးရ မည်ဟူ၍ အတိအလင်းပေါ်ထုတ်ထားပေသည်။ ထို့ကြောင့်ရေယာဉ်အုပ်ကိုကျွေသည် ၎င်းဝန်ခံသည့်အတိုင်း ပင်လယ်ကူးသင်္ဘောကြီး အရှေ့မှဖြတ်ရန် ကြိုးစားခြင်းပင်လျှင် မဆင်မခြင် သတိပေါ့လျော့စွာ ပြုလုပ်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် ရေယာဉ်အုပ် ကိုကျွေသည် စွဲဆိုသည့်အတိုင်း ပြစ်မှုကျူးလွန်ထင်ရှားသည်ဟုကျွန်ုပ်တို့ယူဆသည်။ အပြစ်ဒဏ်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ စဉ်းစားလျှင် ထောင်ဒဏ်(၁၅)နှစ်မှာသာမန် အားဖြင့် များသည်ဟု ဆိုနိုင်ဖွယ်ရှိသော်လည်း ကျူးလွန်သောပြစ်မှုမှာ အပြစ်မဲ့သူ ခရီးသည်ပေါင်း ၉၀ ကျော်အသက်ဆုံးရှုံးစေ၍ ကျန်ခရီးသည် ၂၀၀ ခန့်တို့မှာ ဒုက္ခ အမျိုးမျိုးတွေ့ကြုံခဲ့ရသည်။ ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့အနေ ဖြင့်လည်း တန်ဖိုးများစွာ ထိုက်တန်သော သင်္ဘောတစီးပျက်စီးဆုံးရှုံးခဲ့သည်။ ခရီး သည်များ၏ အသက်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ်အစရှိသည့်တို့ကို တာဝန်ယူ၍ မောင်းနှင်ရသူများသည် မိမိကိုယ်ပိုင်ယာဉ်များကို ထိန်းသိမ်းမောင်းနှင်ကြသူများထက် အဆပေါင်းများစွာ ပိုဒို၍ ဂရုစိုက်ရန်လိုအပ်ပေသည်။ထို့ကြောင့်ဖြစ်လိုဖြစ်ငြား၊ လွဘ်လိုလွတ်ငြားဟူသော စိတ်မျိုးထားရှိရန်မသင့်ပေ။ အစစအရာရာလွန်ကဲသောသတိကိုမပြတ်ထားရှိရမည်သာ ဖြစ်သည်။ ယာဉ်ချင်းဆုံမိသည့်အခါများတွင်တဘက်ယာဉ်ကတိမ်းရှောင်ပေးလိမ့်မည် ဟူသောအယူအဆမျိုး၊ မိမိတို့က လမ်းမှန်လျက်ရှိသည်ဟူသောအယူအဆမျိုးကို ပယ်ရ မည်သာ ဖြစ်သည်။ ယခု တိုးအေးနစ်မြုပ်သည့်သာဓကကို နမူနာယူ၍ ခရီးသည် တင်ဆောင်သော ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ် မောင်းသူများသည် အစစအရာရာ ခရီးသည်များ၏ ဘေးအန္တရာယ်ကင်းလွတ်စေမှုကို ဦးစားပေးရန် သင့်ပေသည်။ အမှုဖြစ်လာ၍ တရားခံအဖြစ်သို့ ရောက်သောအခါမှ လူမှုရေးကို

၁၉၇၄
ကိုကျေ့ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ။

တင်ပြခြင်း၊ မသိနားမလည်မှုကို တင်ပြခြင်း၊ တဘက်ယာဉ်၏မှားယွင်းမှုကို တင်ပြခြင်း အစရှိသည်တို့မှာ တရားရုံးများက အထူးလိုအပ်မှသာ ထည့်သွင်း စဉ်းစားနိုင်ပေလိမ့်မည်။ ထို့ကြောင့် မူလရုံးကပေးထားသော အပြစ်ဒဏ်(၁၅)နှစ်ကို လျှော့ပေါ့ရန် အကြောင်းမမြင်ဟု ကျွန်ုပ်တို့ယူဆသည်။

တိုးအေးသင်္ဘော နစ်မြုပ်မှုနှင့် ပတ်သက်၍ စက်ခန်းအုပ် ဦးမောင်စိန်အပေါ်တွင်လည်းထောင်ဒဏ် (၁၅)နှစ်ချမှတ်သည်။ နှစ်ဘက်အငြင်းမထွက်သော အချက်မှာ တိုးအေးသင်္ဘောသည် ပင်လယ်ကူး သင်္ဘောကြီးနှင့် တိုက်မိသော အချိန်တွင် ဦးမောင်စိန်သည် စက်ခန်းအတွင်းမှာ မရှိသည့်အချက်ဖြစ်သည်။ ထိုအချိန်တွင် စက်မောင်းလျက်ရှိသူမှာ ဒု-ဆီလောင်း မောင်ဘကြည် (လိုပြ-၃၀) ဖြစ်သည်။ မောင်ဘကြည်ကထွက်ဆိုသည်မှာ သင်္ဘောကမ်းမှ ခွာလာပြီးနောက် စက်ကို အရှေ့သို့ အပြည့်မောင်းရန် အချက်ခေါင်းလောင်းပေးသည်။ ထို့နောက်စက်ကို နောက်ပြန် အပြည့်မောင်းရန် အချက်ပေးခေါင်းလောင်းပေးပြန်သည်။ ထို့နောက်တယ်လီဂရမ်မှာ ရှေ့သို့နောက်သို့ ကစားနေစဉ် သင်္ဘော ၂ စင်းတိုက်မိကြောင်း ဖြစ်လေသည်။ ရေယာဉ်အုပ် ကိုကျေ့ကလည်း သင်္ဘောရှေ့မှဖြတ်ကူးနိုင်ရန်အတွက် စက်ကိုအမြန်မောင်းရန် ကြိုးစားကြောင်း ထွက်ဆိုသောကြောင့် စက်ခန်းတွင် ရှိနေသော မောင်ဘကြည်၏ လုပ်ဆောင်ချက်သည် ရေယာဉ်အုပ် ညွှန်ကြားသည့်အတိုင်း ဖြစ်သည်ဟု ဆိုရပါမည်။ ကိုကျေ့သည် မိမိသင်္ဘောကို အမြန်မောင်း၍ ဖြတ်ကူးရန် ကြိုးစားပြီးနောက် မဖြစ်နိုင်မှန်းသိသောအခါတွင် နောက်ပြန်ဆုတ်၍ သင်္ဘောချင်း ယှဉ်ပြီး တိုက်မိရန် ကြိုးစားသော်လည်း မအောင်မြင်သောကြောင့် ယခုအမှု ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။

စက်ခန်းအုပ် ဦးမောင်စိန် အပေါ်တွင် တာဝန်ရှိသည်ဟူ၍ မူလရုံးကအပြစ်ပေးထားခြင်းမှာ သက်သေခံအမှတ် (က-က) ပရသဖစက်ခန်းအုပ် များအား ညွှန်ကြားချက်များအရဖြစ်သည်။ ယင်းညွှန်ကြားချက်တွင် ရန်ကုန်ဆိပ်ကမ်းအတွင်း သင်္ဘောများခုတ်မောင်းရာတွင် စက်မောင်းခန်း၌ တာဝန်ခံစက်ခန်းအုပ် ကိုယ်တိုင်ရှိရမည်ဟုဖေါ်ပြထားသည်။ သို့ရာတွင် သက်သေခံအမှတ် (က-က) သည် ၁၉၆၄ ခုနှစ်ကထုတ်ပြန်သောအမိန့်ဖြစ်သည်။ ထိုအမိန့်နောက်ပိုင်းတွင် ၁၉၇၂ ခုနှစ်မှ ပြင်ဆင်သောအမိန့်ထပ်မံ၍ထုတ်သည်။ ယင်းပြင်ဆင်သောအမိန့်ကို သက်သေခံအမှတ် (၁) အဖြစ် အမှုတွင် တွေ့မြင်နိုင်သည်။ အမိန့်တွင်စက်ခန်းအုပ်၏တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ အပိုဒ် ၁၇ (က) တွင် စက်ခန်းအုပ်သည် မိမိကိုယ်တိုင် ဆိပ်ကမ်းအကပ်အခွာများတွင် စက်မောင်းစဉ်၌ ရှိနေရမည်ဟု ဖေါ်ပြထားလေသည်။ ထို့ကြောင့် ၁၉၆၄ ခုနှစ်တွင် ထုတ်ပြန်သော ညွှန်ကြားချက်အရ စက်ခန်း

၁၉၇၄
ကိုကျော့ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

အုပ်သည် စက်ခန်းတွင်အချိန်မရွေး ရှိနေရမည်ဟု ဖေါ်ပြထားသော်လည်း ၁၉၇၂ ခုနှစ်ညွှန်ကြားချက်အရ ဆိပ်ကမ်းမှ သင်္ဘောခွာစဉ်နှင့် ဆိပ်ကမ်းသို့ သင်္ဘောကပ်စဉ် အချိန်များသာရှိရမည်ဟု ပြင်ဆင်သတ်မှတ် ထားကြောင်း တွေ့မြင်ရသည်။ ဦးမောင်စိန်အတွက် လိုက်ပါဆောင်ရွက်သော ပညာရှိအကျိုးဆောင်ကလည်း စက်ခန်းအုပ်များသည် အစဉ်မပြတ် စက်ခန်းအတွင်းမှာ ရှိနေရန် မဖြစ်နိုင်သောကြောင့် ၁၉၇၂ ခုနှစ်တွင် အမိန့်တရပ် အသစ်ထပ်မံ ထုတ်ပြန်ရကြောင်း တင်ပြသည်။ ဗဟိုဥပဒေချုံးအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိဥပဒေ အကျိုးဆောင်ကလည်း ၁၉၇၂ ခုနှစ်တွင် ထုတ်သော ညွှန်ကြားချက်သည် ၁၉၆၄ ခုနှစ်တွင် ထုတ်သော ညွှန်ကြားချက်ကို လွှမ်းမိုးကြောင်းဝန်ခံသည်။ သို့ရာတွင်အချင်းဖြစ်ပွါးသောအချိန်မှာ သင်္ဘောသည် ဆိပ်ကမ်းမှခွာစဉ်အချိန်ပင်ဖြစ်သောကြောင့် စက်ခန်းအုပ်သည်မိမိ စက်ခန်းတွင်ရှိနေသေးကြောင်းနှင့် ဤကဲ့သို့ရှိနေရန် ပျက်ကွက်သောကြောင့် အပြစ်ရှိကြောင်းတင်ပြသည်။

အချင်းဖြစ်ပွါးသောအချိန်တွင် စက်မောင်းလျက်ရှိသော မောင်ဘကြည် (လိုပြ ၃၇) ၏ ထွက်ဆိုချက်နှင့် ရေယာဉ်အုပ်ကိုကျော့တို့၏ ထွက်ဆိုချက်မှာ တူညီလျက်ရှိကြောင်းတွေ့ရသည်။ သင်္ဘောကိုပို့မို့၍ အမြန်မောင်းကြောင်းကိုကျော့က ဝန်ခံသည်။ ကိုကျော့၏ ညွှန်ကြားချက်အတိုင်း မောင်ဘကြည်က စက်ကို အမြန်မောင်းပေးကြောင်း ထွက်ဆိုသည်။ ထို့ကြောင့် စက်ခန်းတွင် မောင်ဘကြည် ရှိသည်ဖြစ်စေ၊ ဦးမောင်စိန်ကိုယ်တိုင် ရှိသည်ဖြစ်စေ၊ ရေယာဉ်အုပ်၏ ညွှန်ကြားချက်အတိုင်း စက်ကို အမြန်မောင်းပေးရမည်သာ ဖြစ်သည်။ ဤသို့အမြန်မောင်း၍ ပင်လယ်ကူးသင်္ဘောကြီးရှေ့မှ ဖြတ်ကူးရန် ကြိုးစားခြင်းကြောင့်လည်း တိုက်ခိုက်မှုဖြစ်ရသည်။ ထို့ကြောင့် ဦးမောင်စိန် စက်ခန်းတွင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရေယာဉ်အုပ် ကိုကျော့၏ အရင်စလို မောင်းနှင်ရန် ညွှန်ကြားမှုကြောင့် အချင်းဖြစ်ပွါးရခြင်းဖြစ်လေသည်။ ဤသို့ဖြစ်ပွါးရန်အတွက် စက်ခန်းအုပ် ဦးမောင်စိန်၏ ပေါ့ဆမှုပါရှိသည်မဟုတ်ချေ။ ဗဟိုဥပဒေချုံးမှ အကျိုးဆောင်က အချင်းဖြစ်ပွါးစဉ် အချိန်မှာ သင်္ဘောသည်ဆိပ်ကမ်းမှ ခွာဆဲသာဖြစ်သည်ဟု ဆိုခြင်းကိုလည်း ကျွန်ုပ်တို့ လက်မခံနိုင်ချေ။ အဘယ်ကြောင့်ဆိုသော ပင်လယ်ကူးသင်္ဘောကြီးသည် ရန်ကုန်မြစ်အလယ်မှ သွားလာနေခြင်းသာဖြစ်သည်။ ဆိပ်ကမ်းအနီးမှ ကပ်၍သွားလာနေခြင်းမဟုတ်ပေ။ တိုက်ခိုက်မှု ဖြစ်ပွားရခြင်းမှာလည်း ဆိပ်ကမ်းမှ ထွက်ပြီးအတန်ကြာရှေ့သို့စက်အား တဝက်မောင်းနှင်သွားပြီးနောက်၊ ပင်လယ်ကူး သင်္ဘောကြီးကို မြင်သောအခါမှာ စက်အားအမြန်တိုး၍ မောင်းနှင်ပြီး တိုက်ခိုက်မိခြင်း ဖြစ်လေသည်။ ဦးမောင်စိန်၏ ပညာရှိအကျိုးဆောင်က **မောင်ညိုမောင်** နှင့် **ပြည်ထောင်စု မြန်မာ**

၁၉၇၄

ကိုကျော ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

နိုင်ငံ (၂) အမှုကို ကိုးကားတင်ပြသည်။ ယင်းအမှုတွင် "ရွှေဂျိုးဖြူ" အမည်ရှိသော မော်တော်ယာဉ် နှစ်မြုပ်ခြင်းနှင့် ပတ်သက်၍ ပဲ့ကိုင်ဖြစ်သူမှာသာ တာဝန်ရှိပြီး စက်မောင်းသူတွင် တာဝန်မရှိကြောင်း ဖော်ပြထားပေသည်။ ထို့ကြောင့် စက်ခန်းအုပ် ဦးမောင်စိန်သည် တိုးအေးသဘော်နှစ်မြုပ်ခြင်းနှင့် ပတ်သက်၍တာဝန်မရှိဟုကျွန်ုပ်တို့ယူဆသည်။

အယူခံတရားလိုကိုကျော်အပေါ်တွင် ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄ (က) အရ ထောင်ဒဏ် (၁၅) နှစ်ချမှတ်သည့်အမိန့်ကို အတည်ပြု၍ အယူခံပယ်လိုက်သည်။ အယူခံတရားလို ဦးမောင်စိန်အပေါ်တွင် ပြစ်မှုဆိုင်ရာ ပုဒ်မ ၃၀၄ (က) အရ ထောင်ဒဏ် (၁၅) နှစ်ချမှတ်သည့်အမိန့်ကိုပယ်ဖျက်၍၊ ဦးမောင်စိန်အား ယခုအမှုအတွက်အပြီးအပြတ်လွှတ်ရန်အမိန့်ချမှတ်သည်။

---

(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (အထူးရာဇဝတ်ရုံးအယူခံအဖွဲ့) စာ ၅၉။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးသန့်စင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးချစ်ပါ (၂) *

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

† ၁၉၇၅
စက်တင်ဘာလ
၆ ရက်။

၁၉၆၄ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ စွဲဆိုသော အမှုတွင် စာရင်းအင်းနှင့် လက်ခံရယူထားသော ပြည်သူပိုင်ပစ္စည်းကို စာရင်းအင်းနှင့် ပြန်လည်ပေးအပ်ခြင်း မပြုနိုင်ပါက သက်ဆိုင်သူများ အပေါ်၌သာ တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဖယောင်းအိတ်များ ပျောက်ဆုံးနေခြင်းမှာ မငြင်းကွယ်နိုင်သော အချက်ဖြစ်၍ မည်သို့ မည်ပုံ မည်ကဲ့သို့နည်းမျိုးဖြင့် ခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်း ပြုလုပ်ပါသည်ဟု တရားလိုဘက်မှ ရှင်းပြရန် တာဝန်မရှိချေ။ ဤကဲ့သို့ ရှင်းပြရန်မှာလည်း သဘာဝယုတ္တိမတန်ချေ။ စာရင်းအင်းနှင့် လက်ခံရယူထားသော ပြည်သူပိုင်ပစ္စည်းကို စာရင်းအင်းနှင့် ပြန်လည်ပေးအပ်ခြင်း မပြုနိုင်လျှင် သက်ဆိုင်သူများအပေါ်၌သာ တာဝန်ရှိမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဗဟိုဥပဒေရုံး အကျိုးဆောင် မစ္စတာ ဂျေ၊ ဒီ၊ ငို(ရှ်)။
ဗဟိုဥပဒေရုံး အကျိုးဆောင် ဦးထွန်းဝင်း။

အယူခံတရားခံအတွက်။ ။ဗဟိုဥပဒေရုံး၊ ဦးလှသောင်း၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

အယူခံ တရားလို ဦးချစ်နှင့် မောင်ကျော်ညွန့် တို့သည် သီးခြား အယူခံမှုများ တင်ကြသော်လည်း မှုဖြစ်ခြင်းရာတို့မှာ ဆက်စပ်လျက်ရှိသည် ဖြစ်သောကြောင့် ဤစီရင်ချက်သည် နှစ်မှုစလုံးအတွက် အကျုံးဝင်စေရမည်။ ဦးချစ်သည် ဗိုလ်တထောင်မြို့နယ် ပြည်သူ့ ရေနံလုပ်ငန်း ကော်ပိုရေးရှင်းပိုင် ဆိုင်အမှတ် (၃၄) ၏ ဆိုင်ကြီးကြပ်ရေးမှူးဖြစ်၍ မောင်ကျော်ညွန့်သည် ဆိုင်ထိုင်ဖြစ်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၉/၆၀ ။

† ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၉တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ဩဂုတ်လ ၃၀ ရက်နေ့ ပါရန်ကုန်မြို့ အထူးရာဇဝတ်ရုံး ၅၉/၆၉ ၏ အမိန့်ကိုအယူခံမှု။

၁၉၈၄

ဦးချစ်ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

သည်။ ဦးချစ်နှင့် မောင်ကျော်ညွန့်တို့အပြင် လက်ထောက်ဆိုင်ထိုင် မောင်အေးသိန်းနှင့် နေ့စား အလုပ်သမား မောင်သိန်းဝင်းတို့ကိုလည်း ပူးတွဲတရားခံများအဖြစ် စစ်ဆေးခဲ့ရာ မောင်အေးသိန်းနှင့် မောင်သိန်းဝင်းတို့ကို မူလရုံးမှ အပြီးအပြတ်လွှတ်ပြီး ဖြစ်သည်။ အမှုစတင် ပေါ်ပေါက်လာသည်မှာ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကုန်းလမ်း သယ်ယူပို့ဆောင်ရေး အဖွဲ့မှ ကုန်တင်ကား ၂ စီးကို မသင်္ကာသောကြောင့် စစ်ဆေးသော အခါတွင် ဗိုလ်တထောင် ဆိုင်အမှတ် (၅၄)မှ ထုတ်ပေးလိုက်သော ဖယောင်းအိတ် အပိုများကို တွေ့ရသည်။ ထို့ကြောင့် ပြည်သူ့ရေနံလုပ်ငန်း ကော်ပိုရေးရှင်း အရာရှိများက သက်ဆိုင်ရာ ဂိုဒေါင်များတွင်လည်း ဖယောင်းများ လျော့နည်းနိုင်မည်ဟု ယူဆသဖြင့် ဖယောင်းဂိုဒေါင် ၂ လုံးကို ထိုနေ့ည ၉ နာရီ အချိန်ခန့်တွင် ချိပ်ပိတ်လိုက်ပြီးနောက် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့အထိ ဖယောင်းလက်ကျန် အိတ်များကို စစ်ဆေးသောအခါတွင် အိတ်ပေါင်း ၁၆၉၁၊ တန်ဘိုးသင့်ငွေကျပ် ၁၁၄၃၉၆-၁၅ ပြား လျော့နည်းနေကြောင်း တွေ့ရှိရပေသည်။

ဖယောင်းအိတ်များ လျော့နည်း ပျောက်ဆုံးလျက် ရှိကြောင်းမှာ အငြင်းမထွက်ချေ။ အသူခံတရားသိုမျှားက မိမိတို့တွင်တာဝန်မရှိကြောင်း ချေပခြင်းနှင့်ပတ်သက်ပြီး၊ လက်ခံသင့် မသင့် စဉ်းစားရန်သာ ရှိပါသည်။ ဦးချစ်က အောက်ပါအတိုင်း တင်ပြသည်။ ဖယောင်းအိတ်များ ပျောက်ဆုံးသောကြောင့် ပထမ သတင်းပေးချက် ပေးပို့တိုင်တန်းသော အခါတွင် မိမိနာမည် မပါခဲ့ပါ။ မောင်ကျော်ညွန့်နှင့် မောင်အေးသိန်းကိုသာ တိုင်တန်းခဲ့ပါသည်။ ဖယောင်းအိတ်များ လျော့နည်းသောကြောင့် တာဝန်ရှိကြောင်း ဝန်ခံသည့်စာကို ဦးချစ်၊ မောင်ကျော်ညွန့်နှင့် မောင်အေးသိန်းတို့က ရုံးချုပ်မှ အရာရှိ ဦးထွန်းဖြူထံ ပေးခဲ့ကြောင်း မှန်ပါသည်။ ယင်းစာကို အမိက ထားပြီး မိမိအပေါ်တွင် တရားခံအဖြစ် အရေးယူခြင်း ဖြစ်ပါသည်။ သို့ရာတွင်ယင်းစာမှာ မိမိလက်မှတ် ထိုးခဲ့ခြင်း မှန်သော်လည်း ဦးထွန်းဖြူထံသို့ စာယူသွားသော အခါတွင် လက်မှတ် မထိုးလိုကြောင်း ပြောပြပါသည်။ ဦးထွန်းဖြူက မထိုးလိုလျှင် လက်မှတ်ကို ဖျက်ခွင့်ပြုသောကြောင့် ပြန်၍ဖျက်လိုက်ပါသည်။ ထို့ကြောင့် အပြစ်ရှိကြောင်း ဝန်ခံသောစာသည် မိမိနှင့် မပတ်သက်ကြောင်း ဖြစ်လေသည်။ မိမိသည် ဆိုင်အမှတ် (၅၄)၏ ကြီးကြပ်ရေးမှူးသာ ဖြစ်ပါသည်၊ ဆိုင်ထိုင်မဟုတ်ပါ၊ ယခင်ဆိုင်အမှတ် (၅၄)ကို မေးပြတိုက်သော အခါမှာလည်း အလုပ်သမားများနှင့်အတူ ခုခံကာကွယ်ခဲ့ပါသည်။ ထို့ကြောင့် ဂုဏ်ထူးဆောင် လက်မှတ်နှင့် နာရီတလုံး ရရှိခဲ့ပါသည်။ ကြီးကြပ်ရေးမှူး၏ တာဝန်မှာ ဆိုင်၏စာရင်းများကို မှန်ကန်စွာ ပြုစုခြင်း၊ နေ့တိုင်း ရောင်းချရရှိသော ငွေကို ဘဏ်သို့သွင်းခြင်းနှင့် မိမိလက်အောက် အမှုထမ်းများအား တာဝန်ခွဲဝေပေး

၁၉၇၄ — ဦးချစ် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ခြင်းသာ ဖြစ်ပါသည်။ ဓနိတောမှပို့သော ဖယောင်းကို လက်ခံရန်အတွက် မောင်သိန်းဝင်းအား တာဝန်ပေးထားပြီး ပြန်လည်ရောင်းချရန်အတွက် မောင်ကျော်ညွန့်နှင့် မောင်အေးသိန်းတို့အား တာဝန်ပေးထားသည် ဖြစ်သောကြောင့် ဖယောင်းများ လျော့နည်း နေခြင်းမှာ မိမိနှင့် မသက်ဆိုင်ကြောင်း ဖြစ်လေသည်။ ဦးချစ်က ထပ်မံတင်ပြသည်မှာ ၁၉၆၇ ခု၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ဆိုင်အမှတ် (၅၄) ကို သက်ဆိုင်ရာမှ စစ်ဆေးပါသေးသည်။ ထိုအချိန်က ဖယောင်းများ လျော့နည်းခြင်း မရှိသေးပါ။ မိမိသည် တလလျှင်တကြိမ်သာ ဆိုင်ကိုစစ်ဆေးရန် တာဝန်ရှိသောကြောင့် မိမိ စစ်ဆေးရန် အချိန်မတိုင်မီ ချိပ်ပိတ်စစ်ဆေးပြီး ဖယောင်းများ လျော့နည်းကြောင်း တွေ့ရှိသည်ဆိုခြင်းနှင့် ပတ်သက်ပြီး မိမိအပေါ် တာဝန်မရှိနိုင်ပါဟူ၍ ဖြစ်လေသည်။

မောင်ကျော်ညွန့်က အောက်ပါအတိုင်း တင်ပြသည်။ ဖယောင်းအိတ်များ ပျောက်ဆုံးသည်ဆိုသော်သည်း မည်ကဲ့သို့ ပျောက်ဆုံးကြောင်းကို တရားလိုဘက်မှ သက်သေမပြနိုင်ပါ၊ ဖယောင်းအိတ်များသည် အလွန်လေးလံသော ၁၁၂ ပေါင်အိတ်များဖြစ်သောကြောင့် မိမိတဦးချင်း တိတ်တဆိတ်ခိုးထုတ်ရန် မဖြစ်နိုင်ပါ၊ ဆိုင်မှူး အမှုထမ်းများနှင့် အလုပ်သမားများအားလုံး ပူးပေါင်းပြီး ကြံစီမှသာ ဖြစ်နိုင်ဖွယ်ရာရှိပါသည်။ မိမိတို့ဆိုင်ကို ရုံးချုပ်မှအခါအားလျော်စွာ လာရောက်စစ်ဆေးသောအခါများတွင်စနစ်တကျ ရေတွက်စစ်ဆေးခြင်း မလုပ်ခဲ့ပါ။ ထို့ကြောင့် လျော့နည်းနေသော ဖယောင်းအိတ်များသည် မည်သည့်အချိန်ကာလအတွင်းမှာ ပျောက်ဆုံးနေကြောင်း မထင်ရှားပဲ မိမိတို့အပေါ် ခိုးယူသည်၊ သို့မဟုတ် အလွဲသုံးစားပြုသည်ဟု စွပ်စွဲခြင်းမှာ မှားယွင်းပါသည်။ ဆိုင်အမှတ် (၅၄) သည် မြန်မာနိုင်ငံတွင် အကြီးဆုံးသော ပြည်သူ့ ရေနံလုပ်ငန်းကော်ပိုရေးရှင်းဆိုင်ဖြစ်၍နေ့စဉ် ကျပ် ၇ သောင်းဘိုးခန့်ရောင်းရပါသည်။ ထိုဆိုင်အတွက် လခစားအမှုထမ်းသုံးယောက်နှင့်သာ၊ နံနက် ၇ နာရီမှ ည ၆ နာရီအထိ ရောင်းချခဲ့ရပါသည်၊ အလုပ်မနိုင်မနင်းဖြစ်သောကြောင့် အလုပ်သမားထပ်တောင်းသော်လည်း မရခဲ့ပါ။ ဖယောင်းဂိုဒေါင်များတွင် လုံလောက်သော အစောင့်အကြပ်များမရှိပါ။ ဝင်းတံခါးများ ဂိုဒေါင်တံခါးများမှာလည်း ပျက်စီးချို့ယွင်းလျက်ရှိသောကြောင့် လုံခြုံမှုမရှိပါ။ ဖယောင်းအိတ်များလျော့နည်းခြင်းနှင့် ပတ်သက်ပြီး အမှုအတွက် စာရင်းစစ်ဆေးသောအခါမှာလည်း စာရင်းစစ်ပညာ အောင်လက်မှတ်ရရှိသော ကျွမ်းကျင်သည့် စာရင်းစစ်များနှင့် မဆောင်ရွက်သောကြောင့် တိကျမှန်ကန်မှု မရှိနိုင်ပါဟူ၍ဖြစ်သည်။

ဦးချစ်သည် ကြီးကြပ်ရေးမှူးဟူ၍ အမည်ခံယူသော်လည်း ဆိုင်နှင့်ပတ်သက်ပြီး တိုက်ရိုက်တာဝန်ရှိသူဖြစ်ပါသည်။ ဆိုင်တာဝန်ခံနှင့် မလုံလောက်၍ ကြီးကြပ်ရေးမှူး အဖြစ် ခန့်ထားခြင်းဖြစ်ပါသည်။ ဖယောင်းအိတ်များ လက်ခံရန် တာဝန်နှင့် ရောင်းချ

၁၉၇၄

ဦး ချစ်ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ရန်တာဝန်တို့ကို မိမိလက်အောက် ငယ်သားများအား ခွဲဝေပေးလိုက်သည်ဆိုကာမျှနှင့် တာဝန်မရှိဟုမပြောနိုင်ပေ။ ဦးချစ်သည် ရောင်းရသောငွေများကို ရုံးချုပ်သို့ ပေးသွင်းကာမျှနှင့် တာဝန်ကျေပြီဟု မဆိုနိုင်ပေ။ မှန်မှန်ကန်ကန် ရောင်းချခြင်း ရှိ မရှိနှင့် လက်ကျန်ပစ္စည်းစာရင်းတိုက်ရန်အတွက် အမြဲတစေ လေ့လာကြည့်ရှုနေရမည်သာဖြစ်သည်။ ဖယောင်းများကို ထုံးစံအတိုင်း စစ်ဆေးရန် အချိန်ကာလမတိုင်မီ လာရောက်စစ်ဆေးသောကြောင့် လျော့နည်းကွာခြားခြင်းနှင့် ပတ်သက်ပြီး တာဝန်မရှိပါဟုသော ဦးချစ်၏ အကြောင်းပြချက်မှာလည်း လက်ခံနိုင်ရန် အကြောင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် ကုန်ပစ္စည်း၊ ငွေစာရင်း အစရှိသည်တို့ကို အချိန်သတ်မှတ်ထားသည့် အခါကျရောက်မှသာ စစ်ဆေးရမည်ဟူသော ပြဋ္ဌာန်းချက်မရှိချေ။ အခါမရွေး အလျဉ်းသင့်သလို စစ်ဆေးရမည်သာဖြစ်ပေသည်။ စာရင်းများ၊ ကုန်ပစ္စည်းများနှင့် ပတ်သက်၍ တာဝန်ရှိသူသည် မည်သည့်နေ့ရက် အချိန်အခါတွင်မဆို စာရင်းများနှင့် လက်ကျန်ကုန်ပစ္စည်းများတိကျ မှန်ကန်စေရမည်သာဖြစ်လေသည်။ ဖယောင်းအိတ်များ လျော့နည်းကွာခြားသောအခါတွင် ဦးချစ်၊ မောင်ကျော်ညွန့်နှင့် မောင်အေးသိန်းတို့သည် တာဝန်ရှိကြောင်း အထက်အရာရှိထံ ဝန်ခံစာ ရေးသား ပေးပို့သည်။ သို့ရာတွင် ဦးချစ်၏ လက်မှတ်ကို ပြန်၍ဖျက်ထားသည်။ မောင်ကျော်ညွန့်၏ ပညာရှိ အကျိုးဆောင်ကြီးက တင်ပြသည်မှာ ဦးချစ်ကိုယ်တိုင် ဦးဆောင်၍ သဘောတူလက်မှတ်ရေးထိုးကြပြီးနောက် ဦးချစ်တယောက်တည်းကသာ ယင်းစာကို ယူသွားပါသည်။ ထို့နောက် ကျန်နှစ်ယောက်ကို အသိမပေးဘဲ ဦးချစ်၏ နာမည်ကိုပြန်၍ ဖျက်လိုက်ခြင်းမှာ လက်အောက်ငယ်သား နှစ်ဦးအပေါ်တွင် လူလယ်လုပ်ခြင်းသက်သက်ဖြစ်ပါသည်ဟူ၍ ဖြစ်လေသည်။ ဤတင်ပြချက်မှာလည်း လုံးဝမဖြစ်နိုင်ဟု မဆိုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ ဦးချစ်၊ မောင်ကျော်ညွန့်နှင့် မောင်အေးသိန်းတို့ ပူးတွဲ လက်မှတ်ထိုးခြင်းမှာ မည်သူ တဦးတယောက်၏ တိုက်တွန်းသွေးဆောင်ချက်အရ ဖြစ်သည်ဟု မပေါ်ပေါက်ချေ။ မိမိတို့အလိုအလျောက် လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။ ဦးချစ်သည် နောက်ပိုင်းတွင် မိမိလက်မှတ်ကိုပြန်၍ ဖျက်လိုက်သည်ဆိုစေကာမူ ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ ဝန်ခံရန် ကြံရွယ်ခဲ့ကြောင်း တစိပ်တဒေသ ပေါ်လွင်လျက်ရှိပေသည်။ ဦးချစ်သည် ယခင်က ဆိုင်ကို ဒေးပြဝိုက်စဉ် ခုခံကာကွယ်ခဲ့ခြင်း၊ နာမည်ကောင်းလက်မှတ်နှင့် နာရီတလုံး ချီးမြှင့်ခံခဲ့ရခြင်းနှင့် ပတ်သက်၍ အငြင်းမပွားချေ။ ထိုပြုလုပ်မှုသည် အယူခံတရားလို၏ အကျင့်စာရိတ္တ အထောက်အထားဖြစ်ပါသည်ဟု ထည့်သွင်း စဉ်းစားသွားရမည်သာ ဖြစ်ပါသည်။

လျှောက်ထားသူ မောင်ကျော်ညွန့် တင်ပြချက်အရ ဖယောင်းအိတ်များသည် လေးလံသောကြောင့် တဦးချင်း တိတ်တဆိတ် ခိုးထုတ်ရန် မလွယ်ကူခြင်း၊မိမိတို့ဆိုင်

၁၉၇၄
ဦးချစ် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

တွင် လုံခြုံမှုမရှိခြင်း၊ အလုပ်များပြားခြင်း၊ အလုပ်သမား မလုံလောက်ခြင်းအစရှိသည် တို့မှာ ပြစ်မှုကို ပပျောက်စေနိုင်သော အကြောင်းပြချက်များမဟုတ်ပဲ ပြစ်မှုဖြစ်ပေါ်လာရခြင်း၏ အကြောင်းတရားများသာ ဖြစ်ချေသည်။ လုံခြုံမှု မရှိခြင်း၊ အလုပ်များပြားခြင်းနှင့် အလုပ်သမား မလုံလောက်ခြင်း စသည်တို့ကို လိုအပ်လျှင် ပြုပြင်နိုင်ရန် အတွက် သက်ဆိုင်ရာထံ ထိထိရောက်ရောက်တင်ပြသင့်သည်။ မိမိတို့အနေဖြင့်လည်း ယာယီလုံခြုံမှုရှိရန်နှင့် အလုပ်တိကျမှန်ကန်စေရန်အတွက် ကြိုးစားအားထုတ်သင့်သည်။ ဖယောင်းအိတ်များ ပျောက်ဆုံးနေခြင်းမှာ မငြင်းကွယ်နိုင်သော အချက်ဖြစ်၍ မည်သို့မည်ပုံ မည်ကဲ့သို့ နည်းမျိုးနှင့် ခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်းပြုလုပ်ပါသည်ဟု တရားလိုဘက်မှ ရှင်းပြရန် တာဝန်မရှိချေ။ ဤကဲ့သို့ ရှင်းပြရန်မှာလည်း သဘာဝ ယုတ္တိမတန်ချေ။ စာရင်းအင်းနှင့် လက်ခံရယူထားသော ပြည်သူပိုင် ပစ္စည်းကို စာရင်းအင်းနှင့် ပြန်လည် ပေးအပ်ခြင်း မပြုနိုင်လျှင် သက်ဆိုင်သူများအပေါ်၌သာ တာဝန်ရှိမည် ဖြစ်သည်။ စာရင်းစစ်ဆေးသူများသည် စာရင်းအင်း ပညာကို တတ်ကျွမ်းသူများ မဟုတ်ပါဟူသော အကြောင်းပြချက်မှာလည်း လက်ခံသင့်သည်ဟု မယူဆပေ။ တရားဝင် စစ်ဆေးပိုင်ခွင့်ရှိသူ၏ စာရင်းသည် တရားဝင်ပါသည်။ ယင်းစာရင်းစစ်ဆေးချက် မည်သည့်နေရာတွင် မမှန်မကန် မှားယွင်းချွတ်ချော်နေသည်ဟု ပြရန်တာဝန်မှာတရားခံများအပေါ်၌သာ တည်ပါသည်။ ထို့ကြောင့် လျှောက်ထားသူ နှစ်ဦးစလုံးသည် ပြစ်မှုကျူးလွန် ထင်ရှားသည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ အပြစ်ဒဏ် သတ်မှတ်ရန် အတွက် စဉ်းစားသောအခါတွင် ဦးချစ်နှင့် မောင်ကျော်ညွန့်တို့အပေါ် ထောင်ဒဏ် (၁၀) ဆယ်နှစ်စီ အပြစ်ဒဏ်ပေးထားကြောင်း တွေ့မြင်ရသည်။ ဦးချစ်အား အခြင်းဖြစ်ဆိုင်တွင် အလုပ်များခြင်း၊ ပစ္စည်းတန်ဘိုးများခြင်းတို့အတွက် ထိရောက်စွာ ကြီးကြပ်ကွပ်ကဲရန် ထပ်မံခန့်ထားသော ကြီးကြပ်ရေးမှူးဖြစ်ပြီး၊ မောင်ကျော်ညွန့်သည် ဦးချစ်၏ လက်အောက်ခံ ဆိုင်ထိုင်မျှသာဖြစ်သည်။ အပြစ်ဒဏ် သတ်မှတ်ရာတွင် မောင်ကျော်ညွန့်ကို ဦးချစ်နှင့် အလားတူ သတ်မှတ်ရန် သင့်လျော်မည်မဟုတ်ပေ။ ထို့ကြောင့် ဦးချစ်၏ အယူခံကို ပယ်သည်၊ မောင်ကျော်ညွန့်နှင့် ပတ်သက်၍ သက်ညှာစွာ စဉ်းစားသင့်သည်ဟု ယူဆသောကြောင့် ၁၉၆၃ ခုနှစ်အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေးအက်ဥပဒေပုဒ်မ ၃ အရ၊ ထောင်ဒဏ် (၁၀) ဆယ်နှစ် ချမှတ်ထားခြင်းကို ပယ်ဖျက်၍၊ ပြစ်မှုဆိုင်ရာပုဒ်မ ၄၁၉ အရ ထောင်ဒဏ် (၇) ခုနှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ရာဇဝတ်အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးစိန်မြ ၁ † ၁၉၇၄

မေလ ၂၄ ရက်။

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

သက်သေအချို့တို့၏ ထွက်ချက်ကွဲလွဲမှုရှိခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၀ အရ မေးမြန်းသောအခါတွင်မှ ထွက်ဆိုခြင်း၊ အမှန်တရားကို ထွက်ဆိုခြင်း မရှိဟုယူဆနိုင် မနိုင်၊ အမှုတွင် ပေါ်လွင်သည့် သက်သေအချို့အား တရားလိုဘက်မှ သက်သေမပြခဲ့သဖြင့် သက်သေခံဥပဒေ ပုဒ်မ ၁၁၄(ဆ)အရ ဆန့်ကျင်ဘက်သာ ဖြစ်ကြောင်း ယူဆသင့် မသင့်။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် တရားလိုပြ သက်သေအချို့တို့၏ ထွက်ချက် ကွဲလွဲမှုရှိနေခြင်းနှင့်မှု လစစ်ဆေးစဉ်အခါက မထွက်ဆိုပဲ ကျင့်ထုံးပုဒ်မ ၁၆၀ အရ မေးမြန်းသောအခါတွင်မှထွက်ဆိုခြင်းကို တွေ့ရသည်။ တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များ ကွဲလွဲရခြင်းမှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း အချိန်ကြာမြင့်ခဲ့ပြီဖြစ်၍ နေ့ရက်များကို မမှတ်မိတော့ဘဲ စိတ်အမှန်းအဆအားဖြင့်သာလျှင် ထွက်ဆိုခဲ့ခြင်းဖြစ်သဖြင့် ကွဲလွဲမှုရှိခြင်း ဖြစ်ပေသည်။ ၎င်းတို့ အမှန်တရားကိုထွက်ဆိုခြင်းမရှိဟု ကျွန်ုပ်တို့ကယူဆချက်မဖြစ်နိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံ တရားလို၏ အကျိုးဆောင်က အမှုတွင် ပေါ်လွင်သည့် ဗိုလ်ကြီးမောင်ထွန်း ဆိုသူအားလည်းကောင်း၊ ဗိုလ်မှူးဗိုလ်နီဆိုသူအားလည်းကောင်း၊ ဦးညွန့်မောင်ဆိုသူအားလည်းကောင်း တရားလိုဘက်မှသက်သေပြခြင်း မပြုခဲ့သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၁၁၄ (ဆ) အရ ဆန့်ကျင်ဖက် ယူဆရန်သာဖြစ်ကြောင်း လျှောက်ထားခဲ့သည်။ ယင်းသက်သေများနှင့် ပတ်သက်၍ တရားခံအနေဖြင့် ကျင့်ထုံး ပုဒ်မ ၁၆၀ အရ ရုံးသို့ ခေါ်ယူစစ်ဆေးပေးရန် အတွက် လျှောက်ထားနိုင်သည့် အခွင့်အရေး ရှိပေသည်။ ထိုသက်သေများသည် တရားခံအား အထောက်အကူ ပေးနိုင်သည့် သက်သေများဟု ယူဆလျှင် တရားခံက ယင်းသက်သေများအား ခေါ်ပေးရန်အတွက် ရုံးသို့လျှောက်ထားရန်သာဖြစ်သည်။ တရားလိုဘက်အနေဖြင့် ထိုသက်သေ

---

* ၁၉၇၄ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၂။

† ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင် ချမှတ်သော ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့စွဲပါ အထူးရာဇဝတ်ရုံး အမှတ် ၁/၇၃ (ရန်ကုန်မြို့)၏ အမိန့်ကိုအယူခံမှု။]

များမှာ အဓိကကျသော သက်သေများ မဟုတ်ဟု ယူဆ၍သာ မတင်ပြခြင်း ဖြစ်နိုင်သည်။ ဤအမှုနှင့်ပတ်သက်၍ လေ့လာကြည့်ရာ၌ အဓိကကျသော သက်သေဟူသမျှမှာ ပြည့်ပြည့်စုံစုံ စစ်ဆေးထားပြီးဖြစ်၍ တရားလိုဘက်အနေဖြင့် အမှန်တရားကို ဖုံးကွယ်ထားသည်ဟုလည်း ယူဆရန် မဖြစ်နိုင်ချေ။ သို့ဖြစ်၍တရားလိုအကျိုးဆောင်၏ လျှောက်ထားချက်မှာ အမှန်တရားကိုစီရင်ရာတွင် အရေးကြီးသည့် အချက်မဟုတ်၍ လက်ခံနိုင်စရာ အကြောင်းမရှိပေ။

အယူခံတရားလိုအတွက်။ ၁။ အကျိုးဆောင် ဦးကျော်မြင့်၊
၂။ အကျိုးဆောင် ဒေါ်တင်တင်မြင့်၊။
၃။ အကျိုးဆောင် ဦးရဲထွန်း၊

အယူခံတရားခံအတွက်။ ၁။ ဥပဒေအကျိုးဆောင် ဦးထွန်းရွှေ၊
၂။ ဥပဒေအကျိုးဆောင် မစ္စတာဂန်ဂုလီ။

တရားသူကြီး ဦးထွန်းအောင်ကျော်။ ။အထူးရာဇဝတ်ရုံးအမှတ် ၁/၁၉၇၃ (ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁/၇၃) (ရန်ကုန်မြို့) တွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄၇ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃၂ နှစ် (သုံးနှစ်ခွဲ) ကျခံစေရန် အမိန့်ချမှတ်ခြင်း ခံရသော တရားခံ ဦးစိန်မြက ယင်းအမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်၍ အမှုဖြစ်စဉ် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

မန္တလေးမြို့နေ ဦးသက်ထွန်းနှင့် ပထမ ဇနီး ဒေါ်သိန်းတင်တို့မှ မွေးဖွားသော သားသမီး ၆ ယောက်တို့မှာ ကြီးစဉ် ငယ်လိုက်အားဖြင့် ဒေါ်ကြည်ကြည် (လိုပြ-၂၇) ဦးဘဟန် (လိုပြ-၂၃)၊ ဒေါ်နုနု (လိုပြ-၂၈)၊ ဦးထွန်းရှိန် (စိတ်နောက်နေသူ)၊ ဒေါ်သန်းသန်း (လိုပြ-၃၀) နှင့် ဦးဖေသန်း (လိုပြ-၂၉) တို့ ဖြစ်သည်။ ၁၉၅၄ ခုနှစ်၊ တွင် ဦးဘဟန် သည်၊ ဒေါ်ခင်ခင်ထူး (လိုပြ-၂၄) နှင့် အိမ်ထောင်ကျ၍ ယောက္ခမ ဦးခင်မောင်သိန်း၏ အိမ်သို့ လိုက်နေသည်။ ၁၉၅၈ ခုနှစ်တွင် ဒေါ်သိန်းတင် သေဆုံးသည်။ ၁၉၅၉ ခုနှစ်တွင် ဒေါ်သန်းသန်းသည် ဦးကိုကိုကြီးနှင့် အိမ်ထောင်ကျပြီး နောက်၊ ရန်ကုန်မြို့သို့ ရွှေ့ပြောင်း နေထိုင်သည်။ ၁၉၆၂-၆၃ ခုနှစ် လောက်တွင် ဦးသက်ထွန်းသည် သားသမီးများအား အမွေ ခွဲဝေ ပေးသည်။ ၁၉၆၅ ခုနှစ်၊ တွင် ဒေါ်ကြည်ကြည်တို့ မောင်နှမ ၄ ယောက်သည် ဘခင်နှင့် ခွဲခွာ၍ မိမိတို့ အမွေ ရသော တိုက်သို့ ရွှေ့ပြောင်း နေထိုင်သည်။ ဦးသက်ထွန်းသည် ကားမောင်းသူ မောင်အောင်ခင်၊ ထမင်းချက် ဒေါ်တင် (လိုပြ-၂၆) တို့ကို အဖော်ပြုလျက် နေရင်း စွဲ မန္တလေးမြို့ ရွာဟိုင်းဈေး တောင်ဘက်ရှိ တိုက်တွင် ဆက်လက် နေထိုင်သည်။ မကြာမီ ဦးသက်ထွန်းသည် ကျောက်ဆည်မြို့မှ မိတ်ဆွေဦးသိန်း (လိုပြ-၂၅) ၏ ဆက်သွယ်ပေးချက်အရ၊ အိမ်ထောင်ပျက် ဒေါ်လှလှ (လိုပြ-၂၀) နှင့် နောက်

အိမ်ထောင်ပြုသည်၊ ဦးသက်ထွန်း၏ ကျန်းမာရေး ဆုတ်ယုတ်လာသည်။ ဦးဘဟန်သည် ဇနီး ဒေါ်ခင်ခင်ထူးနှင့် အတူ ဘခင် ဦးသက်ထွန်းအား လာရောက် ပြုစုသည်။ ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဦးသက်ထွန်း သေဆုံးသည်။

ဦးသက်ထွန်း မသေမီက စိန်ထည်များကို ငွေသေတ္တာတွင် ထည့်၍၊ ရွှေထည်များကို မီးခံသေတ္တာငယ်တွင် ထည့်ကာ၊ ၂ နေရာခွဲပြီး တိုက်အပေါ်ထပ် အုတ်နံရံတွင် မြှုပ်နှံထားခဲ့သည်။ ဦးသက်ထွန်း သေဆုံးပြီးနောက်၊ အမွေဆိုင် ပစ္စည်းဖြစ်သော ယင်းစိန်ရွှေ ရတနာများကို ဒေါ်ကြည်ကြည်နှင့် မောင်နှမ တစုက တူးဖော်လိုသောအခါ ဦးဘဟန်က ခွင့်မပြုသဖြင့် မကျေမနပ် ဖြစ်ကြသည်။ ဒေါ်ကြည်ကြည်တို့က ဦးဘဟန်၊ ဇနီး ဒေါ်ခင်ခင်ထူးနှင့် မိဒွေး ဒေါ်လှလှတို့သည် အမွေ ပစ္စည်း စိန်ရွှေရတနာများ တဘက်သတ် အနိုင်ကျင့် အပိုင် စီးထားခြင်းကို တရားမျှတစွာ ဖြေရှင်းပေးပါရန် မန္တလေးမြို့၊ ပထမ အရှေ့တောင် ဒေသစိတ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီသို့ ၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တိုင်ကြားသည်။ မန္တလေးမြို့မ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီသို့ ၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့၊ ၁၉၆၈ ခုနှစ် မတ်လ ၁ ရက်နေ့၊ ၁၉၆၈ ခုနှစ် မတ်လ ၂၃ ရက်နေ့နှင့် ၁၉၆၈ ခုနှစ် ဧပြီလ ၁၈ ရက်နေ့စွဲများဖြင့် ထပ်ဆင့် တိုင်ကြားသည်။ အဆိုပါ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီများက ဒေါ်ကြည်ကြည်တို့ဘက် နှင့် ဦးဘဟန်တို့ဘက်ကို ခေါ်ယူ ဆွေးနွေး စေ့စပ်သော်လည်း မအောင်မြင်ပေ။ ၁၉၆၈ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဒေါ်ကြည်ကြည်သည် မန္တလေးမြို့ ၂ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၌ ဦးဘဟန်၊ ဒေါ်ခင်ခင်ထူးနှင့် ဒေါ်လှလှတို့အပေါ် ခိုးမှုဖြင့် တရားစွဲဆိုသည်။ ၁၉၆၈ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ဒေါ်ကြည်ကြည်နှင့် မောင်နှမ ၄ ယောက်တို့က ဦးဘဟန်၊ ဒေါ်ခင်ခင်ထူးနှင့် ဒေါ်လှလှတို့သည် အမွေဆိုင် ပစ္စည်းများကို မတရား ရယူထားသဖြင့် မန္တလေးတိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီသို့ တရားသဖြင့် ဖြစ်အောင် ဆောင်ရွက်ပေးရန် လျှောက်ထားသည်။ ယင်းလျှောက်လွှာတွင် မန္တလေးတိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ အတွင်းရေးမှူး ဗိုလ်ကြီး မောင်ထွန်းက မှတ်ချက်ရေး၍၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ (နမက) အတွင်းရေးမှူး ဒု-ဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃) ထံ ပို့သည်။ ဒု-ဗိုလ်မှူးကြီး မင်းနောင်က ထပ်ဆင့်၍ မှတ်ချက်ရေးသားပြီး တိုင်းမှူး ဗိုလ်မှူးကြီးစိန်မြ (အယူခံတရားလို) ထံ တင်ပြသည်။

တိုင်းမှူး ဗိုလ်မှူးကြီး စိန်မြသည် မိမိ၏ လက်အောက် အရာရှိများ ဖြစ်သော မန္တလေး အမှတ် ၁ ထောက်လှမ်းရေး တပ်၊ တပ်မှူး ဒု-ဗိုလ်မှူးကြီး တင်ထွန်း (လိုပြ-၂)၊ (နမက) အတွင်းရေးမှူး ဒု-ဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃)၊ အနောက်

မြောက်တိုင်း စစ်ဌာနချုပ် စစ်ဦးစီးမှူး (ဒုတိယတန်း) (စစ်ဆင်ရေးနှင့် ထောက်လှမ်းရေး) ဒု-ဗိုလ်မှူးကြီး စိုးနိုင် (လိုပြ-၄)၊ မန္တလေးမြို့မ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူး ကိုကိုကြီး (လိုပြ-၅)၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဦးစီး (ပထမတန်း) (စစ်ဆင်ရေးနှင့်ထောက်လှမ်းရေး) ဒု-ဗိုလ်မှူးကြီး တင်ကိုကို (လိုပြ-၇) တို့ကို အသီးသီး ခေါ်တွေ့၍ ဤကိစ္စကို ဖြေရှင်းပေးရန် နှုတ်ဖြင့် ညွှန်ကြားချက်အရ ဦးဘဟန်၊ ဒေါ်ခင်ခင်ထူး၊ ဒေါ်လှလှနှင့် ဦးခင်မောင်သိန်းတို့အား လည်းကောင်း၊ ထိုသူများနှင့် ခင်မင်သော ဦးသိန်းနှင့် ထမင်းချက် ဒေါ်တင်တို့အားလည်းကောင်း ဖမ်းဆီး ချုပ်နှောင်ခြင်းများ အပြင် ပူးပေါင်း ထောက်လှမ်းရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ ကွပ်ကဲမှုဖြင့် အထက်ပါ ဖမ်းဆီး ချုပ်နှောင် ထားသူများအား ညှဉ်းပမ်း စစ်ဆေးခြင်းများ ဖြစ်ပေါ် လာလေသည်။

ဒု-ဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃) က၊ တိုင်းမှူး ဗိုလ်မှူးကြီး စိန်မြထံမှ ဖမ်းဆီးရန် နှုတ်မိန့် ရရှိသည်ဟု ထွက်ဆိုသည်။ ဒု-ဗိုလ်မှူးကြီး စိုးနိုင် (လိုပြ-၄) က ၎င်းအား ထောက်ခံထွက်ဆိုသည်။ ဗိုလ်မှူး ကိုကိုကြီး (လိုပြ-၅) က ဒု-ဗိုလ်မှူးကြီး မင်းနောင်၏ နှုတ်ဖြင့်တဆင့် ညွှန်ကြားချက်အရ ဖမ်းဆီးပါသည်ဟု ထွက်ဆိုသည်။

ဦးဘဟန်၊ ဒေါ်ခင်ခင်ထူး၊ ဦးခင်မောင်သိန်း၊ ဦးသိန်းနှင့် ဒေါ်တင်တို့အား မန္တလေး အကျဉ်းထောင်၌ ချုပ်နှောင်ထားသည်။ ဒေါ်လှလှအား မန္တလေးစစ်အကျဉ်းထောင်၌ ချုပ်နှောင်ထားသည်။

ဦးဘဟန်၊ ဒေါ်ခင်ခင်ထူးနှင့် ဦးခင်မောင်သိန်းတို့ အကျဉ်းထောင်သို့ ရောက်လာသောနေ့သည် ၁၉၆၇ ခု ဇွန်လ ၁၉ ရက်နေ့ ဟူ၍၎င်း၊ ဦးသိန်းနှင့် ဒေါ်တင်တို့ အကျဉ်းထောင်သို့ ရောက်လာသောနေ့သည် ၁၉၆၇ ခု ဇွန်လ ၂၅ ရက်နေ့ ဟူ၍၎င်း၊ ဗိုလ်မှူး မောင်မြင့် (လိုပြ-၁၇) က ထွက်ဆိုသည်။ စစ်အကျဉ်းထောင်သို့ ဒေါ်လှလှသည် ၁၉၆၇ ခု၊ ဇွန်လ ၂၀ ရက်နေ့တွင် ရောက်လာသည်ဟု ဗိုလ်ကြီး မောင်ကြီး (လိုပြ-၁၉) က ထွက်ဆိုသည်။

ဦးဘဟန်၊ ဒေါ်ခင်ခင်ထူး၊ ဦးခင်မောင်သိန်း၊ ဒေါ်လှလှ၊ ဦးသိန်းနှင့် ဒေါ်တင်တို့အား ဖမ်းဆီး ချုပ်နှောင်ခြင်းကို ပုဒ်မ မတပ်၊ အမိန့်စာမပါ၊ အမှုမဖွင့်ဘဲ ပြုလုပ်ခဲ့ပြီးနောက် ပထမစတင် ဖမ်းဆီးသည့်နေ့မှ ရက်ပေါင်း ၂၀ ခန့်ကြာမှ ရဲကြီးကြပ်ရေးမှူး ဦးစော (လိုပြ-၁၅)၊ ခရိုင်ဝန် ဦးအောင်တိုး (လိုပြ-၁၄) နှင့် ခလက ဥက္ကဋ္ဌ ဗိုလ်မှူး ခင်မောင်တွန်း (လိုပြ-၁၆) တို့က တရားဥပဒေ ဘောင်ဝင်အောင် နောက်ကြောင်းပြန်ရက်စွဲဖြင့် အမိန့်များထုတ်ရန် စီစဉ်ပေးရသည်။ သို့ရာတွင် ပြည်သူ့ငြိမ်ဝပ် ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) ဥပဒေ ပုဒ်မ ၅ အရ ထုတ်သော ယင်းအမိန့်များသည် အမှန်တကယ် ဖြစ်ရပ်နှင့် အပ်စပ်ခြင်းရှိပုံ မပေါ်ပေ။

၁၉၇၄
ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

တရားဥပဒေနှင့် အညီ မဟုတ်တဲ ချုပ်နှောင်ခြင်း ခံရပြီးနောက်၊ ညှဉ်းပန်း နှိပ်စက်ခြောက်လှန့်၍ မေးမြန်းသဖြင့် ဦးဘဟန်နှင့် ဒေါ်ခင်ခင်ထူးတို့က ထုတ်ဖော် ပြောချက်အရ စိန်ရွှေရတနာ ပစ္စည်းများ ပြန်ရသည်။ ၁၉၆၈ ခု ဩဂုတ်လ ၃ ရက် နေ့တွင် ကျေးအေးကြောင်း လက်မှတ်ရေးထိုးပြီးနောက်၊ ဦးဘဟန်နှင့် အပေါင်းပါ များကို ချုပ်နှောင်ထားခြင်းမှ လွှတ်လိုက်သည်။

ယင်းကဲ့သို့ ခြောက်လှန့်၍ ထုတ်ဖော်ပြောပြချက်ယူရန်နှင့် ပစ္စည်းပြန်ပေးအောင် အတင်းအဓမ္မပြုရန် မတရားချုပ်နှောင်ခြင်းအတွက် အမိန့်ပေးသူအယူခံ တရားလိုတွင် တာဝန်ရှိကြောင်း သက်သေခံ အထောက်အထား ပြည့်စုံသည်ဟု အထူးရာဇဝတ်ရုံးက ယူဆ၍ အယူခံတရားလိုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၈ အရ စွဲချက်တင်ခဲ့သည်။ အယူခံတရားလိုက ထိုစွဲချက်ကို ဝန်မခံသော်လည်း တွန်းလှန်ပယ်ဖျက်ရန် သက်သေခံ အထောက်အထား ပြနိုင်စွမ်း မရှိဟု အထူးရာဇဝတ်ရုံးက ယူဆ၍ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။ ယင်းကဲ့သို့ ပြစ်မှုထင်ရှား စီရင်ခြင်းမှာ တရားဥပဒေနှင့် ကိုက်ညီမှန်ကန် သည်ဟု အတည်ပြုအဖွဲ့က ထင်မြင်ယူဆ၍ အတည်ပြုခဲ့ပါသည်။ အထူး ရာဇဝတ်ရုံးက သတ်မှတ်သော အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃နှစ် (သုံးနှစ်ခွဲ)ကိုလည်း အတည်ပြု အဖွဲ့က အတည်ပြုခဲ့သော အမှုဖြစ်သည်။

ဤအယူခံမှုနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် အယူခံတရားလိုဘက်မှ အကျိုးဆောင် ၏ လျှောက်ထားချက်များကိုလည်းကောင်း၊ အယူခံတရားခံဘက်မှ အကျိုးဆောင်၏ လျှောက်ထားချက်များကိုလည်းကောင်း အသေးစိတ် လေ့လာခဲ့ကြသည်။ အယူခံ တရားလိုဘက်မှ လျှောက်ထားသည့် အဓိကအချက်များမှာ (၁) ဦးဘဟန် ပါ ၆ ဦး တို့အား အယူခံတရားလိုက ဖမ်းဆီးခိုင်းကြောင်း အထောက်အထား ခိုင်လုံစွာ မရှိ ကြောင်း၊ (၂) တရားလိုပြသက်သေများ၏ ရှေ့နောက်မညီ ကွဲလွဲဆန့်ကျင်စွာထွက်ဆို ချက်များကို လက်ခံပြီး အပြစ်ပေးရန် မသင့်ကြောင်းနှင့် (၃) တရားလိုပြ သက်သေ များ၏ ထွက်ဆိုချက်များမှာ ဒွိဟဖြစ်စရာ အကြောင်းများ ပေါ်ပေါက်နေသဖြင့် အယူခံတရားလိုအား အပြစ်မပေးထိုက်ကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားခဲ့ သည်။

ဦးဘဟန် ပါ ၆ ဦး တို့အား အယူခံတရားလိုက ဖမ်းဆီးခိုင်းကြောင်း အထောက် အထား ခိုင်လုံစွာ မရှိပါဟူသော အချက်သည် ဤအမှုနှင့် ပတ်သက်ပြီး အရေးကြီးဆုံး သော အချက်ဖြစ်၍ လေးလေးနက်နက် စဉ်းစားရပေမည်။ ဥပဒေ၏ သဘောအရ ဆိုလျှင် တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း ခိုင်ခိုင်လုံလုံ သက်သေထူရန်တာဝန်မှာ တရားလိုအပေါ်တွင် တည်ရှိပေသည်။ တရားလိုသည် ခိုင်လုံစွာ သက်သေမပြနိုင်လျှင် တရားခံအား အပြစ်မပေးဘဲ လွှတ်ရမည်သာ ဖြစ်ပေသည်။ ဤအမှုနှင့် ပတ်သက်၍

အဓိက သက်သေများမှာ ဒုဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃)၊ ဒုဗိုလ်မှူးကြီး တင်ထွန်း (လိုပြ-၂)၊ ဒုဗိုလ်မှူးကြီး စိုးနိုင် (လိုပြ-၄) နှင့် ဦးကိုကိုကြီး (လိုပြ-၅)တို့ ဖြစ်ပေသည်။

ဒုဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃) က—

"တိုင်းမှူးက၊ ဦးဘဟန်၊ ဒေါ်လှလှ၊ ဒေါ်ခင်ခင်ထူးနှင့် ဦးခင်မောင်သိန်းတို့အား ဗလက ဉက္ကဋ္ဌ ဗိုလ်မှူး ကိုကိုကြီးကို ဖမ်းခိုင်းလိုက်၊ ခရိုင်ဝန် ဦးအောင်တိုးအား ဖမ်းဆီးခြင်းများကို ဘောင်ဝင်အောင် (Legalise) လုပ်ခိုင်းလိုက်ဟု အမိန့်ပေးပါသည်။ ကျွန်တော် တိုင်းမှူးအခန်းမှ ထွက်လာသောအခါ ဗိုလ်မှူး စိုးနိုင် အခန်းမှဖြတ်လာစဉ် ဗိုလ်မှူး စိုးနိုင်ကို၊ တိုင်းမှူးကတော့ ကျွန်တော့်အား ဦးခင်မောင်သိန်း၊ ဦးဘဟန်၊ ဒေါ်ခင်ခင်ထူးနှင့် ဒေါ်လှလှတို့ကို ဖမ်းခိုင်းဘို့ ညွှန်ကြားလိုက်သည်ဟု ပြောပါသည်"

ဟု ထွက်ဆိုခဲ့သည်။ တဖန် ဒုဗိုလ်မှူးကြီး မင်းနောင်ကပင်—

"စစ်၍ တပတ်လောက်ကြာလျှင် မပေါ်နိုင်သဖြင့် ဗိုလ်မှူး တင်ထွန်းရုံးတွင် အားလုံးစု၍ ပြန်လည်သုံးသပ်ကြပြီး ဆက်လက်စစ်ဆေးဘို့ ဆုံးဖြတ်လိုက်ပါသည်။ တိုင်းမှူးထံ အမှု၏ အခြေအနေကို နှုတ်ဖြင့်တင်ကြပါသည်။ အမှုမပေါ်မီ တိုင်းမှူးကိုတင်ပြရာတွင် မျက်နှာမသာလှသော်လည်း၊ ဦးကဟန် ဖြောင့်ချက်ပေးမည် ပြောသောအခါ တိုင်းမှူးထံ အမြန်တင်ပြကြပါသည်။ တိုင်းမှူးထံ တင်ပြသောအခါ ဦးဘဟန် ဖြောင့်ချက်ပေး၍ မလုံလောက်သေး၊ ပစ္စည်းများ လက်ရောက် မရသေး၍ မသေချာသေးဟု တိုင်းမှူးမှပြောပါသည်။ ပစ္စည်းများ လက်ထဲရောက်အောင်လုပ်ပြီးမှ သေချာမယ်လို့ ပြောပါသည်"

ဟု ထွက်ဆိုခဲ့သည်။

ဒုဗိုလ်မှူးကြီး တင်ထွန်း (လိုပြ-၂) က—

"ကျွန်တော်နှင့် ဗိုလ်မှူး စိုးနိုင်တို့တိုင်းမှူးက မှုလခေါ်ပြီး ညွှန်ကြားစဉ်ကပင် ဤကိစ္စကို အရေးယူကာ မည်ကဲ့သို့ တိုးတက်မှုရှိသည်ကို နေ့စဉ် တင်ပြဘို့ ညွှန်ကြားလိုက်ပါသည်။ အခါအားလျော်စွာ တိုးတက်မှု ရှိသည်ကိုတင်ပြရမည်ဟု ညွှန်ကြားလိုက်ပါသည်"

ဟု ထွက်ဆိုခဲ့သည်။ တဖန် ဒုဗိုလ်မှူးကြီး တင်ထွန်းက—

"မှုလက ရဲအချုပ်တွင်ထားသော ဒေါ်လှလှအား၊ နောက် နန်းတွင်း စစ်အကျဉ်းထောင်သို့ ပြောင်းရွှေ့ထားသည်။ ပြန်လည်သုံးသပ်သော အဖွဲ့က

၁၉၇၄
ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ။

လုပ်ငန်းသဘောအရ ခွဲချုပ်မှုဖြစ်မည်ဟု ဆုံးဖြတ်၍ ခွဲချုပ်ထားခဲ့ ပါသည်။ ဤကဲ့သို့ ချုပ်ထားခြင်းကို တိုင်းမှူးအား တင်ပြပါသည်။ ကျွန်တော်တို့ တင်ပြသောအခါ တိုင်းမှူးက နားထောင်ပြီး ဘာမျှမပြောပါ။ တိုင်းမှူးက ဖမ်းထားသော အမျိုးသမီးများမှာ အမျိုးသားများထက် စိတ်အားငယ်သူ ဖြစ်၍ မြန်မြန်ဆန်ဆန် ဖြောင့်ချက်ပေးမည် ဖြစ်၍ ဦးစားပေး စစ်ဆေးရန် ညွှန်ကြားပါသည်။ ညွှန်ကြားချက်အတိုင်း စစ်ဆေးပါသည်" ၁

ဟု ထွက်ဆိုခဲ့သည်။ ထို့ပြင်—

"ဦးဘဟန်၏ ဖြောင့်ချက်အရနှင့် ဒေါ်ခင်ခင်ထူး တို့၏ ဖြောင့်ချက် အရ ပစ္စည်းများကို သိမ်းဆည်းပြီးနောက် ကျွန်တော်နှင့် ဗိုလ်မှူး စိုးနိုင် တိုင်းမှူးထံ သွားရောက် အစီရင်ခံပါသည်။ ဤကဲ့သို့ တင်ပြသောအခါ တိုင်းမှူးက ၂ ဦး ၂ ဘက် ကာယကံရှင်များကို ခေါ်၍ ကျေနပ်အောင် နယ်ဘက် အရာရှိများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးရန် ညွှန်ကြားပါသည်"

ဟု ထွက်ဆိုခဲ့သည်။

ဒု-ဗိုလ်မှူးကြီး စိုးနိုင် (လိုပြ-၄) က—

"ဦးဘဟန်တို့အား ပုဒ်မ ၅ ဖြင့်ဖမ်းရန်ကိစ္စ ဗိုလ်မှူး မင်းနောင်က ကျွန်တော့် အခန်းမှ ဖြတ်သွားသော အခါ တိုင်းမှူးက ပုဒ်မ ၅ ဖြင့် ဖမ်းရန် အမိန့်ပေးလိုက် ကြောင်း ပြောပါသည်။ ဆက်လုပ်ပါဟု ကျွန်တော်က ပြောပါသည်။ နောက် ဦးအောင်တိုးနှင့် ဗိုလ်မှူး ကိုကိုကြီးတို့အား ခေါ်ပြီး ၎င်းကတဆင့် ညွှန်ကြား သည်ကိုလည်း ကြားလိုက်ပါသည်"

ဟုထွက်ဆိုခဲ့သည်။ ထို့ပြင်၊ ဒု-ဗိုလ်မှူးကြီး စိုးနိုင်က—

"ပူးပေါင်း ထောက်လှမ်းရေးအဖွဲ့မှ သုံးသပ်ပြီး ဦးသိန်းနှင့် ဒေါ်တင်တို့အား ဖမ်းရန်လိုကြောင်း တိုင်းမှူးထံတင်ပြ၍ တိုင်းမှူးက ညွှန်ကြားသဖြင့် ဖမ်းရပါ သည်။ တိုင်းမှူးထံသို့ တခါတရံ ကျွန်တော်တင်ပြ၍ တခါတရံ ကျွန်တော်နှင့် ဗိုလ်မှူး မင်းနောင် တင်ပြပါသည်။ ဦးသိန်းနှင့် ဒေါ်တင်တို့အား ဖမ်းရန် ကိစ္စကို စစ်ကြောမှုအပေါ် တည်၍ တိုင်းမှူးက ဖမ်းဘို့ အမိန့်ပေးပါသည်။"

ဟု ထွက်ဆိုခဲ့သည်။

ဦးကိုကိုကြီး (လိုပြ-၅) က —

"တနေ့တွင် ဤအမှုနှင့် ပတ်သက်၍ ကျွန်တော်နှင့် ခလက ဥက္ကဋ္ဌ ဗိုလ်မှူး ခင်မောင်ထွန်းတို့အား တိုင်းမှူးမှ ခေါ်ယူပါသည်။ တိုင်းမှူးက ဦးသက်ထွန်း

၁၉၇၄

ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အမှုကိစ္စ ဘာဆောင်ရွက်သလဲမေးသောအခါ၊ ကျွန်တော်က ဦးသက်ထွန်း သေဆုံးပြီးနောက် သိုဝှက်ထားခဲ့သော သမီးနှင့်အတူ မြှုပ်ထားခဲ့သော ပစ္စည်းများကို သား မောင်ဘဟန်က ထုတ်ယူပြီး အိမ်ပေါ်ကိုလည်း မတက်ရဟု သမီးများအား တားထားကြောင်း စုံစမ်းသိရှိရပါသည်"

ဟု တိုင်းမှူးအား တင်ပြပါသည်။ ထိုအခါ တိုင်းမှူးက—

"ဒီကိစ္စမှာ အမှုမှုမဟုတ်ဘဲ၊ ခိုးမှုဘဲဟု ကျွန်တော်တို့အား ပြောပါသည်။ ၁၉၆၇ ခု ဇွန်လ ၁၇ ရက်နေ့တွင် တိုင်းမှ (ဂျီတူး) ဖြစ်သူ ဗိုလ်မှူး မင်းနောင်မှ ကျွန်တော့်အား တယ်လီဖုန်းဆက်၍ ခေါ်ပါသည်။ သွားသောအခါ ရုံးတွင် အရေးပိုင် ဦးအောင်တိုးပါ တွေ့ရပါသည်။ ဗိုလ်မှူး မင်းနောင်က ကျွန်တော်တို့အား ဦးဘဟန်၊ ဦးဘဟန်၏ ဇနီး ဒေါ်ခင်ခင်ထူး၊ ဦးဘဟန်၏ ယောက္ခမ ဒေါ်ခင်ခင်ထူး၏ အဖေ၊ ဦးသက်ထွန်း၏ ဇနီး ဒေါ်လှလှတို့အား ဖမ်းဆီးဘို့ ညွှန်ကြားပါသည်။ နှုတ်ဖြင့်သာ ညွှန်ကြားပါသည်"

ဟု ထွက်ဆိုခဲ့သည်။ ထို့ပြင် ဦးကိုကိုကြီးက—

"ဗိုလ်မှူး မင်းနောင်မှာ ဖမ်းဆီးနိုင်သော အခွင့်အရေးမရှိပါ။ ၎င်း၏ ညွှန်ကြားခြင်းမှာ အစဉ်အလာအရ တိုင်းမှူး၏ ညွှန်ကြားချက်ဖြင့်သာ ဆက်လက်ညွှန်ကြားနိုင်ပါသည်။ များသောအားဖြင့်တိုင်းမှူးမှ တိုက်ရိုက်မဟုတ်ဘဲ ရာထူးအရ အောက်မှ အရာရှိများမှ အမိန့်ပေးလေ့ရှိပါသည်။ ဤကဲ့သို့ လိုက်နာဆောင်ရွက်ရခြင်းမှာ တပ်၏ လုပ်ရိုးလုပ်စဉ် သဘောဖြစ်ပါသည်။ ဤဖမ်းဆီးသောကိစ္စများမှာညွှန်ကြားချက်အပေါ် မူတည်၍ဆောင်ရွက်ခြင်းဖြစ်ပါသည်"

ဟုထွက်ဆိုခဲ့သည်။

အထက်ဖော်ပြပါ တရားလိုပြ သက်သေတို့၏ ထွက်ချက်များ အပေါ်တွင် သေချာစွာ လေ့လာသုံးသပ်လျှင်၊ တိုင်းမှူးသည် ဤအမှုတွင် စိတ်ပါဝင်စားစွာ ဆောင်ရွက်နေကြောင်း ပေါ်လွင်ပေသည်။ အယူခံတရားလိုက ဦးဘဟန် ပါ ၆ ဦးတို့အား အဖမ်းခိုင်းကြောင်းမှာ အထက်ပါ အဓိက သက်သေများ၏ ထွက်ချက်များကို ပေါင်းစပ်လေ့လာကြည့်ခြင်းအားဖြင့် တင်ရှား ပေါ်လွင်နေပေသည်။ တရားလိုပြ သက်သေတို့၏ ထွက်ဆိုခြင်းမှာ တဦးနှင့်တဦး အပြန်အလှန် ထောက်ခံသည် အချက်များ ပါရှိရုံတွင်မက၊ သဘာဝကျသော အချက်များလည်း ပါဝင်နေသောကြောင့်၊ အယူခံတရားလိုက ဖမ်းဆီးခိုင်း၍ ဦးဘဟန် ပါ ၆ ဦးတို့အား ဖမ်းဆီးရခြင်းသဘောမှာ ယုံမှားသံသယမရှိဘဲ လက်ခံရမည်သာ ဖြစ်ပေသည်။

အယူခံ တရားလို၏ အကျိုးဆောင်က တရားလိုပြသက်သေများ၏ ရှေ့နောက် မညီ ကွဲလွဲဆန့်ကျင်စွာ ထွက်ဆိုချက်များကို လက်ခံပြီး အပြစ်ပေးရန် မသင့်ဟု လျှောက်ထားခဲ့ခြင်းကိုလည်း ကျွန်ုပ်တို့ အလေးအနက် စဉ်းစားကြပေသည်။ တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များကို လေ့လာကြည့်ရာတွင် ကွဲလွဲမှုများအချို့ ရှိနေသည်ကို တွေ့ရှိရပေသည်။ ယင်းကွဲလွဲချက်အရ တရားလိုပြ သက်သေများအပေါ်တွင် လုံးဝမယုံကြည်ထိုက်ဟု ယူဆရန်လည်း မဖြစ်နိုင်ပေ။ ဤအမှုမှာ အမှုဖြစ်ပွားပြီး ၅ နှစ်ကြာပြီးသော အခါတွင်မှ စစ်ဆေးရသော အမှုဖြစ်ပေသည်။ နှစ်ပေါင်းများစွာ ကြာငြောင်း လာခဲ့ပြီးဖြစ်၍ အချင်းဖြစ်စဉ်က နေ့ရက်များကို တိကျစွာ မှတ်မိနိုင်ရန် မဖြစ်နိုင်ပေ။ သက်သေများ အနေဖြင့် အမှန်းအဆအားဖြင့်သာလျှင် ထွက်ဆိုနိုင်ကြပေလိမ့်မည်။ မည်သူမဆို လွန်ခဲ့သည့် တနှစ်ခန့်က ဖြစ်ပွားခဲ့သည့် အကြောင်းအရာများကို နေ့ရက်များနှင့်တကွ တိကျစွာ မှတ်မိရန်မှာ သဘာဝအလျောက် မဖြစ်နိုင်ချေ။ ယခုအမှုတွင်လည်း ၅ နှစ်မျှပင် ကြာငြောင်းခဲ့ပြီဖြစ်၍ သဘာဝအလျောက် နေ့ရက်များကို တိတိကျကျ မှတ်မိနိုင်ရန်မှာ လုံးဝမဖြစ်နိုင်ပေ။ အထူးရာဇဝတ် အယူခံရုံးမှ **မောင်စောဖေ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၁)စီရင်ထုံး၌....**

၁၉၇၄ — ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

* * * *

> သက်သေတဦးသည် ကွဲလွဲစွာ ထွက်ဆိုရုံမျှနှင့် ၎င်းကို လုံးဝမယုံကြည်ထိုက်ဟူ၍လည်း မဆိုသာ၊ မေ့လျော့ ကွဲလွဲခြင်းလည်း ဖြစ်နိုင်သည်။ အမှုအခင်းဖြစ်ပွား ပြီးသည့်နောက် အချိန်ကြာမြင့် လာသောအခါ၊ "ဖြစ်ပြီးတာ ဖြစ်ပါစေ၊ တရားခံ အပေါ်တွင်လည်း ပေါ့ပါစေ" ဟူသော လွဲမှားသော စေတနာ ကရုဏာဖြင့် လျော့ပေါ့၍ ထွက်ခြင်းမျိုးလည်း ရှိနိုင်သည်"

ဟုစီရင်ထုံး ဖွဲ့ထားသည်ကို တွေ့ရှိရသည်။ ထို့အပြင် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့မှ **ဗိုလ်ကြီး အောင်ဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၂)အမှု၌**

* * * *

> သက်သေတဦး၏ စကားတခွန်းကို မယုံကြည်ရုံမျှနှင့် သူပြောသော အခြားစကားဟူသမျှ မုသားဖြစ်ရမည် မဆိုသာ။ ဆန်ကွဲနှင့်ဆန် ခွဲခွါ၍ ထုတ်ရသကဲ့သို့ အမှန်နှင့် မုသားကိုလည်း ခွဲခြမ်းစိတ်ဖြာ၍ ထုတ်ယူရသည်။

ဟုစီရင်ထုံး ဖွဲ့ထားသည်ကို တွေ့ရသည်။ အထက်ပါ အထူးရာဇဝတ် အယူခံအဖွဲ့မှ ဆုံးဖြတ်ထားခြင်းကို မူအားဖြင့် ကျွန်ုပ်တို့က သဘောတူသည်။ သို့ဖြစ်၍ ကွဲလွဲသည့်

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၊ စာ ၅၇။
(၂) ၁၉၆၅-၁၉၇၀ ခုနှစ်၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စီရင်ထုံးများ၊ စာ ၂၉၂။

၁၉၇၄

ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ထွက်ဆိုချက်များ ရှိနေ၍ အပြစ်မပေးနိုင်ကြောင်းဖြင့် အယူခံတရားလို၏အကျိုးဆောင် လျှောက်လဲချက်ကို ကျွန်ုပ်တို့ လက်မခံနိုင်ပေ။

အယူခံတရားလို၏ အကျိုးဆောင်က တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များမှာ ဒွိဟရှိစရာအကြောင်းများ ပေါ်ပေါက် နေသဖြင့် အယူခံ တရားလိုအား အပြစ် မပေးထိုက် ကြောင်းဖြင့် လျှောက် ထား ခြင်း ကို လည်း ကျွန်ုပ်တို့ အလေးအနက် စဉ်းစားကြသည်။ ဤအမှုတွင် တရားလိုပြသက်သေ အချို့တို့၏ ထွက်ဆိုချက် ကွဲလွဲမှု ရှိနေခြင်းနှင့် မူလစစ်ဆေးစဉ်အခါက မထွက်ဆိုပဲ၊ ကျင့်ထုံးပုဒ်မ ၅၄၀ အရ၊ မေးမြန်းသော အခါတွင်မှ ထွက်ဆိုခြင်းကို တွေ့ရှိရပေသည်။ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များ ကွဲလွဲရခြင်းမှာ အထက်က ဖေါ်ပြခဲ့သည့်အတိုင်း အချိန် ကြာမြင့်ခဲ့ပြီဖြစ်၍ နေ့ရက်များကို မမှတ်မိတော့ပဲ စိတ်အမှန်းအဆ အားဖြင့်သာလျှင် ထွက်ဆိုခဲ့ခြင်း ဖြစ်သဖြင့် ကွဲလွဲမှုရှိခြင်း ဖြစ်ပေသည်။ ၎င်းတို့ အမှန်တရားကို ထွက်ဆိုခြင်းမရှိဟု ကျွန်ုပ်တို့က ယူဆရန်မဖြစ်နိုင်ပေ။ ထို့ပြင် သက်သေအချို့က မူလစစ်ဆေးစဉ် အခါက ထွက်ဆိုခြင်းမပြုပဲ၊ ကျင့်ထုံးပုဒ်မ ၅၄၀ အရ ရုံးမှခေါ်ယူစစ်ဆေးသောအခါတွင် ထွက်ဆိုခြင်းမှာလည်း မူလစစ်ဆေးစဉ်အခါက တရားခံမှာ မိမိ၏ အကြီးအကဲ ဖြစ်နေသဖြင့် ကြောက်ရွံ့အားနာခြင်း ရှိသောကြောင့် မထွက်ဆိုခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် မေ့လျော့၍ မထွက်ဆိုခြင်းလည်း ဖြစ်နိုင်သည်။ ရုံးမှစစ်ဆေးသော အခါတွင် အမှန်တရားကို ဖုံးကွယ်ရန် မဖြစ်နိုင်၍ အမှန်အတိုင်း ထွက်ဆိုခြင်းဖြစ်သည်။ အမှုတမှုကို ဆုံးဖြတ်ရာ၌ ၎င်းအမှုနှင့် ပတ်သက်သည့် အချက်အလက်များ ပြည့်ပြည့်စုံစုံ ရရှိဖို့ အထူးလိုအပ်ပေသည်။ အချက်အလက်များပေါ်တွင် မူတည်၍ စီရင်ဆုံးဖြတ်ရခြင်း ဖြစ်သဖြင့် အချက်အလက်များ မပြည့်စုံခဲ့လျှင် အမှန်တရား မဖေါ်ထုတ်နိုင်ပဲ တရားလမ်းကြောင်း တိမ်းစောင်းသွားနိုင်စရာရှိသည်။ သို့ဖြစ်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၄၀ အရ၊ တရားရုံးမှ အမှန်တရား စီရင်နိုင်စေခြင်း အလို့ငှါ၊ အမှုနှင့်ပတ်သက်သည့် သက်သေများကို မည်သည့် အချိန်တွင်မဆို တရားရုံးက စစ်ဆေး စီရင်နိုင်ရန်အတွက် ပြဋ္ဌာန်း ထားခဲ့ပြီး ဖြစ်ပေသည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၄၀ အရ၊ စစ်ဆေးသည့် ထွက်ဆိုချက်မှာ တရားဝင်သည့် ထွက်ဆိုချက်များပင် ဖြစ်ပေသည်။ သို့ဖြစ်၍ တရားလိုပြ သက်သေတို့အပေါ်တွင်သံသယရှိစရာ မလိုပေ။

အယူခံတရားလို၏ အကျိုးဆောင်က အမှုတွဲတွင် ပေါ်လွင်သည့် ဗိုလ်ကြီးမောင်ထွန်း ဆိုသူအား၎င်း၊ ဗိုလ်မှူးဘိုနီ ဆိုသူအား၎င်း၊ ဦးညွန့်မောင် ဆိုသူအား၎င်း တရားလိုဖက်မှ သက်သေပြသခြင်း မပြုခဲ့သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၁၁၄ (ဆ) အရ၊ ဆန့်ကျင်ဖက် ယူဆရန်သာဖြစ်ကြောင်း လျှောက်ထားခဲ့သည်။ ယင်းသက်သေများနှင့် ပတ်သက်၍ တရားခံအနေနှင့် ကျင့်ထုံးပုဒ်မ ၅၄၀ အရ၊ ရုံးသို့ခေါ်ယူ စစ်ဆေး

ပေးရန်အတွက် လျှောက်ထားနိုင်သည့် အခွင့်အရေး ရှိပေသည်။ ထိုသက်သေများသည် တရားခံအား အထောက်အကူ ပေးနိုင်သည့် သက်သေများဟု ယူဆလျှင် တရားခံက ၎င်းသက်သေများအား ခေါ်ပေးရန်အတွက် ရုံးသို့ လျှောက်ထားရန်သာ ဖြစ်သည်။ တရားလိုဘက်အနေဖြင့် ထိုသက်သေများမှာ အဓိက ကျသော သက်သေများမဟုတ်ဟုယူဆ၍သာမတင်ပြခြင်းဖြစ်နိုင်သည်။ ဤအမှုနှင့် ပတ်သက်၍ လေ့လာကြည့်ရာ၌ အဓိကကျသော သက်သေဟူသမျှမှာ ပြည့်ပြည့်စုံစုံ စစ်ဆေးထားပြီးဖြစ်၍ တရားလိုဘက်အနေဖြင့် အမှန်တရားကို ဖုံးကွယ်ထားသည်ဟုလည်း ယူဆရန် မဖြစ်နိုင်ပေ။ သို့ဖြစ်၍ တရားလိုအကျိုးဆောင်၏ လျှောက်ထားချက်မှာ အမှန်တရားကို စီရင်ရာတွင် အရေးကြီးသည့် အချက်မဟုတ်၍ လက်ခံနိုင်စရာ အကြောင်းမရှိပေ။

အယူခံတရားလို၏ အကျိုးဆောင်က သက်သေခံ စာရွက်စာတမ်းများ အရ ဦးဘဟန်ပါ ၆ ဦးတို့အား ဖမ်းဆီးခြင်းမှာ ဥပဒေအရ မတရား ဖမ်းဆီးချုပ်နှောင်ခြင်း မဖြစ်နိုင်ပါဟု လျှောက်ထားခဲ့ခြင်းကိုလည်း ကျွန်ုပ်တို့ကအလေးအနက် စဉ်းစားကြသည်။ ဦးကိုကိုကြီး (လိုပြ-၆) က—

> "ဖမ်းစဉ်က ပုဒ်မ တပ်မဖမ်းပါ။ နောက် ပုဒ်မ ၅ နှင့် ချုပ်ပါသည်။ ပုဒ်မ ၅ နှင့် ပတ်သက်သော ကိစ္စများကို ကိုင်ရပါ၍ ကျွန်တော် သိခြင်း ဖြစ်ပါသည်။ ဖမ်းဆီးသော အချိန်နှင့် ပုဒ်မ ၅ ဖြင့် ဖမ်းပြီးသော အချိန်မှာ ရက် ၂၀ လောက် ကွာပါသည်။ ဖမ်းသည့်အခါ ပုဒ်မ မပါ၍ အကြောင်းမဲ့ ဖမ်းသကဲ့သို့ ဖြစ်ပါသည်။ ဗလက ညွှန်ကြားချက် အရ၊ ပုဒ်မ ၅ နှင့် ဖမ်းရန် ကိစ္စများ နှင့် ယခု ဖမ်းသော ကိစ္စမှာ မကိုက်ညီပါ"

ဟု ထွက်ဆိုခဲ့သည်။ ဦးအောင်တိုး (လိုပြ-၁၄) က—

> "ပြီးခဲ့သော ကိစ္စကို ဘောင်ဝင်အောင် ပြန်လုပ်ရသော ကိစ္စ ဖြစ်သည့် အပြင် ဇွန်လ ၁၉ ရက်နေ့မှ စ၍၊ ပုဒ်မ ၅ ဖြင့် ဖမ်းသည် ဆိုသော ကိစ္စမှာလည်း နောက်ကြောင်းပြန် ရက်စွဲ တပ်ရသော ကိစ္စ ဖြစ်ပါသည်။ ချုပ်ရန် သဘောတူသော ရက်မှာ ဖမ်းဆီး ထားသော ရက်ထက် ၁၅ ရက်လောက် နောက်ကျမည် ထင်ပါသည်"

ဟုထွက်ဆိုခဲ့သည်။ ထိုထွက်ဆိုချက်များအရ ဦးဘဟန်ပါ ၆ ဦးတို့အား ပုဒ်မ မတပ်ပဲ ဖမ်းခြင်းဖြစ်သဖြင့် မတရားသဖြင့် ဖမ်းထားသည်ဟု ယူဆရန်သာ ရှိပါသည်။ ထို့အပြင် ပုဒ်မ ၅ ဖြင့်ဖမ်းဆီးသည့်ကိစ္စကိုကျွန်ုပ်တို့ စဉ်းစားကြရာတွင်ပုဒ်မ ၅ မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေနိုင်သည့် အခြေအနေပေါ်မှာသာလျှင် လည်းကောင်း၊ သို့မဟုတ် အများ ပြည်သူတို့အား အထိတ်တလန့် ဖြစ်စေရန် ကြံရွယ်၍ ပြုလုပ်လျှင် လည်းကောင်း အရေးယူရမည့် ဥပဒေ ပြဋ္ဌာန်းချက် ဖြစ်ပေသည်။ ယခုအမှုမှာ နိုင်ငံ

တော်၏ အရေးအခင်းနှင့်သော်လည်းကောင်း၊ အများပြည်သူတို့၏အရေးအခင်း နှင့် သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိပေ၊ အမွေဆိုင် အချင်းချင်း တဦး နှင့် တဦး အမွေရလိုမှုအတွက် ဖြစ်ပွားသည့် အမှုသာလျှင် ဖြစ်ပေသည်။ သို့ဖြစ်၍ ဤအမှုမှာ တရားမကြောင်းနှင့် သက်ဆိုင်သောအမှုမျိုးတွင် အကျုံးဝင်နေပေသည်။ သက်သေခံအမှတ် (ဟ) အရ၊ မန္တလေးမြို့ အရှေ့တောင် ဒေသစိတ်၊ အရှေ့တောင်မြို့နယ်ခွဲ၊ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီမှ ဒေါ်ကြည်ကြည်ပါ ၅ ဦးတို့နှင့် ဦးဘဟန်၊ ဒေါ်လှလှတို့အား တရားမကြောင်း ဖြစ်နေ၍၊ တရားရုံးသို့ လျှောက်ထားရန် အကြောင်း ကြားထားခြင်းကိုလည်း တွေ့ရှိရပေသည်။ ထို့ပြင် ဦးအောင်လတ် (လိုပြ ၁၇) က—

"၁၉၆၇ ခုနှစ် ဇွန်လ ၁၁ ရက်နေ့မှာ ဒေါ်ကြည်ကြည်က တရားလို ပြုလုပ်၍ တရားခံ ဦးဘဟန်၊ ဒေါ်လှလှ၊ ဒေါ်ခင်ခင်ထူးတို့အား ရာဇသတ် ပုဒ်မ ၃၇၉၊ ၄၁၃၊ ၄၁၄၊ ၄၁၆/၃၄ တို့အရ၊ တရားစွဲဆို ဦးတိုက် လျှောက် ထားခဲ့ပါသည်။ တရားလိုအား စစ်ဆေးပါသည်။ တရားလို အစစ်ခံချက် အရ၊ တရားခံများအပေါ် ရာဇသတ် ပုဒ်မ ၃၇၉၊ ၄၁၄၊ ၄၁၆/၃၄ အရ၊ အရေးယူရန်၊ သမ္မာန်စာ ထုတ်ယူရန် ချိန်းဆိုခဲ့ပါသည်။ သမ္မာန် နှင့် အတူ စာရင်းအရ ပစ္စည်းများ ကျင့်ထုံး ပုဒ်မ ၉၄ အရ၊ တင်ပြရန် နို့တစ် ထုတ်ခဲ့ပါသည်။ ရက်ချိန်းမှာ ၁၉၆၇ ခုနှစ် ဇွန်လ ၂၀ ရက်နေ့သို့ ချိန်းလိုက် ပါသည်။ ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် အမှုတွဲကို လေ့လာကြည့်ခြင်း အားဖြင့် အမှုသဘော အရ၊ အမွေဆိုင် ပစ္စည်းများနှင့် ပတ်သက်၍ ရှုတ်ထွေးနေသည်ကို တွေ့ရသဖြင့် တရားခံများ အပေါ် စွဲဆိုသည့် အတိုင်း မှန် မမှန် အထောက် အထား ပြည့်စုံစွာ သိရှိရန် ကျင့်ထုံး ပုဒ်မ ၂၀၂ (၁) အရ၊ သက်ဆိုင်ရာ ရဲစခန်းမှူး အား အမှတ် (၉) ရဲစခန်းမှူး ဦးစံထူးထံပို့ လိုက်ပါသည်"

ဟု ထွက်ဆိုခဲ့သည်။

သက်ဆိုင်ရာ တရားရုံးမှ ဥပဒေအရ တရားခံများကို အရေးယူနေဆဲ အချိန်တွင် တရားခံများကို ဖမ်းဆီးခြင်းမှာ တရားရုံး၏ လုပ်ရမည့် လုပ်ငန်းများကို ဝင်ရောက်၍ အနှောင့် အယှက် ပြုရာကျသည်။ သို့ဖြစ်၍ အယူခံ တရားလို၏ အကျိုးဆောင်က ဖမ်းဆီးသည့် ကိစ္စမှာ တရားသဖြင့် ဖမ်းဆီးခြင်းဟု တင်ပြသည့် အချက်ကို ကျွန်ုပ်တို့ အနေနှင့် လက်ခံ နိုင်စရာ မရှိပေ။

အယူခံ တရားလို၏ အကျိုးဆောင်က အယူခံ တရားလိုအား ရာဇသတ် ပုဒ်မ ၃၄၇ အရ၊ ပြစ်မှု ကျူးလွန်ခဲ့သည်ဟု ယူဆခဲ့သည့် တိုင်အောင် ရာဇသတ် ပုဒ်မ

၁၉၇၄

ဦးစိန်မြ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

၆ အရ၊ သဘောရိုးဖြင့် အမိန့်ချခဲ့ခြင်း ဖြစ်၍၊ အယူခံ တရားလိုဦးစိန်မြ အပေါ်တွင် မည်သို့မျှ အရေးယူ တရားစွဲဆိုပြီး အပြစ်ပေးခြင်း မပြုနိုင်ပါဟုလည်း လျှောက်ထားခဲ့သည်။

ရာဇသတ်ပုဒ်မ ၇၆ အရ—

"ဥပဒေအရ၊ ပြုလုပ်ရန် တာဝန်ရှိသူက သော်၎င်း၊ ဥပဒေကို အယူအဆလွဲခြင်းကြောင့် မဟုတ်ပဲ ကြောင်း ခြင်းရာကို အယူ အဆ လွဲခြင်းကြောင့် ဥပဒေအရ၊ တာဝန် ရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သူကသော် ၎င်း၊ ပြုလုပ်လျှင် ထို ပြုလုပ်မှုသည် ပြစ်မှု မမြောက်"

ဟု ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်ကို လေ့လာ ကြည့်ရှုရာတွင်၊ အကြောင်းခြင်းရာ အယူအဆ လွဲခြင်းကြောင့် သဘော ရိုးနှင့် ပြုလုပ်ခြင်းကိုသာလျှင် ကင်းလွတ်ခွင့် ရနိုင်ပေသည်။ ယခု ဖြစ်ပွားသည့် ကိစ္စမှာ ကြောင်းခြင်းရာကို အယူ အဆလွဲ၍ ပြုလုပ်ခြင်း မဟုတ်ပေ၊ သို့ဖြစ်ခြင်းကြောင့် ကင်းလွတ်ခွင့် မရနိုင်ပေ။ ဥပဒေကို အယူအဆ လွဲပြီး သဘောရိုးနှင့် ပြုလုပ်မိပါသည်ဟု ထုချေ၍ မရပေ။ တရားရုံးက စစ်ဆေး စီရင်ရမည့် မိသားစု အမှုအပေါ် ဝင်ရောက် စွက်ဖက်ကာ ဖမ်းဆီး ချုပ်နှောင်ရန် အမိန့် ပေးခြင်းမှာ လုပ်ပိုင်ခွင့် မရှိသော လုပ်ငန်းကို ဝင်ရောက် စွက်ဖက်ခြင်း ဖြစ်၍ ရာဇသတ် ပုဒ်မ ၇၆ တွင် ပြဋ္ဌာန်းသည့် ကင်းလွတ်ခွင့်ကို ခံစားခွင့် မရှိနိုင်ပေ။

အယူခံ တရားလို၏ ထုချေချက်နှင့် အယူခံ တရားလိုမှ တင်ပြသော သက်သေများ၏ ထွက်ဆိုချက်တို့ကိုလည်း လေးနက်သေချာစွာ ကျွန်ုပ်တို့ လေ့လာခဲ့ပေသည်။ အယူခံတရားလိုက—

"၎င်းသည် ဦးဘဟန် နှင့် ဒေါ်ခင်ခင်ထူးတို့၏ အမှုပေစွည်း ကိစ္စကို ပူးပေါင်း ထောက်လှမ်းရေးအဖွဲ့နှင့်ဆောင်ရွက်ရန်၊ ဒု-ဗိုလ်မှူးကြီးများဖြစ်ကြသော တင်ထွန်းနှင့် စိုးနိုင်ကို မညွှန်ကြားခဲ့ရကြောင်း၊ ဦးဘဟန်၊ ဒေါ်ခင်ခင်ထူး၊ ဒေါ်လှလှနှင့် ဦးခင်မောင်သိန်းတို့ကို ဖမ်းဆီး ထားသည်ကို လုံးဝ မသိရကြောင်း၊ ဒု-ဗိုလ်မှူးကြီး တင်ထွန်း၊ ဒု-ဗိုလ်မှူးကြီး မင်းနောင်နှင့် ဒု-ဗိုလ်မှူးကြီး စိုးနိုင်တို့က ၎င်းအား တိုးတက်မှုရှိသည်ကို နေ့စဉ် တင်ပြရန် ညွှန်ကြားသည် ဆိုခြင်းမှာလည်း မဟုတ် ရကြောင်း၊ ဒု-ဗိုလ်မှူးကြီး မင်းနောင်အား ဦးဘဟန်

၁၉၇၄
ဦးစိန်မြ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

ဒေါ်ခင်ခင်ထူး၊ ဦးခင်မောင်သိန်း နှင့် ဒေါ်လှလှတို့အား၊ ဖမ်းဆီးရန် ခိုင်းသည် ဆိုခြင်းမှာ လည်း မဟုတ်ကြောင်း ”

ဖြင့် ထွက်ဆိုခဲ့သည်။ သို့ရာတွင် အယူခံ တရားလိုက—

“ ဇွန်လ ၁၈ ရက်နေ့ (၁၄း၃၀) နာရီ အချိန် တိုင်းအတွင်းရေးမှူး ဗိုလ်မှူး မင်းနောင်နှင့် မန္တလေး ခလက အဖွဲ့တွင် ခရိုင်ဝန် ဦးအောင်တိုး အား ခေါ်တွေ့ပြီး၊ ဦးသက်ထွန်း၏ သားသမီးများ အမှုကိစ္စကို ဆွေးနွေးခဲ့ကြသည်။ ဦးသက်ထွန်း၏ သားသမီးများ အချင်းချင်း ဖြစ်ပွားသည့် အမှုကိစ္စနှင့် ပတ်သက်ပြီး လအက ညှိနှိုင်းရေး အစည်းအဝေးတွင် မြို့မ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ ဥက္ကဋ္ဌက အခါ အားလျော်စွာ တင်ပြ ခဲ့သဖြင့် သိရှိခဲ့ပြီး ဖြစ်ပါသည်။ မြို့မ အဆင့်တွင် မပြေမလည် ဖြစ်ပြီး၊ တိုင်းအဆင့်သို့ တက်လာသည့် ကိစ္စ ဖြစ်ခြင်းကြောင့်၊ လအက ကိစ္စ တရပ် အနေဖြင့် သက်ဆိုင်ရာတို့က လိုအပ်သလို ဆောင်ရွက်သွားကြရန် ဆွေးနွေး ညှိနှိုင်း ခဲ့ကြခြင်း ဖြစ်ပါသည် ”

ဟု ထွက်ဆိုခဲ့ပြန်သည်။ တဖန် အယူခံ တရားလိုက—

“ သက်သေခံအမှတ် (က) နှင့် ပတ်သက်၍ ကျွန်တော် ဇွန်လ ၂၃ ရက်နေ့ ရန်ကုန်မှ ပြန်ရောက်ပြီးနောက်ပိုင်းတွင်၊ လအက ညှိနှိုင်း အစည်း အဝေးတွင်လား၊ သို့မဟုတ် တဦးတယောက်ကလား လာပြော၍၊ တိုင်းပူးပေါင်း ထောက်လှမ်းရေးနှင့် မန္တလေး ခလကတို့ ညှိပြီး သက်ဆိုင်သူ များကို ခေါ်ယူ စစ်ဆေးနေသည်ကို သိပါသည်။ ကျွန်တော်အနေနှင့် တိုင်းပူးပေါင်း ထောက်လှမ်းရေး အဖွဲ့မှာရော၊ ခလက အဖွဲ့ထဲမှာရော ပူးလုပ်ခွင့် အာဏာ အပြည့်အဝ ရှိသည့် ပုဂ္ဂိုလ်များ ပါဝင်နေသည့် အတွက် ကိစ္စ အသေးစိတ်ကိုတော့ မမေး မြန်းခဲ့ပါဘူး ”

ဟု တဖန် ထွက်ဆိုခဲ့သည်။

အထက်ပါ ထွက်ဆိုချက်များကို စုပေါင်း လေ့လာ ကြည့်သောအခါတွင် အယူခံ တရားလိုသည် ၎င်းက ဦးဘဟန်တို့ အမှုကိစ္စနှင့် ပတ်သက်၍ လက်အောက် အရာရှိများအား မညွှန်ကြားပါဟု သာမန်အားဖြင့် ငြင်းဆိုရုံမျှဖြစ်ပြီး လက်တွေ့ သဘော အားဖြင့် ၎င်းသည် ဦးဘဟန်တို့ အမှု ကိစ္စကို ကိုယ်တိုင်ကိုယ်ကြပ် လက် အောက် အမှုထမ်း အရာထမ်း များနှင့် ဆွေးနွေး ခဲ့ခြင်းမှာ ထင်ရှားသည့် အပြင် ဦးဘဟန်တို့အား အမှုနှင့် ပတ်သက်၍၊ ခေါ်ယူ စစ်ဆေးခြင်းကိုလည်း ကိုယ်တိုင် ကိုယ်ကြပ် သိရှိနေခြင်းမှာ ပေါ်လွင် ထင်ရှားပေသည်။

၁၉၇၄
ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ဦးဗန်ကူး (ခံပြ-၂)၊ ဦးတင်ထွန်း (ခံပြ-၃)၊ ဦးထွန်းအောင်ကျော် (ခံပြ-၄) နှင့် ဦးမြင့်သိန်း (ခံပြ-၆) တို့က၊ အယူခံ တရားလို၏ စစ်ဆင်ရေးကိစ္စနှင့် အခြားကိစ္စများကိုသာလျှင် ထွက်ဆို နိုင်ခဲ့ပြီး၊ ဦးဘဟန်တို့၏ အမှု ကိစ္စနှင့် ပတ်သက်၍၊ တစုံတရာ ထွက်ဆိုနိုင်ခြင်း မရှိခဲ့ပေ။ ဦးဝင်းမောင် (ခံပြ-၅) က—

"၁၉၆၇ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ရန်ကုန် တက္ကသိုလ်များ ဗဟို ကောင်စီ အစည်း အဝေးသို့ အယူခံ တရားလို တက်ရောက် ခဲ့သည်"

ဟုသာ ထွက်ဆိုသည်။ ဦးဘဟန်၏ အမှု ကိစ္စနှင့် ပတ်သက်ပြီး လုံးဝ ထွက်ဆိုခြင်း မပြုနိုင်ချေ။

ဒု-ဗိုလ်မှူးကြီး လှထွန်း (ခံပြ-၇) က—

"အယူခံတရားလိုသည် ၁၉၆၇ ခု ဇွန်လ ၂၁ ရက်နေ့ (၁၄း၃၀) နာရီ အချိန်တွင် မြောက်ကိုရီးယား ဒုတိယ သမ္မတ ခရီးစဉ်နှင့် ပတ်သက်၍ ညှိနှိုင်းရန် အစည်းအဝေးတရပ်ကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး ခန်းမတွင် ပြုလုပ်သည့် အစည်း အဝေးသို့ တက်ရောက် ခဲ့ကြောင်း နှင့် ၁၉၆၇ ခုနှစ် ဇွန်လ ၂၁ ရက်နေ့ (၁၃း၀၀) နာရီတွင် ၎င်းအစည်းအဝေး ခန်းမတွင်လည်း မြန်မာ နိုင်ငံနှင့် အိန္ဒိယ နယ်စပ် တလျှောက်၌ ဖြစ်ပေါ်ခဲ့သော လူရှိုင်းချင်း၊ ကွတ်ကီး ချင်းများနှင့် ပတ်သက်၍ ဖြစ်ခဲ့သော အရေးအခင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည့် အစည်း အဝေးသို့ အယူခံ တရားလို ရောက်ရှိကြောင်း"

ကိုသာလျှင် ထွက်ဆိုနိုင်ခဲ့သည်။ ဦးဘဟန်တို့၏ အမှုနှင့် ပတ်သက်၍ တစုံတရာ ထွက်ဆိုနိုင်ခြင်း မရှိပေ။

အယူခံတရားလို၏ အဓိက ထုချေချက်မှာ ၎င်းသည်၊ ၁၉၆၇ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ည နေပိုင်းတွင် ရန်ကုန်မြို့သို့ ထွက်ခွာ သွားပြီး ၁၉၆၇ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင်မှ မန္တလေးမြို့သို့ ပြန်လည် ရောက်ရှိခြင်းဖြစ်၍၊ ၁၉၆၇ ခုနှစ် ဇွန်လ ၁၉ ရက်နေ့၌ ဦးဘဟန်တို့အား ဖမ်းဆီးသည့် ကိစ္စရပ်မှာ ၎င်း မသိသဖြင့်၊ ၎င်းနှင့် သက်ဆိုင်ခြင်း မရှိကြောင်း ထုချေခြင်း ဖြစ်ပေသည်။ အယူခံ တရားလို၏ ထွက်ဆိုချက်အရ ၎င်းသည်၊ ၁၉၆၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှစ၍ ၁၉၆၇ ခုနှစ် ဇွန်လ ၁၇ ရက်နေ့အထိ မန္တလေးမြို့တွင် ရှိနေသည်မှာ ထင်ရှားပေသည်။ ထို့ပြင် ၁၉၆၇ ခုနှစ် ဇွန်လ

၁၉၇၄ — ဦးစန်မြ နှင့်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်။

၂၃ ရက်နေ့မှစ၍ ၁၉၆၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ မန္တလေးမြို့ပေါ်တွင် ရှိနေသည်မှာလည်း ထင်ရှားသည်။ အထက်ပါ အချက် အလက်များကို ထောက်ရှုခြင်းအားဖြင့် အယူခံ တရားလိုမှာ ၁၉၆၈ ခုနှစ်၊ ဇွန်လ အတွင်း၌ ရက်ပေါင်း အတော်များစွာ မန္တလေးမြို့တွင် ရှိနေကြောင်း ပေါ်လွင် သဖြင့် ထိုဖော်ပြပါ ရက်များအတွင်း၌ အယူခံ တရားလိုက ဦးဘဟန် ပါ ၆ ဦးတို့အား ဖမ်းဆီးရန် ခိုင်းစေခြင်းနှင့် အမှု၏ တိုးတက်မှု အခြေအနေကို ၎င်း၏ လက်အောက် အမှုထမ်းများ ဖြစ်ကြသော ဒု-ဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃)၊ ဒု-ဗိုလ်မှူးကြီး တင်ထွန်း (လိုပြ-၂) နှင့် ဒု-ဗိုလ်မှူးကြီး စိုးနိုင် (လိုပြ-၄) တို့က တင်ပြရန် ညွှန်ကြားခြင်း ဖြစ်သည်ဟု ယူဆရန် ရှိပေသည်။ အထက်ဖော်ပြပါ အကြောင်း အရာ များကို ထောက် ရှုလျှင် အယူခံ တရားလို၏ ထုချေချက်မှာ အထောက် အထား ခိုင်လုံခြင်း မရှိ၍ ကျွန်ုပ်တို့ အနေဖြင့် ၎င်း၏ ထုချေချက်ကို လက်ခံရန် မဖြစ် နိုင်ပေ။

ကျွန်ုပ်တို့အနေဖြင့် ဤအမှု၏ ဖြစ်စဉ် တရပ်လုံးကို အားလုံး ခြုံငုံ၍ လေ့လာ ဆန်းစစ်ခဲ့သည်။ တရားလိုဖက်မှ ပြသသည့် သက်သေတို့၏ ထွက်ဆိုချက်များကို ၎င်း၊ တရားခံဖက်မှ ပြသသော သက်သေ များ၏ ထွက် ဆိုချက် များကို၎င်း သေချာစွာ လေ့လာ ကြည့်ရှုခဲ့သည်။ ဤအမှုတွင် တရားလိုဖက်မှ သက်သေများက တရားခံ အပြစ်ရှိကြောင်း ခိုင်ခိုင်လုံလုံထွက်ဆို ထားသည်ကို တွေ့ရသဖြင့် တရားခံမှာ ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားနေပေသည်။

သို့သော်လည်း တရားခံအပေါ်တွင် အထူးရာဇဝတ်ရုံးက ထောင်ဒဏ် ၃၂ (သုံးနှစ်ခွဲ) ချမှတ်ထားခြင်း ကိစ္စနှင့်ပတ်သက်၍ သီလျှော့ခြင်း ရှိ-မရှိဟူသော အချက်ကို အထူးစဉ်းစားဖို့ လိုပေသည်။ အထူးရာဇဝတ်ရုံး၏ စီရင်ချက်တွင် အယူခံတရားလိုသည် စိတ်ကောင်း စေတနာဖြင့် ပြုလုပ်ခြင်းမဟုတ်ဟု ယူဆရန် အကြောင်းမပေါ်ပေါက်ဟူ၍ မှတ်ချက်ပြုထားသည်ကို တွေ့ရသည်။ ဒေါ်ကြည်ကြည် ပါ ၅ ဦးတို့က ၎င်းတို့၏ နစ်နာချက်များကို အယူခံတရားလိုအား တင်ပြသောအခါတွင် အယူခံ တရားလိုအနေဖြင့် မျှမျှတတ ဖြစ်စေလိုသည့် စေတနာဖြင့် ဆောင်ရွက်ခြင်း ဖြစ်နိုင်သည်။ စေတနာလွန်သွားသဖြင့် မိမိလုပ်သင့်မလုပ်သင့်ဆိုသည်ကို သတိဖြင့် ဝေဖန်ခြင်း မပြုနိုင်တော့ပဲ၊ အာရုံလွန်သွားပြီး မလုပ်သင့်သည့် ကိစ္စတရပ်ကို ဝင်ရောက်လုပ်မိခြင်း ဖြစ်နိုင်ပေလိမ့်မည်။ ထို့ပြင် အယူခံတရားလိုမှာ တိုင်းပြည်တာဝန်ကို စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်ကိုလည်း ကျွန်ုပ်တို့အနေဖြင့် စဉ်းစားခဲ့ပေသည်။ "ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြစ်မှုကျူးလွန်သူကို အရေးယူ အပြစ်ပေးရာတွင် အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ရမည်။" ဟုပြဋ္ဌာန်းထားခြင်းကိုလည်း သတိချပ်ဖို့ လိုပေသည်။ ယခုအခါတွင်

အယူခံတရားလိုမှာ ၎င်း၏ မှားယွင်းမှုကို သတိသံဝေ ရလောက်ပြီဟု ယူဆရပေသည်။ သို့ဖြစ်၍၊ အထူးရာဇဝတ်ရုံးက အယူခံတရားလိုအပေါ်တွင် ချမှတ်သည့် ပြစ်မှု ထင်ရှားစီရင်ခြင်းကို အတည်ပြုသော်လည်း၊ ကျခံရန် ကျန်ရှိသော အပြစ်ဒဏ် ကာလကို ကိုယ်တိုင် ခံဝန်ဖြင့် အချုပ်လွတ် နေထိုင်စေရန် အမိန့်ချမှတ်လိုက်သည်။ ခံဝန်ကာဂု အတွင်း ပြစ်မှုတစုံတရာ ကျူးလွန်လျှင် အမှုနှင့်ပတ်သက်သော ကျန်ကာလကို ဆက်လက် ကျခံစေရမည်။

၁၉၇၄

ဦးစိန်မြ
နှင့်
ပြည်ထောင်စု
ဆိုရှယလစ်
သမ္မတ မြန်မာ
နိုင်ငံတော်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၄ မောင်တိုး

စက်တင်ဘာလ နှင့်
၁၅ ရက်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ အရေးယူရာ၌ တရားရုံးတွင် အမှုမစွဲဆိုမီ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်လို မလို၊ အလုပ် မကျမ်းကျင်၍ မှားယွင်းသည်ကို ခွင့်လွှတ်သင့် မသင့်။

ဆုံးဖြတ်ချက်။ ။ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်ပျက်ကွက်လျှင် တရားခံအား အပြစ်မှ လွှတ်ရမည်ဟူ၍ တထစ်ချမှတ်ယူ၍လည်း မဖြစ်နိုင်ပေ။ အမှုကြောင်းခြင်းရာ တမျိုးစီကို သီးခြားစိစစ်၍ မည်သည့်အမှုမျိုးတွင် တာဝန်ရှိသူ ထုတ်ဖော်နိုင်ရန်အတွက် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုလိုသည်။ မည်သည့်အမှုမျိုးကို မလိုဟူ၍ ဝေဖန်သုံးသပ် ရမည်ဖြစ်ပေသည်။ ဌာနဆိုင်ရာစုံစမ်းမှုနှင့် တရားရုံးတွင်စစ်ဆေးကြားနာခြင်းတို့မှာ ပြစ်မှု ကျူးလွန်ခြင်းနှင့် ပတ်သက်ပြီး အဖြေရှာသောအခါတွင် တူညီကြသည်မဟုတ်ချေ။ ဌာနဆိုင်ရာစုံစမ်းမှုတွင် ဂျီဆာကြူလာ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်သူအပေါ်တွင် မိမိတို့ ဌာနအနေဖြင့် မည်သို့အရေးယူသင့်ကြောင်း အဖြေရှာရခြင်းဖြစ်သည်။ တရားရုံးတွင် စစ်ဆေး ကြားနာခြင်းမှာ တရားခံသည် စွဲဆိုထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မအရ အပြစ်ရှိ မရှိ အဖြေရှာခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနဆိုင်ရာ စုံစမ်းမှုကြိုတင်ပြုလုပ်ပြီးမှ ပြည်သူ့ရဲတပ်ဖွဲ့သို့ တိုင်တန်းသင့်သည်ဆိုသော အတွေးအခေါ် အယူအဆကို သဘောမတူနိုင်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်ဆဲဖြစ်သော ယခုအချိန်မျိုးတွင် တိုင်းပြည်ဝန်ထမ်း အားလုံးတို့သည် တာဝန်ကို အတိအကျ ယူနိုင်ရန်များစွာ လိုလားအပ်ပေသည်။ မိမိက တာဝန်ခံရသည့် အလုပ်တခုနှင့်ပတ်သက်သော အကျိုးအမြတ် အခွင့်အရေးတို့ကို အပြည့်အဝ ရယူခဲ့လျှင် ယင်းအလုပ်နှင့် ပတ်သက်သော တာဝန်ကိုလည်း အပြည့်အဝ ထမ်းဆောင်ရမည်ဖြစ်ပေသည်။ ယခုအမှုတွင် တရားခံက မိမိသည် ပညာအရည်အချင်း ဖ တန်းမျှသာရှိကြောင်း တင်ပြသည်။ သို့ရာတွင် တရားခံကို ဌာနဆိုင်ရာအနေနှင့် ကာယ၊ ဉာဏ စွမ်းအားအလိုက် နေရာ

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၉။

† ၁၉၇၁ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ နေ့စွဲပါ ရန်ကုန်မြို့၊ အထူးရာဇဝတ်ရုံး ၉၁/ ၁၉၇၁ ၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ချထားပေးသည်ဟု ယုံကြည်ပေသည်။ အလုပ်ကို ကျွမ်းကျင် တတ်မြောက်ခြင်းမရှိ၍ အမှားအယွင်း ခွင့်ပြုပါဆိုသော တောင်းပန်ချက်များကို လက်ခံ စဉ်းစားရန် အကြောင်းမရှိပေ။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးခင်ထွန်း။

ပြင်ဆင်ရန် လျှောက်ထားခံရသူ အတွက်။ ။ဗဟိုဥပဒေရုံး၊ ဥပဒေဝန်ထမ်း အဆင့် (၁) ဦးလှသောင်း။

သက်နှိုးကျွန်းမြို့နယ် ဒေသစိတ်ကုန်သွယ်ရေး လက်အောက်ရှိ အခြေခံဆိုင်အမှတ် ၅၀ တွင် စတင်ဖွင့်လှစ်သော ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ အစပြု၍ ဆိုင်ထိုင်မှာ ယခုအယူခံတရားလိုမောင်တိုးဖြစ်သည်။ ထိုဆိုင်ကို ၁၉၆၉ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှအစပြုပြီးစာရင်းစစ်သောအခါတွင် ငွေများ ကွာခြားနေသောကြောင့် စာရင်းစစ်အဖွဲ့က ၁၉၆၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့စွဲဖြင့် ငွေပေါင်း ကျပ် ၂၄၉၉၄ ကွာခြားကြောင်း အစီရင်ခံလေသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး အစည်းအဝေးပြုလုပ်ပြီး (၁) ရဲစခန်းသို့တိုင်ရန်၊ (၂) ဌာနဆိုင်ရာစစ်ဆေးရန်၊ (၃) ဆိုင်ထိုင် မောင်တိုး နေရာတွင် လူစား ခန့်ထားရန် ဆုံးဖြတ်ကြလေသည်။ ယင်းဆုံးဖြတ်ချက်အရ ရဲစခန်းသို့ တိုင်တန်းသောကြောင့် မောင်တိုးအပေါ်တွင် ဖမ်းဆီး အရေးယူခြင်း ဖြစ်လေသည်။

ငွေပေါင်း ၂ သောင်းကျော် ကွာခြင်းနှင့် ပတ်သက်ပြီး ရုံးရှေ့တွင် စာရင်းစစ်အဖွဲ့မှ အသေးစိတ် အစီရင်ခံသည်။ အယူခံတရားလိုသည် အဆိုပါ စာရင်းများ မှားယွင်းနေပါသည်ဟူ၍ ယေဘုယျတင်ပြခြင်းမှလွဲပြီး မည်ကဲ့သို့ မှားယွင်းနေကြောင်း ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိပေ။ အယူခံတရားလို၏ အဓိကတင်ပြချက်မှာ စာရင်းများ စစ်ဆေးသောအချိန်တွင် မိမိကို ဖမ်းဆီးထားသောကြောင့် ရှင်းလင်း နိုင်ခွင့် မရှိကြောင်းဖြစ်သည်။ သို့ရာတွင် ဌာနချုပ်ဦးစီး ဦးအုန်းမောင် (လိုပြ-၁၁) က အောက်ပါအတိုင်း ထွက်ဆိုထားသည်။

> "ပထမငွေလျော့ကြောင်း သိစဉ်က ဆိုင်ထိုင် မောင်တိုးကို ကျွန်တော်က ခေါ်ပါသည်။ ကျွန်တော်က စာရင်းများ ပျောက်ချင်ပျောက်မည်၊ သို့အတွက် မင်းကိုယ်တိုင် ရှာဖွေပြီး စစ်ဆေးရေး အဖွဲ့သို့ တင်ပြဘို့ ညွှန်ကြားခဲ့ပါသည်။ မောင်တိုးကိုယ်တိုင် လာ၍ရှင်းပါသည်။ ရှင်းလင်း၍ မရပါ၊ ကွာနေကြောင်း သိရပါသည်"

ထို့ကြောင့် တရားခံသည် စာရင်းများကို မူလ ပထမကပင် ရှင်းလင်းပေသည်။ အချုပ်ခံရပြီး နောက်ပိုင်းမှာလည်း အာမခံ ရရှိပြီး ဖြစ်သောကြောင့် မိမိ အလို အလျောက် စာရင်းများကို သွားရောက် စစ်ဆေးနိုင်ခွင့် ရှိပေသည်။ ဤသို့ စစ်ဆေး

၁၉၇၄ မောင်တိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ကြည့်ရှုရန် ကြိုးစားခဲ့ခြင်းကို သက်ဆိုင်ရာတို့မှ ခွင့်ပြုခြင်းမရှိပါဟူ၍ အကြောင်း မပေါ်ပေါက်ချေ။ အမှုစစ်ဆေးသော ရုံးသို့ ရောက်ရှိလာသောအခါမှာလည်း စာရင်းများစစ်ဆေးရန် အချိန်အလုံအလောက် ခွင့်ပြုခဲ့ပေသည်။ အခြေခံ စားကုန်ဆိုင်များနှင့် ပတ်သက်ပြီး ကုန်ပစ္စည်းများ ပေးပို့သော အခါတွင် စာရင်းနှင့် ပေးပို့၍ ဆိုင်ထိုင်ကဖြစ်စေ၊ ဆိုင်ထိုင်၏ လွှဲအပ်ခြင်းခံရသူကဖြစ်စေ လက်မှတ်ထိုး ယူရသည်။ ထို့နောက် ရောင်းချပြီးသော ကုန်ပစ္စည်းများနှင့် ရငွေကိုလည်း စာရင်းပြုလုပ်၍ ဆိုင်ထိုင်က လက်မှတ်ရေးထိုးပြီး ရုံးချုပ်သို့ ပြန်လည် ပေးပို့ရသည်။ လက်ခံရရှိပြီးသော ပစ္စည်းသည်၊ ရောင်းချပြီးဖြစ်၍ ငွေရကြောင်း မပြနိုင်လျှင် ကုန်ပစ္စည်းလက်ကျန်ရှိနေရမည်ဖြစ်သည်။ ထို့ကြောင့် ဆိုင်ထိုင် လက်ခံရယူထားသော ပစ္စည်းအတွက် ငွေရပြီးကြောင်းလည်း မပြနိုင် လက်ကျန်ပစ္စည်းလည်း မပြနိုင်လျှင် ဆိုင်ထိုင်တွင် တာဝန်ရှိရမည်သာ ဖြစ်ပေသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ဆဲဖြစ်သော ယခုအချိန်အခါမျိုးတွင် တိုင်းပြည်ဝန်ထမ်း အားလုံးတို့သည် တာဝန်ကို အတိအကျယူနိုင်ရန် များစွာ လိုလားအပ်ပေသည်။ မိမိကတာဝန်ယူရသည့် အလုပ်တခုနှင့် ပတ်သက်သော အကျိုးအမြတ် အခွင့်အရေးတို့ကို အပြည့်အဝ ရယူခဲ့လျှင် ယင်းအလုပ်နှင့် ပတ်သက်သော တာဝန်ကိုလည်း အပြည့်အဝ ထမ်းဆောင်ရမည် ဖြစ်ပေသည်။ တရားခံမောင်တိုးက မိမိသည် ပညာအရည်အချင်း ၆ တန်းမျှသာရှိကြောင်း တင်ပြသည်။ သို့ရာတွင် မောင်တိုးကို ဌာနဆိုင်ရာ အနေနှင့် ကာယ၊ ဉာဏစွမ်းအား အလိုက်နေရာချထားပေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပေသည်။ အလုပ်ကို ကျွမ်းကျင်တတ်မြောက်ခြင်းမရှိ၍ အမှားအယွင်း ခွင့်ပြုပါဆိုသော တောင်းပန်ချက်များကို လက်ခံစဉ်းစားရန်အကြောင်းမရှိ။

အယူခံ တရားလို၏ ပညာရှိရှေ့နေကြီးက ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခြင်း မရှိခဲ့သောကြောင့် မိမိအမှုသည်မှာ ခုခံဖြေရှင်းရန် အခွင့်အရေး မရရှိခဲ့ကြောင်းကို တင်ပြ လျှောက်ထားသည်။ ယခုအမှုတွင် ဌာနဆိုင်ရာ စုံစမ်းမှု ပြုလုပ်ရန်အတွက် အဖွဲ့ပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်သော်လည်း ဆိုင်ထိုင်အပေါ် တွင် ရဲဌာနသို့ တချိန်တည်း တိုင်တန်းခဲ့သောကြောင့် ဌာနဆိုင်ရာ စုံစမ်းမှုအဖွဲ့၏ တွေ့ရှိချက်ကို မသိနိုင်ခဲ့ပေ။ သို့ရာတွင် ဌာနဆိုင်ရာ စုံစမ်းမှု ပြုလုပ်သည်ဆိုခြင်းမှာ ပေါ်ပေါက်သော ပြစ်မှုနှင့် ပတ်သက်ပြီး မည်သူတွင် တာဝန်ရှိသည်ဟု မသဲကွဲသော အခါများတွင် ပြုလုပ်ရန် လိုခြင်းဖြစ်သည်။ ယခုအမှုတွင် ဆိုင်ထိုင်ကတာဝန်ရှိသည်၊ သို့မဟုတ် အရောင်းစျေးသည် တယောက်ယောက်က တာဝန်ရှိသည်၊ သို့မဟုတ် အခြားက တာဝန်ရှိသည်ဟု အငြင်းထွက်သည် မဟုတ်ချေ။ ငွေကွာခြားခြင်းရှိမရှိသာ အငြင်းထွက်ပေသည်။ ငွေကွာခြားခဲ့လျှင် တာဝန်ရှိသူမှာ ဆိုင်ထိုင်သာဖြစ်သည်။ ဆိုင်ထိုင်သည် ပေးပို့သောပစ္စည်းများကို

၁၉၇၄

မောင်တိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

စာချင်းနှင့် လက်ခံယူသည်။ စာချင်းနှင့် ရောင်းရငွေများ သွင်းသည်။ စာချင်းနှင့် လက်ကျန်ငွေစာရင်း ထားရမည်ဖြစ်သည်။ လျှောက်ထားသူ၏ ပညာရှိ အကျိုးဆောင် ကြီးသည် ဌာနဆိုင်ရာ အရေးယူမှု ပျက်ကွက်ခြင်း နှင့်ပတ်သက်သော စီရင်ထုံး အစောင်စောင်ကို တင်ပြ လျှောက်လဲသည်။ ဤစီရင်ထုံးများအနက် **မောင်ဟန်စိုး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၁)** တွင် အောက်ပါအတိုင်း တွေ့မြင်ရသည်—

* * * *

ငွေစာချင်းကွာခြားခြင်းကို တိုင်တန်းလျှင် ပြည့်စုံ သေချာစွာ စာရင်းအင်း စစ်ဆေးခြင်း၊ ဌာနဆိုင်ရာ နည်းဖြင့် စစ်ဆေးကာ တာဝန်သတ်မှတ်ခြင်း၊ လိုငွေကို တာဝန်ရှိသူက သင့်တော်သောနည်းဖြင့် ပေးသွင်းစေခြင်း စသည်ကို ဝိဓိသစိုက်ထုတ်၍ပြုလုပ်ကြောင်း ကျွန်ုပ်တို့ကြုံကြိုက်သလိုမှတ်ချက်ပြုခဲ့ကြဘူးပြီ၊ ယင်းသို့ မမူဘဲ၊ တာဝန်ရှိသူဟု ထင်ရသူ တဦးဦးကို ရာဇဝတ် ရုံးသို့ တင်ပို့ လျှင် တာဝန်ကျေပြီဟု မမှတ်ယူသင့်၊ ပေါ့ပေါ့လွယ်လွယ် စစ်ဆေး၍ ကြုံရာ တရားခံကို ရာဇဝတ်ရုံးသို့ တင်ပို့ခြင်းဖြင့် မျှတမှုကင်းမဲ့ခြင်းလည်း ဖြစ်နိုင်သည်။

* * * *

ယင်းစီရင်ထုံးအရ ကျွန်ုပ်တို့ သဘောပေါက်မိသည်မှာ ဌာနဆိုင်ရာ စစ်ဆေးခြင်း မပြုဘဲ တာဝန်ရှိသည်ဟု ထင်ရသူတဦးဦးကို ရုံးသို့တင်ပို့ရန် မသင့်ကြောင်းဖြစ်သည်။ အမှုအကြောင်းချင်းရာ အမျိုးမျိုးတို့မှာ တမှုနှင့်တမှု တူညီနိုင်ကြမည်မဟုတ်ပေ။ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် ပျက်ကွက်လျှင် တရားခံအား အပြစ်မှ လွှတ်ရမည်ဟူ၍ တထစ်ချ မှတ်ယူ၍လည်း မဖြစ်နိုင်ပေ။ အမှု အကြောင်းခြင်းရာ တမျိုးစီကို သီးခြားစိစစ်၍ မည်သည့်အမှုမျိုးတွင် တာဝန်ရှိသူ ထုတ်ဖော်နိုင်ရန် အတွက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုလိုသည်။ မည်သည့်အမှုမျိုးကိုမလိုဟူ၍ ဝေဖန်သုံးသပ်ရမည် ဖြစ်ပေသည်။ ဌာနဆိုင်ရာ စုံစမ်းမှုနှင့် တရားရုံးတွင် စစ်ဆေး ကြားနာခြင်းတို့မှာ ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်ပြီး အဖြေရှာသော အခါတွင် တူညီကြသည် မဟုတ်ချေ။ ဌာနဆိုင်ရာ စုံစမ်းမှုတွင် ဂျီဆာကြုလာ ပြဋ္ဌာန်းချက်များအရ၊ သက်ဆိုင်သူ အပေါ်တွင် မိမိတို့ဌာနအနေဖြင့် မည်သို့ အရေးယူသင့်ကြောင်း အဖြေရှာခြင်း ဖြစ်သည်။ တရားရုံးတွင် စစ်ဆေး ကြားနာခြင်းမှာ တရားခံသည် စွဲဆိုထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရ၊ အပြစ် ရှိ-မရှိ အဖြေ ရှာခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနဆိုင်ရာ စုံစမ်းမှု ကြိုတင်ပြုလုပ်ပြီးမှ ပြည်သူ့ရဲ တပ်ဖွဲ့သို့ တိုင်တန်းသင့်သည်ဆိုသော အဘွေးအခေါ် အယူအဆကို ကျွန်ုပ်တို့ သဘော မတူနိုင်ချေ။

(၁) ၁၉၇၀ ခု၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများ စာ-၃၀၇။

၁၉၇၄ — မောင်တိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

တရားခံသည် စွဲဆိုထားသော ပြစ်မှုနှင့် ပတ်သက်၍ အပြစ်ရှိကြောင်း ကျွန်ုပ်တို့ ယုံကြည်သည်၊ အပြစ်ဒဏ် သတ်မှတ်ခြင်းနှင့် ပတ်သက်ပြီး စဉ်းစားသော အခါတွင် အချင်းဖြစ် ဆိုင်ထိုင်ကို လစဉ်အချိန်မှန် စာရင်းများ စစ်ဆေးခဲ့ခြင်း မတွေ့ရချေ။ အကယ်၍သာ တာဝန်ရှိသူများက စာရင်းများ အချိန်မှန် စစ်ဆေးခဲ့လျှင် ဤမျှထိ အောင် ငွေကွာခြားမှု ပေါ်ပေါက်နိုင်ဘွယ်ရာရှိမည် မဟုတ်ချေ။ တရားခံသည် ယခင်က နာမည်ပျက်မရှိခဲ့ဘဲ တာဝန်ကျေပွန်စွာ လုပ်ကိုင်ခဲ့ကြောင်းလည်း သက်သေထွက်ချက် ရှိသည်။ အခြေခံစားကုန်ဆိုင်နှင့် ပတ်သက်သော ငရုတ်-ကြက်သွန် အစရှိသည့် ပစ္စည်း များမှာ သဘာဝအလျောက် လျော့နည်းနိုင်သော ပစ္စည်းမျိုး ဖြစ်သည့်၊ ဆိုင်ထိုင် အနေနှင့် သိမ်းဆည်း သိုလှောင်ရန်လည်း လွယ်ကူသော ပစ္စည်းမျိုးမဟုတ်ပေ။ ဤအချက်များကို ထောက်ထားပြီး တရားခံအပေါ်တွင် အပြစ်ဒဏ် သတ်မှတ်သော အခါမှာ သက်ညှာစွာ စဉ်းစားသင့်ပေသည်။ ထို့ကြောင့် အယူခံတရားလို မောင်တိုး အပေါ်တွင် ၁၉၆၃ ခုနှစ်၊ အများနှင့်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) ဆယ်နှစ် ကျခံစေရန် အမိန့်ကို ပယ်ဖျက်၍၊ ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၀၉ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၅) ငါးနှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးပဏ္ဍိတ္ထွေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

† ၁၉၇၄
စက်တင်ဘာလ ၆ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇၊ မယားခိုးမှု မြောက်ရန် အင်္ဂါရပ်များ၊ လျှောက်ထားသူသည် လင်ရှိမယားဖြစ်ကြောင်းနှင့် လင်နှင့် တရားဝင်ကွာရှင်းခြင်း မရှိသေးကြောင်းကို သိရှိနိုင်ခြင်း၊ သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိခြင်း၊ လင်ရှိ မယား ကိုယ်တိုင်က ကာမစပ်ယှက်သည်ဟု ထွက်ဆိုခြင်း၊ ဤကိစ္စမျိုးတွင် မျက်မြင် သက်သေရရန် ခဲယဉ်းခြင်း၊ လျှောက်ထားသူက ငြင်းဆိုသော်လည်း ယုံကြည်လောက်အောင် ဖြေရှင်းချက် မပေးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မယားခိုးမှုမြောက်ရန် အောက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံရမည်၊ ယင်းတို့မှာ (၁) လင်ရှိမယားဖြစ်ကြောင်းသိခြင်း၊ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိခြင်း(၂)ယင်းကို သိလျက် သို့မဟုတ်၊ ယုံကြည်ရန် အကြောင်းရှိလျက် ထိုမိန်းမနှင့် ကာမစပ်ယှက်ခြင်း (၃) ထိုသို့ ကာမစပ်ယှက်သည်ကို လင်ဖြစ်သူက သဘောမတူခြင်းတို့ဖြစ်သည်။ ။ယခုအမှုတွင် တရွာတည်း နေထိုင်သူများဖြစ်ကြသောကြောင့် မကြည်သည်မောင်ဖိုးတီး၏ မယားဖြစ်ကြောင်း၊ မောင်ဖိုးတီးနှင့် တရားဝင်ကွာရှင်းခြင်း မရှိသေးကြောင်းကို လျှောက်ထားသူ ဦးပဏ္ဍိတ္ထွေ သိနိုင်လောက်သည်၊ သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိသည်။ လျှောက်ထားသူသည် မကြည်အား ကာမ စပ်ယှက်ကြောင်းကို မကြည်ကိုယ်တိုင်က ထွက်ဆိုထားသည်။ လျှောက်ထားသူ၏ အမူအရာ အားဖြင့်လည်း ပေါ်လွင်သည်။ ဤကိစ္စမျိုးတွင် မျက်မြင် သက်သေရရန် ခဲယဉ်းသည်။ လျှောက်ထားသူက ငြင်းကွယ်သော်လည်း ယုံကြည်လောက်အောင် ဖြေရှင်းတင်ပြခြင်း မပြုနိုင်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။မလာ

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၇ (ခ)၊

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၀ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့စွဲပါ ကျိုက်ထိုမြို့၊ တိုင်းပြည်သူ့တရားရုံး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၄
ဦးပဏ္ဍိစ္စေ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

တောင်သူ မောင်ဖိုးတီးနှင့် မကြည်တို့ဇနီးမောင်နှံသည် ကျိုက်ထိုမြို့နယ်၊ ပျဉ်းကတိုးကုန်းရွာ၌ ၁၈ နှစ်ခန့် အတူတကွ ပေါင်းသင်းနေထိုင် လာခဲ့ရာ၊ သားသမီး ၇ ယောက်ပင် ရရှိခဲ့ပြီးနောက်၊ ၁၉၇၃ ခုနှစ်၊ ဧပြီလတွင် လင်မယားချင်း စိတ်ဆိုး၍ မကြည်သည် နေအိမ်မှ ဆင်းသွားသည်။ တရွာတည်းနေ တောင်သူ ဦးပဏ္ဍိစ္စေသည် အခွင့်ကောင်းယူ၍ မကြည်အား မိမိ၏နေအိမ်၌ လက်ခံထားပြီး ကာမစပ်ယှက်သည်။ ဦးပဏ္ဍိစ္စေမှာ ငယ်ရွယ်သူမဟုတ်၊အသက် ၇၀ ရှိလေပြီ၊ မကြည်သည် ဦးပဏ္ဍိစ္စေထံ၌ တလခန့် နေထိုင်ပြီးနောက်၊ လင်ဖြစ်သူ မောင်ဖိုးတီးထံ ပြန်လာသည်။ မကြည်အား စွဲလန်းနေသော ဦးပဏ္ဍိစ္စေသည် အရှက်အကြောက် ကင်းမဲ့စွာဖြင့် မောင်ဖိုးတီး၏ အိမ်ပေါ် အထိ လိုက်လာ၍ မောင်ဖိုးတီး၏ ရှေ့မှောက်၌ မကြည်အား ဆွဲခေါ်သည်။ ခေါ်၍မရသောအခါ ဦးပဏ္ဍိစ္စေပြန်သွားသည်။ မောင်ဖိုးတီးက မခံမရပ်နိုင်၍ ဦးပဏ္ဍိစ္စေအပေါ်တွင် မယားခိုးမှုစွဲဆိုသည်။

ကျိုက်ထိုမြို့နယ်၊ ပြည်သူ့တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၃၇/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တနှစ် အပြစ်ပေးခြင်း ခံရပြီး၊ ကျိုက်ထိုမြို့၊ တိုင်းပြည်သူ့တရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၀/၇၃ တွင် အယူခံ ပလပ်ခြင်းခံရသော ဦးပဏ္ဍိစ္စေက အောက်ရုံးအမိန့်ကို ပယ်ဖျက်ပေးပါရန် ဤဗဟိုတရားရုံးတွင် ယခုပြင်ဆင်မှု လျှောက်ထားသည်။

မယားခိုးမှုမြောက်ရန် အောက်ပါ အင်္ဂါများနှင့် ပြည့်စုံရမည်။ ယင်းတို့မှာ (၁) လင်ရှိမယားဖြစ်ကြောင်း သိခြင်း၊ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိခြင်း၊ (၂) ယင်းကိုသိလျက် သို့မဟုတ်၊ ယုံကြည်ရန် အကြောင်းရှိလျက် ထိုမိန်းမနှင့် ကာမစပ်ယှက်ခြင်း၊ (၃) ထိုသို့ ကာမစပ်ယှက်သည်ကို လင်ဖြစ်သူက သဘောမတူခြင်းတို့ ဖြစ်သည်။

ယခုအမှုတွင် တရွာတည်း နေထိုင်သူများ ဖြစ်ကြသောကြောင့်၊ မကြည်သည် မောင်ဖိုးတီး၏ မယားဖြစ်ကြောင်း၊ မောင်ဖိုးတီးနှင့် တရားဝင် ကွာရှင်းခြင်းမရှိသေးကြောင်းကို လျှောက်ထားသူ ဦးပဏ္ဍိစ္စေ သိနိုင်လောက်သည်၊ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိသည်။

လျှောက်ထားသူသည် မကြည်အား ကာမ စပ်ယှက်ကြောင်း မကြည်ကိုယ်တိုင်က ထွက်ဆိုထားသည်။ လျှောက်ထားသူ၏ အမှုအရာအားဖြင့်လည်း ပေါ်လွင်သည်။ ဤကိစ္စမျိုးတွင် မျက်မြင်သက်သေရရန် ခဲယဉ်းသည်။ လျှောက်ထားသူက ငြင်းကွယ်သော်လည်း ယုံကြည်လောက်အောင် ဖြေရှင်းတင်ပြခြင်း မပြုနိုင်။

၁၉၇၄

ဦးပဏ္ဍိဒ္ဓေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

မကြည်၏လင်ဖြစ်သူ မောင်ဖိုးတီးကမကျေနပ်၍ တရားရုံးတွင်ဦးတိုက်လျှောက်ပြီး တရားစွဲဆိုခဲ့သည်။

တရားလိုဘက်မှ ဤအခြင်းအရာများ ပေါ်လွင်အောင် သက်သေပြနိုင်သဖြင့် မူလရုံးနှင့် အယူခံရုံးတို့က လျှောက်ထားသူ အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ ပြစ်မှုထင်ရှားကြောင်း တွေ့ရှိချက်မှာ မှန်ကန်ပေသည်။

လျှောက်ထားသူသည် သူတပါး၏ အိမ်ထောင်ရေးကို ကြီးစွာ အနှောင့်အယှက် ပြုခဲ့သူဖြစ်သည်။ ကျူးလွန်ခဲ့သော လူမှုရေးပြစ်မှုနှင့် နှိုင်းစာလျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် တနှစ်သည် လျော်ကန်သင့်မြတ်ပေသည်။

ဤအကြောင်းများကြောင့် လျှောက်ထားသူ အပေါ်တွင် မူလရုံးနှင့် အယူခံရုံးတို့မှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တနှစ် ကျခံစေရန် ချမှတ်ထားခြင်းကို အတည်ပြု၍ ယခုပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးသန့်စင်တို့ပါဝင်သော -
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄
ဩဂုတ်လ
၂၈ ရက်။

ဦးမေရာမေဒင် *

နှင့်

မသန်းညွန့်

နှုတ်သက်သေခံချက်အပေါ် လက်ခံခြင်း၊ တရားဝင် အကြောင်းလင်မယားတို့၏ ပြုမူဆက်ဆံပုံ။

ဆုံးဖြတ်ချက်။ ။နှုတ်သက်သေခံချက်မှာ မည်သူ့ကိုမဆို သင်ကြား၍ လွယ်ကူစွာ သက်သေခံခိုင်းနိုင်သဖြင့် သေချာချင့်ချိန်ဝေဖန်သုံးသပ်ပြီးမှ သာလျှင် လက်ခံရမည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးထွန်းဝေ။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။အကျိုးဆောင် ဦးတင်အောင်။

မန္တလေးမြို့၊ အရှေ့မြောက်မြို့နယ်၊ ပြည်သူ့တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၆/၇၂ တွင် လျှောက်ထားခံရသူ မသန်းညွန့်က လျှောက်ထားသူ ဦးမေရာမေဒင် အပေါ် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၀ အရ၊ တရားစွဲဆိုခဲ့သည်။ မြို့နယ်ပြည်သူ့ တရားရုံးက ဦးမေရာမေဒင် အပေါ်တွင် ဒဏ်ငွေ ၁,၀၀ဝိ (တထောင်ကျပ်တိတိ) ပေးဆောင်စေရန် နှင့် အကယ်၍ ဒဏ်ငွေမဆောင်လျှင် အလုပ်မဲ့ ထောင်ဒဏ်တနှစ် ကျခံစေရန် အပြစ်ပေးခဲ့လေသည်။

ယင်းကဲ့သို့ အပြစ်ပေးခြင်းမှာ နည်းသည်ဟု မသန်းညွန့်က ယူဆပြီး၊ မန္တလေးမြို့ရုံးထိုင် မန္တလေးတိုင်း ပြည်သူ့တရားရုံးသို့ ဦးမေရာမေဒင် အပေါ်တွင် ပြစ်ဒဏ်တိုးမြှင့်ပေးရန်အတွက် ပြင်ဆင်မှု လျှောက်ထားခဲ့သည်။ မန္တလေးတိုင်း ပြည်သူ့တရားရုံးက ဦးမေရာမေဒင် အပေါ်တွင် ပြင်ဆင်မှု ဖွင့်လှစ်ပြီး အလုပ်မဲ့ထောင်ဒဏ် တနှစ်နှင့် ဒဏ်ငွေ ၁,၀၀ဝိ (တထောင်ကျပ်တိတိ) ပေးဆောင်ရန်၊ ဒဏ်ငွေမဆောင်က အလုပ်မဲ့ ထောင်ဒဏ် ၆ လကျခံရန် ဆုံးဖြတ်ခဲ့လေသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၇ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၅ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့စွဲပါ မန္တလေးတိုင်း ပြည်သူ့တရားသူကြီးအဖွဲ့ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၄

ဦးမေရာမေဒင် နှင့် မသန်းညွန့်။

ယင်းကဲ့သို့ မန္တလေးတိုင်း ပြည်သူ့တရားရုံးက အမိန့်ချမှတ်ခြင်းကို ဦးမေရာမေဒင်က မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့သည် လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်၏ လျှောက်ထားချက်များနှင့် လျှောက်ထား ခံရသူအတွက် ဆောင်ရွက်သော အကျိုးဆောင်၏ လျှောက်လဲချက်များကို ကြားနာပြီး ဖြစ်သည့်အပြင် သက်ဆိုင်သည့် အောက်ရုံး အမှုတွဲကိုလည်း သေချာစွာ လေ့လာသုံးသပ်ခဲ့ကြသည်။

မူလတရားရုံးတွင် မသန်းညွန့်က ဦးမေရာမေဒင် အပေါ်၌ တရားစွဲဆိုခြင်းမှာ သူမ၏ အဒေါ်တော်သူ ဒေါ်သိန်းရင် (ကွယ်လွန်သူ)မှာ ဦးမေရာမေဒင်နှင့် မည်သို့မျှ တော်စပ်ခြင်းမရှိဘဲ၊ ဦးမေရာမေဒင်က ဒေါ်သိန်းရင်သည် ၎င်း၏ဇနီး ဖြစ်ပါသည်ဟု သတင်းစာတွင် ကြေငြာသဖြင့် အသရေပျက်မှုပုဒ်မ ၅၀၀ အရ၊ တရားစွဲဆိုခြင်း ဖြစ်လေသည်။

ဦးမေရာမေဒင်က ဒေါ်သိန်းရင်သည် ၎င်း၏ဇနီး ဖြစ်၍သာ သတင်းစာတွင် အမှန်အတိုင်း ကြေငြာသဖြင့် အပြစ်မရှိဟု ထုချေလေသည်။

ထို့ကြောင့် ဤအမှုတွင်အဓိကဆုံးဖြတ်ရမည့် အချက်မှာကွယ်လွန်သူ ဒေါ်သိန်းရင်သည် ဦးမေရာမေဒင်၏ တရားဝင်ဇနီးဟုတ် မဟုတ်ဟူသော အချက်ဖြစ်သည်။

ဒေါ်သိန်းရင်၏ ခင်ပွန်းမှာ နာနာမာမက် (ခေါ်) ဦးစိန်ဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်နှင့် ဦးစိန်တို့ထံ၌ အလုပ်လုပ်ကိုင်ခဲ့သည်၊ ဦးစိန်နှင့် ဒေါ်သိန်းရင်တို့မှာ ဘယဆေးရောင်းသော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ ၁၉၅၇ ခုနှစ်တွင် ဦးစိန်ကွယ်လွန် အနိစ္စရောက်ခဲ့သည်။ ဦးစိန် အနိစ္စရောက်ပြီးနောက်၊ ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်ထံတွင် ဆက်လက်၍ အလုပ်လုပ်ကိုင်ရင်း အတူတကွ နေထိုင်ခဲ့ကြသည်။ ၁၉၇၂ ခုနှစ်တွင် ဒေါ်သိန်းရင် ကွယ်လွန်ခဲ့လေသည်။

တရားလိုပြသက်သေ ဦးဂျာနီနှင့် ဒေါ်စိုးစိုးတို့၏ ထွက်ဆိုချက်အရ ဦးမေရာမေဒင်မှာ ဒေါ်သိန်းရင်ထံတွင် လခဖြင့် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားတယောက်ဖြစ်ကြောင်း ပေါ်လွင်သော်လည်း ဦးမေရာမေဒင်က ၎င်းသည်လခ မရရှိကြောင်းဖြင့် ငြင်းဆိုခဲ့လေသည်။ မိမိနှင့် ဆွေမျိုးတော်စပ်ခြင်းမရှိသည့် ပုဂ္ဂိုလ်တဦးတယောက်အတွက် လခမယူဘဲ နှစ်ပေါင်းများစွာ လုပ်ကိုင်ပါသည် ဆိုခြင်းမှာ သဘာဝနှင့်ဆန့်ကျင်နေသည်။

၁၉၇၄

ဦးမေရာမေဒင် နှင့် မသန်းညွန့်။

ကွယ်လွန်သူ ဒေါ်သိန်းရင်သည် ဗုဒ္ဓဘာသာတဦးဖြစ်ပြီး၊ နတ်ကိုးကွယ်သည့် နတ်ကတော်တဦးဖြစ်ကြောင်းဖြင့်လည်း တရားလိုပြသက်သေများက အထောက်အထားများဖြင့် ထွက်ဆိုခဲ့သည်။ ဦးမေရာမေဒင်က ဒေါ်သိန်းရင်သည် ဗုဒ္ဓဘာသာဝင်မဟုတ်ကြောင်း၊ နတ်မကိုးကွယ်ကြောင်း၊ နတ်ကတော်လည်းမဟုတ်ကြောင်းဖြင့် ငြင်းဆိုခဲ့လေသည်။ တန်ဘိုးအားဖြင့် တသိန်းခန့်တန်သော လက်ဝတ်တန်ဆာပစ္စည်းမျိုးကို ဆင်ယင်ထားသည့် မန့်လေးနတ်ရုပ်ကို ဒေါ်သိန်းရင်က ၎င်း၏တိုက်တွင် ထိန်းသိမ်းထားရှိခြင်းကို အငြင်းမထွက်ပေ။ အမရပူရမြို့နယ်အပိုင် ရတနာ့ဂူ နတ်ကွန်းတွင် ၁၈ နှစ်အတွက် ဆိုင်းတီးခွင့်ပေးသည့် စာချုပ်တွင် ဒေါ်သိန်းရင် လက်မှတ်ရေးထိုးထားခြင်းမှာလည်း စာချုပ်၌ ပေါ်လွင် ထင်ရှားလေသည်။ နတ်မကိုးကွယ်ဘဲလျက် ရတနာစီချယ်ထားသည့် မန့်လေးရုပ်ပုံကို မိမိ၏အိမ်တွင် ထားရှိခြင်းမှာ သဘာဝအားဖြင့် မဖြစ်နိုင်ပေ၊ စာချုပ်စာတမ်းတွင် ဒေါ်သိန်းရင် လက်မှတ်ရေးထိုးထားခြင်းမှာလည်း ၎င်းသည် နတ်၏ အရေးကိစ္စတွင် အရေးပါသည့် ပုဂ္ဂိုလ်တဦးအဖြစ် ဆောင်ရွက်နေသဖြင့်သာလျှင် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း အလွယ်တကူ သဘောပေါက်နိုင်လေသည်။

ဦးမေရာမေဒင်က အထက်ဖော်ပြပါ အချက်များကို မဟုတ်ကြောင်း ငြင်းဆိုသည်။ ၎င်းနှင့် ဒေါ်သိန်းရင်တို့ နက်ဖတ် (လက်ထပ်) ခြင်းကသာလျှင် မှန်ကန်ကြောင်း သက်သေထူခဲ့သည်။

ဦးမေရာမေဒင်၏ ထွက်ဆိုချက်အရ ၎င်းနှင့် ဒေါ်သိန်းရင်တို့မှာ ၁၉၆၀ ခုနှစ်၊ မတ်လလောက်က နက်ဖတ် (လက်ထပ်) ခဲ့သည်ဟု အဆိုရှိခဲ့သည်။ တနည်းအားဖြင့် ဆိုလျှင် ဒေါ်သိန်းရင် မကွယ်လွန်မီ ၁၂ နှစ်ခန့်ကပင် ၎င်းနှင့် ဒေါ်သိန်းရင်တို့မှာ တရားဝင် အကြင်လင်မယားဖြစ်ခဲ့သည်ဟု ဆိုခြင်းဖြစ်သည်။ အကယ်၍သာ ဤအချက်မှန်ကန်ခဲ့လျှင် ဦးမေရာမေဒင်၏ အပြုအမူနှင့် ဒေါ်သိန်းရင်တို့၏ အပြုအမူမှာ အခြားလူများနှင့် ဆက်ဆံပေါင်းသင်းရာတွင် ၎င်းတို့နှစ်ဦး လင်မယားဖြစ်ကြောင်း ပေါ်ပေါ်လွင်လွင် ဖြစ်သင့်ပေသည်။ သဘာဝအတိုင်းဆိုလျှင် တရားဝင် လက်ထပ်ပြီးသော ဇနီးမောင်နှံတို့မှာ အခြားလူများရှေ့တွင် မိမိတို့သည် အကြင်လင်မယားဖြစ်ကြောင်း ရဲရဲတင်းတင်း ဆက်ဆံပြောဆိုရမည်သာဖြစ်လေသည်။ မည်သူ့ကိုမျှ ရှက်ကြောက်ရန်လိုမည်မဟုတ်ချေ။

ဒေါ်သိန်းရင်ကလည်း ဦးမေရာမေဒင်သည် သူမ၏ တရားဝင်ယောကျ်ား ဖြစ်ခဲ့လျှင် သူမ၏ ဆွေမျိုးများအား ပြောပြရန် နှောင့်နှေးလိမ့်မည်မဟုတ်ချေ။ ဒေါ်သိန်းရင်က ၁၂ နှစ်လုံးလုံး သူမ၏ ဆွေမျိုးများအား လက်ထပ်ကြောင်း မပြောခဲ့ခြင်းမှာ

သူမနှင့် ဦးမေရာမေဒင်တို့မှာ တရားဝင် လက်ထပ်ခြင်းမရှိ၍သာ မပြောခြင်းဖြစ်ပေလိမ့်မည်။ ၁၉၇၄

ဦးမေရာမေဒင်
နှင့်
မသန်းညွန့်။

ဒေါ်သိန်းရင် ကွယ်လွန်သောအခါတွင်လည်း ဦးမေရာမေဒင်သည် တရားဝင် ယောကျ်ားဖြစ်ခဲ့လျှင် ၎င်းဆောင်ရွက်သင့်သည့် ကိစ္စများကို ရဲရဲတင်းတင်း ဆောင်ရွက်ရမည်သာဖြစ်လေသည်။ အသုဘဘိတ်စာတွင် ဒေါ်သိန်းရင်သည် ၎င်း၏ ဇနီး ဖြစ်ကြောင်း ထည့်သွင်းသင့်သည်။ ဒေါ်သိန်းရင်ကို သင်္ဂြိုဟ်ရာတွင်လည်း မူဆလင် ထုံးစံအရ ၎င်းက တာဝန်ယူ၍ သင်္ဂြိုဟ်ရပေမည်။ မိမိ၏တရားဝင်ဇနီးဖြစ်ခဲ့လျှင် မည်သူ့ကိုမျှ ကြောက်ရွံ့နေရန် လိုမည်မဟုတ်ချေ။ ဦးမေရာမေဒင်က၊ ဒေါ်သိန်းရင်၏ အမျိုးများကို ကြောက်ရွံ့ရသဖြင့်၎င်းတို့ စီမံသည့်အတိုင်း ခံရပါသည်ဆိုခြင်းမှာ သဘာဝအားဖြင့် လက်မခံနိုင်ပေ။ လူတို့၏ ထုံးတမ်းအရဆိုလျှင် မည်သည့်ဘာသာကို ကိုးကွယ်သည့် လူမျိုးပင်ဖြစ်စေ လက်ထပ်ထိမ်းမြားခြင်းကိစ္စမှာ အရေးကြီးသော ကိစ္စတရပ်ဖြစ်ပေသည်။ အမျိုးသားနှင့် အမျိုးသမီးတို့သည် အိမ်ထောင်ရေး ဘဝကို တည်ဆောက်ခြင်းမှာ ဘဝတသက်တာအတွက် အလွန်အရေးကြီးသည့် ပြဿနာတရပ်ကို ဆောင်ရွက်ခြင်းဖြစ် လေသည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် တရားဝင်ဆောင်ရွက်ခြင်း ဖြစ်ပါမူ လျှို့ဝှက်စရာ မလိုဘဲ၊ တလောကလုံးကို သိစေရမည်သာ ဖြစ်ပေသည်။ အထူးသဖြင့် တအိမ်ထဲ အတူပေါင်းသင်းနေထိုင်ပါက ပို၍ပင် တလောကလုံးကို လင်မယားဖြစ်ကြောင်း ထင်ရှားစေသင့်သည်။

ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်နှင့် တရားဝင်လက်ထပ်ကြောင်း စာချုပ် စာတမ်း အထောက်အထား မတင်ပြနိုင်ချေ။ နှုတ်အားဖြင့် သက်သေခံချက်ပေးနိုင်သည့် ပုဂ္ဂိုလ်အချို့ကိုသာ သက်သေထူခဲ့လေသည်။ ထိုသက်သေတို့၏ ထွက်ဆိုချက်များမှာ သံသယရှိစရာ အောက်ပါအချက်များ ပါရှိလေသည်—

(၁) ဦးမေရာမေဒင်၏ ထွက်ဆိုချက်နှင့် ဦးဘစိန် ထွက်ဆိုချက် ကွဲလွဲမှု ရှိနေခြင်း၊ ဦးမေရာမေဒင်က ၎င်းသည် ဒေါ်သိန်းရင်နှင့် လက်ထပ်ရန်အတွက် ဦးသန်းဖေထံသို့ သွားပြီး စတင်တိုင်ပင်ရန် ထွက်ဆိုသော်လည်း၊ ဦးဘစိန်က ၎င်းအနေဖြင့် မေရာမေဒင်နှင့် ဒေါ်သိန်းရင်တို့ နေထိုင်ပုံမှာ လွတ်လွတ်ကင်းကင်း မရှိဟုယူဆ၍၊ ၎င်းကို နိကာဖတ် (လက်ထပ်) ရန်အတွက် ဦးသန်းဖေတို့နှင့် အတူ တိုင်ပင်၍ ဆောင်ရွက်ကြကြောင်း ထွက်ဆိုခဲ့လေသည်။

(၂) လက်ထပ်ပွဲ၌ ဒေါ်သိန်းရင်ဘက်မှ ဆွေမျိုးတဦး တယောက်မျှ မပါရှိခြင်း၊

၁၉၇၄

ဦးမေရာမေဒင် နှင့် မသန်းညွန့်။

(၃) လက်ထပ်ပြီးနောက် ဒေါ်သိန်းရင်ဘက်မှဆွေမျိုးများအား အကြောင်း မကြားခြင်း၊

(၄) ဒေါ်သိန်းရင်၏ အရပ်က မိတ်ဆွေများကို ပြောမပြခြင်း၊

(၅) ဦးထွန်းရင် (ခံပြသက်သေ-၇) ၏ ထွက်ဆိုချက်အရ၊ ဦးမေရာမေဒင်နှင့် ဒေါ်သိန်းရင်တို့မှာ တရားဝင်လက်ထပ်ခြင်း မရှိဟုယူဆရန်ရှိနေခြင်း၊ ဦးထွန်းရင်က "ခင်ဗျားနာမကျန်းဖြစ်နေပြီ၊ မေရာမေဒင်နှင့် ခင်မောင်သန်းတို့ကိုရည်ညွှန်း၍ သူတို့အတွက်ခိုင်လုံတာ ဘာလုပ်ထားလဲလို့ပြောတော့ ဒေါ်သိန်းရင်က သူတို့နှစ်ယောက်အပြင် ဘယ်သူရှိသေးလဲလို့ ပြောပါသည်။ ဒေါ်သိန်းရင်က ငါတို့ဟာ နဂါးဖတ်ထားပြီးသားကိစ္စဘဲ ဟု ကျွန်တော့အား ပြန်၍ ပြောသည်" ဟု ထွက်ဆိုခဲ့သည်။

နှုတ်သက်သေခံချက်မှာ မည်သူကိုမဆို သင်ကြား၍ လွယ်ကူစွာသက်သေခံခိုင်းနိုင်သဖြင့် သေချာစွာ ချင့်ချိန် ဝေဖန် သုံးသပ်ပြီးမှသာလျှင် လက်ခံရမည်ကိုလည်း သတိပြုရပေမည်။ သက်သေများ လက်ထပ်သည့်ခုနှစ်ကို ၁၉၆၀ ခုနှစ်ဖြစ်ကြောင်းတိကျစွာတညီတညွတ်တည်း ပြောပြနိုင်ခြင်းမှာ သင်ကြားပေးထားခြင်းမရှိဟု မဆိုနိုင်ပေ။

ဦးမေရာမေဒင်က အိမ်ထောင်စု ဇယားစာရင်းတွင် ၎င်းသည် အိမ်ထောင် ဦးစီး အဖြစ်ပါဝင်နေ၍ ဒေါ်သိန်းရင်၏ ယောကျ်ားဖြစ်ကြောင်းဖြင့်လည်း တင်ပြသည်။ ယင်းအချက်နှင့် ပတ်သက်၍ ဦးမေရာမေဒင်၏ အကျိုးဆောင်က လျှောက်ထားသည့်အတိုင်း တရားမျှတမှု ဖြစ်စေရန်အတွက်၊ အမျိုးသားမှတ်ပုံတင်ဌာနမှ ဦးဟုတ်ရီဆိုသူကိုလည်း မန္တလေးတိုင်း တရားစီရင်ရေးအဖွဲ့မှ ခေါ်ယူစစ်ဆေး စေခဲ့လေသည်။

ဦးဟုတ်ရီက—

"ပထမတွင် ကျွန်တော်က ဦးမေရာမေဒင်နှင့် ဒေါ်သိန်းရင်တို့ ဇနီးတော်စပ်ကြောင်း ကျွန်တော်ကိုယ်တိုင် ဖြည့်သွင်းရေးသားလိုက်ပါသည်။ တထိုင်တည်းမှာပင် ရကာစ ဦးမောင်ကြီးနှင့်ဦးရဲမင်းတို့က မေရာမေဒင်နှင့် ဒေါ်သိန်းရင်တို့မှာ မည်သို့မှ တော်စပ်ခြင်းမရှိ ဆရာတပည့်ပါဟု ပြောပါသည်၊ ထို့ကြောင့် ကျွန်တော်သည် မေရာမေဒင်၏ နိုင်ငံခြား မှတ်ပုံတင်ကို တောင်းယူ ကြည့်ရှုပါသည်။ ဦးမေရာမေဒင်၏ မှတ်ပုံတင် လက်မှတ်ကို ကြည့်ရှုရာ အမှတ်စဉ် (၁၀) တွင် အိမ်ထောင်ရေးနှင့် ပတ်သက်၍ ဖော်ပြထားခြင်း မရှိပါ။ အမှတ်စဉ် (၁၃) တွင် ဒေါ်သိန်းရင်အား အဒေါ်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ကျွန်တော်

ကိုယ်တိုင် မှားမှန်းသိသဖြင့် ဒေါ်သိန်းရင်အား ဇနီးဟု ဖော်ပြထားခြင်းကို ဖျက်၍ ပြင်ထားလိုက်ခြင်း ဖြစ်ပါသည် ”

၁၉၇၄

ဦးမေရာမေဒင် နှင့် မသန်းညွန့်။

ာွက်ဆိုလေသည်။ ထို့ကြောင့် ဦးမေရာမေဒင်၏ တင်ပြချက်မှာ အထောက်အထား ာ်လုံကြောင်း ပေါ်လွင်ခဲ့ပေသည်။

ဦးမေရာမေဒင်သည် နိုင်ငံခြားသား မှတ်ပုံတင် ကိုင်ဆောင်သူတဦးဖြစ်သည်၊ ငံခြားသား မှတ်ပုံတင် ဥပဒေအပိုဒ် ၁၂ တွင် ပြဋ္ဌာန်းထားသည့် အတိုင်းဆိုလျှင် ငံခြားသားများ ကိုင်ဆောင်သော လက်မှတ်တွင် ဖော်ပြထားသည့် အချက်အလက် ား တိကျမှု ရှိစေရန်အတွက် အခြေအနေပြောင်းလဲမှုရှိလျှင် မှတ်ပုံတင်ရုံးသို့ ၁၄ ရက် ာွင်း အကြောင်းကြားရမည်ဖြစ်သည်။ ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်နှင့် လက် ပ်သည်ဟု ဆိုသော်လည်း ၁၂ နှစ်မျှကာလပတ်လုံး မှတ်ပုံတင်ရုံးသို့ အကြောင်း ကြားခဲ့ပေ။ ဦးဟုတ်ရီက—

“ မေရာမေဒင်၏ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို ကြည့်ရှုရာ အမှတ စဉ် (၁၀) တွင် အိမ်ထောင်ရှိ မရှိဖော်ပြမထားဘဲ၊ အမှတ်စဉ် (၁၃) တွင် ဒေါ်သိန်းရင်အား အဒေါ်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။ အမှတ်စဉ် (၁၀) တွင် အိမ်ထောင် လက်ရှိဟု ဖော်ပြမထားသော်လည်း မုဆိုးဘိုဟု ဖော်ပြ ထားသည်ကို တွေ့ရပါသည် ”

ထွက်ဆိုခဲ့လေသည်။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သင့်သည်ကို ဦးမေရာ ဒင်က ဆောင်ရွက်ခဲ့ခြင်းမရှိသည်မှာ ထင်ရှားသည်။ ဦးမေရာမေဒင်သည် ဒေါ်သိန်း ်နှင့် တရားဝင်လက်ထပ်ခဲ့ခြင်းမရှိ၍ မှတ်ပုံတင်ရုံးသို့ အကြောင်းမကြားခဲ့ခြင်း ဖြစ် ည်ဟု ယူဆရန်မှတပါး အခြားထင်မြင်ယူဆဘွယ်ရာ အကြောင်းတစုံတရာမရှိချေ။

ဦးမေရာမေဒင်သည် ဥပဒေအရသော်၎င်း၊ လူမှုရေးအရသော်၎င်း တရားဝင် သာကျွေးတို့၏၊ မိမိ၏ ဇနီးအပေါ်တွင် ဆောင်ရွက်သင့်သည့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်း မရှိကြောင်း ပေါ်လွင်နေပေသည်။ လက်ထပ်ပါသည်ဟု နှုတ် က်သေခံ တင်ပြရုံမျှနှင့် သဘာဝတရားကို ဆန့်ကျင်ပြီးအဓိပ္ပါယ် ကောက်ယူရန် ဖြစ်နိုင်ပေ။ သဘာဝတရားအရဆိုလျှင် ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်၏ ရားဝင်ယောကျ်ားတဦး မဖြစ်နိုင်ကြောင်း ပေါ်လွင်ထင်ရှားခဲ့လေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်၏ ရားဝင်ခင်ပွန်းသည်မဟုတ်ပါဘဲလျက်နှင့် ဒေါ်သိန်းရင်သည် ၎င်း၏ဇနီးပါဟုသတင်း သွင် ၂ ကြိမ်တိတိကြော်ငြာခြင်းမှာ အပြစ်ရှိကြောင်း ထင်ရှားပေါ်လွင်လေသည်။

၁၉၇၄
ဦးမေရာမေဒင် နှင့် မသန်းညွန့်။

ဦးမေရာမေဒင်၏ အကျိုးဆောင်က ဦးမေရာမေဒင်အပေါ်တွင် ထောင်ဒဏ် ပေ
ထားခြင်းမှာ မသင့်လျော်ကြောင်းဖြင့် လျှောက်လဲခဲ့သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်
၅၀၀ အရ၊ မည်သူမဆို အခြားသူတဦး၏ အသရေကို ဖျက်လျှင် ထိုသူကို ၂ နှစ်အထ
အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ပ
ပြဋ္ဌာန်းထားပေသည်။

ဥပဒေအရ အသရေဖျက်မှုကျူးလွန်သူကို ထောင်ဒဏ်ပေးနိုင်သည်မှန်သော်လည်
ဦးမေရာမေဒင်အပေါ်တွင် မန္တလေးမြို့၊ တိုင်းပြည်သူ့တရားရုံးက ထောင်ဒဏ်တနှ
ပေးခြင်းမှာ အမှု၏ဖြစ်ရပ်နှင့် နှိုင်းချိန်ကြည့်ရာတွင် အနည်းငယ် ကြီးလေးနေသည်ဟ
ယူဆရန်ရှိသည်။

သို့ဖြစ်၍၊ မန္တလေးမြို့၊ တိုင်းပြည်သူ့ တရားရုံးက ဦးမေရာမေဒင်အပေါ် ထောင
ဒဏ်တနှစ် ကျခံစေရန် ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်ပြီး ဦးမေရာမေဒင်သည်
ဤပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ အလုပ်မဲ့ ထောင်ဒဏ် ၆ လနှင့် ဒဏ်ငွေ
၁,၀၀၀ိ (တထောင်ကျပ်တိတိ) ပေးဆောင်ရန်၊ ဒဏ်ငွေမဆောင်က အလုပ်မဲ့ ထောင
ဒဏ် ၆ လကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဉက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမြမောင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးစောလှိုင်)*

† ၁၉၇၄ စက်တင်ဘာလ ၁၄ ရက်။

စ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ အမှုစစ်ဆေးကြားနာခြင်း ပြီးဆုံးသော အခါ တရားရုံးက သက်သေခံပစ္စည်းနှင့် ပတ်သက်၍ သင့်တော်သော အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ဒ်မ ၅၁၇ အရ ချမှတ်ရသည်။ ဤကဲ့သို့အမိန့်ချမှတ်ရာ၌ အမှုတွင် နှစ်ဖက်မှတင်ပြသော သက်သေ ံချက်များကို အသေးအနက် စဉ်းစားလျက် သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှား ကြောင်း မတွေ့ရှိပါက ယေဘုယျအားဖြင့် ယင်းပစ္စည်းကို သိမ်းဆည်းခြင်းခံရသူသို့ ပြန်ပေးရန် ညွှန်ကြားနိုင်သည်။ ယင်းအမိန့်ကို မကျေနပ်သူသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန်လျှောက်ထားခွင့်ရှိသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ပဟိုဥပဒေရုံး၊ ရှေ့နေကြီး၊ ဦးမြင့်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

မြောက်ဥက္ကလာပမြို့၊ (ဃ) ရပ်ကွက်၊ ဝေပုလ္လ ၅ လမ်းနေ၊ ဦးစောလှိုင်သည် လိုင်စင်မဲ့ငွေတိုး ချေးစားနေကြောင်း မြောက်ဥက္ကလာပမြို့၊ (ဃ) ရပ်ကွက်၊ ဝေပုလ္လ ၃ လမ်းနေ ဦးမြမောင်၏ တိုင်တန်းချက်အရ မြောက်ဥက္ကလာပမြို့၊ တရားရေးဝန်ထမ်း အဆင့် (၃) က ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅၀၈/၇၁ တွင် စစ်ဆေးကြားနာပြီး၊ ငွေတိုးချေးစားသူများ အက်ဥပဒေပုဒ်မ ၁၇ အရ၊ ဦးစောလှိုင်အား ငွေဒဏ် ၅၀ ကျပ် စီရင်၍၊ အမှုတွင် သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော အပ်ချုပ်စက်ခေါင်းကို

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၀၄(ခ)။

† ၁၉၇၃ ခုနှစ်၊ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၃ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ အောက်တိုဘာ လ ၂၉ ရက်နေ့စွဲပါ မြောက်ဥက္ကလာပ မြို့နယ်ရုံးထိုင်၊ ရန်ကုန်တိုင်း ပြည်သူ့တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၄

ဦးမြမောင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ဦးစောလှိုင်)။

မူလပိုင်ရှင် ဦးဝင်းသို့ ပြန်ပေးစေရန်နှင့် ပတ္တမြားလက်စွပ်ကို သိမ်းဆည်းခြင်းခံရသူ ဦးစောလှိုင်သို့ ပြန်ပေးစေရန် အမိန့်ချသည်။ ဦးစောလှိုင်သည် ငွေဒဏ်နှင့် ပတ်သက်သော အမိန့်ကိုသော်လည်းကောင်း၊ သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်းသည့် အမိန့်ကိုသော်လည်းကောင်း အယူခံခြင်း မပြုသော်လည်း ဦးမြမောင်က သက်သေခံပစ္စည်း ပတ္တမြားလက်စွပ်နှင့် သက်ဆိုင်သော အမိန့်ကို မကျေနပ်သဖြင့် ပယ်ဖျက်ပေးပါရန် အယူခံသည်။ သို့ရာတွင် မြောက်ဥက္ကလာပ မြို့နယ်ရုံးထိုင် ရန်ကုန်တိုင်း ပြည်သူ့တရားရုံးက ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၃/၇၃ တွင် အောက်ရုံးအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သောကြောင့် ဦးမြမောင်သည် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ အမှုစစ်ဆေး ကြားနာခြင်း ပြီးဆုံးသောအခါ တရားရုံးက သက်သေခံပစ္စည်းနှင့် ပတ်သက်၍ သင့်လျော်သော အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ချမှတ်ရသည်။ ဤကဲ့သို့ အမိန့်ချမှတ်ရာ၌ အမှုတွင် နှစ်ဘက်မှတင်ပြသော သက်သေခံချက်များကို အသေးအနက် စဉ်းစားလျက် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားကြောင်း မတွေ့ရှိပါက ယေဘုယျအားဖြင့် ယင်းပစ္စည်းကို သိမ်းဆည်းခြင်းခံရသူသို့ ပြန်ပေးရန် ညွှန်ကြားနိုင်သည်။ ယင်းအမိန့်ကို မကျေနပ်သူသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်ရှိသည်။

သက်ဆိုင်ရာအမှုတွင် သက်သေခံပစ္စည်း ၂ ခု ရှိသည့်အနက် အပ်ချုပ်စက်ခေါင်းကို တရားခံ ဦးစောလှိုင်သည် အပေါင်ခံ၍ အတိုးနှင့် ငွေချေးကြောင်း ထင်ရှားသဖြင့် တရားရုံးက ဦးစောလှိုင်အား အပြစ်ပေးပြီး၊ အပ်ချုပ်စက်ခေါင်းကို မူလပိုင်ရှင် ဦးဝင်းသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ တရားလမ်းမှန်ကျသည်။

ကျန်သက်သေခံပစ္စည်း ပတ္တမြား လက်စွပ်ကို တရားခံ ဦးစောလှိုင်သည် အပေါင်ခံ၍ အတိုးနှင့်ငွေချေးကြောင်း တရားလို ဦးမြမောင်၏ အဆိုသာရှိ၍ ခိုင်လုံသော သက်သေခံချက်မရှိ၊ တရားခံ ဦးစောလှိုင်ကလည်း ငြင်းဆိုလျက် ယင်းလက်စွပ်မှာ ဦးစောလှိုင်က ဦးမြမောင်အား အရောင်းခိုင်းလိုက်သော အခြားလက်စွပ်အတွက် အာမခံအဖြစ် ခေတ္တ လက်ခံထားခြင်းသာဖြစ်ကြောင်း သက်သေများ ပြနိုင်သဖြင့် ပတ္တမြားလက်စွပ်နှင့် ပတ်သက်၍ ပြစ်မှုမထင်ရှားကြောင်း တွေ့ရသည့် အလျောက် ယင်းလက်စွပ်ကို သိမ်းဆည်းခြင်းခံရသူ ဦးစောလှိုင်သို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့ခြင်းမှာလည်း တရားလမ်းမှန်ကျပေသည်။

သက်သေခံပစ္စည်း ပတ္တမြားလက်စွပ်နှင့် စပ်လျဉ်း၍ ချမှတ်ထားသော အောက်ရုံးအမိန့်ကို အတည်ပြုသည်။ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ရာဇဝတ်ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးခအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်ဇင်နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမြဝင်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

† ၁၉၇၄
နိုဝင်ဘာလ
၇ ရက်။

သက်သေခံဥပဒေ- ကြံရာပါတဦး၏ ထွက်ဆိုချက်ကို မည်သည့်အခါ ကျန်တရားခံတဦးအပေါ် အသုံးချနိုင်သည်ကို ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ကြံရာပါ တဦး၏ ထွက်ဆိုချက်သည် တန်ဖိုးနည်းပါးသော်လည်း ယင်းထွက်ချက်ကို လုံးဝပစ်ပယ်ရမည်မဟုတ်၊ ယင်းထွက်ချက်ကို ထောက်ခံသော ပဘ်ဝန်းကျင်အထောက်အထားများရှိပြီး သဘာဝယုတ္တိအားဖြင့် ယုံကြည်သင့်သော ထွက်ချက် ဖြစ်လျှင် အသုံးချနိုင်သည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံး ရှေ့နေ ဦးပေါ်ညွန့်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

ယခု ပြင်ဆင်မှု တင်သွင်းသူမှာ သင်္ဘောစက်ဆရာ ဦးမြဝင်း ဖြစ်သည်။ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့ပိုင် "နဂါးတွင်း" အမည်ရှိ သင်္ဘောသည် ကျိုက်လတ်မြို့မှ ဆန်များတင်ပြီး ရန်ကုန်မြို့သို့ လာရာတွင် ဘိုးဘုတ်သာချောင်းအနီးမှာ အစိုးရပိုင်ဆန်များကို အနီးအနားမှ လာဝယ်ကြသူများအား ရောင်းချသည်ဟု သတင်းရရှိသောကြောင့် သွားရောက် ဖမ်းဆီးသောအခါတွင် ဆန်ဝယ်သူများနှင့် အတူဖမ်းဆီးရမိသည်။ ထို့ကြောင့် သင်္ဘောဆလင်ဦးလှရွှေ အပါအဝင် ၁၇ ဦးတို့အားပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ၊ တရားစွဲဆိုသော အခါတွင် ငယ်သားအချို့လွတ်၍ ခေါင်းဆောင်ပိုင်းမှ ပါဝင်သူများကို အသီးသီးအပြစ်ပေးသည်။ စက်ဆရာ ဦးမြဝင်းလည်း အပြစ်ပေးခံရသည်။ ဦးမြဝင်းအပေါ် စွပ်စွဲချက်ရှိသည်မှာ ဦးမြဝင်းသည် သင်္ဘောဆလင်

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၁၂(ခ)။

†၊ ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃၇ တွင်၊ ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့စွဲပါ ကျိုက်လတ်မြို့၊ မြို့နယ်ပြည်သူ့တရားရုံး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၄

ဦးမြဝင်းနှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ဦးလှရွှေနှင့် တကွ ကျန်သင်္ဘောသားများပါ ပူးပေါင်းကြံစည်ပြီးလျှင် ဘိုးတုတ်ဝချောင်း အနီးသို့ ရောက်သောအခါတွင် သင်္ဘော စက်ပျက်ဟန်ဆောင်၍ ပြင်ဆင်သည်။ ထိုအချိန်တွင် အနီးအနားမှ ဆန်လာရောက် ဝယ်သူများကို အစိုးရဆန်များ ရောင်းချသည်ဟူ၍ဖြစ်သည်။

ဦးမြဝင်းက တစ်ပြသည်မှာ ဆန်ရောင်းဝယ်သည့် ကိစ္စနှင့် ပတ်သက်၍ မိမိလုံးဝ မသိရပါ။ အမှန်တကယ် စက်ပျက်သောကြောင့် ဘိုးတုတ်ဝချောင်း အနီးတွင် စက်ပြင်ဆင်နေရခြင်း ဖြစ်ပါသည်။ ဤသို့ စက်ခန်းအတွင်းမှာ စက်ပြင်နေရသည် ဖြစ်သောကြောင့် သင်္ဘောအပေါ်တွင် ဆန်ရောင်းဝယ်ခြင်း ကိစ္စကို မိမိလုံးဝ မသိရကြောင်း ဖြစ်လေသည်။ သင်္ဘောဆလင် ဦးလှရွှေသည် အစိုးရပိုင်ဆန်များ ရောင်းချခြင်းနှင့် ပတ်သက်၍ အပြစ်ရှိကြောင်း ဝန်ခံသည်။ ဆန်များကို ရောင်းချနိုင်ရန်အတွက် စက်ဆရာ ဦးမြဝင်းနှင့် ကြိုတင်တိုင်ပင်ကြပြီးလျှင် ယခင်ကလည်း ဤသို့ပင်ဆန်များ ခိုးယူရောင်းချသော နေရာဖြစ်သည့်ဘိုးတုတ်ဝချောင်း အနီးတွင် ဦးမြဝင်းက သင်္ဘောကို စက်ပျက်ဟန်ဆောင်၍ ရပ်ပေးကြောင်း ထွက်ဆိုသည်။ ဦးလှရွှေ၏ ထွက်ဆိုချက်သည် ပူးတွဲတရားခံတဦး၏ ထွက်ဆိုချက်ဖြစ်သောကြောင့် ယင်းထွက်ချက် တခုတည်း အနေဖြင့် တန်ဖိုးရှိလိမ့်မည် မဟုတ်ပေ။ သို့ရာတွင် အမှုကိုစိစစ် လေ့လာသော အခါတွင် ထွက်ချက်ကို ထောက်ခံသော ပတ်ဝန်းကျင် အထောက်အထားများ ရှိနေကြောင်းနှင့် သဘာဝယုတ္တိအားဖြင့်လည်း ယုံကြည်သင့်သော ထွက်ဆိုချက် ဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

ကျန်ရာပါတဦး၏ ထွက်ဆိုချက်သည် တန်ဖိုး နည်းပါးကြောင်း စီရင်ထုံး အစောင်စောင်တွင် ပါရှိခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ကျန်ရာပါ တဦးဖြစ်သော ကြောင့် ယင်းထွက်ဆိုချက်ကို လုံးဝပစ်ပယ်ရမည် ဟူ၍လည်း မဆိုသာပေ။ ယခုကိစ္စမှာ ဆသင် ဦးလှရွှေသည် မိမိအတွက် ကိုယ်လွတ်ရုန်းပြီး စက်ဆရာ ဦးမြဝင်းအပေါ် ပုံချသည့် ထွက်ဆိုချက်မျိုး မဟုတ်ချေ။ မိမိကိုယ်တိုင် အပြစ်ကျူးလွန်မိကြောင်းကို ဝန်ခံသည်။ ဤသို့ပြစ်မှု ကျူးလွန်နိုင်ရန်အတွက် စက်ဆရာ ဦးမြဝင်း၏ အကူအညီကို ရယူကြောင်းလည်း ထွက်ဆိုသည်။

"ယခုဖမ်းဆီး ရမိခြင်းမှာ ယခင်ကလည်း ထိုနေရာတွင် အလားတူရောင်းချသည့် ကိစ္စများ ပေါ်ပေါက်ခဲ့သည်ဟု သတင်းရရှိသောကြောင့် လိုက်လံဖမ်းဆီးခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အစိုးရဆန်များ ခိုးဝယ်လေ့ရှိသော နေရာတွင်မှ မတော်တဆ စက်ပျက်ရသည် ဆိုခြင်းမှာ တိုက်ဆိုင်လွန်းသည်ဟု ဆိုရပေမည်။ ဆလင် ဦးလှရွှေ

သည် ဆန်ဝယ်ယူမည့် လှေများနှင့် ကြိုတင်ချိန်းဆိုထားပြီး ဘိုးတုတ်ဝချောင်း အနီးတွင် အစိုးရပိုင်ဆန်များကို ရောင်းချခဲ့သည်။ ဤ သို့ ရောင်းချနိုင်ရန်အတွက် စက်ဆရာ၏ အကူအညီ ရရှိမှသာလျှင် ဖြစ်နိုင်ဖွယ်ရာအကြောင်းရှိသည်။ ထို့ကြောင့် ဦးလှရွှေက စက်ဆရာနှင့် ကြိုတင်တိုင်ပင်ပြီး ပြစ်မှုကျူးလွန်သည် ဆိုခြင်းမှာ ယုတ္တိကင်းမဲ့သည်ဟု မဆိုသာပေ။ ဦးလှရွှေနှင့် ဦးမြဝင်းတို့သည် ပြိုင်ဘက်ရန်ဖက်များ ဖြစ်ကြောင်းလည်း ဦးလှရွှေကို စစ်ဆေးသော အခါတွင် ပြန်လှန်မေးခွန်းအရဖြစ်စေ၊ အခြားလွတ်လပ်သော သက်သေခံ အထောက်အထားများအရဖြစ်စေ ပေါ်ပေါက်ခြင်း မရှိချေ။

၁၉၇၄
ဦးမြဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ။

သင်္ဘောမှ ဆန်များ ရောင်းချခြင်းသည် အချိန်အနည်းငယ် အတွင်းမှာ တိတ်တဆိတ် ရောင်းချခြင်း မဟုတ်ပေ။ ဘိုးတုတ်ဝ ချောင်းအနီးတွင် သင်္ဘောရပ်၍ သမ္ပာန်နှင့်လှေများက လာရောက် ဝယ်ယူခြင်းဖြစ်သည်။ ဤသို့ အချိန်ကြာမြင့်စွာ ဆန်အိတ်များကို သင်္ဘောမှ ထမ်းချပြီး အရောင်းအဝယ် ပြုလုပ်ခြင်းကို စက်ဆရာ ဦးမြဝင်းက လုံးဝမသိပါဟု ဆိုခြင်းသည် ဖြစ်နိုင်ဖွယ်ရာမရှိချေ။ သင်္ဘောမှာလည်း လွန်စွာကြီးမားသော ပင်လယ်ကူးသင်္ဘောကြီးမျိုး မဟုတ်သောကြောင့် စက်ပြင်နေသည် ဆိုစေကာမူ ဤကဲ့သို့ အထင်အရှား ဆန်အိတ်များ သယ်ချနေခြင်းကို ဦးမြဝင်း သိရမည်သာဖြစ်သည်။

လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ အကျိုးဆောင်ကြီးက ဦးမြဝင်းသည် စက်ဆရာအဖြစ် နှစ်ပေါင်း ၂၄ နှစ်ကျော် အမှုထမ်းခဲ့ရာတွင် အစိုးရ အပြစ်ဒဏ် ခံခဲ့ရသူ မဟုတ်ကြောင်းနှင့် အိမ်ထောင်ရေးနှင့် ပတ်သက်သော ဒုက္ခ အမျိုးမျိုး တွေ့ကြုံနေရသူဖြစ်ကြောင်း တင်ပြသည်။ ဤအချက်များမှာ အပြစ်ဒဏ် သတ်မှတ်ရာနှင့် ပတ်သက်ပြီး သက်ညှာစွာ စဉ်းစားလိုမည် ဆိုပါက စဉ်းစားနိုင်သော အချက်များ ဖြစ်သော်လည်း အပြစ်မှ လွတ်ကင်းအောင် စဉ်းစားနိုင်သော အချက်များ မဟုတ်ချေ။ ဦးမြဝင်း အပေါ်တွင် ထောင်ဒဏ် (၂) နှစ် ချမှတ်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ လျှော့ပေါ့သော အပြစ်ဒဏ်များ ကျခံခဲ့ရသောကြောင့် ယခုအချိန်မှာ အချုပ်မှလွတ်နေပြီဖြစ်ကြောင်း သိရသည်။ ဤပြင်ဆင်မှုကိုပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄
နိုဝင်ဘာလ
၄ ရက်။

* မောင်မြင့်မောင်စိုး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်သီသီ)

သတင်းစာများတွင်ဖြစ်စေ အခြားရေးသားထုတ်ဝေသော စာစောင် အသီးသီးတို့တွင်ဖြစ်စေ တပါးသူအား အသရေပျက်စေသော အရေးအသားများ ထည့်သွင်း ဖေါ်ပြသည့် အခါ အယ်ဒီတာနည်းတူ ထည့်သွင်းသူ ကာယကံရှင်၌လည်း မည်သည့်အခါ၌ တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။သတင်းစာများတွင်ဖြစ်စေ၊ အခြားရေးသား ထုတ်ဝေသော စာစောင် အသီးသီးတို့တွင်ဖြစ်စေ အသရေဖျက်မှုနှင့် ပတ်သက် လာသောအခါတွင် သာမန်အားဖြင့် တာဝန်ခံ အယ်ဒီတာတွင် တာဝန်ရှိသည်။ သို့ရာတွင် အယ်ဒီတာသည် သတင်း အနေနှင့် တည်းဖြတ်ထည့်သွင်း ဖေါ်ပြခြင်းဖြစ်သည်၊ သို့မဟုတ် သက်ဆိုင်သူ ကာယကံရှင် ကိုယ်တိုင်က ကြော်ငြာသဘော အမည် လိပ်စာများ ဖော်ပြ၍ ထည့်သွင်းခြင်း ဖြစ်သည်ဆိုသော အချက်ကို စိစစ်ဝေဖန်ရန်လိုသည်။ ဤ အမှုတွင် ကာယကံရှင်သည် မိမိအမည်လိပ်စာနှင့်တကွ တယ်လီဖုန်းနံပါတ်တို့ကို ဖော်ပြထားသော ကြောင့် ကာယကံရှင်ကိုယ်တိုင်က အတိအကျ စွပ်စွဲ ရေးသားကြော်ငြာသဘော သက်ရောက်ခြင်း ဖြစ်သဖြင့် အယ်ဒီတာနည်းတူ ထည့်သွင်းသူ ကာယကံရှင်၌လည်း တာဝန်ရှိကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊ ဦးသန်းတင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူ (၁)အတွက်။ ။အကျိုးဆောင်၊ ဦးမောင်မောင် (၆)။

ပြင်ဆင်ရန် လျှောက်ထားခံရသူ (၂) အတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးသိန်းအောင်။

---

*၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၈(ခ)။

† ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊နိုဝင်ဘာလ ၂၈ ရက် နေ့စွဲပါရန်ကင်းမြို့နယ်၊ တိုင်းရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၄

မောင်မြင့်မောင်စိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဒေါ်သီသီ)။

လျှောက်ထားသူ မောင်မြင့်မောင်စိုးနှင့် လျှောက်ထားခံရသူ ဒေါ်သီသီတို့သည် အကြင်လင်မယား ဖြစ်ခဲ့ကြ၍ တယောက်နှင့်တယောက် မသင့်မြတ်သော အချိန်မှာ မောင်မြင့်မောင်စိုးက ဒေါ်သီသီ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အရေးအသားများ ပြည်သူ့ဖလင် စာစောင်တွင် ထည့်သွင်းဖော်ပြသည်။ ဒေါ်သီသီသည် အကယ်ဒမီဘွဲ့ရ နာမည်ကျော်ရုပ်ရှင် အနုပညာသည်တဦးဖြစ်သည်။ ပြည်သူ့ဖလင် ရုပ်ရှင်တွင် ပါရှိသော ရေးသားချက်များသည် ဒေါ်သီသီ၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်း စေသည်ဟု အသရေဖျက်မှုနှင့် ပြစ်မှုဆိုင်ရာ ပုဒ်မ ၅၀၀ အရ၊ ဒေါ်သီသီက မောင်မြင့်မောင်စိုးအပေါ်တွင် တရားစွဲသည်။ မူလစစ်ဆေးသောရုံးက ယင်းပုဒ်မနှင့်ပင် စွဲချက်တင်သောအခါမှာ မောင်မြင့်မောင်စိုးက မကျေနပ်၍ စွဲချက်ကို ပယ်ဖျက်ပေးရန်အတွက် တိုင်းတရားရုံးသို့ လျှောက်ထားသော်လည်း မအောင်မြင်သောကြောင့် ယခုဗဟိုတရားရုံးသို့ရောက်လာရခြင်းဖြစ်လေသည်။

မောင်မြင့်မောင်စိုးသည် ဒေါ်သီသီနှင့် ပတ်သက်သော အကြောင်းအရာများကို ပြည်သူ့ဖလင်တွင် ရေးသားဖော်ပြပါရှိသည်ဆိုခြင်းမှာ အငြင်းမထွက်ပေ။ ယင်းဖော်ပြချက်များသည် ဒေါ်သီသီ၏ သိက္ခာကို ထိခိုက်ပြီး အသရေဖျက်မှု မြောက်သည် မမြောက်သည်ဆိုသော အချက်မှာ ယခုအချိန်တွင် စဉ်းစားရန် မပေါ်ပေါက်သေးပေ။ မောင်မြင့်မောင်စိုး၏ အကြောင်းပြချက်မှာ ပြည်သူ့ဖလင် ရုပ်ရှင်စာစောင်တွင် ဖော်ပြပါရှိသော အကြောင်းရပ်များသည် ဒေါ်သီသီအပေါ်တွင် သိက္ခာညှိုးနွမ်း၍ အသရေဖျက်မှု မြောက်သည် ဆိုစေကာမူ မိမိအား တရားစွဲဆိုရန် အကြောင်းမရှိပဲ ရုပ်ရှင်စာစောင် တာဝန်ခံ အယ်ဒီတာကိုသာ တရားခံအဖြစ် တရားစွဲဆိုသင့်ကြောင်း ဖြစ်လေသည်။

ထို့ကြောင့် ယခု စဉ်းစားရန်ရှိသည်မှာ ရုပ်ရှင် စာစောင်တွင်ပါရှိသော အချက်အလက်များနှင့် ပတ်သက်၍ တာဝန်ခံ အယ်ဒီတာကို တရားစွဲသင့်သည်၊ သို့မဟုတ် မောင်မြင့်မောင်စိုးကို တရားစွဲသင့်သည်၊ သို့မဟုတ် နှစ်ဦးစလုံးတို့ကို တရားစွဲသင့်သည်ဟူသော ပြဿနာပင် ဖြစ်သေသည်။ သတင်းစာများတွင် ဖြစ်စေ၊ အခြားရေးသား ထုတ်ဝေသော စာစောင် အသီးသီးတို့တွင်ဖြစ်စေ အသရေဖျက်မှုနှင့် ပတ်သက်လာသောအခါတွင် သာမန်အားဖြင့် တာဝန်ရှိသူမှာ တာဝန်ခံ အယ်ဒီတာပင် ဖြစ်လေသည်။ သို့ရာတွင် တာဝန်ခံ အယ်ဒီတာဖြစ်သူက သတင်းအနေနှင့် တည်းဖြတ်ထည့်သွင်း ဖော်ပြခြင်းဖြစ်သည်။ သို့မဟုတ် သက်ဆိုင်သူ ကာယကံရှင် ကိုယ်တိုင်က ကြော်ငြာသဘော အမည်သိပ်စာများ ဖော်ပြ၍ ထည့်သွင်းခြင်း ဖြစ်သည်ဆိုသော အချက်ကို စိစစ်ဝေဖန်ရန် လိုပေလိမ့်မည်။ မောင်မြင့်မောင်စိုးသည် ဒေါ်သီသီနှင့် ပတ်သက်သော စွပ်စွဲချက်များကို ဖော်ပြထားသည်။ ယင်းစွပ်စွဲချက်များသည်အသရေ

၁၉၇၄ မောင်မြင့်မောင်စိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်သီသီ)။

ဖျက်မှု မြောက်-မမြောက်။ ယခုအချိန်တွင် ကျွန်ုပ်တို့ ဝေဖန် သုံးသပ်ရန် မသင့်ပေ။ သို့ရာတွင် ယင်းထည့်သွင်းဖော်ပြချက်များနှင့်အတူ မိမိနာမည်၊ လိပ်စာနှင့်တကွ တယ်လီဖုန်း နံပါတ်ကိုလည်း ဖော်ပြထားသောကြောင့် ထိုအချက်အလက်မှာ ရုပ်ရှင်စာစောင် အယ်ဒီတာအနေဖြင့် စုံစမ်းသိရှိပြီး ရေးသားဖော်ပြသော သတင်းမျိုးမဟုတ်ပဲ၊ ကာယကံရှင် ကိုယ်တိုင်က အတိအကျစွပ်စွဲ ရေးသားသော ကြော်ငြာသဘော သက်ရောက်သည့် အချက်အလက်များသာ ဖြစ်ပေသည်။

လျှောက်ထားသူ မောင်မြင့်မောင်စိုးအတွက် ဖြစ်စေ၊ လျှောက်ထားခံရသူ ဒေါ်သီသီအတွက်ဖြစ်စေ အကျိုးသက်ဝင်ခြင်း မရှိသော ဗဟိုဥပဒေရုံးမှ ပညာရှိအကျိုးဆောင်က ဝေဖန် တင်ပြသည်မှာ လူတဦးတယောက်၏ အကျင့်သိက္ခာကို ထိခိုက်စေသော အရေးအသားမျိုးကို ရေးသားသူ တဦးသည် ရေးသားချက်ကို သတင်းစာ၊ သို့မဟုတ် စာစောင် အယ်ဒီတာထံ ပေးပို့သည်နှင့်တပြိုင်နက် စွပ်စွဲခံရသူမှာ သတင်းစာ/စာစောင်နှင့် ပတ်သက်သော အသိုင်းအဝိုင်းတွင် နာမည်ပျက်ရတော့မည် ဖြစ်သည်၊ ထို့ကြောင့် တိုင်းသိပြည်သိ သတင်းစာ/စာစောင်တွင် ထည့်သွင်းဖြန့်ဝေလိုက်သောအခါတွင် ပိုမို၍ နာမည်ပျက် ရတော့မည် ဖြစ်သည်ဟူ၍ ဖြစ်သည်။

ပြည်သူ့ဖလင် စာစောင် အယ်ဒီတာ ဦးလေးဆွေသည် မူလရုံးတွင် သက်သေအဖြစ် အစစ်ခံခဲ့သော အခါမှသာ မိမိကိုယ်တိုင် တာဝန်ယူ ထည့်သွင်းဖော်ပြခဲ့ကြောင်း ဝန်ခံ ထွက်ဆိုသည်။ ဤသို့ ရဲဝံ့စွာ တာဝန်ယူထွက်ဆိုခြင်းမှာလည်း ပြဿနာပေါ်ပေါက်လျှင် ရင်ဆိုင်ဖြေရှင်းမည်ဆိုသော တာဝန်ခံ အယ်ဒီတာများ၏ ထုံးတမ်းစဉ်လာပင်ဖြစ်သည်။ သို့ရာတွင် အယ်ဒီတာ ဦးလေးဆွေက မည်သို့ပင် တာဝန်ယူဖြေရှင်းပါမည် ဆိုစေကာမူ၊ ဤသို့ထွက်ဆိုကာမျှနှင့် ကိုယ်တိုင် လက်မှတ်ရေးထိုးပြီးစာစောင်တွင် ထည့်သွင်းသော မောင်မြင့်မောင်စိုးတွင် အပြစ်လွတ်သွားပြီဟု မဆိုနိုင်ချေ။ ဥပဒေအရ စဉ်းစားရန်မှာ သတင်းဖော်ပြချက်များကို မည်သူက တာဝန်ယူဖြေရှင်းရမည်ဟူသော အချက်ပင် ဖြစ်ပေသည်။ လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ ရှေ့နေကြီးက တရားရုံးချုပ်မှ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၉(ခ)/၇၃ တွင် ချမှတ်သော စီရင်ချက်အရ၊ သတင်းစာတွင် ပါရှိလျှင် တာဝန်ရှိသူမှာ အယ်ဒီတာပင်ဖြစ်ကြောင်း တင်ပြသည်။ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၉(ခ)/၇၃ သည် စီရင်ထုံးမဟုတ်သေးပေ၊ စီရင်ချက်မျှသာ ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေ ထိုအမှုတွင် စဉ်းစားခဲ့သည်မှာ သတင်းထောက်နှင့်အယ်ဒီတာတို့အနက် မည်သူတာဝန်ရှိသည်ဟူသော အချက်ဖြစ်၍၊ ယခုအမှုနှင့် တိုက်ရိုက်သက်ဆိုင်သည်မဟုတ်ချေ။ ယေဘုယျအားဖြင့် သတင်းစာတွင် ပါရှိသော ကိစ္စရပ်များနှင့်ပတ်သက်ပြီး အယ်ဒီတာတွင် တာဝန်ရှိသည်ဆိုသော အချက်မှာ ကမ္ဘာနှင့်အဝှန်း

၁၉၇၄ — မောင်မြင့်မောင်စိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်သီသီ)။

ကျင့်သုံးလျက်ရှိသော မူတရပ်ဖြစ်ကြောင်း လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီးက တင်ပြသည်။ ကျွန်ုပ်တို့လည်းသဘောတူပါသည်။ သို့ရာတွင် ဤအမှုကဲ့သို့ မိမိကိုယ်တိုင် အမည်လိပ်စာ ဖော်ပြပြီး ကြော်ငြာသဘော အပိုအလင်း စွပ်စွဲသော ကိစ္စမျိုးတွင် ယင်းစွပ်စွဲသူကိုယ်တိုင်လည်း အယ်ဒီတာနှင့်အတူ မိမိစွပ်စွဲချက်များနှင့် ပတ်သက်၍ ဖြေရှင်းသင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

လျှောက်ထားသူ အပေါ်တွင် ယခုအချိန်မှာ စွဲချက်တင်ရုံမျှသာ ရှိပေသေးသည်။ စွဲချက်တင်ခြင်းမှာ အပြစ်ပေးခြင်း မဟုတ်ကြောင်း အများသိသော အချက် ဖြစ်၅ သည်။ မောင်မြင့်မောင်စိုးသည် စာစောင်တွင် ရေးသားသောအခါတွင် ရဲရဲ၀့့၀့်တိကျစွာ ဒေါ်သီသီနှင့် ပတ်သက်သော စွပ်စွဲချက်များကို ပြုလုပ်ခဲ့ပေသည်။ မရှင်းလင်းသူများ မေးမြန်းနိုင်ရန်လည်း နေရပ်လိပ်စာနှင့်တကွ တယ်လီဖုန်း နံပါတ်များ ဖော်ပြခဲ့သည်။ အသရေဖျက်မှုနှင့် ပတ်သက်သော အမှုမျိုးတွင် ကင်းလွတ်ချက်များ ရှိသည်ဖြစ်ရာ ပထမကင်းလွတ်ချက်အနေဖြင့် အများပြည်သူ၏ အကျိုးအတွက် မှန်ကန်သောအရာကို စွပ်စွဲခြင်း ဖြစ်ခဲ့လျှင် ပြစ်မှုမမြောက်ပေ။

မောင်မြင့်မောင်စိုးသည် မိမိစွပ်စွဲချက် မှန်ကန်၍ အများအကျိုး သက်ရောက်စေမည်ဆိုလျှင် ရင်ဆိုင်ဖြေရှင်းရန် ဝန်မလေးသင့်ဟု ကျွန်ုပ်တို့ ယူဆသည်။ အယ်ဒီတာ ဦးလေးဆွေနှင့် မောင်မြင့်မောင်စိုးတို့ နှစ်ဦးစလုံးတို့သည် စာစောင်တွင် ပါရှိသော အချက်များနှင့် ပတ်သက်၍ ဖြေရှင်းရန် တာဝန်ရှိပေသည်။ ဗဟိုဥပဒေရုံးအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ အကျိုးဆောင်ကလည်း ထိုအတိုင်းပင် တင်ပြခဲ့သည်။ သို့ရာတွင် အယ်ဒီတာ ဦးလေးဆွေသည် ယခုအချိန်တွင် ကွယ်လွန်အနိစ္စ ရောက်သွားပြီဖြစ်ကြောင်း သိရသောကြောင့် ကျန်ရှိသော မောင်မြင့်မောင်စိုးကသာ ဖြေရှင်းရပေမည်။ အောက်ရုံး ၂ ရုံးတို့က သဘောတူညီစွာ စွဲချက်တင်ထားသော ကိစ္စရပ်တွင် များစွာ လွဲမှားချို့ယွင်းသော အချက်အလက်များ ထင်ရှားစွာ ပေါ်ပေါက်ခြင်း မရှိလျှင် ကျွန်ုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရန် သင့်မည်မဟုတ်ချေ။ နောက်ဆုံးအနေနှင့် လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီးက မောင်မြင့်မောင်စိုးသည် ဒေါ်သီသီအပေါ် စွပ်စွဲချက်များ ရုပ်ရှင်စာစောင်တွင် ထည့်သွင်း ဖော်ပြခြင်းအားဖြင့် ကိုယ်တိုင် ဖြေရှင်းရမည်ဆိုလျှင် ဒေါ်သီသီကလည်း မောင်မြင့်မောင်စိုးနှင့် ပတ်သက်ပြီး ရုပ်ရှင်စာစောင်တွင် စွပ်စွဲချက်များ ထည့်သွင်းဖော်ပြခဲ့သည် ဖြစ်သောကြောင့် ဖြေရှင်းရန် တာဝန်ရှိမည် ဖြစ်ကြောင်း တင်ပြသည်။ သို့ရာတွင် ဤအချက်မှာ ယခုစဉ်းစားရန် အမှုနှင့် မသက်ဆိုင်ပေ၊ ဒေါ်သီသီတာဝန်ရှိမည်စိုး၍ မောင်မြင့်မောင်စိုးကို တာဝန်မှ ကင်းလွတ်ခွင့် ပြုရမည်ဟူ၍လည်း မဖြစ်နိုင်ပေ။ ပြင်ဆင်မှု လျှောက်လွှာကို ပယ်သိုက်သည်။

၁၉၇၄ ခုနှစ်
တရားမမှုများ

စီရင်ထုံးပြုသောမှုခင်းများ

တရားမမှုများ

စာမျက်နှာ

ဦးကျော်ရှိန် ပါ ၂ နှင့် ဒေါ်ပုပါ ၃ .... ၁

ဦးကျော်သန်း နှင့် { အတွင်းရေးမှူး၊ ရန်ကုန်တိုင်း လျှော်ကြေး စိစစ်ရေး ကော်မတီ ပါ ၂။ ၄

ဒေါ်စောမှီ နှင့် မောင်မြသန်း ပါ ၂ .... ၆

မဆလီ နှင့် { အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမား လျှော်ကြေး အရာရှိ ပါ ၂။ ၉

ဦးညိုပါ ၂ နှင့် { ပျဉ်းမနားမြို့နယ်၊ ဦးစီးမှူး၊ အလုပ်သမား အရာရှိရုံး၊ ပျဉ်းမနားမြို့ ပါ ၂။ ၁၁

ဒေါ်ညွန့် [သေဆုံးသူ (ဒု) လက်သမား ဦးရွှေ၏ ဇနီး] နှင့် { လက်ထောက်ဘိုင်း အင်ဂျင်နီယာ၊ ထိန်းသိမ်းရေး ၂၄၊ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း၊ မော်လမြိုင်မြို့။ ၁၃

ဦးထိုက်စံ နှင့် ဦးထွန်းတင်ပါ ၂ .... ၁၅

ဦးထွန်းကြည် နှင့် { အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမား လျှော်ကြေးအရာရှိ၊ ပေါင်မြို့နယ် အလုပ်သမား လျှော်ကြေး စိစစ်ရေး ကော်မတီ။ ၁၇

ဦးဘိုးခ (ခေါ်) ဦးကျော်မြင့် နှင့် ကိုမောင်မောင် ၂၀

ကိုမြိုင် ပါ ၆ နှင့် { ဒေါ်မြသင် (အရွယ် မရောက်သေးသူများဖြစ်သည့် ၁။ မောင်မျိုးမြင့်။ ၂။ မောင်မျိုးလွင်။ ၃။ အေးအေးချို တို့အတွက် အုပ်ထိန်းသူ)။ ၂၃

ဒေါ်ရှင်ရီ နှင့် ဒေါ်သိန်းလှပါ ၃ .... — — ၂၇

စာမျက်နှာ

ဦးလှသန်း နှင့် ဒေါ်ကျင်နု ၃၂

မသန်းကြည် နှင့် ကိုတင်စိန် ပါ ၂ .... ၃၄

ဦးသန်းအောင် နှင့် မောင်သန်းမြိုင် ၃၇

အမ်၊ အီး၊ အရစ် (ဖ်) နှင့် မလှကျင် ၄၀

ညွှန်းချက်

တရားမမှုများ

စာမျက်နှာ

ဥပဒေများ—

ကာလစည်းကမ်းသတ်ဥပဒေ

တရားမကျင့်ထုံး

မှတ်ပုံတင်ဥပဒေ

အမွေဆက်ခံခြင်းဥပဒေ

အလုပ်သမားလျော်ကြေးဥပဒေ

အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူများဥပဒေ

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာဒှားရမ်းခကြီးကြပ်ရေးဥပဒေ။

ကာလစည်းကမ်းသတ် ဥပဒေအချက် (၁၃)၊ ခလေးများကို အုပ်ထိန်းရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် စွဲဆိုခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုတို့က အယူခံ တရားပြိုင်အား ခလေးများနှင့် ပစ္စည်းကို အုပ်ထိန်းရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် စွဲဆိုသည့် အမှုသည် ကာလစည်းကမ်းသတ် ဥပဒေ အချက် (၁၃) နှင့်အကျုံးဝင်သဖြင့်၊ တနှစ်အတွင်း တရားစွဲဆိုရမည်။

ကိုမြိုင် ပါ ၆ နှင့် { ဒေါ်မြသင်၊ (အရွယ် မရောက်သေးသူများဖြစ်သည့်
၁။ မောင်မျိုးမြင့်၊
၂။ မောင်မျိုးလွင်၊
၃။ အေးအေးချို တို့ အတွက် အုပ်ထိန်းသူ)။ } ၂၃

ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁) အတွက် ဆန်အိတ်များ မော်တော်ကားပေါ်တင်စဉ် ချော်လဲ၍ ခြေထောက်တွင် ဒဏ်ရာရခြင်း၊ အလုပ်သမားခ များ ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)က ဆန်စက် လုပ်ကိုင်သူအား ထုတ်ပေးခြင်း၊ ယင်းမှတဖန် အလုပ်သမား ခေါင်းဆောင်က ထုတ်ယူပြီး အလုပ်သမားများအား ငွေပေးခြင်း၊ ဆန်စက်လုပ်ကိုင်သူနှင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)တို့ ပဋိညာဉ် စာချုပ်အရ ဆန်စက်လုပ်ကိုင်သူက ဆန်များကို မော်တော်ကားပေါ်သို့ တင်ပေးရန် တာဝန်ရှိခြင်း၊ ဆန်စက် လုပ်ကိုင်သူ အယူခံ တရားလိုတွင် ခြေထောက် ဒဏ်ရာ ရသွားသူ အလုပ်သမားအတွက် လျော်ကြေး ပေးရန် တာဝန်ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမားခ များကို ကုန်သွယ်ရေး ကော်ပိုရေး

ရှင်းအမှတ် (၁)က သီးခြားထုတ်ပေးခဲ့သော်လည်း ထိုငွေများကို တိုက်ရိုက်ထုတ်ပေးခဲ့ခြင်း မဟုတ်ပေ။ အလုပ်သမားခများကို ကုန်သွယ်ရေးကော်ပိုရေးရှင်း(၁) က ချက်ဖြင့်သော်၎င်း၊ ငွေသားဖြင့်သော်၎င်း အယူခံ တရားလိုကို ထုတ်ပေးခဲ့သည်။ အယူခံတရားလိုထံ တဖန်အလုပ်သမား ခေါင်းဆောင် ဦးချစ်မြိုင်က ထုတ်ယူပြီး အလုပ်သမားများကို ဝေပေးသည်။ ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁) က အလုပ်သမားများကို တိုက်ရိုက် လုပ်ခများ ပေးရန် တာဝန်မရှိချေ။ ထို့ကြောင့် ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁)နှင့် အလုပ်သမားများ စပ်ကြား၌ ပဋိညာဉ်အရ ဆက်စပ်နှီးနွယ်ခြင်း (Privity of contract) မရှိကြောင်း ပေါ်လွင်သည်။ အလုပ်သမားများ ရထိုက်သော ငွေများကို သီးခြားတွက်ချက်ပြီး အယူခံ တရားလိုအား ပေးခဲ့ခြင်းကြောင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁)၏ အလုပ်သမားများ ဖြစ်သည်ဟု မဆိုနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံ တရားပြိုင်သည် အယူခံတရားလို၏ အလုပ်သမားဖြစ်သည်။ အယူခံတရားလိုက လျော်ကြေး ပေးရန် တာဝန်ရှိသည်။

ဦးထိုက်စံ နှင့် ဦးထွန်းတင်ပါ-၂ .... ၁၅

မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ အိမ်ငှားကစိုက်၍ အိမ်ပြင်သည့်ငွေကို ကာလစည်းကမ်းသတ် ကျော်လွန်နေသော အိမ်လခ ကြွေးများမှ ခုနှိမ်ခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ကာလ စည်းကမ်းသတ် ကျော်လွန်နေသည့် အိမ်လခကြွေးများနှင့် အိမ်ပြင်သည့်အတွက် ကုန်ကျငွေကို ခုနှိမ်ခွင့်မရှိ။

အမ်၊ အီး၊ အရစ်(ဖ်) နှင့် မလှကျင် ၄၈

မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇၊ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများ ပေးအပ်၍ ပေါင်နှံခြင်း၊ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများပေးအပ်၍ ပေါင်နှံသည့် ကိစ္စတွင်စာချုပ်ချုပ်ဆိုရန်လို မလို၊ စာချုပ် စာတမ်း အပ်နှံကြောင်း မှတ်တမ်း ရှိသည့်အခါ ယင်းမှတ်တမ်းကို မှတ်ပုံတင်ရန်လို မလို။ ။ဆုံးဖြတ်ချက်။ ။စာချုပ် စာတမ်းများကို အပေါင်ပေး အပ်နှံ၍ ငွေချေးယူခြင်းမှာ ဥပဒေအရ အပေါင်ပြုလုပ်ခြင်း အထမြောက်သဖြင့် ယင်းကိစ္စအတွက် စာချုပ် ချုပ်ရန်မလို၊ သို့ရာတွင် စာချုပ်စာတမ်းများ အပ်နှံခြင်းအတွက် အရေးအသား တခုခုရှိခဲ့လျှင် ယင်းရေးထားသော စာသည် ချေးငွေအတွက် အာမခံအဖြစ် ပေးသည့်ကိစ္စကို သက်သေခံခြင်း ဖြစ်ပါက မှတ်ပုံတင် အက်ဥပဒေပုဒ်မ (၁၇) အရ၊ မှတ်ပုံတင်ရန်မလို၊ အပေါင်ပြုလုပ်ခြင်း ကိစ္စတ ရပ်လုံးသည် ရေးသား ထားသည့် စာအပေါ် အခြေပြုပါမူ ယင်းစာကို မှတ်ပုံတင်ရန်လိုအပ်သည်။

ဒေါ်ရင်ရီ နှင့် ဒေါ်သိန်းလှပါ ၃ .... ၂၇

အမွေ ဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၈၊ အမွေထိန်းစာ ထုတ်ပေးခြင်း ကိစ္စတွင် ကွယ်လွန်သူ၏ ကျန်ရစ်သော ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တရားရုံးကဆုံးဖြတ်ပိုင်ခွင့်ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အမွေထိန်းစာ လျှောက်ထားသည့်ကိစ္စ

စာမျက်နှာ

တွင် လျှောက်လွှာတွင် ဖော်ပြထားသည့် ပစ္စည်းများမှာ ကွယ်လွန်သူပိုင်- မပိုင် ကွယ်လွန်သူသည် မည်သည့်ပစ္စည်းများ ထားရစ်ခဲ့သည်။ ယင်းပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသည် မရှိသည်ကို ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ အမွေထိန်းစာ ထုတ်ပေးလိုက်ခြင်းအားဖြင့် ယင်း အမွေထိန်းစာနှင့် ပူးတွဲထားသည့် စာရင်း တွင် ပါရှိသည့် ပစ္စည်းများသည် ကွယ်လွန်သူ ပိုင်ခဲ့သည့် ပစ္စည်းများ ဖြစ်သည်ဟု မှုံးကသတ်မှတ်ပေးခြင်းမဟုတ်ပေ။

ဦးလှသန်း နှင့် ဒေါ်ကျင်နု ၇၂

အမွေပစ္စည်းခန့်ခွဲပေးစေလိုမှုတွင် လိုအပ်သည့်အမှုသည်များကိုထည့်သွင်းပြီးမှ အမွေခွဲဝေ ပြီး မပြီးအချက်ကိုဆုံးဖြတ်ရခြင်း၊ အမှုတွင် လျှောက်ထားသူများ၏အကျိုး ဆောင်အား သက်သေပြရန် အကြောင်း ပေါ်ပေါက်ပါက အမှုတွင် အကျိုး ဆောင် အဖြစ် ဆက်လက် မဆောင်ရွက်သင့်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အမွေ မှုဖြစ်အည့်အတွက် ဦးဖေကြီး၏ ကျန်ရစ်ခဲ့သော အမွေစား အမွေခံများအားလုံး တို့သည် အမှုတွင်ပါဝင်သင့်သည်။ လျှောက်ထား ခံရသူတို့မှာ အမွေစားအမွေခံ များဖြစ်သည်။ ၎င်းတို့အား အမွေခွဲဝေပေးပြီး မပြီး အချက်ကို ၎င်းတို့အား အမှုတွင် တရားပြိုင်များအဖြစ် ထည့်သွင်းပြီး စစ်ဆေး၍သာ ဆုံးဖြတ်ပေးနိုင် မည်။ အခင်းဖြစ် ပစ္စည်းမှာ ဦးဖေကြီး ထားရစ်ခဲ့သည့် အမွေပစ္စည်းဟုတ် မဟုတ် လျှောက်ထားသူတို့ပိုင် ပစ္စည်းဟုတ် မဟုတ်ကိုလည်း လျှောက်ထားခံရ သူတို့ကို တရားပြိုင်များအဖြစ် ထည့်သွင်းပြီးမှ စစ်ဆေး ဆုံးဖြတ် ပေးသင့်သည်။ **ထပ်မံဆုံးဖြတ်ချက်။** ။အမှုတွဲ အရ ဦးအုန်းခင်ကို ဤအမှုတွင် သက်သေပြရန် အကြောင်း ပေါ်ပေါက် နိုင်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် ဦးအုန်းခင်သည် ဤအမှုတွင် ဆက်လက်၍ လျှောက်ထားသူများ၏ အကျိုးဆောင် အဖြစ် မဆောင်ရွက်သင့်ပေ။

ဦးကျော်ရှိန်ပါ(၂) နှင့် ဒေါ်ပုပါ-၃ .... ၁

အလုပ်လုပ်ရင်း အမောဆို့ပြီး နှလုံးရပ်၍ သေဆုံးခြင်း ဖြစ်ကြောင်း ဆရာဝန်က ထောက်ခံထားခြင်း၊ ဆရာဝန်ကို ရုံးမှ ခေါ်ယူစစ်ဆေးရန်လို မလို၊ အခြား ရောဂါဝေဒနာကြောင့် သေဆုံးကြောင်း သက်သေပြရန် အလုပ်ရှင်၏ တာဝန် ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။မြို့နယ် ဆရာဝန်၏ သေဆုံးမှုဆိုင်ရာ ဆေးစစ် ချက် ထောက်ခံစာတွင် မကျင်သိန်းမြင့်သည် ရုတ်တရက် အမောဆို့ပြီး နှလုံး ရပ်၍ သေဆုံးခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ အလုပ်ခွင်တွင် အလုပ်လုပ် နေရင်း ရုတ်တရက် အမောဆို့ပြီး သေဆုံးကြောင်း ထင်ရှားသဖြင့် ဆရာဝန်ကို ရုံးမှ ခေါ်ယူ စစ်ဆေးရန်မလိုဟု ကျွန်ုပ်တို့ယူဆသည်။ အကယ်၍ အခြား အကြောင်းကြောင့်၊ သို့မဟုတ် အခြား ရောဂါ ဝေဒနာ စွဲကပ်နေသောကြောင့် မကျင်သိန်းမြင့် သေဆုံးခဲ့သည်ဟု အယူခံ တရားလိုက ဆိုလိုပါလျှင် ထိုအချက်နှင့် ပတ်သက်ပြီး သက်သေပြရန်မှာ အယူခံတရားလို၏ တာဝန်သာ ဖြစ်ခဲ့သည်။

ဦးသန်းအောင် နှင့် မောင်သန်းမြိုင် ၇၇

စာမျက်နှာ

အလုပ်သမား လျော်ကြေးနည်းဥပဒေ ဇယား(၁) မည်သည့်အခါ သက်ဆိုင်ရာ ဆရာဝန်၏ စစ်ဆေးချက် မလိုသည်ကို ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမား လျော်ကြေး နည်းဥပဒေ ဇယား (၁) တွင် ဖော်ပြ ထားသောသည့် ဒဏ်ရာများဖြစ်၍ သက်ဆိုင်ရာ ဆရာဝန်ကို မစစ်ဆေးပဲ ယင်း၏ လက်မှတ်ကို သက်သေခံ အဖြစ်လက်ခံနိုင်သည်။

ဒေါ်စောမှီ နှင့် { ၁။ မောင်မြသန်း ၂။ ဥက္ကဋ္ဌ၊ အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီ၊ ရန်ကုန်တိုင်း။ ၆

အလုပ်သမားလျော်ကြေး ဥပဒေ၊ မူလကတည်းက တိမ်စွဲကပ်နေကြောင်းကိုသိလျက်နှင့် လုပ်ကိုင်စေသဖြင့် အလုပ် လုပ်ကိုင်စဉ် ကြံဖတ်စ ထိုးမိရာမှ မျက်စိတွင် ဒဏ်ရာ ရသည်။ ယင်းဒဏ်ရာဖြင့် မျက်စိကွယ်ခြင်းအတွက် လျော်ကြေးရပိုင်ခွင့် ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အလုပ်ရှင်သည် မူလကတည်းက အလုပ်သမား၏ မျက်စိတွင် တိမ် စွဲကပ်နေကြောင်း သိလျက်နှင့် အလုပ် လုပ်ကိုင်စေသဖြင့် ကြံကြိတ်ဖိုမှ မီးအရှိန်ကြောင့် တိမ် ရောဂါ ကြွလာပြီး မျက်စိကွယ်ခြင်း ဖြစ်စေကာမူ ယင်းဒဏ်ရာသည် အလုပ်ခွင်တွင် ရရှိသည့် ဒဏ်ရာ ဖြစ်သဖြင့် ယင်း ဒဏ်ရာအတွက် အလုပ်ရှင်တွင် တာဝန်ရှိသည်။ အလုပ်သမား လျော်ကြေး ရပိုင်ခွင့်ရှိသည်။

ဦးညို ပါ (၂) နှင့် { ၁။ ပျဉ်းမနားမြို့နယ် ဦးစီး ဌာနမှူး၊ အလုပ်သမား လျော် ကြေး အရာရှိရုံး၊ ပျဉ်းမနားမြို့။ ၂။ ဦးအောင်ပု(ကြံကြိတ် လုပ်သား၊ သရက်တော ကျွန်းရောင်းဒိုင်၊ ပျဉ်းမနားမြို့)။ ၁၁

အလုပ်သမားလျော်ကြေးဥပဒေ၊ လျော်ကြေးသတ်မှတ်ရန် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက အလုပ်သမား၏ ဝင်ငွေ မည်၍မည်မျှဖြစ်သည်ဟု ဆုံးဖြတ်ချက်အပေါ် အလုပ်သမားက အယူခံ ပိုင်ခွင့်ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမား တဦး၏ ဝင်ငွေ မည်၍ မည်မျှ ဖြစ်သည်မှာ အကြောင်းအချင်းအရာ အချက်အလက် ဖြစ်သည်။ အလုပ်သမား လျော်ကြေး နည်းဥပဒေပုဒ်မ (၃၀)အရ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို ဥပဒေ အချက်အလက်နှင့် ပတ်သက်၍သာ အယူခံ ဝင်ပိုင်ခွင့်ရှိသည်။ အကြောင်းအချင်းအရာ အချက်အလက်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ကို အယူခံ ဝင်ပိုင်ခွင့်မရှိ။ သို့ဖြစ်၍ အလုပ်သမားက ၎င်း၏ နေ့တွက်နှုန်းထားနှင့် ပတ်သက်၍ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို အယူခံ ဝင်ပိုင်ခွင့်မရှိ။

ဦးထွန်းကြည် နှင့် { အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမား လျော်ကြေးအရာရှိ၊ ပေါင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီ။ ၁၈

အလုပ်သမား လျော်ကြေး ဥပဒေ၊ အလုပ်သိမ်းချိန် နောက်ပိုင်း အလုပ်သမား အချင်းချင်း စကားများပြီး ရရှိသည့် ဒဏ်ရာအတွက် လျော်ကြေး ပေးရန်လို

စာမျက်နှာ

မလို။ ။ဆုံးဖြတ်ချက်။ ။အလုပ်သိမ်းချိန် နောက်ပိုင်း အလုပ် ကိစ္စနှင့်မပတ်သက်ပဲ အလုပ်သမား အချင်းချင်း စကားများပြီး ရန်ဖြစ်ရာက ရရှိသော ဒဏ်ရာအတွက် အလုပ်ရှင်က လျော်ကြေးပေးရန် တာဝန်မရှိ။

ဦးကျော်သန်း နှင့် (၁။ အတွင်းရေးမှူး၊ ရန်ကုန်တိုင်း လျော်ကြေး စိစစ်ရေးကော်မတီ ၂။ ဦးဟံကြီး။ ၄

အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၂(င)၊ ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်မှုကိုယ်စားလှယ်ဟု အဓိပ္ပါယ် ကောက်ယူနိုင် မနိုင်၊ ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးအပေါ် အလုပ်သမား လျော်ကြေး တောင်းပိုင်ခွင့် ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ အလုပ်သမား လျော်ကြေး ဥပဒေပုဒ်မ ၂(င)အရ "အလုပ်ရှင်"ဟု အဓိပ္ပါယ် ဖော်ပြချက်တွင်၊ "အုပ်ချုပ်မှု ကိုယ်စားလှယ်" ပါဝင်သည်ဟု ပါရှိသည်။ ပုဒ်မ ၂ (၁) (စ)တွင်၊ "အုပ်ချုပ်မှု ကိုယ်စားလှယ်" ဆိုသည်မှာအခြားသူတဦးဦး အတွက် ကိုယ်စား ဆောင်ရွက် ပေးနိုင်ခွင့် ရှိသူ ဖြစ်သည်ဟု ပြဋ္ဌာန်းထားရာ ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးသည် ကုမ္ပဏီ အတွက် ကိုယ်စားဆောင်ရွက်ပေးပိုင်ခွင့် ရှိသူ အုပ်ချုပ်မှုကိုယ်စားလှယ်မဟုတ် သို့ဖြစ်၍ ၎င်းအပေါ် လျော်ကြေးတောင်းပိုင်ခွင့်မရှိ။

မဆလီ နှင့် } ၁။ အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမား လျော်ကြေး အရာရှိ။ ၂။ ဦးအက္ကဘာ။ ၉

အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၃၊ အလုပ်ခွင်နှင့်အလုပ်ချိန်အတွင်းထိခိုက်ဒဏ်ရာရရှိခြင်း နှင့် ပတ်သက်သည့် ရှင်းလင်းချက်။ ။ဆုံးဖြတ်ချက်။ ။အလုပ်သွားရန်အတွက် ဘတ်စ်ကားစောင့်ရင်းမှူးခမ့်လဲကျသွားပြီးသေဆုံးခြင်းသည် အလုပ်ခွင်မှ ထိခိုက်ဒဏ်ရာကြောင့် သေဆုံးခြင်း မဟုတ်၍၊ အလုပ်သမားလျော်ကြေး မရနိုင်။

ဒေါ်ညွန့် [သေဆုံးသူ (ဒု)လက်သမား ဦးရွှေ၏ဇနီး] } နှင့် { လက်ထောက်တိုင်း အင်ဂျင်နီယာ၊ ထိန်းသိမ်းရေး (၂၄) ဆောက်လုပ်ရေး ကော်ပိုရေးရှင်း၊ မော်လမြိုင်မြို့။ ၁၃

အလုပ်သမားသည် မိမိဝတ္တရား မဟုတ်သည့် ကိစ္စ ဆောင်ရွက်ရာတွင် ဒဏ်ရာရခဲ့ခြင်းအတွက် အလုပ်ရှင်တွင် တာဝန်ရှိ မရှိ၊ ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ (၅) နှင့် (၆)အရ အလုပ်သမား များ၏ အခွင့်အရေးနှင့် တာဝန် ဝတ္တရားများ။ ။ဆုံးဖြတ်ချက်။ စပါးသယ်သည့် ယာဉ်ဖြစ်သဖြင့် ခရီးသည်တင်ခြင်း၊ မော်တော်ယာဉ်ခ တောင်းခံခြင်းမှာ ဝတ္တရားအရ ဆောင်ရွက်ရသည့် ကိစ္စမဟုတ်၊ ယင်းသို့ ဝတ္တရား မဟုတ်သည့် ကိစ္စကို ဆောင်ရွက်ရာတွင် ရရှိသော ဒဏ်ရာအတွက် အလုပ်ရှင်တွင် တာဝန်မရှိ။ ပါစင်ဂျာ တင်ခွင့်မရှိသော မော်တော်ယာဉ်ပေါ်တွင် ပါစင်ဂျာ မတင်ရန် ပိတ်ပင်လျက် ပါစင်ဂျာများတင်ပြီး မော်တော်ယာဉ်ခတောင်းခြင်းမှာ တာဝန်မဲ့ ဆောင်ရွက်မှုဖြစ်သည်။

ဦးသိုးခ(ခေါ်)ဦးကျော်မြင့် နှင့် ကိုမောင်မောင် ၂၀

ညွှန်းချက်

စာမျက်နှာ

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူ အက်ဥပဒေပုဒ်မ ၁၀၊ အုပ်ထိန်းခွင့် ပေးရာတွင် စဉ်းစားရမည့် အချက်များ။ ။ဆုံးဖြတ်ချက်။ ။အုပ်ထိန်းခွင့်လျှောက်ထားချက်ကို စဉ်းစားရာတွင် အရွယ်မရောက်သေး သူ၏ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုနှင့် ကောင်းရာ ကောင်းကြောင်း အဝဝ တို့ကို အဓိကထား၍ စဉ်းစားရန်ဖြစ်သည်။

မသန်းကြည် နှင့် ကိုတင်စိန် ပါ (၂) ၃၄

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကျော်ရှိန်ပါ (၂)

နှင့်

ဒေါ်ပုပါ (၃) *

† ၁၉၇၄ အောက်တိုဘာလ ၁၁ ရက်။

အမွေပစ္စည်းခန့်ခွဲပေးစေလိုမှုတွင် လိုအပ်သည့် အမှုသည်များကို ထည့်သွင်းပြီးမှ အခမွေခွဲဝေပြီး မပြီး အချက်ကို ဆုံးဖြတ်ရခြင်း၊ အမှုတွင် လျှောက်ထား သူများ၏ အကျိုးဆောင်အား သက်သေပြရန် အကြောင်း ပေါ်ပေါက်ပါက အမှုတွင် အကျိုးဆောင် အဖြစ် ဆက်လက် မဆောင်ရွက်သင့်ခြင်း။

ဆုံးဖြတ်ချက်။ ။အမွေမှုဖြစ်သည့်အတွက် ဦးဖေကြီး၏ ကျန်ရစ်ခဲ့သော အမွေစား အမွေခံများအားလုံးတို့သည် အမှုတွင်ပါဝင်သင့်သည်။ လျှောက်ထား ခံရသူတို့မှာ အမွေစားအမွေခံများ ဖြစ်သည်။ ၎င်းတို့အား အမွေခွဲဝေပေးပြီး မပြီး အချက်ကို ၎င်းတို့အား အမှုတွင်တရားပြိုင်များ အဖြစ် ထည့်သွင်းပြီးစစ်ဆေး၍သာ ဆုံးဖြတ်ပေးနိုင်မည်။ အခင်းဖြစ် ပစ္စည်းမှာ ဦးဖေကြီးထားရစ်ခဲ့သည့် အမွေပစ္စည်း ဟုတ် မဟုတ် လျှောက်ထားသူတို့ပိုင်ပစ္စည်း ဟုတ် မဟုတ်ကိုလည်း လျှောက်ထား ခံရသူတို့ကို တရားပြိုင်များအဖြစ် ထည့်သွင်းပြီးမှ စစ်ဆေးဆုံးဖြတ်ပေးသင့်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုတွင်အရ ဦးအုန်းခင်ကို ဤအမှုတွင်သက်သေ ပြရန် အကြောင်းပေါ်ပေါက်နိုင်သည်ဟု ကျွန်ုပ်တို့ယူဆသည်။ ထို့ကြောင့် ဦးအုန်းခင်သည် ဤအမှုတွင် ဆက်လက်၍ လျှောက်ထားသူများ၏ အကျိုးဆောင်အဖြစ် မဆောင်ရွက်သင့်ပေ။

လျှောက်ထားသူအတွက်။ ။ဦးအုန်းခင်၊

လျှောက်ထားခံရသူအတွက်။ ။မလာ။

ဟင်္သာတမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁/၇၃ တွင် ပြင်ဆင်မှု လျှောက်ထားသူ ဦးကျော်ရှိန်နှင့် ဇနီး ဒေါ်ခင်ခင်တို့က ဒေါ်ပိုးမျှင် ဆိုသူအပေါ်တွင်

---

* ၁၉၇၄ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁။

† ၁၉၇၃ ခုနှစ်၊ တရားမ ကြီးမှုအမှတ် ၁ တွင်ချမှတ်သော ဟင်္သာတမြို့၊ မြို့နယ်ပြည်သူ့တရားရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၇၄ ဦးကျော်ရှိန်ပါ ၂ နှင့် ဒေါ်ပုပါ ၃။

ကွယ်လွန်သူ ဦးဖေကြီး၏ ကျန်ရစ်ခဲ့သော အခင်းဖြစ်မြေနှင့် အိမ်နှင့် ပတ်သက်၍ အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့သည်။ တရားပြိုင်ဒေါ်ပိုးမျှင်က ကွယ်လွန်သူ ဦးဖေကြီး၏ ဆဋ္ဌမ မယားဖြစ်သည်။ လျှောက်ထားသူဦးကျော်ရှိန်မှာ ဦးဖေကြီးနှင့် တတိယမယား ဒေါ်ပုတို့၏ သားဖြစ်သည်ဟု အဆိုရှိသည်။

လျှောက်ထားခံရသူတို့က အထက်ဖော်ပြပါ အမှုတွင်ဇင်းတို့အား ထည့်သွင်း၍ ခုခံခွင့်ပေးရန် တရားမကျင့်ထုံး ကိုဥပဒေအမိန့်(၁)၊ နည်းဥပဒေ (၁၀) အရ လျှောက်လွှာတင်ခဲ့သည်။ လျှောက်ထားခံရသူ ဒေါ်ပုသည် ကွယ်လွန်သူ ဦးဖေကြီးနှင့် ပထမ ဇနီး ဒေါ်မိတို့၏ သမီးဖြစ်သည်။ လျှောက်ထားခံရသူ အမှတ် (၂) ဦးဘညိုသည် ဦးဖေကြီး၊ ဒေါ်မိတို့၏ ကွယ်လွန်သူ မြေး ဒေါ်မြသန်း၏ ခင်ပွန်းဖြစ်သည်။ လျှောက်ထားခံရသူ အမှတ် (၃) ဒေါ်ရီသည် ဦးဖေကြီးနှင့် ပဥ္စမ ဇနီး ဒေါ်သိန်းတို့၏ သမီး ဖြစ်သည်။ အခင်းဖြစ် မြေနှင့် အိမ်မှာ ဦးဖေကြီး မသေခင်က သဒ္ဒါပေး စာချုပ်ဖြင့် လျှောက်ထားခံရသူတို့ကို လွှဲပြောင်းပေးခဲ့ပြီး ဖြစ်သည်ဟု လျှောက်ထားခံရသူတို့က ဆိုသည်။

လျှောက်ထားခံရသူတို့က တရားပြိုင် ဒေါ်ပိုးမျှင်ပေါ်တွင် စွဲဆိုသည့် ဟင်္သာတ ခရိုင် တရားမ တရားသူကြီးရုံး၊ တရားမကြီးအမှု အမှတ် ၇/၇၅ တွင် လျှောက်ထားသူ အမှတ် (၁) ဦးကျော်ရှိန်က လျှောက်ထားခံရသူများ၏ သက်သေအဖြစ်ဖြင့် အစစ်ခံခဲ့သည်။ အခင်းဖြစ်အိမ်နှင့် မြေမှာ လျှောက်ထားခံရသူတို့ပိုင်ကြောင်း အစစ်ခံခဲ့သည်။ ထိုအမှုတွင် ဦးကျော်ရှိန်၏ အစစ်ခံချက်ကိုယူသည့် တရားသူကြီးမှာ ယခုလျှောက်ထားသူတို့၏ အကျိုးဆောင် ဦးအုန်းခင်ဖြစ်သည်။ ဦးအုန်းခင်ကို ဤအမှုတွင် လျှောက်ထားခံရသူတို့က သက်သေပြမည်။ ထို့ကြောင့် ဤအမှုကို ဦးအုန်းခင်က လျှောက်ထားသူဘက်မှ မဆောင်ရွက်သင့်ကြောင်း ကန့်ကွက်သည်။

တရားမကျင့်ထုံး ကိုဥပဒေအမိန့် (၁)၊ နည်းဥပဒေ (၁၀) အရ လျှောက်ထား ခံရသူတို့ကို အမှုတွင် တရားပြိုင်အဖြစ် ထည့်သွင်းသင့် မသင့်၊ အကျိုးဆောင် ဦး[illegible]း ခင်သည် လျှောက်ထားသူတို့အတွက် ဆက်လက်ဆောင်ရွက်သင့် မသင့် အ[illegible]စ် ချက်နှင့်ပတ်သက်ပြီး နှစ်ဘက်ကို ကြားနာ၍ မြို့နယ်ရုံးက အမိန့်ချမှတ်ခဲ့သည်။ လျှောက်ထားခံရသူတို့ကို အမှုတွင် တရားပြိုင်များအဖြစ်ဖြင့် ထည့်သွင်းခဲ့ပြီး လျှောက်ထားသူတို့၏ အကျိုးဆောင်အဖြစ်ဖြင့် ဦးအုန်းခင် ဆက်လက်မဆောင်ရွက်ရဟု ဆုံးဖြတ်လိုက်သည်။ ယင်းဆုံးဖြတ်ချက်ကို မကျေနပ်၍ လျှောက်ထားသူများက ဤပြင်ဆင်မှု လျှောက်လွှာတင်ခြင်းဖြစ်သည်။

၁၉၇၄

ဦးကျော်ရှိန်ပါ ၂ နှင့် ဒေါ်ပုပါ ၃။

လျှောက်ထားခံရသူတို့သည် ကွယ်လွန်သူ ဦးဖေကြီး၏ အမွေစား အမွေခံများ ဖြစ်ကြောင်း အမှုတွဲအရ ပေါ်လွင်သည်။ သို့သော် ဦးဖေကြီး မသေဆုံးမီက လျှောက်ထား ခံရသူတို့ကို အမွေခွဲဝေပေးပြီးပြီ၊ ထို့ကြောင့် လျှောက်ထားသူက ဒေါ်ပိုးမျှင်ပေါ် စွဲသည့် အမွေမှုတွင် ၎င်းတို့အား ထည့်သွင်းရန်မလိုဟု လျှောက်ထားသူတို့က တင်ပြ သည်။

ဦးဖေကြီး မသေဆုံးမီက အမွေခွဲ၍ ပေးပြီးပြီဟု စွပ်စွဲချက်ကို လျှောက်ထားခံရသူ များက ငြင်းသည်။ ထို့အပြင် သဒ္ဒါပေးစာချုပ်အရ အခင်းဖြစ် ပစ္စည်းမှာ ၎င်းတို့ပိုင် ပစ္စည်းဖြစ်သဖြင့် အမှုတွင် ပါဝင်ထိုက်သည်ဟု လျှောက်ထားခံရသူများက တင်ပြ သည်။

အမွေမှုဖြစ်သည့်အတွက် ဦးဖေကြီး၏ ကျန်ရစ်ခဲ့သော အမွေစား အမွေခံများ အားလုံးတို့သည် အမှုတွင် ပါဝင်သင့်သည်။ လျှောက်ထားခံရသူတို့မှာ အမွေစား အမွေခံများဖြစ်သည်။ ၎င်းတို့အား အမွေခွဲဝေပေးပြီး မပြီးအချက်ကို ၎င်းတို့အား အမှုတွင် တရားပြိုင်များအဖြစ် ထည့်သွင်းပြီး စစ်ဆေး၍သာ ဆုံးဖြတ်ပေးနိုင်မည်။ အခင်းဖြစ်ပစ္စည်းမှာ ဦးဖေကြီး ထားရစ်ခဲ့သည့် အမွေပစ္စည်း ဟုတ် မဟုတ် လျှောက် ထားသူတို့ပိုင် ပစ္စည်းဟုတ် မဟုတ်ကိုလည်း လျှောက်ထားခံရသူတို့ကို တရားပြိုင်များ အဖြစ် ထည့်သွင်းပြီးမှ စစ်ဆေးဆုံးဖြတ်ပေးသင့်သည်။

ထို့အပြင် ဤလျှောက်လွှာမှာ တရားမကျင့်ထုံး ကိုဒ်ဥပဒေပုဒ်မ (၁၁၅) အရ တင်သည့်ပြင်ဆင်မှုလျှောက်လွှာဖြစ်သည်။ မြို့နယ်ရုံးတွင် တရားမ ကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် (၁)၊ နည်းဥပဒေ (၁၀) အရ ဆောင်ရွက်ပိုင်ခွင့် အာဏာရှိသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပြီး လျှောက်ထားခံရသူများကို အမှုတွင် တရားပြိုင်များအဖြစ် ထည့်သွင်း ခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့ ဆောင်ရွက်ရာ၌ ဥပဒေအရ မှားယွင်းချွတ်ချော် တိမ်း စောင်းခဲ့သည်ဟု မဆိုနိုင်ချေ။

ဟသ်ာတခရိုင် တရားမ တရားသူကြီးရုံး တရားမကြီးမှု အမှတ် ၇/၅၆ ၌ လျှောက်ထားသူ ဦးကျော်ရှိန်၏ သက်သေခံချက်နှင့် ပတ်သက်ပြီး ဤအမှုတွင် အကျိုး ဆောင် ဦးအုန်းခင်ကို သက်သေပြမည်ဟု လျှောက်ထားခံရသူဘက်က တင်ပြသည်။ အမှုတွဲအရ ဦးအုန်းခင်ကို ဤအမှုတွင် သက်သေပြရန် အကြောင်းပေါ် ပေါက်နိုင်သည် ဟု ကျွန်ုပ်တို့ယူဆသည်။ ထို့ကြောင့် ဦးအုန်းခင်သည် ဤအမှုတွင် ဆက်လက်၍ လျှောက်ထားသူများ၏ အကျိုးဆောင်အဖြစ် မဆောင်ရွက်သင့်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှု လျှောက်လွှာကို ပလပ် လိုက်သည်။ စရိတ် ကျပ် ၅၁ ခွင့်ပြုသည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးထွန်းအောင်ကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၄
နိုဝင်ဘာလ
၂၉ ရက်။

ဦးကျော်သန်း

နှင့်

၁။ အတွင်းရေးမှူး၊ ရန်ကုန်တိုင်း လျော်ကြေး စိစစ်ရေးကော်မတီ။
၂။ ဦးဟံကြီး။*

အလုပ်သမား လျော်ကြေး ဥပဒေ၊ အလုပ်သိမ်းချိန် နောက်ပိုင်း အလုပ်သမား အချင်းချင်း စကားများပြီး ရရှိသည့် ဒဏ်ရာအတွက် လျော်ကြေး ပေးရန်လို မလို။

ဆုံးဖြတ်ချက်။ ။အလုပ်သိမ်းချိန် နောက်ပိုင်း၊ အလုပ်ကိစ္စနှင့် မပတ်သက်ပဲ အလုပ်သမား အချင်းချင်း စကားများပြီး ရန်ဖြစ်ရာက ရရှိသော ဒဏ်ရာအတွက် အလုပ်ရှင်က လျော်ကြေးပေးရန် တာဝန်မရှိ။

အယူခံတရားလိုအတွက်။ ။ဦးဘညွန့်။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်၊ ဥပဒေရုံး၊ ရုံးသဟာယ မစ္စတာ အက်(စ်)၊ ဂျေ၊ ဂို(ရှ်)။

အယူခံ တရားလို ဦးကျော်သန်းသည် အင်းစိန်မြို့ ကြို့ကုန်းရပ်ရှိ ဖန်ချက်စက်ရုံ ပိုင်ရှင်ဖြစ်သည်။ အယူခံတရားပြိုင်အမှတ် (၂) ဦးဟံကြီးသည် သေဆုံးသူ မောင်ထွန်းလှ၏ ဖခင်ဖြစ်သည်။ မောင်ထွန်းလှသည် အထက်တွင်ဖော်ပြခဲ့သည့် ဖန်ချက်စက်ရုံမှ အလုပ်သမားတဦးဖြစ်ခဲ့သည်။

၁၉၇၁ ခု၊ ဇူလိုင်လ ၂၄ ရက်နေ့က စက်ရုံ အတွင်းတွင် မောင်ထွန်းလှနှင့် အခြား အလုပ်သမား မောင်ကြည်ဝင်းတို့ ရန်ဖြစ်ကြရာ မောင်ကြည်ဝင်းက မောင်ထွန်းလှ၏

---

* ၁၉၇၃ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၅၀။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှု အမှတ် ၃၉ တွင်၊ ရန်ကုန်တိုင်းအလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၄

ဦးကျော်သန်း နှင့် ၁။ အတွင်းရေးမှူး၊ ရန်ကုန်တိုင်း လျော်ကြေး စီစစ်ရေးကော်မတီ၊ပါ ၂ ၂။ ဦးဟံကြီး။

ဦးခေါင်းကိုသံတုတ်နှင့် ရိုက်လိုက်သည့်အတွက် မောင်ထွန်းလှအား ဆေးရုံတင်ရသည်။ မောင်ထွန်းလှသည် ဆေးရုံတွင် သေဆုံးခဲ့သည်။ မောင်ထွန်းလှ သေဆုံးသည့်ကိစ္စနှင့်ပတ်သက်၍ဖခင်ဖြစ်သူ အယူခံတရားပြိုင်အမှတ် (၂) ဦးဟံကြီးက အလုပ်သမားလျော်ကြေးတောင်းဆိုရာ အယူခံတရားပြိုင် အမှတ် (၁) ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစီစစ်ရေး ကော်မတီက ဦးဟံကြီးအား လျော်ကြေးငွေ ၂၉၅၂ ကျပ်ပေးရန်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ (၃၀) အရ အယူခံဝင်ခြင်းဖြစ်သည်။

မောင်ထွန်းလှသည်ဖန်ချက်စက်ရုံမှအလုပ်သမားဖြစ်ကြောင်း၊ အယူခံတရားလိုက ဝန်ခံသည်။။ သို့သော်ဖန်ချက်စက်ရုံ၏ အလုပ်ချိန်မှာ ညနေ ၃ နာရီမိနစ် ၂၀ အထိသာဖြစ်သည်။ မောင်ထွန်းလှ သံတုတ်နှင့်အရိုက်ခံရသည့် အချိန်မှာ ညနေ ၄ နာရီဖြစ်သည်။ ထို့ကြောင့် အလုပ်ချိန်အတွင်း အလုပ်ခွင်တွင်း၌ ဖြစ်သည့်ကိစ္စမဟုတ်သည့်အတွက် အလုပ်သမားလျော်ကြေးပေးရန် တာဝန်မရှိဟု တင်ပြသည်။

စက်ရုံ၏အလုပ်ချိန်မှာ နံနက် ၇ နာရီမှ ညနေ ၃ နာရီမိနစ် ၂၀ (နေ့လည် ၁၁ နာရီမှ ၁၂ နာရီအားလပ်ချိန်) ဖြစ်ကြောင်း သက်သေအထောက်အထားအရ ပေါ်လွင်သည်။ အချင်းဖြစ်သည့်အခါက စက်ရုံအတွင်းတွင်ရှိသည့် အလုပ်သမားများ၏ ထွက်ဆိုချက်နှင့် မောင်ထွန်းလှက ကိုယ်တိုင်ရဲသို့တိုင်သည့် တိုင်ချက်တွင် ဖော်ပြချက်အရ အရိုက်ခံရသည့် အချိန်မှာ စက်ရုံ အလုပ်သိမ်းပြီးသည့် အချိန်တွင် ဖြစ်ကြောင်းပေါ်လွင်သည်။ ထို့ကြောင့် မောင်ထွန်းလှသည် အလုပ်ချိန်အတွင်း အလုပ်ခွင်၌ဒဏ်ရာရရှိခဲ့ခြင်း မဟုတ်ပေ။ သို့ဖြစ်၍ မောင်ထွန်းလှ သေဆုံးသည့် ကိစ္စနှင့်ပတ်သက်၍ အလုပ်ရှင်သည် လျော်ကြေးပေးရန် တာဝန်မရှိချေ။

မောင်ထွန်းလှရရှိခဲ့သည့်ဒဏ်ရာမှာ အလုပ်ချိန်အတွင်းရရှိခဲ့သည့် ဒဏ်ရာမဟုတ်သည့်အပြင် အလုပ်ကိစ္စနှင့် ပတ်သက်၍ ရန်ဖြစ်ခဲ့ရသဖြင့် ရရှိသည့်ဒဏ်ရာမဟုတ်ကြောင်းလည်း ပေါ်လွင်သည်။ အလုပ်သမားအချင်းချင်း စကားများပြီး ရန်ဖြစ်သဖြင့်အရိုက်ခံရ၍ရရှိခဲ့သောဒဏ်ရာဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို လက်ခံသည်။ ရန်ကုန်တိုင်းအလုပ်သမား လျော်ကြေးအရာရှိရုံး အမှုအမှတ် ၃၉ အလည (လျော်ကြေး) ၇၃ တွင် နေ့ရက်မပါ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ အမိန့်ကိုပယ်ဖျက်လိုက်သည်။ စရိတ်ခွင့်မပြု။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၄ — ဇူလိုင်လ ၅ ရက်။

ဒေါ်စောမြို

နှင့်

၁။ မောင်မြသန်း။

၂။ ဥက္ကဋ္ဌ၊ အလုပ်သမားလျော်ကြေးစီစစ်ရေးကော်မတီ၊ ရန်ကုန်တိုင်း။*

အလုပ်သမား လျော်ကြေး နည်းဥပဒေ ဇယား (၁)၊ မည်သည့်အခါသက်ဆိုင်ရာ ဆရာဝန် စစ်ဆေးချက်မလိုသည်ကို ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အလုပ်သမား လျော်ကြေး နည်းဥပဒေ ဇယား (၁)တွင် ဖော်ပြထားသည့် ဒဏ်ရာများဖြစ်၍ သက်ဆိုင်ရာ ဆရာဝန်ကို မစစ်[illegible]ယင်း၏ လက်မှတ်ကို သက်သေခံအဖြစ် လက်ခံနိုင်သည်။

အယူခံတရားလိုအတွက်။ ။ဒေါက်တာ လှကျော်။

အယူခံတရားခံအတွက်။ ။ဗဟိုဥပဒေရုံး၊ ဥပဒေဝန်ထမ်း မစ္စတာ ဂို(ရှ်)။

လျှောက်ထားခံရသူ မောင်မြသန်းက သူသည် လျှောက်ထားသူ ဒေါ်စောမြို၏ အလုပ်သမားဖြစ်သည်။ ဒေါ်စောမြိုပိုင် အငှါးလိုက် မော်တော်ယာဉ်ကို မောင်းရာတွင်၊ ယင်းမော်တော်ယာဉ်မှောက်၍ ဒဏ်ရာရခဲ့သည်။ ယင်းဒဏ်ရာရသည့်အတွက် အလုပ်သမားလျော်ကြေးရရန် ရန်ကုန်တိုင်းအလုပ်သမား လျော်ကြေး ကော်မတီသို့ လျှောက်ထားခဲ့သည်။ အလုပ်သမား လျော်ကြေး ကော်မတီက အလုပ်သမား လျော်ကြေး ငွေ ၃၉၃၁ ကျပ် ၂၀ ပြားကိုလျှောက်ထားသူက လျှောက်ထားခံရသူ မောင်မြသန်းအား ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍လျှောက်ထားသူက အယူခံခြင်း ဖြစ်သည်။ လျှောက်ထားခံရသူ မောင်မြသန်းမှာ မိမိ၏

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၄။

† ၁၉၆၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှု အမှတ် ၇၀ တွင်၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စီစစ်ရေး ကော်မတီရုံး၏ ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

၁၉၇၄
ဒေါ်စောမှီ
နှင့်
၁။ မောင်မြသန်း
၂။ ဥက္ကဋ္ဌ၊ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၊ ရန်ကုန်တိုင်း။

အလုပ်သမား မဟုတ်ကြောင်း၊ ဆွေမျိုးသားချင်းဖြစ်၍ အလုပ်တွင် ကူပေးခြင်းမျှသာ ဖြစ်ကြောင်း၊ အလုပ်ခွင်တွင် အလုပ်ချိန်၌ရသည့်ဒဏ်ရာမဟုတ်ကြောင်း စသည်ဖြင့် လျှောက်ထားသူ ဒေါ်စောမှီက တင်ပြသည်။

[ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီရုံးမှ သက်ဆိုင်ရာ အမှုတွဲတွင် စစ်ဆေးထားသည့် သက်သေထွက်ချက်များကို ပြေ့လာသည့်အခါ သက်သေ ဦးဝင်းမောင်၊ ဦးအောင်ကြည်၊ ဦးကြည်ရှိန်တာတို့၏ ထွက်ဆိုချက်များအရ လျှောက်ထားခံရသူ မောင်မြသန်းမှာ လျှောက်ထားသူ ဒေါ်စောမှီ၏ အလုပ်သမား ဖြစ်ကြောင်းနှင့် လျှောက်ထားခံရသူ ရရှိခဲ့သည့် ဒဏ်ရာများမှာလည်း အလုပ်ခွင်၌ အလုပ်ချိန်တွင် ရရှိခဲ့သော ဒဏ်ရာများ ဖြစ်ကြောင်း ပေါ်လွင်သည်။

မင်္ဂလာဒုံ လေဆိပ်ကားဂိတ်တွင်အငှါးကားဂိတ် ထိုးရန်အချိန်မှာ နံနက် ၁၁ နာရီမှ ည ၈ နာရီဟု သတ်မှတ်ထားသည့်အတွက် မောင်မြသန်း ရရှိသည့် ဒဏ်ရာများမှာ အလုပ်ခွင်၌ အလုပ်ချိန်တွင် ရသည့် ဒဏ်ရာများ မဟုတ်ဟု လျှောက်ထားသူက တင်ပြထားကြောင်း တွေ့ရသည်။ နံနက် ၁၁ နာရီမှ ည ၈ နာရီဟုသတ်မှတ်ထားသည့် အချိန်မှာ မင်္ဂလာဒုံလေဆိပ်က ဂိတ်ထိုးချိန် သတ်မှတ်ချက်ဖြစ်သည်။ လျှောက်ထားသူ၏ မော်တော်ယာဉ်မှာ အငှါးလိုက်သည့် မော်တော်ယာဉ် ဖြစ်သည်။ ယင်းအငှါးလိုက်မော်တော်ယာဉ်သည် နံနက် ၁၁ နာရီမှ ည ၈ နာရီအထိသာ မင်္ဂလာဒုံ လေဆိပ်မှ ခရီးသည်များ တင်ဆောင်ရမည်ဟု ကန့်သတ်ထားသော အထောက်အထား မတွေ့ရချေ။ အငှါးလိုက် မော်တော်ယာဉ် တစင်းအနေဖြင့် အခြား အချိန်များတွင် ခရီးသည် မတင်မဆွဲရဟု ကန့်သတ်ချက် အထောက်အထားလည်းမရှိချေ။ ထို့ကြောင့် လျှောက်ထားသူ၏ အငှါးမော်တော်ယာဉ် မှောက်သည့် အခါက အလုပ်အချိန်တွင် မှောက်ခဲ့ခြင်း မဟုတ်ဟု အဆိုပြုချက်ကို လက်ခံရန် အကြောင်းမရှိပေ။

ထို့ပြင် လျှောက်ထားသူက မောင်မြသန်းသည် မည်သူ၏ ခွင့်ပြုချက်မှ မရပဲ ကားကို အလုပ်ချိန်မဟုတ်သော နံနက် ၇ နာရီထိုးက ယူသွားသဖြင့် အလုပ်ချိန် မဟုတ်သော နံနက် ၉ နာရီ ၃၀ မိနစ်အချိန်တွင် ကားမှောက်မှု ဖြစ်ရပါသည်ဟု ဆိုသည်။ ကားကြီးတစင်းလုံး မိမိခြံဝင်းအတွင်းမှ ထုတ်ယူမောင်းနှင်သွားသည့်ကိစ္စကို မိမိတို့ခွင့်ပြုချက် မရှိပါ၊ မသိရပါဟု လျှောက်ထားသူက ငြင်းဆိုသည်။ ထိုငြင်းဆိုချက်ကို လက်မခံနိုင်ချေ။

လျှောက်ထားခံရသူ မောင်မြသန်းတွင် အငှါးလိုက် မော်တော်ယာဉ်မောင်းခွင့် လိုင်စင် မရှိသည့်အတွက် မိမိ၏ အလုပ်သမား မဟုတ်ဟုလည်း လျှောက်ထားသူ ဒေါ်စောမှီက တင်ပြသည်။ ဤတွင် အလုပ်သမားနှင့် အလုပ်ရှင်ဆိုသော စကားရပ်၏

၁၉၇၄

ဒေါ်စောမိ နှင့် ၁။ မောင်မြသန်း ၂။ ဥက္ကဋ္ဌ၊ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၊ ရန်ကုန်တိုင်း။

အဓိပ္ပါယ်ကို ရှင်းလင်းရန် လိုပေသည်။ အလုပ်သမား ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားအသုံးပြု၍ လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေး ဝမ်းကျောင်းပြုနေရသူကိုဆိုပြီး၊ အလုပ်ရှင်ဆိုသည်မှာ အလုပ်သမားကို လုပ်ခပေးရန် တာဝန်ရှိသူကို ဆိုခြင်းဖြစ်သည်။ လျှောက်ထားခံရသူ မောင်မြသန်းတွင် အငှါးလိုက်မော်တော်ယာဉ် မောင်းနှင်ခွင့်လိုင်စင် ရှိမရှိအချက်မှာ အလုပ်ရှင်-အလုပ်သမား ဟုတ်-မဟုတ်ကိစ္စနှင့် မည်သို့မျှ မသက်ဆိုင်ချေ။

လျှောက်ထားခံရသူ ရရှိခဲ့သည့် ဒဏ်ရာများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ဆရာဝန်ကိုခေါ်၍မစစ်ဆေးပဲ ယင်းဆရာဝန်၏ လက်မှတ်ကို သက်သေခံအဖြစ်ဖြင့် လက်ခံထည့်သွင်းထားခြင်းမှာ ဥပဒေအရမှားယွင်းချွတ်ချော်နေသည်ဟု လျှောက်ထားသူ၏ အကျိုးဆောင်ကြီးက တင်ပြခဲ့သည်။ လျှောက်ထားခံရသူ မောင်မြသန်း ရရှိသည့် ဒဏ်ရာများမှာ အလုပ်သမား လျော်ကြေး နည်းဥပဒေ ဇယား (၁) တွင် ဖော်ပြထားသည့် ဒဏ်ရာများ ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဆရာဝန်ကို မစစ်ဆေးပဲ ယင်း၏ လက်မှတ်ကိုသက်သေခံအဖြစ်ဖြင့်လက်ခံနိုင်သည်။ **ဦးဝင်းဖေ နှင့် မောင်တင်သိန်း**(၁) တို့ အမှုကို ကြည့်ပါ။

အထက် ဖော်ပြပါအကြောင်းများကြောင့် လျှောက်ထားသူက လျှောက်ထားခံရသူ မောင်မြသန်းအား အလုပ်သမား လျော်ကြေးပေးစေဟု ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီက ချမှတ်သည့် အမိန့်ကို အောက်ပါ ပြင်ဆင်ချက်ဖြင့် အတည်ပြုလိုက်သည်—

> လျှောက်ထားခံရသူ မောင်မြသန်းမှာ လက်မ ပြတ်သွားသည့်အတွက် လျော်ကြေးမှာ ၂၅ ရာခိုင်နှုန်းဖြစ်ပြီး၊ လက်သူကြွယ်နှင့် လက်သန်းများတို့၏အကြောတင်သွားသောကြောင့် ဆုံးရှုံးမှုအတွက် ၅ ရာခိုင်နှုန်းစီသာ ဥပဒေအရ ရထိုက်စေရမည်။ စုစုပေါင်း လျော်ကြေး ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းသာ ရသင့်စေရမည်။ ထိုနှုန်းအတိုင်း တွက်လျှင် လျော်ကြေးငွေမှာ ကျပ်ငွေ ၂၇၅၁ ကျပ် ဂ၄ ပြား ဖြစ်သည်။ ထို့ကြောင့် လျော်ကြေး ပမာဏကို ကျပ်ငွေ ၂၇၅၁ ကျပ် ဂ၄ ပြား ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ပြင်ဆင်သတ်မှတ်လိုက်သည့်အတိုင်း ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

---

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး စာမျက်နှာ (၁၀၉၇)။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးထွန်းအောင်ကျော်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မဆလီ

နှင့်

† ၁၉၇၄

နိုဝင်ဘာလ
၂၉ ရက်။

၁။ အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမားလျော်ကြေးအရာရှိ။
၂။ ဦးအက္ကဘာ။*

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂(င)၊ ကုမ္ပဏီ၏အုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်မှုကိုယ်စား ကိုယ်စားလှယ်ဟု အဓိပ္ပါယ် ကောက်ယူနိုင်၊ မနိုင် ကုမ္ပဏီ၏အုပ်ချုပ်ရေးမှူးအပေါ် အလုပ်သမားလျော်ကြေး တောင်းပိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၂ (င)အရ၊ ''အလုပ်ရှင်''ဟုအဓိပ္ပါယ်ဖော်ပြချက်တွင်၊'' အုပ်ချုပ်မှု ကိုယ်စားလှယ်'' ပါဝင်သည်ဟု ပါရှိသည်။ ပုဒ်မ ၂(၁)(စ)တွင ''အုပ်ချုပ်မှုကိုယ်စားလှယ်'' ဆိုသည်မှာ အခြားသူ တဦးဦးအတွက်ကိုယ်စား ဆောင်ရွက်ပေးနိုင်ခွင့်ရှိသူ ဖြစ်သည်ဟု ပြဋ္ဌာန်းထားရာ ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးသည် ကုမ္ပဏီအတွက် ကိုယ်စား ဆောင်ရွက် ပေးပိုင်ခွင့်ရှိသူ အုပ်ချုပ်မှု ကိုယ်စားလှယ် မဟုတ်၊ သို့ဖြစ်၍ ၎င်းအပေါ် လျော်ကြေး တောင်းပိုင်ခွင့်မရှိ။

အယူခံတရားလိုအတွက်။ ။ဦးစိန်ဖူး။

အယူခံတရားခံအတွက်။ ။ရှုံးသဟာယ အတွက် ဥပဒေဝန်ထမ်း အဆင့် (၁) မစ္စတာ အက်(စ်)၊ကော၊ ဂို(ရှ်)။

ကွယ်လွန်သူ ဦးအောင်သူ ဆိုသူသည် ဘီးလင်းမြို့နယ်အတွင်းရှိ မရမ်းကုန်း ရာဘာခြံမှ အလုပ်သမားတဦးဖြစ်ခဲ့သည်။ ရာဘာခြံကာကွယ်ရေးအဖြစ်အမှုထမ်းခဲ့သည်။ ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ည ၁၀ နာရီအချိန်တွင်

* ၁၉၇၃ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၄၄။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှု အမှတ် ၁ တွင်သထုံခရိုင်အလုပ်သမားလျော်ကြေး စီစစ်ရေးကော်မတီရုံး၏ ချမှတ်သော စီရင်ချက်ကို အယူခံဝင်မှု။

၁၉၇၄

မဆလီ နှင့် ၁။ အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမား လျော်ကြေး အရာရှိ။ ၂။ဦးအက္ကဘား

အဆိုပါရာဘာခြံသို့ သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်စဉ် ဦးအောင်သူသည် ဒဏ်ရာရ၍ သေဆုံးခဲ့သည်။

ဦးအောင်သူသည် ရာဘာခြံကို ကာကွယ်ရင်း သေဆုံးသွားသည့်အတွက် ရာဘာခြံပိုင်ရှင်များက ဦးအောင်သူ၏ဇနီးဖြစ်သူ ဒေါ်စောကြည်ကို ဦးအောင်သူသေဆုံးသည့်အချိန်ကစ၍ ရာဘာခြံ ပြည်သူပိုင်ပြုလုပ်သည့် ၁၉၆၄ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့အထိပင်စင်အဖြစ်ဖြင့် တလ ၉၀ိ ပေးခဲ့သည်။ ယင်းရာဘာခြံကို ပြည်သူပိုင်သိမ်းလိုက်ပြီးနောက် ခြံပိုင်ရှင်များက ပင်စင်လစာမပေးတော့သည့်အတွက် ဦးအောင်သူ၏သမီးဖြစ်သူ လျှောက်ထားသူ မဆလီကမိမိ၏အဖေ သေဆုံးခြင်းကိစ္စနှင့် ပတ်သက်ပြီး အလုပ်သမားလျော်ကြေးရလိုကြောင်း၊ ရာဘာခြံကုမ္ပဏီ၏ အတွင်းရေးမှူးဟောင်း လျှောက်ထားခံရသူအမှတ် (၂) ဦးအက္ကဘားအပေါ်တွင် သထုံခရိုင် အလုပ်သမား အရာရှိထံလျှောက်ထားခဲ့သည်။

သထုံခရိုင်အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီက ဦးအောင်သူ၏ဇနီး ဒေါ်စောကြည်အား ရာဘာခြံကုမ္ပဏီက လစဉ်ပင်စင်အဖြစ် ပေးခဲ့သည့် ငွေများမှာ ဦးအောင်သူသေသည့်အတွက် ပေးရမည့်လျော်ကြေးထက် ပိုနေသည့်အပြင် မဆလီ၏ လျှောက်လွှာမှာကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဟု အကြောင်းပြ၍လျှောက်လွှာကိုပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ (၃၀) အရ အယူခံဝင်ခြင်းဖြစ်သည်။

အမှုတွဲများအရ အယူခံတရားပြိုင်အမှတ် (၂) ဦးအက္ကဘားသည် မရမ်းကုန်း ရာဘာခြံကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူး ဖြစ်ကြောင်း ပေါ်လွင်သည်။ အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၂ (င) အရ "အလုပ်ရှင်" ဟုအဓိပ္ပါယ်ဖော်ပြချက်တွင် "အုပ်ချုပ်မှုကိုယ်စားလှယ်ပါဝင်သည်" ဟုပါရှိသည်။ ပုဒ်မ ၂ (၁) (စ) တွင် "အုပ်ချုပ်မှုကိုယ်စားလှယ်" ဆိုသည်မှာ အခြားသူ တဦးဦးအတွက် ကိုယ်စား ဆောင်ရွက်ပေးနိုင်ခွင့်ရှိသူ ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။ လျှောက်ထားခံရသူ အမှတ် (၂) ဦးအက္ကဘားသည် မရမ်းကုန်း ရာဘာခြံကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူး သာဖြစ်သည်။ ယင်းကုမ္ပဏီအတွက် ကိုယ်စားဆောင်ရွက်ပေးပိုင်ခွင့်ရှိသူ အုပ်ချုပ်မှူး ကိုယ်စားလှယ်မဟုတ်ပေ။ ထို့ကြောင့် အယူခံတရားလို မဆလီသည် အယူခံတရားပြိုင်အမှတ် (၂) ဦးအက္ကဘားပေါ်တွင် မိမိ၏ဖခင် ဦးအောင်သူ သေဆုံးသွားသည့် ကိစ္စနှင့်ပတ်သက်၍ အလုပ်သမားလျော်ကြေး တောင်းပိုင်ခွင့် မရှိချေ။ ထို့ကြောင့် ဤအယူခံကိုစရိတ်မရှိပလပ်လိုက်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးကြည်မြတို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးညို ပါ ၂

နှင့်

† ၁၉၇၄

ဒီဇင်ဘာလ
၁၉ ရက်။

၁။ ပျဉ်းမနားမြို့နယ် ဦးစီးဌာနမှူး၊ အလုပ်သမားလျော်ကြေး အရာရှိရုံး၊
ပျဉ်းမနားမြို့။ *

၂။ ဦးအောင်ပု၊ ကြံကြိတ်လုပ်သား၊ သရက်တောကျွန်း ရောင်းဒိုင်၊
ပျဉ်းမနားမြို့။

အလုပ်သမား လျော်ကြေး ဥပဒေ၊ မူလကတည်းက တိမ်စွဲကပ်နေကြောင်းကို သိလျက်နှင့် လုပ်ကိုင်
စေသဖြင့် အလုပ်လုပ်ကိုင်စဉ် ကြံဖတ်စ ထိုးမိရာမှ မျက်စိတွင် ဒဏ်ရာရသည်။ ယင်း
ဒဏ်ရာဖြင့်မျက်စိကွယ်ခြင်းအတွက် လျော်ကြေး ရပိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အလုပ်ရှင်သည် မူလကတည်းက အလုပ်သမား၏ မျက်စိတိမ်စွဲကပ်နေ
ကြောင်းသိလျက်နှင့် အလုပ်လုပ်ကိုင်စေသဖြင့် ကြံကြိတ်ဖိုမှ မီးအရှိန်ကြောင့် တိမ်ရောဂါကြွလာပြီး
မျက်စိကွယ်ခြင်း ဖြစ်စေကာမူ၊ ယင်းဒဏ်ရာသည် အလုပ်ခွင်တွင် ရရှိသည့် ဒဏ်ရာဖြစ်သဖြင့် ယင်း
ဒဏ်ရာအတွက် အလုပ်ခွင်တွင် တာဝန်ရှိသည်၊ အလုပ်သမား လျော်ကြေး ရပိုင်ခွင့်ရှိသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင်၊ ဦးအောင်သူ။

အယူခံတရားခံအတွက်။ ။ရုံးသဟာယအတွက် ဥပဒေဝန်ထမ်း အဆင့် (၁)၊
မင္ဂတာ အက်(စ်)၊ ကော၊ ဂို(ရှ်)။

အယူခံ တရားလိုတို့သည် ကြံကြိတ်ဖို ပိုင်ရှင်များဖြစ်ကြသည်။ အယူခံ တရားပြိုင်
အမှတ် (၂) ဦးအောင်ပုသည်၊ ယင်း ကြံကြိတ်ဖိုတွင် နေ့စား အလုပ် သမား
ဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၀။

† ၁၉၇၄ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၂ တွင် ဦးအောင်မြိုင်သန်း (မြို့နယ်
ဦးစီးဌာနမှူး) ပျဉ်းမနားမြို့၊ အလုပ်သမား ဥပဒေ စစ်ဆေးရေး အလုပ်သမား လျော်ကြေး
အရာရှိ။

၁၉၇၄
ဦးညို ပါ ၂
နှင့်
၁။ ပျဉ်းမနား
မြို့နယ်ဦးစီး
ဌာနမှူး၊
အလုပ်သမား
လျော်ကြေး
အရာရှိရုံး၊
ပျဉ်းမနားမြို့။
၂။ ဦးအောင်ပု
(ကြံကြိတ်လုပ်
သား၊ သရက်
တော ကျွန်း
ရောင်း ဒိုင်၊
ပျဉ်းမနားမြို့)။

၁၉၇၂ ခုနှစ်၊ ဇီဇင်ဘာလ ၁၃ ရက်နေ့ ည အချိန်က ဦးအောင်ပုသည ကြံဖတ်များ သယ်၍ မီးထိုး လုပ်ကိုင် နေစဉ်၊ ၎င်း၏ လက်ျာဘက် မျက်စေ့ဂ ကြံဖတ်စဖြင့် ထိုးမိခဲ့သည်။ ဆေးရုံတွင် ကုသခဲ့သော်လည်း ယင်း မျက်စေ့မှာ ကွယ သွားသည်၊ ထို့ကြောင့် အလုပ်သမား လျော်ကြေး ရလိုကြောင်း တောင်းခ သည်၊ အယူခံ တရားပြိုင် အမှတ် (၁) ဖြစ်သည့် အလုပ်သမား လျော်ကြေး စိစ ရေးကော်မတီက ဦးအောင်ပုအား ၁,၅၇၂ ကျပ်၊ ၄၇ ပြား အယူခံတရားလိုတို့က ပေးရ အမိန့် ချမှတ် ခဲ့လေသည်။ ယင်း အမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေ ဥပဒေ ပုဒ်မ ၃၀ အရ၊ ယခု အယူခံ ဝင်ခြင်း ဖြစ်သည်။

အယူခံတရားလိုတို့က ဦးအောင်ပုသည် ၎င်းတို့၏ အလုပ်သမား တဦးဖြ ကြောင်း ဝန်ခံသည်။ သို့သော် အလုပ်ခွင်တွင် ကြံဖတ် အစ ထိခိုက်မိသဖြင့် ညာ ဘက် မျက်စေ့ ဒဏ်ရာရပြီး ယင်း ဒဏ်ရာကြောင့် ကွယ်ခဲ့သည်ကို ငြင်းသည်၊ သို့သော် ဦးညို၏ ထွက်ဆိုချက်အရ၊ ဦးအောင်ပု၏ ညာဘက် မျက်စေ့သည် မူလ အစကတည်းကပင် တိမ်စွဲကပ်၍ နေပြီး ကြံကြိတ်ဖိုတွင် မီးထိုး လုပ်ကိုင်ရာမှ မီးအရှိန် နှင့် တိမ်ကြွလာခဲ့ခြင်း ဖြစ်သည်ဟု ဝန်ခံ ထားသည်။ ဦးညိုသည်၊ ဦးအောင်ပုတွင် တိမ် စွဲကပ်နေကြောင်း သိလျက်နှင့် မိမိ၏ ကြံကြိတ်ဖို၌ အလုပ် လုပ်ခိုင်းခဲ့သည်။ ဤကဲ့သို့ တိမ်စွဲကပ်နေကြောင်း သိလျက်နှင့် အလုပ် လုပ်စေခဲ့သည့် အတွက် ကြံကြိတ် ဖိုမှ မီးအရှိန်ကြောင့် တိမ်ရောဂါ ကြွလာခြင်းမှာ အလုပ်ခွင်တွင် ရရှိသည့် ဒဏ်ရ ဖြစ်သဖြင့် ယင်းဒဏ်ရာ အတွက် အလုပ်ရှင်တွင် တာဝန် ရှိသည်။

ထို့ကြောင့် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏ အမိန့်ကို အတည်ပြုပြီး ဤအယူခံ လျှောက်လွှာကို စရိတ် မရှိ ပလပ်လိုက်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ညွန့် [သေဆုံးသူ (၄)လက်သမား ဦးရွှေ၏ ဇနီး] † ၁၉၇၄ / ဇွန်လ ၃ ရက်။

နှင့်

အက်ထောက် တိုင်းအင်ဂျင်နီယာ၊ ထိန်းသိမ်းရေး (၂၄)၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊ မော်လမြိုင်မြို့*

အလုပ်သမား လျော်ကြေး ဥပဒေပုဒ်မ ၃၊ အလုပ်ခွင်နှင့်အလုပ်ချိန်အတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းနှင့်ပတ်သက်သည့်ရှင်းလင်းချက်။

ဆုံးဖြတ်ချက်။ ။အလုပ်သွားရန်အတွက် ဘတ်စ်ကား စောင့်ရင်း မူးမေ့လဲကျသွားပြီး သေဆုံးခြင်းသည် အလုပ်ခွင်မှ ထိခိုက် ဒဏ်ရာကြောင့် သေဆုံးခြင်း မဟုတ်၍ အလုပ်သမားလျော်ကြေး ရနိုင်။

အယူခံတရားလိုအတွက်။ ။ကိုယ်တိုင်။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်။
ရှုံးသဟာယအဖြစ် ဗဟိုအကျိုးဆောင်အဖွဲ့ရုံးမှ ဥပဒေဝန်ထမ်းအဆင့် (၁)မစ္စတာ အက်(စ်)၊ ကေ၊ ဂို(ရှ်)၊ ကဆောင်ရွက်သည်။

လျှောက်ထားသူ ဒေါ်ညွန့်မှာကွယ်လွန်သူ ယခင်ဆောက်လုပ်ရေးကော်ပိုရေးရှင်းရုံး(မော်လမြိုင်) မှအလုပ်သမား ဦးရွှေ၏ ဇနီးဖြစ်သည်။ တနေ့ဦးရွှေသည် အလုပ်သွားရန် အတွက် ဘတ်စ်ကား စောင့်နေရာ အလိုအလျောက် မူးမေ့ လဲကျသွားသဖြင့် အနီး အနားရှိ လူများက ဆေးရုံသို့ တင်ပို့ခဲ့သည်။ မကြာမီ ဦးရွှေသည် ဆေးရုံတွင်ပင် သေဆုံး သွားသည်။

---

* ၁၉၇၄ ခုနှစ်၊ အလုပ်သမားအထွေထွေအယူခံမှုအမှတ် ၁။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှု အမှတ် ၁ တွင်မော်လမြိုင်မြို့ အလုပ်သမားလျော်ကြေး စီစစ်ရေး ကော်မတီရုံး၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၄

ဒေါ်ညွန့် [သေဆုံးသူ (ဒု) လက်သမား ဦးရွှေ၏ ဇနီး] နှင့် လက်ထောက် တိုင်း အင်ဂျင်နီယာ ထိန်းသိမ်းရေး (၂၄)၊ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း၊ မော်လမြိုင်မြို့။

ထိုကဲ့သို့ သေဆုံးသည့်အတွက် အလုပ်သမား လျော်ကြေးရရန် လျှောက် ထားသူက လျှောက်ခဲ့သဖြင့်၊ မော်လမြိုင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီက ဦးရွှေသည်၊ အလုပ်ခွင်တွင် သေဆုံးခြင်း မဟုတ်၊ အလုပ်ခွင်တွင် ထိခိုက် ဒဏ်ရာရ၍ သေဆုံးခြင်း မဟုတ်ဟု ဆိုပြီး၊ လျှောက်ထားသူ၏ လျှောက်လွှာကို ပလပ် လိုက်သည်။

ထို့နောက် လျှောက်ထားသူက ဆောက်လုပ်ရေး ကော်ပိုရေးရှင်းရုံး (မော်လမြိုင်မြို့) သို့ လျော်ကြေး ပေးရန် လျှောက်လွှာ တင်ခဲ့သည်။ ဆောက်လုပ်ရေး ကော်ပိုရေးရှင်းက ယခင်တရားရုံးချုပ်သို့ လိုအပ်သလို ဆက်လက် အရေးယူရန် လျှောက်လွှာကို ပေးပို့ခဲ့သည်။ ယခင် တရားရုံးချုပ်က ယင်း လျှောက်လွှာကို အယူခံ လျှောက်လွှာအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်ခဲ့သည်။

သက်သေအထောက်အထားအရ ဦးရွှေသည် အလုပ်သွားရန် ဘတ်စ်ကား စောင့်နေသည့် အချိန်တွင် မူးမေ့ လဲကျပြီး ဆေးရုံတွင် သေဆုံးခဲ့ကြောင်း ပေါ်လွင်သည့် အပြင် သက်ဆိုင်ရာ ဆေးရုံ အုပ်ကြီး၏ လက်မှတ် အရ၊ ဦးရွှေသည် ထိခိုက် ဒဏ်ရာရခြင်းကြောင့် သေဆုံးခြင်း မဟုတ်ဘဲ၊ ရောဂါကြောင့် သေဆုံး ခြင်းဖြစ်သည်ဟု တွေ့ရှိရသည်။ ထို့ကြောင့် ဦးရွှေသည် အလုပ်ခွင်တွင် သေဆုံးခြင်း မဟုတ်၊ အလုပ်ခွင်တွင် ထိခိုက် ဒဏ်ရာကြောင့် သေဆုံးခြင်း မဟုတ်ဟု မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို လက်ခံ ရပေမည်။ ထို့ကြောင့် ဤလျှောက်လွှာကို ပလပ်လိုက်သည်။

တရားမအသေးအဖွဲ့အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးထိုက်စံ

နှင့်

ဦးထွန်းတင် ပါ ၂ *

† ၁၉၇၄ ဇူလိုင်လ ရက်။

ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁) အတွက် ဆန်အိတ်များ မော်တော်ကားပေါ် တင်စဉ် ချော်လဲ၍ ခြေထောက်တွင်ဒဏ်ရာရခြင်း၊ အလုပ်သမားခများ ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)က ဆန်စက် လုပ်ကိုင်သူအားထုတ်ပေးခြင်း၊ ယင်းမှတဖန် အလုပ်သမားခေါင်းဆောင်က ထုတ်ယူပြီး အလုပ်သမားများအား ခွေပေးခြင်း၊ ဆန်စက်လုပ်ကိုင်သူနှင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)တို့ ပဋိဉာဉ် စာချုပ်အရ ဆန်စက်လုပ်ကိုင်သူက ဆန်မျ း ကို မော်တော်ကားပေါ်သို့ တင်ပေးရန် တာဝန်ရှိခြင်း၊ ဆန်စက်လုပ်ကိုင်သူ အယူခံ တရားလိုတွင် ခြေထောက် ဒဏ်ရာရသွားသူ အလုပ်သမား အတွက် လျော်ကြေးပေးရန် တာဝန်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အလုပ်သမားခ များကို ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁) က သီးခြားထုတ်ပေးခဲ့သော်လည်း ထိုငွေများကို တိုက်ရိုက်ထုတ်ပေးခဲ့ခြင်းမဟုတ်ပေ။ အလုပ်သမားခများကိုကုန်သွယ်ရေးကော်ပိုရေးရှင်း (၁)က ချက်ဖြင့်သော်ငင်း၊ ငွေသားဖြင့်သော်ငင်းအယူခံတရားလိုကို ထုတ်ပေးခဲ့သည်။ အယူခံတရားလိုထံ တဖန်အလုပ်သမားခေါင်းဆောင် ဦးချစ်မြိုင်ကထုတ်ယူပြီး အလုပ်သမားများကို ဝေပေးသည်။ ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁)က အလုပ်သမား များကို တိုက်ရိုက် လုပ်ခများပေးရန် တာဝန်မရှိချေ။ ထို့ကြောင့် ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁) နှင့် အလုပ်သမားများစပ်ကြား၌ ပဋိဉာဉ်အရ ဆက်စပ်နှီးနွယ်ခြင်း (Privity of Contract) မရှိကြောင်း ပေါ်လွင်သည်။ အလုပ်သမားများ ရထိုက်သောငွေများကို သီးခြားတွက်ချက်ပြီး အယူခံတရားလိုအား ပေးခဲ့ခြင်းကြောင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁) ၏ အလုပ်သမားများ ဖြစ်သည်ဟု မဆိုနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံတရားပြိုင်သည် အယူခံတရားလို၏ အလုပ်သမား ဖြစ်သည်။ အယူခံတရားလိုက လျော်ကြေးပေးရန် တာဝန်ရှိသည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမအသေးအဖွဲ့အယူခံမှုအမှတ် ၃၈။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှုအမှတ် ၁ တွင်၊ သာယာဝတီမြို့၊ လက်ပံတန်းမြို့နယ် အလုပ်သမား လျော်ကြေး စီစစ်ရေး ကော်မတီရုံး၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၄

ဦးထိုက်စံ
နှင့်
ဦးထွန်းတင်
ပါ ၂။

အယူခံတရားလိုအတွက်။ ။ဦးဝမ်ဟုပ်။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်၊ရှုံးသဟာယမစ္စတာအက်(စ်)၊ ကော၊ဂို(ရှ်)။

လက်ပံတန်းမြို့ရှိ ဒေါ်လှဆိုသူ ပိုင်သည့် ဆန်စက်ကို အယူခံ တရားလိုကငှါး၍ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) မှ စပါးများကို ကြိတ်ခဲ့သည်။ ၁၉၇၂ ခုနှစ်၊ မေလ ၄ ရက်နေ့က ယင်းစက်မှ အလုပ်သမား အယူခံတရားပြိုင် ဦးထွန်းတင်သည် ဆန်အိတ်များကို မော်တော်ကားပေါ် တင်နေစဉ် ရုတ်တရက် ခြေချော် လဲကျ သွား ပြီး ညာဘက် ခြေထောက်တွင် ဒဏ်ရာရရှိခဲ့၍ အ ယူ ခံ တရားလိုထံမှ အလုပ်သမားလျော်ကြေး ရလိုကြောင်း တရားစွဲဆိုခဲ့သည်။ လက်ပံတန်းမြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက အလုပ်သမား လျော်ကြေးငွေ ၁,၀၀၀ ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကိုမကျေနပ်၍ ဤအယူခံလွှာ တင်ခြင်းဖြစ်သည်။

အယူခံ တရားလိုက အယူခံတရားပြိုင်သည် သူ၏အလုပ်သမား မဟုတ်ဟု အယူခံလွှာတွင် အဓိကအချက် အနေဖြင့် တင်ပြထားကြောင်း တွေ့ရသည်။ မော်တော်ကားများပေါ်သို့ အလုပ်သမားများ တင်ပေးရသည့် ဆန်အိတ်များမှာ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁)ပိုင် ဆန်အိတ်များဖြစ်သည်။ ယင်းကဲ့သို့ တင်ပေးရသည့်အတွက် လုပ်ခများကို ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)က သီးခြားထုတ်ပေးသည်။ ဤကဲ့သို့ ကုန်သွယ်ရေး ကော်ပိုရေးရှင်းက လုပ်ခများကို အလုပ်သမားများအား ထုတ်ပေးသည့်အတွက် ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)သာလျှင် ယင်းအလုပ်သမားများ၏ အလုပ်ရှင်ဖြစ်သည်ဟု အယူခံတရားလို၏ အကျိုးဆောင်ကြီးက လျှောက်လဲသွားသည်။

စပါး ကြိတ်ခွဲခြင်းနှင့် ပတ်သက်ပြီး အယူခံ တရားလိုနှင့်ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁)တို့ ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ကို အယူခံတရားလိုက တင်ပြထားသည်။ ယင်းပဋိညာဉ်စာချုပ် အပိုဒ် (၇) တွင် အောက်ပါအတိုင်း ပါရှိသည်—

"ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁)၊ သို့မဟုတ် ၎င်းက တာဝန်လွှဲအပ်ခြင်း ခံရသော အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်များက ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို နိုင်ငံခြား တိုင်းပြည်များသို့ တင်ပို့ရန်အတွက် သော်၎င်း၊ ပြည်တွင်း စားသုံးရန်အတွက် သော်၎င်း၊ တင်ပို့သည့်အခါ ကြီးကြပ်ရေး ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ကြိတ်ခွဲစက် ပိုင်ရှင်သည်၊ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ

ကို အဆင့်အတန်းအလိုက်၊ အခြေအနေ ကောင်းမွန်စွာဖြင့် အရေအတွက် အပြည့်အ၀ကို ကုန်သွယ်ရေးက အသုံးပြုသော ယာဉ်ပေါ်သို့ အရောက်ပေးအပ်ရန် ဖြစ်ပါသည် ”။

ပဋိညာဉ် စာချုပ် အရ အယူခံ တရားလိုသည် ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ်(၁) ပိုင်ဆန်အိတ်များကိုမော်တော်ကားများပေါ်သို့တင်ပေးရန်တာ၀န်ရှိသည်။ ယင်းတာ၀န်ကို ဆောင်ရွက်ရန်အတွက် အလုပ်သမားများကို ငှါးခဲ့ခြင်းဖြစ်သည်။

ထို့အပြင်၊ အလုပ်သမားခများကို ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) က သီးခြား ထုတ်ပေးခဲ့သော်လည်း ထိုငွေများကို အလုပ်သမား များအား တိုက်ရိုက် ထုတ်ပေးခဲ့ခြင်း မဟုတ်ပေ။ အလုပ်သမားခများကို ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁) က ချက်ဖြင့်သော်၎င်း၊ ငွေသားသော်၎င်း အယူခံ တရားလိုကို ထုတ်ပေးခဲ့သည်။ အယူခံ တရားလိုထံမှ တဖန် အလုပ်သမားခေါင်းဆောင် ဦးချစ်မြိုင်က ထုတ်ယူပြီး၊ အလုပ်သမားများကို ၀ေပေးသည်။ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) က အလုပ်သမားများကို တိုက်ရိုက် လုပ်ခများပေးရန် တာ၀န်မရှိချေ။ ထို့ကြောင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) နှင့် အလုပ်သမားများ စပ်ကြား၌ ပဋိညာဉ်အရ စပ်ဆက်နှီးနွယ်ခြင်း (Privity of Contract) မရှိကြောင်း ပေါ်လွင်သည်။ အလုပ်သမားများ ရထိုက်သော ငွေများကို သီးခြားတွက်ချက်ပြီး အယူခံတရားလိုအား ပေးခဲ့ခြင်းကြောင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) ၏ အလုပ်သမားများဖြစ်သည်ဟု မဆိုနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံ တရားပြိုင်သည် အယူခံ တရားလို၏ အလုပ်သမားဖြစ်သည်ဟု ယူဆသဖြင့် ဤအယူခံလျှောက်လွှာကို ပလပ်လိုက်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြင့်နှင့် ဦးသန့်ခင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄ — အောက်တိုဘာလ ၁၈ ရက်။

ဦးထွန်းကြည်

နှင့်

အတွင်းရေးမှူး၊ သထုံခရိုင်၊ အလုပ်သမားလျော်ကြေးအရာရှိ၊ ပေါင်မြို့နယ်၊ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ။ *

အလုပ်သမား လျော်ကြေးဥပဒေ၊ လျော်ကြေး သတ်မှတ်ရန် အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီက အလုပ်သမား၏ ဝင်ငွေ မည်ရွေမည်မျှ ဖြစ်သည်ဟု ဆုံးဖြတ်ချက်အပေါ် အလုပ်သမားက အယူခံပိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အလုပ်သမား တဦး၏ ဝင်ငွေမည်ရွေ့မည်မျှ ဖြစ်သည်မှာ အကြောင်းအချင်းအရာ အချက်အလက်ဖြစ်သည်။ အလုပ်သမား လျော်ကြေး နည်းဥပဒေပုဒ်မ (၃၀) အရ အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို ဥပဒေအချက်အလက်နှင့် ပတ်သက်၍သာ အယူခံဝင်ပိုင်ခွင့်ရှိသည်။ အကြောင်းအချင်းအရာ အချက်အလက်နှင့် ပက်သက်၍ ဆုံးဖြတ်ချက်ကို အယူခံဝင်ပိုင်ခွင့်မရှိချေ။ သို့ဖြစ်၍ အလုပ်သမားက ၎င်း၏နေ့တွက်နှုန်းထားနှင့် ပတ်သက်၍ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ပိုင်ခွင့် မရှိ။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။ရုံးသဟာယ မစ္စတာ အက်(စ်)၊ ကော၊ ဂို(ရှ်)။

အယူခံ တရားလို ဦးထွန်းကြည်က ပေါင်မြို့နယ်၊ ဇင်းကျိုက်၊ ကျောက်မိုင်းမှ ကျောက်ထု အလုပ်သမားတဦးဖြစ်သည်။ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ကျောက်ထုနေရာမှ ၎င်း၏ ဘယ်ဘက်မျက်လုံးကို ကျောက်ခဲထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။ ယင်းဒဏ်ရာကြောင့် မျက်လုံးကိုထုတ်ပစ်ပြီး ပလပ်စတစ်မျက်လုံး အစားထိုး

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှုအမှတ် ၅ တွင် သထုံခရိုင် ပေါင်မြို့နယ်၊ အလုပ်သမားစိစစ်ရေး ကော်မတီရုံး၏ ချမှတ်သော စီရင်ချက်ကို အယူခံဝင်မှု။

ဦးထွန်းကြည် နှင့် အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမား လျော်ကြေး အရာရှိ၊ ပေါင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ။

ပေးခဲ့ရသည်။ ထို့ကြောင့် အယူခံတရားလိုက ကျောက်မိုင်းမှ အလုပ်သမား လျော်ကြေး ရလိုကြောင်း တောင်းဆိုခဲ့သည်။

ပေါင်မြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက အယူခံတရားလို ဒဏ်ရာမရမီ တနှစ်အတွက် ဝင်ငွေပေါ် မူတည်ပြီး အလုပ်သမားလျော်ကြေး နည်းဥပဒေပုဒ်မ ၅ (၁) (က) အရ၊ လစာနှုန်း တလ ၆ဝိ နှင့် လုပ်အားဆုံးရှုံးမှု ၃၃ ရာခိုင်နှုန်းသတ်မှတ်၍ အလုပ်သမားလျော်ကြေး ၉၉၇ ကျပ်၊ ၉၂ ပြားပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းလျော်ကြေး ပမာဏမှာ နည်းသည်ဟုဆိုပြီး အမိန့်ကို မကျေနပ်၍ ဦးထွန်းကြည်က အယူခံဝင်ခြင်းဖြစ်သည်။

ဦးထွန်းကြည်က သူ၏တနေ့ဝင်ငွေမှာ ၆ ကျပ်မှ ၈ ကျပ် ၅ဝ ပြားဖြစ်သည်။ ထို့ကြောင့်တလ ၆ဝိ နှုန်းနှင့်တွက်၍ အမိန့် ချမှတ်ခြင်းမှာ မှားသည်ဟု တင်ပြသည်။

ဝင်ငွေမှာ တနေ့ ၆ ကျပ်မှ ၈ ကျပ် ၅ဝ ပြားဖြစ်သည်ဟု တင်ပြချက်ကို လက်မခံပေ၊ တလ ၆ဝိ နှုန်းနှင့်တွက်ပြီး အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက လျော်ကြေး သတ်မှတ်ခဲ့ကြောင်း တွေ့ရသည်။ ဇင်းကျိုက်၊ ကျောက်မိုင်းကော်ပိုရေးရှင်းမှ ဦးထွန်းကြည်ကို ၁၉၇ဝ ခုနှစ်၊ ဒီဇင်ဘာလမှ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလအထိ လုပ်ခများ ထုတ်ပေးခဲ့သော စာရင်းဇယားအရ အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီက၊ လျော်ကြေးတွက်ချက်၍ သတ်မှတ်ပေးခြင်းဖြစ်သည်။ ယင်းစာရင်း ဇယားတွင် ဖော်ပြထားသည့် လုပ်ခများသည် မဟုတ်မမှန်ကြောင်း၊ ယင်းငွေထက်များကြောင်း ဦးထွန်းကြည်က သက်သေ အထောက်အထားတင်ပြခဲ့ခြင်း မတွေ့ရချေ။ ထို့ကြောင့် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီသည် ဦးထွန်းကြည်၏ လစဉ်ဝင်ငွေ နှုန်းထား တွက်ပုံတွက်နည်းမှာ ဥပဒေအရ မှားယွင်းချွတ်ချော်ခဲ့သည်ဟု မဆိုနိုင်ပေ။ ထို့အပြင် အလုပ်သမားတဦး၏ ဝင်ငွေ မည်မျှမည်မျှ ဖြစ်သည်မှာ အကြောင်းအချင်းအရာ အချက်အလက်ဖြစ်သည်။ အလုပ်သမားလျော်ကြေး နည်းဥပဒေပုဒ်မ (၃ဝ) အရ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို ဥပဒေ အချက်အလက်နှင့် ပတ်သက်၍သာ အယူခံ ဝင်ပိုင်ခွင့်ရှိသည်။ အကြောင်းအချင်းအရာ အချက်အလက်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ကို အယူခံဝင်ပိုင်ခွင့် မရှိချေ။ ဦးထွန်းကြည်၏ နေ့တွက်နှုန်းထားနှင့် ပတ်သက်၍အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို အယူခံ ဝင်ပိုင်ခွင့်မရှိ၊ ထို့ကြောင့် ဦးထွန်းကြည်၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

အထက်ဖော်ပြပါအကြောင်းများကြောင့် အယူခံကို စရိတ်မငြိ ပလပ်လိုက်သည်။

တရားမအထွေထွေအယူခံမှု

ညကြုဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄ ဇွန်လ ၃ ရက်။

ဦးဘိုးခ (ခေါ်) ဦးကျော်မြင့်

နှင့်

ကိုမောင်မောင်။ *

အလုပ်သမားသည် မိမိဝတ္တရား မဟုတ်သည့်ကိစ္စ ဆောင်ရွက်ရာတွင်၊ ဒဏ်ရာရခဲ့ခြင်းအတွက်၊ အလုပ်ရှင်တွင်တာဝန်ရှိ မရှိ၊ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ (၅) နှင့် (၆)အရ အလုပ်သမား များ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ။

ဆုံးဖြတ်ချက်။ ။စပါးသယ်သည့် ယာဉ်ဖြစ်သဖြင့် ခရီးသည်တင်ခြင်း၊ မော်တော်ယာဉ်ခတောင်းခံခြင်းမှာ ဝတ္တရားအရ ဆောင်ရွက်ရသည့် ကိစ္စမဟုတ်၊ ယင်းသို့ဝတ္တရားမဟုတ်သည့်ကိစ္စကို ဆောင်ရွက်ရာတွင် ရရှိသော ဒဏ်ရာအတွက် အလုပ်ရှင်တွင် တာဝန်မရှိ။ ပါစင်ဂျာ တင်ခွင့်မရှိသော မော်တော်ယာဉ်ပေါ်တွင် ပါစင်ဂျာ မတင်ရန် ပိတ်ပင်လျက် ပါစင်ဂျာများတင်ပြီး မော်တော်ယာဉ်ခတောင်းခြင်းမှာ တာဝန်မဲ့ဆောင်ရွက်မှုဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးချိန်ဖိုးနှင့် ဦးမောင်ကာလေး။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်၊ ဦးခွန်ဝင်းလှိုင်။

လျှောက်ထားသူမှာ လော်လီပိုင်ရှင်တဦး ဖြစ်ပါသည်။ လျှောက်ထားခံရသူ ကိုမောင်မောင်မှာ ယင်းလော်လီအတွက် ယာဉ်နောက်လိုက်ဖြစ်သည်။ ၁၉၇၃ ခုနှစ် မတ်လ ၈ ရက်နေ့က ယင်းလော်လီကားဖြင့် ပေါင်းတည်မြို့နှင့် ၈ မိုင်ကျော်ခန့်ဝေးသော စပါးဒိုင်သို့ စပါးသယ်ရန် သွားရောက်ခဲ့သည်။ လျှောက်ထားခံရသူ ကိုမောင်မောင်က ယာဉ်နောက်လိုက်အဖြစ် ပါသွားသည်။ အပြန်တွင် စပါးဒိုင်မှအလုပ်သမားများသည် ယင်း လော်လီပေါ်သို့ တက်လာခဲ့ကြသည်။ လမ်းတွင် လျှောက်ထားခံရသူ

---

*၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄၉။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှုအမှတ် ၃၀ တွင်ပေါင်းတည်မြို့နယ်၊အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သောစီရင်ချက်ကိုအယူခံဝင်မှု။

၁၉၇၄

ဦးဘိုးခ (ခေါ်) ဦးကျော်မြင့် နှင့် ကိုမောင်မောင်။

ကိုမောင်မောင်နှင့် ရန်ဖြစ်သည်။ ကိုမောင်မောင်သည် တုတ်နှင့်ရိုက်ခံရသည့်အတွက် နားနှစ်ဖက်စလုံးပင်းသွားသဖြင့် လျှောက်ထားခံရသူထံ လျော်ကြေးပေးရန်တောင်းဆိုခဲ့သည်။ ပေါင်းတည်မြို့နယ် အလုပ်သမား လျော်ကြေး ကြီးကြပ်ရေးကော်မတီက နှစ်ဖက် သက်သေများကို စစ်ဆေးပြီး လျော်ကြေးငွေ ၂၅၂၀ ကျပ် ပေးရန် အမိန့်ချခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍ အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလိုက အချက် သုံးချက် တင်ပြခဲ့သည်။ ၎င်းတို့မှာ—

(၁) ယာဉ်နောက်လိုက်သည် ယာဉ်မောင်းသူက ခန့်သည်၊ဖြုတ်သည်။ထို့ကြောင့် အယူခံတရားလို၏အလုပ်သမားမဟုတ်၊

(၂) ပါစင်ဂျာများ မတင်ရန် တားဆီးထားခဲ့သော်လည်း၊ လျှောက်ထားခံရသူက ပါစင်ဂျာများတင်ခဲ့သည်။ ယင်းပါစင်ဂျာများထံမှ ကားခ တောင်းသည့်အတွက် စပါးဒိုင်မှ အလုပ်သမားများနှင့် ရန်ဖြစ်ပြီး ဒဏ်ရာရခြင်းမှာ ပိုင်ရှင်အတွက် အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် ရသည့်ဒဏ်ရာ မဟုတ်သည့်အပြင် ပိုင်ရှင်က တားမြစ်ထားလျက်နှင့် ထိုတားမြစ်ချက်ကို ချိုးဖေါက်ခြင်းကြောင့် ရသည့်ဒဏ်ရာများ ဖြစ်သဖြင့် လျော်ကြေးမပေးထိုက်၊

(၃) ဆရာဝန်၏ ဆေးလက်မှတ်ကို နောက်မှတင်ပြီး ဆရာဝန်ကို ထိုဆေးလက်မှတ်နှင့် ပတ်သက်၍ မစစ်ဆေးခဲ့သဖြင့် ထိုဆေးလက်မှတ်သည် သက်သေခံမဝင်။

ယာဉ်နောက်လိုက်ကို ယာဉ်မောင်းက ခန့်နိုင်သည်၊ ဖြုတ်နိုင်သည် ဖြစ်သော်လည်း ယာဉ်နောက်လိုက်အတွက် အခကြေးငွေကို ပိုင်ရှင်က ပေးကြောင်း သက်သေအထောက်အထားအရ ပေါ်လွင်သည့်အတွက် လျှောက်ထားခံရသူသည် လျှောက်ထားသူ၏ အလုပ်သမား ဖြစ်သည်ဟု ဆိုရပေမည်။

လျှောက်ထားခံရသူ ကိုမောင်မောင်သည် စပါးသယ်သည့် မော်တော်ယာဉ်တွင် စပါးသယ်ဆောင်သည့် လုပ်ငန်းနှင့် ပတ်သက်၍ ယာဉ်နောက်လိုက်အဖြစ်သာ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ယင်းမော်တော်ယာဉ်မှာ ခရီးသည်တင်ယာဉ် မဟုတ်သဖြင့် ခရီးသည်များကိုတင်ပြီး ယင်းတို့ထံမှ မော်တော်ယာဉ်ခ တောင်းခံခြင်း ပြုလုပ်ခဲ့ကြောင်း သက်သေ အထောက်အထားအရ ထင်ရှားပေသည်။ ထိုကဲ့သို့ ဆောင်ရွက်မှုမှာ ကိုမောင်မောင်၏ ဝတ္တရားမဟုတ်ပါ။ ၎င်း၏ ဝတ္တရားမဟုတ်သည့်ကိစ္စ ဆောင်ရွက်ရာတွင် ဒဏ်ရာရခဲ့ပါလျှင် အလုပ်ရှင်မှာ တာဝန်မရှိနိုင်၊ ဤအတိုင်း ဦးမန်အင်နှင့် ဒေါ်အေးမိ (၁) တို့အမှုတွင် စီရင်ဆုံးဖြတ်ထားပါသည်။

---

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး စာမျက်နှာ ၁၉၆။

၁၉၇၄
ဦးဘိုးခ (ခေါ်) ဦးကျော်မြင့် နှင့် ကိုမောင်မောင်။

အလုပ်ဝတ္တရား ဆောင်ရွက်ရာတွင် ရရှိသည့် ထိခိုက်မှုမဟုတ်ဟု ဆုံးဖြတ်ထားသည့်အတွက် ဆရာဝန်၏ ဆေးလက်မှတ်ကို သက်သေခံအဖြစ် လက်ခံ သင့်-မသင့် စဉ်းစားရန် မလိုတော့ချေ။

၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ (၅) နှင့် (၆) အရ၊ အလုပ်သမားများသည် အခွင့်အရေးများ ရရှိပိုင်ခွင့် ရှိသည်နှင့်အမျှ မိမိတို့တွင် အလုပ်ဝတ္တရား ဆောင်ရွက်ရာ၌ တာဝန်ကျေပွန်စွာ ဆောင်ရွက်ရန် ဖြစ်သည်။ ပါစင်ဂျာတင်ခွင့်မရှိသော မော်တော်ယာဉ်ပေါ်တွင် ပါစင်ဂျာမတင်ရန် ပိတ်ပင်လျက်နှင့် ပါစင်ဂျာများတင်ပြီး မော်တော်ယာဉ်ခ တောင်းခြင်းမှာ တာဝန်မဲ့ ဆောင်ရွက်မှု ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

လျှောက်ထားခံရသူ ကိုမောင်မောင်သည် အလုပ်ခွင်တွင် ဒဏ်ရာရခဲ့သည် ဖြစ်စေကာမူ အလုပ်ကြောင့် ထိခိုက်မှု မဟုတ်သဖြင့် အလုပ်ရှင်၌ တာဝန်မရှိ။ ထို့ကြောင့် ပေါင်းတည်မြို့နယ် အလုပ်သမား လျော်ကြေး ကြီးကြပ်ရေး ကော်မတီ၏ အမိန့်ကို ပယ်ဖျက်ပြီး ဤအယူခံလျှောက်လွှာကို ခွင့်ပြုလိုက်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကိုမြိုင် ပါ (၆)

နှင့်

ဒေါ်မြသင် (အရွယ်မရောက်သေးသူများဖြစ်သည့် ၁။ မောင်မျိုးမြင့် ၂။မောင်မျိုးလွင် ၃။ အေးအေးချို တို့အတွက် အုပ်ထိန်းသူ)။*

† ၁၉၇၄
ဒီဇင်ဘာလ ၃၈ ရက်။

ကာလစည်းကမ်းသတ် ဥပဒေအချက် (၁၃)၊ ကလေးများကို အုပ်ထိန်းရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် စွဲဆိုခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုတို့က အယူခံတရားပြိုင်အား ကလေးများနှင့် ပစ္စည်းကို အုပ်ထိန်းရန်ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် စွဲဆိုသည့် အမှုသည် ကာလစည်းကမ်းသတ် ဥပဒေအချက် (၁၃) နှင့် အကျုံးဝင်သဖြင့် တနှစ်အတွင်းတရားစွဲဆိုရမည်။

အယူခံတရားလိုအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးစောလွင်။

အယူခံတရားခံအတွက်။ ။ဗဟိုတရားရုံး ရှေ့နေကြီး၊ ဦးဘကျော်။

အယူခံတရားလို ကိုမြိုင် ပါ ၆ ဦးတို့က အရွယ်မရောက်သေးသူ မောင်မျိုးမြင့်၊ မောင်မျိုးလွင်နှင့် အေးအေးချိုတို့အတွက် အုပ်ထိန်းခွင့် လက်မှတ်ရရှိသူ အယူခံတရားပြိုင် ဒေါ်မြသင်အပေါ်တွင် အုပ်ထိန်းခွင့်အမိန့်သည် ပယ်ဖျက်ကြောင်း မြွက်ဟစေလိုမှုကို ယခင်တရားရုံးချုပ် မူလဘက်ဌာနခွဲ (၁) တွင် တရား စွဲဆိုခဲ့သည်။ မူလရုံးက အယူခံတရားလိုများ စွဲဆိုသည့်အမှုမှာ ကာလစည်းကမ်း သတ်ကျော်လွန်နေပြီး ဖြစ်သည်ဟု ဆိုပြီး ပလပ်လိုက်သည့် အတွက် ဤအယူခံမှု စွဲဆိုခြင်း ဖြစ်သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၁။

† ၁၉၇၂ ခုနှစ်၊ တရားမမှုကြီး အမှတ် ၂ တွင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၁) တရားသူကြီးရုံး၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၇၄

ကိုမြိုင် ပါ-၆ နှင့် ဒေါ်မြသင် (အရွယ်မရောက်သေးသူများ ဖြစ်သည့်— ၁။ မောင်မျိုးမြင့် ၂။ မောင်မျိုးလွင် ၃။ မွှေးအေးချို တို့အတွက် အုပ်ထိန်းသူ)။

အယူခံတရားလိုများက ၎င်းတို့သည် ၁၉၅၉ ခုနှစ်ခန့်က သမိုင်းအုတ်ကျင်းရပ် ညောင်ပင်သာလမ်းတွင် ဆန်းနုသည့် ဆေးဆိုးပန်းရိုက်ကုမ္ပဏီ တည်ထောင်ခဲ့သည်။ ကလေးများ၏ ဖခင်ဖြစ်သူ ဦးဘိုးစံဆိုသူအား ပန်းရေးလုပ်ငန်းဆရာအဖြစ်ဖြင့် ကုမ္ပဏီတွင် ခန့်အပ်ထားသည့်အတွက် ၎င်း၏ဇနီး၊ ကလေးတွေ၏ မိခင် ဒေါ်ငွေသိန်းအား ကုမ္ပဏီ၏ အစုရှင်တဦးအဖြစ် ထည့်သွင်းပေးခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ကုန်ကြမ်းများ မရသဖြင့် ကုမ္ပဏီကို ယာယီပိတ်ထားပြီး အစုရှင်များထည့်သွင်းထားသော အစုငွေ အချိုးအဝက်ကို ပြန်ပေးခဲ့သည်။ ပန်းရေးဆရာ ဦးဘိုးစံနှင့် မငွေသိန်းတို့မှာ မော်လမြိုင်တွင် ၁၉၆၄ ခုနှစ်က ကွယ်လွန်သွားခဲ့သည်။ မငွေသိန်း၏ အမနှင့် ဖခင်ဖြစ်သူ ဦးစိုးမင်းတို့သည် ကုမ္ပဏီပိုင် ခြံဝင်းအတွင်းရှိ နေအိမ်သို့ ပြန်ပြီးကလေးများနှင့်အတူ နေထိုင်ခဲ့သည်။ ထို့နောက် ဒေါ်မြသင်သည် ယခင်မူလဘက် ဌာနခွဲ (၁) တရားမ အထွေထွေမှုအမှတ် ၇၉/၆၇ တွင် မငွေသိန်း၏ ခလေးများကို အုပ်ထိန်းခွင့် လျှောက် ထားခဲ့သည်။ ယင်းလျှောက်လွှာတွင် ကုမ္ပဏီပိုင်ပစ္စည်းများကို ခလေးများပိုင်ဆိုင်သည် ဆိုကာ လျှောက်လွှာဘွင် ထည့်သွင်းခဲ့သဖြင့် အုပ်ထိန်းခွင့်လက်မှတ်တွင် ထိုပစ္စည်းများ ပါဝင်နေသည်။ စင်စစ်မှာ ထိုပစ္စည်းများကို မငွေသိန်းမပိုင်ခဲ့ပါ။ ထိုလျှောက်လွှာ တင်သည့်အခါက နှင့် အုပ်ထိန်းသူ လက်မှတ်ထုတ်ပေးသည့်အခါက အယူခံတရားလို များမသိခဲ့ရပါ။ သို့ဖြစ်၍ ဒေါ်မြသင်အား ထုတ်ပေးသည့် အုပ်ထိန်းခွင့် လက်မှတ်မှာ မှားယွင်းနေသဖြင့် အမိန့်ကို ပယ်ဖျက်ပေးသင့်ပါသည်ဟု အဆိုပြုခဲ့သည်။

အယူခံတရားပြိုင်က အခင်းဖြစ်ပစ္စည်းများမှာ ကုမ္ပဏီကို ဖျက်သိမ်းလိုက်သည့် အခါ မငွေသိန်းက ကုမ္ပဏီမှ ပစ္စည်းများကို တန်ဖိုးထား၍ ယူလိုက်ခြင်းဖြစ်သဖြင့် မငွေသိန်းပိုင်ခဲ့ပါသည်။ အုပ်ထိန်းခွင့်လက်မှတ် လျှောက်လွှာတင်သည့်အခါက အယူခံ တရားလိုများသိခဲ့ပါသည်။ အယူခံတရားလိုများ၏ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပါသည်။ တရားလိုများသည် ယခင်ရန်ကုန်တရားမရုံးတွင် တရားမကြီးမှု အမှတ် ၇၇/၇၀ အခင်းဖြစ် ပစ္စည်းများနှင့် ပတ်သက်၍ တရားစွဲဆိုရာ၊ ၎င်းအမှုကို ပလပ်သဖြင့် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ (၁၁) အရ၊ နောက်ထပ် စွဲဆိုသည့် အမှုမှာ ပိတ်ပင်နေပြီ ဖြစ်သည်ဟု ထုချေခဲ့သည်။

မူလရုံးက အောက်ပါကောက်ချက်နှစ်ခုကို ထုတ်ခဲ့ကြောင်း တွေ့ရသည်—

ကောက်ချက်များ

၁။ ရန်ကုန်မြို့ တရားမရုံး တရားမကြီးမှု အမှတ် ၇၇/၇၀ တရားလိုတို့က တရားပြိုင် များအပေါ် အချင်းဖြစ် အဆောက်အဦနှင့် ပစ္စည်းများသည် ဆန်းနုယဉ် ဆေးဆိုး

ပန်းရိုက်ကုမ္ပဏီပိုင်ဖြစ်ကြောင်း မြွက်ဟဒီကရီပေးရန် စွဲဆိုရာ ပလပ်လိုက်ပြီးဖြစ်၍ ယခုအမှုစွဲဆိုရန် တရားမကျင့်ထုံးပုဒ်မ ၁၁ အရ ပိတ်ပင်ပြီးဖြစ်သည်ဆိုရာ မှန်သလား။

၂။ ယခုအမှုစွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ် ကျော်လွန်ပြီဆိုရာ မှန်သလား။

ကောက်ချက်အမှတ် (၂) နှင့် ပတ်သက်၍ အယူခံတရားပြိုင်တို့ဖက်က အားကိုးခြင်းမပြုတော့ပါဟုဆိုသည့်အတွက် မူလရုံးက ယင်းကောက်ချက်ကို မဖြေဆိုခဲ့ကြောင်း တွေ့ရသည်။

ကာလ စည်းကမ်းသတ်နှင့် ပတ်သက်သည့် ဒုတိယကောက်ချက်ကို တရားပြိုင်များဖက်က အသားပေး၍ ဖြေဆိုခဲ့သည်။ အယူခံ တရားလိုများ စွဲဆိုသည့်အမှုမှာ ၃ နှစ်နှင့် ၃ လ အချိန်ကာလ ကျော်လွန်လာပြီဖြစ်သည်။ ကာလ စည်းကမ်းသတ် ဥပဒေအချက် (၁၃) အရ၊ အယူခံ တရားလိုတို့သည် အုပ်ထိန်းခွင့်လက်မှတ် ထုတ်ပေးသည့်ရက်မှ တနှစ်အတွင်း စွဲဆိုရမည် ဖြစ်သော်လည်း မစွဲခဲ့သည့်အတွက် ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟုဆိုပြီး အမှုကို မူလရုံးက ပလပ်ခဲ့သည်။

ဒေါ်မြသင်သည် ကလေးများ၏ ကိုယ်နှင့် ပစ္စည်းများကို အုပ်ထိန်းခွင့်ပြုရန် ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့က လျှောက်ထားခဲ့သည်။ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် အုပ်ထိန်းခွင့်လက်မှတ်ကို ဒေါ်မြသင်အား ထုတ်ပေးခဲ့သည်။ ထိုနောက်အယူခံတရားလိုတို့သည် ယခင်ရန်ကုန် တရားမရုံးတွင် ၁၉၇၀ ခုနှစ်၊ မတ်လ ၃ ရက်နေ့က အခင်းဖြစ် ပစ္စည်းများကို ဆန်းနေယဉ် ဆေးဆိုးပန်းရိုက် ကုမ္ပဏီကပိုင်ဆိုင်ကြောင်းမြွက်ဟ ကြေငြာပေးရန် တရားစွဲဆိုခဲ့သည်၊ ယင်းအမှုကို အယူခံတရားလိုတို့က ရုပ်သိမ်းခွင့်တောင်းသည့်အတွက် တရားရုံးက ရုပ်သိမ်းသည့်အနေနှင့် ပလပ်ခဲ့သည်။

အယူခံ တရားလိုများ စွဲဆိုသည့် အမှုအတွက် ကာလစည်းကမ်းသတ် အချိန်ကာလမှာ ကာလစည်းကမ်းသတ် ဥပဒေအချက် (၁၃) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်သည်ဟု မူလရုံးက ဆုံးဖြတ်ချက်မှာ မှန်သည်ဟု ကျွန်ုပ်တို့ယူဆသည်။ တရားမရုံးတရုံး၏ တရားမကြီးမှု မဟုတ်သော အခြားတရားမမှုတွင် ချမှတ်သည့်အမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် ချမှတ်သည့်အမိန့်ကို၊သို့မဟုတ် ဆုံးဖြတ်ချက်ပေးသည့်နေ့မှ တနှစ်အတွင်း တရားစွဲဆိုရမည်ဟု ကာလစည်းကမ်းသတ်အချက် (၁၃) က ပြဋ္ဌာန်းထားသည်။ အယူခံ တရားလိုတို့က အယူခံ တရားပြိုင်အား ကလေးများနှင့် ပစ္စည်းကို အုပ်ထိန်းရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် စွဲဆိုသည့်အမှုမှာ ဤကာလ စည်းကမ်းသတ်အချက် (၁၃) နှင့် အကျုံးဝင်သည်။

အယူခံ တရားလိုတို့က အယူခံ တရားပြိုင်အား ထုတ်ပေးထားသည့် အုပ်ထိန်းခွင့်လက်မှတ်ကို ပယ်ဖျက်ပေးရန် ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၂၀ ရက်နေ့က လျှောက်ထား

၁၉၇၄

ကိုမြိုင် ပါ-၆
နှင့်
ဒေါ်မြသင်
(အရွယ်မရောက်သေးသူများဖြစ်သည့်—
၁။ မောင်မျိုးမြင့်
၂။ မောင်မျိုးလွင်
၃။ အေးအေးချိုတို့အတွက် အုပ်ထိန်းသူ)။

၁၉၇၄
ကိုမြိုင် ပါ ၄
နှင့်
ဒေါ်မြသင်
(အရွယ်မရောက်
သေးသူများ
ဖြစ်သည့်—
၁။ မောင်မျိုး
မြင့်
၂။ မောင်မျိုး
လွင်
၃။ အေးအေးချို
တို့အတွက်
အုပ်ထိန်းသူ)။

စွဲဆိုခဲ့သည်။ အုပ်ထိန်းခွင့် လက်မှတ်ကို ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့က ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ၃ နှစ် ၃ လကြာမှ တရားစွဲဆိုကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်သည်။

အယူခံ တရားလိုတို့က ၎င်းတို့သည် ဤအုပ်ထိန်းခွင့် လက်မှတ်နှင့် ပတ်သက်၍ ရန်ကုန် တရားမရုံး တရားမကြီးမှုအမှတ် ၇၇/၇၀ တွင် တရားစွဲဆိုခဲ့သည်။ ထို့ကြောင့် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ (၁၄) အရ၊ ထိုအမှုစွဲဆိုသည့် အချိန်ကာလကို နုတ်သင့်သည်ဟု တင်ပြသည်။ ရန်ကုန် တရားမရုံးတွင် အယူခံ တရားလိုတို့က တရားမကြီးမှုအမှတ် ၇၇/၇၀ ကို ၁၉၇၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့က စွဲဆိုခဲ့သည်။ ထိုအမှုတွင် အယူခံ တရားလိုတို့ တင်သွင်းသည့် အဆိုလွှာအပိုဒ် (ဂ)၌ အယူခံ တရားပြိုင်ကို အုပ်ထိန်းခွင့်လက်မှတ် ထုတ်ပေးပြီးကြောင်း သိရှိခဲ့သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် အုပ်ထိန်းခွင့်လက်မှတ် ထုတ်ပေးလိုက်သည့် ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ တရားမကြီးမှုအမှတ် ၇၇/၇၀ စွဲဆိုသည့် ၁၉၇၁ ခုနှစ် မတ်လ ၃ ရက်နေ့အထိ ဆိုလျှင် ၁ နှစ်နှင့် ၁၀ လကျော်ပြီဖြစ်သည်။ ထို့ကြောင့် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ (၁၄) အရ သက်သာခွင့် ရနိုင်မည်မဟုတ်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်ပြီး စရိတ်နှင့်တကွ ဤအယူခံကို ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၆၄ ိ ခွင့်ပြုသည်။

တရားမပထမအယူခံမှု

ဤဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြင့်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ရင်ရီ

နှင့်

ဒေါ်သိန်းလှ ပါ ၃ *

၁၉၇၄

အောက်တိုဘာ လ ၁၇ ရက်။

တ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇၊ ပိုင်ဆိုင်ခွင့်စာချုပ် စာတမ်းများ ပေးအပ်၍ ပေါင်နှံခြင်း ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများ ပေးအပ်၍ ပေါင်နှံသည့် ကိစ္စတွင် စာချုပ် ချုပ်ဆိုရန်လို မလို၊ စာချုပ် စာတမ်း အပ်နှံကြောင်း မှတ်တမ်းရှိသည့်အခါ ယင်းမှတ်တမ်းကု မှတ်ပုံတင်ရန်လို မလို။

ဆုံးဖြတ်ချက်။ ။စာချုပ်စာတမ်းများကို အပေါင်ပေး အပ်နှံ၍ ငွေချေးယူခြင်းမှာ ဥပဒေခရ အပေါင်ပြုလုပ်ခြင်း အထမြောက်သဖြင့် ယင်းကိစ္စအတွက် စာချုပ် ချုပ်ရန်မလို။ သို့ရာတွင် ာချုပ်စာတမ်းများ အပ်နှံခြင်းအတွက် အရေးအသား တခုခုရှိခဲ့လျှင် ယင်းရေးသားသောစာသည် ချးငွေအတွက် အာမခံအဖြစ် ပေးသည့်ကိစ္စကို သက်သေခံခြင်း ဖြစ်ပါက၊ မှတ်ပုံတင်အက်ဥပဒေ ဒ်မ (၁၇)အရ၊ မှတ်ပုံတင်ရန်မလို၊ အပေါင်ပြုလုပ်ခြင်း ကိစ္စတရပ်လုံးသည် ရေးသားထားသည့် ာအပေါ် အခြေပြုပါကမူယင်းစာကို မှတ်ပုံတင်ရန် လိုအပ်သည်။

အယူခံတရားလိုအတွက်။ ။ဦးချန်ထွန်းအောင်။

အယူခံတရားခံအတွက်။ ။ဦးအေးမောင် (ပန်းတနော်)။

အယူခံ တရားလို ဒေါ်ရင်ရီက အယူခံတရားပြိုင် ၃ ဦးတို့အပေါ် ပိုင်ဆိုင်ခွင့် ာချုပ် စာတမ်းများ ပေးအပ်လျက် အပေါင်ပြုပြီး ချေးယူထားသည့် ငွေ ကျပ် ၀,၀၀၀ ကို ပြန်ရရန်အတွက် ရန်ကုန်မြို့ အမှတ် (၂၅၃/၂၅၅) ပန်းဆိုးတန်းရှိ ြေနှင့် အဆောက်အအုံကို ရွေးနုတ်ခြင်း၊ ပိတ်ပင်ရန်နှင့် ရောင်းချခွင့် ဒီကရီ ရလိုကြောင်း ယခင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၁) တွင် တရားစွဲ ဆိုခဲ့သည်။

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၆၁။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀ တွင် တရား ရုံးချုပ်၊ မူလဘက်ဌာနခွဲ (၁) တရားသူကြီး ရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၄

ဒေါ်ရင်ရီ နှင့် ဒေါ်သိန်းလှ ပါ ၃။

အဆိုလွှာအရ၊ လွန်ခဲ့သည့် ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့က တရားပြိုင်နှင့် ၎င်း၏ ကွယ်လွန်သူ ခင်ပွန်း ဦးလှဘို့သည်၊ တရားလိုထံမှ အမှတ် (၂၅၃/၂၅၅) ပန်းဆိုးတန်း လမ်းရှိ မြေနှင့် အဆောက်အဦ နှင့် ပတ်သက်သည့် ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများကို အာမခံနှင့် ပေးအပ်ပြီး ငွေ ကျပ် ၅၀,၀၀၀ ကို ချေးယူ ခဲ့ပါသည်။ ထို့နောက် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အယူခံ တရားပြိုင် အမှတ် (၁)၊ နှင့် ၎င်း၏ ကွယ်လွန်သူ ခင်ပွန်း ဦးလှတို့သည်၊ အထက်တွင် ဖေါ်ပြထားသည့် ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများကို အာမခံ ထား၍ ငွေ ကျပ် ၂၀,၀၀၀ ကို အယူခံ တရားလို ထံမှ ထပ်မံ ချေးယူ ခဲ့ပါသည်။ ထိုချေးငွေ နှစ်ရပ်ပေါင်း ငွေ ကျပ် ၇၀,၀၀၀ မှာ အတိုးမရှိပါ၊ ဦးလှမှာ ၁၉၇၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ကွယ်လွန်သွားရာ အယူခံ တရားပြိုင်နှင့် အတူ သမီးများ ဖြစ်သော အယူခံ တရားပြိုင်အမှတ် (၂) နှင့် (၃) ကို အမှုတွင် ထည့်သွင်း စွဲဆိုခြင်း ဖြစ်ပါသည်။ ချေးငွေများကို ပြန်ဆပ်ရန် တောင်း ဆိုခဲ့ သော်လည်း အယူခံ တရားပြိုင်များက ငြင်းဆိုခဲ့ကြောင်း စသည်ဖြင့် အဆို ပြုခဲ့သည်။

အယူခံ တရားပြိုင် အမှတ် (၁) ဒေါ်သိန်းလှက ငွေ ကျပ် ၇၀,၀၀၀ ချေးယူခဲ့သည်ဆိုခြင်းမှာ မမှန်ပါ။ အယူခံ တရားလို၏ လင်ပါ သမီးဖြစ်သူ ဒေါ်ခင်လှက အယူခံတရားပြိုင် အမှတ် (၁) နှင့် ၎င်း၏ ခင်ပွန်း ဦးလှတို့ ပိုင်သော အမှတ် (၂၅၃/၂၅၅) ပန်းဆိုးတန်းလမ်းရှိ သုံးထပ်တိုက်နှင့် မြေကို ဝယ်လိုကြောင်း ပြောခဲ့ရာ ကျပ်ငွေ ၂,၅၀,၀၀၀ နှင့် အရောင်းအဝယ်ပြုရန် နှစ်ဘက် သဘောတူညီခဲ့ကြပါသည်။ ထိုပစ္စည်းများမှာ မြန်မာနိုင်ငံ (အစိုးရ တာဝန်ခံချုပ်) အာမခံ ကုမ္ပဏီ လီမိတက်တွင် ပေါင်ထားသဖြင့်ဒေါ်ခင်လှက ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ငွေ ကျပ် ၂၆,၀၀၀ ပေးသဖြင့် ထို ကုမ္ပဏီထံမှ ပစ္စည်းကို ရွေးယူခဲ့ပါသည်။ ကုမ္ပဏီမှ ပြန်လည်ရရှိသည့် စာချုပ် စာတမ်းများကို အရောင်း အဝယ် စာချုပ်ရေးနိုင်ရန်အတွက် ဒေါ်ရင်ရီအား၊ အပ်နှံ လိုက်ပါသည်။ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ငွေ ကျပ် ၂၄,၀၀၀ ထပ်ပေးသဖြင့် စရန်ငွေ ကျပ် ၅၀,၀၀၀ ဖြစ်သွားပါသည်။ ထို့နောက် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် နေ့တွင် ဦးလှက ဒေါ်ခင်လှထံမှ နောက်ထပ်စရန်ငွေ ကျပ် ၂၀,၀၀၀ ယူသဖြင့်စရန်ငွေစုစုပေါင်း ကျပ် ၇၀,၀၀၀ ဖြစ်သွားပါသည်။ ထိုငွေများမှာ အဆိုပါ မြေနှင့် တိုက်ကို ငွေ ကျပ် ၂,၅၀,၀၀၀ နှင့် ဒေါ်ခင်လှက ဝယ်ယူသဖြင့် စရန်ငွေ အဖြစ် ပေးခြင်းသာ ဖြစ်ပါသည်။ ထို့နောက် ဒေါ်ခင်လှမှာ ဟောင်ကောင်သို့ ထွက်ခွာသွားသဖြင့် အယူခံ တရားလိုက တိုက်နှင့် မြေကို တန်ဖိုး ငွေ ကျပ် ၁,၅၀,၀၀၀ အထိ လျှော့ရန် အကြိမ်ကြိမ် ပြောဆိုခဲ့သော်လည်း အယူခံ တရားပြိုင် အမှတ် (၁) နှင့် ခင်ပွန်း ဦးလှတို့

၁၉၇၄

ဒေါ်ရင်ရီ နှင့် ဒေါ်သန်းလှ ပါ ၃။

ာမလျော့နိုင်ကြောင်း ပြန်ကြား ခဲ့ပါသည်။ အရောင်း အဝယ် ပြုလုပ်ရန်မှာ အယူခံ ာရားလိုဘက်မှ ပျက်ကွက်ခြင်းဖြစ်ရာ စရန် အဖြစ် ပေးထားသော ငွေ ကျပ် ၇၀,၀၀၀ ို အယူခံ တရားလို၌ ပြန်တောင်းပိုင်ခွင့် မရှိပါ။ ထို့အပြင် အယူခံ တရားလို ာက်မှ အကိုးအကား ပြုသည့် စာတမ်း မှာ မှတ်ပုံတင် ထားခြင်း မရှိ သဖြင့် ာက်သေခံ မဝင်ပါ စသည်ဖြင့် ထုချေခဲ့သည်။

မူလရုံးက အောက်ဖော်ပြပါ ကောက်ချက်များကို ထုတ်ခဲ့သည်—

၁။ တရားပြိုင် ဒေါ်သိန်းလှ နှင့် ၎င်း၏ ခင်ပွန်း ဦးလှတို့က ရန်ကုန်မြို့၊ ပန်းဆိုးတန်း၊ အမှတ် (၂၅၃/၂၅၅) ကို စုစုပေါင်း ငွေ ကျပ် ၇၀,၀၀၀ ဖြင့် ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများ အပ်နှံ၍ပေါင်နှံခဲ့သည် ဆိုခြင်းမှာ မှန်ပါသလား။

သို့မဟုတ်

တရားလို၏လင်ပါသမီး ဒေါ်ခင်လှက ယင်းပစ္စည်းကို ငွေ ကျပ် ၂,၅၀,၀၀၀ ဖြင့်ဝယ်ယူရန် သဘောတူပြီး စရန်ငွေ အဖြစ် ငွေ ကျပ် ၇၀,၀၀၀ ကို ပေးခဲ့သည် ဆိုခြင်းမှာ မှန်ပါသလား။

၂။ သက်သေခံ အမှတ် (က) စာသည် မှတ်ပုံ မတင်သဖြင့် ယခု အမှုစွဲ ဆိုပိုင်ခွင့် ရှိမရှိ။

မူလရုံးကဤအမှုကိုစစ်ဆေးပြီး ပထမကောက်ချက်နှင့် ပတ်သက်၍၊ "တရား ပြိုင် ဒေါ်သိန်းလှနှင့် ခင်ပွန်း ဦးလှတို့က ရန်ကုန်မြို့၊ ပန်းဆိုးတန်းအမှတ် (၂၅၃/ ၂၅၅) မြေနှင့်တိုက်ကို စုစုပေါင်းငွေကျပ် ၇၁,၀၀၀ ဖြင့် ပိုင်ဆိုင်ခွင့်စာချုပ် စာတမ်း များအပ်နှံ၍ပေါင်ခဲ့သည်ဆိုခြင်းမှာ မှန်သည်ဟုဖြေဆိုသည်" ဟု ဆုံးဖြတ်ပြီးဒုတိယ ကောက်ချက်နှင့်ပတ်သက်၍၊ "သက်သေခံအမှတ် (က) စာမှာ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၁၇ အရ၊ မှတ်ပုံတင်ရန် လိုအပ်သည်ဟု ယူဆသည်။ ထိုစာကိုမှတ်ပုံတင် ခြင်းမရှိသဖြင့်တရားလိုမှာ ယခုအမှုကို တရားစွဲဆိုပိုင်ခွင့်မရှိဟုဖြေဆိုသည်" ဟုဆုံး ဖြတ်ပြီးအမှုကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤ အယူခံမှုတက်ခြင်းဖြစ်သည်။

ပထမကောက်ချက်အပေါ်တွင် မူလရုံးကချမှတ်သည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အယူခံတရားပြိုင်က အယူခံမတင်ခဲ့ပေ။ ထို့ကြောင့် ဤအယူခံမှုတွင် အယူခံ တရားပြိုင်အမှတ် (၁) ဒေါ်သိန်းလှနှင့် ၎င်း၏ခင်ပွန်း ဦးလှတို့က ၁၉၆၂ ခု၊ ဝင်ဘာလ ၁၆ ရက်နေ့စွဲဖြင့် အယူခံတရားလိုထံ ရေးသည့်စာ၊ သက်သေခံအမှတ်

၁၉၇၄ ဒေါ်ရင်ရီ နှင့် ဒေါ်သိန်းလှ ပါ ၃။

(က) သည် မှတ်ပုံတင်ခြင်း အက်ဥပဒေပုဒ်မ (၁၇) အရ မှတ်ပုံမတင်ထားသ အတွက် ယင်းဥပဒေပုဒ်မ (၄၉) အရ သက်သေခံစာတမ်းအဖြစ်ဖြင့် လက်ခ သင့်ဟုဆုံးဖြတ်ချက်မှန်မမှန်ကိုသာ စိစစ်ရန်လိုတော့သည်။

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများ အပ်နှံ အပေါင်ပြုလုပ်သည့်အခါ သီးခြားစာချုပ်တခု ချုပ်ဆိုရန်မလိုပေ။ သို့သော်တခါတ အကြောင်းကြောင်းကြောင့် စာချုပ်စာတမ်းများ အပ်နှံကြောင်းကို စာရေးပေ လေ့ရှိကြသည်။ မှတ်တမ်းပြုလေ့ရှိသည်။ ယင်းကဲ့သို့ စာရေးသည့်အခါ၊ မှတ်တမ် ပြုလုပ်သည့်အခါ၊ ပြဿနာပေါ်လေ့ရှိသည်။ ရေးသည့်စာ သို့မဟုတ် ပြုလုပ်သည မှတ်တမ်းသည် မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ (၁၇) အရ မှတ်ပုံတင်ရမည့်စာတမ် ဟုတ်မဟုတ်အငြင်းပွားထက်ကြသည်။ ယင်းကဲ့သို့ အငြင်းပွားကြသည့်အခါ ရေ သားသည့်စာ၊ သို့မဟုတ် မှတ်တမ်းသည် မှတ်ပုံတင်ခြင်း ပြုလုပ်သင့်မသင့်ကို ဆုံ ဖြတ်ရာတွင်အောက်ပါအချက် နှစ်ချက်ကို အဓိကထား၍ စဉ်းစားရပေသည်—

(၁) ရေးသည့်စာ၊ သို့မဟုတ် မှတ်တမ်းသည် ချေးငွေအတွက် အာမ အဖြစ်ပေးသည့်ကိစ္စကို သက်သေခံခြင်းအတွက် ရေးပေးခြင်းသာဖြ သလော။

သို့မဟုတ်

(၂) အပေါင်ပြုလုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ အဓိကအ ပေးသော စာတမ် ဟုတ်မဟုတ်၊ တနည်းအားဖြင့်ဆိုလျှင် အပေါင်ပြုလုပ်ခြင်းကိစ္စတရပ် လုံးသည်၊ ယင်းစာတမ်းအပေါ် အခြေပြုသလော။

ယခုအမှုတွင် သက်သေ အထောက်အထားများ အရ၊ အယူခံ တရားလိုက ဒေါ်သိန်းလှနှင့်ဦးလှဘိုကိုပထမ ၂၆,၀၀၀ ကျပ်ချေးလိုက်သည်။ ထို့နောက် ၁၉၆၂ ခု နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ၂၄,၀၀၀ ကျပ်ထပ်မံချေးခဲ့သည်။ ထိုငွေ ၂၄,၀၀၀ ကျပ်ကို ဒေါ်သိန်းလှတို့က လက်ခံရရှိသည့်အချိန်တွင် ငွေ ၅၀,၀၀၀ ကျပ်အတွက် ပြဒီမန် စာချုပ်တခုလက်မှတ်ထိုးပေးခဲ့သည်။ တချိန်တည်းမှာ ရန်ကုန်မြို့၊ အမှတ် (၂၅၃/ ၂၅၅) ပန်းဆိုးတန်းလမ်း တိုက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်ခွင့်စာချုပ် စာတမ်း များကိုအယူခံတရားလိုအား ပေးအပ်သည့်အပြင်၊ သက်သေခံအမှတ် (က) စာ ကိုလည်းပေးခဲ့သည်။ စာချုပ်စာတမ်းများကို အပေါင်ပေးအပ်နှံ၍ ငွေချေးယူခြင်းမှာ ဥပဒေအရ၊ အပေါင်ပြုလုပ်ခြင်း အထမြောက်လေသည်။ ထိုကဲ့သို့ အပ်နှံစာပေး ခြင်းမှာအပေါင်ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး စာချုပ်စာတမ်းများ ပေးအပ်ခြင်းကို မှတ်တမ်းတင်ခြင်းမျှသာဖြစ်သည်။ အပေါင်ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး အဓိကဖြ

သောစာတမ်းဟုမဆိုနိုင်ပေ။ သက်သေခံအမှတ် (က) စာသည် အပေါင်ပြုလုပ်ခြင်းကိုအခြေခံသည့် စာချုပ်ဖြစ်သည်ဟု မဆိုနိုင်ချေ။ ယင်းစာမရှိလျှင်လည်း အပေါင်အထခမြောက်ပေသည်။ ထို့ကြောင့် သက်သေခံအမှတ် (က) သည်မှတ်ပုံတင်အက်ဥပဒေပုဒ်မ (၁၇) အရ၊ မှတ်ပုံတင်ရမည့် စာတန်းဖြစ်သည်ဟု ကျွန်ုပ်တို့မယူဆပေ။

၁၉၇၄ — ပေါ်ရင်ရီနှင့် ပေါ်သိန်းလှ ပါ ၃။

သို့ဖြစ်၍မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားလိုစွဲဆိုသည့် အတိုင်းပဏာမအပေါင်ဒီကရီ ချမှတ်ပေးလိုက်သည်။ မူလရုံးနှင့် အယူခံရုံး အတွက် စရိတ်များကို အယူခံတရားပြိုင်များက ကျခံစေရန် အမိန့်ချသည်။

တရားမပထမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄ ဒီဇင်ဘာလ ၁၈ ရက်။

ဦးလှသန်း

နှင့်

ဒေါ်ကျင်နု

အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၈၊ အမွေထိန်းစာ ထုတ်ပေးခြင်း ကိစ္စတွင် ကွယ်လွန်သူ၏ ကျန်ရစ်သော ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တရားရုံးကဆုံးဖြတ်ပိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အမွေထိန်းစာ လျှောက်ထားသည့် ကိစ္စတွင် လျှောက်လွှာတွင် ဖော်ပြထားသည့် ပစ္စည်းများမှာ ကွယ်လွန်သူပိုင် မပိုင်၊ ကွယ်လွန်သူသည် မည်သည့်ပစ္စည်းများ ထားရစ်ခဲ့သည်။ ယင်းပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသည် မရှိသည်ကို ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ အမွေထိန်းစာ ထုတ်ပေးလိုက်ခြင်းအားဖြင့် ယင်းအမွေထိန်းစာနှင့် ပူးတွဲထားသည့် စာရင်းတွင် ပါရှိသည့် ပစ္စည်းများသည် ကွယ်လွန်သူ ပိုင်ခဲ့သည့် ပစ္စည်းများဖြစ်သည်ဟု ရုံးကသတ်မှတ်ပေးခြင်းမဟုတ်ပေ။

လျှောက်ထားသူအတွက်။ ။ဦးဇော်ဝင်းလှိုင်။

လျှောက်ထားခံရသူအတွက်။ ။ဒေါ်မြင့်မြင့်ခင်။

မှော်ဘီခရိုင်၊ ထန်းတပင်မြို့တွင် နေထိုင်ခဲ့သည့် ဒေါ်ဦးဆိုသူ ကွယ်လွန်အနိစ္စရောက်ခဲ့ရာ၊ ၎င်း၏တူဆိုသူ လျှောက်ထားသူ ကိုလှသန်းက ဒေါ်ဦး၏ပစ္စည်းများနှင့် ပတ်သက်၍ အင်းစိန်မြို့ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံးတွင်အမွေထိန်းစာ လျှောက်ထားခဲ့သည်။ ဒေါ်ဦး၏ သွေးအနီးစပ်ဆုံး ဖြစ်သူများကလည်း လျှောက်ထားသူကို အမွေထိန်းစာထုတ်ပေးရန် သဘောတူခဲ့ကြသည်။ သို့သော် ဒေါ်ဦးကွယ်လွန် အနိစ္စမရောက်ခင်က ကွယ်လွန်ခဲ့သည့် ဒေါ်ဦး၏ မောင်ဖြစ်သူ၏ ဇနီး၊ လျှောက်ထားခံရသူ ဒေါ်ကျင်နုက ကန့်ကွက်လွှာတင်ခဲ့၏။ ကန့်ကွက်လွှာဟုဆိုသော်လည်း ဒေါ်ကျင်နုက လျှောက်ထားသူ ကိုလှသန်းကို အမွေထိန်းစာထုတ်

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမပြင်ဆင်မှုအမှတ် ၄၁။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ တွင် (ရန်ကုန်တိုင်း) အင်းစိန်မြို့နယ်၊ပြည်သူ့တရားရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၇၄ ဦးလှသန်း နှင့် ဒေါ်ကျင်နု။

ပေးရန် ကန့်ကွက်ခြင်းမဟုတ်ပေ။ လျှောက်ထားသူ တင်သည့် လျှောက်လွှာနှင့် ပူးတွဲထားသည့် ပစ္စည်းများမှာ ဒေါ်ဦးဘဦးတည်းပိုင်မဟုတ်၊ ၎င်း၏ခင်ပွန်းလည်းပိုင်ခဲ့သည်ဟု ဒေါ်ကျင်နုက တင်ပြခဲ့ခြင်းသာဖြစ်သည်။

လျှောက်ထားသူ၏ လျှောက်လွှာနှင့် လျှောက်ထားခံရသူတို့၏ ကန့်ကွက်လွှာတို့အရ၊ မူလတိုင်းရုံးက အောက်ပါကောက်ချက်ကို ထုတ်ခဲ့သည်—

ကောက်ချက်

"၊ အမွေအုပ်ထိန်းစာ လျှောက်ထားသည့် အမှုတွင် ကန့်ကွက်သူကအမွေထိန်းစာထုတ်ပေးခြင်းကို ကန့်ကွက်ခြင်းမရှိဘဲ၊ ကွယ်လွန်သူ၏ ကျန်ရစ်သော ပစ္စည်းပိုင်ဆိုင်ခွင့်တွင် အငြင်းပွားနိုင်ပါသလား"

နှစ်ဘက် ရှေ့နေကြီးများ၏ လျှောက်လဲချက်များကို ကြားနာပြီး၊ ဒေါ်ဦးပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးသင့်သည်ဟု ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကိုမကျေနပ်၍၊ ဤပြင်ဆင်မှု လျှောက်လွှာကိုတင်၏။

ကွယ်လွန်သူဘဦး၏ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့် ပတ်သက်၍၊ ထိန်းသိမ်းရန် အမွေထိန်းစာရသိုကြောင်း လျှောက်ထားလျှင်၊ သက်ဆိုင်ရာ တရားရုံးက ယင်းပစ္စည်းများကို ထိန်းသိမ်းရန်လို မလို၊ လျှောက်ထားသူသည် လျှောက်ထားပိုင်ခွင့်ရှိ မရှိ၊ လျှောက်ထားသူအား အမွေထိန်းစာ ထုတ်ပေးသင့် မသင့်ကိုသာ ဆုံးဖြတ်ရန်ဖြစ်သည်။ လျှောက်လွှာတွင် ဖော်ပြထားသည့် ပစ္စည်းများမှာ ကွယ်လွန်သူပိုင် မပိုင်၊ ကွယ်လွန်သူသည် မည်သည့် ပစ္စည်းများ ထားရစ်ခဲ့သည်၊ ယင်းပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသည် မရှိသည်ကို ဆုံးဖြတ်ပိုင်ခွင့်မရှိချေ။

အမွေထိန်းစာ ထုတ်ပေးလိုက်ခြင်းအားဖြင့် ယင်းအမွေထိန်းစာနှင့် ပူးတွဲထားသည့်စာရင်းတွင်ပါရှိသည့် ပစ္စည်းများသည် ကွယ်လွန်သွားသူ ပိုင်ခဲ့သည့် ပစ္စည်းများဖြစ်သည်ဟုရုံးက သတ်မှတ်ပေးခြင်းမဟုတ်ပေ။

ထို့ကြောင့်မူလတိုင်းရုံးက လျှောက်လွှာတွင် ပါရှိသော ပစ္စည်းစာရင်း အရ၊ ထိုပစ္စည်းများသည် အမှန်တကယ် ဒေါ်ဦးပိုင်ဟုတ် မဟုတ်ကို ဆက်လက်စစ်ဆေးသွားမည်ဟု ၁၉၇၃ ခု၊ အောက်တိုဘာလ ၁၁ ရက်နေ့က ချမှတ်သော အမိန့်မှာ မှားနေသည်ဟုဆိုရပေမည်။

သို့ဖြစ်၍ ယင်းအမိန့်ကို ပယ်ဖျက်ပြီး အထက်တွင်ဖော်ပြထားသည့် အတိုင်း လျှောက်ထားသူ၏ လျှောက်လွှာကို မူလတိုင်းရုံးက ဆက်လက်ဆောင်ရွက်ရန်ညွှန်ကြားလိုက်သည်။ စရိတ်ခွင့်မပြု။

ဉက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄

အောက်တိုဘာ
လ ၁၈ ရက်။

မသန်းကြည်

နှင့်

ကိုတင်စိန် ပါ ၂*

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူသည် အက်ဥပဒေပုဒ်မ (၁၀)၊ အုပ်ထိန်းခွင့် ပေးရာတွင် စဉ်းစား
ရမည့်အချက်များ။

ဆုံးဖြတ်ချက်။ ။အုပ်ထိန်းခွင့် လျှောက်ထားချက်ကို စဉ်းစားရာတွင် အရွယ်မရောက်သေးသော သူ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုနှင့် ကောင်းရာ ကောင်းကြောင်း အဝဝတို့ကို အဓိကထား၍ စဉ်းစားရန်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးထွန်းတင်။

အယူခံတရားခံများအတွက်။ ။မလာ။

အယူခံတရားလို မသန်းကြည်နှင့် အယူခံတရားပြိုင် အမှတ် (၁) ကိုတင်စိန်တို့မှာ အကြင်လင်မယားဖြစ်ကြသည်။ ဧရာဝတီတိုင်း၊ ဖျာပုံမြို့၊ အောက္ကဘာကျေးရွာတွင် နေထိုင်သူများဖြစ်ကြသည်။ လွန်ခဲ့သော ၇ နှစ်ခန့်က အိမ်ထောင်ကျခဲ့ကြ၍ အတူနေထိုင် ပေါင်းသင်းလာပြီး၊ မသန်းကြည်သည် သားမောင်သန်းထွန်းကို မွေးဖွားခဲ့သည်။ သား မောင်သန်းထွန်း ၉ လသားအရွယ်တွင် လင်မယားရန်ဖြစ်ကြပြီး ကွဲသွားကြသည်။ (မသန်းကြည်က သား မောင်သန်းထွန်း ၁ နှစ်နှင့် ၈ လသားအရွယ်က လင်မယားချင်း ကွဲကွာကြသည်ဟုဆိုသည်။) မောင်တင်စိန်က ၎င်း၏ ဖခင်ဖြစ်သူအယူခံတရားပြိုင် အမှတ် (၂) ဦးရွှေမောင်အိမ်တွင် သားမောင်သန်းထွန်းကိုပါ ခေါ်လာပြီး နေထိုင်ခဲ့သည်။ နောက် ၂ နှစ်လောက် အကြာ

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၇၆။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈ တွင် ဧရာဝတီတိုင်း၊ ဖျာပုံမြို့၊ တိုင်းပြည်သူ့တရားရုံး၏ ချမှတ်သော ဆုံးဖြတ်ချက်ကို အယူခံဝင်မှု။

၁၉၇၄

မသန်းကြည် နှင့် ကိုတင်စိန် ပါ ၂။

တွင် မောင်တင်စိန်သည် နောက်အိမ်ထောင်ပြုခဲ့သည်။ မောင်သန်းထွန်းကို ဘိုးအေဖြစ်သူ ဦးရွှေမောင်က နွားနို့၊ ဆိတ်နို့ အစရှိသည်တို့ကို တိုက်ကျွေးပြီး မွေးလာခဲ့သည်။ မောင်သန်းထွန်း အသက် ၅ နှစ်ကျော် ၆ နှစ်ခန့်အရွယ်တွင် မသန်းကြည်က သားကို ပြန်ရလိုကြောင်း ကျေးရွာ ရ-လ-က အဖွဲ့ထံ တောင်းဆိုခဲ့ရာ၊ကျေးရွာ ရ-လ-က အဖွဲ့က နှစ်ဖက်ကို စစ်ဆေးပြီး မောင်သန်းထွန်းကို အဘိုးဖြစ်သူ ဦးရွှေမောင်ကပင် ဆက်လက်စောင့်ရှောက်သွားပြီး ကလေးကြီးပြင်းလာ၍ အမှားအမှန် တွေးခေါ် တတ်သည့် အရွယ်ကျလျှင် ပျော်ပိုက်ရာ နေရာမှာနေထိုင်နိုင်သည်ဟု အဆုံးအဖြတ်ပေးလိုက်သည်။ ယင်းဆုံးဖြတ်ချက်ကို မကျေနပ်၍ မသန်းကြည်က ဖျာပုံမြို့ရုံးထိုင်၊တိုင်းပြည်သူ့ တရားရုံး၌ တရားမကြီးမှု အမှတ် ၈/၇၃ တွင် မောင်တင်စိန်နှင့် ဦးရွှေမောင်တို့ကို တရားပြိုင်ပြုလုပ်၍ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူ အက်ဥပဒေ ပုဒ်မ (၁၀) အရ၊ မောင်သန်းထွန်းအတွက် ၎င်းအား အုပ်ထိန်းသူ ခန့်အပ်ရန် တရားစွဲဆိုခဲ့သည်။

ဖျာပုံမြို့ရုံးထိုင်၊ တိုင်းပြည်သူ့တရားရုံးက နှစ်ဘက် သက်သေများကို စစ်ဆေး၍ မသန်းကြည်၏ လျှောက်လွှာကို ပယ်ပြီး ကလေးအား ယခုလက်ရှိ ဘိုးအေဖြစ်သူ ဦးရွှေမောင်ကပင် ဆက်လက် ကျွေးမွေး စောင့်ရှောက်သွားရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံလျှောက်လွှာကို မသန်းကြည်တင်ခြင်းဖြစ်သည်။

မသန်းကြည်က ဘိုးအေဖြစ်သူ ဦးရွှေမောင်သည်အစက ကလေးကိုတွေ့ခွင့်ပြုသော်လည်း နောက်ပိုင်းတွင် တွေ့ခွင့်မပြုတော့ကြောင်း၊မောင်တင်စိန်မှာလည်း နောက်ထပ်အိမ်ထောင်ပြုပြီး ဖြစ်သဖြင့် မိထွေးဖြစ်သူက မောင်သန်းထွန်းကို နှိပ်စက်မှာစိုးရိမ်မိပါကြောင်းစသည်ဖြင့် တင်ပြသည်။ မသန်းကြည်၏ ပညာရှိ အကျိုးဆောင်ကြီး ဦးထွန်းတင်က မောင်သန်းထွန်းသည် အသက်အရွယ်နုနယ်သော ကလေးဖြစ်၍ မိခင်ကသာ အုပ်ထိန်းခွင့်ရှိသဖြင့် မိခင်ကို ဦးစားပေး၍ စဉ်းစားသင့်သည်ဟု တင်ပြသည်။ ထိုအဆိုပြုချက်နှင့် ပတ်သက်၍ စီရင်ထုံးများစွာတင်ပြခဲ့သည်။

အရွယ်မရောက်သေးသူကို အုပ်ထိန်းခြင်းနှင့် ပတ်သက်၍ အုပ်ထိန်းခွင့် လျှောက်ထားသူ၏ လျှောက်ထားချက်ကို စဉ်းစားရာတွင် အရေးကြီးဆုံးသော အချက်မှာ အရွယ်မရောက်သေးသူ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုနှင့် ကောင်းရာ ကောင်းကြောင်း အစစတို့ကို အဓိကထား၍ စဉ်းစားသင့်သည်ဟု စီရင်ထုံးအားလုံးတို့ကတညီတညွတ်တည်းပြဆိုထားသည်ကို တွေ့ရသည်။

ဦးရွှေမောင်၏ အိမ်နှင့် မသန်းကြည်တို့ အိမ်မှာ ၄-၅ အိမ်သာခြားကြောင်း၊နေ့စဉ် မောင်သန်းထွန်းကျောင်းသွားသည့်အခါ မသန်းကြည်၏ အိမ်ရှေ့သို့အသွားအပြန်ဖြတ်သွားကြောင်းသက်သေအထောက်အထားအရပေါ် လွင်သည်။ ထို့ကြောင့် ကလေးကို

တွေ့ခွင့်မပြုဟုဆိုသည်မှာ ဖြစ်နိုင်စရာ အကြောင်းမရှိပေ။ကလေးကို မိထွေးက နှိပ်စက်ညှဉ်းပန်းမည်ဟု စိုးရိမ်ကြောင်းတင်ပြချက်မှာလည်း မဖြစ်နိုင်ပေ။မောင်တင်စိန်သည် နောက်အိမ်ထောင်နှင့် သီးခြားနေပြီး ကလေးမောင်သန်းထွန်းသည် ဘိုးအေ ဖြစ်သူ ဦးရွှေမောင်နှင့်သာ အတူနေခြင်းဖြစ်သည်။

မသန်းကြည်၏ အဆိုအရ အရောင်းအဝယ်လုပ်၍ တလ ၂၅ဝိ၊ ၃ဝဝိ ခန့် ဝင်ငွေရှိသည်၊ သို့သော်လည်း အတည်တကျပစ္စည်းအရောင်းအဝယ်နှင့် ပတ်သက်၍ တိတိကျကျ ဝင်ငွေအနည်းဆုံးမည်ရွေ့မည်မျှရသည်ကို မဖော်ပြနိုင်ပေ။ လက်ရှိကလေးကို စောင့်ရှောက် အုပ်ထိန်းထားသူ ဦးရွှေမောင် အနေနှင့် လယ်ကေ ၂ဝ လောက်လုပ်ပြီး၊ ကျွဲ ၄ ကောင်ရှိသည်ဟု တင်ပြခဲ့သည်။ ယင်းတင်ပြချက်ကို သက်သေများက ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

၉ လအရွယ်ကတည်းက အသက် ၅ နှစ်ကျော်၊ ၆ နှစ်အရွယ်အထိ အယူခံတရားလို မသန်းကြည်သည် ကလေးကိုပြန်ခေါ်ပြီး စောင့်ရှောက် ထိန်းသိမ်းရန် မည်ကဲ့သို့မှ ဆောင်ရွက်ခဲ့ကြောင်း အမှုတွဲအရ ပေါ်လွင်သည်။ဤအချက်ကိုကြည့်ခြင်း အားဖြင့် မသန်းကြည်သည် သားငယ် မောင်သန်းထွန်းအပေါ်တွင် တွယ်တာခြင်း မရှိကြောင်း ထင်ရှားသည်။ တနည်းအားဖြင့်ဆိုလျှင် မိဘတို့၏ ထားရှိအပ်သော မေတ္တာတရား ခေါင်းပါးပြီး သားငယ်ကို လျစ်လျူရှုလာခဲ့သည်ဟု ယူဆရပေမည်။

ထိုကြောင့် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရွယ်မရောက်သေးသူ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုနှင့် ကောင်းရာ ကောင်းကြောင်း အဝဝတို့ကို အဓိကထား၍ စဉ်းစားရမည်ဆိုသော် မောင်သန်းထွန်းကို ၎င်း၏ ဘိုးအေဖြစ်သူ ဦးရွှေမောင်က ထိန်းသိမ်းစောင့်ရှောက်ခြင်းကသာလျှင် ၎င်း၏ ကောင်းရာ ကောင်းကြောင်းကို ဖြစ်စေမည့်အပြင် ၎င်း၏ ပျော်ရွှင်မှုကိုလည်း ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့ယူဆသည်။

သို့ပါသောကြောင့် ဤအယူခံလျှောက်လွှာကို စရိတ်မရှိ ပလပ်လိုက်သည်။

တရားမအသေးအဖွဲ့အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးသန်းအောင်

နှင့်

မောင်သန်းမြိုင် *

† ၁၉၇၄
အောက်တိုဘာလ ၂၁ ရက်။

အလုပ်လုပ်ရင်း အမောဆို့ပြီးနှလုံးရပ်၍ သေဆုံးခြင်းဖြစ်ကြောင်း ဆရာဝန်က ထောက်ခံထားခြင်း၊ ဆရာဝန်ကို ဖိုးမှခေါ်ယူ စစ်ဆေးရန် လို မလို၊ အခြားရောဂါဝေဒနာကြောင့် သေဆုံးကြောင်း သက်သေပြရန် အလုပ်ရှင်၏ တာဝန်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မြို့နယ်ဆရာဝန်၏ သေဆုံးမှုဆိုင်ရာ ဆေးစစ်ချက် ထောက်ခံစာတွင် မကျင်သိန်းမြင့်သည် မှတ်တရက် အမောဆို့ပြီး နှလုံးရပ်၍ သေဆုံးခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ အလုပ်ခွင်တွင် အလုပ်လုပ်ရင်း မှတ်တရက် အမောဆို့ပြီး သေဆုံးကြောင်း ထင်ရှားသဖြင့် ဆရာဝန်ကိုရုံးမှ ခေါ်ယူစစ်ဆေးရန် မလိုဟု ကျွန်ုပ်တို့ယူဆသည်။ အကယ်၍ အခြားအကြောင်းကြောင့်၊ သို့မဟုတ် အခြားရောဂါဝေဒနာ စွဲကပ်နေသောကြောင့် မကျင်သိန်းမြင့် သေဆုံးခဲ့သည်ဟု အယူခံတရားလိုက ဆိုလိုပါလျှင် ထိုအချက်နှင့်ပတ်သက်ပြီး သက်သေပြရန်မှာ အယူခံတရားလို၏ တာဝန်သာဖြစ်ခဲ့သည်။

အယူခံတရားလိုအတွက်။ ။ဦးချိန်ဖိုးနှင့် ဦးခင်မောင်ကလေး။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်၊ ရုံးသဟာယ မစ္စတာ ဂိုရ်။

အယူခံ တရားပြိုင် မောင်သန်းမြိုင်၏ ဇနီးဖြစ်သူမကျင်သိန်းမြင့်သည် မအူပင်မြို့၊ ဇောတိကဆန်စက်တွင် ဆန်အိတ်များ ထမ်းရင်း ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က လဲကျ၍ သေဆုံးခဲ့သည်။ ယင်းကဲ့သို့ သေဆုံးသည့်အတွက် အယူခံ တရားပြိုင် မောင်သန်းမြိုင်က ဇောတိက ဆန်စက်ပိုင်ရှင်၏ ကိုယ်စားလှယ်ဖြစ်သူ အယူခံ တရားလို ဦးသန်းအောင် ထံမှ အလုပ်သမားလျော်ကြေး တောင်းဆိုခဲ့သည်။ မအူပင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီက အမှုစစ်ဆေးပြီး အယူခံ တရားလိုက အလုပ်သမား လျော်ကြေးငွေ ကျပ် ၂,၀၀၀ အယူခံ

---

* ၁၉၇၃ ခုနှစ်၊ တရားမအသေးအဖွဲ့အယူခံမှုအမှတ် ၃၆။

† ၁၉၇၃ ခုနှစ်၊ တရားမအလုပ်သမား လျော်ကြေးမှုအမှတ် ၁ တွင် မအူပင်မြို့၊ အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၄ — ဦးသန်းအောင် နှင့် မောင်သန်းမြိုင်။

တရားပြိုင်အား ပေးရန် အမိန့်ချမှတ် ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေး ဥပဒေ ပုဒ်မ (၃၀) အရ၊ အယူခံ ဝင်ခြင်းဖြစ်သည်။

မကျင်သိန်းမြင့် သည် သူ၏ အလုပ်သမား မဟုတ်၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) ၏ အလုပ်သမား တဦးသာ ဖြစ်သည်ဟု အယူခံ တရားလိုက တင်ပြသည်။ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီရှေ့တွင် စစ်ဆေးခဲ့သည့်အခါက၊ အယူခံ တရားလိုသည် မကျင်သိန်းမြင့်မှာ သူ၏ အလုပ်သမား မဟုတ်၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) ၏ အလုပ်သမား ဖြစ်သည်ဟု အဆိုမပြုခဲ့ချေ။ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ ရှေ့တွင် စစ်ဆေးသည့် သက်သေများ အနက် တဦးကမှ မကျင်သိန်းမြင့်သည် အယူခံ တရားလို၏ အလုပ်သမား မဟုတ်ဟု မပြောခဲ့ချေ။ သက်သေ မောင်သန်းမြင့် ဆိုသူက အလုပ်သမားများကို အလုပ်သမားမှူး ဦးကျောက်ဒိုးက ငွေရှင်းပေးသည်။ ဦးကျောက်ဒိုးက ပိုင်ရှင် ကိုယ်စားလှယ် ဦးသန်းအောင်ထံမှ လုပ်ခ ငွေများကို ရှင်းယူကြောင်း ထွက်ဆိုထားသည်။ ထို့ကြောင့် အယူခံ တရားလိုက မကျင်သိန်းမြင့်သည် သူ၏ အလုပ်သမား မဟုတ်၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) ၏ အလုပ်သမား ဖြစ်သည်ဟု တင်ပြချက်မှာ နောက်မှ အကြံရ၍ တင်ပြခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီသည် သေဆုံးမှု ဆိုင်ရာ စစ်ဆေးချက် ထောက်ခံစာ ထုတ်ပေးသော မအူပင်မြို့၊ မြို့နယ် ဆရာဝန်ကြီးကို ခေါ်ယူ စစ်ဆေးခြင်း မပြုပဲ၊ ဆုံးဖြတ်ချက်ချခြင်းမှာ မှားသည်ဟု အယူခံ တရားလိုက တင်ပြသည်။ သက်သေထွက်ချက်များ အရ၊ မကျင်သိန်းမြင့် ကို ဆေးရုံသို့ ခေါ်သွားသည်။ ဆေးရုံတွင် တာဝန်ကျဆရာဝန်က စမ်းသပ်သည့် အခါ အသက်မရှိတော့ကြောင်း ပေါ်လွင်သည်။ မြို့နယ်ဆရာဝန်၏ သေဆုံးမှု ဆိုင်ရာ ဆေးစစ်ချက် ထောက်ခံစာတွင် မကျင်သိန်းမြင့်သည် ရုတ်တရက် အမောဆို့ပြီး နှလုံးရပ်၍ သေဆုံးခြင်း ဖြစ်ကြောင်း ဖော်ပြ ထားသည်။ အလုပ်ခွင်တွင် အလုပ်လုပ်နေရင်း ရုတ်တရက် အမောဆို့ပြီး သေဆုံးကြောင်း ထင်ရှားသဖြင့် ဆရာဝန်ကို ရုံးမှ ခေါ်ယူ စစ်ဆေးရန် မလိုဟု ကျွန်ုပ်တို့ ယူဆသည်။ အကယ်၍ အခြားအကြောင်းကြောင့်၊ သို့မဟုတ် အခြားရောဂါ ဝေဒနာ စွဲကပ်နေသောကြောင့် မကျင်သိန်းမြင့် သေဆုံးခဲ့သည်ဟု အယူခံတရားလိုက ဆိုလိုပါလျှင် ထိုအချက်နှင့် ပတ်သက်ပြီး သက်သေပြရန်မှာ အယူခံ တရားလို၏ တာဝန်သာ ဖြစ်ခဲ့သည်။ ထိုအချက်နှင့် ပတ်သက်၍ အယူခံ တရားလိုသည် သက်သေ ပြခဲ့ခြင်း မရှိကြောင်း တွေ့ရသည်။

၁၉၇၄ — ဦးသန်းအောင် နှင့် မောင်သန်းမြိုင်။

အယူခံ တရားလိုသည် မကျင်သိန်းမြင့်၏ အသုဘ ကိစ္စအတွက် ငွေ ကျပ် ၅၀ ယူခဲ့သည့်အပြင်၊ မကျင်သိန်းမြင့် သေဆုံးမှုအတွက် ရပ်ကွက် လူကြီးများနှင့် ညှိနှိုင်း၍ အယူခံ တရားပြိုင် မောင်သန်းမြိုင်ကို ငွေ ကျပ် ၃၀၀ ပေးခဲ့သည်။ အယူခံ တရားပြိုင်က ငွေ ကျပ် ၃၀၀ ကို လက်မခံကြောင်း သိရသည်။ မိမိ၏ အလုပ်သမား မဟုတ်လျှင် ဤကဲ့သို့ ပြုမူ ဆောင်ရွက်ရန် လိုမည် မဟုတ်ဟု ကျွန်ုပ်တို့ ယူဆသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မအူပင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ ချမှတ်ခဲ့သည့် အမိန့်မှာ မှန်သည်ဟု ကျွန်ုပ်တို့ ယူဆသဖြင့် ဤအယူခံမှုကို စရိတ်မရှိ ပလပ် လိုက်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄

အောက်တိုဘာလ ၂၃ ရက်။

အမ်၊ အီး၊ အရစ် (ဖ်)

နှင့်

မလှကျင် *

မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ၊ အိမ်ငှားကစိုက်၍ အိမ်ပြင်သည့်ငွေကို ကာလစည်းကမ်းသတ် ကျော်လွန်နေသော အိမ်လခကြွေးများမှ ခုနှိမ်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် ကျော်လွန်နေသည့် အိမ်လခကြွေးများနှင့် အိမ်ပြင်သည့်အတွက် ကုန်ကျငွေကိုခုနှိမ်ခွင့်မရှိ။

အယူခံတရားလိုအတွက်။ ။မစ္စတာ အင်၊ စီ၊ ဆင်း။

အယူခံတရားခံအတွက်။ ။ဦးစိုးမောင်။

အယူခံ တရားလိုသည် ရန်ကုန်မြို့၊ အနော်ရထာလမ်း အမှတ် ၂၁၆/၂၂၀ အဆောက်အအုံ၏ ပိုင်ရှင်ဖြစ်သည်။ အယူခံတရားပြိုင်သည် ယင်းအဆောက်အအုံ၏ အခန်းနံပါတ် ၃ ၏ အိမ်ငှားဖြစ်သည်။ ယင်းအခန်းအတွက် စံငှားခမှာ တလ ၅၀ ကျပ်ဖြစ်သည်။

အယူခံတရားလိုက အယူခံ တရားပြိုင်ပေါ်တွင် ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့အထိ အိမ်လခကြွေး ၅၃ လအတွက် ရလိုကြောင်း၊ ယခင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂)တွင် တရားစွဲတောင်းဆိုခဲ့သည်။ ၅၃ လအတွက် တလ ၅၀ ကျပ်နှုန်းနှင့် စုစုပေါင်း ၂၆၅၀ ကျပ်ဖြစ်သော်လည်း၊အယူခံတရားပြိုင်က အိမ်လခအဖြစ်ဖြင့် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင်

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၃၇။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆၀ တွင် တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ(၂) (ရန်ကုန်မြို့တရားမရုံးဆိုင်ရာ) တရားသူကြီး (၁) ရုံး၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၇၄

အမ်၊ အီး၊ အရစ်(ဖ) နှင့် မလှကျင်။

တင်သွင်းထားသည့် ၄၀၅ ကျပ်ကို ယင်းငွေပမာဏမှ ခုနှိမ်ပြီး စုစုပေါင်း ၂၁၉၁ ကျပ် အတွက်သာ ဒီကရီချမှတ်ပေးရန် တောင်းဆိုသည်။

အိမ်လခ ကြွေးများပေးရန် ကျန်ရှိနေကြောင်းကို အယူခံ တရားပြိုင်က မငြင်းချေ။ သို့ရာတွင် အယူခံတရားလိုသည် အိမ်လခကြွေး ၃၆ လ အတွက်သာ တရားစွဲ တောင်းဆိုနိုင်ခွင့်ရှိသည်။ ကျန်သည့် ၁၇ လအတွက်မှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်သည်။ ထို့အပြင် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်က ၎င်း၏ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့စွဲပါ အမိန့်အရ အယူခံတရားပြိုင်က စိုက်ထုတ်၍ အိမ်ပြင်ဆင်ထားသည့် ငွေစုစုပေါင်း ၁၁၀၀ ကျပ်ကို ခွင့်ပြုခဲ့သည့် အတွက် ထိုနေ့ရက် နောက်ပိုင်းမှစပြီး လစဉ်ပေးရန် အိမ်လခများနှင့် ၁၁၀၀ ကျပ်ကို ခုနှိမ်ခဲ့ပြီး ဖြစ်သည့်အတွက် ဤအမှုတွင် ယင်းငွေ ၁၁၀၀ ကျပ်ကို စွဲဆိုသည့်ငွေထဲမှ နုတ်ရန် သင့်သည်ဟု ထုချေခဲ့သည်။

မူလရုံးက အိမ်လခကြွေး ၃၆ လအတွက်သာ ခွင့်ပြုသည်။ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင် တရားပြိုင်တင်သွင်းထားသည့် ငွေ ၄၀၅ ကျပ်နှင့် အိမ်ပြင်ခငွေ ၁၁၀၀ ကျပ်ကို ခုနှိမ်ပြီး ငွေ ၂၉၅ ကျပ် အတွက်သာ ဒီကရီချမှတ်ပေး၍ ကျန်တောင်းဆိုသည့် ငွေများအတွက် အမှုပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှုဘင်ခြင်းဖြစ်သည်။

ဤအယူခံမှုတွင် စဉ်းစားရန် အချက်တချက်သာ ရှိသည်။ ကာလ စည်းကမ်းသတ် ကျော်လွန်ခနေသဖြင့် တရားစွဲဆို၍ တောင်းဆိုပိုင်ခွင့်မရှိသော အိမ်လခ ကြွေးပမာဏ ထဲမှ အိမ်ပြင်ခငွေ ၁၁၀၀ ကျပ်ကို ခုနှိမ်ခွင့်ပြုသင့်-မသင့် အချက်ဖြစ်သည်။ အယူခံ လျှောက်လွှာအပိုဒ် (၄) တွင် အိမ်လခကြွေး ၅၃ လအတွက် ငွေ ၂၆၅၀ ကျပ်ထဲမှ အိမ်ပြင်ခငွေ ၁၁၀၀ ကျပ်နှင့် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင် အပ်ထားသည့် ငွေ ၄၀၅ ကျပ်၊ စုစုပေါင်း ၁၅၀၅ ကျပ်ကို နုတ်၍ ၁၁၄၅ ကျပ်အတွက် ဒီကရီချပေးသင့်သည်ဟု အယူခံတရားလိုက တောင်းဆိုထားသည်။ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ (၆၀) နှင့် (၆၁) တို့ကို ကိုးကား၍ မြို့ရှင်တဦးသည် စည်းကမ်းသတ် ကျော်လွန်နေသည့် အကြွေးကို တရားစွဲဆို တောင်းခွင့် မရှိသော်လည်း၊ မြို့စားထံမှ ရရှိသည့်ငွေကို ယင်းကာလစည်းကမ်းသတ် ကျော်လွန်နေသည့် အကြွေးနှင့် ခုနှိမ်ခွင့် ရှိသည်ဟု အယူခံတရားလို၏ အကျိုးဆောင်က တင်ပြသည်။ ဤအမှု အဖြစ်အပျက် အကြောင်းအရာ အချက်အလက်များသည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ (၆၀) နှင့် (၆၁) တို့နှင့် လုံးဝအကျုံးမဝင်ဟု ကျွန်ုပ်တို့ ယူဆသည်။ အယူခံတရားပြိုင်သည် စိုက်ထားသည့် အိမ်ပြင်ခငွေ ၁၁၀၀ ကျပ်ကို အိမ်လခများနှင့် ခုနှိမ်ရန် ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ကမှ လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေးဝန်ထံမှ အမိန့်

၁၉၇၄
အမ်၊ အီး၊ အရစ်(ဖ်) နှင့် မလှကျင်။

ရရှိခဲ့သည်။ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ (၁၁) အရ၊ အယူခံတရားပြိုင်သည် ယင်းနေ့ နောက်ပိုင်းမှ စ၍ ပေးရန်ရှိသည့် အိမ်လခများနှင့် အိမ်ပြင်ခ ၁၁၀၀ ကျပ်ကိုခုနှိမ်လာခဲ့သည်။ ထိုကဲ့သို့ ခုနှိမ်မည့် အကြောင်းကိုလည်း အယူခံ တရားပြိုင်၏ အကျိုးဆောင်က အယူခံတရားလိုထံ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့က စာရေး အကြောင်းကြားခဲ့သည့် သက်သေခံ အမှတ် (က) စာတွင် အတိအလင်း ဖော်ပြထားခဲ့ပြီး ဖြစ်သည်။ အယူခံတရားပြိုင်သည် အိမ်ပြင်ခငွေ ၁၁၀၀ ကျပ်ကို ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် နောက်ပိုင်း လစဉ်ပေးရမည့် အိမ်လခများနှင့် ခုနှိမ်ခွင့် ရှိသဖြင့် အယူခံတရားလိုသည် ကာလ စည်းကမ်းသတ် ကျော်လွန်နေသည့် အိမ်လခ ကြွေးများနှင့် ယင်းအိမ်ပြင်သည့်အတွက် ကုန်ကျသည့် ငွေ ၁၁၀၀ ကျပ်ကို ခုနှိမ်ခွင့်မရှိပေ။

ထို့ကြောင့် မူလရုံးက ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီမှာ မှန်ကန်သည်ဟု ယူဆသဖြင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ပ၊စ၊က၊ / ၁၁၆၂၁၁ / ဗဟိုဘာသာရုံးချုပ် / ၁၀၀၀၀ + ၁၀ / ၁၄-၇-၇၉/၉

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

တရားစီရင်ထုံးများ

ပြည်သူ့တရားသူကြီးအဖွဲ့တဖွဲ့လုံး

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၇၅

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ပြည်သူ့တရားသူကြီးအဖွဲ့၏
ခွင့်ပြုချက်အရ၊ ရန်ကုန်မြို့၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းတွင်
ရိုက်နှိပ်ထုတ်ဝေသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့

၁။ သူရဦးအောင်ဖေ .... ဥက္ကဋ္ဌ

၂။ ဇေယျကျော်ထင် ဦးထွန်းအောင်ကျော် .... အဖွဲ့ဝင်

၃။ ဗိုလ်မှူးကြီး လှမောင် .... အဖွဲ့ဝင်

၄။ ဦးလွင်မောင် .... အဖွဲ့ဝင်

၅။ ဇေယျကျော်ထင်၊ စည်သူတံဆိပ်ရ ဦးစိုးညွှိ .... အဖွဲ့ဝင်

၆။ ဦးကြည်မြ .... အဖွဲ့ဝင်

၇။ ဦးသန့်စင်၊ ဝါဏိဇ္ဇဘွဲ့၊ ဥပဒေဘွဲ့ .... အဖွဲ့ဝင်

၁၉၇၅ ခုနှစ်
ပြစ်မှုဆိုင်ရာအမှုများ

စီရင်ထုံးပြုသောမှုခင်းများ

ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

ကရမ်းဆင် နှင့် ဒေါ်ပရင်းကော(ရ်) ၁

ကေပီကာဒယ် နှင့် မစကီနာဘီ ၄

မောင်ကြည်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်မြတ်) ၆

ဒေါ်ခင်ညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မောင်သောင်းရှိန်) ၉

မောင်ခင်ဖေ ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၂

ဒေါ်ခင်မေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ကိုခင်စိန်) ၁၅

နော်ခင်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၁၇

ဦးချစ်ဖူး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၁၉

မောင်ချစ်လှိုင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂၂

ဦးချစ်ဦး ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်မောင်) ၂၄

ဦးငယ် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ဦးဘိုးစော) ၂၆

ဦးငြိမ်းလှိုင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၂၉

ဦးစောသိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးစိန်သောင်း) ၃၂

ဒေါ်စိန်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၃၄

ဦးစံတင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးချစ်) ၃၆

မညွန့်မေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ကိုတင်မောင်) ၃၈

ဦးတင်မောင်ဟန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၄၀

မတင်အိ နှင့် ဦးဝိမလ ၄၄

စာမျက်နှာ

ဦးထီ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်ရှိန်) ၄၈

ဦးတော်ကြီး ပါ ၇ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံသဘာ် ၅၀

ဦးဓမ္မဒကာသရ နှင့် ပြည်ကောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးနန္ဒသာရ ပါ ၉) ၅၃

ပေါက်စ (ခေါ်) ဖေဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၅၅

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ဆန္ဒရှန်း ၅၈

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံသဘာ် နှင့် မောင်ထွန်းရွှေ ၆၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်ဝင်းထိန် ၆၃

မောင်ပြုံးချို နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသိန်းဟန်) ၆၅

ဦးဘခင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မောင်ထွန်းလှိုင် ပါ ၄) ၆၈

ဦးဘဋ္ဌေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၇၀

ဗိုလ်ကြီး ဘဋ္ဌေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်သန်း) ၇၂

မန်ဒေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်လှိုင်) ၇၅

ဦးမောင်ကို နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်အေး) ၇၇

ဦးမောင်ကြီး(ခေါ်)ဦးစီအမ်ဂျီဝါး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအာစစ်မိုဟာမက်စူရ်တီ ပါ ၁၂) ၇၉

ဦးမြင့်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်လတ်) ၈၁

ရှင်ကျော့မောင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၈၄

ရှမ်မနန် (ခေါ်) မောင်ခင်မောင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှ ်ပ်သစ်သမ္မတ မြန်မာနိုင်ငံတော် ၈၇

စာမျက်နှာ

ဦးလှရှိ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၉၀
ဦးလှသိန်း ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၉၄
ဦးလှအုန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးထွန်းညွန့်) ၉၆
ဦးဝင်းကြည် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံဘော် ၉၉
ဦးဝင်းဟန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၀၀
ဦးသောင်းညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်.... ၁၀၃
မောင်သောင်းရင် နှင့် မတင်တင်ဝင်း ၁၀၅
ဒေါ်သန်းရှင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးလူစံ) ၁၀၈
မောင်သိန်းမောင် နှင့် မတင်ဦး ၁၁၀
ဦးအင်ချန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်မြင့်) ၁၁၂
မောင်အုန်းရွှေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၁၁၄

ညွှန်းချက်

ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ ၁

ဥပဒေများ—

နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေ၊

ပြစ်မှုဆိုင်ရာဥပဒေ၊

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊

ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ၊

မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေ၊

အထူးရာဇဝတ်ရုံးဥပဒေ၊

အရေးပေါ်စီမံမှုဥပဒေ။

တရားလိုတဦးတည်းက မှတ်မိကြောင်း၊ ထွက်ဆိုခြင်း အလုခံရပြီးလျှင် ပြီးခြင်း မေးသည့်အချိန် ထုတ်ဖော်ပြောခြင်း မရှိခြင်း နောက်တနေ့ ရဲစခန်းတွင် တယောက်ကို လရောင်ဖြင့်မှတ်မိကြောင်းတိုင်ခြင်း တရားရုံးတွင်လက်နှိပ်ဓါတ်မီး ရောင်ကြောင့် မှတ်မိကြောင်းထွက်ဆိုခြင်း၊ တဦးတည်း၏ စွပ်စွဲချက်ဖြင့်အပြစ် ပေးသင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများ အပေါ်တွင် ပြစ်မှု ထင်ရှား စီရင်ရန် သက်သေခံအထောက်အထားမခိုင်လုံကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူအမှတ် (၁) မောင်ခင်ဖေအပေါ်တွင် လုယက်ခြင်းခံရသူ မကြည်အေးတဦးတည်း၏ အထောက်အထားကင်းသော စွပ်စွဲချက်သာရှိသည်။ မကြည်အေးကလူဆိုး ၂ ယောက်အနက်တယောက်ကိုမှတ်မိကြောင်း၊ မှတ်မိသော လူဆိုးမှာ လျှောက်ထားသူအမှတ် (၁) မောင်ခင်ဖေဖြစ်ကြောင်း၊ ၎င်းအား လရောင်ဖြင့်မြင်ရ၍ မှတ်မိကြောင်း ရဲစခန်း၌ တိုင်ချက်ပေးခဲ့သည်။ ရုံးတွင် သက်သေခံသောအခါ ဒုတိယလူဆိုး၏ လက်နှိပ်ဓာတ်မီးရောင်ဖြင့် မောင်ခင်ဖေ ဖြစ်ကြောင်းသိရှိရပါသည်ဟု ပြင်ဆင်ထွက်ဆိုသည်။ မကြည်အေး၏ အော်သံ ကြောင့် လူကြီးများရောက်ရှိလာပြီး လူဆိုးများအား မှတ်မိသလားဟုမေးသော အခါမကြည်အေးက ထုတ်ဖော်ပြောပြခြင်းမပြုခဲ့ဘဲ နောက်နေ့ညနေတွင်ရဲစခန်း၌ တိုင်ချက်ပေးသောအခါကျမှ လူဆိုး ၂ယောက်အနက် တယောက်မှာ မောင်ခင်ဖေ ဖြစ်ကြောင်း မှတ်မိလိုက်သည်ဟု ပြောပြခြင်းမှာနောက်မှ အကြံရ၍ထည့်သွင်း ခြင်းဖြစ်နိုင်သည်။ မောင်ခင်ဖေထံတွင် ပြစ်မှုနှင့်ပတ်သက်သော ပစ္စည်းတစုံတရာ မတွေ့ရှိခြင်းက ပို၍သံသယ ဖြစ်စေသည်။ လျှောက်ထားသူ အမှတ် (၂) မောင်ပြုံးချို အပေါ်တွင် ငြိစွန်းသော သက်သေခံချက်လုံးဝမရှိ။

စာမျက်နှာ

တရားလိုဘက်မှ ခိုင်လုံအောင် သက်သေမပြနိုင်ပါဘဲလျက် မူလရုံးနှင့်အယူခံရုံးတို့က လျှောက်ထားသူများအားပြစ်မှုထင်ရှားစီရင်၍ထောင်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းပါသည်ဟုဗဟိုဥပဒေရုံးမှပညာရှိဥပဒေဝန်ထမ်း ဦးဘသန်းက ရိုးသားစွာတင်ပြသည်။

ခိုင်လုံသောအထောက်အထားများ မရှိဘဲ လျှောက်ထားသူများ အပေါ်တွင် လုယက်မှုဖြင့်ပြစ်မှုထင်ရှားစီရင်၍ထောင်ဒဏ်ချမှတ်ခြင်းမှာဥပဒေအရမှန်ကန်ခြင်း မရှိသောကြောင့် အတည်ပြုရန် မသင့်ပေ။ ထို့ကြောင့် လျှောက်ထားသူ မောင်ခင်ဖေနှင့် မောင်ပြုံးချိုတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ၊ ပြစ်မှုထင်ရှားစီရင်ထားခြင်းဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်စချမှတထားခြင်းကို ပယ်ဖျက်၍လျှောက်ထားသူများအား အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

မောင်ခင်ဖေ ပါ (၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၂

တရားဝင်စာရင်း မစစ်ဆေးရသေးခြင်း လျော့ငွေတွက်ရန်အခြေခံစာရင်းမည်မျှဟုမသိခြင်း လက်မှတ် ရောင်းရငွေ မည်မျှ ရှိသည်ကို မသိခြင်း တရားစွဲဆိုသည့်ဘက်မှ စာရင်းအတိအကျ မရှိပဲ တရားခံအား ပြစ်မှု ထင်ရှား စီရင်ရန်သင့် မသင့်။ ။ဆုံးဖြတ်ချက်။ တရားခံ အပေါ်၊ အပြစ်ရှိသည်ဟု ဆုံးဖြတ်ချက်ပြုရန်မှာ တရားခံ၌ တာဝန်ရှိသော စာရင်းများ တိကျမှန်ကန်မှု ရှိမှသာတရားမှန်ပေမည်။ သို့ရာတွင်အမှုကိုရုံး မတင်မီကပင်ခိုင်လုံသောစာရင်းများ ပြုလုပ်ရန်မှာ စွဲဆိုသည့်ဘက်မှ တာဝန်သာ ဖြစ်ပေသည်။ တင်ပြသော အချက်အလက်များ တရားခံပေါ်၌ ငြိစွန်းမှုမရှိလျှင် တရားခံကို လွှတ်ရမည်ဖြစ်သည်။

မန်းဒေး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်(ဦးအောင်လွင်) ၇၅

နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅(၁) အရ အရေးယူမှု၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု ဥပဒေပုဒ်မ ၄(၂) ၏ လိုအပ်ချက်များ၊ မိခင်သည် ပြည်ထောင်စုတွင်ပါဝင်သောနယ်မြေတွင်မွေးဖွားသော်လည်း ဖခင်ဖြစ်သူသည် ထိုသို့မွေးဖွားကြောင်း အထောက်အထား မရှိခြင်း၊ ယင်း ဥပဒေပုဒ်မ ၄(၂)အရ မြန်မာနိုင်ငံသား ဖြစ်သည်ဟု ယူဆနိုင် မနိုင်။ ။ဆုံးဖြတ်ချက်။ ။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု ဥပဒေပုဒ်မ ၄(၂)တွင် ပြည်ထောင်စုတွင် ပါဝင်သော နယ်မြေ တခုခုတွင် အနည်းဆုံး ဘိုးဘွားအားလုံး လက်ထက်မှစ၍ မိမိတို့၏ ပင်ရင်း တိုင်းပြည်အဖြစ်ဖြင့် မျိုးဆက်မပြတ် ထာဝစဉ် အခြေစိုက် နေထိုင်လာခဲ့သည့်အပြင် မိမိ၏ မိဘနှစ်ပါးနှင့် တကွ မိမိကိုယ်တိုင် ထိုနယ်မြေ တခုခုတွင် မွေးဖွားသူ ဖြစ်လျှင်၊ ထိုသူအား မြန်မာနိုင်ငံသားဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤ ပြဋ္ဌာန်းချက်တွင် ဖော်ပြထားသော လိုအပ်ချက်များအနက်၊ လိုအပ်ချက် တခုမှာ လျှောက်ထားသူများ၏ မိဘ နှစ်ပါးလုံးသည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွင်း မွေးဖွားသူများ ဖြစ်ရပေမည်။ လျှောက်ထားသူ၏ မိခင်သည် ပြည်ထောင်စု အတွင်းမွေးဖွားခဲ့စေကာမူ လျှောက်ထားသူ၏ ဖခင်သည် ပြည်ထောင်စုအတွင်း

မေ့ဖွားကြောင်း အထောက်အထား မရှိသဖြင့် လျှောက်ထား သူများသည် မြန်မာနိုင်ငံသား ဖြစ်သည်ဟု ယူဆရန်အကြောင်းမရှိ။

ရမ်မနန် (ခ) မောင်ခင်မောင် ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၈၇

နှာခေါင်းရိုး ကျိုးသော ဒဏ်ရာကို မည်သူ၏ လက်ချက်ကြောင့် ရရှိခဲ့ကြောင်း ခွဲခြား၍ တပ်အပ် သေချာစွာ မပြောနိုင်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှား စီရင်ရန် မသင့်ပဲ တဆင့်နိမ့်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရသာလျှင် ပြစ်မှုထင်ရှား စီရင်သင့်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ မောင်တင်မောင်အား ဦးလှရိက မျဉ်းလုံးနှင့် ရိုက်၍ ဦးမောင်မောင်က လက်သီးနှင့် ထိုးသဖြင့် မောင်တင်မောင်တွင် နှာခေါင်းရိုး ကျိုးသော ဒဏ်ရာရရှိခဲ့ကြောင်း ထင်ရှားသည်။ သို့ရာတွင် ဦးလှရိနှင့် ဦးမောင်မောင်တို့ နှစ်ဦးအနက် မည်သူ၏ လက်ချက်ဖြင့် ယင်းဒဏ်ရာကို ရရှိခဲ့ကြောင်း ခွဲခြား၍ တပ်အပ်သေချာစွာမပြောနိုင်သောကြောင့် ဦးလှရိနှင့် ဦးမောင်မောင်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှားစီရင်ရန် သင့် မသင့်ပေ၊ တဆင့်နိမ့်သော ပြစ်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရသာလျှင် ပြစ်မှုထင်ရှား စီရင်ရန်ဖြစ်သည်။

ဦးလှရိ ပါ(၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၉၀

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ (၁) (ဂ)၊ ၁၉၁၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ (၁) (ဂ) အရ တရားရုံးက တရားခံသစ်များဖြည့်စွက်ထည့်သွင်း အရေးယူရန် အမိန့်ချခြင်း၊ ဖြည့်စွက်အရေးယူခံရသည့် တရားခံသစ်များအား ယင်းဥပဒေပုဒ်မ ၁၉၁ ပါ ပြဋ္ဌာန်းချက်အတိုင်း အခြားတရားစီရင်ရေးအဖွဲ့တဖွဲ့ဖြင့်စစ်ဆေးရန် တောင်းဆိုပိုင်ခွင့်ရှိကြောင်း ရှင်းလင်းပြောပြခြင်းမရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားစီရင်ရေးအဖွဲ့သည် အမှုတွင် တင်ပြသောသက်သေခံ အထောက်အထားများအရ အခြားသူများလည်း အမှု၌ပြစ်မှုနှံပါဝင်နေကြောင်း တွေ့ရှိလျှင် ယင်းတို့အား တရားခံများအဖြစ် ဖြည့်စွက်အရေးယူပိုင်ခွင့် ရှိသည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ (၁) (ဂ) ၌ ပြဋ္ဌာန်းထားပေသည်။ ထိုစီရင်ပိုင်ခွင့်ကို ကျင့်သုံးလျက် မူလတရားစီရင်ရေးအဖွဲ့က လျှောက်ထားသူများအား တရားခံများအဖြစ် ဖြည့်စွက်အရေးယူရန် ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်။ သို့ရာတွင် မူလ တရားစီရင်ရေး အဖွဲ့၏ ဆက်လက်စစ်ဆေးခြင်းကို မလိုလားလျှင် အခြားတရားစီရင်ရေးအဖွဲ့တဖွဲ့ဖြင့် စစ်ဆေးစေရန် တောင်းဆိုပိုင်ခွင့်ရှိကြောင်းကို မူလတရားစီရင်ရေးအဖွဲ့က ဖြည့်စွက်ခြင်းခံရသည့် တရားခံများအား ရှင်းပြခဲ့ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၁ ၏ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။

ဦးတော်ကြီး ပါ(၇)နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၅၀

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ဂ)၊ မြေဂရံကို အမည်ပြောင်းရန် ဆောင်ရွက်ခြင်းကိစ္စ၌ လိမ်လည်အတုပြုလုပ်လျှင် မည်သည့်အခါ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ သက်ဆိုင်ရာရုံး၏စာနှင့် ရေးသားထားသော တိုင်ချက်

စာမျက်နှာ

ရှိရန်လိုအပ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။မြေဂရံကို အမည်ပြောင်းရန်ဆောင်ရွက်ခြင်းသည် တရားရုံးကဖြစ်စေ အခွန်ရုံးကဖြစ်စေ ဆောင်ရွက်ခြင်းဖြစ်သည်။ သို့မဟုတ် မြေဂရံအမည်ပြောင်းရန် ဆောင်ရွက်သော ရေစစ္စတြီများ မှတ်ပုံတင်ရုံး၏ ဆောင်ရွက်ခြင်းဖြစ်သည်ကို စဉ်းစားရန်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် တရားရုံးနှင့် အခွန်ရုံးက ဆောင်ရွက်ခြင်းဖြစ်လျှင် ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) အရ သက်ဆိုင်ရာရုံး၏ စာနှင့် ရေးသားထားသော တိုင်ချက်ရှိရန်လိုမည်ဖြစ်၍ ရေစစ္စတြီမှတ်ပုံတင်သောရုံးက ဆောင်ရွက်ခြင်းဖြစ်လျှင် သက်ဆိုင်ရာရုံးက စာနှင့် ရေးသားတိုင်တန်းရန် လိုမည်မဟုတ်ချေ။

ကရမ်းဆင် နှင့် ဒေါ်ပရင်းကော(ရ်) ၁

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၇ (၁)၊ ပြည်သူ့ဝန်ထမ်းအား တရားစွဲဆိုရန်မည်သည့်အခါ ခွင့်ပြုမိန့်လိုအပ်ခြင်း ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုအတွက် တရားစွဲဆိုရန်ခွင့်ပြုမိန့်လိုမလို။ ။ဆုံးဖြတ်ချက်။ ။လိမ်လည်တင်ပြ၍ ငွေများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုဖြင့် စွဲဆိုသောအမှုများအတွက် ခွင့်ပြုမိန့်မလိုချေ၊ အလွဲသုံးစားပြုခြင်း ပြစ်မှုသည် တာဝန်နှင့် အပ်စပ်ခြင်းမရှိ မိမိရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သောပြစ်မှုသာဖြစ်သဖြင့် တရားစွဲဆိုရန်ခွင့်ပြုမိန့်မလို။

ဗိုလ်ကြီးဘဒွေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် (ဦးအောင်သန်း) ၇၂

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၉၇ ၏ ပြဋ္ဌာန်းချက်၊ ထောင်ဒဏ် ၄ လ နှင့် ၁၅ ရက်မှအချုပ်ကာလ ၄ လနှင့် ၁၅ ရက်နုတ်ပယ်ရန် အမိန့်ချမှတ်ခြင်း၊ ထောင်ဒဏ်မှ အချုပ်ကာလကိုနုတ်ပယ်သဖြင့် ထောင်ဒဏ်ကျခံရန် မလိုသောကြောင့် တရားခံအားလွှတ်ပြီးနောက် အခြားအမှုတွင် ကျခံပြီး ထောင်ဒဏ်နှင့်တပေါင်းတည်းကျခံရန် အမိန့်ကို ချမှတ်နိုင်မနိုင်။ ။ဆုံးဖြတ်ချက်။ ။တရားခံအား ထောင်ဒဏ် ၄ လနှင့် ၁၅ ရက်ကျခံစေရန် ချမှတ်၍ ထိုထောင်ဒဏ်မှ အချုပ်ကာလ ၄ လနှင့် ၁၅ ရက်ကို ထုတ်နုတ်ရမည်ဟု ပါဝင်သောကြောင့် နောက်ထပ် ထောင်ဒဏ် ကျခံရန် မလိုတော့သဖြင့် တရားခံအား လွှတ်ခဲ့သည်။ ထိုကဲ့သို့လွှတ်ခဲ့ပြီးနောက်အခြားအမှုများမှ ထောင်ဒဏ်အသီးသီးကိုပထမအမှုမှ ထောင်ဒဏ်နှင့် တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ ၏ ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်ပေသည်။ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ ၏ ပြဋ္ဌာန်းချက်မှာ ကျခံဆဲထောင်ဒဏ်ရှိမှသာလျှင် နောက်ချမှတ်သည့် ထောင်ဒဏ်ကို ကျခံဆဲထောင်ဒဏ်နှင့် တပေါင်းတည်းကျခံစေရန်ချမှတ်နိုင်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်ထွန်းရွှေ ၆၀

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ သည်အယူခံရုံးများ၏ ဆောင်ရွက်ပိုင်ခွင့်ဖြစ်သောကြောင့် နောက်ထပ်သက်သေများ ခေါ်ယူစစ်ဆေးရန် သင့်မသင့်ကိုရုံးကသာဆုံးဖြတ်နိုင်ခွင့်ရှိခြင်း၊ အမှုသည်များက ဤအခွင့်အရေးကို အခွင့်အရေးတရပ်အနေဖြင့် တောင်းဆိုပိုင်ခွင့် မရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။သာမန်

အားဖြင့်သက်သေများစစ်ဆေးရန်မှာ မူလတရားရုံး၏ လုပ်ဆောင်ရန်တာဝန်ဖြစ်သည်။ အယူခံရုံးသည် နောက်ထပ် သက်သေများကို စစ်ဆေးရန် လိုအပ်သည်ဟုယူဆလျှင် အဘယ်ကြောင့် လိုအပ်သည်ကို စာအားဖြင့် မှတ်တမ်းပြုလုပ်ပြီး ခေါ်ယူစစ်ဆေးနိုင်ခွင့်ရှိသည်။ သို့ရာတွင် ဤကဲ့သို့ နောက်ထပ် သက်သေများ ခေါ်ယူစစ်ဆေးရန်သင့်မသင့်ကို ရုံးကသာ ဆုံးဖြတ်နိုင်ခွင့်ရှိ၍ အမှုသည်များက အခွင့်အရေးတရပ်အနေဖြင့် တောင်းဆိုပိုင်ခွင့်မရှိချေ။

မညွန့်မေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ကိုဘင်မောင်) ၃၈

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ မယား သို့မဟုတ် ကလေးစရိတ်ပေးရန် အမိန့်၊ မြို့နယ်ရုံးမှအမိန့်ကို တိုင်းတရားရုံးတွင် ပြင်ဆင်ခွင့်လျှောက်ထားခွင့် မရှိခြင်း၊ ကျင့်ထုံးပုဒ်မ ၄၀၆ (က) အရအယူခံခွင့်သာရှိခြင်း။ ။ဆုံးဖြတ်ချက် ။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ မယားနှင့် ကလေးစရိတ် ထောက်ပံ့ရန်ချမှတ်သော အမိန့်ကို မကျေနပ်သောသူသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၆ (က) အရ ပြည်နယ်တရားရုံး၊ သို့မဟုတ် တိုင်းတရားရုံးသို့ အယူခံနိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ အယူမခံဘဲ လျှောက်ထားသူက တိုင်းတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်၊ အယူခံရမည့်အမှုကို ပြင်ဆင်မှုအဖြစ် လက်ခံရခြင်းမပြုရဟု ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉(၅) ကလည်းပိတ်ပင်သည်။

မောင်သောင်းရင် နှင့် မတင်တင်ဝင်း ၁၀၅

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇၊ ခိုးမှုမှ သက်သေခံပစ္စည်းများပြန်လည်ရရှိရန် လျှောက်ထားခြင်း၊ ပြေစာဖြတ်ပိုင်းဖြင့် ရိုးသားစွာ ဝယ်ယူသူများအားသက်သေခံပစ္စည်းများကို ပြန်ပေးသင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများသည် သဘောရိုးဖြင့် ဝယ်ယူသည် ဆိုစေကာမူ ရောင်းပိုင်ခွင့် မရှိသောသူထံမှ ဝယ်ယူခဲ့သောကြောင့် ပိုင်ဆိုင်ခွင့် ရရှိမည် မဟုတ်။ သက်သေခံပစ္စည်းများကို မူလပိုင်ရှင်ထံ ပြန်ပေးရန် ချမှတ်သော အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိ။

ဦးငယ် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးဘိုးစော) ၂၆

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံ ပစ္စည်းကို မည်သူအားပြန်ပေးရမည်ဆိုသောပြဿနာ။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် တရားခံဖြစ်သူကို အပြီးအပြတ် လွှတ်ခဲ့သည် ဖြစ်သောကြောင့် တရားခံ ပေါင်နှံထားသော ရွှေထည်များမှာ အရှုပ်အရှင်း မရှိသောပစ္စည်းများ ဖြစ်သည်။ လျှောက်ထားသူက အပေါင်ခံခြင်းမှာလည်း ခိုးရာပါပစ္စည်း၊ သို့မဟုတ် အလွဲသုံးစား ပြုလုပ်သည့် ပစ္စည်းများ မဟုတ်သောကြောင့် ယင်းပစ္စည်းကို လျှောက်ထားသူ လက်ဝယ်သာ ပြန်လည်ရရှိသင့်ပေသည်။

ဦးအင်ချန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်မြင့်) ၁၁၂

စာမျက်နှာ

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းနှင့်ပတ်သက်၍ ဆုံးဖြတ်ခြင်းသည် ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခြင်းဟုတ် မဟုတ်။ ။ဆုံးဖြတ်ချက်။ ။သက်သေခံပစ္စည်းနှင့် ပတ်သက်၍ အမှုပြီးဆုံးသော အခါ တရားရုံးက သက်သေခံပစ္စည်းကို မည်သူ့ လက်ဝယ် ထားရှိထိုက်သည်ဟူသော အချက်ကို အလေးထား၍ ဆုံးဖြတ်ခြင်းသာဖြစ်သည် ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခြင်း မဟုတ် ပိုင်ဆိုင်ခွင့်မှာ တရားမမှုနယ်ပယ်အတွင်း ကျရောက်သည် ဖြစ်၍ တရားမကြောင်း အရသာ အရေးယူပိုင်ခွင့်ရှိသည်။

ဒေါ်စိန်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၃၄

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းသည်ခိုးရာပါပစ္စည်း၊ သို့မဟုတ် အလွဲသုံးစားသော ပစ္စည်း ဖြစ်နေလျှင် ပစ္စည်းဝယ်ယူသူက ပိုင်ဆိုင်ခွင့်ရနိုင် မနိုင်၊ ပစ္စည်း ပြန်ရနိုင် မနိုင်။ ။ဆုံးဖြတ်ချက်။ ။သက်သေခံပစ္စည်းသည် ခိုးရာပါပစ္စည်း၊ သို့မဟုတ် အလွဲသုံးစားသော ပစ္စည်းဖြစ်နေလျှင် ယင်းပစ္စည်းကို ဝယ်ယူသူက ပိုင်ဆိုင်ခွင့် မရနိုင်ချေ။ သဘောရိုးနှင့် ဝယ်ယူကြောင်းထင်ရှားလျှင် ခိုးရာပါပစ္စည်းလက်ခံမှုနှင့် အရေးယူခံရခြင်းမှ ကင်းလွတ်မည် ဖြစ်သော်လည်း ပစ္စည်းပြန်ရနိုင်ရန်အတွက် အရေး မဆိုနိုင်။

ဦးမောင်ကို နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်အေး) ၇၇

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂(၁) အရ တလအတွင်း အမိန့်ချမှတ်ခြင်းမရှိခဲ့၊ ယင်းကိစ္စမျိုးတွင် တရားရုံးမှ အိမ်ခန်းလက်လွတ်ခံရသူအား အိပ်ခန်းကို ပြန်လည်ပေးအပ်ရန် အမိန့်ချပိုင်ခွင့် ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၅၂၂ (၁) သည် မှုလရုံးနှင့်သက်ဆိုင်၍ အချိန်တလကန့်သတ်ချက်ထားရှိသော်လည်း ကျင့်ထုံး ပုဒ်မ ၅၂၂ (၃) တွင် အချိန်ကန့်သတ်ချက်မရှိ။ ထို့ကြောင့် အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှုများတွင် ကျင့်ထုံးပုဒ်မ ၅၂၂ (၃) အရ ပစ္စည်းလက်လွတ်ခံရသူအား ပစ္စည်းကိုပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

ဦးဓမ္မကောသရ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးနန္ဒသာရ ပါ-၉ ဦး) ၅၃

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၆ အရ ရုံးပြောင်းပေးရန် လျှောက်ထားခြင်း၊ တရားရုံးများအပေါ် အမှုသည်တို့၏ သံသယများပြေပျောက်၍ တရားလမ်းမှန် သို့ရောက်ရှိစေရန် ရုံးပြောင်း စစ်ဆေးစေသင့်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ဆိပ်ကမ်းမြို့နယ် တရားရုံးက စစ်ဆေးစီရင်လျှင် တရားလမ်းမှန်သို့ ရောက်လိမ့်မည်မဟုတ်ဟု လျှောက်ထားသူ ဦးလှအုန်းက သံသယရှိသကဲ့သို့ လှိုင်မြို့နယ် တရားရုံးက စစ်ဆေးစီရင်လျှင်လည်း တရားလမ်းမှန်သို့ ရောက်လိမ့်မည်မဟုတ်ဟု လျှောက်ထားခံရသူ ဦးထွန်းညွန့်က သံသယရှိနေသဖြင့် ထိုသံသယများပြေ

ပျောက်၍ တရားလွှဲနှင့်သို့ရောက်ရှိစေရန် ယင်းမြို့နယ်တရားရုံးများမှအပအခြား မြို့နယ်တရားရုံးတရုံးက စစ်ဆေးစီရင်သင့်သည်။

ဦးလှအုန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးထွန်းညွန့်) ၉၆

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ (က)၊ ကျောက်တင်ကားမောင်းသူက ည ၈ နာရီခန့် ကောင်းစွာမမြင်ရသဲ တနာရီလျှင် မိုင် ၂၀၊ ၂၅ နှုန်းဖြင့် ခြံဝင်းတံခါးဆီသို့မောင်း ဝင်ခြင်း၊ သေဆုံးသူသည် အရက်များမူး၍ တံခါးမောင်းတံအနီးသို့ရောက်ရှိ လာခြင်း၊ ကားကမောင်းတံကို တိုက်မိ၍ သေဆုံးသူအား မောင်းတံဖြင့် ဆက်ရိုက်မိပြီး သေဆုံးခြင်းသည် ယာဉ်မောင်း၏ ပေါ့လျော့မှုကြောင့် ဟုတ် မဟုတ်။ ။ဆုံးဖြတ်ချက်။ ။သေဆုံးသူက အရက်များမူး၍ တံခါးမောင်းတံ အနီးသို့ ရောက်သည်ဆိုခြင်းမှာ လုံလောက်သော အကြောင်းပြချက်မဟုတ်။ မော်တော်ကားမောင်းသူသည် အဝင်တံခါးအနီးသို့ရောက်ရှိသောအခါတွင် ဝင်းတံခါး ပိတ်ထားသည်ဖြစ်စေ၊ ဖွင့်ထားသည်ဖြစ်စေ ဂရုပြု၍ မော်တော်ကားကိုမောင်းနှင် ဝင်ရောက်ရန်တာဝန်ရှိပေသည်။ မိုင် ၂၀ နှုန်းဖြင့်မော်တော်ကားကိုမောင်းနှင် လျက် ဝင်ခြင်းသည် လိုအပ်သော သတိမထားဘဲ ပေါ့လျော့စွာမောင်းနှင်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် ဘရိတ်ဘမ်းသော်လည်း မနိုင်မနင်းဖြစ်၍ လူတဦး သေဆုံးရခြင်းမှာ လျှောက်ထားသူ၏ ပေါ့လျော့မှုကြောင့်ဖြစ်သည်။

မောင်ချစ်လှိုင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၂၂

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇၊ ၃၃၈ မော်တော်ကားတိုက်၍ ရရှိသောဒဏ်ရာသည် သာမန်စုတ်ပြတ်ဒဏ်ရာဖြစ်ခြင်း၊ နယ်ဆေးရုံတွင် ဆေးမရှိ၍ ခြေထောက်ပုပ် ခြင်း၊ ရန်ကုန်ဆေးရုံကြီးမှ ခြေထောက်ဖြတ်ခြင်း၊ ပုဒ်မ ၃၃၇ အရ အပြစ် ပေးခြင်းမှန်မမှန်။ ။ဆုံးဖြတ်ချက်။ ရရှိသော ဒဏ်ရာသည် လက်ျာဘက် ခြေကျဉ်းဝတ်၏ ဘေးပိုင်းနှင့် ရှေ့ပိုင်းတွင် အလျား ၄ လက်မ၊ အနံ ၁ လက်မရှိ၍ ကြွက်သားအထိနက်သောစုတ်ပြတ်ဒဏ်ရာဖြစ်သည်၊ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် လက်ခံကုသ၍ ၃ ရက်ခန့်အကြာတွင် ဒဏ်ရာမှ အနံ့ထွက် လာသည်။ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံတွင် ဆေးမရှိသဖြင့် လျှောက်ထားသူအား ရန်ကုန်ဆေးရုံသို့ပို့လိုက်ရကြောင်း ဆရာဝန် ဦးချစ်ကြည်၏ ထွက်ဆိုချက်အရ လျှောက်ထားသူ ရရှိခဲ့သော ဒဏ်ရာသည် သာမန်ဒဏ်ရာသာ ဖြစ်ကြောင်းထင် ရှားသည်။ ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံတွင် ဆေးဝါးမရှိသဖြင့် သင့်တော်သည့် ကုသမှု မရရှိသောကြောင့် အနာရင်းပြီး ခြေထောက် ပုပ်သွားခြင်းဖြစ်သည်။ ထို့ကြောင့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ ပြစ်မှုထင်ရှား စီရင်ခြင်းမှာဥပဒေ အရမှားယွင်းခြင်းမရှိ။

မောင်ပြုံးချို နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသိန်းဟန်) ၆၅

စာမျက်နှာ

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ ပထမအကြိမ်ကျူးလွန်ပုံရခြင်း၊ မိန်းကလေး၏သဘောတူညီချက်ဖြင့် ခေါ်သွားခြင်းဖြစ်ခြင်း၊ ဆင်ခြင်တုံ တရားမရှိသေးသည့်ငယ်ရွယ်သူမိန်းကလေးတဦး၏ ဘဝလုံခြုံမှုထိခိုက်စေခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အစား ပြစ်ဒဏ်စီရင်ရန်သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။ပထမအကြိမ်ကျူးလွန်ခြင်း၊ နောက်စက်ယောဂရမ်း ကြမ်းတမ်းမှု မပါဝင်ခြင်း စသည့်အချက်များသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ် လွှတ်ထားရန်သင့်မသင့် စဉ်းစားရာ၌ ထည့်သွင်းစဉ်းစားထိုက်သောအချက်များဖြစ်သည်မှန်၏။ သို့ရာတွင် ယခုအမှု၌ အလေးအနက်ထား၍ စဉ်းစားသင့်သောအခြားအချက်များလည်းရှိနေပေသည်။ ဆင်ခြင်တုံတရားမရှိသေးသည့်ငယ်ရွယ်သူမိန်းကလေးတဦး၏ ဘဝလုံခြုံမှုထိခိုက်ပျက်ပြားစေခြင်းသည် လူမှုရေးအရ မလိုလားအပ်သည့် အကြောင်းတရပ်ဖြစ်ပေသည်။ ဤကဲ့သို့သော ပြစ်မှုမျိုးကို နောက်ထပ်၍ လက်ရဲဇက်ရဲမကျူးလွန်စေရန် ဥပဒေနှင့်အညီ နမူနာပြ ပြစ်ဒဏ်စီရင်ထိုက်သည်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ်ဖြင့် အစမ်းလွှတ်ထားခြင်းမှာ သက်ညှာလွန်းရာရောက်သည်။ သို့ဖြစ်၍တရားခံအားပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ ထောင်ဒဏ် ၁ နှစ်နှင့် ၆ လကျခံစေရန် ပြစ်ဒဏ်ပြင်ဆင်ချက်ချမှတ်သည်။

ဒေါ်ခင်ညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသောင်းရှိန်) ၉

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂/၃၀၂ (၁) (ဂ)၊ လုယက်ပြီး လူသတ်ခြင်း၊ လူသတ်မှုနှင့် ပတ်သက်၍ သေဒဏ်မှအပ အခြားပြစ်ဒဏ် သတ်မှတ်နိုင်မနိုင်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇၊ စွဲချက်တွင် နေ့ရက် မှားယွင်းလာမှုနှင့် အမှုကိုတဖန် ပြန်စစ်ဆေးရန် သင့်မသင့်၊ တရားဥပဒေတိမ်းစောင်းခြင်း၊ အယူခံတရားလိုတွင် နစ်နာမှုရှိသည်မဆိုနိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အမှုမှာ မျက်မြင်သက်သေမရှိသည့်မှုလဲ့၍ အယူခံတရားလိုပြစ်မှု ကျူးလွန်ကြောင်း သက်သေခံအထောက်အထားများ ကွင်းဆက်မပြတ်ရှိနေပြီး၊ အပြစ်ရှိကြောင်း ဝန်ခံထားသောအမှုဖြစ်သည်။ ထို့ကြောင့် ပြစ်ဒဏ်အနည်းအများကို စဉ်းစားလျှင် လုယက်မှုနှင့်ပတ်သက်၍ အပြစ်ဒဏ်ကို လျှော့ပေါ့ စဉ်းစားနိုင်သော်လည်း လူသတ်မှုနှင့်ပတ်သက်၍ သေဒဏ်မှအပ အခြားပြစ်ဒဏ်သတ်မှတ်ရန် မဖြစ်နိုင်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ယခုအမှုတွင် အယူခံတရားလိုအပေါ် စွဲချက်တင်သောအခါမှာ နေ့စွဲကို ၁၉၇၃ ခု၊ နိုဝင်ဘာလ ၁၄ ရက်ဟူ၍ ဖေါ်ပြရမည့်အစား ၁၉၇၃ ခု၊ နိုဝင်ဘာလ ၁၅ ရက်မှ ဖေါ်ပြသည်မှလွဲ၍ အမှုဖြစ်ပျက်သည့် အကြောင်းအရာများအားလုံးပြည့်စုံစွာ ဖေါ်ပြထားကြောင်း တွေ့ရသည်။ အယူခံတရားလိုက စွဲချက်ကို အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် မိမိပြစ်မှုကျူးလွန်ခဲ့သည့်ကိစ္စရပ်အားလုံးကိုသိရှိနားလည်သောကြောင့် ဝန်ခံသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် စွဲချက်တွင် နေ့ရက်မှားယွင်းကာမျှနှင့် တရားဥပဒေ တိမ်းစောင်းခြင်း၊ အယူခံတရားလိုအပေါ်တွင် နစ်နာရှိမှု စေခြင်းများဖြစ်သည်ဟု မဆိုနိုင်ချေ။ အယူခံကိုပယ်၍ သေဒဏ်ကို အတည်ပြုသည်။

ပေါက်စ (ခေါ်) ဖေဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၅၅

စာမျက်နှာ

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ ဓါးပြတိုက်ရာပါ ပစ္စည်းတွေ့ရှိမှုနှင့် ဓါးပြမှုကျူးလွန်ခဲ့သည်ဟု တထစ်ချဆိုနိုင်မဆိုနိုင်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၂ အရပြောင်းလဲ၍ စီရင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ဓါးပြတိုက်ခံရသူတို့၏ နေအိမ်တွင် ဓါးပြတိုက်မှုဖြစ်ပွားပြီး ၄ လကျော်ကြားမ ဓါးပြတိုက်ရာပါ ပစ္စည်းဖြစ်သော ရေဒီယိုကိုလျှောက်ထားသူများထံတွင် ပြန်လည် တွေ့ရှိရခြင်းဖြစ်သည်။ ဤသို့တွေ့ရှိရရှိမှုနှင့် လျှောက်ထားသူများသည် ဓါးပြမှုကို ကျူးလွန်ခဲ့သည်ဟု တထစ်ချမဆိုနိုင်။ ထို့ကြောင့် ၎င်းတို့အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေအရ မှန်ကန်ပုံမပေါ်ပေ။ ယင်းပုဒ်မအစား ဓါးပြတိုက်ရာပါ ပစ္စည်းကိုသက်ခံ၍ဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၂ အရ ပြောင်းလဲစီရင်သင့်သည်။

ရင်ကျော့မောင် ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဂ၄

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ၊ ပြစ်မှုထင်ရှား စီရင်ထားသော အပြစ်ဒဏ်ကို တိုးမြှင့်ပေးရန်လျှောက်ထားခြင်း၊ တန်ဘိုးရှိသော ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဒဏ်ငွေသုံးရာမျှသာ တပ်ရိုက်ခြင်းသည် မလျော်ကန်ခြင်း၊ နစ်နာသူ၏ နစ်နာချက်အတိမ်အနက်ကိုလည်း သတိချပ်ရခြင်း။ ။ဆုံးဖြတ်ချက်။ အချင်းဖြစ်ပွါးသော ပစ္စည်းများ၏ တန်ဘိုးမှာ ကျပ် ခြောက်သောင်းကျော်ခန့်ရှိကြောင်း အငြင်းမထွက်သောကြောင့် ဤမျှတန်ဘိုးရှိသော ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဒဏ်ငွေသုံးရာမျှသာ တပ်ရိုက်ခြင်းသည် မလျော်ကန်ဟုဆိုရပေမည်။ ပြည်သူအချင်းချင်းပြဿနာကို ဖြေရှင်းပေးရာတွင် အပြစ်ရှိသူအပေါ် ဂရုဏာသားသည်နှင့်အမျှ နစ်နာသူ၏ နစ်နာသော အတိမ်အနက်ကိုလည်း သတိထားရပေမည်။

ဒေါ်သန်းရှင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးလူစံ) ၁၀ဂ

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ စွဲဆိုခြင်း၊ ဒိုင်မူးအဖြစ် ပေါ့လျော့စွာ စာရင်းများမှား၍ တွက်ချက်ပြီး အလုပ်သမားခ ပိုပေးမိခြင်းဖြစ်၍ ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၀၅ တွင်၊ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖေါက်ဖျက်သည့်အကြောင်းများကို တွေ့မြင်နိုင်ပေသည်။ ပြည်သူ့ဝန်ထမ်းက ကျူးလွန်လျှင် ပုဒ်မ ၄၀၉ အရအပြစ်ဒဏ်သင့်မည်ဖြစ်သည်။ ဤသို့ဖြစ်စေရန် ယုံကြည်အပ်နှံခြင်း ခံရသည့်ပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုရန် လိုအပ်ပေလိမ့်မည်။ သို့မသာပြစ်မှုဆိုင်ရာဥပဒေကိုကျူးလွန်ရာရောက်မည်ဖြစ်သည်။ ယခုကိစ္စတွင်မောင်ကြည်သိန်းသည် ဒိုင်မူးအဖြစ်ပေါ့လျော့စွာစာရင်းများ မှား၍ တွက်ချက်ပြီး အလုပ်သမားခ ပိုပေးမိခြင်းဖြစ်သောကြောင့် ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်ပေသည်။

မောင်ကြည်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်မြတ်) ၅၁

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇၊ ပြစ်မှုဆိုင် ရာကျင့်ထုံးဥပဒေပုဒ်မ ၄ဂဂ (၁) လူမှုရေးကိစ္စ၌သံဃာများကအမှားအမှန်ဆုံးဖြတ်ပိုင်ခွင့်ရှိ မရှိ၊ တရားရုံးများအပေါ်တွင် အကျိုးသက်ဝင်နိုင် မနိုင်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ အပြစ်မမြောက်ကြောင်း တရားရုံးမှ ဆုံးဖြတ်ထားခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄ဂဂ (၁) အရကလေးစရိတ်ပေးရန် အမိန့်ချနိုင်မနိုင်။ ။ဆုံးဖြတ်ချက်။ ။ကိစ္စမှာ လူမှုရေးနှင့်ပတ်သက်နေသည်ဖြစ်၍ အမှားအမှန်ကို ရဟန်းသံဃာများက ဆုံးဖြတ်ပိုင်ခွင့်မရှိချေ။ သံဃာတော်များအဖွဲ့က အပြစ်မရှိဟုဆိုခြင်းသည် တရားရုံးကဲ့သို့ နှစ်ဘက်သက်သေများကို ရေးမှတ်စစ်ဆေးခြင်း၊ ပြန်လှန်မေးခွန်းများပြုခြင်းအစရှိသည်တို့ကို ဆောင်ရွက်ခဲ့သည်မဟုတ်သောကြောင့် တရားရုံးများအပေါ်တွင် မည်သို့မျှ အကျိုးသက်ဝင်နိုင်မည်မဟုတ်။ ။ထပ်မံဆုံးဖြတ်ချက်။ ။လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ ဆက်ဆံပေါင်းသင်းကြခြင်းသည် လူထွက်၍ လက်ထပ်ပါမည်ဟူသော ဂတိမရှိဘဲ သဘောတူချစ်ကြိုက်ပျော်ပါးသည့် အခြေအနေမျိုးဖြစ်ခဲ့လျှင် ပုဒ်မ ၄၁၇ အရ ပြစ်မှုမြောက်သည် မဟုတ်ချေ။ ယင်းပုဒ်မအရ ပြစ်မှုမမြောက်သော်လည်း နှစ်ဦးစပ်ယှက်၍ရရှိသောကလေးသည် လျှောက်ထားခံရသူ၏ ကလေးပင်ဖြစ်နိုင်သည်။ လိမ်လည်မှုတွင် အပြစ်မရသောကြောင့် လျှောက်ထားခံရသူသည် ကလေးအဖေ မဟုတ်ဟုတထစ်ချပြော၍ မဖြစ်ချေ။ လျှောက်ထားခံရသူသည် လျှောက်ထားသူအား ကျင့်ထုံးဥပဒေပုဒ်မ ၄ဂဂ (၁) အရ ကလေးစရိတ်ပေးစေ။

မတင်အိ နှင့် ဦးဝိမလ ၄၄

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ လောင်းကစားကြေးငွေများသိမ်းဆည်းထားသူက အလွဲသုံးစားပြုလျှင် လောင်းကစားခြင်းမှစတင်ပေါ်ပေါက်ခြင်းဖြစ်၍ တရားစွဲခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။တရားမမှုများတွင် ပဋိညာဉ် ဥပဒေအရ အလောင်းအစားနှင့်ပတ်သက်၍ပြုလုပ်သော သဘောတူညီချက် ပဋိညာဉ်ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းချက်ဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်မှာ ပြစ်မှုဆိုင်ရာ အမှုများနှင့် မသက်ဆိုင်၊ သူတပါးကယုံကြည်အပ်နှံထားသော ငွေကိုအလွဲသုံးစားပြုလုပ်လျှင်၊ သို့မဟုတ် ကိုယ်ကျိုးအတွက် လိမ်လည်ရယူလျှင် ပြစ်မှုကျူးလွန်ရာရောက်သည်။ တရားမဝင်သော နွားလှည်းပြိုင်ပွဲအတွက် လောင်းကြေးငွေများဖြစ်၍ ပြစ်မှုမထိုက်ဟု မဆိုနိုင်။ တရားစွဲခွင့်ရှိသည်။

ဦးထီ ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်ရှိန်) ၄ဂ

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၁၊ ၄၄၂၊ အိမ်ငှါးသည် အိမ်ခန်းနှင့် အနှစ် ၂၀ ခန့်ကင်းကွာနေသော အခန်း၌ ကြားလူကဝင်ရောက်ပြီး အိမ်ပြင်ဆင်ရန် အကြောင်းပြ၍ ပစ္စည်းများထားခြင်း၊ အိမ်ရှင်က တားမြစ်ပြီး အိမ်ခန်းကို သော့ခတ်ခြင်း ပြစ်မှုမြောက်မမြောက်။ ။ဆုံးဖြတ်ချက်။ ။ကျော်နင်းမှုနှင့် အိမ်ကျော်နင်းမှုတို့ကို ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၄၁ နှင့် ၄၄၂ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ ပစ္စည်းလက်ရှိ ဖြစ်သူကို ခြောက်လှန့်ရန် သို့မဟုတ် စော်ကားရန် သို့မဟုတ်စိတ်ငြိုငြင်ရန်ပြုမူခြင်း၊ လူနေအိမ်တွင် တရားမဲ့ဝင်ရောက်၍ ဆက်လက်နေထိုင်ခြင်း စသည်

စာမျက်နှာ

တို့ဖြစ်သည်။ ယခုအမှုတွင် တရားလိုသည်ပစ္စည်း လက်ရှိဖြစ်သူ မဟုတ်သော ကြားလူသာဖြစ်သည်။ မူလကငှါးရမ်းခဲ့သူမှာလည်း အိမ်ခန်းနှင့် ကင်းကွာလျက် ရှိသည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိပြီဖြစ်သည်။ ထို့ကြောင့် အိမ်ရှင်ဖြစ်သူက မိမိ အိမ်ခန်းကို ကြားလူကလာရောက် ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ တားမြစ်ခြင်း၊ အိမ်တံခါးပိတ်ထားခြင်းတို့မှာ ပြစ်မှုမြောက်သော အိမ်ကျော်နှင့်းမှုဖြစ်သည်ဟု မယူဆနိုင်။

ဦးငြိမ်းလှိုင်ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၂၉

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၆၊ စာချုပ်စာတမ်းအတု ပြုလုပ်သူ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ဂ)၊ စာချုပ်အတု ပြုလုပ်မှုဖြင့် တိုက်ရိုက်လျှောက် ထားတရားစွဲဆိုမှု တရားရုံးရှိ မှုခင်းတရပ်ရပ်တွင် တင်ပြသော စာချုပ်စာတမ်း တစုံတရာကို အတုပြုလုပ်မှုအတွက် တရားရုံးက တိုင်တန်းခြင်းမရှိဘဲ အရေးယူ စစ်ခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။တရားရုံးရှိ မှုခင်းတရပ်ရပ်တွင် တင်ပြသော စာချုပ်စာတမ်းတစုံတရာနှင့်ပတ်သက်၍ လိမ်လည်အတုပြုလုပ်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆ အရ တရားစွဲဆိုရာ၌ သက်ဆိုင်ရာ တရားရုံးက စာဖြင့်ရေးသား တိုင်တန်းလျက်စွဲဆိုမှသာ အမှုကို လက်ခံရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) တွင် ပြဋ္ဌာန်းထားသည်။ သက်ဆိုင်ရာတရားရုံး၏ စာဖြင့် ရေးသားတိုင်တန်းချက်မပါရှိ၍ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်သောကြောင့် အမှုကို အရေးယူဆောင်ရွက်ခြင်းမပြုနိုင်။

ဦးချစ်ဖူး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၉

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄ဂဂ (၁)၊ လင်၏ဝတ္တရားပျက်ကွက်မှုနှင့် စိမ်မှုခန့်ခွဲမှု ညံ့ဖျင်းသောကြောင့် မယားသည် လင်နှင့်အတူမနေနိုင်ခြင်းဖြစ်ပါက လင်၌ တာဝန်မကင်းခြင်း။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် လျှောက်ထား ခံရသူအပေါ်၌ လင့်ဝတ္တရားပျက်ကွက်ခဲ့ကြောင်း ပေါ်လွင်သည်။ လျှောက်ထား သူ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းသောကြောင့် လျှောက်ထားခံရသူသည် လင်နှင့်အတူ မနေနိုင်ခြင်းဖြစ်သည်။ လျှောက်ထားသူတွင် တာဝန်မကင်းပေ။ တိုင်းတရား စီရင်ရေးအဖွဲ့က မယားစရိတ် ထောက်ပံ့ရန် အယူခံမှုတွင် ချမှတ်သောအမိန့်သည် ဥပဒေအရ မှန်ကန်ပေသည်။

မောင်သိန်းမောင် နှင့် မတင်ဦး ၁၁၀

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃၊ ချစ်ကြိုက်ကြ၍ ခိုးယူပေါင်းသင်းပြီးနောက် ပစ်သွား ခြင်းသည် ယင်းပုဒ်မအရပြစ်မှုမြောက်မမြောက်။ ။ဆုံးဖြတ်ချက်။ ။မည်သည့် ယောကျ်ားမဆို မိမိနှင့်တရားဝင်ထိမ်းမြားခြင်းမပြုသော မိန်းမကို မိမိနှင့်တရားဝင် ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ မိမိနှင့် ကာမစပ်ယှက်စေလျှင် ထိုသူ သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ ကို ကျူးလွန်သည်။ ယင်းကဲ့သို့ လိမ်လည် လှည့်ဖြားကြောင်း အထောက်အထားမရှိ။ ချစ်ကြိုက်၍ နှစ်ဦးသဘောတူ လင် မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီးနောက် စားဝတ်နေရေး ဆင်းရဲမှုဒဏ်ကိုမခံ

နိုင်သောကြောင့် စွန့်ခွါသွားခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ တွင် အကျုံး မဝင်။

မောင်အုန်းရွှေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၁၄

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀၊ ဧဂါပကအဖွဲ့ဝင်အဖြစ် မသင့်တော်သူ၊ အရည်အချင်း မဲ့သူဖြစ်ကြောင်း အစည်းအဝေးဆုံးဖြတ်ချက်ပေးပို့ခြင်း၊ အသရေ ဖျက်ရန် ကျေညာခြင်းရှိမရှိ။ ။ဆုံးဖြတ်ချက်။ ခန့်ထားရေးကော်မတီသည် အစည်း အဝေးမခေါ်ပြီး ဆုံးဖြတ်ချက်ချမှတ်ကာ ယင်းဆုံးဖြတ်ချက် မှတ်တမ်းကို သက်ဆိုင် သူထံသို့ ပေးပို့ခြင်းမှာ လုပ်ငန်းအရဆောင်ရွက်ခြင်းသာ ဖြစ်သည်။ ဆုံးဖြတ် ချက်ကိုပေးပို့ရာ၌သက်ဆိုင်သူထံသို့ တိုက်ရိုက်ပေးပို့ခဲ့ခြင်းဖြစ်သဖြင့် အသရေ ဖျက်ရန် ကျေညာသည့်သဘောမသက်ရောက်။

ဦးမောင်ကြီး (ခေါ်)ဦးစီအမ်ဂျီဝါး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် (ဦးကာစင် မိုဟာမက်ဘူရ်တီ ပါ ၁၂) ၇၉

ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ ၏ ရည်ရွယ်ချက်၊ ယင်းဥပဒေပုဒ်မ အရ အရေးယူထားသောအမှုကို ရုံးသို့ ၂၄ နာရီအတွင်း တရားစွဲတင်ပို့ခြင်းမရှိဘဲ ၂၄ နာရီကျော်မှ ရုံးတင်တရားစွဲလျှင်အမှုပျက်ပြယ်ခြင်းရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ တွင် ပြစ်မှုကျူးလွန်သူကို ဝါရမ်း မပါဘဲ ဘမ်းဆီးချုပ်နှောင်ခွင့်ရှိ၍ ၂၄ နာရီအတွင်းရုံးသို့တရားစွဲဆိုတင်ပို့ရမည်။ အကယ်၍ ရုံးပိတ်ရက်နှင့်ကြုံလျှင် ရုံးပြန်ဖွင့်သည့်နေ့တွင် စွဲဆိုတင်ပို့ရမည်။ ယင်း ပုဒ်မ၏ ရည်ရွယ်ချက်မှာ ရဲကဝါရမ်းမပါဘဲ ချုပ်နှောင်ခွင့်ရှိသူအား အမြန်ဆုံး ရုံးရှေ့တင်ပို့ရန်နှင့် ဤအမှုမျိုးတွင် အချိန်ကြာမြင့်ပါက သက်သေအထောက် အထားရရန်မလွယ်ကူသောကြောင့်ဖြစ်သည်။ သတ်မှတ်သော အချိန်ထက် နောက်ကျ၍ အမှုစွဲဆိုလျှင် တရားရုံးက စီရင်ပိုင်ခွင့်မရှိဟု ပိတ်ပင်တားမြစ်ခြင်း မဟုတ်၊ အမှုမပျက်ပြယ်။

ဦးဝင်းကြည် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၉၉

ပြည်သူ့အထည်အလိပ်ဆိုင်တွင် စာရင်းစစ်ရာ လျော့နည်းကွာခြားခြင်း၊ ဆိုင်တာဝန် ခံ လျှောက်ထားသူက မဖြေနိုင်ခြင်း၊ ကုန်ပစ္စည်းများ လျော့နည်းခြင်းအတွက် မည်သူ့တွင် တာဝန်ရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။စာရင်းစစ်ဆေးရာတွင် တွေ့ရှိ ရသော လျော့နည်းကွာခြားချက်ကို နော်ခင်အေးသည် မငြင်းကွယ်နိုင်သည့် အပြင် ဖြေရှင်းခြင်းလည်း မပြုနိုင်ချေ၊ နော်ခင်အေးက မိမိသည်အလွဲသုံးစားမပြုရ ကြောင်း၊ ရောင်းရင်းရောင်းရင်းလျော့၍လျော့၍ သွားသဖြင့် စာရင်းကွာခြား ခြင်းဖြစ်ပါသည်ဟု ထွက်ဆိုသည်။ နော်ခင်အေးသည် ပြည်သူ့ဆိုင် အမှတ် (၁၃) ၏ ဆိုင်တာဝန်ခံ ဖြစ်သည့်အလျောက် ထိုဆိုင်မှ ကုန်ပစ္စည်းများ လျော့နည်း ကွာခြားခြင်းအတွက် တာဝန်ရှိသည်။

နော်ခင်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၇

စာမျက်နှာ

မိခင်နှင့်ဖခင် ကွာရှင်းချိန်တွင် ကလေးစရိတ်ပေးရန် ကလေးစရိတ်လျှောက်ထားမှု၊ ဂတိရှိခြင်း၊ ဖခင်၏ထမင်းဆိုင်တွင် ကလေးများကို စားသောက်နေထိုင်စေခြင်းအား ကလေးစရိတ်ပေးရန် လိုမလို။ ။ဆုံးဖြတ်ချက်။ ။မိမိ၏ ရင်သွေးများကို မိမိထမင်းဆိုင်တွင် စားသောက်နေထိုင်စေခြင်းအားဖြင့် ကလေးစရိတ်ပေးရန် မလိုဟူသော အကြောင်းပြချက်မှာ လက်ခံနိုင်ဘွယ်ရာမရှိ။ ကလေးများကိုပြုစုကျွေးမွေးခြင်းမှာ ဖခင်ဖြစ်သူ၏ စိတ်စေတနာအရပင်ဖြစ်သည်။ မိမိဆန္ဒအလျောက် ကျွေးမွေးပြုစုခြင်းကြောင့် ကလေးစရိတ်မပေးသင့်ဟု မဆိုနိုင်။

ကေပီကာဒယ် နှင့် မစကီနာဘီ ၆၄

မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများ ဥပဒေအရ အရေးယူခြင်း၊ တရားခံထံမှ တွေ့ရှိခြင်းမှန်မမှန်၊ ကွင်းဆက်မပြတ် သက်သေခံအထောက်အထား လိုအပ်ခြင်း၊ တွေ့ရှိသော အထုပ်မှာ ဆေးခြောက် ဟုတ် မဟုတ်၊ စစ်ဆေးချက် အစီရင်ခံစာ ရုံးသို့တင်ပြရန် လိုအပ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် ဥပဒေအရ တရားခံထံမှ ဆေးခြောက်ထုပ် တွေ့ရှိခြင်း မှန် မမှန်သက်သေခံအထောက်အထား ပြည့်စုံရန် လိုအပ်သည့်အပြင် တွေ့ရှိသော ဆေးခြောက်ထုပ်မှာ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး အစစ်အမှန်ဟုတ်၊မဟုတ်၊ သက်ဆိုင်ရာ ဥပဒေပုဒ်မ ၅၇ အရ စစ်ဆေးချက်နှင့် အစီရင်ခံစာကို တရားရုံးတွင် တင်ပြရန်လိုအပ်ပေလိမ့်မည်။ ထို့ကြောင့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)အရ ထောင်ဒဏ် (၅)နှစ် အပြစ်ပေးထားသော စီရင်ချက်နှင့် အမှုကို ပယ်ဖျက်လိုက်သည်။ အမှုကို ဥပဒေအရ အသစ်တဖန်ပြန်လည်စစ်ဆေးစေ။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ဆွန်ဒရှန်း ၅၈

ရုံးပြောင်းပေးရန် လျှောက်ထားမှု စဉ်းစားရန်အချက်များ စိုးရိမ်မကင်း ဖြစ်မှုမှာ တရားသူကြီးဥက္ကဋ္ဌ တဦးတည်း အပေါ်တွင်မူတည်ခြင်း၊ အထူးအကြောင်းတစုံတရာမရှိပါက ရုံးပြောင်းစစ်ဆေးခွင့်ကို မပြုသင့်ခြင်း၊ ဥက္ကဋ္ဌပါဝင်ခြင်း မရှိသော တရားစီရင်ရေး အဖွဲ့က စစ်ဆေးကြားနာရန် အမိန့်ချခြင်း။ ။ဆုံးဖြတ်ချက်။ ။ ရုံးပြောင်းပေးရန်နှင့် ပတ်သက်၍ လျှောက်ထားရာတွင် တရားသူကြီး၏ သမာဓိရှိခြင်း၊ ဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း၊ အစရှိသည်တို့အပေါ်တွင် စဉ်းစားရန်သာမက တရားသူကြီး၏ အပြုအမူအရ တရားခံ၏ စိတ်တွင် အမှုကို ထိုရုံး၌ စစ်ဆေးပါက တရားမျှတမှုရလိမ့်မည် မဟုတ်ဟု စိုးရိမ်မကင်း ဖြစ်ခြင်း အပေါ်တွင် မူတည်၍လည်း စဉ်းစားရန်ရှိသည်။ လျှောက်ထားသူ၏ စိုးရိမ်မကင်းဖြစ်မှုမှာ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ တဦးတည်းအပေါ်တွင် မူတည်လျက်ရှိသည်။ မျက်မှောက်ခေတ် တရားစီရင်ရေး စံနစ်သည် ဗဟိုကဦးစီး ဦးဆောင်ပြု၍ ဒေသအလိုက် ကိုယ်တိုင် စီမံဆောင်ရွက်သည့် စံနစ်ဖြစ်သည်။ အထူးအကြောင်း တစုံတရာပေါ်ပေါက်ခြင်းမရှိဘဲ ရုံးပြောင်း စစ်ဆေးခွင့်ကို မပြုသင့်၊ ထို့ကြောင့် အမှုကို -

စာမျက်နှာ

အခြား မြို့နယ်တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးမည့်အစား တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ပါဝင်ခြင်းမရှိသော တရားစီရင်ရေး အဖွဲ့က စစ်ဆေး ကြားနာစေရန်အမိန့် ချမှတ်သည်။

ဦးမြင့်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်လတ်) ၈၁

ရုံးပြောင်းလျှောက်ထားခြင်း၊ မခလျော် ဩဇာ သုံးသည်ဆိုခြင်း၊ မည်သည့်အခါ လက်ခံနိုင်သည် လက်မခံနိုင်သည်။ ။ဆုံးဖြတ်ချက်။ ။သမဝါယမ အသင်း အက်ဥပဒေနောက်ဆက်တွဲဇယား ၂ (၆) အရ အသင်းပိုင်ပစ္စည်းကို အလွဲသုံးစားပြုလုပ်ခြင်းနှင့် ပတ်သက်သည့် အမှုမျိုးတွင် စာရင်းဇယားများနှင့် ပတ်သက်သောကြောင့် ပြင်ပမှ မလျော်ဩဇာသုံးရန် လွယ်ကူမည်မဟုတ်ချေ၊ သို့ဖြစ်၍ မလျော်ဩဇာ အသုံးပြုမည်ဟု အကြောင်းပြချက်ဖြင့် ရုံးပြောင်း စစ်ဆေးရန်လျှောက်ထားခြင်းကို လက်ခံရန်အကြောင်းမရှိ။

ဦးချစ်ဦး ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်မောင်) ၂၄

ရွေးချယ် တင်မြှောက်ပွဲဆိုင်ရာ ဥပဒေပုဒ်မ ၃၆(၁) ဝါရမ်းမှု စစ်ဆေးနည်းဖြင့်စစ်ဆေးရမည့်အမှုကို သာမန်မှု စစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ အရ ပြုပြင်၍ ရသောဆောင်ရွက်မှုမျိုး မဟုတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆ (၁) သည် ထောင်ဒဏ် တနှစ်အထိ အပြစ်ဒဏ်ပေးနိုင်သောကြောင့် ဤအမှုကို ဝါရမ်းမှု စစ်ဆေးသော နည်းလမ်းအရ စစ်ဆေးရမည် ဖြစ်ပေသည်။ ဝါရမ်းမှုစစ်ဆေးနည်းဖြင့် စစ်ဆေးရမည့်အမှုကို သာမန်မှု စစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့လျှင်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ အရ ပြုပြင်၍ရသောဆောင်ရွက်မှုမျိုး မဟုတ်ချေ။

ဦးစံတင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်(ဦးချစ်) ၃၆

လျှောက်ထား ခံရသူဘဦးနှင့် တရားသူကြီးများ ရင်းနှီးမှုရှိခြင်းနှင့် အမှုကြန့်ကြာခြင်းမှာ အမှုကိုရုံးပြောင်းပေးရန် အကြောင်းများဟုတ် မဟုတ်။ ။ဆုံးဖြတ်ချက်။ ။လျှောက်လွှာတွင် လျှောက်ထားခံရသူအမှတ် (၂) နှင့်တရားသူကြီးများ ရင်းနှီးမှုများရှိသည်ဟု ဆိုသော်လည်း ဤသို့ရင်းနှီးခြင်းအားဖြင့် မည်သို့ဘက်လိုက်မှုရှိကြောင်း ဖော်ပြနိုင်ခြင်း မရှိ။ ယခုအခါတွင် တရားသူကြီးများမှာ ပြည်သူများက ရွေးချယ်တင်မြှောက်သော ပြည်သူ့ ကိုယ်စားလှယ်များဖြစ်ကြသည်။ ပြည်သူ့ကိုယ်စားလှယ်များ ပီပီ ပြည်သူနှင့်ရင်းနှီး ဆက်သွယ်မှုရှိကြပေလိမ့်မည်။ ပြည်သူ့ ကိုယ်စားလှယ် များမှာ ပြည်သူကယုံကြည်ကိုးစားခြင်းခံရသူများဖြစ်၍ ပြည်သူ့ အရေးကိစ္စများကိုဆောင်ရွက်ရာတွင် တရားမျှတမှုကို ဦးထိပ်ထား၍ ဆောင်ရွက်ကြပေလိမ့်မည်။ ခင်မင် ရင်းနှီးမှုကြောင့် တရားဥပဒေကို ဆန့်ကျင်ပြီး ဘက်လိုက်၍ ဆုံးဖြတ်မည်ဟု တထစ်ချမယူဆနိုင်။ ပြည်သူ့ကိုယ်စားလှယ် တရားသူကြီးများနှင့် ပြည်သူတို့ ချီးသားစွာပေါင်းသင်း

ဆက်ဆံဝင်ထွက် သွားလာမှုကို အထင်အမြင်မှားဘို့ မလိုဟု ယူဆသည်။ သက်သေများ စုံလင်သော်လည်း အမှုကို စစ်ဆေးခြင်းမပြု သောကြောင့် ကြန့်ကြာရသည်ဟု အကြောင်းပြသော်လည်း ကြန့်ကြာခြင်းမှာ မှန်ခဲ့လျှင်ပင် လျှောက်ထားသူ တဦးတည်းကိုသာ နစ်နာစေခြင်း မဖြစ်နိုင်။ အမှုကြန့်ကြာခြင်းမှာလည်း ရုံးပြောင်းပေးရန်အကြောင်းမဟုတ်ချေ။

ဦးဘဌေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁။ ဦးမြလှိုင်၊ ၂။ ဦးဘချစ် ၇၀

လျှောက်ထားသူအား မိမိ မယားဟု လျှောက်ထား ခံရသူက မယားခိုးမှုတွင် ပြောဆိုခြင်း၊ တရားရုံးချုပ်မှ မယားခိုးမှု တရားခံအား အပြီးအပြတ် လွှတ်ခြင်း၊ လျှောက်ထား ခံရသူအပေါ် အသေရေဖျက်မှုနှင့် အပြစ်ပေးရမည်ဟု ဆိုနိုင်မနိုင်။ ။ဆုံးဖြတ်ချက်။ ။တရားရုံးချုပ်က အပြီးအပြတ် လွှတ်လိုက်သည်ဟု ဆိုသောကြောင့် မယားခိုးမှု မမြောက်သော့ချေ။ သို့ရာတွင် မယားခိုးမှုနှင့် ယခုစွဲဆိုသော အသေရေဖျက်မှုတို့မှာ သီးခြား စဉ်းစား ရမည်ဖြစ်သည်။ ပြစ်မှု ကျူးလွန်သည့်အကြောင်း ခြင်းရာတို့မှာလည်းတူညီကြသည်မဟုတ်ချေ။ မယားခိုးမှု တရားခံအပေါ်တွင မယားခိုးမှုနှင့် အပြစ်မပေးနိုင်ခြင်းကြောင့် လျှောက်ထားခံရသူအပေါ်တွင် အသေရေဖျက်မှုနှင့် အပြစ် ပေးရမည်ဟုမဆိုနိုင်ချေ။

ဒေါ်ခင်မေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်(ကိုခင်စိန်) ၁၅

ဝါဏိဇ္ဇဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဗဟို တရားရုံးတွင် ပြောဆိုခွင့်ရှိမရှိ၊ ဝါဏိဇ္ဇ ဗဟိုကော်မတီ၏ အမိန့်ကို မလိုက်နာပါက တရားရုံးက အရေးယူနိုင်မနိုင်။ ။ဆုံးဖြတ်ချက်။ ။ဝါဏိဇ္ဇ ဗဟိုကော်မတီ၏အဆုံးအဖြတ်သည်နောက်ဆုံးဖြစ်သည်။ ထိုအဆုံးအဖြတ် အမှားအမှန်နှင့် ပတ်သက်၍ လျှောက်ထားသူသည် ဗဟိုတရားရုံး၌ ပြောဆိုခွင့်မရှိ။ ။ထပ်မံဆုံးဖြတ်ချက်။ ။အလုပ်သမားခများကို ရှင်းပေးရန် ချမှတ်သည့် ဝါဏိဇ္ဇ ကော်မတီ၏ အမိန့်ကိုဆန့်ကျင်ဖေါက်ဖျက်သော ပုဂ္ဂလိကပိုင်လုပ်ငန်း အလုပ်ရှင်အား ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမား၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ (ခ) အရ တရားစွဲဆိုနိုင်သည်။

ဦးစောသိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးစိန်သောင်း) ၇၂

သမဝါယမအသင်း ဥပဒေ နောက်ဆက်တွဲဇယား ၂၊ အမှတ်စဉ် ၆၊ ၁၀၊ ၂၀ နှင့် ၂၁ အရ စွဲဆိုခြင်းခံရသူများအား အာမခံပေးနိုင် မပေးနိုင်။ ။ဆုံးဖြတ်ချက်။ ။စွဲဆိုသောပြစ်မှုမှာ ၅ နှစ်အထိ ထောင်ဒဏ်နှင့် ကျပ် ၂၅၀၀၀ အထိ ငွေဒဏ် ချမှတ်နိုင်သောကြောင့် တရားရုံး၏ သဘောအလျောက် ချင့်ချိန်၍ အာမခံပေးနိုင်သော ပြစ်မှုဖြစ်သည်။

ဦးလှသိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၆၄

စာမျက်နှာ

အစိုးရအပေါ် အကြည်ညိုပျက်စေရန် ပြောဆိုခြင်း၊ အပြုအမူဖြင့် အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်နှင့် တာဝန်ဝတ္တရားဆောင်ရွက်မှုယုတ်စေခြင်း၊ အရေးပေါ် စီမံမှု အက်ဥပဒေပုဒ်မ ၅ (က) နှင့် အကျုံးဝင်မဝင်။ ။ဆုံးဖြတ်ချက်။ ။ လျှောက်ထားသူ ဦးဝင်းဟန်သည် ပြည်သူပိုင် ပိုင်းလော့စက်ရုံမှ ပြည်သူ့ဝန်ထမ်း အလုပ်သမားတဦးဖြစ်သည်။ ဦးဝင်းဟန်သည် တာဝန်ထမ်းဆောင်ရင်း စက်ရုံ အတွင်း၌ စက်ရုံအလုပ်သမား ပြည်သူ့ဝန်ထမ်းများနှင့် တွေ့ဆုံသောအခါ အစိုးရ အပေါ် အကြည်ညိုပျက်စေသော စကားများပြောဆိုခဲ့သည်။ ၎င်းပြောဆိုသော စကားများတွင် တော်လှန်ရေးကောင်စီကို ပုတ်ခတ်သည့် စကားရပ်များပါဝင် ကြောင်း တရားလိုသက်သေများက ထွက်ဆိုသည်။ ဦးဝင်းဟန်၏ အပြုအမူမှာ ပြည်သူ့ဝန်ထမ်းများက အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်နှင့် စိတ်ဓါတ် ကျဆင်းပြီး ဝတ္တရားဆောင်ရွက်မှု ယုတ်လျော့စေရန်ဖြစ်သည်။ ထို့ကြောင့် ၎င်းအပေါ်တွင် အရေးပေါ် စီမံမှုအက်ဥပဒေပုဒ်မ ၅ (က) အရ မြို့နယ်တရား စီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်သည်။

ဦးဝင်းဟန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၀၁

အထူးရာဇဝတ်ရုံးဥပဒေသည် သီးခြားဥပဒေတရပ်ဖြစ်၍ တရားခံ၏မျက်ကွယ်တွင် အမှု ကြားနာ စစ်ဆေးခြင်း၊ အပြစ်ဒဏ် ချမှတ်ခြင်းပြုလုပ်နိုင်ခြင်း။ ။ဆုံးဖြတ်ချက် ။ ။ဦးတင်မောင်ဟန်သည် ရဲဌာနသို့ စတင်တိုင်တန်းသောအဆင့်မှာဖြစ်စေ၊ ရုံးရှေ့သို့ရောက်ရှိကြားနာသောအဆင့်မှာဖြစ်စေ ချေပနိုင်ခွင့်မရှိခဲ့ကြောင်း တွေ့ မြင်ရသည်။ သို့ရာတွင် ယင်းသို့ အခွင့်အရေးဆုံးရှုံးခြင်းမှာ ဘယ်သူမပြုမိမိမှု ဆိုသလို ငွေများလျော့နည်းကွာခြားသည်ဟု အထက်အရာရှိများက မေးမြန်း စုံစမ်းသောအချိန်တွင် ပြဿနာကို ရင်ဆိုင်ဖြေရှင်းမည့်အစား ထွက်ပြေးတိမ်း ရှောင်သွားသောကြောင့်သာ ဖြစ်ပေသည်။ သာမန်အားဖြင့် ဆိုလျှင် ဦးတင်မောင်ဟန်၏ မျက်ကွယ်တွင် အမှုကြားနာစစ်ဆေးခြင်း၊ အပြစ်ဒဏ် ချမှတ်ခြင်းမပြုနိုင်ပေ။ ပြန်လည်ဘမ်းဆီးရမိသောအခါမှသာလျှင် တရားခံ၏ မျက်မှောက်တွင် အမှုစစ်ဆေးကြားနာရမည်ဖြစ်ပေသည်။ သို့ရာတွင် အထူး ရာဇဝတ်ရုံးဥပဒေသည် သီးခြားဥပဒေတရပ်ဖြစ်၍ တရားခံ၏ မျက်ကွယ်မှာ အမှု ကြားနာစစ်ဆေးစီရင်ပိုင်ခွင့်ရှိကြောင်း အတိအလင်းခွင့်ပြုထားသည်။

ဦးတင်မောင်ဟန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၄၀

အပြီးအပြတ်လွှတ်သည့်အမိန့်ကို မကျေနပ်သူက ပြည်နယ်တရားရုံး၌ ပြင်ဆင်လျှောက် ထားခြင်း၊ လျှောက်ထားခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅ အရ အပြစ်မထင်ရှားသဖြင့် အပြီးအပြတ်လွှတ်ခဲ့ခြင်းကို မကျေနပ်၍ အယူခံလိုလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ပြည်ထောင်စုဆိုရှယ် လစ်သမ္မတမြန်မာနိုင်ငံတော်အတွက် ဗဟိုဥပဒေရုံးကသာ အယူခံနိုင်ခွင့်ရှိသည်။ အပြီးအပြတ်လွှတ်ခဲ့ခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသူသည် ပြစ်မှု ဆိုင်ရာ ပြင်ဆင်မှုလျှောက်ထားနိုင်ခွင့်မရှိ။

ဦးဘခင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(၁။ မောင်ထွန်းလွင်၊ ၂။ မောင်တင်ငွေ၊
၃။ မောင်တင်အေး၊ ၄။ မောင်ချစ်သိန်း) ၆၇

စာမျက်နှာ

အရေးကြီးသောကုန်ပစ္စည်းများနှင့် လုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃) အရပြစ်ဒဏ်စီရင်ခြင်း၊ သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခွင့် ရှိ မရှိ ။ ။ဆုံးဖြတ်ချက်။ ။အရေးကြီးသော ကုန်ပစ္စည်းများနှင့် လုပ်ငန်း ဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃) တွင် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းနိုင်ကြောင်း အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသော်လည်း အမှုစစ်ဆေးသည့်တရားရုံးသည်၊ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ မိမိသင့်တော်သည်ဟု ထင်မြင်သည့်အမိန့်ကိုချမှတ်နိုင်သည်။

ဦးသောင်းညွှန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၀၃

အသံကိုကြားရုံမျှဖြင့် လူကိုမှတ်မိသည်ဆိုခြင်း၊ ခိုင်လုံသည့် အထောက်အထားဟုတ် မဟုတ်။ ။ဆုံးဖြတ်ချက်။ ။တရားခံအိမ်တွင်းသို့ ပုန်းလျှိုး ဝင်ရောက်ချိန်က အိမ်တွင်း၌ မှောင်မိုက်နေသဖြင့် တရားခံကို မမြင်ရဘဲ အသံကိုသာ မှတ်မိသည်ဟု တရားလိုကထွက်ဆိုသည်။ ထိုထွက်ဆိုချက်ကို ထောက်ခံချက်တစုံတရာမရှိ။ အသံကိုကြားရရုံမျှဖြင့် လူကိုမှတ်မိသည်ဆိုခြင်းမှာ ခိုင်လုံသည့် အထောက်အထားမဟုတ်၊ ထိုထွက်ဆိုချက်အရ ပြစ်မှုထင်ရှားစီရင်ရန်မခိုင်လုံခြင်းမရှိ။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်ဝင်းထိန် ၆၃

ဥက္ကဋ္ဌအဖြစ် ဦးသန့်ဇင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးစိုးလှိုင်တို့ပါဝင်သော ဗဟို
တရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကရမ်းဆင်

နှင့်

ဒေါ်ပရင်းကော (ရ်) *

† ၁၉၇၅

မေလ ၃ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ)၊ မြေဂရံကို အမည်ပြောင်းရန်ဆောင်ရွက်ခြင်း ကိစ္စ၌ လိမ်လည်အတုပြုလုပ်လျှင် မည်သည့်အခါ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ)အရ သက်ဆိုင်ရာရုံး၏ စာနှင့်ရေးသားထားသောတိုင်ချက်ရှိရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။မြေဂရံကိုအမည်ပြောင်းရန် ဆောင်ရွက်ခြင်းသည် တရားရုံးကဖြစ်စေ၊ အခွန်ရုံးကဖြစ်စေ ဆောင်ရွက်ခြင်းဖြစ်သည်။ သို့မဟုတ် မြေဂရံအမည်ပြောင်းရန် ဆောင်ရွက်သော ရေစစ္စတြီများ မှတ်ပုံတင်ရုံး၏ ဆောင်ရွက်ခြင်းဖြစ်သည်ကို စဉ်းစားရန်ရှိပါသည်။ အဘယ်ကြောင့် ဆိုသော် တရားရုံးနှင့် အခွန်ရုံးကဆောင်ရွက်ခြင်းဖြစ်လျှင် ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ သက်ဆိုင်ရာရုံး၏စာနှင့် ရေးသားထားသော တိုင်ချက်ရှိရန် လိုမည်ဖြစ်၍ ရေစစ္စတြီမှတ်ပုံတင်သောရုံးကဆောင်ရွက်ခြင်းဖြစ်လျှင် သက်ဆိုင်ရာရုံးက စာနှင့်ရေးသားတိုင်တန်းရန်လိုမည်မဟုတ်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးမိုဟန်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အကျိုးဆောင် ဦးဟန်၊
ဥပဒေဝန်ထမ်းအဆင့်(၁)မစ္စတာဂန်ဂူလီ။

လျှောက်ထားသူ မစ္စတာ ကရမ်းဆင်အပေါ်တွင် လျှောက်ထားခံရသူ ဒေါ်ပရင်းကော(ရ်)က၊ မှုလရုံးတွင် စာရွက်စာတမ်း အမှတ်အသားများ လိမ်လည်ပြုလုပ်သည်ဟု ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၆၇ အရ တရားစွဲဆို သောကြောင့် ယင်းပုဒ်မနှင့် စွဲချက်တင်သည်။ ထို့ကြောင့် လျှောက်ထားသူက ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားသောအခါတွင် ပလပ်ခြင်း ခံရသည်။ ယခုတဖန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု ထပ်မံတင်သွင်းခြင်း ဖြစ်လေသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈၅ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၅ တွင် ချမှတ်သော ၁၉၇၄ ခု၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့စွဲပါ ဗန်းမော်မြို့၊ ပြည်နယ်တရားရုံး ၏ ချမှတ်သောအမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅
ကရမ်းဆင် နှင့် ဒေါ်ပရင်းကော(ရ်)

အမှု ပေါ်ပေါက်သည်မှာ ဗန်းမော်မြို့၊ မင်းတုန်းရပ်ကွက်ရှိ၊ မြေနှင့်အိမ်ကို လျှောက်ထားခံရသူ ဒေါ်ပရင်းကော(ရ်)၏ ခင်ပွန်း ဂျိဂေဒါဆင် ပိုင်ဆိုင်သည်။ မြေဂရံကိုလည်း ဂျိဂေဒါဆင်၏ အမည်နှင့် ဗန်းမော်မြို့ ကော်လိပ်တော်ရုံးမှ ထုတ်ပေးခဲ့သည်။ ကော်လိပ်တော်အရာရှိသည် ခရိုင်ဝန်ဖြစ်သည်။ ဂျိဂေဒါဆင် ကွယ်လွန်သောအခါတွင် ၎င်းနှင့်ညီအစ်ကိုတော်သော ယခုလျှောက်ထားသူ ကရမ်းဆင်သည် အိမ်နှင့်မြေကို မိမိနာမည်နှင့် ဒေါ်ပရင်းကော(ရ်) နာမည်သို့ ပူးတွဲ၍ လွှဲပြောင်းပေးရန် ကော်လိပ်တော်ရုံးတွင်လျှောက်လွှာတင်သည်။ ဤသို့ လျှောက်လွှာတင်သောအခါမှာ မိန်းမတဦးကို ကွယ်လွန်သူ၏ဇနီး ဒေါ်ပရင်းကော(ရ်) ဟန်ဆောင်စေ၍ လိမ်လည်လျှောက်ထားစေသည်။ ထို့ကြောင့် ဒေါ်ပရင်းကော(ရ်)က၊ ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၆၇ အရ၊ တရားစွဲဆိုသောအခါတွင် မူလရုံးက တရားခံ ယခုလျှောက်ထားသူ (ကရမ်းဆင်)အပေါ် စွဲချက်တင်ခြင်း ဖြစ်လေသည်။

အမှု အကြောင်းခြင်းရာနှင့်ပတ်သက်၍ မစဉ်းစားမီ လျှောက်ထားသူက၊ ဥပဒေအချက်အနေနှင့်တင်ပြသည်မှာတဘက်မှစွပ်စွဲသည့်အတိုင်း လိမ်လည်ဆောင်ရွက်ခြင်းပြုခဲ့သည်မှန်စေကာမူ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၁၉၅(၁) အရ၊ သက်ဆိုင်သောရုံးမှ စာနှင့် ရေးသားတိုင်တန်းခြင်း မပြုလျှင် အရေးယူနိုင်ခွင့် မရှိကြောင်း ဖြစ်လေသည်။ ယခုအမှုတွင် ဒေါ်ပရင်းကော(ရ်)က၊ ဦးတိုက်လျှောက်၍တိုင်တန်းတရားစွဲဆိုခြင်းဖြစ်၍ ကော်လိပ်တော်ရုံး၊ သို့မဟုတ် ကော်လိပ်တော်ရုံးမှတဆင့် လွှဲပြောင်းပေးသော မြို့ပိုင်ရုံးက စာနှင့်ရေးသားတိုင်တန်းချက် မရှိချေ။ အမှုတွဲကို လေ့လာသောအခါတွင်၊ မစ္စစ် ပရင်းကော(ရ်) အမည်နှင့် လျှောက်လွှာကို ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့စွဲဖြင့် ခရိုင်ဝန်(ကော်လိပ်တော်ရုံး၊ ဗန်းမော်မြို့) တွင် တင်သွင်းသည်။ ထိုလျှောက်လွှာမှာ မစ္စစ် ပရင်းကော(ရ်)၏ ယောကျ်ားမစ္စတာ ဂျိဂေဒါဆင် (သေဆုံးသူ) ၏ နာမည်နှင့်ရှိသော မြေကွက်ကို မစ္စစ် ပရင်းကော(ရ်)နှင့် မစ္စတာ ကရမ်းဆင်တို့ နာမည်ဖြင့် လွှဲပြောင်း၍ ဂရံထုတ်ပေးရန် ဖြစ်လေသည်။

ဤကိစ္စကို အရေးယူ ဆောင်ရွက်ရန်အတွက် ဗန်းမော်မြို့ မြို့ပိုင်ထံ လွှဲပြောင်းပေးသောကြောင့် မြို့ပိုင်ဦးဆောင်းတင်သည် ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နှင့် ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တို့တွင် ကရမ်းဆင်နှင့် မစ္စစ် ပရင်းကော(ရ်) ဆိုသူတို့ကို စစ်ဆေးသောအခါမှာ မြေကိုမိမိတို့နှစ်ဦး နာမည်ဖြင့် ပူးတွဲ၍ နာမည်ပြောင်းပေးရန် ထွက်ဆိုကြသည်။ ထို့ကြောင့်မြို့ပိုင် ဦးဆောင်းတင်က ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့စွဲနှင့်ပင် ခရိုင်ဝန်ထံ အချင်းဖြစ်မြေကို မစ္စစ် ပရင်းကော(ရ်) နှင့် မတ်တော်သူ ကရမ်းဆင်နာမည်သို့ပူးတွဲ၍ ပြောင်းလွှဲပေးရန် အစီရင်ခံလိုက်လေသည်။

ထိုသို့ မြေဂရံကို အမည်ပြောင်းရန် ဆောင်ရွက်ခြင်းသည် တရားရုံးကဖြစ်စေ၊ အခွန်ရုံးကဖြစ်စေ ဆောင်ရွက်ခြင်း ဖြစ်သည်၊ သို့မဟုတ် မြေဂရံအမည်ပြောင်းရန် ဆောင်ရွက်သော ရေစစ္စတြီများ မှတ်ပုံတင်ရုံး၏ ဆောင်ရွက်ခြင်းဖြစ်သည်ကို စဉ်းစားရန်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော်တရားရုံးနှင့် အခွန်ရုံးကဆောင်ရွက်ခြင်း ဖြစ်လျှင် ကျင့်ထုံးပုဒ်မ ၁၉၅ (၁) အရ၊ သက်ဆိုင်ရာရုံး၏စာနှင့်ရေးသားထားသော တိုင်ချက်ရှိရန်လိုမည်ဖြစ်၍ ရေစစ္စတြီမှတ်ပုံတင်သော ရုံးက ဆောင်ရွက်ခြင်းဖြစ်လျှင် သက်ဆိုင်ရာရုံးက စာနှင့် ရေးသားတိုင်တန်းရန် လိုမည်မဟုတ်ချေ။

ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) တွင်၊ သက်သေအစစ်ခံချက်၊ သို့မဟုတ် သက်သေခံတင်သွင်းသည့် စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ ပြစ်မှုများကျူးလွန်လျှင် သက်ဆိုင်ရာရုံးက စာနှင့်ရေးသား၍တရားစွဲရမည်ဟု အဆိုရှိပါသည်။ သို့ရာတွင် "ရုံး" ဟူသောစကားတွင် တရားမရုံး၊ ရာဇဝတ်ရုံးနှင့် အခွန်ရုံးများသာပါဝင်၍ ရေစစ္စတြီမှတ်ပုံတင်ရုံး မပါဝင်စေရဟု ပြဋ္ဌာန်းထားလေသည်။

ဗဟိုဥပဒေရုံးအတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်က ဒေါ်ပရင်းကော(ရ်)စွပ်စွဲသည့်အတိုင်း မှန်ခဲ့လျှင် လျှောက်ထားသူ ကရမ်းဆင်သည် မြို့ပိုင်ရုံးတွင် မမှန်သက်သေခံခြင်းနှင့်အတူ အယောင်ဟန်ဆောင်မှုကို ကျူးလွန်ခဲ့ခြင်း ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၁၉၅(၁) (ဂ)အရ၊ သက်ဆိုင်ရာရုံးမှ စာနှင့်ရေးသား တိုင်တန်းချက်လိုမည်ဖြစ်ပြီး၊ ဤသို့ စာနှင့် ရေးသား တိုင်တန်းချက် မရှိသောကြောင့် စီရင်ပိုင်ခွင့် အာဏာမရှိဘဲ၊ စွဲချက်တင်ထားခြင်းကို ပယ်ဖျက်ရန် သင့်ကြောင်း တင်ပြသည်။

မစ္စတာ ကရမ်းဆင်သည် မြို့ပိုင် ဦးဆောင်းတင် (လိုပြ-၄)ရှေ့တွင်၊ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှာ အစစ်ခံ၍၊ မစ္စစ် ပရင်းကော(ရ်) ဆိုသူသည် ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှာ အစစ်ခံသည်။ ဤသို့ အစစ်ခံခြင်းမှာ မြေနှင့်ပတ်သက်သော ကိစ္စရပ်များတွင် ခရိုင်ဝန်ကမြို့ပိုင်များအား စစ်ဆေး ခိုင်းစေလေ့ရှိ၍ စစ်ဆေးပြီး၊ လိုအပ်သော ထောက်ခံချက်များ ပေးရခြင်းဖြစ်သည်။ ယင်းအစစ်ခံချက်များသည် သက်သေများအဖြစ် ကတိသစ္စာ ပြုလုပ်၍ မြို့နယ် ရာဇဝတ် တရားသူကြီးလည်းဖြစ်သော မြို့ပိုင်ရှေ့မှောက်တွင် အစစ်ခံခြင်းများ ဖြစ်လေသည်။ ထို့ကြောင့် မဟုတ်မမှန်သော လိမ်လည်တွက်ဆိုသည့် အစစ်ခံချက်များ ဖြစ်ခဲ့လျှင် မြို့ပိုင်ရုံးမှ စာနှင့်ရေးသားတိုင်တန်းရန် လိုမည်ဟု ကျွန်ုပ်တို့ သဘောရရှိသည်။ ထို့ကြောင့် လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၇ အရ၊ စွဲချက်တင်ထားခြင်းကို ပယ်ဖျက်၍ အမှုမှ လွှတ်လိုဂ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမောင် နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ / နိုဝင်ဘာလ ၂၈ ရက်။

ကော၊ ပီကာဒယ်

နှင့်

မစကီနာဘီ *

မိခင်နှင့် ဖခင် ကွာရှင်းချိန်တွင် ကလေးစရိတ်ပေးရန် ကလေးစရိတ်လျှောက်ထားမှု၊ ကတိရှိခြင်း၊ ဖခင်၏ ထမ်းဆိုင်တွင် ကလေးများကို စားသောက် နေထိုင်စေခြင်းအားဖြင့် ခလေးစရိတ် ပေးရန်လို မလို။

ဆုံးဖြတ်ချက်။ ။မိမိ၏ ရင်သွေးများကို မိမိထမင်းဆိုင်တွင် စားသောက် နေထိုင်စေခြင်း အားဖြင့် ကလေးစရိတ်ပေးရန်မလိုဟူသော အကြောင်းပြချက်မှာ လက်ခံနိုင်ဖွယ်ရာမရှိ။ ကလေးများကို ပြုစုကျွေးမွေးခြင်းမှာ ဖခင်ဖြစ်သူ၏ စိတ်စေတနာအရပင်ဖြစ်သည်။ မိမိ ဆန္ဒအလျောက် ကျွေးမွေး ပြုစုခြင်းကြောင့် ကလေးစရိတ် မပေးသင့်ဟု မဆိုနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးသုအောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။လျှောက်ထားသူ ကိုယ်တိုင်မလာ။

လျှောက်ထားသူ ကော၊ ပီကာဒယ် နှင့် လျှောက်ထားခံရသူ မစကီနာတို့သည်၊ အကြင်လင်မယား ဖြစ်ကြ၍၊ သားသမီး (၆) ယောက်ရှိသည်။ အကြီးဆုံး ကလေးမှာ အသက် (၁၃) နှစ် ဖြစ်၍၊ အငယ်ဆုံးကလေးမှာ အသက် (၂) နှစ် ဖြစ်သည်။ လျှောက်ထားသူသည်၊ နောက်ထပ် ဇနီးယူပြီးနောက် သားသမီး (၃) ယောက်ထပ်မံ ရရှိသည်။

ပထမ ဇနီးနှင့် လျှောက်ထားသူတို့သည်၊ ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် နေ့တွင် သဘောတူ စာချုပ်နှင့် လင်မယား ကွာရှင်းကြသည်။ ယင်းစာချုပ်တွင် လျှောက်ထားသူက မိမိ၏ကလေး (၆) ယောက် အတွက် လစဉ် ငွေ ကျပ် ၁၅၀ ပေးမည်ဖြစ်ကြောင်း ဖော်ပြ ပါရှိသော်လည်း၊ ကတိ ပျက်ကွက်သောကြောင့် လျှောက်ထားခံရသူက မော်လမြိုင်မြို့၊ မြို့နယ်တရားရုံးတွင် သားသမီးများ အတွက် စရိတ်

---

* ၁၉၇၄ ခု၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁၉ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၇(မ)တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့စွဲပါ မော်လမြိုင်မြို့ ရုံးထိုင်၊ ပြည်နယ်တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

လျှောက်ထားသည်။ တရားခုံးက လျှောက်ထားသူ၏ မူလ ကတိအတိုင်း ကလေး တယောက်လျှင် ၂၅ ကျပ် နှုန်းဖြင့် (၆) ယောက် အတွက် ကျပ် ၁၅၀ ကို လျှောက် ထားသည့် ၁၉၇၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ အစပြု၍၊ ပေးစေရန် အမိန့်ချမှတ် သည်။ ယင်းအမိန့်ကို မွန်ပြည်နယ် တရားရုံးက အတည်ပြုသော ကြောင့် ယခု တဖန် ပဟို တရားရုံးသို့ ရောက်ရှိလာရခြင်း ဖြစ်ပေသည်။

၁၉၇၅
ကေပီကာဒယ်
နှင့်
မစကီနာဘီ။

လျှောက်ထားသူသည်၊ မိမိနေအိမ် အောက်ထပ်တွင် ထမင်းနှင့် လက်ဖက်ရည် ဆိုင်ဖွင့်ထားသည်။ ထမင်းနှင့် လက်ဖက်ရည်ဆိုင်ရှင်လည်း ဖြစ်သည်။ အပေါ်ထပ် တွင် လျှောက်ထား ခံရသူနှင့် ခလေးများ နေထိုင်ကြသည်။ ခလေး အကြီးများ သည် အောက်ထပ်တွင် ရှိသော ဖခင် ဖြစ်သူ ဆိုင်တွင် ကူညီ လုပ်ကိုင်၍ လျှောက် ထားသူက ကျွေးမွေး ပြုစုထားသည်။ ထို့ကြောင့် လျှောက် ထားသူက တင်ပြ သည်မှာ မိမိသည် ခလေး (၆) ယောက်အတွက် လစဉ် တလ ကျပ် ၁၅၀ ပေးရန် သဘောတူ ကတိပြုခဲ့ သော်လည်း ခလေးများသည် မိမိထံတွင် လာရောက် နေထိုင် စားသောက်လျက် ရှိသည် ဖြစ်သောကြောင့် စရိတ် မပေးသင့်ကြောင်း ဖြစ်သည်။

ဤကဲ့သို့ မိမိ၏ ရင်သွေးများကို မိမိ၏ ထမင်းဆိုင်တွင် စားသောက် နေထိုင် စေခြင်းအားဖြင့် ခလေးစရိတ် ပေးရန် မလိုဟူသော အကြောင်း ပြချက်မှာ လက်ခံ နိုင်ဖွယ်ရာ မရှိချေ။ ခလေးများကို ပြုစု ကျွေးမွေးခြင်းမှာ ဖခင် ဖြစ်သူ၏ စိတ်စေ တနာအရပင် ဖြစ်ပေသည်။ ယင်းသို့ မိမိဆန္ဒ အလျောက် ကျွေးမွေး ပြုစုခြင်း ကြောင့် ကလေးစရိတ် မပေးသင့်ဟု မဆိုနိုင်ချေ။ အမှုဖြစ်ပျက်သည့် အကြောင်း ခြင်းရာ အပေါ်တွင် မွန်ပြည်နယ်တရားရုံးနှင့် ပြည်နယ် တရားရုံးတို့က သဘောတူညီစွာ ဆုံးဖြတ် ထားခြင်းကို ဝင်ရောက် စွက်ဖက်ရန် အကြောင်း မရှိ၍၊ ဤပြင်ဆင်မှုကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၁ မတ်လ ၁ ရက်။

မောင်ကြည်သိန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်မြတ်) *

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ စွဲဆိုခြင်း၊ ဒိုင်မှူးအဖြစ် ပေါ့လျော့စွာ စာရင်းများမှား၍ တွက်ချက်ပြီး အလုပ်သမားခ ပိုပေးမိခြင်းဖြစ်၍ ဌာနဆိုင်ရာ အနေဖြင့်သာ အရေးယူသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာပုဒ်မ ၄၀၅ တွင် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖေါက်ဖျက်သည့် အကြောင်းများကို တွေ့မြင်နိုင်ပေသည်။ ပြည်သူ့ဝန်ထမ်းက ကျူးလွန်လျှင် ပုဒ်မ ၄၀၉ အရ အပြစ်ဒဏ်သင့်မည်ဖြစ်သည်။ ဤသို့ဖြစ်စေရန် ယုံကြည်အပ်နှံခြင်းခံရသည့်ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုရန်လိုအပ် ပေလိမ့်မည်။ သို့မှသာပြစ်မှု ဆိုင်ရာ ဥပဒေကို ကျူးလွန်ရာရောက်မည်ဖြစ်သည်။ ယခုကိစ္စတွင် မောင်ကြည်သိန်းသည် ဒိုင်မှူးအဖြစ် ပေါ့လျော့စွာ စာရင်းများမှား၍ တွက်ချက်ပြီး အလုပ်သမားခ ပိုပေးမိခြင်း ဖြစ်သောကြောင့် ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်ပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးအေးမောင် (ဒေးဒရဲ)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

ဤ လျှောက်ထားသူ မောင်ကြည်သိန်းသည် ကွမ်းခြံကုန်းမြို့၊ ကုန်သွယ်ရေး အမှတ် (၁) မှ၊ ဒိုင်မှူးဖြစ်ပြီး စပါးများ သယ်ယူပို့ဆောင်ရန်အတွက်၊ အလုပ်သမားခ ငွေကျပ် ၁၀၀၅ိ၊ ၃ ပြား အလွဲသုံးစား လုပ်သည်ဟူ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ အပြစ်ဒဏ်ပေးခဲ့သောအမှုဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြစ်ဆင်မှုအမှတ် ၃၅(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြစ်င်ဆင်မှုအမှတ် ၁၂ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင်၊ ရန်ကုန်တိုင်း၊ တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၅

မောင်ကြည်သိန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးအောင်မြတ်)။

အလုပ်သမားများ စပါးသယ်ယူပို့ဆောင်ပေးသော အလုပ်ခငွေများကို ဒုတိယ ဒိုင်မှူးဖြစ်သူက စာရင်းပြုလုပ်ပေးပြီးလျှင်၊ ဒိုင်မှူးဖြစ်သော ဦးမောင်ကြည်သိန်းက ခွင့်ပြုမိန့် လက်မှတ်ရေးထိုးပေးရသည်။ ဤသို့ငွေများပေးချေသောအခါတွင် စပါးတင်းပေါင်း ၂၂,၃၃၄ အတွက် သယ်ယူခငွေများကို ပို၍ပေးကြောင်း စစ်ဆေးတွေ့ရှိရသောကြောင့် ယင်းပိုပေးမိသော ငွေကျပ် ၁၁၀၅၊ ၃ ပြားအတွက် ခွင့်ပြုမိန့် လက်မှတ်ရေးထိုးသော မောင်ကြည်သိန်းအပေါ်တွင် တရားစွဲဆိုခြင်းဖြစ်သည်။

မောင်ကြည်သိန်းအပေါ်တွင် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ ကို ကျူးလွန်သည်ဟူ၍ ရုံးတက် ရုံးဆင်း ထောင်ဒဏ်နှင့် ဒဏ်ငွေ ၁၁၀၊ မဆောင်နိုင်လျှင် ထောင်ဒဏ် (၄) လ ကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို တိုင်းရုံးသို့ အယူခံသောအခါတွင် အမိန့်ချပြီး (၈) လခန့်ကြာမှ အယူခံသောကြောင့် ကာလစည်းကမ်းသတ် ကျော်လွန်သည့်အနေနှင့် အမှုကို ပယ်လိုက်သည်။ ထို့ကြောင့် တိုင်းရုံးသည် အမှုဖြစ်ပျက်သော အကြောင်းခြင်းရာများနှင့် ပတ်သက်၍၊ စဉ်းစားဆင်ခြင်ခြင်း မပြုတော့ဘဲ၊ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းကိုမူတည်၍ ပယ်လိုက်ခြင်းသာ ဖြစ်လေသည်။

အမှုဖြစ်ပျက်သော အကြောင်းအရာများနှင့် ပတ်သက်၍ လေ့လာကြည့်ရှုသောအခါတွင် လျှောက်ထားသူ မောင်ကြည်သိန်း ကျူးလွန်သော အပြစ်မှာ ခွင့်ပြုမိန့် လက်မှတ်ကိုသေချာစွာ စိစစ်ခြင်းမရှိပဲ၊ လက်မှတ်ရေးထိုးသောကြောင့် ဌာနဆိုင်ရာ ဝတ္တရားပျက်ကွက်မှုသာဖြစ်ကြောင်း တွေ့ရှိသည်။ မောင်ကြည်သိန်းအတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်က အလုပ်သမားများ စပါးသယ်ယူပို့ဆောင်ခြင်းနှင့် ပတ်သက်၍ ဒိုင်မှူးဖြစ်သူ ကိုယ်တိုင် အခေါက်ရေကို တွက်၍ လိုက်လံကြည့်ရှုနိုင်သည် မဟုတ်ပါ။ အောက်ပိုင်းမှ စာရင်းပြုစုပေးသည့်အတိုင်း လက်မှတ်ရေးထိုးရခြင်းသာ ဖြစ်ပါသည်ဟူ၍ တင်ပြသည်။ မူလရုံးက အပြစ်ဒဏ်ချမှတ်ရာတွင် စာရင်းအင်းများကို လိမ်လည်ပြုစုသည်ဟူသော သက်သေခံချက် အထောက်အထား မရှိသော်လည်း အစိုးရဘဏ္ဍာငွေ ယိုယွင်းစေသည်ဖြစ်သောကြောင့် သက်ညှာစွာ အပြစ်ဒဏ်သတ်မှတ်သင့်သည်ဟူ၍ ရုံးတက် ရုံးဆင်း ထောင်ဒဏ် တရက်နှင့် ဒဏ်ငွေ ၁၁၀/ ချမှတ်လိုက်ကြောင်း စီရင်ချက်တွင် ဖော်ပြထားသည်။

တရားလိုဘက်မှ အဓိကသက်သေဖြစ်သော အလုပ်သမား မှူး ေ ာင်အေး (လိုပြ-၆) က စပါးသယ်ယူခအတွက် စာရင်းဇယားတွင် ပါရှိသည့်အတိုင်း အလုပ်သမားခ အားလုံးရရှိပြီးဖြစ်ကြောင်း ထွက်ဆိုသည်။ ထို့ကြောင့် မောင်ကြည်သိန်းသ ည် အလုပ်သမားခများကို မိမိကိုယ်ကျိုးအတွက်သုံးစွဲကြောင်း အထောက်အထားမရှိချေ။ မူလရုံးက တရားခံသည် စာရင်းအင်းများကို လိမ်လည်ပြုစုသည်ဟူသော သက်သေခံချက်

၁၉၇၅
——
မောင်ကြည်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးအောင် မြတ်)။

အထောက်အထား မရှိပါဟူ၍ အတိအလင်း ဖော်ပြပြီးမှ အပြစ်ပေးခြင်းသည် မှားယွင်းသော ဆုံးဖြတ်ချက်ဖြစ်သည် ပြစ်မှုဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ စဉ်းစားသောအခါတွင် အပြစ်မရှိသောသူကို သက်ညှာစွာ အပြစ်ပေး၍ မဖြစ်နိုင်ချေ။ မောင်ကြည်သိန်းသည် စပါးများသယ်ယူခအတွက် ကိုယ်တိုင်စိစစ်၍ မဖြစ်နိုင်ကြောင်း တင်ပြသည်။ ဤအချက် မှန် မမှန်မှာ ဌာနဆိုင်ရာ စုံစမ်းမှုတွင် စဉ်းစားရန်ဖြစ်သည်။ ပြစ်မှုဆိုင်ရာနှင့် ပတ်သက်၍ မောင်ကြည်သိန်းသည်အလုပ်သမားပေးရန်ငွေများကိုမိမိကိုယ်ကျိုးအတွက် အလွဲသုံးစားခြင်းပြုကြောင်း မပေါ်ပေါက်လျှင် အပြစ်မှလွှတ်ရမည်သာဖြစ်သည်။

ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၀၅ တွင် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်သည့်အကြောင်းများကို တွေ့မြင်နိုင်ပေသည်။ ပြည်သူ့ဝန်ထမ်းက ကျူးလွန်လျှင် ပုဒ်မ ၄၀၉ အရ အပြစ်ဒဏ်သင့်မည်ဖြစ်သည်။ ဤသို့ဖြစ်စေရန် ယုံကြည်အပ်နှံခြင်းခံရသည့်ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုရန် လိုအပ်ပေလိမ့်မည်။ သို့မှသာ ပြစ်မှုဆိုင်ရာ ဥပဒေကို ကျူးလွန်ရာ ရောက်မည်ဖြစ်သည်။ ယခုကိစ္စတွင် မောင်ကြည်သိန်းသည် ဂိုင်မှူးအဖြစ် ပေါ့လျော့စွာ စာရင်းများ မှား၍ တွက်ချက်ပြီး အလုပ်သမားခ ပိုပေးမိခြင်းဖြစ်သောကြောင့် ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်ပေသည်။ ဗဟိုဥပဒေရုံးအတွက် လိုက်ပါ ဆောင်ရွက်သော အကျိုးဆောင်ကလည်း အမှုပေါ်ပေါက်ချက်အရ ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်ကြောင်း ပွင့်လင်းစွာ တင်ပြသည်။ အထက်ပါ အချက်များကို ထောက်ထား၍ လျှောက်ထားသူ မောင်ကြည်သိန်းအပေါ် ချမှတ်ထားသော ဆုံးဖြတ်ချက်နှင့် အပြစ်ဒဏ်ကို ပယ်ဖျက်ပြီး အပြီး အပြတ်လွှတ်စေရန် အမိန့်ချမှတ်သည်။ ဒဏ်ငွေ ၁၀၀ိ/ ပေးဆောင်ပြီးဖြစ်လျှင် မောင်ကြည်သိန်းအား ပြန်ပေးစေရမည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ခင်ညွန့်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသောင်းရှိန်)*

† ၁၉၇၅ — နိုဝင်ဘာလ ၁၁ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃၊ ပထမအကြိမ်ကျူးလွန်ပုံရခြင်း၊ မိန်းကလေး၏သဘောတူညီချက်ဖြင့် ခေါ်သွားခြင်း ဖြစ်ခြင်း၊ ဆင်ခြင်တုံ တရား မရှိသေးသည့် ငယ်ရွယ်သူ မိန်းကလေး တဦး၏ ဘဝလုံခြုံမှု ထိခိုက်စေခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၁)အစား ပြစ်ဒဏ်စီရင်ရန်သင့် မသင့်။

ဆုံးဖြတ်ချက်။ ။ပထမအကြိမ် ကျူးလွန်ခြင်း၊ ရက်စက် ယောက်ရမ်း ကြမ်းတမ်းမှုမပါဝင်ခြင်း စသည့်အချက်များသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၁) အရခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ် လွှတ်ထားရန်သင့် မသင့် စဉ်းစားရာ၌ ထည့်သွင်းစဉ်းစား ထိုက်သောအချက်များဖြစ်သည်မှန်၏၊ သို့ရာတွင် ယခု အမှု၌ အလေးအနက်ထား၍ စဉ်းစားသင့်သော အခြားအချက်များလည်းရှိနေပေသည်။ ဆင်ခြင်တုံတရား မရှိသေးသည့် ငယ်ရွယ်သူ မိန်းကလေးတဦး၏ ဘဝလုံခြုံမှု ထိခိုက်ပျက်ပြားစေခြင်းသည် လူမှုရေးအရ မလိုလားအပ်သည့် အကြောင်းတရပ်ဖြစ်ပေသည်။ ဤကဲ့သို့သောပြစ်မှုမျိုးကို နောက်ထပ်၍ လက်ရဲဇက်ရဲ မကျူးလွန်စေရန် ဥပဒေနှင့်အညီနမူနာပြပြစ်ဒဏ်စီရင်ထိုက်သည်၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁)အရ ခံဝန်ချုပ်ဖြင့်အစမ်းလွှတ်ထားခြင်းမှာ သက်ညှာလွန်းရာရောက်သည်။

သို့ဖြစ်၍ တရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရထောင်ဒဏ် ၁ နှစ်နှင့် ၆ လ ကျခံစေရန်ပြစ်ဒဏ်ပြင်ဆင်ချမှတ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဒေါ်မြင့်မြင့်ခင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ၊ ဗဟိုတရားရုံးရှေ့နေကြီး ဦးထွန်းတင်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြစ်ဒဏ်ပြင်ဆင်မှုအမှတ် ၁၃၄(ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၀ တွင် ချမှတ်သော ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့စွဲပါ မြန်ကုန်တိုင်း တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅ —— ဒေါ်ခင်ညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးသောင်း ရှိန်)။ ၆

လျှောက်ထားခံရသူ အမှတ် ၁ မောင်သောင်းရှိန်သည် အသက် ၁၆ နှစ်မပြည့်သေးသည့် မညွန့်ညွန့်မြင့်ကို မညွန့်ညွန့်မြင့်၏ အုပ်ထိန်းသူ မိဘများ သဘော မတူပဲ ၁၉၇၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျောင်းမှ ခိုးယူ ခေါ်ဆောင်သွားပြီး နောက်နေ့တွင် တရားရုံး၌ လက်ထပ် စာချုပ် ချုပ်ဆို၍ ပေါင်းသင်းခဲ့ကြောင်း သက်သေ ခိုင်လုံသဖြင့် မရမ်းကုန်းမြို့နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၅၁ ၌ မောင်သောင်းရှိန်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ၊ ပြစ်မှုထင်ရှား စီရင်ပြီး ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁) အရ၊ ၅၀၀ ကျပ်တန် အာမခံသူ ၂ ဦး နှင့် ၂ နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်ရန်ခံဝန်ချုပ်ချုပ်ဆိုစေခဲ့သည်။ မညွန့်ညွန့်မြင့်၏ မိခင် ဒေါ်ခင်ညွန့်က ထိုအမိန့်ကို ပယ်ဖျက်၍ ထိုက်သင့် ဟန့်တားလောက်သော ပြစ်ဒဏ် ချမှတ်ပေးပါရန် မရမ်းကုန်းမြို့နယ် ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၀ အရ၊ လျှောက်ထားသည်။ တိုင်း တရားရုံးက မောင်သောင်းရှိန် သည် ပထမ အကြိမ် ကျူးလွန်ပုံရခြင်းနှင့် မိန်းကလေး၏ သဘော တူညီချက်ဖြင့် ခေါ်သွားခြင်း ဖြစ်ခြင်းကြောင့် ခံဝန်ချုပ်ဖြင့် အစမ်း ပြုလုပ် လွှတ်ထားခြင်းမှာ လျော်ကန် သည်ဟုဆုံးဖြတ်၍ ပြင်ဆင်မှုကို ပလပ်ပြီး မူလ ရုံး၏အမိန့်ကို အတည်ပြုခဲ့သည်။ ဒေါ်ခင်ညွန့်က မကျေနပ်သဖြင့် ထိုက်သင့်သော ပြစ်ဒဏ် ချမှတ်ရေးအတွက် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု တင်သွင်းလျှောက်ကာ ထပ်မံအရေး ဆိုသည်။

ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆၃ အရ၊ ပြစ်မှု ထင်ရှားစီရင်ခြင်း နှင့် ပတ်သက်၍ သက်သေ ခိုင်လုံသည့်ပြင်၊ မည်သည့် ဘက်ကမျှ အငြင်းမပွားသဖြင့် ဤပြင်ဆင်မှုတွင် အထူးတလည် ဖော်ပြရန် အကြောင်းမရှိပေ။ မှုခင်း အခြေအနေအရ၊ ပြစ်ဒဏ် စီရင်ရန် သင့် မသင့်ကိုသာ ဝေဖန်သုံးသပ်၍ ဆုံးဖြတ်ရန် ဖြစ်သည်။

ပထမအကြိမ် ကျူးလွန်ခြင်း၊ ရက်စက်ဟောဒ့ချမ်း ကြမ်းတမ်းမှုမပါဝင်ခြင်း စသည့် အချက်များသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁) အရ၊ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ် လွှတ်ထားရန် သင့် မသင့် စဉ်းစားရာ၌ ထည့်သွင်း စဉ်းစားထိုက်သော အချက်များဖြစ်သည် မှန်၏။ သို့ရာတွင် ယခုအမှု၌ အလေးအနက်ထား၍ စဉ်းစားသင့်သော အခြား အချက်များလည်း ရှိနေပေသည်။ လျှောက်ထား ခံရသူ မောင်သောင်းရှိန်သည် အသက် ၂၇ နှစ်ရှိ၍ တက္ကသိုလ်မှ ဘွဲ့ရပြီးသူ တယောက် ဖြစ်သဖြင့် အတွေးအခေါ် ရင့်ကျက်သင့်ပေပြီ။ အရွယ်မရောက်သေး၍ အတွေ့အကြုံဗဟုသုတ နည်းပြီး ဆင်ခြင်တုံတရား မရှိသည့် မိန်းကလေးကို ထိုမိန်းကလေး၏ အုပ်ထိန်းသူ မိဘများသဘောမတူပဲ ခိုးယူပေါင်းသင်းခြင်း မပြုနိုင်ကြောင်း သိသင့်သော

၁၉၇၅
ဒေါ်ခင်ညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးသောင်းရှိန်)။

အခြေအနေ ရှိပါလျက် နှင့် လျှောက်ထားခံရသူသည် ဇွတ်လုပ်ခဲ့သည်။ မိဘများက ခင်မင် ရင်းနှီးသူဖြစ်၍၊ ယုံကြည် စိတ်ချစွာဖြင့် သမီးငယ်အား စာပြပေးရန် အပ်နှံထားသည်ကို လျှောက်ထား ခံရသူသည် ကောင်းသော လမ်းညွှန်မှုပေးကာ သွန်သင်ဆုံးမမည့်အစား မတရားအခွင့်အရေးယူ၍ ကာမမှောင်တွင်းသို့ ဆောင်ကြဉ်းသွားခဲ့သည်။ လျှောက်ထားခံရသူက မိန်းကလေး ဒုက္ခမရောက်အောင် အလိုလိုက်ကာ ကူညီစောင့်ရှောက်ခဲ့ခြင်းသာ ဖြစ်ပါသည်ဟု တင်ပြသည်။ သို့ရာတွင် သဘောရိုး ဖြစ်ခဲ့လျှင် လျှောက်ထား ခံရသူသည် မိန်းကလေး၏ မိဘများအား အသိပေး၍ လမ်းမှားနေသောမိန်းကလေးအား လမ်းမှန် သို့ ပို့သင့်သည်။ လျှောက်ထား ခံရသူသည်၊ မိဘများအား အသိမပေးပဲ မိမိ၏ ကိုယ်ကျိုးကိုသာကြည့်၍ တဘက်သတ် ဆောင်ရွက်ခဲ့သဖြင့် မိန်းကလေး၏ဘဝ နစ်နာရပေသည်။ မိဘများမှာလည်း ယူကြုံးမရ ဖြစ်ရလေသည်။ ဆင်ခြင်တုံတရားမရှိသေးသည့် ငယ်ရွယ်သူ မိန်းကလေးတဦး၏ ဘဝသုံခြိုမှု ထိခိုက် ပျက်ပြားစေခြင်းသည် လူမှုရေးအရ မလိုလားအပ်သည့် အကြောင်းတရပ် ဖြစ်ပေသည်။ ဤကဲ့သို့သော ပြစ်မှုမျိုးကို နောက်ထပ်၍ လက်ရဲ ဇက်ရဲ မကျူးလွန်စေရန် ဥပဒေနှင့်အညီ နမူနာပြ ပြစ်ဒဏ်စီရင်သိုက်သည်ဟု ကျွန်ုပ်ဘို့ယူဆ သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ် လွှတ်ထားခြင်းမှာ သက်ညှာ လွန်းရာ ရောက်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍၊ အောက်ရုံးက လျှောက်ထားခံရသူ၊ မောင်သောင်းရှိန်အား၊ ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ်ဖြင့် အစမ်းပြုလုပ် လွှတ်ထားစေရန် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်ပြီးလျှင် လျှောက်ထားခံရသူ မောင်သောင်းရှိန်အား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆၃ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁ နှစ်နှင့် ၆ လ (တနှစ်နှင့်ခြောက်လ) ကျခံစေရန် ပြင်ဆင်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
ဇွန်လ ၆ ရက်။

မောင်ခင်ဖေ ပါ ၂*

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

တရားလိုတဦးတည်းက မှတ်မိကြောင်း ထွက်ဆိုခြင်း၊ အလုခံရပြီးလျှင် ဖြီးခြင်းဖမးသည့်အချိန် ထုတ်ဖေါ်ပြောခြင်း မရှိခြင်း၊ နောက်တနေ့ ရဲစခန်းတွင် တယောက်ကို လရောင်ဖြင့် မှတ်မိကြောင်း တိုင်ခြင်း၊ တရားရုံးတွင် လက်နှိပ်ဓာတ်မီးရောင်ကြောင့် မှတ်မိကြောင်းထွက်ဆိုခြင်း၊ တဦးတည်း၏ စွပ်စွဲချက်ဖြင့် အပြစ်ပေးသင့်မသင့်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများ အပေါ်တွင် ပြစ်မှုထင်ရှား စီရင်ရန်သက်သေခံ အထောက်အထား မခိုင်လုံကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူအမှတ် (၁) မောင်ခင်ဖေ အပေါ်တွင် လုယက်ခြင်း ခံရသူ မကြည်အေး တဦးတည်း၏ အထောက်အထားကင်းသောစွပ်စွဲချက်သာရှိသည်။ မကြည်အေးက လူဆိုး ၂ ယောက်အနက် တယောက်ကို မှတ်မိကြောင်း၊ မှတ်မိသောလူဆိုးမှာ လျှောက်ထားသူအမှတ် (၁) မောင်ခင်ဖေဖြစ်ကြောင်း ၎င်းအား လရောင်ဖြင့် မြင်ရ၍ မှတ်မိကြောင်း ရဲစခန်း၌ တိုင်ချက်ပေးခဲ့သည်။ ရုံးတွင် သက်သေခံသောအခါ ဒုတိယ လူဆိုး၏ လက်နှိပ်ဓာတ်မီးရောင်ဖြင့် မောင်ခင်ဖေဖြစ်ကြောင်း သိရှိရပါသည်ဟု ပြင်ဆင်ထွက်ဆိုသည်။ မကြည်အေး၏ အော်သံကြောင့် လူကြီးများရောက်ရှိလာပြီး လူဆိုးများအား မှတ်မိသလား ဟုမေးသောအခါ မကြည်အေးက ထုတ်ဖေါ်ပြောပြခြင်းမပြုခဲ့ပဲ နောက်နေ့ညနေတွင် ရဲစခန်း၌ တိုင်ချက်ပေးသောအခါကျမှ လူဆိုး ၂ ယောက်အနက် တယောက်မှာ မောင်ခင်ဖေဖြစ်ကြောင်း မှတ်မိလိုက်သည်ဟုပြောပြခြင်းမှာ နောက်မှအကြံရ၍ ထည့်သွင်းခြင်းဖြစ်နိုင်သည်။ မောင်ခင်ဖေ ထံတွင်ပြစ်မှုနှင့်ပတ်သက်သော ပစ္စည်းတစုံတရာ မတွေ့ရှိခြင်းက ပိုမိုသံသယဖြစ်စေသည်။ လျှောက်ထားသူအမှတ် (၂) မောင်ပြုံးချိုအပေါ်တွင် ငြိစွန်းသောသက်သေခံချက် လုံးဝမရှိ။

တရားလိုဘက်မှ ခိုင်လုံအောင်သက်သေမပြနိုင်ပါပဲလျက် မူလရုံးနှင့် အယူခံရုံးတို့လျှောက်ထားသူများအား ပြစ်မှုထင်ရှားစီရင်၍ ထောင်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းပါသည်ဟု ဗဟိုဥပဒေရုံးမှ ပညာရှိ ဥပဒေဝန်ထမ်း ဦးဘသန်းက ရိုးသားစွာတင်ပြသည်။

ခိုင်လုံသောအထောက်အထားများ မရှိပဲ လျှောက်ထားသူများအပေါ်တွင် လုယက်မှုဖြင့် ပြစ်မှုထင်ရှားစီရင်၍ ထောင်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေအရ မှန်ကန်ခြင်းမရှိသောကြောင့်အတည်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၃၈ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့စွဲပါ ထားဝယ်မြို့ရုံးထိုင်၊ တနင်္သာရီတိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင့်ခြင်မှု။

၁၉၇၅ — မောင်ခင်ဖေ ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

ပြုရန်မသင့်ပေ။ ထို့ကြောင့် လျှောက်ထားသူ မောင်ခင်ဖေနှင့် မောင်ပြုံးချိုတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှားစီရင်ထားခြင်းဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်စီ ချမှတ်ထားခြင်းကိုပယ်ဖျက်၍ လျှောက်ထားသူများအား အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

လောင်းလုံမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၄/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်စီ ကျခံစေရန် ချမှတ်ခြင်းခံရသော မောင်ခင်ဖေနှင့် မောင်ပြုံးချိုတို့က မကျေနပ်သဖြင့်ထားဝယ်မြို့ ရုံးထိုင်၊ တနင်္သာရီတိုင်း တရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃/၇၄ တွင် အယူခံသော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ယခုပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

၁၃၃၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့ (၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့) ည ၁၁ နာရီအချိန်ခန့်တွင် လောင်းလုံမြို့နယ်၊ ပန်းဒက်အင်းရွာနေ မကြည်အေး၏ အိမ်တွင်းသို့ လူဆိုး ၂ ယောက် ဝင်လာ၍ ငွေ ၂၀ နှင့် ရွှေထည်ပစ္စည်း ၉ မျိုး (စုစုပေါင်း တန်ဘိုး ၁၁၅၅)ကို လုယူသွားသည်။ ထိုအမှုနှင့် ပတ်သက်၍ မောင်းမကန် ပြည်သူ့ရဲ တပ်ဖွဲ့စခန်းက စုံစမ်းပြီး လျှောက်ထားသူ ၂ ဦး (မောင်ခင်ဖေနှင့် မောင်ပြုံးချို) တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ၊ တရားစွဲဆိုသည်။ လောင်းလုံမြို့နယ် တရားရုံးက စစ်ဆေး ကြားနာ၍ လျှောက်ထားသူများအား စွဲဆိုသည့် ပုဒ်မအရ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။ ထိုကဲ့သို့ စီရင်ခြင်းကို တနင်္သာရီတိုင်း တရားရုံးက အတည်ပြုခဲ့သည်။

မှုသခင်း အမှုတွဲကို လေ့လာသောအခါ လျှောက်ထားသူများ အပေါ်တွင် ပြစ်မှုထင်ရှားစီရင်ရန် သက်သေခံ အထောက်အထား မခိုင်လုံကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူအမှတ် (၁) မောင်ခင်ဖေ အပေါ်တွင် လုယက်ခြင်းခံရသူ မကြည်အေး က တဦးတည်း၏ အထောက်အထားကင်းသော စွပ်စွဲချက်သာရှိသည်။ မကြည်အေး ကလူဆိုး ၂ ယောက်အနက် တယောက်ကို မှတ်မိကြောင်း၊ မှတ်မိသော လူဆိုးမှာ လျှောက်ထားသူ အမှတ် (၁) မောင်ခင်ဖေဖြစ်ကြောင်း၊ ၎င်းအား လရောင်ဖြင့် မြင်ရ၍ မှတ်မိကြောင်း ရဲစခန်း၌ တိုင်ချက်ပေးခဲ့သည်။ ရုံးတွင် သက်သေခံသောအခါ၊ ဒုတိယလူဆိုး၏ လက်နှိပ်ဓာတ်မီးရောင်ဖြင့် မောင်ခင်ဖေဖြစ်ကြောင်း သိရှိရပါသည်ဟု ပြင်ဆင်ထွက်ဆိုသည်။ မကြည်အေး၏ အော်သံကြောင့် လူကြီးများ ရောက်ရှိလာပြီး

၁၉၇၅ — မောင်ခင်ဖေပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

လူဆိုးများအား မှတ်မိသလားဟု မေးသောအခါ၊ မကြည်အေးက ထုတ်ဖော်ပြောပြခြင်းမပြုခဲ့ပဲ၊ နောက်နေ့ ညနေတွင် ရဲစခန်း၌ တိုင်ချက်ပေးသောအခါကျမှ လူဆိုး ၂ ယောက်အနက် တယောက်မှာ မောင်ခင်ဖေဖြစ်ကြောင်း မှတ်မိလိုက်သည်ဟု ပြောပြခြင်းမှာ နောက်မှ အကြံရ၍ ထည့်သွင်းခြင်း ဖြစ်နိုင်သည်။ မောင်ခင်ဖေထံတွင် ပြစ်မှုနှင့် ပတ်သက်သောပစ္စည်း တစုံတရာ မတွေ့ရှိခြင်းက ပိုမိုသံသယ ဖြစ်စေသည်။ လျှောက်ထားသူ အမှတ် (၂) မောင်ပြုံးချို အပေါ်တွင် ငြိစွန်းသော သက်သေခံချက် လုံးဝမရှိ။

တရားလိုဘက်မှ ခိုင်လုံအောင် သက်သေ မပြနိုင်ပါပဲလျက် မူလရုံးနှင့် အယူခံရုံးတို့က လျှောက်ထားသူများအား ပြစ်မှုထင်ရှား စီရင်၍ ထောင်ဒဏ် ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းပါသည်ဟု ဗဟိုဥပဒေရုံးမှ ပညာရှိ ဥပဒေဝန်ထမ်း ဦးဘသန်းက ရှီးသားစွာဘင်ပြသည်။

ခိုင်လုံသော အယောက်အထားများ မရှိပဲ လျှောက်ထားသူများ အပေါ်တွင် လုယက်မှုဖြင့် ပြစ်မှုထင်ရှား စီရင်၍ထောင်ဒဏ် ချမှတ်ခြင်းမှာ ဥပဒေအရ မှန်ကန်ခြင်း မရှိသောကြောင့် အတည်ပြုရန် မသင့်ပေ။ ထို့ကြောင့် လျှောက်ထားသူ မောင်ခင်ဖေနှင့် မောင်ပြုံးချိုတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှား စီရင်ထားခြင်းဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်စီ ချမှတ်ထားခြင်းကို ပယ်ဖျက်၍ လျှောက်ထားသူများအား အပြီးအပြတ် လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်ဇင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ခင်မေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ကိုခင်စိန်)*

† ၁၉၇၅
မေလ ၂၈ ရက်။

လျှောက်ထားသူအား မိမိမယားဟု လျှောက်ထားခံရသူက မယားခိုးမှုတွင် ပြောဆိုခြင်း၊ တရားရုံးချုပ်မှ မယားခိုးမှု တရားခံအား အပြီးအပြတ်လွှတ်ခြင်း၊ လျှောက်ထားခံရသူအပေါ် အသရေဖျက်မှုနှင့် အပြစ်ပေးရမည်ဟုဆိုနိုင် မနိုင်။ ။

ဆုံးဖြတ်ချက်။ ။တရားရုံးချုပ်က အပြီးအပြတ်လွှတ်လိုက်သည်ဟုဆိုသောကြောင့်၊ မယားခိုးမှုမမြောက်တော့ချေ။ သို့ရာတွင် မယားခိုးမှုနှင့် ယခုစွဲဆိုသော အသရေဖျက်မှုတို့မှာ သီးခြားစဉ်းစားရမည်ဖြစ်သည်။ ပြစ်မှုကျူးလွန်သည်အကြောင်းခြင်းရာတို့မှာလည်း တူညီကြသည်မဟုတ်ချေ။ မယားခိုးမှုတရားခံအပေါ်တွင် မယားခိုးမှုနှင့် အပြစ်မပေးနိုင်ခြင်းကြောင့် လျှောက်ထားခံရသူအပေါ်တွင် အသရေဖျက်မှုနှင့် အပြစ်ပေးရမည်ဟု မဆိုနိုင်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးခင်ထွန်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးတင်အုံး။

လျှောက်ထားသူ မခင်မေက ကိုခင်စိန်ဆိုသူအပေါ်တွင် မိမိအားငင်း၏ မယားဟု မဟုတ်မမှန်စွပ်စွဲကြောင်း အသရေဖျက်မှုနှင့်တရားစွဲဆိုခြင်းဖြစ်သည်။ ကိုခင်စိန်သည် မောင်တင်မြင့်ဆိုသူအပေါ်တွင် မိမိမယားမခင်မေအား ခိုးယူပေါင်းသင်းပါသည်ဟု ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရတရားစွဲဆိုသောအခါတွင် မခင်မေက မိမိသည် ကိုခင်စိန်၏ မယားမဟုတ်ကြောင်းနှင့် မောင်တင်မြင့်ကို သဘောတူ ချစ်ကြိုက်ပေါင်းသင်းကြောင်း တင်ပြသည်။ သို့ရာတွင်မူလရုံးက မောင်တင်မြင့်ကို မယားခိုးမှုနှင့် အပြစ်ဒဏ်ပေးခဲ့သည်။

---

* ၁၉၇၃ ခုနှစ်၊ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၁၁ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊နိုဝင်ဘာလ ၈ ရက်နေ့စွဲပါ တောင်ဥက္ကလာပရုံးထိုင်တိုင်းတရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဒေါ်ခင်မေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ကိုခင်စိန်)။

မောင်တင်မြင့်သည် တိုင်းရုံးသို့ အယူခံသောအခါတွင် အယူခံပယ်လိုက်သည်။ တရားရုံးချုပ်သို့ ထပ်မံအယူခံသော အခါတွင် အပြစ်ဒဏ်ကို ပယ်ဖျက်၍ အပြီးအပြတ်လွှတ်ခဲ့သည်။ ယခုစဉ်းစားရန် ကိစ္စမှာ ကိုခင်စိန်က မခင်မေကို မိမိမယားဟုအဆိုပြုပြီး၊ မောင်တင်မြင့်အပေါ်တွင် မယားခိုးမှု စွဲဆိုခြင်းအားဖြင့် မခင်မေအား အသရေဖျက်မှုမြောက် မမြောက်ဖြစ်သည်။ အသရေဖျက်မှုဖြစ်စေရန် အတွက်၊ လူတဦးတယောက်အသရေကို နစ်နာစေရန်အကြံဖြင့် စွပ်စွဲခြင်း၊ သို့မဟုတ် ကျေညာခြင်းပြုရမည်ဖြစ်ပေသည်။ ထွက်ဆိုချက်များအရ၊ ကိုခင်စိန်နှင့် မခင်မေတို့သည်လုံးဝကင်းရှင်းသူများဟုတ်သည်ဟု မယူဆနိုင်။ မခင်မေ၏ ထွက်ဆိုချက်အရပင် ယခုမှုစတင်သိရှိ တွေ့ဆုံ သူနှစ်ဦးဖြစ်ပါလျက်၊ စီးပွားရေးစပ်တူ ပြုလုပ်ကြပြီး ကိုခင်စိန် စီစဉ်ချက်အရ၊ ကိုခင်စိန်၏ အစ်မအိမ်တွင် မခင်မေက နေထိုင်ခဲ့သည်။ ထို့ပြင် ကိုခင်စိန်က မခင်မေကို ရယူရန်ကြိုးစားခဲ့သည့် အချက်များကိုလည်း တွေ့ရသေးသည်။ ထို့ကြောင့် ကိုခင်စိန်သည် မခင်မေအား၊ မိမိမယားဖြစ်ပါသည်ဟု ထုတ်ဖော်ပြောဆိုခြင်းမှာ မခင်မေအပေါ်တွင် နစ်နာစေရန် အသရေဖျက်လိုသောဆန္ဒရှိသည်ဟုမဆိုနိုင်ချေ။ မောင်တင်မြင့် အပေါ်တွင် မယားခိုးမှု စွဲဆိုခြင်းသာဖြစ်သည်။

မောင်တင်မြင့်ကို တရားရုံးချုပ်က အပြီးအပြတ် လွှတ်လိုက်သည်ဟု ဆိုသောကြောင့် မယားခိုးမှု မမြောက်တော့ချေ။ သို့ရာတွင် မယားခိုးမှုနှင့် ယခုစွဲဆိုသော အသရေဖျက်မှုတို့မှာ သီးခြားစဉ်းစားရမည် ဖြစ်သည်။ ပြစ်မှုကျူးလွန်သည့် အကြောင်းခြင်းရာတို့မှာလည်း တူညီကြသည်မဟုတ်ချေ။ မောင်တင်မြင့် အပေါ်တွင် မယားခိုးမှုနှင့် အပြစ်မပေးနိုင်ခြင်းကြောင့် ကိုခင်စိန်အပေါ်တွင် အသရေဖျက်မှုနှင့်အပြစ်ပေးရမည်ဟုမဆိုနိုင်ချေ။ ကိုခင်စိန်အား မူလရုံးနှင့် တိုင်းရုံးတို့ကသဘောတူစွဲချက်မတင်ပဲလွှတ်ခဲ့ပြီးဖြစ်သော အမှုတွင် ထင်ရှားသော မှားယွင်းချတ်ချော်မှု မရှိလျှင်ကျွန်ုပ်တို့အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် သင့်မည်မဟုတ်သော ကြောင့် ဤပြင်ဆင်မှုကိုပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးသွန်းအောင်ကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

နေဘ်ခင်အေး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်* †၁၉၇၂ ဧပြီလ ၁၁ ရက်။

ပြည်သူ့အထည်အလိပ်ဆိုင်တွင် စာရင်းစစ်ရာ လျော့နည်းကွာခြားခြင်း၊ ဆိုင်တာဝန်ခံလျှောက်ထားသူက မဖြေနိုင်ခြင်း၊ ကုန်ပစ္စည်းများ လျော့နည်းခြင်းအတွက် မည်သူ့တွင် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။စာရင်း စစ်ဆေးရာတွင် တွေ့ရှိရသော လျော့နည်းကွာခြား ချက်ကို နေဘ်ခင်အေးသည် မငြင်းကွယ်နိုင်သည့်အပြင် ဖြေ ရှင်းခြင်းလည်း မပြုနိုင်ချေ၊ နေဘ်ခင်အေးက မိမိသည် အလွဲသုံးစားမပြုရကြောင်း ရောင်းရင်း ရောင်းရင်း လျော့၍ လျော့၍သွားသဖြင့် စာရင်းကွာခြားခြင်းဖြစ်ရပါသည်ဟုထွက်ဆိုသည်။

နေဘ်ခင်အေးသည်၊ ပြည်သူ့ဆိုင်အမှတ် (၁၃)၏ ဆိုင်တာဝန်ခံဖြစ်သည့်အလျှောက်ထိုဆိုင်မှ ကုန်ပစ္စည်းများလျော့နည်းကွာခြားခြင်းအတွက်တာဝန်ရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီးမဇ္ဈတာ၊ ဗွီ၊စံဗိုး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘရွှေ။

လျှောက်ထားသူ နေဘ်ခင်အေးသည်၊ အင်းစိန်မြို့၊ တောင်သူကုန်းရပ်ကွက်ရှိ ပြည်သူ့ဆိုင်အမှတ် (၁၃) (အထည်အလိပ်ဆိုင်) ၏ဆိုင်တာဝန်ခံဖြစ်သည်။ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ အတွင်းတွင် အင်းစိန်မြို့ ဒေသစိတ်ကုန်သွယ်ရေး ဦးစီးမန်နေဂျာ ဦးဝိုင်မျိုးဆွေ၏ ညွှန်ကြားချက်အရ ထိုပြည်သူ့ဆိုင်အမှတ် (၁၃) ကို စာရင်း စစ်ဆေးသောအခါ ထိုဆိုင်ကိုစတင်ဖွင့်လှစ်သည့် ၁၉၆၇ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၁၉၆၇ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိကာလအပိုင်းအခြားအတွက် ငွေပေါင်း ၁၉,၀၇၉ ကျပ် ၀၅ ပြားလျော့နည်းကွာခြား နေကြောင်း

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၃(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၀ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် နေ့စွဲပါ အင်းစိန်မြို့ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

နော်ခင်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

တွေ့ရသည်။ ထို့ကြောင့် ဦးဝိုင်မျိုးဆွေက နော်ခင်အေးအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ၊ အင်းစိန်မြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ချက်ဖွင့်သည်။ ရဲအဖွဲ့မှဗုံစမ်း၍ နော်ခင်အေးအပေါ်တွင် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရအမှုတင်သည်။ ထိုအမှုသည် အင်းစိန်မြို့အထူး (ရာဇာကစ်စက်ရှင်) တရားသူကြီးရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၇၀ ဖြစ်သည်။ ထိုအမှုတွင် နော်ခင်အေးအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့သည်။ နော်ခင်အေးက မကျေနပ်၍ အင်းစိန်မြို့နယ်ရုံးထိုင်၊ ရန်ကုန်တိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၀/၇၃ အရ အယူခံသော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုလျှောက် ထားခြင်းဖြစ်သည်။

စာရင်းစစ်ဆေးရာတွင် တွေ့ရှိရသော လျော့နည်းကွာခြားချက်ကို နော်ခင်အေး သည်မငြင်းကွယ်နိုင်သည့်အပြင် ဖြေရှင်းခြင်းလည်း မပြုနိုင်ချေ။ နော်ခင်အေးက မိမိသည်အလွဲသုံးစားမပြုရကြောင်း၊ ရောင်းရင်း ရောင်းရင်းလျော့၍လျော့၍ သွားသဖြင့်စာရင်းကွာခြားခြင်းဖြစ်ရပါသည်ဟုထွက်ဆိုသည်။

နော်ခင်အေးသည် ပြည်သူ့ဆိုင်အမှတ် (၁၃) ၏ ဆိုင်တာဝန်ခံဖြစ်သည့် အလျောက် ထိုဆိုင်မှကုန်ပစ္စည်းများ လျော့နည်းကွာခြားခြင်းအတွက် တာဝန်ရှိ သည်။ ထို့ကြောင့် ၎င်းအပေါ်တွင် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှား စီရင်ခြင်းမှာ ဥပဒေအရမှန်ကန်သည်။ ထိုပုဒ်မအရ ချမှတ်ထားသော ပြစ်ဒဏ်မှာ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်ဖြစ်သည်။ သို့ရာတွင် နော်ခင်အေးသည် မိမိအုပ်ချုပ်ရသော ပြည်သူ့ဆိုင်မှပစ္စည်းများကို ဖေါက်လွဲဖေါက်ပြန် ပြုလုပ်ကြောင်း သက်သေခံအ ထောက်အထားမတွေ့ရပေ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရသာ ပြစ်ဒဏ်ထိုက် သင့်သည်ဟုကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့် လျှောက်ထားသူ နော်ခင်အေးအပေါ်တွင် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရပြစ်မှုထင် ရှားစီရင်ထားခြင်းနှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ထားခြင်းကို ပယ်ဖျက်၍၊ နော်ခင်အေးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ် (ငါးနှစ်) ကျခံစေရန်အမိန့်ချလိုက်သည်။

ဤအမှုတွင်ချမှတ်သော ထောင်ဒဏ်ကို ဤရုံး၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၂ (ခ)/ ၇၄ တွင် ချမှတ်သော ထောင်ဒဏ်နှင့်တပေါင်းတည်း ကျခံစေရမည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးလှဝင်းမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

*ဦးချစ်ဖူး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၅ ဒီဇင်ဘာလ ၂၀ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆၊ စာချုပ်စာတမ်း အတုပြုလုပ်သူ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)၊ စာချုပ် အတုပြုလုပ်မှုဖြင့် တိုက်ရိုက် လျှောက်ထား တရားစွဲဆိုမှု တရားရုံးရှိ မှုခင်းတရပ်ရပ်တွင် တင်ပြသော စာချုပ်စာတမ်း တစုံတရာကို အတုပြုလုပ်မှုအတွက် တရားရုံးက တိုင်တန်းခြင်း မရှိပဲ အရေးယူခွင့်ရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။တရားရုံးရှိ မှုခင်းအရပ်ရပ်တွင် တင်ပြသော စာချုပ်စာတမ်း တစုံတရာနှင့် ပတ်သက်၍ လိမ်လည်အတုပြုမှုဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၆ အရတရားစွဲဆိုရာ၌ သက်ဆိုင်ရာတရားရုံးကစာဖြင့်ရေးသား တိုင်တန်းလျက် စွဲဆိုမှသာ အမှုကိုလက်ခံရမည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁)(ဂ) တွင်ပြဋ္ဌာန်းထားသည်။ သက်ဆိုင်ရာ တရားရုံး၏ စာဖြင့် ရေးသားတိုင်တန်းချက်မ ရှိ၍ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်သောကြောင့် အမှုကို အရေးယူဆောင်ရွက်ခြင်း မပြုနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေဦးဇမောင်(သာယာဝတီ)
ဗဟိုတရားရုံး ရှေ့နေ ဒေါ်ခင်ခင်သွင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘသန်း။

မှော်ဘီမြို့နယ်၊ နှောကုန်းကျေးရွာ၊ သဲအင်းဂူကမ္မဋ္ဌာန်းတိုက်အား ထိန်းသိမ်းစောင့်ရှောက်ရန် ဂေါပကအဖွဲ့ ဖွဲ့စည်းရေး စည်းမျဉ်းကို တရားရုံးက အတည်ပြုပေးပါရန် ဦးချစ်ဖူး အပါအဝင် တရားလိုများက တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၂ အရတရားရုံးသို့ လျှောက်ထားခဲ့သည်။ အင်းစိန်မြို့ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံးက ၁၉၇၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ သတ်မှတ်၍ အရေးယူပြီး ကန့်ကွက်ရန် ရှိ မရှိ သတင်းစာတွင် ကျေညာခဲ့သည်။ ထိုအခါ ဘုန်းကြီး ၄ ပါး (ဦးကေသရ၊

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၃(ခ)၊ ၄၄ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀ နှင့် ၁၁ တွင်ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့စွဲပါ အင်းစိန်မြို့ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

ဦးဝါယမ၊ ဦးသာသာနှာ ဘိဝံသနှင့် ဦးစက္ကိန္ဒ) က တရားပြိုင်များအဖြစ် ကန့်ကွက်လွှာ တင်သည်။ ထိုကန့်ကွက်လွှာနှင့်အတူ စာချုပ် စာတမ်းများကို တင်ပြသည်။ ထိုကဲ့သို့ တင်ပြသော စာချုပ် စာတမ်းများအနက် စာချုပ် တစောင်တွင် သီလရှင် ၄ ဦးတို့၏ လက်မှတ်များမှာ အတုအလိမ်များဖြစ်သည်ဟု သီလရှင် ဒေါ်ခေမာဝတီက စွပ်စွဲလျက် ထိုစာချုပ်ကို တင်သွင်းဖေါ်သော ဘုန်းကြီး ၄ ပါးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆ အရ တရားစွဲဆိုသည်။ အင်းစိန်မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၂၉၇ သတ်မှတ်၍ စစ်ဆေးကြားနာရန် ဆောင်ရွက်သည်။

ထိုဘုန်းကြီး ၄ ပါးတင်ပြသော အခြားစာချုပ် တစောင်တွင်လည်း ဘုန်းကြီး များစွာ၏ လက်မှတ်များပါရှိရာ ဘုန်းကြီး ၃ ပါး၏ လက်မှတ်များမှာ အတုအလိမ်များ ဖြစ်သည်ဟု ဦးချစ်ဖူးက စွပ်စွဲလျက် ထိုစာချုပ်တင်သွင်းသော ဘုန်းကြီး ၄ ပါးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆ အရ တရားစွဲဆိုသည်။ အင်းစိန်မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၂၉၉ သတ်မှတ်၍ စစ်ဆေးကြားနာရန် ဆောင်ရွက်သည်။

အင်းစိန်မြို့ ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၀ နှင့် ၁၁ တို့ကို ဖွင့်၍ အထက်ဖော်ပြပါ အမှုနှစ်မှုကို ခေါ်ယူသုံးသပ်ပြီး နောက် ယင်းအမှုများကို ဆိုင်းငံ့ထားရန် အမိန့်များ ချမှတ်ခဲ့သည်။ ထိုအမိန့်များကို ဦးချစ်ဖူးနှင့် ဒေါ်ခေမာဝတီတို့က မကျေနပ်သဖြင့် ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုများ လျှောက်ထားကြခြင်းဖြစ်သည်။ ဤပြင်ဆင်မှု ၂ မှုသည် ဆက်နွယ် နေသောကြောင့် တပေါင်းတည်း ကြားနာပြီး ဤအမိန့်ကို ချမှတ်သည်။

ဤရုံးတွင် ပြင်ဆင်မှုများ အတွက် လျှောက်လဲချက်များ ပေးကြရာ၌၊ မူလရုံးက အရေးယူ ဆောင်ရွက်ဆဲ အမှုများသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စွဲဆိုထား သောအမှုများ ဟုတ်မဟုတ် ပြဿနာ ထွက်ပေါ်လာသည်။ တရားရုံးရှိ မှုခင်းတရပ်ရပ် တွင် တင်ပြသော စာချုပ် စာတမ်း တစုံတရာနှင့် ပတ်သက်၍ လိမ်လည်အတုပြုမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆ အရ တရားစွဲဆိုရာ၌ သက်ဆိုင်ရာ တရားရုံးကစာဖြင့် ရေးသား တိုင်တန်းလျက်စွဲဆိုမှသာ အမှုကို လက်ခံရမည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ ပြဋ္ဌာန်းထားကြောင်း။ မူလရုံးမှ အမှု ၂ မှုတွင် သက်ဆိုင်ရာ တရားရုံး၏ စာဖြင့်ရေးသားတိုင်တမ်းချက် မပါရှိသောကြောင့် ထိုအမှု များကို လက်ခံဆောင်ရွက်ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်ကြောင်း ဗဟို ဥပဒေရုံး ကိုယ်စား ဥပဒေဝန်ထမ်း အဆင့် (၁) က တင်ပြသည်။

အဆိုပါ မူလရုံးပြစ်မှုဆိုင်ရာ အမှုကြီး ၂ မှုကို စွဲဆိုရာ၌ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီ
ညွတ်သောကြောင့် ယင်းအမှုများကို အရေးယူဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း ကျွန်ုပ်
တို့တွေ့ရှိရသည်။ ဤကဲ့သို့ ပေါ်လွင် ထင်ရှားစွာ မှားယွင်းနေသော အမှုများကို ဆက်
လက်ဆောင်ရွက်စေရန် မသင့်သဖြင့်၊ ဗဟိုတရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ
ပုဒ်မ ၅၆၁ အရ ရရှိထားသည့် ကိုယ်ပိုင် စီရင်ခွင့်ကို ကျင့်သုံးလျက် ယင်းအမှု ၂ မှုကို
ပယ်ဖျက်လိုက်သည်။ ပြင်ဆင်မှုများကို ဆက်လက်စဉ်းစားရန် မလိုတော့သဖြင့် ပလပ်
လိုက်သည်။

၁၉၇၅

ဦးချစ်ဖွား နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြင့်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ အောက်တိုဘာလ ၈ ရက်။

မောင်ချစ်လှိုင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က)၊ ကျောက်တင်ကား မောင်းသူက ည ၈ နာရီခန့် ကောင်းစွာ မမြင်ဘဲ တနာရီတွင်မိုင် ၂၀၊ ၂၅ နှုန်းဖြင့် ခြံဝင်းတံခါးဆီသို့ မောင်းဝင်ခြင်း၊ သေဆုံးသူသည် အရက်များမူးပြီး တံခါးမောင်းတန် အနီးသို့ ရောက်ရှိလာခြင်း ကားကမောင်းတန်ကိုတိုက်မိ၍ သေဆုံးသူအား မောင်းတန်ဖြင့်ဆက်ရိုက်မိပြီး သေဆုံးခြင်းသည်၊ ယာဉ်မောင်း၏ ပေါ့လျော့မှုကြောင့်ဟုတ်-မဟုတ်။

ဆုံးဖြတ်ချက်။ ။သေဆုံးသူက အရက်များ မူး၍ တံခါးမောင်းတန် အနီးသို့ရောက်သည် ဆိုခြင်းမှာ လုံလောက်သော အကြောင်းပြချက်မဟုတ်၊ မော်တော်ကား မောင်းသူသည် အဝင် တံခါးဝအနီးသို့ ရောက်ရှိသောအခါတွင် ဝင်းတံခါး ပိတ်ထားသည် ဖြစ်စေ၊ ဖွင့်ထားသည်ဖြစ်စေ ဂရုပြု၍ မော်တော်ကားကို မောင်းနှင်ဝင်ရောက်ရန် တာဝန်ရှိပေသည်။ မိုင် ၂၀ နှုန်းဖြင့်မော်တော် ကားကို မောင်းနှင်လျက် ဝင်ခြင်းသည် လိုအပ်သော သတိမထားပဲ၊ ပေါ့လျော့စွာမောင်းနှင် ကြောင်း ထင်ရှားသည်။ ထို့ကြောင့် ဘရိတ်ဘမ်းသော်လည်း မနိုင်မနင်းဖြစ်၍၊ လူတဦးသေဆုံး ရခြင်းမှာ လျှောက်ထားသူ၏ပေါ့လျော့မှုကြောင့်ဖြစ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊ ဦးဝင်းကြည်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့်(၁)၊ ဦးတင်အုံး။

လျှောက်ထားသူ မောင်ချစ်လှိုင် မောင်းနှင်သော ကျောက်များတင်ဆောင်လာ သည့် မော်တော်ကားသည် ည (၈) နာရီအချိန် ခန့်တွင်၊ ဆည်မြောင်းဌာနဝင်းတံ ခါးပေါက်၌ ပိတ်ထားသော၊ ဝင်းတံခါး မောင်းတန်ကိုတိုက်မိ၍ ဝင်းတံခါးအနီး၌ရှိသော မောင်ဘအောင်ကို တံခါးမောင်းတန်ဖြင့် ဆက်လက်ရိုက်ခတ်မိသော ဒဏ်ရာကြောင့် မောင်ဘအောင် သေဆုံးသော အမှုဖြစ်သည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၇(ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၆(က)တွင်၊ ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့စွဲပါ ပဲခူးတိုင်း (ပြည်မြို့ရုံးထိုင်) တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

မောင်ချစ်လွင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

လျှောက်ထားသူက တင်ပြသည်မှာ သေဆုံးသူသည် အဝင်တံခါးရှိရာသို့ အရောက် ...းမှူး၍ ရောက်ရှိလာပြီး၊ အပေါ်တင်ဖွင့်ထားသော ဝင်းတံခါးမောင်းတန်ကို ဆွဲချ ...စဉ် တိုက်မိခြင်းဖြစ်ကြောင်း၊ မိမိ၏ကားသည် အဝင်တံခါးအနီးသို့ မရောက်မီ၊ ...နှစ်ချိုက်ခန့်အလိုတွင် ရှေ့မှလာသော မော်တော်ကားနှစ်စီးကို ရှောင်၍ မောင်းရာ၌ ...ထနေသဖြင့် ကောင်းစွာ မမြင်နိုင်ကြောင်း၊ အချင်းဖြစ်ပွားသော အချိန်က ကား၏ ...ွားနှုန်းမှာလည်း၊ တနာရီလျှင် မိုင် ၂၀၊ ၂၅ မိုင်မျှသာရှိကြောင်း ထွက်ဆိုသည်။

လျှောက်ထားသူအပေါ် မူလရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က) အရ ထောင် ...ဏ်(၂)နှစ် ကျခံစေပြီး၊ တိုင်းရုံးက ထောင်ဒဏ်(၁)နှစ်သို့ လျှော့ပေါ့ကျခံစေခဲ့သည်။

ယခု ဖြစ်ပွားရခြင်းမှာ လျှောက်ထားသူ၏ တင်ပြချက်အရပင်၊ ညအချိန် ကား ...စ်စီးကိုရှောင်၍ မောင်းရာ၌ ဖုံထသဖြင့် ကောင်းစွာမမြင်၊ ကားမောင်းသည့် မိုင်နှုန်း ...ာသည်း တနာရီလျှင် မိုင် ၂၀ မှ ၂၅ မိုင်အထိ ရှိသည်ဟုဆိုသောကြောင့်၊ ကျောက် ...ျား သယ်ဆောင်လာသော ဝန်တင်ကားကြီး အနေဖြင့် အရှိန်လျှော့နည်းသည်ဟု ...ဆိုနိုင်ပေ။ အဝင်တံခါးဝသို့ ရောက်ခါနီးတွင် တံခါးမောင်းတန် ပိတ်ထားသည်ဖြစ်စေ ...ွင့်ထားသည်ဖြစ်စေ၊ အထူးသတိပြု၍ မောင်းနှင်ရန် အထူးလိုအပ်ပေသည်။ ထို ...ကြောင့် လျှောက်ထားသူသည် လိုအပ်သော သတိကို မထားဘဲ၊ ပေါ့လျော့စွာ မောင်း ...င်ကြောင်း ထင်ရှားနေသည်။ သေဆုံးသူက အရက်မျှားမူး၍ တံခါးမောင်းတန်အနီး ...သို့ ရောက်သည်ဆိုခြင်းမှာလည်း၊ လုံလောက်သော အကြောင်းပြချက် မဟုတ်ချေ။ ...မော်တော်ကား မောင်းသူသည် အဝင်တံခါးအနီးသို့ ရောက်ရှိသောအခါတွင် ၎င်းတံခါး ...ိတ်ထားသည်ဖြစ်စေ၊ ဖွင့်ထားသည်ဖြစ်စေ၊ ဂရုပြု၍ မော်တော်ကားကို မောင်းနှင် ...ဝင်ရောက်ရန် တာဝန်ရှိပေသည်။ တံခါးဝအနီး ရောက်ချိန်၌ တနာရီ မိုင် ၂၀၊ ၂၅ မိုင် ...နှုန်း မောင်းနှင်ကြောင်း ထွက်ဆိုချက်ကို သုံးသပ်လျှင် မိုင် ၂၀ နှုန်းဖြင့် မောင်းနှင်သော ...မော်တော်ကား တစီးသည် ကားရပ်ရန် စဉ်းစားသော အချိန်သို့မဟုတ် နေရာမှစ၍ ...ဘရိတ်ကို နင်းသောကြောင့် ကားရပ်သွားသောနေရာအထိ- အကွာအဝေးမှာ ၄၇ ပေ ...ခန့်ရောက်ပြီးမှ ရပ်ပေလိမ့်မည်။ ထို့ကြောင့် မိုင် ၂၀ နှုန်းဖြင့် မော်တော်ကားကို ...မောင်းနှင်လျက် အဝင်တံခါးမှ ဝါးနှစ်ရိုက်ခန့်အလို သို့မဟုတ် ပေ ၃၀ ခန့်အလိုမှစတင်၍ ...မော်တော်ကားရပ်ရန် စဉ်းစားလုပ်ကိုင်သည့်တိုင်အောင် ထိုမော်တော်ကားသည် အဝင် ...တံခါးဝ၌ ရပ်တန့်နိုင်မည်မဟုတ်တော့ပေ။ ထို့ကြောင့် မော်တော်ကား ဘရိတ်ဖမ်း ...သော်လည်း၊ မနိုင်မနင်းဖြစ်၍ လူတဦးသေဆုံးရခြင်းမှာ လျှောက်ထားသူ၏ ပေါ့လျော့ ...မှုကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။ ဤသို့ လူတဦးတယောက် သေဆုံးရခြင်းနှင့် ...ပတ်သက်၍ ထောင်ဒဏ် (၁) နှစ် အပြစ်ဒဏ်သတ်မှတ်ထားခြင်းမှာလည်း များသည်ဟု ...ဆိုနိုင်သောကြောင့် ပြင်ဆင်မှုကို ပယ်လိုက်သည်။

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
ဇွန်လ ၇ ရက်။

ဦးချစ်ဦး ပါ ၂

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးတင်မောင်) *

ရုံးပြောင်းလျှောက်ထားခြင်း၊ မလျော် ဩဇာ သုံးသည်ဆိုခြင်း မည်သည့်အခါ လက်ခံနိုင်သည် လက်မခံနိုင်သည်။

ဆုံးဖြတ်ချက်။ ။သမဝါယမ အသင်းအက်ဥပဒေ နောက်ဆက်တွဲဇယား ၂(ဧ) အရ အသင်းပိုင် ပစ္စည်းကို အလွဲသုံးစားပြုလုပ်ခြင်းနှင့် ပတ်သက်သည့် အမှုမျိုးတွင် စာရင်းဇယားများနှင့် ပတ်သက်သောကြောင့် ပြင်ပမှမလျော် ဩဇာသုံးရန် လွယ်ကူမည်မဟုတ်ချေ၊ သို့ဖြစ်၍ မလျော် ဩဇာ အသုံးပြုမည်ဟု အကြောင်းပြချက်ဖြင့် ရုံးပြောင်းစစ်ဆေးရန် လျှောက်ထားခြင်းကိုလက်ခံရန်အကြောင်းမရှိ။

လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊ ဦးအောင်ကျော်စိန်။

လျှောက်ထားခံရသူအတွက်။ ။ ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးတင်အုံး။

အမှုကို ရုံးပြောင်း၍ စစ်ဆေးကြားနာရန် လျှောက်ထားခြင်း ဖြစ်သည်။ လျှောက်ထားသူ ဦးချစ်ဦးနှင့် ဦးကျော်ဇောတို့ အပေါ်တွင် သမဝါယမအသင်း အက်ဥပဒေအရ တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် စစ်ဆေး ကြားနာလျက်ရှိသည်။ ရုံးပြောင်းပေးရန်အတွက် အကြောင်းပြချက်မှာ တောင်ဥက္ကလာပမြို့ အမှတ် (၁) နယ်မြေ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်သူ ဦးရွှေက တောင်ဥက္ကလာပမြို့နယ် တရားရေး ကော်မတီ ဥက္ကဋ္ဌနှင့် တရားသူကြီးများ အဖွဲ့ဝင် အချို့တို့အား၊ ကျန်ပါတီဝင် အချို့တို့နှင့်အတူ လမ်းစဉ်ပါတီ စည်းကမ်းများ

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၆။

† လျှောက်ထားသူများက၊ တောင်ဥက္ကလာပမြို့နယ် တရားရုံး၊ ရာဇဝတ်မှုအမှတ် ၅၃၀/၇၄ ကိုခေါ်ယူပြီး၊ နှစ်ဘက်အကျိုးဆောင်ကြီးများအား ကြားနာစစ်ဆေး၍ ယင်းအမှုကို သင့်တော်သောရုံးတရုံးသို့ ပြောင်းရွှေ့ပေးရန် လျှောက်ထားခြင်း။

၁၉၇၅

ဦးချစ်ဦး ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးတင်မောင်)။ ၁

ဆို လိုက်နာခြင်း မပြုသောကြောင့် ပါတီဗဟို စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တရားစွဲဆိုသော အခါတွင် လျှောက်ထားသူ ဦးချစ်ဦးသည် စွဲဆိုသည့်ဘက်မှသက်သေ အဖြစ် အစစ်ခံခဲ့သည်၊ ထို့ကြောင့်ယခု ဦးချစ်ဦးနှင့် ဦးကျော်ဇောတို့အား သမဝါယမ အသင်း အက်ဥပဒေအရ တရားစွဲဆိုသော အခါတွင် ယခင် ပါတီစည်းကမ်း ထိန်းသိမ်း ရေးဗဟိုခုံရုံး၌ တရားခံများအဖြစ် စစ်ဆေး ခံခဲ့ကြရသော ပါတီဝင် ပုဂ္ဂိုလ်များသည် ယခုအမှု စစ်ဆေးကြားနာရာတွင် မလျှော်ကြဲဇာ သုံးမည်ကို စိုးရိမ်သောကြောင့် ဟူ၍ ဖြစ်လေသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၇ အရ၊ အမှုဖြစ်ပွားသော နေရာဒေသတွင် စစ်ဆေး ကြားနာရမည်ဟူ၍ ဥပဒေပြဋ္ဌာန်းချက် ရှိသောကြောင့် မလွဲမကင်းနိုင်သော အကြောင်းပြချက် ရှိမှသာလျှင် ရုံးပြောင်း စစ်ဆေးရန် ခွင့်ပြုနိုင်မည် ဖြစ်သည်။ ပါတီစည်းကမ်း ထိန်းသိမ်းရေးနှင့် ပတ်သက်သော အမှုတွင် သက်သေလိုက်မိသော ကြောင့် ယခုအမှုတွင် တဘက် ပါတီဝင်များက တရားရုံးတွင် မလျှော်ကြဲဇာ သုံးလိမ့် မည်ဆိုခြင်းမှာ ဦးချစ်ဦး၏ စိုးရိမ်မှုအပြင် လုံလောက်သော ထောက်ခံချက် မရှိချေ။ ဦးချစ်ဦး ကိုယ်တိုင်မှာလည်း လျှောက်လွှာတွင် ဖော်ပြချက်အရ တောင်ဥက္ကလာပ မြို့နယ်၊ ပါတီယူနစ် အဘွဲ့ဝင်ဟောင်း ဖြစ်ခဲ့သည်။

တရားရုံးတွင် စစ်ဆေးကြားနာသော အမှုများသည် ပြင်ပ အနှောက်အယှက် ကင်းရှင်းစွာ တရားဥပဒေအရ ဆောင်ရွက်မည်သာဖြစ်သည်။ လျှောက်ထားသူများ အပေါ် စွဲဆိုထားသော အမှုမှာလည်း သမဝါယမအသင်းအက်ဥပဒေ နောက်ဆက်တွဲ ဇယား ၂ (၆) အရဖြစ်သောကြောင့်၊ အသင်းပိုင် ပစ္စည်းကို အလွဲသုံးစား ပြုလုပ် ခြင်းနှင့် သက်ဆိုင်သည်။ ယင်းအမှုမျိုးမှာ စာရင်း ဇယားများနှင့် ပတ်သက်သော ကြောင့် ပြင်ပမှ မလျှော်ကြဲဇာသုံးရန် လွယ်ကူမည် မဟုတ်ချေ၊ မည်သို့ပင်ဆိုစေ၊ ယခင် ပါတီစည်းကမ်း ထိန်းသိမ်းမှုနှင့် ပတ်သက်သော ကိစ္စတွင် ဦးချစ်ဦးကသက်သေ လိုက်မိသည် ဆိုကာမျှနှင့် ဦးချစ်ဦးနှင့် ဦးကျော်ဇောတို့ အပေါ်တွင် တဘက် ပါတီ ဝင်များက တရားရုံးတွင် မလျှော်ကြဲဇာ အသုံးပြုပါလိမ့်မည် ဆိုခြင်းကို လက်ခံရန် အကြောင်း မရှိသောကြောင့် လျှောက်လွှာကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟို
တရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅
နိုဝင်ဘာလ
၁ ရက်။

ဦးငယ်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးဘိုးစော) *

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ ခိုးမှု၌ သက်သေခံပစ္စည်းများပြန်လည်ရရှိရန်လျှောက်ထားခြင်း ပြေစာဖြတ်ပိုင်းဖြင့် ရိုးသားစွာ ဝယ်ယူသူများအားသက်သေခံပစ္စည်းများကို ပြန်ပေးသင့်မသင့်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူများသည် သဘောရိုးဖြင့်ဝယ်ယူသည်ဆိုစေကာမူ၊ ရောင်းပိုင်ခွင့်မရှိသောသူထံမှ ဝယ်ယူခဲ့သောကြောင့် ပိုင်ဆိုင်ခွင့် ရရှိမည်မဟုတ်။ သက်သေခံပစ္စည်းများကို မူလပိုင်ရှင်ထံ ပြန်ပေးရန်ချမှတ်သောအမိန့်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊
ဒေါက်တာ မောင်မောင်ကျော်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးအောင်သန်း၊ အကျိုးဆောင်၊
ဦးဘသန်း၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

ဤအမှုတွင် လျှောက်ထားသူများမှာ ဦးပေါက်၊ ဦးစစ်ယုံ၊ ဦးငယ်၊ ဦးစိန်ကြည်နှင့် ဦးကာဆူးတို့ ဖြစ်ကြသည်။ သက်သေခံပစ္စည်းများ ပြန်လည်ရရှိရန်အတွက် ပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်သည်။ အမှုကို (၅) မှုခွဲ၍သီးခြား လျှောက်ထားကြသော်လည်း အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာတို့မှာ အတူတူပင်ဖြစ်သောကြောင့်၊ ဤစီရင်ချက်သည် ပြင်ဆင်မှုအားလုံးနှင့် အကျုံးဝင်စေရမည်။

တောင်တွင်းကြီးမြို့တွင်၊ ဝါစက်၊ ဆေးရိုးစက်နှင့် အမှုန့်ကြိတ်စက်တို့ကို ဦးဘိုးစော ဆိုသူပိုင်သည်။ ဦးဘိုးစော၏ ဇနီးနှင့်သားတို့မှာ ဒေါ်လှကြည်နှင့် မောင်သောင်း

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၂၈ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂/(၃)တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီ ၇ ရက် နေ့စွဲပါ တောင်တွင်းကြီးမြို့ရုံးထိုင်-မကွေးတိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးငယ် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးဘိုးစော)

စိန်ဖြစ်သည်။ ၁၉၆၉ ခုနှစ် အဘွင်း ဦးဘိုးစောသည် ဖြိမ်ဝပ်ပိပြားရေး ဥပဒေပုဒ်မ ၅ အရ၊ ထိန်းသိမ်းခြင်းခံရသဖြင့်၊ ဝါစက်လုပ်ငန်းကို ဇနီးဒေါ်လှကြည်က ဆက်လက်ဆောင်ရွက်သည်။ မောင်သောင်းစိန်သည် အကျင့်စာရိတ္တ ပျက်ပြားသူတယောက်ဖြစ်ကြောင်း၊ မူးယစ်သောက်စားလျက်သာ နေကြောင်း၊ မယားငယ် အငြိမ့်ခင်းသမီးတယောက်လည်း ယူထားကြောင်း အမှု၌ ထွက်ဆိုထားသည်။ ၎င်းအပြင် မောင်သောင်းစိန်သည် အငြိမ့်ထောင်ရန်အတွက် ငွေအရင်းအနှီးလို၍ ပစ္စည်းများထုခွဲရောင်းချပေးရန် မိခင်ဒေါ်လှကြည်ကို ပြောသည်။ မိခင်ဒေါ်လှကြည်က သဘောမတူကြောင်း ပြန်ပြောသောအခါ မိခင်ဒေါ်လှကြည်ကို အိမ်မှရိုက်နှက်နှင်ချလိုက်သည်။ ဒေါ်လှကြည်သည် ဆွေမျိုးများရှိရာ အောင်လံမြို့သို့ သွားရောက်နေထိုင်ရသည်။ ထိုအချိန်တွင် မောင်သောင်းစိန်က ဦးဘိုးစောပိုင် ဝါစက်မှ ပစ္စည်းများကိုဖြုတ်၍ ရောင်းချသောအခါ၊ ယခုပြင်ဆင်မှု လျှောက်ထားကြသူ (၅) ဦးတို့ကဝယ်ယူကြသည်။ ဦးငယ်သည်၊ ၂၀၄၀ ကျပ်တန်ပစ္စည်းများကို ဝယ်ယူသည်။ ထိုနည်းဘူ ဦးစံယုံသည် တန်ဖိုး ၆၁၀၀ ကျပ် တန် ပစ္စည်းများကိုလည်းကောင်း၊ ဦးပေါက်သည် တန်ဖိုး ၄၅၀ ကျပ်တန်ပစ္စည်းများကို လည်းကောင်း၊ ဦးစိန်ကြည်သည်တန်ဖိုး ၉၂၅ ကျပ် တန်ပစ္စည်းများကိုလည်းကောင်း၊ ဦးကာဆူးသည် တန်ဖိုး ၄၀၀ ကျပ် တန်ပစ္စည်းများကိုလည်းကောင်း အသီးသီးဝယ်ယူကြသည်။

ဦးဘိုးစောသည် ထိန်းသိမ်းခြင်းခံရာမှ လွတ်လာသောအခါတွင် မောင်သောင်းစိန်သည် မိမိဝါစက်မှ ပစ္စည်းများကို ဖြုတ်ယူရောင်းချကြောင်း၊ ရဲစခန်းတွင်တိုင်တန်းသည်။ ထို့ကြောင့် မောင်သောင်းစိန်အပေါ် ပစ္စည်းခိုးမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ သတ်မှတ်၍ တောင်တွင်းကြီးမြို့၊ မြို့နယ် တရားရုံးက စစ်ဆေးကြားနာသည်။ တရားခံကအပြစ်ရှိကြောင်း ဝန်ခံသောကြောင့် ထောင်ဒဏ် (၅) လအပြစ်ပေး၍ဦးဘိုးစော၏စက်မှ ဖြုတ်ယူရောင်းချသည့် သက်သေခံပစ္စည်းများကို ဦးဘိုးစောအားပြန်ပေးစေရန်အမိန့်ချမှတ်သည်။

ယခုလျှောက်ထားသူများက မိမိတို့သည် မောင်သောင်းစိန် ရောင်းချသော စက်ပစ္စည်းများကို သဘောရိုးဖြင့် ဝယ်ယူသောကြောင့် မိမိတို့ကို ပြန်ပေးသင့်ကြောင်းတင်ပြသည်။ မောင်သောင်းစိန်သည် ဦးဘိုးစော၏ ကိုယ်စားလှယ်မဟုတ်ချေ။ ဦးဘိုးစော အထိန်းသိမ်းခံရသော ချိန်တွင် ဇနီးဖြစ်သူ ဒေါ်လှကြည်က လုပ်ငန်းကိုဆက်လက်ဆောင်ရွက်ခဲ့သည်။ မောင်သောင်းစိန်ကိုယ်တိုင်လည်း သားဖြစ်သူအနေဖြင့် စက်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိမည်ဖြစ်သော်လည်း၊ ဤသို့ကူညီဆောင်ရွက်ခြင်းကြောင့် ဦးဘိုးစော၏ စက်ပစ္စည်းများကို ဖြုတ်ယူရောင်းချနိုင်ခွင့်မရှိချေ။ ယခုအမှုတွင် မောင်သောင်းစိန်သည် မိခင်ဖြစ်သူကိုအိမ်တွင်

၁၉၇၅
ဦးငယ် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးဘိုးစော)။

မနေနိုင်အောင် နှိပ်စက်နှင်ချပြီး ဘခင်နှင့် မိခင်မရှိသောအချိန်၌ စက်ပစ္စည်းများကိုရောင်းချခြင်းဖြစ်လေသည်။

လျှောက်ထားသူများက ယင်းပစ္စည်းများကို မိမိတို့သည် ပြေစာဖြတ်ပိုင်းများရေးသားပြီး၊ ရိုးသားစွာ ဝယ်ယူကြောင်း တင်ပြသည်။ ဤကဲ့သို့ သဘောရိုးဖြင့်ဝယ်ယူသည်ဆိုခြင်းကို လက်ခံသော်လည်း ဤသို့သော အဖိုးတန် အသုံးဝင်ပစ္စည်းများကို ဝယ်ယူကြရာ၌ သေချာစွာ စိစစ်စုံစမ်းပြီးမှ ဝယ်ယူသင့်ပေသည်။ လျှောက်ထားသူတို့သည် ယင်းပစ္စည်းများကို သဘောရိုးဖြင့် ဝယ်တန်ရာသည်ဟု တရားရုံးကယူဆ၍သာ လျှောက်ထားသူများအပေါ် ခိုးရာပါပစ္စည်း လက်ခံသူများအဖြစ်အရေးမယူခဲ့ခြင်းဖြစ်သည်။ လျှောက်ထားသူများသည် သဘောရိုးဖြင့် ဝယ်ယူသည်ဆိုစေကာမူ ရောင်းပိုင်ခွင့်မရှိသောသူထံမှ ဝယ်ယူခဲ့သောကြောင့် ပိုင်ဆိုင်ခွင့်ရရှိမည်မဟုတ်ချေ။ ထိုကြောင့် မူလရုံးနှင့် တိုင်းတရားရုံးက သဘောတူညီစွာ သက်သေခံပစ္စည်းများကို ဦးဘိုးစောထံ ပြန်ပေးရန် ချမှတ်သောအမိန့်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ၍ လျှောက်ထားသူ (၅) ဦးတို့နှင့် ပတ်သက်သော ပြင်ဆင်မှုများကိုပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟို တရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးငြိမ်းလှိုင် ပါ ၂

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

†၁၉၅၅

၁ ဇွန်လ ၂ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၁၊ ၄၄၂၊ အိမ်ငှါးသည် အိမ်ခန်းနှင့် အနှစ် ၂၀ ခန့်ကင်းကွာနေသော အခန်း၌ ကြားလူကဝင်ရောက်ပြီး အိမ်ပြင်ဆင်ရန် အကြောင်းပြ၍ ပစ္စည်းများထားခြင်း၊ အိမ်ရှင်ကတားမြစ်ပြီး၊ အိမ်ခန်းကိုသော့ခတ်ခြင်း ပြစ်မှုမြောက်မမြောက်။

ဆုံးဖြတ်ချက်။ ။ကျော်နင်းမှုနှင့် အိမ်ကျော်နင်းမှုတို့ကိုပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၁ နှင့် ၄၄၂ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ ပစ္စည်းလက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ သို့မဟုတ် စော်ကားရန် သို့မဟုတ် စိတ်ပူငြင်ရန်ပြုမူခြင်း၊ လူနေအိမ်တွင် တရားမဲ့ဝင်ရောက်၍ ဆက်လက်နေထိုင်ခြင်း စသည်တို့ဖြစ်သည်။ ယခုအမှုတွင် တရားလိုသည် ပစ္စည်းလက်ရှိဖြစ်သူမဟုတ်သော ကြားလူသာ ဖြစ်သည်။ မူလကငှားရမ်းခဲ့သူမှာလည်း အိမ်ခန်းနှင့်ကင်းကွာလျက်ရှိသည်မှာ နှစ်ပေါင်း ၂၀ ခန့် ရှိပြီဖြစ်သည်။ ထို့ကြောင့် အိမ်ရှင်ဖြစ်သူက မိမိအိမ်ခန်းကိုကြားလူကလာရောက် ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ တားမြစ်ခြင်း၊ အိမ်တံခါးပိတ်ထားခြင်းတို့မှာ ပြစ်မှုမြောက်သော အိမ်ကျော်နင်းမှု ဖြစ်သည်ဟု မယူဆနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်များ၊
ဦးဘစိန်နှင့် ဦးတိုးအောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးတင်အုံး။

ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ အမှတ် ၈၃ ရှိတိုက်ကို လျှောက်ထားသူ ဦးငြိမ်းလှိုင် ပိုင်သည်။ ထိုတိုက် အပေါ်ဆုံးထပ်ရှိ အခန်းကို ဦးလှထွန်းဖြူ ဆိုသူသည် ၁၉၄၇ ခုနှစ်တွင် ငှားရမ်းနေထိုင်၍ ၁၉၅၀ ခုနှစ်အထိ၊ အိမ်လခ ပေးသည်။ ထို့နောက် အိမ်ခန်းကို သော့ပိတ်ပြီး အခြားသို့ပြောင်းရွှေ့သွားသည်။ အိမ်ခန်းတွင် နတ်ရုပ် နှင့်နွားရုပ်များမှလွဲပြီး ပစ္စည်းအားလုံး ယူဆောင်သွားသည်။ ဤသို့ အိမ်ခန်းတွင်

---

* ၁၉၅၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၅၆ (ခ)။

† ၁၉၅၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၁ တွင် ချမှတ်သော ၁၉၅၄ ခုနှစ်၊ မေလ ၂၉ ရက် နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၅
ဦးငြိမ်းလှိုင် ပါ ၂
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

လူနေထိုင်ခြင်းမရှိသောကြောင့် မီးဖို၊ အိမ်သာ၊ ရေချိုးခန်း အစရှိသည်တို့ ပျက်စီးယိုယွင်းရသည်။ ၁၉၇၀ ခုနှစ်တွင် လျှောက်ထားခံရသူ ဦးကျော်မင်းသည် အိမ်ခန်းကိုပြင်ဆင်ရန် အကြောင်းပြ၍ ပစ္စည်းများထားသည်။ ထို့ကြောင့် အိမ်ပိုင်ရှင် ဦးငြိမ်းလှိုင်သည် အဖော် ဦးစိန်မောင် ဆိုသူနှင့်အတူ သွားရောက်တားမြစ်ပြီးလျှင် အိမ်ခန်းကို သော့ခပ်ထားလိုက်သည်။

ဦးကျော်မင်းသည် ဤသို့ တားမြစ်ခြင်းခံရသောကြောင့် အိမ်ရှင်ဦးငြိမ်းလှိုင်နှင့် ဦးစိန်မောင်တို့အပေါ် ပိုင်နက်ကျူးလွန်မှုနှင့် တရားစွဲဆိုသောအခါတွင် မူလရုံးက စွဲချက်မတင်ဘဲ လွှတ်လိုက်သော်လည်း တိုင်းရုံးက စွဲချက်တင်စစ်ဆေးရန် ဆုံးဖြတ်လေသည်။ စွဲချက်တင်စစ်ဆေးခြင်းမှာ တရားခံ့အပေါ်တွင် အပြစ်ပေးခြင်း မဟုတ်ဆိုသော်လည်း စွဲချက်တင်ရန် အချက်အလက်များပြည့်စုံမှသာလျှင် စွဲချက်တင်ရန် လိုအပ်ပေလိမ့်မည်။ အလေးပေး၍ စဉ်းစားသင့်သည်မှာ တရားခံအပေါ်တွင် စွဲချက်တင်ခဲ့လျှင် ယင်းစွဲချက်နှင့် ပတ်သက်၍ တရားခံသည် ဖြေရှင်းခြင်း မပြုနိုင်ပါက သံသယကင်းရှင်းစွာ အပြစ်ပေးနိုင်ရန် အကြောင်းရှိ-မရှိပင် ဖြစ်သည်။

ယခုအမှုတွင်သက်ဆိုင်သော အိမ်ငှားဖြစ်သူမှာ ဦးလှထွန်းဖြူ ဖြစ်၍ အိမ်ငှားက အိမ်ရှင်ကို တရားစွဲဆိုခြင်းမဟုတ်ဘဲ ကြားလူဖြစ်သောဦးကျော်မင်းက တရားစွဲဆိုခြင်း ဖြစ်သည်။ ဦးကျော်မင်းက အိမ်ခန်း ပြင်ရန်အတွက် မိမိကို ဦးလှထွန်းဖြူက အခွင့်ပြုကြောင်းတင်ပြသည်။ သို့ရာတွင် ဦးလှထွန်းဖြူက ဦးကျော်မင်းကို အိမ်သော့ပေးသော်လည်း အိမ်ပြင်ရန် အခွင့် မတောင်းပါဟု၍ ထွက်ဆို သောကြောင့် ဦးကျော်မင်းသည် အိမ်ငှားဦးလှထွန်းဖြူထံမှ အိမ်ပြင်ရန်အခွင့်ရရှိကြောင်း ထင်ရှားပေါ်လွင်ခြင်း မရှိချေ။ မည်သို့ပင်ဆိုစေ အမှန်အားဖြင့် ဦးလှထွန်းဖြူ ကိုယ်တိုင်ပင်လျှင် အိမ်ကိုပြင်နိုင်ရန်အတွက်အိမ်ရှင်၏သဘောတူညီချက်မရှိလျှင် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ (၁) အရ၊ သက်ဆိုင်သူ အာဏာပိုင်ထံမှ အိမ်ခန်း ပြင်ဆင်ခွင့်အမိန့်ကို ကြိုတင်ရယူရမည် ဖြစ်ပေသည်။ ယင်းအမိန့် ရရှိကြောင်း မပေါ်ပေါက်ချေ။

ပြစ်မှုဆိုင်ရာ ဥပဒေနှင့် အကျုံးဝင်သော ကျော်နင်းမှုနှင့် အိမ်ကျော်နင်းမှုတို့ကို ယင်းဥပဒေပုဒ်မ ၄၄၁ နှင့် ၄၄၂ တို့တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာ ပစ္စည်းလက်ရှိဖြစ်သူကိုခြောက်လှန့်ရန်၊ သို့မဟုတ် စော်ကားရန်၊ သို့မဟုတ် စိတ်ငြိုငြင်စေရန် ပြုမူခြင်း၊ လူနေအိမ်တွင် တရားမဲ့ဝင်ရောက်၍ ဆက်လက်နေထိုင်ခြင်း စသည်တို့ဖြစ်သည်။ ယခုအမှုတွင် တရားလို ဦးကျော်မင်းသည် ပစ္စည်းလက်ရှိဖြစ်သူမဟုတ်သော ကြားလူမျှသာဖြစ်သည်။ ထိုအိမ်ခန်းကို မူလက ငှားရမ်းခဲ့သော ဦးလှထွန်းဖြူမှာလည်း

အိမ်ခန်းနှင့် ကင်းကွာလျက် ရှိသည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိပြီဖြစ်သည်။ ထို့ကြောင့် အိမ်ရှင်ဖြစ်သူက မိမိအိမ်ခန်းကို ဦးကျော်မင်းလာရောက်ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ တားမြစ်ခြင်း၊ အိမ်တံခါး ပိတ်ထားခြင်းတို့မှာ ပြစ်မှုမြောက်သော အိမ်ကျော်နင်းမှု ဖြစ်သည်ဟု မယူဆနိုင်ချေ။

၁၉၇၅

ဦးငြိမ်းလှိုင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ဦးကျော်မင်းသည် ယခု အချိန်တွင် မြန်မာနိုင်ငံအတွင်း မရှိတော့ကြောင်း သိရသည်။ သို့ရာတွင် အိမ်ရှင်ဖြစ်သူမှာ အမှုပြီးပြတ်ခြင်း မရှိသေးဘဲ တရားခံ အဖြစ်ဖြေရှင်းနေရဆဲပင်ဖြစ်သည်။ ထို့ကြောင့်ဥပဒေအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ တရားမျှတမှုအရဖြစ်စေ လျှောက်ထားသူများအပေါ် စွဲချက်တင်၍ဖြေရှင်းရန်လိုအပ်မည် မဟုတ်သောကြောင့် လျှောက်လွှာကိုခွင့်ပြု၍ စွဲချက်တင်စစ်ဆေးရန် ညွှန်ကြားသော တိုင်းရုံးအမိန့်ကို ပယ်ဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြင့်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
အောက်တိုဘာလ ၉ ရက်။

ဦးစောသိန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးစိန်သောင်း) *

ဝါဏိဇ္ဇဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဗဟိုတရားရုံးတွင် ပြောဆိုခွင့်ရှိမရှိ၊ ဝါဏိဇ္ဇဗဟိုကော်မတီ၏အမိန့်ကို မလိုက်နာပါက တရားရုံးက အရေးယူနိုင်မနိုင်။

ဆုံးဖြတ်ချက်။ ။ဝါဏိဇ္ဇဗဟိုကော်မတီ၏ အဆုံးအဖြတ်သည် နောက်ဆုံးဖြစ်သည်။ ထိုအဆုံးအဖြတ် အမှားအမှန်နှင့်ပတ်သက်၍ လျှောက်ထားသူသည် ဗဟိုတရားရုံး၌ ပြောဆိုခွင့်မရှိ။

ထပ်မံဆုံးဖြတ်ချက်။ ။အလုပ်သမားခများကို ရှင်းပေးရန် ချမှတ်သည့် ဝါဏိဇ္ဇကော်မတီ၏ အမိန့်ကိုဆန့်ကျင်ဖောက်ဖျက်သော ပုဂ္ဂလိကပိုင် လုပ်ငန်းအလုပ်ရှင်အား ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေပုဒ်မ ၁၁ (ခ) အရ တရားစွဲဆိုနိုင်သည်။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးဘကျော်။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးတင်အုံး။

ကော့မှူးမြို့နယ် ဆူးကလင်ရာဘာခြံ အလုပ်သမားများက အလုပ်ရှင် ဦးစောသိန်း (လျှောက်ထားသူ) ထံမှ အလုပ်သမားခများ ရလိုကြောင်းဖြင့် ကော့မှူးမြို့နယ် အလုပ်သမားကောင်စီသို့ တိုင်ကြားခဲ့သည်။ ထိုမြို့နယ် အလုပ်သမားကောင်စီက လျှောက်ထားသူအား အလုပ်ရှင်ဖြစ်သည်ဟု သတ်မှတ်ကာ အလုပ်သမားခ စုစုပေါင်းငွေ ၃၄၇၁ ကျပ် ၆၅ ပြားကို ပေးစေရန် ဆုံးဖြတ်ခဲ့သည်။ လျှောက်ထားသူက မကျေနပ်သဖြင့် ဝါဏိဇ္ဇ ဗဟိုကော်မတီအထိ အယူခံဝင်ခဲ့သော်

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာမှုအမှတ် ၅၅။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၅ (ခ) တွင် ချမှတ်သော ၁၉ ခုနှစ်၊ လ ရက်နေ့စွဲပါ ကော့မှူးမြို့နယ်တရားရုံး၏ အမိန့်ကိုပယ်ဖျက်ပေးရန်လျှောက်ထားခြင်း။

၁၉၅၅

ဦးစောသိန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဦးစိန်သောင်း)

လည်း မအောင်မြင်ခဲ့ချေ။ ထို့နောက် လျှောက်ထားသူသည် ချမှတ်ခြင်း ခံရသော အလုပ်သမားခများကို မပေးသဖြင့် ကော့မှူးမြို့နယ်တရားရုံး ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၅ (ခ) ၌ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ ပုဒ်မ ၁၁ (ခ) အရ တရားစွဲဆိုခြင်းခံရသည်။ ထိုအမှုကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသူက ဗဟိုတရားရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

"လျှောက်ထားသူက ဝါဏိဇ္ဇကော်မတီ၏ ဆုံးဖြတ်ချက်သည် မမှန်ကန်ပါဟုဆိုသည်။ ဤအချက်နှင့် ပတ်သက်၍ လျှောက်ထားသူသည် ဝါဏိဇ္ဇဗဟိုကော်မတီအထိ အယူခံဝင်ပြီးဖြစ်သည်။ ဝါဏိဇ္ဇဗဟိုကော်မတီ၏ အဆုံးအဖြတ်သည် နောက်ဆုံးဖြစ်သည်။ ထိုအဆုံးအဖြတ် အမှားအမှန်နှင့် ပတ်သက်၍ လျှောက်ထားသူသည် ဗဟိုတရားရုံး၌ ပြောဆိုခွင့်မရှိတော့ချေ။

အလုပ်သမားခများကို ရှင်းပေးရန် ချမှတ်သည့် ဝါဏိဇ္ဇ ကော်မတီ၏ အမိန့်ကို ဆန့်ကျင် ဖောက်ဖျက်သော ပုဂ္ဂလိကပိုင် လုပ်ငန်း အလုပ်ရှင်အား ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ (ခ) အရ တရားစွဲဆိုနိုင်သည်။ လျှောက်ထားသူ အပေါ် ၎င်း ယင်းဥပဒေ ပုဒ်မ အရ စွဲဆိုထားသော အမှုတွင် သိသာထင်ရှားစွာ မှားယွင်းချက်တစုံတရာမတွေ့ရသဖြင့် ဗဟိုတရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁ (က) အရ ပယ်ဖျက်ရန် အကြောင်းမရှိဟု ကျနိုပ်တို့ ဆုံးဖြတ်သည်။

ဤလျှောက်လွှာကို ပလပ်လိုက်သည်။

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးထွန်းအောင်ကျော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ စက်တင်ဘာလ ၁၇ ရက်။

ဒေါ်စိန်အေး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ဆုံးဖြတ်ခြင်းသည် ပိုင်ဆိုင်ခွင့်ကိုဆုံးဖြတ်ခြင်းဟုတ် မဟုတ်။

ဆုံးဖြတ်ချက်။ ။သက်သေခံပစ္စည်းနှင့်ပတ်သက်၍ အမှုပြီးဆုံးသောအခါ တရားရုံးကသက်သေခံပစ္စည်းကို မည်သူလက်ဝယ်ထားရှိထိုက်သည်ဟူသော အချက်ကိုအလေးထား၍ ဆုံးဖြတ်ခြင်းသာဖြစ်သည်။ ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ခြင်းမဟုတ်၊ ပိုင်ဆိုင်ခွင့်မှာ တရားမမှုနယ်ပယ်အတွင်းကျရောက်သည်ဖြစ်၍ တရားမကြောင်းအရသာ အရေးယူပိုင်ခွင့်ရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မလာ။
ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘရွှေ။
ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးထွန်းဝင်း။

ပြင်ဆင်ပေးရန် သုံးကြည်အပ်နှံထားသော မော်တော် အင်ဂျင်စက်ကို အလွဲသုံးစားပြုမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ ဒေါ်စိန်အေး (ယခုပြင်ဆင်မှု လျှောက်ထားသူ) က ဦးမြ (ယခုပြင်ဆင်မှု လျှောက်ထားခံရသူ) အပေါ် တရားစွဲဆိုခဲ့သည်။ ရန်ကုန်မြို့၊ အနောက်ပိုင်း နယ်ပိုင် ရာဇဝတ်တရားသူကြီးရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၅၆/၆၀ ၌ စစ်ဆေးကြားနာပြီးနောက်၊ တရားခံဦးမြအား အပြီးအပြတ်လွှတ်၍ သက်သေခံစက်ကို ဦးမြထံမှ ဝယ်ယူခဲ့သူ ဦးသန်းနှင့် ဦးသိန်းတို့သို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ဒေါ်စိန်အေးက မကျေနပ်သဖြင့် ဦးမြအား အပြီးအပြတ်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၇၉/၇၂ အရ အယူခံဝင်ခဲ့သည်။ ဗဟိုတရားရုံးက ထိုအယူခံမှုကို ပလပ်ခဲ့သည်။ သက်သေခံပစ္စည်းနှင့် ပတ်သက်သော အမိန့်ကိုလည်း ပယ်ဖျက်ပေးပါရန် ဒေါ်စိန်အေးက လမ်းမတော်မြို့နယ် ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံး သို့ပြစ်မှု

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၃၅ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အသေးမှုအမှတ် ၃ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် နေ့စွဲပါ လမ်းမတော်မြို့နယ်ရုံး ထိုင်၊ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ဆိုင်ရာ အသွေးအထွေးမှု အမှတ် ၃/၇၃ အရ လျှောက်ထားခဲ့သည်။ တိုင်းတရားရုံးက မူလရုံး၏ အမိန့်ကို အတည်ပြု၍ အသွေးအထွေးမှုကို ပလပ်ခဲ့သည်။ ထို့ကြောင့် ဒေါ်စိန် အေးက ဗဟိုတရားရုံးသို့ တဆင့်တက်၍ သက်သေခံပစ္စည်းနှင့် ပတ်သက်သော အမိန့်ကို ပယ်ဖျက်ပေးပါရန် ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။ ၁၉၇၅

ဒေါ်စိန်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ။

မူလရုံးသည် အမှုတွင်ပေါ် ထွက်လာသော သက်သေခံချက်များကို သုံးသပ်ပြီးမှ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ အမိန့်ချမှတ်ခဲ့ကြောင်း၊ တိုင်းတရားရုံးကလည်း လုပ်ထုံးလုပ်နည်းသဘောကများနှင့် ညီညွတ်၍ ထိုအမိန့်ကို အတည် ပြုခဲ့ကြောင်း တွေ့ရှိ ရသည်။

အမှုတွင် ရဲက ထိုစက်ကို ဦးသန်းနှင့် ဦးသိန်းတို့ထံမှ သိမ်းယူပြီး တရားရုံး၌ သက်သေခံပစ္စည်းအဖြစ် တင်ပြခဲ့သည်။ အမှုကြီးဆုံးသောအခါ တရားရုံးက ဦးမြအပေါ်၌ ပြစ်မှုထင်ရှားကြောင်း မတွေ့ရှိရသဖြင့် အပြီးအပြတ် လွှတ်ပြီးလျှင် သက်သေခံစက်ကို မူလက သိမ်းယူခဲ့သော ဦးသန်းနှင့် ဦးသိန်းတို့ထံသို့ ပြန်ပေးစေရန် အမိန့်ချမှတ် ခဲ့သည်။ ထိုကဲ့သို့ ချမှတ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပေသည်။ ထိုပုဒ်မအရ သက်သေခံပစ္စည်းကို မည်သူ့လက်ဝယ် ထားရှိထိုက်သည်ဟူသော အချက်ကို အလေးထား၍ ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်သည်။ ပိုင်ဆိုင်ခွင့် ကို ဆုံးဖြတ်ခဲ့ခြင်း မဟုတ်သေးပေ။ ပိုင်ဆိုင်ခွင့်မှာ ဘရားမမှုနယ်ပယ်အတွင်း ကျရောက်သည်ဖြစ်၍ တရားမကြောင်းအရ သာ အရေးယူပိုင်ခွင့် ရှိပေသည်။

အောက်ရုံးအမိန့်ကို ပယ်ဖျက်ရန် အကြောင်းမရှိသဖြင့် ဤပြင်ဆင်မှုကို ပလပ် လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ နိုဝင်ဘာလ ၈ ရက်။

ဦးစံတင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးချစ်) *

ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆ (၁) ဝါရမ်းမှုစစ်ဆေးနည်းဖြင့် စစ်ဆေးရမည့်အမှုကို သာမန်မှုစစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ ပြုပြင်၍ရသော ဆောင်ရွက်မှုမျိုးမဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆ (၁) သည် ထောင်ဒဏ် တနှစ်အထိအပြစ်ဒဏ်ပေးနိုင်သောကြောင့် ဤအမှုကိုဝါရမ်းမှုစစ်ဆေးသော နည်းလမ်းအရ စစ်ဆေးရမည်ဖြစ်ပေသည်။ ဝါရမ်းမှုစစ်ဆေးနည်းဖြင့် စစ်ဆေးရမည့်အမှုကို သာမန်အမှု စစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရပြုပြင်၍ရသောဆောင်ရွက်မှုမျိုးမဟုတ်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊ ဦးဇော်မင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးဘရွှေ။

ဦး လျှောက်ထားသူဦးစံတင်သည် တောင် ဥက္ကလာပ ၁၂ ရက်ကွက်မှ ရပ်ကွက်ပြည်သူ့ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူဖြစ်သည်။ ဤသို့ ရွေးချယ်တင်မြှောက်ခြင်းမခံရမီ ဦးစံတင်နှင့် ဦးချစ်ဆိုသူတို့ နှစ်ယောက်တွင် မည်သူ့အား ကိုယ်စားလှယ်လောင်းအဖြစ် လျာထားသင့်ကြောင်း ညှိနှိုင်းစည်းဝေးကြသောအခါ ဦးချစ်ကို လျာထားခြင်း ခံရသည်။ ထို့ကြောင့် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကိုယ်စားလှယ်လောင်း ဦးချစ်အတွက် မဲရွေးပွဲကျင်းပရာ ကန့်ကွက်မဲများသောကြောင့် ဦးချစ် ရှုံးနိမ့်သွားသည်။ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဦးစံတင်အားကိုယ်စားလှယ်လောင်းအဖြစ် ဆန္ဒမဲရယူသောအခါတွင်မူ ဦးစံတင်သည် ရပ်ကွက်ပြည်သူ့ကောင်စီဝင်အဖြစ် အရွေးချယ် ခံရသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၆ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၉ တွင် ချမှတ်သော ၁၉၇၄ ခုနှစ် မေလ ၂ ရက်နေ့စွဲပါ ရန်ကုန်တိုင်း (တောင်ဥက္ကလာပရုံးထိုင်) တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးစံတင်နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် (ဦးချစ်)။

ကိုယ်စားလှယ်လောင်း ဦးချစ် ရှုံးနိမ့်ခြင်းနှင့် ပတ်သက်၍ ဦးစံတင်အပေါ် ကိုစိန်သောင်းဆိုသူက တိုင်စာပေးပို့သည်။ ယင်းတိုင်စာ၌ ဦးချစ် ရှုံးနိမ့်ရခြင်းသည် ဦးစံတင်က ဦးချစ်အား မဲမပေးရန်စည်းရုံးမှုသောကြောင့် ဖြစ်သည်ဟု ပါရှိသည်။ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌမှာလည်း ရှုံးနိမ့်သူ ဦးချစ်ပင်ဖြစ်သောကြောင့် ကိုစိန်သောင်း၏ တိုင်စာကို ဦးချစ်ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့ကစစ်ဆေးသည်။ ထို့နောက် တိုင်စာတွင် ဖော်ပြပါရှိသော အချက်များ ပြည့်စုံလုံလောက်သည်ဟူ၍ ယူဆကာ တရားစွဲဆိုခြင်းဖြစ်သည်။

ဦးစံတင်အပေါ် စွပ်စွဲသောအမှုကို တောင်ဥက္ကလာပမြို့နယ်တရားရုံးမှ စစ်ဆေးကြားနာပြီး အပြစ်ရှိသည်ဟူ၍ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆(၁) အရ၊ ဒဏ်ငွေ ၁၅၀ ကျပ် ဆောင်စေရန်နှင့် မဆောင်နိုင်လျှင် ထောင်ဒဏ် တလနှင့် ၁၅ ရက်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်သောကြောင့် ဦးစံတင်က တိုင်းတရားရုံးသို့ ပြင်ဆင်မှု တက်သောအခါတွင် ထောင်ဒဏ် တနှစ်ထိ ပေးနိုင်သောအမှုကို ဝါရမ်းမှု စစ်ဆေးနည်းအားဖြင့် ဆောင်ရွက်သင့်ပါလျက် ထောင်ဒဏ် ခြောက်လအောက် ပေးနိုင်သော သာမန်မှုစစ်ဆေးသော နည်းအားဖြင့် ဆောင်ရွက်ထားကြောင်းတွေ့ရှိရသည်ဟူ၍ အမှုကို အသစ်တဖန် ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် ဦးစံတင်ကဗဟိုတရားရုံးသို့ မြို့နယ်တရားရုံးကအပြစ်ပေးခြင်းနှင့် တိုင်းတရားရုံးက အမှုကို အသစ်တဖန် ပြန်လည်စစ်ဆေးရန် ဆုံးဖြတ်ခြင်းများကို ပယ်ဖျက်၍ အမှုမှ အပြီးအပြတ်လွှတ်စေရန်ပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် ဦးစံတင် အပြစ်ရှိသည် မရှိသည်ဟူသော အချက်ကို စဉ်းစားခြင်း မပြုမီ၊ အမှုကို အသစ်တဖန် ပြန်လည် စစ်ဆေးရန်အတွက် တိုင်းတရားရုံးမှ ချမှတ်ထားသော အမိန့်ကို စဉ်းစားရန်လိုပေသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ၊ ဦးစံတင်အပေါ်တွင် စွဲဆို အပြစ်ပေးထားသော ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆ (၁) သည် ထောင်ဒဏ် ၁ နှစ် အထိ အပြစ်ဒဏ်ပေးနိုင်သောကြောင့် ဤအမှုကို ဝါရမ်းမှုစစ်ဆေးသော နည်းလမ်းအရ စစ်ရမည်ဖြစ်ပေသည်။ ဝါရမ်းမှု စစ်ဆေးနည်းဖြင့် စစ်ဆေးရမည့် အမှုကို သာမန်မှု စစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ ပြုပြင်၍ရသော ဆောင်ရွက်မှုမျိုး မဟုတ်ချေ။ အမှုကို ပြန်လည်စစ်ဆေးစေခြင်းသည် အမှန်တရားကို ရယူလိုခြင်း၊ ကြီးလေးသော ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည့် အမှုမျိုးတွင် တနည်းဆိုသော် ဝါရမ်းမှုများတွင် စွပ်စွဲခြင်းခံရသူအား အခွင့်အလမ်းတရပ်ပေး ခြင်းဟူ၍ပင် မှတ်ယူသင့်ပေသည်။ ထို့ကြောင့် မြို့နယ်တရားရုံး၏ အမိန့်ကိုပယ်ဖျက်၍ အမှုကို အသစ်တဖန် ပြန်လည်စစ်ဆေးရန် ဆုံးဖြတ်သော တိုင်းတရားရုံး၏အမိန့်ကိုအတည်ပြုသည်။ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်မေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ဧပြီလ ၁၂ ရက်။

မညွန့်မေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ကိုတင်မောင်)*

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ သည်အယူခံရုံးများ၏ ဆောင်ရွက်ပိုင်ခွင့်ဖြစ်သောကြောင့် နောက်ထပ် သက်သေများ ခေါ်ယူစစ်ဆေးရန်သင့်မသင့်ကို ရုံးကသာ ဆုံးဖြတ်နိုင်ခွင့်ရှိခြင်း၊ အမှုသည်များက ဤအခွင့်အရေးကို အခွင့်အရေးတရပ်အနေဖြင့် တောင်းဆိုပိုင်ခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။သာမန်အားဖြင့် သက်သေများ စစ်ဆေးရန်မှာ မူလတရားရုံး၏လုပ်ဆောင်ရန်တာဝန်ဖြစ်သည်။ အယူခံရုံးသည် နောက်ထပ် သက်သေများကို စစ်ဆေးရန် လိုအပ်သည်ဟု ယူဆလျှင် အဘယ်ကြောင့် လိုအပ်သည်ကို စာအားဖြင့် မှတ်တမ်းပြုလုပ်ပြီး ခေါ်ယူစစ်ဆေးနိုင်ခွင့်ရှိသည်။ သို့ရာတွင် ဤကဲ့သို့ နောက်ထပ် <u>သက်သေများခေါ်ယူစစ်ဆေးရန် သင့်မသင့်ကို ရုံးကသာ ဆုံးဖြတ်နိုင်ခွင့်ရှိ၍၊ အမှုသည်များက အခွင့်အရေးတရပ်အနေဖြင့် တောင်းဆိုပိုင်ခွင့်မရှိချေ။</u>

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊ ဦးဝင်းစိန်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘရွှေ။
အကျိုးဆောင်၊ ဦးကြည်မောင်။

လျှောက်ထားသူ မညွန့်မေ အပေါ်တွင်၊ သာကေတမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ၊ ထောင်ဒဏ်(၂) နှစ် အပြစ်ပေးသောကြောင့် တိုင်းရုံးသို့ အယူခံဝင်သော အခါတွင် လျှောက်ထားသူက မိုးမိတ်နှင့် လာရှိုးတွင် နေထိုင်ကြသော သက်သေအချို့ကို ခေါ်ယူစစ်ဆေးပါရန် လျှောက်လွှာတင်သောကြောင့် ရုံးကသဘောတူခဲ့သည်။ သို့ရာတွင် သက်သေများရုံးသို့ မလာရောက်နိုင်ကြောင်း သိရသောအခါတွင် ထိုသူများကို စစ်ဆေးရန်မလိုတော့ဟု ဆုံးဖြတ်ပြီးနောက် လျှောက်လဲချက် ကြားနာရန် ရက်ချိန်းသတ်မှတ်ပေးသည်။ ဤအမိန့်ကို မကျေနပ်သောကြောင့် ယခုပြင်ဆင်မှုတင်သွင်းခြင်းဖြစ်လေသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၀ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၆ တွင်၊ ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် နေ့စွဲပါ သာကေ တတိုင်းပြည်သူ့ တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

မညှင်မေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ကိုတင်မောင်)

သာမန်အားဖြင့် သက်သေများ စစ်ဆေးရန်မှာမူလ တရားရုံး၏ လုပ်ဆောင်ရန်တာဝန်ဖြစ်သည်။ အယူခံရုံးသည် နောက်ထပ် သက်သေများကို စစ်ဆေးရန်လိုအပ်သည်ဟုယူဆလျှင် အဘယ်ကြောင့် လိုအပ်သည်ကို စာအားဖြင့် မှတ်တမ်းပြုလုပ်ပြီး၊ ခေါ်ယူစစ်ဆေးနိုင်ခွင့်ရှိသည်။ သို့ရာတွင် ဤကဲ့သို့ နောက်ထပ်သက်သေများခေါ်ယူစစ်ဆေးရန်သင့် မသင့်ကို ရုံးကသာဆုံးဖြတ်နိုင်ခွင့်ရှိ၍ အမှုသည်များကအခွင့်အရေး တချပ်အနေဖြင့် တောင်းဆိုပိုင်ခွင့်မရှိချေ။

လျှောက်ထားသူက ခေါ်ယူစစ်ဆေးရန် ဆန္ဒရှိသော သက်သေများမှာ ခရီးဝေးကွာသော မိုးမိတ်နှင့် လားရှိုးမှ ရ-လ-က ဥက္ကဋ္ဌ၊ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးနှင့် တရားရေးဝန်ထမ်းအဆင့် (၄) အစရှိသော ဝန်ထမ်းများဖြစ်၍ မိမိတို့ထမ်းဆောင်ဆဲတာဝန်ဝတ္တရားများကို ရပ်ဆိုင်းပြီး၊ ရန်ကုန်မြို့သို့ သက်သေအဖြစ် လာရောက်ရန်မှာလွယ်ကူမည်မဟုတ်ပေ။ ဤသို့ခက်ခဲစွာ ခေါ်ယူရမည်ဖြစ်သော သက်သေများကိုစစ်ဆေးရန်သင့်မသင့် ဆုံးဖြတ်သောအခါတွင် အမှုတွင် အဓိက အကျုံးဝင်သူများဖြစ်မှသာရုံးမှခေါ်ယူပေလိမ့်မည်။ သက်သေစာရင်းတွင် ဖော်ပြပါရှိသူများမှာပြည်သူ့ဝန်ထမ်းများအနေဖြင့် တဆင့်တိုင်တန်းချက်ကို သိရှိသူများသာ ဖြစ်ကြောင်းလျှောက်ထားခံရသူကိုတင်မောင်အတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်ကတင်ပြသည်။ ထို့အပြင်တိုင်းအယူခံရုံးသည် ယင်းသက်သေများ၏ သိရှိချက်ကိုအသေးစိတ် ဝေဖန်စဉ်းစားပြီးနောက် ခေါ်ယူကြားနာရန်မလိုအပ်ဟုယူဆသောကြောင့်သာ စွန့်ပယ်ခဲ့ခြင်းဖြစ်ကြောင်းလည်းတင်ပြသည်။

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ သည် အယူခံရုံးများ၏ ဆောင်ရွက်ပိုင်ခွင့် ဖြစ်သောကြောင့် ယခုကိစ္စတွင်သက်သေများကို စစ်ဆေးရန်မလိုဟု တိုင်းရုံးမှ ဆုံးဖြတ်ခြင်းသည်အချက်အလက်အားလုံးကို ပြေလည်စွာ သုံးသပ်ပြီးမှ ဆုံးဖြတ်ကြောင်း ယုံမှားဖွယ်မရှိချေ။ ဤသို့အဆုံးအဖြတ် ပေးရန်လည်း တိုင်းရုံး၏ စီရင်ပိုင်ခွင့် အာဏာအတွင်းအပြည့် ဝရှိနေသည်။ ထို့ကြောင့် ပြင်ဆင်မှုကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်ဇင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
ဖေဖော်ဝါရီလ
၂၂ ရက်။

ဦးတင်မောင်ဟန်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

အထူးရာဇဝတ်ရုံး ဥပဒေသည် သီးခြားဥပဒေတရပ်ဖြစ်၍ တရားခံ၏ မျက်ကွယ်တွင် အမှုကြားနာစစ်ဆေးခြင်း၊ အပြစ်ဒဏ်ချမှတ်ခြင်းပြုလုပ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဦးတင်မောင်ဟန်သည် ရဲဌာနတို့ စတင်တိုင်တမ်းသော အဆင့်မှာဖြစ်စေ၊ ရုံးရှေ့သို့ရောက်ရှိကြားနာသောအဆင့်မှာဖြစ်စေ ချေပနိုင်ခွင့်မရှိခဲ့ကြောင်း တွေ့မြင်ရသည်။ သို့ရာတွင် ယင်းတို့အခွင့်အရေးဆုံးရှုံးခြင်းမှာ ဘယ်သူမပြုမိမိမှုဆိုသလို ငွေများလျော့နည်းကွာခြားသည်ဟု အထက်အရာရှိများက မေးမြန်းစုံစမ်းသောအချိန်တွင် ပြဿနာကိုရင်ဆိုင်ဖြေရှင်းမည့်အစား ထွက်ပြေး တိမ်းရှောင် သွားသောကြော င့်သာ ဖြစ်မေသည်။ သာမန်အားဖြင့်ဆိုလျှင်၊ ဦးတင်မောင်ဟန်၏ မျက်ကွယ်တွင်အမှုကြားနာစစ်ဆေးခြင်း၊ အပြစ်ဒဏ်ချမှတ်ခြင်း မပြုနိုင်ပေ။ ပြန်လည်ဖမ်းဆီးရမိသောအခါမှာသာလျှင် တရားခံ၏ မျက်မှော က်တွင် အမှုစစ်ဆေးကြားနာရမည်ဖြစ်မေသည်။ သို့ရာတွင် အထူးရာဇဝတ်ရုံးဥပဒေသည် သီးခြားဥပဒေတရပ်ဖြစ်၍ တရားခံ၏ မျက်ကွယ်မှာ အမှုကြားနာစစ်ဆေးစီရင်ပိုင်ခွင့်ရှိကြောင်း အတိအလင်းခွင့်ပြုထားသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင်၊ ဦးကိုယု။

အယူခံတရားခံအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးလှသောင်း။

ပုသိမ်မြို့၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ်(၁) အငယ်တန်း ဇုံမန်နေဂျာဖြစ်သော အယူခံတရားလို ဦးတင်မောင်ဟန် သည် လုပ်ငန်းဆောင်ရွက်ရန် ကြိုတင်ထုတ်ပေးသော ငွေများအနက် ငွေပေါင်း ၁၂၇၃၃၆ ကျပ် ၄၄ ပြားကို စာရင်းရှင်းခြင်းမပြုဘဲ၊ တိမ်းရှောင်သွားသည်ဟူ၍ ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ၊ တရားခံ၏ မျက်ကွယ်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၀၂။

† ၁၉၆၉ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၃ တွင် ၁၉၇၀ ခုနှစ်၊ မေလ ၁၄ ရက်နေ့စွဲပါ ပုသိမ်မြို့ အထူးရာဇဝတ်ရုံး ၁၉၀/၆ဂ။

၁၉၇၅

ဦးတင်မောင်ဟန်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

တွင် အမှုကြားနာစစ်ဆေးပြီး၊ ပြစ်မှုထင်ရှားသည်ဟူ၍ ထောင်ဒဏ် (၁၅) နှစ် အပြစ်ဒဏ်ချမှတ်သောအမှုဖြစ်သည်။

အထူးရာဇဝတ်ရုံးမှ တရားခံအပေါ် ထောင်ဒဏ် (၁၅)နှစ်အပြစ်ဒဏ်ပေးခြင်းကို အတည်ပြုအဖွဲ့ကအတည်ပြုပြီးလျှင် တရားခံသည် အပြစ်ဒဏ်ကို ပြန်လည်ဖမ်းဆီးရမိသည့်နေ့မှစ၍ ကျခံစေရန် အမိန့်ချမှတ်သည်။ ထိုနောက် ၁၉၇၄ ခု၊ မေလ ၂၀ ရက်နေ့စွဲဖြင့်၊ ပုသိမ်မြို့ အနောက်ပိုင်း မြို့နယ်တရားသူကြီးအဖွဲ့မှ အတည်ပြုအမိန့်ကိုဖတ်ကြားပြီးလျှင် အပြစ်ဒဏ်ကို တရားခံအား ပြန်လည်ဖမ်းဆီးရမိသည့် ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ ကျခံစေရန် ကျေညာလေသည်။

ဦးတင်မောင်ဟန်၏ အကျိုးဆောင်က လျှောက်လဲတင်ပြသည်မှာ၊ ဦးတင်မောင်ဟန်သည်နိုင်ငံရေးအရ၊ ၁၉၆၆ ခုနှစ်တွင် တောခိုခဲ့ပြီး ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် လက်နက်ချအလင်းဝင်ပါသည်။ ဤသို့တောခိုပြီး ဦးတင်မောင်ဟန်မရှိသောအချိန်တွင် စာရင်းများစစ်ဆေးပြီးနောက် အစစအရာရာ ဦးတင်မောင်ဟန်အပေါ်တွင် တာဝန်ပုံချထားသော အမှုဖြစ်သည့်အပြင်၊ စာရင်းစစ်ဆေးထားခြင်းမှာလည်းတိကျမှန်ကန်မှုမရှိကြောင်းဖြစ်လေသည်။

ဦးတင်မောင်ဟန်သည် နိုင်ငံရေးအရ တောခိုသွားပြီးနောက်မှ စာရင်းများထိုစစ်ဆေးပါသည်။ ဤသို့စာရင်းများ စစ်ဆေးခြင်းနှင့် ပတ်သက်၍လည်း ဦးတင်မောင်ဟန် လုံးဝမသိပါ ဟူသော တင်ပြချက်ကို အရေးတကြီး စဉ်းစားသင့်ပေသည်။ အကယ်၍သာ ထိုအတိုင်းဟုတ်မှန်ခဲ့လျှင် ဦးတင်မောင်ဟန်၏ မျက်ကွယ်တွင်စစ်ဆေးကြားနာပြီးအပြစ်ဒဏ်ချမှတ်ထားခြင်းမှာ တရားဥပဒေနှင့် လျော်ညီခြင်းရှိ မရှိပြန်လည်သုံးသပ် ရမည်ဖြစ်သည်။

အထူးရာဇဝတ်ရုံး ဥပဒေအရ၊ အထူးရာဇဝတ်ရုံးသည် တရားခံ၏ မျက်ကွယ်တွင် အမှုကိုစစ်ဆေးကြားနာ စီရင်ပိုင်ခွင့်ရှိသည်။ သို့ရာတွင် အခြား ကိစ္စတရပ်နှင့် ထွက်ပြေးတိမ်းရှောင်နေသူ တဦးအပေါ်တွင် အပြစ်ပုံချသည့် သဘောမျိုးကို လုပ်ဆောင်ရန်မဟုတ်ချေ။ ထို့ကြောင့် ဦးတင်မောင်ဟန် နိုင်ငံရေးနှင့် တောခိုသွားပြီးသည့်နောက်ပိုင်းတွင် စာရင်းများ စစ်ဆေးသည် ဆိုခြင်းကို မှန်မမှန်ဆန်းစစ်ရန်လိုအပ်မည်ဖြစ်ပေသည်။

ဇုံမန်နေဂျာ ဦးလှအောင် (လိုပြ ၁) က မိမိသည် ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ဇုံမန်နေဂျာ၏ တာဝန်ဝတ္တရားများကို ဦးတောဆိုသူထံမှ လွှဲပြောင်းလက်ခံပါသည်။ ထိုသို့လက်ခံပြီးနောက် ဦးတင်မောင်ဟန်နှင့် ဦးတင်မောင်ဆိုသူတို့ထုတ်ယူထားသော ငွေများနှင့်ပတ်သက်၍ ငွေစာရင်းရှင်းကြရန်နှင့် ၎င်းတို့လက်ဝယ်

၁၉၇၅
ဦးတင်မောင်ဟန်နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်။

တွင် ငွေသားလက်ကျန်ရှိနေပါက ပြန်သွင်းရန် ညွှန်ကြားပါသည်။ ထိုသို့စေခိုင်းနေစဉ် အတောအတွင်း ဦးတင်မောင်ဟန်သည် စာရင်းစာအုပ်များနှင့် ငွေများကို ယူဆောင်ပြီး တိမ်းရှောင်သွားကြောင်း တွေ့ရှိရပါသည်ဟူ၍ ထွက်ဆိုသည်။ ရဲဌာနပထမတိုင်တန်းချက်တွင်လည်း လက်ကျန်ငွေများနှင့် စာရင်းရှင်းလင်းရန် ဦးတင်မောင်ဟန်အား အကြောင်းကြားသောအခါ ဦးတင်မောင်ဟန်သည် ငွေစာရင်းများ၊ ငွေများကိုရှင်းလင်း ပေးအပ်ခြင်းမပြုဘဲ တိမ်းရှောင်နေကြောင်း သိရပါသည်ဟူ၍ ဖေါ်ပြထားသည်။ ထို့ကြောင့် ဦးလှအောင်၏ ထွက်ချက်နှင့် ရဲဌာနတွင် ပထမတိုင်တန်းချက်တို့မှာ အပြန်အလှန် အထောက်အကူပြုလျက် ရှိကြောင်း တွေ့မြင်နိုင်ပေသည်။

ဦးတင်မောင်ဟန်၏ အကျိုးဆောင်က ဇုံမန်နေဂျာ ဦးလှအောင် (လိုပြ ၁) ၏ ထွက်ချက်နှင့် ရဲတိုင်ဘန်းချက်များကို ယုံကြည်သင့်ပါ၊ အဘယ်ကြောင့်ဆိုသော်၊ ဦးလှအောင်သည် အကြီးအကဲ အရာရှိဖြစ်သောကြောင့် မိမိအပေါ်တွင်တာဝန်မကျေစေရန် ဦးတင်မောင်ဟန်အား မတရားစွပ်စွဲသည့်သဘောဖြစ်နိုင်ကြောင်း လျှောက်ထားပြောဆိုသည်။ သို့ရာတွင် ဇုံမန်နေဂျာ ဦးလှအောင်သည် တာဝန်လွှဲပြောင်းယူသောအချိန်တွင် အလုပ်နှင့် ပတ်သက်၍ စစ်ဆေး ကြည့်ရှုသော ကိစ္စဖြစ်သောကြောင့် ငွေများ လျော့နည်း ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ ဦးလှအောင်တွင် တာဝန်ရှိနိုင်မည် မဟုတ်ပေ။ ဤအမှုမှာ အထူးစုံစမ်း စစ်ဆေးရေးဌာနမှ အရေးတကြီး စုံစမ်းစစ်ဆေးခဲ့သော အမှုဖြစ်၍ အမှုမဖြစ်ပွားမီက ဦးတင်မောင်ဟန် တောခိုခြင်း မှန်ခဲ့လျှင် စုံစမ်းသိရှိမည်သာဖြစ်လေသည်။ ဤသို့စာရင်းများစစ်ဆေးသောအခါမှ ဦးတင်မောင်ဟန် ထွက်ပြေးတိမ်းရှောင်သွားကြောင်းကို အင်စပက်တော်ကြီး ဦးမောင်အုံး (လိုပြ ၁၄) နှင့်အထူးစုံစမ်းစစ်ဆေးရေးဌာန ဒု-ညွှန်ကြားရေးဝန် ဦးစိုးသင် (လိုပြ ၂၀) တို့ကလည်း ထောက်ခံထွက်ဆိုသည် ဖြစ်သောကြောင့် အယူခံတရားလို တင်ပြသည့်အတိုင်း မိမိနိုင်ငံရေးနှင့် တောခိုသွားပြီးသော နောက်ပိုင်းတွင်မှ အမှုစစ်ဆေးသည့်သဘောမျိုး မဟုတ်ဘဲ အမှုပေါ်ပေါက်ပြီးမှသာ ယင်းအမှုနှင့် ပတ်သက်၍ တောခိုခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

အယူခံတရားလိုကငွေစာရင်းများစစ်ဆေးသောအခါတွင်မှတ်ယွင်းချက်ရှိကြောင်းများကိုလည်းတင်ပြသည်။ယင်းတင်ပြချက်များမှာ ငွေ ၁၉၇၉ ကျပ်၄၉ ပြားကို ဦးတင်မောင်ဟန် ပြန်လည်ရရှိကြောင်း လက်မှတ်ရေးထိုးထားသည့် စာအုပ်ကို ဦးတင်မောင်ဟန်ကပင် ယူသွားသည်ဆိုခြင်းမှာ အဓိပ္ပါယ်ကင်းမဲ့ခြင်း၊ ငွေရပြေစာတွင် ၇၀ ပြားပို၍ ပြထားခြင်း၊ နောက်ဆုံးပိတ် အသုံးစာရင်းတွင် ၇၃ ကျပ် ၇၃ ပြား ပို၍ပြထားခြင်း အမှန်ခိုနှိုက်ခံရငွေ ၄၂၇၄ ကျပ် ၃၀ ပြားအတွက် ၅၁၇၀ ကျပ် ၂၅ ပြားဟူ၍ မှားယွင်း၊

၁၉၇၅

ဦးတင်မောင်ဟန် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

ပြထားခြင်း၊ စာချင်းစစ်အစီရင်ခံစာတွင် ငွေ ၃၀၀ ကျပ်ဟု၍ပြထားခြင်း အစရှိသည်တို့ ဖြစ်လေသည်။ သို့ရာတွင်ယင်းတင်ပြချက်များမှာဦးတင်မောင်ဟန်က စစ်ဆေးလျက်ရှိသောတရားရုံးရှေ့တွင် ပြန်လှန် မေးခွန်းအားဖြင့်၎င်း၊ အခြားနည်း တစုံတရာအားဖြင့်၎င်းဥပဒေအရ ချေပခဲ့ခြင်းမဟုတ်ချေ။ အယူခံဝင်သောအခါမှ တင်ပြခြင်းများဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ၊ ဦးတင်မောင်ဟန် ထောက်ပြသော ကိန်းဂဏန်းအားလုံးတို့မှန်သည် ဆိုစေကာမူ လျော့နည်းကွာခြားသော ငွေ စုစုပေါင်းမှာ ကျပ်တသိန်းကျော်ဖြစ်သောကြောင့်၊ ထိုငွေများအားလုံးအတွက် ပြေလည်မှုရရှိပြီဟူ၍ ကားမဆိုနိုင်ချေ။

ဦးတင်မောင်ဟန်သည် ရဲဌာနသို့ စတင်တိုင်တန်းသော အဆင့်မှာဖြစ်စေ၊ ရုံးရှေ့သို့ ဆောက်ရှိကြားနာသော အဆင့်မှာဖြစ်စေ၊ ချေပနိုင်ခွင့် မရှိခဲ့ကြောင်း တွေ့မြင်ရသည်။ သို့ရာတွင် ယင်းသို့ အခွင့်အရေးဆုံးရှုံးရခြင်းမှာ ဘယ်သူမပြု မိမိမှု ဆိုသလို ငွေများလျော့နည်း ကွာခြားသည်ဟု အထက်အရာရှိများက မေးမြန်းစုံစမ်းသော အချိန်တွင် ပြဿနာကို ရင်ဆိုင်ဖြေရှင်းမည့်အစား ထွက်ပြေးတိမ်းရှောင်သွားသောကြောင့်သာ ဖြစ်ပေသည်။ သာမန်အားဖြင့်ဆိုလျှင် ဦးတင်မောင်ဟန်၏ မျက်ကွယ်တွင် အမှုကြားနာစစ်ဆေးခြင်း၊ အပြစ်ဒဏ်ချမှတ်ခြင်း မပြုလုပ်နိုင်ပေ၊ ပြန်လည်ဖမ်းဆီးရမိသောအခါမှသာလျှင် တရားခံ၏ မျက်မှောက်တွင် အမှုစစ်ဆေးကြားနာရမည် ဖြစ်ပေသည်။ သို့ရာတွင် အထူးရာဇဝတ်ရုံး ဥပဒေသည် သီးခြားဥပဒေတရပ်ဖြစ်၍ တရားခံ၏ မျက်ကွယ်မှာ အမှုကြားနာစစ်ဆေးစီရင်ပိုင်ခွင့်ရှိကြောင်း အတိအလင်း ခွင့်ပြုထားသည်။

ထို့ကြောင့် ပြစ်မှုကျူးလွန်ခြင်းအတွက် အယူခံကို ပယ်ရမည်ဖြစ်ပေသည်။ သို့ရာတွင် အယူခံတရားလိုသည် ငယ်ရွယ်သူတဦးဖြစ်၍ တောခိုရာမှ အလိုအလျောက် လက်နက်ချ အလင်းဝင်ရောက်ခြင်းကို ထောက်ထားပြီး အပြစ်ဒဏ်နှင့် ပတ်သက်၍ ထောင်ဒဏ် ၁၅ နှစ် (တဆယ့်ငါးနှစ်) အစား ထောင်ဒဏ် ၁၀ နှစ် (တဆယ်နှစ်) သို့ လျော့ပေါ့ သတ်မှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးခိုးလှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ မေလ ၅ ရက်။

မဟင်ဒီ

နှင့်

ဦးဝိမလ*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁)၊ လူမှုရေးကိစ္စ၌ သံဃာများက အမှားအမှန် ဆုံးဖြတ်ပိုင်ခွင့်ရှိ မရှိ၊ တရားရုံးများ အပေါ်တွင် အကျိုးသက်ဝင်နိုင် မနိုင်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ အပြစ်မမြောက်ကြောင်း တရားရုံးမှ ဆုံးဖြတ်ထားခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈(၁) အရ ကလေးစရိတ်ပေးရန် အမိန့်ချနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။ကိစ္စမှာ လူမှုရေးနှင့် ပတ်သက်နေသည်ဖြစ်၍ အမှားအမှန်ကို ရဟန်းသံဃာများက ဆုံးဖြတ်ပိုင်ခွင့်မရှိချေ။ သံဃာတော်များ အဖွဲ့က အပြစ်မရှိဟုဆိုခြင်းသည် တရားရုံးကဲ့သို့ နှစ်ဘက်သက်သေများကို ရေးမှတ်စစ်ဆေးခြင်း ပြန်လှန်မေးခွန်းများ ပြုခြင်း အစရှိသည်တို့ကို ဆောင်ရွက်ခဲ့သည် မဟုတ်သောကြောင့် တရားရုံးများ အပေါ်တွင် မည်သို့မျှ အကျိုးသက်ဝင်နိုင်မည်မဟုတ်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ ဆက်ဆံပေါင်းသင်းကြခြင်းသည် လူတွက်၍ လက်ထပ်ပါမည်ဟူသောကတိမရှိဘဲ သဘောတူ ချစ်ကြိုက်ပျော်ပါးသည့်အခြေအနေမျိုးဖြစ်ခဲ့လျှင် ပုဒ်မ ၄၁၇ အရပြစ်မှု မြောက်သည်မဟုတ်ချေ။ ယင်းပုဒ်မအရ ပြစ်မှုမမြောက်သော်လည်း နှစ်ဦး စပ်ယှက်၍ရရှိသော ကလေးသည် လျှောက်ထားခံရသူ၏ ကလေးပင်ဖြစ်နိုင်သည်။ လိမ်လည်မှုတွင်အပြစ်မရသောကြောင့် လျှောက်ထားခံရသူသည် ကလေးအဖေ မဟုတ်ဟု တထစ်ချပြော၍မဖြစ်ချေ။ လျှောက်ထားခံရသူသည် လျှောက်ထား သူအား ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈(၁)အရ ကလေးစရိတ်ပေးစေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊ ဦးတင်မောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အကျိုးဆောင်၊ ဦးကံမြိုင်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၃၇(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၈ တွင် ချမှတ်သော ၁၉၇၄ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့စွဲပါမြစ်သားမြို့ရုံးထိုင်၊ မန္တလေးတိုင်းတရားရုံး။

၁၉၇၅

မထင်အိ နှင့် ဦးဝိမလ။

လျှောက်ထား ခံရသူ ဘုန်းတော်ကြီး ဦးဝိမလ အပေါ်တွင် ဖြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၁) အရ ကလေးစရိတ် လျှောက်ထားခြင်းဖြစ်သည်။ စွဲဆိုသည့်ဖက်မှ တင်ပြသည်မှာ မတင်အိသည် ဘုန်းတော်ကြီး ဦးဝိမလ နှင့် ချစ်ကြိုက်ပြီး၊ နေ့တိုင်းလိုလိုပင် ဘုန်းကြီးကျောင်း ပေါ်၌၎င်း၊ ကျောင်းအောက်၌၎င်း ကျူးလွန်ကြသည်။ ဘုန်းတော်ကြီးက မတင်အိ ကို လူထွက်၍ အတည်ယူမည်ဖြစ်ကြောင်း ကတိ ပေးသည်။ မတင်အိ တွင် ကိုယ်ဝန်ရှိလာသော အခါမှာ ဘုန်းတော်ကြီးက ပဋိသန္ဓေတားဆေး ဝယ်ပေးသည်၊ မတင်အိနှင့် ဦးဝိမလတို့သည် ဦးသောင်းဆိုသူ၏ နေအိမ်တွင်လည်း ညတိုင်းလိုလို ပေါင်းသင်းကြသည်၊ အချင်းဖြစ်ပွားသောညက မတင်အိနှင့် ဦးဝိမလတို့သည် ဦးသောင်း၏ နေအိမ်တွင် ဆက်ဆံပေါင်းသင်း နေကြစဉ် လူအများက ဝိုင်းဖမ်းသောကြောင့် ဘုန်းတော်ကြီးက ကျောင်းသို့ ပြန်ပြေးသည်။ ထို့နောက် မတင်အိနှင့်တကွ မိဘဆွေမျိုးများသည် ဘုန်းကြီးကျောင်းသို့ လိုက်သွားပြီး၊ ဦးဝိမလကိုမေးမြန်းသောအခါမှာ ငွေလျော်မည် ပြော၍ ၆၀ဝိ ပေးလိုက်သည်။ မတင်အိသည် ဘုန်းတော်ကြီးနှင့် ရရှိသော ပဋိသန္ဓေမှ သမီးကလေး မွေးဖွါးသည်။ ထို့ကြောင့် ကလေးစရိတ် တလလျှင် ၁၀ဝိ တောင်းခံခြင်းဖြစ်လေသည်။

ဘုန်းတော်ကြီး ဦးဝိမလက စွဲဆိုချက် အားလုံးကို ငြင်းကွယ်သည်။ ငွေ ၆၀ဝိ ပေးလိုက်ရသည် ဆိုခြင်းနှင့် ပတ်သက်၍မူ၊ အချင်းဖြစ်ပွားစဉ်က မတင်အိနှင့်တကွ ဆွေမျိုးများ လိုက်လာပြီး၊ ဦးသောင်း၏ နေအိမ်တွင် မတင်အိနှင့် ဆက်ဆံနေရာမှ ထွက်ပြေးသူမှာ မိမိဖြစ်ကြောင်း စွပ်စွဲသည်၊ မဟုတ်ကြောင်း ငြင်းကွယ်သော်လည်း သတ်မည်ဖြတ်မည် ကြိမ်းမောင်းကြသောကြောင့် ကြောက်ရွံ၍ငွေ ၆၀ဝိ ပေးလိုက်ရပါသည်ဟုဖြစ်သည်။ ထို့နောက် မကြာမီ ဤကိစ္စမှန်မမှန် သံဃာတော်များက ခုံဖွဲ့၍ စုံစမ်းစစ်ဆေးပြီး ဦးဝိမလအပေါ်တွင်အပြစ်မရှိကြောင်း ဆုံးဖြတ်ကြသည်၊ လာရောက်နားထောင်သော လူအများအား ကန့်ကွက်ရန်ရှိ မရှိ သံဃာတော်များက မေးမြန်းသောအခါတွင် မည်သူကမျှမကန့်ကွက်သောကြောင့် သာခု ၃ ကြိမ်ခေါ်၍ စုံစမ်းစစ်ဆေးခြင်းကို ရုပ်သိမ်းလိုက်သည်ဟူ၍ဖြစ်သည်။

ဦးဝိမလနှင့် မတင်အိတို့ ပေါင်းသင်း ဆက်ဆံကြကြောင်းကို မျက်မြင်သက်သေများရှိသည်။ နောက်ဆုံးအကြိမ် ဖမ်းမိသော အခါမှာ လူများဝိုင်းလိုက် သွားကြပြီးလျှင် ဦးဝိမလကို ချက်ခြင်း စွပ်စွဲကြသည်။ ထိုအချိန်တွင် ဦးဝိမလက ငွေ ၆၀ဝိ ပေးလိုက်ကြောင်း အငြင်းမထွက်ပေ၊ ငွေ ၆၀ဝိ ကိုကြောက်ရွံ၍ ပေးလိုက်ရပါသည် ဆိုသော်လည်း၊ သဘာဝအားဖြင့် သာသနာ့ဘောင်ဝင် ဘုန်းတော်ကြီး တဦးသည် မိန်းကလေးတဦးနှင့် လူအများကဝိုင်း၍ စွပ်စွဲကြသော အချိန်တွင် ကြောက်ရွံသဖြင့်

၁၉၇၅
မတင်အိ နှင့် ဦးဝိမလ။

ငွေပေးလိုက်ရသည် ဆိုခြင်းမှာ ယုတ္တိမရှိပေ၊ ထိုငွေပေးခြင်းသည် အပြစ်ရှိကြောင်း ဝန်ခံ၍ လျှော်ကြေးပေးသည့်သဘောသာ ဖြစ်နေသည်။ မတင်အိသည် ဘုန်းတော်ကြီး အပေါ်တွင် မဟုတ်မတရား စွပ်စွဲရန် အကြောင်းမရှိပေ၊ မိန်းကလေးတဦး အနေဖြင့် ဘုန်းတော်ကြီးအား လိမ်လည်စွပ်စွဲ ဝန့်မည်လည်း မဟုတ်ချေ၊ မျက်မြင်တွေ့ရှိ ကြပါသည်ဟု အစစ်ခံသော သက်သေများကလည်း ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဘုန်းတော်ကြီး အပေါ်တွင် မဟုတ်မတရားလိမ်လည် စွပ်စွဲကြလိမ့်မည် မဟုတ်ချေ။ ဦးဝိမလဘက်မှ တင်ပြသည်မှာ အချင်း ဖြစ်ပွားပြီးနောက် သံဃာတော်များ ခုံဖွဲ့၍ စစ်ဆေးပါသည်၊ မိမိအပေါ်တွင် အပြစ်မရှိဟု ဆုံးဖြတ်ကြပါသည်ဟူ၍ ဖြစ်လေသည်။ သို့ရာတွင် ယခုကိစ္စမှာ လူမှုရေးနှင့် ပတ်သက်နေသည်ဖြစ်၍ အမှားအမှန်ကို ရဟန်းသံဃာများက ဆုံးဖြတ်နိုင်ခွင့် မရှိချေ။ သံဃာတော်များအဖွဲ့က အပြစ်မရှိဟု ဆိုခြင်းသည် တရားရုံးများကဲ့သို့ နှစ်ဘက် သက်သေများကို ရေးမှတ် စစ်ဆေးခြင်း၊ ပြန်လှန်မေးခွန်းများ ပြုစေခြင်း အစရှိသည်တို့ကို ဆောင်ရွက်ခဲ့သည် မဟုတ်သောကြောင့် တရားရုံးများ အပေါ်တွင် မည်သို့မျှ အကျိုးသက်ဝင် နိုင်မည်မဟုတ်ပေ။

မတင်အိသည် ဦးဝိမလ အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ၊ လိမ်လည်၍ ကာမရယူကြောင်းလည်း စွဲဆိုသည်။ ထိုအမှုကို ပလပ်ခြင်း ခံရသည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာပုဒ်မ ၄၁၇ အရ၊ ပြစ်မှုမမြောက်ဟူ၍ ပလပ်ခြင်း ခံရပြီးနောက်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၄၈၈ (၁) အရ၊ ကလေးစရိတ်ပေးရန် သင့်မသင့်။ အကာယ်၍ပေးရန်ခွင့်ပြုခဲ့လျှင် ပုဒ်မ ၄၁၇ အရ၊ ချမှတ်ထားသော အမိန့်နှင့် ဆန့်ကျင်ခြင်းရှိ မရှိ စဉ်းစားရန်လိုပေလိမ့်မည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ သည် လိမ်လည်မှုဖြစ်၍ ဦးဝိမလသည် လူထွက်၍ လက်ထပ်ပါမည်ဟု မတင်အိကို လိမ်လည်လှည့်ဖြား၍ ကတိပေးခဲ့ခြင်းရှိ မရှိဟူသော အချက်မှာ အရေးကြီးသည်။ ဤအချက်ကို မတင်အိမှလွဲ၍ ထောက်ခံနိုင်သော သက်သေမရှိချေ။ ဘုန်းကြီးအဝတ်နှင့် ရှိနေသူက လက်ထပ်ယူပါမည်ဟု ကတိပြုလျှင်လည်း သဘာဝအားဖြင့် လူထွက်ရမည်သာဖြစ်သည်။ ယခုကဲ့သို့ ဘုန်းကြီးဝတ်နှင့် ဆက်လက်ကျူးလွန်ခြင်းကို မိန်းကလေးသည် ခွင့်ပြုမည်မဟုတ်ချေ။ မတင်အိနှင့် ဦးဝိမလတို့ ဆက်ဆံပေါင်းသင်း ကြခြင်းသည် လူထွက်၍ လက်ထပ်ပါမည်ဟူသော ကတိမရှိပဲ သဘောတူ ချစ်ကြိုက်ပျော်ပါးသည့် အခြေအနေမျိုး ဖြစ်ခဲ့လျှင် ပုဒ်မ ၄၁၇ အရ ပြစ်မှုမြောက်သည် မဟုတ်ချေ။ ယင်းပုဒ်မအရ ပြစ်မှုမမြောက်သော်လည်း နှစ်ဦးစပ်ယှက်၍ ရရှိသောကလေးသည် ဦးဝိမလ၏ ကလေးပင် ဖြစ်နိုင်သည်။ လိမ်လည်မှုတွင် အပြစ်မရသောကြောင့် ဦးဝိမလသည် ကလေးအဖေ မဟုတ်ဟု တထစ်ချပြော၍ မဖြစ်ချေ။ သာမန်အားဖြင့် မူလရုံးနှင့် ပထမအယူခံရုံးတို့မှ သဘောတူ ဆုံးဖြတ်ထားသော ကိစ္စရပ်များတွင် ဗဟိုတရားရုံး အနေဖြင့် ဝင်ရောက်

စွက်ဖက်လော့ မရှိချေ။ သို့ရာတွင် ယခုကိစ္စမှာ တရွာလုံးနှင့်တယောက် ဆိုသလို ရွာရှိလူအများတို့က ဦးဝိမလအပေါ် စွပ်စွဲလျက်ရှိပြီး၊ ယင်းစွပ်စွဲချက်များလည်း ယုတ္တိမတန်ဟု မဆိုနိုင်သောကြောင့် အောက်ရုံးများ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ရမည် ဖြစ်ပေသည်။ မူလအမှုကို စတင်စွဲဆိုသည်မှာ ၁၉၇၂ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ ဖြစ်သောကြောင့် ကလေးစရိတ်ကို ထိုနေ့မှစတင်၍ ပေးသင့်သည်။ သို့ရာတွင်တောင်း ဆိုသောကျပ် ၁၀၀ မှာလည်း များလွန်းသည်ဟု ယူဆသောကြောင့် ဦးဝိမလသည် မတင်အိအား ၁၉၇၂ ခုနှစ်၊ မေလ ၁ ရက်နေ့မှအစပြု၍ လစဉ်ကလေးစရိတ် ၅၀ ကို ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၁)အရ ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

၁၉၇၅ — မတင်အိ နှင့် ဦးဝိမလ။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
စက်တင်ဘာလ ၂၅ ရက်။

ဦးထီ ပါ (၂)
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်ရှိန်)*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀၊ လောင်းကစားကြေး ငွေများသိမ်းဆည်းထားသူက အလွဲသုံးစား ပြုလျှင် လောင်းကစားခြင်းမှ စတင်ပေါ်ပေါက်ခြင်း ဖြစ်၍ တရားစွဲခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။တရားမမှုများတွင် ပဋိညာဉ် ဥပဒေအရ အလောင်းအစားနှင့် ပတ်သက်၍ ပြုလုပ်သော သဘောတူညီချက် ပဋိညာဉ် ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းချက် ဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်မှာ ပြစ်မှုဆိုင်ရာအမှုများနှင့် မသက်ဆိုင် သူတပါးကယုံကြည် အပ်နှံထားသော ငွေကို အလွဲသုံးစား ပြုလုပ်လျှင်၊ သို့မဟုတ် ကိုယ်ကျိုးအတွက် လိမ်လည်ရယူလျှင် ပြစ်မှုကျူးလွန်ရာ ရောက်သည်။ တရားမဝင်သော နွားလှည်းပြိုင်ပွဲအတွက် လောင်းကြေး ငွေများဖြစ်၍ ပြစ်မှုမထိုက်ဟုမဆိုနိုင်၊ တရားစွဲခွင့်ရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။အကျိုးဆောင် ကိုယ်စား၊ ဦးမင်းကို ဦးသန်းတင် ၂။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ဦးဘရွှေ။

သဲကုန်းမြို့၊ မိုးကောင်းကျောင်း ဘုန်းကြီးပျံပွဲတွင် လှည်းယာဉ်ပြိုင်ပွဲ ကျင်းပ ပြုလုပ်ခဲ့၍၊ အောင်လံမှ လှည်းယာဉ်နှင့် ဝက်ဘီးကန်မှ လှည်းယာဉ်တို့ ယှဉ်ပြိုင်ရာတွင် နှစ်ဘက်လောင်းကြေးငွေ ၂၀,၀၀၀ ကျပ် ကျော်ကို အတွင်းရေးမှူးဖြစ်သော လျှောက်ထားသူ ဦးထီးကို ပေးအပ်ထားသည်။ ပြိုင်ပွဲ ပြုလုပ်ပြီးနောက် အနိုင်အရှုံးနှင့် ပတ်သက်ပြီး အရှုပ် အရှင်း ဖြစ်ပေါ်နေစဉ် ဦးထီက လောင်းကြေး ငွေများကို

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၂(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့စွဲပါ ပဲခူးတိုင်း (သဲကုန်းမြို့နယ်ရုံးထိုင်)၊ တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ရဲစခန်းသို့ သွားရောက်ပေးအပ်ထားမည်ဟု ပြောပြီး ထွက်သွားသည်။ ဦးထီသည် ထိုငွေကို ရဲစခန်းသို့ မပေးအပ်ဘဲ ဦးစိန်မောင်နှင့် ပူးပေါင်း၍ ကိုယ်ကျိုးအဖြစ် သုံးစွဲထားကြောင်း အကြောင်းပြ၍ ဦးထီနှင့် ဦးစိန်မောင်သို့အပေါ် ပူးပေါင်း ကြံစည်၍ လိမ်လည်မှု အလွဲသုံးစားမှုတို့ဖြင့် တရားစွဲဆိုသည်။ မြို့နယ်တရားရုံးက တရားလိုပြသက်သေများကို စစ်ဆေးပြီး စွဲချက်တင်ရာ ထိုစွဲချက်ကို ပယ်ဖျက်ပေးရန် အတွက် တိုင်းရုံးသို့ ပြင်ဆင်မှု တင်သွင်းသော်လည်း မအောင်မြင် ဗဟိုတရားရုံးသို့ ရောက်ရှိလာသော အမှုဖြစ်လေသည်။

၁၉၅၅

ဦးထီ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးအောင်ရှိန်)

လျှောက်ထားသူက လောင်းကြေးငွေများကို အနိုင်ရရှိသည်ဟု ဆုံးဖြတ်သော အောင်လံ လှည်းယာဉ်အဖွဲ့သို့ ပေးလိုက်ပြီဖြစ်ကြောင်း ဤအမှုမှာနိုင်ငံတော်အစိုးရက တားမြစ်ပိတ်ပင်ထားသော လောင်းကစားခြင်းမှ စတင်ပေါ်ပေါက်ရသည် ဖြစ်၍ တရားစွဲဆိုခွင့်မရှိကြောင်း အကြောင်းပြ၍ လျှောက်ထားခြင်း ဖြစ်လေသည်။

တရားမမှုများတွင် ပဋိညာဉ်ဥပဒေအရ အလောင်းအစားနှင့် ပတ်သက်၍ ပြုလုပ်သောသဘောတူညီချက်ပဋိညာဉ်မှာ ပျက်ပြယ်သည်ဟူ၍ ပြဋ္ဌာန်းချက်ရှိကြောင်း မှန်ပေသည်။ သို့ရာတွင် ယင်းပြဋ္ဌာန်းချက်မှာ ပြစ်မှုဆိုင်ရာအမှုများနှင့် သက်ဆိုင်ခြင်း မရှိချေ။ သူတပါးက ယုံကြည်အပ်နှံထားသောငွေကို အလွဲသုံးစားပြုလုပ်လျှင်၊ သို့မဟုတ် ကိုယ်ကျိုးအတွက် လိမ်လည်ရယူလျှင် ပြစ်မှုကျူးလွန်ရာ ရောက်ပေသည်။ ဤအမှုတွင် တရားမဝင်သော နွားလှည်းပြိုင်ပွဲအတွက် လောင်းကြေးငွေများဖြစ်၍ ပြစ်မှုမထိုက်ဟု မဆိုနိုင်ချေ။ လျှောက်ထားသူက မိမိထံတွင် အပ်နှံထားသော လောင်းကြေးငွေများကို အနိုင်ရရှိသော အောင်လံလှည်းယာဉ်သို့ ပေးပြီး ဖြစ်သည်ဟူသော တင်ပြချက်ကိုလည်း စွဲချက်ဖြေရှင်းသောအခါတွင် ဖော်ပြရန် ဖြစ်သည်။ ယခုအခြေအနေအရ စွဲချက်ကို ပယ်ဖျက်ပေးရန် အကြောင်း မပေါ်ပေါက်သောကြောင့် လျှောက်လွှာကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဇေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ——— စက်တင်ဘာလ ၂၇ ရက်။

ဦးတော်ကြီး ပါ ၇ ဦး

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ (၁) (ဂ)၊ ၁၉၁ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ (၁)(ဂ)အရ တရားရုံးက တရားခံသစ်များ ဖြည့်စွက်ထည့်သွင်းအရေးယူရန် အမိန့်ချခြင်း၊ ဖြည့်စွက် အရေးယူခံရသည့် တရားခံသစ်များအား ယင်းဥပဒေပုဒ်မ ၁၉၁ ပါ ပြဋ္ဌာန်းချက်အတိုင်း အခြားတရားစီရင်ရေး အဖွဲ့တဖွဲ့ဖြင့် စစ်ဆေးရန် တောင်းဆိုပိုင်ခွင့်ရှိကြောင်း ရှင်းလင်းပြောပြခြင်းမရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားစီရင်ရေး အဖွဲ့သည် အမှုတွင် တင်ပြသော သက်သေခံ အထောက်အထားများအရ အခြားသူများလည်း အမှု၌ ညီစွန်းပါဝင်နေကြောင်း တွေ့ရှိလျှင် ယင်းတို့အား တရားခံများ အဖြစ် ဖြည့်စွက်အရေးယူပိုင်ခွင့် ရှိသည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ (၁)(ဂ) ၌ ပြဋ္ဌာန်းထားပေသည်။ ထိုစီရင်ပိုင်ခွင့်ကို ကျင့်သုံးလျက် မူလတရားစီရင်ရေးအဖွဲ့က လျှောက်ထားသူများအား တရားခံများအဖြစ် ဖြည့်စွက် အရေးယူရန် ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်သည်။ သို့ရာတွင် မူလတရားစီရင်ရေး အဖွဲ့၏ ဆက်လက်စစ်ဆေးခြင်းကို မလိုလားလျှင် အခြားတရားစီရင်ရေး အဖွဲ့တဖွဲ့ဖြင့် စစ်ဆေးစေရန် တောင်းဆိုပိုင်ခွင့်ရှိကြောင်းကို မူလတရားစီရင်ရေး အဖွဲ့က ဖြည့်စွက်ခြင်းခံရသည့် တရားခံများအား ရှင်းပြခဲ့ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၁ ၏ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးမြင့်ဦး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးတင်အုံး။

၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ ည ၁၂ နာရီအချိန်ခန့်တွင် သောင်းကျန်းသူ ဗိုလ်မြသွေး ခေါင်းဆောင်သော လက်နက်ကိုင် လူဆိုး ၁၅ ဦးခန့်သည်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃ဂ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၅

ဦးတော်ကြီး ပါ ၇ ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ပဲခူးမြို့နယ်၊ ဝင်းဘော်ကျေးရွာ သမဝါယမ အသင်းဆိုင်မှ စုစုပေါင်း ငွေ ၁,၄၅၇ ကျပ် ၇၃ ပြားတန်သော ပစ္စည်းများ၊ ဆိုင်တာဝန်ခံ ဦးညိုထံမှ ရောင်းရငွေ ၄၀၀ ကျပ်နှင့် ငွေထိန်း ဦးမြစိန်ထံမှ ငွေ ၂,၇၁၈ ကျပ် ၉၅ ပြား တို့ကို မှားပြတိုက်ယူသွားသည်။ ထိုငွေ ၂၇၁၈ ကျပ် ၉၅ ပြားကို ဥက္ကဋ္ဌ ဦးခန့်သည် ဘဏ်သို့ အချိန်မီ မသွင်းခဲ့သောကြောင့် ဆုံးရှုံးရခြင်းဖြစ်သည်ဟု စွပ်စွဲလျက် ဦးခန့်အား ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်း ဥပဒေ၊ နောက်ဆက်တွဲ ဇယား ၂၊ အမှတ်စဉ် ၅ အရ ပဲခူးမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၄၉/၇၃ သတ်မှတ်၍ တရားစွဲဆိုခဲ့သည်။ ထိုအမှု၌ တရားလိုပြသက်သေ ၆ ဦးအား စစ်ဆေးပြီးနောက် မြို့နယ်တရားရုံးက အချင်းဖြစ်ကိစ္စတရပ်လုံးနှင့် ပတ်သက်၍ ဥက္ကဋ္ဌ ဦးခန့်သာမက၊ ဝင်းဘော်ကျေးရွာ သမဝါယမအသင်း အမှုဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးတော်ကြီး၊ အတွင်းရေးမှူး ဦးဝင်းရွှေ၊ တွဲဖက်အတွင်းရေးမှူး ဦးဘိုးသိမ်း၊ ငွေထိန်း ဦးမြစိန်၊ အမှုဆောင် ဦးနီတွတ်၊ ဦးအောင်ငြိမ်းနှင့် ဆိုင်တာဝန်ခံ ဦးညို တို့ပါ တာဝန်ရှိသည်ဟု ယူဆလျက် ထိုသူများအား ဤအမှု၌ တရားခံများအဖြစ် ထည့်သွင်းစွဲဆိုရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀(၁) (ဂ) အရ အမိန့်ချမှတ်ခဲ့သည်။ ထိုကဲ့သို့ တရားခံများအဖြစ် စွဲဆိုခြင်းခံရသော ဦးတော်ကြီးပါ ၇ ဦး တို့က မကျေနပ်၍ ပဲခူးမြို့ရှိ ပဲခူးတိုင်း တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခဲ့သည်။ ပဲခူးတိုင်းတရားရုံးက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆/၇၃ သတ်မှတ်ကြားနာ၍ ယင်းလျှောက်လွှာကို ပလပ်လိုက်သောကြောင့် ဦးတော်ကြီး ပါ ၇ ဦးတို့က အောက်ရုံး အမိန့်ကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ ထပ်မံ၍ လျှောက်ထားကြခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ တင်ပြချက်မှာ မူလမှုကို စစ်ဆေးခဲ့သော တရားစီရင်ရေး အဖွဲ့သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀(၁)(ဂ) အရ လျှောက်ထားသူများ အပေါ် အရေးယူခဲ့စဉ်က မိမိတို့တရားစီရင်ရေးအဖွဲ့မှအပ အခြားတရားစီရင်ရေး အဖွဲ့တဖွဲ့ဖြင့် စစ်ဆေးစေရန် လျှောက်ထားသူများက တောင်းဆိုပိုင်ခွင့် ရှိကြောင်း မပြောသဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၁ ၏ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း၊ ထို့ကြောင့် မူလရုံး၏အမိန့်သည် ပျက်ပြယ်ပါကြောင်း၊ ထိုအမိန့်ကို အတည်ပြုသော တိုင်းတရားရုံး၏ အမိန့်သည်လည်း ဥပဒေအရ မှားယွင်းပါကြောင်း တင်ပြသည်။

တရားစီရင်ရေးအဖွဲ့သည် အမှုတွင်တင်ပြသော သက်သေခံ အထောက်အထား များအရ အခြားသူများလည်း အမှု၌ ညိစွန်းပါဝင်နေကြောင်း တွေ့ရှိလျှင် ယင်းတို့ အား တရားခံများအဖြစ်ဖြည့်စွက် အရေးယူပိုင်ခွင့်ရှိသည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ (၁)(ဂ) ၌ ပြဋ္ဌာန်းထားပေသည်။ ထိုစီရင်ပိုင်ခွင့်ကို ကျင့်သုံးလျက်

၁၉၇၅

ဦးတော်ကြီး ပါ ၇ ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

မူလတရားစီရင်ရေးအဖွဲ့က လျှောက်ထားသူများအား တရားခံများအဖြစ် ဖြည့်စွက် အရေးယူရန် ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေ ပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်။ သို့ရာတွင် မူလတရားစီရင်ရေးအဖွဲ့၏ ဆက်လက်စစ်ဆေးခြင်းကို မလိုလားလျှင် အခြား တရား စီရင်ရေး အဖွဲ့တဖွဲ့ဖြင့် စစ်ဆေးရန် တောင်းဆိုပိုင်ခွင့် ရှိကြောင်းကို မူလတရားစီရင်ရေး အဖွဲ့က ဖြည့်စွက်ခြင်းခံရသည့် တရားခံများအား ရှင်းပြခဲ့ခြင်း မရှိသောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၁ ၏ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။

သို့ရာတွင် ယခုအခါ မူလတရားစီရင်ရေးအဖွဲ့ မရှိတော့ဘဲ၊ ၎င်း၏နေရာတွင် ပြည်သူ့တရားစီရင်ရေးအဖွဲ့သစ် ရောက်လာပြီ ဖြစ်သောကြောင့် လျှောက်ထားသူ များသည် ဥပဒေကပေးသော အခွင့်အရေးကို အလိုအလျောက် ရရှိကြလေပြီ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။ လျှောက်ထားသူများပါဝင်သော အမှုကို ပဲခူးမြို့နယ် တရားရုံးကပင် စစ်ဆေးစီရင်ရန်ဖြစ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးသန့်စင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဓမ္မကောသရ

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ဦးနန္ဒသာရ ပါ ၉ ဦး*

† ၁၉၇၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ တလအတွင်း အမိန့်ချမှတ်ခဲ့ခြင်း မရှိခဲ့ ယင်းကိစ္စမျိုးတွင် တရားရုံးမှ အိမ်ခန်းလက်လွှတ်ခံရသူအား အိမ်ခန်းကို ပြန်လည်ပေးအပ်ရန် အမိန့်ချပိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၅၂၂ (၁) သည် မူလရုံးနှင့် သက်ဆိုင်၍အချိန်ကာလကန့်သတ်ချက် ထားရှိသော်လည်း ကျင့်ထုံးပုဒ်မ ၅၂၂(၃) တွင် အချိန်ကန့်သတ်ချက်မရှိ။ ထို့ကြောင့် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုများတွင် ကျင့်ထုံးပုဒ်မ ၅၂၂(၃) အရ ပစ္စည်းလက်လွှတ်ခံရသူအား ပစ္စည်းကို ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင်၊ ဦးရဲထွဋ်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘသန်း။
အကျိုးဆောင်၊ ဦးကေသန်း။

လျှောက်ထားသူ ဦးဓမ္မကောသရ သီတင်းသုံးရာ၊ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရှိ ကတိုးကျောင်းတိုက်သို့ လျှောက်ထားခံရသူ ဦးနန္ဒသာရ ပါ-၉ ဦးတို့သည် ဧည့်သည်များအဖြစ် လာရောက် သီတင်းသုံးကြပြီးနောက်၊ လျှောက်ထားသူကို ခြိမ်းခြောက်၍ ကျောင်းမှ ထွက်ခွာစေသည်ဟု မော်လမြိုင်မြို့နယ် တရားရုံးက၊ တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၁ အရ၊ (၆) လအတွင်း ခံဝန်ချုပ်ဖြင့် ကောင်းမွန်စွာ နေထိုင်စေရန် အမိန့်ချမှတ်ခဲ့သည်။

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၅၀၂(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၂(မ) တွင်၊ ချမှတ်သော ၁၉၇၃ခုနှစ်၊ အောက်တိုဘာ ၁လ ၂၀ ရက်နေ့စွဲပါ မော်လမြိုင်မြို့ တိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးမမ္မကေသရ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
ဦးနန္ဒသာရ
ပါ ၉ ဦး။

ဤသို့ တရားခံများအပေါ် အပြစ်ဒဏ် သတ်မှတ်သော အမိန့်ကို ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ချမှတ်ပြီး၊ ဦးမမ္မကေသရက ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် တရားခံများအား၊ အချင်းဖြစ်ကျောင်းတိုက်မှ ဖယ်ရှားပေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၅၂၂ (၁) အရ လျှောက်ထားသည်။ ကျင့်ထုံး ပုဒ်မ ၅၂၂ (၁) တွင် ပိုင်နက်ကျူးလွန်သူအပြစ်ရရှိပြီးသည့်နေ့မှ တလအတွင်း ပစ္စည်းလက်လွှတ်ခံရသူအား ပစ္စည်းပြန်လည်လက်ရောက်ပေးအပ်ရန် ပြဋ္ဌာန်းထားသည်။ ယင်းလျှောက်လွှာကို ခွင့်ပြုကြောင်း ၁၉၇၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် အမိန့်ချသည်။ ထို့ကြောင့် တရားခံများ အပြစ်ပေးခံရသော ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ခွင့်ပြုမိန့် ချမှတ်သော နေ့မှာ ရက်ပေါင်း (၉၀) ကျော်အချိန်ကြာမြင့်လျက်ရှိသည်။ အမှန်အားဖြင့် ဤအမိန့်မျိုးကို အချိန်တလအတွင်း ချမှတ်ရမည်သာဖြစ်သည်။ ထို့ကြောင့် တိုင်းရုံးသို့ တရားခံများက ပြင်ဆင်မှုတက်သောအခါတွင် ကာလစည်းကမ်းသတ်အချိန် ကျော်လွန်သည်ဟူ၍ မူလရုံးအမိန့်ကို ပယ်ဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၅၂၂ (၁) အရ၊ ပြစ်ဒဏ်ထင်ရှား စီရင်သည့်နေ့မှ တလအတွင်း တရားရုံးက ပစ္စည်းကို မတရားလက်လွှတ်ခံရသူထံ ပြန်ပေးရန် အမိန့်ချမှတ်သင့်လျှင် ချမှတ်ရမည်ဖြစ်ပေသည်။ သို့ရာတွင် မူလရုံးသည် တရားခံများအား ပြစ်ဒဏ်ပေးသော အချိန်တွင် မတရားလက်လွှတ်ခံရသူထံသို့ ပစ္စည်းကို ပြန်လည် လက်ရောက်ပေးအပ်ရန် အမိန့်ထည့်သွင်းချမှတ်ခဲ့ခြင်း မပြုခဲ့ချေ။ လျှောက်ထားသူက လျှောက်လွှာတင်သောအခါမှ လက်ခံစဉ်းစား၍ ရက်ပေါင်း (၉၀) ကျော်ကြာမြင့်ပြီးမှ အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ လွဲမှားချက်ရှိသည်။ သို့ရာတွင် တရားခံများသည် သူတပါးကျောင်းတိုက်အတွင်း အဓမ္မကျူးကျော် နေထိုင်ခြင်းပြုလုပ်သည်ဟူ၍ တရားရုံးက အပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်သောကြောင့် ဤသို့အပြစ်ဒဏ်ပေးခြင်းခံရသူများအား၊ ပစ္စည်းလက်ရောက်ပေးအပ်သော သဘောဖြစ်နေလျှင် မျှတမှုရှိမည်မဟုတ်ချေ။ **တရားရုံးများသည်** ဥပဒေပါ သတ်မှတ်ချက်များကို စဉ်းစားသောအခါတွင် တရားမျှတမှု ရှိမရှိကိုပါ၊ ပူးတွဲစဉ်းစားရန် လိုအပ်ပေသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၅၂၂ (၁) သည် မူလရုံးနှင့် သက်ဆိုင်၍ အချိန်တလခန့် ကန့်သတ်ချက်ထားရှိသော်လည်း၊ ကျင့်ထုံး ပုဒ်မ ၅၂၂(၃) မှာ အယူခံသို့မဟုတ် ပြင်ဆင်မှုများနှင့် သက်ဆိုင်ပြီး၊ အချိန်ကန့်သတ်ချက်မရှိချေ။ ထို့ကြောင့် တိုင်းရုံးအမိန့်ကို ပယ်ဖျက်၍၊ ကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၃) အရ၊ အချင်းဖြစ်၊ ကတိုးကျောင်းတိုက်ကို လျှောက်ထားသူအား လက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

အဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပေါက်စ (ခေါ်) ဖေဝင်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၅ အောက်တိုဘာ လ ၁ ရက်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂/၃၀၂(၁)(ဂ) လုယက်ပြီး လူသတ်ခြင်း လူသတ်မှုနှင့် ပတ်သက်၍ သေဒဏ်မှအပ အခြားပြစ်ဒဏ် သတ်မှတ်နိုင် မနိုင်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ စွဲချက်တွင် နေ့ရက်မှားယွင်းလာမှု နှင့် အမှုကိုတဖန် ပြန်စစ်ဆေးရန်သင့် မသင့် တရားဥပဒေတိမ်းစောင်းခြင်း အယူခံ တရားလိုတွင် နစ်နာမှုရှိသည် မဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုမှာ မျက်မြင်သက်သေ မရှိသည့်မှုလွှဲ၍ အယူခံ တရားလို ပြစ်မှု ကျူးလွန်ကြောင်း သက်သေခံ အထောက်အထားများ ကွင်းဆက်မပြတ်ရှိနေပြီး အပြစ်ရှိကြောင်း ဝန်ခံထားသော အမှု ဖြစ်သည်။ ထို့ကြောင့် ပြစ်ဒဏ်အနည်းအများကိုစဉ်းစားလျှင် လုယက်မှုနှင့် ပတ်သက်၍ အပြစ်ဒဏ်ကို လျော့ပေါ့စဉ်းစားနိုင်သော်လည်း လူသတ်မှုနှင့် ပတ်သက်၍ သေဒဏ်မှအပ၊ အခြားပြစ်ဒဏ်သတ်မှတ်ရန် မဖြစ်နိုင်။

ထပ်မံဆုံးဖြတ်ချက်။ ။ယခု အမှုတွင် အယူခံတရားလိုအပေါ် စွဲချက်တင်သော အခါမှာ နေ့စွဲကို ၁၉၇၃ ခု၊ နိုဝင်ဘာလ ၁၄ ရက်ဟူ၍ ဖော်ပြရမည့်အစား၊ ၁၉၇၃ ခု၊ နိုဝင်ဘာလ ၁၅ ရက်ဟု ဖော်ပြသည့်မှုလွှဲ၍ အမှုဖြစ်ပျက်သည့် အကြောင်းအရာများအားလုံး ပြည့်စုံစွာ ဖော်ပြထားကြောင်း တွေ့ရသည်။ အယူခံတရားလိုက စွဲချက်ကို အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် မိမိပြစ်မှုကျူးလွန်ခဲ့သည့်ကိစ္စရပ် အားလုံးကို သိရှိနားလည်သောကြောင့် ဝန်ခံသည်ဟု ကျွန်ုပ်တို့ယူဆသည်။ ထို့ကြောင့် စွဲချက်တွင် နေ့ရက်မှားယွင်းကာမျှနှင့် တရားဥပဒေတိမ်းစောင်းခြင်း ဖယူခံတရားလိုအပေါ်တွင် နစ်နာမှုရှိစေခြင်းများ ဖြစ်သည်ဟု မဆိုနိုင်ချေ။ အယူခံကိုပယ်၍ သေဒဏ်ကိုအတည်ပြုသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင်၊ ဦးတင်ရီ။

အယူခံတရားခံအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘသန်း။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၄၁။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၄၉၀ တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့စွဲပါ ကျောက်ဖြူမြို့နယ် တရားရုံး၏ အမိန့်ကိုအယူခံဝင်မှု။

၁၉၇၅

ပေါက်စ (ခေါ်) ဖေဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်

အယူခံတရားလို ပေါက်စ (ခေါ်) ဖေဝင်းသည် သေဆုံးသူ မထွေးကြည် အသက် (၁၁) နှစ်၏ အိမ်သားများနှင့် ခင်မင်ရင်းနှီးသူ ဖြစ်သည်။ အချင်းဖြစ်ပွားသည့် နေ့က မထွေးကြည်သည် ကျောင်းဆင်းချိန် ညနေ ၃ နာရီကျော်တွင် အိမ်သို့ ပြန်မလာသောကြောင့်၊ မထွေးကြည်၏ အဖေ ဦးကျော်အောင် နှင့် အစ်ကို သာထွန်းအောင် တို့က လိုက်လံ ရှာဖွေ သော်လည်း မတွေ့ ရှိချေ။ မထွေးကြည်ကို ပေါက်စ (ခေါ်) ဖေဝင်းနှင့်အတူ ညနေ (၃) နာရီ အချိန်ခန့်မှာ မြင်လိုက်ကြောင်း တွေ့မြင်သူများက ပြောသောကြောင့်၊ ပေါက်စကို ခေါ်ယူမေးမြန်းသော်လည်း မသိကြောင်း ပြောဆိုလေသည်။ နောက်တနေ့နံနက်တွင်လည်ပင်းအညစ်ခံရသော ဒဏ်ရာဖြင့် သေဆုံးနေသော မထွေးကြည်၏ အလောင်းကို ဆေးရုံအနီးရှိ ဆူးခြုံတောထဲ၌ တွေ့ရသည်။ ကလေးမတွင်ဝတ်ဆင်ထားသော ရွှေဆွဲကြိုးနှင့် နားကပ်တို့လည်း မရှိတော့ချေ။ မထွေးကြည်နှင့် ပေါက်စတို့ အတူသွားလာသည်ကို တွေ့မြင်လိုက်သော သက်သေများရှိနေသောကြောင့်၊ ပေါက်စကို ရဲစခန်းတွင် ခေါ်ယူစစ်ဆေးသောအခါမှ ပေါက်စ၏ပြောပြချက်အရ၊ မထွေးကြည်၏ ရွှေဆွဲကြိုးနှင့် နားကပ်ကို ပြန်လည်သိမ်းဆည်း ရမိလေသည်။ ရွှေဆွဲကြိုးကို ပေါက်စထံမှ အဆင့်ဆင့်ဝယ်ယူသော ဦးဝပေါ် ချေဆိုသူထံမှ ပြန်လည်ရရှိသည်။ နားကပ်ကို ပေါက်စ၏ နေအိမ်ခေါင်မိုးပေါ်မှ ပြန်လည်ရရှိသည်။ ထို့ကြောင့် ပေါက်စ (ခေါ်) ဖေဝင်းအား လူသတ်မှု၊ လုယက်မှုတို့ဖြင့် တရားစွဲ၍၊ စွဲချက်တင်သော အခါတွင် အပြစ်ရှိကြောင်း ဝန်ခံသောကြောင့်၊ လူသတ်မှုအတွက် သေဒဏ်၊ လုယက်မှုအတွက် ထောင်ဒဏ် (၁၁) နှစ် ပြစ်ဒဏ်ချမှတ်ခဲ့လေသည်။

အမှုမှာ မျက်မြင် သက်သေမရှိသည်မှလွဲ၍၊ အယူခံတရားလို ပြစ်မှု ကျူးလွန်ကြောင်း သက်သေခံ အထောက်အထားများ ကွင်းဆက်မပြတ် ရှိနေပြီး အပြစ်ရှိကြောင်း ဝန်ခံထားသော အမှုဖြစ်သည်။ ထို့ကြောင့် ပြစ်ဒဏ်အနည်းအများကို စဉ်းစားလျှင် လုယက်မှုနှင့် ပတ်သက်၍ အပြစ်ဒဏ်ကို လျော့ပေါ့ စဉ်းစားနိုင်သော်လည်း၊ လူသတ်မှုနှင့် ပတ်သက်၍ သေဒဏ်မှအပ၊ အခြားပြစ်ဒဏ် သတ်မှတ်ရန် မဖြစ်နိုင်ချေ။

အမှုတွဲကို လေ့လာသောအခါတွင် စွဲချက်နှင့်ပတ်သက်၍ ချို့ယွင်းချက်တွေ့ရသည်။ မထွေးကြည်ကိုသတ်၍ ဆွဲကြိုးနှင့် နားကပ် လုယူသောနေ့မှာ ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်ဖြစ်သော်လည်း၊ စွဲချက်တွင် ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်ဟူ၍ ဖော်ပြထားသောကြောင့်၊ ဤချို့ယွင်းချက်များအရ အမှုကို တဖန်ပြန်လည်စစ်ဆေးရန် သင့်မသင့် စဉ်းစားရန်ရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ တွင် ဆင့်ခေါ်စာထုတ်ခြင်း၊ ဝါရမ်းထုတ်ခြင်း၊ စွဲချက်တင်ခြင်း စသည်ဖြင့် အမှုစစ်ဆေးရာတွင် ချို့ယွင်းချက်ရှိလျှင် မည်သည့်အခါမျိုးမှာ အမှုကို အသစ်တဖန်ပြန်လည်စစ်ဆေးရန်လိုကြောင်း

၁၉၇၅

ပေါက်စ (ခေါ်) ဖေဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်။

ဖော်ပြပါရှိသည်။ ယခုအမှုတွင် အယူခံတရားလိုအပေါ် စွဲချက်တင်သောအခါမှာ နေ့စွဲကို ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်ဟူ၍ ဖော်ပြမည့်အစား ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်ဟု ဖော်ပြသည်မှလွဲ၍၊ အမှုဖြစ်ပျက်သည့် အကြောင်းအရာများအားလုံးပြည့်စုံစွာ ဖော်ပြထားကြောင်း တွေ့မြင်ရသည်။ စွဲချက်တွင် သဘော်ဆိပ်ရပ်ကွက်သေဆုံးသူ မထွေးကြည်ထံမှ ရွှေဆွဲကြိုးတကုံးနှင့် ကျောက်ဖြူနားကပ်တရံ လုယူကြောင်း ဖော်ပြခြင်းနှင့် ရွှေဆွဲကြိုးနှင့် ကျောက်ဖြူနားကပ်တရံကို လုယူပြီး မထွေးကြည်အား လည်ပင်းညှစ်၍ သတ်ကြောင်း ဖော်ပြထားခြင်းတို့မှာ အမှုဖြစ်ပျက်သောအကြောင်းခြင်းရာတို့ကို အယူခံတရားလိုအား ပြည့်စုံစွာ သိရှိစေနိုင်ခြင်းဖြစ်သည်။

စွဲချက်တင်သောအချိန်တွင် အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သောအကျိုးဆောင်လည်း ရှိနေသောကြောင့်၊ အယူခံတရားလိုက စွဲချက်ကို အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် မိမိပြစ်မှုကျူးလွန်ခဲ့သည့် ကိစ္စရပ်အားလုံးကို သိရှိနားလည်သောကြောင့် ဝန်ခံသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် စွဲချက်တွင် နေ့ရက်မှားယွင်းကာမျှနှင့် တရားဥပဒေတိမ်းစောင်းခြင်း၊ အယူခံတရားလိုအပေါ်တွင် နစ်နာမှုရှိစေခြင်းများဖြစ်သည်ဟု မဆိုနိုင်ချေ။

ပြစ်ဒဏ် ချမှတ်ခြင်းနှင့်ပတ်သက်၍ စဉ်းစားလျှင်၊ အယူခံတရားလိုသည် မိမိနှင့်ခင်မင်ရင်းနှီးသော ကလေးငယ်တဦးအား သွေးဆောင်ခေါ်ယူပြီး၊ သတ်ဖြတ်လုယက်ခြင်းဖြစ်သောကြောင့်၊ သက်ညှာစွာစဉ်းစားရန်အကြောင်းမရှိချေ။ မည်သို့ပင်ဆိုစေအပြစ်ရှိကြောင်း ဝန်ခံထားသည့် အမှုဖြစ်သောကြောင့် လူသတ်မှုနှင့် ပတ်သက်၍သေဒဏ်မှအပ အခြားပြစ်ဒဏ်ချမှတ်ခြင်း မပြုနိုင်၊ လုယက်မှုနှင့် ပတ်သက်၍လည်း၊ လူသတ်မှုကျူးလွန်ရန်အတွက် ကလေးငယ်တဦး၏ အသက်သတ်ဖြတ်ခဲ့သည်ဖြစ်သောကြောင့်၊ အပြစ်ဒဏ်လျှော့ပေါ့စဉ်းစားရန် အကြောင်းမရှိ၍၊ အယူခံကိုပယ်၍ သေဒဏ်ကို အတည်ပြုလိုက်သည်။

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးစိုးလှိုင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၅ အောက်တိုဘာလ ၈ ရက်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ဆွန်ဒရှန်း*

မူးယစ်ထုံထိုင်း သေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေအရ အရေးယူခြင်း တရားခံထံမှ တွေ့ရှိခြင်းမှန် မမှန် ကွင်းဆက်မပြတ် သက်သေခံ အထောက်အထား လိုအပ်ခြင်း၊ တွေ့ရှိသော အထုပ်မှာ ဆေးခြောက်ထုပ် ဟုတ်မဟုတ် စစ်ဆေးချက် အစီရင်ခံစာရုံးသို့ တင်ပြရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် ဥပဒေအရ တရားခံထံမှ ဆေးခြောက်ထုပ်တွေ့ရှိခြင်း မှန် မမှန် သက်သေခံ အထောက်အထား ပြည့်စုံရန်လိုအပ်သည့်အပြင် တွေ့ရှိသော ဆေးခြောက်ထုပ်မှာ မူးယစ်ထုံထိုင်း သေးဖြစ်စေတတ်သော ဆေးဝါးအစစ်အမှန်ဟုတ် မဟုတ် သက်ဆိုင်ရာဥပဒေပုဒ်မ ၅၇ အရ၊ စစ်ဆေးချက်နှင့် အစီရင်ခံစာကို တရားရုံးတွင် တင်ပြရန်လိုအပ် ပေလိမ့်မည်။ ယို့ကြောင့် မူးယစ်ထုံထိုင်း သေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)အရ ထောင်ဒဏ် ၅ နှစ် အပြစ်ပေးထားသော စီရင်ချက်နှင့် အမှုကို ပယ်ဖျက်လိုက်သည်။ အမှုကို ဥပဒေအရ အသစ်တဖန် ပြန်လည်စစ်ဆေးစေ ။

လျှောက်ထားသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးတင်အုံး။

လျှောက်ထားခံရသူအတွက်။ ။မည်သူမှမလာ။

ဆွန်ဒရှန်း ဆိုသူအပေါ်တွင် ခမော်လမြိုင် မြို့နယ် တရားရုံးက မူးယစ်ထုံထိုင်း သေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ၊ ထောင်ဒဏ် ၅ နှစ် အပြစ်ဒဏ် ပေးခြင်းနှင့် ပတ်သက်၍ အမှုကို ပယ်ဖျက် ပေးနိုင်ရန် မော်လမြိုင်မြို့နယ် ပြည်နယ် တရားရုံးက ထောက်ခံ တင်ပြခြင်း ဖြစ်၍၊ အမှုဖြစ် ပွားပုံမှာ ၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ညနေ ၆ နာရီခန့်အချိန်တွင် ဆွန်ဒရှန်း

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၄၉။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၄၅(မ) အမှုကိုပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ၅၆၁(က)အရ လိုအပ်သလိုဆောင်ရွက်ပေးရန် မော်လမြိုင် ပြည်နယ်ရုံးကတင်ပို့ခြင်း။

၁၉၇၅

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နှင့် ဆွန်ဒရှန်း။

သည် အရက်မူးပြီးဆူပူနေသောကြောင့် ရဲများကဖမ်းဆီးသောအခါတွင် ထိုသူ၏အနီး၌ ဆေးခြောက် ၁ ကျပ်သား အထုပ်တွေ့ရသည်ဟူ၍ တရားစွဲဆိုတင်ပို့ခြင်းဖြစ်သည်။

ပြည်နယ်ရုံးက ထောက်ခံတင်ပြသော အချက်များမှာ ဖမ်းမိသော ဆေးခြောက်ထုပ်အတွက် ဓာတုဗေဒစစ်ချက်အစီရင်ခံစာမရှိခြင်း၊ ဆေးခြောက်ထုပ်သည် ဆွန်ဒ ရှန်းထံမှ သိမ်းဆည်းရမိကြောင်း ပေါ်လွင်အောင် စစ်ဆေးချက်မရှိခြင်း၊ မျက်မြင်သက်သေများကို ကွင်းဆက်မပြတ် စစ်ဆေးရန်လိုနေခြင်း စသည်တို့ဖြစ်သည်။

မူးယစ်ဆိုးသွင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၂ (ဂ) အရ "လက်ဝယ်ထားရှိခြင်း" ဆိုသည်မှာ ကိုယ်ခန္ဓာပေါ်၌ ထားရှိခြင်း၊ သို့မဟုတ် နေအိမ်ဥပစာများ စသည်တို့၌တွေ့ရှိခြင်းဟူ၍ ဖော်ပြထားသောကြောင့် ယခုအမှုတွင် ဥပဒေအရ ဘာရားခံထံမှဆေးခြောက်ထုပ် တွေ့ရှိခြင်း မှန် မမှန် သက်သေခံအထောက် အထားပြည့်စုံရန်လိုအပ်သည့်အပြင်၊ တွေ့ရှိသော ဆေးခြောက်ထုပ်မှာ မူးယစ်ဆိုးသွင်း ဘေးဖြစ်စေတတ်သောဆေးဝါးအစစ်အမှန် ဟုတ် မဟုတ်၊ သက်ဆိုင်ရာ ဥပဒေပုဒ်မ ၅၇ အရ စစ်ဆေးချက်နှင့် အစီရင်ခံစာကို တရားရုံးတွင် တင်ပြရန်လိုအပ်ပေလိမ့်မည်။ ထို့ကြောင့် ပြည်နယ်ရုံး၏ထောက်ခံတင်ပြချက်ကို လက်ခံပြီး၊ တရားခံဆွန်ဒရှန်းအပေါ် မူးယစ်ဆိုးသွင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ အက်ဥပဒေ ပုဒ်မ ၆ (ခ) အရ ထောင်ဒဏ် ၅ နှစ်အပြစ်ပေးထားသော စီရင်ချက်နှင့် အမှုကို ပယ်ဖျက်လိုက်သည်။ အမှုကို တရားဥပဒေအရ အသစ်တဖန် ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

နိုဝင်ဘာလ ၁ ရက်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

နှင့်

မောင်ထွန်းရွှေ*

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ ၏ပြဋ္ဌာန်းချက် ထောင်ဒဏ် ၄ လနှင့် ၁၅ ရက်မှ အချုပ်ကာလ ၄ လနှင့် ၁၅ ရက်နုတ်ပယ်ရန် အမိန့်ချမှတ်ခြင်း ထောင်ဒဏ်မှ အချုပ်ကာလကို နုတ်ပယ်သဖြင့် ထောင်ဒဏ် ကျခံရန် မလိုသောကြောင့် တရားခံအား လွှတ်ပြီး နောက်အခြားအမှုတွင် ကျခံပြီး ထောင်ဒဏ်နှင့် တပေါင်းတည်းကျခံရန် အမိန့်ကို ချမှတ်နိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။တရားခံအား ထောင်ဒဏ် ၄ လနှင့် ၁၅ ရက်ကျခံစေရန် ချမှတ်၍ ထိုထောင်ဒဏ်မှ အချုပ်ကာလ ၄ လနှင့် ၁၅ ရက်ကိုထုတ်နုတ်ရမည်ဟု ပါဝင်သောကြောင့် နောက်ထပ်ထောင်ဒဏ် ကျခံရန်မလိုတော့သဖြင့် တရားခံအားလွှတ်ခဲ့သည်။ ထိုကဲ့သို့လွှတ်ခဲ့ပြီးနောက် အခြားအမှုများမှ ထောင်ဒဏ် အသီးသီးကို ပထမအမှုမှ ထောင်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၉၇ ၏ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ပေသည်။ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ ၏ပြဋ္ဌာန်းချက်မှာ ကျခံဆဲ ထောင်ဒဏ်ရှိမှသာလျှင် နောက်ချမှတ်သည့် ထောင်ဒဏ်ကို ကျခံဆဲထောင်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် ချမှတ်နိုင်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးတင်အုံး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးတင်အောင်။

ဗဟိုတရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၂၃ (ခ)၊ ၁၂၄ (ခ)၊ ၁၂၅ (ခ)၊ ၁၂၆ (ခ)၊ ၁၂၇ (ခ)၊ ၁၂၈ (ခ)၊ ၁၂၉ (ခ) နှင့် ၁၃၀ (ခ) တို့သည် ရန်ကုန်မြို့ အထူး တရားသူကြီး (၁) (စစစ) ရုံး၏ ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁၊ ၁၂၊ ၁၃၊ ၁၇၊ ၁၈၊ ၁၉၊ ၂၃ နှင့် ၂၄ တို့

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၂၃(ခ)၊ ၁၂၄(ခ)၊ ၁၂၅ (ခ)၊ ၁၂၆(ခ) ၁၂၇(ခ)၊ ၁၂၈(ခ)၊ ၁၂၉(ခ) နှင့် ၁၃၀(ခ)။

† ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၁၊ ၁၂၊ ၁၃၊ ၁၇၊ ၁၈၊ ၁၉၊ ၂၃ နှင့် ၂၄ တို့တွင်ချမှတ်သော ရန်ကုန်မြို့၊ အထူးတရားသူကြီး(၁) (စစစ)ရုံး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

တွင် ချမှတ်ထားသော အမိန့်အသီးသီး၌ ဥပဒေပြဋ္ဌာန်းချက်များ၊ ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင်ပေးပါရန် လျှောက်ထားသော အမှုများဖြစ်သည်။ ဆက်နွယ်နေသော အမှုများဖြစ်သဖြင့် စုပေါင်းကြားနာပြီးလျှင် ထိုအမှုအားလုံးအတွက် ဤအမိန့်ကို ချမှတ်လိုက်သည်။

လျှောက်ထားခံရသူ မောင်ထွန်းရွှေသည် ရန်ကုန်တိုင်း ယာဉ်အပိုပစ္စည်း ကြီးကြပ်မှုကော်မတီမှ ထုတ်ပေးသော မော်တော်ယာဉ်ပစ္စည်းကုန်ဝယ်စာအုပ် အတုနှင့် ပစ္စည်းဝယ်ခွင့်လက်မှတ်အတုများပြုလုပ်၍ ပြည်သူ့ဆိုင် (ယာဉ်အပိုပစ္စည်း) မှ မော်တော်ကားတာယာများကို လိမ်လည်ဝယ်ယူပြီး မှောင်ခိုရောင်းချသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၄၆၈/၄၇၁/၄၇၃ အရ ရန်ကုန်မြို့၊ အထူးတရားသူကြီး (၁) (စစစ) ရုံး၊ ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅ မှ ၂၆ အထိ သတ်မှတ်၍ တရားစွဲဆိုခြင်းခံရသည်။ ထိုအမှုများအနက် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၇၁ နှင့် ၂၃/၇၁ တို့ကို ၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင်လည်း ကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၄/၇၁ ကို ၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၈/၇၁ ကို ၁၉၇၂ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၇/၇၁ နှင့် ၁၉/၇၁ ကို ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁/၇၁၊ ၁၂/၇၁ နှင့် ၁၃/၇၁ တို့ကို ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင်လည်းကောင်း စီရင်ချက်ချမှတ်ခဲ့သည်။ ထိုအမှုအသီးသီးတွင် ထောင်ဒဏ် ၄ လနှင့် ၁၅ ရက်စီကျခံစေရန် ချမှတ်၍ ထိုထောင်ဒဏ်ကို ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၂/၇၁ တွင် ချမှတ်သော ထောင်ဒဏ်နှင့် တပေါင်းတည်းကျခံစေရန် ချမှတ်ခဲ့သည်။ ထို့ပြင်အချုပ်ကာလ ၄ လနှင့် ၁၅ ရက်ကိုလည်း နုတ်ပယ်စေရန် အမိန့်ချမှတ်ခဲ့ပြန်သည်။

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၇၁ ၌ တရားခံ မောင်ထွန်းရွှေအား ထောင်ဒဏ် ၄ လနှင့် ၁၅ ရက်ကျခံစေရန် ချမှတ်၍၊ ထိုထောင်ဒဏ်မှ အချုပ်ကာလ ၄ လ နှင့် ၁၅ ရက်ကို ထုတ်နုတ်ရမည်ဟု ပါဝင်သောကြောင့် နောက်ထပ် ထောင်ဒဏ်ကျခံရန်မလိုတော့သဖြင့်တရားခံမောင်ထွန်းရွှေအားလွှတ်ခဲ့သည်။ ထိုကဲ့သို့လွှတ်ခဲ့ပြီးနောက်၊ အခြားအမှုများမှ ထောင်ဒဏ် အသီးသီးကိုလည်း ဖော်ပြပါ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၇၁ မှ ထောင်ဒဏ်နှင့် တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၃၉၇ ၏ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ပေသည်။ ကျင့်ထုံးဥပဒေ ပုဒ်မ ၃၉၇ ၏ ပြဋ္ဌာန်းချက်မှာ ကျခံဆဲ ထောင်ဒဏ်ရှိမှသာလျှင် နောက်ချမှတ်သည့် ထောင်ဒဏ်ကို ကျခံဆဲထောင်ဒဏ်နှင့် တပေါင်းတည်းကျခံစေရန် ချမှတ်နိုင်သည်။

၁၉၇၅

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မောင်ထွန်းရွှေ။

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၇၁ ၌ အချုပ်ကာလ ၄ လနှင့် ၁၅ ရက်ကို ထုတ်နုတ်ပြီးဖြစ်သောကြောင့်၊ နောက်အမှုများတွင် ထိုအချုပ်ကာလကိုပင် ထပ်မံ၍ ထုတ်နုတ်ရန် ချမှတ်ခြင်းသည် တရားရုံးများ ညွှန်ကြားလွှာအမှတ် ၈/၆၇ နှင့် ၈/၇၂ တို့ပါ ညွှန်ကြားချက်များနှင့် ဆန့်ကျင်သဖြင့် မှားယွင်းပေသည်။

ဤအကြောင်းများကြောင့် ပြင်ဆင်မှုများကို ခွင့်ပြု၍ မူလရုံးက သက်ဆိုင်ရာ အမှုများ၌ မှားယွင်းစွာဖြင့် ပြစ်ဒဏ်ကို တပေါင်းတည်းကျခံစေရန် ချမှတ်ထားသော အမိန့်နှင့် ချုပ်ရက်များကို ထုတ်နုတ်စေရန် ချမှတ်ခဲ့သော အမိန့်များကို ပယ်ဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးကြည်မြ တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

နှင့်

မောင်ဝင်းထိန် *

† ၁၉၇၅

ဖေဖော်ဝါရီလ ၆ ရက်။

အသံကိုကြားရုံမျှဖြင့် လူကိုမှတ်မိသည်ဆိုခြင်း ခိုင်လုံသည့်အထောက်အထားဟုတ် မဟုတ်။

ဆုံးဖြတ်ချက်။ ။တရားခံ အိမ်တွင်းသို့ ပုန်းလျှိုး ဝင်ရောက်ချိန်က အိမ်တွင်း၌ မှောင်မိုက်နေသဖြင့် တရားခံကိုမမြင်ရဘဲ အသံကိုသာ မှတ်မိသည်ဟု တရားလိုက ထွက်ဆိုသည်။ ထိုထွက်ဆိုချက်ကို ထောက်ခံချက် တစုံတရာ မရှိ။ အသံကို ကြားရရုံမျှဖြင့် လူကိုမှတ်မိသည်ဆိုခြင်းမှာ ခိုင်လုံသည့် အထောက်အထား မဟုတ် ထွက်ချက်အရ ပြစ်မှုထင်ရှားစီရင်ရန် ခိုင်လုံခြင်းမရှိ။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးဘရွှေ။

အယူခံတရားခံအတွက်။

ရေကြည်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၇၅/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ အရ တရားစွဲဆိုခြင်းခံရသောတရားခံ မောင်ဝင်းထိန်အား အပြီးအပြတ်လွှတ်ခြင်းကို မကျေနပ်သဖြင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွက် ဗဟိုဥပဒေရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံဝင်ခြင်းဖြစ်ပေသည်။

၁၃၃၄ ခုနှစ်၊တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့(၁၉၇၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့) ညသန်းကောင်အချိန်ခန့်တွင်ရေကြည်မြို့နယ်၊ ကျွဲရဲရွာနေမကြည်သိန်း၏ အိမ်အတွင်းသို့ လျှောက်ထားခံရသူ တရားခံ မောင်ဝင်းထိန် ပုန်းလျှိုးဝင်ရောက်၍ မကြည်သိန်းအား အဓမ္မကြံစည်ပါသည်ဟု စွဲချက်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၆ အရတရားစွဲဆိုခဲ့ပါသည်။ မြို့နယ်တရားရုံးက ယင်းအမှုကို ကြားနာစစ်ဆေးပြီးနောက် လျှောက်ထား

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၃။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၇၅ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့စွဲပါ ရေကြည်မြို့နယ်တရားရုံး၏ အမိန့်ကိုအယူခံမှု။

၁၉၇၅
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မောင်ဝင်းထိန်။

ခံရသူ တရားခံမောင်ဝင်းထိန်အား အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်သည်။ အချင်းဖြစ်ပွားချိန်က အိမ်တွင်းၾ မှောင်မိုက်နေသဖြင့် မကြည်သိန်းသည် မောင်ဝင်းထိန်အား မမြင်ရဘဲ အသံကိုသာ မှတ်မိလိုက်သည်ဟု ထွက်ဆိုခဲ့သည်။ မကြည်သိန်း၏ ထွက်ဆိုချက်ကို ထောက်ခံသည့် အခြားသက်သေခံချက်တစုံတရာမရှိချေ။ အသံကို ကြားရုံမျှဖြင့် လူကို မှတ်မိသည်ဟုဆိုခြင်းမှာ ခိုင်လုံသည့် အထောက်အထား မဖြစ်နိုင်ပေ။ မကြည်သိန်းတဦးတည်း၏ ထွက်ချက်အရ မောင်ဝင်းထိန်အပေါ်တွင် ပြစ်မှုထင်ရှားစီရင်ရန် ခိုင်လုံခြင်းမရှိ၍ မူလတရားရုံးက အပြီးအပြတ်လွှတ်ခြင်းမှာ ဥပဒေအရမှားယွင်းသည်ဟု မယူဆနိုင်ချေ။

မကြည်သိန်းက မိမိနှင့် လျှောက်ထားခံရသူ မောင်ဝင်းထိန်တို့သည် ကျေးရွာလူကြီးများ၏ ဖြန်ဖြေချက်အရ ကျေနပ်ကြပြီးဖြစ်၍ အယူခံမှုကို ကြေအေးခွင့်ပြုပါရန် လျှောက်လွှာတင်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ အရ ပြစ်မှုမှာ ကျေအေးနိုင်သော ပြစ်မှုမဟုတ်သဖြင့် မကြည်သိန်း၏ လျှောက်လွှာကိုခွင့်ပြုရန်အကြောင်းမရှိပေ။

သို့ရာတွင် အထက်၌ဖော်ပြခဲ့သည့်အတိုင်း လျှောက်ထားခံရသူ မောင်ဝင်းထိန်အပေါ် သက်သေခံအထောက်အထားမခိုင်လုံသောကြောင့် မူလတရားရုံးက အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ တရားဥပဒေအရ မှန်ကန်သဖြင့် ယင်းအမိန့်ကို ပယ်ဖျက်ရန် အကြောင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်၊ ထို့ကြောင့် အယူခံမှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များ အဖြစ် ဦးသန့်စင်နှင့် ဦးလွင်မောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်ပြုံးချို

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးသိန်းဟန်) *

† ၁၉၇၅
ဒီဇင်ဘာလ ၁၁ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇၊ ၃၃၈၊ မော်တော်ကားတိုက်၍ရရှိသောဒဏ်ရာသည် သာမန်စုတ်ပြတ်ဒဏ်ရာဖြစ်ခြင်း၊ နယ်ဆေးရုံတွင် ဆေးမရှိ၍ ခြေထောက်ပုပ်ခြင်း၊ ရန်ကုန်ဆေးရုံကြီးမှခြေထောက်ဖြတ်ခြင်း၊ ပုဒ်မ ၃၃၇ အရ အပြစ်ပေးခြင်းမှန်မမှန်။

ဆုံးဖြတ်ချက်။ ။ရရှိသောဒဏ်ရာသည် လက်ျာဘက်ခြေကျဉ်းဝတ်၏ ဘေးပိုင်းနှင့် ရှေ့ပိုင်းတွင် အလျား ၄ လက်မ၊ အနံ ၁ လက်မရှိ၍ကြွက်သားအထိနက်သော စုတ်ပြတ်ဒဏ်ရာဖြစ်သည်။ ဇီးကုန်းမြို့၊ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် လက်ခံကုသ၍ ၃ ရက်ခန့်အကြာတွင် ဒဏ်ရာမှအနံ့ထွက်လာသည်၊ ဇီးကုန်းမြို့၊ပြည်သူ့ဆေးရုံတွင်ဆေးမရှိသဖြင့် လျှောက်ထားသူအား ရန်ကုန်ဆေးရုံသို့ပို့လိုက်ရကြောင်း ဆရာဝန်ဦးချစ်ကြည်၏ ထွက်ဆိုချက်အရ လျှောက်ထားသူရရှိခဲ့သောဒဏ်ရာသည် သာမန်ဒဏ်ရာသာဖြစ်ကြောင်း ထင်ရှားသည်။ဇီးကုန်းမြို့ပြည်သူ့ဆေးရုံတွင် ဆေးဝါးမရှိသဖြင့် သင့်တော်သည့် ကုသမှုမရရှိသောကြောင့် အနာရင်းပြီး ခြေထောက် ပုပ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေအရမှားယွင်းခြင်းမရှိ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ၊ ဦးအုန်းမောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘသန်း။

လျှောက်ထား ခံရသူ ဦးသိန်းဟန် မောင်း လာ သော ဘတ်စ်ကားသည် ဇီးကုန်းမြို့အနီး ဝက်ကော်တံတား၌ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် နေ့တွင် လျှောက်ထားသူ မောင်ပြုံးချိုအား တိုက်မိသဖြင့် မောင်ပြုံးချိုမှာ ဒဏ်ရာရရှိခဲ့သည်။ ရဲအဖွဲ့က လျှောက်ထားခံရသူအား တရားစွဲဆိုသည်။ ဇီးကုန်းမြို့နယ်

* ၁၉၇၄ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၃၉ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁ တွင်၊ ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁၈ ရက် နေ့စွဲပါ ဇီးကုန်းမြို့ရုံးထိုင်၊ ပဲခူးတိုင်းတရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅
မောင်မြိုးချို
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဦးသိန်းဟန်)။

တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၅၆ သတ်မှတ်၍ စစ်ဆေးကြားနာပြီးနောက်၊ လျှောက်ထားခံရသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်ကျခံစေရန်နှင့် ငွေဒဏ် ၁၀၀၀ ကျပ်ဆောင်စေရန်၊ မဆောင်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ် တနှစ်ကျခံစေရန် ဒဏ်ငွေထဲမှ ငွေ ၉၀၀ ကျပ်ကို လျှောက်ထားသူအား လျော်ကြေးအဖြစ် ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားခံရသူက အယူခံသည်။ ဇီးကုန်းမြို့ရုံးထိုင်၊ ပဲခူးတိုင်း တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁ သတ်မှတ်၍ ကြားနာပြီး လျှောက်ထားခံရသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်ထားခြင်းတို့ကိုပယ်ဖျက်ပြီးလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ ငွေဒဏ် ၈၀၀ ကျပ်ဆောင်စေရန်၊ မဆောင်ပါက ထောင်ဒဏ် ၆ လကျခံစေရန် ဒဏ်ငွေထဲမှ ၇၀၀ ကျပ်ကို လျှောက်ထားသူအား နစ်နာကြေးအဖြစ် ပေးစေရန် ပြောင်းလဲချမှတ်ခဲ့သည်။

လျှောက်ထားသူကမကျေနပ်သဖြင့် ပြစ်ဒဏ်တိုးမြှင့်ပေးပါရန် ဗဟိုတရားရုံးသို့ လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားခံရသူသည် ဘတ်စ်ကားကို အရမ်း၊ သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်သဖြင့် လျှောက်ထားသူကိုတိုက်မိပြီး ဒဏ်ရာရစေခဲ့ကြောင်း သက်သေခံအထောက်အထား လုံလောက်သည်ဟု မူလရုံးနှင့် တိုင်းတရားရုံးတို့က အကြောင်းခြင်းရာပေါ်တွင် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် လျှောက်ထားသူသည် ကားတိုက်ခံရ၍ ပြင်းထန်သော ဒဏ်ရာရရှိသည်ဟု မူလရုံးက ယူဆလျက် လျှောက်ထားခံရသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။ တိုင်းတရားရုံးကမူ လျှောက်ထားသူ ရရှိသော ဒဏ်ရာမှာ သာမန်ဒဏ်ရာသာဖြစ်သည်ဟု ယူဆလျက် လျှောက်ထားခံရသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။

လျှောက်ထားသူအား ကုသခဲ့သောဆရာဝန် ဦးချစ်ကြည် (လိုပြ ၆) က လျှောက်ထားသူ၏ လကျ်ာဘက်ခြေကျဉ်းဝတ်၏ ဘေးပိုင်းနှင့် ရှေ့ပိုင်းတွင် အလျား ၄ လက်မ အနံ ၁ လက်မ ရှိ၍ ကြွက်သားအထိနက်သောစုတ်ပြတ်ဒဏ်ရာတခုကိုတွေ့ရှိရကြောင်း၊ လျှောက်ထားသူအား ဇီးကုန်းမြို့ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် လက်ခံကုသခဲ့ကြောင်း၊ ၃ ရက်ခန့်အကြာတွင် ဒဏ်ရာမှအနံ့ထွက်လာကြောင်း၊ ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံတွင် ဆေးမရှိသဖြင့် လျှောက်ထားသူအား ရန်ကုန်ဆေးရုံကြီးသို့ ပို့လိုက်ရကြောင်း ထွက်ဆိုသည်။

လျှောက်ထားသူသည်ရန်ကုန်ဆေးရုံကြီးသို့ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရောက်ရှိလာကြောင်း၊ ၎င်း၏ခြေထောက် ဒဏ်ရာသည် (Gas Gangrence) ဖြစ်၍ အောက်ခြေတပိုင်း ပုပ်နေကြောင်း၊ ထို့ကြောင့် ပေါင်လယ်မှ ဖြတ်လိုက်ကြောင်း၊ ၁၉၇၃ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ဒဏ်ရာကျက်သဖြင့် လျှောက်ထားသူအား ဆေးရုံမှဆင်းခွင့်ပြုလိုက်ကြောင်း၊ ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီးမှ အရိုးရောဂါကု ဆရာဝန်ကြီး ဦးမင်းအောင်က ထောက်ခံစာရေးပေးခဲ့သည်။ ထိုထောက်ခံစာသည် သက်သေခံအမှတ် (ခ) ဖြစ်သည်။

၁၉၇၅

မောင်ပြုံးချို နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးသိန်းဟန်)။

ဆရာဝန် ဦးချစ်ကြည်၏ ထွက်ဆိုချက်အရ လျှောက်ထားသူ ရရှိခဲ့သော ဒဏ်ရာသည် သာမန်ဒဏ်ရာသာဖြစ်ကြောင်းထင်ရှားသည်။ ဇီးကုန်းမြို့၊ ပြည်သူ့ဆေးရုံတွင် ဆေးဝါးမရှိသဖြင့် သင့်တော်သည့်ကုသမှုမရရှိသောကြောင့် အနာရင်းပြီး ခြေထောက်ပုပ်သွားခြင်းဖြစ်သည်။

ထို့ကြောင့် တိုင်းတရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ၊ ပြောင်းလဲ၍ ပြစ်မှုထင်ရှားစီရင်ပြီး ထိုပြစ်မှုနှင့်လိုက်လျောညီထွေဖြစ်သော ငွေဒဏ်နှင့် နစ်နာကြေးတို့ကို ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းခြင်းမရှိပေ။

ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးထွန်းအောင်ကျော်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဘခင်

† ၁၉၇၅
ဧပြီလ ၃ ရက်။

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၁။ မောင်ထွန်းလွင်၊ ၂။ မောင်တင်ငွေ
၃။ မောင်တင်အေး၊ ၄။ မောင်ချစ်သိန်း။ *

အပြီးအပြတ်လွှတ်သည့်အမိန့်ကို မကျေနပ်သူက ပြည်နယ်တရားရုံး၌ ပြင်ဆင်လျှောက်ထားခြင်း၊ လျှောက်ထားခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ အပြစ်မထင်ရှားသဖြင့် အပြီးအပြတ်လွှတ်ခဲ့ခြင်းကို မကျေနပ်၍ အယူခံလိုလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အတွက် ဗဟိုဥပဒေရုံးကသာ အယူခံနိုင်ခွင့်ရှိသည်။ အပြီးအပြတ်လွှတ်ခဲ့ခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသူသည် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု လျှောက်ထားနိုင်ခွင့်မရှိ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့်(၁)၊ ဦးဘရွှေ။

လျှောက်ထားသူ ဦးဘခင်က လျှောက်ထားခံရသူ မောင်ထွန်းလွင်၊ မောင်တင်ငွေ၊ မောင်တင်အေးနှင့် မောင်ချစ်သိန်း တို့သည် မိမိ၏ ခြံမြေထဲသို့ ကျူးကျော်ဝင်ရောက်၍ တဲအိမ်များ ဆောက် လုပ်ကြကြောင်း၊ မိမိသွားရောက်တားမြစ်သောအခါ လျှောက်ထား ခံရသူများက မိမိအား ဝိုင်း၍ ရိုက်နှက်သဖြင့် မိမိတွင် ပြင်းထန်သော နာကျင်မှု ခံစားရကြောင်း စသည်ဖြင့် စွပ်စွဲလျက် လျှောက်ထားခံရသူများ အပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၇/၃၂၅ အရ၊ တရားစွဲဆိုခဲ့သည်။ တောင်ဒွန်းမြို့၊ ရာဘက် မြို့နယ်ရာဇဝတ် တရားသူကြီးက ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၃၄/၇၂ တွင် တရားလိုပြ သက်သေများကို စစ်ဆေးပြီး နောက် လျှောက်ထား ခံရသူများ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄ဂ (ခ)၊

† ၁၉၇၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့စွဲပါ ဘီလင်းမြို့ရုံးထိုင်၊ မွန်ပြည်နယ်တရားရုံး၏ချမှတ်သောအမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးအခင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။ (၁။ မောင်ထွန်းလွင်၊ ၂။ မောင်တင်ငွေ၊ ၃။ မောင်တင်အေး၊ ၄။ မောင်ချစ်သိန်း။)

/၃၂၅ အရ၊ စွဲချက် တင်ခဲ့သည်။ ထို့နောက် တရားခံပြ သက်သေများကို စစ်ပြီး လျှောက် ထားခံရသူများ အပေါ်၌ ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅ အရ၊ မှု ကျူးလွန်ကြောင်း မတွေ့ရှိရသဖြင့် ယင်း ပုဒ်မနှင့် စပ်လျဉ်း၍ လျှောက်ထား သူများအား အပြီးအပြတ် လွှတ်စေရန် ဆုံးဖြတ်လိုက်သည်။ သို့ရာတွင် လျှောက် ားခံရသူများသည် လျှောက် ထားသူ၏ မြေထဲသို့ ကျူးကျော် ဝင်ရောက်၍ များဆောက်လုပ်ကြောင်း ပေါ်လွင် ထင်ရှား သောကြောင့် လျှောက်ထား ရသူများ အပေါ်၌ ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၇ အရ ပြစ်မှု ထင်ရှား စီရင်၍၊ ငွေဒဏ် ၃၀ ကျပ်စီ ပေးဆောင်စေရန်၊ မပေးဆောင်ပါက၊ အလုပ်ကြမ်းဖြင့် ထောင် ဏ် ၂၀ ရက်စီ ကျခံစေရန် အမိန့် ချမှတ် လိုက်သည်။

ထိုအမိန့်ကို လျှောက်ထားခံရသူများ (တရားခံများ) က လက်ခံ ကြသော်လည်း လျှောက်ထားသူ (တရားလို) က ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅ အရ၊ အပြီးအပြတ် ွှတ်ခြင်းကို မကျေနပ်၍၊ ပြစ်ဒဏ်စီရင်ပါရန် ဘီးလင်းမြို့ ရုံးထိုင်၊ မွန်ပြည်နယ် ာရားရုံး၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁/၇၂ အရ၊ လျှောက်ထားသည်။ မအောင် ုင်သဖြင့် ဗဟို တရားရုံးသို့ တဆင့်တက်၍ လျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားသူအား၊ လျှောက်ထား ခံရသူများက ဝိုင်းဝန်း ရိုက်နှက်ကြသည် ဟူသော စွပ်စွဲချက်နှင့် စပ်လျဉ်း၍၊ တရားလိုပြ သက်သေများ၏ ထွက်ချက်များ ၌င် ကွဲလွဲ ချက်များ ရှိနေ၍တကြောင်း၊ တရားခံပြ သက်သေများက လျှောက်ထား ူသည် လျှောက်ထားခံရသူ မောင်ထွန်းလွင်ကို ဓါးနှင့် လိုက်ခုတ်စဉ် သစ်တုံးနှင့်တိုက် ၍ လဲကျပြီး ဒဏ်ရာများ ရရှိသွားခြင်းသာ ဖြစ်ပါသည်ဟု ထွက်ဆိုကြ၍ တကြောင်း၊ ၎အကြောင်းများကြောင့် လျှောက်ထားခံရသူများ အပေါ်၌ ပြစ်မှု ဆိုင်ရာ ုပဒေ ပုဒ်မ ၃၂၅ အရ ပြစ်မှု ထင်ရှားခြင်း မရှိဟု ရာဘက် မြို့နယ်ရာဇဝတ် တရား ုကြီးက ကောက်ယူ ဆုံးဖြတ်ခဲ့သည်။ ပြည်နယ် တရားစီရင်ရေး အဖွဲ့ကလည်း ထို ုံးဖြတ်ချက်ကို အတည်ပြုရန် ဆုံးဖြတ်ခဲ့သည်။ ထို ဆုံးဖြတ်ချက်များသည်၊ ဥပဒေ အရ မှန်ကန်သည်။

ထို့ပြင်၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅ အရ၊ အပြစ် မထင် ရှားသဖြင့် အပြီး အပြတ် လွှတ်ခဲ့ခြင်းကို မကျေနပ်၍ အယူခံ လိုလျှင် ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ုဒ်မ ၄၁၇ အရ၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်အတွက်ဗဟို ဥပဒေ ရုံးကသာ အယူခံနိုင်ခွင့် ရှိသည်။ ထိုကဲ့သို့ အပြီးအပြတ်လွှတ်ခဲ့ခြင်းကိုပယ်ဖျက် ပေးပါရန် လျှောက်ထားသူသည် ပြစ်မှု ဆိုင်ရာ ပြင်ဆင်မှု လျှောက် ထားနိုင်ခွင့်မရှိ။

ပြည်နယ် တရားစီရင်ရေး အဖွဲ့၏ အမိန့်ကို ပယ်ဖျက်ရန် အကြောင်း မရှိသဖြင့် ၍ပြင်ဆင်မှုကို ပလပ်လိုက်သည်။

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ ပါဝင်သေ
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ဩဂုတ်လ ၄ ရက်။

ဦးဘဌေး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(၁။ ဦးမြလှိုင် ၂။ ဦးဘချစ်) *

လျှောက်ထားခံရသူ တဦးနှင့်တရားသူကြီးများ ရင်းနှီးမှုရှိခြင်းနှင့် အမှုကြန့်ကြာခြင်းမှာ အမှု
ရုံးပြောင်းပေးရန် အကြောင်းများဟုတ်မဟုတ်။ ။

ဆုံးဖြတ်ချက်။ ။လျှောက်လွှာတွင် လျှောက်ထားခံရသူအမှတ် (၂) နှင့် တရားသူကြီးမျ
ရင်းနှီးမှုရှိသည်ဟုဆိုသော်လည်း ဤသို့ရင်းနှီးခြင်းအားဖြင့် မည်သို့ဘက်လိုက်မှုရှိကြောင်း ဖေါ်
နိုင်ခြင်းမရှိ။ ယခုအခါတွင် တရားသူကြီးများမှာ ပြည်သူများက ရွေးချယ်တင်မြှောက်သေ
ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသည်။ ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူနှင့် ရင်းနှီးဆ
သွယ်မှုရှိကြပေလိမ့်မည်။ ပြည်သူ့ကိုယ်စားလှယ်များမှာ ပြည်သူက ယုံကြည်ကိုးစားခြင်း ခံရ
များဖြစ်ကြ၍၊ ပြည်သူ့အရေးကိစ္စများကို ဆောင်ရွက်ရာတွင် တရားမျှတမှုကို ဦးထိပ်ထား
ဆောင်ရွက်ကြပေလိမ့်မည်။ ခင်မင်ရင်းနှီးမှုကြောင့် တရားဥပဒေကို ဆန့်ကျင်ပြီး ဘက်လိုက်
ဆုံးဖြတ်မည်ဟု တထစ်ချမယူဆနိုင်။ ပြည်သူ့ကိုယ်စားလှယ် တရားသူကြီးများနှင့် ပြည်သူ
ရှိသားစွာ ပေါင်းသင်းဆက်ဆံဝင်ထွက်သွားလာမှုကို အထင်အမြင်မှားဖို့မလိုဟုယူဆသည်။ သ
သေများစုံလင်သော်လည်း အမှုကိုစစ်ဆေးခြင်းမပြုသောကြောင့် ကြန့်ကြာရသည်ဟု အကြော
ပြသော်လည်း ကြန့်ကြာခြင်းမှန်ခဲ့လျှင်ပင်၊ လျှောက်ထားသူတဦးတည်းကိုသာ နစ်နာစေခြ
မဖြစ်နိုင်။ အမှုကြန့်ကြာခြင်းမှာလည်း ရုံးပြောင်းပေးရန် အကြောင်းမဟုတ်ချေ။

လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးသိန်း။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘသန်း။

လျှောက်ထားသူ ဦးဘဌေး နှင့် လျှောက်ထား ခံရသူ ဦးဘချစ် တို့သ
ကျောက်တံတားမြို့နယ် တရားရုံးတွင် တဦးအပေါ် တဦး ပိုင်နက် ကျူးလွန်မှု

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာမှုအမှတ် ၃၂။

† ၁၉၇၂ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၄၇၀/၄၇၉ ကို၊ ကျောက်တံတားမြို့နယ်တရားရုံးမှ အခြားသင့်လျော်
သော ရုံးတရုံးသို့လွှဲပြောင်းပေးရန်လျှောက်ထားခြင်း။

၁၉၇၅
ဦးဘဌေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (၁။ ဦးမြလှိုင်၊ ၂။ ဦးဘချစ်။)

အပြန်အလှန် အမှုများ စွဲဆိုထားသည်။ ဦးဘဌေးက အမှုများကို ရွှေ့ပြောင်း ပေးရန် အတွက် လျှောက်ထား ရာတွင် အကြောင်း ပြချက်မှာ တဘက်မှ ဦးဘချစ်သည် တရားသူကြီးများနှင့်ရင်းရင်းနှီးနှီးဆက်ဆံနေထိုင်သည်ဖြစ်သောကြောင့် အမှုစစ်ဆေးရာတွင် မှန်ကန်စွာဖြစ်နိုင်မည်မဟုတ်ဟု စိုးရိမ်ကြောင်းဖြစ်လေသည်။

လျှောက်လွှာတွင် ဦးဘချစ်နှင့် တရားသူကြီးများ ရင်းနှီးမှုရှိသည်ဟု ဆိုသော်လည်း၊ ဤသို့ရင်းနှီးခြင်းအားဖြင့် မည်သို့ဘက်လိုက်မှုရှိကြောင်း ဖော်ပြနိုင်ခြင်းမရှိချေ။ ယခုအခါတွင် တရားသူကြီးများမှာ ပြည်သူက ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသည်။ ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူနှင့် ရင်းနှီး ဆက်နွယ်မှု ရှိကြပေလိမ့်မည်။ ပြည်သူ့ကိုယ်စားလှယ်များမှာ ပြည်သူက ယုံကြည်ကိုးစားခြင်းခံရသူများဖြစ်ကြ၍ ပြည်သူ့အရေးကိစ္စများကို ဆောင်ရွက်ရာတွင် တရားမျှတမှုကို ဦးထိပ်ထား၍ ဆောင်ရွက်ကြပေလိမ့်မည်။ ခင်မင်ရင်းနှီးမှုကြောင့် တရားဥပဒေကို ဆန့်ကျင်ပြီး ဘက်လိုက်၍ ဆုံးဖြတ်မည်ဟု တထစ်ချမယူဆနိုင်။ ပြည်သူ့ကိုယ်စားလှယ်တရားသူကြီးနှင့် ပြည်သူတို့ ရိုးသားစွာပေါင်းသင်းဆက်ဆံ ဝင်ထွက်သွားလာမှုကို အထင်အမြင်မှားဘို့မလိုဟု ကျွန်ုပ်တို့ယူဆသည်။ သက်သေများစုံလင်သော်လည်း အမှုကို စစ်ဆေးခြင်းမပြုသောကြောင့် ကြန့်ကြာရသည်ဟု အကြောင်းပြသော်လည်း ကြန့်ကြာခြင်းမှန်ခဲ့လျှင်ပင်၊ လျှောက်ထားသူ တဦးတည်းကိုသာ နစ်နာစေခြင်းမဖြစ်နိုင်။ အမှုကြန့်ကြာခြင်းမှာလည်း၊ ရွှေ့ပြောင်းပေးရန် အကြောင်း မဟုတ်ချေ။

ရွှေ့ပြောင်း လျှောက်လွှာများကို မလွဲမကင်းသာသော အကြောင်း ခြင်းရာများ ပေါ်ပေါက်မှသာလျှင် ခွင့်ပြုသင့်ပေသည်။ တရားသူကြီးနှင့် အမှုသည်ရင်းနှီးပါသည်ဟုသော ယေဘုယျတင်ပြချက်မှာ ရွှေ့ပြောင်းပေးရန်အတွက် လုံလောက်သော အထောက်အထားမဟုတ်ပေ။ ထို့ကြောင့် လျှောက်လွှာကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅ ဇီဇင်ဘာလ ၁၈ ရက်။

ဗိုလ်ကြီးဘဌေး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

(ဦးအောင်သန်း)

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၇ (၁) ပြည်သူ့ဝန်ထမ်းအား တရားစွဲဆိုရန် မည်သည့်အခါ ခွင့်ပြုမိန့်လိုအပ်ခြင်း ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုအတွက် တရားစွဲဆိုရန်ခွင့်ပြုမိန့်လိုမလို။

ဆုံးဖြတ်ချက်။ ။လိမ်လည်တင်ပြ၍ ငွေများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုဖြင့် စွဲဆိုသောအမှုများအတွက် ခွင့်ပြုမိန့်မလိုချေ။ အလွဲသုံးစားပြုခြင်း ပြစ်မှုသည်တာဝန်နှင့်အပ်စပ်ခြင်းမရှိ၊ မိမိရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သောပြစ်မှုသာဖြစ်သဖြင့် တရားစွဲဆိုရန်ခွင့်ပြုမိန့်မလို။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးဝင်းမောင်။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးတင်အုံး။

ဗိုလ်ကြီးဘဌေးသည် မြိတ်အနောက်မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်က ကာဆင်ဆိုသူအား ၁၉၇၂ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် အကြောင်းမဲ့ မတရား ဖမ်းဆီး ချုပ်နှောင် ထားစေခဲ့သဖြင့် ဗိုလ်ကြီးဘဌေးအား ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄၄ အရ အရေးယူပါရန် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မော်လမြိုင် ဌာနခွဲ၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သန်း၏ တိုင်တန်းချက်အရ၊ မြိတ်အနောက်မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၇၂ ကို ဖွင့်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၄ အရ ဗိုလ်ကြီးဘဌေးအပေါ်တွင် အရေးယူသည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၂၆၊

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၂ တွင် ချမှတ်သော မြိတ်အနောက်မြို့နယ် တရားရုံး၏ အမှုကိုပယ်ဖျက်ပေးရန်လျှောက်ထားခြင်း။

၁၉၇၅

ဗိုလ်ကြီး ဘဌေး နှင့် ပြည်ထောင်စု ဆိုရှယလစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးအောင် သန်း။)

ဂုဏ်ပြင် ဗိုလ်ကြီးဘဌေးသည် မြိတ်အနောက်မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်က —

(က) မြိတ်အနောက်မြောက်မြို့နယ် သမဝါယမအသင်း၊ အလုပ်အမှုဆောင် ဦးစိုးလင်း၏ အကူအညီဖြင့် စက်လှေအသုံးစာရင်းတွင် သဘော်ဆေး ၁၂ ပုံး ဝယ်ငွေဟုလိမ်လည်တင်ပြ၍ သင့်ငွေ ဂ၅·ဂ၀ါး ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း၊

(ခ) နလကအတွင်းရေးမှူး ဦးပေါ်စိန်၏ အကူအညီဖြင့် စက်လှေငှားရမ်းခငွေ ၃၃၀၀ိ ကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း၊

(ဂ) ရေယာဉ်များ ထိန်းသိမ်းစရိတ်အဖြစ် ငွေ ၇၅၆၀ိ၊ ပွဲထောင်းစက်များ သယ်ပို့ခအဖြစ် ငွေ ၄၀ိ၊ ရေယာဉ်စက်များ သယ်ယူစရိတ်ငွေ ၂၇၀ိ၊ စုစုပေါင်းငွေ ၇၉၂၄ိ ကိုမိမိကိုယ်ကျိုးအတွက်အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း၊

(ဃ) ကျေးရွာများ၌ သန်းကောင်စာရင်း ကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြိတ်အနောက်မြို့နယ်မှူး ဦးချစ်ခင်နှင့် ပူးပေါင်းကြံစည်၍ စက်လှေဖြင့်သယ်ယူပို့ဆောင်ခငွေ ၃၀၀၀၀ိ ကို ပြေစာလိမ်များ ပြုလုပ်တင်ပြ ထုတ်ယူခဲ့ကြောင်း၊ ထိုငွေများမှ ငွေ ၁၆၅ဂိ ကို မော်တော်ယာဉ်များ ငှားရမ်းခနှင့် အခြားကုန်ကျငွေဟု ပြေစာလိမ်များ ပြုလုပ်ပြီးမိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း၊

(င) အထက်ဖော်ပြပါ ငွေ ၃၀၀၀၀ိ မှ ငွေ ၂၇၀ဂိ·၄၀ါး ကို စားကုန်ပစ္စည်း ၁၀ မျိုးအတွက်ကုန်ကျငွေဟု ဦးချစ်ခင်နှင့် ပူးပေါင်း ကြံစည်၍ လိမ်လည်စာရင်းတင်ပြပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း၊

(စ) အထက်ဖော်ပြပါ ငွေ ၃၀၀၀၀ိ မှ ငွေ ဂ၁ဂိ-၁၅ါး ကို ကုန်ပစ္စည်း ၅ မျိုး အတွက် ကုန်ကျငွေဟု ဦးစိုးလင်း၊ ဦးချစ်ခင်တို့နှင့် ပူးပေါင်း ကြံစည်၍ လိမ်လည်စာရင်းပြုပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း၊

စသည်ဖြင့် ဦးအောင်သန်း၏ တိုင်တန်းချက်အရ မြိတ်အနောက်မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၇၃ မှ ၁၇ဂ တို့ကို ဖွင့်၍ ဗိုလ်ကြီးဘဌေး အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉/၄၇၇ (က) /၃၄ တို့အရ အရေးယူသည်။

ဗိုလ်ကြီးဘဌေးက ယင်းအမှုအားလုံး (စုစုပေါင်း ၇ မှု) ကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

၁၉၇၅

ဗိုလ်ကြီး ဘဌေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးအောင်သန်း)။

တရားရုံးတွင် စစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများကို ဗဟိုတရားရုံးသည် အကြောင်းထူးမရှိပဲ ပယ်ဖျက်လေ့မရှိချေ။ သိသိသာသာ မှားယွင်းချွတ်ချော်နေကြောင်း ပေါ်လွင်မှသာ ဗဟိုတရားရုံးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ (တ) အရ ကိုယ်ပိုင်စီရင်ခွင့်ကို ကျင့်သုံးလျက် အမှုကို ပယ်ဖျက်ပေးသင့်သည့် အခစဉ်အလာ ရှိပေသည်။

ဗိုလ်ကြီးဘဌေးအပေါ်တွင် စွဲဆိုထားသည့် မူလရုံးမှ အမှုများကို စိစစ်ကြည့်ရှုသောအခါ မတရားချုပ်နှောင်ထားမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၄ အရစွဲဆိုသော ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၂ ၌ ဗိုလ်ကြီးဘဌေးအား တရားစွဲဆိုနိုင်ရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၇ (၁) အရ ခွင့်ပြုမိန့်တရပ်ကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ကာကွယ်ရေးဝန်ကြီးဌာနက ပေးခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပေသည်။ ဗိုလ်ကြီးဘဌေးသည် မြိတ်အနောက်မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ဝတ္တရားများကို ထမ်းဆောင်စဉ်ကာလက ကျူးလွန်ခဲ့သော ပြစ်မှုအတွက် တရားစွဲဆိုခွင့်ပြုကြောင်း ထိုအမိန့်၌ ဖော်ပြပါရှိသည်။ လိမ်လည်တင်ပြ၍ ငွေများကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉/၁၀၉/၄၇၇ (က)/၃၄ တို့အရ စွဲဆိုသောအမှုများအတွက် ခွင့်ပြုမိန့်မလိုချေ။ အလွဲသုံးစားပြုခြင်း ပြစ်မှုသည် တာဝန်နှင့် အပ်စပ်ခြင်းမရှိ၊ မိမိ၏ရာထူးကို အခွင့်အရေးယူ၍ ကျူးလွန်သော ပြစ်မှုသာဖြစ်သဖြင့် တရားစွဲဆိုရန် ခွင့်ပြုမိန့်မလိုဟု ကျွန်ုပ်တို့ယူဆသည်။ ဗိုလ်ကြီးဘဌေးသည် ယခုအခါ ပြည်သူ့ဝန်ထမ်း တဦးမဟုတ်တော့ပေ။ ၎င်းအား ၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှစ၍ တပ်အင်အားစာရင်းမှ လျှော့လိုက်ပြီးဖြစ်သောကြောင့် ၎င်းအား နယ်ဖက်တရားရုံးတွင် တရားစွဲဆိုရန် ကာကွယ်ရေးဝန်ကြီးဌာနမှ အကြောင်းပြန်ကြားပြီးဖြစ်သည်။

ဗိုလ်ကြီးဘဌေးအပေါ်တွင် စွဲဆိုထားသော အဆိုပါပြစ်မှုဆိုင်ရာ အမှုများတွင် ဥပဒေအရ မှားယွင်းချက်တစုံတရာ မတွေ့ရှိရသဖြင့် ယင်းအမှုများကို ပယ်ဖျက်ရန် အကြောင်းမရှိ။ ထို့ကြောင့် ဗိုလ်ကြီးဘဌေး၏ လျှောက်လွှာကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးသန့်စင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မန်ဒေး

နှင့်

† ၁၉၇၅

မေလ ၁၄ ရက်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအောင်လွင်)*

သရားဝင် စာရင်းမစစ်ဆေးရသေးခြင်း၊ လျော့ငွေတွက်ရန် အခြေခံစာရင်း မည်မျှဟုမသိခြင်း၊ လက်မှတ် ရောင်းရငွေမည်မျှရှိသည်ကို မသိခြင်း၊ တရားစွဲဆိုသည့်ဘက်မှ စာရင်းအတိအကျ မရှိပဲ တရားခံအား ပြစ်မှုထင်ရှားစီရင်ရန် သင့် မသင့်။

ဆုံးဖြတ်ချက်။ ။တရားခံအပေါ် အပြစ်ရှိသည်ဟု ဆုံးဖြတ်ချက်ပြုရန်မှာ တရားခံ၌ တာဝန်ရှိသော စာရင်းများတိကျမှန်ကန်မှု ရှိမှသာ တရားမှန်ပေမည်။ သို့ရာတွင် အမှုကို ရုံးမတင်မီကပင် ခိုင်လုံသော စာရင်းများပြုလုပ်ရန်မှာ စွဲဆိုသည့်ဘက်မှ တာဝန်သာ ဖြစ်ပေသည်။ တင်ပြသော အချက်အလက်များ တရားခံပေါ်၌ ငြိစွမ်းမှု မရှိလျှင် တရားခံကိုလွှတ်ရမည်ဖြစ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးတင်အုံး။

ကျောက်တံခါးမြို့၊ အလင်းရောင် ရုပ်ရှင်ရုံတွင် ဦးအောင်လွင် သည် မန်နေဂျာဖြစ်၍၊ လျှောက်ထားသူ တရားခံ မန်ဒေးသည် စာရင်းကိုင် ဖြစ်သည်။ မန်ဒေးအပေါ် လက်မှတ်ရောင်းရ လိုငွေ ၃,၅၄၆ ကျပ်၊ ၄၅ ပြား အတွက် တရားစွဲဆိုသောအခါ အပြစ်ရှိကြောင်း ဆုံးဖြတ်၍၊ လက်မှတ် ရောင်းရငွေ၏ သုံးပုံတပုံ ဒဏ်ငွေ ၁,၇၇၇ ကျပ် ပေးဆောင်ရန် ပျက်ကွက်လျှင် ထောင်ဒဏ် ၁ နှစ် အမိန့်ချသည်။ တိုင်းရုံးသို့ ရောက်သောအခါတွင် ဒဏ်ငွေကို ၁,၀၀၀ ကျပ် သို့ လျှော့ပေါ့လိုက်သည်။

တရားလို ဦးအောင်လွင် ကိုယ်တိုင်၏ ထွက်ချက်အရ၊ အမှုကိုကြားနာသော အခါတွင် ငွေထားသောအံဆွဲသော့ကို မန်ဒေးနှင့် ဦးအောင်လွင်တို့ထံတွင်တယောက်

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှု ဆိုင်ရာပြင်ဆင်မှုအမှတ် ၅၁၉(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၂ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့စွဲပါ ပဲခူးတိုင်း တရားရုံးအမှတ် (၂)၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅ — မန်ဒေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် (ဦးအောင်လွင်)။

တချောင်းစီရှိခြင်း၊ တရားဝင်စာရင်း မစစ်ဆေးရသေးခြင်း၊ လျော့ငွေတွက်ရန် အခြေခံစာရင်း မည်မျှဟုမသိခြင်း၊ မန်ဒေးထံမှ လက်မှတ်စာအုပ်များ သိမ်းပြီး ရောင်းရငွေမည်မျှရှိသည်ကို မသိခြင်း၊ လက်ကျန်စာအုပ် ရောင်းရငွေနှင့် စာရင်း စစ်သည့်ငွေကို မပေါင်းရသေးခြင်း အစရှိသည့် အချက်အလက်များ တွေ့ရှိရသည်။

ထို့ကြောင့်တရားခံအပေါ်တွင် အပြစ်ရှိသည်ဟု ဆုံးဖြတ်ချက်ပြုရန်မှာ တရားခံ၌ တာဝန်ရှိသော စာရင်းများ တိကျမှန်ကန်မှုရှိမှသာ တရားမှန်ပေမည်။ သို့ရာတွင် အမှုကိုရုံးမတင်မီကပင် ခိုင်လုံသော စာရင်းများ ပြုလုပ်ရန်မှာ စွဲဆိုသည့်ဘက်မှ တာဝန်သာဖြစ်ပေသည်။ တင်ပြသော အချက်အလက်များ တရားခံပေါ်၌ ငြိစွမ်းမှု မရှိလျှင် တရားခံကို လွှတ်ရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် စီရင်ချက်နှင့် အပြစ်ဒဏ်ကို ပယ်ဖျက်၍၊ လျှောက်ထားသူ တရားခံအား၊ အပြီးအပြတ်လွှတ်သည်။ ဒဏ်ငွေပေးဆောင်ပြီးပါက ပြန်၍ပေးစေရမည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမောင်ကို

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်အေး) * — † ၁၉၇၅ ဇန်နဝါရီလ ၂ ရက်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းသည်၊ ခိုးရာပါပစ္စည်း သို့မဟုတ် အလွဲသုံးစားသော ပစ္စည်းဖြစ်နေလျှင်၊ ပစ္စည်းဝယ်ယူသူက ပိုင်ဆိုင်ခွင့် ရနိုင် မနိုင်၊ ပစ္စည်းပြန်ရနိုင်မနိုင်။

ဆုံးဖြတ်ချက်။ ။သက်သေခံ ပစ္စည်းသည် ခိုးရာပါပစ္စည်း၊ သို့မဟုတ် အလွဲသုံးစားသော ပစ္စည်းဖြစ်နေလျှင် ယင်းပစ္စည်းကိုဝယ်ယူသူကပိုင်ဆိုင်ခွင့်မရနိုင်ချေ၊ သဘောရိုးနှင့်ဝယ်ယူကြောင်း ထင်ရှားလျှင် ခိုးရာပါပစ္စည်း လက်ခံမှုနှင့် အရေးယူခံရခြင်းမှ ကင်းလွတ်မည် ဖြစ်သော်လည်း ပစ္စည်းပြန်ရနိုင်ရန်အတွက် အရေးမဆိုနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဒေါက်တာမောင်မောင်ကျော်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘင်အုံး၊ ဗဟိုတရားရုံး ရှေ့နေ ဦးအေး (ခေါ်) ဦးပြေသိန်း။

သက်သေခံပစ္စည်း ပြန်ပေးခြင်းနှင့်ပတ်သက်၍ မကျေနပ်သောကြောင့် ပြင်ဆင်မှု လျှောက်ထားသော အမှုဖြစ်သည်။

တောင်တွင်းကြီးမြို့နေ ဒေါ်တင်အေးသည် အော်စတင် အမျိုးအစား မော်တော်ကား တစီးကို ဦးအောင်မြင့် ဆိုသူထံမှ ဝယ်ယူ၍ ခေတ္တပြန်လည်အပ်နှံထားစဉ် ဦးအောင်မြင့်က ယခုပြင်ဆင်မှု လျှောက်ထားသူ ဦးမောင်ကိုအား ရောင်း

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၀၁(ခ)။

† ၁၉၇၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၈ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့စွဲပါ မကွေးတိုင်း၊ (တောင်တွင်းကြီးမြို့ရုံးထိုင်) တရားရုံး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၇၅

ဦးမောင်ကို နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဒေါ်တင် အေး)။

စားလိုက်သည်။ ဒေါ်တင်အေးက ဦးအောင်မြင့် အပေါ် ပစ္စည်း အလွဲသုံးစား ပြုမှုဖြင့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ၊ တရားစွဲဆိုသောအခါတွင် ဦးအောင်မြင့်က အပြစ်ရှိကြောင်း ဝန်ခံသောကြောင့် ထောင်ဒဏ် တနှစ် အပြစ်ပေး၍ သက်သေခံ ပစ္စည်းမော်တော်ကားကို ဒေါ်တင်အေးသို့ ပြန်ပေးသည်။ ယင်းအမိန့်ကို မော်တော်ကားဝယ်သူ ဦးမောင်ကိုက မကျေနပ်သောကြောင့် တိုင်းတရားရုံးတွင် အရေး ဆိုသော်လည်း မအောင်မြင်၍ ဗဟိုတရားရုံးသို့ ရောက်ရှိလာရခြင်း ဖြစ်လေသည်။

၂ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ အရ တရားရုံးသည် သက်သေခံ ပစ္စည်းကိုပြန်ပေးသင့်သည်ဟု ယူဆသူအား ပြန်ပေးနိုင်သည်။ သက်သေခံ ပစ္စည်း သည်ခိုးရာပါပစ္စည်း သို့မဟုတ် အလွဲသုံးစားသော ပစ္စည်းဖြစ်နေလျှင် ယင်း ပစ္စည်းကို ဝယ်ယူသူက ပိုင်ဆိုင်ခွင့် မရနိုင်ချေ။ သဘောရိုးနှင့် ဝယ်ယူကြောင်း ထင်ရှားလျှင် ခိုးရာပါပစ္စည်း လက်ခံမှုနှင့် အရေးယူခံရခြင်းမှ ကင်းလွတ်မည်ဖြစ် သော်လည်း ပစ္စည်းပြန်ရနိုင်ရန်အတွက် အရေးမဆိုနိုင်ချေ။

ဖြစ်ပွားသောအမှုတွင် တရားခံ ဦးအောင်မြင့် ကိုယ်တိုင်က ဒေါ်တင်အေး၏ မော်တော်ကားကို အလွဲသုံးစားပြု၍ ဦးမောင်ကိုသို့ တဆင့် ရောင်းချကြောင်း ဝန်ခံသည်။ ထို့ကြောင့် ထောင်ဒဏ်တနှစ် အပြစ်ခံရသည်။ ဤသို့ဖြစ်ခဲ့လျှင် ဦးအောင်မြင့်ထံမှ မော်တော်ကားကို၊ ဦးမောင်ကို ဝယ်ယူခြင်းအားဖြင့် တရား ဥပဒေအရ၊ ပိုင်ဆိုင်မှု ရနိုင်မည် မဟုတ်ချေ။ မော်တော်ကားကို မူလပိုင်ရှင် ဒေါ်တင်အေးသို့ ပြန်ပေးစေရန် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့ သဘောတူ ညီစွာအမိန့်ချမှတ်ထားခြင်းကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သောကြောင့် ပြင်ဆင်မှုကိုပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြ တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမောင်ကြီး (ခေါ်) ဦးစီအမ်ဂျီဝါး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးကာစင်မိုဟာမက်စူရ်တီ ပါ ၁၂)*

† ၁၉၇၅ ဒီဇင်ဘာလ ၂၀ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ ဂေါပက အဖွဲ့ဝင်အဖြစ် မသင့်တော်သူ အရည်အချင်းမဲ့သူ ဖြစ်ကြောင်း အစည်းအဝေး ဆုံးဖြတ်ချက် ပေးပို့ခြင်း၊ အသရေဖျက်ရန် ကြံရွယ်ခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ခန့်ထားရေးကော်မတီသည် အစည်းအဝေးခေါ်ပြီး၊ ဆုံးဖြတ်ချက်ချမှတ်ကာ ယင်းဆုံးဖြတ်ချက် မှတ်တမ်းကို သက်ဆိုင်သူထံသို့ ပေးပို့ခြင်းမှာ လုပ်ငန်းအရ ဆောင်ရွက်ခြင်းသာဖြစ်သည်။ ဆုံးဖြတ်ချက်ကို ပေးပို့ရာ၌ သက်ဆိုင်သူ ထံသို့တိုက်ရိုက်ပေးပို့ခဲ့ခြင်း ဖြစ်သဖြင့် အသရေဖျက်ရန်ကြံရွယ်သည့်သဘောမသက်ရောက်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးမောင်မောင် (၆)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးတင်အုံး။

ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ စူရ်တီစွန်နီဂျာမေဗလီကြီး၏ ဂေါပက အဖွဲ့ဝင်တဦးဖြစ်သော ဦးမောင်ကြီး (ခ) ဦးစီအမ်ဂျီဝါးသည် ဂေါပက အဖွဲ့ဝင်အဖြစ် မသင့်တော်သူ၊ အရည်အချင်း ကင်းမဲ့သူ ဖြစ်သည်ဟု ထိုဗလီကြီး၏ ခန့်ထားရေး ကော်မတီ အဖွဲ့ဝင်များက အစည်းအဝေးတွင် ဆုံးဖြတ်ချက် ချမှတ်ပြီး၊ ယင်း ဆုံး ဖြတ် ချက် မှတ် တမ်း မိတ္တူ တ စောင် ကို ဦးမောင်ကြီး ထံ ပို့ ခဲ့ သည်။ ဦးမောင်ကြီးက မိမိ၏ ဂုဏ်သိက္ခာကို ထိပါးပါသည်ဟု စွပ်စွဲလျက် ခန့်ထားရေး ကော်မတီ၏ နာယက ဦးကာစင် မိုဟာမက်စူရ်တီနှင့် အဖွဲ့ဝင် ၁၀ ဦးတို့အား အသရေဖျက်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ ပန်းဘဲတန်းမြို့နယ် တရားရုံး၌

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၅၃(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၅ တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဇွန်လ ၃ ရက် နေ့စွဲပါရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြန်၍ပြင်ဆင်မှု။

၁၉၇၅ ဦးမောင်ကြီး (ခ) ဦးစီအမ်ဂျီဝါး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးကာစင် မိဟာမက် စုရိတ် ပါ ၁၂)။

၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၉၄၉ တွင် တရားစွဲဆိုခဲ့သည်။ ထိုတရားရုံးက တရားလို ဦးမောင်ကြီးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၁ အရ စစ်ဆေးပြီးနောက် အရေးယူရန် မခိုင်လုံဟု အကြောင်းပြလျက် အမှုကို ပလပ်ခဲ့သည်။ ဦးမောင်ကြီးက မကျေနပ်သဖြင့် ထိုအမိန့်ကိုပယ်ဖျက်ပေးပါရန် ရန်ကုန်တိုင်း တရားရုံးသို့ လျှောက်ထားရာ၊ ရန်ကုန်တိုင်း တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၅ သတ်မှတ်၍ ကြားနာပြီးနောက် ပြင်ဆင်မှုကို ပလပ်ကာ မူလရုံး၏ အမိန့်ကို အတည်ပြုခဲ့သည်။ ဦးမောင်ကြီးက မကျေနပ်သဖြင့် ဗဟို တရားရုံးသို့ တဆင့်တက်၍ ပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်သည်။

ခန့်ထားရေး ကော်မတီသည် အစည်းအဝေး ခေါ်ပြီး ဆုံးဖြတ်ချက် ချမှတ်ကာ ယင်းဆုံးဖြတ်ချက် မှတ်တမ်းကို သက်ဆိုင်သူထံသို့ပေးပို့ခြင်းမှာ လုပ်ငန်းအရ ဆောင်ရွက်ခြင်းသာ ဖြစ်သည်။ ဆုံးဖြတ်ချက်ကို ပေးပို့ရာ၌ သက်ဆိုင်သူထံသို့ တိုက်ရိုက်ပေးပို့ခဲ့ခြင်းဖြစ်သဖြင့် အသရေဖျက်ရန် ကြံရွယ်သည့် သဘော မသက်ရောက်ပေ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၉ ၌ အသရေဖျက်မှုအဓိပ္ပါယ်ကို ဖွင့်ဆိုလျက် မည်သည့်အခါတွင် ကင်းလွတ်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထိုဥပဒေ ပြဋ္ဌာန်းချက်များအရ ခန့်ထားရေးကော်မတီ၏ အပြုအမူသည် အသရေ ဖျက်မှုမမြောက်ကြောင်း မူလရုံးနှင့် တိုင်းတရားရုံးတို့က တညီတညွတ်တည်း တွေ့ရှိခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သောကြောင့် ပယ်ဖျက်ရန် အကြောင်း မရှိဟု ကျွန်ုပ်တို့ ယူဆသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးလှမောင် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမြင့်သိန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

(ဦးတင်လတ်)

၁၉၇၅

ဒီဇင်ဘာလ ၃ ရက်။

ရုံးပြောင်းပေးရန် လျှောက်ထားမှု၊ စဉ်းစားရန်အချက်များ၊ စိုးရိမ်မကင်း ဖြစ်မှုမှာ တရားသူကြီး ဥက္ကဋ္ဌ တဦးတည်းအပေါ်တွင် မူတည်ခြင်း၊ အထူးအကြောင်း တစုံတရာ မရှိပါက ရုံးပြောင်း စစ်ဆေးခွင့်ကို မပြုသင့်ခြင်း၊ ဥက္ကဋ္ဌ ပါဝင်ခြင်းမရှိသော တရားစီရင်ရေးအဖွဲ့က စစ်ဆေးကြားနာရန်အမိန့်ချခြင်း။

ဆုံးဖြတ်ချက်။ ။ရုံးပြောင်းပေးရန်နှင့် ပတ်သက်၍ လျှောက်ထားရာတွင် တရားသူကြီး၏ သမာဓိမရှိခြင်း၊ ဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း အစရှိသည်တို့အပေါ်တွင် စဉ်းစားရန်သာမက တရားသူကြီး၏ အပြုအမူအရ တရားခံ၏စိတ်တွင် အမှုကို ထိုရုံး၌စစ်ဆေးပါက တရားမျှတမှုရလိမ့်မည်မဟုတ်ဟု စိုးရိမ်မကင်း ဖြစ်ခြင်းအပေါ်တွင် မူတည်၍လည်း စဉ်းစားရန်ရှိသည်။ လျှောက်ထားသူ၏ စိုးရိမ်မကင်းဖြစ်မှုမှာ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌတဦးတည်း အပေါ်တွင် မူတည်လျက်ရှိသည်။ မျက်မှောက်ခေတ် တရားစီရင်ရေး စံနစ်သည် ဗဟိုက ဦးစီးဦးဆောင်ပြု၍ ဒေသအလိုက်ကိုယ်တိုင်စီမံဆောင်ရွက်သည့်စနစ်ဖြစ်သည်။ အထူးအကြောင်း တစုံတရာ ပေါ်ပေါက်ခြင်း မရှိပဲ ရုံးပြောင်း စစ်ဆေးခွင့်ကို မပြုသင့်၊ ထို့ကြောင့်အမှုကို အခြားမြို့နယ်တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးမည့်အစား တရားသူကြီး အဖွဲ့ ဥက္ကဋ္ဌ ပါဝင်ခြင်းမရှိသော †တရားစီရင်ရေး အဖွဲ့က စစ်ဆေးကြားနာစေရန် အမိန့်ချမှတ်သည်။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးချိန်ပိုး။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးတင်အုံး။

ဗဟိုတရားရုံးရှေ့နေ ဦးကျား။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၆ဂ။

† ဒဂုံမြို့နယ် တရားရုံးတွင်စစ်ဆေးကြားနာခနဲဆဲဖြစ်သော ပြစ်မှုဆိုင်ရာ အမှုအမှတ် ၁၄၁/၇၄ ကို၊ ရန်ကုန်တိုင်းအတွင်းရှိ အခြားမြို့နယ် တရားရုံးအဖွဲ့သို့ လွှဲပြောင်းစစ်ဆေးကြားနာရန် လျှောက်ထားခြင်း။

၁၉၇၅

ဦးမြင့်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်လတ်)။၆

လျှောက်ထားသူ ဦးမြင့်သိန်းအပေါ်တွင် လျှောက်ထားခံရသူ ဦးတင်လတ် က ဒဂုံမြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၄၂၇ တို့အရ ဦးမြင့်သိန်း ၏ အိမ်အမိုးသည် မိမိမြေဘက်သို့ တပေခန့် ကျူးကျော်နေသောကြောင့် မိုးရေများ ကျဆင်းပြီး မိမိအိမ်တံခါးများ ပျက်စီးရသည်ဟူ၍ တရားစွဲဆိုသည်။ ဤသို့စွဲဆိုသော အမှုကို ဒဂုံမြို့နယ် တရားရုံးမှ အခြားမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ ပေးရန် ဦးမြင့်သိန်းက တိုင်းတရားရုံးသို့ လျှောက်ထားရာတွင် မအောင်မြင် သောကြောင့် ဗဟိုတရားရုံးသို့ ရောက်ရှိလာရခြင်း ဖြစ်သည်။

ဦးမြင့်သိန်းက ရုံးပြောင်းပေးရန် လျှောက်ထားရသည့် အကြောင်းမှာ ယခုအမှု မစွဲမီ ဦးတင်လတ် တိုင်တန်းချက်အရ ဦးမြင့်သိန်းအပေါ် မြူနီစီပါယ်အဖွဲ့မှ အိမ်မိုး ကျူးကျော်ခြင်း ရှိသည်ဟူ၍ မြူနီစီပါယ်ဥပဒေ ပုဒ်မ ၁၅၃/၂၀၅ အရ ဒဂုံမြို့နယ် တရားရုံးတွင်တရားစွဲဆို၍ ဦးမြင့်သိန်းအ ပေါ် ဒဏ်ငွေ ၁၂၅ ကျပ် တပ်ရိုက်သည်။ သို့ရာ တွင်တိုင်းတရားရုံးမှ ဒဏ်ငွေကို ပယ်ဖျက်လိုက်သည်။ ထို့နောက်တဖန် ဦးတင်လတ်၏ တိုင်တန်းချက်အရပင် မြူနီစီပါယ်အဖွဲ့မှ ဦးမြင့်သိန်းအပေါ် မြူနီစီပါယ်ဥပဒေအရ နောက်ထပ်တမှု တရားစွဲပြန်သည်။ ထိုအမှုကို ဦးမြင့်သိန်းက ရုံးပြောင်းစစ်ဆေး ပေးရန်အတွက် လျှောက်ထားသောအခါ ဗဟိုတရားရုံးက ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၂၀/၇၄ အမှုတွင် အခြားမြို့နယ်တရားရုံးသို့ ပြောင်းရွှေ့ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ဤသို့ ဖြစ်ပျက်ပြီးနောက် ယခုတဖန်ဦးတင်လတ်က ဦးမြင့်သိန်း အပေါ် ဒဂုံမြို့နယ်တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၇/၄၂၇ အရ ထပ်မံစွဲဆို သောကြောင့် ရုံးပြောင်းပေးရန် လျှောက်ထားခြင်း ဖြစ်လေသည်။

ဗဟိုတရားရုံး ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၂၀/၇၄ ဒဂုံမြို့နယ် တရားရုံးမှ အခြားမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးပေးရန်အတွက် အမိန့်တွင် မူလတရားရုံးသည် လျှောက်ထားသူ၏အမှုကို ရက်ချိန်းပေးပြီးမှ ပြင်ဆင်သတ်မှတ် ခြင်း၊ အယူခံ တင်ထားကြောင်း တင်ပြသော်လည်း ရက်ချိန်း ခွင့်မပြုခြင်း၊ တရား သူကြီးအဖွဲ့ ဥက္ကဋ္ဌသည် နလက အတွင်းရေးမှူးအဖြစ် အမှုနှင့်ပတ်သက်၍အရေးယူ ခဲ့ခြင်း အစရှိသော အထက်ဖော်ပြပါ အချက်များကို အကြောင်းပြု၍ ရုံးပြောင်း လျှောက်လွှာကို ခွင့်ပြုခဲ့သည်။

ယခုအမှုနှင့် ယခင် ဗဟိုတရားရုံးမှ ဆုံးဖြတ်ခဲ့သော အမှုတို့မှာ တူညီသည်ဟု မဆိုနိုင်ချေ။ ယခင်မြူနီစီပါယ်အဖွဲ့မှ တရားလိုပြုလုပ်၍ စွဲဆိုသောအမှုကို စစ်ဆေး ကြားနာရန်ဖြစ်သော ဒဂုံမြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌသည် ဒဂုံမြို့နယ် လအက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့၍ အမှုဖြစ်ပျက်သည့် အကြောင်းအရာများကို

ကြိုတင်သိရှိနားလည်ပြီး စိတ်ဝင်စားသူ တဦးဖြစ်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ယခုအမှုကို ပုဂ္ဂိုလ်တဦးခြင်းအနေဖြင့် ပိုင်နက် ကျူးလွန်မှုနှင့် ႏအကျိုးပျက်စီးစေမှုတို့အရ စွဲဆိုခြင်း ဖြစ်လေသည်။

၁၉၇၅။
ဦးမြင့်သိန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်လတ်)။

လျှောက်ထားသူသည် မိမိအမှုကို ဒဂုံမြို့နယ် တရားရုံးတွင် စစ်ဆေးပါက တရားမျှတမှု ရနိုင်လိမ့်မည် မဟုတ်ဟုစိုးရိမ်မကင်းရှိခြင်းမှာ ဒဂုံမြို့နယ် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌသည် ယခင်ဒဂုံမြို့နယ်တွင် လအက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး လျှောက်ထားသူ၏ အိမ်အမိုးနှင့် ပတ်သက်၍မြူနီစီပါယ်ဥပဒေအရ အရေးယူခဲ့သောကြောင့် ဖြစ်သည်။ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌကိုယ်တိုင် ပါဝင်သော တရားစီရင်ရေးအဖွဲ့က ယခင်အမှုကို ဆောင်ရွက်ရာတွင် သတ်မှတ်ပြီးသောရက်ချိန်းကို ပြင်ဆင်ခြင်း အယူခံထားသော်လည်း ဆိုင်းငံ့ခွင့်မပေးခြင်း အစရှိသည်တို့ ပြုမူသောအခါတွင် လျှောက်ထားသူ၏ စိုးရိမ်မကင်းဖြစ်မှု ပိုမိုကြီးမားလာခဲ့ရပေသည်။

ရုံးပြောင်းပေးရန်နှင့် ပတ်သက်၍ လျှောက်ထားရာတွင် တရားသူကြီး၏ သမာဓိရှိခြင်း၊ ဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း အစရှိသည်တို့အပေါ်တွင် စဉ်းစားရန်သာမက တရားသူကြီး၏ အပြုအမူအရ တရားခံ၏စိတ်တွင် အမှုကိုရုံး၌စစ်ဆေးပါက တရားမျှတမှု ရလိမ့်မည်မဟုတ်ဟု စိုးရိမ်မကင်း ဖြစ်ခြင်းအပေါ်တွင်မူတည်၍လည်း စဉ်းစားရန်ရှိသည်။ ယခင်ရုံးပြောင်းပေးခဲ့သော အမှုတွင် ဒဂုံမြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌကိုယ်တိုင် ပါဝင်သော တရားစီရင်ရေးအဖွဲ့သည် လျှောက်ထားသူအနေဖြင့် စိုးရိမ်မှုဖြစ်ပေါ်စေရန် အပြုအမူများရှိခဲ့သည်။ ထို့ကြောင့်ပင် ဗဟိုတရားရုံးက ရုံးပြောင်းစစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ယခုအမှုကို စစ်ဆေးကြားနာလျက်ရှိသော ဒဂုံမြို့နယ် တရားစီရင်ရေးအဖွဲ့သည် အမှုနှင့်ပတ်သက်၍ မပြုအပ်သောဆောင်ရွက်ချက်များ ပြုလုပ်ခဲ့ပါသည်ဟူ၍ စွပ်စွဲချက် မပေါ်ပေါက်ချေ။ လျှောက်ထားသူ၏ စိုးရိမ်မကင်းဖြစ်မှုမှာလည်း ဒဂုံမြို့နယ် တရားသူကြီးဥက္ကဋ္ဌ တဦးတည်းအပေါ်တွင် မူတည်လျက် ရှိပေသည်။ မျက်မှောက်ခေတ် တရားစီရင်ရေးစနစ်သည် ဗဟိုက ဦးစီးဦးဆောင်ပြု၍ ဒေသလိုက် ကိုယ်တိုင်စီမံဆောင်ရွက်သည့် စနစ်ဖြစ်သည်။ အထူးအကြောင်း တစုံတရာ ပေါ်ပေါက်ခြင်းမရှိပဲ ရုံးပြောင်းစစ်ဆေးခွင့်ကို မပြုသင့်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် အမှုကို အခြားမြို့နယ် တရားရုံးသို့ ရွှေ့ပြောင်းစစ်ဆေးမည့်အစား ဒဂုံမြို့နယ်တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ပါဝင်ခြင်းမရှိသော တရားစီရင်ရေးအဖွဲ့က စစ်ဆေးကြားနာစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးစိုးလှိုင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ဇူလိုင်လ ၂၈ ရက်။

ရင်ကျော့မောင် ပါ ၂

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅၊ ခိုးပြတိုက်ရာပါပစ္စည်း တွေ့ရှိမှုနှင့် ခိုးပြမှုကျူးလွန်ခဲ့သည်ဟု တထစ်ချဆိုနိုင် မဆိုနိုင်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၂ အရပြောင်းလဲ၍စီရင်ခြင်း။

ဆုံးဖြတ်ချက်။ ။ခိုးပြတိုက်ခံရသူတို့၏ နေအိမ်တွင် ခိုးပြတိုက်မှုဖြစ်ပွားပြီး ၄ လကျော်ကြာမှ ခိုးပြတိုက်ရာပါ ပစ္စည်းဖြစ်သော ရေဒီယိုကို လျှောက်ထားသူများထံတွင်ပြန်လည်တွေ့ရှိရခြင်းဖြစ်သည်။ ဤသို့တွေ့ရှိရရုံမျှဖြင့် လျှောက်ထားသူများသည် ခိုးပြမှုကိုကျူးလွန်ခဲ့သည်ဟု တထစ်ချမဆိုနိုင်။ ထို့ကြောင့် ၎င်းတို့အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ ပြစ်မှုထင်ရှား စီရင်ခြင်းသည် ဥပဒေအရ မှန်ကန်ပုံ မပေါ်ပေ။ ယင်းပုဒ်မအစား ခိုးပြတိုက်ရာပါ ပစ္စည်းကို လက်ခံမှုဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၂ အရ ပြောင်းလဲစီရင်သင့်သည်။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘာရွှေ။

လျှောက်ထားသူ မောင်ရင်ကျော့မောင် နှင့် မောင်ကူကြီးတို့သည် တပ်ကုန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်၅၁/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၉၅ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ်စီ ချမှတ်ခြင်း ခံရသူများ ဖြစ်သည်။ ၎င်းတို့က မကျေနပ်၍ ပျဉ်းမနားမြို့ရုံးထိုင်၊ မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၇/၇၃ တွင် အယူခံသော်လည်းမအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု ဆက်လက် လျှောက်ထားခြင်းဖြစ်သည်။

၁၃၃၄ ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့ (၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့) ည ၇ နာရီအချိန်ခန့်တွင် တပ်ကုန်းမြို့နယ်၊ ကြာပင်အင်းရွာနေ ဦးစုနှင့် ဒေါ်ပု၏

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၄၃(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့စွဲပါ ပျဉ်းမနားမြို့ရုံးထိုင်၊ မန္တလေးတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

အိမ်သို့ သေနတ်ကိုင်ဓားပြ ဂ ဦးခန့် လာရောက်၍ရေဒီယိုတလုံး၊ လက်ပတ်နာရီ ၂ လုံး၊ ရွှေထည်ပစ္စည်းများနှင့် ငွေသားများ (စုစုပေါင်း တန်ဖိုး ၃,၅၁၀) ကို တိုက်ယူသွားသည်။ ဓားပြများက သေနတ် ၂ ချက်ပစ်ဖောက်ရာ၊အိမ်ရှင်များ၏သား မောင်ပြား၏ ညာဘက်လက်ကို သေနတ်တချက် ထိမှန်သွားသည်။

> ၁၉၇၅
>
> ရင်ကျော့မောင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ဓားပြတိုက်စဉ်က ဓားပြတိုက်ခံရသည့်အိမ်တွင် အိမ်ရှင်ဒေါ်ပု (လိုပြ-၁)၊ ၎င်း၏ ခင်ပွန်း ဦးစု (လိုပြ-၂)၊ ၎င်းတို့၏သား မောင်ပြား (လိုပြ-၃)၊ သမီး မကြင်လှ (လိုပြ-၄)နှင့် သူရင်းငှား ဦးစံခွား (လိုပြ-၅) တို့ရှိနေကြသည်။ ၎င်းတို့အနက် မည်သူကမျှ ဓားပြများကို မမှတ်မိလိုက်ကြချေ။

ဒေါ်ပုသည် တောင်ပို့သာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ညတွင်းချင်း သွားရောက်၍ တိုင်ချက်ပေးခဲ့သည်။

၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ညောင်ရမ်း ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှ ဒုတိယလုံခြုံရေးမှူး အဆင့် (၂)ဦးစောနောင် (လိုပြ-ဂ) သည် အခြားအမှုကိုစုံစမ်းရင်း ပင်မြို့င်ရွာ မောင်ကွက်ကြီး (လျှောက်ထားသူအမှတ် ၂)၏အိမ်တွင်အိမ်ရှင် မောင်ကွက်ကြီးနှင့် ဧည့်သည် မောင်ရင်ကျော့မောင် (လျှောက်ထားသူ အမှတ် ၁) တို့ကို မသင်္ကာဖွယ်ရာ ရေဒီယိုတလုံးနှင့်အတူ တွေ့ရသဖြင့် ဖမ်းဆီးလိုက်သည်။ ထို့နောက် ကြာပင်အင်းရွာကိုပိုင်သော တောင်ပို့သာပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှ စခန်းမှူး ဦးစိုးလွင် (လိုပြ-၁၀) က ဆက်လက်စုံစမ်းသည်။ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် တောင်ပို့သာ ရပ်ကွက်အဖွဲ့ဝင် ဦးတင်မောင် (လိုပြ-၇) ၏ရှေ့၌ ပစ္စည်းပြသောအခါ ဦးစု (လိုပြ-၂)သည် သက်သေခံရေဒီယိုကို ဆွဲထုတ်၍ မိမိထံမှ ဓားပြများ တိုက်ယူသွားသော ရေဒီယိုဖြစ်ကြောင်း ပြောပြသည်။ ထိုရေဒီယိုသည်လျှောက်ထားသူများထံတွင် ရဲအရာရှိ ဦးစောနောင်က တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သော ရေဒီယိုဖြစ်သည်။ မကြင်လှ (လိုပြ-၄)ကလည်း ထိုရေဒီယိုကို မှတ်မိသည်။

ဦးစုနှင့် မကြင်လှတို့၏ ထွက်ချက်များအရ ဓားပြများတိုက်ယူသွားသော ရေဒီယိုကို လျှောက်ထားသူများထံ၌ ပြန်လည် တွေ့ရှိရကြောင်းထင်ရှားသည်။လျှောက်ထားသူအမှတ် (၁) က ထိုရေဒီယိုမှာ မိမိဝယ်ယူလာသော ရေဒီယိုဖြစ်ပါသည်ဟု ထွက်ဆိုသော်လည်း သက်သေမပြနိုင်ပေ။

ဦးစုနှင့် ဒေါ်ပုတို့၏နေအိမ်တွင် ဓားပြတိုက်မှု ဖြစ်ပွားပြီး ၄ လကျော်ကြာမှ ဓားပြတိုက်ရာပါပစ္စည်းဖြစ်သော ရေဒီယိုကို လျှောက်ထားသူများထံတွင် ပြန်လည် တွေ့ရှိရခြင်းဖြစ်သည်။ ဤသို့ တွေ့ရှိရယုံမျှနှင့် လျှောက်ထားသူများသည် ဓားပြမှုကို ကျူးလွန်ခဲ့ဘည်ဟု တထစ်ချမဆိုနိုင်။ ထို့ကြောင့် ၎င်းတို့အပေါ်တွင် ပြစ်မှုဆိုင်ရာ

၁၉၇၅

ရင်ကျော့မောင် ပါ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ဥပဒေပုဒ်မ ၃၉၅ အရ၊ ပြစ်မှုထင်ရှား စီရင်ခြင်းသည် ဥပဒေအရ မှန်ကန်ပုံမပေါ်ပေ။ ယင်းပုဒ်မအစား ဖေးပြတိုက်ရာပါပစ္စည်းကို လက်ခံမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၂ အရ၊ ပြောင်းလဲစီရင်သင့်သည်။ ထိုပုဒ်မအရ တသက်တကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်အထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်သောကြောင့် မူလရုံးက ပေးထားသော ထောင်ဒဏ် ၅ နှစ်ပြစ်ဒဏ်သည် ကြီးလေးခြင်းမရှိဟု ယူဆသည်။

လျှောက်ထားသူများ အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ၊ ပြစ်မှုထင်ရှား စီရင်ထားခြင်းကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၂ သို့ပြောင်းလဲစီရင်ပြီး၊အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၅ နှစ်စီကျခံစေရန်ချမှတ်ထားခြင်းကိုအတည်ပြုသည်။ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးထွန်းအောင်ကျော် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ရမ်မနန် (ခေါ်) မောင်ခင်မောင်.ပါ ၂

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

† ၁၉၇၅ ဒီဇင်ဘာလ ၁၄ ရက်။

နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅(၁) အရအရေးယူမှု၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု ဥပဒေပုဒ်မ၄(၂)၏ လိုအပ်ချက်များ၊ မိခင်သည် ပြည်ထောင်စုတွင်ပါဝင်သော နယ်မြေတွင်မွေးဖွားသော်လည်း ဖခင်ဖြစ်သူသည် ထိုသို့ မွေးဖွားကြောင်းအထောက်အထား မရှိခြင်း၊ ယင်းဥပဒေပုဒ်မ ၄(၂)အရ မြန်မာနိုင်ငံသား ဖြစ်သည်ဟုယူဆနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု ဥပဒေပုဒ်မ ၄(၂) တွင် ပြည်ထောင်စုဟူ၍ ပါဝင်သော နယ်မြေတခုခုတွင် အနည်းဆုံး ဘိုးဘွားအားလုံးလက်ထက်မှစ၍ မိမိတို့၏ ပင်ရင်းတိုင်းပြည်အဖြစ်ဖြင့် မျိုးဆက်မပြတ် ထာဝစဉ် အခြေစိုက်နေထိုင်လာခဲ့သည့်ပြင်၊ မိမိ မိဘနှစ်ပါးနှင့်တကွ မိမိကိုယ်တိုင် ထိုနယ်မြေတခုခုတွင် မွေးဖွားသူဖြစ်လျှင်၊ ထိုသူအား မြန်မာ နိုင်ငံသားဖြစ်သည်ဟု မှတ်ယူရမည်ဟုပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်တွင် ဖော်ပြထားသော လုအပ်ချက်များအနက် လိုအပ်ချက်တခုမှာ လျှောက်ထားသူများ၏ မိဘ နှစ်ပါးလုံးသည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အတွင်း မွေးဖွားသူများ ဖြစ်ရပေမည်။ လျှောက်ထားသူ၏ မိခင်သည် ပြည်ထောင်စုအတွင်း မွေးဖွားခဲ့စေကာမူ လျှောက်ထားသူ၏ ဖခင်သည် ပြည်ထောင်စုအတွင်း မွေးဖွားကြောင်း အထောက်အထား မရှိသဖြင့် လျှောက်ထားသူများသည် မြန်မာနိုင်ငံသား ဖြစ်သည်ဟု ယူဆရန်အကြောင်းမရှိ။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးသက်ငွေ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

ရမ်မနန် (ခေါ်) မောင်ခင်မောင်နှင့် ရမ်ဒီရမ်(ခေါ်)မောင်ခင်မြင့်တို့ ညီအစ်ကိုသည် မိမိတို့ ကိုင်ဆောင်သော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်များကို မလဲလှယ်ဘဲနေသဖြင့် တရားစွဲဆိုခြင်း ခံရသည်။ ရမ်မနန် (ခေါ်) မောင်ခင်မောင်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၂၀(ခ)၊ ၂၂၁(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၆ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့စွဲပါ ပြည်မြို့ရုံးထိုင်၊ ပဲခူးတိုင်းတရားရုံးအမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၅

ရမ်မနန် (ခေါ်) မောင်ခင်မောင် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အပေါ်တွင် ပြည်မြို့နယ်တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၆၆၆ အရလည်းကောင်း၊ ရမ်ဒီရမ် (ခေါ်) မောင်ခင်မြင့် အပေါ်တွင် ပြည်မြို့နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ပြစ်မှုဆိုင်ရာ အမှုအမှတ် ၆၆၇ အရလည်းကောင်း သတ်မှတ်၍ စစ်ဆေးကြားနာပြီးနောက် ၎င်းတို့အား နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅ (၁)အရ၊ ငွေဒဏ် ၂၅ိ စီဆောင်စေရန် မဆောင်ပါက အလုပ်နှင့် ထောင်ဒဏ် တလစီ ကျခံစေရန် အမိန့်များ ချမှတ်ခဲ့သည်။ ပြည်မြို့ရုံးထိုင်၊ ပဲခူးတိုင်း တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၆ နှင့် ၁၇ တို့တွင် မူလရုံး၏ အမိန့်များကို အတည်ပြုခဲ့သည်။

ရမ်မနန် (ခေါ်) မောင်ခင်မောင်နှင့် ရမ်ဒီရမ် (ခေါ်) မောင်ခင်မြင့်တို့က မကျေနပ်သဖြင့် အောက်ရုံးမှ ချမှတ်ခဲ့သော အမိန့်များကို ပယ်ဖျက်ပေးပါရန် ဗဟို တရားရုံးသို့ ပြင်ဆင်မှုများ လျှောက်ထားကြခြင်းဖြစ်သည်။ ဤပြင်ဆင်မှု ၂ မှုသည် အကြောင်းခြင်းရာနှင့်တကွ ဥပဒေအရ တသဘောတည်း ဖြစ်ခြင်းကြောင့် ပူးပေါင်း ကြားနာပြီး ဤအမိန့်ကို ရေးသားချမှတ်သည်။

လျှောက်ထားသူများက မိမိတို့သည် တိုင်းရင်းသား ဘိုးဘွားများမှ ဆင်းသက် လာသူများဖြစ်ကြောင်း၊ မိမိတို့၏ မိခင်ဘက်မှ ဘိုးဘွားများသည် မြန်မာလူမျိုး ဦးဘိုးခနှင့် ဒေါ်အုန်းစိန်တို့ဖြစ်၍ ၎င်းတို့သည် ဇီးကုန်းမြို့နယ် သစ်နဖားရွာ၌ နေထိုင် ခဲ့ကြောင်း၊ မိမိတို့၏မိခင် ဒေါ်ပုသည် တိုင်းရင်းသားဖြစ်၍ ၎င်းအား သစ်နဖားရွာ၌ မွေးဖွားခဲ့ကြောင်း၊ မိမိတို့၏ ဖခင်မှာ နိုင်ငံခြားသား ရမ်ဒါရီဖြစ်ကြောင်း၊ မိမိတို့အား ပြည်မြို့၌မွေးဖွားခဲ့ကြောင်း၊ မိမိတို့သည် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂)အရ မြန်မာနိုင်ငံသားများ ဖြစ်ကြကြောင်း၊ မူလက မိမိတို့တွင် အမျိုးသားမှတ်ပုံတင် လက်မှတ်များ ရှိခဲ့ကြောင်း၊ ထိုလက်မှတ်များကို မှတ်ပုံတင်ရုံးက သိမ်းသွားပြီးနောက် ၆ လခန့် ကြာသောအခါ မိမိတို့အား နိုင်ငံခြား သားမှတ်ပုံတင် လက်မှတ်များ ထုတ်ပေးခဲ့ကြောင်း၊ မိမိတို့အား မှားယွင်းစွာ ထုတ် ပေးထားသော နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်များကို လဲလှယ်ရန် တာဝန်မရှိ သဖြင့် မိမိတို့တွင် အပြစ်မရှိပါဟု တင်ပြကြသည်။

၁၉၄၈ ခုနှစ်၊ ပြည်ထောင် စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂)က ဤသို့ဆိုပါသည်။

“ပြည်ထောင်စုတွင် ပါဝင်သော နယ်မြေ တခုခုတွင် အနည်းဆုံး ဘိုးဘွား အားလုံး လက်ထက်မှစ၍ မိမိတို့၏ ပင်ရင်းတိုင်းပြည် အဖြစ်ဖြင့် မျိုးဆက်မပြတ် ထာဝစဉ် အခြေစိုက်နေထိုင် လာခဲ့သည့်ပြင်၊ မိမိ၏ မိဘနှစ်ပါးနှင့်တကွ မိမိ

ကုယ်တိုင် ထိုနယ်မြေတခုခုတွင် မွေးဖွားသူဖြစ်လျှင် ထိုသူအား မြန်မာနိုင်ငံသားဖြစ်သည်**ဟု** မှတ်ယူရမည်။ ”

၁၉၇၅

ရမ်မနန် (ခေါ်) မောင်ခင်မောင်

ပါ ၂

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အထက်ဖော်ပြပါ ဥပဒေ ပြဋ္ဌာန်းချက်တွင် ဖော်ပြထားသော လိုအပ်ချက်များအနက်၊ လိုအပ်ချက်တခုမှာ လျှောက်ထားသူများ၏ မိဘ ၂ ပါးလုံးသည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အတွင်း မွေးဖွားသူများ ဖြစ်ရပေမည်၊ လျှောက်ထားသူများ၏ မိခင်သည် ပြည်ထောင်စုအတွင်းမွေးဖွားခဲ့သူ ဖြစ်ကြောင်း အထောက်အထား ရှိစေကာမူ၊ လျှောက်ထားသူများ၏ ဖခင်သည် ပြည်ထောင်စု အတွင်းတွင် မွေးဖွားခဲ့သူဖြစ်ကြောင်း အထောက်အထား မရှိသဖြင့် လျှောက်ထားသူများသည် မြန်မာနိုင်ငံသားများ အလိုအလျောက် ဖြစ်သည်ဟု ဖော်ပြပါ ဥပဒေအရ ယူဆရန်အကြောင်း မရှိချေ။

မူလက အမျိုးသား မှတ်ပုံတင် လက်မှတ်များ ကိုင်ဆောင်ခဲ့ကြောင်းကိုလည်း လျှောက်ထားသူများသည် သက်သေ မပြနိုင်ပေ။

လျှောက်ထားသူများသည် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေပုဒ်မ ၄ (၂)၏ အကာအကွယ်ကို မရရှိနိုင်။ သို့ရာတွင် ယင်းဥပဒေ၏ ပုဒ်မ ၆ (၁)အရအခွင့်အရေးများကို လျှောက်ထား တောင်းခံနိုင်သည်။

လက်ရှိ အခြေအနေတွင် လျှောက်ထားသူများသည် နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်များကို ကိုင်ဆောင်ထားသည်ဖြစ်ရာ၊ထိုလက်မှတ်များကို နှစ်စဉ်လဲလှယ်ရန် တာဝန်ရှိသည်။ ထိုတာဝန်အရ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သဖြင့်၊ နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅ (၁)အရ အပြစ်ရှိသည်။

မူလရုံးနှင့် တိုင်းအယူခံရုံးတို့က ပြစ်မှုထင်ရှားကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ထားခြင်းမှာ ဥပဒေအရ မှားယွင်း ချွတ်ချော်ခြင်း မရှိသောကြောင့် ထိုအမိန့်များကို ပယ်ဖျက်ရန်အကြောင်း မရှိပေ။ သတ်မှတ်ထားသော ငွေဒဏ်များမှာလည်း ကြီးလေးသည်ဟု မဆိုနိုင်သောကြောင့် လျော့ပေါ့ရန်အကြောင်း မရှိပေ။

ထို့ကြောင့် ပြင်ဆင်မှုများကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးစိုးလှိုင် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
မတ်လ ၅ ရက်။

ဦးလှရီ ပါ ၂
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

နှာခေါင်းရိုးကျိုးသော ဒဏ်ရာကို မည်သူ၏ လက်ချက်ကြောင့် ရရှိခဲ့ကြောင်း ခွဲခြား၍တပ်အပ် သေချာစွာ မပြောနိုင်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှား စရင်ရန် မသင့်ပဲ တဆင့်နိမ့်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရသာလျှင် ပြစ်မှု ထင်ရှားစီရင်သင့်ခြင်း။

ဆုံးဖြတ်ချက်။ ။မောင်တင်မောင်အား ဦးလှရီက မျဉ်းလုံးနှင့်ရိုက်၍ ဦးမောင်မောင်က လက်သီးနှင့် ထိုးသဖြင့် မောင်တင်မောင်တွင် နှာခေါင်းရိုးကျိုးသော ဒဏ်ရာ ရရှိခဲ့ကြောင်း ထင်ရှားသည်။ သို့ရာတွင် ဦးလှရီနှင့် ဦးမောင်မောင်တို့ နှစ်ဦးအနက် မည်သူ၏ လက်ချက်ဖြင့် ယင်းဒဏ်ရာရရှိခဲ့ကြောင်း ခွဲခြား၍ တပ်အပ် သေချာစွာ မပြောနိုင်သောကြောင့် ဦးလှရီနှင့် ဦးမေ ာင်မောင်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရပြစ်မှုထင်ရှား စီရင်ရန်မသင့်ပေ။ တဆင့်နိမ့်သော ပြစ်မှုဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၀ အရသာလျှင် ပြစ်မှုထင်ရှားစီရင်ရန် ဖြစ်သည်။

ပြင်ဆင်ရန် လျှောက်ထားသူများအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး ဦးဟန်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဥ ပ ဒေ ဝန် ထမ်း အဆင့် (၁) ဦးသိန်းအောင်။

စက်ဘီးခိုးမှုနှင့် မသက်ာသဖြင့် ဖမ်းဆီးထားသော မောင်တင်မောင်အား ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ညတွင် လယ်ဝေးမြို့ ပြည်သူ့ရဲ တပ်ဖွဲ့စခန်း၌ ဒု-လုံခြုံရေးမှူးအဆင့် (၂) ဦးလှရီက မျဉ်းလုံးနှင့်ရိုက်၍ စစ်မေးသည်။ ဦးလှရီ စစ်မေးစဉ် ရဲတပ်ကြပ် ဦးမောင်မောင်က မောင်တင်မောင်အားလက်သီးနှင့် ထိုး သည်။ မောင်တင်မောင်တွင် နှာခေါင်းရိုး ကျိုးသွားသော ဒဏ်ရာရရှိသည်။

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၃၆(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့စွဲပါ ပျဉ်းမနားမြို့နယ်ရုံးထိုင်၊ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးလှရီ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

မောင်တင်မောင်၏ ဖခင် ဦးမောင်ကိုက ဤအကြောင်းကို မြို့နယ် လုံခြုံရေးမှုနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌအား တိုင်ကြားပြီးနောက် ရဲစခန်းသို့ သွားရောက် တိုင်ကြားသဖြင့် ဦးလှရီနှင့် ဦးမောင်မောင်တို့ အပေါ်၌ လယ်ဝေးမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၂၈/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ၊ တရားစွဲဆိုခဲ့လေသည်။ ထိုအမှုကို စစ်ဆေးကြားနာသောမြို့နယ်တရားစီရင်ရေးအဖွဲ့က ဦးလှရီအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅/၃၃၀/၃၃၁ အရ ပြစ်မှုထင်ရှား စီရင်၍ ငွေဒဏ် ၁၅၀ ကျပ်ပေးဆောင်စေရန်၊ ပျက်ကွက်ပါက ထောင်ဒဏ် ၃ လ ကျခံစေရန်နှင့် ဒဏ်ငွေအနက်မှ ၁၂၅ ကျပ်ကို မောင်တင်မောင်သို့ နာကျင်မှုအတွက် ပေးစေရန် အမိန့်ချမှတ်သည်။ ဦးမောင်မောင်အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅/၃၃၀/၃၃၁ အရ ပြစ်မှုထင်ရှား စီရင်၍ ငွေဒဏ် ၁၀၀ ကျပ် ပေးဆောင်စေရန် ပျက်ကွက်ပါက ထောင်ဒဏ် ၂ လကျခံစေရန်နှင့် ဒဏ်ငွေအနက်မှ ၇၅ ကျပ်ကို မောင်တင်မောင်သို့နာကျင်မှုအတွက်ပေးစေရန်အမိန့်ချမှတ်သည်။မောင်တင်မောင်နှင့် ဦးမောင်ကိုတို့က ထိုပြစ်ဒဏ်များသည် သက်ညှာလွန်းသဖြင့် တိုးမြှင့်ပေးပါရန်လျှောက် ထားချက်အရ ပျဉ်းမနားမြို့ ရုံးထိုင်၊ မန္တလေးတိုင်း တရားစီရင်ရေးအဖွဲ့က ပျဉ်းမနား မြို့ရုံးထိုင်၊ မန္တလေးတိုင်းတရားရုံး၊ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၁/၇၃ တွင်ကြားနာ၍ ဦးလှရီနှင့် ဦးမောင်မောင်တို့အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြောင်းလဲ၍ ပြစ်မှုထင်ရှား စီရင်ပြီးလျှင်၊ ဦးလှရီအား ထောင်ဒဏ် တနှစ်နှင့် ခြောက်လကျခံ စေရန်နှင့်ငွေဒဏ် ၁၅၀ ကျပ် ပေးဆောင်စေရန်၊ မဆောင်ပါက အလုပ်နှင့် ထောင်ဒဏ် ၃ လကျခံစေရန်၊ ဦးမောင်မောင်အား အလုပ်နှင့် ထောင်ဒဏ် တနှစ်ကျခံစေရန်နှင့် ငွေဒဏ် ၁၀၀ ကျပ်ပေးဆောင်စေရန်၊ မဆောင်ပါက အလုပ်နှင့်ထောင်ဒဏ် ၂ လ ကျခံစေ၊ဒဏ်ငွေများ ရရှိကလျော်ကြေးအဖြစ် ၂၀၀ ကျပ်ကို နစ်နာသူမောင်တင်မောင် အား ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ဤကဲ့သို့ ပြစ်ဒဏ်တိုးမြှင့် ချမှတ်ခြင်းကို ဦးလှရီနှင့် ဦးမောင်မောင်တို့က မကျေနပ်သောကြောင့် ဗဟိုတရားရုံးတွင် ယခု ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

စွဲချက် တင်ထားသော ပုဒ်မဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းမပြုဘဲ အခြား သင့်တော် သော ပုဒ်မဖြင့် ပြစ်မှုထင်ရှား စီရင်နိုင်သည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၇ အရ ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၈ အရ၊ ကြီးသော ပြစ်မှုဖြင့် စွဲချက်တင်ခဲ့ပြီးနောက် ငယ်သောပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်နိုင်သည်။ သို့ရာတွင် ငယ်သောပြစ်မှုဖြင့် စွဲချက်တင်ခဲ့ပြီးနောက် ကြီးသောပြစ်မှုဖြင့် ပြစ်မှု ထင်ရှား စီရင်ခြင်း မပြုနိုင်။ ထို့ကြောင့် မူလမှုတွင် ဦးလှရီအပေါ်၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ စွဲချက်တင်၍ စစ်ဆေးခဲ့ပြီးနောက် ပြစ်မှုထင်ရှား စီရင်သော

၁၉၇၅

ဦးလှရီ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အခါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှား စီရင်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်။ အကြောင်းမူကား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ အများဆုံး ချမှတ်နိုင်သည့် ပြစ်ဒဏ်မှာ ထောင်ဒဏ် ၇ နှစ်နှင့် ငွေဒဏ်သာဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ချမှတ်နိုင်သည့် ပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၀ နှစ်အထိနှင့် ငွေဒဏ် ဖြစ်သောကြောင့် ဖြစ်သည်။

မောင်တင်မောင်အား ဦးလှရီက မျဉ်းလုံးနှင့်ရိုက်၍ ဦးမောင်မောင်ကလက်သီးနှင့် ထိုးသဖြင့် မောင်တင်မောင်တွင် နှာခေါင်းရိုးကျိုးသော ဒဏ်ရာ ရရှိခဲ့ကြောင်း ထင်ရှားသည်။သို့ရာတွင် ဦးလှရီနှင့် ဦးမောင်မောင်တို့ နှစ်ဦးအနက် မည်သူ၏ လက်ချက် ဖြင့် ယင်းဒဏ်ရာကို ရရှိခဲ့ကြောင်း ခွဲခြား၍ တပ်အပ်သေချာစွာ မပြောနိုင်သော ကြောင့် ဦးလှရီနှင့် ဦးမောင်မောင်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှား စီရင်ရန် မသင့်ပေ။ တဆင့်နိမ့်သောပြစ်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၀ အရ သာလျှင် ပြစ်မှုထင်ရှား စီရင်ရန်ဖြစ်သည်။

ချောက်လှန့် ဖြောင့်ချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မ ပြုလုပ်ရန် ဖြစ်စေ နာကျင်စေမှုကို ပြုလျှင် ထိုသူသည် ပြင်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်သည်ဟု ဥပဒေက ပြဋ္ဌာန်းထား သည်။ မူလမှုရှိ သက်သေခံချက်များအရ ဦးလှရီနှင့် ဦးမောင်မောင်တို့သည် စက်ဘီး ခိုးမှုပေါ်အောင် မောင်တင်မောင်အား စစ်မေးရာ၌ နာကျင်စေမှု ပြုမိခဲ့သဖြင့် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားသည်။

ဦးလှရီနှင့် ဦးမောင်မောင်တို့သည် ပထမအကြိမ် ကျူးလွန်သူများဖြစ်သည်။ ဒေါသရှေ့ဆောင်သဖြင့် သတိလွတ်ပြီး ဥပဒေဘောင်ကို ကျူးကျော် ဆောင်ရွက်မိ ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အပေါ်တွင် တိုင်းတရားစီရင်ရေး အဖွဲ့က ချမှတ် ထားသော ပြစ်ဒဏ်ကို လျှော့ပေါ့ရန် သင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

လျှောက်ထားသူ ဦးလှရီအပေါ်တွင် တိုင်းတရားစီရင်ရေးအဖွဲ့က ချမှတ်ထား သော ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရ ပြစ်မှုထင်ရှား စီရင်ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခြောက်လကျခံစေရန် နှင့် ငွေဒဏ် ၁၅၀ ကျပ် ပေးဆောင်စေရန်၊ ငွေဒဏ် မပေးဆောင်ပါက အလုပ်ကြမ်း နှင့်ထောင်ဒဏ် နှစ်လ ကျခံစေရန် အမိန့်ချလိုက်သည်။

လျှောက်ထားသူ ဦးမောင်မောင် အပေါ်တွင် တိုင်းတရားစီရင်ရေး အဖွဲ့က ချမှတ်ထားသော ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာ

ဥပဒေပုဒ်မ ၃၃၀ အရ ပြစ်မှုထင်ရှား စီရင်ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ လ ကျခံစေရန်နှင့် ငွေဒဏ် ၁၀၀ ကျပ် ပေးဆောင်စေရန်၊ မပေးဆောင်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ် တလကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

လျှောက်ထားသူများ ပေးဆောင်သော ဒဏ်ငွေများအနက်မှ ငွေ ၂၀၀ ကျပ်ကို နာကျင်မှု ခံခဲ့ရသူ မောင်တင်မောင်သို့ လျော်ကြေးအဖြစ် ပေးစေရမည်။

၁၉၇၅

ဦးလှရီ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးကြည်မြ တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးလှသိန်း ပါ ၂

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

†၁၉၇၅

ဇွန်လ ၁၃ ရက်။

သမဝါယမအသင်းဥပဒေ နောက်ဆက်တွဲဇယား ၂၊ အမှတ်စဉ် ၆၊ ၁၀၊ ၂၀ နှင့် ၂၁ အရ စွဲဆိုခြင်းခံရသူများအား အာမခံပေးနိုင် - မပေးနိုင်။

ဆုံးဖြတ်ချက်။ ။စွဲဆိုသော ပြစ်မှုမှာ ၅ နှစ်အထိထောင်ဒဏ်နှင့် ကျပ် ၂၅,၀၀၀ အထိ ငွေဒဏ်သာချမှတ်နိုင်သောကြောင့် တရားရုံး၏ သဘောအလျောက် ချင့်ချိန်၍ အာမခံပေးနိုင်သောပြစ်မှုဖြစ်သည်။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး ဦးဘစိန်။
ဗဟိုတရားရုံးရှေ့နေကြီး ဦးဘိုးအောင်။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးတင်အုံး။

လျှောက်ထားသူ ဦးလှသိန်းနှင့် ဦးကျော်လှတို့သည် ပုသိမ်အနောက်ပိုင်း မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၈၄၂/ ၇၄ တွင် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ၊ နောက်ဆက်တွဲဇယား ၂၊ အမှတ်စဉ် ၆၊ ၁၀၊ ၂၀ နှင့် ၂၁ တို့အရ တရားစွဲဆိုခြင်းခံနေရသူများဖြစ်သည်၊ ထိုအမှုအတောအတွင်း၌ မိမိတို့အား အာမခံနှင့် လွှတ်ထားပါရန် ၎င်းတို့၏ လျှောက်ထားခြင်းကို ပုသိမ်အနောက်ပိုင်း မြို့နယ် တရားရုံးနှင့် ဧရာဝတီတိုင်းတရားရုံးတို့က ပယ်ချခဲ့သဖြင့် ဗဟိုတရားရုံးတွင် ဆက်လက် လျှောက်ထားကြခြင်းဖြစ်သည်။

လျှောက်ထားသူများသည် အမှုနှင့်ပတ်သက်၍ ၁ နှစ်နှင့် ၄ လကျော်အချုပ်ခံရပြီးဖြစ်သည်။ ဤကဲ့သို့ကြာမြင့်စွာ ချုပ်နှောင်ထားခြင်း အားဖြင့် ပြစ်မှုထင်

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာမှု အမှတ် ၁၆ နှင့် ၃၀။

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုသေး အမှတ် ၃ တွင်ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့စွဲပါ ပုသိမ်မြို့ရုံးထိုင်၊ ဧရာဝတီတိုင်း တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ရှားမတွေ့ရှိသေးပဲ ကြိုတင်၍ ပြစ်ဒဏ်ပေးသကဲ့သို့ ဖြစ်နေပေသည်။ စွဲဆိုသော ပြစ်မှုမှာလည်း ၅ နှစ်အထိ ထောင်ဒဏ်နှင့် ကျပ် ၂၅,၀၀၀ အထိ ငွေဒဏ်သာ ချမှတ်နိုင်သောကြောင့် တရားရုံး၏ သဘောအလျောက် ချင့်ချိန်၍ အာမခံပေးနိုင်သောပြစ်မှုဖြစ်သည်။

၁၉၇၅

ဦးလှသိန်း ပါ ၂ နှင့် ပြည်ထောင်စ ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အာမခံနှင့် လွှတ်ထားပါက လျှောက်ထားသူများသည် တရားလိုပြ သက်သေများအပေါ် မလျော်ဩဇာသုံး၍ အမှုပျက်ပြယ်အောင် လုပ်လိမ့်မည်ဟု စိုးရိမ်ရန် အခြေအနေမရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်ခြင်း ပြုမည်လည်း မဟုတ်ကြောင်း၊ လွန်ခဲ့သောလအတွင်းက မုန်တိုင်းဒဏ်ကြောင့် ပုသိမ်မြို့ရှိ အကျဉ်းထောင်ပျက်စီးခဲ့ရာတွင် လျှောက်ထားသူများသည် ထွက်ပြေးတိမ်းရှောင်ခြင်း မပြုခဲ့ပါဟု လျှောက်ထားသည်။

ဗဟိုဥပဒေရုံးအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိဥပဒေဝန်ထမ်း ဦးတင်အုံးနှင့်ဦးဘသန်းတို့ကလည်း ကန့်ကွက်ရန်မရှိပါဟု တင်ပြသည်။

လျှောက်ထားသူများသည် အမှုတွင် လွတ်လပ်စွာ ဖြေရှင်းခွင့် ရသင့်သည်ဟု ယူဆသည်။

ထို့ကြောင့် အာမခံသူ ၂ ယောက်စီနှင့် ၁၀,၀၀၀ တန်ခံဝန်ချုပ်များ ချုပ်ဆိုပါက လျှောက်ထားသူများအား အချုပ်လွတ်ထုချေခွင့်ပြုလိုက်သည်။

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ / ဖေဖော်ဝါရီလ ၆ ရက်။

ဦးလှအုန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးထွန်းညွန့်)*

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ၊ ရုံးပြောင်းပေးရန် လျှောက်ထားခြင်း တရားရုံးများ အပေါ်အမှုသည်တို့၏ သံသယများ ပြေပျောက်၍ တရားလမ်းမှန်သို့ ရောက်ရှိစေရန် ရုံးပြောင်းစစ်ဆေးစေသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။ဆိပ်ကမ်းမြို့နယ် တရားရုံးက စစ်ဆေးစီရင်လျှင် တရားလမ်းမှန်သို့ရောက်လိမ့်မည်မဟုတ်ဟု လျှောက်ထားသူ ဦးလှအုန်းက သံသယရှိသကဲ့သို့ လှိုင်မြို့နယ် တရားရုံးကစစ်ဆေးစီရင်လျှင်လည်း တရားလမ်းမှန်သို့ ရောက်လိမ့်မည်မဟုတ်ဟု လျှောက်ထား ခံရသူ ဦးထွန်းညွန့်က သံသယရှိနေသဖြင့် ထိုသံသယများ ပြေပျောက်၍ တရားလမ်းမှန်သို့ ရောက်ရှိစေရန် ယင်းမြို့နယ် တရားရုံးများမှအပ အခြားမြို့နယ်တရားရုံး တရုံးက စစ်ဆေးစီရင်သင့်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးထွန်းကြည်။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘရွှေ။
ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးတင်ညွန့်။

ဝမ်းဘဲဆေးပေါ့လိပ် မန်နေဂျာ ဦးထွန်းညွန့်၏သတင်းပေးချက်အရ ရန်ကုန်မြို့၊ ဆိပ်ကမ်းရဲစခန်းက စုံစမ်း၍ ဆေးလိပ်များကို အတုပြုလုပ်ရောင်းချမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၈၆ အရ ဦးလှအုန်းနှင့် အခြား တဦးတို့အပေါ်တွင် ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၃၉/၇၂ ကို စွဲဆိုခဲ့ပါသည်။

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၅၉။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုသေးအမှတ် ၂၉ ဟွင်ချမှတ်သော ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့စွဲပါ ရန်ကုန်တိုင်း တရားရေးကော်မတီ၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၅၅

ဦးလှအုန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဦးထွန်းညွန့်)။

ဦးလှအုန်းကလည်း မိမိအပေါ် ဦးထွန်းညွန့်က မမှန်သတင်းပေးသဖြင့် မိမိမှာ အကျိုးပျက်စီးနစ်နာရပါသည်ဟု စွပ်စွဲလျက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၄၃/၄၂၇ အရ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၁၈/၇၃ တွင်ဦးထွန်းညွန့်အား ပြန်လှန်တရားစွဲဆိုပါသည်။

ဦးထွန်းညွန့်က မိမိအပေါ် စွဲဆိုမှုကို ဆိပ်ကမ်းမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ပေးပါရန် ရန်ကုန်တိုင်း တရားရေးကော်မတီသို့ လျှောက်ထားခဲ့ပါသည်။ ဦးလှအုန်းကလည်း မိမိအပေါ် စွဲဆိုမှုကို လှိုင်မြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ပေးပါရန် ရန်ကုန်တိုင်း တရားရေးကော်မတီသို့ပင် လျှောက်ထားခဲ့ပါသည်။ တိုင်းတရားရေးကော်မတီကမည်သည့် အမှုကိုမျှ ပြောင်းရွှေ့မပေးဘဲ မူလကစွဲဆိုထားသည့် အတိုင်း မြို့နယ်တရားရုံး အသီးသီးက ဆက်လက် စစ်ဆေးစီရင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဦးလှအုန်းက မကျေနပ်၍ မိမိအပေါ်တွင် စွဲဆိုထားသော ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၃၉/၇၂ ကို ရန်ကုန်တိုင်း လှိုင်မြို့နယ် တရားရုံးသို့ပြောင်းရွှေ့ပေးပါရန် ဗဟိုတရားရုံးတွင် ထပ်မံလျှောက်ထားပါသည်။

လျှောက်ထားသူ ဦးလှအုန်း၏ အကြောင်းပြချက် အတိုချုပ်မှာ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၃၉/၇၂ တွင် သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော ဆေးလိပ်များမှာ မိမိနေထိုင်သည့် လှိုင်မြို့နယ်အတွင်းရှိ မိမိပိုင်ဆေးလိပ်ရုံမှ သိမ်းယူသွားသော ပစ္စည်းများဖြစ်သဖြင့် လှိုင်မြို့နယ်တရားရုံးကသာ ထိုအမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်ဟုဆိုပါသည်။ သို့ရာတွင် ဆိပ်ကမ်းမြို့နယ် တရားရုံးမှအပ အခြားမြို့နယ်တရားရုံးက စစ်ဆေးစီရင်ခြင်းကို ကန့်ကွက်ရန်မရှိပါဟုဆိုသည်။

လျှောက်ထားခံရသူ ဦးထွန်းညွန့်က ယင်းအမှု (အမှတ် ၆၃၉/၇၂) အား လှိုင်မြို့နယ်တရားရုံးသို့ ပြောင်းရွှေ့ပေးရန် သဘောမတူပါ။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်အတွက် ဆောင်ရွက်သော ဗဟိုဥပဒေရုံးမှ ပညာရှိ ဥပဒေဝန်ထမ်း ဆင့် (၁) ကလျှောက်ထားသူ ဦးလှအုန်းနှင့်လျှောက်ထားခံရသူ ဦးထွန်းညွန့်တို့ အပေါ် စွဲဆိုထားမှုများကို တရုံးတည်းမှ စစ်ဆေးကြားနာသင့်ပါသည်ဟုတင်ပြပါသည်။

ဖော်ပြပါအမှုနှစ်မှုကို တရားရုံးတရုံးတည်းမှ စစ်ဆေးစီရင်လျှင်ပို၍ လျော်ကန်သင့်မြတ်လိမ့်မည်ဟု ကျွန်ုပ်တို့ ယူဆသည်။ သို့ရာတွင် ဆိပ်ကမ်းမြို့နယ် တရားရုံးကစစ်ဆေးစီရင်လျှင် တရားလမ်းမှန်သို့ ရောက်လိမ့်မည် မဟုတ်ဟု လျှောက်ထားသူ ဦးလှအုန်းက သံသယရှိသကဲ့သို့၊ လှိုင်မြို့နယ် တရားရုံးက စစ်ဆေးစီရင်လျှင်လည်း

၁၉၇၅ — ဦးလှအုန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးထွန်းညွန့်)။

တရားလမ်းမှန်သို့ရောက်လိမ့်မည်မဟုတ်ဟု လျှောက်ထားခံရသူ ဦးထွန်းညွန့်ကသံသယ ရှိနေသဖြင့် ထိုသံသယများ ပြေပျောက်၍ တရားလမ်းမှန်သို့ ရောက်ရှိစေရန် ယင်း မြို့နယ်တရားရုံးများများမှအပ အခြားမြို့နယ် တရားရုံးတရုံးက စစ်ဆေးစီရင်သင့် သည်ဟုကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့် ဆိပ်ကမ်းမြို့နယ် တရားရုံးနှင့် လှိုင်မြို့နယ် တရားရုံးမှအပ ရန်ကုန် တိုင်းတရားသူကြီးအဖွဲ့က ညွန်ကြားသော ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်တရားရုံး တရုံးကယင်းအမှုနှစ်မှုကို စစ်ဆေးစီရင်စေဟု အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးအောင်ခဲ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဝင်းကြည်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

၁၉၇၅ စက်တင်ဘာလ ၂၅ ရက်။

ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ ၏ ရည်ရွယ်ချက်၊ ယင်းဥပဒေပုဒ်မအရအရေးယူထားသောအမှုကို ရုံးသို့ ၂၄ နာရီအတွင်း တရားစွဲတင်ပို့ခြင်းမရှိဘဲ ၂၄ နာရီကျော်မှ ရုံးတင်တရားစွဲလျှင်၊ အမှုပျက်ပြယ်ခြင်းရှိမရှိ။

ဆုံးဖြတ်ချက်။ ။ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ တွင် ပြစ်မှုကျူးလွန်သူကို ဝါရမ်းမပါဘဲ ဖမ်းဆီး ချုပ်နှောင်ခွင့်ရှိ၍ ၂၄ နာရီအတွင်းရုံးသို့ တရားစွဲဆိုတင်ပို့ရမည်။ အကယ်၍ ရုံးပိတ်ရက်နှင့် ကြုံလျှင် ရုံးပြန်ဖွင့်သည့် နေ့တွင်စွဲဆို တင်ပို့ရမည်။ ယင်းပုဒ်မ၏ ရည်ရွယ်ချက်မှာ ရဲက ဝါရမ်းမပါဘဲ ချုပ်နှောင်ခွင့်ရှိသူအား အမြန်ဆုံး ရုံးရှေ့တင်ပို့ရန်နှင့် ဤအမှုမျိုးတွင်၊ အချိန်ကြာမြင့်ပါက သက်သေအထောက်အထားရရန် မလွယ်ကူသောကြောင့် ဖြစ်သည်။ သတ်မှတ်သော အချိန်ထက် နောက်ကျ၍ အမှုစွဲဆိုလျှင် တရားရုံးက စီရင်ပိုင်ခွင့် မရှိဟု ပိတ်ပင်တားမြစ်ခြင်း မဟုတ်။ အမှုမပျက်ပြယ်။

လျှောက်ထားသူအတွက်။ ။လျှောက်ထားသူ ဦးဝင်းကြည် မလာ။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘသန်း။

လျှောက်ထားသူ ဦးဝင်းကြည် အပေါ်တွင် အိမ်ဥပစာကို ပြည့်တန်ဆာလုပ်ငန်းအတွက် အသုံးပြုရန် ခွင့်ပြုသည်ဟူ၍ ပြည်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၈ (ခ) အရ၊ တရားစွဲဆိုသည်။ မကြည်ကြည်သန်းနှင့် မသန်းနု ဆိုသူတို့ကိုလည်း ပြည်တန်ဆာအဖြစ် မြှူဆွယ်ခြင်းပြုသည်ဟူ၍ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၃ (ခ) အရ သီးခြားတရားစွဲဆိုသည်။ ယခုဦးဝင်းကြည်က မိမိအပေါ် စွဲဆိုထားသော အမှုတွဲကို ပယ်ဖျက်ပေးရန်အတွက် လျှောက်ထားရာတွင်

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၄၈။

† မွန်ပြည်နယ် မုဒုံမြို့နယ်၊ ပြည်သူ့တရားရုံးမှ ရာဇဝတ်ကြီးမှုအမှတ် ၂၅၃/၇၄ အမှုကို ပယ်ဖျက်ပေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၅၆၁ (က) အရလျှောက်ထားခြင်း။

မကြည်ကြည်သန်းနှင့် မသန်းနုတို့အား ဖမ်းဆီးပြီး ၁၄ ရက်ကြာမှ ရုံးတင်တရားစွဲသောကြောင့် ဥပဒေအရ အမှုပျက်ပြယ်ပါသည်။ ထိုအမှုပျက်ပြယ်လျှင် မိမိအပေါ် စွဲဆိုထားသော အမှုမှာလည်း အလိုအလျောက် ပျက်ပြယ်ပါသည်ဟူ၍ ဖြစ်လေသည်။

ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ တွင် ပြစ်မှုကျူးလွန်သူကို ဝါရမ်းမပါဘဲ ဖမ်းဆီးချုပ်နှောင်ခွင့်ရှိ၍ ၂၄ နာရီအတွင်း ရုံးသို့တရားစွဲဆို တင်ပို့ရမည်။ အကယ်၍ ရုံးပိတ်ရက်နှင့် ကြုံလျှင် ရုံးပြန်ဖွင့်သည့်နေ့တွင် စွဲဆိုတင်ပို့ရမည်ဟူ၍ ဖော်ပြပါရှိသည်။ ယင်းပုဒ်မ၏ ရည်ရွယ်ချက်မှာ ရဲကဝါရမ်းမပါဘဲ ချုပ်နှောင်ခွင့်ရှိသူအား အမြန်ဆုံး ရုံးရှေ့တင်ပို့ရန်နှင့် ဤမှုမျိုးတွင် အချိန်ကြာမြင့်ပါက သက်သေအထောက်အထားရရန် မလွယ်ကူသောကြောင့် ဖြစ်သည်။ သတ်မှတ်သောအချိန်ထက် နောက်ကျ၍ အမှုစွဲဆိုလျှင် တရားရုံးက စီရင်ပိုင်ခွင့်မရှိဟုပိတ်ပင်တားမြစ်ခြင်း မဟုတ်ချေ။

ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၄ သည် ပြည့်တန်ဆာများအဖြစ် ဖမ်းဆီးခြင်း ခံရသူများနှင့်သာ သက်ဆိုင်သည်။ ယခု လျှောက်ထားသူအပေါ် ပြည့်တန်ဆာများကို နေအိမ် ဥပစာ ငှါးရမ်းသည်ဟူ၍ ပုဒ်မ ၇ (ခ)အရ သီးခြားအရေးယူခြင်း ခံရသည်ဖြစ်သောကြောင့် မည်သို့မျှ မသက်ဆိုင်ချေ။ ထို့ကြောင့် လျှောက်လွှာကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးထွန်းအောင်ကျော်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဝင်းဟန်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

†၁၉၇၅
ဧပြီလ ၃ ရက်။

အစိုးရအပေါ် အကြည်ညိုပျက်စေရန် ပြောဆိုခြင်း၊ အပြုအမူဖြင့် အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်နှင့် တာဝန်ဝတ္တရားဆောင်ရွက်မှုယုတ်စေခြင်း၊ အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (က) နှင့်အကျုံးဝင်မဝင်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူ ဦးဝင်းဟန်သည် ပြည်သူပိုင် ပိုင်းလော့စက်ရုံမှ ပြည်သူ့ဝန်ထမ်းအလုပ်သမားတဦးဖြစ်သည်။ ဦးဝင်းဟန်သည် တာဝန်ထမ်းဆောင်ရင်း စက်ရုံအဘွင်း၌ စက်ရုံအလုပ်သမား ပြည်သူ့ဝန်ထမ်းများနှင့် တွေ့ဆုံသောအခါ အစိုးရအပေါ် အကြည်ညိုပျက်စေသောစကားမျ ားပြောဆိုခဲ့သည်။ ၎င်းပြောဆိုသောစကားများတွင် တော်လှန်ရေး ကောင်စီကို ပုတ်ခတ်သည့်စကားရပ်များ ပါဝင်ကြောင်း တရားလို သက်သေများက ထွက်ဆိုသည်။ ဦးဝင်းဟန်၏ အပြုအမူမှာ ပြည်သူ့ဝန်ထမ်းများက အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်နှင့် စိတ်ဓာတ်ကျဆင်းပြီးဝတ္တရားဆောင်ရွက်မှုယုတ်လျော့စေရန်ဖြစ်သည်။ ထို့ကြောင့် ၎င်းအပေါ်တွင် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ (က) အရ မြို့နယ်တရားစီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ ဥပဒေအရမှန်ကန်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ကိုယ်တိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

ဗဟန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၃၃/၇၃ တွင် အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (က)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တနှစ် အပြစ်ပေးခြင်းခံရသော ဦးဝင်းဟန် (ခေါ်) ဦးသက်ရှည် (ခေါ်) ဦးရှမ်းက မခံကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၂၇/၇၃ တွင် အယူခံသောအခါ၊ ထိုရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄ သို့ ပြောင်းလဲ၍ ပြစ်မှုထင်ရှား စီရင်ပြီး

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၆ (ခ) ။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၇ တွင် ချမှတ်သော ၁၉၇၃ ခု၊ ဒီဇင်ဘာလ ၂၀ ရက် နေ့စွဲပါ ဗဟန်းမြို့နယ်ရုံးထိုင်၊ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၅

ဦးဝင်းဟန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် [သမ္မတ မြန်မာ နိုင်ငံတော်။

ပြစ်ဒဏ်ကို အတည်ပြုလိုက်သောကြောင့် ဦးဝင်းဟန်က ဗဟိုတရားရုံးတွင် ဆက်လက်၍ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူ ဦးဝင်းဟန်သည် ပြည်သူ့ပိုင် ပိုင်းလော့စက်ရုံမှ ပြည်သူ့ဝန်ထမ်း အလုပ်သမားတဦးဖြစ်သည်။ ဦးဝင်းဟန်သည် တာဝန်ထမ်းဆောင်ရင်း စက်ရုံအတွင်း၌ စက်ရုံ အလုပ်သမား ပြည်သူ့ဝန်ထမ်းများနှင့် တွေ့ဆုံသောအခါ အစိုးရအပေါ် အကြည်ညိုပျက်စေသော စကားများ ပြောဆိုခဲ့သည်။ ၎င်းပြောဆိုသော စကားများတွင် တော်လှန်ရေး ကောင်စီကို ပုတ်ခတ်သည့် စကားရပ်များ ပါဝင်ကြောင်း တရားလိုပြ သက်သေများက ထွက်ဆိုသည်။ ဦးဝင်းဟန်၏ အပြုအမူမှာ ပြည်သူ့ဝန်ထမ်းများက အစိုးရအပေါ်တွင် မေတ္တာပျက်စေရန်နှင့် စိတ်ဓာတ်ကျဆင်းပြီး ဝတ္တရားဆောင်ရွက်မှု ယုတ်လျော့စေရန်ဖြစ်သည်။ ထို့ကြောင့် ၎င်းအပေါ်တွင်အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (က) အရ မြို့နယ်တရားစီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်သည်။ တိုင်းတရားစီရင်ရေး အဖွဲ့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄ သို့ပြောင်းလဲ၍ ပြစ်မှုထင်ရှား စီရင်သည့်အတွက် မှန်ကန်ခြင်းမရှိပေ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားစေရန် အကြံဖြင့် တဦးတယောက်သော သူအား တမင်စော်ကား၍ ဒေါသထွက်အောင် ပြုမှသာလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄ အရ ပြစ်မှုထင်ရှား စီရင်ရန်ဖြစ်သည်။

ထို့ကြောင့် လျှောက်ထားသူ ဦးဝင်းဟန် အပေါ်တွင်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄ အရ တိုင်းတရားစီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှား စီရင်ထားခြင်းကို ပယ်ဖျက်၍ အရေးပေါ် စီမံမှုအက်ဥပဒေပုဒ်မ ၅ (က) အရ ပြစ်မှုထင်ရှားစီရင်ပြီး၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တနှစ် ပြစ်ဒဏ်ကို အတည်ပြုလိုက်သည်။ လျှောက်ထားသူ ဦးဝင်းဟန်၏ ပြင်ဆင်မှုလျှောက်လွှာကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

မောင်သောင်းညွန့်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၇၅ ဒီဇင်ဘာလ ၂၂ ရက်။

အရေးကြီးသော ကုန်ပစ္စည်းများနှင့် လုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၈ (၃) အရ ပြစ်ဒဏ်စီရင်ခြင်း၊ သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။အရေးကြီးသောကုန်ပစ္စည်းများနှင့် လုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃) တွင် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းနိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း အမှုစစ်ဆေးသည့်တရားရုံးသည် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ မိမိသင့်လျော်သည်ဟု ထင်မြင်သည့်အမိန့်ကိုချမှတ်နိုင်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မလာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘရွှေ။

ကျွဲ-နွားများအား မှောင်ခိုသယ်ယူလာလိမ့်မည်ဟု သတင်းအရ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ ပြည်သူ့စစ်များနှင့် ပြည်သူ့ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ စောင့်ဆိုင်းနေရာ ညအချိန်တွင် လူ ၇ ယောက်၊ နွားအကောင် ၂၀ နှင့် ကျွဲ ၄ ကောင်ယူဆောင်လာသည်ကို တွေ့ရှိရသည်။ ၎င်းတို့အနက် လျှောက်ထားသူ မောင်သောင်းညွန့်အား နွားတကောင်နှင့်အတူ ဖမ်းမိပြီး၊ ထိုနွားကိုသယ်ယူခွင့် မပါသောကြောင့်၊ ဘီးလင်းမြို့နယ် တရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၇ တွင် အရေးကြီးသော ကုန်ပစ္စည်းများနှင့် လုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃) အရ တရားစွဲဆိုခဲ့သည်။ ထိုရုံးက စစ်ဆေးကြားနာ၍ စွဲချက်တင်သောအခါ မောင်သောင်းညွန့်က အပြစ်ရှိကြောင်း ဝန်ခံသဖြင့် ၎င်းအားထောင်ဒဏ် ၃ လကျခံစေရန်နှင့် ၎င်းတို့ထံမှ ဖမ်းဆီးရမိသောနွားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။ ထို

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၆ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၇ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့စွဲပါ ဘီးလင်းမြို့နယ်ရုံးထိုင်၊ မှန်ပြည်နယ်တရားရုံး၏အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၅ — မောင်သောင်းညွန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

အမိန့်ကို ဘီးလင်းမြို့နယ် ရုံးထိုင်၊ မွန်ပြည်နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇ တွင် အတည်ပြုခဲ့သည်။

သက်သေခံနွားကို သိမ်းဆည်းသည့် အမိန့်နှင့် ပတ်သက်၍ မောင်သောင်းညွန့်က မခကျေနပ်သဖြင့် ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

အရေးကြီးသော ကုန်ပစ္စည်းများနှင့် လုပ်ငန်းများဆိုင်ရာ ဥပဒေပုဒ်မ ၈ (၃) တွင် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းနိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း၊ အမှုစစ်ဆေးသည့် တရားရုံးသည် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ မိမိသင့်လျော်သည်ဟု ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။ ထိုစီရင်ပိုင်ခွင့်အရ မူလရုံးသည် သက်သေခံပစ္စည်းနှင့်ပတ်သက်သော အမိန့်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုအမိန့်သည် ဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိသဖြင့် ပယ်ဖျက်ရန် အကြောင်းမရှိ။

ဤပြင်ဆင်မှုကိုပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

[illegible]အဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်သောင်းရင်

နှင့်

မတင်တင်ဝင်း *

† ၁၉၇၅

ဇူလိုင်လ ၂၈ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ မယား၊ သို့မဟုတ် ကလေးစရိတ်ပေးရန် အမိန့်၊ မြို့နယ်ရုံးမှ အမိန့်ကို တိုင်းတရားရုံးတွင် ပြင်ဆင်ခွင့်လျှောက်ထားခွင့်မရှိခြင်း၊ ကျင့်ထုံးပုဒ်မ ၄၀၆ (က) အရအယူခံခွင့်သာရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ မယားနှင့်ကလေးစရိတ်ထောက်ပံ့ရန် ချမှတ်သောအမိန့်ကို မကျေနပ်သောသူသည်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၆ (က) အရ ပြည်နယ်တရားရုံး၊ သို့မဟုတ် တိုင်းတရားရုံးသို့ အယူခံနိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ အယူမခံဘဲလျှောက်ထားသူက တိုင်းတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်၊ အယူခံရမည့်အမှုကို ပြင်ဆင်မှုအဖြစ်လက်ခံရခြင်း မပြုရဟု ပြင်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၅) က ကလည်း ပိတ်ပင်သည်။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး ဦးအေး။

လျှောက်ထားခံရသူအတွက်။ ။မလာ။

မြန်အောင်မြို့နယ်၊ သပြေကုန်းရွာနေ မူလတန်း ကျောင်းဆရာ မောင်သောင်းရင် (လျှောက်ထားသူ) သည် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ၂ လမ်း၊ အမှတ် ၁၁ နေ မတင်တင်ဝင်း (လျှောက်ထားခံရသူ) နှင့် ၁၉၇၁ ခု၊ ဧပြီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၊ အနောက်ပိုင်း နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံး၌ လက်ထပ်ထိမ်းမြားပြီးနောက် ၃ ရက်ခန့်အကြာတွင် ကျောက်ဆည်မြို့သို့ သွားရောက်၍ ၄ လခန့် လုပ်အားပေးခဲ့သည်။ ထို့နောက် မောင်သောင်းရင်သည် ပုတီးကုန်းရွာ အစိုးရမူလတန်းကျောင်းတွင် ကျောင်းဆရာ အလုပ်ရသဖြင့် မတင်တင်ဝင်းသည် သပြေကုန်းရွာသို့ လိုက်သွား၍ မောင်သောင်းရင်နှင့်အတူ ပေါင်းသင်းနေထိုင်သည်။ ၁၉၇၂ ခု၊ ဇူလိုင်လ

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၂၄ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဧပြီလ ၂၂ နေ့စွဲပါ သင်္ဃန်းကျွန်းမြို့နယ်ရုံးထိုင်၊ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅

မောင်သောင်းရင်နှင့် မတင်တင်ဝင်း။

၁ ရက်နေ့တွင် မတင်တင်ဝင်းသည် ၎င်း၏ဖခင် မကျန်းမာသည်ကို ပြုစုရန် ရန်ကုန်မြို့သို့ ခေတ္တပြန်ပြီး ၁၉၇၂ ခု၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် သပြေကုန်းရွာသို့ ပြန်သွားသည်။ ၁၉၇၂ ခု၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် မတင်တင်ဝင်းသည် မီးဖွားရန် မိမိ၏မိခင်နှင့်အတူ ရန်ကုန်မြို့သို့လိုက်သွားသည်။ ၁၉၇၂ ခု၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် မတင်တင်ဝင်းသည် ရန်ကုန်မြို့၌ သားငယ် မောင်မျိုးဇော်အောင်ကို မွေးဖွားသည်။ နောက် ၁၅ ရက်ခန့်ကြာသောအခါ ကလေးမဘာပုံနှင့် စာဘာစောင်ကို မတင်တင်ဝင်းက မောင်သောင်းရင်ထံ ပို့လိုက်သည်။ မောင်သောင်းရင်ထံမှ ကျွာစာ တောင်းသေသာစာ ရောက်လာသည်။ ထို့နောက် ပြတ်စဲကြောင်း ကြော်ငြာစာကို ၁၉၇၃ ခု၊ အောက်တိုဘာလ ၇ ရက်နေ့ထုတ် ကြေးမုံ သတင်းစာတွင် မောင်သောင်းရင်ကထည့်သည်။ ထိုကြော်ငြာကိုတွေ့ရပြီးနောက် ၁၉၇၃ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မတင်တင်ဝင်းသည် သင်္ကန်းကျွန်းမြို့နယ် တရားရုံးသို့ သွားရောက်၍ မောင်သောင်းရင်ထံမှ မိမိနှင့် သားငယ်အတွက် စားစရိတ် ရလိုကြောင်း လျှောက်ထားသည်။

သင်္ကန်းကျွန်းမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ အမှုသေးအမှတ် ၁၃၀/၇၃ ကို ဖွင့်၍ အရေးယူသည်။ မောင်သောင်းရင်ကို ဆင့်ခေါ်သည်။ မောင်သောင်းရင်ရောက်လာသောအခါ မြို့နယ် တရားရုံးက မတင်တင်ဝင်းနှင့် မောင်သောင်းရင် တို့အား စစ်ဆေးပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁) အရ မယားစရိတ်ကာလ လျှင် ၃၀ိ နှင့် ကလေးစရိတ် တလလျှင် ၂၀ိ (နှစ်ရာပေါင်း)၅၀ိ ကို အမိန့်ချမှတ်သော ၁၉၇၄ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ပေးစေရန် မောင်သောင်းရင် အပေါ်တွင် ချမှတ်လိုက်သည်။ မောင်သောင်းရင်က မကျေနပ်သဖြင့် သင်္ကန်းကျွန်း မြို့နယ် ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံးတွင် ပြစ်ဆင်မှု လျှောက်ထားသည်။ [**မှတ်ချက်**။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ အရ မိမိ၏မယား၊ သို့မဟုတ် သားသမီးအား စားစရိတ်ထောက်ပံ့ရန် ချမှတ်သောအမိန့်ကို မကျေနပ်သော သူသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၆ (က) အရ ပြည်နယ်တရားရုံး၊ သို့မဟုတ် တိုင်းတရားရုံး သို့ အယူခံဝင်နိုင်ခွင့် ရှိသည်။ ထိုကဲ့သို့ အယူမခံဘဲ လျှောက်ထားသူက တိုင်းတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ အယူခံရမည့်အမှုကို ပြင်ဆင်မှုအဖြစ် လက်ခံခြင်း မပြုရဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၅) ကလည်း ပိတ်ပင်သည်။] ရန်ကုန်တိုင်းတရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅/၇၄ အရ ကြားနာပြီးနောက် မူလရုံး၏အမိန့်ကို အတည်ပြုပြီး မောင်သောင်းရင်၏ ပြင်ဆင်မှုကို ပလပ်လိုက်သည်။ ထို့ကြောင့် မောင်သောင်းရင်သည် တဆင့်တက်၍ ဗဟိုတရားရုံးတွင် ယခုပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

၁၉၇၅ — မောင်သောင်း ရင် နှင့် မတင်တင်ဝင်း။

လျှောက်ထားသူက မိမိနှင့် လျှောက်ထားခံရသူတို့ လင်မယားအဖြစ် နောက်ဆုံးပေါင်းသင်း နေထိုင်ခဲ့သော အရပ်သည် သပြေကုန်းရွာ ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (ဂ) အရ စားစရိတ်မှုကို မြန်အောင်မြို့နယ် တရားရုံးကသာ စစ်ဆေးစီရင်ပိုင်ခွင့် ရှိကြောင်း၊ သာ်နီးကျွန်းမြို့နယ် တရားရုံးက စစ်ဆေးစီရင်သည်မှာ ဥပဒေအရ မှားယွင်းပါကြောင်း တင်ပြသည်။ သို့ရာတွင် သာကနီးကျွန်းမြို့နယ် တရားရုံးတွင် အမှုဆိုင်စဉ်က ထိုရုံး၌ စစ်ဆေး စီရင်ပိုင်ခွင့်မရှိကြောင်း လျှောက်ထားသူသည် မကန့်ကွက်သည့်အပြင်၊ စားစရိတ်ထောက်ပံ့ရန် မိမိတွင် တာဝန်ရှိကြောင်း ဝန်ခံခဲ့သဖြင့်၊ ထိုရုံးကသင့်လျော်သော နှုန်းထားဖြင့်စားစရိတ် ထောက်ပံ့စေရန် အဆုံးအဖြတ်ပေးခဲ့ခြင်းဖြစ်သည်။

စီရင်ပိုင်ခွင့် မရှိငြားသော်လည်း လျှောက်ထား သူ၏ သဘောတူညီချက်ဖြင့် စစ်ဆေး ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ထိုရုံး၏ ဆုံးဖြတ်ချက်မှာလည်း တရားမျှတမှု မရှိကြောင်းမပေါ်လွင်သဖြင့် ထိုဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန် အကြောင်းမရှိ။

မူလရုံးနှင့် တိုင်းတရားရုံးက စားစရိတ် ထောက်ပံ့စေရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ခြင်းကို ပယ်ဖျက်ရန် အကြောင်းမရှိသောကြောင့်၊ လျှောက်ထားခံရသူအား မယားစားစရိတ် တလလျှင် ၃၀ိ နှင့် ကလေးစားစရိတ် တလလျှင် ၂၀ိ (နှစ်ရပ်ပေါင်း) ၅၀ိ ကို ၁၉၇၄ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ပေးစေရန် လျှောက်ထားသူအပေါ် ချမှတ်ထားသည့် အမိန့်ကိုအတည်ပြုပြီး၊ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
နိုဝင်ဘာလ
၆ ရက်။

ဒေါ်သန်းရှင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးလှစံ) *

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ ပြစ်မှုထင်ရှားစီရင်ထားသော အပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် လျှောက်ထားခြင်း၊ တန်ဖိုးရှိသော ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဒဏ်ငွေသုံးရာမျှသာ တပ်ရိုက်ခြင်းသည် မလျော်ကန်ခြင်း၊ နစ်နာသူ၏ နစ်နာချက်အတိမ် အနက်ကိုလည်း သတိချပ်ရခြင်း။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်ပွားသော ပစ္စည်းများ၏ ဝန်ဖိုးမှာ ကျပ်ခြောက်သောင်းကျော်ခန့်ရှိကြောင်း အငြင်းမထွက်သောကြောင့် ဤမျှတန်ဖိုးရှိသော ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဒဏ်ငွေသုံးရာမျှသာ တပ်ရိုက်ခြင်းသည် မလျော်ကန်ဟုဆိုရပေမည်။ ပြည်သူအချင်းချင်းပြဿနာကို ဖြေရှင်းပေးရာတွင် အပြစ်ရှိသူအပေါ် ကရုဏာထားသည်နှင့်အမျှ နစ်နာသူ၏ နစ်နာသောအတိမ်အနက်ကိုလည်း သတိထားရပေမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးရဲထွန်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း၊ အကျိုးဆောင် ဦးမင်းဒင်။

လျှောက်ထားသူ မသန်းရှင်သည် ဒေါ်ရွှေစိန်ဆိုသူ၏ ညီမတဝမ်းကွဲတော်၍ အခြားနီးစပ်သော ဆွေမျိုးမရှိသောကြောင့် ဒေါ်ရွှေစိန်၏ အမွေဆက်ခံ ထိုက်သူဖြစ်သည်။ ဒေါ်ရွှေစိန်ပိုင် ပစ္စည်းတန်ဖိုးငွေ ကျပ် ၆၀၀၀၀ ခန့်ကို စာရင်းနှင့်တကွ မီးခံသေတ္တာတွင် ထည့်ထားသည်။ ဒေါ်ရွှေစိန်သေဆုံးသောအခါတွင် ဒေါ်ရွှေစိန်၏ နေအိမ်သို့ ဝင်ထွက်သွားလာနေသော လျှောက်ထားခံရသူ ဦးလှစံက ကျန်ရစ်သော ပစ္စည်းများကို မီးခံသေတ္တာတွင်းမှ ထုတ်ယူ၍ မိမိနေအိမ်သို့ ပြောင်းရွှေ့ထား

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၆၅(ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့စွဲပါ ပြည်မြို့၊ အထူးတိုင်း တရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

၁၉၇၅

ဒေါ်သန်းရှင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးလူစံ)။

သည်။ ယင်းပစ္စည်းများကို ဒေါ်သန်းရှင်က တောင်းဆိုသောအခါတွင် ဒေါ်ရွှေစိန်သေခါနီးတွင် မီးခံသေတ္တာသော့နှင့်တကွ ပစ္စည်းများကို မိမိအား ပေးသွားကြောင်းနှင့် စိန်ရွှေပစ္စည်းများကို ရောင်းချ လှူဒါန်းလိုက်ပြီ ဖြစ်ကြောင်း ပြောဆိုသည်။ ထို့ကြောင့် ဒေါ်သန်းရှင်က ဦးလူစံအပေါ် သေဆုံးသူကျန်ရစ်သော ပစ္စည်းများကို အလွဲသုံးစားပြုလုပ်မှုနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ [1] သတ်မှတ်၍ တရားစွဲဆိုခြင်းဖြစ်လေသည်။

အမှုကို ပြည်မြို့၊ မြို့နယ်ရုံးက စစ်ဆေးကြားနာပြီး၊ ဦးလူစံအပေါ် ပြစ်မှုထင်ရှား၍ထောင်ဒဏ် တရက်ကျခံစေရန်နှင့် ငွေဒဏ် ၃၀၀ိ ပေးစေရန် အမိန့်ချမှတ်သည်။[2] ယင်းအမိန့်ကို ဦးလူစံက မကျေနပ်သောကြောင့်၊ ပြည်မြို့တိုင်းတရားရုံးတွင် အယူခံသည်။ ဒေါ်သန်းရှင်ကလည်း ပြစ်ဒဏ်တိုးမြှင့်ပေးရန်အတွက် ပြင်ဆင်မှု တင်သွင်းသည်။ တိုင်းတရားရုံးက ဦးလူစံ၏ အယူခံနှင့် ဒေါ်သန်းရှင်တို့၏ ပြင်ဆင်မှုများကို ပယ်လိုက်သည်။ ဦးလူစံက နောက်ထပ်တဆင့် ပြင်ဆင်မှု တင်ခြင်းမပြုသော်လည်း ဒေါ်သန်းရှင်က အပြစ်ဒဏ်တိုးမြှင့်ပေးရန်နှင့် ပတ်သက်၍ ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်လေသည်။

မူလရုံးက ဦးလူစံအပေါ် အပြစ်ဒဏ်ချမှတ်ခြင်းကို တိုင်းတရားရုံးက အတည်ပြုပြီးနောက်၊ ဦးလူစံသည် ထပ်မံပြင်ဆင်မှု လျှောက်ထားခြင်း မပြုသောကြောင့် ယင်းအမိန့်မှာ တည်မြဲလျက်ရှိသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ၊ ပြစ်မှုထင်ရှားလျှင် မလွဲမသွေ ထောင်ဒဏ်ပေးရမည်ဖြစ်သည်။ မူလတရားရုံးသည် ဦးလူစံအပေါ် ထောင်ဒဏ်တရက်နှင့် ငွေဒဏ် ၃၀၀ိ ချမှတ်ခဲ့ခြင်းမှာ တားမြစ်ဟန့်တားနိုင်လောက်သော အပြစ်ဒဏ်ဟု ကျွန်ုပ်တို့ မယူဆပေ။ အချင်းဖြစ်ပွားသော ပစ္စည်းများ၏တန်ဘိုးမှာ ကျပ်ခြောက်သောင်းကျော်ခန့် ရှိကြောင်း အငြင်း မထွက်သောကြောင့် ဤမျှတန်ဖိုးရှိသော ပစ္စည်းများကို အလွဲသုံးစား ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဒဏ်ငွေသုံးရာမျှသာ တပ်ရိုက်ခြင်းသည် မလျော်ကန်ဟု ဆိုရပေမည်။ ပြည်သူအချင်းချင်းပြဿနာကို ဖြေရှင်းပေးရာတွင် အပြစ်ရှိသူအပေါ် ကရုဏာထားသည်နှင့်အမျှ နစ်နာသူ၏ နစ်နာသောအတိမ်အနက်ကိုလည်း သတိထားရပေမည်။ သို့မှသာတရားမျှတမှုရှိပေမည်။ ယခုကိစ္စတွင် ငွေကျပ်ခြောက်သောင်းကျော် တန် ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းအတွက် ဒဏ်ငွေသုံးရာကျပ်သာ တပ်ရိုက်ခြင်းမှာ ပြစ်မှုနှင့် ပြစ်ဒဏ်ညီမျှမှု မရှိသောကြောင့် ယင်းဒဏ်ငွေအပြင် ဦးလူစံသည် ထောင်ဒဏ် (၆) လ ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးထွန်းအောင်ကျော် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ဖေဖော်ဝါရီလ ၂၆ ရက်။

မောင်သိန်းမောင်

နှင့်

မတင်ဦး *

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄ဂဂ (၁)၊ လင်၏ဝတ္တရားပျက်ကွက်မှုနှင့် စိမ်ခန့်ခဲ့မှုညှဉ်းဖျင်း သောကြောင့် မယားသည် လင်နှင့်အတူမနေနိုင်ခြင်း ဖြစ်ပါက လင်၌တာဝန်မကင်းခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် လျှောက်ထားခံရသူအပေါ်၌ လင့်ဝတ္တရားပျက်ကွက် ခဲ့ကြောင်းပေါ်လွင်သည်။ လျှောက်ထားသူ၏ စိမ်ခန့်ခဲ့မှုညှဉ်းဖျင်းသောကြောင့် လျှောက်ထားခံရသူ သည် လင်နှင့်အတူမနေနိုင်ခြင်းဖြစ်သည်။ လျှောက်ထားသူတွင် တာဝန်မကင်းပေ။ တိုင်းတရား စီရင်ရေးအဖွဲ့က မယားစရိတ်ထောက်ပံ့ရန် အယူခံမှုတွင် ချမှတ်သော အမိန့်သည် ဥပဒေအရ မှန်ကန်ပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး ဦးဇော်ဝင်းလှိုင်။
ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။မလာ။

သရက်ကုန်းရွာနေ မတင်ဦးက ဘဲအင်းရွာ အစိုးရမူလတန်း ကျောင်းဆရာ ကိုသိန်းမောင်ထံမှ မယားစရိတ်နှင့် ကလေးစရိတ် ရလိုကြောင်းဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄ဂဂ (၁) အရ လျှောက်ထားခဲ့သည်။ အင်္ဂပူမြို့နယ် တရားစီရင် ရေးအဖွဲ့က အင်္ဂပူမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုသေး အမှတ် ၂၇/၇၃ အရ စစ်ဆေးကြားနာပြီးလျှင် မယားစရိတ် မရထိုက်ကြောင်းဆုံးဖြတ်သည်။ သို့ရာတွင် သားငယ်အတွက် စားစရိတ် တလလျှင် ၂၀ ကျပ်ကို လျှောက်ထားသည့် ၁၉၇၃ ခု၊ မေလ ၁၅ ရက်နေ့မှစ၍ လစဉ်ထောက်ပံ့ရန်နှင့် ရုံးကုန်ကျစရိတ် ၃၅ ကျပ်ကိုလည်း ပေးစေရန်ချမှတ်လိုက်သည်။

မတင်ဦးကမယားစရိတ်မရသဖြင့် မကျေနပ်သောကြောင့် အယူခံသောအခါ အင်္ဂပူမြို့ရုံးထိုင်၊ ဧရာဝတီတိုင်း တရားရုံးပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၄/၇၃ အရ

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၉ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၄ တွင် ချမှတ်သော ၁၉၇၃ ခု၊ ဒီဇင်ဘာလ ၃၁ ရက် နေ့စွဲပါ အင်္ဂပူမြို့ရုံးထိုင်၊ ဧရာဝတီတိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅
မောင်သိန်းမောင်
နှင့်
မတင်ဦး။

တိုင်းတရားစီရင်ရေးအဖွဲ့က ကြားနာ၍ မယားစရိတ်နှင့် ပတ်သက်သော မူလတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး မယားစရိတ် တလလျှင် ၃၀ ကျပ်ကို မူလတရားရုံးတွင် လျှောက်ထားသည့် နေ့မှစ၍ ထောက်ပံ့ရန် အမိန့်ချမှတ်လိုက်သည်။

မောင်သိန်းမောင်က တိုင်းတရားစီရင်ရေးအဖွဲ့၏ အမိန့်ကို မကျေနပ် သဖြင့် ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးတွင် ယခုပြင်ဆင်မှု လျှောက်ထားသည်။

လျှောက်ထားသူ မောင်သိန်းမောင်က လျှောက်ထားခံရသူ မတင်ဦး သည် လင်နှင့်အတူမနေသဖြင့် ၎င်းအား မယားစရိတ် မထောက်ပံ့ထိုက်ပါဟု အကြောင်းပြသည်။

လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် ခိုးရာလိုက်ပြေးကြပြီး နောက် မြန်မာ့ဓလေ့ထုံးတမ်းအရ လက်ထပ်ထိမ်းမြား၍ လျှောက်ထားသူ၏ ယောက်ခမ ဟောင်းဒေါ်ပု၏ အိမ်တွင် ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ လျှောက်ထားသူ၏ ပထမ ဇနီးမှာ ဒေါ်ပု၏သမီးဖြစ်သည်။ ထိုဇနီးသေဆုံးပြီးမှ လျှောက်ထားသူသည်လျှောက် ထားခံရသူနှင့် နောက်ထပ်အိမ်ထောင် ပြုခြင်းဖြစ်သည်။ ဒေါ်ပုသည် မိမိ၏အိမ်၌ လျှောက်ထားခံရသူ နေထိုင်သည်ကို မကြည်ဖြူဘဲ စိတ်မချမ်းသာအောင် စောင်းချိတ်ပြောဆိုသဖြင့်၊ လျှောက်ထားခံရသူက ၎င်း၏အိမ်တွင် မနေလို၍ အခြားတွင် ရွှေ့ပြောင်းနေထိုင်ရန် လျှောက်ထားသူအား ပြောသော်လည်း မအောင်မြင်ခဲ့ချေ။ ထို့နောက် လျှောက်ထားခံရသူတွင် ကိုယ်ဝန်ရင့်မာလာသောအခါ သူမသည်မိမိ၏ မိဘများထံပြန်သွား၍ မီးဖွားသည်။ လျှောက်ထားသူသည် လျှောက်ထားခံရသူနှင့် သားငယ်အားပြန်မခေါ်ဘဲ စွန့်ပစ်ထားသဖြင့် လျှောက်ထားခံရသူက ရပ်ရွာလူကြီးများအားတိုင်တန်းခဲ့သည်။ ရပ်ရွာလူကြီးများက ဖေ့စပ်ပေးသော်လည်း လျှောက်ထားသူကမလိုက်လျောဘဲ နေသည်။ ထို့ကြောင့် လျှောက်ထားခံရသူသည် မိမိနှင့် သားငယ်အတွက် စားစရိတ်ရရှိရန် တရားရုံးသို့ လျှောက်ထားခဲ့ရခြင်းဖြစ်သည်။

မူလလျှောက်ထားမှုတွင် သက်သေထွက်ချက်များအရ လျှောက်ထားသူသည် လျှောက်ထားခံရသူအပေါ်၌ လင့်ဝတ္တရား ပျက်ကွက်ခဲ့ကြောင်း ပေါ်လွင်သည်။ လျှောက်ထားသူ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းသောကြောင့် လျှောက်ထားခံရသူသည် လင်နှင့် အတူ မနေနိုင်ခြင်းဖြစ်သည်။ လျှောက်ထားသူတွင် တာဝန်မကင်းပေ။ တိုင်းတရားစီရင်ရေးအဖွဲ့က မယားစရိတ် ထောက်ပံ့ရန် အယူခံမှုတွင် ချမှတ်သောအမိန့်သည် ဥပဒေအရမှန်ကန်ပေသည်။

ထို့ကြောင့် တိုင်းတရားစီရင်ရေးအဖွဲ့၏ အမိန့်ကို အတည်ပြု၍ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဇူလိုင်လ ၁၂ ရက်။

ဦးအင်ချန်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်တင်မြင့်)*

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းကို မည်သူအား ပြန်ပေးရမည်ဆိုသော ပြဿနာ။

ဆုံးဖြတ်ချက်။ ။အမှုတွင် တရားခံဖြစ်သူကို အပြီးအပြတ်လွှတ်ခဲ့သည်ဖြစ်သောကြောင့်တရားခံ ပေါင်နှံထားသော ရွှေထည်များမှာ အငြင်းပွားမှုမရှိသော ပစ္စည်းများဖြစ်သည်။ လျှောက်ထားသူက အပေါင်ခံခြင်းမှာလည်း ခိုးရာပါပစ္စည်း၊ သို့မဟုတ် အလွဲသုံးစားပြုလုပ်သည့်ပစ္စည်းများ မဟုတ်သောကြောင့်၊ ယင်းပစ္စည်းကိုလျှောက်ထားသူ လက်ဝယ်သာ ပြန်လည်ရရှိသင့်ပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးဘစိန်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးတင်အုံး။

လျှောက်ထားသူ ဦးအင်ချန်သည် မူလအမှုတွင် တရားလို၊ သို့မဟုတ် တရားခံအဖြစ် ပါဝင်သူ မဟုတ်ချေ။ မတင်ရီဆိုသူသည် ဒေါ်တင်မြင့်၏ ရွှေထည်ပစ္စည်းများကို ဦးအင်ချန်ထံတွင် ပေါင်နှံသောကြောင့် ဒေါ်တင်မြင့်က မတင်ရီအပေါ်တွင် အလွဲသုံးစားမှုနှင့် တရားစွဲသည်။ ယင်းအမှုတွင် ဦးအင်ချန်သည် သက်သေအဖြစ် ပါဝင်၍ မိမိထံ ပေါင်နှံထားသော ရွှေထည်ပစ္စည်းများကိုလည်း ရုံးရှေ့သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြရသည်။

အမှုကိုရုံးမှ စစ်ဆေး ကြားနာသော အခါတွင် ဒေါ်တင်မြင့်နှင့် မတင်ရီတို့သည် လုပ်ငန်း လုပ်ရန်အတွက် အရင်းအနှီး ရနိုင်ရန် ဒေါ်တင်မြင့်၏ရွှေထည်ကို မတင်ရီက ပေါင်နှံကြောင်း ပေါ်ပေါက်သည်။ ပစ္စည်းများကိုလည်း ဒေါ်တင်မြင့်က သဘောတူ ပေးလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် မတင်ရီကို အပြီးအပြတ် လွှတ်လိုက်ပြီးလျှင်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၂၇ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၇၆ တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့စွဲပါ ရန်ကုန်တိုင်း ပြည်သူ့တရားရုံး တရားသူကြီး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၅
ဦးအင်ချွန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဒေါ်တင်မြင့်)

သက်သေခံ ရွှေထည်ပစ္စည်းများကို မူလပိုင်ရှင် ဒေါ်တင်မြင့်အား ပြန်ပေးရန် အမိန့်ချမှတ်သည်။ ဤကဲ့သို့ ဦးအင်ချွန်ထံမှ သိမ်းဆည်းလာသော ရွှေထည် ပစ္စည်းများကို မူလပိုင်ရှင် ဒေါ်တင်မြင့်အား ပြန်ပေးခြင်းနှင့် ပတ်သက်၍ ရှုံးမှု အကြောင်းပြသည်မှာ ဦးအင်ချွန်သည် ငွေချေးစားခွင့်လိုင်စင် မရှိသောကြောင့် အပေါင်ခံထားသော ပစ္စည်းကို ပြန်လည်မရသင့်ကြောင်း ဖြစ်လေသည်။

ဦးအင်ချွန်သည် ငွေချေးလိုင်စင်ရှိသူဟုတ် မဟုတ်ဟူသော အချက်မှာ တရားမကြောင်း စဉ်းစားရန်သာဖြစ်သည်။ အမှုတွင် တရားခံဖြစ်သူ မတင်ရီကို အပြီးအပြတ် လွှတ်ခဲ့သည် ဖြစ်သောကြောင့် မတင်ရီ ပေါင်နှံထားသော ရွှေထည် များမှာ အရှုပ်အရှင်း မရှိသော ပစ္စည်းများဖြစ်သည်။ ဦးအင်ချွန်က အပေါင်ခံခြင်းမှာလည်း ခိုးရာပါ ပစ္စည်း၊ သို့မဟုတ် အလွဲသုံးစား ပြုလုပ်သည့်ပစ္စည်းများ မဟုတ်သောကြောင့် ယင်းပစ္စည်းကို ဦးအင်ချွန် လက်ဝယ်သာ ပြန်လည်ရရှိသင့်ပေသည်။ ပေါင်နှံသူ၊ သို့မဟုတ် မူလပိုင်ရှင် ဖြစ်သူက ပေါင်နှံသောငွေနှင့် တရားဝင် ကျသင့်သော အတိုးကို ပေးဆပ်မှသာလျှင် ပစ္စည်းများကို ဦးအင်ချွန်ထံမှ ပြန်လည်ရရှိသင့်ပေသည်။ ထို့ကြောင့် သက်သေခံ ရွှေထည်ပစ္စည်းများနှင့် ပတ်သက်၍ မူလရုံးနှင့် တိုင်းရုံးတို့မှ ချမှတ်သော အမိန့်များကို ပယ်ဖျက်၍ ယင်းပစ္စည်းများကို လျှောက်ထားသူအား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးထွန်းအောင်ကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ဖေဖော်ဝါရီလ ၂၆ ရက်။

မောင်အုန်းရွှေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃၊ ချစ်ကြိုက်ကြ၍ ခိုးယူပေါင်းသင်းပြီးနောက် ပြစ်သွားခြင်းသည် ယင်းပုဒ်မအရ ပြစ်မှုမြောက်မမြောက်။

ဆုံးဖြတ်ချက်။ ။မည်သည့်ယောကျ်ားမဆို မိမိနှင့်တရားဝင်ထိမ်းမြားခြင်းမပြုသော မိန်းမကို မိမိနှင့်တရားဝင်ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ မိမိနှင့်ကာမစပ်ယှက်စေလျှင် ထိုသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ ကို ကျူးလွန်သည်။ ယင်းကဲ့သို့ လိမ်လည်လှည့်ဖြားကြောင်းအထောက် အထားမရှိ။ ချစ်ကြိုက်၍ နှစ်ဦးသဘောတူ လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီးနောက် စားဝတ် နေရေး ဆင်းရဲမှုဒဏ်ကို မခံနိုင်သောကြောင့်စွန့်ခွာသွားခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၃ တွင် မအကျုံးမဝင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘရွှေ။

လျှောက်ထားသူ မောင်အုန်းရွှေသည် ဇီးကုန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁ဂ၁/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ၊ ထောင်ဒဏ် ၂ နှစ် နှင့် ငွေဒဏ် ၅၀၀ ကျပ် ချမှတ်ခြင်းခံရသည်။ မောင်အုန်းရွှေက ဇီးကုန်းမြို့ ရုံးထိုင်၊ ပဲခူးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၀/၇၃ တွင် အယူခံသောအခါ၊ တိုင်းတရားစီရင်ရေး အဖွဲ့က ပြစ်မှုထင်ရှား စီရင်ခြင်းကို အတည်ပြု၍ ထောင်ဒဏ်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၅ (ခ)၊

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၀ ဘွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် နေ့စွဲပါ ဇီးကုန်းမြို့ရုံးထိုင်၊ ပဲခူးတိုင်းတရားရုံး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၅၅

မောင်အုန်းရွှေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

၃ လနှင့် ငွေဒဏ် ၁၀၀၀ ကျပ်သို့ လျှော့ပေါ့ ချမှတ်လိုက်သည်။ မောင်အုန်းရွှေက မကျေနပ်နိုင်ဘဲ၊ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြစ်ဒဏ်တို့ကို လုံးဝ ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု လျှောက်ထားသည်။

မောင်အုန်းရွှေနှင့် မမြညွန့်တို့သည် ချစ်ကြိုက်၍ နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေးကြပြီး၊ ၃၀ ရက်ခန့် လင်မယားအဖြစ် ပေါင်းသင်းနေထိုင် ခဲ့ကြသည်။ ထိုနောက် မောင်အုန်းရွှေက အကြောင်းရှာ၍ ထွက်ခွာသွားပြီးနောက် မမြညွန့်ထံ ပြန်မလာတော့သဖြင့်၊ မမြညွန့်က မောင်အုန်းရွှေအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ၊ တရားရုံး၌ တိုက်ရိုက်လျှောက်ထား၍ တရားစွဲဆိုခြင်းဖြစ်သည်။

မည်သည့် ယောကျ်ားမဆို မိမိနှင့် တရားဝင်ထိမ်းမြားခြင်း မပြုသော မိန်းမကို မိမိနှင့် တရားဝင် ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ မိမိနှင့် ကာမစပ်ယှက်စေလျှင် ထိုသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ ကိုကျူးလွန်သည်။ သို့ရာတွင် မောင်အုန်းရွှေသည် မမြညွန့်အား ယင်းကဲ့သို့ လိမ်လည်လှည့်ဖြားခဲ့ကြောင်း သက်သေခံ အထောက်အထား လုံးဝမရှိ၊ ချစ်ကြိုက်၍ နှစ်ဦးသဘောတူ လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ခဲ့ပြီးမှ မောင်အုန်းရွှေသည် စားဝတ်နေရေး ဆင်းရဲမှုဒဏ်ကို မခံနိုင်သောကြောင့် ဇွဲသတ္တိနည်းစွာဖြင့် မမြညွန့်အား စွန့်ခွာသွားခြင်းသာဖြစ်သည်။ မောင်အုန်းရွှေ၏ ပြုမူချက်မှာ မျှားစွာပြစ်တင် ရှုတ်ချဖွယ် ဖြစ်သော်လည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ တွင် အကျုံးမဝင်ဟု ယူဆသည်။

လျှောက်ထားသူ မောင်အုန်းရွှေ အပေါ်တွင် တိုင်းတရားစီရင်ရေး အဖွဲ့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ၊ ပြစ်မှုထင်ရှား စီရင်၍ ထောင်ဒဏ်နှင့်ငွေဒဏ် ချမှတ်ခဲ့သည့် အမိန့်မှာ ဥပဒေအရ မှားယွင်းသည်။ ထို့ကြောင့် ယင်းအမိန့်ကို ပယ်ဖျက်၍ လျှောက်ထားသူ မောင်အုန်းရွှေအား အပြီးအပြတ် လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

၁၉၇၅ ခုနှစ်

တရားမမှုများ

စီရင်ထုံးပြုသောမှုခင်းများ

တရားမမှုများ

	စာမျက်နှာ
ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် ၁) နှင့် မောင်စိန်ဝင်း ပါ ၁၉	၁
ကစ္စနား (ခ) ကတ္တနား နှင့် ရာဂျာဂိုယ်ပယ်ပါ ၂	၅
ဦးကံစိန် နှင့် မဝင်းကြည်ပါ ၂	၇
မခင်ညွန့် (၎င်း၏ ကိုယ်စားလှယ် ဦးသန်းညွန့်) နှင့် ဦးရွှေထွန်းပါ ၉	၁၀
ကိုစံညိန်းပါ ၂ နှင့် မချိုချို (ခ) လော်ရာစိန်ထွန်း	၁၂
ဦးစိန်ဝင်း နှင့် { ဒေါ်တင်ရွှေ (သေဆုံးသူ အလုပ်သမားမောင်စိန်မြင့်၏မိခင်) ပါ ၂	၁၅
ဒေါ်စိန်အိ နှင့် ဦးတစ်တိုပါ ၂	၁၈
စီတီဝမ်း (ခ) ဦးခင်မောင်ဝင်း ပါ ၂ နှင့် ကိုညွန့် ပါ ၂	၂၀
ဦးဆေးငုံ ပါ ၃ နှင့် ဒေါ်ကြင်မေပါ ၂	၂၃
ဦးတင်ကြွီး နှင့် မတင်စန်း ပါ ၂	၂၅
ဦးတင်မြင့် နှင့် ဒေါ်အေးကြည် ပါ ၂	၂၈
ဦးထွန်း ပါ ၇ နှင့် ဦးသန်းအောင်ပါ ၄	၃၁
ဦးထွန်းစိန် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ်၊ ဇနီး ဒေါ်အုံးစိန် နှင့် ဦးအောင်ပွင့်	၃၅
ဦးထွန်းရွှေ နှင့် ဒေါ်စောတင် ပါ ၂	၃၉
နဒိန်းဆင် (ခ) ကရမ်ဆင်းပါ ၂ နှင့် ဦးဘသော် ပါ ၂	၄၂
နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ နှင့် ဦးသာထို ပါ ၂	၄၄
နိုင်ဒူး နှင့် မမြအောင်ပါ ၃	၄၇
ဦးပြုံးပါ ၂ နှင့် ဦးငွေထွန်း ပါ ၂	၄၉

စာမျက်နှာ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နှင့် မဦး ပါ ၁၂ (ကွယ်လွန်သူဦးဘိုကြီး၏ တရားဝင် ကိုယ်စားလှယ်များ) ၅၃
ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် နှင့် ဦးအောင်လေးပါ ၉ .... ၅၆
မဖါတမာဘီ (၎င်း၏နီးစပ်ရာ မိတ်ဆွေအဖြစ် မောင်ဂေါ်ရာ (ခ) မောင်သိန်းထွေး) နှင့် မဟာနီမာဘီ ပါ ၆ .... ၅၉
ဗဟို ကုန်သွယ်ရေး ဦးစီးဌာန (စီမံရေးရာဌာနခွဲ) ရန်ကုန် နှင့် ဒေါ်ထွေး (ကွယ်လွန်သူ ဦးသိန်းအောင်၏ ဇနီး) ၆၁
မောင်ဘထွန်း ပါ ၃ နှင့် မညွန့်တင်ပါ ၄ .... ၆၃
ဘက္ကဝန်ဒတ်ဘာဂလာ နှင့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ ပါ ၂ .... ၆၅
မဂျစ် (ခ) ဦးချစ် နှင့် တီ၊ပီ မာမွတ်တီ.... .... ၆၇
မာမွတ်ယာကွတ်မံဆာ နှင့် အယွတ်အစ္စမေး (လ်) အာတီးယား ၆၉
ဦးမောင်မောင် (ခ) အလီဘိုင် နှင့် ဒေါ်ခင်သန်းမြင့် ၇၂
ဦးမျိုးအောင်ပါ ၃ နှင့် ဦးကျော်ဝင်း ပါ ၂ .... ၇၄
မြန်မာ့ရေနံကော်ပိုရေးရှင်း နှင့် ဦးချစ်ထွန်း ၇၇
ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သီ ၇၉
ရား(မ်)ဂျနမ်း (၎င်း၏ ကိုယ်စားလှယ် ရား(မ်) ဘာလက်) နှင့် ဦးအောင်မြင့် ပါ ၂ .... ၈၄
မရင်နု နှင့် မအေးမြင့် ပါ ၂ .... ၈၇
ဦးလှထွန်း နှင့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီပါ ၂ .... ၈၉
မောင်လှအေး နှင့် ဦးကျော်သိန်း ပါ ၂ .... ၉၂
ဒေါ်သီလှ နှင့် မခင်အုန်းကြည် ၉၅
ဒေါ်သိန်းမေပါ ၃ နှင့် ဒေါ်ဝှာဘီ ပါ ၂ .... ၉၇
ဦးသိန်းလှ ပါ ၂ နှင့် ဒေါ်ညွန့်ညွန့် ၁၀၁
ဦးဟူစိန် နှင့် ဒေါ်လှမေ ၁၀၃

စာမျက်နှာ

အဗ္ဗဒူဂျက်ဘား ပါ ၅ နှင့် ကေအမ်ဆူလေမန် ပါ ၅	၁၀၆
ဒေါ်အေးတင်ပါ ၂ နှင့် ဦးစံဦး	၁၁၁
ဦးအောင်ကျော် နှင့် ဦးချာ(လ်)တန်ပါ ၆	၁၁၄
ဦးအောင်ကွန့် နှင့် ဒေါ်တဆုပ်	၁၁၆
မောင်အောင်ခင်ထွေး ပါ ၂ နှင့် ဦးစံဟိန်းပါ ၂ ...	၁၂၀
ဦးအုန်း နှင့် ဒေါ်ဝိုင်း	၁၂၂

ညွှန်းချက်

တရားမမှုများ

စာမျက်နှာ

ဥပဒေများ—

ကာလစည်းကမ်းသတ်ဥပဒေ၊

ကုန်အမှတ်တံဆိပ်ဥပဒေ၊

တရားမကျင့်ထုံးဥပဒေ၊

ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊

မဟာမေဒင်ထုံးတမ်းဥပဒေ၊

မြန်မာဓလေ့ထုံးတမ်းဥပဒေ၊

သီးခြားသက်သာခွင့်ဥပဒေ၊

သက်သေခံဥပဒေ၊

ဟိန္ဒူဥပဒေ၊

အလုပ်သမားလျော်ကြေးဥပဒေ၊

၁၉၅၇ ခုနှစ်၊ မရွှေမပြောင်းနိုင်သောပစ္စည်းများလွှဲပြောင်းခြင်း (ကန့်သတ်) ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးဥပဒေ။

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ တရားရုံးချုပ်၏ အမိန့်အရ တရားရုံးများတွင် ဇာရီပြုလုပ်ခြင်းကို ဆိုင်းငံ့ထားခြင်း၊ ယင်းသို့ ဆိုင်းငံ့ထားခြင်းခံရသည့် အချိန်ကို ကာလစည်းကမ်းသတ် ရေတွက်ရာ၌ ထုတ်နှုတ်ရခြင်း။ ။ဆုံးဖြတ်ချက်။ ။ အယူခံတရားပြိုင်တို့သည် ဇာရီမှုတွင်သွင်းရန် သတ်မှတ်ထားသည့် စည်းကမ်းသတ်အချိန်အတောအတွင်း လျှောက်လွှာမတင်ခဲ့ခြင်းမှာ ယခင်တရားရုံးချုပ်၏ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့စွဲပါ ညွှန်ကြားချက်အရ ဥပစာများမှဖယ်ရှားသည့်အမိန့်ကို ဆိုင်းငံ့ထားခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် တရားရုံးများတွင် ဇာရီပြုလုပ်ခြင်းကို တရားရုံးချုပ်၏အမိန့်အရ ဆိုင်းငံ့ထားခြင်းဖြစ်သောကြောင့် ယင်းကဲ့သို့ ဆိုင်းငံ့ထားခြင်းခံရသည့်အချိန်ကို ကာလစည်းကမ်းသတ်ရေတွက်ရာ၌ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ အရ ထုတ်နှုတ်ရမည်ဖြစ်သောကြောင့် အယူခံတရားပြိုင်များလျှောက်ထားခဲ့သည့် ဇာရလျှောက်လွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိဟုဆုံးဖြတ်သည်။

ဦးတင်မြင့် နှင့် ဒေါ်အေးကြည် ပါ ၂ .... ၂၈

ကုန်အမှတ်တံဆိပ်ကို အတုပြုခြင်းကြောင့် စွဲဆိုသည့်အမှုတွင် ကုန်အမှတ်တံဆိပ်အချင်းချင်းထပ်တူ ထပ်မျှ တူညီရန်လိုမလို ယင်းအမှု အတောအတွင်း ယာယီတားမြစ်အမိန့်ထုတ်ပေးထားရန် သင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။ကုန်အမှတ်တံဆိပ်ကိုအတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ် အချင်းချင်းသည် ထပ်တူထပ်မျှ တူညီ နိမလို၊ တံဆိပ်နှစ်ခုကိုယှဉ်ပြိုင်ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များရှိသော်လည်း တခုနှင့်တခုဆင်တူရိုးမှားဖြစ်လောက်အောင် တူညီမှုရှိလျှင်အတုပြုလုပ်ခြင်းဖြစ်မြောက်သည်။ အခင်းဖြစ် တံဆိပ်နှစ်ခုကို ကြည့်ရှုလျှင် မျ းစွာတူညီသဖြင့် သာမန်လူများ မှားယွင်းရန် အကြောင်းရှိသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ခြင်းကြောင့် စွဲဆိုသည့် အမှုအတောအတွင်း ယာယီတားမြစ်အမိန့်ကို လျှော က်ထားသူအား ထုတ်ပေးမထားခြင်းကြောင့် ၎င်းအတွက် နစ်နာဆုံးရှုံးမှုမှာ ငွေကြေးဖြင့်တွက်ချက်၍ လျော်ကြေးပေးရန်မဖြစ်နိုင်သည့် နစ်နာမှုမျိုးကိုဖြစ်စေနိုင်သည်။ ယာယီတားမြစ်အမိန့်ထုတ်ပေးထားမှသာလျှင် တရားမျှတမှုရှိပေမည်။

ဦးမောင်မောင် (ခ) အလီဘိုင် နှင့် ဒေါ်ခင်သန်းမြင့် ၇၂

ကျူုလယာမှုစလင်ဗလီတွင် ဝတ်ပြုခွင့်ရှိသူမှာ မဲပေးပိုင်ခွင့်ရှိမရှိ၊ ဗလီတည်ရှိရာဒေသ၌နေထိုင်သူများကိုသာ မဲပေးခွင့် ပြုသင့်မသင့်၊ ပြည်သူများနှင့်သက်ဆိုင်သော ဗလီအတွက် ဗလီလူကြီးများကို အများက သဘောတူသူများကိုသာ ရွေးကောက်တင်မြှောက်ရန် သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။ဝတ်ပြုခွင့်ရှိသူ တဦးတယောက်တွင် မဲပေးပိုင်ခွင့်လည်းရှိရမည်ဟု ယူဆသည်။ဝတ်ပြုနိုင်ပြီး မဲပေးနိုင်ခွင့်မရှိဟုဆိုခြင်းမှာ သဘာဝမကျချေ။ မဲပေးပိုင်ခွင့်ရှိသူအချင်းချင်း ခွဲခြားမှု ကန့်သတ်ချက်များထားရှိလျှင် တရားမျှတမည်မဟုတ်ပေ၊ လူမျိုးစုအချင်းချင်း စိတ်ဝမ်းကွဲပြားမှု ဖြစ်ပေါ်လာရန်အကြောင်းရှိနိုင်သည်။ ထို့ကြောင့် ကျူုလယာလူမျိုးများသာ မဲပေးပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။အင်းစိန်နယ်နိမိတ်၏အတွင်း နေထိုင်သူများကိုသာမဲပေးခွင့်ပြုမည့်အစား ရန်ကုန်မှာနေထိုင်သူများကိုပါ မဲပေးခွင့်ပြုလျှင် ဗလီအတွက် ပိုမိုအကျိုးဖြစ်ထွန်းမည်ဟု တင်ပြသည်။ ရန်ကုန်မှာ နေထိုင်သူများကိုပါ မဲပေးခွင့်ပြုလျှင် ရွေးကောက်ပွဲကျင်းပရာတွင် မနိုင်မနင်းဖြစ်လာနိုင်မည်။ ထို့အပြင် ဗလီတည်ရှိရာ ဒေသတွင်နေထိုင်သူများသာ ယင်းဗလီ၏အကျိုးကျေးဇူးအတွက် ဆောင်ရွက်နိုင်မည့်သူများဖြစ်သဖြင့် ၎င်းတို့ကိုသာလျှင် မဲပေးခွင့်ပြုသင့်သည်ဟု ယူဆသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။အချင်းဖြစ်ဗလီမှာ ပြည်သူအများနှင့် သက်ဆိုင်သည့် ဗလီဖြစ်သည်။ အများကဝတ်ပြုကြ သည်။ အများကလှူဒါန်းကြသည်။ ထို့ကြောင့် အများသဘောတူတူများကိုသာ ဘဏ္ဍာတော်ထိန်းဖြစ်သည့် ဗလီလူကြီးများကို ရွေးကောက်တင်မြှောက်သင့်သည်။ ပုဂ္ဂိုလ်ရေးအရ တဦးတယောက်ကိုရွေးချယ်၍ ခန့်အပ်ခြင်းမပြုသင့်ပေ။ ဗလီ၏ အကျိုးကျေးဇူးကို ထောက်ရှု၍ စီမံအုပ်ချုပ်ရမည်ဖြစ်သည်။ အမျိုးအနွယ်များ ဖြစ်ကြ သော သူများသည် အုပ်ချုပ်နိုင်သောအရည်အချင်း ရှိမရှိကို ရှုံးကမသိနိုင်ချေ။ ပြည်သူများနှင့် ဆိုင်သောဗလီဖြစ်သဖြင့် ပြည်သူများက ၎င်းဗလီ၏ အကျိုးကိုရှေးရှု၍ ဗလီလူကြီးအဖြစ်ရွေးချယ်ကြရန်ဖြစ်သည်။

အဗ္ဗဒူဂျက်ဘား ပါ ၅ ဦး နှင့် ကေအမ်ဆူလေမန်ပါ ၅ ဦး.... .... ၁၀၆

စာမျက်နှာ

စိတ်မနှံ့သူဖြစ်ကြောင်း ဆုံးဖြတ်ရန် သက်ဆိုင်ရာဆရာဝန်၏ ထောက်ခံချက်လိုမလို၊ စိတ်မနှံ့သူအားရုံးရှေ့သို့ခေါ်လာရန်လိုမလို။ ။ဆုံးဖြတ်ချက်။ ။အမှု တမှုမှ အမှုသည်တဦးသည် စိတ်မနှံ့ပါဟု ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာ ဆရာဝန်၏ထောက်ခံချက်မှာအရေးကြီးသည့် အချက်ဖြစ်သည်။ ဤအမှုတွင် လျှောက်ထားသူသည် စိတ်မနှံ့သူဖြစ်သည်ဟု ဆရာဝန်ထောက်ခံချက် မတွေ့ရှိရချေ။ ထို့အပြင် အမှုစစ်ဆေးသည့်တရားသူကြီးအနေနှင့် လျှောက်ထားသူသည် စိတ်မနှံ့သူတဦးဟုတ်မဟုတ်ကို အကဲခတ်၍ ဆုံးဖြတ်နိုင်ရန် လျှောက်ထားသူကို မောင်ဂေါ်ရာက ရုံးရှေ့သို့ခေါ်လာသင့်သည်။ ဤကဲ့သို့လျှောက်ထားသူကို ရုံးရှေ့သို့ခေါ်လာခဲ့ခြင်း မရှိခဲ့ချေ။ ထို့ကြောင့်မှန်ပြည်နယ်တရားရုံးက လျှောက်ထားသူသည် စိတ်မနှံ့သူတဦးဖြစ်ကြောင်း လုံလောက်သည့် အထောက်အထားမရှိဟု အဆုံးအဖြတ်ကို ကျွန်ုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ။

မဖါတမာဘီ [၎င်း၏ နီးစပ်ရာ မိတ်ဆွေအဖြစ် မောင်ဂေါ်ရာ (ခ) မောင်သိန်းထွေး] နှင့် မဟာနီမါဘီ ပါ ၆ ဦး ... ၅၉

ဇာချိမျှားမှုကို ခေတ္တဆိုင်းငံ့ထားခဲ့ရာမှ ပြန်လည်ရုပ်သိမ်းခဲ့ရာ ယင်းသို့ခေတ္တဆိုင်းငံ့ထားသည့်ကာလသည် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅(၁)နှင့် အကျုံးဝင်မဝင်၊ ယင်းရက်များကို ကာလစည်းကမ်းသတ်တွက်ချက်ရာ၌ နုတ်သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။ယခင်တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁ဂ ရက်နေ့စွဲပါစာဖြင့် ဇာချိမှုများကိုခေတ္တဆိုင်းငံ့ထားခြင်းကို ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ကရုပ်သိမ်းခဲ့သည်။ ယင်းရက်များမှာ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၅ (၁) နှင့်အကျုံးဝင်သည်ဟု ကျွန်ုပ်တို့ယူဆသဖြင့် ယင်းရက်များကို ကာလစည်းကမ်းသတ် ကျော်မကျော်တွက်သည့်အခါတွင် နုတ်ရပေမည်။

ဦးဆေးငုံ ပါ ၃ နှင့် ဒေါ်ကြင်မေ ပါ ၂ .... ၂၃

တရားနိုင်သေဆုံး၍ သမီးဖြစ်သူက ဇာရီလျှောက်လွှာတင်သွင်းရန် တရားမကျင့်ထုံး အမိန့် ၂၂၊ နည်းဥပဒေ ၃ အရ တရားနိုင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန်အတွက် လျှောက်ထားရန်လိုမလို၊ ဇာရီလျှောက်လွှာနှင့် တပါတည်းသေဆုံးသွားသော တရားနိုင်၏တရားဝင်ကိုယ်စားလှယ်အဖြစ်ထည့်ပေးရန်လျှောက်ထားခြင်း၊ လျှောက်လွှာကို ၆ လ ကျော်လွန်မှ တင်သည့်အတွက် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းရှိမရှိ စဉ်းစားရန်လိုမလို ဥပဒေအရခွင့်ပြုချက် (License)သာရရှိသူ၏ အမွေစားအခွင့်များသည် ယင်းမြေနှင့်ပတ်သက်သည့် အခွင့်အရေးများကို အမွေဆက်ခံနိုင်ခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂၂ အရသေဆုံးခဲ့သည့်အမှုသည်တဦး၏ နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့်ထည့်သွင်းရန် ကာလစည်းကမ်းသတ်ဥပဒေအချက် (Article) ၁၇၆ အရ ရက်ပေါင်း (၉၀) အတွင်း လျှောက်ထားရမည်ဟု သတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်ကို ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ အရ ကုစား၍ မရနိုင်ပါဟု အယူခံတရားလိုတို့ဖက်ကတင်ပြသည်။ ဤတင်ပြချက်မှာ ယခုအမှု၏ အခြေအနေဖြင့် စဉ်းစားရန်မဖြစ်နိုင်ချေ။ တရားမကျင့်ထုံးအမိန့် ၂၂၊နည်းဥပဒေ ၁၂ အရ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းနှင့်ပတ်သက်၍ အမိန့် ၂၂၊ နည်းဥပဒေ ၃၊ ၄ နှင့် ဂ

တို့ပါ ပြဋ္ဌာန်းချက်တို့သည် ဇာရီလျှောက်လွှာနှင့် မသက်ဆိုင်စေရဟု ဆိုထားသည်။ ထို့ကြောင့် အယူခံတရားပြိုင်သည် ဇာရီလျှောက်လွှာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းပေးပါဟု လျှောက်ထားရန် မလိုပဲ၊ ၎င်းကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။ သို့ဖြစ်၍ တရားဝင်ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့်ပတ်သက်သည့် စည်းကမ်းသတ်ဥပဒေမှာ ဤအမှုနှင့်မသက်ဆိုင်သဖြင့် ထည့်သွင်း စဉ်းစားရန်မလိုပေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။ဥပဒေအရ ခွင့်ပြုချက် (License) သာရရှိသူ၏ အမွေစားအမွေခံများသည် ယင်းမြေနှင့်ပတ်သက်သည့် အခွင့်အရေးများကို အမွေဆက်ခံနိုင်ခွင့်မရှိချေ။

ကိုစံညိန်း ပါ ၂ နှင့် မ ချိုချို (ခ) လော်ရာစိန်ထွန်း ၁၂

တရားနိုင်သည် တရားရုံးက ပစ်သည့်လေလံပွဲတွင် ဝင်ရောက်ဆွဲဝယ်ခွင့် ရှိမရှိ၊ သံဂဟေဆော်စက်နှင့် တွင်ခုံအတွက်အသုံးပြုသည့်မော်တာအားပေး မော်တာစက်များမှာ လက်မှုပညာရှင်များ၏ ကရိယာတန်ဆာပလာများဟုတ်မဟုတ်။ ။ဆုံးဖြတ်ချက်။ ။တရားနိုင်တဦးသည် တရားရုံးက ပစ်သည့်လေလံပွဲတွင် ဝင်ရောက်ဆွဲဝယ်ခွင့်မရှိဟု တရားမကျင့်ထုံး ဥပဒေတွင် တားမြစ်ချက်မရှိချေ။ သက်ဆိုင်ရာတရားရုံး၏ ကြိုတင်ခွင့်ပြုချက်ရရှိပြီးမှ ဆွဲဝယ်ရမည်ဟုလည်း တားမြစ်ချက် မရှိချေ။ ထို့ကြောင့် ဤအမှုတွင် အယူခံ တရားပြိုင်အနေ နှင့် ရုံးကပစ်သည့် လေလံပွဲတွင် ပစ္စည်းများကို ဝယ်ယူခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ချေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။သံဂဟေဆော်စက်နှင့် တွင်ခုံအတွက် အသုံးပြုသည့်မော်တာအားပေးမော်တာစက်များမှာ လက်မှုပညာရှင်များ၏ ကိရိယာတန်ဆာပလာများ မဟုတ်ဟု ဆုံးဖြတ်သည်။

ဦးအုန်း နှင့် ဒေါ်ဝိုင်း ၁၂၂

တဖက်သတ် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားရာတွင် လုံလောက်သောအကြောင်း ပြချက်များ ရှိရန်လိုခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုဖက်မှ ပေါ့လျော့ပျက်ကွက်မှုကြောင့် မူလရုံးမှတဖက်သတ် ကြားနာစစ်ဆေးခြင်းဖြစ်သည်။ တဖက်သတ်ကြားနာစစ်ဆေးသောအမှုများတွင် ပျက်ကွက်သူထံမှ လုံလောက်သောအကြောင်းပြနိုင်မှသာလျှင် အမှုကို အသစ်တဖန် ကြားနာစစ်ဆေးရန်လိုသည်။

နိုင်ဒူး နှင့် မမြအောင် ပါ ၃ .... ၄၇

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၂ အရ သတ်မှတ်ချက်ကာလများ ကုန်ဆုံးမှ ဇာရီပြုလုပ်ခွင့်ရှိခြင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၂ အရ၊ ခိုမိချမှတ်သည့် စီရင်ချက်သို့မဟုတ် ဒီကရီတွင် မတော်တဆ ချန်လှပ်မိခဲ့သည့် ကိစ္စရပ်များကို ပြင်ဆင်ထည့်သွင်းပေးနိုင် မပေးနိုင်။ ။ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၂ အရ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အပေါ် ဒီကရီချမှတ်သည့်အခါ သက်ဆိုင်ရာတရားရုံးက ဒီကရီကျ ငွေများကို ပေးဆပ်ရန်အချိန် သတ်မှတ်ပေးရမည်ဟု ပါရှိသည်။ ယင်းကဲ့သို့ သတ်မှတ်ပေးသည့် အချိန်ကာလ ကုန်ဆုံးသည့်အခါ သက်ဆိုင်ရာတရားရုံးက နိုင်ငံတော်သမ္မတထံ ဒီကရကျငွေများ

စာမျက်နှာ

မပေးဆပ်သေးကြောင်း အစီရင်ခံရမည်။ ဤကဲ့သို့ အစီရင်ခံပြီး ၃ လကျော်လွန်မှသာလျှင် တရားနိုင်ကဇာရီပြုလုပ်ခွင့်ရှိသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ အရ သက်ဆိုင်ရာတရားရုံးသည် မိမိချမှတ်သည့်စီရင်ချက် သို့မဟုတ် ဒီကရီတွင် မတော်တဆချွန်လုပ်မိခဲ့သည့် ကိန်းရပ်များကိုပြင်ဆင်ထည့်သွင်းပေးနိုင်သည်ဟုပါရှိသည်။ ထို့ကြောင့် ဤအမှုတွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၂ အရ ဒီကရီငွေများ ပေးဆပ်ရန် ရက်သတ်မှတ်ပေးရမည်ဟုပြဋ္ဌာန်းချက်ကို မတော်တဆ ချွန်လုပ်မိခဲ့သည့်အတွက် ပုဒ်မ ၁၅၂ အရ ပြင်ဆင်ပေးနိုင်သည်ဟုယူဆသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် } နှင့် { မဦးပါ - ၁၂(ကွယ်လွန်သူ ဦးဘိုကြီး၏ တရားဝင် ကိုယ်စားလှယ်များ)း ၅၃

တရားမကျင့်ထုံး ဥပဒေအမိန့် ၈ နည်းဥပဒေ ၅၊ တရားလိုတဦး၏အဆိုလွှာတွင်ပါရှိသည့် စွပ်စွဲချက်ကို တရားပြိုင်က ၎င်း၏ ချေလွှာအရ တိကျစွာမငြင်းလျှင် ဝန်ခံသည်ဟု မှတ်ယူရခြင်း။ ။ဆုံးဖြတ်ချက်။ ။အဆိုလွှာ အပိုဒ် ၁၃ တွင်ပါရှိသည့်စွပ်စွဲချက်များကို အယူခံတရားလိုက ၎င်း၏ချေလွှာတွင် မငြင်းခဲ့ကြောင်း တွေ့ရသည်။ အပိုဒ် ၁၃ အရ အယူခံတရားပြိုင်တို့က ၎င်းတို့ပိုင် ထင်းရှူးသေတ္တာလုပ်ငန်းကို အယူခံတရားလိုမှာ သားမက်ဖြစ်သဖြင့် ယုံကြည်၍ လွှဲအပ်ခဲ့သည်ဟု အတိအလင်းစွပ်စွဲထားကြောင်း တွေ့ရသည်။ တရားမကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၅ အရ တရားလိုတဦး၏အဆိုလွှာတွင် ပါရှိသည့်စွပ်စွဲချက်ကို တရားပြိုင်က ၎င်း၏ ချေလွှာအရ တိကျစွာမငြင်းလျှင်၊ ဝန်ခံသည်ဟု မှတ်ယူရန်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အဆိုလွှာအပိုဒ် ၁၃ ပါစွပ်စွဲချက်များကို အယခံ တရားလိုက မငြင်းခဲ့သည့်အတွက် ဝန်ခံသည်ဟု မှတ်ယူရပေသည်။

မောင်လှအေး နှင့် ဦးကျော်သိန်း ပါ-၂ .... ၉၂

တရားမကျင့်ထုံးအမိန့် ၃၈ နည်းဥပဒေ ၅(၁)(က)(ခ)၊ အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်းဝရမ်းကို လွယ်လွယ်နှင့် ထုတ်မပေးရခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားရုံးများသည် အမှုမပြီးဆုံးမီအတွင်းပစ္စည်း ဖမ်းဝရမ်း ထုတ်မပေးမီ ထိုဝရမ်းကို ထုတ်ပေးရန် အလွန်ပင်လိုအပ်ပြီး လုံလောက်သော အကြောင်းရှိသည်ဟု ယုံကြည်မသာလျှင် ထုတ်ပေးသင့်သည်။ လွယ်လွယ်နှင့် ထုတ်ပေးခြင်း မပြုသင့်ချေ။ ဝရမ်းကပ်ရအောင် လုံလောက်သော အကြောင်း ရပ်များရှိရန်လိုသည်။ လုံလောက်သော အကြောင်းဆိုသည်မှာ တရားမကျင့်ထုံး အမိန့် ၃၈၊ နည်းဥပဒေ ၅(၁)(က) သို့မဟုတ် (ခ)တို့တွင် ဖေါ်ပြထားသည့် ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။

ဦးမျိုးအောင် ပါ ၃ နှင့် ဦးကျော်ဝင်း ပါ ၂ .... ၇၄

တရားမမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေများအပေါ် အခြေခံလျက်အဆုံးအဖြတ်ပေးရခြင်း၊ အချေလာတွင် တိကျစွာ ငြင်းဆိုထားခြင်း မရှိသည့်အချက်နှင့်ပတ်သက်၍ပေးသည့်လက်ရေးလက်ဗွေပါရဂတို့၏ သက်သေခံချက်ကို လက်ခံရန်သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။တရားမမှု များကို ဆုံးဖြတ်ရာ၌ အဆိုအချေပါ

စာမျက်နှာ

အချက်များကို အခြေခံလျက် အဆုံးအဖြတ်ပေးရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် အယူခံ တရားလိုများသည်ဝင်း တို့၏ ချေလွှာတွင် မွေးစား စာချုပ်ပေါ်ရှိ လက်မနှင့် လက်ဗွေတို့မှာ ဦးမောင်မောင်၏ လက်မနှင့် လက်ဗွေ မဟုတ်ဟု တိကျစွာ ငြင်းဆိုထားခြင်း မရှိသည့်အတွက် ဦးမောင်မောင်၏ လက်မှတ်မဟုတ် လက်ဗွေ မဟုတ်ဟု တင်ပြထားသည့် လက်ရေးလက်ဗွေ ပါရဂူတို့၏ သက်သေခံချက်များကို လက်မခံသင့်ပေ။ အမှုဆုံးဖြတ်ရာ၌ ထည့်သွင်း မစဉ်းစားသင့်ပေ။

ဦးထွန်း ပါ ၇ နှင့် ဦးသန်းအောင် ပါ ၄ .... ၃၁

တိုင်းတရားရုံးတွင် အယူခံနေစဉ် အချင်းဖြစ်အိမ်ကို ဖျက်ဆီးပြီး ဖြစ်သဖြင့် ယင်းအိမ်နှင့် ပတ်သက်၍ပိုင်ဆိုင်ကြောင်းမြွက်ဟကြေငြာပေးရန်လိုမလို။ ။ဆုံးဖြတ်ချက်။ ။မရှိတော့သည့် အိမ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်သင့် မသင့်စဉ်းစားရန်လိုပေသည်။ သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရမြွက်ဟချက် ဒီကရီချမှတ်သင့် မသင့်ဆိုသည့်ကိစ္စမှာ မူလရုံးမှ ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ဆုံးဖြတ်ရသည့် ကိစ္စဟုသာ ဖြစ်သည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် ယင်းသို့ ချမှတ်သည့် ဒီကရီတခုသည် တရားလိုအတွက် မည်သို့မျှ လက်တွေ့အသုံးမဝင် အသုံးမချနိုင်လျှင် ထိုဒီကရီသည် အဓိပ္ပါယ်ရှိမည် မဟုတ်ပေ။ မြွက်ဟကြေငြာပေးခြင်းအားဖြင့် တရားလိုတွင် အကျိုးသက်ရောက်မှု မရှိပါမူ ထိုမြွက်ဟချက်သည် အချီးအနှီးသာ ဖြစ်ပေသည်။ ထိုသို့ အချီးနှီးသာ ဖြစ်သည့် အဓိပ္ပါယ်မဲ့သည့် ဒီကရီမျိုးကို တရားရုံးများ အနေဖြင့် ချမှတ်ခြင်းမပြုသင့်။

မခင်ညွန့် (၎င်း၏ကိုယ်စားလှယ် ဦးသန်းညွန့်) နှင့် ဦးရွှေထွန်း ပါ ၉ ၁၀

နေခွင့်လက်မှတ် (Permit) ဖြင့်ရရှိသည့် တောင်ဥက္ကလာပမြို့ရှိ အစိုးရမြေကို အမွေဆက်ခံပိုင်ခွင့် ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အခင်းဖြစ်မြေမှာ အစိုးရမြေဖြစ်ပြီး ဒေါ်မြိုင်၏ အမည်နှင့်နေခွင့်လက်မှတ် (Permit)ကို အိုးအိမ်ပြန်လည်ထူထောင်ရေး အဖွဲ့က ထုတ်ပေးထားကြောင်း အငြင်း မထွက်ချေ။ နေခွင့်လက်မှတ် (Permit) ဖြင့် ရရှိခဲ့သည့် မြေဖြစ်သဖြင့် ဒေါ်မြိုင်ကွယ်လွန်ပြီးနောက် ယင်းမြေကို ဒေါ်မြိုင်၏ အမွေစားအမွေခံများက အမွေဆက်ခံပိုင်ခွင့်မရှိ။

မရင်နု နှင့် မအေးမြင့် ပါ ၂ .... ၇၇

နိုင်ငံခြားနေ တရားလိုအတွက် ကိုယ်စားလှယ်က အဆိုလာကို လက်မှတ်ထိုးခြင်း၊ အဆိုလာပါကိစ္စများ သိရှိနားလည်သည်ဟု ဝန်ခံထားခြင်း၊ နိုင်ငံခြားနေ တရားလိုအား ကော်မရှင်နှင့် စစ်ဆေးရန် လျှောက်ထားခြင်းကို ခွင့်ပြုသင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။မူလမှုမှ အဆိုလွှာကို တိပီမာမွတ်တီး၏ကိုယ်စား ကိုယ်စားလှယ် ဦးကျော်အေးက လက်မှတ်ထိုး၍ တင်ခဲ့သည်။ ယင်းအဆိုလွှာ၏ နောက်ဆုံးအပိုဒ်ဖြစ်သည့် ဝန်ခံချက်အောက်တွင်လည်း ဦးကျော်အေးက လက်မှတ်ထိုးထားသည်။ အမှု အကြောင်းအချင်းအရာ အချက်အလက်နှင့် ပတ်သက်သည့်အဆိုလွှာအပိုဒ် (၁) မှ (၇) အထိစကားရပ်များမှာ မှန်ကန်ကြောင်း ကိုယ်တိုင်သိရှိနားလည်ပါသည်ဟု ဦးကျော်အေးက ဝန်ခံချက်ပြုထားသည်။ ဤကဲ့သို့

စာမျက်နှာ

ကိုယ်စားလှယ် တဦးအနေနှင့် အဆိုပြုချက် အားလုံးကို ကိုယ်တိုင်သိရှိ နားလည်နေလျှင် အိန္ဒိယနိုင်ငံတွင်ရှိသည့် တိပိမာမှတ်တီးကို ကော်မရှင်ဖြင့် စစ်ဆေးရန် မလိုချေ။

မဂျစ်(ခ)ဦးချစ် နှင့် တီ၊ပီ၊မာမှတ်တီ ၆၇

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ဖြစ်သည့် အယူခံတရားလိုသည် အယူခံတရားပြိုင်များ ပေးပို့သော တုံကင်းများကောင်း မကောင်း၊ စိစစ်ရန်တာဝန်ရှိမရှိ၊ ပဋိဉာဉ် ဥပဒေပုဒ်မ ၇၃၊ ပဋိဉာဉ်အရ တာဝန်ရှိသူများသည် ဆုံးရှုံးနစ်နာမှုအတွက်လျော်ကြေး အပြည့်အဝ ပေးရန် တာဝန်ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။ အယူခံတရားလိုအဖွဲ့မှ တာဝန်ခံ အရာရှိတို့သည် တုံကင်းကိုကောင်း မကောင်း စစ်ဆေးရန် တာဝန်ပျက်ကွက်ခဲ့သည့်အတွက် တုံကင်း နစ်မြုပ်သွားသည့် ကိစ္စနှင့် ပတ်သက်ပြီး ပူးတွဲတာဝန်ရှိသည်၊ ပေါ့လျော့မှု ရှိသည်ဟု ဆုံးဖြတ်ခြင်းမှာ မှားသည်ဟုယူဆသည်။ အယူခံတရားလိုတို့သည် ၎င်းတို့၏ ဆန်များကို သယ်ယူပို့ဆောင်ရန်အတွက် တုံကင်းများ ငှါးခဲ့သည်။ ဤကဲ့သို့ ငှါးသည့်အခါတွင် အယူခံတရားလိုများက အယူခံတရားပြိုင်များ ပေးပို့သော တုံကင်းများ ကောင်း မကောင်း စစ်ဆေးစိစစ်ရန် အလျဉ်းပင်တာဝန်မရှိဟုယူဆသည်။ ။ထို့ပြင်ဤအမှုမှာ ပဋိညာဉ် ဥပဒေပုဒ်မ ၇၃ အရတရားစွဲဆိုသည့် အမှုဖြစ်သည်။ တရားမနစ်နာကြေး (Tort) အရစွဲဆိုသည့်အမှု မဟုတ်ပေ။ ထို့ကြောင့် ပူးတွဲပေါ့လျော့မှု မရှိသဖြင့် အယူခံတရားလိုတို့မှာလည်း တာဝန်ရှိသည်ဟု မဆိုနိုင်ပေ။ ပဋိညာဉ်အရ အယူခံတရားပြိုင်တို့တွင် တာဝန်ရှိခြင်းကြောင့် အယူခံတရားလိုတို့ဆုံးရှုံးခဲ့သည့် ဆန်အိတ်များအတွက် လျော်ကြေး အပြည့်အဝ ပေးရန်တာဝန်ရှိသည်။

နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ နှင့် ဦးသာထို ပါ ၂ .... ၄၄

မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို အပေါင်ပြု၍ငွေချေးစဉ်က ပေးအပ်ခဲ့သည့် ဦးပိုင်ရာဇဝင်မှတ်တမ်း (Register of holdings) သည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၈ (စ) အရ ပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာချုပ်စာတမ်းများ ဟုတ် မဟုတ်။ ။ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၈ (စ) တွင် "ပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာချုပ်စာတမ်း "(Documents of title) ဟု ပါရှိသည်။ ယင်းကဲ့သို့ဖော်ပြထားသည့်စကားရပ်တွင် စာချုပ်စာတမ်းအမျိုးအစား ၂ မျိုးရှိသည်။ တမျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ပေးသည့်စာချုပ်စာတမ်း"(Documents creating title) နောက်တမျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သက်သေခံအထောက်အထားပြုသည့် စာချုပ်စာတမ်း "(Documents evidencing title) တို့ဖြစ်သည်။ ဦးပိုင်ရာဇဝင်မှတ်တမ်းမှာ ပိုင်ဆိုင်ခွင့်ကို သက်သေခံအထောက်အထားပြုသည့် စာချုပ်စာတမ်း အမျိုးအစားတွင် ပါဝင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် နှင့် ဦးအောင်လေး ပါ ၉ ....

စာမျက်နှာ

မော်တော်နှင့် လိုက်ပါလာသူတဦး လိမ့်ကျသေဆုံးမှု၊ မော်တော်ပိုင်ရှင်က ထိုသူ၏ မိခင်အားကရုဏာကြေးပေးခြင်းအားဖြင့် အလုပ်ရှင်ဟုကောက်ချက်ချသင့်မသင့်။ ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် မိမိမော်တော်နှင့် လိုက်ပါလာသူတဦး လိမ့်ကျသေဆုံးခြင်းနှင့်ပတ်သက်၍ ထိုသူ၏ မိခင်ဖြစ်သူအား ကရုဏာကြေးငွေကျပ် ၂၀၀ ပေးခြင်းအားဖြင့် အလုပ်ရှင်ဖြစ်ရမည်ဟု ကောက်ချက်ချရန် မသင့်။ ငွေပေးခြင်းကို အကြောင်းပြုပြီး အလုပ်ရှင်ဟူ၍ အထောက်အကူပြုသော အခြားပတ်ဝန်းကျင် သက်သေခံချက်များရှိမှသာလျှင် အလုပ်ရှင် အလုပ်သမားဟူသောအချက်ကို စဉ်းစားရန်ရှိပေမည်။

ဦးစိန်ဝင်း နှင့် { ဒေါ်တင်ရွှေ (သေဆုံးသူ အလုပ်သမား မောင်စိုးမြင့်၏မိခင် ပါ ၂ .... ၁၆

မော်တော်ဘူးတွဲပိုင်ရှင်နှစ်ဦးအချင်းချင်း နားလည်မှုဖြင့် အလှည့်ကျ စလင်အဖြစ်ဆောင်ရွက်သူသည် မော်တော်ငှားသည့်ဌာန၏ အလုပ်သမား ဟုတ်မဟုတ်။ ။ဆုံးဖြတ်ချက်။ ။မော်တော်ငှားသည့်အတွက် အယူခံတရားလိုတို့က မော်တော်ငှားခပေးခြင်းဖြစ်သည်။ အယူခံတရားလိုဌာနအနေနှင့် ဦးသိန်းအောင်အား လုပ်ခပေးရန်တာဝန်လုံးဝမရှိပေ။ ဘူးတွဲပိုင်ရှင်နှစ်ဦး အချင်းချင်းနားလည်မှုဖြင့်အလှည့်ကျစလင်အဖြစ်ဆောင်ရွက်ရန် သဘောတူခဲ့ကြသဖြင့် ဦးသိန်းအောင် သည်အချင်းဖြစ်နေ့က စလင်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ခဲ့သည်။ အယူခံတရားလိုများ၏ အကျိုးအတွက် စလင်အဖြစ်ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပေ။ ထို့ကြောင့် ဦးသိန်းအောင်သည် တရားလိုဌာန၏ အလုပ်သမားတဦးမဟုတ်ဟုယူဆသည်။

ဗဟိုကုန်သွယ်ရေး ဦးစီးဌာန (စီမံရေးဌာနခွဲ) ရန်ကုန်မြို့ နှင့် { ဒေါ်ထွေး (ကွယ်လွန်သူ ဦးသိန်းအောင်၏ဇနီး) ၆၁

မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (င)၊အဆောက်အဦအသစ်ပြန်လည် ဆောက်လုပ်ရန် အိမ်နှင်လိုမှု၊ အသစ်ပြန် လည်ဆောက်လုပ်ရန် လိုအပ်သည့်အခြေအနေမရှိခြင်း၊ လက်ရှိအဆောက်အဦကိုဖျက်ပြီး အသစ်ဆောက်လုပ်လိုသည့်အကြောင်းပြချက်ကို လက်ခံရန် သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။အဆောက်အဦ၏ အခြေအနေနှင့်ပတ်သက်၍ အမှုတွဲကိုလေ့လာကြည့်ရာတွင် အသစ်တဖန်ပြန်လည် ဆောက်လုပ်ရန် မလိုအပ်သေးသည့် အခြေအနေဖြစ်ကြောင်း တွေ့ရှိရသည်။ အခင်းဖြစ်အဆောက်အဦမှာ ၁၉၅၃ ခုနှစ်က ဆောက်လုပ်သောအဆောက်အဦဖြစ်သည်။ ယခုအခါတွင် အဆောက်အဦသည် ဟောင်းနွမ်းဆွေး မြေ့ခြင်းလုံးဝမရှိသည့်အပြင် နောက်ထပ် နှစ်အတန်အကြာ အသုံးပြုနိုင်သည့် အခြေအနေရှိကြောင်း ပေါ်လွင်သည်။ အိမ်ပိုင်ရှင်အဖို့လက်ရှိသုံးခန်းအပြင် နောက်ပိုင်းတွင်ရှိနေသည့် နှစ်ထပ်အိမ်တလုံးမှာလည်း ၎င်း၏လက်ရှိပင်ဖြစ်နေ၍ စီးပွားရေးလုပ်ငန်းနှင့်နေထိုင်မှုအတွက် လုံလောက်သည်ဟုယူဆသည်။ လက်ရှိအဆောက်အဦကို ဖျက်ပြီး အသစ်ဆောက်လုပ်လိုသည်ဆိုခြင်းမှာ အိမ်ငှားများကိုနှင်ထုတ်လို၍ ဥပဒေဘောင်အတွင်းမှ အကြောင်းပြခြင်းမျှဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ သို့ဖြစ်၍ အယူခံတရားလိုသည် အခင်းဖြစ်

အခန်းများကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုသည်ဟု တင်ပြချက်ကိုလက်မခံနိုင်၍ ဤအယူခံမှုကိုပလပ်လိုက်သည်။

စီတိဝမ်း (ခ) ဦးခင်မောင်ဝင်း ပါ ၂ နှင့် ကိုညွန့် ပါ ၂ .... ၂၀

ရေစစ္စတြီ မှတ်ပုံတင်ထားသည့် အရောင်းစာချုပ်၊ ယင်းစာချုပ်ကို ဟန်ဆောင်သဘောဖြင့်သာ ချုပ်ဆိုပေးထားခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံဥပဒေပုဒ်မ ၉၂ က ပိတ်ပင်ထားမထား၊ အကြောင်းချင်းရာတရပ်နှင့် ပတ်သက်၍ အောက်ရုံးနှစ်ရုံးလုံး ထပ်တူထပ်မျှ ဆုံးဖြတ်ထားခြင်း၊ ယင်းဆုံးဖြတ်ချက်မျိုးကို ဒုတိယအယူခံရုံးအနေဖြင့် လွှယ်လင့်တကူ ဝင်ရောက်စွက်ဖက်ခြင်း ရှိမရှိ။

။ ။ဆုံးဖြတ်ချက်။ ။သက်သေခံအမှတ် (က) အရောင်းစာချုပ်ကို အယူခံတရားပြိုင်များက လက်မှတ်ထိုး ချုပ်ဆိုပေးပြီး ရေစစ္စတြီ မှတ်ပုံတင်ပေးကြောင်း ဝန်ခံထားသည်။ ထို့ကြောင့် ယင်းစာချုပ်သည် စင်စစ်မှာအရောင်းစာချုပ်မဟုတ်ပါ၊ အပေါင်စာချုပ်ဖြစ်သည်။ ဟန်ဆောင်သဘောဖြင့်သာ ချုပ်ဆိုပေးခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံဥပဒေပုဒ်မ ၉၂ က ပိတ်ပင်သလောဟူသောအချက်ဖြစ်သည်။ စာချုပ်တခုကို အကျိုးသက်ရောက်ခစေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ခဲ့ကြသည်။ အစစ်အမှန်ဖြစ်ခဲ့လျှင် ထိုစာချုပ်ပါ စကားရပ်တို့နှင့် ကွဲလွဲ၍ ချုပ်ဆိုသူတို့က သက်သေမထူနိုင်ချေ။ ထိုသို့ပင် သက်သေခံဥပဒေပုဒ်မ ၉၂ က ပညတ်ထားသည်။ သို့ရာတွင် အကျိုးသက်ရောက်စေရန်ရည်ရွယ်ချက်မရှိ။ ဟန်ဆောင်စာချုပ်မျှသာဖြစ်ခဲ့လျှင် ထိုသို့ဖြစ်ကြောင်း သက်သေထူခွင့်ရှိသည်။ စာချုပ်တရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုးမဟုတ်ပဲ ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း နှုတ်သက်သေ တင်ပြနိုင်သည်။ ထို့ကြောင့် ဤအမှုတွင် သက်သေခံအမှတ် (က) စာချုပ်မှာ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း အယူခံတရားပြိုင်တို့အား သက်သေထူခွင့်ပေးခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟုဆိုရပေမည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။သက်သေခံအမှတ် (က) သည် သက်သေခံအထောက်အထားများအရ ဟန်ဆောင်စာချုပ်သာဖြစ်သည်ဟု မူလရုံးနှင့် ပဌမအယူခံရုံးတို့က ဆုံးဖြတ်ချက်ပေးထားပြီး ဖြစ်သည်။ အမှုတမှုတွင် အကြောင်း အချင်းအရာနှင့်ပတ်သက်၍ မူလရုံးနှင့် ပဌမအယူခံရုံးတို့၏ ဆုံးဖြတ်ချက်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် ယင်းဆုံးဖြတ်ချက်ကို လွှယ်လင့်တကူ ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

ဦးပြုံး ပါ ၂ နှင့် ဦးငွေထွန်း ပါ ၂ .... ၄၉

ရဲရွှေတွင်တမျိုး အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီရှေ့တွင်တမျိုး ကွဲလွဲစွာ ထွက်ဆိုချက်ကို လက်ခံရန်သင့်၊ မသင့်၊ ရေနံခိုးရန် ရေနံတွဲအတွင်းသို့ ဆင်းသည့်အတွက် သေဆုံးခဲ့ခြင်းဖြစ်သဖြင့် အလုပ်သမား လျော်ကြေးရ ထိုက် မထိုက်။

။ ။ဆုံးဖြတ်ချက်။ ။ရဲရွှေနှင့် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီရှေ့တွင် ထွက်ဆိုချက်တို့ ကွဲလွဲမှုရှိသော်လည်း အဓိက ဖြစ်သော အချက်များနှင့် ပတ်သက်ပြီး ကွဲလွဲမှု မရှိပါက လက်မခံနိုင်ရန် အကြောင်းမရှိပါ။ ။ထပ်မံဆုံးဖြတ်ချက်။ ။မောင်သီးသည် ရေနံ ခိုးထုတ်နေစဉ် ဆီကန်ထဲသို့ လိမ့်ကျသေဆုံး

ခြင်းဖြစ်သည်။ အလုပ်ချိန် အတွင်းပင် ဖြစ်စေကာမူ ရေနံခိုးထုတ်ခြင်းမှာ မိမိအား ပေးအပ်ထားသော တာဝန် မဟုတ်သောကြောင့် လျော်ကြေးမရထိုက်။

မြန်မာ့ရေနံကော်ပိုရေးရှင်း နှင့် ဦးချစ်ထွန်း ၇၇

စ

ရန်ကုန်မြို့တွင် ထိပေါက်သည့် ငွေတသိန်းအတွက် စွဲဆိုမှု၊ နှစ်ဘက်အမှုသည်နှင့်သက်သေများ စစ်ကိုင်းမြို့မှဖြစ်ခြင်း၊ စစ်ကိုင်းမြို့တွင် ရုံးပြောင်းရွှေ့ စစ်ဆေးရန် လျှောက်ထားခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားမမှု တမှုကို ရုံးပြောင်း၍ စစ်ဆေးပေးရန် လျှောက်ထားသည့်အခါ ဤကဲ့သို့ ရွှေပြောင်း စစ်ဆေးခြင်းကြောင့် နှစ်ဘက် အမှုသည်များအတွက် ပို၍ အဆင်ပြေမှုရှိ မရှိကို ထည့်သွင်းစဉ်းစားရပေမည်။ ယခုအမှုတွင် မောင်အောင်ခင်ထွေးနှင့် ဦးစံဟိန်းတို့မှာ စစ်ကိုင်းမြို့တွင်နေထိုင်ကြသူများ ဖြစ်ကြသည်။ အငြင်းပွားမှုမှာစစ်ကိုင်းမြို့တွင်ဖြစ်သည့်အတွက် နှစ်ဘက်အမှုသည်များက တင်ပြမည့် သက်သေ များကလည်း စစ်ကိုင်းမြို့တွင် နေထိုင်ကြသူများဖြစ်ကြသည်။ ထို့ကြောင့် ဤအမှုကို စစ်ကိုင်းတိုင်းတရားရုံးတွင် စစ်ဆေးလျှင် နှစ်ဘက အမှုသည်များအတွက် စရိတ်စခ သက်သာပြီး အချိန်လည်းအကုန်နည်းမည်ဖြစ်သည်။

မောင်အောင်ခင်ထွေး ပါ ၂ နှင့် ဦးစံဟိန်း ပါ ၂ .... ၁၂၀

သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂၊ ယင်းပုဒ်မ၏ ခြွင်းချက်၊ ဆက်စပ်သည့် နောက်ဆက်တွဲသက်သာခွင့်။ ။ဆုံးဖြတ်ချက်။ ။သီးခြား သက်သာခွင့် ဥပဒေပုဒ် ၄၂ အရ စွဲဆိုသည့်အမှုများတွင် ယင်းပုဒ်မ၏ ခြွင်းချက်အရ ဆက်စပ်သည့် နောက်ဆက်တွဲ သက်သာခွင့် တောင်းရန်လို မလို၊ ဆုံးဖြတ်ရာတွင် တရားလိုစွဲဆိုသည့်အမှု၏ အနှစ်သာရကိုစိစစ်ရပေမည်။ မည်သည့် အချက်ကိုရည်ရွယ်၍ တရားလိုက တရားစွဲဆိုခြင်းဖြစ်သည်ကို စိစစ်ရပေမည်။ ဤအမှုတွင် လျှောက်ထားသူများက အချင်းဖြစ်အိမ်ကို ၎င်းတို့ ပိုင်သည်ဟု အဆွဲပြုခဲ့သည်၊ လျှောက်ထားခံရသူကသူပိုင်သည်ဟုဆိုသည်။ဤကဲ့သို့သူပိုင်သည်ငါပိုင်သည်ဟုအငြင်းပွားမှု ဖြစ်နေသည့်အတွက် လျှောက်ထား ခံရသူက ၎င်းပိုင်သည်ဟု မြွက်ဟ ဒီကရီရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။ ဤအမှုကို စွဲဆိုသည့် အဓိက ရည်ရွယ်ချက်မှာ အခင်းဖြစ်အိမ်ကို ပြန်လည်သိမ်းပိုက် လိုသောကြောင် ဖြစ်သည်။ လျှောက်ထားသူတို့က လက်ရှိ ဖြစ်နေသည့်အတွက် လျှောက်ထား ခံရသူသည်ပိုင်ရှင်ဖြစ်သည်ဟု မြွက်ဟ ကြေငြာပေးရုံမျှဖြင့် မပြီးပြတ်သေးပေ။ လျှောက်ထားသူသည် လက်ရောက် ရလိုကြောင်း နောက် တရားတထုံးစွဲရဦးမည်ဖြစ်သည်။ ထို့ကြောင့် သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၄၂ ခြွင်းချက်အရ လက်ရောက် ရလိုကြောင်း ဆက်စပ်သည့် နောက်ဆက်တွဲ သက်သာခွင့် ဤအမှုတွင် တောင်းဆိုရမည်ဖြစ်သည်။

ဒေါ်အေးတင် ပါ ၂ နှင့် ဦးစံဦး ၁၁၁

သေဆုံးသူ တရားလို၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန်လျှောက်ထားခြင်း၊ ကာလစည်းကမ်း သတ်ထားသည့် ရက်ထက် ၂ ရက်ကျော်လွန်နေခြင်း၊ တရားစီရင်ရေး စနစ်တခုမှ စနစ်တခုသို့ ကူးပြောင်းနေချိန် ဖြစ်ခြင်း၊ လက်ခံ

နိုင်သော အချိန်အတိုင်း အတာဟုဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားစီရင်ရေး စနစ်တခုမှ စနစ်တခုသို့ ကူးပြောင်းနေသည့် အချိန်ဖြစ်သည့်အပြင် စီရင်ပိုင်ခွင့်အာဏာအရ အမှုများကို ခွဲဝေ သတ်မှတ်ချိန်လည်း ဖြစ်သော ကြောင့် ကာလစည်းကမ်းသတ် ၂ ရက်ကျော်လွန်ရခြင်းမှာ လက်ခံနိုင်လောက်သော အချိန်အတိုင်းအတာ ဖြစ်သဖြင့် ဤအမှုတွင် အလိုအလျောက်ရုပ်သိမ်းမှု (Abatment) ကို ပယ်ဖျက်၍ မူလသတ်မှတ် ထားသည့် အမှတ်စဉ်ဖြင့် တိုင်း တရားရုံးတွင် အမှုပြန်ဖွင့်ပြီး ဆက်လက် စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

မောင်ဘထွန်း ပါ ၃ နှင့် မညွန့်တင် ပါ ၄ .... ၆၃

ဓသဟမ်းစာ အတည်ပြုသူ ဂေါပကလူကြီးသည် ဒိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်ပိုင်ခွင့်ရှိမရှိ၊ ပစ္စည်းထိန်းခန့်သင့်မသင့်ကို အမွေစုအနည်းအများအပေါ် မူတည်၍ အဓိကထားပြီး အဆုံးအဖြတ်မပေးသင့်သော်လည်း အမွေဆိုင်အများစု၏ သဘောထားကို ထည့်သွင်းဆုံးဖြတ်သင့်ခြင်း။ ။ဆုံးဖြတ်ချက်။ ။သေတမ်းစာအတည်ပြုသူ ဂေါပကလူကြီးများကအယူခံတရားပြိုင်အမှတ် (၉) အား ကိုယ်စားလှယ်စာလွှဲ၍အမွေပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်စေခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟုအယူခံတရားလို၏ အကျိုးဆောင်ကြီးက တင်ပြသည်။ ဤတင်ပြချက်ကို လက်မခံနိုင်ချေ။ သေတမ်းစာအတည်ပြုသူ ဂေါပကလူကြီးသည် မိဒိ၏ဘာဝန်ဝတ္တရားများကို အခြားသူအားဆောင်ရွက်ရန် အစားထိုး၍လွှဲပြောင်းခန့်အပ်ခြင်းမပြုနိုင်ဟုသာဥပဒေက ဆိုသည်။ မိဒိ၏တာဝန်ဝတ္တရားများကို အခြားသူအား ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။အယူခံ တရားလိုသည် ၎င်း၏အမွေစုမှ ၁၀ ပုံ ၁ ပုံခန့်သာရှိပြီး ကျန်အမွေဆိုင်များ၏ အမွေစုမှာ ၁၀ပုံ ၉ ပုံရှိသည်။ အများစုက ပစ္စည်းထိန်းမခန့်လိုသောကြောင့် ပစ္စည်းထိန်းမခန့်သင့်ဟု တိုင်းတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မှာ မှားပါသည်။ အမွေစုအနည်းအများပေါ် မူတည်၍ ပစ္စည်းထိန်းခန့်သင့်မသင့်ကို မဆုံးဖြတ်သင့်ပါဟု အယူခံတရားလို၏ အကျိုးဆောင်က တင်ပြသည်။ အမွေစုအနည်းအများပေါ် မူတည်၍ အဓိကထားပြီး အဆုံးအဖြတ်မပေးသင့်သော်လည်းအမွေဆိုင်အများစု၏သဘောထားကို ထည့်သွင်းဆုံးဖြတ်သင့်ပေသည်။

မာမွတ်ယာကွတ်မံဆာ နှင့် အယွတ်အစ္စမေးလ်အာတီးယားပါ ၁၆ .... ၆၉

ဟိန္ဒူဘာသာဝင် တမေလ်လူမျိုး အိမ်ထောင်ကြီးများ တရားဝင်လင်မယားဖြစ်ရန် လက်ထပ်ပွဲ ကျင်းပရန် လိုပလို။ ။ဆုံးဖြတ်ချက်။ ။ဟိန္ဒူ ဘာသာ တမေလ် လူမျိုးတို့တွင် အိမ်ထောင်ကြီးများ လက်ထပ်ကြလျှင် လက်ထပ်ပွဲ ကျင်းပရန် မလိုကြောင်း ဟိန္ဒူဥပဒေကပြဋ္ဌာန်းထားသည်။ မာရီမာ နှင့် ရာဂျာဂိုလ်ပါယ်တို့မှာ အိမ်ထောင်ကြီးများဖြစ်ကြသည်။ ၎င်းတို့သည် နှစ်ပေါင်းများစွာအကြင်လင်မယားအဖြစ် အတူနေပြီးပေါင်းသင်းလာခဲ့ကြောင်းမှာလည်း ထင်ရှားသည်။ ထို့ကြောင့် ၎င်းတို့သည် တရားဝင်အကြင်လင်မယားဖြစ်သည်။

ကစ္စနားဒ် (ခ) ကတ္တနား နှင့် ရာဂျာဂိုလ်ပါယ် ပါ ၂ .... ၅

စာမျက်နှာ

အကြောင်း အချင်းအရာ အချက်အလက်နှင့်ပတ်သက်ပြီး အောက်ရုံး (၂) ရုံးတို့၏ အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် အထူးအကြောင်းမရှိပါက ဝင်ရောက်စွက်ဖက်လေ့မရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင်သည် အချင်းဖြစ် အိမ်ခန်းများကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သဘောရိုးဖြင့် ပြန်လည်ရလိုခြင်း ဟုတ်မဟုတ်မှာ အကြောင်း အချင်းအရာ အချက်အလက်ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်ပြီးမူလတရားရုံးနှင့်ပထမအယူခံရုံးတို့၏ အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် အထူးအကြောင်းမရှိလျှင် ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ ဤအမှုတွင် အယူခံတရားပြိုင်သည် အချင်းဖြစ်အခန်းများကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက်ပြန်လည်ရလိုပါသည်ဟူသောအချက်နှင့် ပတ်သက်ပြီး မူလရုံးနှင့်ပထမအယူခံရုံးတို့က ထပ်တူထပ်မျှ အဆုံးအဖြတ်ပေးပြီးဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကိုဒုတိယအယူခံရုံးအနေနှင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိပေ။

ဦးအောင်ကွန့် နှင့် ဒေါ်တဆုပ် ၁၁၆

အကြောင်းခြင်းရာနှင့်ပတ်သက်ပြီး မူလရုံးနှင့်အယူခံရုံးတို့၏ ဆုံးဖြတ်ချက်မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံမှုကို ကြားနာသည့် တရားရုံးက ဝင်ရောက်စွက်ဖက်လေ့ မရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။ခွင့်ပြုချက်ဖြင့် နေရခြင်း ဟုတ်မဟုတ်မှာ အကြောင်းခြင်းရာနှင့်ပတ်သက်သည့် အချက်သက်သက် ဖြစ်သည်။ ထိုကြောင့် အကြောင်းခြင်းရာနှင့် ပတ်သက်ပြီး မူလရုံးနှင့်အယူခံရုံး၏ ဆုံးဖြတ်ချက်မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံမှုကို ကြားနာသည့် တရားရုံးက လွယ်လင့်တကူဝင်ရောက်စွက်ဖက်လေ့မရှိချေ။

နဒိန်းဆင် (ခ) ကရမ်ဆင်း နှင့် ဦးဘသော် ပါ ၂ .... ၄၂

အမှုနှင့်ပတ်သက်သည့် အကြောင်းချင်းရာများမှာ တွံတေးမြို့နယ်အတွင်း ဖြစ်သည်။ အမှု၏တန်ဖိုးမှာ တသောင်းကျော်ဖြစ်သည် စသုံးလုံးအဆောက်အဦတွင် ရုံးထိုင်သည့် ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့တွင် တင်ထားသည့်အမှုကိုဒင်းရုံးက တွံတေးမြို့ရုံးထိုင် ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့သို့ အမှုတင်ရန်တရားမကျင့်ထုံးဥပဒေအမိန့်ရ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ရန် ညွှန်ကြားပြီး အမှုပိတ်ခြင်းမှာဥပဒေအရ မှန်မမှန်။ ။ဆုံးဖြတ်ချက်။ ။တွံတေးမြို့နယ်သည်ရန်ကုန်တိုင်းအတွင်းရှိသည်။ ထို့ကြောင့်ဤအမှုနှင့်ပတ်သက်သည့် အကြောင်းချင်းရာများမှာ တွံတေးမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော်လည်း အမှု၏ တန်ဖိုးမှာ တသောင်းကျော်သဖြင့် စသုံးလုံး အဆောက်အဦတွင် ရုံးထိုင်သည့်ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့က စစ်ဆေးရန် အာဏာရှိသည်။ ထို့ကြောင့် တရားမကျင့်ထုံးဥပဒေ အမိန့်ရ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ရန် ညွှန်ကြားပြီး အမှုပိတ်လိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ စီရင်ပိုင်ခွင့် အာဏာ မရှိသောရုံးသို့ အဆိုလာ သွားတင်သည့်အခါမှသာလျှင် ယင်းရုံးက တရားမ ကျင့်ထုံးအမိန့်ရ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယခုအမှုမှာ ရန်ကုန်တိုင်းတရား

စာမျက်နှာ

စီရင်ရေး အဖွဲ့က စီရင်ပိုင်ခွင့် အာဏာရှိသော အမှုဖြစ်သဖြင့် ရန်ကုန်တိုင်း အတွင်း မည်သည့်ဒေသတွင် ရှိးထိုင်သည့် တိုင်းတရားစီရင်ရေးအဖွဲ့ကမဆို စီရင်ပိုင်ခွင့်အာဏာရှိသည်။

ဦးအောင်ကျော် နှင့် ဦးချာလ်တန် ပါ ၆ ... ... ၁၁၄

အခန့်ပုံပစ္စည်းများကို ရှုံးမှ စီမံအုပ်ချုပ် ခွဲဝေပေးရန် စွဲဆိုခြင်း လျှောက်ထားခံရသူသည် မွတ်စလင်ဘာသာဝင် အမျိုးသမီးတဦး ဖြစ်သလော သို့မဟုတ် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတဦး ဖြစ်သလော ဟူသောပြဿနာ။ ။ဆုံးဖြတ်ချက်။ ဤအမှုတွင် အဓိက ဆုံးဖြတ်ရန်အချက်မှာ လျှောက်ထား ခံရသူသည် မွတ်စလင်ဘာသာဝင် အမျိုးသမီးတဦး ဖြစ်သလော သို့မဟုတ် ဗုဒ္ဓဘာသာဝင် အမျိုးသမီးတဦးဖြစ်သလော ဟူသော အချက်ဖြစ်သည်။ လူတယောက်သည် မည်သည့်ဘာသာကို သက်ဝင်ယုံကြည်သည် ဆိုသည့် အချက်မှာ မိမိ၏စိတ်တွင်း၌ ဖြစ်ပေါ်သည့် အချက်ဖြစ်၍ လွယ်ကူစွာ ကောက်ယူ ဆုံးဖြတ်နိုင်မည် မဟုတ်ပေ။ လူတဦးတယောက်၏ စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်း မရှိသဖြင့် ထိုသူသည် မည်သည့်ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို ၎င်း၏ နောက်ကြောင်း ရာဇဝင် ကိုယ်အမူအရာ နှုတ်အမူအရာနှင့် မိတ်ဆွေသင်္ဂဟ အပေါင်းအသင်း စသည့် ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားပြီးမှသာ မည်သည့် ဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြောင်း အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။ လျှောက်ထား ခံရသူသည် ပထမ ခင်ပွန်းနှင့် မင်္ဂလာဆောင်ရန်အတွက် သက်သက်သာ မွတ်စလင် ဘာသာသို့ ကူးပြောင်းမည် ပြုပြီး မွတ်စလင်ဘာသာဝင် များကဲ့သို့ အစ်နေ့များတွင် ကျေးမွေးခြင်း နမတ်စ်ဘတ်ခြင်း အစရှိသည်တို့ကို ပြုသုပ်ခဲ့ငြားလည်း မူလက ကိုးကွယ်လာသည့် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်မှု စွန့်ပယ်ခြင်း မပြုသေးသည့်အတွက် မွတ်စလင်တဦး ဖြစ်သည်ဟု မဆိုနိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလိုက မွတ်စလင် တယောက်သည် အဓိက ယုံကြည်ချက်အဖြစ် ဘုရားတပါးတည်းရှိခြင်း နောက်ဆုံး တမန်တော်မှာ မဟာမက် သခင်ဖြစ်ခြင်းတို့မှလွဲ၍ အခြားယုံကြည်ချက် မရှိရပါဟု အတိအလင်း ထွက်ဆိုထားခြင်းကြောင့်ဖြစ်သည်။ လျှောက်ထား ခံရသူသည် ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသူ တဦးအနေဖြင့် ဗုဒ္ဓဘာသာထုံးစံအရ ဘုရားပန်းကပ်လှူခြင်း ဘုန်းကြီးဆွမ်းကပ်လှူခြင်း ရှင်ပြုပေးခြင်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဘုရားတပါးတည်းရှိခြင်းကို ယုံကြည်ရမည်ဟူသော မွတ်စလင်ဘာသာဝင်တိုင်း၏ အခြေခံ အချက်နှင့် ကိုက်ညီခြင်းလည်း လည်းမရှိပေ။

ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သီ ၇၉

အယူခံတရားပြိုင်များ၏ တုံကင်းနှစ်မြုပ် ခဲ့ရခြင်းမှာ မျှော်မှန်း၍ မရနိုင်သော မိုးလေဝသ အခြေအနေကြောင့်လော သို့မဟုတ် အယူခံတရားပြိုင်၏ တုံကင်းမှ အလုပ်သမားများ၏ ပေါ့လျော့မှု များကြောင့်လော ဟူသောပြဿနာ။ ။ဆုံးဖြတ်ချက်။ ။ရခိုင်ပြည်နယ် ကမ်းလွန်တွင် မိုးရာသီ၌ လေထန်သည်မှာဖြစ်ရိုးဖြစ်စဉ် ကိစ္စဖြစ်၍ သဘောမှောက် ရသည်မှာ မမျှော်မှန်းနိုင်သော ကိစ္စရပ်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ယခုအမှုတွင်မူ ရုတ်တရက်ကျရောက်လာသော မိုးသက်လေပြင်းမှာ ကြိုတင်၍ မျှော်မှန်းနိုင်သည် မဟုတ်၍ မြစ်တွင်းရှိရေယာဉ်

များအား တင်ကူးပြီး သတိမပေးနိုင် ကြောင်းကို သက်သေခံအမှတ် (က)အရ ပေါ်လွင်နေသည်။ မိုးသက်လေပြင်း ကျရောက်မည်ကို ကြိုတင် သတိပေးမှ သိနိုင်မည့်သဘော သက်ရောက်နေသည်။ မိုးသက်လေပြင်း ကျရောက်လာသော အခါတွင်လည်း အချင်းဖြစ် တုံကင်းမှ ပဲ့နင်းနှင့် အလုပ်သမားတို့သည် တတ်နိုင်သမျှအစွမ်းကုန် လုပ်ဆောင်ခဲ့ ကြသည်။ သဘာဝ၏ အန္တရာယ်ကိုကာကွယ်တားဆီးခြင်း မပြုနိုင်သည့် အတွက်ကြောင့်သာ ကျောက်ဖျာ ပေါ်သို့တုံကင်းကို တင်ခံခဲ့ရခြင်းဖြစ်ကြောင်းတွေ့ရှိရသည်။

ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ နှင့် { မောင်စိန်ဝင်း ပါ ၁၉ (ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ်-၁) ၁

အလုပ်သမား တဦး၏အသက် ၁၆ နှစ်ပြည့် မပြည့်ပြဿနာ မှတ်ပုံတင် လက်မှတ်ထုတ်ပေးရန် လျှောက်ထားသည့်အခါ ဖြည့်သွင်းရသည့် မှတ်ပုံတင်ပုံစံ ၁ နှင့် အိမ်ထောင်စု စာရင်းတွင် ပါရှိသည့် မွေးဖွားချက်များ ကွဲလွဲနေလျှင် မည်သည့်မွေးဖွားချက်ကို လက်ခံရမည်ကို ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အမျိုးသားမှတ်ပုံတင်ဌာနရှိ မှတ်ပုံတင်ပုံစံ ၁ ပါမွေးဖွားချက်နှင့် အိမ်ထောင်စုစာရင်းပါမွေးဖွားချက် ကွဲလွဲနေလျှင်၊ အမျိုးသားမှတ်ပုံတင်အမှတ်ပုံစံ ၁ တွင်ပါရှိသည့် အချက်အလက်တို့မှာမှန်ကန်သည်ဟုလက်ခံရပေမည်။

ဒေါ်စိန်အိ နှင့် ဦးတင်ကို ပါ ၂ .... ၁၈

အလုပ်သမား လျော်ကြေးဥပဒေ သဘော်သောင်တင်နေစဉ် အစိုးရပိုင် ဆားအိတ်များကို သဘော်သားက ခိုးထုတ်ခြင်းကြောင့် အခြား အလုပ်သမားနှင့် စကားများ ရိုက်နှက်ကြ၍ သေဆုံးခြင်း၊ သေဆုံးရခြင်းသည် အလုပ်ခွင်မှ ပေါ်ပေါက်သည့် ကိစ္စဟုတ်မဟုတ်၊ အလုပ်ရှင်တွင် တာဝန်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။အလုပ်ခွင်မှ ပေါ်ပေါက်သည်ဟူသော စကားရပ်မှာ အလုပ်နှင့်သက်ဆိုင်သည့် တာဝန်ဝတ္တရားများဖြင့် နှီးနွှယ်ချိန်ပြီး အဓိပ္ပါယ်ကောက်ယူရမည်ဖြစ်ပေသည်။ အလုပ်ခွင်အတွင်း ရရှိသည့် မည်သည့်ဒဏ်ရာကိုမဆို အလုပ်မှ ပေါ်ပေါက်လာသည်ဟူ၍ မယူဆနိုင်ချေ။ ယခုကိစ္စမှာ သေသူသည် အစိုးရပိုင်ပစ္စည်းကို ခိုးထုတ်ရာမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ ဤသို့ အစိုးရပစ္စည်း ခိုးထုတ်ခြင်းမှာ သေသူမောင်အောင်သန်း၏ ဆောင်ရွက်ရန် လုပ်ငန်းမဟုတ်ချေ။ အလုပ်နှင့်ပတ်သက်၍ ပေါ်ပေါက်လာသော ဆောင်ရွက်ချက် များနှင့် ပတ်သက်မှသာလျှင် အလုပ်ရှင်တွင်တာဝန်ရှိသည်။

ဦးတင်ကြွီး နှင့် မတင်စန်း ပါ ၂ .... ၂၅

အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၂၁ အလုပ်သမားတဦး ထိခိုက်ဒဏ်ရာရရှိသည့် ဒေသမှ အလုပ်သမား လျော်ကြေးစီစစ်ရေး ကော်မတီကသာ အလုပ်သမားနှင့် ပတ်သက်သည့် အမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိခြင်း ယင်းသို့ စစ်ဆေးစီရင်ပိုင်ခွင့် မရှိသော အလုပ်သမား လျော်ကြေး စီစစ်ရေး ကော်မတီ၏ အမိန့်သည် ဥပဒေအရတရားဝင်မဝင်။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၂၁ အရ အလုပ်သမား တဦးထိခိုက်ဒဏ်ရာရရှိသည့်ဒေသမှ အလုပ်သမားလျော်

စာမျက်နှာ

ကြေး စိစစ်ရေး ကော်မတီကသာ အလုပ်သမား လျော်ကြေးနှင့် ပတ်သက်သည့် အမှုကို စစ်ဆေး စီရင်ပိုင်ခွင့်ရှိသည် သို့ရာတွင် ပုဒ်မ ၂၁(၅)အရ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီက ဆောင်ရွက်ရန် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးက လွှဲပြောင်းပေးနိုင်သည်ဟု ပါရှိပါသည်။ ယခုအမှုတွင် ထိခိုက်ဒဏ်ရာ ရရှိသည့်နေရာမှာ မန္တလေးတိုင်း တပ်ကုန်း မြို့နယ်အတွင်း၌ ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်တိုင်း အတွင်းမှ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက ဤအမှုကို စစ်ဆေးဆုံးဖြတ်ခြင်းမှာ တရားမဝင်ပါ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး၏ စာမူကို လွှဲပြောင်းသည့်အမိန့်လည်း မရှိပါဟုတင်ပြသည်။ သက်ဆိုင်ရာ အမှုတွဲများကို စိစစ်လိုက်သည့်အခါ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး၏ လွှဲပြောင်းပေးထားသည့် အမိန့် မတွေ့ရှိချေ။ ထို့ကြောင့် ဥပဒေဝန်ထမ်းအဆင့်(၁) တင်ပြသည့်အတိုင်း ပုဒ်မ ၂၁ အရ ဤအမှုကို ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိပေ။ ယင်းကော်မတီက ချမှတ်သည့်အမိန့်သည် ဥပဒေနှင့် မကိုက်ညီသည့်အတွက် တရားမဝင်သော အမိန့် ဖြစ်သည်။

ဦးကံစိန် နှင့် မဝင်းကြည် ပါ ၂ .... — — ၇

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ (၁) လျော်ကြေး စိစစ်ရေးကော်မတီ၏ စီရင်ပိုင်ခွင့်အာဏာ ယင်းပုဒ်မ၏ ချင်းချက်အရ စီရင်ပိုင်ခွင့်ရှိသော ကော်မတီ လျော်ကြေးရထိုက်သူမှာ ရေလုပ်သားဖြစ်လျှင် ရေယာဉ်ပိုင်ရှင် နေထိုင်သည့် ဒေသအတွက် ကော်မတီက စီရင်ပိုင်ခွင့်ရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ (၁) အရ အလုပ်သမားတဦး ထိခိုက်ဒဏ်ရာ ရရှိသည့် ဒေသအတွက် ခန့်အပ်ထားသည့် အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီကသာ ယင်းကိစ္စနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်အာဏာရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သို့သော် ပုဒ်မ ၂၁ (၁) ချွင်းချက်အရ အလုပ်သမားတဦးမှာ ရေလုပ်သားဖြစ်လျှင် ရေယာဉ်ပိုင်ရှင်နေသည့် ဒေသအတွက်အာဏာရှိသည့် အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက အမှုကိုစီရင်ပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သေသူ မောင်ထွန်းရွှေမှာ ရေလုပ်သား တဦးဖြစ်ပြီး ဦးထွန်းရွှေသည် ခရမ်းမြို့တွင် နေသူတဦးဖြစ်သဖြင့် ဤအမှုကို ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက စီရင်ပိုင်ခွင့်အာဏာရှိသည်။

ဦးထွန်းရွှေ နှင့် ဒေါ်စောတင် ပါ ၂ .... ၃၉

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၂ (၁) သေဆုံးသူအလုပ်သမား၌သားသမီး ၇ ယောက်ကျန်ခဲ့ခြင်း၊ တဦးတည်းလျော်ကြေးရလိုကြောင်းလျှောက်ခွင့် ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။မောင်သိန်းသည် ဒေါ်တင်လှိုင်၏ သားသမီး(၇) ယောက်အနက် အကြီးဆုံးသောသားဖြစ်သည်။ ထို့ကြောင့် အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၂၂(၁) အရ ၎င်းသည် လျော်ကြေး လျှောက်လွှာ တင်ပိုင်ခွင့် ရှိသူတဦးဖြစ်သည်။

ဘဏ္ဍာဝန်ဒတ်ဘာဂလဲာ နှင့် { ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ ပါ ၂ .... ၆၅

စာမျက်နှာ

အလုပ်သမားသေဆုံး၍ လျော်ကြေးရရန်လျှောက်ထားမှု စီဘီဦးစီးကခန့်ထားသည့် အလုပ်သမားသည် စီဘီပိုင်ရှင်၏ အလုပ်သမား ဟုတ်မဟုတ် အလောင်းကို ရှာမတွေ့ရုံဖြင့်အသက်ရှင်လျက်ရှိသည်ဟု ဆိုနိုင်မဆိုနိုင် သက်သေခံဥပဒေပုဒ်မ ၁၀၈ သည် ဤအမှုမျိုးနှင့်သက်ဆိုင်ခြင်း ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။စီဘီတိုင်းတွင် စီဘီပိုင်ရှင်က အလုပ်သမားများ ခန့်ထားခြင်းမပြုပဲ စီဘီဦးစီးကသာ ခန့်ထားသည့် လုပ်ထုံးလုပ်နည်းကို စီဘီတိုင်းတွင် လိုက်နာကျင့်သုံးကြောင်း ဤအမှုတွင် သက်သေထွက်ချက်များ အထင်အရှားရှိသည်။ ဤလုပ်ထုံးလုပ်နည်းအရ စီဘီ ၂၃၁ တွင် ဦးစီးဖြစ်သူ ဘာရှားမြားက မောင်ကာလူးအား အလုပ်ခန့်ခဲ့သည်ဟု အတိအလင်းထွက်ဆိုထားသည်။ ဘားရှားမြားသည် အယူခံတရားလိုအတွက် နှစ်ပေါင်းများစွာအလုပ်လုပ်လာသူဖြစ်သဖြင့် အယူခံတရားလို၏ အကျိုးကိုဆန့်ကျင်ပြီး မတရားထွက်ဆိုရန်အကြောင်းမရှိဟုယူဆသည်။ ထို့ကြောင့်မောင်ကာလူးသည် အယူခံတရားလို၏ အလုပ်သမား ဖြစ်သည်ဟု ဆိုရပေမည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။မောင်ကာလူး၏ အလောင်းကို ရှာမတွေ့ရုံဖြင့် သူသည်အသက်ရှင်လျက်ရှိသည်ဟု မဆိုနိုင်ပေ။ သက်သေခံဥပဒေပုဒ်မ ၁၀၈ သည် ယခုကဲ့သို့သော အမှုမျိုးနှင့် မသက်ဆိုင်ချေ။ ယခုအမှုတွင် စီဘီ ၂၃၁ ကို စက်လှေကဝင်တိုက်သည့်အတွက်ယင်းစီဘီပေါ်မှမောင်ကာလူးရေထဲသို့လွင့်ကျသွားသည်ဟုသက်သေထွက်ချက်ရှိခြင်းဤကဲ့သို့မြစ်ထဲသို့ကျသွားပြီးရှာမတွေ့ခြင်းယခုအထိမောင်ကာလူးထံမှ တစုံတရာ သတင်းမရရှိခြင်းတို့ကို ဆင်ခြင်းစဉ်းစားရပေသည်။ ဤအကြောင်းများကြောင့် မောင်ကာလူးသည် ရေနစ်၍ သေဆုံးလေသည်ဟု ယူဆနိုင်သည်ဟု ဆိုရပေမည်။

ဦးလှထွန်း နှင့် { ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စီစစ်ရေးကော်မတီ ပါ ၂ .... ၇၉

အောက်ရုံးနှစ်ရုံးစလုံးက အကြောင်းချင်းရာနှင့်ပတ်သက်၍ တူညီတွေ့ရှိထားခြင်း၊ ဒုတိယ အယူခံရုံးက လုံလောက်သောအကြောင်းမရှိပါက ဝင်ရောက်မစွက်ဖက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အရောင်းအဝယ် ကတိစာချုပ်အရ ပေးခဲ့သည့်ငွေမှာ တန်ဖိုး၏ တစိတ်တဒေသငွေဖြစ်သည်ဟုမူလရုံးနှင့် ပထမအယူခံရုံးတို့ကဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်သည်။ ယင်းကဲ့သို့ မူလရုံးနှင့် ပထမအယူခံရုံးနှစ်ရုံးစလုံးက အကြောင်းချင်းရာနှင့်ပတ်သက်၍ တူညီတွေ့ရှိထားပြီးဖြစ်လျှင် ကျန်ဒုတိယအယူခံမှု၌ လုံလောက်သည့်အကြောင်းမရှိလျှင် ဝင်ရောက်ဖွက်ဖက်ခြင်းမပြုထိုက်ပေ။

ဦးသိန်းလှ ပါ ၂ နှင့် ဒေါ်ညွန့်ညွန့် ၁၀၁

အိမ်နှင့် နို့တစ်စာကို ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ အရ နို့တစ်စာတစောင် နှင့် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (က) အရ သီးခြား နို့တစ်စာတစောင် ပေါင်းနို့တစ်စာ ၂ စောင်ပေးပို့ခြင်းသည်ဥပဒေနှင့်ကိုက်ညီမညီ စံငှားခ သတ်မှတ်ပေးရန် အမှုတွင် အိမ်ရှင်အဖြစ် လက်ခံထားသူအား အိမ်နှင်မှုတွင် ပိုင်ရှင်မဟုတ်ပါဟုငြင်းဆိုပိုင်ခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ နှင့် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပြဋ္ဌာန်းထားသည့် အချက်အလက်များကို တရားမစွဲဆိုခင် နို့

တစ်စာတခုတည်းတွင် ဖေါင်းစပ်၍ ပေးပို့ရမည်ဟု မည်သည့်ဥပဒေကမျှ ပြဋ္ဌာန်းထားခြင်းမရှိ။ ဥပဒေအရ မပျက်ပြယ်။ ။ထပ်မံ ဆုံးဖြတ်ချက်။ ။စံငှားခ သတ်မှတ်ပေးရန် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးအတွက် နယ်ပိုင်တရားမ တရားသူကြီးရုံးနှင့် ယခင်တရားရုံးချုပ်သို့ တင်သွင်းသော စာချွန်အမှုတို့တွင် အယူခံတရားပြိုင်ကိုလျှောက်ထားခံရသူအဖြစ် ထည့်သွင်းခဲ့ခြင်းမှာ မိမိ၏အိမ်ရှင်ဖြစ်ခြင်းကြောင့် ထည့်သွင်းခြင်းဖြစ်သည်။

ဦးဟူစိန် နှင့် ဒေါ်လှမေ ၁၀၃

၁၉၄၇ ခုနှစ်၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေ ၁၉၅၂ ခုနှစ်တွင် ပြင်ဆင်ချက်ဥပဒေပြဋ္ဌာန်းခြင်း—ယင်းပြင်ဆင်ချက် ဥပဒေမပြဋ္ဌာန်းမီက နိုင်ငံခြားသား တဦးသည်မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကိုဝယ်ယူခဲ့သော် ထိုသို့ ဝယ်ယူသည့်စာချုပ်မှာ ပျက်ပြယ်ခြင်း၊ အရောင်းအဝယ်လည်းပျက်ပြယ်ခြင်း။ ဆုံးဖြတ်ချက်။ ။၁၉၄၇ ခုနှစ်၊မရွှေ့ပြောင်းနိုင်သည့်ပစ္စည်း လွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေပုဒ်မ ၃ ကို ၁၉၅၂ ခုနှစ် မရွှေ့ပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကိုပြင်ဆင်သည့် ဥပဒေအရ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့က ပြင်ဆင်ခဲ့သည်။ ဤကဲ့သို့မပြင်ဆင်မီက ယင်းဥပဒေ၏ ပုဒ်မ ၃ အရ နိုင်ငံခြားသားတဦးအနေနှင့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဝယ်ယူခြင်းကို ပိတ်ပင်ထားသည့်အပြင် နိုင်ငံခြားသား တဦးအနေနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူခဲ့သော် ထိုကဲ့သို့ဝယ်ယူသည့် စာချုပ်မှာ ပျက်ပြယ်သည်ဟုပြဋ္ဌာန်းထားသည်။ အယူခံတရားလိုအား အယူခံတရားပြိုင် အမှတ် (၁) က စာချုပ်ဖြင့် အချင်းဖြစ်မြေကို ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ကရောင်းခဲ့သည်။ အထက်တွင် ဖေါ်ပြထားသည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကို မပြင်ဆင်မီက အရောင်းအဝယ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စာချုပ်မှာ ပျက်ပြယ်သည်။ ထို့အပြင် အယူခံတရားပြိုင်အမှတ် (၁) ကိုယ်တိုင်ကပင် အခင်းဖြစ်မြေအပါအဝင် ဦးပိုင်အမှတ် (၁၃) တခုလုံးကို မူလပိုင်ရှင်ဖြစ်သူ မဟာန်ပန်ဒီးဆိုသူထံမှ ၁၉၅၂ ခုနှစ် ဧပြီလ (၃၀) ရက်နေ့ကဝယ်ယူခဲ့သည်။ထိုစဉ်အခါက အယူခံတရားပြိုင်အမှတ်(၁) မှာလည်း နိုင်ငံခြားသားဖြစ်သည်။ ထို့ကြောင့် ထိုအရောင်းအဝယ်မှာလည်း ပျက်ပြယ်သည့်အတွက် အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် အခင်းဖြစ်မြေကို မည်သည့်အခါကမှမပိုင်ခဲ့ချေ။ သို့ဖြစ်၍ အခင်းဖြစ်မြေကို ပိုင်ဆိုင်ခွင့် မရှိခဲ့သူ အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် ယင်းမြေကိုအယူခံတရားလိုအားရောင်းပိုင်ခွင့်မရှိ။

ရားမ်ဂျနမ်း (ဇင်း၏ကိုယ်စားလှယ် ရားမ်ဘာလက်) နှင့် ဦးအောင်မြင့် ပါ ၂။ ၈၄

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (စ) အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန် ကိစ္စအတွက်သက်သက် ရယူလိုခြင်းဖြစ်ကြောင်း အထောက်အထားပြရန်လိုအပ်ခြင်း၊ ယင်းအချက်မှာ အကြောင်းချင်းရာ အချက်အလက်များနှင့် ဥပဒေအချက်တို့ ရောယှက်နေခြင်း ရှိ မရှိ အယူခံတရားလိုက မိမိ၏အိမ်ကိုဇရောင်းမည်ဟု ပြောမိခဲ့သော

စာမျက်နှာ

အချက်ပေါ်မူတည်၍ ဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းချွတ်ချော်နေခြင်း။ ဆုံးဖြတ်ချက်။ ။၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂ (၁) (စ) အရ စွဲဆိုသည့်အမှုတွင် အဓိကသုံးသပ်ရန်အချက်မှာ အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလိုခြင်းဟုတ်မဟုတ် ဟူသောအချက်ဖြစ်သည်။ယင်းအချက်မှာ အကြောင်းချင်းရာသက်သက်မဟုတ်ပေ။ အကြောင်းအချင်းအရာ အချက်အလက်များနှင့်ဥပဒေအချက်တို့ရောယှက်နေပေသည်။ ဥပဒေက အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုသည်ဟုအိမ်ရှင်ကအထောက်အထားရှိလျှင် မိမိ၏ အိမ်ကိုပြန်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ အယူခံတရားလိုတွင် အခြားနေစရာအိမ်ရှိသည်ဟု အယူခံတရားပြိုင်က လက်ခံနိုင်လောက်သည့် အထောက်အထားမတင်ပြနိုင်ချေ။ ထို့ကြောင့် အယူခံတရားလိုကအကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက် အခင်းဖြစ်အိမ်ကို ပြန်လည်ရယူလိုသည်ဟုတင်ပြချက်ကိုလက်ခံသည်။ ထို့ကြောင့်ဤအမှုတွင် အယူခံတရားလိုသည် မိမိ၏အိမ်ကိုရောင်းမည်ဟုပြောမိခဲ့သော အချက်ပေါ်မူတည်၍ရင်းသည် သဘောရိုးဖြင့် ကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရယူလိုခြင်းမှာ မမှန်ဟု မူလရုံးနှင့် ပထမအယူခံရုံးတို့၏ဆုံးဖြတ်ချက်မှာ ဥပဒေအရ မှားယွင်းချွတ်ချော်နေသည်ဟု ဆိုရပေမည်။

ဦးထွန်းစိန် (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားလှယ် ဇနီး ဒေါ်အုံးစိန် } နှင့် ဦးအောင်ပွင့် ၃၅

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) (င) အရ စွဲဆိုခြင်း၊ အဆောက်အဦပြင်ဆင်ရန်အတွက် အကြောင်းအားလျော်စွာ အလိုရှိကြောင်း ပေါ်ပြရန်လိုပလို။ ။**ဆုံးဖြတ်ချက်**။ ။၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (င) ၏ လိုအပ်ချက်မှာ အိမ်ရှင်သည် အဆောက်အဦပြင်ဆင်ရန်အတွက် သဘောရိုးသာမက အကြောင်းအားလျော်စွာလည်း (resonably required) လိုအပ်ရမည် ဖြစ်သည်။ ဤအမှုတွင် အယူခံတရားပြိုင်တို့သည် ၎င်းတို့၏ အဆိုလွှာ၌ဖြစ်စေ၊ ရှေ့နေမှပေးပို့သောနို့တစ်စာတွင်ဖြစ်စေ လျှောက်ထားခံရသူ၏ အစစ်ခံချက်တွင်ဖြစ်စေ မည်သို့မျှအကြောင်းအားလျော်စွာ အလိုရှိသည်ဟု လုံးဝဖော်ပြထားခြင်းမရှိပေ။

ဒေါ်သိန်းမေ ပါ ၃ နှင့် ဒေါ်ဝှာဘီ ပါ ၂ .... ၉၇

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၄ (၁) (ဂ) အရစွဲဆိုခြင်း၊ ဥပစာ၏စတုရန်းပေကို လူဦးရေနှင့်စားပြီး တဦးလျှင် စတုရန်းပေမည်၍မည်မျှရရှိမှုပေါ်မူတည်၍အဆုံးအဖြတ်မပေးသင့်ခြင်း၊ ဥပစာကို အကြောင်းအားလျော်စွာ သဘောရိုးဖြင့် လိုအပ်ျှရှိရန်လိုအပ်ခြင်း။ ။**ဆုံးဖြတ်ချက်**။ တိုင်းတရားရုံးက ဥပစာ၏စုစုပေါင်း စတုရန်းပေ အကျယ်အဝန်းနှင့် လူဦးရေ ၁၂ ဦး တွက်ပြီးတဦး ပေ ၆၀ စတုရန်းခန့်ရရှိမည်ဖြစ်သဖြင့် ကျဉ်းမြောင်းသည်ဟုမဆိုနိုင်

သောကြောင့် အချင်းဖြစ်ဥပစာကို ဖယ်ရှားပေးရန်မလိုဟု ဆုံးဖြတ်လိုက်သည်။ ဥပစာ၏စဘုရန်းပေကို လူဦးရေနှင့်စားပြီး တဦးလျှင် စတုရန်းပေမည်၍မည်မျှ ရရှိနှုပေါ် မူတည်၍ အဆုံးအဖြတ်မပေးသင့်ပေ။ ဤအမှုမှာ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၄(၁) (ဂ) အရစွဲဆိုသည့်အမှုဖြစ်သည်။ ထို့ကြောင့် တရားလိုသည် အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် လိုအပ် သည်ဟုယူဆလျှင် ခွင့်ပြုရပေမည်။

ဒေါ် သီလှ နှင့် မခင်အုံးကြည် ၉၅

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးခိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် ၁) † ၁၉၇၅ မတ်လ ၅ ရက်။

နှင့်

မောင်စိန်ဝင်း ပါ ၁၉ *

အယူခံတရားပြိုင်များ၏ တိုကင်းနစ်မြုပ်ခဲ့ရခြင်းမှာ မျှော်မှန်း၍မရနိုင်သော မိုးလေဝသ အခြေအနေကြောင့်လော သို့မဟုတ် အယူခံတရားပြိုင်၏ တိုကင်းမှ အလုပ်သမားများ၏ ပေါ့လျော့မှုများကြောင့်လောဟူသော ပြဿနာ။

ဆုံးဖြတ်ချက်။ ။ရခိုင်ပြည်နယ်၊ ကမ်းလွန်တွင် မိုးရာသီ၌ လေထန်သည်မှာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စဖြစ်၍ သဘော်မှောက်ရသည်မှာ မမျှော်မှန်းနိုင်သော ကိစ္စရပ်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ယခုအမှုတွင်မူ ရုတ်တရက်ကျရောက်လာသော မိုးသက်လေပြင်းမှာကြိုတင်၍ မျှော်မှန်းနိုင်သည် မဟုတ်၍ မြစ်တွင်းရှိ ရေယာဉ်များအား တင်ကူးပြီးသတိမပေးနိုင်ကြောင်းကို သက်သေခံအမှတ် (က) အရ ပေါ်လွင်နေသည်။ မိုးသက်လေပြင်းကျရောက်မည်ကို ကြိုတင်သတိပေးမှုသိနိုင်မည့် သဘောသက်ရောက်နေသည်။ မိုးသက်လေပြင်းကျရောက်လာသောအခါတွင်လည်း အချင်းဖြစ် တိုကင်းမှ ပဲ့နင်းနှင့် အလုပ်သမားတို့သည် တတ်နိုင်သမျှ အစွမ်းကုန် လုပ်ဆောင်ခဲ့ကြသည်။ သဘာဝ၏ အန္တရာယ်ကို ကာကွယ်တားဆီးခြင်းမပြုနိုင်သည့်အတွက်ကြောင့်သာ ကျောက်ဖျာပေါ်သို့ တိုကင်း တင်ခံခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာ အက်စ်၊ ကော်ဂိုစ်။

အယူခံတရားခံများအတွက်။ ။အကျိုးဆောင် ဦးဘိုးသာ။

အယူခံ တရားပြိုင်များက မိမိပိုင် တိုကင်းများဖြင့် အယူခံတရားလိုများပိုင် ဆန်ထွက်ပစ္စည်းနှင့် စပါးသယ်ဆောင် ပေးခဲ့ရသည့်အတွက် သယ်ဆောင်ခငွေ ၃၆,၉၄၆/ ၈၇ ပြား ရရန် ရှိနေသဖြင့် တောင်းဆိုခဲ့သည်။ အယူခံတရားလိုများက ၎င်းတို့ပိုင် ဆန်အိတ် ၁၄၀၀ သည် အယူခံ တရားပြိုင်များပိုင် တိုကင်းနှင့် သယ်ဆောင် လာရာ

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၆၃။

† ၁၉၇၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ တွင်၊ မော်လမြိုင်မြို့၊ ခရိုင်တရားမတရားသူကြီး ရုံး၏ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

† ၁၉၇၅ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် ၁) နှင့် မောင်စိန်ဝင်း ပါ ၁၉။

ထိုတုံကင်း နစ်မြုပ်သွားသည့်အတွက် ငွေပေါင်း ၃၇,၀၀၀ိ ကျော် ဆုံးရှုံးခဲ့သည်။ ထို့ကြောင့် အယူခံ တရားပြိုင်များအား ပေးရန်ရှိသည့်ငွေကို ထိုငွေ ၃၇,၀၀၀ိ ကျော်နှင့် ခုနှိမ်လိုက်သည်ဟု ပြောသည့်အတွက် အယူခံတရားပြိုင်များက သယ်ဆောင်ခငွေ ၃၆,၉၄၆°/၇၇ ပြားရလိုကြောင်း ယခင်မော်လမြိုင်မြို့ ခရိုင်တရားမ တရားရုံးတွင် အယူခံတရားလို အဖွဲ့ပေါ်၌ တရားစွဲဆိုခဲ့သည်။

အယူခံ တရားလိုများက အယူခံ တရားပြိုင်များ အနေနှင့် ငွေ ၃၆,၉၄၆° /၇၇ ပြားရရန်ရှိကြောင်း ဝန်ခံသည်။ သို့သော် တုံကင်း နစ်မြုပ်သွားသောကြောင့် အယူခံတရားလိုပိုင်ဆန်အိတ် ၄၀၀ ပျက်စီး ဆုံးရှုံးရခြင်းမှာ အဆိုပါတုံကင်း အလုပ်သမားများ၏ ပေါ့လျော့မှုကြောင့် ဖြစ်သည့်အတွက် ပျက်စီး ဆုံးရှုံးခဲ့သော ဆန်၊ ဂုန်နီအိတ်၊ ဂုန်နီကြိုး စုစုပေါင်း ကျသင့်ငွေတန်ဘိုး ၃၇,၉၇၇/၁၀ ပြားကို ပေးလျော်ရန်အတွက် အယူခံတရားပြိုင်များ အပေါ်တွင် တာဝန်ရှိသည်ဆိုပြီး ယင်းငွေရရန် အပြန်အလှန် ချေလွှာအရ တောင်းဆိုခဲ့သည်။

အယူခံ တရားပြိုင်တို့က တုံကင်းနစ်မြုပ် ခဲ့ခြင်းမှာ မျှော်မှန်း၍ မရနိုင်သော မိုးလေဝသ အခြေအနေကြောင့်သာဖြစ်သည်။ မိမိတို့၏ တုံကင်း အလုပ်သမားများ၏ ပေါ့လျော့မှုကြောင့် မဟုတ်ပါဟု ပြန်လှန်ထုချေခဲ့သည်။

နှစ်ဖက် သက်သေများ စစ်ဆေးပြီး မော်လမြိုင်ခရိုင် တရားမ တရားသူကြီးက အယူခံ တရားလိုတို့ အပြန်အလှန်တောင်းဆိုချက်ကို ပလပ်ပြီး အယူခံတရားပြိုင်စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ဒီကရီချမှတ် ပေးခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှု စွဲဆိုခြင်းဖြစ်သည်။

ဤအယူခံမှုတွင် အဓိက ဆုံးဖြတ်ပေးရန် အချက်မှာ အယူခံတရားပြိုင်များ တုံကင်း နစ်မြုပ်ခဲ့ရခြင်းမှာ **မျှော်မှန်း၍ မရနိုင်သော မိုးလေဝသ အခြေအနေကြောင့်လော၊ သို့မဟုတ် တရားပြိုင်၏တုံကင်းမှ အလုပ်သမားများ၏ ပေါ့လျော့မှုများကြောင့်လော** ဟူသော အချက်ဖြစ်သည်။

တုံကင်းနစ်ခဲ့ပုံ အကြောင်းကို မူလရုံး၏ စီရင်ချက်တွင် တိကျစွာ အသေးစိတ် ဖော်ပြထားပြီး ဖြစ်သည့်အတွက် ကျွန်ုပ်တို့အနေဖြင့် ဤစီရင်ချက်တွင် ထပ်မံရေးသားရန် လိုမည်မဟုတ်ပေ။

တုံကင်း နစ်မြုပ်ခဲ့သည့်နေ့မှာ ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ဖြစ်သည်။

ထိုအချိန် အခါက မော်လမြိုင်ဆိပ်ကမ်း ရေဝန်အဖြစ် အမှုထမ်းဆောင် နေသူမှာ မစ္စတာပရိုက်စ်ဆိုသူဖြစ်သည်။ ၎င်းသည် ၁၉၅၆ ခုနှစ်တွင် နိုင်ငံခြားသို့ပြန်သွားခဲ့သည်။

၁၉၇၅ — ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ (ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် ၁) နှင့် မောင်စိန်ဝင်း ပါ ၁၉ ။

မစ္စတာ ပရိုက်စ်သည် နိုင်ငံခြားသို့ မသွားမီ တုံကင်းနစ်မြုပ်ခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေး တွေ့ရှိချက်စာ နှစ်စောင် ရေးခဲ့သည်။ ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့က ရေးသည့် သက်သေခံအမှတ် (ဂ)စာနှင့် ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့ကရေးသည့် သက်သေခံအမှတ် (က)တို့ဖြစ်သည်။ ယင်းသက်သေခံ စာတန်းနှစ်ခုတို့မှာ ဤအမှုတွင် အရေးကြီးသော သက်သေခံ စာတန်းများဖြစ်သည်။

သက်သေခံအမှတ် (ဂ)တွင် အောက်ပါအတိုင်း ပါရှိသည်—

"There seems to have been carelessness on the part of the tindal"

သက်သေခံအမှတ် (က)တွင် အောက်ပါအတိုင်း ပါရှိသည်—

"I consider this incident to have been an unfortunate accident and that little or no blame can be attached to the tindal"

အယူခံတရားလိုအဖွဲ့ အနေနှင့် အထက်ဖော်ပြပါ သက်သေခံအမှတ် (ဂ)နှင့် (က)စာ နှစ်စောင်စလုံးကို ရခဲ့သော်လည်း တစောင်နှင့် တစောင်မှာ တုံကင်းနစ်မြုပ်သည့်ကိစ္စနှင့် ပတ်သက်ပြီး ဆန့်ကျင်နေမှန်း သိသော်လည်း ဤစာနှစ်စောင်တွင် ရှေ့နောက်မညီ ဖြစ်နေခြင်းကို မစ္စတာ ပရိုက်စ်အားပြန်၍ ရှင်းစေခြင်း ပြုလုပ်ခဲ့ကြောင်း ဤအမှုတွင် မတွေ့ရှိရချေ။

မစ္စတာပရိုက်စ်၏ နေရာတွင် ရေဝန်အဖြစ်ဖြင့် အလုပ်ဆက်ခံသူမှာ ဦးသာထူး ဖြစ်သည်။ ဦးသာထူးကို အယူခံတရားလိုများက သက်သေအဖြစ်ဖြင့် ထူခဲ့သည်။ ဦးသာထူးကအထက်ဖေါ်ပြပါ စာနှစ်စောင်နှင့် ပတ်သက်ပြီး ပထမစာသည် အချင်းဖြစ်ပြီးနောက် လတ်တလောအားဖြင့် ရေးခဲ့သောစာဖြစ်ပြီး ဒုတိယစာမှာ မစ္စတာ ပရိုက်ကအခြေအနေကို အသေးစိတ် စုံစမ်းပြီးမှ ၎င်း၏အတွေ့အကြုံ ဗဟုသုတအားဖြင့် ရေးသားခဲ့ခြင်း ဖြစ်မည်ဟု အစစ်ခံပြီး ရှင်းလင်းပြထားကြောင်း တွေ့ရသည်။ ဦးသာထူး၏ ရှင်းလင်းချက်အရ ဒုတိယစာဖြစ်သည့် သက်သေခံအမှတ် (က) ကိုအတည်ပြုပြီး အလေးပေး၍ မူလရုံးတရားသူကြီးက စဉ်းစားဆုံးဖြတ်ခဲ့သည်။ ဦးသာထူး၏ထွက်ဆိုချက်မှာ ယုတ္တိရှိပြီး သဘာဝကျသည်ဟု ကျွန်ုပ်တို့ယူဆသည့်အတွက် မူလတရားသူကြီး၏ သုံးသပ်ချက်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။

ထို့အပြင် အခင်းဖြစ်သည့်အခါက တုံကင်းသမားများသည် တုံကင်းမမြုပ်ရန်နှင့် ပစ္စည်းမဆုံးရှုံးရန် တတ်နိုင်သရွေ့ အစွမ်းကုန် အားထုတ်ဆောင်ရွက်ခဲ့ ကြောင်းကို သက်သေထွက်ချက်များအရ ပေါ်လွင်နေသည်ဟု ဆိုရပေမည်။ မိုးလေဝသအခြေ

၁၉၇၅

ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ (ကုန်သွယ်ရေး ကော်ပိုရေး ရှင်း အမှတ် ၁) နှင့် မောင်စိန်ဝင်း ပါ ၁၉ ။

အနေကြောင့် ရေစီးပြင်းထန်လာသဖြင့် တုံကင်းကျောက်ဖျာပေါ် တင်သွားသည်။ ထိုအချိန်၌ပဲ့နင်းက တုံကင်းပိုင်ရှင်အဖွဲ့သို့ ချက်ချင်းအကြောင်းကြားခဲ့သည်။ ပိုင်ရှင်များအနေနှင့် ရေဝန်ရုံးမှ ဆွဲသင်္ဘောတစင်းဖြင့် အချင်းဖြစ်နေရာသို့ ချက်ချင်း လိုပင်ရောက်ရှိလာသည်။ နစ်မြုပ်သည့် တုံကင်းမှ ဆန်အိတ်များကို ရွှေပြောင်း သယ်ယူရန်အတွက်လည်း၊ တခြားတုံကင်းတစင်းကို ဆွဲသင်္ဘောနှင့် တွဲသွားသည်။ သို့ရာတွင်မိုးရွာပြီး လေထန်လှိုင်းကြီးနေသဖြင့် အချင်းဖြစ် တုံကင်း သို့မကပ်နိုင် ခဲ့ချေ။

အယူခံတရားလို၏ အကျိုးဆောင်ကြီးက နိုင်ငံတော် **ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့နှင့် အောင်ထရေဒင်ကုမ္ပဏီ** (၁) အမှုကို ကိုးကားလျက် မိုးလေဝသ ကျရောက်ခြင်းမှာ မမျှော်လင့်နိုင်သော အရာမဟုတ်ကြောင်း လျှောက်လဲသွားသည်။ ယင်းအမှုဖြစ်ပေါ်လာရသည့် အကြောင်းအချင်းအရာ အချက်အလက်များနှင့် သက်သေအထောက်အထားမှာ ဤအမှုမှ အကြောင်းအချင်းအရာ အချက်အလက် များမတူချေ။ ယင်းအမှုတွင် လေပြင်းထန်သည့်အတွက် သင်္ဘော မှောက် သွားရသည့် အကြောင်းကို သင်္ဘောဦးစီး တယောက်တည်းကသာ ထွက်ဆိုသွား ခဲ့သည်။ ရခိုင်ပြည်နယ် ကမ်းလွန်တွင် မိုးရာသီ၌ လေထန်သည်မှာ ဖြစ်ရိုးဖြစ်စဉ် ကိစ္စဖြစ်၍ သင်္ဘောမှောက်ရသည်မှာ မမျှော်မှန်းနိုင်သော ကိစ္စရပ်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ယခုအမှုတွင်မူ ရုတ်တရက် ကျရောက်လာသော မိုးသက်လေပြင်း မှာကြိုတင်၍ မျှော်မှန်းနိုင်မည်မဟုတ်၍ မြစ်တွင်းရှိ ရေယာဉ်များအား တင်ကူးပြီး သတိမပေးနိုင်ကြောင်းကို သက်သေခံအမှတ် (က) အရ ပေါ်လွင်နေသည်။ မိုး သက်လေပြင်းကျရောက်မည်ကို ကြိုတင်သတိပေးမှ သိရှိနိုင်မည့် သဘော သက် ရောက်နေသည်။ မိုးသက်လေပြင်း ကျရောက်လာသော အခါတွင်လည်း အချင်း ဖြစ်တုံကင်းမှ ပဲ့နင်းနှင့် အလုပ်သမားတို့သည် တတ်နိုင်သမျှ အစွမ်းကုန် လုပ် ဆောင်ခဲ့ကြသည်။ သဘာဝ၏ အန္တရာယ်ကို ကာကွယ်တားဆီးခြင်း မပြုနိုင်သည့် အတွက်ကြောင့် သာ ကျောက်ဖျာပေါ်သို့ တုံကင်းတင် ခံခဲ့ရခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် ဤအယူခံကို စရိတ်နှင့် တကွပလပ် လိုက်သည်။

---

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးစာမျက်နှာ ၂၆၂ ။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်၊ ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကစ္စနား (ခ) ကတ္တနား

နှင့်

ရာဂျာဂိုလ်ပါယ် ပါ ၂* — † ၁၉၇၅ နိုဝင်ဘာလ ၁၂ ရက်။

ဟိန္ဒူဘာသာဝင်တခမလ်လူမျိုး အိမ်ထောင်ကြီးများ တရားဝင်လင်မယားဖြစ်ရန် လက်ထပ်ပွဲကျင်းပရန်လိုမလို။

ဆုံးဖြတ်ချက်။ ။ဟိန္ဒူဘာသာ တခမလ်လူမျိုးတို့တွင် အိမ်ထောင်ကြီးများလက်ထပ်ကြလျှင် လက်ထပ်ပွဲကျင်းပရန်မလိုကြောင်း ဟိန္ဒူဥပဒေက ပြဋ္ဌာန်းထားသည်။ မာရီမားနှင့် ရာဂျာဂိုလ်ပါယ်တို့မှာ အိမ်ထောင်ကြီးများဖြစ်ကြသည်။ ၎င်းတို့သည် နှစ်ပေါင်းများစွာ အကြင်လင်မယားအဖြစ် အတူနေပြီး ပေါင်းသင်းလာခဲ့ကြောင်းမှာလည်း ထင်ရှားသည်။ ထို့ကြောင့် ၎င်းတို့သည်တရားဝင် အကြင်လင်မယားဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးဗင်ဆင်ဆော်လမွန်။

အယူခံတရားခံများအတွက်။ ။မလာ။

အယူခံတရားလို ကစ္စနားက ယခင်ပေါင်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၄/၇၂ တွင် အယူခံတရားပြိုင်များဖြစ်သည့် ရာဂျာဂိုလ်ပါယ်နှင့် ကာလီမူတူးတို့အပေါ် ကွယ်လွန်သူ မွေးစားမိခင် မာရီမားကျန်ရစ်သော အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲပေးရန် အမွေမှုစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက အမှုကို ပလပ်လိုက်သည်။ မွန်ပြည်နယ် တရားရုံးသို့ အယူခံတရားလိုက အယူခံဝင်သော်လည်း မအောင်မြင်သဖြင့် ဤဒုတိယအယူခံ တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုကစ္စနားက သူသည် ကွယ်လွန်သူ မာရီမားဆိုသူ၏ မွေးစားသားဖြစ်သည်ဟုအဆိုရှိသည်။ အယူခံတရားပြိုင် အမှတ် (၁) ရာဂျာဂိုလ်ပါယ်မှာ မာရီမားနှင့် နှစ်ပေါင်းများစွာ ပေါင်းသင်းနေထိုင်လာခဲ့သူ ဖြစ်သည်။ အယူခံတရားပြိုင် အမှတ် (၂) ကာလီမူတူးမှာ အယူခံတရားလို ကစ္စနား၏ ဖခင်အရင်းဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၆။

† ၁၉၇၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ တွင် သထုံမြို့နယ်၊ တိုင်းပြည်သူ့တရားရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅ ကဇ္ဇနား (ခ) ကတ္တနား နှင့် ရာဂျာဂိုလ်ပါယ် ပါ ၂။

ဒုတိယအယူခံမှုတွင် စဉ်းစားရန် အဓိကအချက် နှစ်ချက်သာရှိသည်။ ပထမအချက်မှာအယူခံတရားလို ကဇ္ဇနားမှာ ကွယ်လွန်သူ မာရီမား၏ မွေးစားသားဟုတ် မဟုတ်နှင့်ဒုတိယအချက်မှာ အယူခံတရားပြိုင်အမှတ် (၂) သည် မာရီမား၏တရားဝင်လင်ယောကျ်ား ဟုတ် မဟုတ်ဟူသော အချက်များဖြစ်သည်။

အယူခံတရားလိုက ၎င်းအသက် (၆) နှစ်ခန့်အရွယ်တွင် မာရီမားက မွေးစားခဲ့ကြောင်း မာရီမားက ၎င်းအား မွေးစားရန် ၎င်း၏အဖေနှင့် အမေကိုပြောသောအခါအဖေနှင့်အမေက သဘောတူပြီး မွေးစားရန် ပေးကြောင်းထွက်ဆိုခဲ့သည်။ ကစ္စနား၏အဖေနှင့် အမေမှာ ယခုတိုင် အသက်ရှင်လျက် ရှိကြောင်း ကစ္စနားကဝန်ခံထားသည်။ ဤကဲ့သို့အဖေနှင့် အမေဘို့ ရှိသေးသော်လည်း အဘယ်ကြောင့် ၎င်းတို့အားမွေးစားသည့် ကိစ္စနှင့်ပတ်သက်၍ သက်သေမတင်ပြသည်ကို မပြောပြခဲ့ချေ။ ထို့ကြောင့် မွေးစားသည့် ကိစ္စနှင့်ပတ်သက်ပြီး ၎င်း၏အဖေနှင့်အမေကိုသက်သေပြနိုင်လျက်နှင့်မပြခဲ့ခြင်းကြောင့် ကစ္စနားကသူ့အား မာရီမားကမွေးစားသည်ဟုအဆိုပြုချက်ကိုလက်မခံနိုင်ချေ။

အယူခံတရားပြိုင် အမှတ် (၁) ရာဂျာဂိုလ်ပါယ်သည် မာရီမားနှင့် နှစ်ပေါင်းများစွာအကြင်လင်မယားအဖြစ် အတူပေါင်းသင်း နေခဲ့ကြောင်းမှာ အငြင်းမထွက်ချေ။ ဤကဲ့သို့အတူပေါင်းသင်းနေထိုင်ခဲ့ကြသော်လည်း မာရီမားနှင့် ရာဂျာဂိုလ်ပါယ်တို့သည်ဟိန္ဒူဘာသာ မလေ့ထုံးတမ်းအရ လက်ထပ်ပွဲ ကျင်းပခဲ့ခြင်း မရှိခဲ့သဖြင့် တရားဝင်အကြင်လင်မယား မဟုတ်ပါဟု အယူခံဘရားလို၏ အကျိုးဆောင်ကြီးက တင်ပြသည်။ ဟိန္ဒူဘာသာ တမေလ်လူမျိုးတို့တွင် အိမ်ထောင်ကြီးများ လက်ထပ်ကြလျှင် လက်ထပ်ပွဲ ကျင်းပရန် မလိုကြောင်း ဟိန္ဒူဥပဒေက ပြဋ္ဌာန်းထားသည်။ မာရီမားနှင့် ရာဂျာဂိုလ်ပါယ်တို့မှာ အိမ်ထောင်ကြီးများ ဖြစ်ကြသည်။ ၎င်း ၂ို့သည် နှစ်ပေါင်းများစွာ အကြင်လင်မယားအဖြစ် အတူနေပြီး ပေါင်းသင်းလာခဲ့ကြောင်းမှာလည်း ထင်ရှားသည်။ ထို့ကြောင့် ၎င်းတို့သည် တရားဝင် အကြင်လင်မယားဖြစ်သည်ဟုဆိုရပေမည်။

အယူခံတရားလိုကစ္စနားသည် မာရီမား၏ မွေးစားသား မဟုတ်သည်ကတကြောင်း အယူခံတရားပြိုင် အမှတ် (၁) ရာဂျာဂိုလ်ပါယ်သည် မာရီမား၏ တရားဝင်လင်ယောကျ်ားဖြစ်သည်ကတကြောင်း၊ ထိုအကြောင်းများကြောင့် မာရီမား ကျန်ရစ်ခဲ့သည့်အမွေပစ္စည်းများနှင့် ပတ်သက်၍ အယူခံတရားလို ကစ္စနားသည် အရေးဆိုပိုင်ခွင့်လုံးဝမရှိချေ။ အထက်ဖေါ်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကိုပလပ်လိုက်သည်။ တရားရုံးအဆင့်ဆင့်အတွက် ကုန်ကျသည့် တရားစရိတ်များကို အယူခံတရားလိုကကျခံစေ။

တရားမအထွေထွေအယူခံမှု

ညွှန်ကြားချက်အဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးစိုးလှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကံစိန်

နှင့်

၁။ မဝင်းကြည်၊ ၂။ အတွင်းရေးမှူး၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ *

†၁၉၇၅
ဖေဖော်ဝါရီလ
၅ ရက်။

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁၊ အလုပ်သမားတဦး ထိခိုက်ဒဏ်ရာရရှိသည့် ဒေသမှ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီကသာ အလုပ်သမားနှင့် ပတ်သက်သည့်အမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိခြင်း၊ ယင်းသို့ စစ်ဆေးစီရင်ပိုင်ခွင့်မရှိသော အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၏အမိန့်သည် ဥပဒေအရ တရားဝင်မဝင်။

ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ အရအလုပ်သမားတဦး ထိခိုက်ဒဏ်ရာရရှိသည့်ဒေသမှအလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီကသာအလုပ်သမားလျော်ကြေးနှင့်ပတ်သက်သည့်အမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်၊ သို့ရာတွင် ပုဒ်မ ၂၁ (၅) အရ အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက ဆောင်ရွက်ရန် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးက လွှဲပြောင်းပေးနိုင်သည်ဟု ပါရှိပါသည်။ ယခုအမှုတွင် ထိခိုက်ဒဏ်ရာ ရရှိသည့်နေရာမှာမန္တလေးတိုင်း၊တပ်ကုန်းနယ်အတွင်း၌ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်တိုင်းအတွင်းမှ အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက ဤအမှုကိုစစ်ဆေးဆုံးဖြတ်ခြင်းမှာ တရားမဝင်ပါ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏အမှုကိုလွှဲပြောင်းသည့်အမိန့်လည်းမရှိပါဟုတင်ပြသည်။ သက်ဆိုင်ရာအမှုတွဲများကို စိစစ်လိုက်သည့်အခါ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး၏လွှဲပြောင်းပေးထားသည့် အမိန့်မတွေ့ရှိချေ။ ထို့ကြောင့် ဥပဒေဝန်ထမ်းအဆင့် (၁) တင်ပြသည့်အတိုင်း ပုဒ်မ ၂၁ အရ ဤအမှုကိုရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက စစ်ဆေးဆုံးဖြတ်ပိုင်ခွင့်မရှိပေ၊ ယင်းကော်မတီ၏ ချမှတ်သည့်အမိန့်သည် ဥပဒေနှင့်မကိုက်ညီသည့်အတွက် တရားမဝင်သောအမိန့်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးကျော်ဒင် (၃)။

အယူခံတရားခံအမှတ် (၁) အတွက်။ ။ကိုယ်တိုင်။

အယူခံတရားခံအမှတ် (၂) အတွက်။ ။ရှေ့သဟာယ မစ္စတာ အက်စ်၊ ကေ၊ ဂိုရှ်။

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၄။

† ၁၉၇၄ ခုနှစ်၊ တရားမလျော်ကြေးမှုအမှတ် ၂၈ တွင် ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅ ဦးကံစိန် နှင့် မဝင်းကြည်ပါ၂။

အယူခံ တရားလို ဦးကံစိန်သည် ရန်ကုန်မြို့၊ အမှတ် ၅၁၊ အရှေ့ရှေ့ဂုံတိုင်လမ်း မဟာမိတ် ပင်းမင်းဆိုင်နှင့် ဆေးဆိုးပန်းရိုက်လုပ်ငန်း ပိုင်ရှင်ဖြစ်သည်။ အယူ တရားပြိုင် အမှတ် (၁) မဝင်းကြည်သည် ကွယ်လွန်သူ မောင်တင်ရွှေဆိုသူ၏ ဇနီး ဖြစ်သည်။

မောင်တင်ရွှေသည် ဦးကံစိန်၏ အလုပ်သမားတဦး အနေနှင့် မန္တလေးမြို့သို့ ဆိုးဆေးဝယ်ရန်အတွက်အတူခရီးထွက်သွားကြသည်။ ၁၉၇၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့ က တပ်ကုန်းမြို့နယ် ဆင်သေမီးရထား တံတားနှင့် တိုက်မိပြီး မောင်တင်ရွှေသည် မီးရထားပေါ်မှ လိမ့်ကျသွားသဖြင့် သေဆုံးခဲ့သည်။ မောင်တင်ရွှေသည် လုပ်ငန်း တာဝန် ဝတ္တရားများကို ဆောင်ရွက် လုပ်ကိုင်နေစဉ် သေဆုံးသွားခဲ့ခြင်းကြောင့် အလုပ်ရှင်ဖြစ်သူ အယူခံတရားလို ဦးကံစိန်ထံမှ အလုပ်သမားလျော်ကြေး ရလိုကြောင်း အယူခံတရားပြိုင် မဝင်းကြည်က ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေးဌာနတွင် အမှုစွဲ၍ တောင်းဆိုခဲ့သည်။ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေးကော် မတီက မောင်တင်ရွှေသည် ဦးကံစိန်၏ အလုပ်သမားဖြစ်သည်။ အလုပ်ခွင်တွင် တာဝန် ထမ်းဆောင်နေစဉ် သေဆုံးသည့်အတွက်အလုပ်သမားလျော်ကြေး ၅,၄၀၀ိ မဝင်းကြည် အားပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမားလျော် ကြေး ဥပဒေပုဒ်မ (၃၀) အရ၊ ဦးကံစိန်က အယူခံဝင်ခြင်းဖြစ်သည်။

ဤအမှုတွင် ရုံးသဟာယ အဖြစ်ဖြင့် ဆောင်ရွက်သည့် ဥပဒေရုံးမှ ဥပဒေဝန်ထမ်း အဆင့် (၁)က ဥပဒေ အချက်အလက်နှင့် ပတ်သက်ပြီး တင်ပြသည့် ပြဿနာကို ပထမဦးစွာ စဉ်းစား ဆုံးဖြတ်ပေးရန် သင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ဥပဒေ ဝန်ထမ်း အဆင့် (၁)က အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ (၂၁)အရ၊ အလုပ် သမားတဦး ထိခိုက်ဒဏ်ရာရရှိသည့် ဒေသမှ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီကသာ အလုပ်သမား လျော်ကြေးနှင့် ပတ်သက်သည့်အမှုကိုစစ်ဆေး စီရင်ပိုင်ခွင့်ရှိသည်။ သို့ရာတွင် ပုဒ်မ ၂၁ (၅)အရ အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီ တခုရှေ့ရှိ အမှုတမှုကို အခြား အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ က ဆောင်ရွက်ရန် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီးက လွှဲပြောင်း ပေးနိုင်သည်ဟု ပါရှိပါသည်။ ယခုအမှုတွင် ထိခိုက်ဒဏ်ရာရရှိသည့်နေရာမှာ မန္တလေးတိုင်း၊ တပ်ကုန်း မြို့နယ်အတွင်း၌ ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်တိုင်း အတွင်းမှ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီက ဤအမှုကို စစ်ဆေး ဆုံးဖြတ်ခြင်းမှာ တရားမဝင်ပါ၊ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး၏ အမှုကို လွှဲပြောင်းသည့် အမိန့်လည်း မရှိပါဟု တင်ပြသည်။

၁၉၇၅

ဦးကံစိန် နှင့် မဝင်းကြည်ပါ၂။

သက်ဆိုင်ရာ အမှုတွဲများကို စိစစ်လိုက်သည့်အခါ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး၏ လွှဲပြောင်းပေးထားသည့်အမိန့် မတွေ့ရှိချေ။ ထို့ကြောင့် ဥပဒေဝန်ထမ်း အဆင့် (၁) တင်ပြသည့်အတိုင်း ပုဒ်မ (၂၁)အရ၊ ဤအမှုကို ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိပေ။ ယင်း ကော်မတီက ချမှတ်သည့် အမိန့်သည် ဥပဒေနှင့် ကိုက်ညီသည့်အတွက် တရားမဝင်သော အမိန့်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက ၁၉၇၄ ခုနှစ်၊ မတ်လ (၂၆)ရက်နေ့စွဲပါ ချမှတ်သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။

အယူခံ တရားပြိုင် မဝင်းကြည်သည် အလုပ်သမား လျော်ကြေး ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ထပ်မံအရေးယူ ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဇူလိုင်လ ၂၆ ရက်။

မခင်ညွန့် (၎င်း၏ ကိုယ်စားလှယ် ဦးသန်းညွန့်)

နှင့်

ဦးရွှေထွန်း ပါ ၄ *

တိုင်းတရားရုံးတွင် အယူခံနေစဉ်၊ အချင်းဖြစ်အိမ်ကိုဖျက်ဆီးပြီးဖြစ်သဖြင့်၊ ယင်းအိမ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်လိုမလို။

ဆုံးဖြတ်ချက်။ ။မရှိတော့သည့် အိမ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန် သင့်မသင့် စဉ်းစားရန်လိုပေသည်။ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟချက်ဒီကရီချမှတ်သင့်မသင့်ဆိုသည့်ကိစ္စမှာ မူလရုံးမှ ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ဆုံးဖြတ်ရသည့်ကိစ္စဟုသာဖြစ်သည်ဆိုခြင်းမှာမှန်၏။သို့ရာတွင်ယင်းသို့ချမှတ်သည့်ဒီကရီတခုသည် တရားလိုအတွက် မည်သို့မျှ လက်တွေ့အသုံးမဝင်၊ အသုံးမချနိုင်လျှင် ထိုဒီကရီသည် အဓိပ္ပါယ်ရှိမည်မဟုတ်ပေ။ မြွက်ဟကြေငြာပေးခြင်းအားဖြင့် တရားလိုတွင် အကျိုးသက်ရောက်မှုမရှိပါမူ၊ ထိုမြွက်ဟချက်သည် အချီးအနှီးသာဖြစ်ပေမည်။ ထိုသို့အချီးအနှီးသာဖြစ်သည့် အဓိပ္ပာယ်မဲ့သည့် ဒီကရီမျိုးကို တရားရုံးများအနေဖြင့် ချမှတ်ခြင်းမပြုသင့်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးသိန်း။

အယူခံတရားပြိုင်များအတွက်။ ။အကျိုးဆောင် ဦးကျော်အုန်း။

အယူခံတရားလို မခင်ညွန့်က သူသည် အင်းစိန် ရွာမ ဦးပိုင်အမှတ်(၉) ကွင်းအမှတ် (၂၅) ဧရိယာ ၁·၂၅၇ ရှိ ခြံမြေနှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အမှတ် ၆၁၇ မှာ ၎င်းပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန် အယူခံ တရားပြိုင်များအပေါ် တရားစွဲဆိုခဲ့ရာ အင်းစိန်မြို့နယ်တရားရုံးက အခင်းဖြစ်မြေကို မခင်ညွန့်မပိုင်၊ သို့သော် အခင်းဖြစ် အဆောက်အဦးကို ပိုင်သည်ဟု ဒီကရီ ချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကိုမကျေနပ်၍ အယူခံ တရားပြိုင်တို့က

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၉။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင်၊ ရန်ကုန်တိုင်း၊ ပြည်သူ့တရားရုံးနာယကရုံး၏ချမှတ်သောဒီကရီကို အယူခံဝင်မှု။

ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရာ အယူခံရုံးက မူလမြို့နယ် တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

မူလမြို့နယ်တရားရုံးက အိမ်ကိုသာ မခင်ညွန့်ပိုင်သည်။ မြေကိုမပိုင်ဟု ဆုံးဖြတ်ခဲ့သည်။ မြေကိုမပိုင်ဟု ဆုံးဖြတ်ချက်ကို မခင်ညွန့်က အယူခံမဝင်ခဲ့ချေ။ ထို့ကြောင့် ဤဒုတိယအယူခံမှုတွင် မြေကိုပိုင်သည်ဟု အယူခံတရားလို အနေနှင့် အရေးမဆိုနိုင်တော့ချေ။ အချင်းဖြစ် အိမ်သည် ပထမ အယူခံရုံးတွင် အမိန့်မချမှတ်မီ ၁၉၇၂ ခု၊ ဇူလိုင်လ ၂၆ ရက်နေ့ကဖျက်ပြီး ဖြစ်သည်ဟု အယူခံရုံး၏ စီရင်ချက်တွင် တွေ့ရှိရသည်။ ဤကဲ့သို့ အိမ်ကို ဖျက်ပြီးကြောင်း အယူခံတရားလို၏ ရှေ့နေကြီးက ဝန်ခံသည်။ ထို့ကြောင့်မရှိတော့သည့် အိမ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်သင့် မသင့် စဉ်းစားရန် လိုပေသည်။ သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟချက်ဒီကရီချမှတ်သင့် မသင့်ဆိုသည့်ကိစ္စမှာ မူလရုံးမှ ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ဆုံးဖြတ်ရသည့်ကိစ္စဟုသာ ဖြစ်သည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင်ယင်းသို့ချမှတ်သည့် ဒီကရီတခုသည် တရားလိုအတွက် မည်သို့မျှ လက်တွေ့အသုံးမဝင်အသုံးမချနိုင်လျှင် ထိုဒီကရီသည် အဓိပ္ပါယ်ရှိမည် မဟုတ်ပေ။ မြွက်ဟကြေငြာပေးခြင်းအားဖြင့် တရားလိုတွင် အကျိုးသက်ရောက်မှု မရှိပါမူ ထိုမြွက်ဟချက်သည် အချီးအနှီးသာ ဖြစ်ပေမည်။ ထိုသို့အချီးအနှီးသာဖြစ်သည့် အဓိပ္ပါယ်မဲ့သည့်ဒီကရီမျိုးကို တရားရုံးများအနေဖြင့် ချမှတ်ခြင်းမပြုသင့်ပေ။

ထို့ကြောင့်ဤအမှုတွင် အခင်းဖြစ်အိမ်လည်း မရှိတော့သည့် အပြင် သက်သေထွက်ချက်များအရ ထိုအိမ်နှင့်ပတ်သက်သည့် အခွင့်အရေး ပြဿနာများလည်းပေါ်ပေါက်ရန် အကြောင်းမရှိသဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟချက်ဒီကရီ ချမှတ်ပေးရန် မလိုဟုယူဆသည်။ သို့ဖြစ်၍ ဤအယူခံမှုကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားလိုက ကျခံစေရန် အမိန့်ချမှတ်သည်။

၁၉၇၇

မခင်ညွန့် (၎င်း ၏ ကိုယ်စားလှယ် ဦးသန်းညွန့်) နှင့် ဦးရွှေထွန်း ပါ ၉။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၅

မေလ ၁၄ ရက်။

ကိုစံညိန်း ပါ ၂

နှင့်

မချိုချို (ခ) လော်ရာစိန်ထွန်း *

တရားနိုင်သေဆုံး၍ သမီးဖြစ်သူက ဇာရီလျှောက်လွှာတင်သွင်းရန် တရားမကျင့်ထုံး အမိန့် ၂၂ နည်းဥပဒေ ၃ အရ၊ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန်အတွက်လျှောက်ထားရန် လိုမလို၊ ဇာရီလျှောက်လွှာနှင့်တပါတည်းသေဆုံးသွားသော တရားနိုင်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်ပေးရန် လျှောက်ထားခြင်း၊ လျှောက်ယွှာကို ၆ လ ကျော်လွန်မှ တင်သည့် အတွက်ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း ရှိမရှိစဉ်းစားရန်လိုမလို။ ဥပဒေအရ ခွင့်ပြုချက် (License) သာရရှိသူ၏ အမွေစားအမွေခံများသည် ယင်းမြေနှင့် ပတ်သက်သည့်အခွင့်အရေးများကို အမွေဆက်ခံနိုင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂၂ အရ သေဆုံးခဲ့သည့်အမှုသည်တဦး၏နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့်ထည့်သွင်းရန် ကာလစည်းကမ်းသတ်ဥပဒေအချက် (Article) ၁၇၆ အရ၊ ရက်ပေါင်း(၉၀)အတွင်း လျှောက်ထားရမည်ဟု သတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်ကို ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ ၅ အရ၊ ကုစား၍မရနိုင်ပါဟု အယူခံတရားလိုတို့ဘက်က တင်ပြသည်။ ဤတင်ပြချက်မှာ ယခုအမှု၏ အခြေအနေဖြင့် စပ်ဟပ်ရန်မဖြစ်နိုင်ချေ။

တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၂ အရ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းနှင့် ပတ်သက်၍ အမိန့် ၂၂၊ နည်းဥပဒေ ၃၊၄ နှင့် ၈ တို့ပါ ပြဋ္ဌာန်းချက်တို့သည် ဇာရီလျှောက်လွှာနှင့် မသက်ဆိုင်စေရဟု ဆိုထားသည်။ထို့ကြောင့်အယူခံတရားပြိုင်သည်ဇာရီလျှောက်လွှာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းပေးပါဟု လျှောက်ထားရန်မလိုဘဲ၊ ၎င်းကိုယ်ဘိုင် လျှောက်ထားနိုင်ပါသည်။ သို့ဖြစ်၍ တရားဝင်ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့်ပတ်သက်သည့်စည်းကမ်းသတ်ဥပဒေမှာ ဤအမှုနှင့်မသက်ဆိုင်သဖြင့် ထည့်သွင်းစဉ်းစားရန်မလိုပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဥပဒေအရခွင့်ပြုချက်(License) သာရရှိသူ၏ အမွေစားအမွေခံများသည် ယင်းမြေနှင့်ပတ်သက်သည့် အခွင့်အရေးများကို အမွေဆက်ခံနိုင်ခွင့်မရှိချေ။

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၀။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ တွင် ရန်ကုန်တိုင်း၊ (မြို့နယ်စု ၃) တရားရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးအုံးမောင်။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်။

၁၉၇၅

မောင်စံညွှန်း ပါ ၂ နှင့် မချိချို (ခ) လော်ရာစိန် ထွန်း။

အယူခံတရားပြိုင်၏ ဖခင်ဖြစ်သူ ဦးထွန်းစိန်သည် အယူခံ တရားလိုတို့အပေါ် အခင်းဖြစ်အိမ်နှင့် မြေတို့မှ နှင်လိုမှု စွဲဆိုပြီး အနိုင်ဒီကရီရရှိခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အယူခံတရားလိုတို့က ယခင်တရားရုံးချုပ်သို့ အယူခံဝင်ခဲ့ရာ အခင်းဖြစ်အိမ်ကို ဦးထွန်းစိန် မပိုင်ဟု ဆုံးဖြတ်ပြီး မြေပေါ်မှနှင်ထုတ်ခွင့် ဒီကရီကိုသာ အတည်ပြုလိုက်သည်။

ဦးထွန်းစိန်သည် ဤကဲ့သို့ အနိုင်ဒီကရီရပြီး ၁၉၇၃ ခု၊ ဇွန်လ ၆ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ထိုနောက် ဦးထွန်းစိန်၏ သမီးဖြစ်သူ အယူခံတရားပြိုင်က ဇာရီလျှောက်လွှာတင်သည်။ ဇာရီလျှောက်လွှာနှင့် တပါတည်းငင်းအား ဦးထွန်းစိန်၏ တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းပေးရန် လျှောက်လွှာတစောင်လည်းတင်ခဲ့သည်။ ယင်းလျှောက်လွှာမှာ အချိန် ၆ လကျော်လွန်နေသည့်အတွက် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ အရ ခွင့်လွှတ်ရန် လျှောက်လွှာတစောင်ကိုပါအယူခံတရားပြိုင်က တ င်သွင်းခဲ့သည်။

မြို့နယ်တရားရုံးက အယူခံတရားပြိုင် တင်သွင်းသည့် လျှောက်လွှာများကိုလက်ခံပြီးဇာရီပြုလုပ်ခွင့်ပြုလိုက်သည်။ ယင်းအမိန့်ကို ရန်ကုန်တိုင်း အယူခံရုံးက အတည်ပြုလိုက်သည့်အတွက် ဤအယူခံမှု တင်သွင်းခြင်း ဖြစ်သည်။

တရားမကျင့်ထုံးအမိန့် ၂၂ အရ၊ သေဆုံးခဲ့သည့် အမှုသည်တဦး၏ နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းရန် ကာလစည်းကမ်းသတ် ဥပဒေအချက် (Article) ၁၇၆ အရ ရက်ပေါင်း (၉၀) အတွင်း လျှောက်ထားရမည်ဟု သတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်ကို ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ အရ ကုစား၍မရနိုင်ပါဟု အယူခံတရားလိုတို့ဘက်က တင်ပြသည်။ ဤတင်ပြချက်မှာ၊ ယခုအမှု၏အခြေအနေဖြင့် စပ်ဟပ်ရန် မဖြစ်နိုင်ချေ။

တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၂ အရ တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းနှင့်ပတ်သက်၍ အမိန့် ၂၂၊ နည်းဥပဒေ ၃၊ ၄ နှင့် ၈ တို့ပါပြဋ္ဌာန်းချက်တို့သည်ဇာရီလျှောက်လွှာနှင့် မသက်ဆိုင်စေရဟု ဆိုထားသည်။ ထို့ကြောင့် အယူခံတရားပြိုင်သည် ဇာရီလျှောက်လွှာတွင် တရားဝင် ကိုယ်စားလှယ် အဖြစ်ဖြင့် ထည့်သွင်းပေးပါဟု လျှောက်ထားရန် မလိုပဲ ငင်းကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။ သို့ဖြစ်၍ တရားဝင်ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ပတ်သက်သည့် စည်းကမ်းသတ်ဥပဒေမှာ ဤအမှုနှင့် မသက်ဆိုင်သဖြင့် ထည့်သွင်းစဉ်းစားရန်မလိုပေ။

၁၉၇၅
မောင်စံညိန်း ပါ ၂ နှင့် မချိချို (ခ) လော်ရာစိန်ထွန်း။

အချင်းဖြစ်မြေမှာ အစိုးရမြေဖြစ်ပါသည်။ ဦးထွန်းစိန်မှာ ခွင့်ပြုချက် (License) သာရရှိခဲ့သူဖြစ်သဖြင့် ၎င်း၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သူ အယူခံတရားပြိုင်သည် အယူခံတရားလိုတို့အား ယင်းမြေမှ နှင်ပိုင်ခွင့်မရှိဟုတင်ပြခဲ့သေးသည်။

ဥပဒေအရခွင့်ပြုချက် (License) သာရရှိသူ၏ အမွေစား အမွေခံများသည် ယင်းမြေနှင့်ပတ်သက်သည့် အခွင့်အရေးများကို အမွေဆက်ခံနိုင်ခွင့် မရှိချေ။ သို့ရာတွင် ယခုအမှုမှာ မူကား အယူခံတရားပြိုင် မချိချိုသည် ၎င်း၏ဖခင်က အယူခံတရားလိုတို့အပေါ်တွင် ရရှိခဲ့သည့် ဒီကရီကိုဇာရီ လုပ်ပြုခြင်းမျှသာဖြစ်သည်။ မြေနှင့်ပတ်သက်၍ အမွေဆက်ခံခြင်း ကိစ္စမပေါ်ပေါက်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မူလရုံးနှင့် အယူခံတိုင်းရုံး တို့၏ ဆုံးဖြတ်ချက်မှာ မှန်ကန်သည်ဟု ယူဆသည့်အတွက် ဤအယူခံကို ပလပ်လိုက်သည်။ ဤအယူခံမှုနှင့်ပတ်သက်၍ အမှုသည်များသည် မိမိတို့စရိတ်မိမိတို့ကျခံစေ။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင် နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးစိန်ဝင်း

နှင့်

ဒေါ်တင်ရွှေ (သေဆုံးသူအလုပ်သမား မောင်စိုးမြင့်၏ မိခင်) ပါ ၂ *

† ၁၉၇၅
ဧပြီလ ၃ ရက်။

မော်တော်နှင့် လိုက်ပါလာသူတဦး လိမ့်ကျသေဆုံးမှု၊ မော်တော်ပိုင်ရှင်က ထိုသူ၏ မိခင်အား ဂရုဏာကြေးပေးခြင်းအားဖြင့် အလုပ်ရှင်ဟုကောက်ချက်ချသင့်မသင့်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် မိမိမော်တော်နှင့်လိုက်ပါလာသူတဦး လိမ့်ကျသေဆုံးခြင်းနှင့်ပတ်သက်၍ထိုသူ၏မိခင်ဖြစ်သူအားဂရုဏာကြေးငွေကျပ် ၂၀၀ ပေးခြင်းအားဖြင့်အလုပ်ရှင်ဖြစ်ရမည်ဟု ကောက်ချက်ချရန်မသင့်။ ငွေပေးခြင်းကို အကြောင်းပြုပြီး အလုပ်ရှင်ဟူ၍အထောက်အကူပြုသော အခြားပတ်ဝန်းကျင် သက်သေခံချက်များရှိမှသာလျှင် အလုပ်ရှင် အလုပ်သမား ဟူသောအချက်ကို စဉ်းစားရန်ရှိပေမည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင်၊ ဦးစိန်လင်း နှင့် ဦးထွန်းကြည်။

အယူခံတရားခံအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ မစ္စတာ၊ အက်စ်၊ ကေ၊ ဂိုရှ်။

အယူခံတရားလို ဦးစိန်ဝင်းသည် မအူပင်မြို့ နှင့် အခြားမြို့ များသို့ အစိုးရဆန်စပါးများကို မော်တော်ဖြင့် တင်ပို့ ပြေးဆွဲနေသူ ဖြစ်သည်။ မောင်စက်ဝင်း ဆိုသူသည် မော်တော်တွင် အလုပ်သမားဖြစ်၍ သေဆုံးသူ မောင်စိုးမြင့်သည် မောင်စက်ဝင်း ၏ သူငယ်ချင်းဖြစ်သည်။ မောင်စိုးမြင့် သည် မိမိသူငယ်ချင်း မောင်စက်ဝင်းနှင့်အတူ တာတပေါ်ရွာသို့ မော်တော်နှင့် အလည်လိုက်သွားသည်။ မော်တော်သည် တာတပေါ်ရွာသို့ရောက်ပြီးနောက် မအူပင်မြို့သို့ ခေတ္တပြန်လာသည်။ ထိုအခါတွင် မောင်စက်ဝင်းသည် မော်တော်တွင် ဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ဘဲ မအူပင်မြို့တွင် နေခဲ့သည်။ မောင်စက်ဝင်းကိုယ်စား မောင်ထွန်းအောင်ဆိုသူကို လူစားခန့်ထားပြီးနောက် ဆကာကြီးသို့ မော်တော်ဆက်လက်သွားသောအခါတွင် မောင်

* ၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၇။

† ၁၉၇၁ ခုနှစ်၊ တရားမလျှော်ကြေးမှုအမှတ် ၄ တွင် မအူပင်မြို့၊အလုပ်သမားလျော်ကြေးစီစစ်ရေးကော်မရှင်၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅

ဦးစိန်ဝင်း နှင့် ဒေါ်တင်ရွှေ (သေဆုံးသူ အလုပ်သမား မောင်စိုးမြင့်၏ မိခင်) ပါ ၂။

စိုးမြင့်လည်းလိုက်ပါသွားသည်။ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် မအူပင်မြို့မှခွာသွားပြီးနောက်၊ ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ နံနက် ၃ နာရီခန့်အချိန် ချောင်းကြီးရွာအနီး မော်တော်ကပ်ထားစဉ် မောင်စိုးမြင့်သည် ရေထဲလိမ့်ကျ ပျောက်ဆုံးသည်မှာ အလောင်းရှာမတွေ့တော့ချေ။ ထို့ကြောင့် မောင်စိုးမြင့် သေဆုံးကြောင်း အသိအမှတ်ပြုပြီးလျှင် မော်တော်တာဝန်ခံ ဦးစိန်ဝင်း (အယူခံတရားလို) က မောင်စိုးမြင့်၏ မိခင် ဒေါ်တင်ရွှေကို၊ လူမှုရေးအရ ငွေ ၂၀ဝိ ပေးသည်။ ထို့နောက်ပိုင်းတွင် ဒေါ်တင်ရွှေက မိမိသား မောင်စိုးမြင့်သည် မော်တော်တွင် အလုပ်သမားတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် လျော်ကြေး ရထိုက်ပါသည်ဟု လျှောက်ထားသောအခါမှာအလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီက လျော်ကြေးငွေ ကျပ် ၃၁၃၂ ပေးရန်ဆုံးဖြတ်လေသည်။

မောင်စိုးမြင့်သည် မော်တော်တွင် အလုပ်သမားတဦးဖြစ်ကြောင်း ထွက်ဆိုသည်မှာ ၎င်း၏ မိခင် ဒေါ်တင်ရွှေ တဦးတည်းသာဖြစ်၍ ဒေါ်တင်ရွှေက ထွက်ဆိုသည်မှာ မိမိသား မောင်စိုးမြင့်ကို ဦးစိန်ဝင်း၏ မော်တော်တွင် အလုပ်လုပ်ရန် မောင်စက်ဝင်းက ခေါ်သွားပါသည်ဟူ၍ဖြစ်သည်။ သို့ရာတွင် ထိုအချက်ကို မောင်စက်ဝင်းက ထောက်ခံထွက်ဆိုခြင်းမပြုချေ။ မောင်စက်ဝင်းက မောင်စိုးမြင့်သည် မိမိနှင့် ခင်မင်သူဖြစ်သောကြောင့် မော်တော်နှင့် တာတပေါ်သို့ အလည်လိုက်ပါလာကြောင်း ထွက်ဆိုသည်။ မောင်စက်ဝင်းသည် မော်တော် မအူပင်သို့ ရောက်ရှိသောအခါမှာ အလုပ်သမားအဖြစ်မှ နှုတ်ထွက်လိုက်ပြီဖြစ်သောကြောင့် မော်တော်ပြေးသူ ဦးစိန်ဝင်းနှင့် ကျေးဇူးခံ ကျေးဇူးစား မဟုတ်တော့ချေ။ သေဆုံးသူ မောင်စိုးမြင့်နှင့် သာ ခင်မင်ရင်းနှီးသော သူငယ်ချင်းဖြစ်လေသည်။ ထို့ကြောင့် မောင်စက်ဝင်းသည် မဟုတ်မမှန်လည်ဆယ် ထွက်ဆိုရန် အကြောင်းမရှိဟု ကျွန်ုပ်တို့ ယူဆသည်။ မော်တော် စက်ဆရာ မောင်ခါး နှင့် မော်တော်ဆလင် ကိုတိုးအောင်တို့ကလည်း သေဆုံးသူ မောင်စိုးမြင့်သည် မော်တော်တွင် မည်သည့်အလုပ်ကိုမျှ လုပ်ကိုင်ခြင်းမရှိပါ၊အပိုသက်သက် လိုက်လာခြင်းသာ ဖြစ်ပါသည်ဟု ထွက်ဆိုကြသည်။

ရုံးသဟာယအဖြစ်လိုက်ပါဆောင်ရွက်သော ဗဟိုဥပဒေရုံးအကျိုးဆောင်က မောင်စိုးမြင့်ကို မော်တော်တွင် အလုပ်သမားအဖြစ် ခန့်ထားကြောင်း အထောက်အထား များမရှိသော်လည်း မောင်စိုးမြင့်သည် မောင်စက်ဝင်း၊ မအူပင်မြို့တွင် မော်တော်မှ အလုပ်နှုတ်ထွက်သွားသောအခါမှာ လူစားအဖြစ် ဝင်ရောက်လုပ်ကိုင်၍ မော်တော်နှင့် ဆက်လက်လိုက်ပါသည်ဟု ကောက်ချက်ချမှတ်နိုင်ကြောင်း တင်ပြသည်။ သို့ရာတွင် မောင်စက်ဝင်းကိုယ်တိုင်က မိမိသူငယ်ချင်းဖြစ်သူ မောင်စိုးမြင့်သည် မော်တော်တွင် အလည်အပတ် လိုက်လာခြင်းသာ ဖြစ်ကြောင်းထွက်ဆိုထားသည်ဖြစ်သောကြောင့်

ဤသို့ကောက်ချက်မျိုး ဆွဲယူရန် သင့်လျော်မည်မဟုတ်ချေ။ မောင်စက်ဝင်း မအူပင်တွင် အလုပ်ထွက်သောအခါမှာ မောင်ထွန်းအောင်ဆိုသူကို လူစားထည့်ထားကြောင်း လည်း အမှုတွင် ပေါ်ပေါက်သည်။ ထို့ကြောင့် မောင်စိုးမြင့်သည် မော်တော်အလုပ်သမားတဦးဖြစ်သည်ဟူသော အချက်လုံးဝပေါ်ပေါက်ခြင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။

ဦးစိန်ဝင်းသည် မိမိမော်တော်နှင့် လိုက်ပါလာသူတဦး လိမ့်ကျသေဆုံးခြင်းနှင့် ပတ်သက်၍ ထိုသူ၏ မိခင်ဖြစ်သူအား ဂရုဏာကြေးငွေ ကျပ် ၂၀၀ ပေးခြင်းအားဖြင့်လည်း အလုပ်ရှင် ဖြစ်ရမည်ဟု ကောက်ချက်ချရန် မသင့်ပေ။ ငွေပေးခြင်းကို အကြောင်းပြုပြီး အလုပ်ရှင်ဟူ၍ အထောက်အကူပြုသော အခြားပတ်ဝန်းကျင် သက်သေခံချက်များရှိမှသာလျှင် အလုပ်ရှင် အလုပ်သမားဟူသော အချက်ကို စဉ်းစားရန် ရှိပေလိမ့်မည်။ အထက်ပါအကြောင်းများကြောင့် မအူပင်မြို့နယ် အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက လျော်ကြေးငွေ ၃၂၃၂ ပေးရန် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်လိုက်သည်။ စရိတ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်းမပြု။

၁၉၅၅

ဦးစိန်ဝင်း
နှင့်
ဒေါ်တင်ရွှေ
(သေဆုံးသူ
အလုပ်သမား
မောင်စိုးမြင့်၏
မိခင်) ပါ ၂။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

နိုဝင်ဘာလ
၅ ရက်။

ဒေါ်စိန်အိ

နှင့်

ဦးတင်ကို ပါ ၂ *

အလုပ်သမားတဦး၏ အသက် ၁၆ နှစ်ပြည့်မပြည့်ပြဿနာ၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် လျှောက်ထားသည့်အခါ ဖြည့်သွင်းရသည့် မှတ်ပုံတင်ပုံစံ ၁ နှင့် အိမ်ထောင်စုစာရင်းတွင် ပါရှိသည့် ဖော်ပြချက်များကွဲလွဲနေလျှင် မည်သည့်ဖော်ပြချက်ကို လက်ခံရမည်ကို ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အမျိုးသားမှတ်ပုံတင်ဌာနရှိ မှတ်ပုံတင်ပုံစံ ၁ ပါ ဖော်ပြချက်နှင့် အိမ်ထောင်စုစာရင်းပါ ဖော်ပြချက်ကွဲလွဲနေလျှင် အမျိုးသားမှတ်ပုံတင်ပုံစံ ၁ တွင်ပါရှိသည့်အချက်အလက်တို့မှာ မှန်ကန်သည်ဟုလက်ခံရပေမည်။

အယူခံတရားလိုအတွက်။ ။ကိုယ်တိုင်။

အယူခံတရားခံအတွက်။ ။အကျိုးဆောင်၊ ဦးစိန်လင်း။
ဥပဒေဝန်ထမ်း အဆင့်(၁)မစ္စတာ အက်စ်၊ ကော့ဂိုရှ်။

အယူခံတရားလို ဒေါ်စိန်အိ၏သား မောင်ကျော်မြင့်သည် အယူခံတရားပြိုင် ကိုတင်ကို ပိုင်သည့် ဆန်စက်တွင် အလုပ်လုပ်ရင်း ဒဏ်ရာရပြီး ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့က ကွယ်လွန်ခဲ့သည်။ မောင်ကျော်မြင့် သည် အယူခံတရားပြိုင်၏ အလုပ်သမားဖြစ်ပြီး အလုပ်ချိန်တွင် အလုပ်ခွင်အတွင်း ဒဏ်ရာ ရရှိခဲ့ခြင်းနှင့် ပတ်သက်၍လည်း အငြင်းပွားမှုမရှိချေ။ သို့သော် ပုသိမ်အရှေ့ မြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက အမှုကို စစ်ဆေးပြီး မောင်ကျော်မြင့် သေဆုံးသည့် နေ့တွင် ၎င်းသည် အသက် ၁၅ နှစ် မပြည့်သေးသည့် အတွက် အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၂ (၁) (က) နှင့် ပုဒ်မ ၄ (၁) က (၂)

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄၈။

† ၁၉၇၄ ခုနှစ်၊ လျော်ကြေးမှုအမှတ် (၁) တွင် ပုသိမ်အရှေ့မြို့နယ် လျော်ကြေးစိစစ်ရေး ကော်မတီရုံး၏ ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

၁၉၇၅ — ဒေါ်စိန်အိ နှင့် ဦးထင်ကို ပါ၂။

အရ လျော်ကြေးငွေ ၂၀၀ ကျပ်သာပေးစေဟု အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို ဒေါ်စိန်အိက မကျေနပ်သည့်အတွက် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

မောင်ကျော်မြင့်၏ မိခင် ဒေါ်စိန်အိက မောင်ကျော်မြင့် ကွယ်လွန်စဉ်က အသက် ၁၆ နှစ်ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ သို့သော် ဒေါ်စိန်အိတို့၏ အိမ်ထောင်စုစာရင်းတွင် မောင်ကျော်မြင့် မွေးသည့် နှစ်မှာ ၁၃၂၃ ခုနှစ်ဟု ဖော်ပြထားခြင်း အပေါ် မူတည်ပြီး လျော်ကြေးစိစစ်ရေးကော်မတီက မောင်ကျော်မြင့်သည် အသက် ၁၅ နှစ် မပြည့်သေးဟုဆိုပြီး ငွေ ၂၀၀ ကျပ်သာ လျော်ကြေးသတ်မှတ်ခဲ့ကြောင်း တွေ့ရသည်။

ယခု ဤအယူခံမှု တင်သွင်းသည့်အခါ ဒေါ်စိန်အိက မောင်ကျော်မြင့်အတွက် အမျိုးသား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် လျှောက်ထားသည့်အခါက ဖြည့်သွင်းရသည့် ပုံစံ ၁၊ မှတ်ပုံတင် ပုံစံ (သက်သေခံအမှတ် က) ကို တင်သွင်းခဲ့သည်။ (သက်သေခံအမှတ် က) နှင့် ပတ်သက်ပြီး ဤရုံးက အမျိုးသားမှတ်ပုံတင်အရာရှိ ဦးထွန်းနိုင်ကို အကြောင်းကြားစာထုတ်၍ စစ်ဆေးခဲ့သည်။ ဦးထွန်းနိုင်က သက်သေခံ အမှတ် (က) တွင်ပါသည့် အချက်များနှင့် မိမိ၏ဌာနတွင် ထားရှိသည့် မူရင်းတွင် ပါရှိသည့် အချက်အလက်များကို တိုက်ဆိုင်ကြည့်ပြီး မှန်ကန်ကြောင်း ထွက်ဆိုသွားသည်။ သက်သေခံအမှတ် (က) အရ မောင်ကျော်မြင့် မွေးသည့်ခုနှစ်မှာ ၁၃၁၉ ခုနှစ်ဟု ဖော်ပြထားသဖြင့် မောင်ကျော်မြင့်သေဆုံးသည့်အခါက ၎င်းသည် အသက် ၁၆ နှစ်ကျော်ပြီဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ဤအမှုတွင် အဓိကအချက်မှာ ၁၆ နှစ်ပြည့်ခြင်း မပြည့်ခြင်းအချက်ပင်ဖြစ်ပြီး၊ ထိုသို့ဆုံးဖြတ်ရန်မှာလည်း အိမ်ထောင်စု စာရင်းပါ ဖော်ပြချက်နှင့် အမျိုးသား မှတ်ပုံတင်ဌာနရှိ မှတ်ပုံတင် ပုံစံ ၁ ပါ ဖော်ပြချက်၊ မည်သည်ကို လက်ခံရမည်ဆိုသော အချက်ပင်ဖြစ်သည်။ သက်သေခံ အမှတ် (က) ဖြစ်သည့် မှတ်ပုံတင်ပုံစံ ၁ နှင့် အိမ်ထောင်စု စာရင်းတွင် ပါရှိသည့် အချက် အလက်များ ကွဲလွဲနေလျှင် သက်သေခံအမှတ် (က) အမျိုးသား မှတ်ပုံတင် ပုံစံ ၁ တွင် ပါရှိသည့် အချက်အလက်တို့မှာ မှန်ကန်သည်ဟု လက်ခံရပေမည်။

သို့ဖြစ်၍ မောင်ကျော်မြင့်သည် တနေ့ ၃ ကျပ် ၇၅ ပြား ရရှိခဲ့သည့်အတွက် ၎င်း၏ လစာမှာ တလ ၁၀၀ ကျပ် ဖြစ်သဖြင့် ၎င်းအတွက် ရရန်ရှိသည် လျော်ကြေးမှာ အလုပ်သမား လျော်ကြေးပုဒ်မ ၄ (၁)က(၁) အရ၊ ၃,၆၀၀ ကျပ် ဖြစ်သည်။

ထို့ကြောင့် ဤအယူခံကို လက်ခံသည်။ အလုပ်သမားလျော်ကြေးကော်မတီ၏ အမိန့်တွင် မောင်ကျော်မြင့် သေဆုံးသည့်အတွက် ရရန်ရှိသည့် လျော်ကြေးမှာ ၃,၆၀၀ ကျပ် ဖြစ်သည်ဟု ပြင်ဆင် သတ်မှတ်လိုက်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

*စက်တင်ဘာလ ၂၆ ရက်။

စိဘိဝမ်း (ခေါ်) ဦးခင်မောင်ဝင်း ပါ ၂

နှင့်

ကိုညွန့် ပါ ၂

မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (င) အဆောက်အဦအသစ် ပြန်လည်ဆောက်လုပ်ရန် အိမ်ရှင်လိုမှု အသစ်ပြန်လည်ဆောက်လုပ်ရန် လိုအပ်သည့် အခြေအနေမရှိခြင်းကို လက်ခံရန် သင့်မသင့် လက်ရှိ အဆောက်အဦ ကို ဖျက်ပြီး အသစ် ဆောက်လုပ်လိုသည့် အကြောင်းပြချက်။

ဆုံးဖြတ်ချက်။ ။အဆောက်အဦ၏ အခြေအနေနှင့်ပတ်သက်၍ အမှုတွဲကိုလေ့လာကြည့်ရာတွင် အသစ်တဖန်ပြန်လည်ဆောက်လုပ်ရန် မလိုအပ်သေးသည့် အခြေအနေဖြစ်ကြောင်း တွေ့ရှိရသည်။ အခင်းဖြစ်အဆောက်အဦမှာ ၁၉၅၃ ခုနှစ်က ဆောက်လုပ်သောအဆောက်အဦဖြစ်သည်။ ယခုအခါတွင် အဆောက်အဦသည် ဟောင်းနွမ်းဆွေးမြေ့ ခြင်းလုံးဝမရှိသည့်အပြင်နောက်ထပ်နှစ်အတန်ကြာ အသုံးပြုနိုင်သည့်အခြေအနေရှိကြောင်းပေါ်လွင်သည်။

အိမ်ပိုင်ရှင်အဖို့ လက်ရှိသုံးခန်းအပြင် နောက်ပိုင်းတွင်ရှိနေသည့် နှစ်ထပ်အိမ်တလုံးမှာလည်း ၎င်း၏ လက်ရှိပင်ဖြစ်နေ၍ စီးပွားရေးလုပ်ငန်းနှင့်နေထိုင်မှုအတွက် လုံလောက်သည်ဟု ယူဆသည်။ လက်ရှိအဆောက်အဦကိုဖျက်ပြီး အသစ်ဆောက်လုပ်လိုသည်ဆိုခြင်းမှာ အိမ်ငှားများကိုနှင်ထုတ်လို၍ ဥပဒေဘောင်အတွင်းမှ အကြောင်းပြခြင်းမျှဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ သို့ဖြစ်၍ အယူခံတရားလိုသည် အခင်းဖြစ်အခန်းများကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုသည်ဟု တင်ပြချက်ကို လက်မခံနိုင်၍ ဤအယူခံမှုကိုပလပ်လိုက်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင်၊ ဦးတင်မောင်။

အယူခံတရားခံအတွက်။ ။အကျိုးဆောင်၊ ဦးမြစိန်။

ဤဒုတိယ အယူခံမှုနှင့် ဤရုံး တရားမဒုတိယ အယူခံမှုအမှတ် ၅/၇၄(စိတိဝမ်းနှင့် ကိုစိုးတင့်ပါ ၂ ဦး) အမှုနှစ်မှု စလုံးတွင် အချင်းဖြစ် အကြောင်းအရာနှင့်

---

*၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၄။

† ၁၉၇၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ တွင် မန္တလေးမြို့အနောက်တောင်မြို့နယ်၊တိုင်းတရားရုံး၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၇၅
စီသီဝန်း (ခ)
ဦးခင်မောင်ဝင်း
ပါ ၂
နှင့်
ကိုညွန့် ပါ
၂ ။

ဥပဒေ၏ အချက်အလက်များ တူညီကြပြီး၊ မူလရုံးတွင် သက်သေများ၏ ထွက်ချက်မှာလည်း သဘာဝခြင်း တူညီသဖြင့် နှစ်မှု စလုံးကို ခြုံ၍စဉ်းစားပြီး ဤစီရင်ချက်ကို ချမှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဤစီရင်ချက်သည် တရားမ ဒုတိယ အယူခံမှု အမှတ် ၅/၇၄ နှင့် လည်း အကျုံးဝင်သည်။

အယူခံ တရားလိုသည် မန္တလေးမြို့၊ သီရိမာလာ အရှေ့ပိုင်း အကွက် နံပါတ် ၁၇၀ (၁၉၆၇/၆၉) မြေပုံအရ၊ ဦးပိုင် နံပါတ် ၂၁ မြေနှင့် မြေပေါ်ရှိ အဆောက်အဦကို ပိုင်ဆိုင်သူ ဖြစ်ပြီး ၎င်းအဆောက်အဦတွင်ရှိ အခန်းတခန်းစီတွင်အိမ်ငှားများအဖြစ် နေထိုင်သည့် အယူခံ တရားပြိုင် ကိုညွန့် နှင့် ကိုစိုးတင့်တို့ကို မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၂ (၁) (င) အရ၊ အဆောက်အဦအသစ် ပြန်လည် ဆောက်လုပ်ရန် အိမ်နှင်လိုမှု စွဲခဲ့သည်။ အမှုကို စစ်ဆေးသည့် မူလ မန္တလေးမြို့နယ် တရားရုံးက နှစ်ဘက် သက်သေများ ကြားနာပြီး၊ အယူခံ တရားလို စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ် ပေးခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ မန္တလေးတိုင်း တရားရုံးသို့ အယူခံ ဝင်ရာ တိုင်းတရားရုံးက မူလ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ ထို့ကြောင့် အယူခံ တရားလိုများက ဤဒုတိယ အယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် အဓိကပြဿနာမှာ အယူခံ တရားလို အိမ်ရှင် စီတီဝမ်းသည် အချင်းဖြစ် အဆောက်အဦကို အသစ်ဆောက်လုပ်ရန် အတွက် သဘောရိုးနှင့် ရယူလိုခြင်း ဟုတ်မဟုတ် ဖြစ်သည်။

အချင်းဖြစ် အဆောက်အဦမှာ နံကပ် နှစ်ထပ်တိုက်ဖြစ်ပြီး အခန်းငါးခန်းရှိသည်။ မူလပိုင်ရှင်မှာ ဒေါ်ခင်ကြီး ဖြစ်ပြီး မူလ တဲတန်းများကို ဖျက်ပြီး၊ ၁၉၅၃ ခုနှစ်တွင် အသစ်ဆောက်လုပ်သည့် အဆောက်အဦဖြစ်သည်။ သွပ်မိုး၊ အုတ်နံကပ် ၆ ပတ်လည် တိုင်နှင့် ဆောက်လုပ်ထားသည်။ ငါးခန်း ရှိသည့် အနက် ဦးစိုးတင့်က တခန်းတွင် တလ ၅၅ ကျပ် နှင့် ငှားရမ်းပြီး စီးပွားရေး လုပ်ငန်းအတွက် ဆံပင် ညှပ်ဆိုင် ဖွင့်၍ မိသားစုနှင့် နေထိုင်သည်။ ထိုနည်းတူ ကိုညွန့်က အခန်းတခန်းတွင် စာအုပ်ချုပ်ဆိုင် ဖွင့်၍ မိသားစုနှင့် အတူ နေထိုင်သည်။ ပိုင်ရှင် စီတီဝမ်းကသုံးခန်းလက်ရှိဖြစ်ပြီး ၎င်း အဆောက်အဦ၏ နောက်တွင် နှစ်ထပ် ပျဉ်ကာ သွပ်မိုး အိမ်တလုံး ရှိသေးသည်။

အဆောက် အဦ၏ အခြေအနေနှင့် ပတ်သက်၍ အမှုတွဲကို လေ့လာကြည့်ရာတွင် အသစ်တဖန် ပြန်လည် ဆောက်လုပ်ရန် မလို အပ်သေးသည့် အခြေ အနေဖြစ်ကြောင်း တွေ့ရှိရသည်။ အခင်းဖြစ် အဆောက်အဦမှာ ၁၉၅၃ ခုနှစ် က ဆောက်လုပ်သော အဆောက်အဦဖြစ်သည်။ ယခုအခါတွင် အဆောက်အဦသည် ဟောင်းနွမ်း ဆွေးမြေ့

၁၉၇၅

စီတီဝမ်း (ခ) ဦးခင်မောင်ဝင်း ပါ ၂ နှင့် ကိုညွန့် ပါ ၂။

ခြင်း လုံးဝ မရှိသည့်အပြင်၊ နောက်ထပ် နှစ်အတန်ကြာ အသုံးပြု နိုင်သည့် အခြေအနေရှိကြောင်းပေါ်လွင်သည်။

အိမ်ပိုင်ရှင်အဖို့ လက်ရှိ အခန်းအပြင် နောက်ပိုင်းတွင် ရှိနေသည့် နှစ်ထပ် အိမ်တလုံးမှာလည်း ၎င်း၏ လက်ရှိပင် ဖြစ်နေ၍ စီးပွားရေး လုပ်ငန်းနှင့် နေထိုင်မှု အတွက် လုံလောက်သည်ဟု ယူဆသည်။ လက်ရှိ အဆောက်အဦကို ဖျက်ပြီး အသစ် ဆောက်လုပ် လိုသည် ဆိုခြင်းမှာ အိမ်ငှားကို နှင်ထုတ်လို၍ ဥပဒေ ဘောင် အတွင်းမှ အကြောင်းပြခြင်းမျှ ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ သို့ဖြစ်၍ အယူခံ တရားလိုသည် အချင်းဖြစ် အခန်းများကို အကြောင်း အားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုသည်ဟု တင်ပြချက်ကို လက်မခံနိုင်၍ ဤအယူခံမှုကို ပလပ်လိုက်သည်။ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို အတည် ပြုလိုက်သည်။ ရုံးအဆင့်ဆင့်တွင် ကုန်ကျသည့် တရားစရိတ်များကို အယူခံ တရားလိုက ကျခံစေရန် အမိန့် ချမှတ်သည်။

တရားမ ပထမအယူခံမှု

ထွေအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးထွန်းအောင်ကျော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဆေးငုံ ပါ ၃ † ၁၉၇၅

နှင့် ဇွန်လ ၁၃ ရက်။

ဒေါ်ကြင်မေ ၂ *

ဇာရီမှုများကို ခေတ္တဆိုင်းငံ့ထားခဲ့ရာမှ ပြန်လည်ရုပ်သိမ်းခဲ့ရာ ယင်းသို့ခေတ္တဆိုင်းငံ့ထားသည့်ကာလသည် ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ ၁၅ (၁) နှင့်အကျုံးဝင်မဝင်၊ ယင်းရက်များကို ကာလစည်းကမ်းသတ် တွက်ချက်ရာ၌၊ နုတ်သင့်မနုတ်သင့်။

ဆုံးဖြတ်ချက်။ ။ယခင်တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့စွဲပါ စာဖြင့် ဇာရီမှုများကို ခေတ္တဆိုင်းငံ့ထားခြင်းကို ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့က ရုပ်သိမ်းခဲ့သည်။ ယင်းရက်များမှာ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ (၁) နှင့်အကြုံးဝင်သည်ဟု ကျွန်ုပ်တို့ယူဆသဖြင့်ယင်းရက်များကိုကာလစည်းကမ်းသတ်ကျော်မကျော်တွက်သည့်အခါတွင် နုတ်ရပေမည်။

အယူခံတရားလိုများအတွက်။ ။အကျိုးဆောင်၊ ဦးထွန်းဘေ။

အယူခံတရားခံများအတွက်။ ။အကျိုးဆောင်၊ ဦးဟန်။

ယခင်မန္တလေးမြို့၊ ခရိုင် တရားမရုံးတွင် ကွယ်လွန်သူ ကိုကြာညွန့်ဆိုသူက အယူခံတရားလိုတို့အပေါ် အခင်းဖြစ်မြေနှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြွက်ဟချက်နှင့် လက်ရောက် ရလိုမှုဒီကရီ ရရှိခဲ့သည်။ ကိုကြာညွန့်သည် မသေဆုံးမီက ဇာရီလျှောက်လွှာတစောင် တင်သွင်းပြီး၊ ၁၉၆၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့က ယင်းလျှောက်လွှာကိုပိတ်လိုက်သည်။ ထို့နောက် ကိုကြာညွန့်၏ မိခင်ဖြစ်သူ ဒေါ်ကြင်မေ၊ ကိုကြာညွန့်နှင့် အမေတူ ဖအေကွဲတော်သူ ဒေါ်စိန်တို့က ပူးတွဲပြီး ဇာရီလျှောက်လွှာ တင်သွင်းခဲ့သည်။ တင်သွင်းသည့်အတိုင်း လက်ခံပြီး နှင်ဝါရမ်း ထုတ်ပေးလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂။

† ၁၉၇၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၈ တွင် ချမှတ်သော ၁၉၇၃ ခု၊ ဒီဇင်ဘာလ ၂၈ ရက်နေ့စွဲပါ မန္တလေးမြို့အနောက်မြောက်မြို့နယ်၊ တိုင်းတရားရုံး၏အမိန့်ကို အယူခံဝင်မှု။

၁၉၇၅ — ဦးဆေးငုံပါ ၃ နှင့် ဒေါ်ကြင်မေပါ ၂။

ဤအယူခံမှုတွင် ပထမအချက် အနေနှင့် အယူခံ တရားလိုများက မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေအရ ဒေါ်ကြင်မေနှင့် ဒေါ်စိန်တို့သည် ကိုကြာညွန့်၏ တရားဝင် ကိုယ်စားလှယ်များ အဖြစ်ဖြင့် ပူးတွဲပြီး ဇာရီလျှောက်လွှာတင်ပိုင်ခွင့် မရှိဟု တင်ပြ သည်။

ဒေါ်ကြင်မေမှာ ကိုကြာညွန့်၏ အမေဖြစ်ပြီး၊ ဒေါ်စိန်မှာကိုကြာညွန့်နှင့် မအေတူ ဖအေကွဲ အစ်မဖြစ်သဖြင့် ၎င်းတို့နှစ်ယောက်စလုံးမှာ ကိုကြာညွန့်၏အမွေ ဆက်ခံ ထိုက်သူများ ဖြစ်သဖြင့် တရားဝင် ကိုယ်စားပြုကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ပူးတွဲပြီး ဇာရီလျှောက်လွှာ တင်ခဲ့ခြင်းမှာ တရားဥပဒေနှင့် ကိုက်ညီသည် ဟု ဆိုရပေမည်။

ဒုတိယအချက် အနေနှင့် ဇာရီလျှောက်လွှာမှာ ၁၁ လ ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟု အယူခံ တရားလိုတို့က တင်ပြကြလေသည်။

နောက်ဆုံး ဇာရီလျှောက်လွှာကို ၁၉၆၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့က ပိတ်ခဲ့ပြီး၊ ယခု ဇာရီလျှောက်လွှာကို ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က တင်သွင်းသည့် အတွက် ဥပဒေ ကန့်သတ်ထားသော ၃ နှစ်ထက် ကျော်လွန်သွားသည်ဟု တင်ပြ သည်။ ယင်းကဲ့သို့ ကျော်လွန်သည်မှာ ယခင် တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီ လ ၁၆ ရက်နေ့စွဲပါ မြန်မာစာဖြင့် တရားရုံးများအား၊ ဇာရီမှုများကို ခေတ္တ ဆိုင်းငံ့ ထားရန် ညွှန်ကြား ထားခဲ့ခြင်းကြောင့် ဖြစ်သဖြင့် ယင်းဆိုင်းငံ့ထားသည့် ကာလကို နုတ်လျှင် ကာလစည်းကမ်းသတ် မကျော်လွန်ပါဟု အယူခံ တရားပြိုင်များက ထုချေ သည်။

ယခင် တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့စွဲပါ စာဖြင့် ဇာရီမှု များကို ခေတ္တ ဆိုင်းငံ့ထားခြင်းကို ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့က ရုပ်သိမ်းခဲ့ သည်။ ယင်းရက်များမှာ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ (၁)နှင့် အကျုံးဝင် သည်ဟု ကျွန်ုပ်တို့ ယူဆသဖြင့် ယင်းရက်များကို ကာလစည်းကမ်းသတ် ကျော်မကျော် တွက်သည့်အခါတွင် နုတ်ရပေမည်။ ဤအတိုင်းဆိုလျှင် အယူခံ တရားပြိုင်များ တင် သွင်းသည့် ဇာရီလျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု မဆိုနိုင် ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံလျှောက်လွှာကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌ အဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးတင်ကြီး

နှင့်

မတင်စန်း ပါ ၂*

†၁၉၇၅

ဧပြီလ ၂ ရက်။

အလုပ်သမားလျော်ကြေးဥပဒေ၊ သင်္ဘောသောင်တင်နေစဉ်အစိုးရပိုင် ဆားအိတ်များကိုသင်္ဘောသားက ခိုးသုံးခြင်းကြောင့်အခြားအလုပ်သမားနှင့်စကားများရိုက်နှက်ကြ၍ သေဆုံးခြင်း၊ သေဆုံးရခြင်းသည် အလုပ်ခွင်မှ ပေါ်ပေါက်သည့်ကိစ္စ ဟုတ်မဟုတ်၊ အလုပ်ရှင်တွင် တာဝန်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အလုပ်ခွင်မှ ပေါ်ပေါက်သည်ဟူသော စကားရပ်မှာ အလုပ်နှင့်သက်ဆိုင်သည့် တာဝန်ဝတ္တရားများဖြင့် နှိုင်းချိန်ပြီး အဓိပ္ပာယ်ကောက်ယူရမည်ဖြစ်ပေသည်။ အလုပ်ခွင်အတွင်း ရရှိသည့် မည်သည့်ဒဏ်ရာကိုမဆို အလုပ်မှပေါ်ပေါက်လာသည်ဟူ၍မယူဆနိုင်ချေ။ ယခုကိစ္စမှာ သေသူသည် အစိုးရပိုင်ပစ္စည်းကို ခိုးထုတ်ရာမှ စတင်ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ ဤသို့ အစိုးရပစ္စည်းခိုးထုတ်ခြင်းမှာ သေသူ မောင်အောင်သန်း၏ ဆောင်ရွက်ရန်လုပ်ငန်းမဟုတ်ချေ။ အလုပ်နှင့်ပတ်သက်၍ ပေါ်ပေါက်လာသော ဆောင်ရွက်ချက်များနှင့်ပတ်သက်မှသာလျှင် အလုပ်ရှင်တွင် တာဝန်ရှိသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင်၊ ဦးစိန်လင်းနှင့် ဦးသွန်းကြည်။

အယူခံတရားခံအတွက်။ ။ဥပဒေ၀န်ထမ်းအဆင့်(၁) မစ္စတာ အက်စ်၊ ကေ၊ ဂိုရှ်။

အယူခံတရားလိုသည် ပုသိမ်မြို့နှင့် ရန်ကုန်မြို့သို့ အစိုးရကုန်များ တာဝန်ယူပို့ဆောင်ပေးနေသော သင်္ဘောပိုင်ရှင် ဖြစ်သည်။ ၁-အယူခံတရားပြိုင် မတင်စန်းသည် သေဆုံးသူ သင်္ဘောသား မောင်အောင်သန်း၏ ဇနီး ဖြစ်သည်။ အယူခံတရားလိုပိုင် သင်္ဘောသည် ၁၉၇၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် အစိုးရဆားအိတ်များ သယ်ဆောင်၍ ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ထွက်လာရာ ပန်းတနော်မြို့နယ်အတွင်း ရွှေဒါါးကျွန်းတွင် သင်္ဘော သောင်တင်သည်။ ထိုအချိန်တွင် မောင်

---

* ၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၂။

† ၁၉၇၂ ခုနှစ်၊လျော်ကြေးမှုအမှတ် ၂၁ တွင် ၁၉၇၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၊ ပုသိမ်အနောက်ပိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅ — ဦးတင်ကြီး နှင့် မတင်စန်း ပါ ၂။

အောင်သန်းက အစိုးရပိုင် ဆားအိတ်များကို မိမိကိုယ်ကျိုးအတွက် ရောင်းချရန် လှေတစင်းပေါ်သို့ တင်နေစဉ် သဘော်တာဝန်ခံဖြစ်သော မောင်ကျော်လင်းက တားမြစ်သည်။ နောက်တကြိမ်ပြုလုပ်လျှင် သက်ဆိုင်ရာသို့ တိုင်တန်းမည်ဖြစ်ကြောင်းလည်း ပြောသည်။ ထို့ကြောင့် မောင်ကျော်လင်းတို့နှင့် မောင်အောင်သန်းတို့ စကားများပြီး မောင်အောင်သန်းက မောင်ကျော်လင်းအား သံကလော်နှင့် ရိုက်သောကြောင့် မောင်ကျော်လင်း နဖူးကွဲသွားသည်။ ထိုအခါမောင်ကျော်လင်းက သံကလော်ကို လုယူပြီး ပြန်၍ရိုက်ရာ မောင်အောင်သန်း ဒဏ်ရာရရှိပြီး သေဆုံးသွားလေသည်။ မောင်ကျော်လင်းအပေါ် ပုဒ်မ ၃၀၄ အရ၊ လူသေမှုနှင့် တရားစွဲဆိုသောအခါမှာ အပြစ်မရှိဟူ၍ အပြီးအပြတ်ရုံးမှ လွှတ်လိုက်သည်။

မောင်အောင်သန်း သေဆုံးခြင်းနှင့် ပတ်သက်၍ ဇနီးဖြစ်သူ မတင်စန်းက အယူခံတရားလို၏ သဘော်တွင် သဘော်သားအဖြစ် တာဝန်ထမ်းဆောင်နေစဉ် သေဆုံးရကြောင်းနှင့် လျော်ကြေးလျှောက်ထားသောအခါမှာ အလုပ်သမားလျော်ကြေး စစ်ဆေးရေးကော်မတီက လျော်ကြေးငွေ ကျပ် ၂၈၈၀ ပေးစေရန် အမိန့်ချမှတ်ခြင်းကို သဘော်ပိုင်ရှင် အယူခံတရားလို ဦးတင်ကြီးက မကျေနပ်သောကြောင့် ယခုအယူခံခြင်း ဖြစ်လေသည်။

ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်သော ဗဟိုဥပဒေရုံးမှ အကျိုးဆောင်က တင်ပြသည်မှာ မောင်အောင်သန်းသည် ဦးတင်ကြီး၏ အလုပ်သမားတဦးဖြစ်ကြောင်း အငြင်းပွားမှု မရှိပါ။ သို့ရာတွင် မောင်အောင်သန်း သေဆုံးရခြင်းသည် အလုပ်ခွင်မှ ပေါ်ပေါက်သည့်ကိစ္စ ဟုတ် မဟုတ် စဉ်းစားရန်ရှိပါသည်။ မောင်အောင်သန်းသည် ဆားအိတ်များ ခိုးထုတ်ခြင်းကြောင့် အခြားအလုပ်သမားတဦးနှင့် အချင်းပွားပြီး အပြန်အလှန်ရိုက်နှက်ကြရာတွင် သေဆုံးရခြင်း ဖြစ်ပါသည်။ ဆားအိတ်ခိုးထုတ်ခြင်းနှင့် ဤသို့ခိုးထုတ်ခြင်းမပြုရန် တားမြစ်သူအား စတင်ရိုက်နှက်ခြင်းမှာ မောင်အောင်သန်း၏ လုပ်ငန်းမဟုတ်သောကြောင့် အလုပ်ရှင်တွင် မောင်အောင်သန်း သေဆုံးခြင်းနှင့် ပတ်သက်၍ တာဝန်မရှိနိုင်ကြောင်း တင်ပြလေသည်။

အလုပ်ခွင်မှ ပေါ်ပေါက်သည်ဟူသော စကားရပ်မှာ အလုပ်နှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားများဖြင့် နှိုင်းချိန်ပြီး အဓိပ္ပာယ်ကောက်ယူရမည် ဖြစ်ပေသည်။ အလုပ်ခွင်အတွင်း ရရှိသည့် မည်သည့် ဒဏ်ရာကိုမဆို အလုပ်မှ ပေါ်ပေါက်လာသည်ဟူ၍ မယူဆနိုင်ချေ။ ယခုကိစ္စမှာ မောင်အောင်သန်းသည် အစိုးရပိုင် ပစ္စည်းကို ခိုးထုတ်ရာမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်လေသည်။ ဤသို့ အစိုးရပစ္စည်းခိုးထုတ်ခြင်းမှာ မောင်အောင်သန်း၏ ဆောင်ရွက်ရန် လုပ်ငန်းမဟုတ်ချေ။ အလုပ်နှင့် ပတ်သက်၍ ပေါ်

ပေါက်လာသော ဆောင်ရွက်ချက်များနှင့် ပတ်သက်မှသာလျှင် အလုပ်ရှင်တွင် တာဝန်ရှိနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ပုသိမ်မြို့ အလုပ်သမားလျော်ကြေး စစ်ဆေးရေး ကော်မတီက လျော်ကြေးငွေ ကျပ် ၂၀၀၀ ပေးစေရန် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်လိုက်သည်။ စရိတ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်းမပြု။

၁၉၇၅

ဦးတင်ကြွေး နှင့် မတင်စန်း ပါ ၂။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဒီဇဘာလ ၁၂ ရက်။

ဦးတင်မြင့်

နှင့်

ဒေါ်အေးကြည် ပါ ၂ *

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅၊ တရားရုံးချုပ်၏ အမိန့်အရ တရားရုံးများတွင် ဇာရီပြုလုပ်ခြင်းကို ဆိုင်းငံ့ထားခြင်း၊ ယင်းသို့ ဆိုင်းငံ့ထားခြင်းခံရသည့်အချိန်ကို ကာလစည်းကမ်းသတ် ရေတွက်ရာ၌ ထုတ်နုတ်ရခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင်တို့သည် ဇာရီမှုတင်သွင်းရန် သတ်မှတ်ထားသည့်စည်းကမ်းသတ်အချိန်အတောအတွင်း လျှောက်လွှာမတင်ခဲ့ခြင်းမှာ ယခင်တရားရုံးချုပ်၏ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့စွဲပါ ညွှန်ကြားချက်အရ ဥပစာများမှ ဖယ်ရှားသည့်အမိန့်ကို ဆိုင်းငံ့ထားခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် တရားရုံးများတွင် ဇာရီပြုလုပ်ခြင်းကို တရားရုံးချုပ်၏အမိန့်အရ ဆိုင်းငံ့ထားခြင်းဖြစ်သောကြောင့် ယင်းကဲ့သို့ ဆိုင်းငံ့ထားခြင်းခံရသည့်အချိန်ကို ကာလစည်းကမ်းသတ် ရေတွက်ရာ၌ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ အရ ထုတ်နုတ်ရမည်ဖြစ်သောကြောင့် အယူခံတရားပြိုင်များလျှောက်ထားခဲ့သည့် ဇာရီလျှောက်လွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိဟု ဆုံးဖြတ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင်၊ ဦးအုံးမောင်။

အယူခံတရားခံအတွက်။ ။အကျိုးဆောင်၊ ဦးဘညွန့်။

ယခင်ရန်ကုန်မြို့၊ တရားမရုံး တရားမကြီးမှုအမှတ် ၂၅၈/၆၃ တွင် အယူခံတရားပြိုင်တို့က အယူခံတရားလိုအား အခွင့်အမိန့်အရ နေထိုင်သူကို နှင်ထုတ်လိုမှုတမှုစွဲဆိုခဲ့သည်။ ယင်းအမှုတွင် ၁၉၆၃ ခုနှစ်၊ မေလ ၁၃ရက်နေ့က အယူခံတရားပြိုင်များ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ထို့နောက်အယူခံတရားပြိုင်တို့က ဇာရီမှုအမှတ် ၈၀၃/၆၄ ကို ဖွင့်လှစ် အရေးယူခဲ့၍ ၁၉၆၄ ခုနှစ်၊ မေလ ၇ ရက်နေ့က ထိုဇာရီကို ပိတ်ခဲ့သည်။ ဇာရီမှုကိုပိတ်ပြီး ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့က

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၄။

† ၁၉၇၄ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ် ၂ တွင် ရန်ကုန်တိုင်း(ပန်းဘဲတန်းမြို့နယ်)ပြည်သူ့တရားရုံး၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၅ ဦးတင်မြင့် နှင့် ဒေါ်အေးကြည် ပါ ၂။

အယူခံတရားပြိုင်တို့က အယူခံတရားလိုအား အခင်းဖြစ်အိမ်ကို ၁၃,၀၀ဝိ နှင့် ရောင်းရန် သဘောတူခဲ့သည်။ အယူခံတရားလိုတို့က အိမ်အဖိုးငွေ ၁၃,၀၀ဝိ ကို ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့နောက်ဆုံးထား၍ ပေးမည်။ မပေးနိုင်ပါက အိမ်ပေါ်မှ ဆင်းပေးမည်ဟု ကတိပြုခဲ့သည်။ အယူခံတရားလိုတို့သည် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ကျော်ခဲ့သော်လည်း အိမ်းဖိုးငွေ၁၃,၀၀ဝိ ကိုလည်း မပေး၊ အိမ်ပေါ်မှလည်းမဆင်းပေးသဖြင့် အယူခံတရားပြိုင်တို့က ကြည့်မြင်တိုင်မြို့နယ်တရားရုံး တရားမမှုအမှတ် ၂၁/၇၃ ကို ဖွင့်လှစ်အရေးယူခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ထိုတရားမမှုကို ခွင့်ပြုလိုက်ကြောင်း အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရာမအောင်မြင်သဖြင့် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

ဤအယူခံမှုတွင် အယူခံတရားလိုတို့က အချက်နှစ်ချက်တင်ပြသည်။ ပထမအချက်မှာ အယူခံတရားပြိုင်များတင်သွင်းသည့် တရားမလျှောက်လွှာမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဟု တင်ပြချက်ဖြစ်ပြီး၊ ဒုတိယအချက်မှာ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့က အယူခံတရားပြိုင်သည် အယူခံတရားလိုအား အခင်းဖြစ်အိမ်ကို ရောင်းရန်သဘောတူလိုက်သည့်အတွက် အယူခံတရားပြိုင်များရရှိထားသည့် အိမ်နှင်လိုမှု ဒီကရီကို အတည်မပြုနိုင်ဟု တင်ပြချက်ဖြစ်သည်။

အယူခံတရားပြိုင်တို့သည် တရားမမှုတင်သွင်းရန် သတ်မှတ်ထားသည့် စည်းကမ်းသတ်အချိန်အတောအတွင်း လျှောက်လွှာမတင်ခဲ့ခြင်းမှာ ယခင်တရားရုံးချုပ်၏ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့စွဲပါ ညွှန်ကြားချက်အရ ဥပစာများမှ ဖယ်ရှားသည့် အမိန့်ကို ဆိုင်းငံ့ထားခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် တရားရုံးများတွင် တရားမမှု ပြုလုပ်ခြင်းကို တရားရုံးချုပ်၏ အမိန့်အရ ဆိုင်းငံ့ထားခြင်းဖြစ်သောကြောင့် ယင်းကဲ့သို့ဆိုင်းငံ့ထားခြင်းခံရသည့် အချိန်ကာလစည်းကမ်းသတ် ရေတွက်ရာ၌ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၅ အရ ထုတ်နုတ်ရမည် ဖြစ်သောကြောင့် အယူခံတရားပြိုင်များ လျှောက်ထားခဲ့သည့် တရားမလျှောက်လွှာသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိဟု အဆုံးအဖြတ်ပေးသည်။

၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့က အယူခံတရားလိုတို့က အချင်းဖြစ် အိမ်ကို ၁၃,၀၀ဝိ နှင့် ဝယ်ရန် သဘောတူခဲ့ပြီး အယူခံတရားပြိုင်တို့ကလည်း ရောင်းရန် သဘောတူခဲ့သည်။ သို့သော် ထိုအခါက အယူခံတရားလိုတို့သည် အိမ်ဖိုးငွေ ၁၃,၀၀ဝိ ကို ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ပေးချေပါမည်ဟု ကတိပေးခဲ့သည့်အပြင် ထိုရက်အတွင်း အိမ်ဖိုးငွေ မပေးပါက အိမ်မှ ဆင်းပေးမည်ဟု ကတိ

ပေးခဲ့သည်။ အယူခံတရားလိုတို့သည် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ကျော်လွန်လာသော်လည်း အိမ်ဖိုးငွေ ၁၃,၀၀၀ မပေးသည့်အပြင် ဇာရီမှု ပြုလုပ်သည့်တိုင်အောင် အိမ်မှ ဆင်းမပေးခဲ့ချေ။ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ကျော်လွန်လာသည်အထိ အိမ်ဖိုးငွေ ၁၃,၀၀၀ ကို မပေးသဖြင့် အယူခံတရားလိုတို့သည် ကတိပဋိညာဉ်ကို ချိုးဖောက်ခဲ့သည်ဟုဆိုရပေမည်။ ထို့ကြောင့် အယူခံတရားပြိုင်တို့သည် မိမိတို့ရရှိထားသည့် ဒီကရီအရ အယူခံတရားလိုတို့အပေါ် ဇာရီမှု ဖွင့်၍ နှင်ထုတ်ပိုင်ခွင့်ရှိသည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်၏ တရားစရိတ်များကို အယူခံတရားလိုတို့က ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးဘွန်းအောင်ကျော်နှင့် ဦးစိုးလှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးထွန်း ပါ ၇

နှင့်

ဦးသန်းအောင် ပါ ၄ *

† ၁၉၇၁ ဇွန်လ ၄ ရက်။

တရားမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေများအပေါ် အခြေခံလျက် အဆုံးအဖြတ်ပေးရခြင်း၊ အချေလွှာတွင် တိကျစွာငြင်းဆိုထားခြင်းမရှိသည့်အချက်နှင့် ပတ်သက်၍ပေးသည့်လက်ရေးလက်ဗွေပါရဂူ့ဘို၏ သက်သေခံချက်ကိုလက်ခံရန် သင့် မသင့်။

ဆုံးဖြတ်ချက်။ ။တရားမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေပါ အချက်များကိုအခြေခံလျက် အဆုံးအဖြတ်ပေးရမည်သာဖြစ်ပေသည်။ ထို့ကြောင့် အယူခံတရားလိုများသည် ၎င်းတို့၏ ချေလွှာတွင် မွေးစားစာချုပ်ပေါ်ရှိ လက်မနှင့်လက်ဗွေတို့မှာ ဦးမောင်မောင်၏ လက်မနှင့် လက်ဗွေမဟုတ်ဟု တိကျစွာငြင်းဆိုထားခြင်းမရှိသည့်အတွက် ဦးမောင်မောင်၏ လက်မှတ်မဟုတ် လက်ဗွေမဟုတ်ဟု တင်ပြထားသည့် လက်ရေးလက်ဗွေပါရဂူတို့၏သက်သေခံချက်များကို လက်မခံသင့်ပေ။ အမှုဆုံးဖြတ်ရာ၌ ထည့်သွင်းမစဉ်းစားသင့်ပေ။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးချို။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးလှသိန်း။

အယူခံ တရားပြိုင် ဦးသန်းအောင်ပါ ၄ ဦးတို့က အယူခံတရားလို ဦးထွန်းပါ ၇ ဦးတို့အပေါ် အချင်းဖြစ်သည့် ရန်ကုန်မြို့၊ ကန်တော်မင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄ မြေကွက်အမှတ် ၂၈၊ အေ၊ ဧရိယာဒသမ ၃၃၅ ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဆင်းဒဝပ်လမ်း၊ အမှတ် ၆၈ ဟုခေါ်တွင်သည့် ၂ ထပ်တိုက်နှင့် ၎င်းနှင့်စပ်လျဉ်းသော အဆောက်အဦးယ်များသည် အယူခံ တရားပြိုင်များ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာချက် ဒီကရီရလိုမှု စွဲဆိုခဲ့သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၉။

† ၁၉၇၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂ တွင် တရားရုံးချုပ်၊ မူလဘက် ဌာနခွဲ (၁) ရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅ ဦးထွန်းပါ ၇ နှင့် ဦးသန်းအောင် ပါ ၄။

အခင်းဖြစ်သည့်မြေနှင့် အဆောက်အဦတို့ကို မူလက မြန်မာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့် ဦးမောင်မောင်နှင့်ဇနီး ဒေါ်သန့် (ကွယ်လွန်သူများ) ပိုင်ဆိုင်ခဲ့ကြောင်း၊ အယူခံတရားပြိုင် အမှတ် (၂) မညွန့်ညွန့်သည် ဒေါ်သန့်၏ တူမဖြစ်၍ အယူခံတရားပြိုင်အမှတ် (၃) ဦးသန်းရွှေသည် ဦးမောင်မောင်၏ တူဖြစ်ကြောင်း၊ အယူခံတရားပြိုင်အမှတ် (၁) ကိုသန်းအောင်မှာ မညွန့်ညွန့်၏ ခင်ပွန်းဖြစ်၍အယူခံတရားပြိုင်အမှတ် (၄) မသန်းနုစ်မှာ ကိုသန်းရွှေ၏ဇနီး ဖြစ်ကြောင်း၊ ဦးမောင်မောင်နှင့် ဒေါ်သန့်တို့တွင် သားသမီး အရင်းအချာ မထွန်းကားခဲ့ကြောင်း၊ ဒေါ်သန့်မှာ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး၊ ဦးမောင်မောင်သည် ၁၉၇၀ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဦးမောင်မောင်ကွယ်လွန်အနိစ္စ မရောက်ခင် ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က မှတ်ပုံတင် စာချုပ်ဖြင့် အယူခံတရားပြိုင် လေးဦးတို့အား အမွေစား အမွေခံ ကိတ္တိမ သားသမီးများအဖြစ် မွေးစားခဲ့ကြောင်း၊ အချင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍အယူခံတရားပြိုင်များကပိုင်ဆိုင်သည် ဆိုခြင်းကို အယူခံတရားလိုတို့က နှိုးတစ်စာပေး၍ ကန့်ကွက်ခဲ့သဖြင့်၊ ဤအမှုကို စွဲဆိုရခြင်းဖြစ်ကြောင်း၊ အယူခံ တရားပြိုင်များက ၎င်းတို့၏အဆိုလွှာတွင် ဖော်ပြခဲ့သည်။

အယူခံတရားလိုများက အယူခံတရားပြိုင် အမှတ် (၂) မညွန့်ညွန့်နှင့် အယူခံတရားပြိုင်အမှတ် (၃) ကိုသန်းရွှေတို့မှာ ဒေါ်သန့်၏ တူမနှင့် ဦးမောင်မောင်၏ တူများ မဟုတ်ကြောင်း၊ အယူခံတရားပြိုင်တို့ကို ဦးမောင်မောင်က ကိတ္တိမ သားသမီးများအဖြစ် မွေးစားခြင်းကို မသိသည့်အတွက် ငြင်းဆိုကြောင်း၊ အယူခံတရားပြိုင်များကို ဦးမောင်မောင်က ကိတ္တိမ သားသမီးများအဖြစ် မွေးစားသည့် စာချုပ်မှာ မတရားသြဇာ လွှမ်းမိုးချယ်လှယ်ပြီး ချုပ်ဆိုသည့် စာချုပ်ဖြစ်ကြောင်း စသည်ဖြင့် ထုချေခဲ့သည်။

မူလရုံးက အဆိုအချေများပေါ် မူတည်၍ ကောက်ချက်လေးခု ထုတ်ဆိုပြီး၊ အယူခံ တရားပြိုင်တို့ စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဤအယူခံမှုနှင့် ပတ်သက်၍ ကြားနာရန် ချိန်းဆိုပြီးနောက် အယူခံ တရားလိုများက ဦးမောင်မောင်၏ လက်မှတ်နှင့် လက်မဗွေတို့ ပါရှိသည့် မှတ်ပုံတင်အမှတ် ၆၇၅/၆၁ အရောင်းအဝယ် စာချုပ်ကို လက်ရေးလက်ဗွေ ပါရဂူများထံသို့ ပေးပို့၍ နောက်ထပ်အပို သက်သေခံချက် တင်သွင်းခွင့် လျှောက်လွှာတစောင်ကို တရားမ ကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၇ အရ တင်သွင်းခဲ့သည်။ ဤလျှောက်လွှာနှင့် ပတ်သက်၍ ပထမဦးစွာ အဆုံးအဖြတ် ပေးရလိမ့်မည်။

၁၉၇၅

ဦးထွန်း ပါ ၇ နှင့် ဦးသန်းအောင် ပါ ၄။

တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇ (၁)အရ အယူခံမှုတွင် စည်သည့်ဘက်ကမှ အပိုသက်သေခံချက် တင်သွင်းပိုင်ခွင့် မရှိစေရဟု ပြဆိုထားသည်။ သို့ရာတွင် ခြွင်းချက်အားဖြင့် တဘက်က တင်သွင်းသည့် သက်သေခံချက်ကိုမူ ရုံးက ငြင်းပယ်ခဲ့လျှင်သော်လည်းကောင်း၊ သို့မဟုတ် အယူခံရုံးက အဆုံးအဖြတ်ပေးနိုင်ရန် အပိုသက်သေခံချက် လိုအပ်သည်ဟု ယူဆခဲ့လျှင်သော်လည်းကောင်း အယူခံရုံးက ထိုသက်သေခံချက်နှင့် ပတ်သက်၍ ထပ်မံ စစ်ဆေးနိုင်သည်ဟု ဖော်ပြထားသည်။ ယခု အယူခံတရားလိုတို့ တင်သွင်းလိုသော အရောင်းအဝယ် စာချုပ်မှာ မူလရုံးတွင် တင်သွင်းခွင့် တောင်းခဲ့သော စာချုပ်မဟုတ်ပေ။ ထို့အပြင် ဤစာချုပ် မရှိပဲလည်း ဤအယူခံမှုကို အဆုံးအဖြတ် ပေးရန်အတွက် သက်သေခံချက် အလုံအလောက်ရှိသည်ဟု ယူဆသည်။ သို့ဖြစ်၍ အယူခံတရားလိုတို့ တင်သွင်းသည့် လျှောက်လွှာကို ပလပ်လိုက်သည်။

ဤအယူခံမှုတွင် ဆုံးဖြတ်ရန် အဓိကအချက်မှာ အယူခံတရားပြိုင် လေးဦးတို့ကို ဦးမောင်မောင်က ကိတ္တိမသားသမီးများအဖြစ် မွေးစားသည့်စာချုပ် ချုပ်ဆိုစဉ်အခါက မတရားသြဇာ လွှမ်းမိုးချယ်လှယ်ပြီး ချုပ်ဆိုခဲ့ခြင်းဟုတ် မဟုတ်ဟူသော အချက်ဖြစ်သည်။

ဦးမောင်မောင်က အယူခံတရားပြိုင်တို့ကို ကိတ္တိမသားသမီးများအဖြစ် မွေးစားသည့်စာချုပ်သည် သက်သေအထောက်အထားများအရ ဥပဒေအရ လုပ်ရိုးလုပ်စဉ်အတိုင်း မှတ်ပုံတင်အရာရှိရုံးတွင် မှတ်ပုံတင်ထားသည့် စာချုပ်ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ယင်းစာချုပ်ပေါ်တွင် ဦးမောင်မောင်မသေခင်က ၎င်းကိုဆေးကုလာသည့် ဆရာဝန်ကြီး ဒေါက်တာ ဦးရန်ရှင်းက သက်သေတဦးအဖြစ်ဖြင့် လက်မှတ်ထိုးထားကြောင်း လာ၍သက်သေခံခဲ့သည်။ ဒေါက်တာရန်ရှင်းက ယင်းမွေးစား စာချုပ်ပေါ်တွင် ၎င်းရှေ့၌ ဦးမောင်မောင်သည် လက်မှတ်ထိုး၍ လက်ဗွေပုံစံနှိပ်ကြောင်း သက်သေခံသွားသည်။ ယင်းကဲ့သို့ လက်မှတ်ထိုးစဉ် အခါက ဦးမောင်မောင်သည် အခြားသူတဦး၏ သြဇာ လွှမ်းမိုး၍ ချယ်လှယ်ခြင်းကြောင့် လက်မှတ်ထိုးရသည်ဟု ဒေါက်တာ ရန်ရှင်း၏ ထွက်ဆိုချက်တွင် မတွေ့ရှိသည့်အပြင် ဤကဲ့သို့ ဦးမောင်မောင်အား သြဇာလွှမ်းမိုး ချယ်လှယ်ပြီး စာချုပ်ကို လက်မှတ်ထိုးစေခဲ့သည်ဟု အယူခံတရားလိုများအနေနှင့် လက်ခံနိုင်လောက်သည့် သက်သေအထောက်အထားလည်း တင်ပြထားခြင်း မရှိပေ။ သို့ဖြစ်၍ အယူခံတရားပြိုင်များအား ဦးမောင်မောင်က ကိတ္တိမ သားသမီးများအဖြစ် မွေးစား၍ ချုပ်ဆိုသည့် စာချုပ်မှာ မတရားသြဇာ လွှမ်းမိုးချယ်လှယ်၍ ချုပ်ဆိုသည့် စာချုပ်မဟုတ်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။

၁၉၇၅
ဦးထွန်း ပါ ၇ နှင့် ဦးသန်းအောင် ပါ ၄။

ယင်းစာချုပ်ပေါ်တွင် ဦးမောင်မောင်ထိုးထားသည့် လက်မှတ်နှင့် နှိပ်ထားသည့် လက်ဗွေပုံစံတို့မှာ ဦးမောင်မောင်၏ လက်မနှင့် လက်ဗွေပုံစံမဟုတ်ကြောင်း အယူခံတရားလိုတို့က လက်ရေးနှင့် လက်ဗွေပါရဂူတို့ကို သက်သေထူခဲ့သည်။ လက်ရေးနှင့် လက်ဗွေပါရဂူများ၏ သက်သေခံချက်မှာ ကော်ဒိဌ မှန်သည်ဟု မူလရုံးက မယူဆသဖြင့် ထိုသက်သေခံချက်ကို ပယ်သည်။ မူလရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိဟုကျွန်ုပ်တို့ယူဆသည်။လက်ရေးနှင့် လက်ဗွေပါရဂူပညာရှင်များ၏ထွက်ဆိုချက်များမှာထင်မြင်ချက်များသာ ဖြစ်သည်။လက်ရေးနှင့် လက်ဗွေစစ်ဆေးသည့်ပညာမှာ လုံးဝဥဿုံတိကျမှန်ကန်သည်ဟုမဆိုနိုင်သေးချေ။ထို့ကြောင့် လက်ရေးနှင့် လက်ဗွေ ပါရဂူများ၏ ထင်မြင်ချက်မှာ မည်သို့ပင် ရှိစေကာမူ အခြားဆီလျော်သည့် လက်ခံနိုင်လောက်သော သက်သေ အထောက်အထားရှိလျှင် လက်ရေးနှင့် လက်ဗွေပါရဂူတို့၏ သက်သေခံချက်ကို လက်မခံဘဲ နေနိုင်သည်။ ဤအမှုတွင် ဦးမောင်မောင် လက်မှတ်ထိုးစဉ်နှင့် လက်ဗွေပုံစံ နှိပ်စဉ်အခါက အနားတွင် ရှိနေသူ ဒေါက်တာ ဦးရန်ရှင်းကိုယ်တိုင်က ၎င်းရှေ့တွင် လက်မှတ်ထိုးသည်၊လက်ဗွေပုံစံ နှိပ်သည်ဟု ထွက်ဆိုထားသည်။ ဒေါက်တာ ဦးရန်ရှင်းကဲ့သို့ ပုဂ္ဂိုလ်ကြီး တဦးအနေနှင့် တရားရုံးတွင် မတရား လိမ်လည်ထွက်ဆိုရန် အကြောင်းမရှိပေ။

ဤအမှုတွင် လက်ရေးနှင့် လက်ဗွေပါရဂူများကို ခေါ်၍ စစ်ဆေးရန် အကြောင်းပင် မပေါ်ပေါက်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားပြိုင်တို့ တင်သွင်းသည့် ချေလွှာတွင် ဦးမောင်မောင်က အယူခံတရားပြိုင်တို့ကို ကိတ္တိမသားသမီးများအဖြစ် မွေးစားသည့် စာချုပ်ပေါ်တွင် ထိုးထားသည့် လက်မှတ်များသည် ဦးမောင်မောင်၏ လက်မှတ်မဟုတ်၊ လက်ဗွေပုံစံ မဟုတ် အတုများဖြစ်သည်ဟု ထုချေထားခြင်း မရှိသောကြောင့် ဖြစ်သည်။

တရားမမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေပါ အချက်များကို အခြေခံလျက် အဆုံးအဖြတ် ပေးရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် အယူခံ တရားလိုများသည် ၎င်းတို့၏ ချေလွှာတွင် မွေးစား စာချုပ်ပေါ်ရှိ လက်မနှင့် လက်ဗွေ တို့မှာ ဦးမောင်မောင်၏ လက်မနှင့် လက်ဗွေမဟုတ်ဟု တိကျစွာ ငြင်းဆိုထားခြင်း မရှိသည့်အတွက် ဦးမောင်မောင်၏ လက်မှတ်မဟုတ်၊ လက်ဗွေ ဟုတ် မဟုတ်ဟု ထင်ပြထားသည့် လက်ရေး လက်ဗွေ ပါရဂူတို့၏ သက်သေခံချက်များကို လက်မခံသင့်ပေ။ အမှုဆုံးဖြတ်ရာ၌ ထည့်သွင်းမစဉ်းစားသင့်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးထွန်းစိန် (ကွယ်လွန်) ၎င်း၏တရားဝင် ကိုယ်စားလှယ် ဇနီး ဒေါ်အုံးစိန်

နှင့်

ဦးအောင်ပွင့် *

† ၁၉၇၅ မတ်လ ၅ ရက်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(စ)၊ အကြောင်းအားလျော်စွာရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုခြင်းဖြစ်ကြောင်း အထောက်အထားပြရန်လိုအပ်ခြင်း၊ ယင်းအချက်မှာ အကြောင်းခြင်းရာအချက်အလက်များနှင့် ဥပဒေအချက်တို့ ရောယှက်နေခြင်း ရှိမရှိ၊ အယူခံတရားလိုက မိမိ၏အိမ်ကို ရောင်းမည်ဟု ပြောမိခဲ့သောအချက်ပေါ် မူတည်ဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းချွတ်ချော်နေခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (စ) အရစွဲဆိုသည့်အမှုတွင် အဒိကသုံးသပ်ရန်အချက်မှာ အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့်မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက်သက်သက်ရယူလိုခြင်းဟုတ်မဟုတ် ဟူသောအချက်ဖြစ်သည်။ ယင်းအချက်မှာအကြောင်းခြင်းရာသက်သက်မဟုတ်ပေ။ အကြောင်းအခြင်းအရာ အချက်အလက်များနှင့် ဥပဒေအချက်တို့ရောယှက်နေပေသည်။ ဥပဒေကအကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုသည်ဟု အိမ်ရှင်က အထောက် အထားရှိလျှင်မိမိ၏အိမ်ကိုပြန်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။အယူခံတရားလိုတွင် အခြားနေစရာအိမ်ရှိသည်ဟု အယူခံတရားပြိုင်က လက်ခံနိုင်လောက်သည့် အထောက်အထားမတင်ပြနိုင်ချေ။ ထို့ကြောင့် အယူခံတရားလိုက အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက်အခင်းဖြစ်အိမ်ကို ပြန်လည်ရယူလိုသည်ဟု တင်ပြချက်ကိုလက်ခံသည်။ ထို့ကြောင့် အမှုတွင် အယူခံတရားလိုသည် မိမိ၏အိမ်ကိုရောင်းမည်ဟု ပြောမိခဲ့သောအချက်ပေါ် မူတည်၍ ၎င်းသည် သဘောရိုးဖြင့် ကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရယူလိုခြင်းမှာ မမှန်ဟု မူလရုံးနှင့် ပထမအယူခံရုံးတို့၏ဆုံးဖြတ်ချက်မှာ ဥပဒေအရမှားယွင်းချွတ်ချော်နေသည်ဟုဆိုရပေမည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၀။

† ၁၉၇၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ တွင် ရန်ကုန်တိုင်း ပြည်သူ့တရားရုံး (ပုဇွန်တောင်မြို့နယ် ရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

† ၁၉၇၅ အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးအေး (ခ) ဦးနေပြည်သိန်း။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးဝင်းဖေ။

ဦးထွန်းစိန် (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားလှယ် ဇနီး ဒေါ်အုံးစိန် နှင့် ဦးအောင်ပွင့်။

ကွယ်လွန်သူ ဦးထွန်းစိန် ဆိုသူသည် ရန်ကုန်မြို့၊ အမှတ် ၆၅၊ အောက်ပုဇွန်တောင်လမ်းရှိ အိမ်ကို ပိုင်ခဲ့သည်။ ဦးထွန်းစိန်သည် မြန်မာနိုင်ငံ မီးရထားဌာနတွင် အလုပ်လုပ်နေစဉ်အတွင်းက မီးရထားဌာနမှ နေရန်အိမ် ရရှိခဲ့သဖြင့် အခင်းဖြစ်သည့် အထက်ဖော်ပြပါအိမ်ကို အယူခံတရားပြိုင်ဦးအောင်ပွင့်အား ငှားခဲ့သည်။

ဦးထွန်းစိန်သည် ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်နေသည့်အတွင်း နာမကျန်းဖြစ်လာသည့်အတွက် မီးရထားဌာနမှ အငြိမ်းစားယူလိုက်သည့်အခါ အငြိမ်းစားလစာ တလ ၉၀ ကျပ် ရရှိခဲ့သည်။

အငြိမ်းစား ယူလိုက်သည့်အတွက် ဦး ထွန်းစိန်သည် မီးရထားဌာနမှ နေခွင့်ရရှိသည့် အိမ်မှ ဖယ်ရှားပေးရမည် ဖြစ်သဖြင့် အခင်းဖြစ်အိမ်ကို မိမိကိုယ်တိုင် နေရန်အတွက် ဦးအောင်ပွင့်အား ဖယ်ရှားပေးရန် စကားကမ်းလှမ်းခဲ့သည်။ ဦးအောင်ပွင့်က ငြင်းဆိုသည့်အတွက် ဦးထွန်းစိန်သည် ဦးအောင်ပွင့်အပေါ် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ) အရ၊ တရားစွဲဆိုခဲ့သည်။

မူလရုံးဖြစ်သည့် ပုဇွန်တောင်မြို့နယ် တရားရုံးက အမှုကို စစ်ဆေးပြီး ဦးထွန်းစိန်သည် အခင်းဖြစ်အိမ်ကို သဘောရိုးဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ပြန်လိုချင်သည်ဆိုခြင်းမှာ မမှန်ဟု ဆုံးဖြတ်ပြီး အမှုကို ပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့အယူခံဝင်ရာ အရေးနိမ့်ခဲ့သဖြင့် ဤဒုတိယအယူခံမှုတင်ခြင်းဖြစ်သည်။ ဦးထွန်းစိန်သည်ဤအယူခံမှု အတောအတွင်းသေဆုံးသွားသည့်အတွက် ၎င်း၏ ဇနီးကို တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်း၍ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဦးထွန်းစိန်သည် အခင်းဖြစ်အိမ်ကို သဘောရိုးဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် လိုအပ်ကြောင်းမှာ မဟုတ်မမှန်ဟု မူလရုံးနှင့် ပဌမအယူခံရုံးတို့က ဆုံးဖြတ်ရာ၌ အမှုမှ ပေါ်ထွက်လာသည့် အကြောင်းခြင်းရာ အချက်အလက်များပေါ် သုံးသပ်၍ အဆုံးအဖြတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ မူလရုံးနှင့် ပဌမ အယူခံရုံးတို့သည် အကြောင်းအခြင်းအရာ အချက်အလက်များပေါ် တွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်တို့မှာ ထပ်တူထပ်မျှ ဖြစ်နေသည့်အတွက် ဒုတိယအယူခံမှုတွင် ယင်းတွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် မသင့်ပါဟု အယူခံ တရားပြိုင်၏ အကျိုးဆောင်က တင်ပြလေသည်။

၁၉၇၅

ဦးထွန်းစိန် (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားလှယ် ဇနီး ဒေါ်အုံးစိန် နှင့် ဦးအောင်ပွင့်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ)တွင် အောက်ပါအတိုင်း ပါရှိသည်—

"ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် အဆောက်အဦ၊ သို့တည်းမဟုတ် အဆောက်အဦ အစိတ်အပိုင်းကို၊ ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုး ဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် သက်သက် ရယူလို၍၊ ဆိုခဲ့သည့် ဥပစာ၌ မိမိကိုယ်တိုင် နေထိုင်ပါမည်ဟူ၍၎င်း၊ ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့်နေ့ရက်ကစ၍ သုံးလအတွင်း ထိုကိစ္စကိုပြီးစီးအောင် ဆောင်ရွက်ပါမည် ဟူ၍၎င်း၊ တရားရုံး သင့်သည် ထင်မြင်သည့် ငွေအရေအတွက် ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ"

ဤကဲ့သို့ ပုဒ်မ ၁၂(၁)(စ) အရ စွဲဆိုသည့်အမှုတွင် အဓိက သုံးသပ်ရန်အချက်မှာ အကြောင်း အားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလိုခြင်း ဟုတ်-မဟုတ်ဟူသော အချက်ဖြစ်သည်။ ယင်း အချက်မှာ အကြောင်းခြင်းရာ သက်သက် မဟုတ်ပေ၊ အကြောင်းခြင်းရာ အချက် အလက်များနှင့် ဥပဒေအချက်တို့ ရောယှက်နေပေသည်။

အယူခံတရားပြိုင်က ဦးထွန်းစိန်သည် အခင်းဖြစ်အိမ်ကို ရောင်းမည်ဟု ပြော ကြောင်း တင်ပြချက်ကို မူလရုံးနှင့် အယူခံရုံးတို့က လက်ခံပြီး ယင်းကဲ့သို့ ရောင်းမည်ဟု ပြောသည့် ဦးထွန်းစိန်သည် အခင်းဖြစ်အိမ်ကို သဘောရိုးဖြင့် မိမိကိုယ်တိုင် နေရန် အတွက် ပြန်ရလိုပါသည်ဟု အဆိုပြုချက်များ မမှန်ဟုဆုံးဖြတ်ခြင်းဖြစ်သည်။

ဥပဒေက အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလိုသည်ဟု အိမ်ရှင်က အထောက်အထား ရှိလျှင် မိမိ၏အိမ်ကို ပြန်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ယခုအမှု တွင် ဦးထွန်းစိန်က အယူခံတရားပြိုင်ကို ငွေ ၃၀၀၀ ကျပ်နှင့် အိမ်ကို ရောင်းမည်ဟု ပြောခဲ့သည်ဆိုစေကာမူ၊ ယင်းကဲ့သို့ရောင်းမည်ဟု ပြောခဲ့ခြင်းကြောင့် ဦးထွန်းစိန်သည် အခင်းဖြစ်အိမ်ကို ရိုးဖြောင့်သော သဘောဖြင့် ကိုယ်တိုင်နေရန် မဟုတ်ဟု မဆိုနိုင်ချေ။ ဥပဒေက ပြဋ္ဌာန်းထားသည့် အချက်များနှင့် ကိုက်ညီလျှင် ပြန်ရထိုက်သည်။

လူမှုရေးကော်မတီတွင် နေစရာမရှိ၍ အိမ်ပြန်ရလိုကြောင်း ဦးထွန်းစိန်က တိုင် ကြားခဲ့သည်။ အယူခံတရားပြိုင် ဦးအောင်ပွင့်က ဖယ်ရှား မပေးနိုင်ဟု ငြင်းဆိုခဲ့ သဖြင့် ၃၀၀၀ ကျပ်နှင့် ဦးအောင်ပွင့်အား ဦးထွန်းစိန်က ဝယ်လျှင်ရောင်းမည်ဟု ပြော ကြောင်း ဦးအောင်ပွင့်က ထွက်ဆိုထားသည်။ ဦးထွန်းစိန်က ဦးအောင်ပွင့်အား

၁၉၇၅

ဦးထွန်းစိန်
(ကွယ်လွန်)
၎င်း၏ တရားဝင်
ကိုယ်စားလှယ်
ဇနီး ဒေါ်အုံးစိန်
နှင့်
ဦးအောင်ပွင့်။

အိမ်ကို ဖယ်ခိုင်း၍ မရသဖြင့် ရောင်းမည်ဟု ပြောခြင်း ဖြစ်ပါသည်ဟု တရားပြိုင်ပြ သက်သေ ဒေါ်ခင်ယုံကလည်း ဝန်ခံထားသည်။ ထို့ကြောင့် အိမ်မှ ဖယ်မပေးသည့် အတွက် ဦးအောင်ပွင့်အားရောင်းမည်ဟု ပြောခြင်းမျှသာဖြစ်ကြောင်းထင်ရှားသည်။ ဤကဲ့သို့အိမ်ကို ရောင်းမည်ဟု ပြောခြင်းကြောင့် မိမိအိမ်ကို မိမိကိုယ်တိုင် နေထိုင်ရန် အတွက်ပြန်၍တောင်းဆိုခြင်းမှာ မရိုးသောသဘောဖြင့် တောင်းဆိုခြင်း ဖြစ်သည်ဟု မဆိုနိုင်ပေ။

ဦးထွန်းစိန်သည် နာမကျန်းဖြစ်ခဲ့ခြင်းကြောင့် ပင်စင်ယူရကြောင်းမှာ အငြင်း မထွက်ချေ။ ဤကဲ့သို့ ပင်စင်ယူလိုက်သည့်အတွက် မီးရထားဌာနမှ နေခွင့်ပြုထားသည့် အိမ်မှ ဖယ်ရှားပေးရမည်မှာလည်း အငြင်းမထွက်ချေ။ ဦးထွန်းစိန်တွင် အခြား နေစရာ အိမ်ရှိသည်ဟု အယူခံတရားပြိုင်က လက်ခံနိုင်လောက်သည့် အထောက်အထား မတင်ပြ နိုင်ချေ။ ထို့ကြောင့် ဦးထွန်းစိန်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘော ဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက် အခန်းဖြစ်အိမ်ကို ပြန်လည် ရယူလိုသည်ဟု တင်ပြချက်ကို ကျွန်ုပ်တို့ လက်ခံသည်။

ထို့ကြောင့် ဤအမှုတွင် ဦးထွန်းစိန်သည် မိမိ၏အိမ်ကို ရောင်းမည်ဟု ပြောမိခဲ့ သော အချက်ပေါ် မူတည်၍ ၎င်းသည် သဘောရိုးဖြင့် ကိုယ်တိုင် နေထိုင်ရန်အတွက် ပြန်လိုခြင်းမှာ မမှန်ဟု မူလရုံးတွင် ပထမ အယူခံရုံးတို့၏ဆုံးဖြတ်ချက်မှာ ဥပဒေအရ မှားယွင်း ချွတ်ချော်နေသည်ဟု ဆိုရပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြုသည်။ မူလရုံးနှင့် ပထမအယူခံရုံးတို့တွင် စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလို စွဲဆိုသည့်အမှုတွင် စွဲဆိုသည့် အတိုင်း ဒီကရီချမှတ် ပေးလိုက်သည်။ အယူခံတရားပြိုင် သည် အယူခံတရားလိုအား တရားရုံးအဆင့်ဆင့်တို့မှ စရိတ်တို့ကို ပေးရန် အမိန့်ချမှတ် သည်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(စ) အရ၊ လိုအပ်သည့်ခံဝန် ချုပ်ဆိုရန်အတွက် မူလရုံးက ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြား လိုက်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးထွန်းရွှေ

နှင့်

ဒေါ်စောတင် ပါ ၂ *

† ၁၉၇၅

အောက်တိုဘာ လ ၃၀ ရက်။

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ (၁) လျော်ကြေးစိစစ်ရေး ကော်မတီ၏စီရင်ပိုင်ခွင့် အာဏာ ယင်းပုဒ်မ၏ ခြွင်းချက်အရ စီရင်ပိုင်ခွင့်ရှိသော ကော်မတီ လျော်ကြေးရထိုက်သူမှာ ရေလုပ်သားဖြစ်လျှင်၊ ရေယာဉ်ပိုင်ရှင်နေထိုင်သည့် ဒေသအတွက် ကော်မတီက စီရင်ပိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၁ (၁) အရ၊ အလုပ်သမားတဦး ထိခိုက်ဒဏ်ရာရရှိသည့် ဒေသအတွက် ခန့်အပ်ထားသည့် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီကသာ ယင်းကိစ္စနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်အာဏာရှိသည်ဟုပြဋ္ဌာန်းထားသည်။သို့သော် ပုဒ်မ ၂၁ (၁) ခြွင်းချက်အရ၊အလုပ်သမားတဦးမှာ ရေလုပ်သားဖြစ်လျှင် ရေယာဉ်ပိုင်ရှင်နေသည့် ဒေသအတွက် အာဏာရှိသည့်အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီက အမှုကို စီရင်ပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သေသူ မောင်ထွန်းရွှေမှာ ရေလုပ်သားတဦးဖြစ်ပြီး ဦးထွန်းရွှေသည် ခရမ်းမြို့တွင် နေသူတဦးဖြစ်သဖြင့်၊ ဤအမှုကို ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီက စီရင်ပိုင်ခွင့်အာဏာရှိသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးကျော်ဒင် (၃)။

အယူခံတရားခံများအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာ အက်စ်၊ကော၊ ဂိုရှ် ဦးတင်ရီ (ပြိုင် ၁ အတွက်)။

ဦးလှသည် သင်ပေါင်းသားများခုတ်ရန် “စိန်ပန်း” အမည်ရှိ မော်တော်ဖြင့် လပွတ္တာမြို့အပိုင် ပင်လယ်ဘက်သို့ အလုပ်သမား မောင်ထွန်းရွှေနှင့် အပေါင်းအဖော် များကို ငှားရမ်း ခေါ်ဆောင်သွားခဲ့သည်။ သင်ပေါင်းခုတ်နေစဉ် မောင်ထွန်းရွှေ

† ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၃။

* ၁၉၇၀ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၁၂၈ တွင် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၅ ဦးထွန်းရွှေ နှင့် ဒေါ်စောတင် ပါ ၂။

သည် သင်ပေါင်းဆူးစူးပြီး အဖျားဝင်၍သေဆုံးခဲ့လေသည်။ မောင်ထွန်းရွှေ၏ မိခင်ဖြစ်သူ အယူခံတရားပြိုင် အမှတ်(၁)ကငင်း၏သား သေဆုံးမှုအတွက် အလုပ်ရှင်ဖြစ်သည့် အယူခံတရားလို ဦးထွန်းရွှေထံမှ လျော်ကြေးတောင်းဆိုခဲ့သည်။ ဦးထွန်းရွှေက သေဆုံးသူ မောင်ထွန်းရွှေမှာ ၎င်း၏အလုပ်သမား မဟုတ်သဖြင့် လျော်ကြေးပေးရန် တာဝန်မရှိကြောင်းထုချေခဲ့သည်။ သို့သော် ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီက အမှုကိုစစ်ဆေးပြီး ဦးထွန်းရွှေက ဒေါ်စောတင်အား အလုပ်သမား လျော်ကြေး၅၄၀၀ ကျပ် ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၃၀ အရ၊ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဦးထွန်းရွှေဘက်က ဤအယူခံမှုတွင် အဓိကအချက်များ အနေနှင့် "စိန်ပန်း" မော်တော်ဖြင့် သင်ပေါင်းသား သွားခုတ်သည့် လုပ်ငန်းမှာ ၎င်း၏လုပ်ငန်း မဟုတ်ပါ။ ဦးလှ၏လုပ်ငန်းဖြစ်ပါသည်။ မောင်ထွန်းရွှေမှာလည်း ၎င်း၏ အလုပ်သမားမဟုတ်ရပါ၊ မောင်ထွန်းရွှေသည် လပွတ္တာမြို့နယ်နိမိတ်အတွင်းတွင် ထိခိုက်ဒဏ်ရာရပြီး သေဆုံးခဲ့သည့်အတွက် ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက ဤအမှုကို စစ်ဆေးဆုံးဖြတ်ရန် အာဏာမရှိပါ။ ဤအမှုစွဲဆိုရာ၌လည်း ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဖြစ်ကြောင်းဖြင့် တင်ပြသည်။

ဦးလှက အလုပ်မှာ ၎င်း၏ကိုယ်ပိုင် လုပ်ငန်းဖြစ်ကြောင်း၊ ၎င်းသာလျှင်သေသူအပါအဝင်အလုပ်သမားများကို ငှားရမ်းခြင်း ဖြစ်ကြောင်း ထွက်ဆိုထားသော်လည်း၊ ၎င်းအားပြန်လှန် မေးခွန်းထုတ် လိုက်သည့်အခါ ၎င်းသည် ဦးထွန်းရွှေ၏ ငွေပင်ငွေရင်းဖြင့် ဦးထွန်းရွှေ၏ ကိုယ်စားလှယ်အဖြစ် အလုပ်လုပ်ရသူ ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဦးလှက သင်ပေါင်းသား သွားခုတ်သည့် လုပ်ငန်းအတွက် ဦးထွန်းရွှေထံမှငွေ ၃၀၀၀ ကျပ် ရယူပြီးထိုငွေဖြင့် အလုပ်သမားများကို လုပ်ခစရိတ်ငွေများ ပေးကြောင်း၊ အခြားစရိတ်စခများအတွက် အသုံးပြုကြောင်း ဝန်ခံထားသည့် အပြင် ထိုငွေဖြင့်လုပ်ကိုင်ရရှိသော သင်ပေါင်းသားများ အားလုံးကိုလည်း ဦးထွန်းရွှေထံသို့ ပို့ရကြောင်းဝန်ခံထားသည်။ ထို့အပြင် ဦးထွန်းရွှေထံမှ ယူသွားသည့်ငွေများအတွက် ဦးလှကအသေးစိတ် အသုံးစရိတ်များကိုလည်း တင်ပြခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့်လုပ်ငန်းမှာ ဦးထွန်းရွှေ၏ လုပ်ငန်းဖြစ်ကြောင်း ထင်ရှားသည်။ ဦးလှသည် ဦးထွန်းရွှေ၏ လုပ်ငန်းအတွက် ကွပ်ကဲအုပ်ချုပ်သူ ကိုယ်စားလှယ်အဖြစ်သာ ဆောင်ရွက်ခဲ့သူဖြစ်သည်။ သို့ဖြစ်၍ သေသူမောင်ထွန်းရွှေမှာ ဦးထွန်းရွှေ၏ အလုပ်သမားဖြစ်သည်ဟုကျွန်ုပ်တို့ယူဆသည်။

၁၉၇၅ ဦးထွန်းရွှေနှင့် ဒေါ်စောတင် ၂။

အလုပ်သမားလျော့်ကြေး ဥပဒေပုဒ်မ ၂၁ (၁) အရ၊ အလုပ်သမားတဦး၏ ထိခိုက်ဒဏ်ရာရရှိသည့် ဒေသအတွက် ခန့်အပ်ထားသည့် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီကသာ ယင်းကိစ္စနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်အာဏာ ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သို့သော် ယင်းပုဒ်မ ၂၁ (၁) ခြွင်းချက်အရ၊ အလုပ်သမား တဦးမှာ ရေလုပ်သားဖြစ်လျှင် ရေယာဉ်ပိုင်ရှင်နေသည့် ဒေသအတွက်အာဏာ ရှိသည့်အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီက အမှုကို စီရင်ပိုင်ခွင့် ရှိသည်ဟုပြဋ္ဌာန်းထားသည်။ သေသူမောင်ထွန်းရွှေမှာ ရေလုပ်သား တဦးဖြစ်ပြီး ဦးထွန်းရွှေသည် ခရမ်းမြို့တွင် နေသူတဦးဖြစ်သဖြင့် ဤအမှုကို ရန်ကုန်တိုင်းအလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက စီရင်ပိုင်ခွင့် အာဏာရှိသည်။

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၁၀ (၁) အရ၊ ထိခိုက်ဒဏ်ရာရရှိသော ကြောင့် အလုပ်သမားတဦး သေဆုံးလျှင် သေဆုံးသည့်နေ့မှ ၁၂ လအတွင်း လျော်ကြေးတောင်းခံရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် ၁၂ လကျော်မှ လျော်ကြေးတောင်းခံသည့်အတွက် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟု အယူခံတရားလိုဘက်က တင်ပြသည်။ ယင်းအလုပ်သမား လျော်ကြေး ဥပဒေပုဒ်မ ၁၀ (၁) ၏ခြွင်းချက်အရ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီသည် လက်ခံနိုင်လောက်သည့် အကြောင်းရှိသည်ဟု ယူဆပါက ၁၂ လကျော်လွန်သည့် လျော်ကြေးလျှောက်လွှာကို လက်ခံစဉ်းစား ဆုံးဖြတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီက ကာလစည်းကမ်းသတ်ကျော်လွန်နေသော်လည်း လက်ခံနိုင်လောက်သည့် အကြောင်းရှိသည်ဟုယူဆပြီးစစ်ဆေးဆုံးဖြတ်ခဲ့သည်။ ၎င်းတို့၏ ယူဆချက်ကို ကျွန်ုပ်တို့အနေနှင့်ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိချေ။

အထက်ဖေါ်ပြပါအကြောင်းများကြောင့် ဤအယူခံကို ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၅၀ိ ခွင့်ပြုသည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၇

ဇွန်လ ၁၉ ရက်။

နဒိန်းဆင် (ခ) ကရမ်ဆင်း

နှင့်

ဦးဘသော် *

အကြောင်းခြင်းရာနှင့် ပတ်သက်ပြီး၊ မူလရုံးနှင့်အယူခံရုံးတို့၏ ဆုံးဖြတ်ချက်မှာ ထပ်တူ ထပ်မျှ ဖြစ်နေလျှင်၊ ဒုတိယအယူခံမှုကိုကြားနာသည့်တရားရုံးက ဝင်ရောက်စွက်ဖက်လေ့မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ခွင့်ပြုချက်ဖြင့် နေရခြင်း ဟုတ်မဟုတ်မှာ၊ အကြောင်းခြင်းရာနှင့် ပတ်သက်သည့်အချက်သက်သက်ဖြစ်သည်။ ထို့ကြောင့် အကြောင်းခြင်းရာနှင့်ပတ်သက်ပြီး မူလရုံးနှင့်အယူခံရုံး၏ ဆုံးဖြတ်ချက်မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံမှုကို ကြားနာသည့်တရားရုံးက လွယ်လင့်တကူ ဝင်ရောက်စွက်ဖက်လေ့မရှိချေ။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးညွန့်မြိုင်။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးထွန်းဝေ။

အယူခံ တရားပြိုင်တို့သည် အခင်းဖြစ်မြေ၏ ပိုင်ရှင်များဖြစ်ကြသည်။ ယင်းမြေပေါ်တွင် အယူခံ တရားလိုတို့အား အခမဲ့ နေခွင့်ပြုထားရာမှ ပြန်လည်ရလိုကြောင်းတရားစွဲဆိုရာ မြို့နယ်တရားရုံးက စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်သည့်အတွက် တိုင်းတရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်း ဖြစ်လေသည်။ အယူခံတရားလိုတို့ကသူတို့သည် အခင်းဖြစ်မြေပေါ်တွင် အခမဲ့ခွင့်ပြုချက်ဖြင့်နေထိုင်လာခဲ့ခြင်းမဟုတ်ဘဲ၊ မြေတိုင်းကို ခုတ်ထွင်ရှင်းလင်း၍သာ နေထိုင်လာခဲ့ခြင်းမှာ ၁၂ နှစ်ကျော်ပြီ ဖြစ်၍ ၎င်းတို့အား နှင်ပိုင်ခွင့် မရှိဟု ထုချေခဲ့သည်။ ဤကဲ့သို့ ထုချေသည့်အတွက် "တရားပြိုင်များသည် အချင်းဖြစ် မြေပေါ်တွင် တရားလိုများ၏ခွင့်ပြုချက်အရ အခလွတ် နေထိုင်သူများ ဖြစ်သည်ဆိုခြင်းမှာ မှန်သလား "ဟူသော ကောက်ချက်တခု ထုတ်၍ မူလ

---

* ၁၉၇၇ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃။

† ၁၉၇၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀ တွင် ချမှတ်သော ၁၉၇၂ ခု၊ ဒီဇင်ဘာလ ၁၈ ရက်နေ့စွဲပါ မန္တလေးမြို့၊ တရားရေးဝန်ထမ်း အဆင့် (၄) ရုံးမှ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

ရုံးက အမှုစစ်ဆေးပြီး၊ အယူခံ တရားပြိုင်များဖက်က အသာပေးပြီး ဖြေဆိုခဲ့သည်။ အယူခံတိုင်းရုံးက လည်း ဤဖြေဆိုချက်အတိုင်းလက်ခံ၍ အတည်ပြုလိုက်သည်။

ခွင့်ပြုချက်ဖြင့် နေခြင်း ဟုတ်-မဟုတ်မှာ အကြောင်းခြင်းရာနှင့် ပတ်သက်သည့် အချက်သက်သက်ဖြစ်သည်။ ထို့ကြောင့် အကြောင်းခြင်းရာနှင့် ပတ်သက်ပြီး၊ မူလရုံးနှင့် အယူခံရုံးတို့၏ ဆုံးဖြတ်ချက်မှာ ထပ်တူထပ်မျှ ဖြစ်နေလျှင် ဒုတိယ အယူခံမှုကို ကြားနာသည့် တရားရုံးက လွှယ်လင့်တကူ ဝင်ရောက်စွက်ဖက်လေ့ မရှိချေ။ ယခု အမှုတွင် မူလရုံးနှင့် ပထမအယူခံရုံးတို့၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မရှိပေ။ ထို့ကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်၏ တရားစရိတ်များကို အယူခံ တရားလိုတို့က ပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည်။

၁၉၅၅

နဒိန်းဆင် (ခ) ကရမ်ဆင်း နှင့် ဦးဘသော်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၇ ဇွန်လ ၇ ရက်။

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့

နှင့်

ဦးသာထို ပါ ၂ *

နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဖြစ်သည့် အယူခံတရားလိုသည် အယူခံတရားပြိုင်များ ပေးပို့သော တိုကင်းများကောင်းမကောင်း စိစစ်ရန်တာဝန်ရှိမရှိ ပဋိညာဉ် ဥပဒေပုဒ်မ ၇၃ ပဋိညာဉ်အရ တာဝန်ရှိသူများသည် ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးအပြည့်အဝ ပေးရန်တာဝန်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုအဖွဲ့မှ တာဝန်ခံအရာရှိတို့သည် တိုကင်းကို ကောင်းမကောင်းစစ်ဆေးရန် တာဝန်ပျက်ကွက်ခဲ့သည့်အတွက် တိုကင်းနစ်မြုပ်သွားသည့်ကိစ္စနှင့်ပတ်သက်ပြီး ပူးတွဲတာဝန်ရှိသည်။ ပေါ့လျော့မှုရှိသည်ဟု ဆုံးဖြတ်ခြင်းမှာ မှားသည်ဟုယူဆသည်။ အယူခံတရားလိုတို့သည် ၎င်းတို့၏ ဆန်များကို သယ်ယူပို့ဆောင်ရန်အတွက် တိုကင်းများငှါးခဲ့သည်။ ဤကဲ့သို့ ငှါးသည့်အခါတွင် အယူခံတရားလိုများက အယူခံတရားပြိုင်များပေးပို့သော တိုကင်းများ ကောင်းမကောင်း စစ်ဆေးစိစစ်ရန်အလျဉ်းပင်တာဝန်မရှိဟုယူဆသည်။ ထို့ပြင် ဤအမှုမှာ ပဋိညာဉ်ဥပဒေပုဒ်မ ၇၃ အရ တရားစွဲဆိုသည့်အမှုဖြစ်သည်။ တရားမနစ်နာကြေး (Tort) အရ စွဲဆိုသည့်အမှု မဟုတ်ပေ။ ထို့ကြောင့် ပူးတွဲပေါ့လျော့မှုမရှိသဖြင့် အယူခံတရားလိုတို့မှာလည်း တာဝန်ရှိသည်ဟု မဆိုနိုင်ပေ။ ပဋိညာဉ်အရ အယူခံတရားပြိုင်တို့တွင် တာဝန်ရှိခြင်းကြောင့် အယူခံတရားလိုတို့ ဆုံးရှုံးခဲ့သည့် ဆန်အိတ်များအတွက် လျော်ကြေးအပြည့်အဝပေးရန် တာဝန်ရှိသည်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာအက်ဴ၊ကောဂိုရှ်။

အယူခံတရားခံအမှတ် (၁) အတွက်။ ။အကျိုးဆောင် ဦးအုန်းခင်။

ပုသိမ်မြို့ရှိ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့သည်၊ ၎င်းပိုင်ဆန်များ သယ်ယူပို့ဆောင်ရေးအတွက် အယူခံတရားပြိုင်များပိုင် ကုန်တင် မော်တော်များကို ငှါးရမ်းအသုံးပြုခဲ့သည်။ လွန်ခဲ့သော ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့က

* ၁၉၇၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅။

† ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင်၊ ပုသိမ်မြို့၊ ခရိုင် တရားမတရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၅၁

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ နှင့် ဦးသာထို ပါ ၂။

ပုသိမ်မြို့ဆိပ်ကမ်းတွင် အယူခံတရားခံများထံမှ ငှါးရမ်းအသုံးပြုခဲ့သော တုံကင်း အမှတ် ၁၇ သည်၊ အယူခံတရားလိုပိုင် ဆန်အိတ် (၁၂၅၀) အိတ် တင်ဆောင်လျက် နစ်မြုပ်သွားသည်။ ယင်းကဲ့သို့ နစ်မြုပ်သွားသောကြောင့် အယူခံတရားလိုပိုင် ဆန်အိတ်များ ဆုံးရှုံးမှုအတွက် အယူခံတရားပြိုင်များထံမှ နစ်နာကြေးငွေ ၃၂,၂၁၆ ကျပ်၊ ၀၉ ပြားရလိုသဖြင့် ယခင် ပုသိမ်မြို့ခရိုင် တရားမတရားသူကြီးရုံး၊ ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် တရားစွဲဆိုခဲ့သည်။ ယင်းအမှုကို ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့က ပလပ်ခဲ့ရာ မကျေနပ်၍ ယခင် နိုင်ငံတော် တရားရုံးချုပ်သို့ ၁၉၆၁ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၉၉ တွင် အယူခံ ဝင်ခဲ့သည်။ တရားရုံးချုပ်က ခရိုင်တရားမ တရားသူကြီး၏ စီရင်ချက်ကိုပယ်ဖျက်လိုက်ပြီး မဖြေဘဲ ချန်လှပ်ထားခဲ့သော ကျန်ကောက်ချက်များကို ဖြေဆို၍ ဥပဒေအရ ဆက်လက် ဆောင်ရွက်စီရင် ဆုံးဖြတ်ရန် အမိန့်ချမှတ်လိုက်သည်။ ထို့နောက် ခရိုင်တရားမ တရားသူကြီးရုံးက မဖြေဘဲချန်လှပ်ထားခဲ့သော ကျန်ကောက်ချက်များကို ဖြေဆို၍ အယူခံတရားလို တောင်းဆိုသည့်အတိုင်း မဟုတ်ပဲ၊ ကျပ်ငွေ ၁၀,၉၀၁ ကျပ်၊ ၆၇ ပြားအတွက် စရိတ်နှင့်တကွ ဒီကရီ ချမှတ်ပေးလိုက်သည်။

ယင်းအမိန့်ကို မကျေနပ်၍ ကွာခြားနေသည့်ငွေပေါင်း ၂၁,၃၁၄ ကျပ်၊ ၄၂ ပြား ပါ ရလိုကြောင်း ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အယူခံ တရားပြိုင်များက အယူခံလည်း မဝင်၊ ပြန်လှန် ကန့်ကွက်ချက်လည်း မတင်သွင်းပေ။

ဤအမှုတွင် ဆုံးဖြတ်ရန် အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ အချင်းဖြစ်သည့်အခါက စပါးဈေး မည်မျှ မည်မျှ ရှိသည်ဆိုသောအချက်ဖြစ်သည်။ အယူခံတရားလိုတို့က ဆန်တင်း ၁၀၀ လျှင် ကျပ်ငွေ ၁,၂၁၉ ကျပ် နှုန်းထားဖြင့် လျော်ကြေးတောင်းဆိုထားသည့်အတွက် စုစုပေါင်းငွေ ၃၂,၂၁၆ ကျပ်၊ ၀၉ ပြား ဖြစ်သည်။ မူလရုံးက ဆန်တင်း ၁၀၀ လျှင် ၈၂၅ ကျပ်နှင့်တွက်ပြီး တောင်းဆိုထားသည့် ဆန်အိတ် ၁,၂၅၀ ၏ တန်ဖိုးမှာ ၂၁,၈၀၃ ကျပ်၊ ၃၄ ပြားဖြစ်သည်။ အယူခံတရားလိုတို့မှာလည်း တုံကင်းနစ်သည့်ကိစ္စနှင့် တာဝန်ရှိသည့်အတွက် တဝက်ဖြစ်သည့် ငွေ ၁၀,၉၀၁ ကျပ်၊ ၆၇ ပြားအတွက် ဒီကရီချမှတ်ပေးလိုက်ခြင်း ဖြစ်သည်။

အယူခံ တရားပြိုင်များဘက်မှ တင်ပြသည့် သက်သေ ဦးစိန်လှဖြူမှာ အယူခံတရားလိုအဖွဲ့၏ ဝိုင်နယ်စာရင်းကိုင် အရာရှိတဦးဖြစ်သည်။ ၎င်း၏ ထွက်ဆိုချက်အရ ၁၉၅၁ ခုနှစ်နှင့် ၁၉၅၂ ခုနှစ်တို့က စပါးတင်း ၁၀၀ လျှင် ၈၀၀ ကျပ်ဈေးနှုန်းဖြစ်သည်ဟု အတိအကျ ထွက်ဆိုထားကြောင်း တွေ့ရသည်။ ယင်းထွက်ဆိုချက်ကို လက်မခံနိုင်ရန်

၁၉၇၅

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ နှင့် ဦးသာထို ပါ ၂။

အကြောင်းမရှိဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် မူလရုံးက စပါးတင်း ၁၀၀ လျှင် ၇၂၅ ကျပ်နှုန်းဖြင့် တွက်ချက်ပေးခြင်းမှာ မှန်ကန်သည်ဟု ဆိုရပေမည်။

ဒုတိယ အချက်မှာ တုံကင်းအမှတ် ၁၇ နစ်မြုပ်ရသည့် ကိစ္စနှင့် ပတ်သက်ပြီး အယူခံ တရားလိုတို့မှာလည်း တာဝန်မကင်းသည့်အတွက် ပျောက်ဆုံးသွားသည့် ဆန်အိတ်များ၏ တန်ဖိုးတဝက်သာ ရရှိသင့်သည်ဆိုသော အချက်ဖြစ်သည်။

မူလရုံးက ကောက်ချက် ၈ နှင့် ၉ တို့ ဖြေဆိုရာတွင် တရားပြိုင်သည် ကောင်းသော တုံကင်းကိုသာ ပေးရန် တာဝန်ရှိခဲ့သည်။ လက်ရှိကိစ္စ၌ ထိုတာဝန်ကို ၎င်းတို့ ပျက်ကွက်ခဲ့သည်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။ ဤကဲ့သို့ ရေးသား ဖော်ပြထားသော်လည်း အယူခံတရားလိုအဖွဲ့မှ တာဝန်ခံ အရာရှိတို့သည် တုံကင်းကို ကောင်းမကောင်း စစ်ဆေးရန် တာဝန်ပျက်ကွက်ခဲ့သည့်အတွက် တုံကင်း နစ်မြုပ်သွားသည့် ကိစ္စနှင့် ပတ်သက်ပြီး ပူးတွဲ တာဝန်ရှိသည်။ ပေါ့လျော့မှု ရှိသည်ဟု ဆုံးဖြတ်ခြင်းမှာ မှားသည်ဟု ကျွန်ုပ်တို့ယူဆသည်။ အယူခံ တရားလိုတို့သည် ၎င်းတို့၏ ဆန်များကို သယ်ယူ ပို့ဆောင်ရန်အတွက် တုံကင်းများ ငှါးခဲ့သည်။ ဤကဲ့သို့ ငှါးသည့်အခါတွင် အယူခံ တရားလိုများက အယူခံတရားပြိုင်များ ပေးပို့သော တုံကင်းများ ကောင်းမကောင်း စစ်ဆေး စိစစ်ရန် အလျဉ်းပင် တာဝန်မရှိဟု ကျွန်ုပ်တို့ယူဆသည်။

ထို့အပြင် ဤအမှုမှာ ပဋိညာဉ် ဥပဒေပုဒ်မ ၇၃ အရ၊ တရားစွဲဆိုသည့်အမှုဖြစ်သည်။ တရားမ နစ်နာကြေး (Tort) အရ စွဲဆိုသည့် အမှုမဟုတ်ပေ။ ထို့ကြောင့် ပူးတွဲပါ ပေါ့လျော့မှု မရှိသဖြင့် အယူခံတရားလိုတို့မှာ လည်း တာဝန်ရှိသည်ဟု မဆိုနိုင်ပေ။ ပဋိညာဉ်အရ အယူခံတရားပြိုင်တို့တွင် တာဝန်ရှိခြင်းကြောင့် အယူခံ တရားလိုတို့ ဆုံးရှုံးခဲ့သည့် ဆန်အိတ်များအတွက် လျော်ကြေး အပြည့်အဝ ပေးရန် တာဝန်ရှိသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်လိုက်သည်။ ငွေ ၁၀,၉၀၁ ကျပ်၊ ၆၇ ပြားအစား ငွေ ၂၁,၁၁၄ ကျပ်၊ ၄၂ ပြား အတွက် စရိတ်နှင့်တကွ ဒီကရီ ချမှတ်ပေးလိုက်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

နိုင်ဒူး

နှင့်

မမြအောင် ပါ ၃*

† ၁၉၇၅ ဇီဇင်ဘာလ ၃ ရက်။

တဖက်သတ် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားရာတွင် လုံလောက်သော အကြောင်းပြချက်များရှိရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုဖက်မှ ပေါ့လျော့ပျက်ကွက်မှုကြောင့် မူလရုံးမှ တဖက်သတ် ကြားနာစစ်ဆေးခြင်းဖြစ်သည်။ တဖက်သတ်ကြားနာစစ်ဆေးသောအမှုများတွင် ပျက်ကွက်သူထံမှ လုံလောက်သောအကြောင်းပြနိုင်မှသာလျှင် အမှုကို အသစ်တဖန်ကြားနာစစ်ဆေးရန်လိုသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးဘိုးသာ။

အယူခံတရားခံအတွက်။ ။မလာ။

အယူခံတရားလိုနှင့် အယူခံတရားပြိုင်အမှတ် (၁) မမြအောင်တို့သည် အကြင်လင်မယားဖြစ်ကြ၍ လွန်ခဲ့သော ၂ နှစ်ခန့်က ကွဲကွာနေကြသည်။ ၎င်းတို့၌ ၄ နှစ်အရွယ်ခန့်ရှိသော သား မောင်တင်ဝင်းအောင်ဆိုသူရှိရာ မမြအောင်က အဆိုပါ မောင်တင်ဝင်းအောင် အတွက် အုပ်ထိန်းသူအဖြစ်ခန့်အပ်ရန် မော်လမြိုင်မြို့ ရုံးထိုင် မှန်ပြည်နယ် တရားရုံးသို့ လျှောက်ထားခဲ့သည်။

ယင်းအမှုကိုချိန်းဆိုသည့် ရုံးချိန်းရက်နေ့တွင် အယူခံတရားလိုသည် ပြည်နယ် ရုံးသို့လာရောက်ရန်ပျက်ကွက်ခဲ့သဖြင့် ထိုနေ့ကအမှုကို တဖက်သတ် စစ်ဆေးကြားနာပြီး မမြအောင်ကို ကလေးအတွက် အုပ်ထိန်းသူအဖြစ် ခန့်အပ်လိုက်သည်ဟုအမိန့် ချမှတ်လိုက်သည်။ ယင်းကဲ့သို့ တဖက်သတ် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်၍ အမှုကိုနှစ်ဦးနှစ်ဖက် ကြားနာစစ်ဆေးရန်အတွက် အယူခံတရားလိုက တရားမကျင့်ထုံး

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၂။

† ၁၉၇၃ ခုနှစ်၊ တရားမသေးမှုအမှတ် ၂၅ တွင်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်တရားရုံး၏ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅ — နိုင်ဦး နှင့် မမြအောင် ပါ ၃။

အမိန့် ၉၊ နည်းဥပဒေ ၁၃ အရလျှောက်ထားသော်လည်း မအောင်မြင်သဖြင့် ဤအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုက ရုံးချိန်းရက်တွင် ၎င်းသည် မော်လမြိုင်မြို့နယ် တရားရုံး တွင် ရှိပါသည်၊ ယင်းရုံးတွင်၎င်းအပေါ် မမြအောင်က မယားစရိတ်ရလိုကြောင်းတရားစွဲဆိုထားသည့်အမှုအတွက် ချိန်းဆိုထားပါသည်။ ထိုအချိန်အခါက ပြည်နယ်တရားသူကြီးရုံး၊ မြို့နယ်တရားသူကြီးရုံးဟု ခွဲခြား၍ သော်လည်းကောင်း၊ သီးခြားတနေရာစီ ရုံးထိုင်မည်ဟူ၍ သော်လည်းကောင်း မသိပါ။ တရားရုံးတရုံးတည်းဥပင် ချိန်းဆိုထားသည်ဟုသဘောရှိဖြင့် မှားယွင်း၍ ပြည်နယ်တရားရုံးသို့ မရောက်ရှိခြင်းဖြစ်ပါသည်ဟုတင်ပြထားကြောင်းတွေ့ရသည်။

အယူခံတရားလိုသည် မမြအောင်က အမှုနှစ်မှုစွဲထားကြောင်း သိခဲ့သည်။ ကလေးအတွက်အုပ်ထိန်းသူအဖြစ် ခန့်ထားပေးရန်နှင့် မယားစရိတ် ရလိုကြောင်း အမှုများဖြစ်သည်ကိုသိသည်။ ထို့ကြောင့် အုပ်ထိန်းသူအဖြစ် ခန့်အပ်ပေးရန် စွဲဆိုသည့်အမှုအတွက် မှန်ပြည်နယ်တရားရုံးက အယူခံတရားလိုအပေါ် ရုံးခေါ်စာချခဲ့ကြောင်း ထင်ရှားသည့်၊ မော်လမြိုင်မြို့နယ် တရားရုံးတွင် မယားစရိတ် ရလိုကြောင်း အမှုကိုခေါ်ပြီးနောက် အုပ်ထိန်းသူ ခန့်ပေးရန် အမှုနှင့်ပတ်သက်ပြီး ရုံးမှ ဝန်ထမ်းတဦးဦးကိုမေးလိုက်ခဲ့သော် အကျိုးအကြောင်း သိမည်ဖြစ်သည်။ မယားစရိတ်အမှုခေါ်ပြီးနောက် အုပ်ထိန်းသူ ခန့်ထားပေးရန် အမှုအတွက် မမေးလိုက်ရဆိုခြင်းမှာ အယူခံတရားလိုဖက်မှ ပေါ့လျော့ခဲ့သည်ဟု ဆိုရပေမည်။ ၎င်းပေါ့လျော့ပျက်ကွက်မှုကြောင့် မူလရုံးမှ တဖက်သတ် ကြားနာစစ်ဆေးခြင်း ဖြစ်လေသည်။ တဖက်သတ်ကြားနာစစ်ဆေးသောအမှုများတွင် ပျက်ကွက်သူမှ လုံလောက်သော အကြောင်းပြနိုင်မှသာလျှင်အမှုကို အသစ်တဖန်ကြားနာ စစ်ဆေးရန် လိုပေလိမ့်မည်။ ယခုအမှုတွင်လျှောက်ထားသူမှ ခိုင်လုံသော အကြောင်း မပြနိုင်ခဲ့ပေ။ ထို့ကြောင့် မူလရုံး၏စီရင်ချက်မှာ မှန်ကန်၍ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤအယူခံလျှောက်လွှာကိုပလပ်လိုက်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးပြုံး ပါ ၂

နှင့်

ဦးငွေထွန်း ပါ ၂ *

† ၁၉၅၅
မေလ ၈ ရက်။

ရေစစ္စတြီမှတ်ပုံတင်ထားသည့် အရောင်းစာချုပ်၊ ယင်းစာချုပ်ကို ဟန်ဆောင်သဘောဖြင့်သာ ချုပ်ဆိုပေးထားခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံဥပဒေပုဒ်မ ၉၂ က ပိတ်ပင်ထား မထား၊ အကြောင်းချင်းရာတရပ်နှင့်ပတ်သက်၍ အောက်ရုံးနှစ်ရုံးလုံး ထပ်တူထပ်မျှ ဆုံးဖြတ်ထားခြင်း၊ ယင်းဆုံးဖြတ်ချက်မျိုးကို ဒုတိယအယူခံရုံးအနေဖြင့် လွယ်လင့်တကူ ဝင်ရောက်စွက်ဖက်ခြင်းရှိမရှိ။

ဆုံးဖြတ်ချက်။ ။သက်သေခံအမှတ် (က) အရောင်းစာချုပ်ကို အယူခံတရားပြိုင်များက လက်မှတ်ထိုးချုပ်ဆိုပေးပြီး ရေစစ္စတြီမှတ်ပုံတင်ပေးကြောင်း ဝန်ခံထားသည်။ ထို့ကြောင့် ယင်းစာချုပ်သည်၊ စင်စစ်မှာ အရောင်းစာချုပ်မဟုတ်ပါ၊ အပေါင်စာချုပ်ဖြစ်သည်။ ဟန်ဆောင်သဘောဖြင့်သာချုပ်ဆိုပေးခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံဥပဒေပုဒ်မ ၉၂က ပိတ်ပင်သလောဟူသောအချက်ဖြစ်သည်။ စာချုပ်တခုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ခဲ့ကြသည်။ အစစ်အမှန်ဖြစ်ခဲ့လျှင် ထိုစာချုပ်ပါစကားရပ်တို့နှင့် ကွဲလွဲ၍၊ ချုပ်ဆိုသူတို့က သက်သေမထူနိုင်ချေ။ ထိုသို့ပင်သက်သေခံဥပဒေပုဒ်မ ၉၂ က ပညတ်ထားသည်။ သို့ရာတွင် အကျိုးသက်ရောက်စေရန်ရည်ရွယ်ချက်မရှိ၊ ဟန်ဆောင်စာချုပ်မျှသာဖြစ်ခဲ့လျှင် ထိုသို့ဖြစ်ကြောင်းသက်သေထူခွင့်ရှိသည်။ စာချုပ်တရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသောစာချုပ်မျိုးမဟုတ်ပဲ ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း နှုတ်သက်သေတင်ပြနိုင်သည်။ ထို့ကြောင့် ဤအမှုတွင် သက်သေခံအမှတ်(က)စာချုပ်မှာ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း အယူခံတရားပြိုင်တို့အား သက်သေထူခွင့်ပေးခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟု ဆိုရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ။သက်သေခံအမှတ်(က)သည် သက်သေခံအထောက်အထားများအရ ဟန်ဆောင် စာချုပ်သာ ဖြစ် သည် ဟု မူလရုံးနှင့် ပထမ အယူခံ ရုံး တို့ က ဆုံး ဖြတ် ချက် ပေးထားပြီး ဖြစ်သည်။ အမှုတမှုတွင် အကြောင်းအချင်းအရာနှင့် ပတ်သက်၍ မူလရုံးနှင့် ပထမအယူခံရုံးတို့၏ ဆုံးဖြတ်ချက်တို့မှာ ထပ်တူထပ်မျှ ဖြစ်နေလျှင်ဒုတိယ အယူခံရုံးအနေနှင့် ယင်းဆုံးဖြတ်ချက်ကိုလွယ်လင့်တကူ ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

---

* ၁၉၅၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၄။

† ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် သံလျင်မြို့ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅ **အယူခံတရားလိုအတွက်။** ။အကျိုးဆောင် ဦးဘစိန်၊ ဦးဘိုးအောင်။

ဦးမြူး ပါ ၂ နှင့် ဦးငွေထွန်း ပါ ၂။ **အယူခံတရားခံအတွက်။** ။အကျိုးဆောင် ဦးညွန့်တင်၊ ဦးခင်မောင်အေး။

ယခင်သံလျင်မြို့နယ်ပိုင် တရားမတရားသူကြီးရုံးတွင် အယူခံတရားလိုတို့က အယူခံတရားပြိုင်တို့အပေါ် အခင်းဖြစ်သည့် သုံးခွမြို့ အလောင်းစည်သူလမ်း၊ အိမ်အမှတ် ၃၅ မှ ထွက်ခွါသွားရန်နှင့် လက်ရောက်ရလိုမှုစွဲဆိုခဲ့သည်။

အခင်းဖြစ်အိမ်ကို အယူခံတရားပြိုင်တို့ထံမှ ၁၉၆၀ ခု၊ အောက်တိုဘာလ ၁၈ ရက်နေ့ကရေစစ္စတြီအရောင်းစာချုပ်ဖြင့် ဝယ်ခဲ့သည်။ ဤကဲ့သို့ဝယ်ခဲ့ပြီး ၎င်းတို့ကို ပင်အိမ်တွင်ဆက်၍ အခမဲ့နေခွင့်ပြုခဲ့သည်။ လိုအပ်သည့်အခါ ဖယ်ရှားပေးမည်ဟု ကတိရှိခဲ့သည်။ ဖယ်ရှားပေးရန် တောင်းဆိုသည့်အခါ ငြင်းဆိုသည့်အတွက် တရားစွဲရသည်ဟုအစရှိသဖြင့် အယူခံတရားလိုတို့က အဆိုပြုခဲ့သည်။

အယူခံတရားပြိုင်တို့က အယူခံတရားလိုတို့ထံမှ ငွေတရာလျှင် တလအတိုးငွေ ၄ ကျပ်နှုန်းဖြင့်၎င်းတို့၏ နေအိမ်ဂရမ် စာချုပ်ကို လက်ရောက်ပေးအပ်ပြီးလျှင်ငွေ ၅၀၀၀ိ ချေးယူခဲ့ကြောင်း၊ အယူခံတရားပြိုင်တို့က ငွေရင်းကို မပေးဆပ်နိုင်ပဲအတိုးငွေများကိုသာမှန်ကန်စွာ ပေးဆပ်ခဲ့ရာ အယူခံတရားလိုတို့က ငွေရင်းကိုပေးဆပ်ရန် တောင်းဆိုခဲ့ကြောင်း၊ သို့ရာတွင်အဆိုပါငွေရင်းကို အယူခံတရားပြိုင်တို့က နောက်ဆုံးမပေးဆပ်နိုင်သဖြင့် အယူခံတရားလိုတို့က အယူခံတရားပြိုင်တို့၏ နေအိမ်နှင့်မြေကိုအပေါင်အဖြစ်ပေးထားရန်၊ ထိုကဲ့သို့အပေါင်ပေးရာ၌ အယူခံတရားလိုတို့တွင် ငွေချေးစားခွင့်လိုင်စင်မရှိသည့်အတွက် အရောင်းစာချုပ် ပြုလုပ်ပေးထားရန်၊ အခြားငွေချေးသူများလည်း ဤကဲ့သို့ ပြုလုပ်ကြကြောင်း အယူခံတရားလိုတို့က ပြောကြားချက်ကိုယုံကြည်သဖြင့် အယူခံတရားပြိုင်တို့က အခင်းဖြစ် ပစ္စည်းကို အရောင်းစာချုပ်ပြုလုပ်ပေးခဲ့ရကြောင်း သို့သော်လည်း အဆိုပါ အရောင်းစာချုပ်မှာဟန်ဆောင်အရောင်းစာချုပ်အနေမျိုးသာချုပ်ပေးခဲ့ရသည့်အပြင်၊အရောင်းစာချုပ်အဖြစ်ရည်ရွယ်ချုပ်ဆိုခြင်းမဟုတ်ပဲ၊ အပေါင်သဘောသာ ချုပ်ပေးခဲ့ကြောင်း ထုချေသည်။

အယူခံတရားလိုက အယူခံတရားပြိုင်တို့၏ ထုချေချက်များကို ငြင်းဆိုပြီးအယူခံတရားပြိုင်တို့သည် အရောင်းစာချုပ်ကို ရေစစ္စတြီပြုလုပ်ပေးကြောင်း ဝန်ခံထားသည့်အတွက်ယင်းစာချုပ်တွင်ပါရှိသည့် အချက်များကို ဆန့်ကျင်ပြီး ပြောဆိုရန်ဥပဒေကပိတ်ပင်ထားသည်ဟုတင်ပြသည်။

၁၉၅၅ ဦးပြူး ပါ ၂ နှင့် ဦးငွေထွန်း ပါ ၂။

မူလရုံးက နှစ်ဖက်သက်သေများကို စစ်ဆေး၍ အရောင်းစာချုပ်မှာ ဟန်ဆောင်စာချုပ်မျှသာဖြစ်သည်ဟုဆိုပြီး အယူခံတရားလိုတို့ စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ ရန်ကုန်တိုင်း အယူခံရုံးကလည်း မူလရုံး၏ အမိန့်ကို အတည်ပြုလိုက်သည့်အတွက်ဤဒုတိယအယူခံမှုကိုစွဲဆိုခြင်းဖြစ်သည်။

ဤဒုတိယအယူခံမှုတွင် ဆုံးဖြတ်ရန်အဓိက အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ ဥပဒေအကြောင်းနှင့် သက်ဆိုင်သည်။ သက်သေခံအမှတ် (က) အရောင်းစာချုပ်ကို အယူခံတရားပြိုင်များက လက်မှတ်ထိုး ချုပ်ဆိုပေးပြီး ရေစစ္စတြီမှတ်ပုံတင်ပေးကြောင်း ဝန်ခံထားသည်။ ထို့ကြောင့် ယင်းစာချုပ်သည် စင်စစ်မှာ အရောင်းစာချုပ်မဟုတ်ပါ၊ အပေါင်စာချုပ်ဖြစ်သည်။ ဟန်ဆောင်သဘောဖြင့်သာ ချုပ်ဆိုပေးခြင်းဖြစ်ကြောင်း သက်သေပြရန် သက်သေခံ ဥပဒေပုဒ်မ ၉၂ က ပိတ်ပင်သလောဟူသော အချက်ဖြစ်သည်။ စာချုပ်တခုကို အကျိုးသက်ရောက်စေရန်ရည်ရွယ်ချက်ဖြင့်ချုပ်ခဲ့ကြသည်။ အစစ်အမှန်ဖြစ်ခဲ့လျှင် ထိုစာချုပ်ပါစကာရပ်တို့နှင့်ကွဲလွဲ၍ချုပ်ဆိုသူတို့က သက်သေ မထူနိုင်ချေ။ ထိုသို့ပင် သက်သေခံဥပဒေပုဒ်မ ၉၂ ကပညတ်ထားသည်။ သို့ရာတွင် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်မရှိ၊ ဟန်ဆောင်စာချုပ်မျှသာ ဖြစ်ခဲ့လျှင် ထိုသို့ဖြစ်ကြောင်း သက်သေထူခွင့်ရှိသည်။ စာချုပ်တရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဆိုသော စာချုပ်မျိုးမဟုတ်ပဲဟန်ဆောင် စာချုပ်မျှသာ ဖြစ်ကြောင်း နှုတ်သက်သေတင်ပြနိုင်သည်။ ထို့ကြောင့်ဤအမှုတွင် သက်သေခံအမှတ် (က) စာချုပ်မှာ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်းအယူခံတရားပြိုင်တို့အား သက်သေထူခွင့် ပေးခဲ့ခြင်းသည် ဥပဒေအရမှန်ကန်သည်ဟုဆိုရပေမည်။

ဒုတိယအချက်မှာ အကြောင်းချင်းရာနှင့် သက်ဆိုင်သည်။ သက်သေခံ အမှတ် (က) သည်သက်သေခံ အထောက်အထားများအရ ဟန်ဆောင်စာချုပ်သာ ဖြစ်သည်ဟုမူလရုံးနှင့် ပထမအယူခံရုံးတို့က ဆုံးဖြတ်ချက်ပေးထားပြီး ဖြစ်သည်။ အမှုတမှုတွင်အကြောင်းအချင်းအရာနှင့် ပတ်သက်၍ မူလရုံးနှင့် ပထမအယူခံရုံးတို့၏ဆုံးဖြတ်ချက်တို့မှာထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် ယင်းဆုံးဖြတ်ချက်ကိုလွယ်လင့်တကူဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

ဤအမှုတွင်သက်သေခံ အထောက်အထားများအရ၊ သက်သေခံအမှတ် (က) မှာဟန်ဆောင်စာချုပ်ဖြစ်ကြောင်း မူလရုံးနှင့် ပထမအယူခံ ရုံးတို့၏ ဆုံးဖြတ်ချက်ကိုကျွန်ုပ်တို့အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အထူးအကြောင်းမရှိဟု ယူဆသည်။ အထူးသဖြင့်အယူခံတရားလို ဦးပြူးသည် အခြားသူများကိုလည်း ပစ္စည်းပေါင်နှင့်

၁၉၇၅
ဦးပြုး ပါ ၂ နှင့် ဦးငွေထွန်း ပါ ၂။

ငွေများချေးထားပြီး အရောင်းစာချုပ်များ ချုပ်ယူထားလေ့ရှိကြောင်း ပေါ်လွင်ထင်ရှားသည်။ ထို့ကြောင့် အကြောင်းအချင်းအရာ အချက်အလက်တို့ကို စုပေါင်းသုံးသပ်လိုက်ပါမူ သက်သေခံအမှတ် (က) စာချုပ်မှာ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့်ချုပ်ဆိုသော စာချုပ်အစစ်အမှန် မဟုတ်ပဲ၊ ဟန်ဆောင် စာချုပ်မျှသာဖြစ်ကြောင်း ထင်ရှားသည်ဟု ဆုံးဖြတ်ရပေမည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် ဤဒုတိယအယူခံမှုကိုပလပ်လိုက်သည်။ မူလရုံးနှင့်ပထမအယူခံရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို အတည်ပြုလိုက်သည်။ အယူခံတရားလိုတို့သည် ရုံးအဆင့်ဆင့်မှ တရားစရိတ်များကို ကျခံစေရမည်။

တရားမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

† ၁၉၅၅

နှင့်

မတ်လ ၅ရက်။

မဦး ပါ (၁၂) (ကွယ်လွန်သူ ဦးဘိုကြီး၏ တရားဝင် ကိုယ်စားလှယ်များ)*

တရားမကျင့်ထုံးဥပဒေပုဒ်မ ဂ၂ အရ၊ သတ်မှတ်ချက်ကာလများ ကုန်ဆုံးမှ ဇာရီပြုလုပ်ခွင့်ရှိခြင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၂ အရ၊ မှိမိချမှတ်သည့် စီရင်ချက် သို့မဟုတ်ဒီကရီတွင် မတော်တဆချန်လှပ်မိခဲ့သည့်ကိစ္စရပ်များကို ပြင်ဆင်ထည့်သွင်းပေးနိုင်မပေးနိုင်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ဂ၂ အရ၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အပေါ် ဒီကရီချမှတ်သည့်အခါ သက်ဆိုင်ရာတရားရုံးက ဒီကရီကျငွေများကို ပေးဆပ်ရန်အချိန် သတ်မှတ်ပေးရမည်ဟုပါရှိသည်။ ယင်းကဲ့သို့သတ်မှတ်ပေးသည့်အချိန်ကာလ ကုန်ဆုံးသည့်အခါ သက်ဆိုင်ရာတရားရုံးက နိုင်ငံတော်သမ္မတထံ ဒီကရီကျငွေများ မပေးဆပ်သေးကြောင်း အစီရင်ခံရမည်။ ဤကဲ့သို့အစီရင်ခံပြီး ၃ လကျော်လွန်မှသာလျှင် တရားနိုင်က ဇာရီပြုလုပ်ခွင့်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ အရ၊ သက်ဆိုင်ရာတရားရုံးသည် မိမိချမှတ်သည့်စီရင်ချက် သို့မဟုတ် ဒီကရီတွင် မတော်တဆချန်လှပ်မိခဲ့သည့်ကိစ္စရပ်များကို ပြင်ဆင်ထည့်သွင်းပေးနိုင်သည်ဟုပါရှိသည်။ ထို့ကြောင့် ဤအမှုတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ဂ၂ အရ၊ ဒီကရီငွေများ ပေးဆပ်ရန် ရက်သတ်မှတ်ပေးရမည်ဟု ပြဋ္ဌာန်းချက်ကို မတော်တဆချန်လှပ်မိခဲ့သည့်အတွက် ပုဒ်မ ၁၅၂ အရ၊ ပြင်ဆင်ပေးနိုင်သည်ဟု ယူဆသည်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာ အက်စ်၊ ကေ၊ ဂိုရှ်။

အယူခံတရားခံများအတွက်။ ။အကျိုးဆောင် ဦးဘရှန်း။

ဤအယူခံမှုတွင် ချမှတ်ခဲ့သည့် ဒီကရီကို ပြင်ဆင်ပေးရန် လျှောက်လွှာကို အယူခံတရားပြိုင် (တရားနိုင်) က တင်သွင်းခဲ့သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃ (မန္တလေး)။

† ၁၉၅၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ တွင်၊ မန္တလေးမြို့ ရာဇဝတ်ခရိုင် တရားမတရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၅
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မဦး ပါ ၁၂ (ကွယ်လွန်သူ ဦးဘိုကြီး၏ တရားဝင် ကိုယ်စားလှယ်များ)။

ယခင်မန္တလေးမြို့ ရာဘက်ခရိုင်တရားမတရားသူကြီးရုံး တရားမကြီးမှု အမှတ် ၇/၅၄ တွင် ကွယ်လွန်သူ ဦးဘိုကြီးက နိုင်ငံတော် အစိုးရပေါ်တွင် ဂျစ်ကားငှားရမ်းခ ငွေ ၁၄၂၈၀ိ ရလိုကြောင်း တရားစွဲဆိုပြီး ယင်းငွေအတွက် ဒီကရီရရှိခဲ့သည်။ ယင်း အမိန့်ကို မကြေနပ်သည့်အတွက် နိုင်ငံတော်အစိုးရက မန္တလေးမြို့ ရုံးထိုင် ယခင်တရား ရုံးချုပ်သို့ အယူခံဝင်ခဲ့သည်။ တရားရုံးချုပ်က မူလရုံး၏ ဆုံးဖြတ်ချက်ကို အဘည်ပြု လိုက်သော်လည်း လျော်ကြေးငွေ ပမာဏကို လျှော့လိုက်သည်။

ထို့နောက် တွဲဖက်ခရိုင်တရားမတရားသူကြီးရုံးတွင် လျှောက်ထားသူများက ဇာရီ ပြုလုပ်သည့်အခါ တရားရုံးချုပ် ဒီကရီတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၂ အရ အချိန် သတ်မှတ်ပေးထားခြင်းမရှိသည့်အတွက် ဇာရီပြုလုပ်ရန် ခွင့်မပြုနိုင်ဟု ဆုံးဖြတ်၍ ပလပ် လိုက်သည်။ ထို့ကြောင့် လျှောက်ထားသူများက တရားရုံးချုပ်၏ အယူခံမှုတွင် ချမှတ် သည့် ဒီကရီကို ပြင်ဆင်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၂ အရ ပြဋ္ဌာန်းထားသည့် အတိုင်း အချိန်သတ်မှတ်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။ တဖက်ကကန့်ကွက် သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၂ အရ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော်အပေါ် ဒီကရီချမှတ်သည့်အခါ သက်ဆိုင်ရာ တရားရုံးက ဒီကရီကျငွေများကို ပေးဆပ်ရန် အချိန်သတ်မှတ်ပေးရမည်ဟု ပါရှိသည်။ ယင်းကဲ့သို့ သတ်မှတ်ပေးသည့် အချိန်ကာလကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ တရားရုံးက နိုင်ငံတော်သမ္မတထံ ဒီကရီ ကျငွေများ မပေးဆပ်သေးကြောင်း အစီရင်ခံရမည်။ ဤကဲ့သို့ အစီရင်ခံပြီး ၃ လ ကျော်လွန်မှသာလျှင် တရားနိုင်က ဇာရီပြုလုပ်ခွင့်ရှိသည်။

အယူခံမှုတွင် တရားရုံးချုပ်က ချမှတ်လိုက်သည့် ဒီကရီ၌ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၈၂ ပါ ပြဋ္ဌာန်းချက်အတိုင်း ဒီကရီငွေ ပေးဆပ်ရန် အချိန်မသတ်မှတ်ခဲ့ခြင်းမှာ အငြင်းမထွက်ချေ။ ထို့ကြောင့် လျှောက်ထားသူများက ဒီကရီပြင်ဆင်ပေးရန် တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၂ အရ လျှောက်ထားခြင်းဖြစ်သည်။ လျှောက်ထားခံရသူ၏ အကျိုးဆောင်ကြီးက ဤလျှောက်လွှာမှာ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၂ နှင့် အကျုံးမဝင်ပါ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၇ အရ၊ ပြန်လည်သုံးသပ် ပြင်ဆင် ရန်သာ လျှောက်ထားနိုင်သည်။ ဤကဲ့သို့ လျှောက်ထားရန်လည်း ကာလစည်းကမ်း သတ်ကျော်လွန်ပြီဟု တင်ပြသည်။

လျှောက်ထားခံရသူ၏ အကျိုးဆောင်၏ တင်ပြချက်ကို လက်မခံနိုင်ချေ။ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၄၇ အရ၊ တရားရုံးမှ ချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့်ကို မကြေနပ်သည့်အခါ ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်ဟုပြဋ္ဌာန်း

သည်။ ယခုအမှုမှာမူကား လျှောက်ထားသူတို့သည် အယူခံရုံး၏ အမိန့်နှင့်ဒီကရီ ချုပ်ခြင်းမဟုတ်ပေ။ ဥပဒေအရ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက်အတိုင်း တရား က မလိုက်နာမိသည့်အတွက် ယင်းပြဋ္ဌာန်းချက်ကို ဒီကရီပြင်ဆင်၍ထည့်သွင်းပေးရန် လျှောက်ထားခြင်းမျှသာဖြစ်သည်။

၁၉၇၅ — ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မဦး ပါ ၁၂ (ကွယ်လွန်သူ ဦးဘိုးကြီး၏ တရားဝင် ကိုယ်စားလှယ် များ)။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ အရ၊ သက်ဆိုင်ရာ တရားရုံးသည် မိမိချမှတ် သည့် စီရင်ချက် သို့မဟုတ် ဒီကရီတွင် မတော်တဆချန်လှပ်မိခဲ့သည့် ကိစ္စရပ်များကို ပြင်ဆင်ထည့်သွင်း ပေးနိုင်သည်ဟု ပါရှိသည်။ ထို့ကြောင့် ဤအမှုတွင်တရားမကျင့် ထုံး ဥပဒေပုဒ်မ ၈၂ အရ ဒီကရီငွေများ ပေးဆပ်ရန်ရက်သတ်မှတ်ပေးရမည်ဟုပြဋ္ဌာန်း ချက်ကို မတော်တဆချန်လှပ်မိခဲ့သည့်အတွက်ပုဒ်မ ၁၅၂ အရ ပြင်ဆင်ပေးနိုင်သည်ဟု ကျွန်ုပ်တို့ယူဆသည်။ တရားရုံး၏ ပျက်ကွက်မှုကြောင့်အမှုသည်နစ်နာရမည်ဟုဆိုလျှင် တရားမျှတမည်မဟုတ်ပေ။

ထို့ကြောင့် အယူခံတရားပြိုင်တို့သည် ဒီကရီကျငွေများကို ယနေ့မှစ၍ ၃ လ အတွင်းပေးဆပ်ရန် အချိန်သတ်မှတ်လိုက်သည်ဟု စီရင်ချက်နှင့် ဒီကရီတွင် ပြင်ဆင် ထည့်သွင်းလိုက်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

နိုဝင်ဘာလ ၁၄ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်
နှင့်
ဦးအောင်လေး ပါ ၉ *

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို အပေါင်ပြု၍ ငွေချေးစဉ်က ပေးအပ်ခဲ့သည့် ဦးပိုင်ရမှတ်တမ်း (Register of Holdings) သည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၈ အရ ပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာချုပ်စာတမ်းများဟုတ်မဟုတ်။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၈ (စ) တွင် ''ပိုင်ဆိုင်မှုနှင့်ပတ်သက်စာချုပ်စာတမ်း'' (Documents of Title) ဟုပါရှိသည်။ ယင်းကဲ့သို့ ဖေါ်ပြထားစကားရပ်တွင် စာချုပ်စာတမ်းအမျိုးအစား ၂ မျိုးရှိသည်။ တမျိုးမှာ ''ပိုင်ဆိုင်ခွင့်ကိုသတ်ပေးသည့်စာချုပ်စာတမ်း။ (Documents Creating Title) နောက်တမျိုးမှာ ''ပိုင်ဆိုင်ရသက်သေခံအထောက်အထားပြုသည့် စာချုပ်စာတမ်း'' (Documents Evidencing Ti တို့ဖြစ်သည်။ ဦးပိုင်ရာဇဝင်မှတ်တမ်းမှာ ''ပိုင်ဆိုင်ခွင့်ကို သက်သေခံအထောက်အထားပြုစာချုပ်စာတမ်းအမျိုးအစားတွင်ပါဝင်သည်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ မစ္စတာ အက်စ်၊ ကော်ဂို

အယူခံတရားခံအတွက်၊ ။အကျိုးဆောင် ဦးသိန်းဝင်း၊ ဦးဘစိန်။

အယူခံတရားပြိုင် အမှတ် (၁) သည် အယူခံ တရားလိုဘဏ် (ယာ ဟောင်ကောင်နှင့် ရှန်ဟဲဘဏ်) ထံမှ ၁၉၆၂ ခုနှစ်တွင် ငွေကျပ် ၁၀၀၀၀၀တိ ချေးယူခဲ့သည်။ အယူခံတရားပြိုင် အမှတ် (၁) မှ (၈) တို့သည် ယင်းချေး အတွက် ၎င်းတို့ပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အပေါင်အ ပေးခဲ့သည်။ ထိုနောက်ချေးငွေများကို ပြန်မဆပ်သည့်အတွက် အယူခံတရားလို အယူခံတရားပြိုင်များအပေါ် ယခင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၁) တွင် တရ

* ၁၉၇၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၇၃။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆ တွင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၁) ၏ သူကြီးရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅၊

ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဦးအောင်လေး
ပါ ၄။

စွဲဆိုခဲ့သည်။ ယင်းရုံးက အယူခံတရားပြိုင်အမှတ် (၃) နှင့် (၄) တို့က အပေါင်အဖြစ် ပေးထားသော ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ် ၆၇၇ အေ သစ်သားအိမ်နှင့် အယူခံတရားပြိုင် (၅) (၆) (၇) (၈) တို့အပေါင်အဖြစ် ပေးခဲ့သော ပေါင်းတည်မြို့ရှိ မြေနှင့် အဆောက်အဦနှင့် ဂိုဒေါင်တို့ကိုချန်လှပ်၍ ငွေ ၉၀၂၉၆ဝိ/၅၀ ပြားအတွက် ပဏာမ အပေါင်ဒီကရီချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို အယူခံတရားလိုက မကျေနပ်၍ အယူခံမှုတင်သွင်းခြင်းဖြစ်သည်။

အယူခံတရားပြိုင် အမှတ် (၃) နှင့် (၄) တို့က၊ ရန်ကုန်မြို့၊ ပြည်လမ်း အမှတ် ၆၇၇ အဆောက်အဦနှင့် မြေကို အပေါင်ပေးစဉ်က အမှတ် ၆၇၇ အေအိမ်သည် မရှိသေးပါ။ အပေါင်ပြုလုပ်ပြီးမှ ဆောက်သည့်အိမ်ဖြစ်သည်။ ထို့ကြောင့် အမှတ် ၆၇၇ အေ အိမ်ကို အပေါင်ပေးသည့် ပစ္စည်းဖြစ်သည်ဟု မသတ်မှတ်နိုင်ပါဟု မူလရုံး စီရင်ချက်တွင် ဖော်ပြထားကြောင်း တွေ့ရသည်။

အမှတ် ၆၇၇ အေ အိမ်သည် အပေါင်ပေးခဲ့သည့် မြေပေါ်၌ တည်ဆောက်ထားခြင်းနှင့် ပတ်သက်၍ အငြင်းပွားချက်မရှိချေ။ ထို့ကြောင့် အပေါင်ပေးထားသည့် မြေပေါ်တွင် အပေါင်ပေးပြီးနောက် အိမ်ကို အပေါင်ပေးသူက တည်ဆောက်လျှင် ယင်းအိမ်သည် အပေါင်ပစ္စည်းဖြစ်လာကြောင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၇၀ အရ ထင်ရှားသည်။ ယင်းပုဒ်မတွင် ဖော်ပြထားသည့် ဥပမာ (ဘီ) မှာ ယခုအမှုနှင့် ထပ်တူထပ်မျှဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ် ၆၇၇ အေ အိမ်သည် အပေါင်ပစ္စည်းတွင် ပါဝင်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၈ (စ) တွင် ယင်းပုဒ်မအရ သတ်မှတ်ထားသည့် မြို့များတွင် ငွေချေးယူပြီး မရွေ့ မပြောင်းနိုင်သည့် ပစ္စည်းနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာချုပ် စာတမ်းများကို ပေးအပ်ပါက၊ အပေါင်မြောက်သည်ဟု ပြဋ္ဌာန်းထားသည်။ အယူခံတရားပြိုင် အမှတ် (၅) မှ (၈) တို့က အပေါင်ပြုလုပ်စဉ်အခါတွင် ပေါင်းတည်မြို့ မြေနှင့်အိမ်နှင့်ဂိုဒေါင်နှင့်သက်ဆိုင်သည့် ဦးပိုင်ရာဇဝင် မှတ်တမ်း (Register of Holdings) ကို ဘဏ်တိုက်သို့ ပေးအပ်ခဲ့သည်။ ယင်း ဦးပိုင်ရာဇဝင် မှတ်တမ်းမှာ ပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာချုပ်စာတမ်းမဟုတ်သည့် အတွက် အပေါင်မမြောက်ခဲ့ပါဟု အယူခံတရားပြိုင် အမှတ် (၅) မှ (၈) တို့က ထုချေခဲ့သည်။ ထို့ကြောင့် ယင်းမှတ်တမ်းမှာ ပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာချုပ် စာတမ်း များ ဟုတ်မဟုတ် ဆန်းစစ်ရန် လိုပေလိမ့်မည်။

ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၈ (စ) တွင် " ပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာချုပ်စာတမ်း " (Documents of Title) ဟုပါရှိသည်။ ယင်းကဲ့သို့ ဖော်ပြ

၁၉၇၅
ပြည်ထောင်စု
မြန်မာနိုင်ငံဘဏ်
နှင့်
ဦးအောင်လေး
ပါ ၉။

ထားသည့် စကားရပ်တွင် စာချုပ်စာတမ်း အမျိုးအစား ၂ မျိုးရှိသည်။ တမျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ပေးသည့် စာချုပ်စာတမ်း" (Documents creating title) နောက်တမျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သက်သေခံ အထောက်အထား ပြုသည့် စာချုပ်စာတမ်း" (Documents evidencing title) တို့ဖြစ်သည်။ ဦးပိုင်ရာဇဝင်မှတ်တမ်းမှာ "ပိုင်ဆိုင်ခွင့်ကို သက်သေခံ အထောက်အထားပြုသည့်စာချုပ်စာတမ်း" အမျိုးအစားတွင် ပါဝင်သည်။ သို့ဖြစ်၍ ဦးပိုင် ရာဇဝင် မှတ်တမ်းကို ပေးအပ်ခဲ့ခြင်းမှာ အပေါင်မြောက်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

အထက်ပါ အကြောင်းများကြောင့် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားလိုများ စွဲဆိုသည့်အတိုင်း ပဏာမအပေါင်ဒီကရီချမှတ်ပေးလိုက်သည်။ တရားရုံးအဆင့်ဆင့်အတွက် ကုန်ကျသည့် တရားစရိတ်များကို အယူခံတရားပြိုင်များက ကျခံစေ။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဖာတမာဘီ [၎င်း၏ နီးစပ်ရာ မိတ်ဆွေအဖြစ် မောင်ဂေါ်ရာ (ခ) မောင်သိန်းထွေး] †၁၉၇၇ စက်တင်ဘာလ ၂၄ ရက်။

နှင့်

မဟာနီဖာဘီ ပါ ၆ *

စိတ်မနှံ့သူဖြစ်ကြောင်း ဆုံးဖြတ်ရန် သက်ဆိုင်ရာ ဆရာဝန်၏ထောက်ခံချက် လိုမလို စိတ်မနှံ့သူအား ရုံးရှေ့သို့ခေါ်လာရန် လိုမလို။

ဆုံးဖြတ်ချက်။ ။အမှုတမှုမှ အမှုသည်တဦးသည် စိတ်မနှံ့ပါဟု ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာ ဆရာဝန်၏ ထောက်ခံချက်မှာအရေးကြီးသည့် အချက်ဖြစ်သည်။ ဤအမှုတွင် လျှောက်ထားသူသည် စိတ်မနှံ့သူဖြစ်သည်ဟု ဆရာဝန်ထောက်ခံချက်မတွေ့ရှိရချေ။ ထို့အပြင် အမှုစစ်ဆေးသည့်တရားသူကြီးအဖွဲ့အနေနှင့် လျှောက်ထားသူသည် စိတ်မနှံ့သူတဦး ဟုတ်မဟုတ်ကို အကဲခတ်၍ ဆုံးဖြတ်နိုင်ရန် လျှောက်ထားသူကို မောင်ဂေါ်ရာက ရုံးရှေ့သို့ခေါ်လာသင့်သည်။ ဤကဲ့သို့လျှောက်ထားသူကို ရုံးရှေ့သို့ခေါ်လာခဲ့ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် မွန်ပြည်နယ်တရားရုံးက လျှောက်ထားသူသည် စိတ်မနှံ့သူတဦးဖြစ်ကြောင်း လုံလောက်သည့် အထောက်အထားမရှိဟု အဆုံးအဖြတ်ကို ကျွန်ုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် မစ္စတာ ဝင်ဆင်ဆော်လမွန်။

အယူခံတရားခံအတွက်။ ။အကျိုးဆောင်မစ္စတာဗွီစီစီဖိုး (၁) (တရားပိုင်အတွက်) ။

လျှောက်ထားသူနှင့် လျှောက်ထား ခံရသူတို့မှာကွယ်လွန်သူ ဦးအုံးမောင်ဆိုသူ၏ သားသမီးများ ဖြစ်ကြသည်။

မွန်ပြည်နယ် တရားရုံး၊တရားမအထွေထွေမှုအမှတ် ၂/၇၇ တွင် လျှောက်ထားသူက လျှောက်ထား ခံရသူတို့အပေါ် ကွယ်လွန်သူ ဦးအုံးမောင်၏ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့် ပတ်သက်၍ အမွေမှု စွဲဆိုပြီး လျှောက်ထားသူ၏ တူဖြစ်သော

* ၁၉၇၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၄။

† ၁၉၇၇ ခုနှစ်၊ တရားမသေးမှုအမှတ် ၂ တွင် မွန်ပြည်နယ်တရားရုံး (သံတွဲမြို့ရုံးထိုင်) ရုံး၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၅
မဓါတမာသီ
[၎င်း၏ နီးစပ်ရာ
မိတ်ဆွေအဖြစ်
မောင်ဂေါ်ရာ
(ခ)
မောင်သိန်းထွေး]
နှင့်
မဟာနိဖါဘီ
ပါ ၆။

မောင်ဂေါ်ရာဆိုသူက လျှောက်ထားသူ၏ အနီးစပ်ဆုံး မိတ်ဆွေအဖြစ်ဖြင့် ဆောင်ရွက်ရန် နှင့်လူမှုဲ့အဖြစ်ဖြင့် အမှုစွဲဆိုရန် လျှောက်ထားခဲ့သည်။ မူလမွန်ပြည်နယ် တရားရုံးက နှစ်ဘက်သက်သေများ စစ်ဆေး၍ မောင်ဂေါ်ရာ၏ လျှောက်လွှာကို ပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤပြင်ဆင်မှုလျှောက်လွှာ တင်ခြင်းဖြစ်သည်။

လျှောက်ထားသူသည် စိတ်မနှံ့သူ ဖြစ်သဖြင့် ၎င်း၏ အနီးစပ်ဆုံး မိတ်ဆွေအဖြစ်ဖြင့် ဆောင်ရွက်ခွင့်ပြုရန် မောင်ဂေါ်ရာက လျှောက်ထားခဲ့သည်။ မွန်ပြည်နယ် တရားရုံးက လျှောက်ထားသူသည် စိတ်မနှံ့သူ တဦးဖြစ်ကြောင်း လုံလောက်သည့် အထောက်အထား မရှိသဖြင့် မောင်ဂေါ်ရာ၏ လျှောက်လွှာကို ပလပ်လိုက်ကြောင်း တွေ့ရသည်။

အမှုတမှုမှာအမှုသည် တဦးသည် စိတ်မနှံ့ပါဟု ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာ ဆရာဝန်၏ ထောက်ခံချက်မှာ အရေးကြီးသည့် အချက်ဖြစ်သည်။ ဤအမှုတွင် လျှောက်ထားသူသည် စိတ်မနှံ့သူ ဖြစ်သည်ဟု ဆရာဝန်ထောက်ခံချက် မတွေ့ရှိရချေ၊ ထို့အပြင် အမှုစစ်ဆေးသည့် တရားသူကြီးအဖွဲ့အနေနှင့် လျှောက်ထားသူသည် စိတ်မနှံ့သူတဦးဟုတ်မဟုတ်ကို အကဲခတ်၍ ဆုံးဖြတ်နိုင်ရန် လျှောက်ထားသူကို မောင်ဂေါ်ရာက ရုံးရှေ့သို့ ခေါ်လာသင့်သည်။ ဤကဲ့သို့ လျှောက်ထားသူကို ရုံးရှေ့သို့ ခေါ်လာခဲ့ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် မွန်ပြည်နယ် တရားရုံးက လျှောက်ထားသူသည် စိတ်မနှံ့သူ တဦးဖြစ်ကြောင်း လုံလောက်သည့် အထောက်အထား မရှိဟု အဆုံးအဖြတ်ကို ကျွန်ုပ်တို့အနေနှင့် ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိချေ။

သို့ဖြစ်၍ ဤပြင်ဆင်မှု လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၅ိ ခွင့်ပြုသည်။

တရားမအယူခံမှု

ဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဗဟိုကုန်သွယ်ရေးဦးစီးဌာန (စီမံရေးဌာနခွဲ) ရန်ကုန်မြို့ †၁၉၇၃

နှင့် ဇွန်လ ၄ ရက်။

ဒေါ်ထွေး (ကွယ်လွန်သူဦးသိန်းအောင်၏ဇနီး) *

ဘော်ပူးတွဲပိုင်ရှင်နှစ်ဦး အချင်းချင်းနားလည်မှုဖြင့်အလှည့်ကျဆလင်အဖြစ်ဆောင်ရွက်သူသည် မော်တော်ငှားသည့်ဌာန၏အလုပ်သမားဟုတ်မဟုတ်။

ဆုံးဖြတ်ချက်။ ။မော်တော်ငှားသည့်အတွက် အယူခံတရားလိုတို့က မော်တော်ငှားခပေးခြင်း ည်။ အယူခံတရားလိုဌာနအနေနှင့် ဦးသိန်းအောင်အား လုပ်ခပေးရန်တာဝန်လုံးဝမရှိပေ၊ ပိုင်ရှင်နှစ်ဦး အချင်းချင်းနားလည်မှုဖြင့် အလှည့်ကျဆလင်အဖြစ်ဆောင်ရွက်ရန် သဘောတူခဲ့ ဖြင့် ဦးသိန်းအောင်သည် အချင်းဖြစ်နေ့က ဆလင်အဖြစ်ဆောင်ရွက်ခြင်းဖြစ်ခဲ့သည်၊ အယူခံ လိုများ၏ အကျိုးအတွက် ဆလင်အဖြစ်ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပေ၊ ထို့ကြောင့် ဦးသိန်းအောင် တရားလိုဌာန၏ အလုပ်သမားတဦးမဟုတ်ဟုယူဆသည်။

ယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာ အက်စ်၊ ကော၊ ဂိုရှ်။

ယူခံတရားပြိုင်အတွက်။ ။မလာ။

အောင်သိန်းမြင့် မော်တော်ကို ပန်းတနော်မြို့ ကုန်သွယ်ရေးရုံးမှ ကုန်သွယ်ရေး နပိုင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်အတွက် ပိုင်ရှင်များထံမှ ငှားရမ်း ည်။ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့က ကုန်သွယ်ရေး ပစ္စည်းများကို ယင်း ာ်တော်ဖြင့် သယ်ယူ ပို့ဆောင်နေစဉ် မရမ်းကျေးရွာအရောက် သောင်းကျန်းသူ ၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် မော်တော်၏ ဆလင်အဖြစ် ဆောင်ရွက်သူ ိန်းအောင်မှာ သေနတ်ကျည်ဆံ ထိမှန်၍ သေဆုံးခဲ့၏။ ကွယ်လွန်သူ ိန်းအောင်၏ဇနီး ဒေါ်ထွေး (လျှောက်ထားခံရသူက) အလုပ်သမားလျော်ကြေး ဒေအရလျော်ကြေးတောင်းရာ ပန်းတနော်မြို့၊ အလုပ်သမားလျော်ကြေးစိစစ်ရေး

---

* ၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၅၄။

† ၁၉၇၃ ခုနှစ်၊ လျော်ကြေးမှုအမှတ် ၆ တွင် (ပန်းတနော်မြို့) မအူပင်မြို့နယ်အလုပ်သမား လျော်ကြေးစိစစ်ရေးအရာမင်္ဂလာတွင်းရေးမှူးရုံး၏ ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

၁၉၇၅

ဗဟိုကုန်သွယ်ရေး ဦးစီးဌာန (စိမ်ရေးဌာနခွဲ) ရန်ကုန်မြို့နှင့် ဒေါ်ထွေး(ကွယ်လွန်သူ ဦးသိန်းအောင်၏ ဇနီး)။

ကော်မတီက ၂,၉၅၂ ပေးရန် အယူခံတရားလို ဗဟိုကုန်သွယ်ရေး ဦးစီးဌာနအပေ
အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမားလျော်ကြေး ဥပဒေ
ပုဒ်မ ၃၀ အရ အယူခံဝင်ခြင်းဖြစ်သည်။

အောင်သိန်းမြင့် မော်တော်၏ ပိုင်ရှင်များမှာ ကွယ်လွန်သူ ဦးသိန်းအောင်နှ
ဦးသစ်ငွေတို့ ဖြစ်ကြကြောင်းမှာ အငြင်းမထွက်ချေ။ ဦးသိန်းအောင်နှင့် ဦးသစ်ဖေ
တို့သည် ၎င်းတို့ပိုင်မော်တော်ကို အလှည့်ကျ ဆလင်အဖြစ် ဆောင်ရွက်ခဲ့ကြသည်ပ
အမှုတွဲရှိ သက်သေခံချက်များအရ ပေါ်လွင်ကြောင်း တွေ့ရှိရသည်။

အယူခံ တရားလိုဌာနက ၎င်းတို့ပိုင် ပစ္စည်းများကို သယ်ယူပို့ဆောင်ရန်အတွက
အောင်သိန်းမြင့် မော်တော်ကို ပိုင်ရှင်များ ဖြစ်ကြသည့် ဦးသိန်းအောင်၊ ဦးသစ်ဖေ
တို့နှင့် မော်တော်ငှားသည့် ပဋိညာဉ် ပြုလုပ်ခဲ့ကြသည်။ မော်တော်ငှားသည့်အတွက
အယူခံ တရားလိုတို့က မော်တော်ငှားခ ပေးခြင်းဖြစ်သည်။ အယူခံတရားလို ဌား
အနေနှင့် ဦးသိန်းအောင်အား လုပ်ခပေးရန် တာဝန် လုံးဝမရှိပေ။ ပူးတွဲပိုင်ရှင်နှစ်ဦ
အချင်းချင်း နားလည်မှုဖြင့် အလှည့်ကျ ဆလင်အဖြစ် ဆောင်ရွက်ရန် သဘောတူ
ကြသဖြင့် ဦးသိန်းအောင်သည် အချင်းဖြစ်သည့်နေ့က စလင်အဖြစ် ဆောင်ရွက်ခြင်
ဖြစ်ခဲ့သည်။ အယူခံ တရားလိုများ၏ အကျိုးအတွက် ဆလင်အဖြစ် ဆောင်ရွက်ခဲ့ခြင်
မဟုတ်ပေ။ ထို့ကြောင့် ဦးသိန်းအောင်သည် တရားလိုဌာန၏ အလုပ်သမားတဦ
မဟုတ်ဟု ကျွန်ုပ်တို့ယူဆသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို လက်ခံပြီး (ပန်းတနော်
မြို့) မအူပင်မြို့နယ်၊ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီရုံး လျော်ကြေးမှ
အမှတ် ၆/၆၇ ကို ပယ်ဖျက်လိုက်သည်။ အယူခံ တရားလိုတို့ ပေးသွင်းထားသည့်
ငွေများကိုလည်း ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ်သည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ဝင်ပါသော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်ဘထွန်း ပါ ၃

နှင့်

မညွန့်တင် ပါ ၄ *

† ၁၉၇၅
နိုဝင်ဘာလ
၁၂ ရက်။

သေဆုံးသူတရားလို၏ တရားဝင်ကိုယ်စားလှယ်အဖြစ်ထည့်သွင်းပေးရန် လျှောက်ထားခြင်း ကာလစည်းကမ်းသတ်ထားသည့် ရက်ထက် ၂ ရက်ကျော်လွန်နေခြင်း တရားစီရင်ရေးစနစ်တခုမှ စနစ်တခုသို့ ကူးပြောင်းနေချိန်ဖြစ်ခြင်း လက်ခံနိုင်သောအချိန်အတိုင်းအတာဟု ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားစီရင်ရေးစနစ်တခုမှ စနစ်တခုသို့ ကူးပြောင်းနေသည့်အချိန်ဖြစ်သည့်အပြင်၊ စီရင်ပိုင်ခွင့်အာဏာအရအမှုများကို ခွဲဝေသတ်မှတ်ချိန်လည်းဖြစ်သောကြောင့် ကာလစည်းကမ်းသတ် ၂ ရက်ကျော်လွန်ရခြင်းမှာ လက်ခံနိုင်လောက်သောအချိန်အတိုင်းအတာဖြစ်သဖြင့် ဤအမှုတွင် အလိုအလျောက်ရုပ်သိမ်းမှု (Abatement) ကိုပယ်ဖျက်၍၊ မူလသတ်မှတ်ထားသည့် အမှတ်စဉ်ဖြင့် တိုင်းတရားရုံးတွင် အမှုပြန်ဖွင့်ပြီး ဆက်လက်စစ်ဆေးရန်အမိန့်ချမှတ်လိုက်သည်။

လျှောက်ထားသူများအတွက်။ ။အကျိုးဆောင် ဦးခင်ထွန်း။

လျှောက်ထားခံရသူများအတွက်။ ။အကျိုးဆောင် ဦးထွန်းတင်။

ယခင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၂) တရားမကြီးမှုအမှတ် ၄၇၀/၆၇ တွင် ဒေါ်အုံးတင်ဆိုသူက လျှောက်ထားခံရသူများအပေါ် အခင်းဖြစ် မြေကွက်ကို လိမ်လည်အမည် ပြောင်းယူထားခြင်းသည် တရားမဝင် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာချက် ဒီကရီ ချမှတ်ပေးရန် တရားစွဲဆိုခဲ့သည် ဒေါ်အုံးတင်သည် ၁၉၇၃ ခုနှစ် မေလ ၇ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့သဖြင့် လျှောက်ထားသူများက တရားဝင်ကိုယ်စားလှယ်များ အဖြစ်ဖြင့် ထည့်သွင်းပေးပါရန် ရန်ကုန်တိုင်း တရားရုံးတွင်

---

* ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၀။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် တာမွေမြို့ရုံးထိုင်၊ ရန်ကုန်တိုင်း ပြည်သူ့တရားရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၇၅ ——— မောင်ဘထွန်း ပါ ၃ နှင့် မညွန့်တင် ပါ ၄။

လျှောက်ထားခဲ့သည်။ ယင်းလျှောက်လွှာမှာ ကာလ စည်းကမ်းသတ်ထားသည့်ရက်ထက် ၂ ရက် ကျော်လွန်နေသည်ဟုဆိုပြီး လျှောက်လွှာကို ရန်ကုန်တိုင်း တရားရုံးက ပလပ်လိုက်သည်။ ထို့ကြောင့် ဤပြင်ဆင်မှုလျှောက်လွှာ တင်ခြင်းဖြစ်သည်။

တရားစီရင်ရေး စနစ်သစ်အရ ယခင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၂) တွင်ရှိသော တရားမမှုများကို ၁၉၇၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှစပြီး၊ သက်ဆိုင်ရာ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်တရားရုံးများနှင့် တိုင်းတရားရုံးများသို့ လွှဲပြောင်းပေးခဲ့သည်။ ဤအမှုကို ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ယခင် မူလဘက် ဌာနခွဲ (၂)မှ စတုတ္ထမော်ကွန်းထိန်းရှေ့တွင် အမှုခေါ်ပြီး ရန်ကုန်တိုင်း မြို့နယ်စု(၃) တရားရုံးရှေ့တွင် အမှုခေါ်ရန် ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့သို့ အမှုရက်ချိန်းပေးလိုက်သည်။ လျှောက်ထားသူများက ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ယခင်တရားရုံးချုပ် မူလဘက်ဌာနခွဲ (၂) စတုတ္ထ မော်ကွန်းထိန်းရှေ့၌ အမှုခေါ်စဉ်က တရားဝင် ကိုယ်စားလှယ်လျှောက်လွှာတင်သော်လည်း ရုံးက လက်မခံသည့်အတွက် မတင်ခဲ့ခြင်း ဖြစ်သည်ဟု တင်ပြခဲ့သည်။ သို့သော် ဤတင်ပြချက်ကိုတိုင်းတရားရုံးက လက်မခံခဲ့ချေ။ ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့က ယခင် မူလဘက် ဌာနခွဲ (၂) စတုတ္ထမော်ကွန်းထိန်း အနေနှင့် လျှောက်ထားသူများ တင်သွင်းသည့် တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်လွှာကို လက်ခံရန် အာဏာမရှိတော့ချေ။ ထို့ကြောင့် လျှောက်ထားသူများက ထိုနေ့တွင် လျှောက်လွှာကို တင်ခဲ့သော်လည်း လက်မခံပါဟု တင်ပြချက်မှာ ယုတ္တိရှိသည်။ ထို့အပြင် ဤလျှောက်လွှာမှာသတ်မှတ်ထားသည့် ကာလစည်းကမ်းသတ် အချိန်ထက် ၂ ရက်သာ ကျော်လွန်နေကြောင်း တွေ့ရသည်။

တရားစီရင်ရေးစနစ် တခုမှ စနစ်တခုသို့ ကူးပြောင်းနေသည့် အချိန်ဖြစ်သည့်အပြင်၊ စီရင်ပိုင်ခွင့် အာဏာအရ အမှုများကို ခွဲဝေသတ်မှတ်ချိန်လည်း ဖြစ်သောကြောင့် ကာလစည်းကမ်းသတ် ၂ ရက် ကျော်လွန်ရခြင်းမှာ လက်ခံနိုင်လောက်သော အချိန်အတိုင်းအတာ ဖြစ်သဖြင့် ဤအမှုတွင် အလိုအလျောက် ရုပ်သိမ်းမှု (Abatement)ကို ပယ်ဖျက်၍၊ မူလသတ်မှတ်ထားသည့် အမှတ်စဉ်ဖြင့် တိုင်းတရားရုံးတွင် အမှုပြန်ဖွင့်ပြီး ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဘက္ကဝန်ဒတ်ဘာဂလာ

နှင့်

ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီ ပါ ၂ * † ၁၉၇၅ နိုဝင်ဘာလ ၅ ရက်။

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၂ (၁) သေဆုံးသူအလုပ်သမား၌ သားသမီး ၇ ယောက် ကျန်ခဲ့ခြင်း၊ တဦးတည်းလျော်ကြေးရလိုကြောင်း လျှောက်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။မောင်သိန်းသည် ဒေါ်တင်လှိုင်၏ သားသမီး ၇ ယောက်အနက်အကြီးဆုံးသော သားဖြစ်သည်။ သို့ကြောင့် အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂၂ (၁) အရ၊ ၎င်းသည် လျော်ကြေးလျှောက်လွှာတင်ပိုင်ခွင့်ရှိသူတဦးဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးချန်ထွန်းအောင်။

အယူခံတရားပြိုင် (၁) အတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) မစ္စတာ အက်စ်၊ ကောဂိုရှ်။

အယူခံတရားပြိုင် (၂) အတွက်။ ။အကျိုးဆောင် ဦးရဲထွန်း။

အယူခံတရားပြိုင် အမှတ် (၂) မောင်သိန်း၏ မိခင်ဖြစ်သူ ဒေါ်တင်လှိုင်သည် အယူခံတရားလို ဘက္ကဝန်ဒတ်၏ ရန်ကုန်မြို့၊ အမှတ် ၉၄ နတ်မောက်လမ်း ခြံတွင် ဥယျာဉ် သန့်ရှင်းသူအဖြစ်ဖြင့် အလုပ် လုပ်ခဲ့သည်။ လစာမှာတလ ၇၅ ကျပ်ဖြစ်သည်။ ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဒေါ်တင်လှိုင်သည် ခြံထဲ၌ သန့်ရှင်းရေး အလုပ် လုပ်နေစဉ် မူးလဲ၍ သေဆုံးခဲ့သည်ဟု အဆိုရှိသည်။ ဒေါ်တင်လှိုင် သေဆုံးသည်ကိစ္စနှင့် ပတ်သက်၍ ၎င်း၏သားသမီး ၇ ယောက်အနက် အကြီးဆုံးသောသူဖြစ်သည့် မောင်သိန်းက အလုပ်သမားလျော်ကြေးရလိုကြောင်း လျှောက်ထားဆိုခဲ့သည်။ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက

---

*၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၇။

†၁၉၇၄ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၇ တွင်၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သော ဆုံးဖြတ်ချက်ကိုအယူခံဝင်မှု။

၁၉၅၅
ဘက္ကဝန်ဒတ် ဘာဂလာ နှင့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီပါ ၂။

အမှုကို စစ်ဆေးပြီး အယူခံတရားလို ဘက္ကဝန်ဒတ်သည် အယူခံတရားပြိုင် မောင်သိန်းအား လျော်ကြေးငွေ ၂၇၀၀ ကျပ် ပေးစေရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ အယူခံတရားလိုက အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၃၀ အရ၊ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

သေဆုံးသူ ဒေါ်တင်လှိုင်သည် အယူခံတရားလို၏ အလုပ်သမားဖြစ်ကြောင်း အငြင်းမထွက်ချေ။ သို့သော် ဒေါ်တင်လှိုင်သည် အလိုအလျောက်သေခဲ့ကြောင်း အလုပ်ချိန်တွင် အလုပ်ခွင်၌ သေခဲ့ခြင်းမဟုတ်ကြောင်း၊ ဒေါ်တင်လှိုင်တွင် သားသမီး (၇) ယောက်ကျန်ခဲ့သော်လည်း မောင်သိန်း တဦးတည်းက လျော်ကြေးရလိုကြောင်း လျှောက်ထားခြင်းကို ဥပဒေအရ လက်မခံသင့်ကြောင်း အယူခံတရားလိုဘက်က တင်ပြသည်။

အယူခံတရားလို၏ ကိုယ်စားလှယ် ဘာတူရမ်းဆင်းက "သိရသလောက်မှာ (Heart failure) ကြောင့်ဟု ထင်ပါသည်" ဟု ထွက်ဆိုထားကြောင်း တွေ့ရသည်၊ ထိုထွက်ဆိုချက်ကို ဒေါ်တင်လှိုင်၏ သေစာရင်းလက်မှတ်က ထောက်ခံသည်။ ထို့ကြောင့် ဒေါ်တင်လှိုင်သည် အလိုအလျောက် သေခြင်းမဟုတ်ပဲ နှလုံးရောဂါ (Heart failure) ကြောင့် သေဆုံးခဲ့သည်ဟု အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ၏ သုံးသပ်ချက်မှာ မှန်သည်။

မောင်သိန်းက ၎င်း၏မိခင် ဒေါ်တင်လှိုင်သည် ခြံထဲ၌ အလုပ် လုပ်နေစဉ် မူးလဲ၍ သေသွားသည်ဟု ထွက်ဆိုထားကြောင်း တွေ့ရသည်။ ဤစွပ်စွဲချက်ကို ဘာဘူရမ်ဆင်းက တိကျစွာ ချေပနိုင်ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် ဒေါ်တင်လှိုင်သည် အလုပ်ချိန်တွင် အလုပ်ခွင်၌ သေဆုံးခဲ့သည်ဟု ယူဆရပေမည်။

မောင်သိန်းသည် ဒေါ်တင်လှိုင်၏ သားသမီး (၇) ယောက်အနက် အကြီးဆုံးသော သားဖြစ်သည်။ ထို့ကြောင့် အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၂၂ (၁) အရ ၎င်းသည်၊ လျော်ကြေးလျှောက်လွှာတင်ပိုင်ခွင့်ရှိသူ တဦးဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံလျှောက်လွှာကို ပယ်လိုက်သည်။ ရှေ့နေစရိတ် ၅၁ ကျပ် ခွင့်ပြုသည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မဂျစ် (ခ) ဦးချစ်

နှင့်

တီ၊ ပီ၊ မာမွတ်တီး *

†၁၉၇၅ ဇက်တင်ဘာလ ၂၄ ရက်။

နိုင်ငံခြားနေ တရားလိုအတွက် ကိုယ်စားလှယ်က အဆိုလွှာကိုလက်မှတ်ထိုးခြင်း၊ အဆိုလွှာပါကိစ္စများ သိရှိနားလည်သည်ဟု, ဝန်ခံထားခြင်း နိုင်ငံခြားနေတရားလိုအား ကော်မရှင်နှင့် စစ်ဆေးရန်လျှောက်ထားခြင်းကို ခွင့်ပြုသင့်မသင့်။

ဆုံးဖြတ်ချက်။ ။မူလမှုမှ အဆိုလွှာကို တီ၊ပီ၊မာမွတ်တီး၏ ကိုယ်စား ကိုယ်စားလှယ် ဦးကျော်အေးက လက်မှတ်ထိုး၍ တင်ခဲ့သည်။ယင်းအဆိုလွှာ၏နောက်ဆုံးအပိုဒ်ဖြစ်သည့် ဝန်ခံချက် အောက်တွင်လည်း ဦးကျော်အေးက လက်မှတ်ထိုးထားသည်။ အမှုအကြောင်းအခြင်းအရာ အချက် အလက်နှင့်ပတ်သက်သည့် အဆိုလွှာအပိုဒ် (၁) မှ (၇) အထိ စကားရပ်များမှာ မှန်ကန်ကြောင်း ကိုယ်တိုင်သိရှိနားလည်ပါသည်ဟု ဦးကျော်အေးက ဝန်ခံချက်ပြုထားသည်။ဤကဲ့သို့ ကိုယ်စားလှယ် တဦးအနေနှင့် အဆိုပြုချက်အားလုံးကို ကိုယ်တိုင်သိရှိနားလည်နေလျှင် အိန္ဒိယနိုင်ငံတွင်ရှိသည့် တီ၊ပီ၊မာမွတ်တီးကို ကော်မရှင်ဖြင့် စစ်ဆေးရန်မလိုချေ။

လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးမောင်မောင်မြင့်။

လျှောက်ထားခံရသူအတွက်။ ။အကျိုးဆောင် ဦးသန်းတင်။

လျှောက်ထား ခံရသူ တီ၊ပီ၊မာမွတ်တီးသည် အိန္ဒိယပြည်တွင် နေထိုင်သူတဦး ဖြစ်သည်။ ဗိုလ်တထောင်မြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၂၈/၇၃ တွင် တီ၊ပီ၊မာမွတ်တီးက အခင်းဖြစ်အိမ်နှင့် ပတ်သက်၍ ၎င်းပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် လက်ရောက်ရလိုကြောင်း လျှောက်ထားသူများအပေါ် တရားစွဲ ဆိုခဲ့သည်။ ထိုကဲ့သို့ အမှုစွဲဆိုသည့်အခါကပင် တီ၊ပီ၊မာမွတ်တီးသည် မြန်မာပြည် တွင် မရှိတော့သည်အတွက် ၎င်း၏ ကိုယ်စားလှယ် ဦးကျော်အေးက အဆိုလွှာကို လက်မှတ်ထိုး၍ တင်သွင်းခဲ့သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၃။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈ တွင်၊ ဗိုလ်တထောင်မြို့နယ်တရားရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၇၅ — မကျစ် (၁) ဦးချစ် နှင့် တီ၊ပီ၊မာမွတ် တီး။

အမှုစစ်ဆေးရန် အဆင်သင့်ဖြစ်ပြီးနောက် ကိုယ်စားလှယ်ဖြစ်သူ ဦးကျော်အေးက အိန္ဒိယပြည်တွင်ရှိသော တီ၊ပီ၊မာမွတ်တီး (မူလရုံးမှ တရားလို) ကို ကော်မရှင်နှင့် စစ်ဆေးခွင့် လျှောက်လွှာတင်ခဲ့သည်။ လျှောက်ထားသူများက ကန့်ကွက်ခဲ့သော်လည်း မူလရုံးက လျှောက်လွှာကို ခွင့်ပြုလိုက်သည်။ သို့ဖြစ်၍ ဤပြင်ဆင်မှု လျှောက်လွှာတင်ခြင်းဖြစ်သည်။

မှုလမှုမှ အဆိုလွှာကို တီ၊ပီ၊မာမွတ်တီး၏ကိုယ်စားလှယ် ဦးကျော်အေးက လက်မှတ်ထိုး၍တင်ခဲ့သည်။ ယင်းအဆိုလွှာ၏ နောက်ဆုံးအပိုဒ်ဖြစ်သည့် ဝန်ခံချက်အောက်တွင်လည်း ဦးကျော်အေးက လက်မှတ်ထိုးထားသည်။အမှုအကြောင်းအခြင်းအရာ အချက်အလက်နှင့် ပတ်သက်သည့် အဆိုလွှာအပိုဒ် (၁) မှ (၇) အထိ စကားရပ်များမှာ မှန်ကန်ကြောင်း ကိုယ်တိုင်သိရှိနားလည်ပါသည်ဟု ဦးကျော်အေးက ဝန်ခံချက်ပြုထားသည်။ ဤကဲ့သို့ ကိုယ်စားလှယ်တဦးအနေနှင့် အဆိုပြုချက်အားလုံးကို ကိုယ်တိုင်သိရှိနားလည်နေလျှင် အိန္ဒိယနိုင်ငံတွင်ရှိသည့် တီ၊ပီ၊မာမွတ်တီးကို ကော်မရှင်ဖြင့် စစ်ဆေးရန်မလိုချေ။

သို့ဖြစ်၍ ဤပြင်ဆင်မှုလျှောက်လွှာကို ခွင့်ပြုသည်။ လျှောက်ထားခံရသူကို ကော်မရှင်ဖြင့် မှုလရုံးက ခွင့်ပြုသည့်အမိန့်ကို ပါယ်ဖျက်လိုက်သည်။ ရှေ့နေစရိတ် ၅ဝိ/ ခွင့်ပြုသည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မာမွတ်ယာကွတ်မံဆာ

နှင့်

အယွတ်အစ္စမေးလ်အာတီးယား ပါ ၁၆ *

† ၁၉၇၅
မေလ ၁၄ ရက်။

သေတမ်းစာအတည်ပြုသူ ဂေါပကလူကြီးသည် မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ကိုယ်စား လွှဲခန့်အပ်၍ ဆောင်ရွက်နိုင်ခွင့် ရှိ မရှိ ပစ္စည်းထိန်းခန့်သင့်မသင့်ကို အမွေခံ အနည်းအများ အပေါ် မူတည်၍ အဓိကထားပြီး အဆုံးအဖြတ်မပေးသင့်သော်လည်း အမွေဆိုင်အများစု၏ သဘောထားကို ထည့်သွင်းဆုံးဖြတ်သင့်ခြင်း။

ဆုံးဖြတ်ချက်။ ။သေတမ်းစာအတည်ပြုသူ ဂေါပကလူကြီးများက အယူခံတရားပြိုင်အမှတ် (၉)အား ကိုယ်စားလှယ်စာလွှဲ၍ အမွေပစ္စည်းများကိုထိန်းသိမ်းစောင့်ရှောက်စေခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု အယူခံတရားလို၏ အကျိုးဆောင်ကြီးက တင်ပြသည်။ ဤတင်ပြချက်ကိုလက်မခံနိုင်ချေ။ သေတမ်းစာအတည်ပြုသူ ဂေါပကလူကြီးသည် မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ဆောင်ရွက်ရန် အစားထိုး၍ လွှဲပြောင်းခန့်အပ်ခြင်း မပြုနိုင်ဟုသာ ဥပဒေကဆိုသည်။ မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် ၎င်း၏အမွေစုမှ ၁၀ ပုံ ၁ ပုံခန့်သာရှိပြီး ကျန်အမွေဆိုင်များ၏ အမွေစုမှာ ၁၀ ပုံ ၉ ပုံရှိသည်။ အများစုက ပစ္စည်းထိန်း မခန့်လိုသောကြောင့် ပစ္စည်းထိန်းမခန့်သင့်ဟု တိုင်းတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မှာ မှားပါသည်။ အမွေစုအနည်းအများပေါ် မူတည်၍ ပစ္စည်းထိန်းခန့်သင့်မခန့်သင့်ကို မဆုံးဖြတ်သင့်ပါဟုအယူခံတရားလို၏အကျိုးဆောင်က တင်ပြသည်။ အမွေစုအနည်းအများပေါ် မူတည်၍ အဓိကထားပြီး အဆုံးအဖြတ်မပေးသင့်သော်လည်း အမွေဆိုင်အများစု၏သဘောထားကို ထည့်သွင်းဆုံးဖြတ်သင့်ပေသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးမောင်မောင် (၆)။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် မစ္စတာ အင်၊ စီ၊ ဆင်း။

အယူခံ တရားလိုသည် ကွယ်လွန်သူ ယာကွတ်အာမက်မံဆာနှင့် ပထမဇနီးမှ မွေးဖွားသူဖြစ်သည်။ အယူခံ တရားပြိုင် အမှတ် (၁) မှ (၄) တို့သည် ကွယ်လွန်သူ

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၁။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅ တွင် ပန်းပဲတန်းမြို့နယ် ပြည်သူ့တရားခုံး၏ချမှတ်သောစီရင်ချက်ကို အယူခံဝင်မှု။

၁၉၇၅ မာမှတ်ယာကွတ်မံဆာ နှင့် အယွတ်အစု မေးလ်အာတီး ယား ပါ ၁၆။

ယာကွတ်အာမက်မံဆာ၏ သေတမ်းစာ အတည်ပြုသူ ဂေါပကလူကြီးများ ဖြစ်ကြသည်။ အယူခံတရားပြိုင် အမှတ် (၅) သည် ကွယ်လွန်သူ ယာကွတ်အာမက်မံဆာ၏ ဒုတိယဇနီးဖြစ်သည်။ တရားပြိုင် အမှတ် (၆) မှ (၁၆) တို့သည် ကွယ်လွန်သူ ယာကွတ်အာမက်မံဆာနှင့် တရားပြိုင် အမှတ် (၆) တို့ မွေးဖွားသည့် သားသမီးများ ဖြစ်ကြသည်။

အယူခံတရားလိုက အယူခံတရားပြိုင်တို့အပေါ် ယာကွတ်အာမက်မံဆာ ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို ခွဲဝေပေးစေလိုကြောင်း၊ ရုံးမှ စီမံအုပ်ချုပ် ခန့်ခွဲပေးရန်နှင့် စာရင်းရှင်းရန် ယခင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၂) တွင် တရားစွဲခဲ့သည်။ (တရားစီရင်ရေး စနစ်သစ်အရ ဤအမှုကို ရန်ကုန်တိုင်း တရားရုံးသို့ လွှဲပြောင်းပေးခဲ့သည်။)

ဤကဲ့သို့ စွဲဆိုပြီးနောက် သေတမ်းစာ အတည်ပြုသူ ဂေါပကလူကြီး လေးဦးတို့က အမွေပုံပစ္စည်းများကို အုပ်ချုပ်စီမံခန့်ခွဲမှု လုံးဝမလုပ်တော့ပဲ၊ ဥပေက္ခာလုပ်ထားသဖြင့် တရားရုံးမှ ဘီးလစ်ကြီးကို အမွေပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရန် ပစ္စည်းထိန်း ခန့်ပေးမည့်အကြောင်း ရန်ကုန်တိုင်း တရားရုံးတွင် အယူခံတရားလိုက လျှောက်ထားခဲ့သည်။ ယင်းလျှောက်လွှာကို ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့က ပလပ်လိုက်သည့်အတွက် ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

သေတမ်းစာ အတည်ပြုသူ ဂေါပက လူကြီးများက အယူခံတရားပြိုင် အမှတ် (၉) အား ကိုယ်စားလှယ်စာလွှဲ၍ အမွေပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်စေခြင်းမှာ တရားဥပဒေအရ မှားယွင်းသည်ဟု အယူခံတရားလို၏ အကျိုးဆောင်ကြီးက တင်ပြသည်။ ဤတင်ပြချက်ကို လက်မခံနိုင်ချေ။ သေတမ်းစာ အတည်ပြုသူ ဂေါပက လူကြီးသည် မိမိ၏တာဝန်ဝတ္တရားများကို အခြားသူအား ဆောင်ရွက်ရန် အစားထိုး၍ လွှဲပြောင်းခန့်အပ်ခြင်း မပြုနိုင်ဟုသာ ဥပဒေကဆိုသည်။ မိမိ၏ တာဝန် ဝတ္တရားများကို တခြားသူအား ကိုယ်စားလှယ် ခန့်အပ်၍ ဆောင်ရွက်ပိုင်ခွင့် ရှိသည်။

သေတမ်းစာ အတည်ပြုသူ ဂေါပက လူကြီးများ၏ ကိုယ်စားလှယ် အယူခံတရားပြိုင် (၉) က စာရင်းမဲ့သုံးစွဲပြီး အစိုးရအခွန်အကောက်များကို မပေးဆောင်ပါဟု အယူခံတရားလို၏ အကျိုးဆောင်ကြီးက တင်ပြသည်။ အိမ်လခများကို စာရင်းမဲ့ အင်းမဲ့ သုံးစွဲသည့် စွပ်စွဲချက်မှာ လက်ခံနိုင်ဖွယ်ရာမရှိဟု ရန်ကုန်တိုင်း တရားစီရင်ရေး အဖွဲ့က ဆုံးဖြတ်ထားသည်၊ ယင်းဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိဟုယူဆသည်။ အခွန်အကောက်များကို အချို့အဝက် မပေးရသေးကြောင်း မှန်

ကန့်သည်။ သို့သော် ဤကဲ့သို့ မပေးနိုင်ခြင်းမှာ အိမ်ငှါးများထံမှ အိမ်လခမှန်မှန် မရရှိခြင်းကြောင့်သာ ဖြစ်သည်။

၁၉၅၅

မာမွတ်ယာကွတ် မံဆာ နှင့် အသွတ်အစ္စ မေးလ်အာတီး ယား ပါ ၁၆။

အယူခံတရားလိုသည် ၎င်း၏အမွေစုမှာ ၁၀ ပုံ၊ ၁ ပုံခန့်သာရှိပြီး ကျန်အမွေဆိုင်များ၏ အမွေစုမှာ ၁၀ ပုံ၊ ၉ ပုံရှိသည်။ အများစုက ပစ္စည်းထိန်းမခန့်လိုသောကြောင့် ပစ္စည်းထိန်း မခန့်သင့်ဟု ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မှာ မှားပါသည် အမွေစု အနည်းအများပေါ် မူတည်၍ ပစ္စည်းထိန်း ခန့်သင့် မခန့်သင့်ကို မဆုံးဖြတ်သင့်ပါဟု အယူခံ တရားလို၏ အကျိုးဆောင်က တင်ပြသည်။ အမွေစု အနည်းအများပေါ်မူတည်၍ အဓိကထားပြီး အဆုံးအဖြတ် မပေးသင့်သော်လည်း အမွေဆိုင်အများစု၏ သဘောထားကို ထည့်သွင်းဆုံးဖြတ်သင့်ပေသည်။

ထို့ကြောင့် ဤအမှုတွင် ခြုံ၍ကြည့်လိုက်သည့်အခါ သေတမ်းစာ အဘည်ပြုသူ ဂေါ်ပကလူကြီးများအနေနှင့် အမွေပစ္စည်းများကို အုပ်ချုပ်စီမံခန့်ခွဲမှု လုံးဝမလုပ်တော့ပဲ၊ ဥပေက္ခာပြုလုပ်ထားသည်ဟု လုံလောက်သည့် အထောက်အထား မတွေ့ရှိရသဖြင့် ဤလျှောက်လွှာကို ပလပ်၍ မူလရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့၏ အမိန့်ကို အတည်ပြုလိုက်သည်။ ဤအယူခံမှုအတွက် အယူခံတရားလိုက အယူခံတရားပြိုင်တို့အား အကျိုးဆောင်စရိတ် ၅၁ ကျပ်ပေးရန် အမိန့်ချသည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
နိုဝင်ဘာလ
၁၄ ရက်။

ဦးမောင်မောင် (ခ) အလီဘိုင်

နှင့်

ဒေါ်ခင်သန်းမြင့် *

ကုန်အမှတ်တံဆိပ်ကို အတုပြုခြင်းကြောင့် စွဲဆိုသည့်အမှုတွင် ကုန်အမှတ်တံဆိပ်အချင်းချင်းထပ်တူ ထပ်မျှ တူညီရန်လိုမလို ယင်းအမှုမျိုးအတောအတွင်း ယာယီ တားမြစ်အမိန့်ထုတ်ပေးထားရန် သင့်မသင့်။

ဆုံးဖြတ်ချက်။ ။ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ်အချင်းချင်းသည် ထပ်တူထပ်မျှတူညီရန်မလို၊ တံဆိပ်နှစ်ခုကိုယှဉ်ပြိုင်ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များရှိသော်လည်း၊ တခုနှင့်တခု ဆင်တူရိုးမှားဖြစ်လောက်အောင် တူညီမှုရှိလျှင် အတုပြုလုပ်ခြင်း ဖြစ်မြောက်သည်။ အခင်းဖြစ်တံဆိပ်နှစ်ခုကို ကြည့်ရှုလျှင် များစွာတူညီသဖြင့် သာမန်လူများမှားယွင်းရန်အကြောင်းရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ခြင်းကြောင့် စွဲဆိုသည့်အမှုအတောအတွင်း ယာယီတားမြစ်အမိန့်ကို လျှောက်ထားသူအား ထုတ်ပေးမထားခြင်းကြောင့် ၎င်းအတွက် နစ်နာဆုံးရှုံးမှုမှာ ငွေကြေးဖြင့်တွက်ချက်၍ လျော်ကြေးပေးရန်မဖြစ်နိုင်သည့် နစ်နာမှုမျိုးကိုဖြစ်စေနိုင်သည်။ ယာယီတားမြစ်အမိန့်ကိုထုတ်ပေးထားမှသာလျှင် တရားမျှတမှုရှိပေမည်။

လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးဘိုးသာ။

လျှောက်ထားခံရသူအတွက်။ ။အကျိုးဆောင် ဦးဗိုလ်စံဖိုး။

လျှောက်ထားသူသည် လျှောက်ထားခံရသူအပေါ်၌ ယခင်သထုံမြို့ထိုင်၊ ကျိုက်ထိုနယ်ပိုင် တရားမ တရားသူကြီးရုံး၏ ၁၉၇၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် လျှောက်ထားသူပိုင် "စိန်ပန်းခိုင်-မော်လမြိုင်" ခေါ် ဟင်းမွှေးမဆလာ ကုန်အမှတ်တံဆိပ်ကို လျှောက်ထားခံရသူက "စိန်ပန်းနှစ်ခိုင်-ပဲခူးမြို့" ခေါ် ဟင်းမွှေး

---

* ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၁။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂ တွင် သထုံမြို့၊ မွန်ပြည်နယ်တရားရုံး၏ချမှတ်သောဒီကရီကိုပြင်ဆင်မှု။

၁၉၇၅ ဦးမောင်မောင် (ခ) အလီဘိုင် နှင့် ဒေါ်ခင်သန်းမြင့်။

မဆလာ ကုန်အမှတ်တံဆိပ်ဖြင့် အတုပြုလုပ် ရောင်းချနေသောကြောင့် လျှောက်ထားခံရသူ၏ ကုန်အမှတ်တံဆိပ်ကို အသုံးပြုခြင်းမှ ထာဝစဉ် တားမြစ်အမိန့်ဒီကရီ တရပ်ကို ချမှတ်ပေးပါရန် တရားစွဲဆိုခဲ့သည်။ ဤကဲ့သို့ တရားစွဲဆိုသည့် နေ့ကပင် အမှုကို အပြီးအပြတ် ဆုံးဖြတ်၍ မပြီးမီအတွင်း လျှောက်ထားခံရသူအား ကုန်အမှတ်တံဆိပ်ကို အသုံးမပြုစေရန် ယာယီတားမြစ်အမိန့် ထုတ်ပေးရန် လျှောက်ထားခဲ့သည်။ မူလရုံးက လျှောက်ထားသူ တောင်းဆိုသည့်အတိုင်း ယာယီ တားမြစ်အမိန့် တရပ်ကို ထုတ်ပေးခဲ့သည်။ လျှောက်ထားခံရသူက မွန်ပြည်နယ်တရားရုံးတွင် အယူခံဝင်သည့်အခါ အယူခံတရားရုံးက မူလရုံး၏အမိန့်ကိုပယ်ဖျက်လိုက်သည်။ သို့ဖြစ်၍ဤပြင်ဆင်မှု လျှောက်လွှာ တင်သွင်းခြင်း ဖြစ်သည်။

မွန်ပြည်နယ် တရားရုံးက ကုန်အမှတ်တံဆိပ်များတွင် ပါရှိသည့် စာသားများ ကွဲပြားနေသည်ဟု အကြောင်းပြချက်ဖြင့် မူလရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ကြောင်း တွေ့ရသည်။ ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ် အချင်းချင်းသည် ထပ်တူထပ်မျှ တူညီရန်မလို၊ တံဆိပ်နှစ်ခုကို ယှဉ်ပြိုင်ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များ ရှိသော်လည်း တခုနှင့်တခု ဆင်တူရိုးမှား ဖြစ်လောက်အောင် တူညီမှုရှိလျှင် အတုပြုလုပ်ခြင်း ဖြစ်မြောက်သည်။ အခင်းဖြစ် တံဆိပ်နှစ်ခုကို ကြည့်ရှုလျှင် များးစွာ တူညီသဖြင့်သာမန်လူများ မှားယွင်းရန် အကြောင်းရှိသည်ဟု ဆိုရပေမည်။

အကယ်၍ လျှောကထားသူက အမှုနိုင်ခဲ့သော် အမှုအတောအတွင်း ယာယီတားမြစ်အမိန့် ထုတ်ပေးမထားခြင်းကြောင့် ၎င်းအတွက် နစ်နာဆုံးရှုံးမှုမှာ ငွေကြေးဖြင့် တွက်ချက်၍ လျော်ကြေးပေးရန် မဖြင်နိုင်သည့် နစ်နာမှုမျိုးကို ဖြစ်စေနိုင်သည်ဟု ယူဆနိုင်လေသည်။ ဤကဲ့သို့သော အမှုမျိုးတွင် ယာယီတားမြစ်အမိန့် ထုတ်ပေးထားမှသာလျှင် တရားမျှတမှု ရှိပေလိမ့်မည်။

သို့ဖြစ်၍ အယူခံ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ မူလတရားရုံး၏ အမိန့်ကို အတည်ပြုလိုက်သည်။ ဤလျှောက်လွှာအတွက် ရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌ အဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅
မတ်လ
၅ ရက်။

ဦးမျိုးအောင် ပါ ၃
နှင့်
ဦးကျော်ဝင်း ပါ ၂ *

တရားမကျင့်ထုံးအမိန့် ၃၈ နည်းဥပဒေ ၅ (၁) (က) (ခ)၊ အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်းဝါးရမ်းကို လွယ်လွယ်နှင့်ထုတ်မပေးရခြင်း။

ဆုံးဖြတ်ချက်။ ။တရားရုံးများသည်အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်း ဝါးရမ်းထုတ်မပေးမီ ထိုဝါးရမ်းကိုထုတ်ပေးရန် အလွန်ပင် လိုအပ်ပြီး လုံလောက်သော အကြောင်းရှိသည်ဟုယုံကြည်မှသာလျှင် ထုတ်ပေးသင့်သည်။ လွယ်လွယ်နှင့်ထုတ်ပေးခြင်းမပြုသင့်ချေ၊ ဝါးရမ်းကပ်ရအောင်လုံလောက်သောအကြောင်းရပ်များရှိရန်လိုသည်။ လုံလောက်သောအကြောင်းဆိုသည်မှာ တရားမကျင့်ထုံးအမိန့် ၃၈၊ နည်းဥပဒေ ၅ (၁) (က) သို့မဟုတ် (ခ) တို့တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးမောင်မောင်ကြီး။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးအေးမောင်။

အယူခံတရားပြိုင်များမှထံ အယူခံတရားလိုတို့က **နွေဦးကာလမြူထသောအခါ** ခေါ် ရုပ်ရှင်ဇာတ်ကားကို ငှားခကြေးငွေစုစုပေါင်း ၃၄၃၉၆ ကျပ် ယူထားပြီးနောက် ယင်းရုပ်ရှင်ဇာတ်ကားကို ပြသနိုင်ရန်အတွက် ဆောင်ရွက် မပေးခဲ့သည်သာမက ပေးထားသော ငွေများကိုလည်း ပြန်မပေးသည့်အတွက် အယူခံတရားလိုများထံ ထိုငွေကိုရရှိရန်အတွက် အယူခံတရားပြိုင်များကရန်ကုန်တိုင်း တရားရုံးတွင်တရားစွဲဆိုခဲ့သည်။ ယင်းအမှုမှ အဆိုလွှာနှင့်အတူအယူခံတရားလိုများ လက်ဝယ်ရှိ**ညာကောဇိုင်ပိုင်ပိုင်ပန်ပါ့မယ်** ရုပ်ရှင်ဇာတ်ကားကိုအမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်းဝါးရမ်းထုတ်၍ ဖမ်းဆီးထားရန် အယူခံတရားပြိုင်များကလျှောက်ထားခဲ့သည်။ ယင်းလျှောက်လွှာကို

---

*၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၅၅။

†၁၉၇၃ ခုနှစ်၊ တရားမသေးဖွဲ့မှုအမှတ် ၁၀ တွင်တာမွေမြို့နယ်၊ ပြည်သူ့တရားရုံး၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

ရန်ကုန်တိုင်း တရားရုံးကခွင့်ပြုလိုက်သည်။ ထို့နောက် ပစ္စည်းဖမ်းခြင်း မပြုလုပ်ရန် အယူခံတရားလိုတို့က ကန့်ကွက်ခဲ့သော်လည်း နှစ်ဖက် အကျိုးဆောင်များ၏ လျှောက်လဲချက်တို့ကိုကြားနာ၍ ငွေ ၄၀၀၀၀ အာမခံတင်သွင်းလျှင်ဝါရမ်းခွာပေးရန် အမိန့်ချမှတ်လိုက်သည်။ အာမခံတင်သွင်းပြီး ယင်းအမိန့်ကိုမကျေနပ်၍၊ အယူခံ တရားလိုတို့က ဤအယူခံလွှာတင်ခြင်းဖြစ်သည်။

၁၉၇၅

ဦးမျိုးအောင် ပါ ၃ နှင့် ဦးကျော်ဝင်း ပါ ၂။

အယူခံတရားလိုတို့သည် ဤအယူခံလျှောက်လွှာကို တင်နိုင်ခွင့်မရှိဟု အယူခံ တရားပြိုင်၏အကျိုးဆောင်က ပထမဦးစွာ တင်ပြကန့်ကွက်ခဲ့သည်။ တရားမကျင့်ထုံး အမိန့် ၃၈၊ နည်းဥပဒေ ၅ အရ၊ ရန်ကုန်တိုင်းရုံးက ချမှတ်သည့် အမိန့်ဖြစ်၍ ထိုအမိန့်မျိုးမှာအယူခံဝင်ပိုင်ခွင့်မရှိဟု တင်ပြသွားသည်။ တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ (၁) တွင် အယူခံဝင်ခွင့်ရှိသည့် အမိန့်များကို ဖော်ပြထားရာ အမိန့် ၃၈၊ နည်းဥပဒေ ၅ အရ ချမှတ်သောအမိန့်သည် ယင်းကဲ့သို့ အယူခံဝင် နိုင်သည်ဟုဖော်ပြထားသည့်အမိန့်များတွင် မပါဝင်ချေ။ အမိန့် ၄၃၊ နည်းဥပဒေ ၁ (ဃ) တွင်အမိန့် ၃၈၊ နည်းဥပဒေ ၆ အရ၊ ချမှတ်သည့်အမိန့်ကို အယူခံဝင်ခွင့် ရှိသည်ဟုဖော်ပြထားကြောင်းတွေ့ရသည်။] |

ဤအမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်း တရားရုံး၏ သက်ဆိုင်ရာ အမှုတွဲများကို လေ့လာလိုက်သည့်အခါ ယခုအယူခံဝင်သည့် အမိန့်မှာ အမိန့် ၃၈၊ နည်းဥပဒေ ၅ အရ၊ ချမှတ်သည့် အမိန့်မဟုတ်ပေ။ အမိန့် ၃၈၊ နည်းဥပဒေ ၆ (၂) အရ၊ ချမှတ်သည့်အမိန့်ဖြစ်ကြောင်းတွေ့ရသည်။ ထို့ကြောင့် ယင်းအမိန့်သည် အယူခံဝင် နိုင်သောအမိန့်ဖြစ်သည်ဟုဆိုရပေမည်။

တရားရုံးများသည် အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်း ဝါးရမ်းထုတ်မပေးမီ ဝါးရမ်းကိုထုတ်ပေးရန်အလွန်ပင် လိုအပ်ပြီးလုံလောက်သော အကြောင်းရှိသည်ဟု ယုံကြည်မှသာလျှင်ထုတ်ပေးသင့်သည်။ လွယ်လွယ်နှင့် ထုတ်ပေးခြင်း မပြုသင့်ချေ။ ဝါးရမ်းကပ်ရအောင် လုံလောက်သော အကြောင်းရပ်များရှိရန် လိုသည်။ လုံလောက်သောအကြောင်းဆိုသည်မှာ တရားမကျင့်ထုံးအမိန့် ၃၈၊ နည်းဥပဒေ ၅ (၁) (က) သို့မဟုတ် (ခ) တို့တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။ အပိုဒ်ခွဲ (က) အရဆိုလျှင် တရားပြိုင်သည် မိမိပေါ်ချမှတ်မည့် ဒီကရီကိုဇာရီ ပြုလုပ်သောအခါ၊ နှောင့်နှေးစေရန် ရည်ရွယ်ချက်ဖြင့် မိမိ၏ ပစ္စည်းအားလုံးသို့မဟုတ် တစိတ်တဒေသကို ပေါင်နှံရောင်းချပေးကမ်းခြင်း ပြုလုပ်ရန်စီစဉ်နေလျှင် အမှုမပြီး ဆုံးမီပစ္စည်းဖမ်းဝါးရမ်းကို ထုတ်ပေးနိုင်မည်ဖြစ်သည်။ တရားပြိုင်ကရင်း၏ ပစ္စည်းကို

၁၉၇၅

ဦးမျိုးအောင် ပါ ၃ နှင့် ဦးကျော်ဝင်း ပါ ၂။

ထုခွဲရောင်းချရန်ပြုလုပ်နေသည်ဆိုခြင်းနှင့် ပတ်သက်၍ မည်သို့မည်ပုံ ထုခွဲရောင်းချမည်၊ မည်သူ့အားထုခွဲရောင်းချမည်ဟု တိတိကျကျစွပ်စွဲချက်ရှိရန်လိုပေသည်။ ပစ္စည်းကိုထုခွဲရောင်းချရန် အစီအစဉ်ပြုလုပ်နေသည်ဟု ယေဘုယျစွပ်စွဲချက်ဖြင့် မလုံလောက်ချေ။

ဤအမှုတွင်အယူခံတရားပြိုင်ဘက်မှ တင်ပြခဲ့သည့် ကျမ်းကျိန်လွှာအရဆိုလျှင် အယူခံတရားလိုသည် **ညာခကောခိုင်ပိုင်ပိုင်ပန်ပါ့မယ်** ဇာတ်ကားကို **အခြားသူများအား လွှဲပြောင်းပေးအပ်ရောင်းချရန် စီစဉ်နေကြောင်း ခိုင်လုံစွာသိရပါသည်** ဟုစွပ်စွဲချက်ပြုလုပ်ထားကြောင်း တွေ့ရသည်။ မည်သူ့ကိုရောင်းချမည်ဆိုသော တိကျသည့်စွပ်စွဲချက်မဟုတ်ပေ။ ထို့ကြောင့် အယူခံတရားပြိုင်က ရန်ကုန်တိုင်းရုံးတွင် တင်သွင်းသည့်လျှောက်လွှာတွင်ပါရှိသည့် အချက်များမှာ တရားမကျင့်ထုံး အမိန့် ၃၉ နည်း ဥပဒေ ၅ (က) တွင် အကျုံးမဝင်ကြောင်း ထင်ရှားသည်။ အပိုဒ်ခွဲ (ခ) နှင့်အကျုံးဝင်နိုင်မည့် စွပ်စွဲချက်များလည်းမပါရှိချေ။

အထက်ဖော်ပြပါအကြောင်းများကြောင့် ဤအယူခံလွှာကို ခွင့်ပြုပြီးရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့က ၁၉၇၃ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင်ချမှတ်သည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။ အယူခံတရားပြိုင်သည် အယူခံဘာရားလိုအား စရိတ်ပေးဆောင်ရမည်။

အကျိုးဆောင်စရိတ်ကျပ်ငွေ ၇၅ သတ်မှတ်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မြန်မာ့ရေနံကော်ပိုရေးရှင်း

နှင့်

ဦးချစ်ထွန်း *

† ၁၉၇၅ အောက်တိုဘာလ ၃၀ ရက်။

ရဲရှေ့တွင်တမျိုး၊ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီရှေ့တွင်တမျိုး ကွဲလွဲစွာထွက်ဆိုချက်ကို လက်ခံရန်သင့်မသင့်၊ ရေနံခိုးရန် ရေနံတွဲအတွင်းသို့ဆင်းသည့်အတွက် သေဆုံးခဲ့ခြင်းဖြစ်သဖြင့် အလုပ်သမားလျော်ကြေးရထိုက်မထိုက်။

ဆုံးဖြတ်ချက်။ ။ရဲရှေ့နှင့်အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရှေ့တွင် ထွက်ဆိုချက်တို့ ကွဲလွဲမှုရှိသော်လည်း အဓိကဖြစ်သော အချက်များနှင့်ပတ်သက်ပြီး ကွဲလွဲမှုမရှိပါက လက်မခံနိုင်ရန် အကြောင်းမရှိပါ။

ထပ်မံဆုံးဖြတ်ချက်။ ။မောင်သီးသည် ရေနံခိုးထုတ်နေစဉ် ဆီကန်ထဲသို့ လိမ့်ကျသေဆုံးခြင်း ဖြစ်သည်။ အလုပ်အချိန်အတွင်းပင်ဖြစ်စေကာမူ ရေနံခိုးထုတ်ခြင်းမှာ မိမိအားပေးအပ်ထားသော တာဝန်မဟုတ်သောကြောင့် လျော်ကြေးမရထိုက်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ မစ္စတာ အက်စ်၊ ကေ၊ ဂိုရှ်။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်။

အယူခံတရားပြိုင် ဦးချစ်ထွန်း၏ သားဖြစ်သူမောင်သီးသည် အယူခံတရားလို မြန်မာ့ရေနံ လုပ်ငန်းကော်ပိုရေးရှင်း၏ သံလျင်ရေနံစက်ရုံ ရေယာဉ်ဌာနမှဆီတွဲစောင့် လုပ်သား တဦးဖြစ်ခဲ့သည်။ ၁၉၇၄ ခုနှစ်၊ဖေဖေါ်ဝါရီလ ၂၁ ရက်နေ့ညက မောင်သီးသည် ရေနံတွဲစောင့်ရန် တာဝန်ကျနေစဉ် ရေနံတွဲရှိ ဆီကန်ထဲတွင် ဆီနစ်မွန်း၍ သေဆုံးခဲ့သည်။ ယင်းသို့ သေဆုံးသည့်အတွက်မောင်သီး၏ ဖခင်ဖြစ်သူ အယူခံတရားပြိုင် ဦးချစ်ထွန်းက အလုပ်သမား လျော်ကြေးရလိုကြောင်း တောင်းဆိုခဲ့သည်။ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက နှစ်ဖက်ကို စစ်ဆေး၍ အလုပ်သမားလျော်ကြေးငွေ ၄၃၈၃ ကျပ် ၁၅ ပြားပေးရန်အမိန့်ချမှတ်ခဲ့

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအအမှတ် ၂။

† ၁၉၇၄ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၇၉ တွင်၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီရုံး၏ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅

မြန်မာ့ရေနံ ကော်ပိုရေးရှင်း နှင့် ဦးချစ်ထွန်း။

သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၃၀ အရ မြန်မာ့ရေနံကော်ပိုရေးရှင်းက အယူခံဝင်ခြင်းဖြစ်သည်။

မောင်သီးသည်ရေနံတွဲတွင် ရေနံခိုးထုတ်ရာမှ ဆီငွေ့များရှူမိုက်မိ၍ မူးမေ့သွားပြီး ဆီကန်ထဲတွင်ဆီနစ်မွန်း၍ သေဆုံးခဲ့သည်ဟု အယူခံတရားလိုဖက်က တင်ပြခဲ့သည်။ ထိုတင်ပြချက်ကိုလက်မခံဘဲ အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီက လျော်ကြေးပေးရန် အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရသည်။

အခင်းဖြစ်သည့်ညက ဆီတွဲပေါ်တွင် မောင်ကျော်ဆိုသူလည်းရှိသည်။ မောင်သီးနှင့်အတူထိုနေ့ညကတာဝန်ကျသူဖြစ်သည်။ မောင်ကျော်၏ ထွက်ဆိုချက်အရ ဆိုလျှင် မောင်သီးသည်တွဲအံတွင်းသို့ ဆင်းပြီး ရေနံခိုးထုတ်ရာမှ ဆီကန်ထဲသို့ကျပြီး သေဆုံးကြောင်းထင်ရှားသည်။ သို့ရာတွင် မောင်ကျော်သည် ရဲရှေ့တွင်တမျိုး၊ ကော်မတီရှေ့တွင်တမျိုး ကွဲလွဲစွာထွက်ဆိုသဖြင့် မောင်ကျော်၏ ထွက်ဆိုချက်ကို လက်မခံနိုင်ဟုလျော်ကြေးစိစစ်ရေး ကော်မတီကဆုံးဖြတ်ခဲ့သည်။

သက်ဆိုင်ရာအမှုတွဲကို လေ့လာလိုက်သည့်အခါ မောင်ကျော်၏ ရဲရှေ့တွင် ထွက်ဆိုချက်နှင့်လျော်ကြေး စိစစ်ရေးကော်မတီ၏ ရှေ့တွင်ထွက်ဆိုချက်များတွင် အဓိကဖြစ်သည့်အချက်များနှင့် ပတ်သက်ပြီး လွဲကွဲမှုများမရှိကြောင်း တွေ့သည်။ ထို့ကြောင့် မောင်ကျော်၏ထွက်ဆိုချက်များကို လက်မခံနိုင်ရန် အကြောင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။ မောင်ကျော်၏ ထွက်ဆိုချက်အရ မောင်သီးသည် ရေနံခိုးရန် တွဲအတွင်းသို့ ဆင်းသည့်အတွက် သေဆုံးခဲ့ကြောင်း ထင်ရှားသည်။ ရေနံတွဲများရှိ ဆီကန်များမှာ အဖုံးများပိတ်ထားပြီး ချိတ်လည်းပိတ်ထားလေ့ရှိသည်။ အခင်းဖြစ်ညက ချိတ်ကွာနေသည်မှာ အငြင်းထွက်သော်လည်း အဖုံးပိတ်ထားသည်ကိုကား အငြင်းမထွက်ချေ။ လူတဦးကယောက်သည် မတော်တဆ ဆီကန်တွင်းသို့ ကျဆင်းရန် မဖြစ်နိုင်ပေ။ မောင်ကျော်၏ ထွက်ချက်တွင် သေသူမောင်သီးနှင့် ၎င်းတို့တာဝန်ကျနေစဉ်ည (၇) နာရီခွဲခန့်တွင် လှေတစင်း ရေနံလာဝယ်ကြောင်း၊ လှေမှာပထမအကြိမ်ပြန်ထွက်သွားပြီးနောက် တခေါက်လာကြောင်း၊ အခြေအနေမကောင်း၍ရေနံမရောင်းရန်မောင်သီးအားပြောကြောင်းတို့ပါဝင်သည်။

ထို့ကြောင့် မောင်သီးသည် ရေနံခိုးထုတ်နေစဉ် ဆီကန်ထဲသို့ လိမ့်ကျသေဆုံးခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်။ အလုပ်ချိန်အတွင်းပင် ဖြစ်စေကာမူရေနံခိုးထုတ်ခြင်းမှာမိမိအား ပေးအပ်ထားသော တာဝန်မဟုတ်သောကြောင့် လျော်ကြေးမရထိုက်ပေ။ သို့ဖြစ်၍ ဤအယူခံကို ခွင့်ပြုပြီး အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီ၏အမိန့်ကိုပယ်ဖျက်လိုက်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုဘသုးစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ရဟီမာ ပါ ၃

နှင့်

ဒေါ်သီ *

† ၁၉၇၅

မေလ ၂၉ ရက်။

အနှောင့်ပစ္စည်းများကို ရုံးမှစီမံအုပ်ချုပ်ခွဲဝေပေးရန်စွဲဆိုခြင်း၊ လျှောက်ထားခံရသူသည် မွတ်စလင်ဘာသာဝင်အမျိုးသမီးတဦးဖြစ်သလော၊ သို့မဟုတ် ဗုဒ္ဓဘာသာဝင် အမျိုးသမီးတဦးဖြစ်သလောဟူသောပြဿနာ။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် အဓိက ဆုံးဖြတ်ရန်အချက်မှာ လျှောက်ထားခံရသူသည် မွတ်စလင်ဘာသာဝင်အမျိုးသမီးတဦးဖြစ်သလော သို့မဟုတ် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတဦးဖြစ်သလောဟူသော အချက်ဖြစ်သည်။ လူတယောက်သည် မည်သည့်ဘာသာကို သက်ဝင်ယုံကြည်သည်ဆိုသည့်အချက်မှာ မိမိ၏စိတ်တွင်း၌ဖြစ်ပေါ်သည့်အချက်ဖြစ်၍၊ လွယ်ကူစွာကောက်ယူဆုံးဖြတ်နိုင်မည်မဟုတ်ပေ။ လူတဦးတယောက်၏စိတ်တွင်းသို့ဝင် ကြည့်နိုင်စွမ်းမရှိသဖြင့် ထိုသူသည်မည့်သည့်ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို ၎င်း၏နောက်ကြောင်း ရာဇဝင်၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် မိတ်ဆွေသင်္ဂဟအပေါင်းအသင်းစသည့် ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားပြီးမှသာ မည်သည့်ဘာသာကိုသက်ဝင်ယုံကြည် ကိုးကွယ်ကြောင်းအဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။

လျှောက်ထားခံရသူသည် ပထမခင်ပွန်းနှင့်မင်္ဂလာဆောင်ရန်အတွက် သက်သက်သာ မွတ်စလင်ဘာသာသို့ကူးပြောင်းမည်ပုံပြီး၊ မွတ်စလင်ဘာသာဝင်များကဲ့သို့ အစ်နေ့များတွင် ကျေးမွေးခြင်း နမတ်စ်ဘတ်ခြင်း၊ အစရှိသည်ဘို့ကို ပြုလုပ်ခဲ့ငြားလည်း မူလကကိုးကွယ်လာသည့်ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှု စွန့်ပယ်ခြင်း မပြုသေးသည့်အတွက် မွတ်စလင်တဦးဖြစ်သည်ဟု မဆိုနိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလိုက မွတ်စလင်တယောက်သည် အဓိက ယုံကြည်ချက်အဖြစ် ဘုရားတပါးတည်းရှိခြင်း၊ နောက်ဆုံး တမန်တော်မှာ မဟာမက်သခင်ဖြစ်ခြင်းတို့မှလွဲ၍ အခြားယုံကြည်ချက်မရှိရပါဟု အဘိအသင်းထွက်ဆိုထားခြင်းကြောင့်ဖြစ်သည်။လျှောက်ထားခံရသူသည် ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသူတဦးအနေဖြင့် ဗုဒ္ဓဘာသာထုံးစံအရ ဘုရားပန်းကပ်လှူခြင်း၊ ဘုန်းကြီးဆွမ်းကပ်လှူခြင်း၊ ရှင်ပြုပေးခြင်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဘုရားတပါးတည်းရှိခြင်းကို ယုံကြည်ရမည်ဟူသော မွတ်စလင်ဘာသာဝင်တိုင်း၏ အခြေခံအချက်နှင့် ကိုက်ညီခြင်းလည်းမရှိပေ။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၇၅။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ တွင် ပုသိမ်အနောက်ပိုင်းမြို့နယ်၊ တိုင်းတရားရုံး၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅ — ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သီ။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးမြဘူးနှင့် မစ္စတာ အင်စီဆင်း။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးအုန်းခင်။

ပုသိမ်မြို့မှ အထက်တန်းရှေ့နေကြီးတဦးဖြစ်သည့် ဦးတင်ဆိုသူသည် ၁၉၆၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ဦးတင်ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ၎င်း၏အစ်ကို ဦးတူတူ(ကွယ်လွန်)၊ ဦးဖေခင်၊ ညီ ဦးဟာနစ်၊ ညီမ ဒေါ်ရဟီမာ (အယူခံဘရားလို) တို့ကတဘက်၊ ၎င်းနှင့်နှစ်ပေါင်း ၄၀ ကဇနီး အဖြစ် ပေါင်းသင်းလာသော ဒေါ်သီ (အယူခံတာရားပြိုင်အမှတ် ၁) က တဘက် အခမ္ဘကိစ္စအငြင်းပွားရာမှ ယခုအယူခံမှုပေါ်ပေါက်လာခြင်းဖြစ်သည်။

ဦးတင်သေဆုံးပြီးနောက် တလခန့်အကြာ ၁၉၆၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ဦးတူတူက ခရိုင်တရားမတရားသူကြီးရုံး၊ တရားမသေးမှုအမှတ် ၄/၆၉ တွင် ဦးတင်၏ ကျန်ရှိခဲ့သော ပစ္စည်းများအတွက် မွတ်ဆလင်ဘာသာ ထုံးတမ်းဓလေ့အရ၊ အမွေဆက်ခံထိုက်သူ တဦးအနေဖြင့် အမွေထိန်းလက်မှတ်ရလိုကြောင်း လျှောက်ထားခဲ့သည်။ ဦးဖေခင်၊ ဦးဟာနစ်၊ ဒေါ်ရဟီမာ၊ ဒေါ်သီတို့အား ဦးတင်၏ နီးစပ်သောဆွေမျိုးများအဖြစ် ဖော်ပြ၍ အမှုတွင် ထည့်သွင်းတရားစွဲဆိုခဲ့သည်။

နောက် ၁၉၆၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင်၊ ခရိုင်တရားမရုံး၊ တရားမသေးမှု အမှတ် ၅/၆၉ တွင် ဒေါ်သီက ၎င်းသည် ဦးတင်၏ ဗုဒ္ဓဘာသာဝင်ဇနီးဖြစ်ကြောင်း ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ထိမ်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေ အရ၊ ၎င်းသာလျှင် တဦးတည်း ဦးတင်၏ ကျန်ရစ်သောပစ္စည်းများကို အမွေဆက်ခံ ထိုက်သဖြင့် အမွေထိန်းလက်မှတ်ရယူလိုကြောင်း လျှောက်ထားခဲ့သည်။ ဦးတူတူ ဦးဖေခင်၊ ဦးဟာနစ်၊ ဒေါ်ရဟီမာတို့အား ဦးတင်၏နီးစပ်သော ဆွေမျိုးများအဖြစ် ထည့်သွင်း တရားစွဲဆိုခဲ့သည်။ အမှုသည်များနှစ်ဦးနှစ်ဘက် အပြိုင်အဆိုင်ဖြစ်လာ၍ သဖြင့် ဦးတူတူစွဲဆိုသော အမှုကို တရားမကြီးမှု အမှတ် ၂/၆၉ အဖြစ်၎င်း၊ ဒေါ်သီ စွဲဆိုသောအမှုကို တရားမကြီးအမှုအမှတ် ၃/၆၉ အဖြစ်၎င်း၊ ပြောင်းလဲစစ်ဆေးခဲ့သည်။ အမှုနှစ်မှုမှာ အကြောင်းခြင်းရာ တရပ်တည်းမှ ဖြစ်ပေါ်လာပြီး၊ အဆုံးအဖြတ်ပြုရမည့် ပြဿနာမှာလည်း ထပ်တူထပ်မျှဖြစ်သဖြင့် နှစ်ဘက်သော အကျိုးဆောင်၏ သဘောတူညီချက်အရ၊ တပေါင်းတည်း စစ်ဆေးရန် ဆုံးဖြတ်ပြီး၊ တရားမကြီးမှု အမှတ် ၂/၆၉ ငြင်းချက်များထုတ်၍ စစ်ဆေးရန် ချိန်းဆိုလိုက်သည်။

တရားမကြီးမှု အမှတ် ၂/၆၉ စတင်မစစ်ဆေးမီ ဒေါ်ရဟီမာ(အယူခံတရားလို) ဦးတင်၏ ကျန်ရစ်ခဲ့သော အမွေပုံပစ္စည်းများကို၊ ရုံးမှ စီမံအုပ်ချုပ်ခွဲဝေပေးရန် တရားမ

၁၉၇၅
ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သီ။

ကြီးမှု အမှတ် ၅/၆၉ ကို စွဲဆိုသည်။ ဦးတူတူ၊ ဦးဖေခင်၊ ဦးဟာနစ်နှင့်ဒေါ်သီ(အယူခံတရားပြိုင် -၁) တို့အား တရားပြိုင်အဖြစ် ထည့်သွင်းတရားစွဲဆိုခဲ့သည်။ ယင်းအမှုစွဲဆိုလိုက်သဖြင့် တရားမကြီးမှု အမှတ် ၂/၆၉ ကို ဦးတူတူက ရုပ်သိမ်းလိုက်သည်။ ဒေါ်သီစွဲဆိုသော တရားမကြီးမှု အမှတ် ၃/၆၉ နှင့် ဒေါ်ရဟီမာ စွဲဆိုသော တရားမကြီးမှု အမှတ် ၅/၆၉ တို့သာ စစ်ဆေးရန်ကျန်ရှိလေသည်။

မည်သည့်အမှုကိုပထမစစ်ဆေးသင့်ကြောင်းနှစ်ဘက်အမှုသည်များကအပြိုင်အဆိုင်လျှောက်ထားရာ၊ မူလရုံးမှ ဒေါ်ရဟီမာ၏ အမှုအမှတ် ၅/၆၉ တို့ ရပ်ဆိုင်းထားပြီး ဒေါ်သီစွဲဆိုသော အမှုအမှတ် ၃/၆၉ ကို ပထမစစ်ဆေးမည်ဟုအမိန့်ချသည်။ဒေါ်ရဟီမာက ယင်းအမိန့်ကို မကျေနပ်ပါသဖြင့် ယခင်နိုင်ငံတော်တရားရုံးချုပ်၊ တရားမပြင်ဆင်မှုအမှတ် ၄၃/၆၉ တွင်ပြင်ဆင်လွှာ တင်သွင်းရာ၊နိုင်ငံတော်တရားရုံးချုပ်မှ ဒေါ်သီ၏ အမှုအမှတ် ၃/၆၉ ကို ဆိုင်းငံ့ထား၍၊ ဒေါ်ရဟီမာ၏ အမှုအမှတ် ၅/၆၉ ကိုဦးစွာစစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

ဒေါ်ရဟီမာ၏ အဆိုပြုချက်မှာ ကွယ်လွန်သူ ဦးတင်၊ ဦးတူတူ၊ ဦးဖေခင်၊ ဦးဟာနစ်နှင့် ၎င်းသည် မြန်မာမွတ်ဆလင်များဖြစ်ကြောင်း၊ဒေါ်သီမှာ မူလကမြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးတဦးဖြစ်သော်လည်း၊ ၎င်း၏ အစ်ကိုအကြီးဆုံး ဦးမိုတီ (ကွယ်လွန်) နှင့် အကြောင်းပါချိန်က၊ မွတ်ဆလင်ဘာသာသို့ အထင်အရှားကူးပြောင်းလာပြီး မွတ်ဆလင်ဘာသာ ထုံးတမ်းဓလေ့အရ ထိမ်းမြားခြင်းပြုကြောင်း၊ ဦးမိုတီနှင့် ကလေး (၇) ယောက်ထွန်းကားပြီး (၅) ယောက်အသက်ရှင်လျက်ရှိကြောင်း၊ ဦးမိုတီ၏ လက်တွင်းမှ မတ်ဖြစ်သူ ဦးတင်နှင့် ခိုးရာလိုက်ပြေးကြောင်း၊ ဦးတင်နှင့် ဒေါ်သီတို့ ပွင့်လင်းစွာ ပေါင်းသင်းနေချိန်၌ ၎င်းတို့သည် မွတ်ဆလင်ဘာသာကို ကိုးကွယ်ကြောင်း ဦးမိုတီမှာ မွတ်ဆလင်ဘာသာထုံးတမ်းဓလေ့အရ ဒေါ်သီအား ကွာရှင်းပေးခြင်း မပြုသည့်အတွက် မွတ်ဆလင်ဘာသာ ထုံးတမ်းဓလေ့အရ ဒေါ်သီသည် ဦးတင်၏ တရားဝင်ဇနီးမဟုတ်ကြောင်း၊ ဦးတင်၏ ကျန်ရှိခဲ့သော ပစ္စည်းများတွင် ဒေါ်သီသည် အမွေဆက်ခံထိုက်သူတဦးမဟုတ်ကြောင်း စသည်တို့ဖြစ်သည်။

ဦးတူတူ၊ ဦးဖေခင်၊ ဦးဟာနစ်တို့က ဝန်ခံလွှာတင်သွင်းခဲ့သည်။ ဒေါ်သီက ဒေါ်ရဟီမာ၏ စွပ်စွဲချက်ကို ငြင်းဆိုခုခံပြိုင်ဆိုင်ခဲ့သည်။

ဒေါ်သီက ချေပခုခံသည်မှာ၊ ၎င်းနှင့် ဦးတင်တို့သည် ဗုဒ္ဓဘာသာထုံးတမ်းဓလေ့အရ၊ ထိမ်းမြားခဲ့ကြောင်း၊ ဦးတင်မှာ မူလက မွတ်ဆလင်ဘာသာဝင် ဖြစ်သော်လည်း ၎င်းနှင့် အကြောင်းပါသည့် အချိန်မှစ၍ ဦးတင် ကွယ်လွန်သည့်တိုင်အောင် အစ္စလာမ်ဇာတ်ပျက် ဗုဒ္ဓဘာသာအသွင်၊ ဗုဒ္ဓဘာသာကို အတွင်းကြိတ်သက်ဝင်ယုံကြည်သူ ဖြစ်

၁၉၇၅ / ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သီ။

ကြောင်း၊ ဦးတင်သည် မွတ်ဆလင်ဘာသာဝင်ဖြစ်စေကာမူ၊ ၎င်းမှာ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးဖြစ်၍ ဦးတင်နှင့် ပွင့်လင်းစွာ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာသောကြောင့် မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ၊ ၎င်းတဦးတည်းသာလျှင် ဦးတင်၏ ကျန်ရှိခဲ့သော ပစ္စည်းများကို အမွေဆက်ခံထိုက်ကြောင်း စသည်တို့ဖြစ်သည်။

မူလရုံးက အဆိုအချေများပေါ်မူတည်၍ ကောက်ချက် (၆) ခုထုတ်၍ အမှုကို စစ်ဆေးခဲ့သည်။ ထိုကဲ့သို့ စစ်ဆေးပြီးနောက် ဒေါ်သီသည် ဗုဒ္ဓဘာသာဖြစ်သည်ဟု ဆုံးဖြတ်ပြီး အယူခံတရားလို စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ယင်းကဲ့သို့ ပလပ်လိုက်သည့်အတွက် ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် ဆုံးဖြတ်ရန် အဓိကအချက်မှာ ဒေါ်သီသည် မွတ်ဆလင်ဘာသာဝင် အမျိုးသမီးတဦးဖြစ်သလော၊ သို့မဟုတ်၊ ဗုဒ္ဓဘာသာ အမျိုးသမီးတဦးဖြစ်သလော ဟူသောအချက်ဖြစ်သည်။ လူတယောက်သည် မည်သည့်ဘာသာကို သက်ဝင်ယုံကြည်သည်ဆိုသည့် အချက်မှာ မိမိ၏စိတ်တွင်း၌ ဖြစ်ပေါ်သည့်အချက်ဖြစ်၍ လွယ်ကူစွာ ကောက်ယူဆုံးဖြတ်နိုင်မည်မဟုတ်ပေ။ လူတဦးတယောက်စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်းမရှိသဖြင့် ထိုသူသည် မည်သည့်ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို ၎င်း၏ နောက်ကြောင်းရာဇဝင်၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် မိတ်ဆွေသင်္ဂဟအပေါင်းအသင်းစသည့် ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားပြီးမှသာ မည်သည့်ဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြောင်း အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။

ယခုအမှုတွင် သက်သေခံချက်များကို လေ့လာလိုက်သည့်အခါ ဒေါ်သီသည် ဦးမိုတီနှင့် ပေါင်းသင်းနေသည့်အချိန်ကာလအတွင်းကသော်၎င်း၊ ဦးတင်နှင့် ပေါင်းသင်းနေသည့်အချိန်ကာလကသော်၎င်း၊ မွတ်ဆလင်ဘာသာကို ကိုးကွယ်သူတဦးဖြစ်သည်ဟု သက်သေထွက်ချက်များရှိသကဲ့သို့၊ သူသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သူတဦး ဖြစ်သည်ဟု သက်သေထွက်ချက်များလည်းရှိကြောင်း တွေ့ရသည်။ ယင်းကဲ့သို့ နှစ်ဦးနှစ်ဘက်က တင်ပြထားသည့် သက်သေထွက်ချက်များကို စိစစ်လိုက်သည့်အခါ ဒေါ်သီသည်၊ မွတ်ဆလင်ဘာသာဝင် ယောကျ်ားနှင့် အိမ်ထောင်ကျသည့်အတွက် မွတ်ဆလင်ဘာသာကို ကိုးကွယ်သည့်အသိုင်းအဝိုင်းနှင့် နေထိုင် ပေါင်းသင်းဆက်ဆံလာခဲ့ရသဖြင့် မွတ်ဆလင်ဘာသာဝင်များ လိုက်နာကျင့်သုံးသည့် အလေ့အထတို့ကို ပြုလုပ်ခဲ့သလို၊ ဗုဒ္ဓဘာသာကို လုံးဝ စွန့်ပယ်ခြင်းလည်း မပြုခဲ့ကြောင်း ပေါ်လွင်သည်။

ဦးတင်သေဆုံးသည့်အခါက ဒေါ်သီသည် ၎င်း၏ ယောင်းမတော်သူ ဒေါ်သိန်းကို၊ ဦးတင်အတွက် ဆွမ်းသွတ်ခိုင်းကြောင်း ဦးစုတန္ဒြီယ (လိုပြ-၈) က ထောက်ခံသည်။

၁၉၇၅ ဒေါ်ရဟီမာ ပါ ၃ နှင့် ဒေါ်သီ။

ဒေါ်သီသည် ၎င်း၏အိမ်၌ ဘုရားပန်းလဲခြင်း၊ ဘုန်းကြီးဆွမ်းလောင်းခြင်းများ ပြုလုပ်သည်ဟု ဦးထေရဝံသ (ပြိုင်ပြ-၉) က ထွက်ဆိုသည်။ ဒေါ်သီသည် ဦးမိုတီနှင့် ပေါင်းသင်းနေစဉ်ကာလ ဗုဒ္ဓဘာသာကျင့်စဉ်များပြုလုပ် လိုက်နာသည်ကို တွေ့မြင်ကြောင်း ဦးဖေ (ပြိုင်ပြ-၁၀)၊ ဒေါ်စိန်ဥ (ပြိုင်ပြ-၁၁) နှင့် ဦးကျော်တင့် (ပြိုင်ပြ-၁၃) တို့က ထွက်ဆိုကြသည်။ ထို့အပြင် အယူခံတရားလိုနှင့် မောင်နှမဝမ်းကွဲဖြစ်သူ ဦးတင်မြင့် (ပြိုင်ပြ-၁၂) က ၎င်းအား ဦးတင်-ဒေါ်သီနှင့် ၎င်း၏ အဖွားတို့ ကစုပေါင်း၍ ရှင်ပြုပေးကြောင်း ထွက်ဆိုထားသည်။

ဒေါ်သီသည် ဦးမိုတီနှင့် မင်္ဂလာဆောင်ရန်အတွက် သက်သက်သာ မွတ်ဆလင်ဘာသာသို့ ကူးပြောင်းဟန်ပြုပြီး မွတ်ဆလင်ဘာသာဝင်များကဲ့သို့ အစ်နေ့များတွင် ကျွေးမွေးခြင်း၊ နမတ်စ်ဘတ်ခြင်း အစရှိသည်တို့ကိုပြုလုပ်ခဲ့ငြားလည်း မူလကိုးကွယ်လာသည့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှု စွန့်ပယ်ခြင်းမပြုသေးသည့်အတွက် မွတ်ဆလင်တဦးဖြစ်သည်ဟု မဆိုနိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလို ဒေါ်ရဟီမာက မွတ်ဆလင်တယောက်သည် အဓိကယုံကြည်ချက်အဖြစ် ဘုရားတပါးတည်းရှိခြင်း၊ နောက်ဆုံးတမန်တော်မှာ မဟာမက်သခင်ဖြစ်ခြင်းတို့မှလွဲ၍ အခြားယုံကြည်ချက် မရှိရပါဟု အတိအလင်းထွက်ဆိုထားခြင်းကြောင့်ဖြစ်သည်။ ဒေါ်သီသည် ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသူတဦးအနေဖြင့် ဗုဒ္ဓဘာသာထုံးစံအရ၊ ဘုရားပန်းကပ်လှူခြင်း၊ ဘုန်းကြီးဆွမ်းကပ်လှူခြင်း၊ ရှင်ပြုပေးခြင်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဘုရားတပါးတည်းရှိခြင်းကို ယုံကြည်ရမည်ဟူသော မွတ်ဆလင်ဘာသာဝင်တိုင်း၏ အခြေခံအချက်နှင့် ကိုက်ညီခြင်းလည်းမရှိပေ။

ဒေါ်သီသည် လက်ထပ်စဉ်အခါက မွတ်ဆလင်ဘာသာသို့ ကူးပြောင်းခဲ့သည်ဟု အယူခံတရားလိုဘက်က အဆိုရှိသည်။ စင်စစ်မှာ ဒေါ်သီသည်၊ မွတ်ဆလင်ဘာသာဝင်တဦးနှင့် လက်ထပ်လိုက်ခြင်းမျှသာဖြစ်သည်။ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးတဦးသည် မွတ်ဆလင်ဘာသာဝင်တဦးအား လက်ထပ်လိုက်ခါမျှဖြင့် ဘာသာကူးပြောင်းပြီးဟု မဆိုနိုင်ပေ။ မွတ်ဆလင်ဘာသာဝင်အတွင်းသို့ အသွတ်သွင်းခံရသည်ဟု ဆိုပြန်လျှင်လည်း ဤကဲ့သို့ အသွတ်သွင်းခံခဲ့ရသည့်အတွက် တဘက်တွင် ၎င်း၏ သက်ဝင်ယုံကြည် လက်ခံမှုကလည်းရှိသေးသဖြင့် မွတ်ဆလင်ဘာသာဝင်တဦးဖြစ်သွားသည်ဟု အတိအကျ မဆိုနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ပလပ်လိုက်သည်။ နှစ်ရုံးစလုံး၏ တရားစရိတ်များကို အယူခံတရားလိုက ကျခံရန် အမိန့်ချမှတ်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၅ နိုဝင်ဘာလ ၅ ရက်။

ရှားမ်ဂျနမ်း (၎င်း၏ ကိုယ်စားလှယ် ရှားမ်ဘာလက်)

နှင့်

ဦးအောင်မြင့် ပါ ၂ *

၁၉၄၇ ခုနှစ်၊ မရွှေပြောင်းနိုင်သည့်ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေ၊ ၁၉၅၂ ခုနှစ်တွင် ပြင်ဆင်ချက်ဥပဒေပြဋ္ဌာန်းခြင်း၊ ယင်းပြင်ဆင်ချက်ဥပဒေ မပြဋ္ဌာန်းမီက နိုင်ငံခြားသားတဦးသည် မရွှေပြောင်းနိုင်သည့်ပစ္စည်းကို ဝယ်ယူခဲ့သော်၊ ထိုသို့ဝယ်ယူသည့်စာချုပ်မှာပျက်ပြယ်ခြင်း၊ အရောင်းအဝယ်လည်းပျက်ပြယ်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၄၇ ခုနှစ်၊ မရွှေမပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေပုဒ်မ ၃ ကို ၁၉၅၂ ခုနှစ်၊ မရွှေမပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု)ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ၊ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့က ပြင်ဆင်ခဲ့သည်။ ဤကဲ့သို့ မပြင်ဆင်မီက ယင်းဥပဒေ၏ ပုဒ်မ ၃ အရ၊ နိုင်ငံခြားသားတဦးအနေနှင့် မရွှေမပြောင်းနိုင်သည့် ပစ္စည်းဝယ်ယူခြင်းကို ပိတ်ပင်ထားသည့်အပြင် နိုင်ငံခြားသားတဦးအနေနှင့် မရွှေမပြောင်းနိုင်သော ပစ္စည်းကို ဝယ်ယူခဲ့သော် ထိုကဲ့သို့ ဝယ်ယူသည့်စာချုပ်မှာ ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းထားသည်။ အယူခံတရားလိုအား အယူခံတရားပြိုင်အမှတ် (၁) က စာချုပ်ဖြင့် အချင်းဖြစ်မြေကို ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့က ရောင်းခဲ့သည်။ အထက်တွင်ဖော်ပြထားသည့် မရွှေမပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကိုမပြင်ဆင်မီက အရောင်းအဝယ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စာချုပ်မှာ ပျက်ပြယ်သည်။

ထို့အပြင် အယူခံတရားပြိုင်အမှတ် (၁) ကိုယ်တိုင်ကပင် အခင်းဖြစ်မြေအပါအဝင် ဦးပိုင်အမှတ် (၁၃) တခုလုံးကို မူလပိုင်ရှင်ဖြစ်သူ မဟာန်ပန်ဒီးဆိုသူထံမှ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်ကဝယ်ယူခဲ့သည်။ ထိုစဉ်အခါက အယူခံတရားပြိုင်အမှတ် (၁) မှာလည်း နိုင်ငံခြားသားဖြစ်သည်။ ထို့ကြောင့် ထိုအရောင်းအဝယ်မှာလည်း ပျက်ပြယ်သည့်အတွက် အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် အခင်းဖြစ်မြေကို မည်သည့်အခါမှ မပိုင်ခဲ့ချေ။ သို့ဖြစ်၍ အခင်းဖြစ်မြေကို ပိုင်ဆိုင်ခွင့်မရှိခဲ့သူ အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် ယင်းမြေကို အယူခံတရားလိုအားရောင်းပိုင်ခွင့်မရှိ။

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၆။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင် ပဲခူးမြို့ တိုင်းပြည်သူ့ တရားရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးခင်ထွန်း။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးမောင်ကြီး၊ ဦးနိုင်ဝင်း။

၁၉၇၅

ရားမ်ဂျနမ်း (၄င်း၏ကိုယ်စားလှယ် ရားမ်ဘာလက်) နှင့် ဦးအောင်မြင့် ပါ၂။

အယူခံတရားလို ရားမ်ဂျနမ်းသည် အယူခံတရားပြိုင် ဦးအောင်မြင့် (ခ) ယာဒေါ့ထံမှ စာချုပ်စာတမ်းဖြင့် ၁၉၅၂ ခုနှစ်၊စက်တင်ဘာလ (၂၀) ရက်နေ့က ကျောက်တံတားမြို့ ရပ်ကွက်အမှတ် (၄) ဦးပိုင်အမှတ် (၁၃) ရှိမြေကွက်၏ မြောက်မှတောင် ၁၂ ပေ၊ အရှေ့မှအနောက် မြေရှိသရွေ့ကိုဝယ်ယူပြီး ယင်းမြေကွက်ပေါ်၌ အိမ်တလုံးဆောက်လုပ် နေထိုင်ခဲ့သည်။ ထို့နောက်အယူခံ တရားလို ရားမ်ဂျနမ်း ဝယ်လိုက်သည့် မြေကွက်အပါအဝင် ဦးပိုင်အမှတ်(၁၃) အတွက် မြေငှားဂရံကို ၁၉၆၀ ခုနှစ်က အယူခံတရားပြိုင် အမှတ် (၁) ဦးအောင်မြင့်၏ ဇနီးဖြစ်သူ အယူခံ တရားပြိုင်အမှတ် (၂) ဒေါ်ခင်သစ်အား ထုတ်ပေးလိုက်သည့်အတွက် အယူခံတရားလိုက အယူခံတရားပြိုင်များ အပေါ်အခင်း ဖြစ်မြေနှင့် ပတ်သက်၍ ၎င်းသာ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးရန် ယခင်ညောင်လေးပင်အနောက် မြို့နယ်ဘရားမ တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပြီးနောက် ယင်းအမှုမှာ ကျောက်တံတားမြို့နယ်တရားရုံးသို့ ရွှေ့ပြောင်းရောက်ရှိခဲ့သည်။ ကျောက်တံတားမြို့နယ် တရားရုံးက အမှုကို ဆက်လက်စစ်ဆေးပြီး အယူခံ တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးလိုက်သည်။ အယူခံတရားပြိုင်တို့က ယင်းအမိန့်ကို မကျေနပ်သဖြင့် ပဲခူးတိုင်း တရားရုံးသို့ အယူခံဝင်ခဲ့သည်။ အယူခံတိုင်းတရားရုံးက မူလမြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်လိုက်သည့်အတွက် ဤဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးအမှုတွဲတွင် တင်သွင်းထားသည့် ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ (၂၀)၄ ရက်နေ့စွဲပါစာချုပ်ဖြင့် အယူခံတရားပြိုင် အမှတ် (၁) က အခင်းဖြစ်မြေကွက ကိုအယူခံတရားလိုအား ကျပ်ငွေ ၉၀ ဖြင့် ရောင်းချခဲ့ခြင်းမှာ အငြင်းမထွက်ပေ။ ယင်းစာချုပ်ချုပ်စဉ်အခါက အယူခံတရားလိုနှင့် အယူခံ တရားပြိုင် အမှတ် (၁) တို့မှာ နိုင်ငံခြားသားများ ဖြစ်ကြကြောင်းမှာလည်း အငြင်းမထွက်ချေ။ အယူခံ တရားလိုသည်အချင်းဖြစ်မြေကို ဝယ်စဉ်အခါက နိုင်ငံခြားသား ဖြစ်သည့်အတွက် ၎င်းသည်အချင်းဖြစ်မြေနှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိ မရှိမှာ ဤအယူခံမှု၏အဓိက အချက်ဖြစ်သည်။

၁၉၄၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေပုဒ်မ ၃ ကို ၁၉၅၂ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ၊ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ

၁၉၇၅ ——— ရားမ်ဂျနမ်း (၎င်း၏ကိုယ်စားလှယ် ရားမ်ဘာလက်) နှင့် ဦးအောင်မြင့် ပါ ၂။

၂၇ ရက်နေ့က ပြင်ဆင်ခဲ့သည်။ ဤကဲ့သို့မပြင်ဆင်မီက ယင်းဥပဒေ၏ ပုဒ်မ ၃ အရ၊ နိုင်ငံခြားသားတဦးအနေနှင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဝယ်ယူခြင်းကို ပိတ်ပင်ထားသည့်အပြင် နိုင်ငံခြားသား တဦးအနေနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဝယ်ယူခဲ့သော် ထိုကဲ့သို့ဝယ်ယူသည့် စာချုပ်မှာ ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းထားသည်။ အယူခံတရားလိုအား အယူခံတရားပြိုင် အမှတ် (၁) က စာချုပ်ဖြင့် အချင်းဖြစ်မြေကို ၁၉၅၂ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့က ရောင်းခဲ့သည်။ အထက်တွင်ဖော်ပြထားသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကို မပြင်ဆင်မီက အရောင်းအဝယ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းစာချုပ်မှာပျက်ပြယ်သည်။

ထို့အပြင်အယူခံ တရားပြိုင်အမှတ် (၁) ကိုယ်တိုင်ကပင် အခင်းဖြစ် မြေအပါအဝင်ဦးပိုင်အမှတ် (၁၃) တခုလုံးကို မူလပိုင်ရှင်ဖြစ်သူ မဟာန်ပန်ဒီးဆိုသူထံမှ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့က ဝယ်ယူခဲ့သည်။ ထိုစဉ်အခါက အယူခံတရားပြိုင် အမှတ် (၁) မှာလည်း နိုင်ငံခြားသားဖြစ်သည်။ ထို့ကြောင့်ထိုအရောင်းအဝယ်မှာလည်းပျက်ပြယ်သည့်အတွက် အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် အခင်းဖြစ်မြေကို မည်သည့်အခါမှ မပိုင်ခဲ့ချေ။ သို့ဖြစ်၍ အခင်းဖြစ်မြေကို ပိုင်ဆိုင်ခွင့်မရှိခဲ့သူ အယူခံတရားပြိုင်အမှတ် (၁) အနေနှင့် ယင်းမြေကို အယူခံတရားလိုအားရောင်းပိုင်ခွင့်မရှိပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သဖြင့် ဤအယူခံကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်အတွက် ကုန်ကျသည့် တရားစရိတ်များကို အယူခံတရားလိုကကျခံစေရန် အမိန့်ချမှတ်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုဘသားစီရင်ရေးအဖွဲ့ရှေ့တွင်

မရင်နု

နှင့်

မအေးမြင့် ပါ ၂

†၁၉၇၅ နိုဝင်ဘာလ ၁၂ ရက်။

နေခွင့်လက်မှတ်(Permit)ဖြင့် ရရှိသည့်တောင်ဥက္ကလာပမြို့ရှိအစိုးရမြေကိုအမွေဆက်ခံပိုင်ခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။အခင်းဖြစ်မြေမှာ အစိုးရမြေဖြစ်ပြီး ဒေါ်မြိုင်၏အမည်နှင့် နေခွင့်လက်မှတ် (Permit) ကို အိုးအိမ် ပြန်လည်ထူထောင်ရေး အဖွဲ့က ထုတ်ပေးထားကြောင်း အငြင်း မထွက်ချေ။ နေခွင့်လက်မှတ် (Permit) ဖြင့် ရရှိခဲ့သည့်မြေဖြစ်သဖြင့် ဒေါ်မြိုင်ကွယ်လွန် ပြီးနောက် ယင်းမြေကိုဒေါ်မြိုင်၏အမွေစားအမွေခံများက အမွေဆက်ခံပိုင်ခွင့်မရှိ။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးစံသိန်း။

အယူခံတရားခံအတွက်။ ။ကိုယ်တိုင်။

အယူခံတရားလို မရင်နုနှင့် အယူခံ တရားပြိုင် မအေးမြင့် တို့မှာ ညီအစ်မ အရင်း ဖြစ်ကြသည်။ အယူခံ တရားပြိုင် အမှတ် (၂) ဦးခင်မောင် မှာ မအေးမြင့်၏ ခင်ပွန်း ဖြစ်သည်။ မရင်နုနှင့် မအေးမြင့် တို့၏ မိခင် ဒေါ်မြိုင် ကွယ်လွန်ပြီးနောက် မရင်နုက ယခင် တရားရုံးချုပ်၊ မူလဘက် ဌာနခွဲ (၂) တရားမကြီးမှုအမှတ် ၂၉၂/၇၁ တွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပ (၉) ရပ်ကွက်၊ ဟံသာဝတီ ၂၂ လမ်း၊ အိမ်အမှတ် (၆) နှင့် မြေမှာ ဒေါ်မြိုင်ပိုင်သည့်ပစ္စည်း ဖြစ်သည့်အတွက် တရားရုံးက ယင်းပစ္စည်းကို အုပ်ထိန်းစီမံခန့်ခွဲ၍၊ ဘဝက်ဝေလို ကြောင်းတရားစွဲဆိုခဲ့သည်။ မူလရုံးကအမှုကို စစ်ဆေးပြီး ပလပ်လိုက်သည့် အတွက် ဤအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၆။

† ၁၉၇၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉၂ တွင် ယခင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) ရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

မရင်နု နှင့် မအေးမြင့် ပါ ၂ ဦး။

အခင်းဖြစ်မြေမှာ အစိုးရမြေဖြစ်ပြီး ဒေါ်မြိုင်၏ အမည်နှင့် နေခွင့်လက်မှတ် (Permit) ကို အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့က ထုတ်ပေးထားကြောင်း အငြင်းမထွက်ချေ။ နေခွင့်လက်မှတ် (Permit) ဖြင့်ရရှိခဲ့သည့် မြေ ဖြစ်သဖြင့် ဒေါ်မြိုင်ကွယ်လွန်ပြီးနောက် ယင်းမြေကို ဒေါ်မြိုင်၏ အမွေစား အမွေခံများက အမွေဆက်ခံပိုင်ခွင့်မရှိချေ။

အယူခံတရားလိုက အခင်းဖြစ်အိမ်ကို ဒေါ်မြိုင်၏ ငွေဖြင့်ဆောက်ခဲ့သည် ဟု အဆိုပြုထားကြောင်း ဘေ့ရသည်။ ဒေါ်မြိုင်ကတော့မှ အိမ်ကိုရောင်းချရရှိသော ငွေနှင့်ဆောက်လုပ်ခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ယင်းအချက်နှင့် ပတ်သက်၍ သက်သေထင်ရှားမှုမရှိချေ။ တရားလို၏ အဆိုအရပင်လျှင် အခင်းဖြစ်အိမ်၏ တန်ဘိုးမှာ ငွေ ၂၅၀၀ဝိ ခန့်ဖြစ်သည်ဟုဆွက်ဆိုထားသည်။ သို့သော်တောမှအိမ်ရောင်းချရာတွင် ငွေ ၄၅ဝိ သာရသည်ဟု တရားလိုကိုယ်တိုင် ထွက်ဆိုထားကြောင်း တွေ့ရသည်။ ထို့အပြင်ဒေါ်မြိုင်အနေနှင့် အချင်းဖြစ်အိမ် ဆောက်လုပ်နိုင်အောင် စီးပွားရေးအခြေအနေရှိသူ ဖြစ်ကြောင်း တရားလိုအနေနှင့်လည်း သက်သေခိုင်ခိုင်လုံလုံ မတင်ပြနိုင်ခဲ့ချေ။ တရားလိုပြသက်သေ ဦးထွန်းရှိန်က တောမှာရှိသော ဒေါ်မြိုင်၏အိမ် တန်ဘိုးမှာ ၃-၄ ရာ မျှသာ ဖြစ်သည်။ အချင်းဖြစ်အိမ်မှာ ၁၅၀၀ဝိ လောက်တန်သည်။ ဒေါ်မြိုင်တွင် ၁၅၀၀ဝိ ခန့်တန် အိမ်ဆောက်နိုင်လောက်အောင် အင်အားရှိ မရှိမသိပါဟု ထွက်ဆိုခဲ့သည်။ အလားတူပင် တရားလိုပြသက်သေ ကိုဝင်းကြိုင်က အိမ်ဆောက်ရန် ဒေါ်မြိုင်တွင် အခြေအနေရှိ မရှိမသိဟု ထွက်ဆိုထားသည်။ ထို့ကြောင့်အခင်းဖြစ်အိမ်သည် ဒေါ်မြိုင်ပိုင်ခဲ့သည့် အိမ်မဟုတ်ဟု အဆုံးအဖြတ်မှာ မှန်ကန်သည်။ သို့ဖြစ်၍ ဤအယူခံကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့် တရားစရိတ်များကိုအယူခံတရားလိုက ကျခံရန် အမိန့်ချမှတ်သည်။

တရားမအထွေထွေအယူခံမှု

ကျွဲအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးလှသွန်း

နှင့်

ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး
ကော်မတီ ပါ ၂

† ၁၉၇၅

စက်တင်ဘာလ
၅ ရက်။

အလုပ်သမား သေဆုံး၍ လျော်ကြေးရရန်လျှောက်ထားမှု စီဘီဦးစီးက ခန့်ထားသည့်အလုပ်သမားသည် စီဘီပိုင်ရှင်၏ အလုပ်သမားဟုတ်မဟုတ်၊ အလောင်းကိုရှာမတွေ့ရ၍ဖြင့် အသက်ရှင်လျက်ရှိသည်ဟုဆိုနိုင်မဆိုနိုင်၊ သက်သေခံဥပဒေပုဒ်မ ၁၀၈ သည် ဤအမှုမျိုးနှင့်သက်ဆိုင်ခြင်းရှိမရှိ။

ဆုံးဖြတ်ချက်။ ။စီဘီတိုင်းတွင် စီဘီပိုင်ရှင်က အလုပ်သမားများ ခန့်ထားခြင်းမပြုပဲ၊ စီဘီဦးစီးကသာခန့်ထားသည့် လုပ်ထုံးလုပ်နည်းကို စီဘီတိုင်းတွင် လိုက်နာကျင့်သုံးကြောင်း ဤအမှုတွင် သက်သေထွက်ချက်များ အထင်အရှားရှိသည်။ ဤလုပ်ထုံးလုပ်နည်းအရ စီဘီ ၂၃၁ တွင် ဦးစီးဖြစ်သူ ဘာရှားမြားက မောင်ကာလူးအား အလုပ်ခန့်ခဲ့သည်ဟု အတိအလင်းထွက်ဆိုထားသည်။ ဘာရှားမြားသည် အယူခံတရားလိုအတွက် နှစ်ပေါင်းများစွာ အလုပ်လုပ်လာသူဖြစ်သဖြင့် အယူခံတရားလို၏အကျိုးကို ဆန့်ကျင်ပြီး မတရားထွက်ဆိုရန်အကြောင်းမရှိဟု ယူဆသည်။ ထို့ကြောင့် မောင်ကာလူးသည် အယူခံတရားလို၏ အလုပ်သမားဖြစ်သည်ဟုဆိုရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ။မောင်ကာလူး၏ အလောင်းကိုရှာမတွေ့ရ၍ဖြင့် သူသည်အသက်ရှင်လျက်ရှိသည်ဟုမဆိုနိုင်ပေ။ သက်သေခံဥပဒေပုဒ်မ ၁၀၈ သည် ယခုကဲ့သို့သောအမှုမျိုးနှင့်မသက်ဆိုင်ချေ။ ယခုအမှုတွင် စီဘီ ၂၃၁ ကို စက်လှေကဝင်တိုက်သည့်အတွက် ယင်းစီဘီပေါ်မှ မောင်ကာလူးရေထဲသို့ လွင့်ကျသွားသည်ဟု သက်သေထွက်ချက်ရှိခြင်း၊ ဤကဲ့သို့မြစ်ထဲသို့ကျသွားပြီးရှာမတွေ့ခြင်း၊ ယခုအထိ မောင်ကာလူးထံမှတစုံတရာသတင်းမရရှိခြင်းတို့ကို ဆင်ခြင်စဉ်းစားရပေသည်။ ဤအကြောင်းများကြောင့် မောင်ကာလူးသည် ရေနစ်၍ သေဆုံးလေသည်ဟု ယူဆနိုင်သည်ဟုဆိုရပေမည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးစောလှိုင်။

အယူခံတရားခံ (၁) အတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာ အက်စ်ကေဂုံစ်။
အယူခံတရားခံ (၂) အတွက်။ ။မစ္စတာ အမ်ခအေဆူဘန်း။

---

† ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၈။
*၁၉၇၄ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၂၃ တွင်၊ရန်ကုန်တိုင်းအလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရုံး၏ချမှတ်သော ဒီကရီအမိန့်ကိုအယူခံဝင်မှု။

၁၉၇၅ — ဦးလှထွန်းနှင့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း၊ အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီ ပါ ၂။

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်ရန်ကုန်မြစ်အတွင်း၌ "အောင်မြတ်ထွန်း" စက်လှေနှင့် စီဘီအမှတ် ၂၃၁ တို့ မတော်တဆ တိုက်မိရာ စီဘီ ပေါ် အလုပ်သမား ဆိုသူ ခါလာမြား (ခ) မောင်ကာလူး ရေထဲသို့ လွင့်စင် ကျ ရောက်ပျောက်ဆုံးသွားခဲ့ရသောကြောင့် စီဘီပိုင်ရှင် အယူခံတရားလိုထံမှ လျော်ကြေး ရလိုကြောင်း ထိုခါလွာမြား (ခ) မောင်ကာလူး၏ ဘခင်ဆိုသူ အယူခံ တရားပြိုင် အော်စီရောမန်က လျှောက်ထားခဲ့သည်။ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီက အမှုစစ်ဆေး ကြားနာပြီး လျော်ကြေးငွေ ၃၂၈၀ ကျပ် ပေး စေရန်အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော် ကြေးဥပဒေပုဒ်မ ၃၀ အရ အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလိုက ၎င်း၏အယူခံ လျှောက်လွှာအရ ခါလာမြား (ခ) မောင် ကာလူးသည် ၎င်း၏ အလုပ်သမား မဟုတ်ကြောင်း၊ မောင်ကာလူးသည် အလုပ် ခွင်တွင် သေဆုံးခဲ့ခြင်း မဟုတ်ကြောင်း၊ အလောင်းလုံးဝရှာမတွေ့သဖြင့် မောင် ကာလူးသည် အမှန်တကယ် သေဆုံးသွားပြီဟု မပြောနိုင်ကြောင်း အယူခံတရားပြိုင် အော်စီရောမန်သည် မောင်ကာလူး၏ ဖခင်ဖြစ်သည်ဟု အထောက်အထားလုံလောက် စွာမရှိကြောင်းနှင့် ဖခင်ဖြစ်စေကာမူ မောင်ကာလူး၏ မှီခိုသူမဟုတ်ကြောင်း အစ ရှိသဖြင့်တင်ပြထားကြောင်းကိုတွေ့ရသည်။

စီဘီတိုင်းတွင်စီဘီပိုင်ရှင်က အလုပ်သမားများခန့်ထားခြင်းမပြုပဲ၊ စီဘီဦးစီးကသာ ခန့်ထားသည့်လုပ်ထုံးလုပ်နည်းကို စီဘီတိုင်းတွင် လိုက်နာကျင့်သုံးကြောင်း ဤအမှုတွင် သက်သေထွက်ချက်များ အထင်အရှားရှိသည်။ ဤလုပ်ထုံး လုပ်နည်းအရ စီဘီ ၂၃၁ တွင် ဦးစီးဖြစ်သူ ဘာရှားမြားက မောင်ကာလူးအား အလုပ်ခန့်ခဲ့သည်ဟု အတိအလင်းထွက်ဆိုထားသည်။ ဘာရှားမြားသည် အယူခံ တရားလိုအတွက်နှစ် ပေါင်းများစွာ အလုပ်လုပ်လာသူဖြစ်သဖြင့် အယူခံတရားလို၏ အကျိုးကို ဆန့် ကျင်ပြီးမတရားထွက်ဆိုရန် အကြောင်းမရှိဟု ယူဆသည်။ ထို့ကြောင့် မောင်ကာလူး သည် အယူခံတရားလို၏ အလုပ်သမားဖြစ်သည်ဟု ဆိုရပေမည်။

စီဘီ ၂၃၁ နှင့် စီဘီ ၆၁၇ တို့ကို အယူခံတရားလိုပိုင် "နေပြည်တော်" သင်္ဘော နှင့်တွဲ၍သွားနေစဉ် "အောင်မြတ်ထွန်း" စက်လှေကဝင်တိုက်ကြောင်း သက်သေ အထောက်အထားရှိသည်။ ထို့ကြောင့် မောင်ကာလူးသည် အလုပ်ခွင်တွင် အလုပ် ချိန်၌သေဆုံးခဲ့သည်ဟုဆိုရပေမည်။

မောင်ကာလူး၏ အလောင်းကို ရှာမတွေ့ရ၍ဖြင့် သူသည် အသက်ရှင်လျက်ရှိ သည်ဟုမဆိုနိုင်ပေ။ သက်သေခံဥပဒေ ပုဒ်မ ၁၀၈ သည် ယခုကဲ့သို့သော အမှုမျိုးနှင့်

ာက်ဆိုင်ချေ။ ယခုအမှုတွင် စီဘီ ၂၃၁ ကို စက်လှေက ဝင်တိုက်သည့်အတွက်ယင်း ာ်ပေါ်မှမောင်ကာလူး ရေထဲသို့လွင့်ကျသွားသည်ဟု သက်သေထွက်ချက်ရှိခြင်း၊ ျုံကဲ့သို့မြစ်ထဲသို့ကျသွားပြီး ရှာမတွေ့ခြင်း၊ ယခုအထိ မောင်ကာလူးထံမှ တစုံ ရာသတင်းမရရှိခြင်းတို့ကို ဆင်ခြင်စဉ်းစားရပေသည်။ ဤအကြောင်းများကြောင့် ာင်ကာလူးသည် ရေနစ်၍သေဆုံးလေသည်ဟု ယူဆနိုင်သည့်ဟု ဆိုရပေမည်။

အယူခံတရားပြိုင် အော်စီရေမန်မှာ သေဆုံးသူ မောင်ကာလူး၏ ဖခင်မဟုတ်ဟု သမှုစစ်ဆေးသည့်ရုံးတွင် အယူခံတရားလိုက တိတိကျကျ မငြင်းခဲ့ချေ။ ထို့အပြင် ခဖေဟုတ်သည် မဟုတ်သည်မှာ အကြောင်းအခြင်းရာနှင့် သက်ဆိုင်သည်။ ဤ ာကြောင်းအခြင်းအရာ အချက်နှင့် ပတ်သက်ပြီး မူလရုံး၏ အဆုံးအဖြတ်ကို ာယူခံမဝင်နိုင်ချေ။ အလုပ်သမား လျော်ကြေးဥပဒေ ပုဒ်မ ၃၀ အရ၊ အရေး ကြီးသည့်ဥပဒေအချက်အလက်နှင့်သာ ပတ်သက်ပြီး အယူခံဝင်ခွင့်ရှိသည်။

အယူခံတရားပြိုင်က မောင်ကာလူးသည် အသက်ရှင်စဉ်က ၎င်းအား လစဉ်ငွေ းထောက်ပံ့ခဲ့သည်ဟု ထွက်ဆိုခဲ့သည်။ ယင်းထွက်ဆိုချက်ပေါ် မူတည်၍ မူလရုံးက ာူသည်မောင်ကာလူး၏ မှီခိုသူဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ာ်ချုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိဟုယူဆသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အလုပ်သမား လျော်ကြေး စိစစ်ရေး ာကော်မတီ၏အမိန့်မှာ မှားသည်ဟု မဆိုနိုင်သဖြင့် ဤအယူခံကို ပလပ်လိုက်သည်။ အယူခံတရားလိုက အယူခံတရားပြိုင် အမှတ် (၂) အား ရှေ့နေစရိတ် ၅ဝိ ပေးရန် အမိန့်ချမှတ်သည်။

၁၉၅၅

ဦးလှထွန်း နှင့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း၊ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ ပါ ၂။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
မေလ ၈ ရက်။

မောင်လှအေး

နှင့်

ဦးကျော်သိန်း ပါ ၂ *

တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၅ တရားလိုတဦး၏ အဆိုလွှာတွင်ပါရှိသည့် စွပ်စွဲချက်ကို တရားပြိုင်ကငင်း၏ ချေလွှာအရ၊ တိကျစွာမငြင်းလျှင် ဝန်ခံသည်ဟုမှတ်ယူရခြင်း။

ဆုံးဖြတ်ချက်။ ။အဆိုလွှာအပိုဒ် ၁၃ တွင်ပါရှိသည့် စွပ်စွဲချက်များကို အယူခံတရားလိုကငင်း၏ချေလွှာတွင်မငြင်းခဲ့ကြောင်းတွေ့ရသည်။ အပိုဒ် ၁၃ အရ၊ အယူခံတရားပြိုင်တို့က ၎င်းတို့ပိုင်ထင်ရှူးသေတ္တာလုပ်ငန်းကို အယူခံတရားလိုမှာ သားမက်ဖြစ်သဖြင့် ယုံကြည်၍လွှဲအပ်ခဲ့သည်ဟု အတိအလင်းစွပ်စွဲထားကြောင်း တွေ့ရသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်းဥပဒေ ၅ အရ၊ တရားလိုတဦး၏ အဆိုလွှာတွင်ပါရှိသည့် စွပ်စွဲချက်ကို တရားပြိုင်က ၎င်း၏ချေလွှာအရ၊ တိကျစွာမငြင်းလျှင် ဝန်ခံသည်ဟုမှတ်ယူရန်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်အဆိုလွှာအပိုဒ် ၁၃ ပါ စွပ်စွဲချက်များကို အယူခံတရားလိုကမငြင်းခဲ့သည့်အတွက် ဝန်ခံသည်ဟု မှတ်ယူရပေသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးမောင်မောင်ကြီး။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးသာဟိန်း။

အယူခံတရားပြိုင် အမှတ် (၁) ဦးကျော်သိန်းနှင့် အယူခံတရားပြိုင် အမှတ် (၂) ဒေါ်ကျင်ပိုင်တို့မှာ အကြင်လင်မယားဖြစ်ကြပါသည်။ အယူခံတရားလိုသည် အယူခံတရားပြိုင်တို့၏ သမီးဖြစ်သူမခင်အုန်းမြင့်၏ ခင်ပွန်းဖြစ်သည်။

ယခင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) တွင် အယူခံ တရားပြိုင်တို့က အယူခံတရားလိုနှင့် မခင်အုန်းမြင့်တို့အပေါ် အခင်းဖြစ် ပစ္စည်းများကို ပိုင်ဆိုင်ကြောင်းမြွက်ဟကြေငြာပေးရန်နှင့် လက်ရောက်ရလိုကြောင်း တရားစွဲဆိုခဲ့သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၆၃။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇၇ တွင် တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) (ရန်ကုန်မြို့ တရားမရုံးဆိုင်ရာ) တရားသူကြီး (၃) ရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၅၅

မောင်လှအေး နှင့် ဦးကျော်သိန်း ပါ ၂။

မှုလရုံးကနှစ်ဘက် သက်သေများ ကြားနာစစ်ဆေးပြီး အယူခံ တရားပြိုင်တို့စွဲဆိုသည့် အမှုကိုစရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှုတင်သွင်းခြင်းဖြစ်သည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ (၁) ရပ်ကွက် မဥ္ဇူလမ်း၊ အမှတ် (၃၂၄) တွင်ရှိ ထင်းရှူးသေတ္တာ လုပ်ငန်းနှင့် ယင်းအိမ် အမှတ် (၃၂၄) နှင့် တလမ်းတည်းရှိ အမှတ်(၃၂၆)တို့သည်မိမိတို့ပိုင်ဆိုင်သည်၊ ထင်းရှူးသေတ္တာလုပ်ငန်းကိုအယူခံတရားလိုမောင်လှအေးက သူပိုင်သည်ဟု ငြင်းဆန်နေသည့်အပြင်၊ မခင်အုန်းမြင့်အမည်ဖြင့်ဝယ်ထားသည့် အထက်ဖော်ပြပါအိမ် ၂ လုံးကိုလည်း မောင်လှအေးက ၎င်း၏ငွေဖြင့် ဝယ်ပေးသည်ဟု အဆိုပြုနေသည့် အတွက် အယူခံ တရားပြိုင်တို့က တရားစွဲဆိုခဲ့ရခြင်း ဖြစ်သည်ဟု အဆိုလွှာတွင်ပါရှိသည်။

ထင်းရှူးသေတ္တာလုပ်ငန်းမှာ မိမိကိုယ်ပိုင် လုပ်ငန်းဖြစ်သည်ဟု အယူခံတရားလိုက ထုချေသည်။ ထို့ပြင် အခင်းဖြစ် အိမ် ၂ လုံးကိုမိမိ၏ငွေနှင့် မခင်အုန်းမြင့် အမည်ဖြင့် ဝယ်ခဲ့သည်ဟုလည်းထုချေသည်။

ထင်းရှူးသေတ္တာလုပ်ငန်းနှင့်ပတ်သက်၍ အယူခံတရားပြိုင်တို့က မူလမှုတွင် တင်သွင်းသည့်အဆိုလွှာအပိုဒ် ၁၃ အရ၊ အောက်ပါအတိုင်း စွပ်စွဲခဲ့သည်။

"၁၉၄၈ ခုနှစ်တွင် (၂) တရားပြိုင် မောင်လှအေးအား တရားလိုများ၏ သမီးရင်းဖြစ်သူ (၁) တရားပြိုင် မခင်အုန်းမြင့်နှင့် လက်ထပ်ထိမ်းမြားပေးစားပြီးနောက်၊ သားမက်အဖြစ်ဖြင့် ယုံကြည်ကာ ၎င်းလုပ်ငန်းတွင် အရေးကြီးသောလုပ်ငန်းများကို တရားလိုများကိုယ်စား စီမံကွပ်ကဲမှုအခွင့်အရေးကို စတင်ပေးထားခဲ့ပြီး၊ တရားလိုများက ရံဖန်ရံခါမှသာ အလုပ်အခြေအနေကို တရားပြိုင်များအား သာမန်အားဖြင့် စိစစ်မေးမြန်းခဲ့ပါသည်"။

အထက်ဖော်ပြပါအပိုဒ် ၁၃ တွင် ပါရှိသည့် စွပ်စွဲချက်များကို အယူခံတရားလိုကိုလှအေးက၎င်း၏ ချေလွှာတွင် မငြင်းခဲ့ကြောင်း တွေ့ရသည်။ အပိုဒ် ၁၃ အရ၊ အယူခံတရားပြိုင်တို့က ၎င်းတို့ပိုင် ထင်းရှူးသေတ္တာ လုပ်ငန်းကို အယူခံတရားလိုမှာသားမက်ဖြစ်သဖြင့် ယုံကြည်၍ လွှဲအပ်ခဲ့သည်ဟု အတိအလင်း စွပ်စွဲထားကြောင်း တွေ့ရသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်းဥပဒေ ၅ အရ၊ တရားလိုတဦး၏ အဆိုလွှာတွင် ပါရှိသည့် စွပ်စွဲချက်ကို တရားပြိုင်က ၎င်း၏ ချေလွှာအရ၊ တိကျစွာ မငြင်းလျှင် ဝန်ခံသည်ဟု မှတ်ယူရန် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ကြောင့် အထက်ဖော်ပြပါ အပိုဒ် ၁၃ ပါစွပ်စွဲချက်များကို အယူခံတရားလိုကမငြင်းခဲ့သည့်အတွက် ဝန်ခံသည်ဟု မှတ်ယူရပေသည်။

၁၉၇၅

မောင်လှအေး
နှင့်
ဦးကျော်သိန်း
ပါ ၂။

အယူခံတရားလိုက ၎င်း၏ဖခင်အမည်မှာ ဦးချန်ဖြစ်သည်၊ သို့ကြောင့် သေတ္တာလုပ်ငန်းကို တံချန်အမည်ဖြင့် မိမိတို့မိသားစုပိုင် လုပ်ငန်းအဖြစ်ဖြင့် လုပ်ကိုင်ခဲ့သည်ဟု သက်သေခံသည့်အခါက ထွက်ဆိုထားသော်လည်း ဤအချက်ကို ၎င်း၏ချေလွှာတွင် ထည့်သွင်း၍အဆိုမပြုခဲ့ချေ။ တရားမမှုများကို ဆုံးဖြတ်ရာ၌ အဆိုအချေပါ အချက်များကိုအခြေခံလျက် အဆုံးအဖြတ် ပေးရန်သာ ဖြစ်သည်။ ထို့ကြောင့် အယူခံတရားလိုက ထင်းရှူးသေတ္တာလုပ်ငန်းကို "တံချန်" အမည်ဖြင့် မိမိတို့မိသားစုပိုင် လုပ်ငန်းအနေဖြင့် လုပ်ကိုင်ခဲ့ကြောင်း ချေလွှာတွင် အဆိုပြုခဲ့ခြင်း မရှိပါပဲ လျက်နောက်မှ ဤကိစ္စနှင့် ပတ်သက်၍ ထွက်ဆိုချက်ပြုခြင်းများကို လက်မခံနိုင်ချေ။

အခင်းဖြစ်သည့် မြောက်ဥက္ကလာပရှိ အိမ်နှစ်လုံး ဝယ်ရာ၌ မခင်အုန်းမြင့်၏အမည်ဖြင့်ဝယ်ခဲ့ကြောင်းမှာ အငြင်းမထွက်ချေ။ သို့ဖြစ်၍ ဤကိစ္စနှင့်ပတ်သက်ပြီး အဓိက စဉ်းစားရန်မှာ ထိုအိမ်များ ဝယ်ရာတွင် မည်သူ့ငွေဖြင့် ဝယ်ယူသည် ဆိုသောအချက်ပင်ဖြစ်သည်။ ဤအချက်ကို စဉ်းစားရာ၌ မူလပိုင်ရှင်များဖြစ်ကြသော ဦးအုန်းနှင့် ဒေါ်ကြီးတို့ကိုယ်တိုင် က အိမ်အဖိုးငွေများကို အယူခံတရားပြိုင်တို့ကပေးကြောင်း၊ အယူခံတရားလို ကိုယ်တိုင်ကလည်း အယူခံတရားပြိုင်တို့ ဝယ်ခြင်းဖြစ်သည်ဟု ပြောကြောင်း ထွက်ဆိုချက်ရှိသည်။ ထို့အပြင် ဦးအုန်းထံမှ ဝယ်သည့်အချိန်က မခင်အုန်းမြင့်နှင့် အယူခံတရားလိုတို့ လက်ထပ်ထိမ်းမြား ခြင်းမပြုရသေးပေ။ ထို့ကြောင့် လက်မထပ်မီက ဝယ်ယူခဲ့သည့်အိမ်ကို အယူခံတရားလိုက မိမိ၏ဇနီးအား မြတ်နိုးသဖြင့် ၎င်း၏အမည်ဖြင့် ဝယ်ယူသည်ဆိုခြင်းသည် ယုတ္တိမရှိပေ။ ထို့အပြင်ချေလွှာအပိုဒ် (၂) ၌အိမ်များကို ဇနီးသည်အား ချစ်ခင်၍ ၎င်း၏အမည်ဖြင့် ဝယ်ခဲ့သည်ဟု ထုချေခဲ့သော်လည်း အစစ်ခံရာတွင်မူ အယူခံတရားလိုကထိုသို့ မခင်အုန်းမြင့် အမည်ဖြင့် ဝယ်ခြင်းမှာ အမြတ်ခွန် တောင်းခံရမည်စိုး၍ဖြစ်သည်ဟု ထွက်ဆိုပြန်လေသည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် မူလရုံးက ထင်းရှူးသေတ္တာ လုပ်ငန်းကို အယူခံတရားပြိုင်တို့ ပိုင်ဆိုင်ကြောင်းနှင့် အခင်းဖြစ် အိမ်နှစ်လုံးကို ၎င်းတို့၏ငွေဖြင့် ဝယ်ယူကြောင်း ဆုံးဖြတ်လိုက်သည်မှာ မှားသည်ဟု မဆိုနိုင်သည့်အတွက် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။

တရားမဒုတိယအယူခံမှု

ဦးကြင်ဦး၊ ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သီလှ

နှင့်

မခင်အုန်းကြည် *

† ၁၉၇၅ ဇွန်လ ၄ ရက်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၄ (၁)(ဂ)အရ စွဲဆိုခြင်း၊ ဥပစာ၏ စတုရန်းပေကို လူဦးရေနှင့်စားပြီး တဦးလျှင် စတုရန်းပေ မည်မျှမည်မျှရရှိမှုပေါ် မူတည်၍ အဆုံးအဖြတ်မပေးသင့်ခြင်း ဥပစာကို အကြောင်းအားလျော်စွာ သဘောရိုးဖြင့် လိုအပ်မှု ရှိရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးက ဥပစာ၏ စုစုပေါင်း စတုရန်းပေ အကျယ်အဝန်းနှင့်လူဦးရေ ၁၂ ဦးတွက်ပြီး တဦးပေ ၆၀ စတုရန်းခန့်ရရှိမည်ဖြစ်သဖြင့် ကျဉ်းမြောင်းသည်ဟု မဆိုနိုင်သောကြောင့် အချင်းဖြစ် ဥပစာကိုဖယ်ရှားပေးရန်မလိုဟု ဆုံးဖြတ်လိုက်သည်။ ဥပစာ၏ စတုရန်းပေကို လူဦးရေနှင့်စားပြီး တဦးလျှင်စတုရန်းပေ မည်မျှ မည်မျှရရှိမှု ပေါ် မူတည်၍ အဆုံးအဖြတ်မပေးသင့်ပေ။

ဤအမှုမှာ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၄ (၁)(ဂ)အရ စွဲဆိုသည့်အမှုဖြစ်သည်။ ထို့ကြောင့် တရားလိုသည်အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် လိုအပ်သည်ဟုယူဆလျှင် ခွင့်ပြုရပေမည်။

အယူခံတရားလိုအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး ဦးအုန်းမောင်။

အယူခံတရားခံအတွက်။ ။ဗဟိုတရားရုံးရှေ့နေကြီး ဦးဘသန်း (၁)။

အယူခံတရားလိုသည် ရန်ကုန်မြို့၊ စမ်းချောင်း၊ ဝါးခယ်မလမ်း အမှတ် ၁၂ ဥပစာ၏ပိုင်ရှင်ဖြစ်သည်။ အယူခံတရားပြိုင်သည် ရန်ကုန်မြို့ ငှားရမ်းခကြီးကြပ်ရေးဝန်ရုံး၊ အမှုတွဲအမှတ် (စီ ၄၈/၇၁) တွင် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၄ အရ၊ အိမ်ငှားအဖြစ်ဖြင့် သတ်မှတ်ခြင်း ခံရသော တရားဥပဒေ အရ၊ အိမ်ငှားဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၉။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံအမှုအမှတ် ၁ တွင်၊ ရန်ကုန်တိုင်း တရားမရုံး၊ ပန်းဘဲတန်းမြို့နယ်ရုံး၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၇၅

ဒေါ်သီလှ နှင့် မခင်အုန်းကြည်။

စမ်းချောင်းမြို့နယ် တရားမကြီးမှုအမှတ် ၁၀/၇၃ တွင် အယူခံတရားလိုက အချင်းဖြစ်အိမ်ကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက် အယူခံတရားပြိုင်အား မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၄ (၁) (ဂ) အရ ဥပစာမှနှင်ထုတ်လိုမှုတရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက ယင်းအမှုကို စစ်ဆေး၍ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ယင်းဒီကရီကို အယူခံတိုင်းရုံးက ပယ်ဖျက်လိုက်သည့်အတွက် ဤဒုတိယအယူခံမှုတင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင်ဆုံးဖြတ်ရန် အဓိကအချက်မှာ အယူခံတရားလိုသည် အချင်းဖြစ် ဥပစာကိုမိမိကိုယ်တိုင်နေရန် ကိစ္စသက်သက်အတွက် မှိုးဖြောင့်သော သဘောဖြင့် ရယူလိုကြောင်းဟုတ်မဟုတ်ဖြစ်သည်။

အယူခံတရားလိုသည် ယခုစမ်းချောင်း၊ ဝါးခယ်မလမ်း၊ အမှတ် ၁၃ တွင်နေသည်။ ယင်းဥပစာတွင် အယူခံတရားလို၏ မိသားစု၊ စုစုပေါင်း ၁၂ ဦးနေကြောင်းသက်သေထွက်ချက်များအရ တွေ့ရှိရသည်။ ယင်းဥပစာမှာ အလျား ၁၈ ပေ၊ အနံ ၃၅ ပေခန့်ရှိသည်။ တိုင်းတရားရုံးက ဥပစာ၏ စုစုပေါင်း စတုရန်းပေ အကျယ်အဝန်းနှင့်လူဦးရေ ၁၂ ဦးတွက်ပြီး တဦးပေ ၆၀ စတုရန်းခန့်ရရှိမည်ဖြစ်သဖြင့် ကျဉ်းမြောင်းသည်ဟုမဆိုနိုင်သောကြောင့် အချင်းဖြစ်ဥပစာကို ဖယ်ရှားပေးရန် မလိုဟုဆုံးဖြတ်လိုက်သည်။ ဥပစာ၏ စတုရန်းပေကို လူဦးရေနှင့် စားပြီး တဦးလျှင် စတုရန်းပေမည်ရွေ့မည်မျှ ရရှိမှုပေါ်မူတည်၍ အဆုံးအဖြတ် မပေးသင့်ပေ။ ဤအမှုမှာ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၄ (၁) (ဂ) အရစွဲဆိုသည့် အမှုဖြစ်သည်။ ထို့ကြောင့် တရားလိုသည် **အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့်လိုအပ်သည်ဟု** ယူဆလျှင် ခွင့်ပြုရပေမည်။

ဤအမှုတွင် တရားလိုတို့၏ အိမ်ထောင်စုမှာ ၁၂ ဦးဖြစ်ပြီး ဥပစာ၏အကျယ်အဝန်းမှာ ၁၈ ပေ x ၃၅ ပေ ခန့်သာရှိသည်။ ထို့ကြောင့် တရားလိုတွင် အခင်းဖြစ်ဥပစာကိုရယူရန် လုံလောက်သည့် အကြောင်းရှိသည်ဟု ဆိုရပေမည်။ တဖန်တရားလိုသည် မရိုးမဖြောင့်သော သဘောဖြင့် အခင်းဖြစ် ဥပစာကို ရယူရန်အတွက် တရားစွဲဆိုခြင်းဖြစ်သည်ဟု သက်သေအထောက်အထားမရှိချေ။

သို့ဖြစ်၍ ရန်ကုန်တိုင်းရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး မူလမြို့နယ် တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို အတည်ပြုလိုက်သည်။ ရုံးအဆင့်ဆင့် စရိတ်များကို အယူခံတရားပြိုင်က ကျခံစေရန်အမိန့်ချမှတ်သည်။

တရားမဒုတိယအယူခံ

ဦးဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သိန်းမေ ပါ (၃)

နှင့်

ဒေါ်ငှါဘီ ပါ ၂ *

† ၁၉၇၇
ဩဂုတ်လ
၆ ရက်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(င) အရ စွဲဆိုခြင်း၊ အဆောက်အဦ ပြင်ဆင်ရန်အတွက် အကြောင်းအားလျော်စွာ အလိုရှိကြောင်း ဖော်ပြရန် လိုမလို။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁)(င) ၏လိုအပ်ချက်မှာ အိမ်ရှင်သည်အဆောက်အအုံပြင်ဆင်ရန်အတွက် သဘောရိုးသာမက အကြောင်းအားလျော်စွာလည်း resonably required လိုအပ်ရမည် ဖြစ်သည်။ ဤအမှုတွင် အယူခံတရားပြိုင်တို့သည် ၎င်းတို့၏ အဆိုလွှာ၌ဖြစ်စေ၊ ရှေ့နေမှပေးပို့သောနို့တစ်စာတွင်ဖြစ်စေ၊ လျှောက ထားခံရသူ၏အစစ်ခံချက်တွင်ဖြစ်စေ၊ မည်သို့မျှအကြောင်းအားလျော်စွာ အလိုရှိသည်ဟု လုံး ဖော်ပြထားခြင်းမရှိပေ။

အယူခံတရားလိုများအတွက်။ ။အကျိုးဆောင် ဦးဘိုးသာ။

အယူခံတရားပြိုင်များအတွက်။ ။အကျိုးဆောင် ဦးအောင်သိန်း။

ဤအယူခံမှုနှင့် ဤရုံးဒုတိယအယူခံမှု အမှတ် ၁၄/၇၃ တို့မှာ တရားမကြီးမှု တမှုတည်းမှ ပေါ်ပေါက်လာသော အယူခံမှုများဖြစ်သဖြင့် ဤအမိန့်သည် ယင်းအမှု နှစ်မှုစလုံးနှင့် သက်ဆိုင်သည်။

ယခင် ပဲခူးမြို့၊ မြို့နယ်တရားမရုံး တရားမကြီးမှုအမှတ် ၃/၇၃ တွင် အယူခံ တရားပြိုင် ဒေါ်ငှါဘီပါ ၂ ဦးတို့က အယူခံတရားလို ဒေါ်သိန်းမေပါ ၅ ဦးတို့အပေါ် ပဲခူးမြို့၊ လိပ်ပြာကန် (၁)လမ်းနှင့် ကိုယ့်မင်းကိုယ့်ချင်းလမ်းဒေါင့်ရှိ အချင်းဖြစ်အိမ်မှ ဖယ်ရှားပေးရန်အတွက် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ

* ၁၉၇၇ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃။

† ၁၉၇၇ ခုနှစ် တရားမအယူခံမှု အမှတ် ၁ တွင် ပဲခူးမြို့နယ်၊ တိုင်းပြည်သူ့တရားရုံးအဖွဲ့ (၁၁) ရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

ဒေါ်သိန်းမေ ပါ ၃ နှင့် ဒေါ်ဝှါဘီ ပါ ၂။

ပုဒ်မ ၁၂ (၁) (င)အရ၊ တရားစွဲဆိုခဲ့သည်။ ယင်းရုံးကအမှုကို ကြားနာစစ်ဆေးပြီး မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)အရ ဒီကရီချမှတ်ပေးခဲ့သည်။ ယင်းဒီကရီကို နှစ်ဘက်စလုံးက မကျေနပ်ကြသဖြင့် ပဲခူးမြို့ရုံးထိုင်၊ ပဲခူးတိုင်း တရားရုံးသို့ အယူခံဝင်ခဲ့ကြသည်။ ပဲခူးတိုင်း တရားရုံးက မူလရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ အယူခံ တရားပြိုင်များ စွဲဆိုသည့်အတိုင်း ပုဒ်မ ၁၂ (၁) (င) အရ ဒီကရီ ချမှတ်ပေးလိုက်သည်။ မူလတရားပြိုင်ငါးဦး ရှိသည့်အနက် တရားပြိုင်နှစ်ဦးတို့မှာ အချင်းဖြစ်အိမ်တွင် နေထိုင်သူများ မဟုတ်ကြသဖြင့် အမှုမှပယ်ထုတ်ခဲ့သည်။ သို့ဖြစ်၍ ကျန်တရားပြိုင် ၃ ဦးဖြစ်ကြသည့် အယူခံတရားလိုတို့က ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဤအမှုတွင် အငြင်းပွားခြင်းမရှိသော အချက်များမှာ အခင်းဖြစ်အိမ်၏ မူလပိုင်ရှင်မှာ မစ္စတာ ဘစူးဆိုသူဖြစ်သည်။ မစ္စတာ ဘစူးသည် ဒုတိယကမ္ဘာစစ်ကြီး အတွင်းက အိန္ဒိယပြည်သို့ ပြန်သွားရာ မြန်မာပြည်သို့ ပြန်မလာတော့ချေ။ ၁၉၄၅ ခုနှစ်လောက်တွင် ပဲခူးမြို့ အရေးပိုင်က စစ်သားများ အသုံးပြုရန် အခင်းဖြစ်အိမ်ကို သိမ်းဆည်းထားရာ၊ စစ်သားများ ဖယ်ရှားသွားပြီးနောက် အယူခံတရားလို အမှတ် (၁) ဒေါ်သိန်းမေအား နေထိုင်ခွင့် ပြုခဲ့သည်။ ထို့နောက် ဒေါ်သိန်းမေသည် မစ္စတာ ဘစူး၏ ကိုယ်စားလှယ် ဆိုသူများသို့ အိမ်လခတလလျှင် ၄၀ိ နှုန်းဖြင့်ပေး၍ အစဉ်တစိုက် နေထိုင်လာခဲ့သည်။

ဤအမှုတွင် အရေးကြီးသော ဆုံးဖြတ်ရန် အချက်မှာ အယူခံ တရားပြိုင်တို့သည် မည်သည့်အတွက် အယူခံ တရားလိုတို့အား အခင်းဖြစ် ဥပစာမှ ဖယ်ပေးစေရန် တရားစွဲဆို ခဲ့ပါသနည်းဟူသော ပြဿနာပင် ဖြစ်သည်။ အဆိုပါ ပြဿနာနှင့်ပတ်သက်၍ မူလရုံးမှ အယူခံ တရားပြိုင်တို့သည် နေထိုင်ရန် မရှိသဖြင့် မိမိတို့ကိုယ်တိုင် နေထိုင်ရန်အတွက် အလိုရှိသောကြောင့် တရားစွဲဆိုခြင်း ဖြစ်သည်ဟု ဆုံးဖြတ်လျက် ၁၉၆၀ ခုနှစ်၊ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (င)အရ ဒီကရီ ချမှတ်လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် တိုင်းတရားရုံးက အယူခံ တရားပြိုင်များသည် အထက်ပါ ပုဒ်မ ၁၂ (၁) (င) ခြွင်းချက်တွင် သတ်မှတ်ထားသော ပိုင်ရှင်များ မဟုတ်သဖြင့် အဆိုပါ ပုဒ်မအရ ဒီကရီကို ရရှိပိုင်ခွင့်မရှိဟု ဆုံးဖြတ်ပြီး ပုဒ်မ ၁၂ (၁) (င) အရ အခင်းဖြစ် အဆောက်အဦကို ပြန်လည်ဆောက်ရန်၊ သို့မဟုတ် အရေးကြီးသော ပြုပြင်မှုများ ပြုလုပ်ရန်အတွက် အိမ်ရှင်က ရလိုသည်ဟုဆိုပြီး ဒီကရီ ချမှတ်ပေးလိုက်သည်။

အယူခံ တရားပြိုင်တို့သည် ၎င်းတို့၏ အပေါ်တွင် အိမ်ငှားအဖြစ် လက်ရှိ နေထိုင်လျက်ဖြစ်သော နေအိမ်မှ ထွက်ခွာသွားစေရန် အိမ်ရှင်က အနိုင်ဒီကရီ ရရှိထားပြီး

၁၉၇၅

ဒေါ်သိန်းမေ ပါ ၃ နှင့် ဒေါ်ဝှါဘီ ပါ ၂။

ဖြစ်သည့်အပြင် အိမ်မှ ထွက်ခွာပေးရန် ဇာရီပြုလုပ်ထားပြီး ဖြစ်သောကြောင့် ၎င်းတို့၌ နေထိုင်ရန် အိမ်ပိုင်ရာပိုင် မရှိသဖြင့် အခန်းဖြစ်အိမ်ကို ဝယ်ယူ၍ အယူခံ တရားလိုများအား ဖယ်ရှားစေလိုသည်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။ အယူခံ တရားပြိုင် ဒေါ်ဝှါဘီ၏ အစစ်ခံချက်၌လည်း ၎င်းတို့သည် ဦးဘွတ်ဆိုသူပိုင်တိုက်တွင် အိမ်ငှါးအဖြစ် လွန်ခဲ့သောနှစ်ပေါင်း ၄၀ လောက်က နေထိုင်လာရာ ဦးတွတ်နှင့် ဇနီးများ သေဆုံးပြီးနောက် အမွေထိန်းလက်မှတ်ရရှိသူ ဦးဘဦး ဆိုသူက ဖယ်ရှားပေးရန် ပဲခူးမြို့၊ ခရိုင်တရားမ တရားရုံးတွင် တရားစွဲဆိုရာ အနိုင်ရရှိ၍ဇာရီပြုလုပ်ထားသဖြင့် ၎င်းတိုက်မှ ပြောင်းရွှေ့ပေးရလျှင် နေထိုင်ရန်မရှိသောကြောင့် အခန်းဖြစ်အိမ်ကို မစ္စတာ ဒေးထံမှ ဝယ်ယူထားကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ တရားစွဲဆိုခြင်း အကြောင်းမှာ နေရာမရှိ၍ ကိုယ်တိုင်နေထိုင်ရန် တရားစွဲဆိုခြင်းဖြစ်ကြောင်း ဒေါ်ဝှါဘီက အတိအလင်း အစစ်ခံထွက်ဆိုခဲ့သည်။ ထို့အပြင် အယူခံ တရားပြိုင်တို့က အယူခံတရားလိုတို့အား ပေးပို့ခဲ့သည့် နို့တစ်စာတွင်အခန်းဖြစ်အိမ်ကို မိမိတို့ကိုယ်တိုင် နေထိုင်ရန်အတွက် ဝယ်ယူရန်ဖြစ်ကြောင်းဖော်ပြထားသည်။ သို့ဖြစ်၍ အထက်ပါ သက်သေခံချက်များအရ အယူခံ တရားပြိုင်တို့သည် အခန်းဖြစ်အိမ်ကို ဝယ်ယူပြီးလျှင် ၎င်းတို့နေထိုင်ရန် ရယူလိုသောကြောင့် အယူခံ တရားလိုများအပေါ် တရားစွဲဆိုကြောင်း ထင်ရှားလေသည်။ သို့ရာတွင် အယူခံ တရားပြိုင်တို့သည် ပုဒ်မ ၁၂ (၁) (c) အရ တရားစွဲဆိုနိုင်ရန် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့မတိုင်မီက ပိုင်ရှင်ဖြစ်ရန်လိုသည်။ သို့သော် ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင်မှ ပိုင်ရှင်များ ဖြစ်လာလေရာ ထိုပုဒ်မအရ တရားစွဲဆိုပိုင်ခွင့်၊ သို့မဟုတ် ဒီကရီရပိုင်ခွင့် မရှိပေ။

ထို့အပြင် ပုဒ်မ ၁၂ (၁) (c)၏ လိုအပ်ချက်မှာ အိမ်ရှင်သည် အဆောက်အအုံ ပြင်ဆင်ရန်အတွက် သဘောရိုးနှင့်သာမက အကြောင်း အားလျော်စွာလည်း (reasonably required) လိုအပ်ရမည်ဖြစ်သည်။ ဤအမှုတွင် အယူခံတရားပြိုင်တို့သည် ၎င်းတို့၏ အဆိုလွှာ၌ဖြစ်စေ၊ ရှေ့နေထံမှပေးပို့သော နို့တစ်စာတွင်ဖြစ်စေ၊ ဒေါ်ဝှါဘီ၏ အစစ်ခံချက်တွင်ဖြစ်စေ မည်သို့မျှ အကြောင်းအားလျော်စွာ အလိုရှိသည်ဟု လုံးဝဖော်ပြထားခြင်းမရှိပေ။ ထိုအမှုသာမကပဲ ဒေါ်ဝှါဘီက ၎င်း၏ အစစ်ခံချက်တွင် အချင်းဖြစ်အိမ်ကို နောက်ထပ် ပြင်ဆင်ရန် လိုမလိုကို တတ်ကျွမ်းသော အင်ဂျင်နီယာများအား ပြသခဲ့ဘူးခြင်း မရှိကြောင်းနှင့် နောက်ထပ် စစ်ဆေးရန်ကိုလည်း သဘောမတူနိုင်ပါဟု ထွက်ဆိုထားသည်။ ၎င်း၏သက်သေ ဦးဘသောင်း (လိုပြ-၁)ကလည်း အချင်းဖြစ်အိမ်မှာ နောက်ထပ် ၁၅ နှစ်ခန့် ပြင်ဆင်ရန် မလိုသေးပါဟု ထွက်ဆိုသွားသည်။ သို့ဖြစ်၍ အချင်းဖြစ်အိမ်မှာ အယူခံ တရားပြိုင်တို့က အ

၁၉၇၅

ဒေါ်သိန်းမေ ပါ ၃ နှင့် ဒေါ်ဝှါဘိ ပါ ၂။

ကြောင်း အားလျော်စွာ ပြင်ဆင်ရန် လိုအပ်သည်ဟုလည်း ယူဆနိုင်ရန် အကြောင်း တစုံတရာမရှိဟု ဆိုရပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံတရားပြိုင်တို့သည် ပုဒ်မ ၁၂ (၁) (င)အရဖြစ်စေ၊ ပုဒ်မ ၁၂(၁) (ဓ)အရဖြစ်စေ ဒီကရီကိုရယူရန်အခွင့်အရေး မရှိကြောင်း ထင်ရှားသဖြင့် ဤအယူခံကို ခွင့်ပြုပြီး မူလရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ ရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံ တရားပြိုင်တို့က ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

တရားမဒုတိယအယူခံ

ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဇူလိုင်လ ၂၆ ရက်။

ဦးသိန်းလှ ပါ ၂

နှင့်

ဒေါ်ညွန့်ညွန့် *

အောက်ရုံး နှစ်ရုံးစလုံးက အကြောင်းခြင်းရာနှင့်ပတ်သက်၍ တူညီတွေ့ရှိထားခြင်း၊ ဒုတိယအယူခံရုံးက လုံလောက်သောအကြောင်းမရှိပါက ဝင်ရောက်မစွက်ဖက်ခြင်း။

ဆုံးဖြတ်ချက်။ ။အရောင်းအဝယ်ကတိစာချုပ်အရ ပေးခဲ့သည့်ငွေမှာ တန်ဖိုး၏တစိတ်တဒေသငွေဖြစ်သည်ဟု မူလရုံးနှင့် ပထမအယူခံရုံးတို့က ဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်သည်။ယင်းကဲ့သို့မူလရုံးနှင့် ပထမအယူခံရုံးနှစ်ရုံးစလုံးက အကြောင်းခြင်းရာနှင့်ပတ်သက်၍ တူညီတွေ့ရှိထားပြီးဖြစ်လျှင် ကျန်ဒုတိယအယူခံမှု၌ လုံလောက်သည့်အကြောင်းမရှိလျှင် ဝင်ရောက်စွက်ဖက်ခြင်းမပြုထိုက်ပေ။

အယူခံတရားလိုများအတွက်။ ။အကျိုးဆောင် ဦးတင်ညွန့်။

အယူခံတရားပြိုင်အတွက်။ ။အကျိုးဆောင် ဦးဘညွန့်။

အယူခံတရားပြိုင်သည် အယူခံ တရားလိုများထံမှ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်းအမှတ် ၄၄ တွင်ရှိသော အိမ်နှင့် မြေကို အကျိုးခံစားခွင့် အရပ်ရပ်နှင့် တကွ တန်ဖိုးငွေ ၂၈၀၀၀ိ ဖြင့် ဝယ်ယူရန် သဘောတူပြီး အိမ်အရောင်းအဝယ် စရန်ပေးအပ်သည့် စာချုပ် ချုပ်ဆို၍ ငွေ ၅၀၀၀ိ ပေးခဲ့သည်။ ထိုနောက် အရောင်းအဝယ် မဖြစ်သည့်အတွက် အယူခံတရားပြိုင်က အယူခံတရားလိုများထံမှ စာချုပ်ချုပ်စဉ်က ပေးခဲ့သည့် ငွေ ၅၀၀၀ိ ကို ပြန်ရလိုကြောင်း တရားစွဲဆိုခဲ့သည်။ စမ်းချောင်းမြို့နယ် တရားရုံးက အမှုကိုစရိတ်နှင့်တကွ ဒီကရီချထား ပေးလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၈။

† ၁၉၇၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင် ရန်ကုန်တိုင်း၊ ပြည်သူ့တရားရုံး၊ နာယကရုံး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

ဦးဆိမ်းလှ ပါ ၂ နှင့် ဒေါ်ညွန့်ညွန့်။

မူလရုံးနှင့်ပထမအယူခံရုံးတို့က အယူခံတရားပြိုင်သည် အရောင်းအဝယ် ကတိစာချုပ်ကိုဖောက်ဖျက်ခြင်း မရှိခဲ့ကြောင်းတွေ့ရှိပြီး စရန်အဖြစ် ပေးထားသော ငွေ ၅၀၀၀ိ မှာတန်ဖိုး၏ တစိတ်တဒေသ ပေးသွင်းငွေ ဖြစ်သည်ဟု ဆုံးဖြတ်ပြီး အယူခံတရားပြိုင်ကို အနိုင်ပေးခဲ့သည်။ အရောင်းအဝယ် ကတိစာချုပ်အရ ပေးခဲ့သည့် ငွေ ၅၀၀၀ိ မှာတန်ဖိုး၏ တစိတ်တဒေသ ငွေဖြစ်သည်ဟု မူလရုံးနှင့် ပထမအယူခံရုံးတို့ကဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်သည်။ ယင်းကဲ့သို့ မူလရုံးနှင့် ပထမအယူခံရုံးနှစ်ရုံးစလုံးက အကြောင်းခြင်းရာနှင့် ပတ်သက်၍ တူညီတွေ့ရှိထားပြီး ဖြစ်လျှင် ဤဒုတိယအယူခံမှု၌ ကျွန်ုပ်တို့အနေနှင့် လုံလောက်သည့် အကြောင်းမရှိလျှင်ဝင်ရောက်စွက်ဖက်ခြင်းမပြုထိုက်ပေ။ ထို့ကြောင့် ဤအမှုတွင် ဝင်ရောက်စွက်ဖက်ရန် လုံလောက်သော အကြောင်းမရှိဟု ယူဆသည်။

မည်သို့ပင်ဖြစ်စေကာမူ သက်ဆိုင်ရာ အမှုတွဲများကို လေ့လာလိုက်သည့် အခါ အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆဲဥ်အခါက အချင်းဖြစ်အိမ်နှင့် မြေမှာအမွေဆိုင်ပစ္စည်းဖြစ်ကြောင်း အယူခံတရားလိုတို့က မဖော်ခဲ့ကြောင်း၊ အရောင်းအဝယ်ကတိစာချုပ်ပေါ်တွင် အမွေဆိုင်တဦးဖြစ်သည့် ဒေါ်တင်အေးက လက်မှတ် ထိုးမထားကြောင်း၊ မြေနှင့်ပတ်သက်သည့် ဂရန်ကို ဒေါ်တင်အေး လက်ဝယ်တွင် ထားရှိပြီး အမှု စစ်ဆေးခဲ့သည်အထိ အယူခံတရားပြိုင်အား မအပ်ခဲ့ကြောင်းနှင့် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီရှေ့တွင် အယူခံတရားလိုများနှင့် ဒေါ်စောတင်တို့ထွက်ချက်များကို ပေါင်းစပ် လေ့လာလိုက်သည့်အခါ အိမ်အရောင်း အဝယ်ကိစ္စသည် အယူခံတရားလိုတို့၏ ပျက်ကွက်မှုကြောင့် ပျက်ခဲ့ကြောင်း ထင်ရှားလေသည်။ ထို့ကြောင့် အိမ်အရောင်းအဝယ် ကတိကို အယူခံတရားလိုတို့က ဖောက်ဖျက်ခဲ့သဖြင့် လက်ခံထားသည့် ငွေ ၅၀၀၀ိ ကိုပြန်ပေးရန် တာဝန်ရှိသည်။

သို့ဖြစ်၍ ဤအယူခံမှုကိုပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်၏ စရိတ်များကို အယူခံတရားလိုတို့ကကျခံရန် အမိန့်ချမှတ်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဟူစိန်
နှင့်
ဒေါ်လှမေ *

† ၁၉၇၁ ဇူလိုင်လ ၂၆ ရက်။

အိမ်နှင့် နို့တစ်စာကို ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ အရ၊ နို့တစ်စာတစောင်နှင့် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (က) အရ သီးခြားနို့တစ်စာတစောင် ပေါင်း နို့တစ်စာ ၂ စောင်ပေးပို့ခြင်းသည် ဥပဒေနှင့်ကိုက်ညီမည်ီ စံငှားခသတ်မှတ်ပေးရန် အမှုတွင် အိမ်ရှင်အဖြစ် လက်ခံထားသူအား အိမ်နှင်မှုတွင် ပိုင်ရှင်မဟုတ်ပါဟု ငြင်းဆိုပိုင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ နှင့်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပြဋ္ဌာန်းထားသည့်အချက်အလက်များကို တရားမစွဲဆိုခင်နို့တစ်စာ တခုတည်းတွင် ပေါင်းစပ်၍ ပေးပို့ရမည်ဟု မည်သည့်ဥပဒေကမှ ပြဋ္ဌာန်းထားခြင်းမရှိ။ ဥပဒေအရမပျက်ပြယ်။

ထပ်မံဆုံးဖြတ်ချက်။ ။စံငှားခသတ်မှတ်ပေးရန် လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးအဘွက် နယ်ပိုင်တရားမ တရားသူကြီးရုံးနှင့် ယခင်တရားရုံးချုပ်သို့တင်သွင်းသော စာချွန်အမှုတို့တွင် အယူခံတရားပြိုင်ကို လျှောက်ထားခံရသူအဖြစ် ထည့်သွင်းခဲ့ခြင်းမှာမိမိ၏ အိမ်ရှင်ဖြစ်ခြင်းကြောင့် ထည့်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ဦးအုန်းခင်။

အယူခံတရားပြိုင်အတွက်။ ။အကျိုးဆောင် မစ္စတာ အင်စီဆင်း။

ယခင်ပုသိမ်မြို့ တရားရေးဝန်ထမ်း အဆင့် (၃) ရုံးတွင် အိမ်ငှားရမ်းခ ၂၁၀ိ ကျန်ရှိနေသဖြင့် အယူခံတရားပြိုင်က အယူခံတရားလိုအပေါ် အိမ်နှင်လိုမှု စွဲဆိုပြီး အနိုင်ဒီကရီ ရရှိခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ယခင် ပုသိမ်မြို့ တရားရေး

---

* ၁၉၇၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၀။

† ၁၉၇၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ တွင် ပုသိမ်မြို့တရားရေးဝန်ထမ်းအဆင့် (၁) ရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅
ဦးဟူစိန်
နှင့်
ဒေါ်လှမေ။

ဝန်ထမ်းအဆင့် (၁) ရုံးသို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုက အိမ်နှင်နို့တစ်စာများမှာဥပဒေနှင့်မကိုက်ညီကြောင်း၊ သူသည် အယူခံတရားပြိုင်၏ အိမ်ငှားမဟုတ်ကြောင်း မူလရုံးတွင် ထုချေခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ အယူခံ တရားရုံးကလည်း မူလရုံးအတိုင်း ဆုံးဖြတ်သဖြင့် ဤအယူခံမှုတွင် တင်ပြထားကြောင်း တွေ့ရသည်။

သက်ဆိုင်ရာအမှုတွဲများကို လေ့လာလိုက်သည့်အခါ အယူခံတရားပြိုင်လက်မှ တရားမစွဲဆိုမီ အယူခံတရားလိုကို နို့တစ်စာ ၂ စောင်ပေးခဲ့ကြောင်း တွေ့ရသည်။ တစောင်မှာ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ အရ ပေးပို့သည့် နို့တစ်စာ ဖြစ်ပြီး၊ နောက်တစောင်မှာ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပေးပို့သည့် နို့တစ်စာဖြစ်ကြောင်းတွေ့ရသည်။ ယင်းကဲ့သို့ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ နှင့် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပြဋ္ဌာန်းထားသည့် အချက်အလက်များကို တရားမစွဲဆိုခင် နို့တစ်စာတခုတည်းတွင် ပေါင်းစပ်၍ ပေးပို့ရမည်ဟု မည်သည့် ဥပဒေကမှ ပြဋ္ဌာန်းထားခြင်း မရှိပေ။ ထို့ကြောင့် ပေးပို့ခဲ့သည့် နို့တစ်စာ နှစ်စောင်မှာ အထက်ဖော်ပြပါဥပဒေနှစ်ရပ်နှင့် ကိုက်ညီစွာ ပေးခဲ့သည့် နို့တစ်စာများ ဖြစ်သဖြင့် ဥပဒေအရ ပျက်ပြယ်သည်ဟု အယူခံတရားလို၏ တင်ပြချက်ကို လက်မခံနိုင်ချေ။

အယူခံတရားလိုသည် ပုသိမ်မြို့ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံး၊ ၁၉၆၇ ခုနှစ်၊ အထွေထွေအမှုအမှတ် ၁၃ တွင် အယူခံတရားပြိုင်ကို လျှောက်ထားခံရသူပြုလုပ်၍ စံငှားခသတ်မှတ်ပေးရန် လျှောက်ထားခဲ့သည်။ ထိုအမှုတွင် မူလအိမ်လခ ၇ဝိ မှလျှော့ပြီး စံငှားခမှာ တလ ၆ဝိ ဖြစ်စေဟု သတ်မှတ်ခဲ့သည်။ ယင်းအမိန့်ကိုမကျေနပ်၍ ပုသိမ်မြို့ တရားမနယ်ပိုင် တရားသူကြီးရုံးသို့ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃၂ အရ လွှဲအပ်လွှာ တင်ခဲ့သည်။ ယင်း အမှုတွင်လည်း အယူခံတရားပြိုင်တို့ လျှောက်ထားခံရသူအဖြစ်ဖြင့် ထည့်သွင်းခဲ့သည်။ ထိုအမှုတွင် လျှောက်လွှာပလပ်ခြင်းခံရသည့်အတွက် ယခင်တရားရုံးချုပ်သို့ ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် ၁၆၅ တွင် အမှုခေါ်စာချွန်တော်ဖြင့် ပယ် ဖျက်ပေးရန် လျှောက်ထားခဲ့သေးသည်။ ယင်းအမှုတွင်လည်း အယူခံ တရားပြိုင်က လျှောက်ထားခံရသူအဖြစ်ဖြင့် ထည့်သွင်းခဲ့သေးသည်။ ထိုအမှုကို တရားရုံးချုပ်က ပလပ်လိုက်သည်။ ဤကဲ့သို့ အထက်တွင် ဖော်ပြထားသည့် အမှုများတွင် အယူခံ

တရားပြိုင်ကို လျှောက်ထားခံရသူအဖြစ်ဖြင့် ထည့်သွင်းခဲ့ခြင်းမှာ မိမိ၏အိမ်ရှင်ဖြစ်ခြင်းကြောင့် ထည့်သွင်းခြင်းဖြစ်သည်။ ယခုအမှုမှာ အယူခံတရားပြိုင်သည် မိမိ၏အိမ်ရှင်မဟုတ်ပါဟု အယူခံတရားလိုက မဆိုနိုင်တော့ပေ။ သက်သေခံ ဥပဒေပုဒ်မ ၁၁၆ အရပိတ်ပင်ထားသည်။

၁၉၇၅ ဦးဟူစိန် နှင့် ဒေါ်လှမေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို စရိတ်နှင့်တကွပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်၏ တရားစရိတ်များကို အယူခံတရားလိုက ကျခံစေဟု အမိန့်ချမှတ်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးထွန်းအောင်ကျော် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၃ မေလ ၂ ရက်။

အဗ္ဗဒူဂျက်ဘား ပါ ၅

နှင့်

ကော၊ အမ်၊ ဆူလေမန် ပါ ၅ *

ကျူလယာမူစလင်ဗလီတွင် ဝတ်ပြုခွင့်ရှိသူမှာ မဲပေးပိုင်ခွင့်ရှိမရှိ ဗလီတည်ရှိရာဒေသ၌နေထိုင်သူများကိုသာ မဲပေးခွင့်ပြုသင့်မသင့် ပြည်သူအများနှင့် သက်ဆိုင်သော ဗလီအတွက်ဗလီလူကြီးများကို အများက သဘောတူသူများကိုသာ ရွေးကောက်တင်မြှောက်ရန် သင့်မသင့်။

ဆုံးဖြတ်ချက်။ ။ဝတ်ပြုခွင့်ရှိသူ တဦးတယောက်တွင် မဲပေးပိုင်ခွင့်လည်း ရှိရမည်ဟု ယူဆသည်။ ဝတ်ပြုနိုင်ပြီး မဲပေးနိုင်ခွင့်မရှိဟုဆိုခြင်းမှာ သဘာဝမကျချေ။ မဲပေးပိုင်ခွင့်ရှိသူအချင်းချင်း ခွဲခြားမှု ကန့်သတ်ချက်များထားရှိလျှင် တရားမျှတမည်မဟုတ်ပေ။ လူမျိုးစုအချင်းချင်း စိတ်ဝမ်းကွဲပြားမှု ဖြစ်ပေါ်ရန် အကြောင်းရှိနိုင်သည်။ ထို့ကြောင့် ကျူလယာလူမျိုးများသာ မဲပေးပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အင်းစိန်နယ်နိမိတ်၏အတွင်း နေထိုင်သူများကိုသာ မဲပေးခွင့်ပြုမည့်အစား ရန်ကုန်မှာနေထိုင်သူများကိုပါ မဲပေးခွင့်ပြုလျှင် ဗလီအတွက်ပိုမိုအကျိုးဖြစ်ထွန်းမည်ဟု တင်ပြသည်။ ရန်ကုန်မှာနေထိုင်သူများကိုပါ မဲပေးခွင့်ပြုလျှင် ရွေးကောက်ပွဲကျင်းပရာတွင် မနိုင်မနင်းဖြစ်လာနိုင်မည်။ ထို့အပြင် ဗလီတည်ရှိရာဒေသတွင် နေထိုင်သူများသာ ယင်းဗလီ၏အကျိုးကျေးဇူးအတွက် ဆောင်ရွက်နိုင်မည့်သူများဖြစ်သဖြင့် ၎င်းတို့ကိုသာလျှင် မဲပေးခွင့်ပြုသင့်သည်ဟု ယူဆသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အချင်းဖြစ်ဗလီမှာ ပြည်သူအများနှင့်သက်ဆိုင်သည့် ဗလီဖြစ်သည်။ အများက ဝတ်ပြုကြသည်။အများက လှူဒါန်းကြသည်။ ထို့ကြောင့် အများသဘောတူသူများကိုသာ ဘဏ္ဍာတော်ထိန်းဖြစ်သည့် ဗလီလူကြီးများကို ရွေးကောက်တင်မြှောက်သင့်သည်။ ပုဂ္ဂိုလ်ရေးအရ တဦးတယောက်ကိုရွေးချယ်၍ခန့်အပ်ခြင်း မပြုသင့်ပေ။ ဗလီ၏အကျိုးကျေးဇူးကို ထောက်ရှု၍ စီမံအုပ်ချုပ်ရမည်ဖြစ်သည်။ အမျိုးအနွယ်များ ဖြစ်ကြသောသူများသည် အုပ်ချုပ်နိုင်သော အရည်အချင်းရှိမရှိကို ရှုံးကမသိနိုင်ချေ။ ပြည်သူများနှင့်ဆိုင်သော ဗလီဖြစ်သဖြင့် ပြည်သူများက ၎င်းဗလီ၏အကျိုးကိုရှေးရှု၍ ဗလီလူကြီးအဖြစ်ရွေးချယ်ကြရန်ဖြစ်သည်။

---

† ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၆၆။

* ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ တွင် တရားရုံးချုပ်မူလဘက်ဌာနခွဲ(၁) တရားသကြီးရုံး၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

အယူခံတရားလိုအတွက်။ ။အယူခံတရားလို(၁) အတွက် အကျိုးဆောင် ဦးစံသိန်း။ ၁၉၇၅

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးချန်ထွန်းအောင်။ အဗ္ဗဒူလျက်ဘား ပါ ၅ နှင့် ကေးအမ်၊ ဆူလေမန် ပါ ၅။

အယူခံမှု အမှတ် ၆၆/၇၃ နှင့် ၆၉/၇၃ တို့မှာ အပြန်အလှန် တင်သွင်းသည့် အယူခံမှုများ ဖြစ်သည့်အတွက် တပေါင်းတည်း စဉ်းစား၍ ဤအမိန့်ကို ချမှတ်ခြင်း ဖြစ်သည်။

ယခင်အင်းစိန်ခရိုင် တရားမ တရားသူကြီးရုံး၊ တရားမကြီးမှုအမှတ် ၂၃/၆၀ တွင် ကေအအဆမ်စ် ဆိုသူဘို့က အဗဒူဂျပါး အပါအဝင် ၇ ဦးတို့အပေါ် အချင်းဖြစ် ဗလီနှင့် ပတ်သက်ပြီး တရားစွဲဆိုခဲ့သည်။ ယင်းဗလီမှာ ပုဂ္ဂလိကဗလီ မဟုတ်ဘဲ အများနှင့် သက်ဆိုင်သည့်ဗလီ ဖြစ်သည့်အတွက် ခရိုင်တရားမ တရားသူကြီးက ယင်းအမှုကို ပလပ်လိုက်သည်။ ယင်းကဲ့သို့ ပလပ်လိုက်ခြင်းကို မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံသေးသည်။ သို့သော် အယူခံမှုကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

ထို့နောက် ယခင်တရားရုံးချုပ် မူလဘက် ဌာနခွဲ (၁) တွင် အယူခံတရားပြိုင်များက အယူခံ တရားလိုများ ပေါ်တွင် အချင်းဖြစ် ဗလီသည် အများပြည်သူနှင့် သက်ဆိုင်သော ဗလီတခုဖြစ်ကြောင်း မြွက်ဟဒီကရီအပြင်၊ ယင်းဗလီကို အုပ်ချုပ်ရန် စည်းမျဉ်းတခု ရေးဆွဲ ပေးစေလိုကြောင်း တရားစွဲဆိုခဲ့သည်။ နှစ်ဘက် အမှုသည်များက အချင်းဖြစ်ဗလီမှာ အများနှင့် သက်ဆိုင်သော ဗလီတခုဖြစ်သည်ဟု ဆိုခြင်းကို ဝန်ခံကြသဖြင့်၊ အဆိုပါဗလီသည် အများပြည်သူနှင့် သက်ဆိုင်သော ဗလီတခုဖြစ်ကြောင်း၊ ဗလီကို အုပ်ချုပ်ရန် စည်းမျဉ်းဥပဒေ ရေးဆွဲရမည်ဖြစ်ကြောင်း ပဏာမ ဒီကရီ ချမှတ်ပေးခဲ့သည်။ ထို့နောက် ဗလီ၏အမည်နှင့် ပတ်သက်၍ နှစ်ဦးနှစ်ဘက် သဘောတူညီမှု မရှိသဖြင့် သက်သေများ စစ်ဆေးပြီး အငြင်းပွားသော ဗလီ၏အမည်မှာ ကျူုလယာဗလီဖြစ်သည်ဟု အမိန့်ချမှတ်ခဲ့သည်။

တဆက်တည်းပင် တရားလို တရားပြိုင်များသည် ဗလီအုပ်ချုပ်ရန်အတွက် ဖွဲ့စည်းပုံ စည်းမျဉ်း မူအကြမ်း တခုစီ တင်ပြခဲ့သည်။ ထိုစည်းမျဉ်းနှစ်ခုနှင့် ပတ်သက်၍ နှစ်ဘက် ရှေ့နေကြီးများ၏ လျှောက်လဲချက်ကို ကြားနာပြီး သဘောထား ကွဲလွဲနေသည့် အချက်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း အမိန့်ချမှတ်ခဲ့သည်—

၁။ ဗလီလူကြီးများ ရွေးကောက်ရာတွင် အင်းစိန်နယ်မြေ အတွင်း၌ နေထိုင်သူများကိုသာ ခွင့်ပြုသင့်သည်၊

၂။ ကျူုလယာ မူဆလင်လူမျိုးသာ မဲပေးပိုင်ခွင့်ရှိသည်၊

၁၉၇၅ | အမှုဒုလျှက်ဘာဒ ပါ ၅ နှင့် ကောအမ်၊ ဆူလေမန် ပါ ၅။

၃။ မူလဗလီကို စတင်တည်ထောင်သူ စရိယာရောင်သား၏ အနွယ်များကို ဗလီလူကြီးအဖြစ် ရာသက်ပန် ဖြစ်စေမည်ဆိုသော စည်းမျဉ်းမှာ ခေတ်နှင့် မလျော်သဖြင့် ခွင့်မပြု။

အယူခံမှုအမှတ် ၆၆/၇၃ တွင် အယူခံ တရားလိုတို့က ကျူလယာဗလီဟု အမည်ပေးခြင်းနှင့် အထက်ဖော်ပြပါ ဆုံးဖြတ်ချက် အမှတ် (၂) တွင် ကျူလယာလူမျိုးသာ မဲပေးနိုင်ခွင့် ရှိသည်ဟု ဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံဝင်ခြင်းဖြစ်သည်။ အယူခံ တရားလိုများအတွက် အကျိုးဆောင် ဦးစံသိန်း လိုက်ပါဆောင်ရွက်သည်၊ ယင်းအယူခံ မှုတွင် အယူခံတရားပြိုင်အမှတ် ၂၊ ၃၊၄ တို့အတွက် အကျိုးဆောင် မစ္စတာ ဆူဘမ်းက ဆောင်ရွက်ပြီး၊ အပြန်အလှန် ကန့်ကွက်ချက်တင်ခဲ့သည်။ အင်းစိန် နယ်နိမိတ်အတွင်းမှ မူဆလင်များသာ မဲပေးခွင့်နှင့် ဗလီလူကြီးအဖြစ် အရွေးခံခွင့်သာ ရှိစေရမည်။ ဆုံးဖြတ်ချက်နှင့် ဗလီစတင် တည်ထောင်သူ၏ အမျိုးအနွယ်များကို ရာသက်ပန် ဗလီလူကြီးအဖြစ် မခန့်ထားသင့် ဆုံးဖြတ်ချက်တို့ကို မကျေနပ်၍ ကန့်ကွက်ခြင်း ဖြစ်သည်။

အယူခံမှုအမှတ် ၆၉/၇၃ တွင် အေကေဆူလေမန် ဆိုသူက အယူခံဝင်ခြင်းဖြစ်သည်။ အကျိုးဆောင်ကြီး ဦးချန်ထွန်းအောင်က ၎င်းအတွက် ဆောင်ရွက်သည်။ ဦးချန်ထွန်းအောင်က ဗလီကို စတင်တည်ထောင်သည့် ပုဂ္ဂိုလ်ကြီး၏ အမျိုးအနွယ် တဦးကို ရာသက်ပန် ဗလီလူကြီးအဖြစ် ခန့်ထားသင့်ပါသည်။ ဤအတိုင်း ဗလီစတင် တည်ထောင်သွားသူ ချုပ်ဆိုခဲ့သည့် ဝါကပ်တွင် ပါရှိခဲ့သဖြင့်၊ မူဆလင် ဥပဒေအရ ၎င်း၏ သဘောထားကို လိုက်နာသင့်သည်ဟု တင်ပြသွားသည်။

အချင်းဖြစ် ဗလီ၏အမည်ကို ကျူလယာမူစလင် ဗလီဟု မခေါ်သင့်ကြောင်း အကျိုးဆောင် ဦးစံသိန်းက အယူခံလျှောက်လွှာတွင် အဆိုပြုခဲ့သော်လည်း လျှောက်လဲချက် ပေးသည့်အခါ ဤအချက်နှင့် ပတ်သက်၍ မည်သို့မျှ မတင်ပြတော့ချေ။ ထို့အပြင် သက်သေ အထောက်အထားများအရ၊ စတင်တည်ထောင် ကတည်းက ဗလီ၏အမည်မှာ ကျူလယာမူစလင် ဗလီဖြစ်ကြောင်း ပေါ်လွင်သည့်အတွက် မူလဘက် ဌာနခွဲ(၁)မှ တရားသူကြီးက အမည်နှင့် ပတ်သက်၍ ချမှတ်သည့် အမိန့်ကို ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။

အင်းစိန် နယ်မြေအတွင်း နေထိုင်သူများ မဲပေးပိုင်ခွင့် ရှိသည်ဟု ဆိုသော်လည်း ၎င်းမဲ ပေးနိုင်သူများသည် ကျူလယာ လူမျိုးများသာ ဖြစ်ရမည်ဟု ကန့်သတ်ချက် မှာ မျှတမှု မရှိဟု အကျိုးဆောင် ဦးစံသိန်းက တင်ပြသည်။

ဝတ်ပြုခွင့်ရှိသူ ဗွာဦးတယောက်တွင် မဲပေးပိုင်ခွင့်လည်း ရှိရမည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ဝတ်ပြုနိုင်ပြီး မဲပေးနိုင်ခွင့် မရှိဟု ဆိုခြင်းမှာ သဘာဝမကျချေ။ မဲပေးပိုင်ခွင့်ရှိသူ အချင်းချင်း ခွဲခြားမှု ကန့်သတ်ချက်များ ထားရှိလျှင် တရားမျှတမည် မဟုတ်ပေ။ လူမျိုးစုအချင်းချင်း စိတ်ဝမ်း ကွဲပြားမှု ဖြစ်ပေါ်လာရန် အကြောင်း ရှိနိုင်သည်။ ထို့ကြောင့် ကျူလယာ လူမျိုးများသာ မဲပေးပိုင်ခွင့် ရှိသည်ဟု ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။

၁၉၇၅
အဗ္ဗဒူဂျက်ဘား ပါ ၅ နှင့် ကော၊ အမ်၊ ဆူလေမန် ပါ ၅။

အင်းစိန် နယ်နိမိတ်အတွင်း နေထိုင်သူများကိုသာ မဲပေးခွင့် ပြုမည့်အစား ရန်ကုန်မှာနေထိုင်သူများကိုပါ မဲပေးခွင့်ပြုလျှင် ဗလီအတွက် ပိုမိုအကျိုး ဖြစ်ထွန်းမည်ဟု မစ္စတာဆူဘာမ်းက တင်ပြပါသည်။ ရန်ကုန်မှာ နေထိုင်သူများကိုပါ မဲပေးခွင့်ပြုလျှင် ရွေးကောက်ပွဲ ကျင်းပရာတွင် မနိုင်မနင်း ဖြစ်လာနိုင်မည်၊ ထို့အပြင် ဗလီတည်ရှိရာ ဒေသတွင် နေထိုင်သူများသာ ယင်းဗလီ၏ အကျိုးကျေးဇူးအတွက် ဆောင်ရွက်နိုင်မည့်သူများ ဖြစ်သဖြင့် ၎င်းတို့ကိုသာလျှင် မဲပေးခွင့် ပြုသင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

ဗလီကို မူလစတင် တည်ထောင်လာသူ ပုဂ္ဂိုလ်ကြီး၏ ဝါကပ်စာချုပ်အရ ၎င်း၏ အမျိုးအနွယ် တဦးဦးသည် ရာသက်ပန် ဗလီလူကြီးအဖြစ် ခန့်ထားရမည်ဟု ပါရှိသည်။ ထို့ကြောင့် အမျိုးအနွယ် တဦးဖြစ်သူ အယူခံမှုအမှတ် ၆၉/၇၃ မှ အယူခံတရားလိုကို ခန့်ထားသင့်သည်ဟု အကျိုးဆောင် ဦးချန်ထွန်းအောင်က တင်ပြသည်။

သက်ဆိုင်ရာ အမှုတွဲများကို လေ့လာလိုက်သည့်အခါ အကျိုးဆောင် ဦးချန်ထွန်းအောင် ရည်ညွှန်းသည့် ဗလီစတင် တူထောင်သည့်ပုဂ္ဂိုလ် ချုပ်ဆိုသော ဝါကပ်စာချုပ်မှာ ပျောက်ဆုံးသွားသည့်အတွက် သက်သေခံ စာတန်းအဖြစ် မတင်ထားကြောင်း တွေ့ရသည်။ဤအချက်နှင့် ပတ်သက်ပြီး ထိုစာချုပ်ကို ဖတ်ဘူးသည်ဟုဆိုသော သက်သေ ဦးကျော်စိန်၏ ထွက်ဆိုချက်သာရှိသည်။ ဤစာချုပ်နှင့် ပတ်သက်ပြီး အင်းစိန်ခရိုင်၊ တရားမတရားသူကြီးရုံး၊ တရားမကြီးမှုအမှတ် ၂၃/၆၀ တွင် ဦးကျော်စိန်ကို မစစ်ဆေးခဲ့ဘဲ ဤအမှုတွင်သာ ဦးကျော်စိန်ကို သက်သေ ပြခဲ့သည့်အတွက် ဝါကပ်စာချုပ် ရှိခဲ့ကြောင်း ကျွန်ုပ်တို့ အနေနှင့် လက်မခံနိုင်ချေ။ မည်သို့ပင် ဖြစ်စေကာမူ မူလစင် ဥပဒေအရ ယေဘုယျအားဖြင့်သာ ဗလီတူထောင်ခဲ့သူ၏ သဘောကို လိုက်နာရမည်၊ သို့သော် အခြားအရေးပါ အရာရောက်သည့် အချက်အလက်များ ရှိခဲ့သော် ၎င်း၏သဘောကို သွေဖည်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ အချင်းဖြစ်သည့် ဗလီမှာ ပြည်သူအများနှင့် သက်ဆိုင်သည့် ဗလီဖြစ်သည်။ အများက ဝတ်ပြုကြသည်။ အများက လှူဒါန်းကြသည်။ ထို့ကြောင့် အများသဘောတူသူများကိုသာ ဘဏ္ဍာ

၁၉၇၅
အဗ္ဗဒူလျက်ဘား
ပါ ၅
နှင့်
ဓကာ၊ အမ်၊
ဆူလမန်
ပါ ၅။

တော်ထိန်းဖြစ်သည့် ဗလီလူကြီးများကို ရွေးကောက် တင်မြှောက်သင့်သည်၊ ပုဂ္ဂိုလ်ရေးအရ တဦးတယောက်ကို ရွေးချယ်၍ ခန့်အပ်ခြင်း မပြုသင့်ပေ။ ဗလီ၏ အကျိုးကျေးဇူးကို ထောက်ရှု၍ စီမံအုပ်ချုပ်ရမည်ဖြစ်သည်။ အမျိုးအနွယ်များ ဖြစ်ကြသော သူများသည် အုပ်ချုပ်နိုင်သော အရည်အချင်းရှိ မရှိကို ရှုံးကမသိနိုင်ချေ။ ပြည်သူများနှင့် ဆိုင်သော ဗလီဖြစ်သဖြင့် ပြည်သူများက ၎င်းဗလီ၏ အကျိုးကိုရှေးရှု၍ ဗလီသူကြီးအဖြစ်ရွေးချယ်ကြရန်ဖြစ်သည်။ သို့ဖြစ်၍အကျိုးဆောင် ဦးချန်ထွန်းအောင်၏ အမှုသည် တင်ပြချက်ကို လက်မခံနိုင်ပေ။

အထက်တွင် ဖော်ပြထားသည့်အတိုင်း အတည်ပြုထားသည့် ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်လိုက်ကြောင်း အမိန့်ချမှတ်သည်။

အမျိုးနှင့် သက်ဆိုင်သော ဗလီနှင့် ပတ်သက်၍ အမှုဖြစ်ရသည့်အတွက် နှစ်ဦးနှစ်ဘက်သော အမှုသည်များသည် မိမိတို့၏ စရိတ်များကို မိမိတို့ ကျခံကြစေရန် အမိန့်ချမှတ်သည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်အေးတင် ပါ ၂ † ၁၉၇၁ ဇွန်လ ၆ ရက်။

နှင့်

ဦးစံဦး *

သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၄၂ ယင်းပုဒ်မ၏ ခြွင်းချက်အရဆက်စပ်သည့် နောက်ဆက်တွဲ သက်သာခွင့်။

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ၊စွဲဆိုသည့်အမှုများတွင် ယင်းပုဒ်မ၏ ခြွင်းချက်အရ၊ ဆက်စပ်သည့် နောက်ဆက်တွဲသက်သာခွင့်တောင်းရန် လိုမလို ဆုံးဖြတ်ရာတွင် တရားလိုကစွဲဆိုသည့်အမှု၏အနှစ်သာရကိုစိစစ်ရပေမည်။မည်သည့်အချက်ကိုရည်ရွယ်၍တရားလိုက တရားစွဲဆိုခြင်းဖြစ်သည်ကို စိစစ်ရပေမည်။ဤအမှုတွင် လျှောက်ထားသူများက အချင်းဖြစ်အိမ်ကို ၎င်းတို့ပိုင်သည်ဟုအဆိုပြုခဲ့သည်။ လျှောက်ထားခံရသူက သူပိုင်သည်ဟုဆိုသည်။ ဤကဲ့သို့ သူပိုင်သည်ငါပိုင်သည်ဟု အငြင်းပွားမှု ဖြစ်နေသည့်အတွက် လျှောက်ထားခံရသူက ၎င်းပိုင်သည်ဟုမြွက်ဟဒိကရီရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။ ဤအမှုကို စွဲဆိုသည့်အဓိကရည်ရွယ်ချက်မှာ **အခင်းဖြစ်အိမ်**ကို ပြန်လည်သိမ်းပိုက်လိုသောကြောင့်ဖြစ်သည်။ လျှောက်ထားသူတို့က လက်ရှိဖြစ်နေသည့်အတွက် လျှောက်ထားခံရသူသည် ပိုင်ရှင်ဖြစ်သည်ဟု မြွက်ဟ ကြေငြာပေးရုံမျှဖြင့် မပြီးပြတ်သေးပေ။ လျှောက်ထားသူသည်လက်ရောက်ရလိုကြောင်း နောက်တရားတထုံးစွဲရဦးမည်ဖြစ်သည်။ သို့ကြောင့် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ ခြွင်းချက်အရ လက်ရောက်ရလိုကြောင်း ဆက်စပ်သည့် နောက်ဆက်တွဲသက်သာခွင့်ဤအမှုတွင် **တောင်းဆိုရမည်ဖြစ်သည်။**

လျှောက်ထားသူများအတွက်။ ။**အကျိုးဆောင် ဦးဘကျော်။**

လျှောက်ထားခံရသူအတွက်။ ။**အကျိုးဆောင် ဦးသိန်း။**

လျှောက်ထားခံရသူက **ရန်ကုန်မြို့၊** ယခင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) ၏၁၉၇၀ ခုနှစ်၊ **တရားမကြီးမှု** အမှတ် ၃၅၅ တွင် လျှောက်ထားသူနှင့် လျှောက်ထားသူ၏ ကွယ်လွန်သူ ခင်ပွန်း ဦးသောင်းတင်၏ ညီဖြစ်သူ

* ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၂။

† ၁၉၇၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅၅ တွင်၊တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂)ရန်ကုန်မြို့ တရားမရုံးဆိုင်ရာတရားသူကြီး (၃) ရုံး၏ ချမှတ်သော အမိန့်ကိုပြင်ဆင်မှု။

၁၉၇၅
ဒေါ်အေးတင် ပါ ၂ နှင့် ဦးစံဦး။

မောင်သန်းမောင်တို့အပေါ်တွင် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ ရန်ကုန်မြို့၊ မဂျစ်လမ်း အမှတ် ၉၇ အိမ်သည် တရားလို၏ အိမ်ဖြစ်ကြောင်း မြွက်ဟာဒီကာရီသက်သက်ရလိုကြောင်း တရားစွဲဆိုခဲ့သည်။ လျှောက်ထားသူက မိမိ၏ ချေလွှာအရ၊ တရားလိုသည် အမှုစွဲဆိုရာ၌ အချင်းဖြစ်ပစ္စည်းနှင့် ပတ်သက်၍ မြွက်ဟာဒီကာရီရလိုမှုထက်မက၊ လက်ရောက်ရလိုမှုကိုလည်း စွဲဆိုနိုင်ပါသည်။ ဤကဲ့သို့စွဲဆိုခြင်းမပြုသည့်အတွက် သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ ဥပဒေနှင့် မကိုက်ညီသဖြင့် အမှုကို ပလပ်သင့်သည်ဟု ထုချေသည်။

လျှောက်ထားသူက ဤကဲ့သို့ ထုချေလိုက်သည့်အတွက် **တရားလိုသည် ယခုအမှုတွင် ဆက်စပ်လျက်ရှိသော သက်သာခွင့်ဖြစ်သည့် လက်ရောက်ရလိုမှုမပါရှိဘဲ၊ သာမန်မြွက်ဟာဒီကာရီရလိုကြောင်း မစွဲနိုင်ဆိုသည်မှာ မှန်သလား** ဟူသော ပဏာမ ကောက်ချက်ကို ရုံးကထုတ်ခဲ့သည်။ ယင်းကောက်ချက်နှင့် ပတ်သက်၍ လျှောက်လဲချက်မပေးမီ လျှောက်ထားခံရသူက အဆိုလွှာပြင်ဆင်ရန် လျှောက်လွှာတင်ခဲ့သည်။ **တရားလိုသည် အချင်းဖြစ်အိမ်၏ ပိုင်ရှင်ဖြစ်၍ တရားပြိုင်သည် အချင်းဖြစ် အိမ်တွင် တရားလို၏ အိမ်ငှားဖြစ်ကြောင်း မြွက်ဟာဒီကာရီရလိုမှု** ဟု ပြင်ဆင်ခဲ့သည်။ ဤကဲ့သို့ လျှောက်ထားခံရသူက တင်သွင်းသည့် အဆိုလွှာ ပြင်ဆင်မှု လျှောက်လွှာကို ရုံးက ခွင့်ပြုလိုက်သည်။

ထို့နောက် အထက်တွင် ဖော်ပြထားသည့် ပဏာမကောက်ချက်ကို နှစ်ဘက် ရှေ့နေကြီးများအား ကြားနာပြီး မူလတရားရုံးက လက်ရောက်ရလိုကြောင်း ဆက်စပ်နေသည့် နောက်ဆက်တွဲ သက်သာခွင့် တောင်းဆိုရန် မလိုဟု ဆုံးဖြတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤပြင်ဆင်မှု လျှောက်လွှာတင်ခြင်းဖြစ်သည်။

သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ စွဲဆိုသည့် အမှုများတွင် ယင်းပုဒ်မ၏ ခြွင်းချက်အရ၊ ဆက်စပ်သည့်နောက်ဆက်တွဲ သက်သာခွင့်တောင်းရန် လို မလိုဆုံးဖြတ်ရာတွင် တရားလိုစွဲဆိုသည့် အမှု၏ အနှစ်သာရကို စိစစ်ကြည့်ရပေမည်။ မည်သည့် အချက်ကို ရည်ရွယ်၍ တရားလိုက တရားစွဲဆိုခြင်းဖြစ်သည်ကို စိစစ်ရပေမည်။ ဤအမှုတွင် လျှောက်ထားသူများက အချင်းဖြစ်အိမ်ကို ၎င်းတို့ပိုင်သည်ဟု အဆိုပြုခဲ့သည်။ လျှောက်ထားခံရသူက သူပိုင်သည်ဟုဆိုသည်။ ဤကဲ့သို့ သူပိုင်သည် ငါပိုင်သည်ဟု အငြင်းပွားမှုဖြစ်နေသည့်အတွက် လျှောက်ထားခံရသူက ၎င်းပိုင်သည်ဟု မြွက်ဟာဒီကာရီရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။ ဤအမှုကို စွဲဆိုသည့်အဓိကရည်ရွယ်ချက်မှာ အခင်းဖြစ်အိမ်ကို ပြန်လည် သိမ်းပိုက်လိုသောကြောင့်ဖြစ်သည်။ လျှောက်ထားသူတို့က လက်ရှိဖြစ်နေသည့်အတွက် လျှောက်ထားခံရသူသည် ပိုင်ရှင် ဖြစ်သည်ဟု မြွက်ဟာကြေ

၁၉၇၅

ဒေါ်အေးတင် ပါ ၂ နှင့် ဦးစံဦး။

ပြောပေးရုံဖြင့် မပြီးပြတ်သေးပေ။ လျှောက်ထားသူသည် လက်ရောက်ရလိုကြောင်း နောက်အရေးတဘုံးစွဲရဦးမည်ဖြစ်သည်။ ထို့ကြောင့် သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ ခြွင်းချက်အရ လက်ရောက်ရလိုကြောင်း ဆက်စပ်သည့် နောက်ဆက်တွဲသက်သာခွင့် ဤအမှုတွင် တောင်းဆိုရမည်ဖြစ်သည်။ **တရားလိုသည် အချင်းဖြစ်အိမ်၏ ပိုင်ရှင်ဖြစ်၍ တရားပြိုင်သည် အချင်းဖြစ်အိမ်တွင် တရားလို၏ အိမ်ငှားဖြစ်ကြောင်း မြွက်ဟဒီကရီရလိုမှု** ဟု ပြင်ရုံမျှဖြင့် မလုံလောက်ပေ။ အကယ်၍ တရားရုံးက ဤအမှုတွင် လျှောက်ထားသူသည် လျှောက်ထားခံရသူ၏ အိမ်ငှားမဟုတ်ဟု ယူဆပါက လက်ရောက်ရလိုကြောင်း နောက်ဆက်တွဲ သက်သာခွင့် တောင်းဆိုထားခြင်းမရှိသည့်အတွက် ဒီကရီချပေးနိုင်မည် မဟုတ်ချေ။

သို့ဖြစ်၍ မူလရုံး၏ ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ ဆက်စပ်လျက်ရှိသော လက်ရောက်ရလိုကြောင်း နောက်ဆက်တွဲ သက်သာခွင့်ကို တောင်းဆိုရမည်ဟု အထက်တွင် ဖော်ပြထားသည့် ပဏာမကောက်ချက်ကို ဖြေဆိုလိုက်၍၊ ဤအတိုင်း လျှောက်ထားခံရသူသည် ၎င်း၏ အဆိုလွှာကို ပြင်ဆင်ရန်နှင့် လိုအပ်သည့် ရုံးခွန်တော်တံဆိပ်ခေါင်းများ ထမ်းဆောင်ရန် ညွှန်ကြားလိုက်သည်။ ဤလျှောက်လွှာနှင့် ပတ်သက်၍၊ လျှောက်ထားသူအား လျှောက်ထားခံရသူက ရှေ့နေစရိတ် ၇၅ိ ပေးစေရန် အမိန့်ချမှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့်ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဇူလိုင်လ
၃၀ ရက်။

ဦးအောင်ကျော်

နှင့်

ဦးချာလ်တန် ပါ ၆ *

အမှုနှင့်ပတ်သက်သည့် အကြောင်းခြင်းရာများမှာ တွံတေးမြို့နယ်အတွင်းဖြစ်သည်။ အမှု၏တန်ဖိုးမှာ တစ်သောင်းကျော်ဖြစ်သည်၊ စသုံးလုံးအဆောက်အဦတွင် ရုံးထိုင်သည့် ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့တွင် တင်ထားသည့်အမှုကိုရင်းရုံးက တွံတေးမြို့ရုံးထိုင်၊ ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့သို့ အမှုတင်ရန် တရားမကျင့်ထုံးဥပဒေအမိန့်အရ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ရန်ညွှန်ကြားပြီး အမှုပိတ်ခြင်းမှာ ဥပဒေအရမှန်မမှန်။

ဆုံးဖြတ်ချက်။ ။တွံတေးမြို့နယ်သည် ရန်ကုန်တိုင်းအတွင်းရှိသည်။ ထို့ကြောင့် ဤအမှုနှင့်ပတ်သက်သည့်အကြောင်းအခြင်းရာများမှာ တွံတေးမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော်လည်း အမှု၏တန်ဖိုးမှာတစ်သောင်းကျော်သဖြင့် စသုံးလုံးအဆောက်အဦတွင် ရုံးထိုင်သည့် ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့က စစ်ဆေးရန်အာဏာရှိသည်။ ထို့ကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ရန် ညွှန်ကြားပြီး အမှုပိတ်လိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ စီရင်ပိုင်ခွင့်အာဏာမရှိသော ရုံးသို့ အဆိုလွှာသွားတင်သည့်အခါမှသာလျှင် ယင်းရုံးက တရားမကျင့်ထုံးအမိန့် ၇၊ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယခုအမှုမှာ ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့က စီရင်ပိုင်ခွင့်အာဏာရှိသော အမှုဖြစ်သဖြင့် ရန်ကုန်တိုင်းအတွင်း မည်သည့်ဒေသတွင်ရုံးထိုင်သည့် တိုင်းတရားစီရင်ရေးအဖွဲ့ကမဆို စီရင်ပိုင်ခွင့်အာဏာရှိသည်။

လျှောက်ထားသူအတွက်။ ။ကိုယ်တိုင်။

လျှောက်ထားခံရသူများအတွက်။ ။အကျိုးဆောင် ဦးရှန်။

လျှောက် ထား သူ သည် လျှော က်ထား ခံ ရ သူ တို့ အ ပေါ် နှစ်နာကြေး (ဝါ) လျော်ကြေး ၃၀,၀၀၀ိ ရလိုမှုအတွက် တရားစွဲဆိုခဲ့သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၆။

† ၁၉၇၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ တွင်၊ရန်ကုန်တိုင်း (စသုံးလုံး) တရားမတရားရုံး၏ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

အဆိုလွှာကို ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် တရားရုံးတွင် တင်သွင်းခဲ့သည်။ ဗိုလ်တထောင်မြို့နယ် တရားရုံးက လျှောက်ထားသူ တင်သွင်းသည့်အမှုကို ရန်ကုန်တိုင်း (စသုံးလုံးအဆောက်အဦဘွင်ရုံးထိုင်) တိုင်းတရားစီရင်ရေးအဖွဲ့သို့ ပေးပို့ခဲ့သည်။ ယင်းအဖွဲ့က အမှုနှင့်ပတ်သက်သည့် ချေလွှာပြန်လွှာများ လက်ခံ၍ကောက်ချက်များထုတ်ခဲ့ပြီး ၁၉၇၄ ခု၊ ဇွန်လ ၂၉ ရက်နေ့စွဲပါ အမိန့်အရ အမှုဖြစ်ပွားရာဒေသမှာ တွံ့တေးမြို့ ဖြစ်သဖြင့် တွံ့တေးမြို့ရုံးထိုင် ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့တွင် အမှုဘင်ရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၀ အရညွှန်ကြားပြီး အမှုကိုပိတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤပြင်ဆင်မှုလျှောက်လွှာတင်ခြင်းဖြစ်သည်။

၁၉၇၅

ဦးအောင်ကျော်
နှင့်
ဦးချာလ်တန်
ပါ ၆။

တွံ့တေးမြို့နယ်သည် ရန်ကုန်တိုင်းအတွင်းရှိသည်။ ထို့ကြောင့် ဤအမှုနှင့်ပတ်သက်သည့် အကြောင်းအခြင်းရာများမှာ တွံ့တေးမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော်လည်းအမှု၏ဘန်ဖိုးမှာ တစ်သောင်းကျော်သဖြင့် စသုံးလုံး အဆောက်အဦ တွင်ရုံးထိုင်သည့် ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့က စစ်ဆေးရန် အာဏာရှိသည်။ ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ရန်ညွှန်ကြားပြီး အမှုပိတ်လိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ စီရင်ပိုင်ခွင့်အာဏာမရှိသောရုံးသို့ အဆိုလွှာ သွားတင်သည့်အခါမှသာလျှင် ယင်းရုံးက တရားမကျင့်ထုံးအမိန့် ၇၊ နည်းဥပဒေ ၁၀ အရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယခုအမှုမှာ ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့က စီရင်ပိုင်ခွင့်အာဏာရှိသော အမှုဖြစ်သဖြင့် ရန်ကုန်တိုင်းအဘွင်း မည်သည့်ဒေသတွင် ရုံးထိုင်သည့် တိုင်းတရားစီရင်ရေး အဖွဲ့က မဆိုစီရင်ပိုင်ခွင့်အာဏာရှိသည်။

ထို့ကြောင့်ရန်ကုန်တိုင်း တရားရုံး၏ ၁၉၇၄ ခု၊ ဇွန်လ ၂၉ ရက်နေ့စွဲပါအမိန့်ကို ပယ်ဖျက်ပြီး ဤအမှုကို တွံ့တေးမြို့တွင် ရုံးထိုင်သည့် တိုင်းတရားစီရင်ရေးအဖွဲ့မှအပ ရန်ကုန်တိုင်းအတွင်းမှ အခြားတိုင်း တရားစီရင်ရေး အဖွဲ့က ဆက်လက်စစ်ဆေးဆောင်ရွက်ရန် ရန်ကုန်တိုင်း တရားသူကြီးအဖွဲ့အား ညွှန်ကြားလိုက်သည်။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော် အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅ ဒီဇင်ဘာလ ၁၂ ရက်။

ဦးအောင်ကွန့်

နှင့်

ဒေါ်တဆုပ် *

အကြောင်းအခြင်းအရာ အချက်အလက်နှင့်ပတ်သက်ပြီး အောက်ရုံး ၂ ရုံးတို့၏ အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင် ဒုတိယအယူခံရုံးအနေနှင့် အထူးအကြောင်းမရှိပါက ဝင်ရောက်စွက်ဖက်လေ့မရှိခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင်သည် အချင်းဖြစ်အိမ်ခန်းများကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက်သဘောရိုးဖြင့် ပြန်လည်ရလိုခြင်း ဟုတ်မဟုတ်မှာ အကြောင်းအခြင်းအရာ အချက်အလက်ဖြစ်သည်။ဤအချက်နှင့်ပတ်သက်ပြီး၊မူလတရားရုံးနှင့် ပထမအယူခံရုံးတို့၏အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်နေလျှင်၊ ဒုတိယအယူခံရုံးအနေနှင့် အထူးအကြောင်းမရှိလျှင် ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ ဤအမှုတွင် အယူခံတရားပြိုင်သည် အချင်းဖြစ် အခန်းများကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရလိုပါသည်ဟူသော အချက်နှင့်ပတ်သက်ပြီး မူလရုံးနှင့် ပထမ အယူခံရုံးတို့က ထပ်တူထပ်မျှအဆုံးအဖြတ်ပေးပြီးဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို ဒုတိယ အယူခံရုံးအနေနှင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိပေ။

အယူခံ တရားလိုအတွက်။ ။အကျိုးဆောင် ဒေါက်တာ ဦးမောင်မောင်ကျော်၊ ဦးဒွေးမြင့်။

အယူခံတရားခံအတွက်။ ။အကျိုးဆောင် ဦးဘစိန်၊ ဦးဘိုးအောင်။

အယူခံတရားလို ဦးအောင်ကွန့်သည် †အယူခံ တရားပြိုင် ဒေါ်တဆုပ် ပိုင်သည့် မကွေးတိုင်း၊ မြို့သစ်မြို့၊ ဈေးတန်းရပ်ရှိ အိမ်မှ အခန်း သုံးခန်း၏ အိမ်ငှားဖြစ်သည်။ အယူခံတရားပြိုင် ဒေါ်တဆုပ်က ယင်းအခန်း သုံးခန်းကို မိမိ ကိုယ်တိုင် နေရန်အတွက် ပြန်လည် ရယူလိုသည်ဟု အကြောင်းပြ၍၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က) နှင့် (စ) အရ၊ မြို့သစ်မြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ယင်းရုံးက ဒေါ်တဆုပ်

---

*၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃။

† ၁၉၇၄ ခုနှစ်၊ အယူခံမှုအမှတ် ၂ တွင်၊ မကွေးတိုင်း၊ ပြည်သူ့တရားရုံး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

စွဲဆိုသည့်အတိုင်း‌ ဒီကရီချမှတ်ပေးခဲ့သည်။ ဦးအောင်ကျွန်က မကျေနပ်သည့်အတွက် မကွေးတိုင်းတရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဤအယူခံမှုတွင် အယူခံတရားလို၏ ရှေ့နေက အဓိကအချက် ၃ ချက်တင်ပြသည်။ ပထမအချက်မှာ အယူခံတရားပြိုင်သည် အခင်းဖြစ် ဥပစာကို ၁၉၄၅ ခုနှစ်၊ မေလ (၁) ရက်နေ့မတိုင်မီက ပိုင်ဆိုင်ခဲ့ကြောင်း သက်သေအထောက်အထား မတင်ပြခဲ့သဖြင့် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ၊ တရားစွဲဆိုပိုင်ခွင့်မရှိပါ။ ဒုတိယအချက်မှာ အယူခံတရားပြိုင်သည် အခင်းဖြစ် အခန်းများကို ရိုးသားသောသဘောပါမပဲနှင့် အယူခံတရားလိုကို တမင်သက်သက် နှင်ထုတ်ရန်တရားစွဲဆိုခြင်းဖြစ်သည်။ တတိယအချက်မှာ အယူခံ တရားလိုထံသို့ အယူခံတရားပြိုင်က တရားမစွဲဆိုမီ ပေးပို့သော နို့တစ်စာသည် ဥပဒေအရ၊ တရားဝင်သောနို့တစ်စာမဟုတ်ပါဟူသော အချက်ဖြစ်သည်။

မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက် အရ၊ ၁၉၄၅ ခုနှစ်၊ မေလ (၁) ရက်နေ့မတိုင်မီ ပိုင်ရှင်ဖြစ်မှသာလျှင် ယင်းပုဒ်မ အရ အိမ်နှင်လိုမှုစွဲဆိုပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ မူလရုံး၏အမှုတွဲကိုလေ့လာလိုက်သည့်အခါ၊ အယူခံတရားပြိုင်သည်၊ ၁၉၄၅ ခုနှစ်၊ မေလ (၁) ရက်နေ့ မတိုင်မီက ပိုင်ရှင်မဟုတ်ပါဟု အယူခံတရားလို အနေနှင့် အဆိုပြုထားကြောင်းမတွေ့ရချေ။ ထို့ကြောင့် ဤအချက်နှင့် ပတ်သက်ပြီး အယူခံတရားလိုသည်၊ ဒုတိယ အယူခံမှုတွင် အရေးမဆိုနိုင်တော့ချေ။

အယူခံတရားပြိုင်သည် အချင်းဖြစ် အိမ်ခန်းများကို မိမိကိုယ်တိုင် နေထိုင်ရန် အတွက်သဘောရိုးဖြင့် ပြန်လည်ရယူလိုခြင်းဟုတ် မဟုတ်မှာ အကြောင်း အခြင်း အရာအချက်အလက်ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်ပြီး မူလရုံးနှင့် အယူခံတိုင်း တရားရုံးတို့၏ အဆုံးအဖြတ်တို့မှာ ထပ်တူထပ်မျှဖြစ်သည်။ အကြောင်း အခြင်း အရာအချက်အလက်နှင့် ပတ်သက်ပြီး မူလတရားရုံးနှင့် ပထမအယူခံ ရုံးတို့၏အဆုံး အဖြတ်တို့မှာ ထပ်တူထပ်မျှ ဖြစ်နေလျှင် ဒုတိယအယူခံရုံး အနေနှင့် အထူး အကြောင်းမရှိလျှင် ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ ဤအမှုတွင် အယူခံတရားပြိုင် သည်အချင်းဖြစ်အခန်းများကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရယူလိုပါ သည်ဟူသောအချက်နှင့် ပတ်သက်ပြီး မူလရုံးနှင့် ပထမအယူခံရုံးတို့က ထပ်တူထပ်မျှ အဆုံးအဖြတ်ပေးပြီးဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့အနေနှင့် ဝင်ရောက် စွက်ဖက်ရန်အထူးအကြောင်းမရှိပေ။

†၁၉၇၅
ဦးအောင်ကျွန် နှင့် ဒေါ်တဆုပ်။

တလမှတလသို့ငှားရမ်းသည့် အိမ်ရှင်အိမ်ငှားဆက်သွယ်မှုကို ရုပ်သိမ်းလိုလျှင် အိမ်ရှင်ကအိမ်ငှားအား အနည်းဆုံး ၁၅ ရက်ကြိုတင်ပြီးစာဖြင့် အကြောင်းကြား၍ရုပ်သိမ်းရမည့်အပြင်၊ ဤကဲ့သို့ အိမ်ရှင်အိမ်ငှား ရုတ်သိမ်းမှုမှာလည်း အိမ်ငှားလကုန်ဆုံးသည့်ရက်နှင့် တိုက်ဆိုင်ရမည်ဟု ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) ကပြဋ္ဌာန်းထားသည်။ ဤကဲ့သို့စာဖြင့် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု ရုပ်သိမ်းပြီးမှသာလျှင်အိမ်နှင်လိုမှု စွဲဆိုနိုင်ခွင့်ရှိသည်။ ယခုအမှုတွင် အဆိုလွှာ၏ နေ့စွဲမှာ ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်ဖြစ်သည်။ သို့ရာတွင်အမှုတွဲရှိ နေ့စဉ်မှတ်တမ်းအရ၊ အယူခံတရားပြိုင်သည် အဆိုလွှာကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့က တင်သွင်းသည်ဟု မှတ်တမ်းရေးထားကြောင်း တွေ့ရသည်။ ဤမှတ်တမ်းအရ၊အယူခံတရားပြိုင်သည် အမှုကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့ကစတင်စွဲဆိုခဲ့သည်ဟုမှတ်ယူရမည်။ အယူခံတရားပြိုင်တို့သည် အယူခံတရားလိုအား ဥပစာမှ ဖယ်ရှားပေးရန် ပေးပို့သည့် နို့တစ်စာကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့ကလက်ခံရရှိခဲ့သည်ဟု အယူခံတရားလိုက တင်ပြသည်။ ဤအချက်ကို အယူခံတရားပြိုင်ဘက်ကမငြင်းပေ။ ထို့ကြောင့် ဤအမှုအတွက် ပေးပို့သည့် အကြောင်းကြားစာမှာ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) ၏ပြဋ္ဌာန်းချက်နှင့်မကိုက်ညီပေ။ ထို့ကြောင့်အမှုကို ပလပ်လိုက်ရန်သာဖြစ်ခဲ့လေသည်။

မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ၊ စွဲဆိုသည့်အမှုဖြစ်သဖြင့် အမှုမစွဲဆိုခင်က ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) အရ၊ အကြောင်းကြားစာပေးပို့ရန် မလိုပါဟု အယူခံတရားပြိုင်၏ ရှေ့နေက တင်ပြသွားသည်။ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) ၏ပြဋ္ဌာန်းချက်မှာ ယင်းပုဒ်မငယ် (က) (ခ) (ဂ) (ဃ) (င) (စ) တွင် ပြဋ္ဌာန်းထားသည့်အချက်များနှင့်မကိုက်ညီလျှင် ပစ္စည်း လွှဲပြောင်းခြင်း ဥပဒေသော်၎င်း၊ ပဋိညာဉ်ဥပဒေတွင်သော်၎င်း၊ ရန်ကုန်တရားမရုံး ဥပဒေတွင်သော်၎င်း မည်သို့ပင် ပါရှိစေကာမူ အိမ်နှင်လိုမှုများ၌ ဒီကရီချမှတ်ခြင်း မပြုရဟုဆိုသည်။ ယင်းပုဒ်မများအရ၊ တရားစွဲဆိုသည့်အခါ တရားမစွဲဆိုခင်က ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) အရ၊ အကြောင်းကြားစာ ထုတ်ပြီး အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုကို ရုပ်သိမ်းရန်မလိုဟု ပြဋ္ဌာန်းချက်မရှိပေ။ ထို့ကြောင့် ပုဒ်မ ၁၂ (၁) (က) အရ၊ တရားစွဲဆိုလျှင် ယင်းပုဒ်မအရ၊ အနည်းဆုံး တရားမစွဲဆိုမီ (၃) ပတ်အချိန်ပေး၍ အိမ်ငှားကို အိမ်လခကြွေးတောင်းဆိုသည့် အကြောင်းကြားစာ ပေးပို့ရမည့် အပြင်၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) အရ၊ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုကိုစာဖြင့် ရုပ်သိမ်းရမည်။ ကျန်သည့်ပုဒ်မငယ် (ခ) (ဂ) (ဃ) (င) (စ) အရ၊ တရား

မစွဲဆိုမီ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ (၁၀၆) အရ၊ စာဖြင့်အိမ်ငှားကို အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုရုတ်သိမ်းကြောင်း အကြောင်းကြားရပေမည်။

၁၉၇၅

ဦးအောင်ကွန့် နှင့် ဒေါ်တဆုပ်။

သို့ဖြစ်၍၊ ဤအယူခံမှုကို ခွင့်ပြုသည်။ အယူခံတရားပြိုင် စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်ကကျခံစေရန်အမိန့်ချမှတ်သည်။

တရားမအသေးအဖွဲ့လျှောက်ထားမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးစိုးလှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
နိုဝင်ဘာလ
၂၈ ရက်။

မောင်အောင်ခင်ထွေး ပါ ၂

နှင့်

ဦးစံဟိန်း ပါ ၂ *

ရန်ကုန်မြို့တွင် ထိပေါက်သည့် ငွေတသိန်းအတွက် စွဲဆိုမှု၊ နှစ်ဘက်အမှုသည်နှင့် သက်သေများ စစ်ကိုင်းမြို့မှဖြစ်ခြင်၊ စစ်ကိုင်းမြို့တွင် ရုံးပြောင်းရွှေ့စစ်ဆေးရန် လျှောက်ထားခြင်း။

ဆုံးဖြတ်ချက်။ ။တရားမမှုတမှုကို ရုံးပြောင်း၍ စစ်ဆေးပေးရန် လျှောက်ထားသည့်အခါ၊ ဤကဲ့သို့ရွှေ့ပြောင်းစစ်ဆေးခြင်းကြောင့် နှစ်ဘက်အမှုသည်များအတွက် ပို၍အဆင်ပြေမှု ရှိ မရှိကို ထည့်သွင်းစဉ်းစားရပေမည်။ ယခုအမှုတွင် မောင်အောင်ခင်ထွေးနှင့် ဦးစံဟိန်းတို့မှာ စစ်ကိုင်းမြို့တွင်နေထိုင်ကြသူများဖြစ်ကြသည်။ အငြင်းပွားမှုမှာ စစ်ကိုင်းမြို့တွင်ဖြစ်သည့်အတွက် နှစ်ဘက်အမှုသည်များက တင်ပြမည့်သက်သေများမှာလည်း စစ်ကိုင်းမြို့တွင် နေထိုင်ကြသူများဖြစ်ကြသည်။ ထို့ကြောင့် ဤအမှုကို စစ်ကိုင်းတိုင်း တရားရုံးတွင် စစ်ဆေးလျှင် နှစ်ဘက်အမှုသည်များအတွက် စရိတ်စခသက်သာပြီး အချိန်လည်း အကုန်နည်းမည်ဖြစ်သည်။

လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးထွန်းဖေ။

လျှောက်ထားခံရသူအတွက်။ ။အကျိုးဆောင် ဦးစောလွင်။

အယူခံတရားလို မောင်အောင်ခင်ထွေးသည် စစ်ကိုင်းမြို့၊ အမှတ် (၁) အစိုးရ အထက်တန်းကျောင်းတွင် ၅ တန်း၌ ပညာ သင်ကြားနေခဲ့သော အရွယ်မရောက်သေးသူ ကျောင်းသားတဦးဖြစ်သည်။ အယူခံ တရားပြိုင် အမှတ် (၁) ဦးစံဟိန်းသည် အထက်တန်းကျောင်းမှ မြန်မာစာသင်ကြားသော ဆရာတဦး ဖြစ်ပါသည်။

အယူခံတရားလိုက သူသည် ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင် စာသင်ခန်းအတွင်း ဦးစံဟိန်း စာ သင်နေခိုက် ငွေတကျပ်တန်စက္ကူတရွက်ကိုကောက်

---

* ၁၉၇၅ ခုနှစ်၊ တရားမအသေးအဖွဲ့လျှောက်ထားမှုအမှတ် ၁။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၃၈ ဖြင့် စစ်ဆေးလျက်ရှိသောအမှုကို စစ်ကိုင်းမြို့၊ တိုင်းတရားရုံးသို့ရွှေ့ပြောင်းစစ်ဆေးပေးရန်လျှောက်ထားမှု။

၁၉၅၅
[———
မောင်အောင်ခင်ထွေး ပါ ၂ နှင့် ဦးစံဟိန်း ပါ ၂။

ရသဖြင့် ဦးစံဟိန်းသို့ ပိုင်ရှင်ပေါ်ကပြန်ပေးရန် အပ်လိုက်ပါသည်။ ဦးစံဟိန်းက ကျောင်းသူကျောင်းသားများအား ငွေတကျပ်ကျပျောက်သူရှိ မရှိမေးရာ ပိုင်ရှင်မပေါ်ခဲ့ပါ။ ထို့ကြောင့် ကောက်ရသည့် ငွေတကျပ်နှင့် ဦးစံဟိန်းထံမှ ငွေတကျပ် ထည့်ပြီးထီစာ်တူထိုးရန် ဦးစံဟိန်းက ပြောပါသည်။ အယူခံတရားလိုက သဘောတူသဖြင့် ၁၆၁ ကြိမ်မြောက် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် လက်မှတ် ၄-၁၇၁၁၅၉ ကို ဦးစံဟိန်းဝယ်ခဲ့ပါသည်။ ထီဖွင့်သည့်အခါ ယင်းလက်မှတ်သည် တသိန်း ဆုပေါက်ခဲ့ပါသည်။ အယူခံတရားလိုတို့က တဝက်ရလိုကြောင်း ပြောသည့်အခါ စာ်တူထိုးခြင်းမဟုတ်ဟု ဦးစံဟိန်းက ငြင်းသဖြင့် ယခင်ရန်ကုန်မြို့၊ တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) တွင် ဆင်းရဲနွမ်းပါးသူအဖြစ် ခံယူပြီး တရားစွဲဆိုခဲ့ပါသည်ဟု အယူခံတရားလိုကအဆိုပြုခဲ့သည်။ အယူခံတရားပြိုင် ဦးစံဟိန်းက မောင်အောင်ခင်ထွေး၏စွပ်စွဲချက်များအားလုံးကိုငြင်းခဲ့သည်။

ယခုမောင်အောင်ခင်ထွေးက ၎င်းစွဲဆိုသောအမှုကို ရန်ကုန်တိုင်း တရားရုံးမှ စစ်ကိုင်းတိုင်းတရားရုံးသို့ ရွှေပြောင်း၍ စစ်ဆေးရန် လျှောက်ထားခြင်းကို ဦးစံဟိန်းက ကန့်ကွက်သည်။

တရားမမှုတမှုကိုရုံးပြောင်း၍ စစ်ဆေးပေးရန် လျှောက်ထားသည့်အခါ ဤကဲ့သို့ ရွှေပြောင်းစစ်ဆေးခြင်းကြောင့် နှစ်ဖက်အမှုသည်များအတွက် ပို၍ အဆင်ပြေမှု ရှိမရှိကိုထည့်သွင်းစဉ်းစားရပေမည်။ ယခုအမှုတွင် မောင်အောင်ခင်ထွေးနှင့် ဦးစံဟိန်း တို့မှာ စစ်ကိုင်းမြို့တွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ အငြင်းပွားမှုမှာ စစ်ကိုင်း မြို့တွင်ဖြစ်သည့်အတွက် နှစ်ဖက်အမှုသည်များက တင်ပြမည့် သက်သေများမှာလည်း စစ်ကိုင်းမြို့တွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဤအမှုကို စစ်ကိုင်း တိုင်းတရားရုံးတွင် စစ်ဆေးလျှင် နှစ်ဖက် အမှုသည်များအတွက် စရိတ်စခ သက်သာပြီး အချိန်လည်း အကုန်နည်းမည် ဖြစ်သဖြင့် နှစ်ဖက်စလုံးအတွက် ပိုမိုအဆင် ပြေလျော်ကန်သင့်မြတ်မည်ဟု ကျွန်ုပ်တို့ယူဆသည်။ သို့ဖြစ်၍ ဤလျှောက်လွှာကို ခွင့်ပြုပြီး၊ အမှုကို ရန်ကုန်တိုင်း တရားရုံးမှ စစ်ကိုင်းတိုင်း တရားရုံးသို့ ရွှေပြောင်း ပေးလိုက်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌ အဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
ဒီဇင်ဘာလ
၂၆ ရက်။

ဦးအုန်း

နှင့်

ဒေါ်ဝိုင်း *

တရားနိုင်သည် တရားရုံးက ပစ်သည့်လေလံပွဲတွင် ဝင်ရောက်ဆွဲဝယ်ခွင့် ရှိမရှိ၊ သံဂဟေဆော်စက်နှင့် တွင်ခုံအတွက် အသုံးပြုသည့် ခဝတ်အားပေးမော်တာစက်များမှာ လက်မှုပညာရှင်များ၏ ကိရိယာတန်ဆာပလာများ ဟုတ် မဟုတ်။

ဆုံးဖြတ်ချက်။ ။တရားနိုင်တဦးသည် တရားရုံးကပစ်သည့် လေလံပွဲတွင် ဝင်ရောက်ဆွဲဝယ်ခွင့် မရှိဟုတရားမကျင့်ထုံးဥပဒေတွင် တားမြစ်ချက်မရှိချေ။ သက်ဆိုင်ရာတရားရုံး၏ ကြိုတင်ခွင့်ပြုချက် ရရှိပြီးမှ ဆွဲဝယ်ရမည်ဟုလည်းတားမြစ်ချက်မရှိချေ။ထို့ကြောင့်ဤအမှုတွင် အယူခံတရားပြိုင်အနေ နှင့် ရုံးက ပစ်သည့်လေလံပွဲတွင် ပစ္စည်းများကို ဝယ်ယူခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။သံဂဟေဆော်စက်နှင့် တွင်ခုံအတွက် အသုံးပြုသည့် ခဝတ်အားပေး မော်တာစက်များမှာ လက်မှုပညာရှင်များ၏ ကိရိယာ တန်ဆာပလာများမဟုတ်ဟု ဆုံးဖြတ် သည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင် ကိုယ်တိုင်။

အယူခံတရားခံအတွက်။ ။ဦးမွန်စံလှိုင်။

သရက်မြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၏ တရားမကြီးမှုအမှတ် ၁/၆၆ **တွင်** အယူခံတရားပြိုင် ဒေါ်ဝိုင်းက အယူခံတရားလို ဦးအုန်းအပေါ် ငွေ ၃၀,၀၀၀ **အတွက်** အနိုင်ဒီကရီရရှိခဲ့သည်။ ၎င်းတို့မှာ အကြင်လင်မယားဖြစ်ခဲ့ကြပြီး စွဲဆိုသည့် **အမှုမှာ** လင်မယားကွာလိုမှုဖြစ်ခဲ့သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအ ယူခံမှုအမှတ် ၃၇။

† ၁၉၇၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃ တွင် မကွေးတိုင်းတရားရုံး (သရက်မြို့ရုံးထိုင်) ၏ ချမှတ်သောဆုံးဖြတ်ချက်ကိုအယူခံဝင်မှု။

အယူခံတရားပြိုင်က ၎င်းအနိုင်ရရှိထားသည့် ဒီကရီအရ အယူခံတရားလိုပိုင် မြရတနာသင်္ဘောဖယောနှင့်တွင်ခုံ လုပ်ငန်းရှိ ပစ္စည်းများကို လေလံတင်ရောင်းချရန်ဇာရီ လျှောက်လွှာတင်ခဲ့သည်။ အယူခံတရားလိုက လေလံတင်ရောင်းချသည့် ပစ္စည်းများ အနက်ခေါတ်အားပေး အေစီ မော်တာစက်ကြီး နှစ်လုံးကို ဝါရမ်းကပ်၍ လေလံတင် ရောင်းချခြင်းကို ကန့်ကွက်ခဲ့သည်။ ယင်းပစ္စည်းများမှာ လက်မှုပညာသည်များ၏ ကိရိယာတန်ဆာပလာများ ဖြစ်သည့်အတွက် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၆၀ (၁) (ခ) အရ ရောင်းပိုင်ခွင့်မရှိဟု ကန့်ကွက်ခဲ့သည်။ မူလရုံးကအယူခံတရား လို၏ကန့်ကွက်ချက်ကို လက်ခံပြီးဇာရီ လျှောက်လွှာကို ပလပ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍၊ အယူခံတရားပြိုင်က ယခင်တရားရုံးချုပ်သို့ အယူခံဝင်ခဲ့သည်။ ယခင် တရားရုံးချုပ်က ယင်းအယူခံမှုကို ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၄ အဖြစ်သတ်မှတ်ပြီး ကြားနာခဲ့သည်။ တရားရုံးချုပ်က မော်တာစက် များမှာလက်မှုပညာသည်များ၏ ကိရိယာတန်ဆာပလာများ မဟုတ်ဟု ဆိုပြီးမူလ ရုံး၏အမိန့်ကိုပယ်ဖျက်၍ ဇာရီလျှောက်လွှာကို ခွင့်ပြုလိုက်သည်။ ထို့နောက် ဇာရီ မှုကိုဆက်လက်ဆောင်ရွက်ရန် မကွေးတိုင်း တရားရုံးတွင် အယူခံတရားပြိုင်က လျှောက် ထားခဲ့သည်။ အယူခံတရားလိုက အယူခံ တရားပြိုင်အနေနှင့် လေလံတင်ရောင်း ချသည့်ပစ္စည်းအချို့ကို လေလံဆွဲဝယ်ခြင်းမှာ ဥပဒေနှင့် မကိုက်ညီသည့် အတွက် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၇၇ အရ၊ လေလံကိုပယ်ဖျက်ပေးရန် လျှောက်ထားသည့်အပြင် တွင်ခုံမှာလည်း လက်မှုပညာရှင်၏ ကိရိယာတန်ဆာပလာ များဖြစ်သည့်အတွက် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၆၀ (၁) (ခ) အရ၊ လေလံ ရောင်းချခြင်း မပြုသင့်ကြောင်း ကန့်ကွက်ခဲ့သည်။ မကွေးတိုင်း တရားရုံးကအယူခံ တရားလို၏လျှောက်ထားချက်ကို လက်မခံပဲ ဇာရီလျှောက်လွှာကို ဆက်လက်ဆောင် ရွက်စေဟုအမိန့်ချလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှု တင်သွင်း ခြင်းဖြစ်သည်။

တရားနိုင်တဦးသည် တရားရုံးက ပစ်သည့်လေလံပွဲတွင် ဝင်ရောက်ဆွဲဝယ်ခွင့် မရှိဟုတရားမကျင့်ထုံး ကိုဥပဒေ တားမြစ်ချက်မရှိချေ။ သက်ဆိုင်ရာ တရားရုံး၏ ကြိုတင်ခွင့်ပြုချက်ရရှိပြီးမှ ဆွဲဝယ်ရမည်ဟုလည်း တားမြစ်ချက် မရှိချေ။ ထို့ကြောင့် ဤအမှုတွင် အယူခံတရားပြိုင် အနေနှင့် ရုံးကပစ်သည့် လေလံပွဲတွင် ပစ္စည်းများကို ဝယ်ယူခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

သင်္ဘောဆော်စက်နှင့် တွင်ခုံအတွက် အသုံးပြုသည့် ခေါတ်အားပေး မော်တာ စက်များမှာ လက်မှုပညာရှင်များ၏ ကိရိယာ တန်ဆာပလာများ မဟုတ်ဟု ဤ

၁၉၇၅ — ဦးအုန်း နှင့် ဒေါ်ဝိုင်း။

အမှုနှင့်ပတ်သက်၍ အယူခံဝင်သည့် အခါ ယခင် တရားရုံးချုပ် တရားမအထွေထွေ အယူခံမှုအမှတ် ၄/၇၀ တွင် အဆုံးအဖြတ်ပေးခဲ့ပြီးဖြစ်သည်။ ထိုနည်းတူစွာ တွင်ခုံမှာလည်း လက်မှုပညာရှင်များ၏ ကိရိယာတန်ဆာပလာများ မဟုတ်ဟုဆိုရပေမည်။ အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၅ဝိ သတ်မှတ်သည်။